ဗုဒ္ဓသာသနာတော်၏ အနှစ်သာရ
သီလ - သမာဓိ - ဝိပဿနာ ပညာတို့ကို
အပြည့်အစုံရှင်းလင်းလွယ်ကူစွာ
ချမ်းချမ်းသာသာ လေ့လာကျင့်သုံးနိုင်ပြီ

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ နိဗ္ဗာန်လမ်းမကြီး

တ တိ ယ တွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲမေးခွန်းများနှင့် အဖြေများ အပြည့်အစုံပါသည်
ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲဖြေဆိုသူတို့၏ လက်စွဲ

တတိယအကြိမ်

ဝိသုဒ္ဓိမဂ္ဂအလင်းပြ ● ဒေါက်တာမင်းတင်မွန်

ဝိပဿနာရှုနည်းအပြည့်အစုံကို မြတ်စွာဘုရား ဟောကြားသည့်အတိုင်း
ဤကျမ်းစာအုပ်တွင် ဖတ်ရှုနိုင်ပြီ

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

တ တိ ယ တွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ရသော လူ့ဘဝသည် အကောင်းဆုံးဘဝဖြစ်သည်။
ယခုဘဝမှာ မြတ်စွာဘုရား ညွှန်ကြားသည့်အတိုင်း
ဝိပဿနာ ရှုပွားနိုင်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရလိမ့်မည်။
ဗုဒ္ဓနည်းကျတရားညွှန်ပြပေးသော ဖားအောက်တောရ ရိပ်သာများလည်းရှိသည်။
အကောင်းဆုံးအခွင့်အရေးကို အမိအရယူပြီး
အရိယာသူတော်စင်ဖြစ်အောင် ကြိုးစားအားထုတ်ကြပါ။

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည့်

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

## တတိယတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတတိယတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည်
နှစ်သုံးဆယ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များပါရှိသည်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

**ပုံနှိပ်ခြင်းမှတ်တမ်း**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်၊ အုပ်ရေ ၅၀၀

•

**ထုတ်ဝေသူ**

မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၀၃၄၅၅)

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ

ဒဂုံမြို့နယ်၊ ရန်ကုန်။

•

**ကွန်ပျူတာစာစီ**

*TIL* Computing & Language Centre

•

**အတွင်းစာသားများနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)

အမှတ် ၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

•

**ဖြန့်ချီရေး – မြမွန်ရတနာစာပေ**

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊

ဒဂုံမြို့နယ်၊ ရန်ကုန်။

ဖုန်း ၀၁–၃၈၅၂၆၁၊ ၀၉–၇၃၂၀၅၀၀၅၊ ၀၉–၈၇၀၂၂၄၈

**တန်ဖိုး ၃,၀၀၀ ကျပ်**

၁၉၄. ၃

မင်းတင်မွန်၊ ဒေါက်တာ

ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး(တတိယတွဲ)/ဒေါက်တာမင်းတင်မွန်။

– ရန်ကုန်။

ရတနာမင်းစာပေ၊ ၂၀၁၃။

၄၄၀–စာ၊ ၁၅ × ၂၄ စင်တီ။

(၁) ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး (တတိယတွဲ)

# မာတိကာ


**အကြောင်းအရာ** စာမျက်နှာ

- **စကားဦး** ... ၁၈
  - အကောင်းဆုံးအခွင့်အရေး ... ၁၈
  - အကောင်းဆုံးဘဝနေနည်းပညာ ... ၁၈
  - လက်တွေ့ကျင့်ကြံရှုပွားနိုင်အောင် ကြိုးစားပါ ... ၁၉
  - အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာကို လေ့လာပါ ... ၁၉
- **နိဒါန်း** ... ၂၁
  - အရိယသစ္စာလေးပါး ... ၂၁
  - မဂ္ဂင်ရှစ်ပါးနှင့် သီလ-သမာဓိ-ပညာ ... ၂၂
  - အရိယသစ္စာ ၄ ပါးတို့၏တရားကိုယ်များ ... ၂၂
  - သိက္ခာသုံးပါးဖြင့် ကိလေသာများကို စနစ်တကျပယ်သတ်ပုံ ... ၂၄
  - ဝိသုဒ္ဓိ ၇ ပါးဖြင့် စိတ်ကို အဆင့်ဆင့်ဖြူစင်စေခြင်း ... ၂၅
  - ၁။ သီလဝိသုဒ္ဓိ – သီလ၏စင်ကြယ်ခြင်း ... ၂၅
  - ၂။ စိတ္တဝိသုဒ္ဓိ – သမာဓိဖြင့် စိတ်ကိုဖြူစင်စေခြင်း ... ၂၅
  - ၃။ ဒိဋ္ဌိဝိသုဒ္ဓိ – အတ္တဒိဋ္ဌိမှစိတ်၏စင်ကြယ်ခြင်း ... ၂၆
  - ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ – ယုံမှားမှုမှစိတ်၏စင်ကြယ်ခြင်း ... ၂၈
  - ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ – လမ်းမှန်နှင့်လမ်းမှားတို့ကို ခွဲခြားသိမြင်၍ ဉာဏ်အမြင်စင်ကြယ်ခြင်း ... ၃၀
  - ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ – မဂ်ဖိုလ်သို့ရောက်ကြောင်းဖြစ်သည့် ဉာဏ်အမြင်၏စင်ကြယ်ခြင်း ... ၃၁
  - ၇။ ဉာဏဒဿနဝိသုဒ္ဓိ – မဂ်ဉာဏ်လေးပါးဖြင့်စိတ်ကို လုံးဝစင်ကြယ်စေခြင်း ... ၃၂
  - နိဗ္ဗာန်သို့သွားရာတစ်ကြောင်းတည်းသောလမ်း ... ၃၂
  - ဗုဒ္ဓနည်းကျ တရားရှုပွားပါမှ နိဗ္ဗာန်ရောက်ရန်သေချာသည် ... ၃၂
- **အခန်း (၁၇) ပညာဘူမိနိဒ္ဒေသ**
- **ပညာဘူမိအကြောင်းကို အကျယ်ပြခြင်း** ... ၃၃
  - ပညာဘူမိတရားများ ... ၃၃
  - ပဋိစ္စသမုပ္ပါဒ်တရားများ၊ ပဋိစ္စသမုပ္ပန်တရားများ ... ၃၃
  - ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန်ဟူ၍ သိအပ်ကြောင်းစကားတော် ... ၃၅
  - ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ... ၃၆
  - ပဋိစ္စသမုပ္ပါဒ်ကို 'မှန်ကန်သောသဘော' စသည်ဆိုအပ်ပုံ ... ၃၆
  - ပဋိစ္စသမုပ္ပါဒ်နှင့်ဆိုင်သောကေစိဝါဒ ... ၃၆

ပဋိစ္စသမုပ္ပါဒ်၏ ဝစနတ္ထများ (အနက်အဖွင့်များ) ... ၃၈
ပဋိစ္စသမုပ္ပါဒ်၏အနက်အဖွင့်ခဲယဉ်းပုံ ... ၄၁
- ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားတော်မူသောဒေသနာ ၄ မျိုး ... ၄၁
(၁) အစမှအဆုံးတိုင်အောင် ဟောကြားသောအနုလုံနည်း ... ၄၁
(၂) အလယ်မှအဆုံးတိုင်အောင် ဟောကြားသောအနုလုံနည်း ... ၄၂
(၃) အဆုံးမှအစတိုင်အောင် ဟောကြားသောပဋိလုံနည်း ... ၄၂
(၄) အလယ်မှစ၍အစတိုင်အောင် ဟောကြားသောပဋိလုံနည်း ... ၄၃
ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာ ၄ မျိုးဖြင့် ဟောရခြင်းအကြောင်း ... ၄၃
အဝိဇ္ဇာကို အစထား၍ ပဋိစ္စသမုပ္ပါဒ်ကို ဟောခြင်းအကြောင်း ... ၄၄
- မြတ်ဗုဒ္ဓသည် **ဝဋ္ဋ**ကထာကိုဟောရာ၌ အဘယ်ကြောင့် အဝိဇ္ဇာနှင့် ဘဝတဏှာတို့ကို ဦးခေါင်းပြု၍ ဟောတော်မူသနည်း? ... ၄၄
မူလတစ်ခုရှိသောဒေသနာ (*ဧကမူလိကဒေသနာ*) ... ၄၅
မူလနှစ်ခုရှိသောဒေသနာ (*ဉဘယမူလိကဒေသနာ*) ... ၄၅
အဝိဇ္ဇာစသည်တို့၏အနက်အဓိပ္ပါယ် ... ၄၆
- အဝိဇ္ဇာစသည်တို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ... ၄၉
အဝိဇ္ဇာစသည်တို့၏ ကေဝိစေသည်အပြား ... ၅၁
ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးသာရှိခြင်း ... ၅၃
- **အဝိဇ္ဇာပစ္စယာ သင်္ခါရာအဖွင့်** ... ၅၄
အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ပုံ ... ၅၅
အဝိဇ္ဇာမရှိလျှင် သင်္ခါရတို့မရှိပုံ ... ၅၇
- **ပဋ္ဌာန်းပစ္စည်းများကိုပြဆိုချက်** ... ၅၈
၁ ဟေတုပစ္စည်းအကြောင်း ... ၅၈
၂ အာရမ္မဏပစ္စည်းအကြောင်း ... ၆၀
၃ အဓိပတိပစ္စည်းအကြောင်း ... ၆၁
၄,၅ အနန္တရပစ္စည်း, သမနန္တရပစ္စည်းအကြောင်း ... ၆၂
၆ သဟဇာတပစ္စည်းအကြောင်း ... ၆၃
၇ အညမညပစ္စည်းအကြောင်း ... ၆၄
၈ နိဿယပစ္စည်းအကြောင်း ... ၆၄
၉ ဥပနိဿယပစ္စည်းအကြောင်း ... ၆၄
၁၀ ပုရေဇာတပစ္စည်းအကြောင်း ... ၆၆
၁၁ ပစ္ဆာဇာတပစ္စည်းအကြောင်း ... ၆၇
၁၂ အာသေဝနပစ္စည်းအကြောင်း ... ၆၈
၁၃ ကမ္မပစ္စည်းအကြောင်း ... ၆၈
၁၄ ဝိပါကပစ္စည်းအကြောင်း ... ၆၉

၁၅ အာဟာရပစ္စည်းအကြောင်း ... ၇၀
၁၆ ဣန္ဒြိယပစ္စည်းအကြောင်း ... ၇၀
၁၇ ဈာနပစ္စည်းအကြောင်း ... ၇၁
၁၈ မဂ္ဂပစ္စည်းအကြောင်း ... ၇၂
၁၉ သမ္ပယုတ္တပစ္စည်းအကြောင်း ... ၇၂
၂၀ ဝိပ္ပယုတ္တပစ္စည်းအကြောင်း ... ၇၃
၂၁ အတ္ထိပစ္စည်းအကြောင်း ... ၇၄
၂၂ နတ္ထိပစ္စည်းအကြောင်း ... ၇၅
၂၃ ဝိဂတပစ္စည်းအကြောင်း ... ၇၅
၂၄ အဝိဂတပစ္စည်းအကြောင်း ... ၇၅
• **အဝိဇ္ဇာပစ္စယာသင်္ခါရာပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း** ... ၇၅
အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ ပဋ္ဌာန်းပစ္စယသတ္တိဖြင့်ကျေးဇူးပြုပုံ ... ၇၅
''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ စောဒနာနှင့်ဖြေရှင်းချက် ... ၇၇
၁ အဝိဇ္ဇာသည် တစ်ပါးတည်းသာ ကျေးဇူးပြုသလော? ... ၇၇
(၁) အဝိဇ္ဇာသည် သင်္ခါရတို့၏ပဓာနအကြောင်းဖြစ်ပုံ ... ၇၈
(၂) အဝိဇ္ဇာသည် သင်္ခါရတို့၏ ပါကဋ္ဌ, အသာဓာရဏအကြောင်းဖြစ်ပုံ... ၇၉
၂ အကုသိုလ်အဝိဇ္ဇာက ကုသိုလ်သင်္ခါရတို့၏အကြောင်းဖြစ်ပုံ ... ၇၉
၃ စုတိ, ပဋိသန္ဓေစသည်၌ တွေဝေ၍ သင်္ခါရသုံးပါးကိုပြုကြောင်း ... ၈၀
• **သင်္ခါရပစ္စယာ ဝိညာဏံပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း** ... ၈၁
• သင်္ခါရကြောင့် ဝိညာဏ် ၃၂ ပါးဖြစ်ကြောင်း အဘယ်သို့သိအပ်သနည်း ... ၈၂
အဘယ်သင်္ခါရကြောင့် အဘယ်ဝိညာဏ်ဖြစ်သနည်း? ... ၈၃
ဝိညာဏ်တို့ကို ပဝတ္တိ, ပဋိသန္ဓေ ကာလအားဖြင့် ခွဲခြားပုံ ... ၈၃
ဝိညာဏ် ၁၃ ပါးတို့က ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလတွင်ဖြစ်ကြပုံ ... ၈၄
ကြွင်းသောဝိပါက်ဝိညာဏ် ၁၉ ပါးတို့က ပဋိသန္ဓေ, ပဝတ္တိကာလတို့၌ ဖြစ်ကြပုံ ... ၈၅
• **ပဋိသန္ဓေကာလ၌ ဖြစ်ပုံအကျယ်ကို ပြဆိုခြင်း** ... ၈၆
ပဋိသန္ဓေစိတ်ဖြစ်ပုံကို ပြဆိုချက် ... ၈၇
(က) သုဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံများ ... ၈၇
(ခ) ဒုဂ္ဂတိဘုံမှစုတေ၍ သုဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံများ ... ၈၈
(ဂ) ကာမသုဂတိဘုံမှစုတေ၍ သုဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံများ ... ၈၈
(ဃ) ရူပဘုံမှစုတေ၍ သုဂတိကာမ, ရူပ, အရူပဘုံ၌ ပဋိသန္ဓေဖြစ်ပုံ... ၈၉
(င) ဒုဂ္ဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံ ... ၉၀
ဇနကကံက ပဋိသန္ဓေစိတ်အား ကျေးဇူးပြုပုံ ... ၉၀

- **ပဋိသန္ဓေအမျိုးမျိုးကို ခွဲခြားပုံ ... ၉၀**
  ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၈ ပါး ... ၉၁
  မိဿပဋိသန္ဓေ,အမိဿပဋိသန္ဓေ ... ၉၁
  ဂတိနှင့်ယောနိ တွဲစပ်ပုံ ... ၉၂
  ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သောရုပ်များ ... ၉၂
- **ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဘဝမှ ပြောင်းရွှေ့မလာကြောင်း ... ၉၂**
  ပုံတင်သံစသည့်ဥပမာများ ... ၉၃
  တစ်ယောက်တည်းအဖြစ်လည်းမရှိ၊ ကွဲပြားသည့်အဖြစ်လည်းမရှိ ... ၉၄
  အရေးပါသည့်စောဒနာနှင့် ဖြေရှင်းချက် ... ၉၅
  သင်္ခါရတို့၏ထင်ရှားရှိမှု-မရှိမှုနှင့် ပတ်သက်သောစောဒနာနှင့်ဖြေရှင်းချက်... ၉၇
- **သင်္ခါရ(၂၉)ပါးတို့က ဝိပါက်ဝိညာဏ် ၃၂ ပါးကို ကျေးဇူးပြုပုံ ... ၉၇**
  သင်္ခါရ, ဝိညာဏ်တို့ကို ဘဝ, ယောနိစသည်နှင့် တွဲစပ်ခြင်း ... ၉၉
- **''ဝိညာဏပစ္စယာ နာမရူပံ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း ... ၁၀၀**
  နာမ်ရုပ်တို့ဖြစ်ရာ ဘဝ, ယောနိစသည် ... ၁၀၀
- **ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်တို့ဖြစ်ပုံ ... ၁၀၁**
  **ပဝတ္တိကာလ၌ စတုဇရုပ်ဖြစ်ပုံ ... ၁၀၂**
  ကမ္မဇရုပ်နှင့်တိသမုဋ္ဌာနိကရုပ်တို့ အပြန်အလှန်ထောက်ပံ့ပုံ ... ၁၀၃
  တစ်ခုကြွင်းသောနည်းဖြင့် ''ဝိညာဏပစ္စယာ နာမရူပံ''ကိုဟောတော်မူခြင်း ၁၀၄
  အသညသတ်ပြဟ္မာ၌ ဝိညာဏ်ကြောင့်ရုပ်ဖြစ်ပုံ ... ၁၀၄
  ဝိညာဏပစ္စယာ နာမရူပံ၌ ပစ္စာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ... ၁၀၅
  ဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်ရုပ်ဖြစ်ပုံ ... ၁၀၅
- **''နာမရူပပစ္စယာ သဠာယတနံ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း ... ၁၀၆**
  နာမ်, ရုပ်, သဠာယတနတို့၏အရကောက်များ ... ၁၀၆
  နာမ်ရုပ်က သဠာယတနအား ပစ္စာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ... ၁၀၇
- **''သဠာယတနပစ္စယာ ဖဿော'' ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း ... ၁၀၈**
  ဖဿ, သဠာယတနတို့၏အရကောက်များ ... ၁၀၈
  အလုံးစုံသောအာယတနတို့ကြောင့် ဖဿတစ်ခုတည်းဖြစ်သလော? ... ၁၀၉
  သဠာယတနက ဖဿအား ပစ္စာန်းပစ္စယသတ္တိဖြင့်ကျေးဇူးပြုပုံ ... ၁၀၉
- **''ဖဿပစ္စယာ ဝေဒနာ'' ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း ... ၁၁၀**
  ဒွါရ၏အစွမ်းအားဖြင့် ဝေဒနာ ၆ ပါး၊ အကျယ်အားဖြင့်ဝေဒနာ ၃၂ ပါး... **၁၁၀**
  ဖဿက ဝေဒနာအား ပစ္စာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ... ၁၁၀
- **''ဝေဒနာပစ္စယာ တဏှာ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း ... ၁၁၀**
  အာရုံ၏အစွမ်းအားဖြင့် တဏှာ ၆ ပါး ... ၁၁၀

ဖြစ်ပုံအခြင်းအရာအားဖြင့် တဏှာ ၃ မျိုးကွဲပြားပုံ ... ၁၁၀
ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပုံ ... ၁၁၁
ဝေဒနာက တဏှာအား ပဌာန်းပစ္စယသတ္တိဖြင့်ကျေးဇူးပြုပုံ ... ၁၁၁
အနုသယကင်း၍ တဏှာမဖြစ်နိုင် ... ၁၁၂
• **''တဏှာပစ္စယာ ဥပါဒါနံ'' ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း** ... **၁၁၂**
ဥပါဒါန် ၄ ပါးတို့၏အနက်အဓိပ္ပါယ် ... ၁၁၂
ဥပါဒါန်တရားတို့၏အကျဉ်းအကျယ်ကို ပြဆိုခြင်း ... ၁၁၃
• **ဥပါဒါန် ၄ ပါးကို အကျယ်ဟောခြင်း** ... **၁၁၃**
ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ၁၀ ပါးကား ... ၁၁၄
ဥပါဒါန် ၄ ပါးတို့၏ဖြစ်စဉ် ... ၁၁၅
ဥပါဒါန် ၄ ပါးကိုပယ်စဉ် ... ၁၁၅
ဥပါဒါန် ၄ ပါးကိုဟောစဉ် ... ၁၁၅
တဏှာက ဥပါဒါန်အား ပဌာန်းပစ္စယသတ္တိဖြင့်ကျေးဇူးပြုပုံ ... ၁၁၆
• **''ဥပါဒါနပစ္စယာ ဘဝေါ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း** ... **၁၁၆**
ဘဝ၏အနက်အဓိပ္ပါယ်၊ ဘဝ၏သဘောတရား ... ၁၁၆
ဘဝကြီး ၉ ပါးတို့မှာ ... ၁၁၇
'သင်္ခါရ'ကို ဟောပြီးဖြစ်ပါလျက် 'ဘဝ'ကိုထပ်မံဟောခြင်း၏အကျိုး ... ၁၁၈
ဥပါဒါန်ကြောင့်ဖြစ်သောဘဝတို့ကို ဝေဖန်သောနည်းဖြင့် ရေတွက်ပုံ ... ၁၁၉
ဥပါဒါန်ကြောင့်ဖြစ်သောဘဝတို့ကို အကျဉ်းချုံးသောနည်းဖြင့် ရေတွက်ပုံ... ၁၁၉
အခြားနည်းအမျိုးမျိုးဖြင့် ရေတွက်ပုံ ... ၁၂၀
အဘယ်ဥပါဒါန်သည် အဘယ်ဘဝ၏အကြောင်းဖြစ်သနည်း? ... ၁၂၀
• **ဥပါဒါန်အမျိုးမျိုးကြောင့် ဘဝအမျိုးမျိုးဖြစ်ပုံ** ... **၁၂၀**
၁ ကာမုပါဒါန်ကြောင့် ကာမဒုဂ္ဂတိဘဝဖြစ်ပုံ ... ၁၂၀
၂ ကာမုပါဒါန်ကြောင့် ကာမသုဂတိဘဝဖြစ်ပုံ ... ၁၂၁
၃ ကာမုပါဒါန်ကြောင့် ရူပဘဝ, အရူပဘဝဖြစ်ပုံ ... ၁၂၁
၄ ဒိဋ္ဌုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ ... ၁၂၁
၅ အတ္တဝါဒုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ ... ၁၂၁
၆ သီလဗ္ဗတုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ ... ၁၂၂
ဥပါဒါန်သည် ဘဝအား ပဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ ... ၁၂၂
• **''ဘဝပစ္စယာ ဇာတိ''စသည့်ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း** ... **၁၂၂**
ဇာတိကြောင့် ဇရာမရဏ, သောက, ပရိဒေဝစသည်တို့ဖြစ်ပေါ်ပုံ ... ၁၂၃
• **ဘဝစက်လည်ပုံကို ပြဆိုခြင်း** ... **၁၂၃**
(၁)သောကစသည်တို့ကြောင့် အဝိဇ္ဇာဖြစ်ပုံ ... ၁၂၄
• အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပုံ ... ၁၂၄

(၂) ဘဝစက်သည် အဘယ်သို့လျှင် မသိအပ်သောအစရှိသနည်း? ... ၁၂၆
ဘဝစက်တွင်အစမရှိဟုဆိုလျှင် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''ဟူ၍
အဘယ့်ကြောင့် အဝိဇ္ဇာနှင့်စတင်၍ဟောသနည်း ... ၁၂၆
(၃) ဘဝစက်သည် ပြုတတ်သူ, ခံစားတတ်သူတို့မှ အဘယ်သို့
ကင်းဆိတ်သနည်း? ... ၁၂၇
(၄) အဝိဇ္ဇာစသည့် အင်္ဂါ ၁၂ ပါးသည် ဓုဝ, သုဘ, သုခ, အတ္တ
အဖြစ်တို့မှဆိတ်သုဉ်းပုံ ... ၁၂၇
ပဋိစ္စသမုပ္ပါဒ်၏မူလ ၂ ပါး ... ၁၂၈
ဘဝစက်၂ ပါးဟောကြားရခြင်းအကြောင်း ... ၁၂၈
ပဋိစ္စသမုပ္ပါဒ်၏ကာလ ၃ ပါး၊ ပဋိစ္စသမုပ္ပါဒ်၏အစပ် ၃ ပါး ... ၁၂၈
ပဋိစ္စသမုပ္ပါဒ်၏အလွှာ ၄ ပါး၊ ပဋိစ္စသမုပ္ပါဒ်၏အခြင်းအရာ ၂၀ ... ၁၂၉
အတိတ်အကြောင်း ၅ ပါး၊ သင်္ခါရနှင့်ကမ္မဘဝတို့၏ထူးခြားချက် ... ၁၂၉
ပစ္စုပ္ပန်အကျိုး ၅ ပါး၊ ပစ္စုပ္ပန်အကြောင်း ၅ ပါး ... ၁၃၁
အနာဂတ်အကျိုး ၅ ပါး၊ ဝဋ် ၃ ပါး ... ၁၃၂
• **ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကို သိအပ်ပုံများ** ... ၁၃၃
၁ သစ္စပဘဝ – သစ္စာအမွန်အစအားဖြင့် သိအပ်ပုံ ... ၁၃၃
၂ ကိစ္စအားဖြင့် သိအပ်ပုံ ... ၁၃၄
၃ တားမြစ်ခြင်းအားဖြင့် သိအပ်ပုံ ... ၁၃၄
၄ ဥပမာတို့ဖြင့် သိအပ်ပုံ ... ၁၃၅
၅ နက်နဲခြင်းအားဖြင့် သိအပ်ပုံ ... ၁၃၇
(၁) အကျိုးအားဖြင့် နက်နဲခြင်း (*အတ္ထဂမ္ဘီရတာ*) ... ၁၃၇
(၂) အကြောင်းအားဖြင့်နက်နဲခြင်း (*ဓမ္မဂမ္ဘီရတာ*) ... ၁၃၇
(၃) ဟောစဉ်အားဖြင့်နက်နဲခြင်း (*ဒေသနာဂမ္ဘီရတာ*) ... ၁၃၇
(၄) ထိုးထွင်း၍သိခြင်းအားဖြင့်နက်နဲခြင်း (*ပဋိဝေဓဂမ္ဘီရတာ*) ... ၁၃၈
• ကေတ္တစသောနည်း ၄ ပါး ... ၁၃၉
(၁) ကေတ္တနည်း (၂) နာနတ္တနည်း ... ၁၄၀
(၃) အဗျာပါရနည်း (၄) ဧဝံဓမ္မတာနည်း ... ၁၄၀
ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် နက်နဲ၍ ကျော်လွှန်ရန်ခဲယဉ်းပုံ ... ၁၄၁
• **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... **၁၄၂**

• **အခန်း (၁၈) ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ**
• **ဒိဋ္ဌိဝိသုဒ္ဓိအကြောင်းကို အကျယ်ပြခြင်း** ... ၁၉၉
ဝိသုဒ္ဓိ ၇ ပါး၊ ဒိဋ္ဌိဝိသုဒ္ဓိမည်ပုံ ... ၁၉၉
၁ နာမ်မှစ၍ရှုနည်း၊ ၂ ဓာတ်လေးပါးမှစ၍ရှုနည်း ... ၁၉၉

ကောဋ္ဌာသ ၄၂ ပါးတွင် ပါဝင်သောရုပ် ၁၄၉၄ ပါး ... ၂၀၁
ရုပ်ကိုပိုင်းခြား၍ရှုပုံ၊ နာမ်ကိုပိုင်းခြား၍ရှုပုံ ... ၂၀၂
၃ ဓာတ် ၁၈ ပါးအလိုအားဖြင့်ရှုနည်း ... ၂၀၃
ဓာတ် ၁၈ ပါးအစွမ်းဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ရှုပုံ ... ၂၀၃
၄ အာယတန ၁၂ ပါးအလိုအားဖြင့်ရှုနည်း ... ၂၀၅
၅ ခန္ဓာငါးပါးအလိုအားဖြင့်ရှုနည်း ... ၂၀၆
၆ နာမ်ရုပ်အလိုအားဖြင့်ရှုနည်း ... ၂၀၇
နာမ်တရားထင်ရှားအောင်ရှုနည်း၊ မှန်နှင့်မျက်နှာရိပ်ဥပမာ ... ၂၀၇
ဆီကြိတ်သည့်ဥပမာ၊ ခပေါင်းရေကြည်စေ့ဥပမာ ... ၂၀၇
နာမ်တရားပေါ်လွင်ထင်ရှားလာရခြင်းအကြောင်း ... ၂၀၈
နာမ်တရားပေါ်လွင်ထင်ရှားလာပုံ ၃ နည်း ... ၂၀၈
ရုပ်ကိုသိမ်းဆည်းမှုစင်ကြယ်ပြီးမှ နာမ်သိမ်းဆည်းမှုကိုအားထုတ်သင့်ပုံ... ၂၀၉
ရုပ်နာမ်မှတစ်ပါးသော သတ္တဝါသည်မရှိ ... ၂၀၉
သုတ္တန်များစွာတို့နှင့် နှီးနှောခြင်း ... ၂၁၀
နာမ်ရုပ်ကို ဥပမာတို့ဖြင့်ပြခြင်း ... ၂၁၀
ယထာဘူတဉာဏ်အမြင်ဖြစ်ပေါ်ခြင်း ... ၂၁၁
မဇ္ဈိမပဋိပဒါသမ္မာဒိဋ္ဌိအယူမှန် ... ၂၁၂
သစ်သားစက်ရုပ်ဥပမာ၊ ကျူစည်းဥပမာ၊ စည်နှင့်စည်သံဥပမာ ... ၂၁၃
သီးခြားဖြစ်သောနာမ်နှင့်ရုပ်တို့တွင် အစွမ်းသတ္တိမရှိကြ ... ၂၁၄
သူကန်းနှင့်သူဆွံ့ဥပမာ၊ လှူနှင့်လှေဥပမာ ... ၂၁၄
ဉာဏ်အမြင်၏စင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ) ... ၂၁၅
• **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... **၂၁၅**

• **အခန်း (၁၉) ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ**
• **ကင်္ခါဝိတရဏဝိသုဒ္ဓိကို အကျယ်ပြခြင်း** ... **၂၂၄**
ကင်္ခါဝိတရဏဝိသုဒ္ဓိမည်ပုံ ... ၂၂၄
ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့်ပြည့်စုံစေလိုလျှင်၊ ရှေးဦးစွာဆင်ခြင်ပုံ ... ၂၂၄
၁ အကြောင်းသိမ်းဆည်းပုံပထမနည်း ... ၂၂၅
နာမ်၏အကြောင်းကို ဆက်လက်သိမ်းဆည်းပုံ ... ၂၂၅
• **ယုံမှားမှု ၁၆ ပါးကိုပယ်ခြင်း** ... **၂၂၆**
၂ အကြောင်းသိမ်းဆည်းပုံဒုတိယနည်း ... ၂၂၆
၃ အကြောင်းသိမ်းဆည်းပုံတတိယနည်း (ပဋိလုံပဋိစ္စသမုပ္ပါဒ်နည်း) ... ၂၂၇
၄ အကြောင်းသိမ်းဆည်းပုံစတုတ္ထနည်း (အနုလုံပဋိစ္စသမုပ္ပါဒ်နည်း) ... ၂၂၈
၅ အကြောင်းသိမ်းဆည်းပုံပဥ္စမနည်း (ကမ္မဝဋ်၊ ဝိပါကဝဋ်အစွမ်းဖြင့်)... ၂၂၈

- **ကံအမျိုးမျိုးကိုပြဆိုခြင်း ... ၂၂၈**
  - ပါကကာလကံ ၄ ပါး၊ ပါကဒါနပရိယာယကံ ၄ ပါး ... ၂၂၉
  - ကိစ္စအစွမ်းအားဖြင့် ကံ ၄ ပါး ... ၂၃၀
  - ကံနှင့်ဝိပါက်မျှကိုသာတွေ့မြင်ပုံ ... ၂၃၀
  - ကံနှင့်ဝိပါက်မျှသာရှိသည်ကို ရှုမြင်ရသောအကျိုး ... ၂၃၁
  - တရားအလုံးစုံကို ထင်ရှားစွာသိခြင်း ... ၂၃၂
  - ဘဝနှစ်ရပ်ဆက်စပ်ပုံဥပမာများ ... ၂၃၃
  - တရားအလုံးစုံကို ထင်ရှားစွာသိခြင်းအကျိုး ... ၂၃၄
  - ကင်္ခါဝိတရဏဝိသုဒ္ဓိပြည့်စုံလာခြင်း ... ၂၃၄
  - ပဋ္ဌိသမ္ဘိဒါမဂ်လာ အမေးအဖြေများ ... ၂၃၅
  - စူဠသောတာပန်ဖြစ်ခြင်း ... ၂၃၅
- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၂၃၆**
- **အခန်း (၂၀) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**
- **လမ်းမှန်နှင့်လမ်းမှား၌ အသိအမြင်စင်ကြယ်ခြင်း ... ၂၄၆**
  - မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်ပုံ ... ၂၄၆
  - သမ္မသနဉာဏ်ကိုပြဆိုခြင်း ... ၂၄၆
- **လောကီပရိညာသုံးပါး၊ ပရိညာသုံးပါးတို့၏ဖြစ်ရာဘုံ ... ၂၄၆**
  - အနုပဿနာ ၇ ပါးနှင့် ပယ်အပ်သောတရားများ ... ၂၄၇
  - ပဋ္ဌိသမ္ဘိဒါမဂ်လာ ကလာပသမ္မသနဉာဏ်၌အားထုတ်နည်း ... ၂၄၈
- **ခန္ဓာငါးပါးကို သမ္မသနဉာဏ်ဖြင့်ရှုနည်း ... ၂၄၉**
  - ကုန်ဆုံးသွားသောသဘောကြောင့် အနိစ္စဟုရှုပုံ (*အနိစ္စံ ခယဋ္ဌေန*) ... ၂၅၀
  - ဘေးဟူသောသဘောကြောင့် ဒုက္ခဟုရှုပုံ (*ဒုက္ခံ ဘယဋ္ဌေန*) ... ၂၅၀
  - အနှစ်သာရမရှိသည့်သဘောကြောင့် အနတ္တဟုရှုပုံ ... ၂၅၀
  - ဝေဝုစ်ပရိယာယ်စကားလှယ်တို့ဖြင့် အမျိုးမျိုးရှုပုံ ... ၂၅၁
- **အခြင်းအရာ ၄၀ တို့ဖြင့်ရှုပုံ (တော ၄၀ ရှုကွက်) ... ၂၅၂**
  - အနိစ္စလက္ခဏာ၏အခြင်းအရာ ၁၀ ပါး ... ၂၅၂
  - ဒုက္ခလက္ခဏာ၏အခြင်းအရာ ၂၅ ပါး ... ၂၅၃
  - အနတ္တလက္ခဏာ၏အခြင်းအရာ ၅ ပါး၊ အနုပဿနာ ၂၀၀ ဖြစ်ပုံ ... ၂၅၅
  - ဣန္ဒြေထက်မြက်ကြောင်းတရား ၉ ပါး ... ၂၅၆
- **ရုပ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ ... ၂၅၆**
  - ရုပ်ဖြစ်ပျက်ပုံ၊ ကမ္မဇရုပ်ဖြစ်ပုံကို ဝေဖန်ခြင်း ... ၂၅၇
  - စိတ္တဇရုပ်ဖြစ်ပုံကိုဝေဖန်ခြင်း၊ အာဟာရဇရုပ်ဖြစ်ပုံကိုဝေဖန်ခြင်း ... ၂၅၈

ဥတုဇရုပ်ဖြစ်ပုံကိုဝေဖန်ခြင်း ... ၂၆၁

- **နာမ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ ... ၂၆၂**
- **ရူပသတ္တကရှုနည်း (ရုပ်ကိုသုံးသပ်ပုံ ၇ မျိုး) ... ၂၆၃**

၁။ အာဒါနနိက္ခေပနနည်းဖြင့်ရှုခြင်း ... ၂၆၃

၂။ ဝယောဝုဍ္ဎတ္ထင်္ဂမနည်းဖြင့်ရှုခြင်း ... ၂၆၄

ရုပ်ကိုသုံးသပ်ရာ၌ သိမ်မွေ့ပုံကို ဥပမာပြခြင်း ... ၂၆၈

၃။ အာဟာရမယရုပ်ဖြင့်ရှုခြင်း ၄။ ဥတုမယရုပ်ဖြင့်ရှုခြင်း ... ၂၆၉

၅။ ကမ္မဇရုပ်ဖြင့်ရှုခြင်း ၆။ စိတ္တသမုဋ္ဌာန်ရုပ်ဖြင့်ရှုခြင်း ... ၂၇၀

၇။ ဓမ္မတာရုပ်အစွမ်းဖြင့်ရှုခြင်း ... ၂၇၁

- **အရူပသတ္တကရှုနည်း (နာမ်ကိုသုံးသပ်ပုံ ၇ မျိုး) ... ၂၇၂**

၁။ ကလာပနည်း (အပေါင်းလိုက်သုံးသပ်ခြင်း) ... ၂၇၂

၂။ ယမကနည်း (အစုံလိုက်သုံးသပ်ခြင်း) ... ၂၇၃

၃။ ခဏိကနည်း (ခဏမျှတည်သောအားဖြင့်သုံးသပ်ခြင်း) ... ၂၇၃

၄။ ပဋိပါဋိနည်း (အစဉ်အတန်းအားဖြင့်သုံးသပ်ခြင်း) ... ၂၇၃

၅,၆,၇။ ဒိဋ္ဌိဥဂ္ဃါဋနနည်း, မာနသမုဂ္ဃါဋနနည်း, နိကန္တိပရိယာဒါနနည်း ... ၂၇၄

- **မဟာဝိပဿနာ ၁၈ ပါး၏တစ်စိတ်တစ်ဒေသကို ရပုံ ... ၂၇၅**
- **ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခြင်း၊ ဥဒယဗ္ဗယဉာဏ်ရှုမြင်ပုံ ၂ မျိုး ... ၂၇၇**

၁။ ဥဒယဗ္ဗယဉာဏ်အကျဉ်းရှုနည်း၊ ၂။ ဥဒယဗ္ဗယဉာဏ်အကျယ်ရှုနည်း... ၂၇၇

ရုပ်၏ဖြစ်ခြင်းကိုရှုပုံ၊ ရုပ်၏ပျက်ခြင်းကိုရှုပုံ ... ၂၇၉

နာမ်ခန္ဓာ ၄ ပါးကို ဖြစ်ပျက်ရှုပုံ ... ၂၇၉

ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုပုံ၊ ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းကို ရှုပုံ ... ၂၇၉

ဝိပဿနာဉာဏ်အထူးသန့်ရှင်းထက်မြက်လာပုံ ... ၂၈၀

သစ္စာ ၄ ပါးထင်ရှားလာပုံ၊ ပဋိစ္စသမုပ္ပါဒ်သဘောတရားထင်ရှားလာပုံ... ၂၈၁

နည်း ၄ ပါးထင်ရှားလာပုံ၊ လက္ခဏာ ၅ ပါး ထင်ရှားလာပုံ ... ၂၈၂

တရုဏဝိပဿနာဉာဏ်ဖြစ်ပေါ်ခြင်း ... ၂၈၃

- **ဥပက္ကိလေသ ၁၀ ပါးဖြစ်ပေါ်ခြင်း ... ၂၈၃**

၁။ ဩဘာသ – အရောင်အလင်း ၂။ ဉာဏ – ဝိပဿနာဉာဏ် ... ၂၈၄

၃။ ပီတိ – နှစ်သိမ့်ဝမ်းမြောက်ခြင်း ၄။ ပဿဒ္ဓိ – ကိုယ်စိတ်ငြိမ်းအေးခြင်း ၂၈၆

၅။ သုခ – ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း ၆။ အဓိမောက္ခ – ဆုံးဖြတ်ခြင်း ၂၈၇

၇။ ပဂ္ဂဟ – ချီးမြှောက်အားထုတ်ခြင်း ၈။ ဥပဋ္ဌာန – သတိထင်ခြင်း ၂၈၇

၉။ ဥပေက္ခာ – အညီအမျှလျစ်လျူရှုခြင်း၊ နိကန္တိ – ငြိကပ်တွယ်တာခြင်း ၂၈၇

ဥပက္ကိလေသနှင့် ဥပက္ကိလေသဝတ္ထု၊ ဥပက္ကိလေသအပါး ၃၀ ဖြစ်ပုံ ... ၂၈၈

လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြား, ခွဲခြားခြင်း ... ၂၈၈

- **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ ... ၂၉၉**

  သစ္စာသုံးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိပုံ ... ၂၉၀
- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၂၉၀**
- **အခန်း (၂၁) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**
- **ဥပက္កိလေသမှလွတ်သောဥဒယဗ္ဗယဉာဏ်ကိုပြဆိုခြင်း ... ၃၁၀**

  ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပုံ ... ၃၁၀
- **၁ ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းအကျိုး ... ၃၁၀**

  သာမညလက္ခဏာတို့ မထင်ပေါ်ခြင်းအကြောင်း ... ၃၁၀

  သာမညလက္ခဏာသုံးပါးတို့ ထင်ပေါ်အောင်ရှုနည်း ... ၃၁၁

  အနိစ္စနှင့် အနိစ္စလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း ... ၃၁၁

  ဒုက္ခနှင့် ဒုက္ခလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း ... ၃၁၁

  အနတ္တနှင့် အနတ္တလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း ... ၃၁၁
- **၂ ဘင်္ဂါနုပဿနာဉာဏ်ကို ပြဆိုခြင်း ... ၃၁၂**

  ပဋိသမ္ဘိဒါမဂ်လာ ဘင်္ဂါနုပဿနာရှုပုံ ... ၃၁၂

  ပဋိသမ္ဘိဒါမဂ်လာ စကားရပ်များ၏ရှင်းလင်းချက် ... ၃၁၃

  လောကကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ရှုမြင်သူအား သေမင်းမမြင်နိုင် ... ၃၁၆

  ဘင်္ဂါနုပဿနာဉာဏ်၏အကျိုး ၈ ပါး ... ၃၁၇
- **၃ ဘယာနုပဿနာကို ပြဆိုခြင်း ... ၃၁၇**

  ဘယဉာဏ်ဖြစ်ပေါ်သည့်ဥပမာများ ... ၃၁၈

  ဘယဉာဏ်သည် ကြောက်တတ်သလော ... ၃၁၉

  ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံ ... ၃၂၀
- **၄ အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုခြင်း ... ၃၂၀**

  ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူပုံ ... ၃၂၁

  သန္တိပဒဉာဏ်ကို ဟောတော်မူခြင်းအကြောင်း ... ၃၂၃
- **၅ နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုခြင်း ... ၃၂၄**

  ဘယဉာဏ်တစ်ပါးတည်းက အမည်သုံးမျိုးရ ... ၃၂၅
- **၆ မုဉ္စိတုကမျတာကို ပြဆိုခြင်း ... ၃၂၅**
- **၇ ပဋိသင်္ခါနုပဿနာဉာဏ်ကို ပြဆိုခြင်း ... ၃၂၆**

  ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သိမ်းဆည်းပုံ ... ၃၂၆

  အနိစ္စအခြင်းအရာ ၁၄ ပါး၊ ဒုက္ခအခြင်းအရာ ၂၈ ပါး ... ၃၂၆

  အသုဘအခြင်းအရာ ၉ ပါး၊ အနတ္တအခြင်းအရာ ၉ ပါး ... ၃၂၇

  သင်္ခါရတို့ကို တစ်ဖန်သိမ်းဆည်းခြင်း၏အကျိုးနှင့် မြွေဥပမာ ... ၃၂၈

ပဋိသမ္ဘိဒါမဂ်၌ ဟောပြောချက် ... ၃၂၉
• **၈ သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုခြင်း ... ၃၃၀**
၁။ အဖို့နှစ်ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၀
၂။ အဖို့လေးပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၀
၃။ အခြင်းအရာ ၆ ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၀
၄။ အခြင်းအရာ ၈ ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၁
၅။ အခြင်းအရာ ၁၀ ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၁
၆။ အခြင်းအရာ ၁၂ ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၂
၇။ အခြင်းအရာ ၄၂ ပါးဖြင့် သိမ်းဆည်းခြင်း ... ၃၃၂
လောကကို သုညဆိုက်အောင်ရှုခြင်း ... ၃၃၃
သင်္ခါရုပေက္ခာဉာဏ်ဖြစ်ခြင်း ... ၃၃၃
သင်္ခါရုပေက္ခာဉာဏ်သည် ဒိသာကာကနှင့်တူပုံ ... ၃၃၄
ဝိမောက္ခမုခ ၃ ပါး၊ ဝိမောက္ခ ၃ ပါး ... ၃၃၄
အဘိဓမ္မာ၌ဝိမောက္ခ ၂ ပါး၊ သုတ္တန်၌ဝိမောက္ခ ၃ ပါးဟောခြင်းအကြောင်း ၃၃၆
ပဋိသမ္ဘိဒါမဂ်၌ ဝိပဿနာဉာဏ် ၃ ပါးက ဝိမောက္ခ ၃ ပါး အမည်ရပုံ ၃၃၆
အရိယာပုဂ္ဂိုလ် (၇) မျိုး ... ၃၃၆
အမည်သုံးမျိုးရသောသင်္ခါရုပေက္ခာဉာဏ် ... ၃၃၇
ဝုဋ္ဌာနဂါမိနီဝိပဿနာ၊ အဘိနိဝေသ–ဝုဋ္ဌာနအမျိုးမျိုး ... ၃၃၈
အရိယာပုဂ္ဂိုလ်အမျိုးမျိုးဖြစ်ပုံ ... ၃၄၀
ဝုဋ္ဌာနဂါမိနီဝိပဿနာထင်ရှားရန်ဥပမာများ ... ၃၄၀
ပတိလီနစရပုဂ္ဂိုလ်မည်ပုံ ... ၃၄၄
ဈာနင်အထူး, မဂ္ဂင်အထူး, ဗောဇ္ဈင်အထူး ... ၃၄၄
ပဋိပဒါ ၄ ပါးထူးခြားချက်၊ အဓိပတိကွဲပြားပုံ ... ၃၄၅
အရိယာမဂ်၏အမည် ၅ မျိုးရပုံ၊ ... ၃၄၆
• **၉ အနုလောမဉာဏ်ကို ပြဆိုခြင်း ... ၃၄၈**
အနုလောမဉာဏ်၏ရှေ့အဖို့နောက်အဖို့တရားတို့နှင့်လျော်ပုံ ... ၃၄၉
အနုလောမဉာဏ်သည် သစ္စာနုလောမိကဉာဏ်ဟုလည်းမည်ပုံ ... ၃၅၀
ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ပြဆိုခြင်း ... ၃၅၀
ဝုဋ္ဌာနဂါမိနီဝိပဿနာ၏သုတ္တန်အမည်များ ... ၃၅၀
• **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၃၅၁**
• **အခန်း (၂၂) ဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုခြင်း**
• **ဉာဏဒဿနမည်ပုံ၊ ဂေါတြဘူဉာဏ်ဖြစ်ပေါ်ခြင်း ... ၃၇၀**

အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ်သို့ ... ၃၇၀
ရေမြောင်းကြီးကို ခုန်ကျော်သည့်ဥပမာ ... ၃၇၁
အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့၏ထူးခြားချက် ... ၃၇၂
- **၁ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်ပုံ ... ၃၇၃**

သောတာပတ္တိမဂ်ဉာဏ်၏အကျိုးကျေးဇူးအာနိသင် ... ၃၇၄
သောတာပတ္တိဖိုလ်ဇောများဖြစ်ပုံ၊ သောတာပန်ဖြစ်ခြင်း ... ၃၇၄
သောတာပန်အရိယာ၌ ပစ္စဝေက္ခဏာ ၅ ဝီထိဖြစ်ပုံ ... ၃၇၅
ပစ္စဝေက္ခဏာဝီထိ ၁၉ ပါးဖြစ်ပုံ ... ၃၇၅
- **၂ သကဒါဂါမိမဂ်ဉာဏ်ကို ပြဆိုခြင်း ... ၃၇၆**

သကဒါဂါမ်ပုဂ္ဂိုလ်ကို ပြဆိုခြင်း ... ၃၇၆
- **၃ အနာဂါမိမဂ်ဉာဏ်ကို ပြဆိုခြင်း ... ၃၇၆**

အနာဂါမ်ပုဂ္ဂိုလ်ကို ပြဆိုခြင်း ... ၃၇၆
- **၄ အရဟတ္တမဂ်ဉာဏ်ကို ပြဆိုခြင်း ... ၃၇၇**

ရဟန္တာပုဂ္ဂိုလ်ကို ပြဆိုခြင်း ... ၃၇၇
- **၅ ဗောဓိပက္ခိယတရား ၃၇ ပါး ... ၃၇၈**

(က) သတိပဋ္ဌာန် ၄ ပါး (ခ) သမ္မပ္ပဓာန် ၄ ပါး ... ၃၇၈
(ဂ) ဣဒ္ဓိပါဒ် ၄ ပါး (ဃ) ဣန္ဒြေ ၅ ပါး ... ၃၇၈
(င) ဗိုလ် ၅ ပါး (စ) ဗောဇ္ဈင် ၇ ပါး (ဆ) မဂ္ဂင် ၈ ပါး ... ၃၇၉
လောကီလောကုတ္တရာစိတ်များ၌ ဗောဓိပက္ခိယတရားများယှဉ်ပုံ ... ၃၈၀
လောကီဝိပဿနာ၌ သတိပဋ္ဌာန် ၄ ပါးဖြစ်ပုံ ... ၃၈၀
လောကီတရားအားထုတ်မှု၌ သမ္မပ္ပဓာန် ၄ ပါးဖြစ်ပုံ ... ၃၈၀
မဂ်ဉာဏ် ၄ ပါး၌ တစ်ပေါင်းတည်းယှဉ်ပုံ ... ၃၈၀
ဖိုလ်ဉာဏ် ၄ ပါး၌ ဗောဓိပက္ခိယတရားယှဉ်ပုံ ... ၃၈၀
တစ်ခုတည်းသောစိတ်၌ ရအပ်သည့်ဗောဓိပက္ခိယတရားများ ... ၃၈၁
ဗောဓိပက္ခိယတရားတို့၏ဖြစ်ရာဋ္ဌာနများ ... ၃၈၁
- **၆ နိမိတ္တ၊ ပဝတ္တနှစ်ပါးစုံမှထခြင်း ... ၃၈၂**

ခွန်အားနှင့်ယှဉ်ခြင်း၊ ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ ... ၃၈၃
- **၇ မဂ်ဉာဏ်ဖြင့် အကုသိုလ်တရားများကို ပယ်ခြင်း ... ၃၈၃**

(က) သံယောဇဉ် ၁၀ ပါး (ခ) ကိလေသာ ၁၀ ပါး ... ၃၈၃
(ဂ) မိစ္ဆတ္တတရား ၈ ပါး (သို့) ၁၀ ပါး (ဃ) လောကဓံတရား ၈ ပါး ... ၃၈၄
(င) မစ္ဆရိယ ၅ ပါး (စ) ဝိပလ္လာသ ၁၂ ပါး ... ၃၈၅
(ဆ) ဂန္ထ ၄ ပါး (ဇ) အဂတိ ၄ ပါး ... ၃၈၆
(ဈ) အာသဝေါတရား ၄ ပါး (ည) သြဃ ၄ ပါး၊ ယောဂ ၄ ပါး ... ၃၈၇

(ဍ) နီဝရဏ ၅ ပါး (ဎ) ပရာမာသ ... ၃၈၇
(ဏ) ဥပါဒါန် ၄ ပါး (ပ) အနုသယ ၇ ပါး ... ၃၈၈
(ဏ) မလခေါ်အညစ်အကြေး ၃ ပါး ... ၃၈၉
(တ) အကုသိုလ်ကမ္မပထ ၁၀ ပါး (ထ) အကုသိုလ်စိတ္တုပ္ပါဒ် ၁၂ ပါး ... ၃၈၉
အကုသိုလ်ပယ်ခြင်း၌ စောဒနာနှင့်ဖြေရှင်းချက် ... ၃၉၀
ဘူမိလဒ္ဓုပ္ပန္နကိလေသာ၊ (၁) ဝတ္တမာနဥပ္ပန္န ... ၃၉၂
(၂) ဘူတာပဂတဥပ္ပန္န၊ (၃) ဩကာသကတဥပ္ပန္န၊ (၄) ဘူမိလဒ္ဓဥပ္ပန္န ... ၃၉၂
ဘူမိနှင့် ဘူမိလဒ္ဓထူးခြားချက် ... ၃၉၃
အာရုံပြုခြင်းအစွမ်းဖြင့် ဘူမိကိုရသည်မဟုတ် ... ၃၉၃
တည်ရာထတ္ထုအစွမ်းဖြင့် ဘူမိကိုရ၏ ... ၃၉၃
ဘူမိအမည်မရသောခန္ဓာ၊ ဝိပါကဝဋ္ဋတရားလည်ရသည့်အကြောင်း ... ၃၉၄
မည်သည့်ခန္ဓာ၌ကိလေသာကိန်းသနည်း? ... ၃၉၄
ခန္ဓာအစဉ်ငြိမ်းပုံ၊ တစ်နည်းအားဖြင့် ဥပ္ပန္န ၄ ပါး ... ၃၉၄
အပ္ပဟာတဗ္ဗဥပ္ပန္န၊ ပဟာတဗ္ဗဥပ္ပန္န ... ၃၉၆
• **၈ ပရိညာစသောကိစ္စ ၄ ပါးကို ပြဆိုခြင်း ... ၃၉၆**
သစ္စာ ၄ ပါးကို တစ်ပြိုင်နက်သိပုံ၊ ဥပမာ – ဥပမေယျနှီးနှောချက် ... ၃၉၆
နေထွက်ခြင်းဥပမာ၊ လှေဥပမာ ... ၃၉၇
သစ္စာအနက် ၁၆ ချက်၊ စောဒနာနှင့်ဖြေရှင်းချက် ... ၃၉၈
သစ္စာဉာဏ်ကိုဟောပုံ ၂ မျိုး ... ၃၉၈
ဒုက္ခသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ ... ၃၉၉
သမုဒယသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ ... ၃၉၉
နိရောဓသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ ... ၃၉၉
မဂ္ဂသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ ... ၄၀၀
• **၉ ပရိညာစသောအပြားကို ပြဆိုခြင်း ... ၄၀၀**
(၁) ဉာတပရိညာ (၂) တီရဏပရိညာ (၃) ပဟာနပရိညာ ... ၄၀၀
ပရိညာသုံးပါးသည် မဂ်ဉာဏ်၏ကိစ္စဖြစ်ပုံ ... ၄၀၁
ပဟာန် (ပဟာန) ၃ ပါး (၁) ဝိက္ခမ္ဘနပဟာန် (၂) တဒင်္ဂပဟာန် ... ၄၀၁
ဝိပဿနာဉာဏ်စဉ်အလိုက် တဒင်္ဂပဟာန်ကိလေသာပယ်ပုံ ... ၄၀၂
မဟာဝိပဿနာဉာဏ် ၁၈ ပါးတို့ဖြင့် တဒင်္ဂပဟာန်ပယ်ပုံ ... ၄၀၂
(၃) သမုစ္ဆေဒပဟာန်၊ ပဟာန် ၃ ပါးသည် မဂ်ဉာဏ်၏ကိစ္စဖြစ်ပုံ ... ၄၀၃
သစ္ဆိကိရိယာ (မျက်မှောက်ပြုခြင်း) ၃ ပါး ... ၄၀၄
ဘာဝနာ (ပွားစေခြင်း) ၂ ပါး ... ၄၀၄
(၁) လောကီဘာဝနာ (၂) လောကုတ္တရာဘာဝနာ ... ၄၀၄

လောကုတ္တရာဘာဝနာသည်သာ မဂ်ဉာဏ်၏ကိစ္စမည်ပုံ ... ၄၀၅
• **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၄၀၅**
• **အခန်း (၂၃) ပညာဘာဝနာနိသံသနိဒ္ဒေသ**
• **ပညာဘာဝနာ၏အကျိုးအာနိသင်များကို ပြဆိုခြင်း ... ၄၁၃**
ပညာဘာဝနာ – ပညာကိုပွားစေခြင်း၏အကျိုး ... ၄၁၃
• **၁ အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်း ... ၄၁၃**
(က) လောကီပညာဘာဝနာ၏အကျိုးအာနိသင် ... ၄၁၃
(ခ) လောကုတ္တရာပညာဘာဝနာ၏အကျိုးအာနိသင် ... ၄၁၃
• **၂ အရိယာဖိုလ်၏အရသာကို ခံစားရခြင်း ... ၄၁၄**
ဖိုလ်ဝင်စားသောအခါ ဖိုလ်၏ဖြစ်ပုံ ... ၄၁၄
(က) ဖလသမာပတ်ဟူသည်အဘယ်နည်း? ... ၄၁၅
(ခ) ဖလသမာပတ်ကို မည်သူတို့ဝင်စား၍ မည်သူတို့မဝင်စားသနည်း?... ၄၁၅
(ဂ) အဘယ်ကြောင့် ဖိုလ်ဝင်စားကြသနည်း? ... ၄၁၅
(ဃ) ဖလသမာပတ်ကို အဘယ်သို့ဝင်စားကြသနည်း? ... ၄၁၆
(င) ဖလသမာပတ်သည် အဘယ်သို့တည်တံ့သနည်း? ... ၄၁၆
(စ) ဖလသမာပတ်မှ အဘယ်သို့ထသနည်း? ... ၄၁၇
(ဆ) ဖိုလ်၏အခြားမဲ့၌ဖြစ်သောတရားကား အဘယ်နည်း? ... ၄၁၇
(ဇ) ဖိုလ်သည် အဘယ်တရား၏အခြားမဲ့၌ ဖြစ်သနည်း? ... ၄၁၇
(ဈ) ဖိုလ်၏ဂုဏ်စွမ်းရည်များကား အဘယ်နည်း? ... ၄၁၇
• **၃ နိရောဓသမာပတ်ကို ပြဆိုခြင်း ... ၄၁၈**
(က) နိရောဓသမာပတ်ဟူသည် အဘယ်နည်း? ... ၄၁၈
(ခ) နိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ဝင်စားနိုင်ပြီး၊
အဘယ်ပုဂ္ဂိုလ်တို့ မဝင်စားနိုင်ကြသနည်း? ... ၄၁၈
နိရောဓသမာပတ်၌ ဉာဏ်မည်သောအင်္ဂါ ၅ ရပ် ... ၄၁၈
(၁) နှစ်မျိုးသောအားတို့နှင့်ပြည့်စုံခြင်း ... ၄၁၉
အဘယ်အနက်သဘောကြောင့် သမထအားမည်သနည်း? ... ၄၁၉
အဘယ်အနက်သဘောကြောင့် ဝိပဿနာအားမည်သနည်း? ... ၄၂၀
(၂) သုံးမျိုးသောသင်္ခါရတို့၏ငြိမ်းခြင်း ... ၄၂၀
(၃) ၁၆ မျိုးသောဉာဏ်ဖြစ်ခြင်း (၄) ၉ မျိုးသောသမာဓိဖြစ်ခြင်း ... ၄၂၀
(၅) လေ့လာနိုင်နင်းသည့်အဖြစ် (ဝသီဘော်) ... ၄၂၁
(ဂ) နိရောဓသမာပတ်ကို အဘယ်ဘုံ၌ဝင်စားနိုင်သနည်း? ... ၄၂၁
(ဃ) နိရောဓသမာပတ်ကို အဘယ်ကြောင့်ဝင်စားသနည်း? ... ၄၂၂
(င) နိရောဓသမာပတ်ကို ဝင်စားခြင်းသည် အဘယ်သို့ဖြစ်သနည်း? ... ၄၂၂

နိရောဓသမာပတ်ဝင်စားပုံအကျယ်ကို ဖော်ပြခြင်း ... ၄၂၂
ပုဗ္ဗကိစ္စ (ရှေးဦးပြုဖွယ်ကိစ္စ) ၄ ပါး ... ၄၂၂
(၁) မိမိနှင့်တစ်စပ်တည်းမဟုတ်သောပစ္စည်းများကို မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း ... ၄၂၂
(၂) သံဃာ၏ငံ့လင့်ခြင်းကို ဆင်ခြင်ခြင်း ... ၄၂၃
(၃) မြတ်စွာဘုရားခေါ်တော်မူမည်ကို ဆင်ခြင်ခြင်း ... ၄၂၄
(၄) မိမိ၏အသက်အပိုင်းအခြားကို ဆင်ခြင်ခြင်း ... ၄၂၄
ပုဗ္ဗကိစ္စမပြုလျှင် စိတ်မချုပ်ငြိမ်းနိုင်၊ ခရီးမသွားဖူးသူဥပမာ ... ၄၂၄
(စ) နိရောဓသမာပတ်သည် အဘယ်သို့တည်တံ့သနည်း? ... ၄၂၅
(ဆ) နိရောဓသမာပတ်သည် အဘယ်သို့ထသနည်း? ... ၄၂၅
(ဇ) နိရောဓသမာပတ်မှထသောပုဂ္ဂိုလ်၏စိတ်သည် အဘယ်တရားသို့ညွတ်သနည်း? ... ၄၂၅
(ဈ) သေသောသူနှင့် နိရောဓဝင်စားသူတို့၏အထူးကား အဘယ်နည်း? ၄၂၆
(ည) နိရောဓသမာပတ်သည် သင်္ခတတရားလော၊ အသင်္ခတတရားလော? ၄၂၆
- **၄ အာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည်ပြီးစီးခြင်း ... ၄၂၆**
သာမညအကျိုးများ၊ ဝိသေသအကျိုးများ ... ၄၂၆
(က) သောတာပန်ပုဂ္ဂိုလ် ၃ မျိုး ... ၄၂၇
(ခ) သကဒါဂါမ်ပုဂ္ဂိုလ် ၅ မျိုး ... ၄၂၇
(ဂ)♛ အနာဂါမ်ပုဂ္ဂိုလ် ၅ မျိုး ... ၄၂၈
(ဃ) ရဟန္တာပုဂ္ဂိုလ် ၆ မျိုး ... ၄၂၈
- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၄၂၉**
ကျမ်းကိုးစာရင်း ... ၄၃၁
နောက်ဆုံးနှစ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ ... ၄၃၂
ဒေါက်တာမင်းတင်မွန်၏ဓမ္မစာစဉ်စာအုပ်များ ... ၄၃၉

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စကားဦး

## အကောင်းဆုံးအခွင့်အရေး

အစမထင်သည့်ဘဝသံသရာတွင် အလွန်ရနိုင်ခဲသည့်လူ့ဘဝကို ရရှိပြီး ဆုံတွေ့ရန်အလွန်ခဲယဉ်းသော ဗုဒ္ဓသာသနာတော်နှင့်ကြုံတွေ့ရပြီးလျှင် ဗုဒ္ဓသာသနာ၏အနှစ်သာရဖြစ်သည့် သီလ, သမာဓိ, ပညာတို့ကို အသေးစိတ်ဖော်ပြထားသော ဝိသုဒ္ဓိမဂ္ဂကျမ်းစာမြတ်ကိုလေ့လာဖတ်ရှုရခြင်းသည် အကောင်းဆုံးလူ့အခွင့်အရေးကို ရရှိခြင်းပင်ဖြစ်ပါသည်။

ထိုသို့လေ့လာဖတ်ရှုရာ၌ လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်းသိနားလည်၍ စိတ်ဝင်စားစွာလေ့လာနိုင်အောင် ဤ''ဝိသုဒ္ဓိမဂ္ဂအလင်းပြ''ကျမ်းစာအုပ်သုံးတွဲက ကူညီပေးပါလိမ့်မည်။ ရတနာသုံးပါးကို ကြည်ညိုလေးမြတ်သည့်သဒ္ဓါ၊ တရားအနှစ်သာရကို သိမြင်ခွင့်ရသည့်နှစ်သက်ဝမ်းမြောက်မှုပီတိ၊ သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်၍ နိဗ္ဗာန်ကိုမျက်မှောက်ပြုရေးသို့ ဦးတည်သောဝီရိယဖြင့် စေ့စေ့စပ်စပ်လေ့လာမှတ်သားပါ။ အခန်းတစ်ခန်းစီကို ဖတ်ရှုလေ့လာပြီးသည့်အခါ အခန်းအဆုံး၌ဖော်ပြထားသည့် ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေများကို ဆက်လက်လေ့လာပါ။

၁၉၈၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ စာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များကို ဖော်ပြထားပါသည်။ စာရေးသူက ၁၉၈၄ ခုနှစ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲကို ဖြေဆိုရာမှာ တစ်ပြည်လုံးတွင်ပထမရခဲ့သည့်ဖြေဆိုနည်းအတိုင်း ဖြေဆိုပြထားပါသည်။ ဤအမေးအဖြေများကို လေ့လာခြင်းဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းစာကို ကျွမ်းကျင်နိုင်နင်းလာလိမ့်မည်။ ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲကို ဖြေဆိုလျှင်လည်း ဂုဏ်ထူးနှင့်အောင်မြင်လိမ့်မည်။ စာမေးပွဲဝင်ရောက်ဖြေဆိုရန်ကိုလည်း တိုက်တွန်းပါသည်။

## အကောင်းဆုံးဘဝနေနည်းပညာ

သီလ, သမာဓိ, ပညာသည် အကောင်းဆုံးဘဝနေနည်းပညာဖြစ်ပါသည်။ အဖိုးတန်ဆုံး၊ အကျိုးကျေးဇူးအကြီးဆုံး, အချမ်းသာဆုံးဘဝနေနည်းပညာလည်း ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်ကျမ်းလာအသိပညာကို အနည်းအကျဉ်းမျှသိ၍ နေ့စဉ်သွားလာနေထိုင်လုပ်ကိုင်မှုများတွင် နှလုံးသွင်းနိုင်, အသုံးချနိုင်လျှင် လက်ငင်းစိတ်ချမ်းသာ၍ ကောင်းကျိုးများစွာရမည်ဖြစ်သည်။ ကိလေသာယုတ်လျော့နည်းပါးကာ ဝိပဿနာဉာဏ်များရင့်သန်လာနိုင်သည်။ အာဠဝီပြည်မှ **ယက္ကန်းသည််၏သမီးပျို**ကဲ့သို့ ပိုင်းငင်ရင်း ''ငါ့ရဲ့အသက်ရှင်ခြင်းသည် မမြဲဘူး၊ ငါ့ရဲ့သေခြင်းသည်မြဲတယ်''ဟု မရဏာနုဿတိကို နှလုံးသွင်းသဖြင့် သုံးနှစ်ကြာသည့်အခါ မြတ်စွာဘုရား၏တရားတော်ကို နာကြားရရုံဖြင့် သောတာပန်ဖြစ်ခဲ့ပါသည်။

အင်္ဂလိပ်စာပေပညာရှင် **ပါမောက္ခရိုက်(စ်)ဒေးဗစ်**သည် ပါဠိစာပေကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရင်း **မဂ္ဂင်ရှစ်ပါးကျင့်စဉ်** (ဝါ) **သီလ, သမာဓိ, ပညာကျင့်စဉ်**သည် အကောင်းဆုံးဘဝနေနည်းပညာဖြစ်သည်ကို သိနားလည်လာသဖြင့် ထိုမဂ္ဂင်လမ်းစဉ်အတိုင်း သူ့ဘဝကိုပုံသွင်းနေထိုင်ခဲ့ရာ လွန်စွာကျေနပ်အားရကြောင်းကို ဝိသုဒ္ဓိမဂ္ဂအလင်းပြ-ပထမတွဲစကားဦး

တွင် ဖော်ပြခဲ့ပါသည်။

## လက်တွေ့ကျင့်ကြံရှုပွားနိုင်အောင် ကြိုးစားပါ

နိဗ္ဗာန်သို့သွားရာတစ်ကြောင်းတည်းသောလမ်းဖြစ်သည့် မဂ္ဂင်ရှစ်ပါး (ဝါ) သီလ, သမာဓိ, ပညာကို ပွားများအားထုတ်ခြင်းသည် ဘဝတွင်အရေးအကြီးဆုံးအလုပ်, မဆုတ်ဆိုင်းဘဲ လက်ငင်းလုပ်သင့်သည့်အလုပ်ဖြစ်ပါသည်။ မော်လမြိုင်, ရန်ကုန်, မန္တလေးနှင့်မြို့များစွာတွင်ရှိသော "**အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာရိပ်သာ**"များတွင် မဂ္ဂင်ကျင့်စဉ် (ဝါ) သီလ, သမာဓိ, ပညာကျင့်စဉ်ကို ဘုရားဟောကြားသည့်အတိုင်း ဝိသုဒ္ဓိမဂ်ကျမ်းလာအတိုင်း အပြည့်အစုံ အသေးစိတ်ရှုပွားနိုင်အောင် သင်ကြားပေးနေပါသည်။

သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို မြတ်စွာဘုရားလမ်းညွှန်ခဲ့သည့်အတိုင်း ရှုပွားနိုင်လျှင် ဤဘဝတွင်ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါသည်။ တစ်မဂ်တစ်ဖိုလ်ရ၍ သောတာပန်ဖြစ်လျှင်ပင် စကြာဝတေးမင်း, သိကြားမင်းဖြစ်ရသည်ထက် သာလွန်မြင့်မြတ်သည့်ဘဝကို ရရှိပြီး အပါယ်တံခါးပိတ်ကာ နိဗ္ဗာန်အမြိုက်ချမ်းသာကို အလိုရှိသမျှ ခံစားနိုင်မည်ဖြစ်ပါသည်။

## အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာကို လေ့လာပါ

ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ-တတိယတွဲသည် အဆင့်မြင့်ဉာဏ်ပညာဖြစ်သည့်ဝိပဿနာဉာဏ် ၁၀ ပါးနှင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို ထူထောင်နိုင်ရန် ဝိပဿနာရှုနည်းအကြောင်းကို အဓိကဖော်ပြထားပါသည်။

ဝိပဿာနာရှုသည်ဆိုသည်မှာ မိမိ၏ခန္ဓာနှင့် သူတစ်ပါးတို့၏ခန္ဓာတို့မှာ ဖြစ်ပျက်နေကြသည့် ရုပ်နာမ်ဖြစ်ရပ်များကို အကြောင်းအကျိုးဆက်နွှယ်မှုများနှင့်တကွ အသေးစိတ်ရှုမြင်သိနားလည်အောင် ရှုပွားခြင်းဖြစ်ပါသည်။ ရုပ်နာမ်ဖြစ်ရပ်များဟူသည်မှာ ပရမတ်ရုပ်တရား ၂၈ မျိုးနှင့် ပရမတ်နာမ်တရား ၅၃ မျိုး (စိတ်နှင့်စေတသိက် ၅၂ မျိုး)တို့၏ အကြောင်းအကျိုးဆက်နွှယ်ကာ အဆက်မပြတ်ဖြစ်ပျက်နေကြသည့်ဖြစ်ရပ်များ (Psychophysical phenomena) ဖြစ်ပါသည်။

ပရမတ်ရုပ်နာမ်ဖြစ်ရပ်များကို သိပ္ပံအနုကြည့်မှန်ပြောင်းဖြင့် ကြည့်ရှု၍ မမြင်နိုင်ပါ။ ကောင်းစွာတည်ကြည်မှု (သမ္မာသမာဓိ)နှင့်ယှဉ်သည့်စိတ်ဖြင့် မြတ်ဗုဒ္ဓလမ်းညွှန်ပြသည့်အတိုင်း ကြည့်ရှုတတ်ပါမှ ထင်ထင်ရှားရှားရှုမြင်နိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာဖားအောက်တောရရိပ်သာများ၌ ပြည်တွင်းပြည်ပယောဂီများက ကောင်းစွာရှုမြင်ကြပါသည်။ ပရမတ်ရုပ်နာမ်တရားများက အလွန်လျင်မြန်စွာဖြစ်ပျက်နေသည်ကို ထင်ထင်ရှားရှားရှုမြင်သည့်အခါ ပုဂ္ဂိုလ်, သတ္တဝါ, သက်ရှိသက်မဲ့အရာများကို မမြင်တွေ့ရတော့ဘဲ အနိစ္စ–မမြဲ, ဒုက္ခ–ဆင်းရဲ, အနတ္တ–အတ္တကောင်မဟုတ်, သူငါမရှိဆိုသည့် လက္ခဏာရေးသုံးပါးကို မှန်မှန်ကန်ကန် သိမြင်လာပါသည်။

လက္ခဏာရေးသုံးပါးကို မှန်မှန်ကန်ကန်ရှုမြင်ပါမှ ဝိပဿနာကိုမှန်မှန်ကန်ကန်ရှုနိုင်ပါသည်။ လက္ခဏာရေးသုံးပါးကို ရှုမြင်ရုံမျှဖြင့် ဝိပဿနာဉာဏ်မဖြစ်သေးပါ။ မည်သည့်ရုပ်နာမ်တရားတို့က မည်သည့်အကြောင်းကြောင့် အဆက်မပြတ်ဖြစ်ပျက်နေကြသည်ကို သိနားလည်ဖို့လိုပါသေးသည်။ အကြောင်းအကျိုးအပြည့်အစုံကို ဝိသုဒ္ဓိမဂ်ကျမ်းတွင် ရှင်းပြထားပါသည်။ ဤရှင်းပြချက်များကို သိနားလည်ဖို့ကား ပရမတ်ရုပ်နာမ်များကို သိနားလည်ရမည်ဖြစ်၍ အဘိဓမ္မာအခြေခံပညာလောက် သိနားလည်ထားဖို့လိုပါသည်။

ဤအကြောင်းကြောင့် ပညာရေးဝန်ကြီးဌာနက အဘိဓမ္မာစာမေးပွဲများနှင့်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲများကို တစ်ပြည်လုံးအတိုင်းအတာဖြင့် နှစ်စဉ်ကျင်းပပေးရာတွင် အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲကိုအောင်မြင်ပြီးမှသာလျှင် ဝိသုဒ္ဓိမဂ္ဂစာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ပြုထားပါသည်။ အဘိဓမ္မာရိုးရိုးတန်းသင်ရိုးအဖြစ် အဘိဓမ္မာ**သင်္ဂြိုဟ်**ကိုးပိုင်းကို ပြဋ္ဌာန်းထားပါသည်။

အဘိဓမ္မာတွင် ပရမတ်တရားများအကြောင်းကို မြတ်စွာဘုရားသည် အသေးစိတ်ဟောကြားထားပါသည်။ ဘဝဖြစ်စဉ်, လောကဖြစ်စဉ်အားလုံးသည် ပရမတ်ရုပ်နာမ်တရားများ၏ဖြစ်စဉ်များသာဖြစ်သည့်အတွက် ပရမတ်တရားများအကြောင်းကို သိနားလည်ပါမှ ဘဝအကြောင်း, လောကအကြောင်းနှင့် မြတ်စွာဘုရား၏တရားတော်များကို အရင်းအမြစ်အထိရှင်းရှင်းလင်းလင်းသိမြင်နိုင်ပါသည်။ အခြေခံအဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ္ဂကိုသိနားလည်လျှင် မြတ်စွာဘုရား၏တရားအနှစ်သာရအလုံးစုံကို သိနားလည်ရသဖြင့် အလွန်နှဲအလွန်ဆုံတွေ့ရခဲသည့် ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ရကျိုးနပ်လိမ့်မည်။

အခြေခံအဘိဓမ္မာသည် အဖိုးတန်ဆုံးဘဝနေနည်းပညာလည်း ဖြစ်ပါသည်။ စာရေးသူအနေဖြင့် အဘိဓမ္မာ**သင်္ဂြိုဟ်**ကိုးပိုင်းအပြည့်အစုံကို ''**ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်**'' **"The Essence of Buddha Abhidhamma"** အမည်တို့ဖြင့် မြန်မာဘာသာ, အင်္ဂလိပ်ဘာသာတို့ဖြင့် သင်တန်းကိုင်စာအုပ်များကိုရေးသားထားပြီးလျှင် ပြည်တွင်းပြည်ပတို့၌သင်ကြားပို့ချပေးနေပါသည်။ မြန်မာဘာသာဖြင့် တစ်ရက် ၃ နာရီ၊ ၁၅ ရက်သင်တန်းတက်လျှင် ကောင်းမွန်ရှင်းလင်းစွာ သိနားလည်သွားလိမ့်မည်။ အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲကိုလည်း ကောင်းစွာဖြေဆိုနိုင်လိမ့်မည်။ သင်တန်းပို့ချချက် စီဒီခွေနှင့်ဒီဗွီဒီခွေတို့ကိုလည်း မြမွန်ရတနာ စာပေတိုက်တွင် ရယူနိုင်ပါသည်။

စာရေးသူသည် ''**ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓနည်းကျ တရားရှုနည်းသင်တန်း**''ကိုလည်း ပို့ချသင်ပြပေးနေပါသည်။

တရားထူးများသိမြင်အောင် ဗုဒ္ဓသာသနာနှင့်ကြုံကျိုးနပ်အောင် ကြိုးပမ်းနိုင်ကြပါစေ။

၁၀–၉–၂၀၁၃

**ဒေါက်တာမင်းတင်မွန်**
ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

## အရိယသစ္စာလေးပါး

မြတ်စွာဘုရား၏ ပွဲဦးရှေ့ဦးစွာဟောကြားသောတရားတော်ဖြစ်သည့် 'ဓမ္မစကြာတရားတော်'[၁]တွင် အရိယသစ္စာလေးပါးကို ပဉ္စဝဂ္ဂီတို့အား ဟောကြားတော်မူပါသည်။

*၁ ''ရဟန်းတို့ – **ဤသည်ကား ဒုက္ခဖြစ်သည့် အရိယာတို့၏အမှန်တရား 'ဒုက္ခအရိယသစ္စာ'ပေတည်း။** ပဋိသန္ဓေတည်နေရခြင်းသည် ဆင်းရဲတည်း၊ အိုရခြင်းသည် ဆင်းရဲတည်း၊ နာရခြင်းသည် ဆင်းရဲတည်း၊ သေရခြင်းသည် ဆင်းရဲတည်း၊ မချစ်မနှစ်သက်သောသူတို့နှင့်အတူနေရခြင်းသည် ဆင်းရဲတည်း၊ ချစ်ခင်နှစ်သက်သူတို့နှင့်ကွေကွင်းရခြင်းသည် ဆင်းရဲတည်း၊ လိုချင်ရာကိုမရခြင်းသည် ဆင်းရဲတည်း၊ **အကျဉ်းအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းရာအာရုံဖြစ်ကုန်သော ဉပါဒါနက္ခန္ဓာငါးပါးတို့သည် ဆင်းရဲတည်း။***

*၂ ''ရဟန်းတို့ – **ဤသည်ကား ဒုက္ခဖြစ်ကြောင်းဖြစ်သည့် အရိယာတို့၏အမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာ'ပေတည်း။ အကြင်တဏှာသည် ဘဝသစ်၌ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွဖြစ်၏၊ ထိုထိုအာရုံ၌ လွန်စွာနှစ်သက်တတ်၏။** ဤတပ်မက်မှုတဏှာသည်ကား အဘယ်နည်း၊ ကာမဂုဏ်တို့၌ တပ်မက်မှုတဏှာ 'ကာမတဏှာ'၊ အတ္တသည် တည်မြဲ၏စွဲယူသော သဿတဒိဋ္ဌိနှင့်တကွဖြစ်သည့် တပ်မက်မှုတဏှာ 'ဘဝတဏှာ'၊ အတ္တသည် သေလျှင်ပြတ်စဲ၏ဟုစွဲယူသော ဉစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သည့်တပ်မက်မှုတဏှာ 'ဝိဘဝတဏှာ'တို့ဖြစ်ကြ၏။*

*၃ ''ရဟန်းတို့ – **ဤသည်ကား ဒုက္ခချုပ်ရာဖြစ်သည့် အရိယာတို့၏အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာ'ပေတည်း။ ယင်းဒုက္ခ၏ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှုတဏှာ၏အကြွင်းမဲ့စွဲမက်မှုကင်းပျောက်ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တစ်ဖန်စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာ 'နိဗ္ဗာန်'ပေတည်း။***

*၄ ''ရဟန်းတို့ – **ဤသည်ကား ဒုက္ခချုပ်ရာ 'နိဗ္ဗာန်'သို့ရောက်ကြောင်းအကျင့်ဖြစ်သည့် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စာ' (မဂ္ဂသစ္စာ)ပေတည်း၊ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏။** အင်္ဂါရှစ်ပါးကား –*

*(၁) သမ္မာဒိဋ္ဌိ – သစ္စာလေးပါးကို မှန်စွာထိုးထွင်းသိမြင်မှု (ပညာစေတသိက်)*

*(၂) သမ္မာသင်္ကပ္ပ – သစ္စာလေးပါးအာရုံပေါ်သို့ စိတ်ကိုတင်ပေးသည့်မှန်စွာကြံခြင်း (ဝိတက်စေတသိက်)*

*(၃) သမ္မာဝါစာ – မှန်စွာပြောဆိုခြင်း (သမ္မာဝါစာစေတသိက်)*

*(၄) သမ္မာကမ္မန္တ – မှန်စွာပြုလုပ်ခြင်း (သမ္မာကမ္မန္တစေတသိက်)*

*(၅) သမ္မာအာဇီဝ – မှန်စွာအသက်မွေးခြင်း (သမ္မာအာဇီဝစေတသိက်)*

---

*၁ သံ၊ ၃၊ ၃၆၈–၃၇၁၊ ဓမ္မစက္ကပ္ပဝတ္တနသုတ္တန်*

*(၆) သမ္မာဝါယာမ – မှန်စွာကြိုးစားအားထုတ်ခြင်း (ဝီရိယစေတသိက်)*

*(၇) သမ္မာသတိ – မှန်စွာအောက်မေ့အမှတ်ရခြင်း (သတိစေတသိက်)*

*(၈) သမ္မာသမာဓိ – မှန်စွာတည်ကြည်ခြင်း (ဧကဂ္ဂတာစေတသိက်)တို့ပင်တည်း။*

**ဤအရိယာသစ္စာလေးပါးကား အကြီးကျယ်ဆုံးသဘာဝအမှန်တရားလေးပါးပင်တည်း။ ဤသစ္စာလေးပါးကို ကောင်းစွာထိုးထွင်းသိမြင်သူသည် အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်၏။** ထို့ကြောင့် သစ္စာလေးပါးသည် မြတ်စွာဘုရားဟောကြားတော်မူသောတရားအားလုံး၏အနှစ်ချုပ်ဖြစ်ပေ၏။

## မဂ္ဂင်ရှစ်ပါးနှင့်သီလ-သမာဓိ-ပညာ

မဂ္ဂသစ္စာတွင်ပါဝင်သည့် သမ္မာဒိဋ္ဌိစသောအင်္ဂါရှစ်ပါးကို '**မဂ္ဂင်ရှစ်ပါး**'ဟုခေါ်ပါသည်။ **ဤမဂ္ဂင်ရှစ်ပါးသည် ကိလေသာအပူမီးငြိမ်းအေးရန် ထူးသောဉာဏ်ဖြင့်သစ္စာလေးရပ်တရားမြတ်ကို ထိုးထွင်းသိမြင်ရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်စွမ်းဆောင်ပေးနိုင်သော 'မဇ္ဈိမပဋိပဒါအကျင့်မြတ်'ဖြစ်ကြောင်းကို ဓမ္မစကြာတရားတွင် ဟောကြားတော်မူပါသည်။**

မဂ္ဂင်ရှစ်ပါးကို လက်တွေ့ကျင့်ကြံအားထုတ်သည့်အခါ သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပတို့ကို ပညာကျင့်စဉ်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ကို သီလကျင့်စဉ်၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့ကို သမာဓိကျင့်စဉ်ဟူ၍ '**သိက္ခာသုံးပါးကျင့်စဉ်တရား**'ဟုသတ်မှတ်ပါသည်။ သို့အတွက် သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်တို့ကို ပြည့်စုံအောင်ဖြည့်ကျင့်နိုင်လျှင် အရိယသစ္စာလေးပါးကိုထိုးထွင်းသိမြင်သည့် အရိယာမဂ်ဉာဏ်ကိုရရှိပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဖြစ်၏။ ဤအကြောင်းကြောင့် **သီလ-သမာဓိ-ပညာတို့သည် ပိဋကတ်သုံးပုံ၏အနှစ်သာရဖြစ်သည်**ဟု မိန့်ဆိုပါသည်။

## အရိယသစ္စာလေးပါးတို့၏တရားကိုယ်များ

အရိယာသစ္စာတစ်ပါးစီကို ကိုယ်စားပြုသော ပရမတ်တရားများများကို တရားကိုယ်များဟုခေါ်ပါသည်။ **ဒုက္ခအရိယသစ္စာ၏တရားကိုယ်**မှာ ဉပါဒါနက္ခန္ဓာငါးပါးကိုကိုယ်စားပြုသည့် ပရမတ်ရုပ် ၂၈ ပါး, လောကီစိတ် ၈၁ ပါးနှင့်ယှဉ်ဖက်စေတသိက် ၅၂ ပါးဖြစ်ပါသည်။ ၎င်းတို့ကို အောက်ပါအတိုင်း ဉပါဒါနက္ခန္ဓာငါးပါးအဖြစ် ခွဲခြားသတ်မှတ်ပါသည်။

(၁) *ရူပုပါဒါနက္ခန္ဓာ* – ပရမတ်ရုပ် ၂၈ ပါးတို့၏အပေါင်းအစု၊

(၂) *ဝေဒနုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သောဝေဒနာတို့၏အပေါင်းအစု၊

(၃) *သညုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သောသညာတို့၏အပေါင်းအစု၊

(၄) *သင်္ခါရုပါဒါနက္ခန္ဓာ*–ဝေဒနာ, သညာတို့မှအပကြွင်းသောလောကီစေတသိက် ၅၀ ပါး၊

(၅) *ဝိညာဏုပါဒါနက္ခန္ဓာ* – လောကီစိတ် ၈၁ ပါးတို့၏အပေါင်းအစု။

ခန္ဓာတစ်ပါးစီကိုစုဖွဲ့ရာ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ(ကိုယ်ထဲ), ဗဟိဒ္ဓ (ကိုယ်ပြင်ပ), ဩဠာရိက (ရုန့်ကြမ်းသော), သုခုမ (သိမ်မွေ့သော), ဟီန (ယုတ်ညံ့သော), ပဏီတ (မြတ်သော), ဒူရ (ဝေးသော), သန္တိက (နီးသော) ဟူသည့်အခြင်းအရာ ၁၁ မျိုး ဖြင့်ပေါင်းစုယူရသည်။

ဥပမာ မိမိ၏သန္တာန်၌ ပစ္စုပ္ပန်ခန္ဓာငါးပါးဖြစ်သည့် ပရမတ်ရုပ်နာမ်များကိုရှုမြင်ပြီးလျှင် အတိတ်ခန္ဓာ ၅ ပါး, အနာဂတ်ခန္ဓာ ၅ ပါး, သူတစ်ပါးတို့၏သန္တာန်၌ရှိသောခန္ဓာငါးပါး တို့ကိုလည်း ပိုင်းပိုင်းခြားခြားသိအောင်ရှုမြင်ရပါသည်။ ပိုင်းပိုင်းခြားခြားရှုမြင်သည်ဆိုခြင်းမှာ ပရမတ်တရားတစ်ပါးစီကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းခြား၍ ရှုမြင်ခြင်း ဖြစ်ပါသည်။

(၁) *လက္ခဏ* – ပရမတ်တရား၏သိကြောင်းအမှတ်အသား၊

(၂) *ရသ* – ပရမတ်တရား၏ပြုဖွယ်ကိစ္စ (ကိစ္စရသ) သို့မဟုတ် အကြောင်းစုံညီ၍ဖြစ်လာပုံ (ဝါ) ထင်ရှားရှိသည့်ဂုဏ် (သမ္ပတ္တိရသ)၊

(၃) *ပစ္စုပဋ္ဌာန်* – ကိစ္စရသကြောင့်ရထိုက်သည့်အကျိုး (ဖလပစ္စုပဋ္ဌာန်) (သို့) တရားရှုသူ၏အသိဉာဏ်တွင်ထင်မြင်လာပုံ (ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန်)

(၄) *ပဒဋ္ဌာန်* – ထိုပရမတ်တရားကိုဖြစ်စေသည့်အနီးကပ်ဆုံးအကြောင်းတရား။

အကောင်အထည်မရှိသည့် ပရမတ်ရုပ်နာမ်တရားတို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ရှုမြင်နိုင်လျှင် ပိုင်းပိုင်းခြားခြား, ထင်ထင်ရှားရှားပေါ်လွင်လာပါသည်။ ဖားအောက်တောရရိပ်သာများ၌ ယောဂီများရှုမြင်ကြပါသည်၊ ကိုယ်တိုင်လာရောက်၍ ရှုကြည့်နိုင်ပါသည်။

ဤသို့ ပရမတ်ရုပ်နာမ်တရားများကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ရှုမြင်နိုင်သောဉာဏ်ပညာကို '**နာမရူပပရိစ္ဆေဒဉာဏ်**' ဟုခေါ်ပါသည်။

**သမုဒယသစ္စာ၏တရားကိုယ်**သည် လောဘမူစိတ် ၈ ပါးတွင်ပါဝင်သော တဏှာခေါ် လောဘဖြစ်ပါသည်။ လောဘမူစိတ်များတွင် တဏှာသည် အဝိဇ္ဇာခေါ် မောဟ, ဒိဋ္ဌိ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တတို့နှင့်အတူယှဉ်ဖြစ်ပါသည်။ တစ်ဖန် တဏှာနှင့် မောဟတို့ကို အကြောင်းပြု၍ ဒေါသနှင့်ဝိစိကိစ္ဆာတို့လည်း ဖြစ်ပေါ်ပါသည်။

ထို့ကြောင့် **ဓမ္မစက္ကပဝတ္တနသုတ်**တွင် တဏှာသည် သမုဒယသစ္စာဖြစ်သည်ဟု ခေါင်းခေါက်၍ ဟောကြားသော်လည်း **အဘိဓမ္မာဝိဘင်းပါဠိတော်**[၂]တွင် တဏှာနှင့်တကွ ကိလေသာတရား ၁၀ ပါးလုံးသည် သမုဒယသစ္စာဖြစ်သည်ဟူ၍လည်းကောင်း၊ ကိလေသာ ၁၀ ပါးနှင့်တကွ အကုသိုလ်တရားအားလုံးနှင့်လောကီကုသိုလ်တရားအားလုံးသည် သံသရာဝဋ်ကိုလည်ပတ်စေသည့်အတွက် သမုဒယသစ္စာဖြစ်သည်ဟူ၍လည်းကောင်း ဟောကြားပါသည်။

**နိရောဓသစ္စာ၏တရားကိုယ်သ**ည် ဒုက္ခချုပ်ငြိမ်းရာအမှန်ဖြစ်သည့် 'နိဗ္ဗာန်' ဖြစ်ပါသည်။

မဂ္ဂသစ္စာ၏တရားကိုယ်သည် အထက်တွင် မဂ္ဂင်ရှစ်ပါး၌ကွင်းခတ်၍ပြထားသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာဟူသည့် စေတသိက် ၈ ပါး ဖြစ်ပါသည်။

**သိက္ခာသုံးပါးဖြင့် ကိလေသာများကို စနစ်တကျပယ်သတ်ပုံ**

**လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက,**

---

*၂ အဘိ၊ ၂၊ ၁၁၂–၁၁၈။*

**အနောတ္တပ္ပတို့သည်စိတ်ကိုညစ်နွမ်း, ယုတ်ညံ့, ပူလောင်, ဆင်းရဲစေသည့်အတွက် ‘ကိလေသာ’ဟု အမည်ရ၏။ စကြာဝဠာတစ်ခုလုံးတွင် ဆင်းရဲခြင်းအားလုံးနှင့် မတရားမှုအားလုံးတို့၏ အကြောင်းရင်းများဖြစ်ကြ၏။ လောဘ, ဒေါသ, မောဟတို့သည် အပူလောင်ဆုံးမီးများလည်း ဖြစ်ကြ၏။ စိတ်အစဉ်တွင် ၎င်းတို့ဖြစ်ပေါ်နေသမျှကာလပတ်လုံး ချမ်းသာအစစ်အမှန် ကိုမရနိုင်ပါ။ ၎င်းတို့က အမြစ်ပြတ်ပယ်သတ်နိုင်ပါမှ ထာဝရ နိဗ္ဗာန်အမြိုက်ချမ်းသာကို ရရှိနိုင်ပါသည်။**

**ကိလေသာတို့သည် ပုထုဇဉ်သတ္တဝါတို့၏စိတ်အစဉ်၌ အနုသယကိလေသာ, ပရိယုဋ္ဌာနကိလေသာ, ဝီတိက္ကမကိလေသာအဖြစ် အလွှာသုံးပါးဖြင့် ဖြစ်ပေါ်ကြသည်။**

**(၁) အနုသယကိလေသာ** – သတ္တဝါတို့၏ခန္ဓာအစဉ်၌ ဘဝအဆက်ဆက် အမြဲမပြတ် ကိန်းဝပ်လျက် လိုက်ပါနေသောကိလေသာမျိုးဓာတ်ဖြစ်၏၊ စိတ်အစဉ်တွင် ဥပါဒ်–ဌီ–ဘင်အဖြစ် ထင်ထင်ရှားရှားမဖြစ်ပေါ်သေး၊ ဒွါရနှင့်အာရုံဆုံတွေ့သည့်အခါ စိတ်တွင်နိုးကြား ထကြွ၍ဖြစ်ပေါ်လာအောင် အဆင်သင့်ဖြစ်နေသည့်ကိလေသာမျိုးဓာတ်ဖြစ်၏။ သရက်ပင်တွင် အချိန်တန်လျှင် သရက်သီးသီးဖို့ရာ ဓာတ်သတ္တိကိန်းဝပ်နေသကဲ့သို့တည်း။

**(၂) ပရိယုဋ္ဌာနကိလေသာ** – ဒွါရနှင့်အာရုံဆုံတွေ့သည့်အခါ စိတ်အစဉ်တွင်နိုးကြားထကြွလာကြသော အလတ်စားကိလေသာများဖြစ်သည်။ စိတ်မတည်ငြိမ်အောင်, ပျံ့လွင့်အောင်, ဆင်းရဲပူလောင်အောင်, အာရုံ၏အမှန်သဘောကိုမသိအောင် အမျိုးမျိုးခြယ်လှယ်ကြတော့သည်။ ကုသိုလ်တရားများမဖြစ်ပေါ်အောင်၊ ဈာန်, မဂ်, ဖိုလ်တရားများမဖြစ်ပေါ်အောင် တားဆီးပိတ်ပင်တတ်သော အောက်ပါ ‘**နီဝရဏတရား ၅ ပါး**’သည် ပရိယုဋ္ဌာနကိလေသာများဖြစ်ကြသည်။

(၁) *ကာမစ္ဆန္ဒနီဝရဏ* – ကာမဂုဏ်အာရုံတို့ကို လိုချင်တပ်မက်သည့်တဏှာလောဘ၊
(၂) *ဗျာပါဒနီဝရဏ* – စိတ်ဆိုးစိတ်ပျက်ခြင်း, အလိုမကျခြင်းအမျက်ဒေါသ၊
(၃) *ထိန, မိဒ္ဓ* – ပျင်းရိ, ငိုက်မျဉ်း, လေးလံထိုင်းမှိုင်းခြင်းသဘော၊
(၄) *ဥဒ္ဓစ္စ, ကုက္ကုစ္စ* – စိတ်ပျံ့လွင့်ခြင်း, စိတ်ပူပန်ခြင်းသဘော၊
(၅) *ဝိစိကိစ္ဆာ* – ရတနာသုံးပါး, ကံတရား, ပဋိစ္စသမုပ္ပါဒ်တို့၌ယုံမှားသံသယဖြစ်ခြင်း။

ဤနီဝရဏများခြယ်လှယ်နေလျှင် ဘာဝနာကောင်းစွာမရှုနိုင်ပါ၊ ဤနီဝရဏတို့ကို နှိပ်ကွပ်ဖယ်ရှားနိုင်ပါမှ ပထမဈာန်ကို ရရှိနိုင်ပါသည်။

(ဝိသုဒ္ဓိမဂ္ဂအလင်းပြ-ပထမတွဲ စာမျက်နှာ ၂၂၁ ကိုကြည့်ပါ)

**(၃) ဝီတိက္ကမကိလေသာ** – အားကြီးလာ၍ ရုန့်ကြမ်းခက်ထန်လာသောကိလေသာ။

ဤအကြမ်းစားကိလေသာတို့ဖြင့် သတ္တဝါတို့သည် မကောင်းမှုဒုစရိုက်များကို ကျူးလွန်ကြ၏။ အနမတဂ္ဂသံသရာ၌ ဤကိလေသာတို့သည် သတ္တဝါတို့၏ခန္ဓာအစဉ်တွင် ဘဝအဆက်ဆက်ကိန်းဝပ်လိုက်လာရာ ကိလေသာအပင်ကြီးအဖြစ် စည်ပင်ဝပြောနေပါသည်။ သစ်ပင်ကြီးတစ်ပင်ကို ခုတ်သတ်လိုလျှင် ပထမ–အကိုင်းအခက်များကို ခုတ်ပိုင်းရမည်၊ ဒုတိယ–ပင်စည်ကို ပိုင်းဖြတ်ရမည်၊ တတိယ–အမြစ်အားလုံးကို တူးထုတ်မီးရှို့ပစ်ရမည်။ သို့မှသာ

ထိုအပင်သည်ပြန်မပေါက်နိုင်တော့ပါ။ ထိုနည်းအတူ

(၁) **သီလသိက္ခာ** (ဝါ) သီလကျင့်စဉ်ဖြင့် အကြမ်းစားဝီတိက္ကမကိလေသာများကို ချိုးနှိမ်ဖယ်ရှားရမည်။

(၂) **သမာဓိသိက္ခာ** (ဝါ) သမာဓိကျင့်စဉ်ဖြင့် အလတ်စားပရိယုဋ္ဌာနကိလေသာများကို နှိပ်ကွပ်ဖယ်ရှားရမည်။

(၃) **ပညာသိက္ခာ** (ဝါ) ပညာကျင့်စဉ်ဖြင့် အနုစားအနုသယကိလေသာများကို အမြစ်ပြတ် ပယ်သတ်ရမည်။

## ဝိသုဒ္ဓိ ၇ ပါးဖြင့် စိတ်ကို အဆင့်ဆင့်ဖြူစင်စေခြင်း

**ဝိသုဒ္ဓိမဂ်**[၃]နှင့် **ရထဝိနီတသုတ္တန်**[၄]တို့တွင် ဖော်ပြထားချက်အရ စိတ်ကိုအဆင့် ၇ ဆင့်ဖြင့် စနစ်တကျဖြူစင်စေရ၏၊ အဆင့်ကျော်၍မရပါ။ ဥပမာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့မပြည့်စုံဘဲနှင့် ဝိပဿနာရှု၍မရပါ။

## ၁။ သီလဝိသုဒ္ဓိ – သီလ၏စင်ကြယ်ခြင်း

ဝိသုဒ္ဓိမဂ္ဂအလင်းပြ-ပထမတွဲ အခန်း(၁) (၂) တို့တွင် အကျယ်ဖော်ပြထားသည်။

လိုရင်းမှာ သီလစင်ကြယ်ပြီး သီလဝိသုဒ္ဓိဖြစ်ဖို့အတွက် စတုပါရိသုဒ္ဓိသီလခေါ် အောက်ပါ သီလ ၄ မျိုးကို လုံခြုံစွာစောင့်ထိန်းရမည်။

(၁) ***ပါတိမောက္ခသံဝရသီလ*** – ရဟန်းတော်များက ဝိနည်းသိက္ခာပုဒ် ၂၂၇ သွယ်ကို လုံခြုံစွာစောင့်ထိန်း၍ လူပုဂ္ဂိုလ်များက ၈ ပါး သို့မဟုတ် ၉ ပါးသီလကို လုံခြုံအောင် စောင့်ထိန်းရမည်။

(၂) ***ဣန္ဒြိယသံဝရသီလ*** – မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသောဒွါရ ၆ ပါး၌ အာရုံအသီးသီးထင်လာလျှင် ကိလေသာမဖြစ်ပေါ်အောင် စောင့်စည်းရမည်။

(၃) **အာဇီဝပါရိသုဒ္ဓိသီလ** – အသက်မွေးဝမ်းကျောင်းစင်ကြယ်ရမည်။

(၄) ***ပစ္စယသန္နိဿိတသီလ*** – ပစ္စည်းလေးပါးကိုသုံးဆောင်သည့်အခါ ကိလေသာမဖြစ်ရန် ပညာနှင့်ဆင်ခြင်ရမည်။

## ၂။ စိတ္တဝိသုဒ္ဓိ – သမာဓိဖြင့် စိတ်ကိုဖြူစင်စေခြင်း

သမာဓိမဂ္ဂင်သုံးပါးကိုဖြည့်ကျင့်ပြီး **သမ္မာသမာဓိထူထောင်နိုင်အောင် သမထဘာဝနာရှုပွားရပါသည်။** သမ္မာသမာဓိဟူသည်မှာ ရူပါဝစရဈာန် ၄ ပါးနှင့်ယှဉ်သည့်သမာဓိဖြစ်သည်ဟု **မဟာသတိပဋ္ဌာနသုတ္တန်**[၅]တွင် မြတ်စွာဘုရားမိန့်ကြားပါသည်။ **ဝိသုဒ္ဓိမဂ်**[၆]တွင် ဥပစာရသမာဓိနှင့်တကွ ဈာန်သမာပတ် ၈ ပါးနှင့်ယှဉ်သည့်သမာဓိသည် စိတ္တဝိသုဒ္ဓိဖြစ်သည်ဟု ဖော်ပြပါသည်။ ထို့ကြောင့် ယုတ်စွအဆုံး ပထမဈာန်နှင့်နီးကပ်နေသည့် ဥပစာရသမာဓိကို ထူထောင်ရမည်။ ဤဥပစာရသမာဓိသည် နီဝရဏရန်သူများနှင့်နီးကပ်နေသည့်အတွက် မတည်မြဲပါ။ ဈာန်သမာဓိရမှ ပိုကောင်းပါသည်။

မြတ်စွာဘုရားသည် စတုတ္ထဈာန်သမာဓိ(စတုက္ကနည်း)ကို အခြေခံ၍ ဝိပဿနာရှုပွားခဲ့

---

၃ ဝိသုဒ္ဓိ၊ ၂၊ ၇၃ ၄ မ၊ ၁၊ ၁၉၉ ၅ မ၊ ၁၊ ၈၉ ၆ ဝိသုဒ္ဓိ၊ ၂၊ ၂၂၂

သဖြင့် စတုတ္ထစျာန်သမာဓိသည် ဝိပဿနာရှုရန် အကောင်းဆုံးအခြေခံပါဒကစျာန် ဖြစ်သည်ဟု မှတ်ယူအပ်၏။ ဖားအောက်တောရရိပ်သာများ၌ ယောဂီများသည် စတုတ္ထစျာန်သမာဓိကိုအခြေခံ၍ ဝိပဿာနာရှုပွားကြပါသည်။

ဝိပဿနာရှုပွားရာတွင် အသုံးပြုသည့်**ခဏိကသမာဓိ**ဟူသည်မှာလည်း ဝိပဿနာဉာဏ်နှင့်ယှဉ်သည့် ဥပစာရသမာဓိပင်ဖြစ်ပါသည်။ ဥပမာ စတုတ္ထစျာန်ကိုအခြေခံ၍ ဝိပဿနာရှုသူသည် စတုတ္ထစျာန်ကိုဦးစွာထူထောင်ပြီးလျှင် စျာန်မှထွက်၍ ထိုစတုတ္ထစျာန်သမာဓိနှင့်နီးကပ်နေသည့် ဥပစာရသမာဓိဖြင့် ဝိပဿနာရှုပါသည်။ ဝိပဿနာရှုသည့်အခါ ခဏမစဲဖြစ်ပြီးပျက်နေသည့်ရုပ်နာမ်တရားကို အာရုံစူးစိုက်၍ရှုရသည့်အတွက် ထိုသမာဓိကို ခဏိကသမာဓိဟုခေါ်ပါသည်။

ခဏိကသမာဓိသည် ခဏတစ်ဖြုတ်တည်တံ့သောသမာဓိမဟုတ်ပါ။ ယုတ်စွအဆုံးပထမစျာန်၏ဥပစာရသမာဓိရမှ စိတ်အစဉ်၌ နီဝရဏနှင့်တကွ ပရိယုဋ္ဌာနကိလေသာများကင်းစင်ပြီး စိတ္တဝိသုဒ္ဓိဖြစ်ပါသည်။ စိတ်မစင်ကြယ်လျှင် ပရမတ်တရားများကို မမြင်တွေ့နိုင်ပါ။

စိတ္တဝိသုဒ္ဓိသို့ရောက်၍ စိတ်ဖြူစင်သွားသောအခါ စိတ်အစဉ်မှ အလွန်စူးရှတောက်ပသောအလင်းရောင်ထွက်ပေါ်ပါသည်။ ဤအလင်းရောင်အကူအညီဖြင့် မျက်စိပိတ်ထားလျက်ကမိမိပတ်ဝန်းကျင်ရှိအရာဝတ္ထုများကို မြင်တွေ့နိုင်ပါသည်၊ မိမိခန္ဓာကိုယ်တွင်းရှိ အသည်း, အဆုတ်, နှလုံးစသည့်ကောဋ္ဌာသများကိုလည်း မြင်နိုင်ပါသည်၊ သူတစ်ပါးတို့၏ခန္ဓာကိုယ်ထဲ၌ရှိသည့်ကောဋ္ဌာသတို့ကိုလည်း မြင်တွေ့နိုင်ပါသည်၊ အဆင့်ဆင့်ရှုပွားသွားလျှင် ပရမတ်ရုပ်နာမ်တရားများကို မြင်လာနိုင်ပါသည်။

စိတ္တဝိသုဒ္ဓိရရန်အရေးကြီးသဖြင့် သမထကမ္မဋ္ဌာန်း ၄၀ ရှုနည်းကို စျာန်အဘိညာဉ်ရသည့်အထိ ဝိသုဒ္ဓိမဂ်တွင် ဖော်ပြထားပါသည်။ ဝိသုဒ္ဓိမဂ္ဂအလင်းပြ-ပထမတွဲ အခန်း ၃ မှ အခန်း ၈ အထိ၊ ဝိသုဒ္ဓိမဂ္ဂအလင်းပြ-ဒုတိယတွဲတွင် အခန်း ၉ မှ အခန်း ၁၃ အထိ အကျယ်တဝင့်ဖော်ပြထားပါသည်။

## ၃။ ဒိဋ္ဌိဝိသုဒ္ဓိ – အတ္တဒိဋ္ဌိမှစိတ်၏စင်ကြယ်ခြင်း

ရုပ်နာမ်တရားသာဖြစ်သည့် ခန္ဓာငါးပါးအပေါင်းအစုကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တကောင်ဟုစွဲလမ်းနေသည့် **အတ္တဒိဋ္ဌိ** (ဝါ) **သက္ကာယဒိဋ္ဌိ**ကို ဖယ်ရှားနိုင်ရန်အတွက် ပရမတ်နာမ်တရားများကိုမြင်သိအောင် ရုပ်ကမ္မဋ္ဌာန်းနှင့်နာမ်ကမ္မဋ္ဌာန်းတို့ကို ရှုရသည်။

**ရုပ်ကမ္မဋ္ဌာန်းရှုရန်အတွက်** ပထမဓာတ်ကမ္မဋ္ဌာန်းဖြင့် ဥပစာရသမာဓိရောက်အောင် ရှုရသည်။ ထို့နောက် ပထဝီ၏မာမှု, ပျော့မှုသဘော၊ အာပေါ၏ယိုစီးမှု, ဖွဲ့စည်းမှုသဘော၊ တေဇော၏ပူမှု, အေးမှုသဘော၊ ဝါယော၏ထောက်ကန်မှု, တွန်းကန်မှုသဘောတို့ကို ခြုံငုံပြီးစူးစိုက်၍ရှုသည့်အခါ ရေခဲတုံး, မှန်တုံးကဲ့သို့ အလွန်ကြည်လင်တောက်ပသည့် ပသာဒရုပ်များပါဝင်သောအတုံးအခဲကိုတွေ့လာတတ်ပါသည်။ ထိုအတုံးအခဲတွင် ဓာတ်ကြီးလေးပါးကိုဉာဏ်ဖြင့်ရှုမြင်အောင် ဆက်လက်ရှုမှတ်သည့်အခါ အရောင်အလင်းများ တဖိတ်ဖိတ်ထွက်လာတတ်၏။ ဤအလင်းအကူအညီဖြင့် ကြည်လင်တောက်ပနေသည့်အတုံးအခဲတွင်ရုပ်ကလာပ်များကိုပိုင်းခြားပေးသည့် အာကာသဓာတ်ကိုရှုမြင်လျှင် အတုံးအခဲကြီးပြိုကွဲပြီး

ရုပ်ကလာပ်များစွာတို့ လျင်မြန်စွာဖြစ်ပျက်နေကြသည်ကို မြင်ရ၏။

ဤဖြစ်ပျက်နေသည့်ရုပ်ကလာပ်များတွင် ဓာတ်ကြီးလေးပါးတို့ပါဝင်သည်ကို ၎င်းတို့၏ သဘောလက္ခဏာအသီးသီးဖြင့် ဉာဏ်ဖြင့်စူးစမ်း၍ ရှုသိနိုင်ပါသည်။ ထို့နောက် ဓာတ်ကြီး ၄ ပါးကိုမှီ၍ဖြစ်ပျက်နေကြသည့် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာရုပ်တို့ပါဝင်သည်ကိုလည်း ရှုမြင်နိုင်သည်။ ထို့နောက် ကမ္မဇရုပ်ကလာပ်များတွင် ဇီဝိတရုပ်, စက္ခုပသာဒရုပ်, ကာယပသာဒရုပ်, ဘာဝရုပ်စသည် ပါဝင်သည်, မပါဝင်သည်ကိုလည်း ဉာဏ်ဖြင့် စူးစမ်း၍ရှုနိုင်ပါသည်။

ဤသို့လျှင် ရုပ်ကလာပ်များကို ဉာဏ်နှင့်ခွဲခြမ်းစိတ်ဖြာပြီး ပါဝင်သည့်ပရမတ်ရုပ်များကို မြင်အောင်ရှုနိုင်သည်။ ပရမတ်ရုပ်တစ်ပါးစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် လည်း ပိုင်းခြား၍ရှုနိုင်သည်။ ရုပ်ကလာပ်အသီးသီးကိုဖြစ်စေသည့်အကြောင်းတရားကို ရှုမြင်သည့်အခါ ဤကား ဥတုဇအဋ္ဌကကလာပ်၊ ဤကား အာဟာရဇအဋ္ဌကကလာပ်, ဤကား စိတ္တဇအဋ္ဌကကလာပ်, ဤကား ကမ္မဇစက္ခုဒသကကလာပ်စသည်ဖြင့် ခွဲခြားသိမြင် လာပါသည်။

**နာမ်ကမ္မဋ္ဌာန်းကိုရှုရန်အတွက်** စက္ခုဒွါရဖြစ်သည့်စက္ခုပသာဒနှင့် မနောဒွါရဖြစ်သည့် ဘဝင်စိတ်တို့ကို ပြိုင်တူမြင်အောင်ရှုပြီးလျှင် ရူပါရုံ (အဆင်း)တစ်ခုက ဤဒွါရနှစ်ခုတွင် ပြိုင်တူလာတိုက်သည်ကို အာရုံယူပါ။ စက္ခုဒွါရဝီထိဖြစ်ပေါ်ပြီး ထိုဝီထိတွင် ပါဝင်သောစိတ်များ ကို ခွဲခြားသိအောင်ရှုပါ၊ ထို့နောက် စိတ်တစ်လုံးစီတွင်ပါဝင်သော စေတသိက်များကို ဉာဏ်ဖြင့်ပိုင်းပိုင်းခြားခြားသိအောင် ရှုပါ။ ဤနည်းဖြင့် ဒွါရ ၆ မျိုးလုံးတွင်ဖြစ်ပေါ်သည့် ဝီထိစိတ်များကို ရှုမြင်ပြီးလျှင် ထိုစိတ်အသီးသီးနှင့်ယှဉ်ဖြစ်သော စေတသိက်များကိုလည်း လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြား၍ရှုမြင်နိုင်ပါသည်။

ဤကား ဖားအောက်တောရရိပ်သာများတွင် ယောဂီများလက်တွေ့ရှုမြင်ကြသည့်နည်းဖြစ် ပါသည်။ ''စိတ်များက လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက်တွင် ကုဋေတစ်သိန်းကျော်ဖြစ်ပျက် နိုင်သည်၊ စိတ်စေတသိက်တွင် အကောင်အထည်လည်းမရှိသည့်အတွက် ဘယ်လိုရှုမြင်နိုင်ပါ့ မလဲ''ဟု သာမန်အတွေးဖြင့် မေးစရာရှိပါသည်။

သမ္မာသမာဓိနှင့်ယှဉ်သောစိတ်၏စွမ်းရည်သည် အံ့ဩဖွယ်ကောင်းအောင်ထက်မြက်ပါသည်။ ထို့အပြင် အဘိဓမ္မာ**သင်္ဂြိုဟ်**တွင် မနောဒွါရသည် အလွန်အစွမ်းထက်မြက်ကြောင်း၊ စိတ်စေတသိက် အာရုံတို့လည်း မနောဒွါရတွင်ထင်နိုင်ကြောင်း၊ ပစ္စုပ္ပန်အာရုံများသာမက အတိတ်အာရုံများ, အနာဂတ်အာရုံများလည်း ထင်နိုင်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် ဝီထိစိတ်များ အလွန်လျင်မြန်စွာဖြစ်ပေါ်နေသည့်အခိုက်၌ ၎င်းတို့ကို မရှုမြင်နိုင် သော်လည်း ဝီထိစိတ်များချုပ်ပြီးသည့်နောက် အတိတ်အာရုံအဖြစ် မနောဒွါရတွင် ပြန်ထင်ပေါ် လာသောအခါ ရှုမြင်နိုင်ပါသည်။ ရုပ်မြင်သံကြားတွင် ဘောလုံးပွဲကြည့်သည့်အခါ ဘောလုံး က ဂိုးထဲဝင်သွားလျှင် ဘောလုံးဝင်သွားပုံကို အနှေးပြန်ပြသကဲ့သို့ ဝီထိစိတ်အစဉ်ချုပ်ပြီး နောက် မနောဒွါရတွင်အတိတ်အာရုံအဖြစ် စိတ်စေတသိက်များပြန်ထင်လာသည့်အခါ

အနေးနည်းဖြင့် တစ်လုံးပြီးတစ်လုံးရှုမြင်နိုင်ပါသည်။ ကမ္မဋ္ဌာန်းဆရာကနည်းညွှန်ပြသဖြင့် စိတ်တစ်လုံးစီနှင့်ယှဉ်သောစေတသိက်များ ကိုလည်း ပိုင်းပိုင်းခြားခြားရှုနိုင်ပါသည်။

မိမိသန္တာန်၌ လျင်မြန်စွာဖြစ်ပျက်နေကြသော ပရမတ်ရုပ်နာမ်တရားများကို ပိုင်းပိုင်းခြားခြား ရှုမြင်ပြီးလျှင် သူတစ်ပါးတို့၏သန္တာန်၌လည်း နည်းတူရှုမြင်နိုင်အောင် ဆက်ရှုရပါသည်။ ဤသို့ရှုမြင်နိုင်သည့်ဉာဏ်ကို '**နာမရူပပရိစ္ဆေဒဉာဏ်**' ဟုခေါ်ပါသည်။

*''အနတ္တလက္ခဏာကို သန္တတိ, သမူဟစသည့် အတုံးအခဲသဘော 'ဃန' ဖုံးလွှမ်းမှုကြောင့် မသိနိုင်, မမြင်နိုင်ခြင်းဖြစ်သည်။ ဃနကိုဖြိုခွဲဖျက်ဆီးနိုင်လျှင်ကား အနတ္တလက္ခဏာသည် ဟုတ်မှန်သည့်သဘောအတိုင်း ထင်မြင်လာတော့၏။''* [၇, ၈]

ပရမတ်ရုပ်တစ်လုံးချင်း, စိတ်စေတသိက်တစ်လုံးချင်းကို ပိုင်းပိုင်းခြားခြားရှုမြင်သည့်အခါ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာသုံးပါးစလုံး ပေါ်လွင်ထင်ရှားလာပါသည်။ သို့အတွက် စိတ်အစဉ်မှာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တကောင်ဟုစွဲလမ်းသည့် အတ္တအယူ ကွယ်ပျောက်ပြီး **ဒိဋ္ဌိဝိသုဒ္ဓိ**အဆင့်သို့ မှန်ကန်စွာ ဆိုက်ရောက်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိအကြောင်းကို ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ-တတိယတွဲ အခန်း ၁၈ ၌ အကျယ်ဖော်ပြထားပါသည်။

## ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ – ယုံမှားမှုမှစိတ်၏စင်ကြယ်ခြင်း

ရုပ်နာမ်တရားများက ခဏမစဲဖြစ်ပျက်နေကြခြင်းမှာ အကြောင်းမရှိဘဲဖြစ်နေကြသလား၊ ဖန်ဆင်းရှင်တစ်ဦးက ဖန်ဆင်း၍ဖြစ်နေကြသလား၊ ဤယုံမှားမှုများကို ဖယ်ရှားနိုင်ရန် ရုပ်နာမ်တရားတို့ကို ဖြစ်စေသည့် အကြောင်းတရားများကို ရှုရပါသည်။ ရုပ်ကိုဖြစ်စေသော အကြောင်းတရားများမှာ ကံ, စိတ်, ဥတု, အာဟာရတို့ဖြစ်ကြသည်။

သမ္မာသမာဓိကိုထူထောင်ပြီးလျှင် လက်ညှိုးကိုကွေးသည့်အခါ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်ကလာပ်များ တဖွားဖွားဖြစ်ပျက်ကြသည်ကို ရှုမြင်ရပါလိမ့်မည်၊ ဤရုပ်ကလာပ်များကို ဉာဏ်ဖြင့်ခွဲခြမ်းစိတ်ဖြာသည့်အခါ ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသည့် အဝိနိဗ္ဘောဂရုပ် ၈ ပါးပါရှိသည်ကို ရှုမြင်ရသည်။ ထို့ကြောင့် ဤရုပ်ကလာပ်များကို **စိတ္တဇအဋ္ဌကကလာပ်**များဟုခေါ်၏။

ဤရုပ်ကလာပ်များ၌ပါသော တေဇောဓာတ်မှ **ဥတုဇအဋ္ဌကကလာပ်များ** ခဏမစဲဖြစ်နေသည်ကိုလည်းကောင်း၊ ဩဇာဓာတ်မှ **အာဟာရဇအဋ္ဌကကလာပ်များ** ခဏမစဲဖြစ်နေသည်ကိုလည်းကောင်း ရှုမြင်နိုင်ပါသည်။ ဤရုပ်ကလာပ်သစ်များတွင်ပါရှိကြသည့် တေဇောဓာတ်နှင့် ဩဇာတို့မှတစ်ဖန် ဥတုဇအဋ္ဌကကလာပ်များနှင့် အာဟာရဇအဋ္ဌကကလာပ်များ ခဏမစဲဖြစ်ပြီးပျက်နေကြသည်ကိုလည်း ရှုမြင်နိုင်ပါသည်။

ဤဘဝကိုဖြစ်စေသောကံကို ရှုမြင်သောအခါ ထိုကံက **ကမ္မဇရုပ်ကလာပ်များ**ကို ခဏမစဲဖြစ်စေသည်ကိုလည်း ရှုမြင်နိုင်ပါသည်။ ကမ္မဇရုပ်ကလာပ်များတွင်ပါရှိသည့် တေဇောဓာတ်နှင့်ဩဇာဓာတ်တို့မှ ဥတုဇအဋ္ဌကရုပ်ကလာပ်များနှင့်အာဟာရဇအဋ္ဌကကလာပ်များ ခဏမစဲ

*၇ အဘိ၊ ဋ္ဌ၊ ၂၊ ၄၇ ၈ ဝိသုဒ္ဓိ၊ ၂၊ ၂၇၆*

ဖြစ်ပျက်နေကြသည်ကိုလည်း ရှုမြင်နိုင်ပါသည်။

ခြောက်ဒွါရ၌ ဆိုင်ရာအာရုံများထိတိုက်သည့်အခါ **ဝီထိစိတ်များ**ဖြစ်သည်ကို ရှုမြင်ခဲ့ပြီးဖြစ်သည်။ မျက်စိတွင် အဆင်းအာရုံထိတိုက်သည့်အခါ နှလုံးသွင်းမှု – မနသိကာရရှိလျှင် စက္ခုဒွါရဝီထိစိတ်များဖြစ်ပေါ်ကြသည်။ နှစ်သက်ဖွယ်အာရုံထိတိုက်လျှင် ကုသလဝိပါက်ဖြစ်ကြသောမြင်သိစိတ်, အာရုံလက်ခံသည့်စိတ်, အာရုံစူးစမ်းသည့်စိတ်တို့ ဖြစ်ပေါ်ကြသည်၊ မနှစ်သက် ဖွယ်အာရုံထိတိုက်လျှင် အကုသလဝိပါက်ဖြစ်ကြသောမြင်သိစိတ်, အာရုံလက်ခံသည့်စိတ်, အာရုံစူးစမ်းသည့်စိတ်တို့ ဖြစ်ပေါ်ကြသည်။

အာရုံကိုမြင်ရသည့်အခါ သင်တင့်လျောက်ပတ်စွာနှလုံးသွင်းတတ်လျှင် ကုသိုလ်ဇောစိတ်များဖြစ်ပေါ်ပြီး၊ သင့်တင့်လျောက်ပတ်စွာနှလုံးမသွင်းတတ်လျှင် အကုသိုလ်ဇောစိတ်များဖြစ်ပေါ်သည်။ သောတဒွါရစသည်၌ အသံအာရုံစသည် ထိတိုက်သည့်အခါတွင်လည်း အလားတူဝီထိစိတ်များဖြစ်ပေါ်ကြပါသည်။

**သုတ္တန်**[၉]နှင့် **ဝိသုဒ္ဓိမဂ်**[၁၀] တို့တွင်ဖော်ပြထားသည့် **ယုံမှားမှု ၁၆ ပါး**ရှိချေသေး၏။ ''အတိတ်ကာလတွင် ငါဘဝဖြစ်ခဲ့ဖူးသလား၊ မဖြစ်ခဲ့ဖူးလား၊ ဘယ်လိုဘဝဖြစ်ခဲ့ရသလဲ၊ ဘယ်လိုပုံ**သဏ္ဌာန်**ဖြစ်ခဲ့ရသလဲ၊ ဘယ်လိုဘဝအဆက်ဆက်ဖြစ်ခဲ့ရသလဲ''

''အနာဂတ်မှာ ငါဘဝဖြစ်ရဦးမလား၊ မဖြစ်ရတော့ဘူးလား၊ ဘယ်လိုဘဝဖြစ်ရမလဲ၊ ဘယ်လိုပုံ**သဏ္ဌာန်**နဲ့ဖြစ်ရမလဲ၊ ဘယ်လိုဘဝအဆက်ဆက်တွေဖြစ်ရဦးမလဲ''

''ယခုပစ္စုပ္ပန်မှာ ငါဘဝဖြစ်နေဆဲလား၊ ဖြစ်နေဆဲမဟုတ်ဘူးလား၊ ဘယ်လိုဘဝဖြစ်နေသလဲ၊ ဘယ်လိုပုံ**သဏ္ဌာန်**အားဖြင့်ဖြစ်နေသလဲ၊ ဘယ်လိုအတိတ်ဘဝကနေပြီး ယခုဘဝဖြစ်လာသလဲ၊ ယခုဘဝမှသေပြီးရင် ဘယ်ဘဝကိုကူးပြောင်းရမလဲ''

ယုံမှားမှုသည် ဝိစိကိစ္ဆာစေတသိက်ဖြစ်ပြီး နီဝရဏတရားလည်းဖြစ်ပါသည်၊ ထို့ကြောင့် ဝိစိကိစ္ဆာကို ဒိဋ္ဌိနှင့်အတူ ဦးစွာဖယ်ရှားရမည်။ အထက်ပါယုံမှားမှု ၁၆ ပါးနှင့် အယူမှားမှုများကို ဖယ်ရှားရန်အတွက် **ပဋိစ္စသမုပ္ပါဒ်**အကြောင်းအကျိုးဆက်နွယ်မှုများကို ဉာဏ်ဖြင့်ထိုးထွင်း၍မြင်သိအောင် ရှုပွားရမည်။ ရှုပွားရန်လိုအပ်ကြောင်းကို **ဝိသုဒ္ဓိမဂ်**[၁၁] နှင့် **အဘိဓမ္မာအဋ္ဌကထာ**[၁၂]တို့၌ အောက်ပါအတိုင်းမိန့်ဆိုထားပါသည် –

*''သံသရာစက်ရဟတ်ဖြစ်သည့် ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှု သဘောများကို မြတ်သည့်သမာဓိကျောက်ဖျာထက်၌ မြမြထက်အောင်သွေးထားသော ဉာဏ်သန်လျက်နှင့်ထိုးထွင်း၍ ပိုင်းပိုင်းခြားခြားမရှုမြင်ဘဲနှင့် သံသရာဝဋ်ဆင်းရဲဘေးဆိုးကြီးကို လွန်မြောက်ကျော်လွှားသွားသည့်သူဟူသည်မှာ အိပ်မက်ထဲမှာပင် မရှိစကောင်းပါ။''*

မိမိသန္တာန် (အဇ္ဈတ္တ)နှင့် သူတစ်ပါးတို့၏သန္တာန် (ဗဟိဒ္ဓ)တို့၌ ရုပ်နာမ်အဖြစ်အပျက်ကို ရှုမြင်သောသူသည် ရုပ်နာမ်ဖြစ်ပျက်အစဉ်ကိုလိုက်၍ အတိတ်ဘက်သို့လည်းကောင်း၊ အနာဂတ်ဘက်သို့လည်းကောင်း ရှုသွားနိုင်ပါသည်။ ပုဗ္ဗေနိဝါသအဘိညာဉ်ကို ထူထောင်ရန်

*၉ မ၊ ၁၊ ၂၀   ၁၀ ဝိသုဒ္ဓိ၊ ၂၊ ၂၃၄   ၁၁ ဝိသုဒ္ဓိ၊ ၂၊ ၂၂၁   ၁၂ အဘိ၊ ဋ္ဌ၊ ၂၊ ၁၈၉*

ရုပ်နာမ်ဖြစ်ပျက်အစဉ်ကိုလိုက်၍ အတိတ်ဘက်သို့ ရှုသွားသကဲ့သို့တည်း။ အတိတ်ဘဝများနှင့် အတိတ်ဘဝများ၌ ဖြစ်ပျက်ကြသည့်ရုပ်နာမ်များကိုလည်း ရှုမြင်နိုင်သည်။

သို့ဖြစ်၍ ပထမအတိတ်ဘဝ၌ ယခုဘဝကိုဖြစ်စေသည့် အကြောင်းတရား ၅ ပါး (အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံ)တို့ကို ရှုမြင်သိမ်းဆည်းနိုင်သည်။ ထိုအကြောင်း ၅ ပါးကြောင့် ယခုဘဝ၌ဖြစ်နေသည့် အကျိုး ၅ ပါး (ဝိပါက်ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ)တို့ကိုလည်း ရှုမြင်သိမ်းဆည်းနိုင်သည်။ အကြောင်း ၅ ပါးကြောင့် အကျိုး ၅ ပါး တဖွားဖွားဖြစ်နေသည်ကို ဉာဏ်မြင်ကိုယ်တွေ့ရှုမြင်ရသဖြင့် နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားပါသည်။

အလားတူပင် ဒုတိယအတိတ်ဘဝနှင့် ပထမအတိတ်ဘဝ၊ တတိယအတိတ်ဘဝနှင့် ဒုတိယအတိတ်ဘဝတို့ကို အကြောင်းအကျိုးစပ်ကာ ရှုမြင်နိုင်ပါသည်။ ဖားအောက်တောရရိပ်သာများတွင် အနည်းဆုံးအတိတ်သုံးဘဝကို အကြောင်းအကျိုးစပ်ကာရှုမြင်နိုင်အောင် သင်ပြပေးပါသည်။ ထို့နောက် ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို အကြောင်းအကျိုးစပ်ကာ ရှုမြင်နိုင်ရန်လည်း သင်ပြပေးပါသည်။

အကြောင်း ၅ ပါးကြောင့် အကျိုး ၅ ပါးဖြစ်သည်ကို ကောင်းစွာထိုးထွင်း၍မြင်သိပြီးနောက် ယောဂီသည် အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်သည်စသည့် အနုလုံပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်း အကြောင်းအကျိုးစပ်ကာ ရှုရပါသည်။ မိမိရှုမြင်ခဲ့သည့် အတိတ်ဆုံးဘဝမှ အနာဂတ်ဆုံးဘဝတိုင်အောင် ရုပ်နာမ်ဖြစ်ပျက်အစဉ်အတန်းကို ဉာဏ်တွင် ကောင်းစွာရှုမြင်နေပါတော့သည်။

ထို့ကြောင့် **ယုံမှားမှု ၁၆ ပါး**ကို ဖယ်ရှားနိုင်သည့်အပြင်၊ အကြောင်းမရှိဘဲ သတ္တဝါများဖြစ်လာသည်ဟုယူဆသော **အဟေတုကဒိဋ္ဌိ**၊ အနန္တတန်ခိုးရှင်ဖန်ဆင်း၍ သတ္တဝါများဖြစ်လာသည်ယူဆသော **ဝိသမဟေတုကဒိဋ္ဌိ**၊ သေလျှင် ဘဝပြတ်သည်ဟုယူဆသော **ဉစ္ဆေဒဒိဋ္ဌိ**၊ အတ္တကောင်က မသေဘဲ တစ်ဘဝပြီးတစ်ဘဝကူးသွားသည်ဟုယူဆသော **သဿတဒိဋ္ဌိ**၊ ကံ, ကံ၏အကျိုးမရှိဟုယူဆသော **နတ္ထိကဒိဋ္ဌိ**စသည့် အယူမှားများကိုလည်း ဖယ်ရှားနိုင်၏။

ဤသို့ ရုပ်နာမ်တို့၏အကြောင်းတရားများကို ရှုမြင်သိမ်းဆည်းနိုင်သောဉာဏ်ကို ''**ပစ္စယပရိဂ္ဂဟဉာဏ်**''ဟုခေါ်၏။ စိတ်အစဉ်မှ ယုံမှားမှုကင်းစင်သွားခြင်းကို ''**ကင်္ခါဝိတရဏဝိသုဒ္ဓိ**'' ဟုခေါ်၏။ ဤအဆင့်သို့ မှန်မှန်ကန်ကန်ရောက်ရှိသော ပုဂ္ဂိုလ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို ကောင်းစွာဖယ်ရှားထားနိုင်သည့်အတွက် ''**စူဠသောတာပန်**''ဖြစ်ပြီဟု သတ်မှတ်ပါသည်။

ဤကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပဋိစ္စသမုပ္ပါဒ်အကြောင်းအရာများကို ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ-တတိယတွဲ အခန်း ၁၇ နှင့် အခန်း ၁၉ တို့တွင် အကျယ်တဝင့်ဖော်ပြထားပါသည်။

## ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ – လမ်းမှန်နှင့်လမ်းမှားတို့ကိုခွဲခြားသိမြင်၍ ဉာဏ်အမြင်စင်ကြယ်ခြင်း

ဒိဋ္ဌိဝိသုဒ္ဓိနှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်တို့တွင် ပရမတ်ရုပ်နာမ်တရားများကို အတိတ်–ပစ္စုပ္ပန်–အနာဂတ်–အဇ္ဈတ္တ–ဗဟိဒ္ဓ–အကြောင်းအကျိုးနှင့်တကွ နာမရူပပရိစ္ဆေဒဉာဏ်,

ပစ္စယပရိဂ္ဂဟဉာဏ်တို့ဖြင့် ပိုင်းပိုင်းခြားခြားရှုမြင်ခဲ့ပြီးဖြစ်၍ ယခုဤအဆင့်တွင် ရုပ်နာမ်သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတင်၍ နည်းအမျိုးမျိုးဖြင့် ဝိပဿနာရှုပါသည်။

ရုပ်တရား, နာမ်တရား, အကြောင်းတရား, အကျိုးတရားတို့ကို လက္ခဏာယာဉ်သုံးချက်တင်ကာ နည်းမျိုးစုံဖြင့် ဝိပဿနာရှုတတ်သည့်ဉာဏ်ကို **သမ္မသနဉာဏ်**ဟုခေါ်၏။

ပရမတ်ရုပ်နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့နှင့်တကွ ဖြစ်ခြင်းပျက်ခြင်းတို့ကို ထင်ထင်ရှားရှားရှုမြင်သည့်ဉာဏ်ကို **ဥဒယဗ္ဗယဉာဏ်**ဟုခေါ်၏။

ပဋိစ္စသမုပ္ပါဒ်တရား, သစ္စာလေးပါး, လက္ခဏာရေးသုံးပါးတို့သည် ယောဂီ၏အသိဉာဏ်တွင် ထင်ရှားပေါ်လွင်၍ ဥဒယဗ္ဗယာနုပဿနာအမည်ရသည့် **တရုဏဝိပဿနာဉာဏ်**အဆင့်သို့ ရောက်သောအခါ အရောင်အလင်း–သြဘာသစသည့် **ဥပက္ကိလေသ ၁၀ ပါး** ဖြစ်ပေါ်ပါသည်။

ယောဂီသည် မရဖူးသည့်အလွန်ထူးခြားသော အရောင်အလင်း, ပီတိ, သုခ, သဒ္ဓါ, သတိ, ဉာဏ်စသည်တို့ဖြစ်ပေါ်သောအခါ မဂ်ဉာဏ်ရပြီဟုထင်မှတ်၍ အရောင်အလင်းစသည်ကို သာယာနေလျှင် တဏှာ, မာန, ဒိဋ္ဌိတို့ဖြစ်ပေါ်သဖြင့် လမ်းမှားသို့ရောက်ပါသည်။ ကျမ်းဂန်ဗဟုသုတရှိသဖြင့် ထိုထူးခြားသောအရောင်အလင်းစသည်တို့သည် ဥပက္ကိလေသမှန်းသိ၍ ထိုအရောင်အလင်းစသည်ကို မသာယာဘဲ လက္ခဏာရေးသုံးပါးဖြင့် ဝိပဿနာတွင်တွင်တင်ရှုနိုင်လျှင် လမ်းမှန် သို့ ရောက်ပါသည်။ ဤသို့လမ်းမှန်နှင့်လမ်းမှားတို့ကို ခွဲခြားသိမြင်သောဉာဏ်သည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**အဆင့်သို့ ရောက်ခြင်းကိုဖော်ပြပါသည်။

ဤအကြောင်းအရာတို့ကို ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ-တတိယတွဲ အခန်း ၂၀ တွင် အကျယ်ဖော်ပြထားပါသည်။

## ၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ – မဂ်ဖိုလ်သို့ရောက်ကြောင်းဖြစ်သည့် ဉာဏ်အမြင်၏စင်ကြယ်ခြင်း

ဤအဆင့်တွင် လမ်းမှန်အတိုင်း ဝိပဿနာတွင်တွင်ရှုပွားသဖြင့် ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းနှင့်တကွ ဝိပဿနာဉာဏ် ၉ ပါးဖြစ်ပေါ်ပါသည်။

– **ဘင်္ဂါနုပဿနာဉာဏ်** – ရေပွက်ကြီးများလျင်စွာပျက်သွားသကဲ့သို့ ရုပ်နာမ်သင်္ခါရတရားများလျင်မြန်စွာပျက်နေသည်ကို ရှုမြင်သောဉာဏ်၊

– **ဘယတုပဋ္ဌာနဉာဏ်** – ရုပ်နာမ်သင်္ခါရတို့ကို ကြောက်ဖွယ်ဘေးအဖြစ် ရှုမြင်သောဉာဏ်၊

– **အာဒီနဝါနုပဿနာဉာဏ်** – ရုပ်နာမ်သင်္ခါရတို့၌ အပြစ်ကိုရှုမြင်သောဉာဏ်၊

– **နိဗ္ဗိဒါနုပဿနာဉာဏ်** – သင်္ခါရတရားတို့ကို ငြီးငွေ့ဖွယ်အဖြစ်ရှုမြင်သောဉာဏ်၊

– **မုဉ္စိတုကမျတာဉာဏ်** – သင်္ခါရအပေါင်းမှလွတ်မြောက်ခြင်းငှာ အလိုရှိသောဉာဏ်၊

– **ပဋိသင်္ခါနုပဿနာဉာဏ်** – သင်္ခါရတရားအပေါင်းမှလွတ်မြောက်ခြင်းငှာ ထိုသင်္ခါရတို့ကိုပင်လျှင် လက္ခဏာသုံးပါးတင်၍ တစ်ဖန်သိမ်းဆည်းသောဉာဏ်၊

– **သင်္ခါရုပေက္ခာဉာဏ်** – သင်္ခါရတို့၌ ကြောက်ခြင်း (ဘယ)နှင့် နှစ်သက်ခြင်း (နန္ဒီ)

တို့ကိုပယ်၍ လျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသောဉာဏ်၊

– **အနုလောမဉာဏ်** – အောက်ဝိပဿနာဉာဏ် ၈ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ် အားလည်းကောင်း၊ အထက်အရိယာမဂ်၌ပါဝင်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏ မှန်သောကိစ္စရှိသည့်အဖြစ်အားလည်းကောင်း လျော်သောဉာဏ်၊

ဤဉာဏ်အကြောင်းတို့ကို ဤစာအုပ်အခန်း ၂၁ တွင် အကျယ်ဖော်ပြထားပါသည်။

## ၇။ ဉာဏဒဿနဝိသုဒ္ဓိ – မဂ်ဉာဏ်လေးပါးဖြင့် စိတ်ကိုလုံးဝစင်ကြယ်စေခြင်း

မဂ်ဉာဏ်လေးပါးဖြင့် စိတ်လုံးဝစင်ကြယ်သွားပုံကို ဤစာအုပ်အခန်း ၂၂ တွင်အကျယ် ပြဆိုထားပါသည်။

အခန်း ၂၃ တွင် ပညာဘာဝနာ၏အကျိုးအာနိသင်များကို ဖော်ပြထားပါသည်။

## နိဗ္ဗာန်သို့သွားရာတစ်ကြောင်းတည်းသောလမ်း

*''ရဟန်းတို့ – ဤခရီးလမ်းသည် သတ္တဝါတို့၏စိတ်စင်ကြယ်ရန်၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့ကို ကျော်လွှားလွန်မြောက်ရန်၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကိုရရှိရန်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တစ်ကြောင်းတည်း သော ခရီးလမ်းဖြစ်ပေ၏၊ ယင်းခရီးလမ်းသည်ကား ဤသတိပဋ္ဌာန်တရားလေးပါး (ဝါ) မဂ္ဂင်ရှစ်ပါး (ဝါ) သီလ-သမာဓိ-ပညာကျင့်စဉ်သုံးပါးတို့ပင်တည်း။''*[၁၃]

## ဗုဒ္ဓနည်းကျတရားရှုပွားပါမှ နိဗ္ဗာန်ရောက်ရန်သေချာသည်

ပိဋကတ်ကျမ်းဂန်များနှင့် ဝိသုဒ္ဓိမဂ်ကျမ်းများတွင်ဖော်ပြထားသော မြတ်စွာဘုရား၏ ဟောကြားညွှန်ပြချက်များနှင့်အညီ သီလ–သမာဓိ–ပညာသိက္ခာသုံးပါးကျင့်စဉ်ကို အနုစိတ် တိတိကျကျရှုပွားနိုင်ရန် ''**အပြည်ပြည်ဆိုင်ရာဖားအောက်တောရရိပ်သာများ**''၌ စနစ်တကျ သင်ပြပေးနေပါသည်။ အပြည်ပြည်ဆိုင်ရာဖားအောက်တောရရိပ်သာများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပဲခူးစသည့်ပြည်တွင်းမြို့များစွာနှင့် စင်္ကာပူ၊ မလေးရှား၊ အင်ဒို နီးရှား၊ သီရိလင်္ကာ၊ ကိုးရီးယား၊ ထိုင်ဝမ်၊ တရုတ်ပြည်စသည့်နိုင်ငံများ၌ ဖွင့်လှစ်ထား ပါသဖြင့် ဤစာရှုသူအပေါင်းတို့သည် အချိန်မရွေးလာရောက်ကာ အားရကျေနပ်ဝမ်းသာ စွာ အားထုတ်နိုင်ကြပါသည်။

---

*၁၃ ဒီ၊ ၂၊ ၂၃၀။ မ၊ ၁၊ ၇၀။*

# အခန်း (၁၇)
# ပညာဘူမိနိဒ္ဒေသ
## ပညာဘူမိအကြောင်းကိုအကျယ်ပြခြင်း

### • ပညာဘူမိတရားများ

'**ပညာဘူမိ**' ဟူသည် '*ပညာ၏ဖြစ်ရာဘုံ*' ဖြစ်၏။ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စသောတရားတို့သည် ဝိပဿနာပညာ၏ဖြစ်ရာဘုံနှင့် ဖြစ်ပေါ်ကြောင်း အာရုံတရားများဖြစ်သောကြောင့် ပညာဘူမိတရားများဟု အမည်ရ၏။

ဤပညာဘူမိတရားတို့အနက် ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာတို့၏အကြောင်းကို ဝိသုဒ္ဓိမဂ္ဂအလင်းပြ – ဒုတိယတွဲ၌ အကျယ်ဖော်ပြခဲ့ပြီ။ ကျန်ရှိသောပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန်တရားတို့ကို ယခုဆက်လက်ဖော်ပြမည်ဖြစ်၏။

### • ပဋိစ္စသမုပ္ပါဒ်တရားများ

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ သတ္တဝါများသံသရာကျင်လည်နေရပုံကို အကြောင်း-အကျိုး ဆက်သွယ်မှု (၁၁) မျိုးဖြင့် ရှင်းလင်းဟောကြားထားရာတွင် '*အဝိဇ္ဇာ*' စသည့်အကြောင်း တရားတို့ကို '*ပဋိစ္စသမုပ္ပါဒ*' (ဝါ) '*ပဋိစ္စသမုပ္ပါဒ်*' ဟု သိအပ်၏။ '*ဇရာမရဏ*' စသော အကျိုးတရားတို့ကို '*ပဋိစ္စသမုပ္ပန်*' ဟု သိအပ်၏။ မြတ်စွာဘုရားဟောကြားထားသည်မှာ–

''*ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ? အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ*''

**အဓိပ္ပါယ် –**

''ရဟန်းတို့ – ပဋိစ္စသမုပ္ပါဒ်တရားဟူသည် အဘယ်နည်း? ရဟန်းတို့ –
၁ မသိမှု – အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပြုပြင်အားထုတ်မှု – သင်္ခါရတို့ဖြစ်ကြ၏။
၂ သင်္ခါရဟူသောအကြောင်းကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်၏။
၃ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏။
၄ နာမ်ရုပ်ဟူသောအကြောင်းကြောင့် အတွင်းအာယတန ၆ ပါး ဖြစ်၏။
၅ အာယတန ၆ ပါးဟူသောအကြောင်းကြောင့် အာရုံနှင့်ထိတွေ့မှု – ဖဿဖြစ်၏။

၆ ဖဿဟူသောအကြောင်းကြောင့် အကောင်းအဆိုးခံစားမှု – ဝေဒနာဖြစ်၏။
၇ ဝေဒနာဟူသောအကြောင်းကြောင့် တပ်မက်ဆာလောင်မှု – တဏှာဖြစ်၏။
၈ တဏှာဟူသောအကြောင်းကြောင့် စွဲလမ်းမှု – ဉပါဒါန်ဖြစ်၏။
၉ ဉပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်ကြောင်းကံနှင့် ၎င်း၏အကျိုး – ဘဝဖြစ်၏။
၁၀ ဖြစ်ကြောင်းကံ – ကမ္မဘဝဟူသောအကြောင်းကြောင့် ဘဝသစ်ဖြစ်မှု – ဇာတိဖြစ်၏။
၁၁ ဇာတိဟူသောအကြောင်းကြောင့် အိုခြင်းသေခြင်း – ဇရာမရဏဖြစ်၏။ စိုးရိမ်ပူဆွေးခြင်း (သောက), ငိုကြွေးခြင်း (ပရိဒေဝ), ကိုယ်ဆင်းရဲခြင်း (ဒုက္ခ), စိတ်ဆင်းရဲခြင်း (ဒေါမနဿ), စိတ်နှလုံးပြင်းစွာပူပန်ခြင်း (ဉပါယာသ) တို့လည်း ဖြစ်ကြ၏။

''ဤဆိုခဲ့ပြီးသော အဝိဇ္ဇာစသည့်အကြောင်းတို့ကြောင့်သာလျှင် ချမ်းသာခြင်းနှင့်မရောမယှက် သက်သက်သောဤဆင်းရဲအစုသည်သာလျှင် ဖြစ်ခြင်းရှိချေ၏။ ရဟန်းတို့ – ဤအဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, အာယတန ၆ ပါး, ဖဿ, ဝေဒနာ, တဏှာ, ဉပါဒါန်, ကမ္မဘဝ, ဇာတိဟူသောအကြောင်းတရားတို့သည် ပဋိစ္စသမုပ္ပါဒ်တရားများဟု ဆိုအပ်၏။

အိုခြင်းသေခြင်းစသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန္န (ဝါ) ပဋိစ္စသမုပ္ပန်တရားများဟုသိအပ်၏။

## • ပဋိစ္စသမုပ္ပန်တရားများ

ဇရာမရဏစသောအကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရားများဟုခေါ်ကြောင်း မြတ်စွာဘုရားဟောကြားထားသည်မှာ –

''*ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ? ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ။*
*ဇာတိ ဘိက္ခဝေ။ ပ။ ဘဝေါ။ ဉပါဒါနံ။ တဏှာ။ ဝေဒနာ။ ဖဿော။ သဠာယတနံ။ နာမရူပံ။ ဝိညာဏံ။ သင်္ခါရာ။ အဝိဇ္ဇာ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။ ဣမေ ဝုစ္စတိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ*''

### အဓိပ္ပါယ် –

''ရဟန်းတို့ – ပဋိစ္စသမုပ္ပန် (အကြောင်းကိုစွဲ၍တကွဖြစ်ကုန်သော) တရားတို့ဟူသည် အဘယ်သည်တို့နည်း? ရဟန်းတို့ – အိုခြင်းသေခြင်း (ဇရာမရဏ)သည်၊ မတည်မြဲ (*အနိစ္စံ*)၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သောတရားပေတည်း (*သင်္ခတံ*)၊ အကြောင်းကိုစွဲ၍ အတူတကွဖြစ်ပေါ်၏ (*ပဋိစ္စသမုပ္ပန္နံ*)၊ ကုန်ခြင်းသဘောရှိ၏ (*ခယဓမ္မံ*)၊ ပျောက်ကွယ်ခြင်းသဘောရှိ၏ (*ဝယဓမ္မံ*)၊ ပျက်ပြယ်ခြင်းသဘောရှိ၏ (*ဝိရာဂဓမ္မံ*)၊ ချုပ်ခြင်း သဘောရှိ၏ (*နိရောဓဓမ္မံ*)။

ရဟန်းတို့ . . . ဘဝသစ်ဖြစ်မှု (*ဇာတိ*) သည် . . .။ ဖြစ်ကြောင်းကံ (*ကမ္မဘဝ*) သည် . . .။ စွဲလမ်းမှု (*ဉပါဒါန်*) သည် . . .။ ဆာလောင်တပ်မက်မှု (*တဏှာ*) သည်

. . . ။ ခံစားမှု (*ဝေဒနာ*) သည် . . . ။ အာရုံနှင့်ထိတွေ့မှု (*ဖဿ*) သည် . . . ။ အာယတန ၆ ပါးသည် . . . ။ နာမ်ရုပ်သည် . . . ။ ဘဝသစ်ဝိညာဏ်သည် . . . ။ ပြုပြင်အားထုတ်မှု (*သင်္ခါရ*) တို့သည် . . . ။ မသိမှု (*အဝိဇ္ဇာ*) သည် . . . ။

''ဤအိုခြင်းသေခြင်း (*ဇရာမရဏ*)၊ ဘဝသစ်ဖြစ်မှု (*ဇာတိ*)၊ ဖြစ်ကြောင်းကံ (*ဘဝ*)၊ စွဲလမ်းမှု (*ဥပါဒါန်*)၊ ဆာလောင်တပ်မက်မှု (*တဏှာ*)၊ ခံစားမှု (*ဝေဒနာ*)၊ ထိတွေ့မှု (*ဖဿ*)၊ အာယတန ၆ ပါး၊ နာမ်ရုပ်၊ ဝိညာဏ်၊ သင်္ခါရ၊ အဝိဇ္ဇာဟူသော အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရားတို့ဟူ၍ ဆိုအပ်ကုန်၏။

## • ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန်ဟူ၍ သိအပ်ကြောင်းစကားတော်

အဝိဇ္ဇာစသောအကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်တရား၊ ဇရာမရဏစသည့်အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပန်တရားဟူ၍ အဘယ်အကြောင်းကြောင့်သိအပ်သနည်းဟူမူ အောက်ပါ မြတ်စွာဘုရား၏စကားတော်ဖြင့် သိအပ်၏။

''ရဟန်းတို့ – ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်နည်း? ရဟန်းတို့– ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏသည်ဖြစ်၏။ ဤသို့ဖြစ်ရာ၌ အကြောင်းတရား၏တည်သည်၏ အဖြစ်၊ အကြောင်းတရား၏ကိန်းသေမြဲသည်၏အဖြစ်၊ ဤဇရာမရဏ၏အကြောင်းအဖြစ် ဟူသော ထိုဓာတ်သဘောသည် မြတ်စွာဘုရားတို့ ပွင့်ထွန်းတော်မူသည်ဖြစ်စေ, မပွင့်ထွန်းလျှင်ဖြစ်စေ တည်ရှိနေသည်သာလျှင်တည်း။

''ထိုဓာတ်သဘောကို မြတ်စွာဘုရားသည် မျက်မှောက်ထင်ထင် သိမြင်တော်မူ၏၊ မျက်မှောက်ထင်ထင် တွေ့မြင်တော်မူ၏၊ မျက်မှောက်ထင်ထင် သိမြင်, တွေ့မြင်တော်မူပြီး၍ ပြောကြားတော်မူ၏၊ ဟောတော်မူ၏၊ အများအားဖြင့်သိစေတော်မူ၏၊ သတ္တဝါတို့၏ ဉာဏ်၌တည်စေတော်မူ၏၊ ဖွင့်တော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်သည်ကိုပြုတော်မူ၏။ ရဟန်းတို့ – ဘဝသစ်ဖြစ်ခြင်း (*ဇာတိ*) ကြောင့် ဇရာမရဏဖြစ်ပုံကို ရှုကြကုန်လော့'' – ဟူ၍လည်း မိန့်တော်မူ၏။

''ရဟန်းတို့ – ဖြစ်ကြောင်းကံ (*ကမ္မဘဝ*) ကြောင့် ဘဝသစ်ဖြစ်ခြင်း (*ဇာတိ*) သည် ဖြစ်၏။ . . . ၊ ရဟန်းတို့ – မသိမှုဟူသော အဝိဇ္ဇာကြောင့် ပြုပြင်အားထုတ်မှုဟူသော သင်္ခါရတို့ ဖြစ်ကြကုန်၏၊ ဤသို့ဖြစ်ရာ၌ အကြောင်းတရား၏တည်သည်၏အဖြစ်၊ . . . (ပ) . . . ပေါ်လွင်သည်ကို ပြုတော်မူ၏။ ရဟန်းတို့ – အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြပုံကို ရှုကြကုန်လော့''ဟူ၍လည်း မိန့်တော်မူ၏။

''ရဟန်းတို့ – ဤသို့လျှင် ထိုဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်သည့် အစရှိသောအရာတို့၌ မှန်ကန်သောသဘော (*တထတာ*)၊ မချွတ်ယွင်းသောသဘော (*အဝိတထတာ*)၊ တစ်ပါးသောအကြောင်းကြောင့် မဖြစ်သည့်သဘော (*အနညထတာ*)၊ ဤဇရာမရဏစသည်တို့၏ အကြောင်းအပေါင်းသဘော (*ဣဒပ္ပစ္စယတာ*) ကို ပဋိစ္စသမုပ္ပါဒ် ဟု ဆိုအပ်၏။''

- **ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်**

ပဋိစ္စသမုပ္ပါဒ်သည် (၁) ဇရာမရဏစသောအကျိုးတို့ကိုဖြစ်စေသည့်အကြောင်းတရားအဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိ၏၊

(၂) သံသရာဝဋ်ဆင်းရဲ၏မပြတ်မစဲဖြစ်ခြင်းဟူသော ပဝတ္တိဒုက္ခသို့ အစဉ်လိုက်စေခြင်းကိစ္စ (ရသ) ရှိ၏။

(၃) စက်ဆုပ်ဖွယ်သောသံသရာခရီး (ဝါ) လမ်းမှားဟူ၍ ဉာဏ်အားရှေးရှုထင်ခြင်း – ပစ္စုပဋ္ဌာန်ရှိ၏။

- **ပဋိစ္စသမုပ္ပါဒ်ကို 'မှန်ကန်သောသဘော' စသည်ဆိုအပ်ပုံ**

၁ ပဋိစ္စသမုပ္ပါဒ်ကို မယုတ်မလွန်သည်သာလျှင်ဖြစ်ကုန်သော ထိုထိုဆိုင်ရာအကြောင်းတို့ကြောင့် ထိုထိုဆိုင်ရာအကျိုးတရားတို့ဖြစ်သင့်သည့်အတိုင်းဖြစ်သောကြောင့် '*မဖောက်မပြန်မှန်ကန်သောသဘော*' (*တထတာ*) ဟုဆိုအပ်၏။

၂ အကြောင်းတရားတို့ညီညွတ်ကြလျှင် ထိုအကြောင်းတရားတို့ကြောင့်ဖြစ်သင့်သောအကျိုးတရားများသည် တစ်ခဏမျှသော်လည်း မဖြစ်ဘဲမရှိသောကြောင့် '*မချွတ်ယွင်းသည့်သဘော*' (*အဝိတထတာ*) ဟုဆိုအပ်၏။

၃ အကြောင်းတစ်ခြား, အကျိုးတစ်ခြားမဖြစ်သောသဘော (*အနညထတာ*) ဟုလည်းဆိုအပ်၏။

၄ ဇရာမရဏစသောအကျိုးတရားတို့၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ အကြောင်းအပေါင်းဖြစ်သောကြောင့်လည်းကောင်း၊ '*ဣဒပ္ပစ္စယတာ*' ဟုလည်းဟောတော်မူ၏။

- **ပဋိစ္စသမုပ္ပါဒ်နှင့်ဆိုင်သောကေစိဝါဒ**

ကေစိဆရာတို့သည် ''အကြောင်းကိုစွဲ၍မှန်စွာဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်မည်၏'' ဟူ၍ ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟု ဆိုကြ၏။ ဤအဆိုသည်မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော်–

၁ ကိုးကားဖွယ်ရာ သုတ်ပါဠိအထောက်အထားမရှိခြင်း၊

၂ ပဒေသဝိဟာရသုတ်, ကစ္စာနသုတ်တို့နှင့်ဆန့်ကျင်ခြင်း၊

၃ နက်နဲမှုနှင့်နည်းတို့၏မဖြစ်သင့်ခြင်း၊

၄ သဒ္ဒါစည်းကမ်းနှင့်မညီခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၁ ''ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်မည်၏'' ဟု ပြဆိုသော သုတ်ပါဠိအထောက်အထားမရှိချေ။**

**၂(က) ပဒေသဝိဟာရသုတ်နှင့်ဆန့်ကျင်ပုံ**

ပဒေသဝိဟာရသုတ်၌ မြတ်စွာဘုရားဟောကြားထားသည်မှာ –

''*အထခေါ် ဘဂဝါ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ*
*အနုလောမပဋိလောမံ မနသိကာသိ*''

''ဘုရားဖြစ်ပြီး၍ လက်မွန်အစ ပဌမယာမ်ကာလ၌ ပဋိစ္စသမုပ္ပါဒ်ကို

အနုလုံ, ပဋိလုံ အပြန်အလှန်နှလုံးသွင်း၍နေတော်မူ၏''

မြတ်စွာဘုရား၏ 'ပဒေသဝိဟာရ = တစ်စိတ်တစ်ဒေသနှလုံးသွင်းနေခြင်း' ဆိုသည်မှာ အဝိဇ္ဇာစသောအကြောင်းတို့ကြောင့် သင်္ခါရစသောအကျိုးတရားတို့ဖြစ်သည်ကိုလည်းကောင်း၊ အဝိဇ္ဇာစသည့်အကြောင်းတရားတို့ချုပ်လျှင် သင်္ခါရစသည့်အကျိုးတရားတို့ချုပ်ခြင်းကိုလည်း ကောင်း၊ အပြန်အလှန်နှလုံးသွင်းတော်မူ၏။ ကေစိဝါဒအရ ဖြစ်ခြင်းကိုမျှ နှလုံးသွင်းနေခြင်း မဟုတ်ပေ။ ထိုကြောင့် ကေစိဝါဒသည် ပဒေသဝိဟာရသုတ်နှင့်ဆန့်ကျင်၏။

## ၂(ခ) ကစ္စာနသုတ်နှင့်ဆန့်ကျင်ပုံ

''အိုကစ္စာန – လောက၏ဖြစ်ကြောင်းတရားဖြစ်သော အဝိဇ္ဇာစသည့်အကြောင်းတရား အပေါင်းကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာဖြင့် ကောင်းစွာရှုမြင်တတ်သောသူအား သေပြီးလျှင်မရှိတော့ဟု အယူမှားသည့် ဥစ္ဆေဒဒိဋ္ဌိသည် မဖြစ်တော့ပေ''

ဤသို့လျှင် **ကစ္စာနသုတ်၌ ပဋိစ္စသမုပ္ပါဒ်၏အနုလုံဖြစ်စဉ်ကို ''လောကသမုဒယ = လောက၏ဖြစ်ကြောင်းတရား'' ဟူ၍ ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ဖြုတ်ခြင်း၌သာ ဟောကြား တော်မူ၏။** ဖြစ်ခြင်းမျှကိုဟောပြခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ပယ်နုတ်ခြင်းမဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အကြောင်းတရားတို့၏မပြတ်မစဲရှိလတ်သော် အကျိုးတရားတို့၏ မပြတ်မစဲရှိခြင်းကြောင့် အကြောင်းတို့၏မပြတ်စဲခြင်းကို ပြခြင်းဖြင့်သာလျှင် ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ ပယ်နုတ်ခြင်းဖြစ်ပေ၏။

သို့အတွက် ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟုဆိုသော ကေစိဝါဒသည် ကစ္စာနသုတ်နှင့်လည်း ဆန့်ကျင်၏။

## ၃ နက်နဲမှုနှင့်နည်းတို့၏မဖြစ်သင့်ပုံ

''အိုအာနန္ဒာ – ပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်နဲ၏၊ နက်နဲယောင်လည်းရှိ၏၊''ဟု မြတ်စွာဘုရားမိန့်ကြားတော်မူ၏။

နက်နဲခြင်းလေးပါးဟူသော *ဂမ္ဘီရစတုက္က*သည် 'ပဋိစ္စသမုပ္ပါဒ်သည် ဖြစ်ခြင်းမျှသာ'ဟု ဆိုသော ကေစိဝါဒ၌မရှိချေ။ ထို့အပြင် ပဋိစ္စသမုပ္ပါဒ်ကို နည်းလေးပါးတို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်၍ ဟောကြားတော်မူသော '*နယစတုက္က* = နည်းလေးပါး' သည်လည်း 'ဖြစ် ခြင်းမျှသာ' ဟုဆိုသော ကေစိဝါဒ၌ မရှိချေ။ ဤသို့ ဂမ္ဘီရစတုက္က, နယစတုက္ကတို့၏ မဖြစ်သင့်သောကြောင့် ဖြစ်ခြင်းမျှသည် ပဋိစ္စသမုပ္ပါဒ်မမည်ချေ။

## ၄ သဒ္ဒါစည်းကမ်းနှင့်မကိုက်ညီပုံ

''*စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ*'' = ''မျက်စိနှင့်အဆင်းကိုစွဲမှီ၍ မြင်သိ စိတ်ဖြစ်ပေါ်၏'' ဟူရာ၌ 'ပဋိစ္စ = စွဲမှီ၍' ကြိယာနှင့် 'ဥပ္ပဇ္ဇတိ = ဖြစ်ပေါ်၏' ကြိယာ တို့သည် 'စက္ခုဝိညာဏံ = မြင်သိစိတ်' ဟူသော ကတ္တားတစ်ခုတည်းသာရှိကြသဖြင့် ကတ္တားတူကြ၏။ ထို့ကြောင့် 'ပဋိစ္စသဒ္ဒါသည် ဝါကျ၏ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို သိ နားလည်စေခြင်းဟူသောအကျိုးကို ဖြစ်စေ၏။

ကေစိဝါဒ၌ကား 'ဥပ္ပါဒ = ဖြစ်ခြင်း' သည် ကတ္တားပုဒ်မဟုတ်ဘဲ ဘာဝသာဓနပုဒ်

ဖြစ်နေ၏။ 'ပဋိစ္စ' သဒ္ဒါသည် 'ဥပ္ပါဒ' သဒ္ဒါနှင့်တူသော ကတ္တားမရှိခြင်းကြောင့် သဒ္ဒါနည်းပျက်၏။ တစ်စုံတစ်ခုသောအကျိုးကိုလည်း မဖြစ်စေပါ။ ဤသို့ သဒ္ဒါနည်းပျက်ခြင်းကြောင့် 'ဖြစ်ခြင်းမျှ'သည် ပဋိစ္စသမုပ္ပါဒ် မမည်ချေ။

**• ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာစသည်တို့၏ဖြစ်ပုံအခြင်းအရာအထူးဟုအထင်မှားပုံ**

အချို့သူတို့သည် အဝိဇ္ဇာစသည်တို့၏ဖြစ်ပုံအခြင်းအရာအထူး၌ ''ပဋိစ္စသမုပ္ပါဒ်''ဟူသော အမည်ဖြစ်သည်ဟု ထင်မှတ်ကြ၏။ ဤထင်မှတ်ခြင်းသည် မသင့်ပါ။ အကြောင်းကား မြတ်စွာဘုရားသည် အဝိဇ္ဇာစသည်တို့၏အကြောင်းအဖြစ်ကို ဟောတော်မူသောကြောင့်ပေတည်း။ ဟောပုံမှာ –

**''အာနန္ဒာ – ဘဝသစ်ဖြစ်ခြင်း '*ဇာတိ*' မရှိလျှင်အိုခြင်းသေခြင်း '*ဇရာမရဏ*' မရှိနိုင်။ ထို့ကြောင့် ဇာတိသည်သာလျှင် ဇရာမရဏ၏မူလအကြောင်း '*ဟေတု*' တည်း၊ ထိုဇာတိသည်သာလျှင် ဇရာမရဏ၏အပ်နှင်းသောအကြောင်း '*နိဒါန*' တည်း၊ ထိုဇာတိသည်သာလျှင် ဇရာမရဏ၏ဖြစ်ပေါ်ကြောင်း '*သမုဒယ*' တည်း၊ ဇာတိဟူသော ဤသဘောသည်သာလျှင် ဇရာမရဏ၏အထောက်အပံ့အကြောင်း '*ပစ္စယ*' တည်း။ ပ ။ မသိမှု '*အဝိဇ္ဇာ*' သည်သာလျှင် ပြုပြင်အားထုတ်မှု '*သင်္ခါရ*' တို့၏မူလအကြောင်း '*ဟေတု*' တည်း၊ ထိုအဝိဇ္ဇာသည်သာလျှင် သင်္ခါရတို့၏အပ်နှင်းသောအကြောင်း '*နိဒါန*' တည်း၊ ထိုအဝိဇ္ဇာသည်သာလျှင် သင်္ခါရတို့၏ဖြစ်ပေါ်ကြောင်း '*သမုဒယ*' တည်း၊ အဝိဇ္ဇာဟူသော ဤသဘောသည်သာလျှင် သင်္ခါရတို့၏အထောက်အပံ့အကြောင်း '*ပစ္စယ*' တည်း'' ဟူ၍ ဟောတော်မူ၏။**

ထို့ကြောင့် အဝိဇ္ဇာစသည်တို့၏ဖြစ်ပုံအခြင်းအရာအထူး (*ဝိကာရ*) ကို ပဋိစ္စသမုပ္ပါဒ်ဟု ဟောတော်မမူချေ။ ထို့အတွက် အကြောင်းတရားတို့ကို ပဋိစ္စသမုပ္ပါဒ်ဟူ၍ဟောကြားသော စကားသည် မှန်ကန်သောစကားဖြစ်ပေ၏။

**• ပဋိစ္စသမုပ္ပါဒ်၏ဝစနတ္ထများ (အနက်အဖွင့်များ)**

'*ပဋိစ္စသမုပ္ပါဒ်*' သည် '*ဖြစ်ခြင်းမျှ*' ဖြစ်သည်ဟူသော ကေစိဝါဒ၏အယူမှားကို ဖယ်ရှားရန်အတွက် အောက်ပါပဋိစ္စသမုပ္ပါဒ်ဟုအမည်တွင်ပုံနည်းသုံးမျိုးကို သိအပ်၏။

**၁ ပဋိစ္စသမုပ္ပါဒ်မည်ပုံ ပထမနည်း**

အဝိဇ္ဇာစသည့်အကြောင်းတရားအပေါင်းကြောင့်ဖြစ်သော သင်္ခါရစသည့်အကျိုးတရားအပေါင်းကို ပညာရှိတို့သည် မျက်မှောက်တိုက်ရိုက်သိခြင်းငှာ ထိုက်တန်၏။ အကြောင်းမှာ လောကုတ္တရာအစီးအပွားအလို့ငှာဖြစ်သောကြောင့်တည်း။ သို့အတွက် ထိုအကျိုးတရားအပေါင်းသည် ပညာရှိတို့ မျက်မှောက်တိုက်ရိုက်သိမြင်ခြင်းငှာ ထိုက်တန်သောကြောင့် '*ပဋိစ္စသမုပ္ပါဒ်*' မည်၏။

ထိုသင်္ခါရစသောအကျိုးတရားအပေါင်းတို့ဖြစ်ရာ၌ အကြောင်းတရားတို့နှင့်အတူတကွ ဖြစ်၏။ တစ်ခုချင်းမဖြစ်၊ မှန်ကန်စွာလည်းဖြစ်၏။ အကြောင်းမရှိဘဲမဖြစ်၊ မဆိုင်သောအကြောင်းကြောင့်လည်းမဖြစ်၊ ဤအကြောင်းကြောင့်လည်း ထိုအကျိုးတရားတို့သည် '*ပဋိစ္စသမုပ္ပါဒ်*' မည်၏။

တစ်နည်းသော်ကား အတူတကွဖြစ်တတ်သောကြောင့်လည်းကောင်း၊ အကြောင်းတရားတို့၏ညီညွတ်ခြင်းကိုစွဲ၍ မစွန့်မူ၍သာလျှင်ဖြစ်တတ်သောကြောင့်လည်းကောင်း '*ပဋိစ္စသမုပ္ပါဒ်*' မည်ပြန်၏။

ဆက်၍ဆိုဦးအံ့၊ အဝိဇ္ဇာစသောအကြောင်းအပေါင်းသည် ပဋိစ္စသမုပ္ပါဒ်မည်သော သင်္ခါရစသည့်အကျိုးအပေါင်း၏အကြောင်းဖြစ်ပေ၏။ ထိုအဝိဇ္ဇာစသည့်အကြောင်းတရားတို့ကိုလည်း အကျိုးကိုအကြောင်း၌တင်စား၍ ဖလူပစာရနည်းအားဖြင့် '*ပဋိစ္စသမုပ္ပါဒ်*' ဟုခေါ်၏။

လောက၌ တင်လဲကြောင့် သလိပ်ဖြစ်ပေါ်ရာ သလိပ်၏အကြောင်းဖြစ်သောတင်လဲကိုလည်း ''**တင်လဲသည် သလိပ်ပဲ**'' ဟုဆိုသကဲ့သို့တည်း။ တစ်နည်းအားဖြင့် ''***သုခေါ ဗုဒ္ဓါ နံ ဥပ္ပါဒေါ***'**=''မြတ်စွာဘုရားတို့၏ပွင့်တော်မူခြင်းသည် ချမ်းသာ၏**''ဟူသော စကား၌ 'မြတ်စွာဘုရားတို့၏ပွင့်တော်မူခြင်း'သည် အကြောင်းတရားဖြစ်၏။ 'ချမ်းသာခြင်း' သည် အကျိုးတရားဖြစ်၏။ 'သုခ = ချမ်းသာခြင်း' ဟူသောအမည်ကို အကြောင်း၌ ဖလူပစာရ နည်း (အကျိုးကို အကြောင်း၌တင်စားသောနည်း) အားဖြင့်တင်စား၍ ''*သုခေါ ဗုဒ္ဓါနံ ဥပ္ပါဒေါ*''ဟု ဟောကြားတော်မူ၏။

## ၂ ပဋိစ္စသမုပ္ပါဒ်မည်ပုံဒုတိယနည်း

အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် မိမိတို့နှင့်ဆိုင်ရာအကျိုးတရားအပေါင်းကို ပြီးစေတတ်သောသဘော, ချို့တဲ့ဆုတ်ယုတ်ခြင်းမရှိသောသဘောတို့ဖြင့် ရှေးရှုပေါင်းဆုံ၍ ဆိုက်ရောက်လာကြသောကြောင့် '*ပဋိစ္စ*' မည်၏။

တစ်ဖန် ထိုအကြောင်းတရားတို့သည် အကျိုးတရားအပေါင်းကိုဖြစ်စေရာ၌ တစ်သီးတစ်ခြားစီမဟုတ်ဘဲ အတူတကွတစ်ပေါင်းတည်းသာ ဖြစ်စေတတ်၏။ ထို့ကြောင့် ထိုအကြောင်းတရားတို့သည် 'သမုပ္ပါဒ်' မည်၏။ ဤဖော်ပြပါအကြောင်းနှစ်ပါးတို့ကြောင့် အဝိဇ္ဇာစသော အကြောင်းတရားအပေါင်းသည် '*ပဋိစ္စသမုပ္ပါဒ်*' မည်၏။

## ၃ ပဋိစ္စသမုပ္ပါဒ်မည်ပုံတတိယနည်း

အဝိဇ္ဇာစသောအကြောင်းတရားအပေါင်းသည် '*ပဋိစ္စ*' – အချင်းချင်းကိုစွဲမှီ၍သာလျှင် '*သမုပ္ပါဒ*' –သင်္ခါရစသည့်အကျိုးတရားအပေါင်းကို အညီအညွတ်လည်းကောင်း၊ အတူတကွတစ်ပြိုင်နက်လည်းကောင်း၊ ဖြစ်စေတတ်ကြ၏။ ဤအကြောင်းကြောင့် ထိုအကြောင်းတရားအပေါင်းသည် '*ပဋိစ္စသမုပ္ပါဒ်*' မည်ပေ၏။

ဤတတိယနည်းအရ အကြောင်းတရားအပေါင်းသည် မုချအားဖြင့် '*ပဋိစ္စသမုပ္ပါဒ်*' မည်၏။ အကျိုးတရားအပေါင်းသည်လည်း မကင်းစကောင်းသော အဝိနာဘာဝနည်းအားဖြင့် '*ပဋိစ္စသမုပ္ပါဒ်*' မည်၏။ တစ်နည်းအားဖြင့် အကြောင်းတရားတို့၏ '*ပဋိစ္စသမုပ္ပါဒ်*' ဟူသောအမည်ကို အကျိုးတရားတို့၌တင်စား၍ အကျိုးတရားတို့ကိုလည်း '*ပဋိစ္စသမုပ္ပါဒ်*' ဟူ၍ ကာရဏူပစာရအားဖြင့်ခေါ်ပါသည်။

### (က) 'ပဋိစ္စ'ဟူသောရှေ့ပုဒ်၏အကျိုးအာနိသင်

**အကြောင်းတရားတို့၏ 'ညီညွတ်ခြင်း' ကိုပြသော 'ပဋိစ္စ' ပုဒ်ဖြင့် အကြောင်းတရား**

**တို့ ညီညွတ်ခြင်းကြောင့် ဝဋ်သုံးပါးတရားတို့ မပြတ်လည်ပတ်နေခြင်းကိုဖော်ပြ၏။ ဤသို့ အကြောင်းညီညွတ်ခြင်းနှင့်စပ်သည့် ဖြစ်ခြင်းရှိသောကြောင့် သဿတဝါဒ, အဟေတုကဝါဒ, ဝိသမဟေတုကဝါဒ, ဝသဝတ္တိဝါဒစသည်တို့၏မရှိခြင်းကို ပြတော်မူ၏။**

**သဿတဝါဒ**သည် သတ္တဝါသေ၍ ခန္ဓာကိုယ်ပျက်စီးသော်လည်း 'အတ္တ'သည် မပျက်စီးဘဲ တစ်နေရာ၌တည်မြဲလျက်ရှိသည်ဟု ယူဆသောဝါဒဖြစ်၏။

**အဟေတုဝါဒ**သည် ချမ်းသာခြင်း, ဆင်းရဲခြင်းတို့က အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်လာသည်ဟု ယူဆသောဝါဒဖြစ်၏။

**ဝိသမဟေတုဝါဒ**သည် မညီညွတ်သောအကြောင်း, မှားယွင်းသောအကြောင်းဖြင့် အကျိုး ဖြစ်လာသည်ဟု ယူဆသောဝါဒဖြစ်၏။

**ဝသဝတ္တိဝါဒ**သည် ဣဿရ, ပုရိသ, ပဇာပတိစသည့် ဖန်ဆင်းရှင်ဘုရားသခင်က ဖန်ဆင်း၍ဖြစ်လာသည်ဟု ယူဆသောဝါဒဖြစ်၏။

**(ခ) 'သမုပ္ပါဒ'ဟူသောနောက်ပုဒ်၏အကျိုးအာနိသင်**

**သခ်ီရစသည့်အကျိုးတရားတို့၏ဖြစ်ပေါ်ခြင်းကိုပြသော 'သမုပ္ပါဒ'ပုဒ်ဖြင့် အကြောင်းတရားတို့၏ညီညွတ်ခြင်းရှိလတ်သော် အကျိုးတရားတို့၏ဖြစ်လာခြင်းကို ဖော်ပြ၏။ ဤသို့ အဝိဇ္ဇာစသည့်အကြောင်းတို့၏ညီညွတ်ခြင်းရှိလတ်သော် သခ်ီရစသည့်အကျိုးတရားတို့၏ ဖြစ်ခြင်းရှိသောကြောင့် ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ, အကိရိယဝါဒတို့ကို ဖျက်ဆီးပယ်ဖျောက် အပ်၏။**

**ဥစ္ဆေဒဝါဒ**သည် သတ္တဝါသေသောအခါ သတ္တဝါသည် လုံးဝမရှိတော့ဘဲ ပြတ်စဲသွားသည်ဟု ယူဆသောဝါဒဖြစ်၏။

**နတ္ထိကဝါဒ**သည် ကုသိုလ်ကံ, အကုသိုလ်ကံတို့၏အကျိုးမရှိဟု ယူဆပြောဆိုသောဝါဒ ဖြစ်၏။

**အကိရိယဝါဒ**သည် သတ်ခြင်း, ခိုး, တိုက်, လုယက်ခြင်းစသည်ကိုပြုသော်လည်း အကုသိုလ်ကံမဖြစ်၊ ပေးလှူခြင်း, သီလစောင့်ခြင်းစသည်ကိုပြုသော်လည်း ကုသိုလ်ကံ မဖြစ်ဟု ယူဆပြောဆိုသောဝါဒဖြစ်၏။

**(ဂ)'ပဋိစ္စသမုပ္ပါဒ'ဟူသောနှစ်ပုဒ်အပေါင်း၏အကျိုးအာနိသင်**

**'ပဋိစ္စသမုပ္ပါဒ'ဟူသောသဒ္ဒါဖြင့် ထိုထိုအကြောင်းတရားတို့၏ညီညွတ်ခြင်းရှိလတ်သော် အကြောင်းအကျိုးအစဉ်တို့မပြတ်စေမူ၍ ထိုထိုအကျိုးတရားတို့၏ဖြစ်ခြင်းကိုပြ၏။ ဤသို့ပြခြင်းဖြင့် –**

**(၁) မဇ္ဈိမပဋိပဒါဟူသော အလယ်လမ်းကျင့်စဉ်ကို ဖော်ပြ၏။**

**(၂) ခံစားရမည့်သူပင် ပြု၏၊ ထိုပြုသူပင် ခံစား၏ဟူသောဝါဒကို ပယ်၏။**

**(၃) ပဋိစ္စသမုပ္ပါဒ်ကိုသိသူသည် ရုပ်နာမ်အစဉ်မျှသာရှိသည်ကိုသိသောကြောင့် မိန်းမ, ယောကျ်ားစသောအရပ်သုံးစကား၌ မြဲမြဲစွဲနှလုံးမသွင်းတော့ချေ။**

**(၄) လောကသုံးအမည်ပညတ်ကိုလည်း မကျော်လွန် မပယ်မြစ်ချေ။**

ဤသို့လျှင် သိသင့်သိထိုက်သော အကျင့်လမ်းမှန်ကို ဖော်ပြ၏။

- **ပဋိစ္စသမုပ္ပါဒ်၏အနက်အဖွင့်ခဲယဉ်းပုံ**

**(၁) သစ္စာလေးပါး (၂) သတ္တဝါ၊ (၃) ပဋိသန္ဓေ၊ (၄) ပဋိစ္စသမုပ္ပါဒ်၊ ဤတရားလေးပါးတို့ကိုမြင်နိုင်ခဲ၏၊ ဟောကြားရန်လည်း အလွန်တရာခဲယဉ်း၏ဟု ရှေးဘုရားတို့ဆိုခဲ့ကြ၏။ ''သစ်ခက်၊ သတ်ခက်၊ ပဋိခက်၊ ပစ်ခက်တစ်ခြား၊ ခက်လေးပါး''ဟူ၍ ဆိုစမှတ်ပြုကြ၏။**

**ပရိယတ္တိပါဠိတော်ဟူသောအာဂမနှင့် မဂ်ဖိုလ်ဟူသောအဓိဂမသို့ ရောက်ပြီးသော ပုဂ္ဂိုလ်တို့သာလျှင် ပဋိစ္စသမုပ္ပါဒ်၏အနက်အဖွင့်ကိုပြုနိုင်ကြ၏။ အခြားသူတို့ မပြုနိုင်ချေ။**

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် (၁) အထူးထူးသောနည်းတို့ဖြင့်တန်ဆာဆင်၍ ဟောကြားထားသည့်ပါဠိတော်ဟူသည့် သာသနာတော်နှင့် (၂) ပဋိစ္စသမုပ္ပါဒ်၏အဖွင့် အဋ္ဌကထာဟူသော ရှေးဆရာတို့၏ပို့ချစဉ်စကားတို့ကို ကောင်းစွာမှီ၍ ပဋိစ္စသမုပ္ပါဒ်၏ အနက်ကိုဖွင့်ဆို၏။

**ပဋိစ္စသမုပ္ပါဒ်ကို စီးပွားရှာသူကဲ့သို့ အရိုအသေပြု၍ အရိုးစွဲအောင် မြဲမြံအောင် လေ့လာနာယူအပ်၏။ ထိုသို့နာယူမှတ်သားသူသည်**

**(၁) လေ့လာနာယူရန် အားထုတ်သည်မှစ၍ ခဏတိုင်းခဏတိုင်း မဖြစ်ဖူးသေးသော သုတမယ, စိန္တာမယ, ဘာဝနာမယဉာဏ်ထူးတို့ကို ရရှိခြင်း၊**

**(၂) ကိလေသာတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်သည့်တရားထူးကို ရရှိခြင်း၊**

**(၃) သေမင်းမမြင်ရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ရောက်ခြင်းအကျိုးတို့ကို ရရှိနိုင်ပါသည်။**

- **ပဋိစ္စသမုပ္ပါဒ်ကိုဟောကြားတော်မူသော ဒေသနာ (၄) မျိုး**

နွယ်ကိုဆောင်ယူကြသော ယောကျ်ားလေးဦးတို့၏နွယ်ကိုယူခြင်းကဲ့သို့

(၁) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အစမှအဆုံးတိုင်အောင် အနုလုံနည်း၊

(၂) အလယ်မှစ၍ အဆုံးတိုင်အောင် အနုလုံနည်း၊

(၃) အဆုံးမှစ၍ အစတိုင်အောင် ပဋိလုံနည်း၊

(၄) အလယ်မှစ၍ အစတိုင်အောင် ပဋိလုံနည်းဟူ၍ နည်း ၄ မျိုးဖြင့် ဟောကြားတော်မူ၏။

### (၁) အစမှအဆုံးတိုင်အောင် ဟောကြားသောအနုလုံနည်း

ပထမယောကျ်ားသည် နွယ်၏အရင်းအမြစ်ကို ရှေးဦးစွာမြင်သဖြင့် ထိုနွယ်ကို အရင်း၌ ဖြတ်၍ နွယ်အားလုံးကို ဆွဲငင်ယူပြီးလျှင် အမှုကိစ္စ၌အသုံးပြုသကဲ့သို့ မြတ်စွာဘုရားသည် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပြုပြင်အားထုတ်မှုဟူသည့် သင်္ခါရတို့ဖြစ်ကြ၏။ ပ ။ ဇာတိပစ္စယာ ဇရာမရဏံ=ဘဝသစ်ဖြစ်မှု–ဇာတိကြောင့် အိုခြင်း သေခြင်း – ဇရာမရဏတို့ ဖြစ်ကြ၏'' ဟူ၍ ပဋိစ္စသမုပ္ပါဒ်ကို အစမှအဆုံးတိုင်အောင် ဟောကြားတော်မူ၏။

**အဘယ့်ကြောင့် ဤသို့ဟောကြားသနည်းဟူမူ** သံသရာဝဋ်မပြတ်ဖြစ်ခြင်း၏အကြောင်း

ကို ခွဲခြမ်းခြင်း၌ တွေဝေသောသတ္တဝါအပေါင်းကိုမြင်တော်မူသဖြင့် အဝိဇ္ဇာစသည့်အကြောင်းတို့ကြောင့် သင်္ခါရစသောအကျိုးတရားတို့ဖြစ်ပေါ်ပြီး သံသရာဝဋ်မှု၏မပြတ်ဖြစ်ခြင်းကို ပြခြင်းအကျိုးငှာလည်းကောင်း၊ အဝိဇ္ဇာ, သင်္ခါရစသည်ဖြင့် သံသရာဝဋ်မှု၏ဖြစ်စဉ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ ဟောကြားတော်မူ၏။

## (၂) အလယ်မှအဆုံးတိုင်အောင် ဟောကြားသောအနုလုံနည်း

ဒုတိယယောက်ျားသည် နွယ်၏အလယ်ကို ရှေးဦးစွာမြင်သဖြင့် ထိုနွယ်ကို အလယ်၌ ဖြတ်ကာ အဖျားတိုင်အောင် ဆွဲငင်ယူပြီးလျှင် အမှုကိစ္စ၌ အသုံးပြုသကဲ့သို့ မြတ်စွာဘုရားသည် ''ခံစားမှု–ဝေဒနာကို ဝမ်းမြောက်လျက်နှစ်သက်တပ်မက်သောပုဂ္ဂိုလ်အား တဏှာဖြစ်၏။ ထိုတဏှာဖြင့် 'ချမ်းသာလေစွ, ချမ်းသာလေစွ'ဟု ချီးမွမ်းပြောဆို၍ မျိုသွင်းသိမ်းပိုက်လျက်တည်သော ထိုပုဂ္ဂိုလ်အား နန္ဒီရာဂခေါ်အားကြီးသောတဏှာ (ဝါ) ဥပါဒါန်ဖြစ်၏။ ထိုဥပါဒါန်ဟူသော စွဲလမ်းမှုကြောင့် ဖြစ်ကြောင်း ကံ–ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ဖြစ်၏၊ ဖြစ်ကြောင်းကံဟူသော အကြောင်းကြောင့် ဘဝသစ်ဖြစ်မှု–ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်၏'' ဟူ၍ ပဋိစ္စသမုပ္ပါဒ်ကို အလယ်မှစ၍ အဆုံးတိုင်အောင် ဟောကြားတော်မူ၏။

**အဘယ်ကြောင့်ဤသို့ဟောကြားသနည်းဟူမူ** ပဋိစ္စသမုပ္ပါဒ်၏ ပစ္စုပ္ပန်အခွန့်ဖြစ်သည့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော တရား ၈ မျိုးအနက် အနာဂတ်အခွန့်ဖြစ်သည့် ဇာတိ, ဇရာမရဏတို့၏အကြောင်းတရားဖြစ်သော တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ ဖြစ်ပေါ်သည်မှစ၍ အနာဂတ်အခွန့်ဖြစ်ပုံကို ပြခြင်းအကျိုးငှာ ဟောတော်မူ၏။

## (၃) အဆုံးမှအစတိုင်အောင် ဟောကြားသောပဋိလုံနည်း

တတိယယောက်ျားသည် နွယ်၏အဖျားကို ရှေးဦးစွာမြင်သဖြင့် ထိုနွယ်ကို အဖျားမှ အမြစ်ရင်းတိုင်အောင် ဆွဲငင်ယူပြီးလျှင် အမှုကိစ္စ၌ အသုံးပြုသကဲ့သို့ မြတ်စွာဘုရားသည် ''ရဟန်းတို့ – ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်၏'' ဟူ၍ ငါဘုရားဟောတော်မူ၏။ ရဟန်းတို့ – ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်လေသလော? မဖြစ်လေသလော? ဤအရာ၌ သင်တို့မည်သို့ထင်သနည်း။

''အရှင်ဘုရား – ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်သည်ဟူ၍ တပည့်တော်တို့ ထင်ပါသည်ဘုရား'' ဟုရဟန်းတို့လျှောက်ထားကြ၏။ ပ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏ဟူ၍ ငါဘုရားဟောတော်မူ၏။ ရဟန်းတို့ – အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်လေသလော? မဖြစ်လေသလော? ဤအရာ၌ သင်တို့မည်သို့ထင်သနည်း'' ဟု မေးတော်မူ၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို အဆုံးမှစ၍အစတိုင်အောင် ဟောကြားတော်မူ၏။

**အဘယ်ကြောင့်ဤသို့ဟောကြားသနည်းဟူမူ** အဖန်တလဲလဲပဋိသန္ဓေနေရ, အိုရ, သေရခြင်းတို့ဖြင့် ပင်ပန်းဆင်းရဲခြင်းသို့ ရောက်ကြရရှာသော သတ္တဝါအပေါင်းကို အစဉ်

လိုက်ကာကြည့်ရှုတော်မူသည့် မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ရှေးဦး အဖို့၌ ဖြစ်ခဲ့သော ပဋိဝေဓ (ဝိပဿနာ) ဉာဏ်သို့ အစဉ်လျှောက်သဖြင့် ကိုယ်တိုင်သိခဲ့သော အိုခြင်း, သေခြင်းစသည့် ထိုထိုဆင်းရဲ၏ ဇာတိစသည့်အကြောင်းကို ပြတော်မူခြင်းအကျိုးငှာ ဟောတော်မူ၏။

## (၄) အလယ်မှစ၍ အစတိုင်အောင် ဟောကြားသောပဋိလုံနည်း

စတုတ္ထယောက်ျားသည် နွယ်၏အလယ်ပိုင်းကို ရှေးဦးစွာမြင်သဖြင့် ထိုနွယ်ကိုအလယ်က ဖြတ်ကာ အမြစ်ရင်းတိုင်အောင် ဆွဲငင်ဖြတ်တောက်ယူ၍ အမှုကိစ္စတွင် အသုံးပြုသကဲ့သို့ မြတ်စွာဘုရားသည် ''ရဟန်းတို့ – အာဟာရလေးပါးတို့သည် အဘယ်လျှင် အကြောင်းရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း? အဘယ်လျှင် ဖြစ်ရင်းရှိကုန်သနည်း? အဘယ်လျှင် အမွန်အစရှိကုန်သနည်း?

''အာဟာရလေးပါးတို့သည် တပ်မက်ခြင်း – တဏှာလျှင် အကြောင်းရှိကုန်၏၊ တဏှာလျှင် ဖြစ်ကြောင်းရှိကုန်၏၊ တဏှာလျှင် ဖြစ်ရင်းရှိကုန်၏၊ တဏှာလျှင် အမွန်အစရှိကုန်၏။ တပ်မက်ခြင်း – တဏှာသည် အဘယ်လျှင် အကြောင်းရှိသနည်း . . .။ ခံစားမှု – ဝေဒနာသည် . . .။ အာရုံကိုတွေ့ထိမှု – ဖဿသည် . . .။ အာယတန ၆ ပါးသည် . . .။ နာမ်ရုပ်သည် . . .။ ဘဝသစ်ဝိညာဏ်သည် . . .။ သင်္ခါရတို့သည် အဘယ်လျှင် အကြောင်းရှိကုန်သနည်း။ ပ ။ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် ဖြစ်ကြောင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် ဖြစ်ရင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် အမွန်အစရှိကုန်၏'' ဟူ၍ အလယ်မှ အစတိုင်အောင် ဟောကြားတော်မူ၏။

**အဘယ်ကြောင့်ဤသို့ဟောကြားသနည်းဟူမူ** အာဟာရလေးပါးတို့၏အကြောင်းဖြစ်သော တဏှာကို ပိုင်းခြားပြပြီး အစဉ်အတိုင်း အဝိဇ္ဇာ, သင်္ခါရဟူသည့် အတိတ်အခွန့်တိုင်အောင် ဖော်ပြပြီးလျှင် အတိတ်အခွန့်မှစ၍ အကြောင်းအကျိုးအစဉ်ကို ပြခြင်းအကျိုးငှာ ဟောတော်မူ၏။

- **ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာ ၄ မျိုးဖြင့် ဟောရခြင်းအကြောင်း**

(၁) ပဋိစ္စသမုပ္ပါဒ်ဒေသနာ၏ထက်ဝန်းကျင် အလုံးစုံကောင်းမြတ်သောကြောင့်လည်းကောင်း၊

(၂) ကိုယ်တော်တိုင်လည်း ဒေသနာတော်ကို တင့်တယ်စေနိုင်သောဉာဏ်အထူးသို့ ရောက်တော်မူသည့်အဖြစ်ကြောင့်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ကို ဒေသနာ ၄ မျိုးဖြင့် ဟောကြားတော်မူခြင်းဖြစ်၏။ ထပ်မံ၍ရှင်းပြရသော်–

**(၁) ပဋိစ္စသမုပ္ပါဒ်သည် ထက်ဝန်းကျင်အလုံးစုံ ကောင်းမြတ်သောကြောင့် ဒေသနာ ၄ ပါးအနက် တစ်ပါးပါးကို အစဉ်လျှောက်၍ အရိယမဂ်ကို ထိုးထွင်း၍သိခြင်းငှာ (ဝါ) ပဋိစ္စသမုပ္ပါဒ်တရားကို ထိုးထွင်း၍သိခြင်းငှာ ဖြစ်နိုင်၏။**

**(၂) မြတ်ဗုဒ္ဓသည် ဝေသာရဇ္ဇဉာဏ်တော် ၄ ပါး, ပဋိသမ္ဘိဒါဉာဏ်တော် ၄ ပါးတို့နှင့်ပြည့်စုံခြင်း၊ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓဟူသော နက်နဲခြင်း ၄ ပါးသို့ဆိုက်ရောက်တော်မူခြင်းတို့ကြောင့် ဒေသနာတော်ကို တင့်တယ်စေနိုင်သော ဉာဏ်အထူး**

**ဖြစ်သည့် ဒေသနာဝိလာသဉာဏ်တော်ကို ရတော်မူ၏။ ဒေသနာ ဝိလာသဉာဏ်တော်ကို ရတော်မူခြင်းကြောင့်လည်း အထူးထူးသောနည်းတို့ဖြင့် တရားတော်ကိုဟောကြားတော်မူနိုင်၏။**

- **အဝိဇ္ဇာကို အစထား၍ ပဋိစ္စသမုပ္ပါဒ်ကို ဟောခြင်းအကြောင်း**

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာကိုအဘယ်ကြောင့်အစထား၍ ဟောတော်မူသနည်း? ပကတိဝါဒ၌ ပကတိကဲ့သို့ အဝိဇ္ဇာသည်လည်း အကြောင်းကင်းလေသလော? လောက၏ အကြောင်းရင်းဖြစ်လေသလော? ဤကားအမေးတည်း။

**အဖြေကား အဝိဇ္ဇာသည် အကြောင်းကင်းသည်မဟုတ်ပါ။ ''*အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော*'' =''အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပေါ်သည်''ဟု မြတ်စွာဘုရား ဟောတော်မူသဖြင့် အဝိဇ္ဇာ၏အကြောင်းသည် အာသဝတရားဖြစ်၏။**

**သို့သော်လည်း အဝိဇ္ဇာသည် မူလဖြစ်နိုင်သောအကြောင်းပရိယာယ်ကား ရှိပေ၏။ ထိုအကြောင်းပရိယာယ်ကား ဝဋ်ကိုဟောသောစကား (*ဝဋ္ဋကထာ*)၏ ဦးခေါင်းအဖြစ်ပေတည်း။**

မှန်ပေ၏။ မြတ်စွာဘုရားသည် ဝဋ္ဋကထာကို ဟောတော်မူသည်ရှိသော် နှစ်ပါးသောတရားတို့ကို ဦးခေါင်းပြု၍ ဟောတော်မူ၏။ **အဝိဇ္ဇာကိုမူလည်း ဦးခေါင်းပြု၍ ဟောတော်မူ၏။** ဟောတော်မူပုံကား –

''ရဟန်းတို့ – ဤကာလမှရှေး၌ အဝိဇ္ဇာသည် မဖြစ်ခဲ့သေး၊ မရှိသေး၊ ထိုမှနောက်၌ စ၍ ဖြစ်လာခဲ့၏ဟု ဆိုဖွယ်ရာ အဝိဇ္ဇာ၏ရှေးဖြစ်သောအစွန်းသည် မထင်ပေ။ ဤအတိုင်းပင် ဤစကားကို ငါဘုရားမိန့်ဆိုလေပြီ၊ ထိုသို့မိန့်ဆိုသော်လည်း အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်ဟု အဝိဇ္ဇာ၏အကြောင်းသည် ထင်သေး၏'' ဟုဟောတော်မူသဖြင့် အဝိဇ္ဇာ၏အကြောင်းသည် အာသဝတရားဖြစ်၏။

- **ဘဝတဏှာကိုမူလည်း ဦးခေါင်းပြု၍ ဟောတော်မူ၏။** ဟောတော်မူပုံကား –

''ရဟန်းတို့– ဤကာလမှရှေး၌ ဘဝတဏှာသည် မဖြစ်ခဲ့သေး၊ မရှိသေး၊ ထိုမှနောက်၌ စ၍ ဖြစ်လာခဲ့၏ဟု ဆိုဖွယ်ရာ ဘဝတဏှာ၏ရှေးဖြစ်သောအစွန်းသည် မထင်ပေ။ ဤအတိုင်းပင် ဤစကားကို ငါဘုရားမိန့်ဆိုလေပြီ။ ထိုသို့မိန့်ဆိုသော်လည်း ဝေဒနာကြောင့် ဘဝတဏှာဖြစ်သည်ဟု ဝေဒနာ၏အကြောင်းသည် ထင်သေး၏''ဟု ဟောတော်မူသဖြင့် ဘဝတဏှာ၏အကြောင်းသည် ဝေဒနာဖြစ်၏။

- **မြတ်ဗုဒ္ဓသည် ဝဋ္ဋကထာကိုဟောရာ၌ အဘယ်ကြောင့် အဝိဇ္ဇာနှင့် ဘဝတဏှာတို့ကို ဦးခေါင်းပြု၍ ဟောတော်မူသနည်း?**

**အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်စေတတ်သော အကုသိုလ်ကံ၏ထူးသောအကြောင်းဖြစ်၏။ ဘဝတဏှာသည် သုဂတိသို့ရောက်စေတတ်သော ကုသိုလ်ကံ၏ထူးသော အကြောင်းဖြစ်၏။**

## (က) အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်စေတတ်သော အကုသိုလ်ကံ၏ထူးသော အကြောင်းဖြစ်ပုံ

မီးဖြင့်အမြိုက်ခံရပြီး ဆောက်ပုတ်ဖြင့်အရိုက်အနှက်ခံရသောကြောင့် ဆင်းရဲပင်ပန်းခြင်းဖြင့် အနှိပ်စက်ခံရသော အသတ်ခံရမည့်နွားမသည် ထိုပင်ပန်းခြင်းက နှိပ်စက်သဖြင့် သာယာဖွယ်မရှိသည့်အပြင် မိမိအား ဆိုးကျိုးပေးမည့် ရေနွေးပူကို သောက်ရန်အားထုတ်သကဲ့သို့ ထို့အတူ မသိမှု–အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်ခံရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိလေသာအပူမီးဖြင့် ပူလောင်ခံရခြင်းကြောင့် သာယာဖွယ်မရှိသည့်အပြင် ဒုဂ္ဂတိသို့ရောက်စေတတ်သော မိမိ၏အကျိုးမဲ့ကိုလည်းပြုတတ်သော သူ့အသက်ကိုသတ်ခြင်းစသည့် ဒုဂ္ဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးတို့ကို အားထုတ်ပြုလုပ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်စေတတ်သော အကိုသိုလ်ကံ၏ထူးသောအကြောင်းဖြစ်၏။

## (ခ) ဘဝတဏှာသည် သုဂတိသို့ရောက်စေတတ်သော ကုသိုလ်ကံ၏ထူးသော အကြောင်းဖြစ်ပုံ

မီးဖြင့်အမြိုက်ခံရပြီး ဆောက်ပုတ်ဖြင့်အရိုက်အနှက်ခံရသောကြောင့် ဆင်းရဲပင်ပန်းခြင်းဖြင့် အနှိပ်စက်ခံရသော အသတ်ခံရမည့်နွားမသည် ရေအေးကိုဆာလောင်တောင့်တသဖြင့် သာယာဖွယ်ရှိသည့်အပြင် မိမိ၏ပင်ပန်းဆင်းရဲခြင်းကိုလည်း ပယ်ဖျောက်တတ်သော ရေအေးသောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့ ထို့အတူ ဘဝတဏှာလွှမ်းမိုးနှိပ်စက်ခံရသော ပုထုဇဉ်သည် ကိလေသာအပူကင်းခြင်းကြောင့် သာယာဖွယ်ရှိသည့်အပြင် သုဂတိသို့ရောက်စေတတ်သော မိမိ၏ဒုဂ္ဂတိဆင်းရဲဟူသည့် ပင်ပန်းခြင်းကိုလည်း ပယ်ဖျောက်တတ်သော သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းစသည့် သုဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။ ထို့ကြောင့် ဘဝတဏှာသည် သုဂတိသို့ရောက်စေတတ်သော ကုသိုလ်ကံ၏ထူးသောအကြောင်းဖြစ်၏။

## မူလတစ်ခုရှိသော ဒေသနာ (*ဧကမူလိကဒေသနာ*)

မြတ်စွာဘုရားသည် အဝိဇ္ဇာနှင့်တဏှာဟူသော မူလ ၂ ပါးတွင် အချို့သုတ်၌ မူလတစ်ခုရှိသောဒေသနာကို ဟောကြားတော်မူ၏။ ဟောပုံကား–

''ရဟန်းတို့ – သင်္ခါရတို့သည် အဝိဇ္ဇာလျှင်အကြောင်းရှိကုန်၏။ ဘဝသစ်ဝိပါက်ဝိညာဏ်သည် သင်္ခါရလျှင် အကြောင်းရှိ၏'' ဟူ၍လည်းကောင်း၊

''ရဟန်းတို့ – ဥပါဒါန်၏အာရုံဖြစ်ကုန်သောတရားတို့၌ သာယာဖွယ်ကိုရှုလျက်နေသောသူအားတဏှာသည် တိုးပွား၏။ တဏှာဟူသောအကြောင်းကြောင့် ဥပါဒါန်ဖြစ်၏။'' ဟူ၍လည်းကောင်း ဟောတော်မူ၏။

## မူလနှစ်ခုရှိသောဒေသနာ (*ဉဘယမူလိကဒေသနာ*)

မြတ်စွာဘုရားသည် အချို့သုတ်၌ မူလနှစ်ခုရှိသောဒေသနာကို ဟောကြားတော်မူ၏။ ဟောပုံကား–

''ရဟန်းတို့ – အဝိဇ္ဇာဟူသောအပိတ်အဆို့ရှိလျက် တဏှာနှင့်ယှဉ်သောလူမိုက်အား

ဤအဝိဇ္ဇာ, တဏှာဟူသော တရားနှစ်ပါးကြောင့် ခန္ဓာငါးပါးဟူသော ကာယသည် ဖြစ်ပေါ်လာ၏။ ဤခန္ဓာငါးပါးဟူသော မိမိသန္တာန်၌ဖြစ်သည့်ကာယနှင့် သူတစ်ပါးသန္တာန်၌ရှိသော နာမ်ရုပ်တို့သည် နှစ်ခုပေါင်းတစ်စုံ – ဒွယ'' မည်၏။ ဤအတွင်းအပြင် တရားတစ်စုံကိုစွဲ၍ ဖဿဖြစ်ပေါ်၏။ ဖဿ၏အကြောင်းတို့သည် အာယတန ၆ ပါးတို့တည်း။ ယင်းအာယတန ၆ ပါးတို့ကြောင့်ဖြစ်ပေါ်လာသော ဖဿဖြင့် တွေ့ထိသည်ဖြစ်၍ သူမိုက်သည် ချမ်းသာ, ဆင်းရဲကို ခံစားရ၏ – ဤသို့စသော ဒေသနာပင်တည်း။

**မှတ်ချက်** – ''*အဝိဇ္ဇာပစ္စယာ သင်္ခါရာ* – အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏''ဟူသော ဒေသနာသည် မူလတစ်ခုရှိသောဒေသနာဟု သိအပ်၏။

- **အဝိဇ္ဇာစသည်တို့၏ အနက်အဓိပ္ပါယ်**

**၁ အဝိဇ္ဇာမည်ပုံ**

(၁) ကာယဒုစရိုက်စသည့် မရသင့်မရထိုက်သောအမှုကို ရတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၂) ထိုမှအပြန်အားဖြင့် ကာယသုစရိုက်စသည့် ရသင့်ရထိုက်သောအမှုကို မရတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၃) ခန္ဓာတို့၏အပေါင်းအစုသဘောကို၊ အာယတနတို့၏မိမိကိုမှီ၍ စက္ခုဝိညာဏ် စသည်တို့ ဖြစ်ခြင်းသဘောကို၊ ဓာတ်တို့၏ အတ္တ, သတ္တ, ဇီဝတို့မှကင်းဆိတ်ခြင်းသဘောကို၊ ဣန္ဒြေတရားတို့၏ အစိုးရခြင်းသဘောကို၊ သစ္စာတရားတို့၏မဖောက်မပြန်မှန်ကန်ခြင်းသဘောကို မသိနိုင်အောင်ပြုတတ်သောကြောင့်လည်း အဝိဇ္ဇာမည်၏။

(၄) ဒုက္ခသစ္စာစသည်တို့၏ ပီဠန – နှိပ်စက်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်ဟောအပ်သော လေးပါးလေးပါးအပြားရှိသည့် သစ္စာအနက် ၁၆ ချက်ကို မသိနိုင်အောင်ပြုတတ်သောကြောင့်လည်း အဝိဇ္ဇာမည်၏။

(၅) အဆုံးအပိုင်းအခြားကင်းသောသံသရာ၌ အလုံးစုံသောယောနိ, အလုံးစုံသောဂတိ, အလုံးစုံသောဘဝ, အလုံးစုံသောဝိညာဏဋ္ဌိတိ, အလုံးစုံသောသတ္တာဝါသတို့၌ သတ္တဝါတို့ကို ပြေးသွားစေတတ်သောကြောင့်လည်း အဝိဇ္ဇာမည်၏။

(၆) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ, ယောကျ်ားစသည့် ပညတ်တို့၌ သွားတတ်, ဖြစ်တတ်၏။ ထင်ရှားရှိကုန်သော ခန္ဓာ, အာယတနစသည်တို့၌ မသွားတတ်, မဖြစ်တတ်။ ဤအကြောင်းကြောင့်လည်း အဝိဇ္ဇာမည်၏။

(၇) စက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထုနှင့်အာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန် တရားတို့ကိုလည်းကောင်း၊ မသိနိုင်အောင်ဖုံးလွှမ်းတတ်သောကြောင့်လည်း အဝိဇ္ဇာမည်၏။

**အဝိဇ္ဇာပစ္စယမည်ပုံ**

အကြင်အကြောင်းကိုစွဲမှီ၍ အကျိုးသည်ဖြစ်၏။ ထိုစွဲမှီရာအကြောင်းသည် **ပစ္စယ** မည်၏။ တစ်နည်းကား ကျေးဇူးပြုတတ်သောအနက်သဘောသည် ပစ္စယ၏အနက်ပေတည်း။

ထိုအကြောင်းသဘောသည် အဝိဇ္ဇာလည်းမည်, ပစ္စယလည်းမည်သောကြောင့် **အဝိဇ္ဇာပစ္စယ** မည်၏။

## ၂ သင်္ခါရမည်ပုံ

ပြုပြင်အပ်သောအကျိုးတရားတို့ကို ပြုပြင်တတ်ကုန်သောကြောင့် သင်္ခါရတို့မည်ကုန်၏။ တစ်နည်းကား သင်္ခါရတို့သည်–

(၁) အဝိဇ္ဇာဟူသောအကြောင်းကြောင့်ဖြစ်သော သင်္ခါရတို့နှင့်

(၂) သင်္ခါရသဒ္ဒါဖြင့်ဟောထားသောသင်္ခါရတို့ဟူ၍ ၂ မျိုးရှိ၏။

ထို ၂–မျိုးတွင်

(၁) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူသော သင်္ခါရသုံးပါး၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူသော သင်္ခါရသုံးပါး၊ ပေါင်း ၆ ပါးတို့သည် အဝိဇ္ဇာဟူသောအကြောင်းကြောင့်ဖြစ်သော သင်္ခါရတို့တည်း။ ဤသင်္ခါရတို့သည် လောကီကုသိုလ်စေတနာ ၁၇ ပါးနှင့် အကုသိုလ်စေတနာ ၁၂ ပါးတို့ဖြစ်ကြ၏။

(၂) **သင်္ခါရသဒ္ဒါဖြင့် ဟောထားသောသင်္ခါရလေးပါးရှိ၏။**

(၁) သင်္ခတသင်္ခါရ (၂) အဘိသင်္ခတသင်္ခါရ (၃) အဘိသင်္ခရဏကသင်္ခါရ

(၄) ပယောဂါဘိသင်္ခါရတို့တည်း။

ထို ၄ ပါးတို့တွင် (၁) ''*အနိစ္စာ ဝတ သင်္ခါရာ* = သင်္ခါရတို့သည် မမြဲလေကုန်စွတကား''– ဤသို့စသောပါဠိတို့၌ ဟောထားသည့် အလုံးစုံလည်းဖြစ်ကုန်သော အကြောင်းရှိသည့် တရားတို့သည် သင်္ခတသင်္ခါရမည်၏။ နည်းမျိုးစုံဖြင့်ဟောထားသော သင်္ခါရတရားအားလုံး သည် သင်္ခတသင်္ခါရ၌ အကျုံးဝင်၏

(၂) **ဘုံသုံးပါး၌ ကံကြောင့်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့သည်** ***အဘိသင်္ခတသင်္ခါရ*** **မည်ကုန်၏။**

(၃) ဘုံသုံးပါး၌ဖြစ်ကြသော လောကီကုသိုလ်စေတနာများနှင့် အကုသိုလ်စေတနာများကို *အဘိသင်္ခရဏကသင်္ခါရ*ဟု ခေါ်၏။

(၄) ကိုယ်၌ဖြစ်သော ဝီရိယဟူသည့် ကာယိကဝီရိယနှင့် စိတ်၌ဖြစ်သော ဝီရိယဟူသည့် စေတသိကဝီရိယတို့သည် ပယောဂါဘိသင်္ခါရမည်၏။

## ၃ ဝိညာဏ်စသည်မည်ပုံ

**ဝိညာဏ်** – အာရုံကိုသိတတ်သောကြောင့် ဝိညာဏ်မည်၏။

**နာမ်** – အာရုံဆီသို့ ရှေးရှုညွတ်တတ်သောကြောင့် နာမ်မည်၏။

**ရုပ်** – ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏။

**အာယတန** – ထိုထိုဒွါရ, အာရုံတို့၌ဖြစ်တတ်သောစိတ် စေတသိက်တို့ကို ထင်ရှားပေါ်လာအောင်ဖြစ်ပွားစေတတ်, ချဲ့တတ်သောကြောင့်လည်းကောင်း၊ ရှည်လျားသောသံသရာဆင်းရဲကို ဆောင်တတ်, ဖြစ်စေတတ်သောကြောင့် လည်းကောင်း၊ အာယတနမည်၏။

**ဖဿ** – အာရုံကိုတွေ့ထိတတ်သောကြောင့် ဖဿမည်၏။

**ဝေဒနာ** – အာရုံကိုခံစားတတ်သောကြောင့် ဝေဒနာမည်၏။

**တဏှာ** – ဆာလောင်တတ်သောကြောင့် တဏှာမည်၏။ သုံးဆောင်ခြင်းငှာ

အလိုရှိတတ်, တောင့်တတတ်သောကြောင့် တဏှာမည်၏။

**ဥပါဒါန်** – မြဲမြံစွာစွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်၏။

**ဘဝ** – ဖြစ်တတ်သောကြောင့်လည်းကောင်း၊ ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ဘဝမည်၏။

**ဇာတိ** – ဖြစ်ခြင်းသည်ဇာတိမည်၏၊ ဘဝသစ်ဖြစ်ခြင်းသည် ဇာတိမည်၏။

**ဇရာ** – ရင့်ရော်ခြင်းသည်ဇရာမည်၏၊ အိုခြင်းသည်ဇရာမည်၏။

**မရဏ** – သေခြင်းသဘောဖြစ်သောကြောင့် မရဏမည်၏။

**သောက** – စိုးရိမ်, ပူဆွေးခြင်းသည် သောကမည်၏။

**ပရိဒေဝ** – ငိုကြွေးမြည်တမ်းခြင်းသည် ပရိဒေဝမည်၏။

**ဒုက္ခ** – ဆင်းရဲစေတတ်သောကြောင့် ဒုက္ခမည်၏။ တစ်နည်း– **ဥပါဒ်, ဌီဟူသည့် နှစ်ပါးသောအဖို့အစွမ်းအားဖြင့် သမ္ပယုတ်တရားတို့ကို တူးဖြိုတတ်သောကြောင့်ဒုက္ခမည်၏။**

**ဒေါမနဿ** – စိတ်နှလုံးမသာယာခြင်းသည် ဒေါမနဿမည်၏။

**ဥပါယာသ** – ပြင်းစွာစိတ်ပင်ပန်းခြင်းသည် ဥပါယာသမည်၏။

**သမ္ဘဝန္တိ** – ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏ဟု ဆိုလို၏။

'ဖြစ်ကုန်၏' ပုဒ်သည် သောက, ပရိဒေဝ စသည်တို့ကသာဖြစ်ကုန်၏ဟု ဆိုလိုသည် မဟုတ်၊ သင်္ခါရ, ဝိညာဏ်စသည့် အကျိုးတရားအားလုံးတို့ ဖြစ်ပေါ်ကုန်၏ဟု ဆိုလိုသည်။

အကြောင်းမှာ ''*အဝိဇ္ဇာပစ္စယာ သင်္ခါရာ* = အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည်'' ဟုဆိုလျှင် အဓိပ္ပါယ်မပြည့်စုံပေ။ ''*အဝိဇ္ဇာပစ္စယာ သင်္ခါရာ သမ္ဘဝန္တိ*'' ဟုဆိုပါမှ ''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့သည် ဖြစ်ကုန်၏'' ဟူ၍ အဓိပ္ပါယ် ပြည့်စုံ၏။

**ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ** =

ဤပုံဤနည်းဖြင့် ချမ်းသာခြင်းနှင့်မရောမယှက် သက်သက်သော ဤဆင်းရဲ အစုသည် သာလျှင် ဖြစ်ခြင်းရှိချေ၏။

***''ဝံ = ဤပုံဤနည်းဖြင့်''* ဟူသောပုဒ်သည် ပြဆိုခဲ့ပြီးသောနည်းကို ညွှန်ပြ၏။ ဤပုဒ်ဖြင့် ''အဝိဇ္ဇာစသည့်အကြောင်းတို့ကြောင့်သာလျှင် သင်္ခါရစသောအကျိုးတို့ဖြစ်ကုန်၏။ ဣဿရခေါ်ဘုရားသခင်၏ ဖန်ဆင်းခြင်းစသည်တို့ကြောင့် ဖြစ်ကြသည် မဟုတ်ဟုပြ၏။ တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည့်အတွက် သတ္တဝါများဖြစ်သည် ဟူသော အဆိုကိုပယ်မြစ်၏။**

**တေဿ** = ဤဆိုခဲ့တိုင်းသော၊ ဆိုအပ်ခဲ့သမျှသော၊

**ကေဝလဿ** = မရောမယှက် သက်သက်သော (ဝါ) အလုံးစုံသော၊

**ဒုက္ခက္ခန္ဓဿ** = ဆင်းရဲအပေါင်း၏ (ဖြစ်ခြင်းသာတည်း)၊

သတ္တဝါ၏ဖြစ်ခြင်းမဟုတ်၊ ချမ်းသာ, တင့်တယ်သောအရာစသည်တို့ဖြစ်ခြင်းလည်းမဟုတ်၊

**သမုဒယော** = ဖြစ်ခြင်းတည်း၊

**ဟောတိ** = သမ္ဘဝတိ = ဖြစ်၏။

- **အဝိဇ္ဇာစသည်တို့၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်**

၁ **အဝိဇ္ဇာ** = မောဟ = မသိမှု
– မသိခြင်းဟူသောလက္ခဏာရှိ၏၊ သိသောဉာဏ်၏ဆန့်ကျင်ဘက်လက္ခဏာရှိ၏။
– အလွန်တွေဝေစေခြင်း–ကိစ္စရသရှိ၏။
– အာရုံ၏သဘောမှန်ကိုဖုံးလွှမ်းသောသဘောဟု ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်း–ပဒဋ္ဌာန်ရှိ၏။

၂ **သင်္ခါရ** = စေတနာ၊ ကံ
– ပြုပြင်စီရင်ခြင်းဟူသော လက္ခဏာရှိ၏။
– အားထုတ်ခြင်း, ကြောင့်ကြဗျာပါရပြုခြင်း – ကိစ္စရှိ၏
– စေ့ဆော်တိုက်တွန်းတတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)၊
– အဝိဇ္ဇာလျှင်နီးသောအကြောင်း – ပဒဋ္ဌာန်ရှိ၏။

၃ **ဝိညာဏ်** = အာရုံကိုအထူးသိခြင်းသဘော
– အာရုံကိုအထူးသိခြင်းလက္ခဏာရှိ၏။
– နာမ်ရုပ်တို့၏ရှေ့သွားဖြစ်ခြင်း ကိစ္စရှိ၏။
– ရှေးဘဝနှင့်, ရှေးစိတ်နှင့်စပ်သောအားဖြင့် ဉာဏ်အားရှေးရှုထင်၏။
– သင်္ခါရလျှင်နီးသောအကြောင်းရှိ၏၊ တစ်နည်း – ဝတ္ထုနှင့်အာရုံလျှင်နီးသောအကြောင်းရှိ၏

၄ **နာမ် = နာမ**
– အာရုံဆီသို့ညွတ်ခြင်းလက္ခဏာရှိ၏။
– အညီအညွတ်အပြားအားဖြင့် ယှဉ်ခြင်းကိစ္စရှိ၏။
– အသီးသီးမခွဲခြမ်းအပ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။
– ဝိညာဏ်လျှင်နီးသောအကြောင်းရှိ၏။

**ရုပ် = ရူပ**
– ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။
– ဖရိုဖရဲကြဲခြင်းကိစ္စရှိ၏၊ (ရသ)
– အဗျာကတတရားဟုဉာဏ်အားရှေးရှုထင်၏၊ (ဝါ) အာရုံကို မယူတတ်, မသိတတ်သော တရားဟု ဉာဏ်အားရှေးရှုထင်၏၊ (ပစ္စုပဋ္ဌာန်)
– ဝိညာဏ်လျှင် နီးသောအကြောင်းရှိ၏။ (ပဒဋ္ဌာန်)

၅ **သဠာယတန** = အတွင်းအာယတန ၆ ပါး
– ထိုထိုဒွါရနှင့်ဆိုင်သော တရားတို့ကိုဖြစ်စေရန် အားထုတ်ခြင်း လက္ခဏာရှိ၏။
– မြင်ခြင်း, ကြားခြင်းစသော ကိစ္စရှိ၏။
– ဝတ္ထုအဖြစ်, ဒွါရအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
– နာမ်ရုပ်လျှင် နီးသောအကြောင်းရှိ၏။

၆ **ဖဿ** = တွေ့ထိခြင်း

– အာရုံကိုတွေ့ထိခြင်းလက္ခဏာရှိ၏။
– အာရုံကိုပွတ်တိုက်, ထိပါးခြင်း – ကိစ္စရှိ၏။
– ဒွါရ, အာရုံ, ဝိညာဏ်ဟူသော အကြောင်းသုံးပါးတို့၏ ပေါင်းဆုံမိခြင်းအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
– သဠာယတန ၆ ပါးလျှင် နီးသောအကြောင်းရှိ၏။

၇ **ဝေဒနာ** = ခံစားခြင်း, ခံစားမှု
– အာရုံကိုခံစားခြင်းလက္ခဏာရှိ၏။
– အာရုံ၏အရသာကို သုံးဆောင်ခြင်း – ကိစ္စရှိ၏။
– သုခ-ချမ်းသာခြင်း, ဒုက္ခ-ဆင်းရဲခြင်းအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
– ဖဿလျှင် နီးသောအကြောင်းရှိ၏။

၈ **တဏှာ** = **လောဘ** = လိုချင်, တပ်မက်ခြင်းသဘော
– ဒုက္ခ၏အကြောင်းအဖြစ်ဟူသော လက္ခဏာရှိ၏။
– ထိုထိုအာရုံ, ဘုံ, ဘဝတို့ကို နှစ်သက်ခြင်း – ကိစ္စရှိ၏။
– မရောင့်ရဲသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
– ဝေဒနာလျှင် နီးသောအကြောင်းရှိ၏။

၉ **ဥပါဒါန် = တဏှာ, ဒိဋ္ဌိ**
– ဆုပ်ကိုင်ထားခြင်း (ဝါ) ပြင်းစွာစွဲလမ်းခြင်းလက္ခဏာရှိ၏။
– မလွှတ်ခြင်းကိစ္စရှိ၏။
– မြဲမြံသောတဏှာနှင့်ဒိဋ္ဌိဟု ဉာဏ်အားရှေးရှုထင်၏။
– တဏှာလျှင် နီးသောအကြောင်းရှိ၏။

၁၀ **ဘဝ = ကမ္မဘဝ, ဥပပတ္တိဘဝ**
– ကံနှင့်ကံ၏အကျိုးအဖြစ်ဟူသော လက္ခဏာရှိ၏။
– ဖြစ်စေခြင်းနှင့်ဖြစ်ခြင်း – ကိစ္စရှိ၏။
– ကုသိုလ်, အကုသိုလ်, အဗျာကတတရားဟု ဉာဏ်အားရှေးရှုထင်၏။
– ဥပါဒါန်လျှင် နီးသောအကြောင်းရှိ၏။

၁၁ **ဇာတိ** = ဘဝသစ်ဖြစ်ခြင်း
– ထိုထိုဘဝတစ်ခု၌ ခန္ဓာတို့၏ရှေးဦးစွာဖြစ်ပေါ်ခြင်း လက္ခဏာရှိ၏။
– ထိုဘဝတစ်ခုလုံး၏ခန္ဓာတို့ကို ထိုသတ္တဝါအား အပ်နှင်းခြင်းကိစ္စရှိ၏။
– အတိတ်ဘဝမှစုတေ၍ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာပေါ်လာသည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။
– ကမ္မဘဝလျှင် နီးသောအကြောင်းရှိ၏။

၁၂ **ဇရာ** = ရင့်ရော်အိုမင်းခြင်း
– ခန္ဓာတို့၏ရင့်ရော်ဟောင်းနွမ်းခြင်း-လက္ခဏာရှိ၏။
– သေခြင်းဆီသို့ ဆောင်ပို့ခြင်းကိစ္စရှိ၏။

– နုပျိုသောအရွယ်၏ပျက်စီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏၊
– ဇာတိလျှင် နီးသောအကြောင်းရှိ၏။
**မရဏ** = သေခြင်း
– တစ်ဘဝဟုပိုင်းခြားအပ်သော ခန္ဓာအစဉ်ဘဝဟောင်းမှ စုတေရွေ့လျားခြင်း လက္ခဏာရှိ၏။
– ပြည့်စုံသောဘဝခန္ဓာတို့မှ ကင်းစေခြင်းကိစ္စရှိ၏၊
– ဖြစ်ဆဲဂတိမှ ကွေကွင်းသည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏၊
– ဇာတိလျှင် နီးသောအကြောင်းရှိ၏။
**သောက** = စိုးရိမ်ပူပန်ခြင်း
– အတွင်း၌ကြံတွေးလျက် ပူဆွေးခြင်းလက္ခဏာရှိ၏၊
– စိတ်ကိုထက်ဝန်းကျင်ပူလောင်စေခြင်းကိစ္စရှိ၏၊
– ပြန်လည်ဆင်ခြင်၍ အဖန်တလဲလဲစိုးရိမ်ပူဆွေးသည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်းရှိ၏။
**ပရိဒေဝ** – ငိုကြွေးခြင်း
– အဖန်ဖန်မြည်တမ်းပြောဆိုခြင်းလက္ခဏာရှိ၏၊
– ဂုဏ်ကျေးဇူးနှင့် အပြစ်တို့ကို ကြွေးကြော်ပြောဆိုခြင်းကိစ္စရှိ၏၊
– ချာချာလည်နေသောစကားဟု ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်းရှိ၏။
**ဒုက္ခ** = ကိုယ်ဆင်းရဲခြင်း
– ကိုယ်ကိုနှိပ်စက်ခြင်းလက္ခဏာရှိ၏၊
– ပညာမဲ့သူတို့အား နှလုံးမသာခြင်းကိုပြုခြင်းကိစ္စရှိ၏၊
– ကိုယ်ထဲ၌ဖြစ်သည့်နာကျင်ခံခက်နှိပ်စက်တတ်သောအနာဟု ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်းရှိ၏။
**ဒေါမနဿ** = စိတ်ဆင်းရဲခြင်း
– စိတ်ကိုနှိပ်စက်ခြင်းလက္ခဏာရှိ၏၊
– စိတ်ကို ပင်ပန်းစေခြင်းကိစ္စရှိ၏၊
– စိတ်ထဲ၌ဖြစ်သော နာကျင်ခံခက်နှိပ်စက်သည့်အနာဟု ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်းရှိ၏။
**ဥပါယာသ** = ပြင်းစွာပူပန်ခြင်း
– စိတ်ကိုထက်ဝန်းကျင်ပူလောင်စေခြင်းလက္ခဏာရှိ၏၊
– ညည်းတွားခြင်းကို ပြုသောကိစ္စရှိ၏၊
– ကိုယ်စိတ်တို့ကို နာကျင်စေတတ်သောသဘောဟု ဉာဏ်အားရှေးရှုထင်၏၊
– အာသဝလျှင် နီးသောအကြောင်းရှိ၏။

**• အဝိဇ္ဇာစသည်တို့၏ ကောဝိဓစသည်အပြား**

**၁ အဝိဇ္ဇာသည်**

(၁) အမှန်သဘောကို မသိတတ်သည့် 'အညာဏ' အဖြစ်၊ အမှန်သဘောကို မမြင်တတ်သည့် 'အဒဿန' အဖြစ်၊ အမှန်သဘော၌ တွေဝေတတ်သည့် 'မောဟ'အဖြစ်အားဖြင့် တစ်ပါးတည်းသာရှိ၏။ ၎င်းတို့ကို ဧကဝိဓအဝိဇ္ဇာဟုခေါ်၏။

(၂) သစ္စာလေးပါးကို အမှန်အတိုင်းမသိခြင်း– 'အပ္ပဋိပတ္တိအဝိဇ္ဇာ' နှင့် သစ္စာလေးပါးကို ပြောင်းပြန်မှားယွင်းစွာသိခြင်း – 'မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ' အားဖြင့် နှစ်ပါးအပြားရှိ၏။ သသင်္ခါရအဝိဇ္ဇာ, အသင်္ခါရအဝိဇ္ဇာဟူ၍လည်း နှစ်ပါးအပြားရှိ၏။ ယင်းတို့ကို ဒွိဝိဓအဝိဇ္ဇာဟုခေါ်၏။

(၃) သုခ, ဒုက္ခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးနှင့် အသီးသီးယှဉ်သည့်အဝိဇ္ဇာအားဖြင့် သုံးပါးအပြားရှိ၏။ ယင်းတို့ကို တိဝိဓအဝိဇ္ဇာဟုခေါ်၏။

(၄) ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄ ပါးကို ထိုးထွင်း၍ မသိသောအားဖြင့် ၄ ပါးအပြားရှိ၏။ ယင်းတို့ကို စတုဝိဓအဝိဇ္ဇာဟုခေါ်၏။

(၅) နိရယဂတိ, တိရစ္ဆာနဂတိ, ပေတဂတိ, မနုဿဂတိ, ဒေဝဂတိတည်းဟူသော ဂတိငါးပါးတို့၏ အပြစ်အသီးသီးကို ဖုံးလွှမ်းတတ်သည့် အဝိဇ္ဇာအားဖြင့် ၅–ပါးအပြားရှိ၏။ ယင်းတို့ကို ပဉ္စဝိဓအဝိဇ္ဇာဟုခေါ်၏။

(၆) ဒွါရ–၆–ပါး၌ အာရုံ ၆–ပါးတို့ အသီးသီးထိတိုက်သဖြင့် ဖြစ်ပေါ်ကြကုန်သော အလုံးစုံလည်းဖြစ်သော နာမ်တရားတို့၏ ၆ ပါးအပြားရှိသည့်အပြစ်ကို ဖုံးလွှမ်းတတ်သည့် အဝိဇ္ဇာအားဖြင့် ၆ ပါးအပြားရှိ၏။ ယင်းတို့ကို ဆဝိဓအဝိဇ္ဇာဟုခေါ်၏။

## ၂ သင်္ခါရတို့သည်

(၁) အာသဝေါတရားတို့၏အာရုံဖြစ်ထိုက်သော လောကီတရားမှန်သမျှသည် သာသဝတရားအဖြစ်၊ ဝိပါက်ကိုဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်တရားများဟူသည့် ဝိပါကဓမ္မအဖြစ် စသည်အားဖြင့် တစ်ပါးတည်းသာရှိ၏။ ယင်းကို ဧကဝိဓသင်္ခါရဟုခေါ်၏။

(၂) ကုသိုလ်နှင့်အကုသိုလ်အားဖြင့်၊ ပရိတ္တ (ကာမ) တရားနှင့် မဟဂ္ဂုတ်တရားအားဖြင့်၊ ဟီန (အယုတ်အညံ့) တရားနှင့် မဇ္ဈိမ (အလယ်အလတ်) တရားအားဖြင့်၊ အနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိဟူသည့် မိစ္ဆတ္တနိယတတရားနှင့် ကြွင်းသောအကုသိုလ်နှင့် လောကီကုသိုလ်မှန်သမျှဟူသည့် အနိယတတရားအားဖြင့် ၂ ပါးစီ အပြားရှိကုန်၏။ ယင်းတို့ကို ဒုဝိဓသင်္ခါရဟု ခေါ်၏။

(၃) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရအားဖြင့် ၃ ပါးအပြားရှိ၏။ ယင်းတို့ကို တိဝိဓသင်္ခါရဟုခေါ်၏။ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအားဖြင့်လည်း သုံးပါးအပြားရှိ၏။

(၄) အဏ္ဍဇယောနိ, ဇလာဗုဇယောနိ, သံသေဒဇယောနိ, ဩပပါတိကယောနိအသီးသီးကို ဖြစ်စေသောသင်္ခါရ အပြားအားဖြင့် ၄ ပါးပြား၏။ ယင်းတို့ကို စတုဝိဓသင်္ခါရဟုခေါ်၏။

(၅) ဂတိ ၅ ပါးသို့အသီးသီးရောက်စေတတ်သော သင်္ခါရအပြားအားဖြင့် ၅ ပါးပြား၏။ ယင်းတို့ကို ပဉ္စဝိဓသင်္ခါရဟုခေါ်၏။

## ၃ ဝိညာဏ်သည်

(၁) လောကီဝိပါက်ဝိညာဏ်အဖြစ်ဖြင့် တစ်ပါးသာရှိ၏။ ဧကဝိဓဝိညာဏ်ဟုအမည်ရ၏။
(၂) ဟိတ်ရှိသောဝိညာဏ်နှင့် ဟိတ်မရှိသောဝိညာဏ်ဟူ၍ ၂ ပါးပြား၏။ ဒွိဝိဓဝိညာဏ်ဟု အမည်ရ၏။
(၃) ကာမဘဝ, ရူပဘဝ, အရူပဘဝဟူသော ဘဝသုံးပါး၌ အကျုံးဝင်သောအားဖြင့်လည်း ကောင်း၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ အသီးသီးနှင့် ယှဉ်သောအား ဖြင့်လည်းကောင်း၊ အဟိတ်ဝိညာဏ်, ဒွိဟိတ်ဝိညာဏ်, တိဟိတ်ဝိညာဏ်အားဖြင့် လည်းကောင်း၊ ၃ ပါးပြား၏။ ယင်းတို့ကို တိဝိဓဝိညာဏ်ဟုခေါ်၏။
(၄) ယောနိလေးပါးကို အသီးသီးဖြစ်စေခြင်းအားဖြင့် ဝိညာဏ် ၄ ပါးပြား၏။ ယင်းတို့ ကို စတုဝိဓဝိညာဏ်ဟု ခေါ်၏။
(၅) ဂတိငါးပါး၌ အသီးသီးဖြစ်ကြသောဝိညာဏ်အားဖြင့် ၅ ပါးပြား၏။ ယင်းတို့ကို ပဉ္စ ဝိဓဝိညာဏ်ဟုခေါ်၏။

## ၄ နာမ်ရုပ်သည်

(၁) ဝိညာဏ်လျှင် မှီရာရှိသောအားဖြင့်လည်းကောင်း၊ ကံလျှင်အကြောင်းရှိသောအားဖြင့် လည်းကောင်း၊ တစ်ပါးတည်းသာရှိ၏။
(၂) အာရုံကိုယူတတ်သည့်အဖြစ်နှင့် မယူတတ်သည့်အဖြစ်အားဖြင့် ၂ ပါးအပြားရှိ၏။
(၃) အတိတ်နာမ်ရုပ်၊ ပစ္စုပ္ပန်နာမ်ရုပ်၊ အနာဂတ်နာမ်ရုပ်ဟူ၍ နာမ်ရုပ် ၃ ပါးရှိ၏။
(၄) ယောနိလေးပါးအလိုအားဖြင့် နာမ်ရုပ် ၄ ပါးအပြားရှိ၏။
(၅) ဂတိငါးပါးအလိုအားဖြင့် နာမ်ရုပ် ၅ ပါးအပြားရှိ၏။

## ၅ သဠာယတနသည်

(၁) စိတ်စေတသိက်တို့၏ဖြစ်ရာအရပ်, စုဝေးရာ, တည်ရာအရပ်အားဖြင့် တစ်ပါးတည်းသာ ရှိ၏။
(၂) ဘူတရုပ်တို့ကို ကြည်လင်စေသည့်အဖြစ်နှင့် ဝိညာဏ်၏အဖြစ်အားဖြင့် ၂ ပါးအပြား ရှိ၏။
(၃) ရောက်သောအာရုံ, မရောက်သောအာရုံ, နှစ်ပါးစုံမဟုတ်သောအာရုံအသီးသီးရှိသည့် အဖြစ်အားဖြင့် ၃ ပါးအပြားရှိ၏။
(၄) ယောနိလေးပါး၌ အကျုံးဝင်သောအားဖြင့် ၄ ပါးအပြားရှိ၏။
(၅) ဂတိငါးပါး၌ အကျုံးဝင်သောအားဖြင့် ငါးပါးအပြားရှိ၏။

**မှတ်ချက်**– ဤသို့သောနည်းအားဖြင့် ဖဿစသည်တို့၏ကေဝိဓစသည်၏အဖြစ်ကို သိအပ်၏။

## • ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးသာရှိခြင်း

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟောကြားရာ၌ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို ဘဝစက်၏မပြတ်စဲခြင်းကို ပြရန်အကျိုးငှာ ဟောတော်မူ၏။ မှန်ပေ၏။ အိုခြင်း–ဇရာနှင့် သေခြင်း–မရဏတို့ နှိပ်စက်အပ်သောသူမိုက်အား စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်းစသည်တို့ဖြစ်ကုန်၏။ မြတ်စွာဘုရားဟောတော်မူပုံကား–

*''ရဟန်းတို့ – အကြားအမြင်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ဆင်းရဲသည့်ခံစားမှုက ထိတွေ့နှိပ်စက်သည်ရှိသော် စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ကိုထုလျက် မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ရောက်၏။''*

ထိုစိုးရိမ်ခြင်း–သောကစသည်တို့ရှိနေသမျှ ကာလပတ်လုံး အဝိဇ္ဇာဖြစ်၏။ ''အဝိဇ္ဇာဖြစ်ခြင်းဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏'' ဟူသည့်ဘဝစက်သည် အဆက်မပြတ် ဆက်စပ်ကာ လည်ပတ်နေတော့၏။ ထို့ကြောင့် ထိုသောက, ပရိဒေဝစသည်တို့၏ အလွှာအဖို့ကို ဇရာမရဏနှင့်တူသော အလွှာအဖို့တစ်ခုတည်းပြု၍ ဟောတော်မူ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၏အင်္ဂါတို့သည် ၁၂ ပါးသာရှိသည်ဟု သိအပ်၏။

- **အဝိဇ္ဇာပစ္စယာ သင်္ခါရာအဖွင့်**

**၁ အဝိဇ္ဇာဟူသည်မှာ**

အဝိဇ္ဇာသည် အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော မောဟစေတသိက်ဖြစ်၏။

**သုတ္တန်နည်းအားဖြင့်** အဝိဇ္ဇာသည် အရိယာသစ္စာ ၄ ပါးကို မသိခြင်းဖြစ်၏။

(၁) ဒုက္ခသစ္စာ၌မသိခြင်းမောဟ၊ (၂) သမုဒယသစ္စာ၌မသိမှုမောဟ၊
(၃) နိရောဓသစ္စာ၌ မသိမှုမောဟ၊ (၄) မဂ္ဂသစ္စာ၌ မသိမှုမောဟတို့တည်း။

**အဘိဓမ္မာနည်းအားဖြင့်** အဝိဇ္ဇာသည် အရိယာသစ္စာ ၄ ပါးနှင့် ပုဗ္ဗန္တစသည့် ၄ ဌာန၊ ပေါင်း ၈ ဌာနတို့၌ မသိမှုအဝိဇ္ဇာဖြစ်၏။

(၁) ဒုက္ခသစ္စာ၌ မသိမှုအဝိဇ္ဇာ၊ (၂) သမုဒယသစ္စာ၌ မသိမှုအဝိဇ္ဇာ၊
(၃) နိရောဓသစ္စာ၌ မသိမှုအဝိဇ္ဇာ၊ (၄) မဂ္ဂသစ္စာ၌ မသိမှုအဝိဇ္ဇာ၊
(၅) အတိတ်ခန္ဓာငါးပါးဟူသည့် ရှေ့အစွန်း – ပုဗ္ဗန္တ၌ မသိမှုအဝိဇ္ဇာ၊
(၆) အနာဂတ်ခန္ဓာငါးပါးဟူသည့် နောက်အစွန်း – အပရန္တ၌ မသိမှုအဝိဇ္ဇာ၊
(၇) ရှေ့အစွန်း–နောက်အစွန်းဟုခေါ်သော ပုဗ္ဗန္တာပရန္တ၌ မသိမှုအဝိဇ္ဇာ၊
(၈) ပဋိစ္စသမုပ္ပါဒ်ခေါ်အကြောင်းတရားတို့နှင့် ပဋိစ္စသမုပ္ပန်ခေါ်အကျိုးတရားတို့၌ မသိမှုအဝိဇ္ဇာတို့တည်း။

ဤ ၈ ဌာနအနက် နိရောဓသစ္စာနှင့်မဂ္ဂသစ္စာဟူသော လောကုတ္တရာသစ္စာနှစ်ဌာနတို့မှ အပ ကြွင်းသော ၆ ဌာန၌ အဝိဇ္ဇာသည် အာရုံပြုသည့်အစွမ်းအားဖြင့်လည်း ဖြစ်သေး၏။ သို့သော် ပင်ကိုရင်းသဘောလက္ခဏာကိုမသိအောင် ဖုံးလွှမ်းသည့်အစွမ်းအားဖြင့်သာလျှင် ဖြစ်ပေါ်၏။

အဝိဇ္ဇာသည် ဒုက္ခသစ္စာကို အာရုံပြု၍ ဖုံးလွှမ်းထားသည့်အခါ ဒုက္ခသစ္စာ၏ပင်ကိုရင်းသဘောလက္ခဏာကို ထိုးထွင်း၍သိခြင်းငှာ အခွင့်မပေး။ ထို့အတူ အဝိဇ္ဇာသည် ကျန် ၇ ဌာန ကိုလည်း ဖုံးလွှမ်း၍တည်ပြီး ပင်ကိုရင်းသဘောလက္ခဏာတို့ကို ထိုးထွင်း၍သိခြင်းငှာ အခွင့်မပေး။ ''ဤသည်ကား အဝိဇ္ဇာတည်း၊ ဤသည်တို့ကား သင်္ခါရတို့တည်း'' စသည်ဖြင့် ဟုတ်မှန်သော မိမိ၏ပင်ကိုရင်းသဘောလက္ခဏာတို့ကို ထိုးထွင်း၍သိခြင်းငှာ အခွင့်မပေးချေ။

## ၂ သင်္ခါရဟူသည်မှာ

သင်္ခါရသည် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူ၍သုံးပါး၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူ၍သုံးပါး၊ ပေါင်းသင်္ခါရ ၆ ပါးတည်း။

**ပုညာဘိသင်္ခါရ** ဟူသည်မှာ ဒါန, သီလ, စသည်တို့၏အစွမ်းဖြင့်ဖြစ်သော ကာမာဝစရ ကုသိုလ်စိတ် (မဟာကုသိုလ်စိတ်) ၈ ပါးနှင့် ယှဉ်သည့်စေတနာ ၈ ပါး၊ ဘာဝနာ၏အစွမ်း အားဖြင့်ဖြစ်သော ရူပါဝစရကုသိုလ်စိတ် ၅ ပါးနှင့်ယှဉ်သည့် ရူပါဝစရကုသိုလ်စေတနာ ၅ ပါး၊ ပေါင်း ကုသိုလ်စေတနာ ၁၃ ပါးတို့ပင်တည်း။

**အပုညာဘိသင်္ခါရ** ဟူသည်မှာ ပါဏာတိပါတစသည်တို့၏အစွမ်းဖြင့်ဖြစ်သော အကုသိုလ် စိတ် ၁၂ ပါးနှင့်ယှဉ်သည့် အကုသိုလ်စေတနာ ၁၂ ပါး ပင်တည်း။

**အာနေဉ္ဇာဘိသင်္ခါရ** ဟူသည်မှာ ဘာဝနာ၏အစွမ်းအားဖြင့်သာလျှင်ဖြစ်သော အရူပါဝစရ ကုသိုလ်စိတ် ၄ ပါးနှင့်ယှဉ်သည့် အရူပါဝစရကုသိုလ်စေတနာ ၄ ပါးပင်တည်း။

ထို့ကြောင့် ပုညာဘိသင်္ခါရစသည့် သင်္ခါရ ၃ ပါးဟူသည်မှာ အကုသိုလ်စိတ် ၁၂ ပါးနှင့် လောကီကုသိုလ်စိတ် ၁၇ ပါးတို့နှင့်ယှဉ်သော စေတနာ ၂၉ ပါးပင်တည်း။

**ကာယသင်္ခါရ** ဟူသည်မှာ ကာယဝိညတ်ရုပ်ကိုဖြစ်စေ၍ ကာယဒွါရ၌ ဖြစ်ကုန်သော ကာမာဝစရကုသိုလ်စေတနာ ၈ ပါးနှင့် အကုသိုလ်စေတနာ ၁၂ ပါး၊ ပေါင်းစေတနာ ၂၀ ပါးတည်း။

**ဝစီသင်္ခါရ** ဟူသည်မှာ ဝစီဝိညတ်ရုပ်ကိုဖြစ်စေ၍ ဝစီဒွါရ၌ဖြစ်ကုန်သော ကာမာဝစရ ကုသိုလ်စေတနာ ၈ ပါးနှင့် အကုသိုလ်စေတနာ ၁၂ ပါး၊ ပေါင်းစေတနာ ၂၀ ပါး တည်း။

**စိတ္တသင်္ခါရ** ဟူသည်မှာ ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်တို့ကို မဖြစ်စေမူ၍ မနောဒွါရ၌ ဖြစ်ကုန်သော လောကီကုသိုလ်စေတနာ ၁၇ ပါးနှင့် အကုသိုလ်စေတနာ ၁၂ ပါး၊ ပေါင်း စေတနာ ၂၉ ပါးတည်း။

**မှတ်ချက် – 'သင်္ခါရပစ္စယာ ဝိညာဏံ'** အရာ၌ အဘိညာစေတနာ ၂ ပါးနှင့် ဥဒ္ဓစ္စ စေတနာတို့သည် ဝိညာဏ်၏အကြောင်းမဖြစ်သောကြောင့် ၎င်းတို့ကို ကာယသင်္ခါရနှင့် ဝစီသင်္ခါရတို့၌ မထည့်ယူအပ်ချေ။ သို့သော် ကာယသင်္ခါရ, ဝစီသင်္ခါရအဖြစ်ယူခဲ့သော စေတနာ ၂၀ လုံးသည် အဝိဇ္ဇာဟူသောအကြောင်းကြောင့် ဖြစ်ကြပေ၏။

ထို့အပြင် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအဖြစ်ကောက်ယူသော စေတနာ ၂၉ ပါးသည် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရအဖြစ် ကောက်ယူသော စေတနာ ၂၉ ပါးနှင့် အတူတူပင်ဖြစ်ကြ၏။ ထို့ကြောင့် သရုပ်သဘောအားဖြင့် ပုညာ ဘိသင်္ခါရစသည့် သင်္ခါရသုံးပါးတို့၏ အစွမ်းဖြင့်သာလျှင် အဝိဇ္ဇာ၏သင်္ခါရတို့အား ကျေးဇူးပြု တတ်သည့်အဖြစ်ကို သိအပ်၏။

### • အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ပုံ

### (၁) ဒုက္ခသစ္စာ, ပုဗ္ဗန္တစသည်၌မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

''သင်္ခါရတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏'' ဟူသည့်သဘောကို အဘယ်သို့သိအပ်သ

နည်း''ဟု မေးမြန်းလာသည်ရှိသော်''အဝိဇ္ဇာထင်ရှားစွာရှိလတ်သော် သင်္ခါရတို့၏ထင်ရှားစွာ ရှိသည့်အဖြစ်ကြောင့် သိအပ်၏'' ဟုဖြေဆိုအပ်၏။ ထင်ရှားစေအံ့။

ဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သော အဝိဇ္ဇာကို အရိယမဂ်ဖြင့် မပယ်ရသေးသောပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၌လည်းကောင်း၊ ပုဗ္ဗန္တခေါ် ရှေးအစွန်းစသည်တို့၌လည်းကောင်း မသိခြင်းကြောင့် သံသရာဆင်းရဲကို ချမ်းသာဟုထင်မှတ်ကာ ထိုသံသရာဆင်းရဲ၏အကြောင်းဖြစ်သော သင်္ခါရသုံးပါးတို့ကို အားထုတ်၍ ပြုလုပ်၏။ ထို့ကြောင့် ဒုက္ခသစ္စာနှင့် ပုဗ္ဗန္တစသည်တို့၌ မသိသောအဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ပေ၏။

## (၂) သမုဒယသစ္စာ၌ မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ပုံ

တဏှာဟူသော သမုဒယသစ္စာ၌ မသိမှုအဝိဇ္ဇာကြောင့် ဆင်းရဲဒုက္ခ၏အကြောင်းဖြစ်ကြသော်လည်း တဏှာ၏အခြံအရံဖြစ်ကြသော သင်္ခါရတို့ကို ချမ်းသာသုခ၏အကြောင်းဟု ထင်မှတ်လျက် အားထုတ်ပြုလုပ်၏။ သို့အတွက် သမုဒယသစ္စာ၌ မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ပေ၏။

## (၃) နိရောဓသစ္စာ, မဂ္ဂသစ္စာတို့၌ မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ပုံ

ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်ဟူသော နိရောဓသစ္စာနှင့် နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်မှန်–မဂ္ဂသစ္စာတို့ကို မသိခြင်းအဝိဇ္ဇာကြောင့် ဆင်းရဲချုပ်ငြိမ်းရာမဟုတ်သည့် ဗြဟ္မာဘဝစသည့် ဂတိအထူးကို ဆင်းရဲချုပ်ငြိမ်းရာဟုထင်မှတ်လျက် ထိုဂတိအထူးကိုအလိုရှိသဖြင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်မှန်မဟုတ်သည့် ယစ်ပူဇော်ခြင်း၊ အမရအကျင့်စသည်ကိုကျင့်ခြင်းဖြင့် သင်္ခါရသုံးပါးကို အားထုတ်ပြုလုပ်၏။

**မှတ်ချက်** – နတ်, ဗြဟ္မာဖြစ်ဖို့ရန် ကျင့်သောအကျင့်သည် အမရအကျင့်မည်၏။ နတ်ဘဝ, ဗြဟ္မာဘဝတို့သည် ထာဝရချမ်းသာရာ, မသေရာဘဝဖြစ်၏ဟု တလွဲမှတ်ထင်ကာ ထိုဘဝသို့ရောက်လိုသဖြင့် မှားယွင်းသောအယူရှိလျက် နွား, ဆိတ်စသည်တို့ကို လည်လှီး၍ ယစ်ပူဇော်ခြင်း၊ နေပူမီးလှုံခြင်း၊ ဓား, အဆိပ်စသည်ဖြင့် မိမိကိုယ်ကိုမိမိသတ်ခြင်းစသည့် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့ကို အားထုတ်ပြုလုပ်၏။

## (၄) အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ပုံ

အဝိဇ္ဇာကို မပယ်ရသေးသောသူသည် သစ္စာလေးပါး၌ အဝိဇ္ဇာကို မပယ်ရသေးသည့် အဖြစ်ကြောင့် ကုသိုလ်ကောင်းမှု၏အကျိုးဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာတို့က ပဋိသန္ဓေနေခြင်းဒုက္ခ, အိုခြင်းဒုက္ခ, နာခြင်းဒုက္ခ, သေခြင်းဒုက္ခစသည့် များစွာသောအပြစ်တို့နှင့် ရောပြွမ်းနေသဖြင့် ဆင်းရဲဒုက္ခအစစ်ဖြစ်သည်ကို မသိချေ။ ထိုဆင်းရဲဒုက္ခကို ဒုက္ခဟုမမြင်ဘဲ သုခဟုထင်မှတ်ကာ ထိုလူ့ဘဝ, နတ်ဘဝတို့၏ ဒုက္ခတို့ကိုရဖို့ရန်အတွက် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ အပြားရှိသော ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာပြရသော် **နတ်သမီးကိုအလိုရှိသောသူသည် တောင်ထိပ်ဖျားမှခုန်ချသကဲ့သို့တည်း။** အကြောင်းမှာ ပုညာဘိသင်္ခါရသည် လူ့လောက, နတ်လောက၏ဇာတိ, ဇရာစသည့် ချောက်၌ကျခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သောကြောင့်တည်း။

ထို့အပြင် ကုသိုလ်ကောင်းမှု၏အကျိုးဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာတို့သည် သုခဟု သမုတ်အပ်သော်လည်း ထိုကောင်းမှုအကျိုး၏အဆုံး၌ ဥပမာ – စီးပွားပျက်ခြင်း, အခြွေအရံပျက်ခြင်း, ရာထူးမှလျှောကျခြင်း, သေခါနီးဖြစ်ခြင်းစသည့်အခါတို့၌ ပြင်းစွာသောပူပန်ဆင်းရဲခြင်းကိုဖြစ်စေသဖြင့် ဝိပရိဏာမဒုက္ခမည်၏။ ထိုကောင်းမှုအကျိုး၏ ဝိပရိဏာမဒုက္ခအဖြစ်၊ သာယာဖွယ်နည်းသည့်အဖြစ်တို့ကို မသိမမြင်သောကြောင့်လည်း ထိုကောင်းမှုအကျိုး၏အကြောင်းဖြစ်သော ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအပြားရှိသည့် ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – ပိုးဖလံသည် ဆီမီးလျှံသို့တိုးဝင်သကဲ့သို့တည်း၊ ပျားရည်ကိုတပ်မက်သော သူသည် ပျားရည်သုတ်လိမ်းထားသည့်ဓားသွားကို လျှာဖြင့်လျက်သကဲ့သို့တည်း။

## (၅) အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံ

မကောင်းမှုအကုသိုလ်ကံ၏မကောင်းကျိုးကို မသိသောကြောင့်လည်းကောင်း၊ မကောင်းကျိုးပေးတတ်သော ကာမဂုဏ်ကိုမှီဝဲခြင်းစသည့်အပြစ်ကို မမြင်သဖြင့် ချမ်းသာသည်ဟုထင်သော အမှတ်သညာဖြင့်လည်းကောင်း၊ ကိလေသာလွှမ်းမိုးဖိစီးသည့်အဖြစ်ကြောင့်လည်းကောင်း၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, မနောသင်္ခါရအပြားရှိသော အပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။ ဥပမာ – သူငယ်သည် မိမိ၏မစင်ဖြင့်ဆော့ကစားခြင်းကို ပြုသကဲ့သို့တည်း။
သေလိုသောသူသည် အဆိပ်စားခြင်းကို ပြုသကဲ့သို့တည်း။

## (၆) အဝိဇ္ဇာကြောင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံ

အရူပကုသိုလ်၏အကျိုးဝိပါက်ဖြစ်သော အရူပပြဟ္မာဘဝ၌ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခတို့ရှိ၏။ အဝိဇ္ဇာဖုံးလွှမ်းခံရသူသည် အရူပကုသိုလ်အကျိုးဝိပါက်၌ သင်္ခါရဒုက္ခအဖြစ်, ဝိပရိဏာမဒုက္ခအဖြစ်ကို မသိသောကြောင့် သဿတဒိဋ္ဌိစသည့် ဖောက်ပြန်မှားယွင်းသော ဝိပလ္လာသဖြင့် စိတ္တသင်္ခါရဖြစ်သည့် အာနေဉ္ဇာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – မျက်စိလယ်လမ်းမှားသောသူသည် ဘီလူးမြို့ဆီသို့ ရှေးရှုသွားသောလမ်းကို လိုက်သွားသကဲ့သို့တည်း။

## • အဝိဇ္ဇာမရှိလျှင် သင်္ခါရတို့မရှိပုံ

အထက်တွင်ဆိုခဲ့သည့်အတိုင်း အဝိဇ္ဇာရှိခြင်းကြောင့်သာလျှင် သင်္ခါရတို့၏ရှိခြင်းသည် ဖြစ်၏။ အဝိဇ္ဇာမရှိပါမူကား သင်္ခါရတို့၏ ရှိခြင်းသည် မဖြစ်နိုင်ပေ။ မြတ်စွာဘုရားဟောကြားထားသည်မှာ –

> *''ရဟန်းတို့ – ပညာမရှိသောသူသည် အဝိဇ္ဇာရှိသည်ဖြစ်၍ ပုညာဘိသင်္ခါရကို ပြုလုပ်၏၊ အပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏၊ အာနေဉ္ဇာဘိသင်္ခါရကိုလည်းပြုလုပ်၏။ ရဟန်းတို့ – အကြင်အခါ၌ ရဟန်း၏သန္တာန်ဝယ် အဝိဇ္ဇာကိုပယ်အပ်ပြီး၊ အဝိဇ္ဇာကင်းရှင်းပြီး၊ အရဟတ္တ မဂ်ပညာဟူသော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လေပြီ၊ ထိုအခါ၌ ထိုရဟန်းသည် အဝိဇ္ဇာကင်းခြင်းကြောင့် ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခြင်းကြောင့် ပုညာဘိသင်္ခါရကို မပြုလုပ်တော့သည်သာတည်း။''*

## • ပဋ္ဌာန်းပစ္စည်းများကိုပြဆိုချက်

''အဝိဇ္ဇာသည် သင်္ခါရတို့အားကျေးဇူးပြုတတ်၏'' ဟူသောစကားကို လက်ခံပါ၏။ သို့သော် အဘယ်သင်္ခါရတို့အား အဘယ်သို့သော အခြင်းအရာအားဖြင့် ကျေးဇူးပြုသည် ဟူသော စကားကို ဆိုသင့်ပါသေး၏''ဟူ၍ စောဒနာပြုနိုင်၏။ ထိုကျေးဇူးပြုပုံကို ရှင်းလင်း ဖြေဆိုရန် မြတ်စွာဘုရားသည် ဟေတုပစ္စည်းစသည့် **ပဋ္ဌာန်း ၂၄ ပစ္စည်း**ကို ဟောကြား တော်မူ၏ –

''*ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။*''

ထိုဟေတုပစ္စယစသည့်စကားတော်၌ အနက်အကျယ်ကား ထိုသဘောသည် ဟေတုလည်း မည်၊ ပစ္စယလည်းမည်သောကြောင့် ဟေတုပစ္စယမည်၏။ ဟေတု – ဟိတ်ဖြစ်၍ကျေးဇူး ပြုတတ်သောတရား၊ ဟိတ်အဖြစ်ဖြင့်ကျေးဇူးပြုတတ်သောတရားဟု ဆိုလို၏။ အာရမ္မဏ ပစ္စည်းစသည်၌လည်း နည်းတူယူပါ။

## • ၁ ဟေတုပစ္စည်းအကြောင်း

**ဟေတု** = ဟိတ်သည် စကား၏အစိတ်အပိုင်း, အကြောင်း, မူလဟူ၍ အနက်သုံးမျိုးရှိ၏။ '*ပဋိညာဉ်ဟိတ်*' စသည့်လောကစကား၌ စကား၏အစိတ်အပိုင်းကို ဟေတု – ဟိတ်ဟု ဆိုအပ်၏။

သာသနာတော်၌ ''*ယေ ဓမ္မာ ဟေတုပ္ပဘဝါ* – အကြင်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကုန်၏'' – ဤသို့စသည်၌ အကြောင်းတရားကို ဟိတ်ဟုဆိုအပ်၏။

''*တယော ကုသလဟေတူ၊ တယော အကုသလဟေတူ* – သုံးပါးကုန်သော ကုသိုလ်ဟိတ် တို့၊ သုံးပါးကုန်သော အကုသိုလ်ဟိတ်တို့'' – ဤသို့စသော စကားတို့၌ မူလကို ဟိတ်ဟု ဆိုအပ်၏။ ထိုမူလဟူသောအနက်ကို ဤအရာ၌ အလိုရှိအပ်၏။

**ပစ္စယ** = စွဲမှီ၍ဖြစ်ကြောင်းသည် ပစ္စယမည်၏။

'စွဲမှီ၍ဖြစ်၏' ဆိုရာ၌ 'အကြောင်းကို မစွန့်မူ၍ဖြစ်၏' ဟုဆိုလို၏။ ထင်ရှားအောင်ပြရလျှင် အကြင်အကျိုးတရားသည် အကြောင်းတရားကို မစွန့်မူ၍ စွဲမှီ၍တည်လည်းတည်၏၊ ဖြစ်လည်းဖြစ်၏၊ ထိုအကြောင်းတရားသည် ထိုအကျိုးတရား၏ပစ္စယဖြစ်သည်ဟု သိအပ်၏။

လက္ခဏာအားဖြင့်မူ ကျေးဇူးပြုခြင်းလက္ခဏာရှိသောသဘောသည် ပစ္စယမည်၏။ မှန်၏၊ အကြင်အကြောင်းတရားသည် အကြင်အကျိုးတရားကို ဖြစ်ခြင်းငှာ, တည်ခြင်းငှာ ကျေးဇူး ပြု၏။ ထိုအကြောင်းတရားကို ထိုအကျိုးတရား၏ ပစ္စယ = ကျေးဇူးပြုတတ်သောအကြောင်း ဟု ဆိုအပ်၏။

ပစ္စယ – ပစ္စည်း၊ ဟေတု – ဟိတ်၊ ကာရဏ = အကြောင်း၊ နိဒါန – နိဒါန်း၊ သမ္ဘဝ – ဖြစ်ကြောင်း၊ ပဘာဝ – ဖြစ်ခဲ့ရာအမွန်အစ – ဤအမည်အပေါင်းသည် အနက်အား ဖြင့်တူ၏၊ သဒ္ဒါသာထူး၏။

• **ဟေတုပစ္စည်းမည်ပုံ**

**အကြောင်းရင်း, မြစ်မ, မူလဟူသောအနက်သဘောကြောင့် 'ဟေတု' မည်၏။ ကျေးဇူးပြုတတ်သော အနက်သဘောကြောင့် 'ပစ္စယ' မည်၏။ ထို့ကြောင့် အကြောင်းရင်း, မြစ်မ, မူလဟူသောသဘောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဟေတုပစ္စည်း မည်၏။**

**အပရေဆရာတို့၏ယူဆချက်**

သလေးမျိုးစေ့စသည်တို့သည် သလေးစပါးပင်စသည်တို့၏ သလေးအဖြစ်စသည်ကို ပြီးစေသကဲ့သို့၊ ပတ္တမြား၏ညိုသောအဆင်းစသည်တို့သည် ပတ္တမြား၏အညိုရောင် စသည်တို့ကို ပြီးစေသကဲ့သို့၊ ထို့အတူ အလောဘစသောဟေတုပစ္စည်းစသည်တို့သည် မိမိတို့၏ အကျိုးပစ္စယုပ္ပန်ဖြစ်သော ကုသိုလ်စသည့်တရားတို့အား မိမိကဲ့သို့ ကုသိုလ်စသည့်အဖြစ်ကို ပြီးစေတတ်၏ဟု **ရေဝတမထေရ်**စသည့် အပရေဆရာတို့ ဆိုကြ၏။

ဤဆရာတို့၏အဆိုသည် မမှန်ကန်ပါ၊ မြတ်စွာဘုရားဟောကြားထားသည်မှာ

''*ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော*''

''*ဟိတ် ၆ ပါးသည် ဟိတ်နှင့်ယှဉ်ကုန်သော တရားတို့အားလည်းကောင်း၊ ထိုဟိတ်တို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့အားလည်းကောင်း၊ ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏*''

သို့အတွက် လောဘ, အလောဘစသော ဟိတ်တို့သည် ၎င်းတို့နှင့် တစ်ပေါင်းတည်း ယှဉ်ဖြစ်ကြသော စိတ်, စေတသိက်များကိုသာမက စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်း ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။ သို့သော် ထိုရုပ်တို့သည် ကုသိုလ်, အကုသိုလ်ဖြစ် မလာဘဲ အဗျာကတရုပ်များသာ ဖြစ်နေကြ၏။

ထို့အပြင် အဟိတ်ဝိပါက်စိတ်နှင့် အဟိတ်ကြိယာစိတ်တို့၏အဗျာကတအဖြစ်သည် ဟိတ် မရှိဘဲ ဟိတ်နှင့်ကင်းလျက်ပြီးစီး၏။ ဟိတ်ရှိသော သဟိတ်တရားတို့၏ ကုသိုလ်စသည်၏ အဖြစ်သည် ယောနိသောမနသိကာရစသည်နှင့်သာ စပ်ဆိုင်၏။ ယှဉ်ဖက်ဟိတ်နှင့် မစပ်ဆိုင်ပေ။ **ယောနိသောမနသိကာရ – သင့်တင့်စွာနှလုံးသွင်းလျှင် ကုသိုလ်စိတ်စေတသိက်တို့ ဖြစ်၏။ အယောနိသောမနသိကာရ – သင့်တင့်စွာနှလုံးမသွင်းလျှင် အကုသိုလ်စိတ် စေတသိက်တို့ဖြစ်၏။**

အကယ်၍ ကုသိုလ်, အကုသိုလ်စသည်၏အဖြစ်သည် ဟိတ်နှင့်စပ်ဆိုင်ငြားအံ့၊ ဥပမာ အလောဘသည် ကုသိုလ်ဖြစ်စေ အဗျာကတဖြစ်စေ တစ်မျိုးကိုသာ ဖြစ်စေအပ်၏။ ယခုမူ ကုသိုလ်ရော, အဗျာကတရော, နှစ်မျိုးလုံးကိုဖြစ်စေ၏။ ထို့ကြောင့် အပရဆရာတို့၏အဆိုသည် မှားယွင်း၏။

**ဟိတ်တို့၏ 'မူလ' အနက်ကို သင့်လျော်အောင်ယူပုံ**

ဟိတ်တို့၏ 'မူလ=အရင်းအမြစ်' ဟူသောအနက်သဘောကို ကုသိုလ်စသည့်အဖြစ်ကို

ပြီးစေသည့်အစွမ်းအားဖြင့် မယူမူဘဲ ကောင်းစွာတည်တံ့သောအဖြစ်ကို ပြီးစေသည့် အစွမ်းအားဖြင့်ယူပါမူ တစ်စုံတစ်ရာနှင့် မဆန့်ကျင်တော့ချေ။

အကြောင်းကား စည်ပင်ပြန့်ပွားသော အမြစ်များရှိကြသည့် သစ်ပင်တို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကုန်သကဲ့သို့ ဟေတုပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုခံရသော ပစ္စယုပ္ပန်တရားတို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကြကုန်၏။ ဟေတုပစ္စည်းမရှိသော အဟိတ်တရားတို့ကား နှမ်းစေ့ခန့်မှော်စသည်ကဲ့သို့ ကောင်းစွာမတည်တံ့ကြကုန်။

သို့ဖြစ်၍ **''အကြောင်းရင်း, မြစ်မ, မူလဟူသောသဘောအားဖြင့် ကျေးဇူးပြုတတ်သောတရား'' (ဝါ) ကောင်းစွာတည်တံ့သည့်အဖြစ်ကို ပြီးစေသောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဟေတုပစ္စည်းမည်၏ဟု သိအပ်၏။**

**ဟေတုပစ္စည်း၌အကျဉ်းမှတ်ဖွယ်**

ဟိတ် ၆ ပါးသည် ဟေတုပစ္စည်းမည်၏။ ထိုဟိတ်တို့နှင့်ယှဉ်ကြသော သဟိတ် ရာပါ၊ စေတသိက် ၅၂ ပါး၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဟေတုပစ္စည်း၏ပစ္စယုပ္ပန်မည်၏။

- **၂ အာရမ္မဏပစ္စည်းအကြောင်း**

**စိတ်စေတသိက်တို့အား ဆွဲကိုင်ထောက်တည်ရာအာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အာရုံ ၆ ပါးကို အာရမ္မဏပစ္စည်းဟုခေါ်၏။**

မစွမ်းသန်သောလူနာယောက်ျားသည် ကြိုးတန်းကို ကိုင်ဆွဲ၍ တောင်ဝှေးဖြင့်ဖေးမထောက်ကူ၍ ထိုင်နိုင်, ထနိုင်, ရပ်တည်နိုင်သကဲ့သို့ ထို့အတူပင် စိတ်စေတသိက်တို့သည် အဆင်းစသောအာရုံကို အာရုံပြု၍ (ဝါ) ဆွဲကိုင်၍သာလျှင် ဖြစ်လည်းဖြစ်နိုင်၊ တည်လည်း တည်နိုင်ကြကုန်၏။

''*ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော*''

*ရူပါရုံ (အဆင်း)သည် မြင်သိစိတ်နှင့်ယှဉ်ဖက်စေတသိက်တို့ကို အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏'' ဟု ဟောသည်မှစ၍*

''*ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော*''

''*အကြင် အကြင် တရားကို အာရုံပြု၍ အကြင်အကြင် စိတ်စေတသိက်တရားတို့သည် ဖြစ်ကုန်၏။ ထိုထိုတရားတို့သည် ထိုထိုစိတ်စေတသိက်တရားတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏*'' ဟု အဆုံးသတ်ကာ ဟောကြားတော်မူသဖြင့် တစ်စုံတစ်ခုသောတရားမျှ အာရမ္မဏပစ္စည်း မဖြစ်သည်မရှိချေ။ ထို့ကြောင့် စိတ်စေတသိက်တို့၏အာရုံဖြစ်ကုန်သော တရားအလုံးစုံသည် အာရမ္မဏပစ္စည်းဖြစ်သည်ဟု မှတ်အပ်၏။

**အာရမ္မဏပစ္စည်း၌ အကျဉ်းမှတ်ဖွယ်**

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟူသော အာရုံ ၆ ပါးသည်

အာရမ္မဏပစ္စည်းမည်၏။ ဤအာရုံ ၆ ပါးတွင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် ဟူသော တရားအလုံးစုံပါဝင်သည်။

ထိုအာရုံတို့ကို အာရုံပြု၍ဖြစ်သော စိတ် ၈၉ ပါးနှင့် စေတသိက် ၅၂ ပါးတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

- **၃ အဓိပတိပစ္စည်းအကြောင်း**

**အကြီးအမှူးအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် အဓိပတိမည်၏။ အဓိပတိ ပစ္စည်းသည် သဟဇာတာဓိပတိပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းဟူ၍ ၂ မျိုးရှိ၏။**

**သဟဇာတာဓိပတိပစ္စည်း**

''*ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ*
*အဓိပတိပစ္စယေန ပစ္စယော*''

''*ကြီးမှူးလွန်ကဲသောဆန္ဒသည် ဆန္ဒ၏ယှဉ်ဖက်ဖြစ်ကြသော စိတ်စေတသိက်တရားတို့အား လည်းကောင်း၊ ထိုဆန္ဒကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ အဓိပတိပစ္စည်း၏ သတ္တိဖြင့် ကျေးဇူးပြု၏*''

ဤသို့ဟောတော်မူသဖြင့် ဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ (ပညာ) တို့သည် သဟဇာတ အဓိပတိများ ဖြစ်ကြ၏။ သို့သော် လေးပါးလုံး တစ်ပြိုင်နက် အဓိပတိပစ္စည်းမဖြစ်ကြ၊ စိတ်, စေတသိက်အစုအဖွဲ့တစ်ခုတွင် ဆန္ဒက စွမ်းအားကြီး၍ အကြီးအမှူးဖြစ်လျှင် ဆန္ဒ သည်သာ အဓိပတိပစ္စည်းဖြစ်၏။ အကယ်၍ ဝီရိယကစွမ်းအားကြီး၍ အကြီးအကဲဖြစ်လျှင် ဝီရိယသည်သာ အဓိပတိပစ္စည်းဖြစ်၏။

**အာရမ္မဏာဓိပတိပစ္စည်း**

စိတ်စေတသိက်တို့က အလေးအမြတ်အာရုံပြုအပ်သော တရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းမည်၏။ မြတ်စွာဘုရားဟောကြားထားသည်မှာ –

''*ယံ ယံ ဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ*
*တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော*''

''*အကြင်အကြင်တရားကို အလေးအမြတ်အာရုံပြု၍ အကြင်အကြင်စိတ်စေတသိက် တရားတို့ဖြစ်ကုန်၏။ ထိုထိုအလေးအမြတ်ပြုအပ်သော တရားတို့သည် ထိုထိုအလေး အမြတ်ပြုတတ်သော စိတ်စေတသိတ်တရားတို့အား အဓိပတိပစ္စည်း၏သတ္တိဖြင့် ကျေးဇူး ပြုကြ၏။*''

**အဓိပတိပစ္စည်း၌ အကျဉ်းမှတ်ဖွယ်**

အဓိပတိတပ်ခိုက် ဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ (ပညာ) ဟူသော ၄ ပါးတို့တွင် တစ်ပါး ပါးသည် သဟဇာတာဓိပတိပစ္စည်းမည်၏။

(မောဟမူ ၂၊ ဟသိတုပ္ပါဒ်ကြဉ်သော) သာဓိပတိဇောစိတ် ၅၂ ပါး၊ ထိုစိတ်တို့နှင့်ယှဉ် သော (ဝိစိကိစ္ဆာနှင့်အဓိပတိတရားကိုယ်ကြဉ်သော) စေတသိက် ၅၀ ပါး၊ သာဓိပတိ

စိတ္တဇရုပ်တို့သည် သဟဇာတာဓိပတိပစ္စယုပ္ပန်မည်၏။

- **၄,၅ အနန္တရပစ္စည်း, သမနန္တရပစ္စည်းအကြောင်း**

**အခြားမရှိသည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေးစိတ်စေတသိက်တရားတို့သည် အနန္တရပစ္စည်းမည်၏။**

**ကောင်းစွာအခြားမရှိသည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရှေးရှေးစိတ်စေတသိက်တရားတို့သည် သမနန္တရပစ္စည်းမည်၏။**

ပဋ္ဌာန်းပါဠိတော်၌ ''*စက္ခုဝိညာဏ်၏အခြားမဲ့၌ မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်၏၊ မနောဓာတ်၏အခြားမဲ့၌ မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်ဖြစ်၏။ ရှေးရှေးဇောစိတ်၏ အခြားမဲ့၌ နောက်နောက်ဇောစိတ်ဖြစ်၏*'' စသည်ဖြင့် ဟောတော်မူ၏။

**ထို့ကြောင့် စိတ်စေတသိက်တရားတို့သည် ဖြစ်ပေါ်ပြီးနောက်ချုပ်ပျောက်သွားကြသော်လည်း အရှိန်အဟုန်အစွမ်းသတ္တိကင်းမဲ့စွာ ချုပ်ပျောက်သွားကြသည်မဟုတ်၊ မိမိတို့ကင်းချုပ်ပြီးသည့်နောက်၌ သင့်လျော်သောစိတ်စေတသိက်တို့ အကြားမလပ်, တစ်ဆက်တည်းဖြစ်စေရန် ကျေးဇူးပြုကြ၏။** ဤကျေးဇူးပြုသောသတ္တိကို အနန္တရပစ္စယသတ္တိ (ဝါ) အနန္တရပစ္စည်း၏ သတ္တိဟုခေါ်၏။ ဤသဘောကို စိတ္တနိယာမ (ဝါ) စိတ်တို့၏ ဖြစ်မြဲသဘောဟုခေါ်၏။

ထို့ကြောင့်ပင်လျှင်မြတ်စွာဘုရားသည်''*စက္ခုဝိညာဏဓာတ်သည်လည်းကောင်း၊ ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တရားတို့သည်လည်းကောင်း၊ မနောဓာတ်အားလည်းကောင်း ယင်းဓာတ်နှင့်ယှဉ်သော စေတသိက်တို့အားလည်းကောင်း၊ အနန္တရပစ္စည်း၏ သတ္တိဖြင့် ကျေးဇူးပြု၏*''စသည်ဖြင့် ဟောကြားတော်မူ၏။

အကြင်တရားသည် အနန္တရပစ္စည်းဖြစ်၏၊ ထိုတရားသည်ပင်လျှင် သမနန္တရပစ္စည်းဖြစ်၏။ ဥပမာ ဥပစယရုပ်နှင့် သန္တတိရုပ်တို့သည် အမည်ကွဲသော်လည်း ဇာတိရုပ်တစ်မျိုးသာ ဖြစ်သကဲ့သို့ ထို့အတူ အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းတို့သည် သဒ္ဒါမျှသာထူး၏၊ အနက်သဘောအားဖြင့် ထူးခြားခြင်းမရှိချေ။

**အပရေဆရာတို့၏ယူဆချက်**

''သဘောတရားအားဖြင့် အခြားမရှိသည်၏အဖြစ်ကြောင့် အနန္တရပစ္စည်းမည်၏၊ ကာလအားဖြင့် အခြားမရှိသည်၏အဖြစ်ကြောင့် သမနန္တရပစ္စည်းမည်၏'' ဟူ၍ ထူးခြားပုံကို **ရေဝတဆရာ**တို့ အလိုရှိကြ၏။ ဤယူဆချက်သည် အောက်ပါပါဠိစကားတော် စသည်နှင့် ဆန့်ကျင်၏။

''*နိရောဓသမာပတ်မှထသော (အနာဂါမ်) ပုဂ္ဂိုလ်၏ နေဝသညာ နာသညာယတန ကုသိုလ်စိတ်သည် (အနာဂါမိ) ဖိုလ်စိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏*'' ဟုဟောတော်မူ၏။

ဆန့်ကျင်ပုံမှာ နိရောဓသမာပတ်မဝင်စားမီဖြစ်ခဲ့သော နေဝသညာ နာသညာယတန ဈာန်ဇောသည် နိရောဓသမာပတ်မှထသည့်အခါ၌ဖြစ်သော ဖိုလ်စိတ်အား သမနန္တရပစ္စည်း၏

သတ္တိဖြင့် ကျေးဇူးပြုရာ၌ ဂ ရက်စသည်ကာလခြားပြီးမှ ကျေးဇူးပြုသောကြောင့် ထိုအပရေဆရာတို့၏ယူဆချက်သည် ပါဠိတော်နှင့်ဆန့်ကျင်၏။

**အပရေဆရာတို့၏ချေပချက်**

''နိရောဓသမာပတ်မဝင်စားမီဖြစ်ခဲ့သော နေဝသညာ နာသညာယတနစျာန်ဇောသည် နိရောဓသမာပတ်မှထသောအခါ၌ ဖြစ်ပေါ်သည့်ဖိုလ်စိတ်အား ကာလမခြားဘဲဖြစ်အောင် ကျေးဇူးမပြုသော်လည်း စိတ်စေတသိက်တရားတို့၏ ကာလမခြားဘဲဖြစ်စေခြင်းငှာ စွမ်းနိုင်သောစွမ်းရည်သည် မယုတ်လျော့ပါ။ နိရောဓသမာပတ်ဘာဝနာ၏ အစွမ်းဖြင့် တားမြစ်ထားသောကြောင့်သာလျှင် ပစ္စယုပ္ပန်စိတ်စေတသိက်တရားတို့သည် ကာလအခြားမဲ့၌ မဖြစ်ဘဲရှိကြသည်''ဟူ၍ အပရေဆရာတို့ချေပကြ၏။

ဤချေပသောစကားသည်လည်း မသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဤချေပစကားသည် ပင် ကာလကွာခြားမှုရှိသည်ကို ဝန်ခံရာရောက်သောကြောင့်ဖြစ်၏။ သမနန္တရပစ္စည်းသည် ကောင်းစွာအခြားမရှိသည့်အဖြစ်ဖြင့် ကျေးဇူးပြု၏။ နိရောဓသမာပတ်အရာ၌ နိရောဓသမာပတ်ဘာဝနာက တားဆီးထားသောကြောင့် ဂ ရက်စသည်ကာလခြားပြီးမှ ကျေးဇူးပြုခြင်းဖြစ်၏။ သို့ဖြစ်၍ ''ကာလအားဖြင့် အခြားမရှိသည့်အဖြစ်ကြောင့် သမနန္တရပစ္စည်းမည်၏'' ဟူသော အပရေဆရာတို့၏အဆိုသည် မသင့်ပါ။

**အနန္တရပစ္စည်း, သမနန္တရပစ္စည်း၌ အကျဉ်းမှတ်ဖွယ်**

ရဟန္တာစုတိစိတ်ကြဉ်သော ရှေးရှေးအခြားမဲ့စိတ် ၈၉ ပါးနှင့် ၎င်းတို့၏ယှဉ်ဖက် စေတသိက် ၅၂ ပါးတို့သည် အနန္တရပစ္စည်း, သမနန္တရပစ္စည်းမည်ကြ၏။ နောက်နောက်အခြားမဲ့ စိတ်စေတသိက်အပေါင်းသည် အနန္တရပစ္စယုပ္ပန်, သမနန္တရပစ္စယုပ္ပန်မည်ကြ၏။

- **၆ သဟဇာတပစ္စည်းအကြောင်း**

**ဆီမီးသည် ဖြစ်ပေါ်ဆဲပင်လျှင် မီးမီးနှင့်အတူတကွ အလင်းရောင်ကို ဖြစ်စေသကဲ့သို့ ထိုအတူ မိမိဖြစ်ပေါ်ဆဲပင်လျှင် ပစ္စယုပ္ပန်အား အတူတကွတစ်ပြိုင်နက်ဖြစ်ပေါ်အောင် ကျေးဇူးပြုသောတရားသည် သဟဇာတပစ္စည်းမည်၏။ သဟဇာတပစ္စည်းသည် ၆ ပါးအပြားရှိ၏။**

(၁) **နာမ်ခန္ဓာ ၄ ပါး**ဟူသော စိတ်စေတသိက်တို့သည် အချင်းချင်း တစ်ခုကိုတစ်ခု သဟဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၂) **မဟာဘုတ် ၄ ပါး**ဟူသော ပထဝီ, အာပေါ, တေဇော, ဝါယောတို့သည် အချင်းချင်း အတူတကွ တစ်ပြိုင်နက်ဖြစ်အောင် သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၃) ပဋိသန္ဓေခဏ၌ **စိတ်စေတသိက်နာမ်**နှင့် **ဟဒယဝတ္ထုရုပ်**သည် အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(၄) **စိတ်စေတသိက်တရား**တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(၅) **မဟာဘုတ် ၄ ပါး**သည် ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။

(၆) **ဟဒယဝတ္ထုရုပ်တရား**တို့သည် ပဋိသန္ဓေခဏ၌ စိတ်စေတသိက်တို့အား သဟဇာတ

ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

• ၇ အညမညပစ္စည်းအကြောင်း

**အချင်းချင်းထောက်ပံ့လျက် ထောင်နေကြသော သစ်သားသုံးချောင်းကဲ့သို့ အချင်းချင်းအပြန်အလှန်ဖြစ်စေတတ်, ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အညမညပစ္စည်းမည်၏။ အညမညပစ္စည်းသည် ၃ ပါးအပြားရှိ၏။**

(၁) **နာမ်ခန္ဓာ ၄ ပါး**ဟူသော စိတ်စေတသိက်တို့သည် အချင်းချင်းအပြန်အလှန် အညမည ပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၂) **မဟာဘုတ် ၄ ပါး**တို့သည် အချင်းချင်းအပြန်အလှန် အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၃) ပဋိသန္ဓေခဏ၌ **စိတ်စေတသိက်နာမ်**နှင့် **ဟဒယဝတ္ထုရုပ်**တို့သည် အချင်းချင်း အပြန်အလှန် အညမညသတ္တိဖြင့် ကျေးဇူးပြုကြ၏။

• ၈ နိဿယပစ္စည်းအကြောင်း

**မြေကြီးသည် သစ်ပင်စသည်တို့၏တည်ရာဖြစ်သကဲ့သို့ ပန်းချီကားအဝတ်သည် ပန်းချီဆေးစသည်၏ မှီရာဖြစ်သကဲ့သို့ ထို့အတူ တည်ရာ, မှီရာအခြင်းအရာအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် နိဿယပစ္စည်းမည်၏။**

နိဿယပစ္စည်းသည် အတူတကွဖြစ်၍ တည်ရာ, မှီရာအဖြစ်ကျေးဇူးပြုတတ်သော **သဟဇာတနိဿယပစ္စည်း**နှင့် ရှေးဖြစ်နှင့်ပြီး နောက်ဖြစ်သောပစ္စယုပ္ပန်တရားအား ကျေးဇူးပြုသော **ပုရေဇာတနိဿယပစ္စည်း**ဟူ၍ ၂ ပါး အပြားရှိ၏။

(၁) **သဟဇာတနိဿယပစ္စည်း ၅ ပါး**သည် အထက်တွင်ဖော်ပြခဲ့သော နံပါတ် ၁ မှ ၅ အထိ သဟဇာတပစ္စည်း ၅ ပါးနှင့်တူ၏။

(၂) **ပုရေဇာတနိဿယပစ္စည်းများ**နှင့် ယင်းတို့၏ကျေးဇူးပြုပုံမှာ–

''**စက္ခာယတန**ဟူသော စက္ခုပသာဒသည် စက္ခုဝိညာဏ်ဒွေးနှင့် ယှဉ်ဖက်စေတသိက်တို့အားလည်းကောင်း။ ပ ။ **ကာယာယတန** (ကာယပသာဒ) သည် ကာယဝိညာဏ်ဒွေးနှင့် ယှဉ်ဖက်စေတသိက်တို့အားလည်းကောင်း၊ ပုရေဇာတနိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။''

''ရှေးရှေးအခြားမဲ့စိတ်နှင့်အတူဥပါဒ်သော **ဟဒယဝတ္ထုရုပ်**တို့သည် **မနောဓာတ် ၃ ပါး**နှင့် ယှဉ်ဖက်စေတသိက်များအားလည်းကောင်း၊ အရူပဝိပါက် ၄ ပါးကြဉ်သော **မနောဝိညာဏဓာတ် ၇၂ ပါး**နှင့် ယှဉ်ဖက်စေတသိက်များအားလည်းကောင်း၊ ပုရေဇာတ နိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။''

• ၉ ဥပနိဿယပစ္စည်းအကြောင်း

**လွန်ကဲသော, အားကြီးသည့်မှီရာ, တည်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရားသည် ဥပနိဿယပစ္စည်းမည်၏။ ဥပနိဿယပစ္စည်းသည်**

**(၁) အာရမ္မဏူပနိဿယပစ္စည်း၊ (၂) အနန္တရူပနိဿယပစ္စည်း**

## (၃) ပကတူပနိဿယပစ္စည်းဟူ၍ ၃ ပါးအပြားရှိ၏။

### (၁) အာရမ္မဏူပနိဿယပစ္စည်းကို ဟောကြားပုံ

''*လှူဖွယ်ဝတ္ထုကို ပေးလှူပြီးလျှင်၊ သီလကိုဆောက်တည်ပြီးလျှင်၊ ဥပုသ်စောင့်ပြီးလျှင် ထိုဒါန, သီလ, ဥပုသ်စောင့်ခြင်းကို အလေးပြု၍ဆင်ခြင်၏။ ရှေးကာလ၌ ကောင်းစွာကျင့်ခဲ့သော ကောင်းမှုတို့ကို အလေးပြု၍ဆင်ခြင်၏။ ဈာန်မှထပြီးလျှင် ဈာန်ကိုအလေးပြု၍ ဆင်ခြင်၏။ သောတာပန်တို့သည် သောတာပတ္တိမဂ်၏ ရှေးအခြားမဲ့ဖြစ်သော ဂေါတြဘူကို အလေးပြု၍ဆင်ခြင်ကုန်၏။ သကဒါဂါမ်နှင့် အနာဂါမ်တို့သည် ဝေါဒါန်ကို အလေးပြု၍ ဆင်ခြင်ကုန်၏။ သေက္ခပုဂ္ဂိုလ်တို့သည် မဂ်မှထ၍ မဂ်ကိုအလေးပြု၍ ဆင်ခြင်ကုန်၏'*' ဟူ၍ အရမ္မဏူပနိဿယပစ္စည်းကို အာရမ္မဏာဓိပတိပစ္စည်းနှင့် ထူးခြားခြင်းမပြုမူဘဲ ဟောကြားတော်မူ၏။

**အာရမ္မဏူပနိဿယပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းတို့၏ ထူးခြားချက်မှာ** – အကြင်အာရုံကို အလေးပြု၍ စိတ်စေတသိက်တို့ဖြစ်ကြ၏။ ထိုအာရုံသည် ကိန်းသေအမြဲအားဖြင့် ထိုစေတသိက်တို့၏အာရုံတို့အနက် အားကြီးသောအာရုံဖြစ်ပေ၏။ ထိုအာရုံသည် အလေးပြုအပ်သည့်အဖြစ်မျှဟူသော အနက်သဘောကြောင့် အာရမ္မဏာဓိပတိပစ္စည်းမည်၏။ အားကြီးသောအကြောင်းဟူသည့်အနက်သဘောကြောင့် အရမ္မဏူပနိဿယပစ္စည်းမည်၏။ ဤသို့ထူးခြားခြင်းကို သိအပ်၏။

### (၂) အနန္တရူပနိဿယပစ္စည်းကို ဟောကြားပုံ

''*ရှေးရှေး၌ဖြစ်ကြသော ကုသိုလ်တရားတို့သည် နောက်နောက်၌ဖြစ်ကြသည့် ကုသိုလ်တရားတို့အား ဥပနိဿယပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုကြ၏*'' – ဤသို့စသည်ဖြင့် *အနန္တရပစ္စည်းနှင့် ထူးခြားခြင်းကိုမပြုမူဘဲ အနန္တရူပနိဿယပစ္စည်းကိုဟောကြားတော်မူ၏။*

**အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်း တို့၏ထူးခြားချက်မှာ** ပစ္စယနိဒ္ဒေသပါဠိတော်၌ မာတိကာထား၍ ဟောတော်မူပုံချင်းသာထူးခြား၏။

(က) ''*စက္ခုဝိညာဏဓာတ်သည်လည်းကောင်း၊ ယင်းဝိညာဏဓာတ်နှင့်ယှဉ်သော စေတသိက် ၇ ပါးသည်လည်းကောင်း၊ မနောဓာတ်အားလည်းကောင်း၊ မနောဓာတ်နှင့် ယှဉ်သော စေတသိက် ၁၀ ပါးအားလည်းကောင်း၊ အနန္တရပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။*'' – ဤသို့ စသည့်နည်းဖြင့် အနန္တရပစ္စည်းကို ဟောတော်မူ၏။

(ခ) ''*ရှေးရှေး၌ဖြစ်ကုန်သော ကုသိုလ်တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သော ကုသိုလ်တရားတို့အား ဥပနိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏*' – ဤသို့စသည့်နည်းဖြင့် အနန္တရူပနိဿယပစ္စည်းကို ဟောတော်မူ၏။

ဤသို့ မာတိကာထားရာ၌ထူးခြားခြင်းရှိသော်လည်း လိုရင်းသဘောအနက်အားဖြင့်ကား တစ်ခုတည်းအဖြစ်တူကြ၏။ ဤသို့တူကြသော်လည်း မိမိ၏အခြားမဲ့၌ သင့်လျော်သောစိတ်စေတသိက် (စိတ္တုပ္ပါဒ်) ကိုဖြစ်စေခြင်း၌ စွမ်းနိုင်သည့်အဖြစ်ကြောင့် အနန္တရပစ္စည်းမည်၏။ နောက်စိတ်စေတသိက်ကိုဖြစ်စေရာ၌ ရှေးစိတ်စေတသိက်၏အားကြီးသည့်အဖြစ်ကြောင့်

အနန္တရူပနိဿယပစ္စည်းမည်၏ဟု သိအပ်၏။

အခြားမဲ့သောရှေးစိတ်နှင့်ကင်း၍ နောက်စိတ်၏ဖြစ်ခြင်းမည်သည် မရှိပါ။ ထို့ကြောင့် အားကြီးသောအကြောင်းဖြစ်၏။ သို့ဖြစ်၍ မိမိ၏အခြားမဲ့၌ သင့်လျော်သောစိတ်ကို ဖြစ်စေသည့်အကြောင်း၏အစွမ်းအားဖြင့် အနန္တရပစ္စည်းကို သိအပ်၏။ အားကြီးသောအကြောင်း၏ အစွမ်းအားဖြင့် အနန္တရူပနိဿယပစ္စည်းကိုသိအပ်၏။

## (၃) ပကတူပနိဿယပစ္စည်းကျေးဇူးပြုပုံ

ပကတူပနိဿယ = ပကတ + ဥပနိဿယ

= ကောင်းစွာပြုပြင်အပ်သော + အားကြီးသည့်အကြောင်း

မိမိ၏အကျိုးကိုပြီးစေနိုင်အောင် ကောင်းစွာပြုပြင်အပ်သော အားကြီးသည့်အကြောင်းသည် ပကတူပနိဿယမည်၏။ ကောင်းစွာပြုပြင်အပ်သည်မည်သည်မှာ မိမိသန္တာန်၌ ပြီးစေအပ်သော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာသည်လည်းကောင်း၊ ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း, အိပ်ရာနေရာသည်လည်းကောင်း၊ ပကတမည်၏။ တစ်နည်းအားဖြင့် အာရမ္မဏ, အနန္တရ တို့နှင့်မရောယှက်ဘဲ **မိမိ၏ပင်ကိုပကတိသဘောအားဖြင့်သာလျှင် ဥပနိဿယ = အားကြီးသောအကြောင်းသည် ပကတူပနိဿယမည်၏။**

''***ပကတူပနိဿယကား သဒ္ဓါတရားကိုအမှီပြု၍*** *အလှူဒါနပြု၏၊ သီလဆောက်တည်၏၊ ဥပုသ်စောင့်သုံး၏၊ ဈာန်ကိုဖြစ်စေ၏၊ ဝိပဿနာကိုဖြစ်စေ၏၊ မဂ်ကိုဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကိုဖြစ်စေ၏။ သီလကိုအမှီပြု၍ . . .။ သုတကိုအမှီပြု၍ . . .။ စာဂကိုအမှီပြု၍ . . .။ ပညာကိုအမှီပြု၍ . . .။ သဒ္ဓါသည်၊ သီလသည်၊ သုတသည်၊ စာဂသည်၊ ပညာသည် နောက်ထပ်ဖြစ်သောသဒ္ဓါအား၊ သီလအား၊ သုတအား၊ စာဂအား၊ ပညာအား ဥပနိဿယပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏*'' ဤသို့ စသည်ဖြင့် များသောအပြား အားဖြင့်သိအပ်၏။

သဒ္ဓါစသောတရားတို့သည် ကောင်းစွာပြုပြင်အပ်သောကြောင့် ပကတလည်းမည်ကုန်၏၊ အားကြီးသောမှီရာ, တည်ရာအနက်သဘောကြောင့် ဥပနိဿယလည်း မည်ကုန်၏။ ထိုနှစ်ပါးသောအကြောင်းတို့ကြောင့် ပကတူပနိဿယပစ္စည်းမည်ကုန်၏။

**မှတ်ချက်** – ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, ရုပ်, ဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း, အိပ်ရာ, နေရာ တစ်စုံတစ်ခုကိုစွဲမှီ၍ ကုသိုလ်စသည်ဖြစ်ပွားလျှင် စွဲမှီရာကုသိုလ် စသည်က ပကတူပနိဿယပစ္စည်း၊ စွဲမှီ၍ဖြစ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, စိတ်စေတသိက်နာမ်ခန္ဓာက ပကတူပနိဿယပစ္စယုပ္ပန် ဖြစ်၏။

- **၁၀ ပုရေဇာတပစ္စည်းအကြောင်း**

ပုရေ = ရှေးဦး + ဇာတ = ဖြစ်၍ကျေးဇူးပြုသောတရား

**ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်ပြီးလျှင် ဖြစ်ဆဲ-ရှိဆဲ-တည်ဆဲအခိုက်၌ ပစ္စုယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သော နိပ္ဖန္နရုပ် ၁၈ ပါးတရားတို့သည် ပုရေ ဇာတပစ္စည်း မည်၏။ ပုရေဇာတပစ္စည်းသည် ပဋ္ဌာဒ္ဒါရစက္ခုပသာဒစသည့်ထဏ္ဍ ၅**

**ပါး, ရူပါယတန = အဆင်းစသောအာရုံ ၅ ပါး, ဟဒယဝတ္ထု ၁ ပါးတို့၏အစွမ်းအားဖြင့် ၁၁ ပါးအပြားရှိ၏။** မြတ်စွာဘုရားဟောကြားပုံကား –

**ဝတ္ထုပုရေဇာတပစ္စည်း ၅ ပါးဟောပုံ**

''*စက္ခာယတန (စက္ခုဝတ္ထု) သည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်) အားလည်းကောင်း၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သည့် စေတသိက် ၇ ပါးတရားတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ ပ ။ ကာယာယတန (ကာယဝတ္ထု) သည် ကာယဝိညာဏဓာတ် (ထိသိစိတ်) အားလည်းကောင်း၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်သည့် စေတသိက် ၇ ပါးတရားတို့အားလည်းကောင်း ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။*

**အာရမ္မဏပုရေဇာတပစ္စည်း ၅ ပါးဟောပုံ**

''*ရူပါယတန (အဆင်း) သည် စက္ခုဝိညာဏဓာတ်အားလည်းကောင်း၊ ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်သောစေတသိက်၇ပါးအားလည်းကောင်း။ ပ ။ ဖောဋ္ဌဗ္ဗာယတန (အထိအတွေ့) သည် ကာယဝိညာဏဓာတ်အားလည်းကောင်း၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် ၇ ပါးတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။*''

''*ရူပါယတနသည်၊ သဒ္ဒါယတနသည်၊ ဂန္ဓာယတနသည်၊ ရသာယတနသည်၊ ဖောဋ္ဌဗ္ဗာယတနသည် မနောဓာတ်အားလည်းကောင်း၊ ထိုမနောဓာတ်နှင့်ယှဉ်သော စေတသိက် ၁၀ ပါးတရားတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏*''

**ဟဒယဝတ္ထုပုရေဇာတပစ္စည်းဟောပုံ**

''*အကြင်ရုပ် (ဟဒယရုပ်ဝတ္ထု) ကို အမှီပြု၍ မနောဓာတ်သည်လည်းကောင်း၊ မနောဝိညာဏဓာတ်သည်လည်းကောင်း၊ ဖြစ်ကုန်၏။ ထိုမှီရာရုပ်သည် မနောဓာတ်အားလည်းကောင်း၊ ထိုမနောဓာတ်နှင့်ယှဉ်သောစေတသိက် ၁၀ ပါးတရားတို့အားလည်းကောင်း၊ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုမှီရာရုပ်သည် အရူပစိတ် ၄ ပါးကြဉ်သော စိတ် ၇၂ ပါးဟူသည့် မနောဝိညာဏဓာတ်အားလည်းကောင်း၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်သော စေတသိက် ၅၂ ပါးတရားတို့အားလည်းကောင်း၊ ပဝတ္တိကာလ၌ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏၊ ပဋိသန္ဓေစိတ်ဥပါဒ်ခဏ၌ ပုရေဇာတပစ္စည်းသတ္တိဖြင့် ကျေးဇူးမပြုပါ။ (သဟဇာတပစ္စည်းသတ္တိဖြင့်သာ ကျေးဇူးပြု၏)*''

- **၁၁ ပစ္ဆာဇာတပစ္စည်းအကြောင်း**

ပစ္ဆာ = နောက်မှ + ဇာတ = ဖြစ်၍ကျေးဇူးပြုသောတရား။

**ပစ္စယုပ္ပန်ဖြစ်ပြီးနောက်မှဖြစ်ပေါ်၍ ပစ္စယုပ္ပန်အားကျေးဇူးပြုသောတရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။ လင်းတငယ်၏ခန္ဓာကိုယ်သည် ဦးစွာဖြစ်၍ အစာစားချင်သော စေတနာက နောက်မှဖြစ်၏။ မိခင်လင်းတက အစာမကျွေးသဖြင့် လင်းတငယ်၏ အစားစားချင်သည့် စေတနာသည် လင်းတငယ်၏ခန္ဓာကိုယ်ကြီးထွားလာရန် ကျေးဇူး ပြုကာထောက်ပံ့၏။ ဤသို့နောက်မှဖြစ်၍ ရှေးဖြစ်နှင့်သောပစ္စယုပ္ပန်တရားကို ကျေးဇူး ပြုသည့်တရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။**

ပစ္စည်းတရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်ကုန်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယဟူသည့် ရုပ်တရားတို့ကို ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အရူပဝိပါက် ၄ ပါးကြဉ်သည့် စိတ် ၈၅ ပါး၊ စေတသိက် ၅၂ ပါးဟူသော နာမ်တရားတို့သည် ပစ္ဆာဇာတပစ္စည်းမည်ကြ၏။ ဤကား အကျဉ်းမှတ်ဖွယ်တည်း။

ပဋိသန္ဓေစိတ်ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်အပေါင်းကို ကေဇကာယဟုခေါ်၏။ ပဋိသန္ဓေစိတ်ဌီခဏ၌ဖြစ်သော ဥတုဇရုပ်အပေါင်းနှင့်တကွ ဒွိဇကာယဖြစ်လာ၏။ ယင်းဒွိဇကာယအား ပထမဘဝင်စိတ်စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကာ ထောက်ပံ့၏။ ထိုပထမဘဝင် ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇရုပ်နှင့်တကွ တိဇကာယဖြစ်လာ၏။ ထိုတိဇကာယအား ဒုတိယဘဝင်စိတ်စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကာ ထောက်ပံ့၏။ ကာမဘုံ၌ အာဟာရဇရုပ်ဖြစ်ပေါ်လာသည့်အခါ စတုဇကာယအား နောက်နောက် စိတ်စေတသိက်အပေါင်းက ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကာထောက်ပံ့၏။

- **၁၂ အာသေဝနပစ္စည်းအကြောင်း**

**စာပေကျမ်းဂန်သင်ယူရာ၌ ရှေးရှေးဖြစ်သောသင်ယူခြင်း, ကြားနာခြင်း, ဆောင်ခြင်း စသည့် အားထုတ်မှီဝဲခြင်းသည် နောက်နောက်သင်ယူခြင်း, ကြားနာခြင်း, ဆောင်ခြင်း တို့ကို လွယ်ကူစေ, အထုံရစေ, ထက်သန်အားရှိစေသကဲ့သို့ ထို့အတူ အခြားမဲ့ဖြစ်ကုန်သောပထမဇော, ဖိုလ်ဇောကြဉ်သည့် နောက်နောက်ဇောစိတ် ၅၁ ပါး၊ စေတသိက် ၅၂ ပါး ဟူသော ပစ္စယုပ္ပန်တရားတို့ကို မိမိနှင့်တူသောသဘောရှိသည့်အဖြစ်သို့ ရောက်စေခြင်းငှာ အဖန်တလဲလဲပြုပြင်ခြင်း, ဖြစ်စေခြင်း, မှီဝဲစေခြင်း, အထုံရစေခြင်းသဘောဖြင့်, အလေ့အလာရရန် အားကောင်းရန် ကျေးဇူးပြုတတ်သောအဆုံးဇောကြဉ်သည့် ရှေးရှေးလောကီဇောစိတ် ၄၇ ပါး၊ စေတသိက် ၅၂ ပါးဟူသော တရားသည် အာသေဝနပစ္စည်းမည်၏။**

အာသေဝနပစ္စည်းသည် ကုသိုလ်ဇော, အကုသိုလ်ဇော, ကြိယာဇောတို့၏အစွမ်းအားဖြင့် ၃ ပါးအပြားရှိ၏။ မြတ်စွာဘုရားဟောတော်မူသည်ကား –

''*ရှေးရှေးဖြစ်ကုန်သော လောကီကုသိုလ်ဇောစိတ်စေတသိက် (နာမ်ခန္ဓာ) တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သော လောကီကုသိုလ်ဇောစိတ်စေတသိက် (နာမ်ခန္ဓာ)တရားတို့အား အာသေဝနပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

''*ရှေးရှေးဖြစ်ကုန်သော အကုသိုလ်ဇောစိတ်စေတသိက် (နာမ်ခန္ဓာ)တရားတို့သည် . . .*

''*ရှေးရှေးဖြစ်ကုန်သော ကြိယာဇောစိတ်စေတသိက် (နာမ်ခန္ဓာ) တရားတို့သည် နောက်နောက်၌ဖြစ်ကုန်သော ကြိယာဇောစိတ်စေတသိက် (နာမ်ခန္ဓာ)တရားတို့အား အာသေဝနပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။*''

- **၁၃ ကမ္မပစ္စည်းအကြောင်း**

**စိတ်၏ပယောဂ, ဗျာပါရဟုဆိုအပ်သော ပြုမှု, အာထုတ်မှု၏အဖြစ်ဖြင့်၊ ဝါ၊ ပြုလုပ်အားထုတ်ခြင်း အမှုအရာသဘောဖြင့် ကျေးဇူးပြုတတ်သော စေတနာ ၈၉**

**ခုဟူသည့်တရားသည် ကမ္မပစ္စည်းမည်၏။ ကမ္မပစ္စည်းသည် နာနာက္ခဏိကကမ္မပစ္စည်းနှင့် သဟဇာတကမ္မပစ္စည်းဟူ၍ နှစ်ပါးအပြားရှိ၏။**

(၁) ကုသိုလ်ကံ, အကုသိုလ်ကံစေတနာသည် **နာနာက္ခဏိက ကမ္မပစ္စည်း**မည်၏။ ထိုကံ၏ အကျိုးဖြစ်သော ဝိပါက်စိတ်စေတသိက်နှင့် ကမ္မဇရုပ်သည် **နာနာက္ခဏိက ပစ္စယုပ္ပန်** မည်၏။

(၂) စေတနာ ၈၉ ပါးသည် **သဟဇာတ ကမ္မပစ္စည်း**မည်၏။ ယှဉ်ဖက်စိတ် ၈၉ ပါး၊ စေတသိက် ၅၁ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် **သဟဇာတကမ္မပစ္စယုပ္ပန်** မည်၏။

**မြတ်စွာဘုရားဟောတော်မူပုံကား** – ''*(၁) ကုသိုလ်ကံ, အကုသိုလ်ကံသည် ထိုကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်စေတသိက် (နာမ်ခန္ဓာ) တို့အားလည်းကောင်း၊ ကဋတ္တာရုပ်ခေါ် ကမ္မဇရုပ်အားလည်းကောင်း၊ (နာနာက္ခဏိက) ကမ္မပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။*

*(၂) စေတနာ ၈၉ ပါးသည် ယှဉ်ဖက်စေတသိက်တရားတို့အားလည်းကောင်း ထိုစေတနာကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ (သဟဇာတ) ကမ္မပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။*

- **၁၄ ဝိပါကပစ္စည်းအကြောင်း**

**ပစ္စည်းတရားကိုယ်တိုင်ကအားထုတ်မှုလုံ့လ, ဗျာပါရကင်း၍ငြိမ်သက်သည် ဖြစ်ပြီးလျှင် ပစ္စယုပ္ပန်တရားအားလည်း အားထုတ်မှုလုံ့လ, ဗျာပါရကင်း၍ ငြိမ်သက်သည် ဖြစ်အောင် ကျေးဇူးပြုတတ်သောတရားသည် ဝိပါကပစ္စည်းမည်၏။ ထိုဝိပါကပစ္စည်းသည် ပဝတ္တိကာလ၌ ထိုဝိပါက်စိတ်ကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ ပဋိသန္ဓေကာလ၌ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိ – ပဋိသန္ဓေကာလအလုံးစုံ၌ ယှဉ်ဖက်စိတ်စေတသိက်တို့အားလည်းကောင်း၊ ဝိပါကပစ္စည်း သတ္တိဖြင့် ကျေးဇူးပြု၏။**

ပဋ္ဌာန်းပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသည်ကား–

''*ဝိပါက်နာမ်ခန္ဓာ ၄ ပါး ( ဝိပါက်စိတ်စေတသိက်များ) သည်အပြန်အလှန် တစ်ပါးကိုတစ်ပါးက ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။*''

''*ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတစ်ပါးသည် ကျန်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ စိတ္တဇရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ ပ။ ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော ခန္ဓာတစ်ပါးသည် ကျန်ခန္ဓာသုံးပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်အားလည်းကောင်း ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ ခန္ဓာသုံးပါးတို့သည် ခန္ဓာတစ်ပါးအားလည်းကောင်း၊ ခန္ဓာ ၂ ပါးတို့သည် ခန္ဓာ ၂ ပါးတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ခန္ဓာတို့သည် ဝတ္ထုရုပ်အား ဝိပါကပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

**အကျဉ်းမှတ်ဖွယ်ကား** – ဝိပါက်စိတ် ၃၆ ပါး၊ စေတသိက် ၃၈ ပါးသည် ဝိပါကပစ္စည်းမည်၏၊ ယှဉ်ဖက်စိတ်စေတသိက်အပေါင်းနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည်

ဝိပါကပစ္စယုပ္ပန်မည်၏။

• **၁၅ အာဟာရပစ္စည်းအကြောင်း**

**ရုပ်နာမ်တရားတို့အား ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အာဟာရ လေးပါးတို့သည် အာဟာရပစ္စည်းမည်၏။ အာဟာရလေးပါးမှာ ကဗဠီကာရာဟာရ (ဩဇာ), ဖဿာဟာရ, စေတနာဟာရ, ဝိညာဏာဟာရတို့ဖြစ်ကြ၏။ မြတ်စွာဘုရား ဟောတော်မူသည်ကား–**

''*ကံ, စိတ်, ဥတု, အာဟာရဟူသည့် အကြောင်းလေးပါးကြောင့်ဖြစ်သော* ***စားသောက် အပ်သည့်အာဟာရ****ခေါ်* ***ဩဇာရုပ်****သည် ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုဇကာယ, တိဇကာယဖြစ်သည့် ရုပ်အပေါင်းအား ရုပ်အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*

''***ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရ****တို့သည် ယှဉ်ဖက်နာမ်တရားတို့ အားလည်းကောင်း, ထိုနာမ်အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း, နာမ် အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။''*

**ပဋ္ဌာန်းပါဠိ**၌ ''*ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်ကုန်သော ဖဿ, စေတနာ, ဝိညာဏ် ဟူသည့် နာမ်အာဟာရတို့သည် ယှဉ်ဖက်နာမ်ခန္ဓာတို့အားလည်းကောင်း, ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အားလည်းကောင်း, အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏'' ဟု ဟောတော်မူ သေး၏။*

**အကျဉ်းမှတ်ဖွယ်ကား –** *(၁) ကံ, စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော ဩဇာသည် ရုပ်အာဟာရပစ္စည်းမည်၏၊ ကလာပ်တူဩဇာမှတစ်ပါးသော စတုသမုဋ္ဌာနိက ရုပ်အပေါင်း* သည် ရုပ်အာဟာရပစ္စယုပ္ပန် မည်၏။

(၂) ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါးသည် နာမ်အာဟာရပစ္စည်း မည်၏၊ ယှဉ်ဖက်စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့သည် နာမ်အာဟာရ ပစ္စယုပ္ပန်မည်၏။

• **၁၆ ဣန္ဒြိယပစ္စည်းအကြောင်း**

**အစိုးရခြင်းသဘောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ကြဉ်သည့် ဣန္ဒြေ ၂၀ တို့သည် ဣန္ဒြိယပစ္စည်းမည်၏။ ထိုဣန္ဒြေ ၂၀ တို့တွင် စက္ခုန္ဒြေ, သော တိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ ဟူသော ဣန္ဒြေ ၇ ပါး တို့သည် စက္ခုဝိညာဏ်စသည့် နာမ်တရားငါးပါးတို့အားသာလျှင် ကျေးဇူးပြုတတ်ကုန် ၏။ ကြွင်းသော ဣန္ဒြေ ၁၃ ပါးတို့သည် ရုပ်နှင့် နာမ် ၂ ပါးလုံးတို့အား ကျေးဇူးပြု တတ်ကုန်၏။ မြတ်စွာဘုရားဟောတော်မူသည်ကား –**

''*စက္ခုန္ဒြေ (စက္ခုပသာဒ)သည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်)အားလည်းကောင်း ထိုဓာတ်နှင့်ယှဉ်သော စေတသိက်တို့အားလည်းကောင်း, ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ သောတိန္ဒြေသည် . . .။ ဃာနိန္ဒြေသည် . . .။ ဇိဝှိန္ဒြေသည် . . .။ ကာယိန္ဒြေ သည် . . .။*

''*ရုပ်ဇီဝိတိန္ဒြေ (ရုပ်ဇီဝိတ) သည် ကလာပ်တူကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာအားဖြင့် နာမ်ဣန္ဒြေ ၈ ပါး (ဣန္ဒြိယဘေဒအားဖြင့် ၁၅ ပါး) ကုန်သော နာမ်ဣန္ဒြေတို့သည် ယှဉ်ဖက်နာမ်တရားတို့အားလည်းကောင်း၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။*''

**ပဋ္ဌာဝိရ၌** ''*ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်ကုန်သောဣန္ဒြေတို့သည် ယှဉ်ဖက်နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏*'' ဟူ၍ ဟောတော်မူသေး၏။

**မှတ်ချက်** – နာမ်ဣန္ဒြေ ၈ ပါးတွင် ဝေဒနာသည် သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာဟူ၍ ၅ ပါးပြား၏။ ပညာသည် ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေဟု ၄ ပါးပြား၏။ ထို့ကြောင့် ဣန္ဒြေအပြားအားဖြင့် ၁၅ ပါးပြား၏။

**အကျဉ်းမှတ်ဖွယ်ကား –**

(၁) စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ ဟူသော ပသာဒရုပ်ဣန္ဒြေ ၅ ပါးသည် ပုရေဇာတိန္ဒြိယပစ္စည်းမည်၏။ ပဉ္စဝိညာဏ်နှင့် ယှဉ်ဖက်စေတသိက် ၇ ပါးသည် ပုရေဇာတိန္ဒြိယပစ္စယုပ္ပန်မည်၏။

(၂) ဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်းမည်၏။ ကလာပ်တူအခြားကမ္မဇရုပ်အပေါင်းသည် ရူပဇီဝိတိန္ဒြိယပစ္စယုပ္ပန်မည်၏။

(၃) ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟူသော နာမ်ဣန္ဒြေတို့သည် သဟဇာတိန္ဒြိယပစ္စည်း မည်၏။ ယှဉ်ဖက်စိတ်စေတသိက်အပေါင်းနှင့် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်သည် သဟာဇာတိန္ဒြိယပစ္စယုပ္ပန်မည်၏။

- **၁၇ ဈာနပစ္စည်းအကြောင်း**

**အာရုံကိုကပ်၍ရှုခြင်း, စူးစူးစိုက်စိုက်ရှုခြင်းသဘောဖြင့် ကျေးဇူးပြုတတ်သော တရားသည် ဈာနပစ္စည်းမည်၏။**

ဒွေးပဉ္စဝိညာဏ် (၁၀) ပါးနှင့်ယှဉ်သော သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာနှင့် ဧကဂ္ဂတာတို့သည် ဈာနပစ္စည်းမထိုက်သောတရားတို့ဖြစ်ကြ၏။ ကြွင်းသော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, အဗျာကတဖြစ်ကုန်သော ဝိတက်, ဝိစာရ, ပီတိ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဧကဂ္ဂတာ ဟူသည့် ဈာနင်တရား ၇ ပါးသည် ဈာနပစ္စည်းမည်၏။

**မြတ်စွာဘုရားဟောတော်မူသည်ကား –**

''*ဈာနင်တရားတို့သည် ဈာန်နှင့်ယှဉ်သောစိတ်စေတသိက်တရားတို့အားလည်းကောင်း၊ ထိုဈာန်ကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏*''

**ပဋ္ဌာဝိရ၌** – *ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်ကုန်သော ဈာနင်တရားတို့သည် ယှဉ်ဖက်နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ ဈာနပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏'' ဟူ၍လည်း ဟောတော်မူသေး၏။*

**အကျဉ်းမှတ်ဖွယ်ကား –**

(၁) ဒွေးပဉ္စဝိညာဏ် ၁၀ ပါးနှင့်ယှဉ်သော သုခ, ဒုက္ခ, ဥပေက္ခာ, ဧကဂ္ဂတာတို့ကို ကြဉ်၍ ကြွင်းသည့် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ, အဗျာကတဖြစ်ကုန်သော ဝိတက်, ဝိစာရ, ပီတိ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ဧကဂ္ဂတာဟူသည့် ဈာနင် ၇ ပါးသည် ဈာနပစ္စည်းမည်၏။

(၂) ဈာနပစ္စည်းနှင့်ယှဉ်ဖက်ဖြစ်ကြသော စိတ် ၇၉ ပါး၊ စေတသိက် ၅၂ ပါး၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည် ဈာနပစ္စယုပ္ပန်မည်၏။

• **၁၈ မဂ္ဂပစ္စည်းအကြောင်း**

**သမ္မာဒိဋ္ဌိစသော သမ္မာမဂ္ဂင်တို့သည် အမှန်အားဖြင့် ထွက်မြောက်ကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသောမိစ္ဆာမဂ္ဂင်တို့သည်အမှားအားဖြင့်ထွက်မြောက်ကြောင်းဖြစ်၏။ ဤအမှန်နှင့်အမှား တစ်ပါးပါးအားဖြင့် ထွက်မြောက်ကြောင်း (ဝါ) ပြီးမြောက်ကြောင်း သဘောဖြင့် ကျေးဇူးပြုတတ်သော မဂ္ဂင် ၁၂ ပါးသည် မဂ္ဂပစ္စည်းမည်၏။**

**မဂ္ဂင် ၁၂ ပါးဟူသည်ကား** သမ္မာဒိဋ္ဌိ (ပညာ), သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ (ဝီရိယ), သမ္မာသတိ, သမ္မာသမာဓိဟူသော သမ္မာမဂ္ဂင် ၈ ပါးနှင့် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယမ, မိစ္ဆာသမာဓိဟူသည့် မိစ္ဆာမဂ္ဂင် ၄ ပါးတို့ ဖြစ်ကြ၏။

**မြတ်စွာဘုရားဟောတော်မူသည်ကား –** ''*မဂ္ဂင်တို့သည် မဂ်နှင့်ယှဉ်ကုန်သော စိတ် စေတသိက် တရားတို့အားလည်းကောင်း၊ ထိုမဂ်ကြောင့်ဖြစ်သော ရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏*''

**ပဉှာဝါရ၌** –''*ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်ကုန်သော မဂ္ဂင်တို့သည် ယှဉ်ဖက် နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း၊ မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏*'' ဟူ၍လည်း ဟောတော်မူသေး၏။

**အကျဉ်းမှတ်ဖွယ်ကား –**

(၁) ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, သမာဓိ, မိစ္ဆာဒိဋ္ဌိဟူသော မဂ္ဂင်တရားကိုယ် ၉ ပါးသည် မဂ္ဂပစ္စည်းမည်၏။

(၂) ထိုမဂ္ဂင်တို့နှင့်ယှဉ်သော သဟိတ်စိတ် ၇၁ ပါး၊ စေတသိက် ၅၂ ပါး၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့သည် မဂ္ဂပစ္စယုပ္ပန်မည်၏။

(၃) အဟိတ်စိတ် ၁၈ ပါးနှင့်ယှဉ်သော ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် မဂ္ဂပစ္စည်း မထိုက်သောတရားများဖြစ်ကြ၏။

• **၁၉ သမ္ပယုတ္တပစ္စည်းအကြောင်း**

**မှီရာဝတ္ထုတူခြင်း, ယူသည့်အာရုံတူခြင်း, အတူဖြစ်ခြင်း, အတူချုပ်ခြင်းဟူသော တစ်ပေါင်းတည်းယှဉ်သည့်အဖြစ် (ဝါ) သမ္ပယုတ်အဖြစ်ဖြင့် အချင်းချင်းကျေးဇူးပြု တတ်သော စိတ်စေတသိက်တရားတို့သည် သမ္ပယုတ္တပစ္စည်းမည်၏။**

**မြတ်စွာဘုရားဟောတော်မူသည်ကား** –''*လေးပါးကုန်သော စိတ်စေတသိက် နာမ်ခန္ဓာတို့သည် သမ္ပယုတ္တပစ္စယသတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုကြ၏။*''

**အကျဉ်းမှတ်ဖွယ်ကား** – စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးဟူသည့် အလုံးစုံသော ပထတ္တိ, ပဋိသန္ဓေနာမ်တရားအပေါင်းသည် အချင်းချင်းကျေးဇူးပြုသော သမ္ပယုတ္တပစ္စည်းလည်းမည်၏၊ သမ္ပယုတ္တပစ္စယုပ္ပန်လည်းမည်၏။

**• ၂၀ ဝိပ္ပယုတ္တပစ္စည်းအကြောင်း**

**မီးရာထ္တုတူခြင်း (ဝါ) တည်ရာတူခြင်းစသည့် သမ္ပယုတ္တလက္ခဏာကင်းသော အားဖြင့် စိတ်စေတသိက်နာမ်တရားတို့အား ကျေးဇူးပြုတတ်သည့် ရုပ်တရားတို့သည် လည်းကောင်း၊ ရုပ်တရားတို့အား ကျေးဇူးပြုတတ်သည့် စိတ်စေတသိက်နာမ်တရားတို့သည် လည်းကောင်း၊ ဝိပ္ပယုတ္တပစ္စည်းမည်၏။**

ထိုဝိပ္ပယုတ္တပစ္စည်းသည် (၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ (၂) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၊ (၃) ပုရေဇာတဝိပ္ပယုတ္တပစ္စည်းဟူ၍ သုံးပါးအပြားရှိ၏

**မြတ်စွာဘုရားဟောတော်မူသည်ကား** –''*အတူတကွဖြစ်သော ကုသိုလ်နာမ်ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား သဟဇာတဝိပ္ပယုတ္တပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုကြ၏။ နောက်၌ ဖြစ်ကုန်သော ကုသိုလ်နာမ်ခန္ဓာတို့သည် ရှေ့၌ဖြစ်သော ဤရုပ်အပေါင်းကိုယ်အား ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုကြ၏။*''

**အဗျာကတပုဒ်၏သဟဇာတဝိဘင်း၌** – ''*ပဋိသန္ဓေခဏ၌ ဝိပါက်အဗျာကတဖြစ်သော နာမ်ခန္ဓာတို့သည် ကမ္မဇရုပ်တို့အား သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ပဋိသန္ဓေဝိပါက်နာမ်ခန္ဓာတို့သည် ဝတ္ထုရုပ်အားလည်းကောင်း၊ ဝတ္ထုရုပ်သည် ပဋိသန္ဓေ ဝိပါက်နာမ်ခန္ဓာတို့အားလည်းကောင်း သဟဇာတဝိပ္ပယုတ္တပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုကြ၏*'' ဟုဟောတော်မူသေး၏။

**ပုရေဇာတဝိပ္ပယုတ္တပစ္စည်း**ကို စက္ခုဒ္ဓြေစသော ဝတ္ထုရုပ် ၆ ပါးတို့၏ အစွမ်းဖြင့်သိအပ်၏။ မြတ်စွာဘုရားဟောတော်မူသည်ကား –

''*ရှေး၌ဖြစ်သော စက္ခာယတန (စက္ခုဝတ္ထု) သည် စက္ခုဝိညာဏ်နှင့်ယှဉ်ဖက်စေတသိက်တို့အား ပုရေဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပ။ ကာယာယတနသည် ကာယဝိညာဏ်နှင့် ယှဉ်ဖက်စေတသိက်တို့အား ပုရေဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*''

''*ဟဒယဝတ္ထုရုပ်သည် ဝိပါက်အဗျာကတဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ကြိယာအဗျာကတဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပုရေဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဟဒယဝတ္ထုသည် ကုသိုလ်ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ အကုသိုလ်ဖြစ်ကုန်သော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ပုရေဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*''

## • ၂၁ အတ္ထိပစ္စည်းအကြောင်း

**ပစ္စုပ္ပန်သဘောလက္ခဏာဖြစ်သော တည်ရှိဆဲဖြစ်သည့် ပစ္စည်းတရားက ထိုသို့ တည်ရှိဆဲ ဖြစ်သော ပစ္စယုပ္ပန်တရားအား ထောက်ပံ့သည့်အဖြစ်ဖြင့် ကျေးဇူးပြုလျှင် ထိုပစ္စည်းတရားကို အတ္ထိပစ္စည်းဟု ခေါ်၏။**

အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသော ပစ္စည်းတရားတို့မှာ –

(၁) နာမ်ခန္ဓာလေးပါး ပစ္စည်းတရား၊

(၂) မဟာဘုတ်လေးပါး အချင်းချင်းပစ္စည်းတရား၊

(၃) ပဋိသန္ဓေနာမ်နှင့်ရုပ်ပစ္စည်းတရား၊

(၄) စိတ်, စေတသိက်ပစ္စည်းတရား၊

(၅) မဟာဘုတ်လေးပါး ပစ္စည်းတရား၊

(၆) အာယတန ၁၀ ပါး ပစ္စည်းတရား၊

(၇) ဟဒယဝတ္ထုရုပ်ပစ္စည်းတရားဟူ၍ မာတိကာ ၇ ပါးဖြင့်

**မြတ်စွာဘုရားဟောကြားတော်မူ၏ –**

*''(၁) လေးပါးကုန်သော နာမ်ခန္ဓာ (ဝါ) စိတ်စေတသိက်တို့သည် အချင်းချင်းအား အတ္ထိပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

*(၂) လေးပါးကုန်သော မဟာဘုတ်တို့သည် အချင်းချင်းအား အတ္ထိပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

*(၃) ပဋိသန္ဓေခဏ၌ စိတ်စေတသိက်နာမ်နှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းအား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

*(၄) စိတ်စေတသိက်တရားတို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား အတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကြ၏။*

*(၅) မဟာဘုတ်လေးပါးသည် ဥပါဒါရုပ်တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။*

*(၆) စက္ခာယတန (စက္ခုပသာဒ) သည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်) နှင့်ယှဉ်ဖက် စေတသိက် ၇ ပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပ ။ ကာယာယတန (ကာယပသာဒ) သည် ကာယဝိညာဏဓာတ် (ထိသိစိတ်) နှင့် ယှဉ်ဖက်စေတသိက် ၇ ပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*

*– ရူပါယတန (အဆင်း) သည် စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက် ၇ ပါး တို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပ။ ဖောဋ္ဌဗ္ဗာယတန (အထိအတွေ့) သည် ကာယဝိညာဏဓာတ်နှင့် ယှဉ်ဖက်စေတသိက် ၇ ပါးတို့အား အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*

*(၇) အကြင် (ဟဒယဝတ္ထု) ရုပ်ကိုအမှီပြု၍ မနောဓာတ်သည်လည်းကောင်း၊ မနောဝိ ညာဏဓာတ်သည်လည်းကောင်း၊ ဖြစ်ကုန်၏။ ထိုမှီရာရုပ်သည် မနောဓာတ်အားလည်း ကောင်း၊ မနောဝိညာဏဓာတ်အားလည်းကောင်း၊ ထိုဓာတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါး တရားတို့အားလည်းကောင်း၊ အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။''*

**ပဋ္ဌာဝါရ၌** (၁) သဟဇာတတ္ထိပစ္စည်း၊ (၂) ပုရေဇာတတ္ထိပစ္စည်း၊ (၃) ပစ္ဆာဇာတတ္ထိပစ္စည်း၊ (၄) အာဟာရတ္ထိပစ္စည်း၊ (၅) ဣန္ဒြိယတ္ထိပစ္စည်းဟူ၍ ခေါင်းစဉ်ထားပြီး ဟောကြားတော်မူ၏။ ဤပစ္စည်းတို့ကို သဟဇာတပစ္စည်း, ပုရေဇာတပစ္စည်း, ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း, အာဟာရပစ္စည်း, ရူပဇီဝိတိန္ဒြိယပစ္စည်းတို့နှင့် အလားတူစွာ ဟောကြား၏။

## • ၂၂ နတ္ထိပစ္စည်းအကြောင်း

**မိမိ၏အခြားမဲ့၌ ဖြစ်ဆဲဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ရှေးအခြားမဲ့၌ ကောင်းစွာချုပ်လေကုန်ပြီးသည့် စိတ်စေတသိက်နာမ်တရားတို့သည် နတ္ထိပစ္စည်းမည်၏။**

**မြတ်စွာဘုရားဟောကြားပုံမှာ** – ''*ရှေးအခြားမဲ့၌ ကောင်းစွာချုပ်လေပြီးသော စိတ်စေတသိက်တရားတို့သည် မိမိကဲ့သို့အကြောင်းကိုစွဲ၍ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*''

## • ၂၃ ဝိဂတပစ္စည်းအကြောင်း

**မိမိ၏အခြားမဲ့၌ ဖြစ်ဆဲဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ကောင်းစွာရှေးအခြားမဲ့၌ ကင်းချုပ်လေပြီးသည့် စိတ်စေတသိက်နာမ်တရားတို့သည် ဝိဂတပစ္စည်းမည်၏။**

**မြတ်စွာဘုရားဟောကြားပုံမှာ** – ''*ရှေးအခြားမဲ့၌ ကောင်းစွာကင်းချုပ်လေပြီးသော စိတ်စေတသိက်တရားတို့သည် မိမိကဲ့သို့အကြောင်းကိုစွဲ၍ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား ဝိဂတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။*''

**မှတ်ချက်** – နတ္ထိပစ္စည်း, ဝိဂတပစ္စည်းတို့သည် အနန္တရပစ္စည်း, သမနန္တရပစ္စည်းတို့နှင့် တူကြ၏။

## • ၂၄ အဝိဂတပစ္စည်းအကြောင်း

**အတ္ထိပစ္စည်းတို့သည်ပင်လျှင် မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အဝိဂတပစ္စည်းမည်၏။**

**နတ္ထိ, အတ္ထိပစ္စည်းတို့ကိုပင်လျှင် ဝိဂတ, အဝိဂတပစ္စည်းဟု သိအပ်ပါသော်လည်း ဒေသနာတော်ကိုတင့်တယ်အောင် တန်ဆာဆင်တတ်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့်လည်းကောင်း၊ ထိုသို့ဝိဂတပစ္စယော အဝိဂတပစ္စယောဟု ဟောသော အခြင်းအရာအားဖြင့် ဆုံးမသွန်သင်ထိုက်သည့် ဝေနေယျတို့၏အစွမ်းအားဖြင့် လည်းကောင်း ဤဝိဂတပစ္စည်း, အဝိဂတပစ္စည်းတစ်စုံဟူသောဒုက်ကို ဟောတော်မူအပ်ပေသည်။**

## • အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

**၁ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား ၂ ပစ္စည်းဖြင့်ကျေးဇူးပြုပုံ**

**(က) အာရမ္မဏပစ္စည်းသတ္တိဖြင့်ကျေးဇူးပြုပုံ**

(၁) အဝိဇ္ဇာကို ကုန်ခြင်း, ပျက်ခြင်းအားဖြင့် ဝိပဿနာရှုသောအခါ၌ အဝိဇ္ဇာသည် ပုညာဘိသင်္ခါရကုသိုလ်စေတနာတို့အား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

(၂) စေတောပရိယအဘိညာဉ်စသည်နှင့်ယှဉ်သောစိတ်ဖြင့် မိမိနှင့်သူတစ်ပါးတို့၌ မောဟနှင့် တကွဖြစ်သောစိတ်ကို သုံးသပ်သောအခါ၌ အဝိဇ္ဇာသည် ရူပါဝစရပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

**(ခ) ဥပနိဿယပစ္စည်းသတ္တိဖြင့်ကျေးဇူးပြုပုံ**

(၁) အဝိဇ္ဇာကို လွန်မြောက်ခြင်းအကျိုးငှာ ဝဋ်ကင်းရာနိဗ္ဗာန်ကိုတောင့်တ၍ ပေးလှူဒါန်း ခြင်းစသည့် ကာမာဝစရ ပုညကြိယဝတ္ထုတို့ကို ဖြည့်ကျင့်သောသူအား အဝိဇ္ဇာသည် ကာမာဝစရပုညာဘိသင်္ခါရကို ဥပနိဿယပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ထို့အတူ ရူပါဝစရဈာန်တို့ကို ဖြစ်စေသောသူအား အဝိဇ္ဇာသည် ရူပါဝစရပုညာဘိသင်္ခါရကို ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) ဘဝ၏အပြစ်ကို ဖုံးကွယ်တတ်သောအဝိဇ္ဇာဖြင့် ပြင်းစွာတွေ့ဝေသောကြောင့် ကာမ ဘဝစည်းစိမ်ချမ်းသာ, ရူပဘဝစည်းစိမ်ချမ်းသာတို့ကို တောင့်တ၍ ကာမ, ရူပပုည ကြိယဝတ္ထုတို့ကို ဖြည့်ကျင့်ဆည်းပူးသည့်သူအား အဝိဇ္ဇာသည် ကာမ, ရူပပုညာဘိ သင်္ခါရတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

**၂ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ပစ္စည်းများစွာဖြင့် ကျေးဇူးပြုပုံ**

(၁) အဝိဇ္ဇာကိုအာရုံပြု၍ ရာဂစသည်ဖြစ်သောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

(၂) အဝိဇ္ဇာကိုအလေးအမြတ်ပြု၍ သာယာသောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရ အား အာရမ္မဏာဓိပတိပစ္စည်း,အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

(၃) အဝိဇ္ဇာဖြင့်ပြင်းစွာတွေ့ဝေလျက် အပြစ်မမြင်၍ သူ့အသက်ကိုသတ်ခြင်းစသည်တို့ကို ပြုသောသူအား အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူး ပြု၏။

(၄) ရှေးရှေးသောပထမဇောစသည်နှင့်ယှဉ်သည့် အဝိဇ္ဇာသည် နောက်နောက် ဒုတိယဇော စသော အပုညာဘိသင်္ခါရတို့အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေ ဝန, နတ္ထိ, ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

(၅) မည်သည့်အကုသိုလ်မကောင်းမှုကိုမဆို ပြုလုပ်သည့်အခါ ပြုလုပ်သူ၏ အကုသိုလ်စိတ် နှင့်ယှဉ်သော အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ဟေတု, သဟဇာတ, အညမည နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

**(ဂ) အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရအား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပုံ**

ဘဝ၏အပြစ်ကို ဖုံးကွယ်တတ်သော အဝိဇ္ဇာဖြင့် ပြင်းစွာတွေ့ဝေသောကြောင့် အရူပဘဝ, စည်းစိမ်တို့ကိုတောင့်တ၍ အရူပပုညကြိယာဝတ္ထုတို့ကို ဖြည့်ကျင့်ဆည်းပူးသည့်သူအား အဝိဇ္ဇာသည် အာနေဉ္ဇာဘိသင်္ခါရတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ နောက်ဆုံးဖြစ်

သော အဘိသင်္ခါရတို့အား အဝိဇ္ဇာသည် တစ်ပါးတည်းအပြားအားဖြင့် ကျေးဇူးပြုခြင်း ပင်တည်း။

## • ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ စောဒနာနှင့်ဖြေရှင်းချက်

## ၁ အဝိဇ္ဇာသည် တစ်ပါးတည်းသာ ကျေးဇူးပြုသလော?

**စောဒနာချက်** – အဝိဇ္ဇာသည် အဖော်မမှီး တစ်ပါးတည်းသာလျှင် သင်္ခါရတို့အားကျေးဇူး ပြုသလော၊ သို့မဟုတ် အခြားအကြောင်းတရားတို့လည်း ပါရှိသေးသလော၊ အဝိဇ္ဇာတစ်ပါး တည်းက သင်္ခါရတို့ကို ကျေးဇူးပြုငြားအံ့၊ အကြောင်းတစ်ခုတည်းကြောင့်ဖြစ်သည်ဟူသော အယူဝါဒသည် ဖြစ်၏။ သို့မဟုတ် အခြားအကြောင်းများလည်း ရှိငြားအံ့။ သို့ဖြစ်လျှင် အကြောင်း တစ်ပါးတည်းကိုပြခြင်းသည် မသင့်လျော်သည် မဟုတ်လော။

**အဖြေကား** – ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူရာ၌ အဝိဇ္ဇာအကြောင်းတစ်ပါးတည်းကိုသာ ပြခြင်းသည် မသင့်လျော်သည်မဟုတ် သင့်လျော်ပါသည်။ အဘယ်ကြောင့်နည်းဟူမူ လောက၌ တစ်ခုသောအကြောင်းကြောင့် တစ်ခုသောအကျိုးဖြစ်သည်ဟူ၍လည်းမရှိ၊ များစွာ သော အကျိုးဖြစ်သည်ဟူ၍လည်းမရှိ။ များစွာသောအကြောင်းကြောင့်လည်း တစ်ခုသော အကျိုးဖြစ်သည်ဟူ၍လည်းမရှိပါ။ စင်စစ်သော်ကား များစွာသောအကြောင်းတို့ကြောင့် များစွာသောအကျိုးတို့ဖြစ်ပေါ်၏။

ဥပမာအားဖြင့် ဥတု, မြေ, မျိုးစေ့, ရေဟူသော များစွာသောအကြောင်းတို့ကြောင့် အညှောက်, အညွန့်, အပင်, အသီးဟူသည့် အဆင်း, အနံ့, အရသာစသည့် များစွာသော အကျိုးတို့ကိုသာ မြင်တွေ့ရ၏။

သို့သော်လည်း ''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်၏'' စသည်ဖြင့် အကြောင်းတစ်ခုကြောင့် အကျိုးတစ်ခု ဖြစ်သည်ဟု ဖော်ပြထားခြင်းသည် ပယောဇဉ်ခေါ် ရည်ရွယ်အပ်သည့် အကျိုးရှိခြင်းကြောင့် ဖြစ်ပေ၏။

ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည် အချို့သောဒေသနာစကားရပ်၌

(၁) ဟောသင့်သောတရား၏ ပြဓာန်းခြင်းကြောင့် (*ပဓာန*)၊

(၂) အချို့ဒေသနာစကားရပ်၌ ထင်ရှားခြင်းကြောင့် (*ပါကဋ္ဋ*)၊

(၃) အချို့ဒေသနာစကားရပ်၌ မဆက်ဆံခြင်းကြောင့် (*အသာဓာရဏ*)၊

ဒေသနာတော်ကို တင့်တယ်စေနိုင်သည့် ဉာဏ်တော်အားလည်းကောင်း၊ ဝေနေယျတို့၏ အလိုအဇ္ဈာသယအားလည်းကောင်း၊ လျော်သောအားဖြင့် တစ်ခုတည်းသောအကြောင်း ကြောင့် တစ်ခုတည်းသောအကျိုးဖြစ်သည်ကို ပြတော်မူ၏။

ပြတော်မူပုံကား ''ဖဿပစ္စယာ ဝေဒနာ'' = ''ဖဿဟူသောအကြောင်းကြောင့် ဝေဒနာ ဖြစ်၏''ဟု ပြဓာန်းခြင်းကြောင့် အကြောင်းတစ်ခုက အကျိုးတစ်ခုကို ဖြစ်စေသည် ဟူ၍ ဟောတော်မူ၏။ ဖဿသည် ဝေဒနာကိုဖြစ်စေသော အဓိက (ပဓာန) အကြောင်း ဖြစ်၏။ ဝေဒနာသည်လည်း ဖဿ၏ပဓာနအကျိုးဖြစ်၏။ ဤသို့လျော်စွာပိုင်းခြားဆုံးဖြတ်၍

ဟောတော်မူခြင်းဖြစ်၏။

''သလိပ်လျှင် ဖြစ်ကြောင်းရှိကုန်သော အနာတို့'' ဟူသော ဒေသနာစကားရပ်၌ ထင်ရှားခြင်းကြောင့် အကြောင်းတစ်ခုတည်းကို ဟောတော်မူ၏။ မှန်ပေ၏။ ဤအနာတို့ ဖြစ်ရာ၌ သလိပ်သည် ထင်ရှားသော (ပါကဋ) အကြောင်းဖြစ်၏။ ကံ, အာဟာရ, ဥတု, စိတ်စသောအကြောင်းတို့က မထင်ရှား။ အကြောင်းမှာ သလိပ်ကိုကျေပျက်အောင် ကုသခြင်းဖြင့် ရောဂါပျောက်ခြင်းကြောင့်တည်း။

''ရဟန်းတို့ **အလုံးစုံသော အကုသိုလ်တရားတို့သည် အယောနိသောမနသိကာရလျှင် အကြောင်းရင်းရှိကုန်၏**'' ဟူသော ဒေသနာစကားရပ်၌ အများနှင့်မဆက်ဆံသော အသာဓာရဏအကြောင်းကို ဖော်ပြ၏။ ထွက္က, အာရုံစသော အကြောင်းတို့သည် ကုသိုလ် ဖြစ်ခြင်းနှင့်လည်း ဆက်ဆံ၏၊ အကုသိုလ်ဖြစ်ခြင်းနှင့်လည်း ဆက်ဆံ၏။ အယောနိသောမန သိကာရသည်ကား အကုသိုလ်ဖြစ်ခြင်းနှင့်သာ သက်ဆိုင်ပြီးလျှင် ကုသိုလ်, အဗျာကတဖြစ် ခြင်းတို့နှင့် မသက်ဆိုင်ချေ။ ဤသို့ ကုသိုလ်, အဗျာကတဖြစ်ခြင်းနှင့် မဆက်ဆံသည့် အသာဓာရဏအကြောင်းကို ပြလိုသဖြင့် အကုသိုလ်တရားဖြစ်ခြင်း၌ ထွက္က, အာရုံစသည့် အခြားအကြောင်းများရှိသော်လည်း အယောနိသောမနသိကာရဟူသည့် အကြောင်းတစ်မျိုး တည်းကိုသာ ဟောတော်မူ၏။

အထက်ပါအကြောင်းတို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အကြောင်းတစ်ပါး၊ အကျိုး တစ်ပါးစီဖော်ပြ၍ ဟောတော်မူ၏။ ဥပမာ သင်္ခါရတရားတို့ဖြစ်အောင် ထွက္က, အာရုံ, သဟဇာတ်တရားစသည့် အကြောင်းတရားများရှိပါသော်လည်း အဝိဇ္ဇာသည်သာ ပဓာန, ပါကဋ, အသာဓာရဏအကြောင်းဖြစ်ပေ၏။

## (၁) အဝိဇ္ဇာသည် သင်္ခါရတို့၏ ပဓာနအကြောင်းဖြစ်ပုံ

''ရဟန်းတို့ – အဝိဇ္ဇာဖုံးလွှမ်းသဖြင့် သံယောဇဉ်ဖြစ်ဖွယ်အာရုံအကြောင်းတရားတို့၌ သာယာဖွယ်ဟုအဖန်ဖန်ရှုလေ့ရှိသောသူတွင် ဆာလောင်တပ်မက်မှု-တဏှာတိုးပွား၏၊ တဏှာ ဟူသောအကြောင်းကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝသစ်ဖြစ်မှု – ကမ္မဘဝ (သင်္ခါရ) ဖြစ်၏''ဟူ၍ ဟောတော်မူသဖြင့် တဏှာသည် ဥပါဒါန်၏အကြောင်း လည်းဖြစ်၏၊ ကမ္မဘဝ (သင်္ခါရ) ၏ အကြောင်းလည်း ဖြစ်၏။ ထိုဥပါဒါန်နှင့် သင်္ခါရတို့ကို ဖြစ်စေသော တဏှာ၏အကြောင်းကိုရှာသော် မနှစ်သက်မသာယာဖွယ်အာရုံ၌ နှစ်သက် သာယာဖွယ်ဟု ရှုလေ့ရှိသည့် အဝိဇ္ဇာကို တွေ့ရ၏။ ထို့ကြောင့် အဝိဇ္ဇာသည် ကမ္မဘဝ (သင်္ခါရ) ကို ဖြစ်စေသော မူရင်းအဓိက (ဝါ) ပဓာနအကြောင်းဖြစ်၏။

တစ်ဖန် ''အဝိဇ္ဇာသမုဒယာ အာသဝသမုဒယော'' = ''အဝိဇ္ဇာဖြစ်ခြင်းကြောင့် အာသဝ ဖြစ်ခြင်းရှိ၏'' ဟူ၍ ဟောတော်မူသဖြင့် အဝိဇ္ဇာကြောင့် ကာမာသဝ (တဏှာ), ဘဝါသဝ (တဏှာ), ဒိဋ္ဌာသဝ (ဒိဋ္ဌိ), အဝိဇ္ဇာသဝ (မောဟ)တို့ ဖြစ်ပေါ်၏။ တဏှာနှင့်ဒိဋ္ဌိတို့သည် ဥပါဒါန်၏တရားကိုယ်ဖြစ်၏။ တစ်ဖန် တဏှာ, ဥပါဒါန်တို့ကြောင့် ကမ္မဘဝ (သင်္ခါရ) ဖြစ်၏ဟု အထက်တွင်သိခဲ့ရ၏။ သို့ဖြစ်၍ အဝိဇ္ဇာသည် ကမ္မဘဝ (သင်္ခါရ) ကို ဖြစ်စေသော မူရင်းအဓိက (ဝါ) ပဓာနအကြောင်းဖြစ်ပေ၏။

### (၂) အဝိဇ္ဇာသည် သင်္ခါရတို့၏ ပါဠိက, အသာဓာရဏအကြောင်းဖြစ်ပုံ

''ရဟန်းတို့၊ ပညာမရှိသောသူသည် အဝိဇ္ဇာရှိသည်ဖြစ်၍ ပုညာဘိသင်္ခါရကိုလည်း ပြုလုပ်၏''ဟု ဟောတော်မူသဖြင့် အဝိဇ္ဇာသည် သင်္ခါရတို့ကိုဖြစ်စေသော ထင်ရှားသည့် ပါဠိကအကြောင်းဖြစ်၏။

ထို့အပြင် သင်္ခါရတို့ဖြစ်ပေါ်ခြင်းသည် အဝိဇ္ဇာမကင်းသေးသည့် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်၏။ အဝိဇ္ဇာကင်းပြီးသောရဟန္တာတို့နှင့်မဆက်ဆံသော အသာဓာရဏအကြောင်းဖြစ်ပေ၏။ သို့ဖြစ်၍ အဝိဇ္ဇာသည် သင်္ခါရတို့၏ ပါဠိက, အသာဓာရဏအကြောင်း ဖြစ်ပေ၏။

### •၂ အကုသိုလ်အဝိဇ္ဇာက ကုသိုလ်သင်္ခါရတို့၏အကြောင်း အဘယ်ကြောင့်ဖြစ်သနည်း?

**စောဒနာချက်** – မလိုလားအပ်သည့် မကောင်းကျိုးရှိသော အဝိဇ္ဇာသည် ကုသိုလ်တရားများဖြစ်ကြသည့် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့၏အကြောင်းအဖြစ်သည် အဘယ်သို့ သင့်ပါအံ့နည်း။ အကြောင်းကား ခါးသောတမာမျိုးစေ့မှ ချိုသောကြံပင်မပေါက်တတ်သည် မဟုတ်လော။

**အဖြေကား** – အဝိဇ္ဇာသည် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့၏အကြောင်းဖြစ်ခြင်းသည် သင့်မြတ်ပါ၏။ အကြောင်းကား ပစ္စယုပ္ပန်တရားတို့သည် ပစ္စယ–အကြောင်းတရားတို့နှင့် တည်ရှိခြင်း (ဌာန), သဘော (သဘာဝ), ဆောင်ရွက်ချက် (ကိစ္စ) စသည်တို့ဖြင့် ဆန့်ကျင်ဘက်လည်းဖြစ်နိုင်၏၊ မဆန့်ကျင်သည်လည်းဖြစ်နိုင်၏။ တူသောအကြောင်း, မတူသောအကြောင်းလည်းဖြစ်နိုင်၏။

### (က) ဆန့်ကျင်သောအကြောင်းဖြစ်ပုံ သာဓကများ

(၁) ရှေးစိတ်သည် နောက်စိတ်၏တည်ရှိခြင်း (ဌာန) အားဖြင့် ဆန့်ကျင်သောအကြောင်းဖြစ်၏။ ရှေးစိတ်ချုပ်ပြီးမှ နောက်စိတ်ဖြစ်သောကြောင့်တည်း။

(၂) ရှေးကာလ၌ အတတ်ပညာသင်ယူလေ့ကျင့်ခြင်းသည် နောက်ကာလ၌ဖြစ်သော အတတ်ပညာဖြင့် ပြုလုပ်ခြင်း၏တည်ရှိခြင်း (ဌာန) အားဖြင့် ဆန့်ကျင်သောအကြောင်းတည်း။

(၃) ကံ (စေတနာ) သည် ကမ္မဇရုပ်၏သဘောအားဖြင့် ဆန့်ကျင်သောအကြောင်းတည်း၊ သို့သော် ကံသည် ကမ္မဇရုပ်ကိုဖြစ်စေ၏။

(၄) ချိုသောနို့ရည်သည် ချဉ်သောနို့ဓမ်း၏သဘောအားဖြင့် ဆန့်ကျင်သောအကြောင်းတည်း။ သို့သော် နို့ရည်မှ နို့ဓမ်းဖြစ်လာ၏။

(၅) အလင်းသည် သိခြင်းကိစ္စရှိသော စက္ခုဝိညာဏ်၏ ကိစ္စအားဖြင့် ဆန့်ကျင်သောအကြောင်းတည်း။ သို့သော် အလင်းသည် စက္ခုဝိညာဏ်အား ကျေးဇူးပြု၏။

(၆) တင်လဲသည် မူးယစ်စေတတ်သောအရက်၏ကိစ္စအားဖြင့် ဆန့်ကျင်သောအကြောင်းတည်း။ သို့သော် တင်လဲသည် အရက်ဖြစ်လာရန် ကျေးဇူးပြု၏။

### (ခ) မဆန့်ကျင်သောအကြောင်းဖြစ်ပုံ သာဓကများ

(၁) စက္ခုဒွါရနှင့်အဆင်းဟူသောအကြောင်းသည် စက္ခုဝိညာဏ်ဟူသော အကျိုး၏ တည်ရှိ

နေခြင်းဌာနအားဖြင့် မဆန့်ကျင်သောအကြောင်းဖြစ်၏။

(၂) ရှေ့ဖြစ်သောဇောတို့သည် နောက်ဖြစ်သောဇောတို့၏ သဘောအားဖြင့်လည်း မဆန့်ကျင်, ကိစ္စအားဖြင့်လည်း မဆန့်ကျင်သောအကြောင်းတို့တည်း။

ပစ္စယုပ္ပန်တရားတို့၏ဆန့်ကျင်, မဆန့်ကျင်ကုန်သော အကြောင်းတို့သည် ပြီးစီးထင်ရှားကြ သကဲ့သို့ ဤအတူပင် တူ–မတူကုန်သောအကြောင်းတရားတို့လည်း ပြီးစီးထင်ရှားကုန်၏။

## (ဂ) တူသောအကြောင်းဖြစ်ပုံ သာဓကများ

(၁) ဥတုသည် ဥတုဇရုပ်၏တူသောအကြောင်းဖြစ်၏၊ ရုပ်တရားချည်းဖြစ်သောကြောင့်တည်း။

(၂) အာဟာရ(သြဇာ)သည် အာဟာရဇရုပ်၏ တူသောအကြောင်းဖြစ်သည်။

(၃) သလေးမျိုးစေ့သည် သလေးစပါး၏တူသောအကြောင်းဖြစ်၏။

## (ဃ) မတူသောအကြောင်းဖြစ်ပုံသာဓကများ

(၁) ရုပ်တရားသည် နာမ်တရား၏မတူသောအကြောင်းဖြစ်၏။

(၂) နာမ်တရားသည် ရုပ်တရား၏မတူသောအကြောင်းဖြစ်၏။

(၃) နွားမွေးနှင့်သိုးမွေးတို့သည် နေဇာမြက်၏မတူသောအကြောင်းဖြစ်၏။ ထိုအမွေးတို့ စုဝေးရာအရပ်၌ နေဇာမြက်ပေါက်တတ်သည်ဟု ဆို၏။

(၄) နို့ဓမ်း, နှမ်းမှုန့်သည် မြက်နံ့သာ၏မတူသောအကြောင်းဖြစ်၏။

ဤဆိုခဲ့သောအကြောင်းအကျိုးတို့၏ ပြီးစီးထင်ရှားကြခြင်းကြောင့် အကုသိုလ်အဝိဇ္ဇာက ကုသိုလ်သင်္ခါရတို့၏အကြောင်းဖြစ်ခြင်းသည် လျော်ကန်သင့်မြတ်၏။

## • ၃ စုတိ, ပဋိသန္ဓေစသည်၌ တွေဝေ၍ သင်္ခါရသုံးပါးကိုပြုကြောင်း

အကြင်ပုဂ္ဂိုလ်သည် စုတိ, ပဋိသန္ဓေ, သံသရာတို့၌လည်းကောင်း၊ သင်္ခါရတို့၏လက္ခဏာ၌ လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်–ပဋိစ္စသမုပ္ပန်တရားတို့၌လည်းကောင်း၊ မှန်စွာမသိသဖြင့် တွေဝေ၏၊ တွေဝေသဖြင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို အားထုတ်ပြုလုပ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် သင်္ခါရသုံးပါးကို ကျေးဇူးပြုသည်ဟု သိအပ်၏။

## (၁) စုတိ၌ တွေဝေပုံ

''အလုံးစုံသောဘဝ, ယောနိ, ဂတိစသည်တို့၌ နောက်ဆုံး ရုပ်နာမ်ခန္ဓာတို့၏ ပျက်ခြင်း သည် စုတိ = သေခြင်းမည်၏ '' ဟု မှန်စွာမသိသဖြင့် ''သတ္တဝါသည် အကောင်လိုက် သေပျောက်သွားသည်၊ အတ္တကောင်ဟူသော သတ္တဝါ၏အခြား ခန္ဓာကိုယ်သည် တစ်ပါးသို့ ပြောင်းရွှေ့သွားသည်''ဟု စသည်ဖြင့် မှားယွင်းစွာကြံဆယူ၏

## (၂) ပဋိသန္ဓေ၌တွေဝေပုံ

''အလုံးစုံသော ဘဝ, ယောနိ, ဂတိစသည်တို့၌ ရှေးဦးစွာသောရုပ်နာမ်ခန္ဓာတို့၏ ထင်ရှားစွာဖြစ်ပေါ်လာခြင်းသည် ပဋိသန္ဓေ – ဘဝသစ်ဖြစ်ခြင်းမည်၏ဟု မှန်စွာမသိသဖြင့် ''သတ္တဝါသည် အကောင်လိုက်ပင် ကပ်ရောက်၍ဖြစ်ပေါ်လာ၏၊ အတ္တကောင်ဟူသော သတ္တဝါ၏ခန္ဓာကိုယ်သစ်သည် ဖြစ်ပေါ်လာ၏''ဟု စသည်ဖြင့် မှားယွင်းစွာကြံဆယူ၏။

## (၃) သံသရာ၌တွေဝေပုံ

''ခန္ဓာ, အာယတန, ဓာတ်တို့၏မပြတ်မစဲဖြစ်ပျက်နေသောအစဉ်ကို သံသရာဟုခေါ်ဆိုအပ်၏။'' ဟု မှန်ကန်စွာမသိသဖြင့် ''သတ္တဝါဟူသော ဤအတ္တကောင်သည် ဤမျက်မှောက်လူ့ဘဝမှ တစ်ပါးသောဘဝသို့ ပြောင်းရွှေ့သွား၏၊ တစ်ပါးသောအတိတ်ဘဝမှ ဤဘဝသို့ ပြောင်းရွှေ့လာ၏''ဟု စသည်ဖြင့် မှားယွင်းစွာ ကြံဆယူ၏။

## (၄) သင်္ခါရတို့၏လက္ခဏာ၌ တွေဝေပုံ

သင်္ခါရ = ရုပ်နာမ်တရားတို့၏သဘာဝလက္ခဏာ, သာမညလက္ခဏာတို့ကို မှန်ကန်စွာမသိသဖြင့် ရုပ်နာမ်သင်္ခါရတို့ကို အတ္တကောင်ဖြစ်သည်, အတ္တကောင်၏ဥစ္စာဖြစ်သည်, မြဲသည်, တင့်တယ်သည်, ချမ်းသာသည်, ကောင်းသည်စသည်ဖြင့် မှားယွင်းစွာ ကြံဆယူ၏။

## (၅) ပဋိစ္စသမုပ္ပါဒ် – ပဋိစ္စသမုပ္ပန်တရားတို့၌ တွေဝေပုံ

အဝိဇ္ဇာစသည်တို့ကြောင့် သင်္ခါရစသည်တို့၏ မပြတ်ဖြစ်ခြင်းကို မှန်ကန်စွာမသိသဖြင့် ''အတ္တကောင်သည် သိလည်းသိ၏၊ မသိလည်းမသိ၊ ကောင်းမှု, မကောင်းမှုကို ကိုယ်တိုင်လည်းပြု၏။ သူတစ်ပါးကိုလည်းပြုစေ၏၊ ပဋိသန္ဓေခဏ၌ ကပ်ရောက်၍ ဘဝသစ်ဖြစ်၏၊ ထိုအတ္တကောင်၏ကိုယ်ကို ကလလရေကြည်စသည်အဖြစ်ဖြင့် ကောင်းစွာတည်ထားကုန်လျက် စက္ခုစသောဣန္ဒြေတို့ကို ပြည့်စုံစေ၏။ ဣန္ဒြေပြည့်စုံသည်ဖြစ်၍ အာရုံကိုတွေ့ထိ၏၊ ခံစား၏၊ ဆာလောင်တပ်မက်၏၊ စွဲလမ်း၏၊ စေ့ဆော်အားထုတ်၏။ တစ်ဖန်ဘဝတစ်ပါး၌ဖြစ်၏'' ဟူ၍သော်လည်းကောင်း၊ ''အတ္တကောင်ဟူသော သတ္တဝါအားလုံးတို့သည် ကိန်းသေမြဲခြင်းဖြင့် စုရုံးပေါင်းစပ်သောအားဖြင့် လူ, နတ်, ငှက်စသည်အဖြစ်တို့၌ ပြောင်းလဲရင့်ကျက်ကုန်၏'' ဟူ၍သော်လည်းကောင်း၊ မှားယွင်းစွာကြံဆယူ၏။

ဤသို့မှားယွင်းစွာကြံဆ၍ ပဋိစ္စသမုပ္ပါဒ်–ပဋိစ္စသမုပ္ပန်တရားတို့၌ တွေဝေသောပုဂ္ဂိုလ်တို့သည် အဝိဇ္ဇာက ဉာဏ်အမြင်ကန်းအောင်ပြုလုပ်လိုက်သဖြင့် မျက်စိကန်းသူသည် လမ်းမှန်လမ်းမှားသို့ သွားမိသကဲ့သို့ ထို့အတူပင် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို အားထုတ်ပြုလုပ်မိကြ၏။

## • သင်္ခါရပစ္စယာ ဝိညာဏံပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

''*သင်္ခါရပစ္စယာ ဝိညာဏံ*'' ဟူသောပုဒ်၌ သင်္ခါရသည် အပုညာဘိသင်္ခါရ, ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ဖြစ်ကြ၏။ တရားကိုယ်အားဖြင့် အပုညာဘိသင်္ခါရသည် အကုသိုလ်စေတနာ ၁၂ ပါးဖြစ်၏။ ပုညာဘိသင်္ခါရသည် မဟာကုသိုလ်စေတနာ ၈ ပါးနှင့် ရူပါဝစရကုသိုလ်စေတနာ ၅ ပါးဖြစ်၏။ အာနေဉ္ဇာဘိသင်္ခါရသည် အရူပါဝစရကုသိုလ် စေတနာ ၄ ပါးဖြစ်၏။

ဝိညာဏ်သည် အထက်ပါအကုသိုလ်စေတနာ ၁၂ ပါးနှင့် လောကီကုသိုလ်စေတနာ ၁၇ ပါးတို့၏ အကျိုးဝိပါက်စိတ်များဖြစ်ကြသော ဝိညာဏ် ၆ ပါးဖြစ်၏။ ဝိပါက်ဝိညာဏ် ၆ပါးတွင် စက္ခုဝိညာဏ် (မြင်သိစိတ်) သည် ကုသလဝိပါက် စက္ခုဝိညာဏ်နှင့် အကုသလ

**ဇယား ၁၇. ၁ သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ် ၃၂ ပါး**

| ဝိညာဏ် | တရားကိုယ် | | ဓာတ်အမည် | စုစုပေါင်း |
|---|---|---|---|---|
| စက္ခုဝိညာဏ် | စက္ခုဝိညာဏ်ဒွေး | ၂ | စက္ခုဝိညာဏဓာတ် | ဒွေး |
| သောတဝိညာဏ် | သောတဝိညာဏ်ဒွေး | ၂ | သောတဝိညာဏဓာတ် | ပဉ္စ |
| ဃာနဝိညာဏ် | ဃာနဝိညာဏ်ဒွေး | ၂ | ဃာနဝိညာဏဓာတ် | ဝိညာဏ် |
| ဇိဝှာဝိညာဏ် | ဇိဝှာဝိညာဏ်ဒွေး | ၂ | ဇိဝှာဝိညာဏဓာတ် | ၁၀ |
| ကာယဝိညာဏ် | ကာယဝိညာဏ်ဒွေး | ၂ | ကာယဝိညာဏဓာတ် | |
| မနောဝိညာဏ် | သမ္ပဋိစ္ဆိုန်းဒွေး | ၂ | မနောဓာတ် | ၂၂ |
| | သန္တီရဏစိတ် | ၃ | မနောဝိညာဏဓာတ် | |
| | မဟာဝိပါက်စိတ် | ၈ | ။ | |
| | ရူပဝိပါက်စိတ် | ၅ | ။ | |
| | အရူပဝိပါက်စိတ် | ၄ | ။ | |
| ဝိညာဏ် ၆ ပါး | လောကီဝိပါက်စိတ် | ၃၂ | ဝိညာဏဓာတ် ၇ ပါး | ၃၂ |

ဝိပါက် စက္ခုဝိညာဏ်ဟူ၍ ၂ ပါးရှိ၏။ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှာဝိညာဏ်, ကာယဝိညာဏ်တို့သည်လည်း ထို့အတူ ၂ ပါးစီရှိကြ၏။

မနောဝိညာဏ်တွင် ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်နှင့် အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်သော မနောဓာတ် ၂ ပါး၊ သန္တီရဏစိတ်သုံးပါးဖြစ်သော အဟိတ်မနောဝိညာဏဓာတ် ၃ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး, ရူပါဝစရဝိပါက်စိတ် ၅ ပါးနှင့် အရူပါဝစရဝိပါက်စိတ် ၄ ပါးဖြစ်သော သဟိတ်မနောဝိညာဏ် ၁၇ ပါးဟူ၍ မနောဝိညာဏ် ၂၂ ပါး ပါဝင်၏။

ဤသို့လျှင် ဝိညာဏ် ၆ ပါးဖြင့် အလုံးစုံသော လောကီဝိပါက်ဝိညာဏ် ၃၂ ပါးကို သိမ်းယူပြီးဖြစ်၏။ **လောကုတ္တရာဝိပါက်စိတ် ၄ ပါးကိုမူ ဝဋ်ကိုပြရာစကား၌ မသင့်လျော်သောကြောင့် မယူအပ်ပါ။**

- **သင်္ခါရကြောင့် ဝိညာဏ် ၃၂ ပါးဖြစ်ကြောင်း အဘယ်သို့သိအပ်သနည်း?**

ဤသို့စောဒနာပြုလျှင် **ဆည်းပူးအပ်ပြီးသောကံမရှိလျှင် ဝိပါက်ဟူသော အကျိုးမရှိခြင်း, မဖြစ်ခြင်းကြောင့်, သိအပ်သည်ဟု ဖြေဆိုအပ်၏။** မှန်ပေ၏။ ဤဝိညာဏ် ၃၂ ပါးသည် ကံ၏အကျိုးဖြစ်သော ဝိပါက်စိတ်တို့တည်း။ ဝိပါက်ဝိညာဏ်ဟူသော အကျိုးတရားသည်လည်း ဆည်းပူးအပ်ပြီးသော ကံမရှိလျှင် မဖြစ်တတ်ပေ။ အကယ်၍ ကံမရှိဘဲ ဖြစ်နိုင်သည်ဆိုလျှင် ဝိပါက်ဝိညာဏ်အားလုံးသည်ပင် သတ္တဝါများအားလုံး၌ ဖြစ်တန်ရာ၏။ ထိုသို့ကားမဖြစ်ချေ။ ထို့ကြောင့် ''သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ် ၃၂ ပါး

ဖြစ်သည်'' ဟူသော သဘောကိုသိအပ်၏။

**အဘယ်သင်္ခါရကြောင့် အဘယ်ဝိညာဏ်ဖြစ်သနည်း?**

ဤသို့မေးငြားအံ့။ **ကာမာဝစရပုညာဘိသင်္ခါရ** (မဟာကုသိုလ်စေတနာ ၈ ပါး) ဟူသော အကြောင်းကြောင့် ကုသလဝိပါက်စက္ခုဝိညာဏ်စသည့် ပဉ္စဝိညာဏ် ၅ ပါး, ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ၁ ပါး, ကုသလဝိပါက်သန္တီရဏ ၂ ပါးနှင့် မဟာဝိပါက် ၈ ပါးတည်းဟူသော ဝိညာဏ် ၁၆ ပါး ဖြစ်၏။

**ရူပါဝစရပုညာဘိသင်္ခါရ** (ရူပကုသိုလ်စေတနာ ၅ ပါး) ဟူသောအကြောင်းကြောင့် ရူပါဝစရဝိပါက်ဝိညာဏ် ၅ ပါးဖြစ်၏။

**အပုညာဘိသင်္ခါရ** (အကုသိုလ်စေတနာ ၁၂ ပါး) ကြောင့် အကုသလဝိပါက် ပဉ္စဝိညာဏ် ၅ ပါး၊ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်း (မနောဓာတ်) ၁ ပါး၊ အကုသလဝိပါက်သန္တီရဏ (မနောဝိညာဏဓာတ်) ၁ ပါးဟူသော ဝိညာဏ် ၇ ပါးဖြစ်၏။

**အာနေဉ္ဇာဘိသင်္ခါရ** (အရူပကုသိုလ်စေတနာ ၄ ပါး) ကြောင့် အရူပါဝစရဝိပါက် ဝိညာဏ် ၄ ပါးဖြစ်၏။

**ဇယား ၁၇. ၂ သင်္ခါရကြောင့် ဝိညာဏ်အသီးသီးဖြစ်ပုံ**

| စဉ် | သင်္ခါရ | ဝိညာဏ် | | စိတ် |
|---|---|---|---|---|
| ၁ | (က) ကာမာဝစရ ပုညာဘိသင်္ခါရ | ကုဝိ – ပဉ္စဝိညာဏ် ၅ | ပဉ္စဝိညာဏ် | |
| | | ကုဝိ – သမ္ပဋိစ္ဆိုန်းစိတ် ၁ | မနောဝိညာဏ် | |
| | | ကုဝိ – သန္တီရဏစိတ် ၂ | ။ | |
| | | မဟာဝိပါက်စိတ် ၈ | ။ | ၁၆ |
| | (ခ)ရူပ–ပုညာဘိသင်္ခါရ | ရူပါဝစရဝိပါက်စိတ် ၅ | မနောဝိညာဏ် | ၅ |
| ၂ | အပုညာဘိသင်္ခါရ | အကုဝိ – ပဉ္စဝိညာဏ် ၅ | ပဉ္စဝိညာဏ် | |
| | | အကုဝိ – သမ္ပဋိစ္ဆိုန်းစိတ်၁ | မနောဝိညာဏ် | |
| | | အကုဝိ – သန္တီရဏစိတ် ၁ | ။ | ၇ |
| ၃ | အာနေဉ္ဇာဘိသင်္ခါရ | အရူပါဝစရဝိပါက်စိတ် ၄ | မနောဝိညာဏ် | ၄ |
| | | စုစုပေါင်း – လောကီဝိပါက်စိတ် | | ၃၂ |

သို့ဖြစ်၍ သင်္ခါရသုံးပါးကြောင့် ဝိညာဏ် ၃၂ ပါးအသီးသီးဖြစ်ကြ၏။

- **ဝိညာဏ်တို့ကို ပဝတ္တိ, ပဋိသန္ဓေ ကာလအားဖြင့် ခွဲခြားပုံ**

ဒွေးပဉ္စဝိညာဏ် ၁၀ ပါး, သမ္ပဋိစ္ဆိုန်းစိတ် ၂ ပါး, သောမနဿသန္တီရဏစိတ် ၁ ပါး ဟူသော ဝိညာဏ် ၁၃ ပါးတို့သည် ပဉ္စဝေါကာရဘုံတွင် ပဝတ္တိကာလ၌သာလျှင် ဖြစ်ကြ

ကုန်၏။ (ပဉ္စဝေါကာရဘုံဟူသည်မှာ ခန္ဓာ ၅ ပါးရှိသော ကာမ ၁၁ ဘုံနှင့် ရူပ ၁၅ ဘုံ ဟူသော ၂၆ ဘုံကိုခေါ်၏။ ပဝတ္တိကာလဟူသည်မှာ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စုတိစိတ်၏ဘင်ခဏအထိ အချိန်ကာလဖြစ်၏။)

ဥပေက္ခာသန္တီရဏစိတ် ၂ ပါး, မဟာဝိပါက်စိတ် ၈ ပါး, ရူပါဝစရဝိပါက်စိတ် ၅ ပါး, အရူပါဝစရဝိပါက်စိတ် ၄ ပါးဟူသော ဝိညာဏ် ၁၉ ပါးတို့သည် ကာမဘဝ, ရူပဘဝ, အရူပဘဝတို့တွင် ထိုက်သည့်အားလျော်စွာ ပဝတ္တိကာလ၌လည်းကောင်း၊ ပဋိသန္ဓေကာလ၌လည်းကောင်း ဖြစ်ကြကုန်၏။ (ပဋိသန္ဓေကာလဟူသည်မှာ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏဟူသော ကာလဖြစ်၏။ ဤဝိညာဏ် ၁၉ ပါးတို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတို့ကို ဆောင်ရွက်ကြသောစိတ်တို့တည်း။)

**ဝိညာဏ် ၁၃ ပါးတို့က ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလတွင် ဖြစ်ကြပုံ**

**ဇယား ၁၃. ၃ ဝိညာဏ် ၁၃ ပါးတို့၏ ဒွါရ, အာရုံစသည်ပြပုံ**

| စဉ် | ဝိညာဏ် | ဒွါရ | အာရုံ | ဝတ္ထု | ဌာန | ကိစ္စ |
|---|---|---|---|---|---|---|
| ၁ | ကုသလဝိပါက်ပဉ္စဝိညာဏ် ၅ ပါး | မြဲ | မြဲ | မြဲ | မြဲ | မြဲ |
| ၂ | အကုသလဝိပါက်ပဉ္စဝိညာဏ် ၅ ပါး | မြဲ | မြဲ | မြဲ | မြဲ | မြဲ |
| ၃ | ကုသလဝိပါက်သမ္ပဋိစ္ဆိုန်းစိတ် ၁ ပါး | မမြဲ | မမြဲ | မြဲ | မြဲ | မြဲ |
| ၄ | အကုသလဝိပါက်သမ္ပဋိစ္ဆိုန်းစိတ် ၁ ပါး | မမြဲ | မမြဲ | မြဲ | မြဲ | မြဲ |
| ၅ | သောမနဿသန္တီရဏစိတ် ၁ ပါး | မမြဲ | မမြဲ | မြဲ | မမြဲ | မမြဲ |

(၁) ကုသလဝိပါက်ပဉ္စဝိညာဏ် ၅ ပါးတို့သည် ကုသလဝိပါက်စိတ်ဖြင့်ဖြစ်စေ အကုသလဝိပါက်စိတ်ဖြင့်ဖြစ်စေ ပဋိသန္ဓေဖြစ်ပြီး၍ ရင့်ကျက်သောဣန္ဒြေရှိသည့်အခါ ပဉ္စဒွါရ၌ ဣဋ္ဌာရုံ သို့မဟုတ် ဣဋ္ဌမဇ္ဈတ္တာရုံထင်လတ်သော် ထိုအာရုံကို အာရုံပြု၍ စက္ခုစသည့် ပသာဒရုပ်ကို မှီ၍ မြင်ခြင်းကိစ္စ, ကြားခြင်းကိစ္စ, နံခြင်းကိစ္စ, စားခြင်းကိစ္စ, ထိခြင်းကိစ္စကို ပြီးစေလျက် ဖြစ်ကုန်၏။

(၂) အကုသလဝိပါက်ပဉ္စဝိညာဏ် ၅ ပါးတို့သည်လည်း ထို့အတူပင်ဖြစ်ကုန်၏။ အထူးကား ထိုအကုသလဝိပါက်ဝိညာဏ်တို့၏အာရုံသည် အနိဋ္ဌာရုံသော်လည်းကောင်း၊ အနိဋ္ဌမဇ္ဈတ္တာရုံသော်လည်းကောင်း၊ ကုသလဝိပါက်ဝိညာဏ်တို့၏ အာရုံနှင့်မရောဘဲ သီးခြားဖြစ်၏။ ဤအာရုံမျှသာထူးခြား၏။

ဤဒွေးပဉ္စဝိညာဏ် ၁၀ ပါးတို့သည် မြဲသောဒွါရ, မြဲသောအာရုံ, မြဲသောမှီရာဝတ္ထု, မြဲသောဌာန, မြဲသောကိစ္စရှိကြ၏။ ပုံစံအားဖြင့် စက္ခုဝိညာဏ်သည် စက္ခုဒွါရ၌သာ, အဆင်းကိုအာရုံပြု၍သာ, စက္ခုဝတ္ထုကိုမှီ၍သာ, ပဉ္စဝိညာဏ်ဌာန၌သာ, မြင်ခြင်းကိစ္စရှိ၍သာ အမြဲဖြစ်၏။

(၃) ကုသလဝိပါက်ပဉ္စဝိညာဏ်၏အခြားမဲ့၌ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ် (မနောဓာတ်)

သည် ထိုပဉ္စဝိညာဏ်၏အာရုံကို လက်ခံသောအားဖြင့် အာရုံပြုလျက် ဟဒယဝတ္ထုကိုမှီ၍ လက်ခံခြင်းကိစ္စကိုပြီးစေလျက်ဖြစ်၏။

(၄) အကုသလဝိပါက်သမ္ပဋိစ္ဆိုန်းစိတ် (မနောဓာတ်) သည်လည်း ထို့အတူပင်ဖြစ်၏။ ဤသမ္ပဋိစ္ဆိုန်းစိတ် (ဝါ) မနောဓာတ် ၂ ပါးတို့သည် ပဉ္စဒွါရ ၅ ပါး၌ ဖြစ်ကြသဖြင့် မမြဲသောဒွါရ, မမြဲသောအာရုံရှိကြ၏။ ဟဒယဝတ္ထုကိုသာ အမြဲမှီ၍ဖြစ်၏ (ဝတ္ထုမြဲ၏)၊ သမ္ပဋိစ္ဆိုန်းဌာန၌သာ အမြဲဖြစ်၏ (ဌာနမြဲ၏)၊ မြဲသောကိစ္စရှိ၏။

(၅) သောမနဿသန္တီရဏစိတ် (ဝါ) သောမနဿသဟဂုတ်အဟိတ်မနောဝိညာဏဓာတ် သည် ကုသလဝိပါက်မနောဓာတ်၏အခြားမဲ့၌ ထိုမနောဓာတ်၏အာရုံကို အာရုံပြုလျက် ဟဒယဝတ္ထုကိုမှီ၍ သန္တီရဏ (စုံစမ်းခြင်း) ကိစ္စကိုပြီးစေလျက်ဖြစ်၏။ ထို့အပြင် ၆ ဒွါရ တို့၌ အားကြီးသည့်အာရုံ၌ ကာမာဝစရသတ္တဝါတို့အား အများအားဖြင့် လောဘဇော၏အဆုံး ၌ ဘဝင်အစဉ်ကိုဖြတ်၍ ဇောယူပြီးသောအာရုံကိုယူလျက် တဒါရုံ၏အစွမ်းအားဖြင့် ၁ ကြိမ် သို့မဟုတ် ၂ ကြိမ်ဖြစ်၏ဟု မဇ္ဈိမအဋ္ဌကထာ၌ဆို၏၊ အဘိဓမ္မာအဋ္ဌကထာ၌ကား တဒါရုံ ၂ ကြိမ်ဖြစ်၏ဟု ဆို၏။ ဤတဒါရုံစိတ်ကို တဒါရုံဟူ၍လည်းကောင်း၊ ပိဋ္ဌိဘဝင်ဟူ၍ လည်းကောင်း ခေါ်ဆို၏။ ဤစိတ်သည် မမြဲသောဒွါရ, မမြဲသောအာရုံ, မြဲသောဝတ္ထု, မမြဲသောဌာန, မမြဲသောကိစ္စရှိပေ၏။

- **ကြွင်းသော ဝိပါက်ဝိညာဏ် ၁၉ ပါးတို့က ပဋိသန္ဓေ, ပဝတ္တိကာလတို့၌ဖြစ်ကြပုံ**

ဤဝိပါက်ဝိညာဏ် ၁၉ ပါးတို့သည် ပဋိသန္ဓေကာလ၌ မိမိအားလျော်သော ပဋိသန္ဓေဖြင့် မဖြစ်သောဝိညာဏ်မည်သည်မရှိချေ။

**ဇယား ၁၇. ၄ ပဋိသန္ဓေဝိညာဏ် ၁၉ ပါးတို့၏ ဒွါရ, အာရုံ စသည်ပြပုံ**

| စဉ် | ဝိညာဏ် | ဒွါရ | အာရုံ | ဝတ္ထု | ဌာန | ကိစ္စ |
|---|---|---|---|---|---|---|
| ၁ | ကုဝိ၊ အကုဝိဥပေက္ခာသန္တီရဏ ၂ ပါး | မမြဲ | မမြဲ | မြဲ | မမြဲ | မမြဲ |
| ၂ | ကာမာဝစရသဟိတ်ဝိပါက်စိတ် ၈ ပါး | မမြဲ | မမြဲ | မြဲ | မမြဲ | မမြဲ |
| ၃ | ရူပါဝစရဝိပါက်စိတ် ၅ ပါး | – | မြဲ | မြဲ | မမြဲ | မမြဲ |
| ၄ | အရူပါဝစရဝိပါက်စိတ် ၄ ပါး | – | မြဲ | – | မမြဲ | မမြဲ |

**ပဝတ္တိကာလ၌ဖြစ်ပုံကား –**

(၁) ကုသလဝိပါက်, အကုသလဝိပါက်ဖြစ်ကုန်သော (ဥပေက္ခာသန္တီရဏစိတ် ၂ ပါး ဟူသည့်) အဟိတ်မနောဝိညာဏဓာတ်တို့သည် ပဉ္စဒွါရ၌ ကုသလဝိပါက်, အကုသလဝိပါက် မနောဓာတ်တို့၏ အခြားမဲ့တွင် သန္တီရဏကိစ္စကိုလည်းကောင်း၊ ၆ ဒွါရ၌ တဒါရုံကိစ္စကို လည်းကောင်း၊ ပဋိသန္ဓေမှနောက်ကာလ၌ ဝီထိစိတ်တို့မဖြစ်သည့်အခါ ဘဝင်ကိစ္စကို လည်းကောင်း၊ ဘဝ၏အဆုံး၌ စုတိကိစ္စကိုလည်းကောင်း၊ ဤသို့ကိစ္စ ၄ ပါးကို ပြီးစေကုန် လျက် မမြဲသောဒွါရ, မမြဲသောအာရုံ, မြဲသောဝတ္ထု, မမြဲသောဌာန, မမြဲသောကိစ္စ ရှိကုန်

သည်ဖြစ်၍ ဖြစ်ကြ၏။

(၂) ကာမာဝစရသဟိတ်ဝိပါက်စိတ် ၈ ပါးတို့သည် ၆ ဒွါရတို့၌ တဒါရုံကိစ္စကိုလည်းကောင်း၊ ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့မဖြစ်သည့်အခါ ဘဝင်ကိစ္စကိုလည်းကောင်း၊ ဘဝအဆုံး၌ စုတိကိစ္စကိုလည်းကောင်း၊ ဤသို့ကိစ္စ ၃ ပါးကိုပြီးစေကုန်လျက် မြဲသောဝတ္ထု၊ မမြဲသောဒွါရ, အာရုံ, ဈာန, ကိစ္စတို့ရှိကုန်သည်ဖြစ်၍ ဖြစ်ကြ၏။

(၃) ရူပါဝစရဝိပါက်စိတ် ၅ ပါးတို့သည် ပဋိသန္ဓေမှနောက်ကာလ၌ ဝီထိစိတ်တို့ မဖြစ်လတ်သော် ဘဝင်ကိစ္စကိုလည်းကောင်း၊ ဘဝအဆုံး၌ စုတိကိစ္စကိုလည်းကောင်း၊ ဤသို့ ကိစ္စ ၂ ပါးကို ပြီးစေကုန်လျက် မြဲသောဝတ္ထု, မြဲသောအာရုံ, မမြဲသောဈာန, မမြဲသောကိစ္စတို့ ရှိကုန်သည်ဖြစ်၍ ဖြစ်ကြ၏။

(၄) အရူပါဝစရဝိပါက်စိတ် ၄ ပါးတို့သည် ပဋိသန္ဓေမှ နောက်ကာလ၌ ဝီထိစိတ်တို့ မဖြစ်လတ်သော် ဘဝင်ကိစ္စကိုလည်းကောင်း၊ ဘဝအဆုံး၌ စုတိကိစ္စကိုလည်းကောင်း၊ ဤသို့ကိစ္စ ၂ ပါးကိုပြီးစေကုန်လျက် အမြဲတမ်းမှီရာဝတ္ထုမရှိ၊ မြဲသောအာရုံရှိ၍ မမြဲသော ဈာန, မမြဲသောကိစ္စတို့ ရှိကုန်သည်ဖြစ်၍ဖြစ်ကြ၏။

ထိုသို့ဖြစ်ရာ၌ ပုညာဘိသင်္ခါရစသော ထိုထိုသင်္ခါရတို့သည် ဝိပါက်ဝိညာဏ် ၃၂ ပါးတို့အား နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုကြ၏။

- **ပဋိသန္ဓေကာလ၌ ဖြစ်ပုံအကျယ်ကိုပြဆိုခြင်း**

''ဝိပါက်ဝိညာဏ် ၁၉ ပါးတို့သည် ပဋိသန္ဓေကာလ၌ မိမိအားလျော်သော ပဋိသန္ဓေဖြင့် မဖြစ်သည့်ဝိညာဏ်မည်သည်မရှိချေ'' ဟူသော စကားသည် ကျဉ်းလွန်းသဖြင့် သိနားလည်ရန် ခဲယဉ်း၏။ ထို့ကြောင့် ထိုစကား၏အကျယ်ဖွင့်ဆိုချက်ကို ဖော်ပြပါအံ့။

## (၁) ပဋိသန္ဓေတို့သည် အဘယ်မျှရှိသနည်း?

အသညသတ်ရုပ်ပဋိသန္ဓေနှင့်တကွ ပဋိသန္ဓေ ၂၀ ရှိပါသည်။

## (၂) ပဋိသန္ဓေစိတ်တို့သည် အဘယ်မျှရှိသနည်း?

ဥပေက္ခာသန္တီရဏစိတ် ၂ ပါး, မဟာဝိပါက် ၈ ပါး, ရူပါဝစရဝိပါက်စိတ် ၅ ပါး, အရူပါဝစရဝိပါက်စိတ် ၄ ပါးဟူ၍ ပဋိသန္ဓေစိတ် ၁၉ ပါးရှိပါသည်။

## (၃) အဘယ်စိတ်ဖြင့် အဘယ်ဘဝ၌ ပဋိသန္ဓေသည်ဖြစ်သနည်း?

အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဟူသော အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်ဖြင့် အပါယ် ၄ ဘုံတွင် ပဋိသန္ဓေဖြစ်၏။

ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်ဟူသော ကုသလဝိပါက်အဟိတ်မနောဝိညာဏဓာတ်ဖြင့် လူ့လောက၌ ဝမ်းတွင်းကန်း, ဝမ်းတွင်းနားပင်း, ဝမ်းတွင်းရူး, ဝမ်းတွင်းအ, နပုန်းစသောသူတို့၏ ပဋိသန္ဓေသည်ဖြစ်၏။ စတုမဟာရာဇ်ဘုံ၌လည်း ပဋိသန္ဓေဖြစ်၏။

ကာမာဝစရသဟိတ်ဝိပါက်စိတ် ၈ ပါး (မဟာဝိပါက်စိတ် ၈ ပါး) တို့ဖြင့် နတ်ပြည် ၆-ထပ်နှင့် လူ့ပြည်၌ ဘုန်းကံရှိသူတို့၏ ပဋိသန္ဓေသည်ဖြစ်၏။

ရူပါဝစရဝိပါက်စိတ် ၅ ပါးတို့ဖြင့် ရူပဗြဟ္မာဘုံတို့၌ ပဋိသန္ဓေသည်ဖြစ်၏။

အရူပါဝစရဝိပါက်စိတ် ၄ ပါးတို့ဖြင့် အရူပဗြဟ္မာ ၄ ဘုံတို့၌ ပဋိသန္ဓေသည်ဖြစ်၏။

အကြင်စိတ်ဖြင့် အကြင်ဘုံ၌ ပဋိသန္ဓေသည်ဖြစ်၏၊ ထိုဘုံ၌ ထိုပဋိသန္ဓေသည်ပင်လျှင် ထိုစိတ်အား လျော်သောပဋိသန္ဓေမည်၏။

## (၄) ပဋိသန္ဓေစိတ်၏အာရုံသည် အဘယ်နည်း?

နာမ်ပဋိသန္ဓေတို့၏အာရုံသည် အကျဉ်းအားဖြင့် အတိတ်အာရုံ, ပစ္စုပ္ပန်အာရုံ, နဝတ္တဗ္ဗ အာရုံ (ပညတ်အာရုံ) တို့တည်း။

အသညသတ်ရုပ်ပဋိသန္ဓေတွင် အာရုံမရှိချေ။

– ဝိညာဏဥ္စာယတနပဋိသန္ဓေနှင့် နေဝသညာ နာသညာယတန ပဋိသန္ဓေတို့၏ အာရုံသည် အတိတ်အာရုံသာဖြစ်၏။
– ကာမပဋိသန္ဓေ ၁၀ ပါးတို့၏အာရုံသည် အတိတ်အာရုံ သို့မဟုတ် ပစ္စုပ္ပန်အာရုံဖြစ်၏။
– ကြွင်းသောပဋိသန္ဓေ ၇ ပါး (ရူပါဝစရ ၅ ပါး, အာကာသာနဉ္စာယတန, အာကိဉ္စညာယတန) တို့၏အာရုံသည် အတိတ်ဟူ၍လည်းကောင်း၊ ပစ္စုပ္ပန်ဟူ၍လည်းကောင်း မဆိုအပ်သော နဝတ္တဗ္ဗအာရုံ (ဝါ) ပညတ်အာရုံသာလျှင် ဖြစ်၏။

- **ပဋိသန္ဓေစိတ်ဖြစ်ပုံကိုပြဆိုချက်**

ပဋိသန္ဓေစိတ်သည် အတိတ်အာရုံ သို့မဟုတ် နဝတ္တဗ္ဗအာရုံရှိသည့် စုတိစိတ်၏အခြားမဲ့၌သာလျှင်ဖြစ်၏။ ပစ္စုပ္ပန်အာရုံရှိသည့်စုတိစိတ်မည်သည်မရှိချေ။ ထို့ကြောင့် အတိတ် သို့မဟုတ် နဝတ္တဗ္ဗအာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ အတိတ်, ပစ္စုပ္ပန်, နဝတ္တဗ္ဗဟူသော အာရုံသုံးပါးတွင် တစ်ပါးပါးလျှင်အာရုံရှိသော ပဋိသန္ဓေစိတ်၏ဖြစ်ပုံကို ပြဆိုပေအံ့။

- **(က) သုဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံများ**

### (၁) စုတိ (အတိတ်အာရုံ) → ပဋိသန္ဓေ (အတိတ်အာရုံ)

ကာမသုဂတိဘုံ၌တည်၍ မကောင်းမှုကံရှိသောပုဂ္ဂိုလ်အား သေရာညောင်စောင်း၌ လဲလျောင်းနေစဉ် ဆည်းပူးခဲ့သောမကောင်းမှုကံ သို့မဟုတ် ထိုကံပြုစဉ်က ရခဲ့သော ကမ္မနိမိတ်သည် မနောဒွါရ၌ ထင်လာ၍ အောက်ပါမရဏာသန္နဝီထိဖြစ်၏

န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-စုတိ-ပဋိ-ဘွင်-ဘွင်-ဘွင်-ဘွင်

**မနောဒွါရ၌ အာရုံထင်**လာသောအခါ ဘဝင်နှစ်ကြိမ်လှုပ်၍ ပြတ်၏ (န၊ဒ)။ ထို့နောက် မနောဒွါရာဝဇ္ဇန်း(မ)သည် အာရုံကို ဆင်ခြင်ဆုံးဖြတ်၏။ ထို့နောက် မရဏာသန္နဇော ၅ ကြိမ်ဖြစ်ပြီး တဒါရုံ ၂ ကြိမ်ဖြစ်၏။ တဒါရုံ၏အခြားမဲ့၌ ဘဝင်စိတ်၏အာရုံကိုယူလျက် စုတိစိတ်ကျ၏။ စုတိစိတ်ချုပ်လတ်သော် ထင်ပေါ်နေသောကံနိမိတ် သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြု၍ မပြတ်စဲသေးသော ကိလေသာ၏အစွမ်းက အထူးညွှတ်စေအပ်သောကြောင့် ဒုဂ္ဂတိဘုံ၌အကျုံးဝင်သည့် ပဋိသန္ဓေစိတ်သည်ဖြစ်ပေါ်၏။ **ဤသည်ကား အတိတ်အာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ဖြစ်သည့် အတိတ်အာရုံရှိသော ပဋိသန္ဓေပေတည်း။**

### (၂) စုတိ ( အတိတ်အာရုံ) → ပဋိသန္ဓေ (ပစ္စုပ္ပန်အာရုံ)

န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-စုတိ-ပဋိ-ဘွင်-ဘွင်-ဘွင်-ဘွင်-

ကာမသုဂတိဘုံ၌တည်ရှိပြီး မကောင်းမှုကံရှိသောပုဂ္ဂိုလ်အား သေခါနီးဆဲဆဲအချိန်တွင် ထိုသူပြုခဲ့သည့် မကောင်းမှုကံ၏အစွမ်းအားဖြင့် ငရဲမီးတောက်မီးလျှံစသည့် ဒုဂ္ဂတိနိမိတ်သည် ဂတိနိမိတ်အဖြစ် မနောဒွါရ၌ထင်လာ၏။ ထိုအခါ ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်၏။ ထို့နောက် ထိုနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းတစ်ကြိမ်၊ မရဏာသန္နဇော ၅ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဟူသော ဝီထိစိတ်သုံးမျိုးတို့ဖြစ်ကြ၏။ ထို့နောက် ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ် ၁ ကြိမ်ဖြစ်၍ချုပ်ပြီးလျှင် ဒုဂ္ဂတိဘုံ၌ အကျုံးဝင်သည့် ပဋိသန္ဓေသည် ပစ္စုပ္ပန်ဂတိနိမိတ်ကိုပင်အာရုံပြု၍ ဖြစ်ပေါ်၏။ ဤသည်ကား အတိတ်အာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ဖြစ်သည့် ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေပင်တည်း။

### (၃) စုတိ (အတိတ်အာရုံ) $\xrightarrow{\text{ပဉ္စဒွါရ}}$ ပဋိသန္ဓေ (ပစ္စုပ္ပန်အာရုံ)

အခြားပုဂ္ဂိုလ်တစ်ဦးအား သေခါနီးအချိန်၌ စက္ခုစသည့် ၅ ဒွါရတို့တွင် တစ်ပါးပါးသော ဒွါရ၌ ရာဂစသည်တို့၏အကြောင်းဖြစ်သော ယုတ်ညံ့သည့် အနိဋ္ဌာရုံထင်ပေါ်လာ၏။ ထိုအခါ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, မရဏာသန္နဇော ၅ ကြိမ်, တဒါရုံ ၂ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ် ၁ ကြိမ်ဖြစ်၏။ ဤမျှဖြင့် စိတ္တက္ခဏ ၁၆ ချက် လွန်ကုန်၏။ ထိုအခါ စိတ္တက္ခဏ ၁ ချက် အသက်ကြွင်းသော ထိုကမ္မနိမိတ်အာရုံကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်၏။ ဤသည်ကား အတိတ်အာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ဖြစ်သည့် ပစ္စုပ္ပန်အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေပေတည်း။

တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-စုတိ-ပဋိ-ဘွင်-

### • (ခ) ဒုဂ္ဂတိဘုံမှစုတေ၍ သုဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံ

### (၄) စုတိ (အတိတ်အာရုံ) → ပဋိသန္ဓေ (အတိတ်အာရုံ)

ဒုဂ္ဂတိဘုံ၌တည်ရှိပြီး ဆည်းပူးထားသည့်ကုသိုလ်ကံရှိသူအား သေခါနီးအချိန်တွင် ထိုဆည်းပူးခဲ့သော ကုသိုလ်ကံဖြစ်စေ ထိုကံကိုပြုစဉ်ကရယူခဲ့သည့် ကမ္မနိမိတ်ဖြစ်စေ **မနောဒွါရ**၌ ထင်ပေါ်လာ၏။ ထိုအခါ ဘဝင် ၂ ကြိမ်လှုပ်၍ပြတ်ပြီးနောက် မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ မရဏာသန္နဇော ၅ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်စိတ်၏ အတိတ်အာရုံကို အာရုံပြု၍ စုတိစိတ်ဖြစ်၏။ ထို့နောင် မပြတ်စဲသေးသော ကိလေသာ၏အစွမ်းကြောင့် ထိုကံနိမိတ် သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြု၍ သုဂတိဘုံ၌ အကျုံးဝင်သော ပဋိသန္ဓေစိတ်ဖြစ်၏။ ဤသည်ကား အတိတ်အာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ဖြစ်သည့် အတိတ်အာရုံရှိသော သုဂတိပဋိသန္ဓေပေတည်း။

န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ-စုတိ-ပဋိ-ဘွင်-ဘွင်-

### • (ဂ) ကာမသုဂတိဘုံမှစုတေ၍ သုဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံများ

### (၁) စုတိ (အတိတ်အာရုံ) → ပဋိသန္ဓေ (အတိတ်အာရုံ)

သုဂတိဘုံ၌တည်ရှိပြီး ကာမာဝစရကုသိုလ်ကံရှိသောပုဂ္ဂိုလ်အား သေခါနီးအချိန်တွင် သူပြုလုပ်ခဲ့သည့် ကာမကုသိုလ်ကံဖြစ်စေ၊ ထိုကံကိုပြုစဉ်က ရရှိခဲ့သည့် ကမ္မနိမိတ်ဖြစ်စေ

မနောဒွါရ၌ထင်လာ၏။ ဆည်းပူးထားသော မဟာဂ္ဂုတ်ကံရှိသော ပုဂ္ဂိုလ်အားမူ ကမ္မနိမိတ်ဖြစ်သည့် ကသိုဏ်းနိမိတ်စသည့် နတ္တဗ္ဗအာရုံသည် မနောဒွါရ၌ထင်လာ၏။ ထိုထင်ပေါ်လာသော ကံ သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြု၍ တဒါရုံ သို့မဟုတ် ဇောအဆုံးရှိသော မရဏာသန္နဝီထိသည်ဖြစ်၏။ ထိုဝီထိ၏အခြားမဲ့၌ ဘဝင်၏အတိတ်အာရုံကို အာရုံပြု၍ စုတိစိတ်ဖြစ်၏။ ထိုစုတိစိတ်ချုပ်လတ်သော် ထင်ပေါ်ခဲ့သောကံ သို့မဟုတ် ကမ္မနိမိတ်ကို အာရုံပြု၍ မပြတ်စဲသေးသော ကိလေသာ၏အစွမ်းက အထူးညွတ်စေအပ်သော သုဂတိဘုံ၌ အကျုံးဝင်သည့် ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်၏။

ဤသည်ကား အတိတ်အာရုံရှိသော စုတိစိတ်၏အခြားမဲ့၌ အတိတ်ကံ (သို့) ကမ္မနိမိတ်အာရုံ သို့မဟုတ် နတ္တဗ္ဗ (ကသိုဏ်းနိမိတ်စသည့်ပညတ်) အာရုံလျှင် အာရုံရှိသော ပဋိသန္ဓေဖြစ်ခြင်းပေတည်း။

## (၂) စုတိ (အတိတ်အာရုံ) → ပဋိသန္ဓေ (ပစ္စုပ္ပန်အာရုံ)

အခြားပုဂ္ဂိုလ်တစ်ဦးအား သေခါနီးကာလ၌ ကာမာဝစရကုသိုလ်ကံ၏အစွမ်းဖြင့် လူ့လောက၌ အမိဝမ်း၏နီသောအဆင်းဖြစ်သည့် ဂတိနိမိတ်အာရုံ သို့မဟုတ် နတ်လောက၌ ဥယျာဉ်, ဗိမာန်, ပဒေသာပင်စသည့်အဆင်းဟုဆိုအပ်သော သုဂတိဂတိနိမိတ်အာရုံသည် စက္ခုဒွါရ၌ထင်ပေါ်လာ၏။ ထိုအခါ (နံပါတ် ၃ တွင်ပြခဲ့သည့်အတိုင်း) ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော, မရဏာသန္နဇော ၅ ကြိမ်, တဒါရုံ ၂ ကြိမ်ဖြစ်ပြီးလျှင် ဘဝင်၏အတိတ်အာရုံကို အာရုံပြု၍ စုတိစိတ်ဖြစ်၏။ ထို့နောင် မရဏာသန္နဇောစိတ်တို့ယူခဲ့သော ဂတိနိမိတ်ကို အာရုံပြု၍ သုဂတိဘုံ၌ အကျုံးဝင်သည့် ပဋိသန္ဓေစိတ်ဖြစ်၏။ **ဤသည်ကား အတိတ်အာရုံရှိသော စုတိ၏ အခြားမဲ့၌ ပစ္စုပ္ပန်အာရုံရှိသော ပဋိသန္ဓေဖြစ်ခြင်းပေတည်း။**

အခြားပုဂ္ဂိုလ်တစ်ယောက်အားမူ သေခါနီးကာလ၌ **ဆွေမျိုးတို့က ''ချစ်သား၊ သင်၏ နတ်ရွာနိဗ္ဗာန်အကျိုးငှာ ဘုရားပူဇော်ခြင်းကိုပြုပေအံ့''** စသည်ပြောကြားပြီးလျှင် ပန်းဆိုင်း, တံခွန်, ကုက္ကားစသည်ဖြင့် အဆင်း-ရူပါရုံကိုဖြစ်စေ၊ တရားနာစေခြင်းအစွမ်းဖြင့် အသံ-သဒ္ဒါရုံကိုဖြစ်စေ၊ အမွှေးနံ့သာစသည်၏အစွမ်းဖြင့် အနံ့-ဂန္ဓာရုံကိုဖြစ်စေ၊ ပျားရည်တင်လဲစသည်၏အစွမ်းဖြင့် အရသာ-ရသာရုံကိုဖြစ်စေ၊ သင်္ကန်းကိုကိုင်တွယ်၍ လှူဒါန်းစေသည့်အစွမ်းဖြင့် အတွေ့-ဖောဋ္ဌဗ္ဗာရုံကိုဖြစ်စေ **ငါးဒွါရ၌ ဆောင်ပေးကြ၏။** ထိုထိုအာရုံတို့သည် ဆိုင်ရာဒွါရ၌ ထင်ပေါ်လာသည့်အခါ အထက်ပါအတိုင်း ပဉ္စဒွါရ-မရဏာသန္နဝီထိဖြစ်၏။ ထို့နောက် ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်ဖြစ်၏။ စုတိစိတ်၏အခြားမဲ့၌ **မရဏာသန္နဇောစိတ်တို့ယူခဲ့သော ပစ္စုပ္ပန်ကမ္မနိမိတ်ကို အာရုံပြု၍ သုဂတိဘုံ၌ အကျုံးဝင်သည့် ပဋိသန္ဓေစိတ်ဖြစ်၏။** ဤသည်လည်း **အတိတ်အာရုံရှိသော စုတိ၏အခြားမဲ့၌ ပစ္စုပ္ပန်လျှင် အာရုံရှိသော ပဋိသန္ဓေဖြစ်ခြင်းပေတည်း။**

### • (ဃ) ရူပဘုံမှစုတေ၍ သုဂတိကာမ, ရူပ, အရူပဘုံ၌ ပဋိသန္ဓေဖြစ်ပုံ

## (၁) စုတိ (နတ္တဗ္ဗ) → ပဋိသန္ဓေ (အတိတ်, ပစ္စုပ္ပန်, နတ္တဗ္ဗ)

န-ဒ-မ-ဇ-ဇ-ဇ-ဇ-ဇ-စုတိ-ပဋိ-ဘဝင်-ဘဝင်-

ရူပဘုံ၌တည်ရှိသော ပုဂ္ဂိုလ်တစ်ဦးအား သေခါနီးကာလ၌ ကာမာဝစရကုသိုလ်ကံ, ထိုကံ၏ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တစ်ပါးပါးသော်လည်းကောင်း၊ ပထဝီကသိုဏ်းစသော ကမ္မနိမိတ် (နတ္တာဗ္ဗနိမိတ်) သော်လည်းကောင်း၊ ပထမနှင့်တတိယအရူပ မဟဂ္ဂုတ်စိတ်သော်လည်းကောင်း၊ **မနောဒွါရ၌ထင်ပေါ်လာ၏။ ထိုအခါ မနောဒွါရမရဏာသန္နဝီထိဖြစ်၏။ ရူပ, အရူပဘုံတို့၌ တဒါရုံဖြစ်ခြင်းမရှိသည့်အတွက်** မရဏာသန္နဇော ၅ ကြိမ်ဖြစ်ပြီးသည်၏ အခြားမဲ့၌ ဘဝင်၏အာရုံကို အာရုံပြု၍ စုတိစိတ်တစ်ကြိမ်ဖြစ်၏။ ထိုစုတိစိတ်၏အခြားမဲ့၌ ကာမာဝစရသုဂတိ, ရူပ, အရူပသုဂတိတို့တွင် တစ်ပါးပါးသောသုဂတိ၌ အကျုံးဝင်သည့် ပဋိသန္ဓေစိတ်သည် မရဏာသန္နဇောယူခဲ့သည့်အာရုံကို အာရုံပြုလျက်ဖြစ်၏။

ဤသည်ကား နတ္တာဗ္ဗလျှင် အာရုံရှိသည့် ရူပါဝစရသုဂတိစုတိ၏အခြားမဲ့၌ဖြစ်သော အတိတ်, ပစ္စုပ္ပန်, နတ္တာဗ္ဗအာရုံတို့တွင် တစ်ပါးပါးကို အာရုံပြုသော ပဋိသန္ဓေပေတည်း။ ဤဆိုခဲ့သည့်အစဉ်ကိုမှီး၍ အရူပစုတိ၏အခြားမဲ့၌ဖြစ်သော ပဋိသန္ဓေကိုလည်း သိအပ်၏။

## • (င) ဒုဂ္ဂတိဘုံမှစုတေ၍ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေဖြစ်ပုံ

(၈) ဒုဂ္ဂတိဘုံ၌တည်ရှိသော မကောင်းမှုကံရှိသည့်ပုဂ္ဂိုလ်အား သေခါနီးကာလ၌ ထိုမကောင်းမှုကံသော်လည်းကောင်း၊ ကမ္မနိမိတ်သော်လည်းကောင်း၊ ဂတိနိမိတ်သော်လည်းကောင်း **မနောဒွါရ၌ထင်ပေါ်လာ၏။** သို့တည်းမဟုတ် **အကုသိုလ်ဖြစ်ခြင်း၏အကြောင်း ဖြစ်သော အာရုံ ၅ ပါးသည် ဒွါရ ၅ ပါး၌ထင်ပေါ်လာ၏။** ထိုအခါ မရဏာသန္နဝီထိ ဖြစ်ပေါ်ပြီး အခြားမဲ့၌ စုတိစိတ်သည် ဘဝင်စိတ်၏ အာရုံကိုယူ၍ တစ်ကြိမ်ဖြစ်၏။ ထို့နောင် မရဏာသန္နဇော၏အာရုံကိုယူ၍ ဒုဂ္ဂတိဘုံတွင် အကျုံးဝင်သော ပဋိသန္ဓေစိတ်ဖြစ်၏။

ဤသည်ကား အတိတ်အာရုံရှိသော ဒုဂ္ဂတိစုတိ၏အခြားမဲ့၌ အတိတ် သို့မဟုတ် ပစ္စုပ္ပန်လျှင် အာရုံရှိသော ဒုဂ္ဂတိပဋိသန္ဓေ၏ဖြစ်ပုံအခြင်းအရာပေတည်း။

## ဇနကကံက ပဋိသန္ဓေစိတ်အား ကျေးဇူးပြုပုံ

ဤ ၁၉ ပါးအပြားရှိသော ဝိပါက်ဝိညာဏ်တို့သည် ပဋိသန္ဓေခဏ၌ဖြစ်လတ်သော် မိမိနှင့်ဆိုင်သည့် ဇနကကံက ဤဝိပါက်ဝိညာဏ်အား နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်လည်းကောင်း၊ ပကတူပနိဿယပစ္စည်းဖြင့်လည်းကောင်း ကျေးဇူးပြုပေ၏။

## • ပဋိသန္ဓေအမျိုးမျိုးကိုခွဲခြားပုံ

(၁) ဝိပါက်ဝိညာဏ်သည် ပဋိသန္ဓေအစွမ်းအားဖြင့် ၁ ပါးတည်းသာရှိ၏။

(၂) ရုပ်နှင့်ရောသော မိဿပဋိသန္ဓေ၊ ရုပ်နှင့်မရောသောအမိဿပဋိသန္ဓေဟူ၍ ၂ ပါး အပြားရှိ၏

(၃) ကာမဘဝ, ရူပဘဝ, အရူပဘဝဟူ၍ ဘဝအစွမ်းအားဖြင့် ပဋိသန္ဓေ ၃ ပါးအပြားရှိ၏။

(၄) ဥမှပေါက်ဖွားသော အဏ္ဍဇယောနိ၊ အမိဝမ်းတွင်းမှပေါက်ဖွားသော ဇလာဗုဇယောနိ၊ အညှီအဟောက်မှပေါက်ဖွားသော သံသေဒဇယောနိ၊ ကောင်းကင်မှကျလာသကဲ့သို့ ဘွားခနဲ ကိုယ်ထင်ရှားအပြည့်အစုံဖြစ်သော ဩပပါတိကယောနိတို့၏ အစွမ်းအားဖြင့် ပဋိသန္ဓေ ၄ ပါးကွဲပြား၏။

(၅) နိရယဂတိ, တိရစ္ဆာနဂတိ၊ ပေတဂတိ၊ ဒေဝဂတိ၊ မနုဿဂတိတို့၏ အစွမ်းအားဖြင့် ပဋိသန္ဓေ ၅ ပါးကွဲပြား၏။

(၆) ဝိညာဏ်၏တည်ရာ–ဝိညာဏဋ္ဌိတိတို့၏အစွမ်းအားဖြင့် ပဋိသန္ဓေ ၇ ပါး ကွဲပြား၏။

- **ဝိညာဏဋ္ဌိတိ ၇ ပါးမှာ–**

(၁) *နာနတ္တကာယ နာနတ္တသညီ* – ကိုယ်အမျိုးမျိုး, သညာအမျိုးမျိုးရှိကြသော လူ, နတ်, ဝိနိပါတိကအသူရာများ၊

(၂) *နာနတ္တကာယ ဧကတ္တသညီ*– ကိုယ်ကွဲပြား၍ သညာတူညီသော အပါယ်ဘုံသားများနှင့် ပထမစျာန်သုံးဘုံပြဟ္မာများ၊

(၃) *ဧကတ္တကာယ နာနတ္တသညီ* – ကိုယ်တူညီ၍ သညာကွဲပြားသော ဒုတိယစျာန်သုံးဘုံပြဟ္မာများ၊

(၄) *ဧကတ္တကာယ ဧကတ္တသညီ* – ကိုယ်တူညီ၍ သညာလည်းတူညီသော တတိယစျာန်သုံးဘုံပြဟ္မာများ၊ အသညသတ်ကြဉ်သည့် စတုတ္ထစျာန် ၆ ဘုံပြဟ္မာများ၊

(၅) အာကာသာနဉ္စာယတန ပြဟ္မာများ၊

(၆) ဝိညာဏဉ္စာယတနပြဟ္မာများ၊

(၇) အာကိဉ္စညာယတနပြဟ္မာများ ဖြစ်ကြ၏။

- **သတ္တာဝါသ ၈ ပါးကား** – သတ္တဝါတို့၏နေရာအားဖြင့်

(၁) နာနတ္တကာယ နာနတ္တသညီ (လူ့ဘုံ၊ နတ်ဘုံ)၊

(၂) နာနတ္တကာယ ဧကတ္တသညီ (အပါယ်ဘုံ၊ ပ–စျာန် ၃ ဘုံ)

(၃) ဧကတ္တကာယ နာနတ္တသညီ (ဒုတိယစျာန် ၃ ဘုံ)

(၄) ဧကတ္တကာယ ဧကတ္တသညီ (တ–စျာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသ ၅ ဘုံ)

(၅) အာကာသာနဉ္စာယတနဘုံ၊

(၆) ဝိညာဏဉ္စာယတနဘုံ၊

(၇) အာကိဉ္စညာယတနဘုံ၊

(၈) နေဝသညာ နာသညာ ယတနဘုံ တို့ဖြစ်ပါသည်။

**မှတ်ချက်** – အသညသတ်ဘုံကိုပါထည့်လျှင် ''**သတ္တာဝါသ ဘုံကိုး၀**'' ဖြစ်၏။

- **မိဿပဋိသန္ဓေ, အမိဿပဋိသန္ဓေ**

ရုပ်နှင့်ရောသော မိဿပဋိသန္ဓေသည် ကာမဘဝ, ရူပဘဝ၌ဖြစ်၏။ ရုပ်နှင့်မရောသော အမိဿပဋိသန္ဓေသည် အရူပဘဝ၌ဖြစ်၏။

တစ်ဖန် မိဿပဋိသန္ဓေသည် ဘာဝရုပ်နှင့်အတူတကွဖြစ်သော သ–ဘာဝမိဿ ပဋိသန္ဓေနှင့် ဘာဝရုပ်ကင်းသော အ–ဘာဝမိဿပဋိသန္ဓေဟူ၍ ၂ ပါးကွဲပြား၏။ ထိုနှစ်ပါးတွင်

(၁) ပဋိသန္ဓေကာလကပင် ဘာဝရုပ်မပါခဲ့သော ဇာတိပဏ္ဍုက်၏ ပဋိသန္ဓေ မှတစ်ပါးကြွင်းသောကာမပဋိသန္ဓေတို့သည် ဘာဝရုပ်နှင့်တကွဖြစ်ခြင်းကြောင့် သဘာဝမိဿပဋိသန္ဓေမည်ကြ၏။

(၂) ကာမဘဝ၌ ဇာတိပဏ္ဍုက်၏ပဋိသန္ဓေနှင့် ရူပဘဝ၌ အသညသတ်ကြဉ်သော ရူပပြဟ္မာတို့၏ ပဋိသန္ဓေသည် ဘာဝရုပ်ကင်းသောကြောင့် အဘာဝမိဿပဋိသန္ဓေမည်၏။

အဘာဝမိဿပဋိသန္ဓေ၌ ဝတ္ထုဒသကကလာပ်နှင့် ကာယဒသကကလာပ်ဟူ၍ အနည်းဆုံး ကလာပ် ၂ စည်း (ရုပ်နှစ်ဆယ်) တို့ဖြစ်ကြ၏။

သဘာဝမိဿပဋိသန္ဓေ၌မူ ဝတ္ထုဒသကကလာပ်, ကာယဒသကကလာပ်နှင့် ဘာဝဒသကကလာပ်ဟူ၍ အနည်းဆုံး ကလာပ် ၃ စည်း (ရုပ်သုံးဆယ်)တို့ ဖြစ်ကြ၏။

အထက်၌ဆိုခဲ့သော ဒသကကလာပ် ၂ စည်း, ၃ စည်းအောက် ရုပ်တို့၏ယုတ်လျော့ခြင်းမည်သည်မရှိချေ။ **ဤရုပ်ကလာပ် ၂ စည်း, ၃ စည်းတို့ဖြစ်လတ်သော် အဏ္ဍဇယောနိ, ဇလာဗုဇယောနိတို့၌ သိုးမွေးမျှင်တစ်ခုဖြင့်ထုတ်ယူအပ်သော ထောပတ်ကြည်ပမာဏရှိလျက် 'ကလလရေကြည်' အမည်ဖြင့် ဖြစ်၏။**

**• ဂတိနှင့်ယောနိ တွဲစပ်ပုံ**

**(၁) ငရဲ၌ဖြစ်သော နိရယဂတိ**

**(၂) ဘုမ္မစိုဝ်းနတ်မှကြွင်းသော ဒေဝဂတိ၊**

**(၃) အမြဲမီးလောင်ခံရ၍ ဆာလောင်မှုရှိသော နိဇ္ဈာမတဏှိကပြိတ္တာတို့၏ ဂတိဟုဆိုအပ်သော ဤ (၁) (၂) (၃) ဂတိသုံးပါး၌ ဩပပါတိကယောနိတစ်မျိုးသာဖြစ်၏။**

**(၁) တိရစ္ဆာန်တို့၏ တိရစ္ဆာနဂတိ၊**

**(၂) နိဇ္ဈာမတဏှိကပြိတ္တာမှကြွင်းသော ပေတဂတိ၊**

**(၃) လူတို့၏မနုဿဂတိ၊**

**(၄) ဘုမ္မစိုဝ်းနတ်တို့၏ ဒေဝဂတိဟုဆိုအပ်သော ဂတိလေးပါး၌ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကဟူသော ယောနိလေးပါးလုံးဖြစ်၏။**

**• ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သောရုပ်များ**

(၁) ဩပပါတိကယောနိရှိသော ရူပပြဟ္မာတို့၌ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကဟူသော ကလာပ် ၄ စည်း, ရုပ် ၃၉ ပါးတို့သည် ပဋိသန္ဓေစိတ်နှင့် အတူဖြစ်၏။

(၂) သံသေဒဇယောနိ, ဩပပါတိကယောနိရှိသော ကာမသတ္တဝါတို့၌ အများဆုံးအားဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကဟူသော ကလာပ် ၇ စည်း, ရုပ် ၇၀ တို့ဖြစ်ကြ၏။ အနည်းဆုံးအားဖြင့် ဇိဝှာဒသက, ကာယဒသက, ဝတ္ထုဒသကဟူသော ကလာပ် ၃ စည်း, ရုပ် ၃၀ ဖြစ်၏။

**မှတ်ချက်** – ပဋိသန္ဓေကတည်းက မျက်စိကန်း, နားပင်း, ဃာနပသာဒချို့ခဲ့သော နပုန်းဖြစ်လျှင် ဇိဝှာဒသက, ကာယဒသက, ဝတ္ထုဒသကဟူသော ကလာပ် ၃ စည်း, ရုပ် ၃၀ သာ ပဋိသန္ဓေစိတ်နှင့်အတူဖြစ်၏။

**• ပဋိသန္ဓေဝိညာဏ်သည် အတိတ်ဘဝမှ ပြောင်းရွှေ့မလာကြောင်း**

အဝိဇ္ဇာစသည်နှင့်တကွ သင်္ခါရဟူသော အကြောင်းရှိသည်ဖြစ်၍ ရုပ်နာမ်သဘောတရားမျှ ဖြစ်လတ်သော် ''ဘဝတစ်ပါးသို့ ကပ်ရောက်သည်''ဟုဆိုအပ်၏။ သတ္တဝါဖြစ်ပေါ်လာသည်

မဟုတ်ပါ၊ ဇီဝခေါ်သော အသက်ကောင်ဖြစ်ပေါ်လာသည်လည်းမဟုတ်ပါ။ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ဝိညာဏ်ပြောင်းရွှေ့လာသည်လည်းမဟုတ်ပါ။ ထိုအတိတ်ဘဝမှ အကြောင်းနှင့် ကင်း၍လည်း ဤပစ္စုပ္ပန်ဘဝ၌ ဝိပါကဝိညာဏ်တို့၏ ထင်ရှားစွာဖြစ်ခြင်းမည်သည် မရှိချေ။ ထိုဝိညာဏ်၏ဖြစ်ပုံကို ထင်ရှားသောလူ၏ စုတိ–ပဋိသန္ဓေအစဉ်ဖြင့် ဖော်ပြပါအံ့။

အတိတ်ဘဝ၌ ပင်ကိုသဘောဖြင့်ဖြစ်စေ၊ မိမိ, သူတစ်ပါး၏သေကြောင်းလုံ့လပယောဂဖြင့် ဖြစ်စေ သေခါနီးသောလူတွင် သည်းမခံနိုင်လောက်အောင် ပြင်းထန်သော ကိုယ်အင်္ဂါကြီးငယ် အဖွဲ့အစပ်တို့ကို ဖြတ်တတ်ကုန်သော သေခါနီး၌ဖြစ်သည့်ဝေဒနာတည်းဟူသော ဓား လက်နက်တို့ ကျရောက်လာ၏။ နေပူထဲ၌ ပစ်ချထားသော ထမ်းရွက်စိုကဲ့သို့ အစဉ်အတိုင်း ခြောက်သွေ့လာသောသူ၏ကိုယ်ဝယ် စက္ခုစသည့် ဣန္ဒြေတို့ ချုပ်လေကုန်လတ်သော် ဟဒယဝတ္ထု၏တည်ရာ အရပ်မျှ၌ ကာယိန္ဒြေ, မနိန္ဒြေ, ဇီဝိတိန္ဒြေတို့ တည်ကုန်၏။ ထိုခဏ၌ ဟဒယဝတ္ထုကိုမှီသော ဝိညာဏ်သည် ဇနကကံကိုဖြစ်စေ၊ ထိုကံကထင်စေသော ကမ္မနိမိတ်, ဂတိနိမိတ်တစ်ခုခုကိုဖြစ်စေ အာရုံပြု၍ဖြစ်၏။ ထိုဝိညာဏ်ကို အဝိဇ္ဇာက အပြစ်မမြင်အောင် ဖုံးကွယ်ထားသော မရဏာသန္နနိမိတ်အာရုံ၌ တဏှာကညွှတ်စေ၏။ စုတိအနီးဇောဝိညာဏ်တို့နှင့်တကွဖြစ်ကုန်သော (စေတနာ) သင်္ခါရတို့သည် ထိုဝိညာဏ်ကို ထိုကံစသည့်အာရုံ၌ ပစ်ချကြကုန်၏။

မရဏာသန္နဇော–စုတိ–ပဋိသန္ဓေဟူသော စိတ်အစဉ်၏အစွမ်းအားဖြင့် အဝိဇ္ဇာက အပြစ်မမြင်အောင်ဖုံးကွယ်၍ တဏှာကညွှတ်စေသည်ဖြစ်၍ သင်္ခါရတို့ကပစ်ချသော ပဋိသန္ဓေ ဝိညာဏ်သည် ဤမှာဘက်ကမ်းသစ်ပင်၌ ဖွဲ့ချည်ထားသောကြိုးကို ဆွဲကိုင်၍ မြောင်းကို ခုန်ကျော်သည့်သူကဲ့သို့ ရှေးဘဝ၌ဖြစ်သော မှီရာဝတ္ထုကိုမယူဘဲစွန့်၏၊ နောင်ဘဝ၌ ဟဒယ ဝတ္ထုဟူသည့်မှီရာဝတ္ထုကို ပဉ္စဝေါကာရဘုံ၌ရသည်ဖြစ်၍ (စတုဝေါကာရဘုံ၌ မရသည်ဖြစ်၍) အာရုံ, သမ္ပယုတ်တရားနှင့် ကံဟူသောအကြောင်းတရားတို့ကြောင့်သာလျှင် အဆက်မပြတ် ဖြစ်သွား၏။

ရှင်းဦးအံ့၊ ဤစုတိဝိညာဏ်နှင့် ပဋိသန္ဓေဝိညာဏ်တို့တွင် **ရှေးစုတိဝိညာဏ်သည် ထင်ရှားရှိသောဘဝမှရွေ့လျားပျက်စီးသွားခြင်းကြောင့် စုတိစိတ်မည်၏။ နောက်ဝိညာဏ် သည် ဘဝသစ်၏ အစဦးစွာ အစပ်ဖြစ်သောကြောင့် (ဝါ) ဘဝတစ်ပါး, ယောနိတစ်ပါး, ဂတိတစ်ပါးစသည်ကို ဆက်စပ်တတ်သောကြောင့် ပဋိသန္ဓေစိတ်မည်၏။**

ထိုသို့ ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ရှေးဘဝမှ ပစ္စုပ္ပန်ဘဝသို့ ကူးလာသည် လည်းမဟုတ်၊ ရှေးဘဝက အကြောင်းတရားများနှင့်ကင်း၍ ထင်ရှားစွာဖြစ်လာသည်လည်း မဟုတ်ဟူ၍ သိအပ်၏။

- **ပဲ့တင်သံစသည့်ဥပမာများ**

ပဋိသန္ဓေဝိညာဏ်သည် ရှေးဘဝမှ ပစ္စုပ္ပန်ဘဝသို့ ကူးပြောင်း၍မလာခြင်း၊ ရှေးဘဝ အကြောင်းတို့ကြောင့် ထင်ရှားစွာဖြစ်လာခြင်းတို့ကို ပဲ့တင်သံ, ဆီမီးလျှံ, တံဆိပ်ရေး, မျက်နှာရိပ်စသည့် ပုံတူဥပမာများနှင့် နှိုင်းယှဉ်အပ်ပါသည်။

**ပဲ့တင်သံဥပမာ**

တောင်နံရံအနီး ဟစ်အော်လိုက်သောမူလအသံသည် တောင်နံရံနှင့်ရိုက်ခတ်မိပြီး နောက်ထွက်လာသော ပဲ့တင်သံမဟုတ်ပါ။ မူလအသံနှင့် ကင်းပြီးတော့လည်း ပဲ့တင်သံထွက်လာသည် မဟုတ်ပါ။

**ဆီမီးလျှံဥပမာ**

မူလထွန်းညှိထားသော ဆီမီးလျှံသည် နောက်ထပ်ထွန်းညှိယူသော ဆီမီးလျှံသို့ ကူးပြောင်းသွားသည်မဟုတ်ပါ။ မူလဆီမီးလျှံနှင့်ကင်း၍ ဒုတိယဆီမီးလျှံဖြစ်ပေါ်လာသည်လည်း မဟုတ်ပါ။

**တံဆိပ်ရေးဥပမာ**

တံဆိပ်တုံးကို စက္ကူပေါ်ထုနှိပ်လိုက်သောအခါ တံဆိပ်ရေးထင်လာ၏။ ဤသို့ထင်လာခြင်းသည် တံဆိပ်တုံး၏တံဆိပ်ရာက တံဆိပ်ရေးသို့ကူးပြောင်းသွားသည်မဟုတ်ပါ။ တံဆိပ်တုံးနှင့်ကင်း၍ တံဆိပ်ရေးဖြစ်ပေါ်လာသည်လည်း မဟုတ်ပါ။ တံဆိပ်တုံးဟူသောအကြောင်းကြောင့် တံဆိပ်ရေးထင်ပေါ်လာခြင်းဖြစ်သည်။

**မျက်နှာရိပ်ဥပမာ**

လူတစ်ယောက်က မှန်ကိုကြည့်လိုက်သောအခါ မှန်တွင် ထိုလူ၏မျက်နှာရိပ်ထင်လာ၏။ ဤတွင် လူ၏မျက်နှာပုံက မှန်မျက်နှာရိပ်သို့ ကူးပြောင်းသွားသည်မဟုတ်ပါ။ လူ၏မျက်နှာပုံနှင့်ကင်း၍ မျက်နှာရိပ်ဖြစ်လာသည်လည်း မဟုတ်ပါ။ လူ၏မျက်နှာကို အကြောင်းပြုပြီး မျက်နှာရိပ်ထင်လာခြင်းဖြစ်၏။

ဤဥပမာများနှင့် အလားတူစွာ ပဋိသန္ဓေဝိညာဏ်သည် ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းလာသည်မဟုတ်၊ ဘဝဟောင်း၌ဆည်းပူးခဲ့သော ကံစသည်အကြောင်းတို့နှင့် ကင်းကွာ၍ ဖြစ်ပေါ်လာခြင်းလည်းမဟုတ်။ ထိုအတိတ်ကံစသည့်အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပေ၏။

- **တစ်ယောက်တည်းအဖြစ်လည်းမရှိ၊ ကွဲပြားသည့်အဖြစ်လည်းမရှိ**

**အတိတ်ဘဝ၏စုတိစိတ်ချုပ်သည်၏အခြားမဲ့၌ ပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေ ဝိညာဏ်ဖြစ်ခြင်းသည် ရုပ်နာမ်အစဉ်သန္တာန်၏ဆက်စပ်နေမှုကြောင့် အတိတ်ဘဝပုဂ္ဂိုလ်နှင့် ပစ္စုပ္ပန်ဘဝပုဂ္ဂိုလ်တို့သည် တစ်ဦးတည်းလည်းမဟုတ်၊ ကွဲပြားသည့်ပုဂ္ဂိုလ် ၂ ဦးလည်း မဟုတ်၊ တစ်ဦးတည်းအဖြစ်သည်လည်းမရှိ၊ ကွဲပြားသည့်အဖြစ်သည်လည်းမရှိချေ။**

အကယ်၍ အစဉ်သန္တာန်ဆက်စပ်မှုရှိတိုင်း တစ်ခုတည်း, တစ်ဦးတည်းဖြစ်ရမည်ဆိုလျှင် နို့ရည်မှနို့ဓမ်း (ဒိန်ချဉ်) မဖြစ်တန်ရာ၊ နို့ရည်မှဖြစ်သောနို့ဓမ်းမည်သည် မရှိလေရာ။ တစ်ခုတည်း, တစ်ဦးတည်းဖြစ်ရမည်ဆိုလျှင် နို့ရည်ဖြစ်စေ, နို့ဓမ်းဖြစ်စေ, တစ်မျိုးသာဖြစ်နေရမည်။ နို့ရည်, နို့ဓမ်းဟူ၍ ၂ မျိုးမဖြစ်သင့်ပါ။

သို့တည်းမဟုတ် အကယ်၍ နို့ဓမ်းသည် နို့ရည်နှင့်ကွဲပြားသည်ဟုဆိုလျှင် နို့ဓမ်းသည် နို့ရည်နှင့်စပ်သည်မဖြစ်လေရာ၊ နို့ရည်မဟုတ်သောအရာမှလည်း နို့ဓမ်းဖြစ်တန်ရာ၏။

ဤသို့လည်းမဖြစ်ချေ။

သို့ဖြစ်၍ အလုံးစုံသောအကြောင်းတရားတို့နှင့် အကြောင်းကြောင့်ဖြစ်သောအကျိုးတို့၌ ဤနည်းအတိုင်းမှတ်အပ်၏။ အကြောင်းအကျိုးဖြစ်စဉ်မှန်သမျှ၌ ကေန်တစ်ခုတည်းအဖြစ် (ကေန္တကေတာ)၊ ကေန်ကွဲပြားသည့်အဖြစ် (ကေန္တနာနတာ) ရှိသည်ဟုဆိုလျှင် ''သလေးနီ၏မျိုးစေ့၊ သလေးနီ၏အသီး'' ကဲ့သို့သော လောကဝေါဟာရအားလုံးသည် ပျက်စီးတန်ရာ၏ ဤသို့ပျက်စီးခြင်းကိုလည်း အလိုမရှိအပ်ပေ။

**ထို့ကြောင့် ရုပ်နာမ်အစဉ်သန္တာန်ဖြင့် ဆက်စပ်နေသောအကြောင်းနှင့်အကျိုးဖြစ်သည့် ဤစုတိစိတ်–ပဋိသန္ဓေဝိညာဏ်တို့၌ ကေန်တစ်ယောက်တည်းအဖြစ်ကိုလည်းကောင်း၊ ကေန်ကွဲပြားသည့်အဖြစ်ကိုလည်းကောင်း၊ မယူအပ်ချေ။**

- **အရေးပါသောစောဒနာနှင့်ဖြေရှင်းချက်**

(၁) ဘဝဟောင်းမှဘဝသစ်သို့ မကူးပြောင်းဘဲ ဝိညာဏ်သစ်ဖြစ်သည်ဟုဆိုလျှင် ဤလူ့အတ္တဘော၌ ခန္ဓာဟောင်းတို့ချုပ်ပြီးဖြစ်ခြင်း၊ အကျိုးဝိညာဏ်၏အကြောင်းဖြစ်သောကံသည် ထိုအကျိုးဝိညာဏ်ဖြစ်ရာဘဝသစ်သို့ မသွားခြင်းကြောင့် ထိုဝိညာဏ်သစ်သည် ကံကိုပြုခဲ့သောသူမှတစ်ပါးသောသူ၏အကျိုးလည်းဖြစ်ရာ၏။ ပြုခဲ့သည့်ကံမှတစ်ပါးသော အကြောင်းကြောင့်လည်း ဖြစ်ရာ၏။ ဤသို့လျှင် **ကံကိုပြုခဲ့သူကတစ်ယောက်၊ ကံ၏အကျိုးကို ခံစားသူကတခြားတစ်ယောက်ဖြစ်နိုင်သည်မဟုတ်လောဟု** စောဒနာခြင်းဖြစ်၏။

**(၂) သဘောတရားမျှသာဖြစ်ပေါ်လျက် ဘဝတစ်ပါးသို့ကပ်ရောက်သည့်၊ သတ္တဝါ အသက်ကောင်ဖြစ်သည်မဟုတ်၊ ဘဝဟောင်းမှ ဘဝသစ်သို့ပြောင်းရွှေ့ခြင်းမရှိ၊ ကံ၏ အကျိုးကိုခံစားသူမရှိဟုဆိုလျှင် မည်သူ့သန္တာန်၌ ပဋိသန္ဓေအကျိုးဖြစ်သနည်း?**

**ဖြေရှင်းချက် (၁)**

**တစ်ခုသောရုပ်နာမ်အစဉ်ဖြင့် ဆက်စပ်နေသော အကြောင်းနှင့်အကျိုးဖြစ်သည့် စုတိစိတ်–ပဋိသန္ဓေဝိညာဏ်တို့၌ ကေန်တစ်ယောက်တည်းအဖြစ် (ကေန္တကေတာ)နှင့် ကေန်ကွဲပြားသည့်အဖြစ် (ကေန္တနာနတာ)တို့ကို ပယ်မြစ်ပြီးဖြစ်သောကြောင့် ထိုပဋိသန္ဓေဝိညာဏ်သစ်သည် ကံကိုပြုခဲ့သောသူမှတစ်ပါးသောသူ၏အကျိုးလည်းမဟုတ်၊ ပြုခဲ့သည့် ကံမှတစ်ပါးသောအကြောင်းကြောင့်ဖြစ်သည်လည်းမဟုတ်၊ ကံကိုပြုခဲ့သူကတစ်ယောက်၊ ကံ၏အကျိုးကိုခံစားသူကအခြားတစ်ယောက်လည်းမဟုတ်ပါ။**

ဤအဆို၏အနက်အဓိပ္ပါယ်ကို မျိုးစေ့တို့ကို ပြုပြင်စိုက်ပျိုးခြင်းဥပမာဖြင့် ရှင်းပြပါအံ့။ သရက်မျိုးစေ့တို့ကို စတုမဓုနှင့် ချိပ်ရည်စသည်ဖြင့် ထုံစေပြီးနောက် စိုက်ပျိုးသည့်အခါ ထိုမျိုးစေ့တို့ကို ပြုပြင်စီမံမှုဟူသော အကြောင်းအထောက်အပံ့ကြောင့် နောင်အခါတွင် ချိုမြိန်ကောင်းမွန်သည့် သရက်သီးသီးခြင်းဟူသော အကျိုးထူးဖြစ်ပေါ်လာ၏။

ထိုအကျိုးထူး, အသီးထူးသည် အခြားမျိုးစေ့တို့၏အကျိုး–အသီးမဟုတ်၊ အခြားသောမျိုးစေ့တို့ကို ပြုပြင်စိုက်ပျိုးခြင်းကြောင့် ဖြစ်ပေါ်လာသည်လည်းမဟုတ်ပေ။ သို့သော် ထိုပြုပြင်ထားသောမျိုးစေ့များနှင့် ထိုပြုပြင်စိုက်ပျိုးမှုတို့သည် အသီးသီးရာဌာနသို့ကား မရောက်ကြကုန်၊

ဤဥပမာအတူပင် ဥပမေယျဖြစ်သော အောက်ပါအနက်သဘောပြီးစီးပုံကို သိအပ်၏။
- ပြုပြင်စိုက်ပျိုးသောမျိုးစေ့သည် ကံရှိသည့်သတ္တဝါနှင့်တူ၏။
- ပြုပြင်စိုက်ပျိုးခြင်းသည် ကံနှင့်တူ၏။
- မျိုးစေ့၏ အညှောက်, အညွန့်, အပင်စသည့်အစဉ်သည် သတ္တဝါ၏ပဋိသန္ဓေဝိညာဏ် စသော အစဉ်နှင့်တူ၏။
- မျိုးစေ့နှင့်မျိုးစေ့ကိုပြုပြင်စိုက်ပျိုးခြင်းကြောင့် ချိုမြိန်သောအသီးသီးခြင်းဟူသော အကျိုးထူးဖြစ်ပေါ်လာခြင်းသည် ကံကိုပြုသော သတ္တဝါ၏သန္တာန်၌သာလျှင် ဝိညာဏ်စသည့် အကျိုးဖြစ်ခြင်း၊ ထိုကံကြောင့်သာလျှင် ပဋိသန္ဓေဝိညာဏ် အကျိုးဖြစ်ပေါ်ခြင်းနှင့်တူ၏။

ဤမျှမကသေး၊ ကလေးဘဝကလေ့လာသင်ယူခဲ့သော အတတ်ပညာ၊ မှီဝဲစားသုံးခဲ့သော ဆေးဝါးစသည်တို့သည် နောင်ကြီးပြင်းလာသော ခန္ဓာကိုယ်သို့ မရောက်ကုန်။ သို့သော်လည်း ထိုလေ့လာသင်ယူခြင်း, မှီဝဲခြင်းဟူသော အကြောင်းကြောင့် အတတ်ကိုသိနားလည်ခြင်း, ပညာထက်မြက်ခြင်း, ရောဂါကင်းခြင်းတို့သည် ကြီးရင့်သောကိုယ်၌ဖြစ်ကုန်၏။ ထိုပညာတတ်ခြင်းစသည့်အကျိုးတရားတို့သည် အခြားသူအားဖြစ်သည်မဟုတ်။ ထိုသူငယ်၏ရုပ်နာမ်အစဉ်သန္တာန်၌ အတွင်းဝင်သည့် လူကြီး၏ကိုယ်၌ဖြစ်သည်သာတည်း။

တစ်ဖန် ထိုပညာထက်မြက်ခြင်းစသည်တို့သည် ငယ်စဉ်က လေ့လာသင်ယူခြင်းစသည်နှင့် ကင်း၍ တစ်ပါးသောအကြောင်းကြောင့်ဖြစ်သည်မဟုတ်၊ အဘယ်ကြောင့်နည်း? ငယ်စဉ်က ပညာသင်ခြင်းစသည်မရှိခဲ့သော် ကြီးပြင်းလာသောအခါ ပညာထက်မြက်ခြင်းစသည့် အကျိုး၏ မရှိခြင်းကြောင့်ပေတည်း။

**ထို့အတူပင် ဤအရာ၌လည်း မရဏာသန္နဇော-စုတိ-ပဋိသန္ဓေစသော စိတ်အစဉ်သန္တာန်၌ ဖြစ်ပေါ်လာသော ပဋိသန္ဓေစသည့်အကျိုးသည် ကံပြုသူမှ တစ်ပါးသောသူ၏ အကျိုးမဟုတ်၊ အခြားအကြောင်းကြောင့်ဖြစ်သည်လည်းမဟုတ်ဟု မှတ်ယူအပ်၏။**

**ဖြေရှင်းချက် (၂)**

**''ကံ၏အကျိုးကို ခံစားသူမရှိလျှင် မည်သူ့သန္တာန်၌ ပဋိသန္ဓေအကျိုးဖြစ်သနည်း''ဟု ဆိုသောစကား၌ အကျိုး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သုံးဆောင်သည်ဟု သမုတ်ခေါ်ဆိုခြင်းသည်ပြီး၏။ သစ်ပင်၏အသီးဖြစ်ပေါ်ခြင်းဖြင့် သီးသည်ဟု သမုတ်ခေါ်ဆိုခြင်းပြီးသကဲ့သို့ပင်တည်း။**

ချဲ့ဦးအံ့၊ သစ်ပင်ဟုဆိုအပ်သော ရုပ်သဘောတရား၏တစ်စိတ်ဖြစ်သည့် သစ်သီး၏ ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သစ်ပင်သီးသည်, အသီးရှိသည်ဟု ခေါ်ဆိုအပ်သကဲ့သို့ ထို့အတူ နတ်, လူဟုဆိုအပ်သော ခန္ဓာ ၅ ပါး, ၄ ပါးတို့၏ တစ်စိတ်ဖြစ်သည့် သုံးဆောင်ခြင်းဟု ဆိုအပ်သော ချမ်းသာ, ဆင်းရဲဟူသည့် အကျိုး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် လူ, နတ်သည် သုံးဆောင်၏, ချမ်းသာဆင်းရဲ၏ဟု ခေါ်ဆိုအပ်၏။ ထို့ကြောင့် ဤအရာ၌ ခန္ဓာအစဉ်တွင် အကျိုးဖြစ်ထွန်းခြင်းမှတစ်ပါး အခြားသောသုံးဆောင်တတ်သူ မည်သည့်ပုဂ္ဂိုလ်, သတ္တဝါမျှ မရှိချေ။ သို့ဖြစ်၍ ခံစားတတ်သူကို ရှာဖွေခြင်းသည် အကျိုးမရှိပေ။

**သင်္ခါရတို့၏ထင်ရှားရှိမှု–မရှိမှုနှင့် ပတ်သက်သော စောဒနာနှင့်ဖြေရှင်းချက်**

**စောဒနာ (၃)** သင်္ခါရတို့သည် ထင်ရှားရှိလျက် အကျိုးဝိညာဏ်အား ကျေးဇူးပြုသလော၊ ထင်ရှားမရှိဘဲ ကျေးဇူးပြုသလော?

**စောဒနာ (၄)** အကယ်၍ ထင်ရှားရှိလျက် ကျေးဇူးပြုပါမူ ဖြစ်ဆဲခဏ၌ပင်လျှင် ထိုသင်္ခါရတို့၏အကျိုးဝိပါကသည် ဖြစ်ပေါ်ရာ၏။ သို့မဟုတ် ထင်ရှားမရှိဘဲ ကျေးဇူးပြုပါမူ ကံပြုစဉ်ခဏမှ ရှေးကာလ၌လည်းကောင်း၊ နောက်ကာလ၌လည်းကောင်း၊ အမြဲတမ်း အကျိုးကိုဆောင်ပေးတတ်, ဖြစ်ပေါ်စေတတ်သည် ဖြစ်ရာ၏။ ဤသို့ဖြစ်လေသလော?

**ဖြေရှင်းချက် (၃)(၄)**

**သင်္ခါရတို့သည် ပြုအပ်ပြီးသည့်အဖြစ်ကြောင့်သာလျှင် မိမိ၏အကျိုးအား ကျေးဇူးပြုတတ်ကုန်၏။ ထင်ရှားရှိခြင်း, မရှိခြင်းတို့ကြောင့် ကျေးဇူးပြုတတ်ကြသည်မဟုတ်ပေ၊ မြတ်စွာဘုရားဟောတော်မူသည်မှာ – ''ကာမာဝစရကုသိုလ်ကို ပြုအပ်ပြီးသည်၊ ဆည်းပူးပြီးသည်အဖြစ်ကြောင့် စက္ခုဝိညာဏ်ဟူသော အကျိုးဝိပါကသည် ဖြစ်ပေါ်၏'' စသည်ပင်တည်း။**

သို့သော် သင်္ခါရတို့သည် မိမိ၏ထိုက်သင့်သောအကျိုးအား ကျေးဇူးပြုကြပြီးသည့်နောက် တစ်ဖန်အကျိုးကို ဆောင်တတ်, ဖြစ်စေတတ်သည်မဟုတ်ကုန်။ အဘယ့်ကြောင့်ဆိုသော် အကျိုးဝိပါကကို ရင့်ကျက်စေပြီး, ဖြစ်စေပြီးသောကြောင့်တည်း။

ဥပမာသော်ကား လူတစ်ယောက်သည် ပစ္စည်းဝယ်ယူသောအခါ ''ပစ္စည်းဖိုးပေးပါမည်'' သို့မဟုတ် အကြွေးယူစဉ်ခဏ၌ ''ကြွေးပြန်ဆပ်ပါမည်''ဟု ပြောဆိုခြင်းသည်ပင် အာမခံရာ ရောက်၏။ ထိုအာမခံချက်သည်ပင် ပစ္စည်းဖိုးပေးခြင်း, ကြွေးဆပ်ခြင်းတို့၏အကြောင်း ဖြစ်၏။ အာမခံခြင်းစသောကြိယာ၏ထင်ရှားရှိခြင်း, မရှိခြင်းသည် အကြောင်းမဟုတ်ပေ။

ထို့အပြင် ပစ္စည်းဖိုးပေးပြီးသည့်နောက် သို့မဟုတ် ကြွေးပြန်ဆပ်ပြီးသည့်နောက်ကာလ၌ ပစ္စည်းဖိုးပေးရန် သို့မဟုတ် ကြွေးပြန်ဆပ်ရန် တာဝန်မရှိတော့ချေ။ အဘယ့်ကြောင့်ဆိုသော် ပေးဆပ်ခြင်းတာဝန်ကို ပြုအပ်ပြီးဖြစ်သောကြောင့်တည်း။

ဤအတူပင် သင်္ခါရတို့သည် ပြုအပ်ပြီးသည့်အဖြစ်ကြောင့်သာလျှင် မိမိ၏အကျိုးအား ကျေးဇူးပြုတတ်ကုန်၏။ ထိုက်တန်သောအကျိုးကို ပေးပြီးသည့်နောက်ကာလ၌ အကျိုးကို ဆောင်တတ်, ဖြစ်စေတတ်သည်ကား မဟုတ်ကြပေဟုသိအပ်၏။

- **သင်္ခါရ ၂၉ ပါးတို့က ဝိပါက်ဝိညာဏ် ၃၂ ပါးကို ကျေးဇူးပြုပုံ**

သင်္ခါရသည် ဆိုင်ရာဝိပါက်ဝိညာဏ်အား ကျေးဇူးပြုရာ၌ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

**၁ ကာမပုညာဘိသင်္ခါရ** (မဟာကုသိုလ်စေတနာ ၈ ပါး) သည်

(၁) ကာမသုဂတိဘုံ၌ မဟာဝိပါက် ၈ ပါး, ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး ဟူသော ဝိပါက်ဝိညာဏ် ၉ ပါးတို့အား ပဋိသန္ဓေအခါ၌ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

**ဇယား ၁၇. ၅ သင်္ဂါရ ၂၉ ပါးတို့က ဝိပါက်ဝိညာဏ် ၃၂ ပါးအား ကျေးဇူးပြုပုံ**

| စဉ် | သင်္ဂါရ | ဘုံ | ဝိညာဏ် | ကာလ | |
|---|---|---|---|---|---|
| ၁ | (၁) ကာမပုညာဘိ (၈) | ကာမသုဂတိ | ကု–ဥသန္တီ+မဟာဝိပါက် ၈ (၉) | ပဋိ | – |
| | (၂) ။ | ကာမသုဂတိ (၇) | ဥသန္တီကြဉ်အဟိတ်ကုဝိပါက် (၇) | – | ပဝတ္တိ |
| | (၃) ။ | ရူပဘုံ (၅) | ကု–ဝိပါက်စက္ခု, သောတ, သမ္ပဋိ, | | |
| | | | ဥ–သန္တီ, **သောသန္တီ** (၅) | – | ပဝတ္တိ |
| | (၄) ။ | ကာမဒုဂ္ဂတိ (၄) | အဟိတ်ကုဝိပါက် (၈) | – | ပဝတ္တိ |
| | (၅) ။ | ကာမသုဂတိ (၇) | အဟိတ်ကုဝိ ၈, မဟာဝိ ၈ (၁၆) | ပဋိ | ပဝတ္တိ |
| ၂ | ကာမ + ရူပပုညာဘိ(၁၃) | ရူပဘုံ (၁၅) | အဟိတ်ကုဝိ ၅ + ရူပဝိ ၅ (၁၀) | ပဋိ | ပဝတ္တိ |
| ၃ | ရူပပုညာဘိသင်္ဂါရ (၅) | ရူပဘုံ (၁၅) | ရူပဝိပါက် (၅) | ပဋိ | ပဝတ္တိ |
| ၄ | (၁) အပုညာဘိ (၁၂) | ကာမဒုဂ္ဂတိ (၄) | အကု–ဥသန္တီ (၁) | ပဋိ | – |
| | (၂) ။ | ။ | သန္တီကြဉ် အကုဝိပါက် (၆) | – | ပဝတ္တိ |
| | (၃) ။ | ။ | အကုဝိပါက် (၇) | ပဋိ | ပဝတ္တိ |
| | (၄) ။ | ကာမသုဂတိ (၇) | အကုဝိပါက် (၇) | – | ပဝတ္တိ |
| | (၅) ။ | ရူပဘုံ (၁၅) | အကုဝိ–စက္ခု, သောတ, | | |
| | | | သမ္ပ, သန္တီ (၄) | – | ပဝတ္တိ |
| ၅ | အာနေဉ္ဇာဘိသင်္ဂါရ (၄) | အရူပဘုံ (၄) | အရူပဝိပါက် (၄) | ပဋိ | ပဝတ္တိ |

(၂) ကာမသုဂတိ ၇ ဘုံ၌ ဥပေက္ခာသန္တီရဏကြဉ်သော အဟိတ်ကုသလဝိပါက် ဝိညာဏ် ၇ ပါးတို့အား ပဝတ္တိအခါ၌ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

(၃) ရူပ ၅ ဘုံ၌ ကုသလဝိပါက်စိတ်များဖြစ်ကြသော စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုန်း, ဥပေက္ခာသန္တီရဏ, သောမနဿသန္တီရဏဟူသော ဝိပါက်ဝိညာဏ် ၅ ပါးအား နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့်သာလျှင် ပဝတ္တိအခါ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုပေ။

(၄) ကာမဒုဂ္ဂတိ ၄ ဘုံ၌ အဟိတ်ကုသလဝိပါက် ၈ ပါးတို့အား ရှေးနည်းအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်းတို့ဖြင့် ပဝတ္တိအခါ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေအခါ၌ ကျေးဇူးမပြုပေ။ ငရဲဘုံ၌ **အရှင်မဟာမောဂ္ဂလာန်မထေရ် လှည့်လည်ရာ ကာလစသည်၌ ဤဥာရုံနှင့်တွေ့ကြုံနိုင်၏။**

(၅) ကာမသုဂတိဘုံ ၇ ဘုံတွင် အဟိတ်ကုသလဝိပါက် ၈ ပါးနှင့် မဟာဝိပါက် ၈ ပါး,

ပေါင်း ၁၆ ပါးတို့အား ရှေးနည်းအတူ နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယ ပစ္စည်းတို့ဖြင့် ပဝတ္တိအခါ၌လည်းကောင်း၊ ပဋိသန္ဓေအခါ၌လည်းကောင်း ကျေးဇူးပြု၏။

**၂ ကာမရူပပုညာဘိသင်္ခါရ** (ကုသိုလ်စေတနာ ၁၃ ပါး)သည် ရူပဘဝ၌ အဟိတ်ကုသလ ဝိပါက် ၅ ပါးနှင့် ရူပဝိပါက် ၅ ပါးဟူသော ဝိပါက်ဝိညာဏ် ၁၀ ပါးတို့အား ထို့အတူပင် ပဝတ္တိ၌လည်းကောင်း၊ ပဋိသန္ဓေကာလ၌လည်းကောင်း ကျေးဇူးပြု၏။

**၃ ရူပပုညာဘိသင်္ခါရ** (ရူပါဝစရကုသိုလ်စေတနာ ၅ ပါး)သည် အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံတွင် ရူပဝိပါက်ဝိညာဏ် ၅ ပါးတို့အား ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

**၄ အပုညာဘိသင်္ခါရ** (အကုသိုလ်စေတနာ ၁၂ ပါး) သည်

(၁) ကာမဒုဂ္ဂတိ ၄ ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏဝိညာဏ်အား နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့်ပင်လျှင် ပဋိသန္ဓေကာလ၌ ကျေးဇူးပြု၏။ ပဝတ္တိအခါ၌ ကျေးဇူးမပြုပေ။

(၂) ကာမဒုဂ္ဂတိ ၄ ဘုံ၌ ဥပေက္ခာသဟဂုတ်သန္တီရဏကြဉ်သော အကုသလဝိပါက် ဝိညာဏ် ၆ ပါးတို့အား ပဝတ္တိအခါ၌ ထိုနည်းတူစွာ ကျေးဇူးပြု၏။ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပါ။

(၃) အထူးမဝေဖန်, သာမညအားဖြင့်ကား အကုသလဝိပါက်ဝိညာဏ် ၇ ပါးတို့အား ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ ရှေးနည်းအတူ နာနာက္ခဏိကပစ္စည်း, ပကတူပ နိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

(၄) ကာမသုဂတိ ၇ ဘုံ၌ ထိုအကုသလဝိပါက်ဝိညာဏ် ၇ ပါးတို့အားပင်လျှင် ထို့အတူ နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ပဝတ္တိကာလ၌ ကျေးဇူး ပြု၏။ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပေ။ ကာမဘုံတွင် အနိဋ္ဌအာရုံမြင်ရ, ကြားရသည့် အခါ၌ ကျေးဇူးပြု၏။

(၅) ရူပဘုံ၌ အကုသလဝိပါက်စိတ်များဖြစ်ကြသော စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏဟူသော ဝိပါက်ဝိညာဏ် ၄ ပါးအား ထို့အတူပင် ပဝတ္တိကာလ ၌ ကျေးဇူးပြု၏၊ ပဋိသန္ဓေကာလ၌ ကျေးဇူးမပြုပါ။ (ဗြဟ္မာလောက၌ အနိဋ္ဌာရုံများ မရှိချေ။ နတ်ပြည်လောက၌လည်း အနိဋ္ဌာရုံမရှိချေ။ သို့သော် အချို့နတ်တို့အား သေခါနီး ပုဗ္ဗနိမိတ်ထင်သောအခါစသည်တို့၌ ပန်ဆင်ထားသောပန်း၏ညှိုးနွမ်းခြင်း စသည့် အနိဋ္ဌာရုံနှင့် ကြုံတွေ့ရ၏။

**၅ အာနေဉ္ဇာဘိသင်္ခါရ** (အရူပကုသိုလ်စေတနာ ၄ ပါး)သည် အရူပ ၄ ဘုံတွင် အရူပ ဝိပါက်ဝိညာဏ်တို့အား ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

- **သင်္ခါရ, ဝိညာဏ်တို့ကို ဘဝ, ယောနိစသည်နှင့် တွဲစပ်ခြင်း**

**၁ ပုညာဘိသင်္ခါရ** (ကာမရူပကုသိုလ်စေတနာ ၁၃ ပါး)သည် ကာမဘဝ, ရူပဘဝဟူသော

ဘဝ ၂ ပါး၊ ယောနိ ၄ ပါး၊ မနုဿဂတိ, ဒေဝဂတိဟူသော ဂတိ ၂ ပါး၊ နာနတ္တကာယ နာနတ္တသညီ, နာနတ္တကာယ ဧကတ္တသညီ, ဧကတ္တကာယ နာနတ္တသညီ, ဧကတ္တကာယ ဧကတ္တသညီဟူသော ဝိညာဏဋ္ဌိတိ ၄ ပါး၊ ဤဝိညာဏဋ္ဌိတိတို့နှင့် အရတူဖြစ်သော သတ္တဝါတို့၏နေရာ သတ္တာဝါသ ၄ ပါးတို့ကို အဟိတ်ကုသလဝိပါက် ၈ ပါး, မဟာဝိပါက် ၈ ပါး, ရူပဝိပါက် ၅ ပါးဟူသော ဝိပါက်ဝိညာဏ် ၂၁ ပါးတို့အား နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ဖြစ်သင့်သည်အားလျော်စွာ ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ ကျေးဇူးပြု၏။

၂ **အပုညာဘိသင်္ခါရ** (အကုသိုလ်စေတနာ ၁၂ ပါး)သည် ကာမဘဝ ၁ ပါး၊ ယောနိ ၄ ပါး၊ တိရစ္ဆာနဂတိ, ပေတဂတိ, နိရယဂတိဟူသော ဂတိ ၃ ပါး၊ နာနတ္တကာယ ဧကတ္တသညီဟူသော ဝိညာဏဋ္ဌိတိ ၁ ပါး၊ နာနတ္တကာယ ဧကတ္တသညီဟူသော သတ္တာဝါသ ၁ ပါးတို့၌ အကုသလဝိပါက်ဝိညာဏ် ၇ ပါးတို့အား နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ ကျေးဇူးပြု၏။

၃ **အာနေဉ္ဇာဘိသင်္ခါရ** (အရူပကုသိုလ်စေတနာ ၄ ပါး)သည် အရူပဘဝ ၁ ပါး၊ ဩပပါတိကယောနိ ၁ ပါး၊ ဒေဝဂတိ ၁ ပါး၊ အာကာသာနဉ္စာယတန, ဝိညာဏာဉ္စာယတန, အာကိဉ္စညာယတနဟူသော ဝိညာဏဋ္ဌိတိ ၃ ပါး၊ အာကာ, ဝိညာ, အာကိဉ္စညာ, နေဝသညာနာသညာယတနဟူသော သတ္တာဝါသ ၄ ပါးတို့၌ အရူပဝိပါက်ဝိညာဏ် ၄ ပါးတို့အား နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ ကျေးဇူးပြု၏။

## • ဝိညာဏပစ္စယာ နာမရူပံပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

**အဓိပ္ပါယ်အဖွင့် –"*ဝိညာဏပစ္စယာ နာမရူပံ*"**

**ဝိညာဏ်ကိုအကြောင်းပြု၍ နာမ်ရုပ်တရားများ ဖြစ်ပေါ်ကြ၏။**

ဝိညာဏ်သည် လောကီဝိပါက်ဝိညာဏ် ၃၂ ပါးဖြစ်၏။ ဤဝိညာဏ် ၃၂ ပါးနှင့် တစ်ပေါင်းတည်းယှဉ်ဖြစ်သော အညသမန်းစေတသိက် ၁၃ ပါး၊ သောဘဏ သာဓာရဏ စေတသိက် ၁၉ ပါး၊ အပ္ပမညာစေတသိက် ၂ ပါး၊ ပညာစေတသိက် ၁ ပါးဟူသော စေတသိက် ၃၅ ပါးသည် 'နာမရူပံ = နာမ်ရုပ်' ၌ပါဝင်သောနာမ်ကို ကိုယ်စားပြု၏။ ဤစေတသိက်တို့ကို ခန္ဓာဖွဲ့လျှင် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူ၍ ခန္ဓာသုံးပါးရ၏။

'**နာမ်**'သည် အာရုံဆီသို့ ရှေးရှုညွတ်တတ်ပြီး အာရုံကိုယူတတ်သောသဘောဖြစ်၏။ ဤတွင် အထက်ပါ စေတသိက်နာမ်ခန္ဓာသုံးပါးကို ရည်ညွှန်း၏။

'**ရုပ်**'သည် မဟာဘုတ် ၄ ပါးနှင့် ယင်းမဟာဘုတ်တို့ကိုစွဲမှီ၍ဖြစ်သော ဥပါဒါရုပ် ၂၄ ပါး၊ ပေါင်း ရုပ် ၂၈ ပါးကိုရည်ညွှန်း၏။

## • နာမ်ရုပ်တို့ဖြစ်ရာ ဘဝ, ယောနိစသည်

'**နာမ်**'သည် သညာမရှိသည့် သတ္တာဝါသကို ချန်ထား၍ အလုံးစုံသော ဘဝ,ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, ရှစ်ပါးသော သတ္တာဝါသတို့၌ဖြစ်၏။

'**ရုပ်**'သည် ကာမဘဝ, ရူပဘဝဟူသော ဘဝ ၂ ပါး၊ ယောနိ ၄ ပါး၊ ဂတိ ၅ ပါး၊ ရှေ့ဖြစ်သည့် ဝိညာဏဋ္ဌိတိ ၄ ပါး၊ အသညသတ်နှင့်တကွ သတ္တာဝါသ ၅ ပါးတို့၌ဖြစ်၏။

**• ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်တို့ဖြစ်ပုံ**

ရုပ်ကလာပ်များတွင် ပါဝင်သောရုပ်များကို ရေတွက်သည့်နည်း ၂ မျိုးရှိသည်။

(၁) အကျယ်နည်း – ရုပ်ကလာပ်အားလုံးမှ ရုပ်အားလုံးကို ရေတွက်သည်၊

(၂) အကျဉ်းနည်း – မယူအပ်သေးသည်ကိုသာယူသောနည်း (ဝါ) ယူပြီးသောရုပ်ကို ထပ်၍မယူသောနည်း။

၁ ဘာဝရုပ်မရှိသော ဂဗ္ဘသေယျကသတ္တဝါ, အဏ္ဍဇသတ္တဝါတို့တွင် ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံမှာ အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ ဝတ္ထုဒသကနှင့် ကာယဒသကကလာပ် ၂ စည်းမှ ရုပ် ၂၀၊ ပေါင်း ၂၃ ပါးသော နာမ်ရုပ်တို့ ဖြစ်၏။

**ဇယား ၁၇. ၆ ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ**

| စဉ် | သတ္တဝါ | ရေတွက်နည်း | နာမ် | ရုပ်ကလာပ်နှင့်ရုပ်ပေါင်း | | ပေါင်း |
|---|---|---|---|---|---|---|
| ၁ | ဘာဝရုပ်မရှိသော ဂဗ္ဘ | အကျယ်နည်း | ၃ | ဝတ္ထုဒသက,ကာယဒသက | ၂၀ | ၂၃ |
| | သေယျက, အဏ္ဍဇ | အကျဉ်းနည်း | ၃ | အဝိနိဗ္ဘောဂ၈+ဇီ၁+ဝတ္ထု၁+ကာယ၁= | ၁၁ | ၁၄ |
| ၂ | ဘာဝရုပ်ရှိသည့် ဂဗ္ဘ | အကျယ်နည်း | ၃ | ဝတ္ထုဒသက,ကာယဒသက,ဘာဝဒသက | ၃၀ | ၃၃ |
| | သေယျက,အဏ္ဍဇ | အကျဉ်းနည်း | ၃ | အဝိနိဗ္ဘော၈+ဇီ+ဝတ္ထု+ကာယ+ဘာဝ= | ၁၂ | ၁၅ |
| ၃ | သံသေဒဇ–ပဌမ | အကျယ်နည်း | ၃ | စက္ခု,သောတ,ဝတ္ထု, ဇီဝိတနဝက | ၃၉ | ၄၂ |
| | ဈာန်ဗြဟ္မာစသည် | အကျဉ်းနည်း | ၃ | အဝိနိဗ္ဘော၈+ဇီ+စက္ခု+သော+ဝတ္ထု | ၁၂ | ၁၅ |
| ၄ | ဗြဟ္မာမှကြွင်းသော သံသေဒဇနှင့် ဘာဝရုပ်ရှိသော သံသေဒဇသတ္တဝါများ | အကျယ်နည်း | ၃ | စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ, ဝတ္ထု, ဘာဝဒသက (၇) | ၇၀ | ၇၃ |
| | | အကျဉ်းနည်း | ၃ | အဝိနိဗ္ဘော၈+ဇီ+စက္ခု+သော+ဃာ+ ဇိဝှာ+ကာယ+ဝတ္ထု+ဘာဝရုပ် | ၁၆ | ၁၉ |
| ၅ | အရူပဗြဟ္မာ | အကျယ်နည်း | ၃ | × | | ၃ |
| ၆ | အသညသတ် | အကျယ်နည်း | × | ဇီဝိတနဝကကလာပ် | ၉ | ၉ |

အကျဉ်းနည်းဖြင့် စေတသိက် နာမ်ခန္ဓာ ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ဟဒယဝတ္ထုရုပ် ၁ ပါး၊ ကာယပသာဒရုပ် ၁ ပါး၊ စုစုပေါင်း ၁၄ ပါးသော နာမ်ရုပ်တို့ဖြစ်ကြ၏။

၂ ဘာဝရုပ်ရှိသော ဂဗ္ဘသေယျကသတ္တဝါ, အဏ္ဍဇသတ္တဝါတို့တွင် ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံမှာ အကျယ်နည်းဖြင့် စေတသိက် နာမ်ခန္ဓာ ၃ ပါး၊ ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကဟူသည့် ကလာပ် ၃ စည်းမှ ရုပ် ၃၀၊ စုစုပေါင်း ၃၃ ပါးသော

နာမ်ရုပ်တို့ဖြစ်ကြ၏။

အကျဉ်းအားဖြင့် စေတသိက် နာမ်ခန္ဓာ ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး + ဟဒယရုပ် ၁ ပါး၊ ကာယပသာဒရုပ် ၁ ပါး + ဘာဝရုပ် ၁ ပါး၊ စုစုပေါင်း ၁၅ ပါးသော နာမ်ရုပ်တို့ဖြစ်ကြ၏။

၃ ပထမစျာန် ပြဟ္မာစသော ဩပပါတိကသတ္တဝါတို့တွင် ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံမှာ အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသကဟူသော ကလာပ် ၃ စည်းမှ ရုပ် ၃၀၊ ဇီဝိတနဝကကလာပ်ရုပ် ၉ ပါး၊ ပေါင်း ၄၂ ပါးသော နာမ်ရုပ်တို့ဖြစ်ပေါ်ကြ၏။

အကျဉ်းနည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ စက္ခုပသာဒရုပ် ၁ ပါး၊ သောတပသာဒရုပ် ၁ ပါး၊ ဟဒယဝတ္ထုရုပ် ၁ ပါး၊ ပေါင်း ၁၅ ပါးသော နာမ်ရုပ်တို့ဖြစ်ကြ၏။

၄ ရူပပြဟ္မာများမှကြွင်းသော ဥပပါတ်သတ္တဝါတို့အားလည်းကောင်း၊ ဘာဝရုပ်ရှိပြီး စက္ခုစသည့် အာယတနပြည့်စုံသော သံသေဒဇသတ္တဝါတို့အားလည်းကောင်း၊ ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံမှာ အကျယ်နည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကဟူသော ကလာပ် ၇ စည်းမှ ရုပ် ၇၀၊ စုစုပေါင်း ၇၃ ပါးသော နာမ်ရုပ်တို့ ဖြစ်ကြ၏။

အကျဉ်းနည်းဖြင့်မူ စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ဟဒယဝတ္ထုရုပ်၊ ဘာဝရုပ်ဟူ၍ စုစုပေါင်း ၁၉ ပါးသော နာမ်ရုပ်တို့ဖြစ်ကြ၏။

၅ အရူပပြဟ္မာတို့တွင် ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် စေတသိက်နာမ်ခန္ဓာ ၃ ပါးတို့သာဖြစ်ကြ၏။

၆ အသညသတ်ပြဟ္မာတို့တွင် ပဋိသန္ဓေခဏ၌ ဝိညာဏ်ကြောင့် ဇီဝိတနဝကကလာပ်မှ ရုပ် ၉ ပါးတို့သာလျှင် ဖြစ်ကြ၏။

- **ပဝတ္တိကာလ၌ စတုဇရုပ်တို့ဖြစ်ပုံ**

ရုပ်ဖြစ်ရာဘုံမှန်သမျှတို့တွင် ပဝတ္တိကာလ၌ ဥတုဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့နှင့်တကွ ကမ္မဇရုပ်တို့ဖြစ်ကြ၏။

**၁ ဥတုဇရုပ်ဖြစ်ပုံ** – ပဋိသန္ဓေစိတ်ဥပါဒ်အခိုက်၌ဖြစ်သော ကမ္မဇရုပ်တို့တွင် ပါရှိသည့် တေဇောဓာတ်တို့သည် ပဋိသန္ဓေစိတ်၏ဌီခဏမှစ၍ ဥတုဇသုဒ္ဓဋ္ဌကကလာပ်တို့ကို ဖြစ်ပေါ်စေ၏။

**၂ စိတ္တဇရုပ်ဖြစ်ပုံ – ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေပါ။ အကြောင်းကား ကမ်းပါးပြတ်၌ကျလုနီး, ကျဆဲဖြစ်သောလူသည် အခြားကျလုနီး, ကျလုဆဲလူ၏အထောက်အပံ့ မဖြစ်စွမ်းနိုင်သကဲ့သို့ ထို့အတူပင် ပဋိသန္ဓေစိတ်သည် တည်ရာဝတ္ထုရုပ်အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။** ပဋိသန္ဓေစိတ်နောက် ပထမဘဝင်စိတ်ဥပါဒ်ခဏမှစ၍

စိတ္တဇသုဒ္ဓဋ္ဌကကလာပ်သည်ဖြစ်၏။ ပဋိသန္ဓေခဏမှနောက်၌ ဖြစ်ပြီးသော ဥတုခေါ် တေဇောဓာတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း၊ အသံဖြစ်ပေါ်သော ကာလ၌ သဒ္ဒနဝကကလာပ်ဖြစ်၏။

**မှတ်ချက်** – ပထဝီ, အာပေါ, တေဇော, ဝါယော, **ဝဏ္ဏ,** ဂန္ဓ, ရသ, ဩဇာဟူသော ရုပ် ၈ ခု အစုသက်သက်ကို သုဒ္ဓဋ္ဌကကလာပ် (ဝါ) အဝိနိဗ္ဘောဂရုပ်ကလာပ်ဟုခေါ်၏။ ဤရုပ် ၈ ခုနှင့် အသံရုပ် (သဒ္ဒရုပ်)အစုကို သဒ္ဒနဝကကလာပ်ဟုခေါ်၏။

**၃ အာဟာရဇရုပ်ဖြစ်ပုံ** – ကဗဠီကာရခေါ် စားမျိုအပ်သော အာဟာရကိုမှီဝဲ၍ အသက်ရှင်ကြသော ဂဗ္ဘသေယျက သတ္တဝါတို့သည် မိခင်ဝမ်း၌တည်နေစဉ် မိခင်သုံးဆောင်သော ဘောဇဉ်ဖြင့်မျှတ၏။ မျှတပုံမှာ မိခင်စားမျိုသောအာဟာရသည် ကလေး၏ကိုယ်၌ အစဉ်လျှောက်၍ အာဟာရက ဖြစ်စေသော အာဟာရဇသုဒ္ဓဋ္ဌကကလာပ်သည် ဖြစ်၏။ ဥပပတ်ပုဂ္ဂိုလ်တို့အား ရှေးဦးစွာ ခံတွင်းရှိတံတွေးကို မျိုသောအခါ၌ အာဟာရဇသုဒ္ဓဋ္ဌကကလာပ်ဖြစ်၏။

**၄ ကမ္မဇရုပ်ဖြစ်ပုံ** – ကမ္မဇရုပ်တို့သည် စိတ်တိုင်း၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့၌ ကံကြောင့် ဖြစ်ကုန်၏။ **သန္တတိသီသ** ၇ ပါးဟုခေါ်သော စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသည့် ကမ္မဇရုပ်ကလာပ် ၇ စည်းမှ ရုပ်ပေါင်း ၇၀ ဖြစ်၏။

သို့ဖြစ်၍ ပဝတ္တိအခါ၌ ကမ္မဇရုပ်ပေါင်း ၇၀ ပါး၊ ဥတုဇသဒ္ဒနဝကကလာပ် ၁ စည်းမှ ရုပ် ၉ ပါး၊ စိတ္တဇသဒ္ဒနဝကကလာပ် ၁ စည်းမှ ရုပ် ၉ ပါး၊ အာဟာရဇသုဒ္ဓဋ္ဌကကလာပ် ၁ စည်းမှ ရုပ် ၈ ပါး၊ စုစုပေါင်း ရုပ် ၉၆ ပါးတို့သည်လည်းကောင်း၊ စေတသိက် နာမ်ခန္ဓာ ၃ ပါးတို့သည်လည်းကောင်း၊ စုစုပေါင်း တရား ၉၉ ပါးတို့သည် အကျဉ်းအားဖြင့် ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်တို့ဟူ၍ သိအပ်၏။

တစ်နည်းကား အသံရုပ်သည် တစ်ရံတစ်ခါ၌သာ ထင်ရှားဖြစ်ခြင်းကြောင့် အမြဲတမ်းမရှိချေ။ ထို့ကြောင့် ဥတုဇ, စိတ္တဇအသံရုပ် ၂ ခုကိုပယ်၍ ၉၇ ပါးသော နာမ်ရုပ်တရားတို့ကို အလုံးစုံသော သတ္တဝါတို့၌ ''ဝိညာဏ်ဟူသော အကြောင်းကြောင့် ဖြစ်သင့်သည့်အားလျော်စွာဖြစ်ကြသော နာမ်ရုပ်တို့တည်း'' ဟူ၍ သိအပ်၏။

ဤ ၉၇ ပါးသောတရားတို့တွင် စိတ္တဇရုပ်တို့သည် ဒွေးပဥ္စဝိညာဏ် ၁၀ နှင့် အရူပဝိပါက်စိတ် ၄ တို့မှ တစ်ပါးသော စိတ် ၇၅ ပါးတို့၏ ဥပါဒ်ခဏတိုင်း ဖြစ်ကုန်၏။ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် စိတ်တိုင်း၏ဥပါဒ်, ဌီ, ဘင် ခဏငယ်တိုင်းဖြစ်ကြ၏။

'အကျဉ်းအားဖြင့်' ဆိုသည်မှာ စက္ခုဒသကကလာပ်ပေါင်းများစွာရှိသော်လည်း ပေါင်း၍ ရုပ် ၁၀ ပါးသာ ရေတွက်၏၊ အခြားကလာပ်တို့ကိုလည်း နည်းတူပင် ပေါင်း၍ ရေတွက်၏။ ဤသို့ပေါင်း၍ ရေတွက်ခြင်းကို အကျဉ်းဟု ဆို၏။

- **ကမ္မဇရုပ်နှင့်တိသမုဋ္ဌာနိကရုပ်တို့ အပြန်အလှန် ထောက်ပံ့ပုံ**

အလုံးစုံသောဘဝတို့၌ ကမ္မဇရုပ်သည် ရှေးဦးစွာဖြစ်၍ တည်ငြားသော်လည်း စိတ်,

ဥတု, အာဟာရဟူသော အကြောင်းသုံးပါးကြောင့်ဖြစ်သည့် တိသမုဋ္ဌာနိကရုပ်တို့ မထောက်ပံ့လျှင် ကောင်းစွာ အရှည်တည်ခြင်းငှာ မစွမ်းနိုင်။ တိသမုဋ္ဌာနိကရုပ်တို့သည်လည်း ကမ္မဇရုပ်မထောက်ပံ့လျှင် ကောင်းစွာတည်ခြင်းငှာ မစွမ်းနိုင်။

**ဥပမာအားဖြင့် ကျူစည်း ၄ ခုကို အဖျားချင်းယှက်လျက် မြဲမြံစွာချထားလျှင် လေတိုက်သော်လည်း ကောင်းစွာတည်ကုန်သကဲ့သို့ ကမ္မဇရုပ်နှင့် တိသမုဋ္ဌာနိကရုပ်တို့သည် အချင်းချင်း ထောက်ပံ့အပ်သည်ဖြစ်၍ မပြိုမပျက်ဘဲ ကောင်းစွာတည်ကုန်လျက် အနှစ် ၁၀၀ ပတ်လုံးဖြစ်စေ၊ သက်တမ်းကုန်သည့်တိုင်အောင်ဖြစ်စေ မပြတ်ဖြစ်လျက် တည်နိုင်ကြ၏။**

**• တစ်ခုကြွင်းပြုသောနည်းဖြင့် ''ဝိညာဏပစ္စယာ နာမရူပံ'' ကိုဟောတော်မူခြင်း**

**(၁) ဝိညာဏ်ကြောင့် နာမ်သက်သက်ဖြစ်ပုံ**

အရူပဘဝ (ဝါ) အရူပဘုံ၌ – ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌လည်းကောင်း၊ ပဉ္စဝေါကာရဘဝ (ရုပ်နာမ်ရှိသောဘုံ) ၌ – ပဝတ္တိကာလ ဒွေးပဉ္စဝိညာဏ်ဖြစ်ဆဲအခါ၌လည်းကောင်း၊ ဝိညာဏ်ဟူသောအကြောင်းကြောင့်စေတသိက်နာမ်ခန္ဓာ ၃ ပါးသာလျှင်ဖြစ်၏။

**(၂) ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်ပုံ**

အသညသတ်ဘဝ၌ – ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌လည်းကောင်း၊

ပဉ္စဝေါကာရဘဝ၌ – ပဝတ္တိကာလ၌ ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်သာဖြစ်ဆဲအခါ၌လည်းကောင်း၊ ဝိညာဏ်ဟူသောအကြောင်းကြောင့် ရုပ်သာလျှင်ဖြစ်၏။

**(၃) ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ**

ပဉ္စဝေါကာရဘဝ၌ ပဋိသန္ဓေကာလနှင့် ပဝတ္တိကာလ အလုံးစုံတို့၌ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်နှစ်ပါးစုံဖြစ်၏။

ဤသို့ နာမ–နာမ်သည်လည်းကောင်း၊ ရူပ – ရုပ်သည်လည်းကောင်း၊ နာမရူပ – နာမ်ရုပ်သည်လည်းကောင်း၊ နာမရူပ – နာမ်ရုပ်မည်၏ဟု **တစ်စိတ် သုတိတူ – တစ်ခုကြွင်း ပြုသောနည်းဖြင့်** ထိုနာမ်သက်သက်, ရုပ်သက်သက်, နာမ်ရုပ် နှစ်ပါးစုံဟူသော အလုံးစုံကို ပေါင်းယူ၍ ''ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဏ် ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်'' ဟု ဟောတော်မူ၏။

**• အသညသတ်ပြဟ္မာ၌ ဝိညာဏ်ကြောင့် ရုပ်ဖြစ်ပုံ**

**အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်မရှိခြင်းကြောင့် ဝိညာဏ်ကြောင့် ရုပ်သက်သက်ဖြစ်သည်ဟုဆိုခြင်းသည် မသင့်ပါဟု စောဒနာငြားအံ့၊**

**မသင့်သည်မဟုတ်၊ သင့်သည်ဟု ဖြေဆိုအပ်၏။ အကြောင်းမှာ နာမ်ရုပ်၏အကြောင်းဖြစ်သော ဝိညာဏ်သည် ဝိပါက်ဝိညာဏ်၊ ဝိပါက်မဟုတ်သာ ဝိညာဏ်ဟု ၂ မျိုး ရှိ၏။ အသညသတ်ပုဂ္ဂိုလ်တို့၌ဖြစ်သောရုပ်သည် ကမ္မဇရုပ်ဖြစ်သောကြောင့် ပဉ္စဝေါကာရဘဝ၌ ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ရူပကုသိုလ်ကံ) ကြောင့်ဖြစ်သော ကမ္မဇရုပ်ပေတည်း။ ထို့ကြောင့် သင့်ပါ၏။**

ထို့အတူ ပဋ္စဝေါကာရဘဝ၌ ပဝတ္တိကာလ၌ ပဝတ္တိကာလဝယ် ကုသိုလ်စိတ်, အကုသိုလ်စိတ်, ကြိယာစိတ် တို့၏ဖြစ်ဆဲခဏ၌ ဖြစ်သောကမ္မဇရုပ်သည် ပဋ္စဝေါကာရဘဝ၌ ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ကာမရူပကုသိုလ်ကံ, အကုသိုလ်ကံ) ဟူသော အကြောင်းကြောင့်ဖြစ်သည့် ရုပ်ပေတည်း။

**မှတ်ချက်** – (၁) ပဋိသန္ဓေဝိညာဏ်, ဘဝင်ဝိညာဏ်, စုတိဝိညာဏ်ဟူသော ဝီထိမုတ်စိတ်များနှင့် ပဋ္စဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, တဒါရုံဟူသော ဝီထိစိတ်များသည် ဝိပါက်စိတ်များဖြစ်သောကြောင့် ဝိပါက်ဝိညာဏ် (*ဝိပါကဝိညာဏ်*) မည်ကြ၏။

(၂) ကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ကြိယာဝိညာဏ်တို့သည် ဝိပါက်စိတ်များ မဟုတ်ကြသဖြင့် '*အဝိပါကဝိညာဏ်*' များ မည်ကြ၏။

အဝိပါကဝိညာဏ်တို့တွင် ကုသိုလ်ဝိညာဏ်နှင့် အကုသိုလ်ဝိညာဏ်တို့ကို '*အဘိသင်္ခါရဝိညာဏ်*' ဟုခေါ်၏။ '*ကမ္မဝိညာဏ်*' ဟုလည်းခေါ်၏။

- **ဝိညာဏပစ္စယာ နာမရူပံ၌ ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

(၁) ဝိပါက်ဝိညာဏ်သည် ယှဉ်ဖက်စေတသိက်နာမ်ခန္ဓာသုံးပါးအား ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အာဟာရ, ဣန္ဒြိယ, အတ္ထိ, အဝိဂတဟူသော ၉ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) ဝိပါက်ဝိညာဏ်သည် ဟဒယဝတ္ထုရုပ်အား ပဋိသန္ဓေခဏ၌ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၉ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၃) ဝိပါက်ဝိညာဏ်သည် ဟဒယဝတ္ထုရုပ်မှတစ်ပါး ကြွင်းသောရုပ်တို့အား ဝတ္ထုရုပ်ကိုကျေးဇူးပြုသော ပစ္စည်း ၉ ပါးမှ အညမညပစ္စည်းကိုပယ်၍ ကျန်သည့်ပစ္စည်း ၈ ပါးဖြင့် ကျေးဇူးပြု၏။

(၄) အဘိသင်္ခါရ (ကံနှင့်ယှဉ်သော) ဝိညာဏ်သည် အသညသတ်ကမ္မဇရုပ်နှင့် ပဋ္စဝေါကာရဘဝ၏ကမ္မဇရုပ်တို့အား သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၅) ပဋိသန္ဓေဝိညာဏ်နှင့် အဘိသင်္ခါရဝိညာဏ်တို့မှကြွင်းသော ပထမဘဝင်မှစ၍ အလုံးစုံသောဝိညာဏ်သည် ထိုထိုနာမ်ရုပ်အား ထိုက်သည့်အားလျော်စွာ ကျေးဇူးပြု၏။

- **ဝိညာဏ်ကြောင့် ပဋိသန္ဓေနာမ်ရုပ်ဖြစ်ပုံ**

**''ပဋိသန္ဓေနာမ်ရုပ်သည် ဝိညာဏ်ကြောင့်ဖြစ်၏''ဟူသော သဘောကို အဘယ်သို့ သိအပ်သနည်း? ဤသို့ စောဒနာငြားအံ့။ သုတ္တ ခေါ် ဘုရားစကားတော်အားဖြင့်လည်းကောင်း၊ အသင့်ယုတ္တိ (ဝါ) သဘာဝယုတ္တိအားဖြင့်လည်းကောင်း၊ သိအပ်၏ဟု ဖြေဆိုသင့်၏။**

**ဓမ္မသင်္ဂဏီပါဠိတော်၌ ''စိတ္တာနုပရိဝတ္တိနောဓမ္မာ'' = ''စိတ်သို့အစဉ်လိုက်၍ ဖြစ်ကုန်သောတရားတို့သည် ရှိကုန်၏'' ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။ ဤသို့စသော**

**ဒေသနာတော်များနှင့်အညီ ဝေဒနာက္ခန္ဓာစသည့် စေတသိက်နာမ်ခန္ဓာသုံးပါးတို့အား ဝိညာဏ်က ကျေးဇူးပြုသောအဖြစ်သည် ပြီးစီး၏။**

**သဘာဝယုတ္တိဖြင့် သိနိုင်ပုံမှာ စိတ်ကြည်လင်သောအခါ ကြည်လင်ရွှင်လန်းသောရုပ်၊ စိတ်မကြည်လင်သည့်အခါ မကြည်လင်မရွှင်လန်းသောရုပ်တို့ ဖြစ်ပေါ်သည်ကို မျက်မှောက်တွေ့မြင်ရ၏။ မျက်မှောက်တွေ့မြင်ရသောသဘောဖြင့် မျက်မှောက်မမြင်ရ, မမြင်နိုင်သောသဘောကို နှိုင်းဆ၍သိခြင်း, ဆုံးဖြတ်ခြင်းသည်လည်း ဖြစ်၏။ ထို့ကြောင့် မျက်မှောက်မြင်ရသော စိတ္တဇရုပ်ဖြင့် မျက်မှောက်မမြင်ရသော ပဋိသန္ဓေရုပ်အားလည်း ပဋိသန္ဓေဝိညာဏ်က ကျေးဇူးပြုသည်ကို သိအပ်၏။**

မှန်ပေ၏၊ ကံကြောင့် ကမ္မဇရုပ်ဖြစ်ငြားသော်လည်း စိတ်ကြောင့် စိတ္တဇရုပ်ဖြစ်သကဲ့သို့ ပဋိသန္ဓေရုပ်အား ပဋိသန္ဓေဝိညာဏ်ကဖြစ်အောင် ကျေးဇူးပြုတတ်သည်ကို ပဋ္ဌာန်းပါဠိတော်၌ လာ၏။

## • ''နာမရူပပစ္စယာ သဠာယတနံ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

### နာမ်, ရုပ်, သဠာယတနတို့၏ အရကောက်များ

**နာမ်** – ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော စေတသိက်နာမ်ခန္ဓာ သုံးပါးတည်း။

**ရုပ်** – သဠာယတနအား အမြဲတမ်းကျေးဇူးပြုတတ်သော မိမိသန္တာန်၌ အကျုံးဝင်သည့် မဟာဘုတ် ၄ ပါး, ဝတ္ထုရုပ် ၆ ပါး, ဇီဝိတိန္ဒြေတို့တည်း။

**သဠာယတန** – စက္ခာယတန, သောတာယတန, ဃာနယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဟူသော အာယတန ၆ ပါးတည်း။ ရှေ့ အာယတန ၅ ပါးကို 'ပဉ္စာယတန' ဟုခေါ်၏။ ပသာဒရုပ် ၅ ပါးတည်း။ ၆ ခုမြောက်ဖြစ်သည့် 'မနာယတန'ကို '**ဆဋ္ဌာယတန**'ဟုခေါ်၏။

### တစ်ခုကြွင်းပြုပုံ

နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ နာမ်ရုပ်သည်လည်းကောင်း၊ နာမ်ရုပ်မည်၏ဟု တစ်ခုကြွင်းပြုခဲ့သကဲ့သို့ မနာယတနဟူသော ဆဋ္ဌာယတနသည် လည်းကောင်း၊ အာယတန ၆ ပါးဟူသော သဠာယတနသည်လည်းကောင်း၊ သဠာယတန မည်၏ဟူ၍ တစ်ခုကြွင်းပြု၏။

ဤသို့တစ်ခုကြွင်းပြုထားသော ထိုနာမ်ရုပ်သည် ဤသို့ တစ်ခုကြွင်းပြုထားသော သဠာယတနအား ကျေးဇူးပြု၏ဟူ၍ သိအပ်၏။ အဘယ့်ကြောင့်နည်းဟူမူ အရူပဘုံ၌ နာမ်သာရှိ၍ နာမ်ကသာ ကျေးဇူးပြု၏။ ရုပ်မရှိ၍ ရုပ်ကကျေးဇူးမပြုနိုင်ပါ။ ထိုနာမ်သည်လည်း မနာယတနတစ်ခုအားသာလျှင် ကျေးဇူးပြု၏။ အခြားအာယတနတို့အား ကျေးဇူးမပြုပါ။ မှန်ပေ၏။ ဝိဘင်းပါဠိတော်၌''နာမ်ဟူသော အကြောင်းကြောင့် ဆဋ္ဌာယတန ဖြစ်၏''ဟု ဟောတော်မူ၏။

### စောဒနာနှင့်ဖြေဆိုချက်

''နာမ်ရုပ်သည် သဠာယတနအား ကျေးဇူးပြု၏ '' ဟူသော သဘောကို အဘယ်သို့

သိအပ်သနည်းဟု စောဒနာပြုလျှင် ''နာမ်ရုပ်ရှိလျှင် အာယတနရှိခြင်းကြောင့် သိအပ်ပေ၏'' ဟု ဖြေဆိုအပ်၏။

ချဲ့၍ပြရသော် ထိုထိုနာမ်, ထိုထိုရုပ်ရှိလျှင် ထိုထိုအာယတနဖြစ်၏။ ထိုထိုနာမ်, ထိုထိုရုပ်တို့မရှိလျှင် ထိုထိုအာယတနတို့ မဖြစ်ချေ။ ထို့ကြောင့် သိအပ်ပေ၏။ ထိုသို့ နာမ်ရုပ်ရှိလျှင် ထိုထိုအာယတနဖြစ်သည့်အဖြစ်သည် ကျေးဇူးပြုပုံနည်း၌သာလျှင် ထင်ရှားပေအံ့။

**• နာမ်ရုပ်က သဠာယတနအား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

**၁ နာမ်က ကျေးဇူးပြုပုံ**

**(၁) အရူပဘုံ၌ (က) ပဋိသန္ဓေကာလတွင်** – ဝိပါက်နာမ်သည် ဆဋ္ဌာယတနအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတဟူသော ပစ္စည်း ၇ ပါးအပြားအားဖြင့် ကျေးဇူးပြု၏။ အလွန်အထူးအားဖြင့်မူ ဤနာမ်ထဲတွင် အလောဘ, အဒေါသစသော အချို့နာမ်သည် ဟေတုပစ္စည်းဖြင့်လည်းကောင်း၊ ဖဿ, စေတနာဟူသော အချို့နာမ်သည် အာဟာရပစ္စည်းဖြင့်လည်းကောင်း၊ ကျေးဇူးပြု၏။

**(ခ) ပဝတ္တိကာလတွင်** – ဝိပါက်နာမ်သည် ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ဆဋ္ဌာယတနအား ၇ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဝိပါက်မဟုတ်သောနာမ်သည် ဝိပါကပစ္စည်းမှတစ်ပါး ကြွင်းသည့်ပစ္စည်း ၆ ပါးဖြင့် ဆဋ္ဌာယတနအား ကျေးဇူးပြု၏။

**(၂) ပဉ္စဝေါကာရဘုံ၌ (က) ပဋိသန္ဓေကာလတွင်** – ဝိပါက်နာမ်သည် ဆဋ္ဌာယတနအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ပစ္စည်း ၇ ပါးအပြားအားဖြင့် ကျေးဇူးပြု၏။

– ဝိပါက်မဟုတ်သောနာမ်သည် ပဉ္စာယတနအား ဝိပါကပစ္စည်းမှတစ်ပါး ကြွင်းသည့်ပစ္စည်း ၆ ပါးဖြင့် ဆဋ္ဌာယတနအား ကျေးဇူးပြု၏။

**(ခ) ပဝတ္တိကာလတွင်** – ဝိပါက်နာမ်သည် ဝိပါက်ဆဋ္ဌာယတနအား ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ကျေးဇူးပြု၏။

– ဝိပါက်မဟုတ်သောနာမ်သည် ဝိပါက်မဟုတ်သောဆဋ္ဌာယတနအား ဝိပါကပစ္စည်းမှတစ်ပါးကြွင်းသည့်ပစ္စည်း ၆ ပါးဖြင့် ကျေးဇူးပြု၏။

– ဝိပါက်နာမ်သည် ပဉ္စာယတနအား ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ၄ ပါးဖြင့် ကျေးဇူးပြု၏။

– ဝိပါက်မဟုတ်သောနာမ်သည် ပဉ္စာယတနအား ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်း ၄ ပါးဖြင့် ကျေးဇူးပြု၏။

**၂ ရုပ်က ကျေးဇူးပြုပုံ**

(၁) အရူပဘုံ၌ ရုပ်မရှိသဖြင့် ရုပ်က ကျေးဇူးပြုခြင်း မရှိပေ။

(၂) **ပဉ္စဝေါကာရဘုံ၌** – ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်သည် ဆဋ္ဌာယတန (ဝါ) မနာယတနအား သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း ၆ ပါးဖြင့် ကျေးဇူးပြု၏။

– ဘူတရုပ် ၄ ပါးတို့သည် ပဋိသန္ဓေခဏ၌လည်းကောင်း၊ ပဝတ္တိကာလ၌လည်းကောင်း ပဉ္စာယတန ၅ ပါးတို့အား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတပစ္စည်း ၄ ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။

– ဇီဝိတရုပ်သည် ပဉ္စာယတန ၅ ပါးတို့အား ပဋိသန္ဓေခဏ၌လည်းကောင်း ပဝတ္တိကာလ၌ လည်းကောင်း၊ အတ္ထိ, အဝိဂတ, ဣန္ဒြိယဟူသော ပစ္စည်း ၃ ပါးဖြင့် ကျေးဇူးပြု၏။

– အာဟာရရုပ်သည် ပဉ္စာယတန ၅ ပါးတို့အား ပဝတ္တိကာလ၌ အတ္ထိ, အဝိဂတ, ဣန္ဒြိယ ဟူသော ပစ္စည်း ၃ ပါးဖြင့် ကျေးဇူးပြု၏။

– ပဉ္စာယတနခေါ် ပသာဒရုပ် ၅ ပါးသည် ပဉ္စဝိညာဏ်ဖြစ်သော မနာယတနအား ပဝတ္တိကာလ၌ နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း ၆ ပါး ဖြင့် ကျေးဇူးပြု၏။

– ဟဒယဝတ္ထုရုပ်သည် ပဉ္စဝိညာဏ်ကြဉ်သော မနာယတနအား ပဝတ္တိကာလ၌ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ပစ္စည်း ၅ ပါးဖြင့် ကျေးဇူးပြု၏။

## ၃ နာမ်ရုပ်က ကျေးဇူးပြုပုံ

ပဉ္စဝေါကာရဘဝ၌ စေတသိက်နာမ်ခန္ဓာသုံးပါးနှင့် ဝတ္ထုရုပ်ဟူသော နာမ်ရုပ်သည် ၆ ခုမြောက်ဖြစ်သော မနာယတနအား သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း စသည်တို့ဖြင့် ကျေးဇူးပြု၏။

## • ''သဠာယတနပစ္စယာ ဖဿော''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

### ဖဿ, သဠာယတနတို့၏အရကောက်များ

**ဖဿ** – အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿဟူသော ၆ ပါး။

– အကျယ်အားဖြင့် လောကီဝိပါက်စိတ် ၃၂ ပါးတို့နှင့်ယှဉ်သော ဖဿ ၃၂ ပါးဖြစ်၏။

**သဠာယတန** – စက္ခာယတန, သောတယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဟူသော အတွင်းအာယတန ၆ ပါးဟူ၍ အချို့ပညာရှိတို့ ယူကြ၏။ အချို့ပညာရှိတို့ကမူ အဇ္ဈတ္တိကာယတန ၆ ပါးနှင့် ဗာဟိရာယတန ၆ ပါးတို့ကို အလိုရှိကြ၏။ ဗာဟိရာယတန ၆ ပါးမှာ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနဟူသော အာရုံ ၆ ပါးဖြစ်၏။

**အကြောင်းပြချက်** – (က) ပဌမပညာရှိတို့က ''သဠာယတနပစ္စယာ ဖဿော'' = သဠာယတနဟူသော အကြောင်းကြောင့် ထိတွေ့မှု – ဖဿ ဖြစ်သည်'' ဟူသောစကား သည် ဥပါဒိန္နကခေါ် လောကီကံတို့၏ အကျိုးဖြစ်ပုံကို ပြဆိုသောစကားဖြစ်သဖြင့် မိမိ၏ အဇ္ဈတ္တသန္တာန်၌အကျုံးဝင်သော ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ကိုသာ အလိုရှိကြ၏။ ထို့ကြောင့် အဇ္ဈတ္တိ ကာယတန ၆ ပါးကို သဠာယတနအဖြစ် အရကောက်ကြ၏။

(ခ) ဒုတိယဆရာတို့ကမူ ပစ္စုပ္ပန်အကျိုးတရားသည် သန္တာန်တစ်ခု၌ဖြစ်ပေါ်၍ အကြောင်း

ပစ္စည်းကား အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန် ၂ ခုလုံး၌ ဖြစ်ပေါ်သည်ဟု ဆိုကြ၏။ ဖဿကို ဖြစ်စေသော အာယတနအလုံးစုံကိုပြလိုသဖြင့် အဇ္ဈတ္တိကာယတန ၆ ပါးနှင့် ဗာဟိရာယတန ၆ ပါးတို့ကို သဠာယတနအဖြစ် အရကောက်ကြ၏။

(ဂ) ချေဖျက်ထားသော ပါဠိအရ ဖြစ်သင့်သောအာယတနမှာ မနာယတန (ဆဋ္ဌာယတန) ဖြစ်ပါသည်။

## • အလုံးစုံသော အာယတနတို့ကြောင့် ဖဿတစ်ခုတည်းဖြစ်သလော?

ဤကား စောဒနာချက်ဖြစ်၏။ အဖြေကား ''အလုံးစုံသော အာယတနတို့ကြောင့် တစ်ခုသော ဖဿမဖြစ်၊ တစ်ခုသော အာယတနကြောင့်လည်း အလုံးစုံသော ဖဿတို့ မဖြစ်ကြ''ဟူသော စကားသည် မှန်၏။ သို့သော်လည်း များစွာသော အာယတနတို့ကြောင့် တစ်ခုသော ဖဿဖြစ်ပေ၏။ ဖြစ်ပုံကား – စက္ခုသမ္ဖဿသည် စက္ခာယတန, ရူပါယတန, စက္ခုဝိညာဏ်ဟူသော မနာယတနတို့ကြောင့်လည်းကောင်း၊ ဖဿမှကြွင်းသည့် စက္ခုဝိညာဏ်၏သမ္ပယုတ်တရားဟူသော ဓမ္မာယတနကြောင့်လည်းကောင်း ဖြစ်ပေ၏။ ထို့အတူပင် သောတသမ္ဖဿစသည်တို့လည်း ထိုက်သည်အားလျော်စွာ အာယတနများစွာကြောင့် ဖြစ်ကြပေ၏။

ဤသို့ များစွာသော အာယတနတို့ကြောင့် တစ်ပါးသော ဖဿဖြစ်ပုံကို ရည်ညွှန်း၍ အကောင်းအဆိုးအာရုံနှစ်မျိုးကြောင့် ပြောင်းလဲခြင်းမရှိဘဲ ညီတူရှုနိုင်သည့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ''သဠာယတနပစ္စယာ ဖဿော'' ''အာယတနတို့ကြောင့် ဖဿဖြစ်၏'' ဟူ၍ ဧကဝုစ်ပြုစကားဖြင့် ဟောကြားတော်မူ၏။

## • သဠာယတနက ဖဿအား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

(၁) စက္ခာယတနစသော အာယတန ၅ ပါးသည် စက္ခုသမ္ဖဿစသည့် ဖဿ ၅ ပါးတို့အား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၆ ပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။

(၂) ထိုပဉ္စာယတန ၅ ပါးမှနောက်ဖြစ်သော ဝိပါက်မနာယတနသည် မနောသမ္ဖဿအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသည့် ၉ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၃) ဗာဟိရာယတနတို့တွင် ရူပါယတနသည် စက္ခုသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတပစ္စည်း ၄ ပါးတို့၏ အစွမ်းဖြင့် ကျေးဇူးပြု၏။ ထို့အတူ သဒ္ဒါယတန စသည်တို့သည် သောတသမ္ဖဿစသည်တို့အား ပစ္စည်း ၄ ပါးအစွမ်းဖြင့် ကျေးဇူးပြုကြ၏။

(၄) ရူပါယတနစသော အာယတန ၅ ပါးတို့သည် မနောသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတပစ္စည်း ၄ ပါးတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏။

(၅) ဓမ္မာယတနသည် မနောသမ္ဖဿအား အာရမ္မဏပစ္စည်းမျှဖြင့်သာလျှင် ကျေးဇူးပြု၏။

**• ''ဖဿပစ္စယာ ဝေဒနာ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း**

**ဒွါရ၏အစွမ်းဖြင့် ဝေဒနာ ၆ ပါး**

**စက္ခုသမ္ဖဿဇာဝေဒနာ (မြင်တွေ့မှုကြောင့်ဖြစ်သောဝေဒနာ), သောတသမ္ဖဿဇာ ဝေဒနာ, ... မနောသမ္ဖဿဇာဝေဒနာ (ကြံသိတွေ့မှုကြောင့်ဖြစ်သောဝေဒနာ) ဟူ၍ ၆ ပါးတို့တည်း။**

**အကျယ်အားဖြင့် ဝေဒနာ ၃၂ ပါး**

**ဝေဒနာသည် အကျယ်အားဖြင့် စိတ် ၈၉ ပါးနှင့် ယှဉ်သော ဝေဒနာ ၈၉ ပါးရှိ၏။ သို့သော် ''ဖဿပစ္စယာ *ဝေဒနာ*''ဟူသော ပုဒ်၌ လောကီဝိပါက် ၃၂ ပါးနှင့် ယှဉ်ကြသော ဝေဒနာ ၃၂ ပါးကိုသာ ယူအပ်၏ဟု ပညာရှိတို့ဆိုကြ၏။**

**• ဖဿက ဝေဒနာအား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

(၁) ပဉ္စဒွါရ၌ စက္ခုသမ္ဖဿစသော ဖဿတစ်ပါးစီသည် စက္ခုသမ္ဖဿဇာဝေဒနာစသော ဝေဒနာတစ်ပါးစီအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း ၈ ပါးတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏။

(၂) ပဉ္စဒွါရ၌ စက္ခုသမ္ဖဿစသော ဖဿတစ်ပါးစီသည် သမ္ပဋိစ္ဆိုန်း, သန္တီရဏ, တဒါရုံတို့၏ အစွမ်းအားဖြင့်ဖြစ်ကုန်သော ကာမဝိပါက်ဝေဒနာတို့အား ပကတူပနိဿယ ပစ္စည်း၏အစွမ်းဖြင့်သာလျှင် ကျေးဇူးပြု၏။

(၃) မနောဒွါရ၌ သဟဇာတမနောသမ္ဖဿသည် တဒါရုံ၏အစွမ်းအားဖြင့် ဖြစ်ကုန်သော ကာမဝိပါက်ဝေဒနာတို့အား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်း ၈ ပါးတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏။

(၄) မနောဒွါရ၌ သဟဇာတမနောသမ္ဖဿသည် ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၌ ယှဉ်သော ဝိပါက်ဝေဒနာတို့အားလည်း ထို့အတူပင် ပစ္စည်း ၈ ပါးဖြင့် ကျေးဇူးပြု၏။

(၅) မနောဒွါရ၌ မနောဒွါရာဝဇ္ဇန်းနှင့်ယှဉ်သော မနောသမ္ဖဿသည် တဒါရုံနှင့်ယှဉ်သော ဝေဒနာအား ပကတူပနိဿယ ပစ္စည်း ၁ ပါးဖြင့်သာ ကျေးဇူးပြု၏။

**• ''ဝေဒနာ ပစ္စယာ တဏှာ''ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း**

**အာရုံ၏အစွမ်းဖြင့် တဏှာ ၆ ပါး**

**ရူပတဏှာ (အဆင်း၌ ဆာလောင်တပ်မက်မှု)၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ (အတွေ့၌ ဆာလောင်တပ်မက်မှု)၊ ဓမ္မတဏှာ (သဘော၌ ဆာလောင် တပ်မက်မှု) တို့တည်း။**

**ဖြစ်ပုံအခြင်းအရာအားဖြင့် တဏှာ ၃ မျိုးကွဲပြားပုံ**

**အထက်က တဏှာ ၆ ပါးတို့တွင် တစ်ပါးစီသည် ဖြစ်ပုံအခြင်းအရာအားဖြင့် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ ၃ ပါးကွဲပြား၏။**

**(၁) ကာမတဏှာ – မျက်စိ၌ထင်သော ရူပါရုံကို ကာမဂုဏ်၌ သာယာသည့်အစွမ်းဖြင့် သာယာ၍ဖြစ်သော တဏှာသည် 'ကာမတဏှာ'မည်၏။ ရူပါရုံကို တပ်မက်သည့်**

**တဏှာဖြစ်၍ '*ရူပတဏှာ*' ဟုလည်း ခေါ်၏။**

**(၂) ဘဝတဏှာ – ထိုရူပါရုံကိုပင် 'တည်မြဲသည်' ဟု အယူရှိသော သဿတဒိဋ္ဌိနှင့် တကွ သာယာ၍ဖြစ်သောတဏှာသည် '*ဘဝတဏှာ*' မည်၏။**

**(၃) ဝိဘဝတဏှာ – ထိုရူပါရုံကိုပင် 'ပျက်လတ့်' ဟုအယူရှိသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ သာယာ၍ဖြစ်သောတဏှာသည် '*ဝိဘဝတဏှာ*' မည်၏။**

သို့အတွက် 'ရူပတဏှာ'တစ်မျိုးတည်းပင်လျှင် 'ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ' ဟူ၍ ၃–မျိုးဖြစ်လာ၏။ သဒ္ဒတဏှာစသည်တို့၌လည်း ဤနည်းပင်တည်း။ ထို့ကြောင့် တဏှာသည် ၆ x ၃ = ၁၈ ပါးဖြစ်လာ၏။

ထို ၁၈ ပါးသောတဏှာသည် အဇ္ဈတ္တရူပါရုံ စသည်တို့၌ ၁၈ ပါး၊ ဗဟိဒ္ဓရူပါရုံစသည်တို့၌ ၁၈ ပါး၊ ဤသို့အားဖြင့် ၃၆ ပါးဖြစ်လာ၏။ တစ်ဖန် ကာလသုံးပါးနှင့် မြှောက်ပွားလျှင် အတိတ်တဏှာ ၃၆ ပါး, ပစ္စုပ္ပန်တဏှာ ၃၆ ပါး, အနာဂတ်တဏှာ ၃၆ ပါးဟူ၍ ၁၀၈ ပါးသောတဏှာတို့ဖြစ်ကုန်၏။ ဤတဏှာ ၁၀၈ ပါးကို ချုံး၍ဆိုသော် အာရုံအစွမ်းဖြင့် ရူပတဏှာစသည် ၆ ပါး၊ ကာမတဏှာစသည်တို့၏အစွမ်းဖြင့် ၃ ပါးသာလျှင် ဖြစ်ကုန်၏။

- **ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်ပုံ**

မိဘတို့သည် သားသမီးတို့ကို ချစ်ခင်မြတ်နိုးကြသဖြင့် သားသမီးတို့ကို ထိန်းကျောင်းပေးသောနို့ထိန်းကို ပေးကမ်းချီးမြှောက်ကြသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် အဆင်း, အသံစသည်တို့၏အစွမ်းဖြင့် ဖြစ်ပေါ်လာသောဝေဒနာကို သာယာကုန်၍ ဝေဒနာ၌ သာယာမြတ်နိုးခြင်းကြောင့် အဆင်း, အသံစသည့် အာရုံတို့ကို ပေးတတ်ကုန်သော ပန်းချီဆရာ, စောင်းသမား, နံ့သာသည်, စားဖိုသည်, ရက္ကန်းသည်, ရသာယတနဆေးဆရာ စသည်တို့အား ကြီးကျယ်စွာ ပေးကမ်းချီးမြှောက်ကြ၏။ ထို့ကြောင့် ဝေဒနာဟူသော အကြောင်းကြောင့် အလုံးစုံသော တဏှာတို့ဖြစ်သည်ဟု သိအပ်၏။

**မှတ်ချက်** – သတ္တဝါတို့သည် မိဘတို့နှင့်တူ၏၊ ဝေဒနာသည်ကား သားသမီးနှင့်တူ၏။ ပန်းချီဆရာစသည်တို့သည် နို့ထိန်းနှင့်တူ၏။ ရက္ကန်းသည်က နူးညံ့သောအတွေ့ရှိသည့် အဝတ်ကိုပေးတတ်၏၊ ဆေးဆရာသည် ရသာယတန၌ပါဝင်သော ဩဇာ၏စွမ်းအား၊ ထိုဩဇာက ထောက်ပံ့ပေးသည့် အသက်ရုပ်၏စွမ်းအားတို့ဖြင့် ဓမ္မာရုံကို ပေးတတ်၏။

**ဝေဒနာက တဏှာအား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ**

''ဝေဒနာပစ္စယာ တဏှာ'' ဟူသော ပုဒ်၌ ဝိပါက်ဖြစ်သော သုခဝေဒနာတစ်ပါးတည်းကို အလိုရှိအပ်၏။ ထို့ကြောင့် ဤဝေဒနာသည် တဏှာအား ပကတူပနိဿယပစ္စည်း တစ်ပါးဖြင့်သာလျှင် ကျေးဇူးပြု၏။

**တစ်နည်းကား – ဆင်းရဲသောသူသည် ချမ်းသာကို တောင့်တ၏။ ချမ်းသာသော သူသည် တိုး၍ချမ်းသာခြင်းကို တောင့်တ၏၊ အလိုရှိ၏၊** ဥပေက္ခာကိုမူ ငြိမ်သက်သည့်အဖြစ်ကြောင့် ချမ်းသာသုခဟူ၍သာ ဆိုအပ်၏။

**ဆိုလိုရင်းမှာ–ဒုက္ခဝေဒနာသည် ချမ်းသာသုခကိုတောင့်တသောတဏှာကို ဖြစ်စေ၏။**

**သုခဝေဒနာသည် တိုး၍ချမ်းသာခြင်းကို လိုချင်တောင့်တသောတဏှာကိုဖြစ်စေ၏။**

**ဥပေက္ခာသည်လည်း တိုး၍ချမ်းသာခြင်းကို လိုချင်တောင့်တသည့်တဏှာကိုဖြစ်စေ၏။**

**ထို့ကြောင့် ဝေဒနာသုံးပါးလုံးပင် တဏှာကို ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။**

**အနုသယနှင့်ကင်း၍ တဏှာမဖြစ်နိုင်**

**ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်သည်ဆိုရာ၌ တဏှာအနုသယရှိသူ၌သာလျှင် တဏှာဖြစ်ပေါ်၏။ မဂ္ဂဗြဟ္မာစရိယခေါ် အကျင့်မြတ်ကို ကျင့်ပြီး၍ မကောင်းမှုကို အပပြုပြီးသော (ဝါ) အနုသယကင်းသော ရဟန္တာ၌ တဏှာမဖြစ်တော့ချေ။ အရဟတ္တမဂ်သည် တဏှာကို ဆန့်ကျင်တွန်းလှန်၍ ပယ်သတ်၏။**

- **တဏှာပစ္စယာ ဥပါဒါန်ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း**

**''တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်'' ဖြစ်၏ဟူရာ၌ ဥပါဒါန်သည် ပြင်းပြ မြဲမြဲစွာစွဲလမ်းတတ်သောသဘောဖြစ်၏၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူ၍ ဥပါဒါန် ၄ ပါးရှိ၏။**

**ဥပါဒါန် ၄ ပါးတို့၏အနက်အဓိပ္ပါယ်**

**ကာမုပါဒါန် – လိုချင်စဖွယ် အာရုံငါးပါးကို ကာမဂုဏ်ဟုခေါ်၏။ ဝတ္ထုကာမဟုလည်း ခေါ်၏၊**

ထိုကာမဂုဏ်ဟူသော ဝတ္ထုကာမကို မြဲမြံစွာစွဲလမ်းတတ်သော သဘောကို '**ကာမုပါဒါန်**' ဟုခေါ်၏။

တစ်နည်းကား နှစ်သက်လိုချင်တတ်သောကြောင့် ကာမမည်၏။ ထိုကာမသည် မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် ဥပါဒါန်လည်းမည်၏။ ဤ ၂ ပါးသောအကြောင်းကြောင့်လည်း '**ကာမုပါဒါန်**'မည်၏။

**ဒိဋ္ဌုပါဒါန်** – မှားယွင်းစွာမြင်သောကြောင့် ဒိဋ္ဌိမည်၏။ ထိုဒိဋ္ဌိသည် မြဲမြံစွာစွဲလမ်းတတ်သောကြောင့် ဥပါဒါန်လည်းမည်၏။ ဤ ၂ ပါးသောအကြောင်းကြောင့် '**ဒိဋ္ဌုပါဒါန်**' မည်ပေ၏။ တစ်နည်းကား မှားယွင်းသော အယူကို မြဲမြံစွာစွဲလမ်းတတ်သောကြောင့် '**ဒိဋ္ဌုပါဒါန်**' မည်၏။

**သီလဗ္ဗတုပါဒါန်** – ''နွား၏အလေ့, နွား၏အကျင့်စသည်ကို ကျင့်ခြင်းသည် သံသရာမှ စင်ကြယ်ခြင်းဖြစ်၏'' ဟူ၍ မှားယွင်းသော အလေ့အကျင့်ကို မြဲမြံစွာစွဲလမ်းတတ်သောကြောင့် '**သီလဗ္ဗတုပါဒါန်**' မည်၏။

တစ်နည်းကား ''နွားတို့၏အလေ့, နွားတို့၏အကျင့်စသည်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက်၏'' ဟူသော မှားယွင်းသည့် အလေ့အကျင့်သည် သီလဗ္ဗတမည်၏။ မြဲမြံစွာ စွဲလမ်းတတ်သောသဘောသည် ဥပါဒါန်မည်၏။ ဤ ၂ ပါးသောအကြောင်းကြောင့် '**သီလဗ္ဗတုပါဒါန်**' မည်၏။

**အတ္တဝါဒုပါဒါန်** – 'အတ္တကောင်ရှိ၏' 'ငါရှိ၏' စသည်ဖြင့် ပြောဆိုကြောင်းဖြစ်သော စကားသည် 'ဝါဒ'မည်၏။ မြဲမြံစွာစွဲလမ်းတတ်သောကြောင့် 'ဥပါဒါန်'မည်၏။ 'အတ္တ

ကောင်ရှိ၏' 'ငါရှိ၏' ဟုပြောဆိုကြောင်းဖြစ်သောဝါဒကို မြဲမြံစွာစွဲလမ်းတတ်သော ကြောင့် '**အတ္တဝါဒုပါဒါန်**'မည်၏။

တစ်နည်းကား အတ္တဟုဆိုသော ဝါဒမျှသည်ပင် 'အတ္တ'ဟု 'ငါ'ဟု မြဲမြံစွာ စွဲလမ်းကြောင်း ဖြစ်သောကြောင့် '**အတ္တဝါဒုပါဒါန်**' မည်၏။

## ဥပါဒါန်တရားတို့၏ အကျဉ်းအကျယ်ကိုပြဆိုခြင်း

''ထိုဥပါဒါန်လေးပါးတွင်ကာမုပါဒါန်ဟူသည် အဘယ်နည်း? ကာမဂုဏ်တို့၌ အကြင်သို့သော ကာမစ္ဆန္ဒသည်, ကာမရာဂသည်, ကာမနန္ဒီသည်, ကာမတဏှာသည်, ကာမအစေးသည်, ကာမအပူသည်, ကာမဟူသောတွေဝေခြင်းသည်, ကာမဟူသောမျိုသိပ်ခြင်းသည်ရှိ၏။ ဤသဘောကို ကာမုပါဒါန်ဟု ဆိုအပ်၏'' ဟူ၍ အဘိဓမ္မာပါဠိတော်၌လာခြင်းကြောင့် **ကာမုပါဒါန်ဟူသည်မှာ အကျဉ်းအားဖြင့် 'တဏှာ၏မြဲမြံသည့်အဖြစ်'** (ဝါ) **'တဏှာ၏မြဲမြံခြင်းသဘော'** (*တဏှာဒဠှတ္တ*)ဟု ဆိုအပ်၏။

ကာမုပါဒါန်၏တရားကိုယ်မှာ လောဘမူစိတ် ၈ ပါး၌ရှိသော လောဘစေတသိက်ဖြစ်၏။

'တဏှာ၏မြဲမြံသည့်အဖြစ်' ဟူသည်ကား ရှေးရှေးသောတဏှာတို့၏အားကြီးသော ဥပနိဿယပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုမှုကြောင့် မြဲမြံစွာဖြစ်သည့် နောက်နောက်တဏှာ တို့တည်း။

**တဏှာနှင့်ဥပါဒါန်တို့၏ကွာခြားချက်ကား – ''မရောက်သေး, မရသေးသောအာရုံကို တောင့်တခြင်းသည် တဏှာမည်၏။ ဥပမာ အမှောင်ထဲ၌ ခိုးသူ၏ခိုးယူရန် လက်ကိုဆန့် တန်းခြင်းနှင့်တူ၏။ ရောက်အပ်, ရအပ်ပြီးသော အာရုံကို ဆုပ်ကိုင်ခြင်း, စွဲလမ်း ခြင်းသည် ဥပါဒါန်မည်၏။ ဥပမာ ထိုခိုးသူ၏ဥစ္စာကိုယူခြင်း, ရရှိခြင်းနှင့်တူ၏။**

တစ်ဖန် **တဏှာသည် အလိုနည်းခြင်း၏ဆန့်ကျင်ဘက်တည်း၊ ဥပါဒါန်သည် ရောင့်ရဲလွယ်ခြင်း၏ ဆန့်ကျင်ဘက်တည်း၊** ထို့အပြင် **တဏှာသည် ပစ္စည်းဥစ္စာရှာမှီး ခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်းရင်းဖြစ်၏။ ဥပါဒါန်သည် ရရှိလာသော ပစ္စည်းဥစ္စာတို့ကိုစောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်းရင်းဖြစ်၏။**

**ကြွင်းသောဥပါဒါန်သုံးပါးတို့သည် အကျဉ်းအားဖြင့် ဒိဋ္ဌိမျှသာတည်း၊** တရားကိုယ်မှာ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့် ယှဉ်သော ဒိဋ္ဌိစေတသိက်ဖြစ်၏။

- **ဥပါဒါန် ၄ ပါးကို အကျယ်ဟောခြင်း**

### ကာမုပါဒါန်အကျယ်

အာရုံ၏အစွမ်းစသည်ဖြင့် တဏှာကို အကျယ်ပြဆိုခဲ့ရာတွင် တဏှာ ၁၀၈ ပါးရှိကြောင်း တွေ့မြင်ခဲ့ရ၏။ ဤတဏှာ ၁၀၈ ပါးတို့ဖြင့် မြဲမြံသည့်အဖြစ် (ဝါ) မြဲမြံစွာစွဲလမ်းသည့်သဘော သည် '**ကာမုပါဒါန်**' မည်၏ဟု အကျယ်ပြဆို၏။

**ဒိဋ္ဌုပါဒါန်အကျယ် –** ၁၀ ပါးသောအကြောင်းဝတ္ထုရှိသည့် မိစ္ဆာဒိဋ္ဌိ (ဝါ) ဒသဝတ္ထုက မိစ္ဆာဒိဋ္ဌိတို့၏ မြဲမြံစွာစွဲလမ်းသည့်သဘောသည် '**ဒိဋ္ဌုပါဒါန်**'မည်၏။

• **ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ ၁၀ ပါးကား –**

(၁) *နတ္ထိဒိန္နံ* – ပေးလှူခြင်းသည် အကျိုးမရှိဟု အယူမှားခြင်း။

(၂) *နတ္ထိယိဋ္ဌံ* – ယဇ်ပူဇော်ခြင်း (ဝါ) အကြီးအကျယ်ပေးလှူခြင်းသည် အကျိုးမရှိ။

(၃) *နတ္ထိဟုတံ* – ဟုန်းပူဇော်ခြင်း (ဝါ) အနည်းငယ်ပေးလှူခြင်းသည် အကျိုးမရှိ။

(၄) *နတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော* – ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိ၊

(၅) *နတ္ထိအယံလောကော* – ဤမျက်မှောက်လောကသည် မရှိ၊

(၆) *နတ္ထိပရောလောကော* – မျက်ကွယ်လောက (ဝါ) တမလွန်လောကသည် မရှိ၊

(၇) *နတ္ထိမာတာ* – မိခင်ကိုပြုစုခြင်း, ပြစ်မှားခြင်းတို့၏အကျိုး, အပြစ်သည်မရှိ၊

(၈) *နတ္ထိပိတာ* – ဖခင်ကိုပြုစုခြင်း, ပြစ်မှားခြင်းတို့၏အကျိုး, အပြစ်သည်မရှိ၊

(၉) *နတ္ထိသတ္တာဩပပါတိကာ* – ဘွားခနဲ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိက သတ္တဝါတို့သည် မရှိ၊

(၁၀) *နတ္ထိလောကေ သမဏဗြာဟ္မဏာ* – မျက်မှောက်လောကနှင့် မျက်ကွယ်တမလွန်လောကတို့ကို ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု၍ ဟောကြားနိုင်သည့် ရဟန်းသူမြတ်တို့သည် မရှိကြဟု မှားယွင်းစွာ ယူဆခြင်းတို့ဖြစ်သည်။

**သီလဗ္ဗတုပါဒါန် အကျယ်**

နွားတို့၏အလေ့, နွားတို့၏အကျင့် စသည့် အလေ့အကျင့်တို့ကို ကျင့်ခြင်းသည် ကိလေသာတို့မှ စင်ကြယ်၏၊ သံသရာဝဋ်ဆင်းရဲမှုလည်း လွတ်မြောက်၏ဟု မှားယွင်းစွာရှုမြင်သုံးသပ်ခြင်းသည် '**သီလဗ္ဗတုပါဒါန်**' မည်၏။ မြတ်စွာဘုရားဟောကြားတော်မူပုံကား–

''သီလ–အလေ့ဖြင့်စင်ကြယ်၏၊ ဝတ – အကျင့်ဖြင့် စင်ကြယ်၏၊ သီလဗ္ဗတ – အလေ့အကျင့်ဖြင့် စင်ကြယ်၏ဟူ၍ ဤသို့သဘောရှိသော အကြင်အယူသည်။ ပ ။ ဖောက်ပြန်မှားယွင်းစွာယူခြင်းသည်ရှိ၏။ ဤသဘောကို သီလဗ္ဗတုပါဒါန်ဟု ဆိုအပ်၏'' ဟူ၍ပင်တည်း။

**အတ္တဝါဒုပါဒါန်အကျယ်**

အကြောင်းဝတ္ထု ၂၀ ရှိသော သက္ကာယဒိဋ္ဌိသည် 'အတ္တဝါဒုပါဒါန်' မည်၏။

မြတ်စွာဘုရားဟောကြားတော်မူသည်ကား – ''ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည်။ ပ ။ သူတော်ကောင်းတို့၏တရား၌ မဆုံးမအပ်သေးသည်ဖြစ်၍–

**ရူပက္ခန္ဓာ၌** (၁) ရုပ်ကို အတ္တဟုရှု၏။ (၂) အတ္တမှာ ရုပ်ရှိသည်ဟု ရှု၏။

(၃) အတ္တ၌ ရုပ်တည်သည်ဟုရှု၏၊ (၄) ရုပ်၌ အတ္တတည်သည်ဟု ရှု၏။

**ဝေဒနာက္ခန္ဓာ၌** (၁) ဝေဒနာကို အတ္တဟုရှု၏။ (၂) အတ္တမှာ ဝေဒနာရှိသည်ဟု ရှု၏။

(၃) အတ္တ၌ ဝေဒနာတည်သည်ဟုရှု၏၊ (၄) ဝေဒနာ၌ အတ္တတည်သည်ဟု ရှု၏။

– ထို့အတူပင် သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄ ပါး၊ သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄ ပါး၊ ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၄ ပါးတို့ကို ဆက်လက်မှတ်သားပါ။ ဤသို့ဖောက်ပြန်မှားယွင်းသောအယူကို မြဲမြံစွာ စွဲလမ်းသည့်သဘောကို အတ္တဝါဒုပါဒါန်ဟုဆိုအပ်၏။

**• ဥပါဒါန် ၄ ပါးတို့၏ဖြစ်စဉ်**

**အစမထင်သော သံသရာ၌ ''ဤဥပါဒါန်သည် ရှေးဦးစွာဖြစ်၏'' ဟု ဆိုနိုင်ဖွယ်ရာ မရှိခြင်းကြောင့် ဥပါဒါန်တို့၏ဖြစ်စဉ်ကို မုချအားဖြင့် မဆိုအပ်ပေ။ ပရိယာယ်အားဖြင့် မူကား အများအားဖြင့် တစ်ခုသောဘဝ၌ 'အတ္တ'ဟု, 'ငါ'ဟု စွဲလမ်းခြင်းလျှင် ရှေ့သွားရှိသောကြောင့် အတ္တဝါဒုပါဒါန်သည် ရှေးဦးစွာဖြစ်၏ဟု ဆိုနိုင်၏။**

**ထို့နောက် ''အတ္တသည် တည်မြဲ၏'' ဟု မြဲမြဲစွာ စွဲယူသော သဿတဒိဋ္ဌိသည်လည်းကောင်း၊ ''အတ္တသည်ပြတ်စဲ၏''ဟု မြဲမြံစွာနှလုံးသွင်းသော ဥစ္ဆေဒဒိဋ္ဌိသည်လည်းကောင်း၊ ဤသို့မှားယွင်းသောအယူကို ပြင်းစွာစွဲလမ်းသည့် ဒိဋ္ဌုပါဒါန်သည် ဖြစ်ပေါ်၏။**

**ထို့နောက် ''အတ္တသည် တည်မြဲ၏ '' ဟုစွဲယူသော သဿတဒိဋ္ဌိအမြင်ရှိသူတို့သည် ''နွားအလေ့, နွားအကျင့်တို့ကို ကျင့်ကြံအားထုတ်လျှင် အတ္တသည် စင်ကြယ်၏၊ သံသရာဝဋ် ဆင်းရဲမှလည်း လွတ်မြောက်၏''ဟု ချမ်းသာခြင်းအကျိုးငှာ သီလဗ္ဗတုပါဒါန်သည် ဖြစ်ပေါ်၏။**

**''ဤအတ္တသည် ပြတ်စဲ၏'' ဟု စွဲယူသော ဥစ္ဆေဒဒိဋ္ဌိအမြင်ရှိသူတို့သည် တမလွန်လောကတို့ကို ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍ လိုချင်စဖွယ် ကာမဂုဏ်အာရုံတို့ကို ပြင်းပြမြဲမြံစွာ လိုချင်တပ်မက်သော ကာမုပါဒါန်သည် ဖြစ်ပေါ်၏။**

**ဤသည်ကား တစ်ခုသောဘဝ၌ ဥပါဒါန် ၄ ပါးတို့၏ဖြစ်စဉ်ပေတည်း။**

**• ဥပါဒါန် ၄ ပါးကို ပယ်စဉ်**

**ဥပါဒါန် ၄ ပါးတွင် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ကို ရှေးဦးစွာ ပယ်အပ်၏။ အကြောင်းမှာ ဤတရားတို့သည် သောတာပတ္တိမဂ်က ပယ်အပ်သော တရားများဖြစ်သောကြောင့်တည်း။**

**ကာမုပါဒါန်ကိုမူ နောက်မှပယ်အပ်၏။ အကြောင်းကား ကာမုပါဒါန်သည် အရဟတ္တမဂ်က ပယ်သတ်အပ်သောတရားဖြစ်သောကြောင့်ပေတည်း။ ဤသည်ကား ဥပါဒါန် ၄ ပါးတို့၏ ပယ်စဉ်ပေတည်း။**

**• ဥပါဒါန် ၄ ပါးကိုဟောစဉ်**

ဥပါဒါန် ၄ ပါးတွင် ကာမုပါဒါန်သည် ဖြစ်ရာနယ်ပယ်ကျယ်ဝန်းသောကြောင့်လည်းကောင်း၊ ထင်ရှားပေါ်လွင်သောကြောင့်လည်းကောင်း၊ ကာမုပါဒါန်ကို ရှေးဦးစွာ ဟောတော်မူအပ်၏။ နယ်ပယ်ကျယ်ဝန်းပုံကား ကာမုပါဒါန်သည် တရားကိုယ်မှာ လောဘဖြစ်သဖြင့် လောလမူစိတ် ၈ ပါးနှင့်ယှဉ်၏။ ထို့ကြောင့် ဖြစ်ရာနယ်ပယ်ကျယ်ဝန်း၏။ ကျန်ဥပါဒါန်သုံးပါးတို့၏တရားကိုယ်မှာ ဒိဋ္ဌိဖြစ်သဖြင့် ဖြစ်ရာနယ်ပယ် ကျဉ်းမြောင်း၏။

ထင်ရှားပေါ်လွင်ပုံကား **သတ္တဝါတို့သည် အများအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးဟူသော နှစ်သက်တွယ်တာစရာအာရုံတို့၌ မွေ့လျော်ပျော်ပိုက်တတ်သောကြောင့် ကာမုပါဒါန်သည် ထင်ရှားပေါ်လွင်၏။** ကျန်ဥပါဒါန်သုံးပါးတို့သည် ကာမုပါဒါန်ကဲ့သို့ မထင်ရှားကုန်။ ထို့

ကြောင့် ကာမုပါဒါန်ကို ရှေးဦးစွာ ဟောကြားတော်မူ၏။

ကာမုပါဒါန်ရှိသောပုဂ္ဂိုလ်သည် ကာမဂုဏ်တို့ကိုရခြင်းအကျိုးငှာ ကောတူဟလမင်္ဂလာ စသည်ကို လေ့လာလိုက်စားမှုများ၏။ ''ဆင်းရဲခြင်း, ချမ်းသာခြင်းတို့သည် ကံကြောင့်ဖြစ်၏'' ဟု မယူဘဲ အသစ်အဆန်းကို မြင်တွေ့ခြင်း–ဒိဋ္ဌမင်္ဂလာစသည်၌ လေ့လာလိုက်စားမှုများ သည်ဟုဆိုလို၏။ ထို့ကြောင့် ထိုသူ၏ကောတူဟလမင်္ဂလာစသည်၌ လေ့လာလိုက်စားခြင်း သည် မှားသောအယူပေတည်း။ သို့အတွက် ကာမုပါဒါန်၏နောက်၌ ဒိဋ္ဌုပါဒါန်ကို ဟောကြား ခြင်းဖြစ်ပေ၏။

ထိုဒိဋ္ဌုပါဒါန်သည် ကွဲပြားသည်ရှိသော် သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ အစွမ်းအား ဖြင့် ၂ ပါးအပြားရှိ၏။ ထို ၂ ပါးတွင် နွား၏အမူအရာ, ခွေး၏အမူအရာတို့သည် မြင် ရုံမျှဖြင့် သိလွယ်သောကြောင့် ရုန့်ရင်းပေါ်လွင်၏။ သို့အတွက် သီလဗ္ဗတုပါဒါန်ကို ရှေ့ထား၍ ဟောကြားတော်မူ၏။

အတ္တဝါဒုပါဒါန်သည် သိမ်မွေ့၏၊ သိရန်ခက်ခဲ၏။ ထို့ကြောင့် အတ္တဝါဒုပါဒါန်ကို အဆုံး ၌ ဟောကြားတော်မူ၏။ ဤသည်ကား ဥပါဒါန် ၄ ပါးတို့၏ ဟောစဉ်ပင်တည်း။

## • တဏှာက ဥပါဒါန်အား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

(၁) ကာမတဏှာသည် ကာမုပါဒါန်အား ပကတူပနိဿယပစ္စည်းတစ်ပါး၏အစွမ်းဖြင့် ကျေးဇူးပြု၏။ အကြောင်းကား တဏှာဖြင့် ပြင်းပြစွာနှစ်သက်အပ်ကုန်သော အာရုံ တို့၌ ကာမုပါဒါန်ဖြစ်ခြင်းကြောင့်တည်း။

(၂) တဏှာသည် ကြွင်းသည့်ဥပါဒါန် (ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်) တို့အား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတု ဟူသော ပစ္စည်း ၇ ပါးတို့၏ အစွမ်းအားဖြင့်သော်လည်းကောင်း၊ ဥပနိဿယပစ္စည်းနှင့် တကွ ပစ္စည်း ၈ ပါးတို့၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ ကျေးဇူးပြု၏။

## • ''ဥပါဒါနပစ္စယာ ဘဝေါ'' ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

### ဘဝ၏အနက်အဓိပ္ပါယ်

**ဖြစ်တတ်သော သဘောတရားသည် ဘဝမည်၏။ ထိုဘဝသည် ကမ္မဘဝ, ဥပပတ္တိ ဘဝ ဟူ၍ ၂ ပါးအပြားရှိ၏။** ထိုတွင် –

(၁) ကံသည်ပင်လျှင် ဘဝမည်၏၊ ထို့ကြောင့် ကမ္မဘဝမည်၏။

(၂) ကပ်၍ဖြစ်ခြင်း (ဥပပတ္တိ) သည်ပင်လျှင် ဘဝမည်၏။ ထို့ကြောင့် ဥပပတ္တိဘဝမည်၏။

**ရှင်းဦးအံ့၊** ကမ္မ = ကံကြောင့် ဘဝဖြစ်ပေါ်သဖြင့် ကံသည်ပင်လျှင် ဘဝမည်၏။ တစ်ဖန် အကျိုးဖြစ်သော 'ဘဝ'ဟူသည့်အမည်ကို အကြောင်းဖြစ်သော 'ကမ္မ'၌တင်စား၍ ဖလူ ပစာရနည်းဖြင့် 'ကမ္မဘဝ' ဟုခေါ်ဆို၏။

''သုခေါဗုဒ္ဓါနံ ဥပ္ပါဒေါ'' = ''ဘုရားရှင်တို့၏ပွင့်ထွန်းတော်မူခြင်းသည် ချမ်းသာ၏'' ဟူသောစကားရပ်၌ 'ဘုရားရှင်တို့၏ပွင့်ထွန်းတော်မူခြင်း'သည် အကြောင်းဖြစ်၍ 'ချမ်းသာ ခြင်း'သည် အကျိုးဖြစ်၏။ အကျိုးဖြစ်သော 'ချမ်းသာခြင်း' ဟူသောအမည်ကို အကြောင်း

ဖြစ်သည့် 'ဘုရားရှင်တို့၏ပွင့်ထွန်းတော်မူခြင်း'၌ တင်စား၍ ဖလူပစာရနည်းဖြင့် ''ဘုရားရှင်တို့၏ပွင့်ထွန်းတော်မူခြင်းသည် ချမ်းသာ၏''ဟု ဟောကြားတော်မူသကဲ့သို့တည်း။

**ထို့ကြောင့် 'ကမ္မဘဝ'သည် ကံတရားဖြစ်ပြီးလျှင် ထိုကံကြောင့်ဖြစ်လာသော အကျိုးတရားကို 'ဥပပတ္တိဘဝ' (ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်) ဟုခေါ်၏။**

- **ဘဝ၏သဘောတရား**

**(၁) ကမ္မဘဝဟူသည်မှာ** အကျဉ်းအားဖြင့် စေတနာသည်လည်းကောင်း၊ စေတနာနှင့် ယှဉ်ကုန်သော အဘိဇ္ဈာစသည့် ကံဟုဆိုအပ်သောတရားတို့သည်လည်းကောင်း၊ ကမ္မဘဝမည်၏။

**မြတ်စွာဘုရားဟောတော်မူသည်မှာ – ''ထိုနှစ်ပါးသောဘဝတို့တွင် ကမ္မဘဝဟူသည် အဘယ်နည်း? ပရိတ္တာဘူမက – ကာမဘုံ၌လည်း အကျိုးဝင်သော မဟာဘူမက – မဟဂ္ဂုတ်ဘုံ၌လည်း အကျိုးဝင်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္စာဘိသင်္ခါရတို့ကို ကမ္မဘဝဟူ၍ ခေါ်ဆိုအပ်၏။ အလုံးစုံလည်းဖြစ်သော ဘဝသို့ရောက်စေတတ်သည့်ကံ (ဘဝဂါမိကံ) တို့ကို ကမ္မဘဝဟူ၍ဆိုအပ်၏။''** ဤဟောကြားချက်နှင့်အညီ–

**ပရိတ္တာဘူမကကံ** – ကာမာဝစရကုသိုလ်စေတနာ ၈ ပါး (ကာမပုညာဘိသင်္ခါရ)၊ အကုသိုလ်စေတနာ ၁၂ ပါး (အပုညာဘိသင်္ခါရ) ဟူသော စေတနာ ၂၀ ပါးသည် ကာမဘုံ၌ အကျိုးဝင်သောကံများဖြစ်ကြသဖြင့် '**ပရိတ္တာဘူမကကံ**' မည်၏။

**မဟာဘူမကကံ** – ရူပါဝစရကုသိုလ်စေတနာ ၅ ပါး (ရူပပုညာဘိသင်္ခါရ)နှင့် အရူပါဝစရကုသိုလ်စေတနာ ၄ ပါး (အာနေဥ္စာဘိသင်္ခါရ) ဟူသော စေတနာ ၉ ပါးသည် မဟဂ္ဂုတ်ဘုံ၌ အကျိုးဝင်သောကံများဖြစ်ကြသဖြင့် '**မဟာဘူမကကံ**' မည်၏။

**ဘဝဂါမိကံ** – အလုံးစုံသောကုသိုလ်စေတနာ, အကုသိုလ်စေတနာတို့နှင့်ယှဉ်သော အဘိဇ္ဈာစသော တရားတို့သည် ထိုထိုဘဝအားလုံးသို့ ရောက်စေတတ်, သွားစေတတ်သည့် ဝဋ္ဋနိဿိတကံများဖြစ်ကြသဖြင့် '**ဘဝဂါမိကံ**' မည်၏။

အထက်ပါ ပရိတ္တာဘူမကကံ, မဟာဘူမကကံ, ဘဝဂါမိကံအပေါင်းသည် ကမ္မဘဝဖြစ်သည်ဟု ဟောတော်မူလိုရင်းဖြစ်၏။

**ကမ္မဘဝသည် သင်္ခါရနှင့်သဘောတူ၏။ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္စာဘိသင်္ခါရတို့ပင်တည်း။ တရားကိုယ်မှာ အကုသိုလ်စိတ် ၁၂ ပါး၊ လောကီကုသိုလ်စိတ် ၁၇ ပါးတို့နှင့်ယှဉ်ကြသော စေတနာ ၂၉ ပါးဖြစ်၏။**

**(၂) ဥပပတ္တိဘဝဟူသည်မှာ** အကျဉ်းအားဖြင့် ကမ္မဘဝဟူသည့် လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉ ပါးကြောင့်ဖြစ်ကုန်သော လောကီဝိပါက်စိတ် ၃၂ ပါးနှင့် ယှဉ်ဖက်စေတသိက် ၃၅ ပါးဟူသည့် ဝိပါက်နာမက္ခန္ဓာ ၄ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးတို့ဖြစ်ပါသည်။ အကျယ်အားဖြင့်မူ ဘဝကြီး ၉ ပါးဖြစ်၏။

- **ဘဝကြီး ၉ ပါးတို့မှာ –**

၁ *ကာမဘဝ* – ကာမဝိပါက်စိတ် ၂၃ ပါး၊ ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက်

၃၃ ပါး၊ ကမ္မဇရုပ် ၂၀ ပါး။

၂ *ရူပဘဝ* – ရူပဝိပါက်စိတ် ၅ ပါး၊ စက္ခုဝိညာဏ် ၂ ပါး၊ သောတဝိညာဏ် ၂ ပါး၊ သမ္ပဋိစ္ဆိုန်း ၂ ပါး၊ သန္တီရဏ ၃ ပါး၊ ဝိရတိကြဉ်သော စေတသိက် ၃၅ ပါး၊ (ဘာဝရုပ် ၂ ပါး, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒကြဉ်သော) ကမ္မဇရုပ် ၁၅ ပါး။

၃ *အရူပဘဝ* – အရူပဝိပါက်စိတ် ၄ ပါး၊ စေတသိက် ၃၀ ပါး။

၄ *သညာဘဝ* – နေဝသညာနာသညာယတနဝိပါက်ကြဉ်သော လောကီဝိပါက်စိတ် ၃၁ ပါး၊ စေတသိက် ၃၅ ပါး၊ ကမ္မဇရုပ် ၂၀ ပါး။

၅ *အသညာဘဝ* – ဇီဝိတနဝကကလာပ်ရုပ် ၉ ပါး။

၆ *နေဝသညာနာသညာဘဝ* – နေဝသညာ နာသညာယတန ဝိပါက်စိတ် ၁ ပါး၊ စေတသိက် ၃၀ ပါး။

၇ *ဧကဝေါကာရဘဝ* – ဇီဝိတနဝကကလာပ်ရုပ် ၉ ပါး။

၈ *စတုဝေါကာရဘဝ* – အရူပဝိပါက်စိတ် ၄ ပါး၊ စေတသိက် ၃၀ ပါး။

၉ *ပဉ္စဝေါကာရဘဝ* – ကာမဝိပါက်စိတ် ၂၃ ပါး၊ ရူပဝိပါက်စိတ် ၅ ပါး၊ စေတိသိက် ၃၅ ပါး၊ ကမ္မဇရုပ် ၂၀ ပါး။

**• 'သင်္ခါရ'ကို ဟောပြီးဖြစ်ပါလျက် 'ဘဝ'ကို ထပ်မံဟောခြင်း၏အကျိုး**

**ရှေ့သင်္ခါရနိဒ္ဒေသ – သင်္ခါရကိုအကျယ်ပြရာ၌ ပုညာဘိသင်္ခါရစသည်တို့ကို ဟောခဲ့ပြီးဖြစ်ပါလျက် ယခုဘဝနိဒ္ဒေသ – ဘဝကိုအကျယ်ပြရာ၌ ပုညာဘိသင်္ခါရစသည်တို့ကို တစ်ဖန်ထပ်၍ ဟောခြင်းသည် အကျိုးရှိပေ၏။ အကျိုးရှိပုံကား –**

**ရှေးဖြစ်သောသင်္ခါရတို့ကို ဤပစ္စုပ္ပန်ဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သောကြောင့် အတိတ်ကံ၏ အစွမ်းအားဖြင့် ဟောကြားတော်မူ၏။ ဤကမ္မဘဝဟူသည့် နောက်သင်္ခါရတို့ကိုမူ နောင်အနာဂတ်ဘဝ – ပဋိသန္ဓေ၏အကြောင်းဖြစ်သောကြောင့် ပစ္စုပ္ပန်ကံ၏အစွမ်းအားဖြင့် ဟောကြားတော်မူ၏။ ထို့ကြောင့် သင်္ခါရတို့ကို ဟောခဲ့ပြီးဖြစ်ပါလျက် ဘဝကိုတစ်ဖန်ထပ်၍ ဟောခြင်းသည် အကျိုးရှိသည်သာတည်း။**

**တစ်နည်းကား ရှေးသင်္ခါရတို့ကို အကျယ်ပြရာ၌ စေတနာတို့ကိုသာလျှင် သင်္ခါရအဖြစ် ဟောကြားခဲ့၏။ ဤဘဝကို အကျယ်ပြရာ၌ကား ''အလုံးစုံလည်းဖြစ်သော ဘဝကို ဖြစ်တတ်သည့်ကံကို ကမ္မဘဝဟုဆိုအပ်၏''ဟု ဟောတော်မူခြင်းကြောင့် စေတနာနှင့် ယှဉ်သော တရားတို့ကိုလည်း ကမ္မဘဝဟုဟောတော်မူ၏။**

**ဤမျှသာမကသေး၊ ရှေးသင်္ခါရတို့ကို အကျယ်ပြရာ၌ ဝိညာဏ်၏အကြောင်းသာလျှင် ဖြစ်သောကံကို သင်္ခါရဟု ဟောခဲ့၏။ ဘဝကိုအကျယ်ပြရာ၌မူ အသညာဘဝကို ဖြစ်စေတတ်သည့်ကံကိုလည်း ဟောတော်မူ၏။**

**ထို့အပြင် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' ပုဒ်၌ပုညာဘိသင်္ခါရစသည်သာလျှင် ဖြစ်ကုန်သော ကုသိုလ်, အကုသိုလ်တရားတို့ကို ဟောကြားခဲ့၏။ 'ဥပါဒါနပစ္စယာ ဘဝေါ' ပုဒ်၌မူ ဥပပတ္တိဘဝကိုလည်း သိမ်းယူသောကြောင့် အဗျာကတတရားတို့ကိုပါ ဟောကြားတော်မူ၏။ ထို့ကြောင့် တစ်ဖန်ထပ်၍ ဟောကြားတော်မူခြင်းသည် ခပ်သိမ်း**

**သောအပြားအားဖြင့်လည်း အကျိုးရှိသည်သာတည်း။**

- **ဥပါဒါန်ကြောင့်ဖြစ်သော ဘဝတို့ကို ဝေဖန်သောနည်းဖြင့် ရေတွက်ပုံ**

၁ (က) ကာမုပါဒါန်ဟူသောအကြောင်းကြောင့် ကာမဘဝသို့ လားစေတတ်သော ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံတို့ကို ပြုလုပ်လျှင် ထိုကံသည် ကမ္မဘဝမည်၏။ ထိုကမ္မဘဝကြောင့်ဖြစ်ကုန်သော (ဝိပါက်နှင့် ကမ္မဇရုပ်) ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝ, ပဉ္စဝေါကာရဘဝတို့သည် ထိုကာမဘဝ ၂ ပါး၌ အတွင်းဝင်ကြ၏။ သို့အတွက် ကာမုပါဒါန်ကြောင့် ကာမကမ္မဘဝ, ကာမဥပပတ္တိဘဝဟူသော ကာမဘဝ ၂ ပါးနှင့် ၎င်းတို့၌ အတွင်းဝင်သောဘဝများဖြစ်ကြ၏။

၁ (ခ) ကာမုပါဒါန်ကြောင့် ရူပဘဝသို့လားစေတတ်သော ရူပါဝစရကုသိုလ်ကံကိုပြုလုပ်လျှင် ထိုကံသည် ကမ္မဘဝမည်၏။ ထိုကမ္မဘဝကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝ, အသညာဘဝ, ဧကဝေါကာရဘဝ, ပဉ္စဝေါကာရဘဝတို့သည် ထိုရူပဘဝ ၂ ပါး၌ အတွင်းဝင်ကြ၏။ သို့အတွက် ကာမုပါဒါန်ကြောင့် ရူပကမ္မဘဝ, ရူပဥပပတ္တိဟူသော ရူပဘဝ ၂ ပါးနှင့် ၎င်းတို့၌အတွင်းဝင်သော ဘဝများဖြစ်ကြ၏။

၁ (ဂ) ထို့အတူ ကာမုပါဒါန်ကြောင့် အရူပဘဝသို့လားစေတတ်သော အရူပါဝစရကုသိုလ်ကံကိုပြုလုပ်လျှင် အရူပကမ္မဘဝ, အရူပဥပပတ္တိဘဝဟူသော အရူပဘဝ ၂ ပါးနှင့် ၎င်းတို့၌ အတွင်းဝင်သော သညာဘဝ, စတုဝေါကာရဘဝ, နေဝသညာနာသညာဘဝတို့ ဖြစ်ကြ၏။

ဤသို့လျှင် ကာမုပါဒါန်ကြောင့် ကာမဘဝ ၂ ပါး, ရူပါဘဝ ၂ ပါး, အရူပဘဝ ၂ ပါးဟူသော ဘဝ ၆ ပါးနှင့် ၎င်းတို့၌အတွင်းဝင်သော ဘဝများဖြစ်ကြ၏။

၂ ထို့အတူ ဒိဋ္ဌုပါဒါန်ကြောင့် အတွင်းဝင်သောဘဝတို့နှင့်တကွ ဘဝ ၆ ပါးဖြစ်၏။

၃ သီလဗ္ဗတုပါဒါန်ကြောင့်လည်း အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၆ ပါးဖြစ်၏။

၄ အတ္တဝါဒုပါဒါန်ကြောင့်လည်း အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၆ ပါးဖြစ်၏။

သို့ဖြစ်၍ ဝေဖန်ခွဲခြားခြင်း(ဘေဒ)နည်းဖြင့် ဥပါဒါန် ၄ ပါးဟူသော အကြောင်းကြောင့် အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၂၄ ပါးဖြစ်၏။

(ဥပါဒါန် ၄ ပါး x ဘဝ ၆ ပါးစီ = ဘဝ ၂၄ ပါး)

- **ဥပါဒါန်ကြောင့်ဖြစ်သော ဘဝတို့ကို အကျဉ်းချုံးသော (သင်္ဂဟ)နည်းဖြင့် ရေတွက်ပုံ**

၁ ကာမုပါဒါန်ကြောင့်ဖြစ်သော ကမ္မဘဝနှင့် ဥပပတ္တိဘဝကိုပေါင်း၍ အတွင်းဝင်သောဘဝတို့နှင့်တကွ ကာမဘဝ ၁ ပါးဖြစ်၏။ ထို့အတူ ရူပဘဝ, အရူပဘဝတို့၌လည်း ၁ ပါးစီသာဖြစ်၏။ ထို့ကြောင့် အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၃ ပါးဖြစ်၏။

၂ ကြွင်းသော ဥပါဒါန် ၃ ပါး၌လည်း အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၃ ပါးစီ အလားတူဖြစ်ကြ၏။

သို့ဖြစ်၍ အကျဉ်းချုံးသော (သင်္ဂဟ) နည်းဖြင့် ဥပါဒါန် ၄ ပါးဟူသောအကြောင်းကြောင့်

အတွင်းဝင်သော ဘဝတို့နှင့်တကွ ဘဝ ၁၂ ပါးဖြစ်၏။

(ဉပါဒါန် ၄ ပါး x ဘဝ ၃ ပါးစီ = ဘဝ ၁၂ ပါး)

- **အခြားနည်းအမျိုးမျိုးဖြင့် ရေတွက်ပုံ**

၁ ဉပါဒါန်ကို ၄ ပါးဟူ၍ မခွဲခြားဘဲ သာမညအားဖြင့် ဉပါဒါန်ဟူသောအကြောင်းကြောင့် ကာမဘဝသို့ လားရောက်စေတတ်သော ကံဟူသည့် ကမ္မဘဝ ၁ ပါး၊ ထိုကမ္မဘဝ ကြောင့်ဖြစ်သော ဉပပတ္တိဘဝ ၁ ပါးအားဖြင့် အတွင်းဝင်သော ဘဝတို့နှင့်တကွ ကာမဘဝ ၂ ပါးဖြစ်၏။ ထို့နည်းအတူ ရူပဘဝ ၂ ပါး၊ အရူပဘဝ ၂ ပါးတို့ ဖြစ်ကြသဖြင့် စုစုပေါင်း ဘဝ ၆ ပါးဖြစ်၏။

၂ တစ်နည်းကား ကမ္မဘဝ, ဉပပတ္တိဘဝဟု မခွဲခြားဘဲ အတွင်းဝင်သောဘဝတို့နှင့်တကွ ကာမဘဝ ၁ ပါး, ရူပဘဝ ၁ ပါး, အရူပဘဝ ၁ ပါးဟူ၍ ဘဝ ၃ ပါးဖြစ်၏။

၃ တစ်နည်းကား ကာမဘဝ, ရူပဘဝ, အရူပဘဝဟူ၍ မခွဲခြားဘဲ ကမ္မဘဝ, ဉပပတ္တိဘဝ တို့၏အစွမ်းအားဖြင့် ဘဝ ၂ ပါးဖြစ်၏။

၄ တစ်နည်းကား ကမ္မဘဝ, ဉပပတ္တိဘဝဟူ၍ မခွဲခြားဘဲ ''ဉပါဒါန်ကြောင့် ဘဝဖြစ်သည်'' ဟူသော ဘဝ၏အစွမ်းအားဖြင့် ဘဝ ၁ ပါးသာဖြစ်၏။

**အဘယ်ဉပါဒါန်သည် အဘယ်ဘဝ၏ အကြောင်းဖြစ်သနည်း?**

အမှတ်မရှိ တစ်စုံတစ်ခုသော ဉပါဒါန်သည် အမှတ်မရှိ တစ်စုံတစ်ခုသောဘဝ၏ အကြောင်းဖြစ်ပေ၏။ **ပုထုဇဉ်ပုဂ္ဂိုလ်သည် အရူးနှင့်တူ၏။ ''ဤအမှုသည် သင့်၏။ ဤအမှုသည် မသင့်''ဟု မစူးစမ်းမဆင်ခြင်ဘဲ အမှတ်မရှိ တစ်စုံတစ်ခုသော ဉပါဒါန်၏ အစွမ်းကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော ဘဝကို တောင့်တ၍ အမှတ်မရှိ တစ်စုံ တစ်ခုသောအမှုကို ပြုတတ်၏။**

ထို့ကြောင့် အချို့သောဆရာတို့ပြောသော ''သီလဗ္ဗတုပါဒါန်ကြောင့် ရူပဘဝ, အရူပဘဝတို့ မဖြစ်ကုန်'' ဟူသည့်စကားကို မယုံကြည်အပ်ပေ။ အမှန်တွင် ''**အလုံးစုံသော ဉပါဒါန် ကြောင့် အလုံးစုံသောဘဝတို့ဖြစ်နိုင်သည်**'' ဟု မှတ်ယူအပ်၏။

- **ဉပါဒါန်အမျိုးမျိုးကြောင့် ဘဝအမျိုးမျိုးဖြစ်ပုံ**

**၁ ကာမုပါဒါန်ကြောင့် ကာမဒုဂ္ဂတိဘဝဖြစ်ပုံ**

**အချို့သောသူသည် တစ်ဆင့်စကားကြားဖူး၍ဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရ၍ဖြစ်စေ၊ ''ကာမဂုဏ်စည်းစိမ်သည် လူ့လောကဝယ် မင်းမျိုး, သူဌေးမျိုး၌ ပြည့်စုံ၏၊ နတ်ပြည် ၆ ထပ်၌ သာ၍ပြည့်စုံ၏''ဟု ကြံစည်တွေးတောပြီးလျှင် ထိုကာမဂုဏ်တို့ကိုရခြင်း အကျိုးငှာ မသူတော်တရားကို ကြားနာခြင်းက လှည့်စားသဖြင့် ကာမုပါဒါန်၏ အစွမ်းဖြင့် ကာယဒုစရိုက်စသည့် အကုသိုလ်ကံကို ပြုလုပ်၏။ ထိုသူ သေလွန်သည့်အခါ အကုသိုလ်ကံ၏အကျိုးကြောင့် အပါယ်ဘုံ၌ ဖြစ်ရ၏။**

ထိုသူ၏အပါယ်ဘုံ၌ဖြစ်ရခြင်း၏အကြောင်းဖြစ်သော အကုသိုလ်ကံသည် ကမ္မဘဝ ဖြစ်၏။ ထိုကံကြောင့် အပါယ်ဘဝ၌ဖြစ်သော ခန္ဓာတို့သည် ဉပပတ္တိဘဝမည်၏။ သညာဘဝ,

ပဉ္စဝေါကာရဘဝတို့ကား အကုသိုလ်ကံကြောင့်ဖြစ်သော အပါယ်ဘဝ၌ အတွင်းဝင်သည်သာ ဖြစ်ပေ၏။

## ၂ ကာမုပါဒါန်ကြောင့် ကာမသုဂတိဘဝဖြစ်ပုံ

**အချို့သောသူသည် သူတော်ကောင်းတရားကို နာကြားရခြင်းစသည်တို့၏ အကျိုးကြောင့် အသိဉာဏ်ရှိလာသဖြင့် ''ကုသိုလ်ကောင်းမှုကြောင့် ကာမဂုဏ် ပြည့်စုံ၏'' ဟု ထင်မှတ်လျက် ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယသုစရိုက်စသည့် ကာမကုသိုလ်ကံတို့ကို ပြုလုပ်၏။ ထိုသူသည် သေလွန်သောအခါ ကာမကုသိုလ်ကံ၏ အကျိုးကြောင့် နတ်ပြည် သို့မဟုတ် လူ့ပြည်၌ ဖြစ်ရ၏။**

ထိုသူ၏ နတ်ဘဝ သို့မဟုတ် လူ့ဘဝဖြစ်ရခြင်း၏အကြောင်းဖြစ်သော ကာမကုသိုလ်ကံ သည် ကမ္မဘဝမည်၏။ ထိုကံကြောင့်ဖြစ်သော ကာမသုဂတိဘဝ၌ ခန္ဓာတို့သည် ဥပပတ္တိဘဝ မည်၏။ သညာဘဝ, ပဉ္စဝေါကာရဘဝတို့သည် ထိုသုဂတိကာမဘဝ၌ အတွင်းဝင်ကြ၏။

## ၃ ကာမုပါဒါန်ကြောင့် ရူပဘဝ, အရူပဘဝဖြစ်ပုံ

**အချို့သောသူသည် ''ကာမဂုဏ်တို့သည် ရူပဘဝ, အရူပဘဝတို့၌ ကာမဘဝ ထက်သာ၍ ပြည့်စုံကုန်၏''ဟု ကြားဖူး၍ဖြစ်စေ ကြံဆ၍ဖြစ်စေ ကာမုပါဒါန်၏ အစွမ်းအားဖြင့် ရူပဈာန်, အရူပဈာန်သမာပတ်တို့ကို ရရှိအောင် ကြိုးစားအားထုတ်၏။ ထိုသူသေလွန်သောအခါ ရူပကုသိုလ်ကံ၏အကျိုးကြောင့် ရူပဗြဟ္မာလောက၌ ဖြစ်ရ၏။**

ထိုဗြဟ္မာလောက၌ ဘဝဖြစ်ရခြင်း၏အကြောင်းဖြစ်သော ဈာန်ကုသိုလ်ကံသည် ကမ္မဘဝ ဖြစ်၏။ ထိုကံကြောင့်ဖြစ်သောဗြဟ္မာဘဝ၌ ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝ, အသညာဘဝ, နေဝသညာ နာသညာဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စ ဝေါကာရဘဝတို့သည် ထိုရူပဘဝ, အရူပဘဝတို့၌ အတွင်းဝင်ကြပေ၏။

## ၄ ဒိဋ္ဌုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ

အချို့သောသူသည် ''ဤအတ္တသည် ပြည့်စုံချမ်းသာသော ကာမသုဂတိဘဝ၌ဖြစ်စေ၊ ရူပဘဝ, အရူပဘဝ တစ်ပါးပါး၌ဖြစ်စေ သေ၍ပြတ်လျှင် ကောင်းစွာပြတ်သည်မည်၏'' ဟု ဥစ္ဆေဒဒိဋ္ဌိကိုစွဲယူ၍ ထိုကာမသုဂတိဘဝ, ရူပဘဝ, အရူပဘဝသို့ ရောက်စေတတ်သော ကုသိုလ်ကံကို ပြုလုပ်၏။ ထိုသူသည် သေလွန်သည့်အခါ ထိုကုသိုလ်ကံ၏အကျိုးကြောင့် ထိုကံနှင့်လျော်သော ကာမသုဂတိဘဝ သို့မဟုတ် ရူပဘဝ သို့မဟုတ် အရူပဘဝ၌ ဖြစ်ရ၏။

ထိုသူ၏ကုသိုလ်ကံသည် ကမ္မဘဝမည်၏။ ထိုကံကြောင့်ဖြစ်သော ခန္ဓာသည် ဥပပတ္တိဘဝ မည်၏။ သညာဘဝစသည်တို့သည် ထိုကံကြောင့်ဖြစ်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ၌ အတွင်းဝင်သည်သာတည်း။

## ၅ အတ္တဝါဒုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ

အချို့သောသူသည် ''ဤအတ္တသည် ပြည့်စုံချမ်းသာသော ကာမသုဂတိဘဝ၌ဖြစ်စေ၊ ရူပဘဝ, အရူပဘဝတစ်ပါးပါး၌ဖြစ်စေ ဖြစ်ရလျှင် ချမ်းသာနှင့်ပြည့်စုံ၏၊ ပူပန်မှုကင်း၏''

ဟု စွဲယူသော အတ္တဝါဒုပါဒါန်အစွမ်းဖြင့် ထိုကာမဘဝ, ရူပဘဝ, အရူပဘဝသို့ ရောက်စေတတ်သောကံကို ကြိုးစားပြုလုပ်၏။ ထိုသူ သေလွန်သောအခါ သူပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ အကျိုးကြောင့် ကာမသုဂတိဘဝ, ရူပဘဝ, အရူပဘဝ တစ်ခုခု၌ ဖြစ်ရ၏။

ထိုပုဂ္ဂိုလ်၏ ကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ ထိုကံကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝစသည်တို့သည် ထိုကံကြောင့်ဖြစ်သော ကာမဘဝ, ရူပဘဝ, အရူပဘဝ၌ အတွင်းဝင်ကြ၏။

## ၆ သီလဗ္ဗတုပါဒါန်ကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဖြစ်ပုံ

အချို့သောသူသည် ''ဤအလေ့အကျင့်နှင့်ပြည့်စုံသဖြင့် ကာမဘဝ, ရူပဘဝ, အရူပဘဝဟူသည့် တစ်ပါးပါးသောဘဝ၌ ဖြစ်ရလျှင် ချမ်းသာသုခနှင့်ပြည့်စုံနိုင်၏''ဟု သီလဗ္ဗတုပါဒါန်၏အစွမ်းအားဖြင့် စွဲယူပြီးလျှင် ထိုကာမဘဝ, ရူပဘဝ, အရူပဘဝသို့ရောက်စေတတ်သော ကုသိုလ်ကံကို ကြိုးစားပြုလုပ်၏။ ထိုသူသေလွန်သောအခါ သူပြုခဲ့သောကံ၏ လျော်သောအကျိုးကြောင့် ကာမဘဝ, ရူပဘဝ, အရူပဘဝ တစ်ပါးပါး၌ ဖြစ်ရ၏။

ထိုပုဂ္ဂိုလ်၏ကုသိုလ်ကံသည် ကမ္မဘဝမည်၏။ ထိုကံကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်၏။ သညာဘဝစသည်တို့သည် ထိုကာမဘဝ, ရူပဘဝ, အရူပဘဝ၌ အတွင်းဝင်သည်သာတည်း။

## • ဥပါဒါန်သည် ဘဝအား ပဋ္ဌာန်းပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ

၁ ဥပါဒါန် ၄ ပါးသည် ရူပဘဝ (ကမ္မဘဝ၊ ဥပပတ္တိဘဝ)၊ အရူပဘဝ (ကမ္မဘဝ၊ ဥပပတ္တိဘဝ)၊ ကာမဘဝ (ကုသိုလ်ကမ္မဘဝ၊ ဥပပတ္တိဘဝ) တို့အား ဥပနိဿယပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

၂ ဥပါဒါန် ၄ ပါးသည် ကာမဘဝ၌အကျုံးဝင်သော မိမိနှင့်သမ္ပယုတ်ဖြစ်သည့် အကုသိုလ်ကမ္မဘဝအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ဟေတုပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ မိမိနှင့်မယှဉ်သော အကုသိုလ်ကမ္မဘဝအားမူ ဥပနိဿယပစ္စည်းဖြင့်သာလျှင် ကျေးဇူးပြု၏။

## • ''ဘဝပစ္စယာ ဇာတိ''စသည့်ပုဒ်ကို အကျယ်ဖွင့်ဆိုခြင်း

**''ဘဝပစ္စယာ ဇာတိ'' အစရှိသော ပုဒ်တို့၌ ဇာတိအစရှိသည်တို့၏ အဆုံးအဖြတ်ကို သစ္စနိဒ္ဒေသ၌ ဆိုခဲ့ပြီးသောနည်းဖြင့် သိအပ်၏။ အထူးကား 'ဘဝ' အရ ကမ္မဘဝကိုသာ အလိုရှိအပ်၏။ အကြောင်းမှာ ထိုကမ္မဘဝသည်သာ ဘဝသစ်ဖြစ်ခြင်းဟူသည့် ဇာတိကို ကျေးဇူးပြုတတ်၏။ ဥပပတ္တိဘဝက ကျေးဇူးမပြုတတ်ပေ။ ကျေးဇူးပြုပုံကား ထိုကမ္မဘဝသည် ဇာတိအား ကမ္မပစ္စည်း, ဥပနိဿယပစ္စည်းတို့၏အစွမ်းအားဖြင့် ကျေးဇူးပြု၏။**

**စောဒနာနှင့်ဖြေရှင်းချက်**

**''ဘဝပစ္စယာဇာတိ'' =''ကမ္မဘဝဟူသောကံသည်ဘဝသစ်ကိုဖြစ်စေ၏'' ဟူသော စကားကို အဘယ်အထောက်အထားအရ သိအပ်သနည်း?**

ဤစောဒနာ၏အဖြေကား–ပြင်ပအကြောင်းတို့ တူညီကြသော်လည်း ယုတ်သည့်အဖြစ်, မြတ်သည့်အဖြစ်စသော ထူးခြားချက်ကို တွေ့မြင်ရခြင်းကြောင့် သိအပ်ပေ၏။ ချဲ့၍ပြရသော် မိဘ, သုက်သွေး, အစာအာဟာရစသော ပြင်ပအကြောင်းများ တူညီကြသည့် ညီအစ်ကို မောင်နှမ, အမွှာညီနောင်များသည် တစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားကြ၏။ ယုတ်သည့်အဖြစ်၊ မြတ်သည့်အဖြစ်၊ လှသည် မလှသည့်အဖြစ်၊ ဉာဏ်ကောင်းသည် မကောင်းသည့်အဖြစ် စသော ထူးခြားချက်များကို တွေ့မြင်ရ၏။

ထိုထူးခြားချက်များသည် အကြောင်းမရှိဘဲ ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းမှာ ဤထူးခြားချက်များသည် အခါခပ်သိမ်းဖြစ်ပေါ်သည်မဟုတ်၊ သတ္တဝါအားလုံး၌ ဖြစ်ပေါ်သည်လည်းမဟုတ်။ ကမ္မဘဝမှ တစ်ပါးသောအကြောင်းရှိသည်လည်းမဟုတ်ပေ။ အဘယ့်ကြောင့်နည်းဟူမူ ထိုကမ္မဘဝကြောင့်ဖြစ်သော သတ္တဝါ၏အဇ္ဈတ္တသန္တာန်၌ ထိုကမ္မဘဝအကြောင်းတရားမှအပ ထူးခြားမှုကိုပြုနိုင်သောအခြားအကြောင်းတရား မရှိခြင်းကြောင့်ပင်တည်း။ "ကံသည် သတ္တဝါတို့ကို ယုတ်ညံ့သည့်အဖြစ်, မြင့်မြတ်သည့်အဖြစ်ကို ခွဲခြမ်းဝေဖန်၏" ဟု မြတ်စွာဘုရားဟောကြားတော်မူပါသည်။

သို့ဖြစ်၍ ကမ္မဘဝသည် ဇာတိ၏အကြောင်းမှန်ဖြစ်ကြောင်းသိအပ်၏။

- **ဇာတိကြောင့် ဇရာမရဏ, သောက, ပရိဒေဝ စသည်တို့ဖြစ်ပေါ်ပုံ**

**ဘဝသစ်ဖြစ်ခြင်း – ဇာတိမရှိလျှင် အိုခြင်း-ဇရာ, သေခြင်း-မရဏတို့ မရှိနိုင်၊ စိုးရိမ်ပူဆွေးခြင်း-သောက, ငိုကြွေးခြင်း-ပရိဒေဝစသည်တို့လည်း မရှိနိုင်ပါ။ စင်စစ်အားဖြင့် ဇာတိရှိလတ်သော် ဇရာ, မရဏသည်လည်း ဖြစ်၏။ ထိုဇရာမရဏဟူသော ဆင်းရဲကြောင်းတရားက တွေ့ထိနှိပ်စက်အပ်သော မသိမလိမ္မာသည့် လူမိုက်၌ ဇရာမရဏနှင့်စပ်သည်မှုလည်းဖြစ်ကုန်သော မစပ်သည်မှုလည်းဖြစ်ကုန်သော စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်းစသည့်တရားတို့လည်း ဖြစ်ပေါ်ကုန်၏။ ဇရာမရဏနှင့်မစပ်ဆိုင်သော အကြောင်းတရားများမှာ ဆွေမျိုးတို့၏ပျက်စီးခြင်း (ဉာတိဗျသန), စီးပွါးဥစ္စာဆုံးရှုံးပျက်စီးခြင်း (ဘောဂဗျသန) စသည်တို့ပင်တည်း။**

**ထို့ကြောင့် ဇာတိသည် ဇရာမရဏအားလည်းကောင်း၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့အားလည်းကောင်း၊ ကျေးဇူးပြုသည်ဟု သိအပ်၏။ ကျေးဇူးပြုပုံကား ဇာတိသည် ဇရာမရဏ, သောက, ပရိဒေဝစသည်တို့အား ဥပနိဿယအစွမ်းအဖို့ (ဥပနိဿယကောဋ္ဌိ) ဖြင့် ကျေးဇူးပြု၏။**

**မှတ်ချက် – ဥပနိဿယကောဋ္ဌိ** = ဥပနိဿယအစွမ်းအဖို့ဟူသည်မှာ ပဋ္ဌာန်းပါဠိ၌ မလာ၊ သို့သော် ဇာတိရှိလျှင် ဇရာမရဏ, သောကစသည်တို့ မုချဖြစ်၏၊ ဇာတိမရှိလျှင် ဇရာမရဏ, သောကစသည်တို့ မဖြစ်ချေ။ ထို့ကြောင့် သုတ္တန်နည်းအားဖြင့် ယင်းပစ္စည်း (ဇာတိ) သည် ဥပနိဿယမည်၏၊ ထိုပစ္စည်းကို ဥပနိဿယကောဋ္ဌိဟု ဆိုအပ်၏။

- **ဘဝစက်လည်ပုံကို ပြဆိုခြင်း**

**ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ သောက, ပရိဒေဝစသည်ကို အဆုံး၌ ဟောကြားတော်မူ၏။**

**သောက, ပရိဒေဝစသည်တို့ဖြစ်ပေါ်လျှင် အဝိဇ္ဇာသည်လည်း မကွေမကွာဖြစ်ပေါ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူ၍ ဘဝစက်၏အစ၌ အဝိဇ္ဇာကို ဟောကြားတော်မူ၏။**

**ထိုဘဝစက်၏ အစအဦးအဖြစ်ထား၍ ဟောကြားအပ်သော အဝိဇ္ဇာသည် စိုးရိမ်ပူဆွေးခြင်း-သောကစသည်တို့ကြောင့် ပြီးစီး၏။ ထိုဘဝစက်သည် မသိအပ်သော အစရှိ၏၊ ပြုတတ်သူ, ခံစားတတ်သူတို့မှ ကင်းဆိတ်၏။ အဝိဇ္ဇာစသည့် အင်္ဂါ ၁၂ ပါးသည်လည်း အတ္တမှဆိတ်သုဉ်း၏။ အရဟတ္တမဂ်ကိုရသည့်တိုင်အောင် အလုံးစုံသော ကာလပတ်လုံး အကြောင်းအကျိုးစပ်ကာ တစ်ရံမပြတ်လည်ပတ်နေပေ၏။**

**စောဒနာနှင့်ဖြေရှင်းချက်**

(၁) ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ သောကစသည်တို့ကြောင့် အဝိဇ္ဇာသည် အဘယ်သို့ ဖြစ်သနည်း?

(၂) ဘဝစက်သည် အဘယ်သို့လျှင် မသိအပ်သောအစရှိပါသနည်း?

(၃) ပြုတတ်သူ, ခံစားတတ်သူတို့မှ အဘယ်သို့ ကင်းဆိတ်သနည်း?

(၄) အဝိဇ္ဇာစသော အင်္ဂါ ၁၂ ပါးသည် ဓုဝ, သုဘ, သုခ, အတ္တအဖြစ်တို့မှ အဘယ်သို့ ဆိတ်သုဉ်းသနည်း။

**• (၁) သောကစသည်တို့ကြောင့် အဝိဇ္ဇာဖြစ်ပုံ**

**စိုးရိမ်ပူဆွေးခြင်း– သောက၊ နှလုံးမသာယာခြင်း – ဒေါမနဿ၊ ပြင်းပြစွာပူပန်ခြင်း – ဥပါယာသတို့သည် အဝိဇ္ဇာနှင့်မကွေမကွာ အမြဲယှဉ်တွဲလေ့ရှိကြ၏။ ငိုကြွေးခြင်း – ပရိဒေဝသည်လည်း အဝိဇ္ဇာအမိုက်မှောင်နှင့်ဖုံးလွှမ်းခံရသည့် မိုက်မဲတွေဝေသော သူအားသာ ဖြစ်၏။ ထို့ကြောင့် သောကစသည်တို့ဖြစ်ပေါ်လျှင် အဝိဇ္ဇာသည်လည်း တစ်ပါတည်း ဖြစ်ပေါ်၏။ သို့အတွက် စိုးရိမ်ပူဆွေးခြင်းစသည်တို့ ပြီးကုန်လတ်သော် အဝိဇ္ဇာသည်လည်း ပြီးလေတော့၏။**

**တစ်နည်းကား – "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" = "အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏"ဟု မြတ်စွာဘုရားဟောတော်မူ၏။ သောက, ပရိဒေဝစသည်တို့သည်လည်း အာသဝဟူသောအကြောင်းကြောင့် ဖြစ်ကုန်၏။ သောက, ပရိဒေဝစသည်တို့ဖြစ်လျှင် အာသဝဖြစ်ပေါ်၍ အာသဝဖြစ်ပေါ်လျှင် အဝိဇ္ဇာလည်း ဖြစ်ပေါ်လေတော့၏။**

**• အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပုံ**

အာသဝ (ဝါ) အာသဝေါတရားသည် လွန်စွာယစ်မူးတွေဝေစေသောတရားဖြစ်၏။ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝဟူ၍ အာသဝတရား ၄ ပါးရှိ၏။

**ကာမာသဝကြောင့် သောကစသည်ဖြစ်ပုံ**

ကာမာသဝသည် ထွဋ္ဌာအာရုံကာမဂုဏ်တို့ကို တပ်မက်တွယ်တာခြင်းဖြင့် လွန်စွာယစ်မူးစေသည့် တဏှာလောဘဖြစ်၏။ ထွဋ္ဌာအာရုံကာမဂုဏ်တို့နှင့် ကွေကွင်းကင်းကွာရလျှင် ကာမာသဝကြောင့် စိုးရိမ်ပူဆွေးခြင်း – သောကစသည်တို့ဖြစ်ပေါ်လာ၏။ မြတ်စွာဘုရားဟော

တော်မူသည်မှာ –

*''ထဣုအာရုံ ကာမဂုဏ်ကို တပ်မက်တွယ်တာနေသော (ဝါ) ကိလေသာကာမဟူသော တဏှာလောဘဖြင့် ထဣုအာရုံကာမဂုဏ်တို့ကို လိုချင်နှစ်သက် တက်မက်နေသော ထိုသတ္တဝါအား ရပြီးသော ထဣုအာရုံကာမဂုဏ်တို့က ကင်းကွာ ပျက်စီးလတ်သော် ထိုသတ္တဝါသည် မြားမှန်သောသမင်ကဲ့သို့ စိုးရိမ်မှု – သောကစသည့် မြားငြောင့်ကြောင့် ဖောက်ပြန်ပျက်စီး၏''*

ထို့အပြင် ''*လိုချင်နှစ်သက်တပ်မက်သော ကိလေသာကာမကြောင့် စိုးရိမ်ပူဆွေးခြင်းသည် ဖြစ်၏*''ဟူ၍လည်း ဟောတော်မူ၏။

## ဒိဋ္ဌာသဝကြောင့် သောကစသည်ဖြစ်ပုံ

ဒိဋ္ဌာသဝဟူသည်မှာ အယူလွဲမှားမှုဖြင့် ယစ်မူးတွေဝေနေခြင်းဖြစ်၏။ ဒိဋ္ဌာသဝဟူသော အကြောင်းကြောင့်လည်း သောက, ပရိဒေဝစသည်တို့ဖြစ်ပေါ်ကြ၏။ မြတ်စွာဘုရားဟောတော်မူသည်မှာ–

*''ရုပ်သည် ငါ၊ ရုပ်သည် ငါ၏ဥစ္စာဟု ထက်ဝန်းကျင်ထကြွဖြစ်ပေါ်သော အယူမှားမှုဒိဋ္ဌိဖြင့်တည်လေ့ရှိသော ထိုပုထုဇဉ်ပုဂ္ဂိုလ်အား ရုပ်၏ပြောင်းလဲဖောက်ပြန်ခြင်း, တစ်မျိုးတစ်မည်ဖြစ်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း – သောက၊ ငိုကြွေးခြင်း – ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း – ဒုက္ခ၊ စိတ်နှလုံးမသာယာခြင်း – ဒေါမနဿ၊ ပြင်းစွာပူပန်ခြင်း – ဥပါယာသတို့သည် ဖြစ်ကုန်၏''*

## ဘဝါသဝကြောင့် သောကစသည်ဖြစ်ပုံ

ဘဝါသဝဟူသည်မှာ စျာန်ချမ်းသာနှင့်စျာန်ကုသိုလ်ကံ၏အကျိုးဖြစ်သော ဗြဟ္မာဘဝကို နှစ်သက်တပ်မက်နေသည့် တဏှာလောဘဖြစ်၏။ ဘဝါသဝဟူသောအကြောင်းကြောင့်လည်း သောကစသည်တို့ဖြစ်ပေါ်၏။ မြတ်စွာဘုရားဟောကြားပုံမှာ–

*''ရှည်သောအသက်နှင့် လှပသောအဆင်းရှိကြသော ချမ်းသာများကြသည့် ဗြဟ္မာနတ်တို့ သည် မြင့်မြတ်သောဗိမာန်တို့၌ အလွန်ရှည်ကြာစွာတည်နေကြ၏။ ထိုဗြဟ္မာနတ်တို့သည်လည်း မြတ်စွာဘုရား၏တရားဒေသနာကိုကြားနာရ၍ ကြောက်ရွံ့ခြင်း, ပင်ပန်းခြင်းသို့ ရောက်ကုန်၏''*

ဥပမာကား ငါးပါးသော ပုဗ္ဗနိမိတ်တို့ကိုမြင်၍ သေဘေးဖြင့်ခြိမ်းခြောက်ခံရသော နတ်တို့အား စိုးရိမ်ခြင်းစသည်တို့ဖြစ်ကုန်သကဲ့သို့တည်း။

## အဝိဇ္ဇာသဝကြောင့် သောကစသည်ဖြစ်ပုံ

အဝိဇ္ဇာသဝဟူသည် အာရုံ၏သဘောမှန်ကို မသိမှု၊ သစ္စာလေးပါး မြတ်တရားကိုမသိမှု – မောဟဖြင့် ယစ်မူးတွေဝေခြင်းဖြစ်၏။ အဝိဇ္ဇာသဝဟူသောအကြောင်းကြောင့်လည်း သောကစသည်တို့ဖြစ်ကုန်၏။ မြတ်စွာဘုရားဟောကြားတော်မူသည်မှာ –

*''ရဟန်းတို့ –ပညာမဲ့သောလူမိုက်သည် သောက, ပရိဒေဝ, ဒုက္ခဟူသော တရားသုံးပါးကိုလည်းကောင်း၊ နှလုံးမသာခြင်း – ဒေါမနဿကိုလည်းကောင်း၊ မျက်မှောက်သောကိုယ်ဖြင့် မျက်မှောက်သောဘဝ၌ပင်လျှင် ခံစားရ၏''*

ဤဆိုခဲ့သောနည်းဖြင့် အာသဝ ၄ ပါးဟူသော အကြောင်းကြောင့် သောက, ပရိဒေဝ စသည့်တရားတို့သည် ဖြစ်ကုန်၏။ သောကစသည့်တရားတို့ပြီးကုန်လတ်သော် အဝိဇ္ဇာ၏ အကြောင်းဖြစ်ကုန်သော အာသဝတို့ပြီးစီးကုန်၏။ အာသဝတရားတို့ပြီးစီးကုန်လတ်သော် အကြောင်းရှိလျှင် အကျိုးရှိခြင်းကြောင့် အဝိဇ္ဇာသည်လည်း ပြီးစီးလေတော့၏။

**• (၂) ဘဝစက်သည် အဘယ်သို့လျှင် မသိအပ်သော အစရှိပါသနည်း?**

**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူသောအခါ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' စသည်ဖြင့် အဝိဇ္ဇာကို အစထား၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို အဆုံး၌ထား၏။ သောက, ပရိဒေဝစသည့်တရားတို့ဖြစ်ပေါ်လာလျှင် အာသဝတရား ၄ ပါးသည်လည်း ဖြစ်ပေါ်၏။ အာသဝတရားတို့ဖြစ်လျှင်လည်း အဝိဇ္ဇာသည်တစ်ဖန်ဖြစ်ပေါ် ပြန်၏။ အကြောင်းရှိလျှင် အကျိုးရှိခြင်းကြောင့် အဝိဇ္ဇာ ဖြစ်လတ်သော် ''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ တစ်ဖန်ဖြစ်ကုန်၏''**

**သို့အတွက် ပဋိစ္စသမုပ္ပါဒ် ဘဝစက်သည် အကြောင်းပြီးလျှင် အကျိုး၊ အကျိုးပြီးလျှင် အကြောင်း စသည်ဖြင့် အင်္ဂါ ၁၂ ပါးဖြင့် တစ်ပြောင်းပြန်ပြန် အဖန်ဖန်လည်ပတ်နေ၏။ အဝိဇ္ဇာမှစဟောသော်လည်း အာသဝတရားတို့ကြောင့် အဝိဇ္ဇာဖြစ်သဖြင့် အဝိဇ္ဇာသည် အစမူလမဟုတ်ချေ။ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် မသိအပ်သော အစရှိသည်ဟု ဆိုအပ်၏။**

**• ဘဝစက်တွင် အစမရှိဟုဆိုလျှင် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူ၍ အဘယ့်ကြောင့် အဝိဇ္ဇာနှင့်စတင်၍ ဟောသနည်း?**

**ဤစောဒနာချက်ကို ဖြေရှင်းပါအံ့၊ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''ဟူ၍ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို အစချီ၍ ဟောကြားရာ၌ 'အဝိဇ္ဇာ'သည် အစမျှကို ဆိုသော စကား မဟုတ်ပေ။ စင်စစ်သော်ကား ပြဓာန်းသောတရားကိုဆိုသော စကားပေတည်း။**

**ချဲ့ဦးအံ့၊ အဝိဇ္ဇာသည် ဝဋ်သုံးပါးတို့၏ ပြဓာန်းသောတရားဖြစ်၏။ အဝိဇ္ဇာကိုယူခြင်း ကြောင့် ကြွင်းသော ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့သည် မသိမလိမ္မာသော ပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခအမျိုးမျိုးတို့ ပေါင်းစုရာဖြစ်သည့် သံသရာနှောင်အိမ်၌ ချုပ်ကိုင် နှောင်ဖွဲ့ကြလေတော့၏။ ဥပမာ မြွေ၏ဦးခေါင်းကို ဆုပ်ကိုင်ခြင်းကြောင့် မြွေ၏ကိုယ် သည် ဆုပ်ကိုင်သူ၏လက်မောင်းကို ရစ်ပတ်နှောင်ဖွဲ့သကဲ့သို့ ဖြစ်ပေ၏။**

**အဝိဇ္ဇာကို အမြစ်ပြတ်ပယ်သတ်လိုက်သည်ရှိသော် ကြွင်းသောဝဋ်သုံးပါးမှ အလို အလျောက် လွတ်မြောက်သွားပေ၏။ ဥပမာ မြွေ၏ဦးခေါင်းကို ခုတ်ဖြတ်လိုက်သည် ရှိသော် မြွေ၏ခန္ဓာကိုယ်သည် အလိုအလျောက် ဖြေလျော့၍ ချုပ်ကိုင်နှောင်ဖွဲ့ ခံနေရသော လက်မောင်းသည်လည်း အလိုအလျောက် လွတ်မြောက်သွားသကဲ့သို့ တည်။ မြတ်စွာဘုရားဟောတော်မူသည်မှာ– ''အဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ပျက်ပြယ် ခြင်း, ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ချုပ်ခြင်းသည်ဖြစ်၏'' – အစရှိသည်တို့ပင်တည်း။**

**ဤသို့ဖြစ်၍ အဝိဇ္ဇာဟူသောပြဓာန်းသောတရားကို ယူသောသူအား နှောင်ဖွဲ့ခြင်းသည်**

ဖြစ်၍ လွတ်သောသူအား လွတ်မြောက်ခြင်းသည်ဖြစ်၏။ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူသော စကားသည် ထိုပြဓာန်းသောတရားကို ဆိုသောစကားပေတည်း၊ အစမျှကိုသာဆိုသော စကားမဟုတ်ပေ။

• (၃) ဘဝစက်သည် ပြုတတ်သူ, ခံစားတတ်သူတို့မှ အဘယ်သို့ ကင်းဆိတ်သနည်း?

ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် အဝိဇ္ဇာစသောအကြောင်းတရားတို့ကြောင့် သင်္ခါရစသည့်အကျိုးတရားတို့၏ အဆက်မပြတ်ဖြစ်ပေါ်နေခြင်းသာ ဖြစ်ပေ၏။ ထိုအကြောင်းတရား, အကျိုးတရားတို့သည်လည်း အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဉပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏာဟူသည့် အင်္ဂါ ၁၂ ပါးတို့တည်း။ ဤအင်္ဂါ ၁၂ ပါးသည်လည်း စိတ်, စေတသိက်, ရုပ်တရားတို့သာလျှင်ဖြစ်၏၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တ, ဇီဝစသည် မဟုတ်ချေ။

သို့အတွက် ''ဤအရှင်သခင်ကြီးသည် မဟာဗြဟ္မာပေတည်း၊ အမြတ်ဆုံးဘုရားသခင်ပေတည်း၊ ကမ္ဘာလောကကို စီရင်ဖန်ဆင်းတတ်သူပေတည်း''ဟု ကြံဆအပ်သော မဟာဗြဟ္မာစသည့် သံသရာကိုစီရင်တတ်သူမှလည်း ကင်းဆိတ်၏။

ထို့အပြင် ''ငါ၏အတ္တသည် ပြောဆိုတတ်၏၊ အကောင်းအဆိုးကို ခံစားတတ်၏''ဟု ကြံဆတတ်သော ချမ်းသာ, ဆင်းရဲတို့ကို ခံစားတတ်သော အတ္တမှလည်းကင်းဆိပ်၏။ ဤသို့လျှင် ဘဝစက်သည် ပြုတတ်သူ, ခံစားတတ်သူတို့မှ ကင်းဆိတ်၏ဟုသိအပ်ပေ၏။

• (၄) အဝိဇ္ဇာစသည့် အင်္ဂါ ၁၂ ပါးသည် ဓုဝ, သုဘ, သုခ, အတ္တအဖြစ်တို့မှ ဆိတ်သုဉ်းပုံ

ပဋိစ္စသမုပ္ပါဒ်ဘဝစက်၏ အဝိဇ္ဇာစသော အင်္ဂါ ၁၂ ပါးတို့သည် –

– ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိသည့်အဖြစ်ကြောင့် ခိုင်မြဲသည့်အဖြစ်(ဓုဝ)မှ ဆိတ်သုဉ်း၏။

– ကိလေသာတို့က ညစ်နွမ်းစေအပ်သည့်အဖြစ်ကြောင့်လည်းကောင်း၊ ညစ်နွမ်းစေတတ်သော ကိလေသာတို့၏ အသုံးခံအာရုံဖြစ်သောကြောင့်လည်းကောင်း၊ တင့်တယ်သည့်အဖြစ်(သုဘ)မှ ဆိတ်သုဉ်း၏။

– ဖြစ်ခြင်း, ပျက်ခြင်းတို့က အမြဲမပြတ်နှိပ်စက်အပ်သည့်အဖြစ်ကြောင့် ချမ်းသာခြင်းအဖြစ်(သုခ)မှလည်း ဆိတ်သုဉ်း၏။

– အကြောင်းနှင့်စပ်သောဖြစ်ခြင်းရှိသောကြောင့် အလိုဆန္ဒအတိုင်းဖြစ်နိုင်, ဖြစ်စေနိုင်သည့်(အတ္တ)အဖြစ်မှလည်း ဆိတ်သုဉ်း၏။

ထို့ကြောင့် အဝိဇ္ဇာစသည့် အင်္ဂါ ၁၂ ပါးသည် ဓုဝ, သုဘ, သုခ, အတ္တအဖြစ်တို့မှ ကင်းဆိတ်၏။

တစ်နည်းဆိတ်သုဉ်းပုံကား –

ပဋိစ္စသမုပ္ပါဒ်ဘဝစက်၏အင်္ဂါ–အဝိဇ္ဇာသည် –

– အတ္တမဟုတ်သဖြင့် အတ္တကောင် (အတ္တ)မှ ဆိတ်သုဉ်း၏။

– အတ္တ၏ဥစ္စာမဟုတ်သဖြင့် အတ္တ၏ဥစ္စာ (အတ္တနော)မှ ဆိတ်သုဉ်း၏။
– အတ္တ၌ တည်သည်မဟုတ်သဖြင့် အတ္တ၌တည်ခြင်း (အတ္တနိ)မှ ဆိတ်သုဉ်း၏။
– အတ္တရှိသည်မဟုတ်သဖြင့် အတ္တရှိခြင်း (အတ္တဝတီ)မှ ဆိတ်သုဉ်း၏။
သင်္ခါရစသည့် ကျန်အင်္ဂါတို့သည်လည်း အလားတူ ဆိတ်သုဉ်း၏။
ထို့ကြောင့် ဘဝစက်သည် ၁၂ ပါးသော ဆိတ်သုဉ်းခြင်းဖြင့် ဆိတ်သုဉ်း၏။

• ပဋိစ္စသမုပ္ပါဒ်၏မူလ ၂ ပါး

ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ ၁၂ ပါးကို ဘဝစက် ၂ ခုအဖြစ် ပိုင်းခြားနိုင်၏။ အဝိဇ္ဇာ, သင်္ခါရဟူသော အတိတ်အကြောင်းတရားမှစ၍ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသည့် ပစ္စုပ္ပန်အကျိုးတရားတိုင်အောင် အဝိဇ္ဇာလျှင် အရင်းရှိပြီး၊ ဝေဒနာလျှင် အဆုံးရှိသော ဘဝစက်တစ်ခု၊

တဏှာ, ဥပါဒါန်, ကမ္မဘဝဟူသော ပစ္စုပ္ပန်အကြောင်းတရားမှစ၍ ဥပပတ္တိဘဝ, ဇာတိ, ဇရာမရဏဟူသည့် အနာဂတ်အကျိုးတရားတိုင်အောင် တဏှာလျှင် အရင်းရှိပြီး၊ ဇရာမရဏလျှင် အဆုံးရှိသော ဘဝစက်တစ်ခု၊

ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာတို့သည် အရင်းမူလ ၂ ပါးဖြစ်ကြ၏။

• ဘဝစက် ၂ ပါး ဟောကြားရခြင်းအကြောင်း

ရှေးဖြစ်သောဘဝစက်ကို ဒိဋ္ဌိစရိုက်ရှိသူ၏ အစွမ်းအားဖြင့် ဟောတော်မူ၏။ နောက်ဖြစ်သောဘဝစက်ကို တဏှာစရိုက်ရှိသူ၏အစွမ်းအားဖြင့် ဟော်တော်မူ၏။ အကြောင်းကား အဝိဇ္ဇာသည် ဒိဋ္ဌိစရိုက်ရှိသောသူတို့၏ မပြတ်ဖြစ်သည့် ခန္ဓာအစဉ်ဟူသည့် သံသရာကို ဆောင်တတ်, ဖြစ်စေတတ်၏။ တဏှာသည် တဏှာစရိုက်ရှိသော သူတို့၏ခန္ဓာအစဉ်ဟူသည့် သံသရာကို ဆောင်တတ်ဖြစ်စေတတ်၏။

တစ်နည်းကား – ဥစ္ဆေဒဒိဋ္ဌိကို အကြွင်းမဲ့ပယ်သတ်ခြင်းငှာ ပထမဘဝစက်ကိုဟော တော်မူ၏။ အဘယ့်ကြောင့်ဆိုသော် သင်္ခါရစသည့်အကျိုးတရားတို့၏ဖြစ်ခြင်းဖြင့် အဝိဇ္ဇာစသည့် အကြောင်းတရားတို့၏ မပြတ်စဲခြင်းကို ပြခြင်းကြောင့်တည်း။

သဿတဒိဋ္ဌိကို အကြွင်းမဲ့ပယ်ဖြတ်ခြင်းငှာ ဒုတိယဘဝစက်ကိုဟောတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ဖြစ်ပေါ်ကုန်သော ဝိညာဏ်စသည့်အကျိုးတရားတို့၏ အိုခြင်း, သေခြင်းတို့ကို ပြခြင်းကြောင့်တည်း။

**တစ်နည်းကား** – ဂဗ္ဘသေယျကပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ရှေးဘဝစက်ကို ဟောတော်မူ၏။ အကြောင်းကား ''သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ''ဤသို့ စသည့် သဘာဝဓမ္မတို့၏ အစဉ်အတိုင်းဖြစ်ခြင်းကို ပြခြင်းကြောင့်တည်း။ ဥပပါတ်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် နောက်ဘဝစက်ကို ဟောတော်မူ၏။ အကြောင်းကား ဥပပတ္တိခန္ဓာတို့၏ တစ်ပေါင်းတည်းဖြစ်ခြင်း, တစ်ပြိုင်နက်ဖြစ်ခြင်းကို ပြခြင်းကြောင့်တည်း။

• ပဋိစ္စသမုပ္ပါဒ်၏ကာလ ၃ ပါး

အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ဘဝ၌ဖြစ်သောတရားများဖြစ်၍ အတိတ်ကာလမည်၏။

ဝိညာဏ်လျှင်အစ, ဘဝလျှင်အဆုံးဖြစ်သောတရား ၈ ပါးသည် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော တရားများဖြစ်၍ ပစ္စုပ္ပန်ကာလမည်၏။ ဇာတိနှင့် ဇရာမရဏတို့သည် အနာဂတ်ဘဝတွင် ဖြစ်မည့်တရားများဖြစ်၍ အနာဂတ်ကာလမည်၏။

**ပဋိစ္စသမုပ္ပါဒ်၏အစပ် ၃ ပါး**

သင်္ခါရနှင့်ပဋိသန္ဓေဝိညာဏ်၏အကြား၌ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးအစပ် မည်သောအစပ်တစ်ခု၊ ဝေဒနာနှင့်တဏှာအကြား၌ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း အစပ်မည်သောအစပ်တစ်ခု၊ ဘဝနှင့်ဇာတိ၏အကြား၌ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုး အစပ်မည်သောအစပ်တစ်ခု၊ ဤသို့အားဖြင့် ''အကြောင်းရှေးရှိသောအစပ်၊ အကျိုးရှေးရှိ သောအစပ်၊ အကြောင်းရှေးရှိသောအစပ်အားဖြင့် ၃ ပါးသောအစပ်ရှိသည်ဟု သိအပ်၏။

**• ပဋိစ္စသမုပ္ပါဒ်၏ အလ္လာ ၄ ပါး**

အတိတ်အကြောင်းတစ်လ္လာ – အဝိဇ္ဇာ၊ သင်္ခါရ၊
ပစ္စုပ္ပန်အကျိုးတစ်လ္လာ – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
ပစ္စုပ္ပန်အကြောင်းတစ်လ္လာ – တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ)၊
အနာဂတ်အကျိုးတစ်လ္လာ – (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာမရဏ။

**ပဋိစ္စသမုပ္ပါဒ်၏ အခြင်းအရာ ၂၀**

အတိတ်အကြောင်း ၅ ပါး – အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ
ပစ္စုပ္ပန်အကျိုး ၅ ပါး – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
ပစ္စုပ္ပန်အကြောင်း ၅ ပါး – တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊
အနာဂတ်အကျိုး ၅ ပါး – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

ဤ ၂၀ ပါးသောအကြောင်းအကျိုးတရားတို့ကို အခြင်းအရာ ၂၀ ဟု သိအပ်၏။

**• အတိတ်အကြောင်း ၅ ပါး**

**အတိတ်ဘဝကာလ၌ဖြစ်သော အဝိဇ္ဇာနှင့် သင်္ခါရတို့ကို ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိတွင် သရုပ်အားဖြင့် ဟောအပ်ပြီးဖြစ်၍ ထိုတရား ၂ ပါးကို အတိတ်အကြောင်းအဖြစ် ဦးစွာယူ၏။**

**တစ်ဖန် ဝိပဿနာပညာမရှိ၍ မသိမလိမ္မာသောသူသည် အဝိဇ္ဇာလွှမ်းမိုးသဖြင့် ကာမဂုဏ်ကို လိုချင်တက်မက်မှု–တဏှာဖြစ်၏။ တဏှာဖြင့် လိုချင်တပ်မက်၍ ဆာ လောင်တောင့်တသဖြင့် စွဲလမ်းမှု–ဥပါဒါန်ဖြစ်၏။ စွဲလမ်းမှု–ဥပါဒါန်ဟူသော အကြောင်း ကြောင့် ကောင်းမှုသို့မဟုတ် မကောင်းမှုကို အားထုတ်ပြုလုပ်သဖြင့် သင်္ခါရ, ကမ္မ ဘဝတို့ဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ, သင်္ခါရတို့ကိုယူခြင်းဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ယူပြီးဖြစ်၏။ သို့ဖြစ်၍ ပစ္စုပ္ပန်ဘဝကိုဖြစ်စေသော အတိတ် အကြောင်းအဖြစ် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူအပ်၏။**

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူသည်မှာ–**

''*ရှေးဘဝဝယ် ကမ္မဘဝကိုပြုစဉ်အခါ၌ ရှိခဲ့သောမောဟသည်* ***အဝိဇ္ဇာ*** *ပေတည်း၊*

**ဇယား ၁. ၁ ပဋိစ္စသမုပ္ပါဒ်၏ကာလ ၃ ပါး၊ အင်္ဂါ ၁၂ ပါး၊ အခြင်းအရာ ၂၀**

| ကာလ ၃ ပါး | အင်္ဂါ ၁၂ ပါး | အခြင်းအရာ ၂၀ |
|---|---|---|
| အတိတ်ဘဝ | ၁ အဝိဇ္ဇာ (မသိတွေဝေမှု)<br>၂ သင်္ခါရ (ကံတရား) | ကမ္မဘဝ (ကံတရား)<br>အတိတ်အကြောင်း ၅ ပါး<br>၁၊ ၂၊ ၈၊ ၉၊ ၁၀ |
| ပစ္စုပ္ပန်ဘဝ | ၃ ဝိညာဏ (ဝိပါက်စိတ်)<br>၄ နာမရူပ (နာမ်ရုပ်)<br>၅ သဠာယတန<br>(အတွင်းအာယတန ၆ ပါး)<br>၆ ဖဿ (ထိတွေ့မှု)<br>၇ ဝေဒနာ (ခံစားမှု) | ဥပပတ္တိဘဝ<br>(ဘဝဖြစ်စဉ်)<br><br><br>ပစ္စုပ္ပန်အကျိုး ၅ ပါး<br>၃၊ ၄၊ ၅၊ ၆၊ ၇ |
| | ၈ တဏှာ (လိုချင်တပ်မက်မှု)<br>၉ ဥပါဒါန် (စွဲလမ်းမှု)<br>၁၀ ဘဝ (ကမ္မဘဝ=ကံတရား) | ကမ္မဘဝ (ကံတရား)<br>ပစ္စုပ္ပန်အကြောင်း ၅ ပါး<br>၁၊ ၂၊ ၈၊ ၉၊ ၁၀ |
| အနာဂတ်ဘဝ | ၁၀ (ဥပပတ္တိဘဝ) (ဘဝဖြစ်စဉ်)<br>၁၁ ဇာတိ (ဘဝသစ်ဖြစ်မှု)<br>၁၂ ဇရာမရဏ (အိုခြင်း၊သေခြင်း) | ဥပပတ္တိဘဝ (ဘဝဖြစ်စဉ်)<br>အနာဂတ်အကျိုး ၅ ပါး<br>၃၊ ၄၊ ၅၊ ၆၊ ၇ |

*အားထုတ်မှုတို့သည် **သင်္ခါရ**တို့ပေတည်း၊ လိုချင်နှစ်သက်ခြင်းသည် **တဏှာ**ပေတည်း၊ ကပ်ငြိခြင်းသည် **ဥပါဒါန်**ပေတည်း။ စေတနာသည် ဖြစ်ကြောင်းကံ ဟူသည့် **ကမ္မဘဝ**ပေတည်း။ ဤသို့လျှင် ရှေးဘဝဝယ် ကမ္မဘဝပြုစဉ်၌ ပြီးစီးကုန်သော ဤတရား ၅ ပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းတို့ပေတည်း'' ဟူ၍ဖြစ်၏။*

• **သင်္ခါရနှင့် ကမ္မဘဝတို့၏ထူးခြားချက်**

ကံပြုသူ၏ရှေးအဖို့၌ဖြစ်သောစေတနာတို့သည် သင်္ခါရတို့မည်၏။ ဥပမာ၊ အလှူပေးအံ့ဟု စိတ်ကိုဖြစ်စေပြီးလျှင် လှူဖွယ်ပစ္စည်းတို့ကို ရှာဖွေစုဆောင်းစီမံနေသောအခါ၌ ဖြစ်သည့် ပုဗ္ဗစေတနာကဲ့သို့ ကံပြုသူ၏ရှေ့အဖို့စေတနာတို့သည် သင်္ခါရတို့မည်ပေ၏။

အလှူခံပုဂ္ဂိုလ်၏လက်ထဲသို့ လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းနေသော အလှူရှင်၏ မုဥ္စ စေတနာကဲ့သို့ ကံပြုဆဲအခါ၌ဖြစ်နေသောစေတနာတို့သည် ကမ္မဘဝမည်၏။

**တစ်နည်းအားဖြင့်** – ကံပြုစဉ်ဖြစ်သောဝီထိ၌ အာဝဇ္ဇန်းတစ်ကြိမ်နှင့်နောက်ဖြစ်သည့် ဇော ၆ ကြိမ်နှင့်ယှဉ်သောစေတနာတို့သည် အားထုတ်မှု–သင်္ခါရတို့မည်၏။ သတ္တမ

ဇောနှင့်ယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။

**တစ်နည်းအားဖြင့် –** အမှတ်မရှိတစ်စုံတစ်ခုသောစေတနာသည် ကမ္မဘဝမည်၏။ စေတနာနှင့်ယှဉ်သော တရားတို့သည် အားထုတ်မှု – သင်္ခါရတို့မည်ကုန်၏။

**မှတ်ချက်** – ကံပြုစဉ်အခါဖြစ်သော သဟဇာတကံမည်သည့် စေတနာတို့သည် သင်္ခါရတို့မည်ကုန်၏။ ထိုစေတနာတို့ ချုပ်ငြိမ်း၍ စိတ်အစဉ်တွင် ကျန်ရှိသော နာနာက္ခဏိကကံတို့သည် ကမ္မဘဝဖြစ်၏ဟုယူလျှင် ပို၍လျော်ကန်မည်ဟု ဤစာရေးသူ ယူဆပါသည်။

- **ပစ္စုပ္ပန်အကျိုး ၅ ပါး**

ဇယား ၁. ၁ ၌ ဖော်ပြထားသည့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော တရား ၈ ပါးအနက် **ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**တို့သည် အတိတ်အကြောင်း ၅ ပါးကြောင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကျိုး ၅ ပါးဖြစ်သည်ဟု ပဋိစ္စသမုပ္ပါဒ် ဒေသနာပါဠိတော်၌ သရုပ်အားဖြင့်လာရှိ၏။ ဟောတော်မူပုံကား –

''*ဤပစ္စုပ္ပန်ဘဝ၌ ရှေးဘဝနှင့်ဆက်စပ်သည့်သဘောသည် ဝိညာဏ်ပေတည်း၊ သက်ဝင်ခြင်းသဘောသည် နာမ်ရုပ်ပေတည်း၊ ကြည်လင်သောသဘောသည် အာယတနပေတည်း၊ တွေ့ထိသည့်သဘောသည် ဖဿပေတည်း၊ ခံစားခြင်းသဘောသည် ဝေဒနာပေတည်း၊ ဤ ၅ ပါးသောတရားတို့သည် ဤပစ္စုပ္ပန်ဘဝဝယ် ဥပပတ္တိဘဝ၌ ရှေးဘဝကပြုခဲ့သော ကံဟူသည့်အကြောင်းကြောင့် ဖြစ်ကုန်၏*'' ဟူ၍ပင်တည်း။

(၁) ရှေးဘဝနှင့်ပစ္စုပ္ပန်ဘဝကို ဆက်စပ်သည့်သဘောသည် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။

(၂) အမိဝမ်းတိုက်၌ ရုပ်နာမ်တရားတို့၏သက်ဝင်ခြင်းသဘောသည် ရုပ်နာမ်ဖြစ်ခြင်းပေတည်း။

(၃) ''ကြည်လင်သောသဘောသည် အာယတနပေတည်း''ဟူသည်မှာ စက္ခုပသာဒစသည့် **ပသာဒရုပ် ၅ ပါး**ဟူသော အာယတနတို့၏အစွမ်းအားဖြင့် ဟောကြားခြင်းဖြစ်၏။

(၄) ''တွေ့ထိသည့်သဘောသည် ဖဿပေတည်း''ဟူသည်မှာ ပဋိသန္ဓေဝိညာဏ်နှင့် အာရုံတွေ့ထိသော **ဖဿ**, သဠာယတနလျှင်အကြောင်းရှိသော **ဖဿ**ဖြစ်၏။

(၅) ''ခံစားခြင်းသဘောသည် ဝေဒနာပေတည်း'' ဟူသည်မှာ အဆိုပါဖဿကြောင့်ဖြစ်ပေါ်သော **ဝေဒနာ**ဖြစ်ပေ၏။

- **ပစ္စုပ္ပန်အကြောင်း ၅ ပါး**

**ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌ ပစ္စုပ္ပန်အကြောင်းတရားတို့သည် တဏှာ, ဥပါဒါန်, ဘဝတို့ဖြစ်သည်ဟု ဖော်ပြ၏။ သို့သော် ဘဝကို ယူသည်ရှိသော် ထိုဘဝ၏ ရှေးအဖို့ ဖြစ်ကုန်သော သို့မဟုတ် ထိုဘဝနှင့်ယှဉ်ကုန်သော သင်္ခါရတို့ကိုယူပြီးဖြစ်၏။ တဏှာ, ဥပါဒါန်တို့ကို ယူခြင်းဖြင့်လည်း ၎င်းတို့နှင့်တစ်ပေါင်းတည်းယှဉ်သော အဝိဇ္ဇာကို ယူပြီးဖြစ်၏။ တစ်နည်းကား အဝိဇ္ဇာဖြင့် တွေဝေသောကြောင့် ကံကိုပြု၏။ ထို့ကြောင့် ကမ္မဘဝကိုယူလျှင် အဝိဇ္ဇာကိုလည်း ယူပြီးဖြစ်၏။**

**သို့ဖြစ်၍ ပစ္စုပ္ပန်အကြောင်းတရားတို့သည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကမ္မဘဝ,**

**သင်္ခါရတို့ ဖြစ်ကြ၏။**

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောကြားတော်မူသည်ကား–

''*ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ရင့်ကျက်ခြင်းကြောင့် မောဟဖြစ်ခြင်းသည် အဝိဇ္ဇာပေတည်း၊ အားထုတ်မှုတို့သည် သင်္ခါရတို့ပေတည်း၊ လိုချင်နှစ်သက်ခြင်းသည် တဏှာပေတည်း၊ ကပ်ငြိခြင်းသည် ဥပါဒါန်ပေတည်း၊ စေတနာသည် ဖြစ်ကြောင်း ကမ္မဘဝ ပေတည်း။ ဤသို့လျှင် ယခုပစ္စုပ္ပန်ဘဝဝယ် ကမ္မဘဝ၌ ပါဝင်ကုန်သော ဤ ၅ ပါးသော တရားတို့သည် နောင်အနာဂတ်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့ ပေတည်း*'' ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ –

(၁) ယခုဘဝ၌ အာယတနတို့၏ရင့်ကျက်ခြင်းကြောင့် **အဝိဇ္ဇာ**ဖြစ်၏။

(၂) ကံပြုရန်အားထုတ်မှုတို့သည် **သင်္ခါရ**ဖြစ်၏။

(၃) ကာမဂုဏ်ကို လိုချင်နှစ်သက်မှုသည် **တဏှာ**ဖြစ်၏။

(၄) ကာမဂုဏ်၌ ကပ်ငြိစွဲလမ်းမှုသည် **ဥပါဒါန်**ဖြစ်၏။

(၅) ကံပြုသည့်စေတနာတို့သည် **ကမ္မဘဝ**ဖြစ်၏။

ထို့ကြောင့် အနာဂတ်ဘဝကိုဖြစ်စေသော ပစ္စုပ္ပန်အကြောင်းတရားတို့သည် **အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ**တို့ဖြစ်ကြ၏။

- **အနာဂတ်အကျိုး ၅ ပါး**

ပစ္စုပ္ပန်အကြောင်း ၅ ပါးကြောင့်ဖြစ်ကြသော အနာဂတ်အကျိုး ၅ ပါးတို့မှာ **ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ**တို့ဖြစ်ကြ၏။ ဤတရား ၅ ပါးတို့၏ဖြစ်ခြင်းကို **ဇာတိ**ဟုခေါ်၍ ရင့်ရော်ခြင်း, ပျက်စီးခြင်းကို **ဇရာ, မရဏ**ဟုခေါ်၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောကြားသည်မှာ –

''*နောင်အနာဂတ်ဘဝ၌ ယခုပစ္စုပ္ပန်ဘဝနှင့် ဆက်စပ်ပေးသောသဘောသည် **ဝိညာဏ်**ပေတည်း၊ သက်ဝင်ခြင်းသဘောသည် **နာမ်ရုပ်**ပေတည်း၊ ကြည်လင်သော သဘောသည် **အာယတန**ပေတည်း၊ တွေ့ထိသောသဘောသည် ဖဿပေတည်း၊ ခံစားခြင်းသဘောသည် **ဝေဒနာ**ပေတည်း။ ဤ ၅ ပါးသောတရားတို့သည် နောင်အနာဂတ်ဘဝသစ် ဥပပတ္တိဘဝ၌ ယခုပစ္စုပ္ပန်ဘဝတွင်ပြုအပ်သော ကံဟူသည့်အကြောင်းကြောင့် ဖြစ်ကုန်၏* '' ဟူ၍တည်း။

- **ဝဋ်သုံးပါး**

'ဝဋ္ဋ' သဒ္ဒါသည် စက်ဘီးများချာချာလည်သလို 'လည်ပတ်ခြင်း' အနက်ကို ဟော၏။ ထို့ကြောင့် ''အကြောင်းပြီးလျှင်အကျိုး၊ အကျိုးပြီးလျှင် အကြောင်း'' ဟု အကြောင်းအကျိုး မပြတ်ဘဲ ဆက်ကာဆက်ကာလည်ပတ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ''ဝဋ္ဋ = ဝဋ်'' ဟုခေါ်၏။

**ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ ၁၂ ပါးတွင် –**

**ကိလေသာတရားများကို ကိလေသဝဋ် = အဝိဇ္ဇာ, တဏှာ, ဥပါဒါန်၊**

**ကံတရားများကို ကမ္မဝဋ် = သင်္ခါရ, ကမ္မဘဝ၊**
**ဝိပါက်တရားများကို ဝိပါကဝဋ် = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ (ဥပပတ္တိဘဝ, ဇာတိ, ဇရာမရဏတို့၏တရားကိုယ်မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ပင်ဖြစ်ကြ၏။)**

**ဤဝဋ်သုံးပါးရှိသော ဘဝစက်သည် ကိလေသဝဋ်မပြတ်စဲသေးသမျှကာလပတ်လုံး မပြတ်စဲသောအကြောင်းရှိသည့်အဖြစ်ကြောင့် ရပ်တန့်ခြင်းမရှိဘဲ အဖန်တလဲလဲ လည်ပတ်လျက်ရှိသည်သာတည်း။**

**ကိလေသာဝဋ်ဟူသောအကြောင်းကြောင့် ကမ္မဝဋ်ဖြစ်၏၊ ကမ္မဝဋ်ဟူသောအကြောင်း ကြောင့် ဝိပါကဝဋ်ဖြစ်၏၊ ဝိပါကဝဋ်ဟူသောအကြောင်းကြောင့် ကိလေသဝဋ်ဖြစ်ပြန်၏။ ဤသို့လျှင် အဖန်တလဲလဲ လည်ပတ်လျက်ရှိ၏။**

**• ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကို သိအပ်ပုံများ**

**• ၁ သစ္စာပဘဝ – သစ္စာအမွန်အစအားဖြင့်သိအပ်ပုံ**

အကျိုးသစ္စာတို့၏စ၍ဖြစ်ရာ အကြောင်းသစ္စာသည် 'သစ္စာပဘဝ' မည်၏။

သစ္စဝိဘင်းပါဠိတော်၌ စေတနာနှင့် စေတနာနှင့်ယှဉ်သောတရားတို့ကို ခွဲခြားခြင်းမပြုဘဲ သာမညအားဖြင့် လောကီကုသိုလ်, အကုသိုလ်ကံဟူသမျှကို သမုဒယသစ္စာဟု ဟောတော်မူ၏။ ထိုကိလေသာနှင့်ကံတရားများသည် အကြောင်းသစ္စာထိုက်သဖြင့် သမုဒယသစ္စာတွင် အကျုံးဝင်၏။ သမုဒယသစ္စာကို ဒုတိယသစ္စာဟု သတ်မှတ်၏။ ဝိပါက်တရားများသည် အကျိုးသစ္စာထိုက်သဖြင့် ဒုက္ခသစ္စာတွင် အကျုံးဝင်၏။ ဒုက္ခသစ္စာကို ပထမသစ္စာဟု သတ်မှတ်၏။

(၁) *အဝိဇ္ဇာပစ္စယာ သင်္ခါရာ*သည် ဒုတိယသစ္စာလျှင်အမွန်ရှိသော ဒုတိယသစ္စာတည်း၊
(၂) *သင်္ခါရပစ္စယာ ဝိညာဏံ*သည် ဒုတိယသစ္စာလျှင်အမွန်ရှိသော ပထမသစ္စာတည်း။
(၃) *ဝိညာဏပစ္စယာ နာမရူပံ*သည် ပထမသစ္စာလျှင်အမွန်ရှိသော ပထမသစ္စာတည်း။
(၄) *နာမရူပပစ္စယာ သဠာယတနံ*သည် ပထမသစ္စာလျှင်အမွန်ရှိသော ပထမသစ္စာတည်း။
(၅) *သဠာယတနပစ္စယာ ဖဿော*သည် ပထမသစ္စာလျှင်အမွန်ရှိသော ပထမသစ္စာတည်း။
(၆) *ဖဿပစ္စယာ ဝေဒနာ*သည် ပထမသစ္စာလျှင်အမွန်ရှိသော ပထမသစ္စာတည်း။
(၇) *ဝေဒနာပစ္စယာ တဏှာ*သည် ပထမသစ္စာလျှင်အမွန်ရှိသော ဒုတိယသစ္စာတည်း။
(၈) *တဏှာ ပစ္စယာ ဥပါဒါနံ*သည် ဒုတိယသစ္စာလျှင်အမွန်ရှိသော ဒုတိယသစ္စာတည်း။
(၉) *ဥပါဒါနပစ္စယာ ဘဝေါ*သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ပထမ, ဒုတိယသစ္စာ၊
(ကမ္မဘဝသည် သမုဒယသစ္စာ၊ ဥပပတ္တိဘဝသည် ဒုက္ခသစ္စာ)
(၁၀) *ဘဝပစ္စယာ ဇာတိ*သည် ဒုတိယသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာတည်း။
(၁၁) *ဇာတိပစ္စယာ ဇရာမရဏံ*သည် ပထမသစ္စာလျှင် အမွန်ရှိသော ပထမသစ္စာတည်း။

**• ၂ ကိစ္စအားဖြင့် သိအပ်ပုံ**

ပဋိစ္စသမုပ္ပါဒ်၏အင်္ဂါ ၁၂ ပါးတို့သည် လုပ်ငန်းကိစ္စ ၂ မျိုးစီကို ဆောင်ရွက်ကြ၏။

(၁) အဝိဇ္ဇာသည် ထုတ္တုအာရုံတို့၌ သတ္တဝါတို့ကို တွေဝေစေတတ်၏၊ သင်္ခါရတို့အား ထင်ရှားစွာ ဖြစ်ပေါ်ရန်လည်း ကျေးဇူးပြုတတ်၏။

(၂) သင်္ခါရတို့သည် ပြုပြင်အပ်သောဘဝကိုလည်း ပြုပြင်တတ်ကုန်၏၊ ဝိညာဏ်၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်ကုန်၏။

(၃) ဝိညာဏ်သည် အာရုံကိုလည်း သိတတ်၏၊ နာမ်ရုပ်၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၄) နာမ်ရုပ်သည် အချင်းချင်းကိုလည်း ကျေးဇူးပြုတတ်၏၊ သဠာယတန၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၅) သဠာယတနသည် မိမိနှင့်ဆိုင်သောအဆင်းစသည့်အာရုံ၌လည်း ဖြစ်တတ်၏၊ ဖဿ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၆) ဖဿသည် အာရုံကိုလည်း တွေ့ထိတတ်၏၊ ဝေဒနာ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၇) ဝေဒနာသည် အာရုံ၏အရသာကိုလည်း ခံစားတတ်၏၊ တဏှာ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၈) တဏှာသည် တပ်မက်ဖွယ်အာရုံ၌လည်း တပ်မက်တတ်၏၊ ဥပါဒါန်၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၉) ဥပါဒါန်သည် စွဲလမ်းဖွယ်အာရုံတို့ကိုလည်း စွဲလမ်းတတ်၏၊ ဘဝ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၁၀) ဘဝသည် အထူးထူးအပြားပြား ၅ ပါးသော ဂတိတို့၌လည်း ပစ်ချတတ်၏၊ ဇာတိ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၁၁) ဇာတိသည် ဖြစ်ဆဲခန္ဓာတို့၏ အသစ်ဖြစ်စအဖြစ်ဖြင့် ခန္ဓာတို့ကို ဖြစ်စေတတ်၏၊ ဇရာမရဏ၏ဖြစ်ခြင်းကိုလည်း ကျေးဇူးပြုတတ်၏။

(၁၂) ဇရာမရဏသည် ခန္ဓာတို့၏ရင့်ခြင်း, ပျက်ခြင်းအဖြစ်ကို စီမံခန့်ခွဲတတ်၏၊ ဝါ၊ ပြီးစေတတ်၏၊ သောကစသည်တို့၏တည်ရာမှီရာဖြစ်ခြင်းကြောင့် တစ်ပါးသော ဘဝသစ် ထင်ရှားစွာဖြစ်ရန်ကိုလည်း ကျေးဇူးပြုတတ်၏။

**• ၃ တားမြစ်ခြင်းအားဖြင့် သိအပ်ပုံ**

**(၁) ''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏'' ဟူသောစကားသည် ''ပြုလုပ်ဖန်ဆင်းတတ်သောသူရှိသည်'' ဟူသည့်မိစ္ဆာအမြင်ကို တားမြစ်၏။**

**(၂) ''သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်ဖြစ်၏ ''ဟူသော စကားသည် အတ္တကောင်သည် ဘဝသစ်သို့ပြောင်းသွားသည်ဟူသောမိစ္ဆာအမြင်ကို တားမြစ်၏။**

**(၃) ''ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏ '' ဟူသောစကားသည် အတ္တဟုကြံစည်အပ်သော ခန္ဓာငါးပါးဟူသည့်ထုတ္တု၏အသီးသီးကွဲပြားခြင်းကို ပြခြင်းကြောင့် ''တစ်လုံးတစ်ခဲတည်း, တစ်ယောက်တည်း'' ဟုထင်မှတ်သော ဃနသညာကို တားမြစ်၏။**

**(၄) ''နာမ်ရုပ်ဟူသောအကြောင်းကြောင့် သဠာယတနဖြစ်၏'' ဤသို့အစရှိသော စကားတို့သည် ''အတ္တသည် မြင်တတ်၏၊ ကြားတတ်၏၊ နံတတ်၏၊ စားတတ်၏၊ ထိတတ်၏၊ သိတတ်၏၊ ထိတွေ့တတ်၏၊ ခံစားတတ်၏၊ ဆာလောင်တပ်မက်တတ်၏၊ စွဲလမ်းတတ်၏။ ဖြစ်စေတတ်၏၊ ရင့်တတ်အိုတတ်၏၊သေတတ်ပျက်တတ်၏''** ဤသို့ အစရှိသော မိစ္ဆာအမြင်ကို တားမြစ်၏။

**• ၄ ဥပမာတို့ဖြင့် သိအပ်ပုံ**

**အဝိဇ္ဇာသည် သဘာဝဓမ္မတို့၏ သဘာဝလက္ခဏာ, သာမညလက္ခဏာ စသည်တို့ကို မမြင်မသိသဖြင့် သူကန်းနှင့် တူ၏။**

**သင်္ခါရ – အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် သူကန်း၏ခြေချော်ခြင်းနှင့်တူ၏။**

**ဝိညာဏ် – သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည် ခြေချော်သောသူကန်း၏ လဲကျခြင်းနှင့်တူ၏။**

**နာမ်ရုပ် – ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်သည် လဲကျသောသူကန်းအား အိုင်းအမာဖြစ်ပေါ်ခြင်းနှင့် တူ၏။**

**သဠာယတန – နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနသည် အိုင်းအမာပေါက်ကွဲရန် ဖြစ်ပေါ်သော သွေးပုပ်ပြည်စုအဖုလုံးနှင့် တူ၏။**

**ဖဿ – သဠာယတနကြောင့်ဖြစ်သော ဖဿသည် အိုင်းအမာအဖုလုံးကို တိုက်ခိုက်မိခြင်းနှင့် တူ၏။**

**ဝေဒနာ – ဖဿကြောင့်ဖြစ်သော ဝေဒနာသည် တိုက်ခိုက်မိခြင်းကြောင့်ဖြစ်သော နာကျင်မှု ဆင်းရဲနှင့်တူ၏။**

**တဏှာ – ဝေဒနာကြောင့်ဖြစ်သော တဏှာသည် ဆင်းရဲကို ကုစားပယ်ဖျောက်ရန် လိုလားတောင့်တခြင်းနှင့် တူ၏။**

**ဥပါဒါန် – တဏှာကြောင့်ဖြစ်သော ဥပါဒါန်သည် ဆင်းရဲကိုကုစားလိုသဖြင့် မသင့်လျော်သောဆေးကို စွဲယူခြင်းနှင့်တူ၏။**

**ဘဝ – ဥပါဒါန်ကြောင့်ဖြစ်သော ဘဝသည် စွဲယူထားသော မသင့်လျော်သည့်ဆေးကို လူးလိမ်းခြင်းနှင့် တူ၏။**

**ဇာတိ – ဘဝကြောင့်ဖြစ်သော ဇာတိသည် မသင့်လျော်သောဆေးကို လူးလိမ်းခြင်းကြောင့် အိုင်းအမာ၏ဖောက်ပြန်မှု ဖြစ်ပေါ်ခြင်းနှင့်တူ၏။**

**ဇရာ မရဏ – ဇာတိကြောင့်ဖြစ်သော ဇရာ မရဏသည် အိုင်းအမာ၏ဖောက်ပြန်ခြင်းကြောင့် အိုင်းအမာ၏ပေါက်ကွဲခြင်းနှင့် တူ၏။**

**တစ်နည်းဥပမာပြခြင်း**

**အဝိဇ္ဇာ**သည် **တိမ်သလာ**နှင့်တူ၏။

တိမ်သလာသည် မျက်စိကို လွှမ်းမိုးဖုံးကွယ်သကဲ့သို့ အဝိဇ္ဇာသည် အမှန်ကို မသိခြင်း, မှားယွင်းစွာသိခြင်းအားဖြင့် သတ္တဝါတို့ကို လွှမ်းမိုးဖုံးကွယ်တတ်၏။

**သင်္ခါရ**သည် **ပိုးအိမ်အစိတ်အပိုင်း**နှင့်တူ၏။

ပိုးအိမ်ကို လုပ်တတ်သောပိုးကောင်သည် ပိုးအိမ်၏အစိတ်အပိုင်းတို့ဖြင့် မိမိ၏ကိုယ်ကို ရစ်ပတ်သကဲ့သို့ အဝိဇ္ဇာလွှမ်းမိုးသည့် မသိမလိမ္မာသောသူသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သည့် ပိုးအိမ်အစိတ်အပိုင်းနှင့်တူသော သင်္ခါရတို့ဖြင့် မိမိကိုယ်ကို ရစ်ပတ်၏။

**ဝိညာဏ်**သည် **မင်းသား**နှင့်တူ၏။

ရှေ့ဆောင်မှူးကြီးမတ်ကြီးတို့က သိမ်းပိုက်စောင့်ရှောက်ထားသော မင်းသားသည် မင်းအဖြစ်၌တည်ရာရသကဲ့သို့ ထို့အတူ သင်္ခါရတို့က သိမ်းဆည်းထောက်ပံ့အပ်သော ဝိညာဏ်သည် ဂတိငါးပါး၌ တည်ရာကိုရ၏။

**နာမ်ရုပ်သည် မျက်လှည့်အမှုနှင့်တူ၏**

**မျက်လှည့်ဆရာသည် မျက်လှည့်အမှု အမျိုးမျိုးကို ဖြစ်စေသကဲ့သို့ ဝိညာဏ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသည့် ပဋိသန္ဓေအာရုံကို အာရုံပြုခြင်းကြောင့် နတ်, လူ, သားကောင်, ငှက်စသည်အားဖြင့် နာမ်ရုပ်အမျိုးမျိုးကိုဖြစ်စေ၏။ ထို့ကြောင့် ဝိညာဏ်သည် မျက်လှည့်ဆရာနှင့်တူပြီးလျှင် နာမ်ရုပ်သည် မျက်လှည့်အမှုနှင့်တူ၏။**

**သဠာယတန**သည် **တောအုပ်**နှင့်တူ၏။

မြေကောင်း၌တည်သော တောအုပ်သည် ကြီးပွါးခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ နာမ်ရုပ်၌တည်သော သဠာယတနသည် ကြီးပွား, စည်ပင် ပြန့်ပြောခြင်းသို့ရောက်၏။

**ဖဿ**သည် **မီး**နှင့်တူ၏။

မီးပွတ်ခုံနှင့် မီးပွတ်တံတို့ အချင်းချင်းပွတ်တိုက်ခြင်းကြောင့် မီးဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ အတွင်းအာယတနနှင့် အပြင်အာယတနတို့ အချင်းချင်းထိတိုက်ကြခြင်းကြောင့် ဖဿသည် ဖြစ်ပေါ်၏။

**ဝေဒနာ**သည် **ပူလောင်ခြင်း**နှင့်တူ၏။

မီးနှင့် တွေ့ထိသောသူအား ပူလောင်ခြင်းဖြစ်သကဲ့သို့ ထို့အတူ ဖဿနှင့် တွေ့ထိသော သူအား ဝေဒနာသည် ဖြစ်ပေါ်၏။

**တဏှာ**သည် **ရေငတ်ခြင်း**နှင့်တူ၏။

ဆားငန်ရေကို သောက်သောသူအား ရေငတ်ခြင်းသည် တိုးပွားသကဲ့သို့ ထို့အတူ ဝေဒနာကိုခံစားသောသူအား တဏှာသည် တိုးပွား၏။

**ဥပါဒါန်**သည် **ရေကိုမျှော်လင့်တောင့်တမှု**နှင့် တူ၏။

ရေငတ်သောသူသည် သောက်ရေကို မျှော်လင့်တောင့်တမှုကို ပြုသကဲ့သို့ ထို့အတူ အာရုံကိုဆာလောင်ငတ်မွတ်သောသူသည် ထိုထိုအာရုံတို့ကို ရနိုင်သည့်ဘဝကို လိုချင်တောင့်တလျက်နေ၏။

**ဘဝ**သည် **ငါးမျှားချိတ်**နှင့်တူ၏။

ငါးသည် အစာကိုတပ်မက်ခြင်းကြောင့် ငါးမျှားချိတ်ကို ဟပ်မိသကဲ့သို့ ထို့အတူ စွဲလမ်းမှုဥပါဒါန်ဖြင့် ဘဝကိုစွဲလမ်းတပ်မက်လျက် ကမ္မဘဝကို ပြုလုပ်စေ, ဖြစ်စေ၏။

**ဇာတိ**သည် **အညွန့်အညှောက်**နှင့်တူ၏။

မျိုးစေ့ရှိလျှင် အညွန့်အညှောက်ပေါက်လာသကဲ့သို့ ထို့အတူ ကမ္မဘဝရှိလျှင် ဇာတိဖြစ်ပေါ်လာ၏။ (ကမ္မဘဝသည် မျိုးစေ့နှင့်တူ၏။)

**ဇရာမရဏ**သည် **သစ်ပင်ရင့်ရော်၍ လဲကျခြင်း**နှင့်တူ၏။

ပေါက်ပွါးကြီးထွားလာသော သစ်ပင်သည် ရင့်ရော်ပြီးလဲကျသကဲ့သို့ ထို့အတူ ဘဝသစ်ဖြစ်ပြီးသောသူ၏ခန္ဓာသည်လည်း ကေန်မချွတ် အိုခြင်း, သေခြင်း ဖြစ်ရပေလိမ့်မည်။

- **၅ နက်နဲခြင်းအားဖြင့် သိအပ်ပုံ**

**'ဂမ္ဘီရတာ' ခေါ် နက်နဲခြင်း ၄ ပါးရှိ၏ –**

**(၁) အတ္ထဂမ္ဘီရတာ – အကျိုး (အတ္ထ) အားဖြင့် နက်နဲခြင်း၊**

**(၂) ဓမ္မဂမ္ဘီရတာ – အကြောင်း (ဓမ္မ) အားဖြင့် နက်နဲခြင်း။**

**(၃) ဒေသနာဂမ္ဘီရတာ – ဟောစဉ် (ဒေသနာ)အားဖြင့် နက်နဲခြင်း။**

**(၄) ပဋိဝေဓဂမ္ဘီရတာ – ထိုးထွင်း၍သိမြင်ခြင်း (ပဋိဝေဓ)အားဖြင့် နက်နဲခြင်းတို့တည်း။**

**(၁) အကျိုးအားဖြင့် နက်နဲခြင်း (*အတ္ထဂမ္ဘီရတာ*)**

**ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ၏ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ထို့အတူ ကမ္မဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ပ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်လာခြင်းသဘောသည် နက်နဲ၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အကျိုး (အတ္ထ) အားဖြင့် နက်နဲခြင်းသည် ''အတ္ထဂမ္ဘီရတာ' မည်၏။ အကြောင်း၏အကျိုးကို အတ္ထဟုခေါ်၍ အကြောင်း၏အကျိုး၌ဖြစ်သောဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါ' မည်၏။**

**(၂) အကြောင်းအားဖြင့် နက်နဲခြင်း (*ဓမ္မဂမ္ဘီရတာ*)**

**အဝိဇ္ဇာသည် အကြင်ဖြစ်ပုံအခြင်းအရာအားဖြင့်လည်းကောင်း၊ အကြင်အခိုက်အတန့်ရှိသည်ဖြစ်၍လည်းကောင်း၊ ထိုထိုသင်္ခါရတို့အား ကျေးဇူးပြုတတ်၏၊ ထိုအခြင်းအရာနှင့်အခိုက်အတန့်၏ သိနိုင်ခဲသည့်အဖြစ်ကြောင့် အဝိဇ္ဇာ၏ သင်္ခါရတို့အား ကျေးဇူးပြုတတ်သောသဘောသည် နက်နဲ၏။ ထို့အတူ သင်္ခါရတို့၏။ ပ ။ ဇာတိ၏ ဇရာမရဏအားကျေးဇူးပြုတတ်သောသဘောသည် နက်နဲ၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အကြောင်း (ဓမ္မ) အားဖြင့် နက်နဲခြင်းသည် 'ဓမ္မဂမ္ဘီရတာ'မည်၏။ ဓမ္မဟူသော အကြောင်း၌ဖြစ်သော ဉာဏ်သည် 'ဓမ္မပဋိသမ္ဘိဒါ' မည်၏။**

**(၃) ဟောစဉ်အားဖြင့် နက်နဲခြင်း (*ဒေသနာဂမ္ဘီရတာ*)**

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဝေနေယျတို့၏အလိုအဈွာသယအားလျော်စွာ သစ္စာလေးပါးကို သိစေနိုင်ခြင်းစသည့် ထိုထိုအကြောင်းကြောင့် အနုလုံ, ပဋိလုံစသော ထိုထိုအခြင်းအရာအားဖြင့် ဟောကြားတော်မူသည့်အဖြစ်ကြောင့် ဒေသနာဟောစဉ်သည်လည်း နက်နဲ၏။ ထိုဟောသင့်သောအခြင်းအရာ၌ သဗ္ဗညုတဉာဏ်တော်မှတစ်ပါးသောဉာဏ်သည်

ထောက်တည်ရာကို မရနိုင်၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဟောကြားရာတွင် –

၁ အချို့သုတ်၌ အနုလုံအားဖြင့်၊
၂ အချို့သုတ်၌ ပဋိလုံအားဖြင့်၊
၃ အချို့သုတ်၌ အနုလုံ-ပဋိလုံအားဖြင့်၊
၄ အချို့သုတ်၌ အလယ်မှစ၍ အနုလုံအားဖြင့်၊
၅ အချို့သုတ်၌ အလယ်မှစ၍ ပဋိလုံအားဖြင့်၊
၆ အချို့သုတ်၌ အစပ် ၃ ခု၊ အလွှာ ၄ ခုရှိသည်ကိုပြ၍၊
၇ အချို့သုတ်၌ အစပ် ၂ ခု၊ အလွှာ ၃ ခုရှိသည်ကိုပြ၍၊
၈ အချို့သုတ်၌ အစပ် ၁ ခု၊ အလွှာ ၂ ခုရှိသည်ကိုပြ၍ ဟောတော်မူ၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ ဟောစဉ် (ဒေသနာ) အားဖြင့်နက်နဲခြင်းသည် '**ဒေသနာဂမ္ဘီရတာ**' မည်၏။

**(၄) ထိုးထွင်း၍သိမြင်ခြင်းအားဖြင့် နက်နဲခြင်း (*ပဋိဝေဓဂမ္ဘီရတာ*)**

**ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အဝိဇ္ဇာစသည်တို့၏ အသီးသီးသော သဘောသည် ဉာဏ်ဖြင့် သက်ဝင်နိုင်ခဲသောကြောင့် နက်နဲ၏။ ထို့ကြောင့် ဤဘဝစက်သည် ဉာဏ်ဖြင့်ထိုးထွင်း၍ သိအပ်သော ပဋိဝေဓသဘောအားဖြင့် နက်နဲ၏။ နက်နဲပုံကို ရှင်းပြရသော်–**

- **အဝိဇ္ဇာ၏ အာရုံ၏သဘောအမှန်ကို မသိခြင်းသဘော, မမြင်ခြင်းသဘော, အရိယသစ္စာကို ထိုးထွင်း၍ မသိခြင်းသဘောသည် နက်နဲ၏။**
- **သင်္ခါရတို့၏ ပြုခြင်းသဘော, အားထုတ်ခြင်းသဘော, တပ်မက်မှုနှင့်တကွဖြစ်ခြင်းသဘော, တပ်မက်မှုကင်းခြင်းသဘောသည် နက်နဲ၏။**
- **ဝိညာဏ်၏ အတ္တမှကင်းဆိတ်ခြင်းသဘော, ကြောင့်ကြဗျာပါရကင်းခြင်းသဘော, ဘဝဟောင်းမှပြောင်းရွှေ့ခြင်းမရှိဘဲ ဘဝသစ်၌ ပဋိသန္ဓေ၏ ထင်ရှားဖြစ်ခြင်းသဘောသည် နက်နဲ၏။**
- **နာမ်ရုပ်၏တစ်ပေါင်းတည်းဖြစ်ခြင်းသဘော, အသီးသီးခွဲခြမ်းအပ်သောသဘော, မခွဲခြမ်းအပ်သောသဘော, ညွတ်ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည်နက်နဲ၏။**
- **သဠာယတန၏ အစိုးရခြင်းသဘော, လောက၏အဖြစ်, ဒွါရအဖြစ်, ခေတ္တအဖြစ်, အာရုံ၏ထင်ရာဝိသယီအဖြစ်ဟူသော သဘောသည် နက်နဲ၏။**
- **ဖဿ၏ထိတွေ့ခြင်း, တိုက်ခိုက်ခြင်း, ပေါင်းဆုံခြင်း, စုဝေးခြင်းသဘောတို့သည် နက်နဲ၏။**
- **ဝေဒနာ၏ အာရုံ၏အရသာကိုခံစားခြင်းသဘော, ချမ်းသာခြင်း, ဆင်းရဲခြင်း, အလယ်အလတ်ခံစားခြင်းသဘော, အသက်ကောင်မဟုတ်သောသဘော, ခံစားခြင်းသဘောသည် နက်နဲ၏။**
- **တဏှာ၏နှစ်သက်ပျော်မွေ့ခြင်းသဘော, မျိုသိမ်းခြင်းသဘော, စီးသွားခြင်းသဘော ဖွဲ့နှောင်တတ်သည့် နွယ်နှင့်တူသောသဘော, မြစ်နှင့်တူသောသဘော, ဆာလောင်ခြင်းသဘော, သမုဒ္ဒရာကဲ့သို့ ပြည့်စေနိုင်ခဲသောသဘောတို့သည် နက်နဲ၏။**

– ဥပါဒါန်၏ ယူခြင်း, စွဲလမ်းခြင်းသဘော, မြဲမြဲစွာနှလုံးသွင်းခြင်းသဘော, မှားသော အားဖြင့်သုံးသပ်ခြင်းသဘာ, ကျော်လွှန်နိုင်ခဲသောသဘောသည် နက်နဲ၏။
– ဘဝ၏ အားထုတ်ခြင်း, ပြုပြင်ခြင်းသဘော, ယောနိ, ဂတိ, ဌိတိ, နိဝါသတို့၌ ပစ်ချခြင်းသဘောသည် နက်နဲ၏။
– ဇာတိ၏ဖြစ်ခြင်းသဘော, ကောင်းစွာဖြစ်ခြင်း, သက်ဝင်ခြင်း, အသစ်ဖြစ်ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း သဘောတို့သည် နက်နဲ၏။
– ဇရာမရဏာ၏ ကုန်ခြင်း, ပျက်ခြင်းသဘော, ပျက်စီးခြင်း, ဖောက်ပြန်ခြင်းသဘော တို့သည် နက်နဲ၏။

• ၆ ဧကတ္တစသောနည်း ၄ ပါး

ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကို နည်းအပြားအားဖြင့် သိပုံကား (၁) ဧကတ္တနည်း၊ (၂) နာနတ္တနည်း၊ (၃) အဗျာပါရနည်း၊ (၄) ဧဝံဓမ္မတာနည်း ဟူ၍ ၄ ပါးရှိ၏။

(၁) ဧကတ္တနည်း

''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏၊ သင်္ခါရဟူသောအကြောင်း ကြောင့် ဝိညာဏ်ဖြစ်၏'' စသောနည်းဖြင့် မျိုးစေ့မှ အညွန့်, အညှောက်, အပင်အဖြစ် သို့ရောက်ခြင်းကဲ့သို့ ရုပ်နာမ်အစဉ်သန္တာန်၏မပြတ်စဲခြင်းကိုသိသောနည်းသည် ''ဧကတ္တနည်း'' မည်၏။

ဧကတ္တနည်းကို မှန်ကန်စွာ သိမြင်သောပုဂ္ဂိုလ်သည် အကြောင်းနှင့်အကျိုးတို့၏ဆက် စပ်ခြင်းအားဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ ကို ပယ်၏။

ဧကတ္တနည်းကို မှားယွင်းစွာသိမြင်သောပုဂ္ဂိုလ်သည် အကြောင်းနှင့်အကျိုးတို့၏ ဆက်စပ်ခြင်းအားဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏မပြတ်စဲခြင်းကို ပုဂ္ဂိုလ်တစ်ဦးတည်း, တစ်ယောက်တည်းဟု မှတ်ယူခြင်းကြောင့် သဿတဒိဋ္ဌိကို စွဲယူ၏။

မှတ်ချက် – သတ္တဝါသေလျှင် ဘဝပြတ်စဲသည်ဟုယူဆခြင်းသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။ သတ္တဝါသေလျှင် အတ္တကောင်သည် ဘဝဟောင်းမှ ဘဝသစ်သို့ ကူးပြောင်းသွားသည် ဟုယူဆခြင်း, အတ္တကောင်သည် ထာဝရတည်မြဲသည်ဟုယူဆခြင်းသည် သဿတ ဒိဋ္ဌိမည်၏။

(၂) နာနတ္တနည်း

အဝိဇ္ဇာ, သင်္ခါရ စသည်တို့၏ မိမိ, မိမိနှင့်ဆိုင်ရာ သဘောလက္ခဏာအသီးသီးကို ပိုင်းခြား၍သိသောနည်းသည် ''နာနတ္တနည်း'' မည်၏။

နာနတ္တနည်းကို မှန်ကန်စွာသိမြင်သောပုဂ္ဂိုလ်သည် အသစ်အသစ်ဖြစ်သောတရားတို့ ၏ဖြစ်ခြင်းကို သိမြင်ခြင်းကြောင့် သဿတဒိဋ္ဌိကို ပယ်၏။

နာနတ္တနည်းကို မှားယွင်းစွာသိမြင်သောပုဂ္ဂိုလ်သည် တစ်ခုတည်းသောသန္တာန်၌ ကျရောက်သော အကြောင်းအကျိုးရုပ်နာမ်တရားအပေါင်း၏ အသီးသီးကွဲပြားသည့်

**အဖြစ်ကို စွဲယူခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို စွဲယူ၏။**

**(၃) အဗျာပါရနည်း**

**အဝိဇ္ဇာ၌ ''သင်္ခါရတို့ကို ငါသည် ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း၊ သင်္ခါရတို့၌လည်း ''ဝိညာဏ်ကိုငါတို့သည်ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း၊ ဤသို့စသော ကြောင့်ကြ, ဗျာပါရမရှိခြင်းသည် ''အဗျာပါရနည်း'' မည်၏။**

**အဗျာပါရနည်းကို မှန်ကန်စွာသိမြင်သော ပုဂ္ဂိုလ်သည် ပြုတတ်သောအတ္တမရှိခြင်းကို သိမြင်ခြင်းကြောင့် ပရမအတ္တရှိ၏ဟုစွဲယူသော အတ္တဒိဋ္ဌိကိုပယ်၏။**

**အဗျာပါရနည်းကို မှားယွင်းစွာသိမြင်သောပုဂ္ဂိုလ်သည် ဗျာပါရမရှိငြားသော်လည်း အဝိဇ္ဇာစသည်တို့၏သဘာဝနိယာမဖြင့် ပြီးစီးသောအကြောင်း၏အဖြစ်သည် ရှိ၏။ ဤအကြောင်း၏အဖြစ်ကို မယူခြင်းကြောင့် အကိရိယဒိဋ္ဌိကိုစွဲယူ၏။**

**မှတ်ချက်** –

(၁) **သဘာဝနိယာမ**ဟူသည်မှာ ဓမ္မနိယာမပင်ဖြစ်၏။ အဝိဇ္ဇာစသောအကြောင်းတို့ကြောင့် သင်္ခါရစသည့်အကျိုးတရားတို့၏ ကိန်းသေမုချဖြစ်ခြင်းကိုပင် သဘာဝနိယာမဟုဆို၏။

(၂) ကောင်းမှု, မကောင်းမှုတို့ကိုပြုသော်လည်း ကုသိုလ်ကံ, အကုသိုလ်ကံမဖြစ်ဟု ယူဆခြင်းသည် **အကိရိယဒိဋ္ဌိ** မည်၏။ အဗျာပါရနည်းကို မှားယွင်းစွာမြင်သောသူသည် တစ်စုံတစ်ခုဖြစ်ပေါ်အောင် ကြောင့်ကြပြုတတ်သော တရားမရှိဟု ယူခြင်းကြောင့် အကိရိယဒိဋ္ဌိဖြစ်၏။

**(၄) ဧဝံဓမ္မတာနည်း**

**နို့ရည်မှ နို့ဓမ်း (ဒိန်ချဉ်) ဖြစ်ခြင်းကဲ့သို့ အဝိဇ္ဇာစသောအကြောင်းတို့မှ သင်္ခါရစသည့် အကျိုးတရားတို့သာ ဖြစ်ကြ၏။ အခြားတရားတို့၏ဖြစ်ခြင်းမဟုတ်ဟုသိသောနည်းသည် ''ဧဝံဓမ္မတာ'' နည်းမည်၏။**

**ဧဝံဓမ္မတာနည်းကို မှန်ကန်စွာသိမြင်သောပုဂ္ဂိုလ်သည် အကြောင်းအားလျော်စွာ အကျိုးကိုသိခြင်းကြောင့် အဟေတုကဒိဋ္ဌိ နှင့် အကိရိယဒိဋ္ဌိတို့ကို ပယ်၏။**

**ဧဝံဓမ္မတာနည်းကို မှားယွင်းစွာသိမြင်သော ပုဂ္ဂိုလ်သည် အကြောင်းအားလျော်စွာ အကျိုး၏ဖြစ်ခြင်းကို မယူမူဘဲ အမှတ်မရှိတစ်စုံတစ်ခုသောအကြောင်းကြောင့် အမှတ်မရှိ တစ်စုံတစ်ခုသော အကျိုး၏ဖြစ်ခြင်းကို ယူခြင်းကြောင့် အဟေတုကဒိဋ္ဌိနှင့် နိယတဝါဒတို့ကို စွဲယူ၏။**

**မှတ်ချက်** – (၁) ''အကျိုးဟူသမျှသည် အကြောင်းမရှိ'' ဟု ယူသော အယူများသည် **အဟေတုကဒိဋ္ဌိ** မည်၏။ ''အကျိုးကိုပြုပြင်စီရင်တတ်သော အကြောင်းမရှိ''ဟု ယူသောအယူများသည် **အကိရိယဒိဋ္ဌိ**မည်၏။

(၂) ''အမှတ်မရှိတစ်စုံတစ်ခုသောအကြောင်းကြောင့်'' စသည်၌ဆိုလိုသည်မှာ – တစ်ပါးသောအကြောင်းကြောင့် တစ်ပါးသော အကျိုးဖြစ်ခြင်းသည် အကယ်၍ရှိငြားအံ့၊ သဲမှ ဆီဖြစ်ခြင်း ရှိရာ၏။ ကြံမှ နို့ရည်ဖြစ်ခြင်း ရှိရာ၏။ (စင်စစ်သော်ကား ထိုသို့ဖြစ်ခြင်းမရှိပေ)

ထို့ကြောင့် အကျိုးဟူသမျှသည် အကြောင်းမရှိဟုယူသော **အဟေတုကဒိဋ္ဌိ**ကိုလည်းကောင်း၊ အကြောင်းမရှိငြားသော်လည်း ကိန်းသေသတ်မှတ်ချက်ရှိသည့်အဖြစ်ကြောင့် နှမ်းစေ့၊ နွားမ, သုက်သွေးစသည်တို့မှ ဆီ, နို့ရည်, ကိုယ်စသည်တို့ ဖြစ်ကြ၏ဟုယူသော **နိယတ ဝါဒ**ကိုလည်းကောင်း၊ မှားယွင်းစွာစွဲယူ၏။ ဤအဟေတုကဒိဋ္ဌိနှင့် နိယတဝါဒတို့သည် ဗုဒ္ဓလက်ထက်တော်က **မက္ခလိဂေါသာလ**၏ အယူဝါဒဖြစ်၏။

(၃) **နိယတဝါဒ**ဟူသည်မှာ ''သတ္တဝါအသီးသီး၌ ချမ်းသာရန်, ဆင်းရဲရန်, အယုတ် အမြတ် ဘဝအမျိုးမျိုးဖြစ်ရန်, ဘဝပေါင်းကမ္ဘာပေါင်း မည်မျှကြာအောင် ကျင်လည်ရန်, သံသရာမှလွတ်မြောက်ရန် မှချကိန်းသေသတ်မှတ်ချက်, ကန့်သတ်ချက်ရှိ၏။ ထိုကိန်းသေ သတ်မှတ်ချက်, ကန့်သတ်ချက်ရှိသည့်အတိုင်းသာလျှင် သတ္တဝါတို့သည် ချမ်းသာကြရ၏၊ ဆင်းရဲကြရ၏၊ ဘဝအမျိုးမျိုး၌ကျင်လည်ကြရ၏။ ဆင်းရဲမှလွတ်ချိန်တန်သောအခါ သံသရာမှ လွတ်မြောက် ကြရ၏။ ပညာရှိပင်ဖြစ်သော်ငြားလည်း ချမ်းသာအောင်, သံသရာတိုအောင် မပြုကျင့်နိုင်၊ သူမိုက်မှာလည်း မိုက်မဲစွာပြုမှုကြောင့် သံသရာရှည်ခြင်း, ဆင်းရဲခြင်းမဖြစ်နိုင်၊ ကိန်းသေကန့်သတ်ချက်အရသာလျှင် အချိန်တန်သောအခါ သံသရာမှ လွတ်မြောက်ကြ ရ၏''ဟု ယူဆပြောဆိုသောဝါဒဖြစ်၏။

- **ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် နက်နဲ၍ ကျော်လွန်ရန်ခဲယဉ်းပုံ**

ဤဆိုခဲ့သည့်အတိုင်း ဘဝစက်သည် '**ဂမ္ဘီရတာ**' ခေါ် နက်နဲခြင်း ၄ ပါးဖြင့် အလွန် နက်နဲသောကြောင့် ထောက်တည်ရာမရှိချေ။ ဧကတ္တနည်းစသော နည်း ၄ ပါးဖြင့် အလွန်ရှုပ်ထွေးသည့်အဖြစ်ကြောင့် ကျော်လွန်ရန်ခဲယဉ်း၏။

***သမာဓိဟူသော မြတ်သောကျောက်ပြင်ထက်၌ မြမြထက်အောင် ကောင်းစွာ သွေးအပ်ပြီးသည့် ဉာဏ်သန်လျက်ဖြင့် ပဋိစ္စသမုပ္ပါဒ်ခေါ် သံသရာဘဝစက်ကို မဖောက်ခွဲမူဘဲ အကြောင်းအကျိုးဆက်နွှယ်မှုများကို ထိုးထွင်း၍မမြင်သိဘဲ မိုးကြိုးစက်ကဲ့သို့ အမြဲနှိပ်စက်တတ်သည့် သံသရာဘေးဆိုးကြီးကို ကျော်လွန် သောသူဟူသည်မှာ အိပ်မက်၌သော်လည်း တစ်စုံတစ်ယောက်မျှ မရှိချေ။***

**မြတ်စွာဘုရားသည်** ***''အာနန္ဒာ – ဤပဋိစ္စသမုပ္ပါဒ်သည် နက်လည်းနက်နဲ၏၊ နက်ယောင်လည်း ထင်၏၊ အာနန္ဒာ– ဤပဋိစ္စသမုပ္ပါဒ်တရားကို လျော်စွာမသိခြင်း, ထိုးထွင်း၍မသိခြင်းကြောင့် သတ္တဝါအပေါင်းတို့သည် ဤသို့လျှင် ချည်ခင်ရှုပ်ကဲ့သို့ ဖြစ်လျက် စာပေါင်းသိုက်ကဲ့သို့ဖြစ်လျက် ဖြူဆံမြက်, မြိတ်မြက်ကဲ့သို့ ဖြစ်လျက် ကြီးပွားခြင်း၏ကင်းရာဖြစ်သော အပါယ်လေးဘုံကို၊ ဆင်းရဲခြင်း၏ဖြစ်ရာ ဒုဂ္ဂတိဘုံကို၊ ချမ်းသာမှပျက်စီး၍ကျရောက်ရာအပါယ်ဘုံတို့ကို၊ ရုပ်နာမ်ခန္ဓာအစဉ်ဟူသည့် သံသရာကို မကျော်လွန်နိုင်ဘဲ ရှိချေသည်'' ဟူ၍ မိန့်ဆိုတော်မူ၏။***

**သံသရာ ဟူသည်မှာ** ခန္ဓာငါးပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါးဟုဆိုအပ်သော ရုပ်နာမ်တရားတို့က ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွှယ်မှုအရ တစ်ဘဝပြီးတစ်ဘဝ မပြတ်မစဲ ဖြစ်ပျက်နေသော အစဉ်ပင်တည်း။

ဤသို့ သံသရာဘဝစက်ကို သိအပ်, သိထိုက်လှသောကြောင့် ဤသာသနာတော်ဝယ် မိမိနှင့်သူတစ်ပါးတို့၏ စီးပွားချမ်းသာအလို့ငှာ ကျင့်ကြံအားထုတ်သည့် ပညာရှိသည် ကြွင်းသောကိစ္စတို့ကို ပယ်၍ ကျေးဇူးပြုပုံ ထူးခြားနက်နဲလှသော ပဋိစ္စသမုပ္ပါဒ်၌ ထောက်တည်ရာရအောင် အခါခပ်သိမ်းအမှတ်ရ, သတိရှိလျက် အားထုတ်ရာသတည်း။

## • ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ

(မေးခွန်းတစ်ခုစီ၏နောက်၌ စာမေးပွဲခုနှစ်နှင့် ဤစာအုပ်၏အဖြေပါသည့် စာမျက်နှာများကို ကွင်းအတွင်း ဖော်ပြထားပါသည်)

**၁။ ဖန်ဆင်းရှင်၏ဖန်ဆင်းမှုကြောင့် ကမ္ဘာလောကကြီးဖြစ်ပေါ်တည်ရှိနေသည်ဟူသော အယူကို ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းဖြင့် ဆန်းစစ်ဝေဖန်ပါ။**

(၁၉၈၃၊ စာမျက်နှာ ၃၃၊ ၃၄၊ ၃၉၊ ၄၀၊ ၁၈၉)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းဟူသည်မှာ ''မသိမှု–အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပြုပြင်အားထုတ်မှု–သင်္ခါရတို့ဖြစ်ကြ၏။ သင်္ခါရဟူသောအကြောင်းကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏။ ပ ။ ဇာတိဟူသောအကြောင်းကြောင့် အိုခြင်းသေခြင်း–ဇရာမရဏဖြစ်၏၊ စိုးရိမ်ပူဆွေးခြင်း–သောက၊ ငိုကြွေးခြင်း–ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း–ဒုက္ခ၊ စိတ်ဆင်းရဲခြင်း–ဒေါမနဿ၊ စိတ်နှလုံးပြင်းစွာပူပန်ခြင်း–ဥပါယာသတို့လည်း ဖြစ်ကြ၏။ ဤပုံဤနည်းဖြင့် ချမ်းသာခြင်းနှင့်မရောမယှက် သက်သက်သောဆင်းရဲအစုသည်သာလျှင် ဖြစ်၏''

သို့အတွက် အဝိဇ္ဇာစသည့်အကြောင်းတို့ကြောင့်သာလျှင် သင်္ခါရစသော အကျိုးတရားတို့ ဖြစ်ပေါ်ပြီး သတ္တဝါများသည် ဖြစ်ပေါ်ကြ သံသရာကျင်လည်နေကြရသည်။ ဖန်ဆင်းရှင် ဖန်ဆင်းမှုကြောင့် မဟုတ်ပါ။

**ထို့အပြင် ''အကြောင်းတရားတို့၏ ညီညွတ်ခြင်း''ကိုပြသော 'ပဋိစ္စ' ပုဒ်ဖြင့် အကြောင်းတရားတို့ညီညွတ်ခြင်းကြောင့် ကိလေသဝဋ်–ကမ္မဝဋ်–ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါးတရားတို့ မပြတ်လည်ပတ်နေခြင်းကို ဖော်ပြ၏။ ဤသို့ အကြောင်းညီညွတ်ခြင်းနှင့်စပ်သည့်ဖြစ်ခြင်းရှိသောကြောင့် သဿတဝါဒ, အဟေတုကဝါဒ, ဝိသမဟေတုကဝါဒ, ဝသဝတ္တိဝါဒ စသည်တို့၏မရှိခြင်းကို ဖော်ပြ၏။**

ဝိသမဟေတုကဝါဒသည် မညီညွတ်သောအကြောင်း, မှားယွင်းသောအကြောင်း (ဥပမာ–ဖန်ဆင်းရှင်) ဖြင့် အကျိုးဖြစ်လာသည်ဟု ယူဆသောဝါဒဖြစ်၏။

ဝသဝတ္တိဝါဒသည် ဣဿရ, ပုရိသ, ပဇာပတိစသည့်ဖန်ဆင်းရှင်တို့က ဖန်ဆင်း၍ဖြစ်လာသည်ဟု ယူဆသောဝါဒဖြစ်၏။

ထို့ကြောင့် ဖန်ဆင်းရှင်၏ဖန်ဆင်းမှုကြောင့် ကမ္ဘာလောကကြီးဖြစ်ပေါ်တည်ရှိနေသည်ဟူသော အယူသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအရ ဆန်းစစ်လျှင် မမှန်ကန်ပါ။

(စမန ၁၈၉ ၌ ဖြေပြထားသည်ကိုလည်း ကြည့်ပါ)

**၂။ 'သံသရာရေယဉ်ကြော နစ်မွန်းမျောပါနေကြသည်' ဟူသောစကား၌ သံသရာ၏ သဘောအဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြပါ။** (၁၉၈၃၊ စမန ၁၄၁၊ ၁၄၂)

**အဖြေ** – သံသရာဟူသည်မှာ ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါးဟု ဆိုအပ်သော ရုပ်နာမ်တရားတို့က ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွှယ်မှုအရ တစ်ဘဝပြီးတစ်ဘဝ အစဉ်မပြတ်ဘဲ ဖြစ်ပျက်နေသော အစဉ်အတန်းပင်တည်း။

**၃။ တစ်ပြောင်းပြန်ပြန် အဖန်ဖန်လည်ပတ်နေသော ဘဝစက်ဝန်းနှင့်စပ်လျဉ်း၍ ကြောင်းကျိုးကွင်းဆက်ကို ဖော်ပြသော အောက်ပါတရားတို့ဖြင့် မည်သို့သော မိစ္ဆာဉာဏ် အမြင်ကို သန့်စင်စေပါသနည်း။**

**(က) အဝိဇ္ဇာပစ္စာ သင်္ခါရာ (ခ) သင်္ခါရပစ္စယာ ဝိညာဏံ**

(၁၉၈၃၊ စမန ၄၈၊ ၈၁)

**အဖြေ** – (က) အဝိဇ္ဇာပစ္စယာ သင်္ခါရာ = မသိမှု–အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပြုပြင်အားထုတ်မှု သင်္ခါရတို့ဖြစ်ကြ၏။

**အဝိဇ္ဇာစသည့် အကြောင်းတို့ကြောင့်သာလျှင် သင်္ခါရစသောအကျိုးတို့ ဖြစ်ကုန်၏ ဣဿရခေါ် ဖန်ဆင်းရှင်စသည်တို့ကြောင့် ဖြစ်ကြသည်မဟုတ်၊ ထို့ကြောင့် ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ'' ဟူသောတရားဖြင့် ''ဣဿရခေါ်ဖန်ဆင်းရှင်ရှိသည်'' ဟူသော ဖန်ဆင်းရှင်ဝါဒ မိစ္ဆာအမြင်ကို သန့်စင်စေ၏။**

**(ခ) သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရ(ကံ) ဟူသောအကြောင်းကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်၏။ ဤတရားဖြင့် ''သတ္တဝါဟူသော အတ္တကောင်သည် ဤမျက်မှောက်ဘဝမှ တစ်ပါးသောဘဝသို့ ပြောင်းရွှေ့သွား၏။ တစ်ပါးသော အတိတ်ဘဝမှ ဤဘဝသို့ပြောင်းရွှေ့လာ၏'' ဟုစသည်ဖြင့် မှားယွင်းစွာကြံဆယူသည့် မိစ္ဆာအမြင်ကို သန့်စင်စေ၏။**

**၄။ အမိဝမ်းတွင်း တစ်အူတုံဆင်းဖြစ်သော အမွှာညီနောင်တို့သည် အကျိုးပေးတူသင့်ပါလျက် မတူဘဲ တစ်မူထူးခြားကွဲပြားရပုံကို ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအရ ဖြေရှင်းပြပါ။** (၁၉၈၃၊ စမန ၁၂၃)

**အဖြေ – အမိဝမ်းတွင်း တစ်အူတုံဆင်းဖြစ်သော အမွှာညီနောင်တို့သည် အကျိုးပေးတူသင့်ပါလျက် မတူဘဲ တစ်မူကွဲလွဲရခြင်းမှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအရ ကံ အကျိုးပေးပုံ မတူသောကြောင့်ဖြစ်ပါသည်။**

''ဘဝပစ္စယာ ဇာတိ'' = ''ကမ္မဘဝဟူသော ကံသည် ဘဝကိုဖြစ်စေ၏'' ဟူသည့် ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းသည် ပြင်ပအကြောင်းတို့တူညီကြသော်လည်း ယုတ်ညံ့သည့်အဖြစ်, မြင့်မြတ်သည့်အဖြစ်စသော ထူးခြားချက်ကို တွေ့မြင်ရခြင်းကြောင့် မှန်ကန်ကြောင်းသိရသည်။

အမိဝမ်းတွင်း တစ်အူတုံဆင်းဖြစ်သော အမွှာညီနောင်တို့သည် မိဘ, သုက်သွေး, အစာအာဟာရစသော ပြင်ပအကြောင်းများ တူညီကြသော်လည်း တစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားကြ၏။ ယုတ်သည့်အဖြစ်, မြတ်သည့်အဖြစ်, လှသည်, မလှသည့်အဖြစ်, ဉာဏ်

ကောင်းသည်, မကောင်းသည့်အဖြစ် စသောအကျိုးပေးချက်များ မတူညီကြပါ။ ဤထူးခြားချက်များသည် အခါခပ်သိမ်းဖြစ်ပေါ်သည်မဟုတ်၊ သတ္တဝါအားလုံး၌ ဖြစ်ပေါ်သည်လည်း မဟုတ်၊ ကမ္မဘဝမှတစ်ပါးသောအကြောင်းရှိသည်လည်း မဟုတ်ပေ။

အဘယ့်ကြောင့်နည်းဟူမူ ထိုကမ္မဘဝကြောင့်ဖြစ်သော သတ္တဝါ၏ အဇ္ဈတ္တသန္တာန်၌ ထိုကမ္မဘဝအကြောင်းမှတစ်ပါး ထူးခြားမှုကို ပြုနိုင်သည့် အခြားအကြောင်းတရားမရှိခြင်းကြောင့်ပင်တည်း။ ထိုအမွှာညီနောင်တို့သည် အတိတ်ဘဝက ပြုခဲ့ကြသော ကံများမတူခြင်းကြောင့် အကျိုးပေးမတူကြခြင်းဖြစ်သည်။

မြတ်စွာဘုရားက ''ကံသည် သတ္တဝါတို့ကို ယုတ်ညံ့သည့်အဖြစ်, မြင့်မြတ်သည့်အဖြစ်ကို ဝေဖန်၏'' ဟု ဟောကြားတော်မူပါသည်။

**၅။ ပဋိစ္စသမုပ္ပါဒ်တွင် ပါဝင်လည်ပတ်နေသော ဇာတိ၏နိယာမအကျိုးတရားများအပေါ် တရားသဘောပေါ်လွင်အောင် ဆင်ခြင်သုံးသပ်ပါ။**(၁၉၈၄၊ စမန ၃၄၊ ၁၂၃၊ ၁၂၄)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်တွင် ပါဝင်လည်ပတ်နေသော ဇာတိ၏ နိယာမအကျိုးတရားများ အပေါ် တရားသဘောပေါ်လွင်အောင် ဆင်ခြင်သုံးသပ်ရသော်–

''ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ''

''ဇာတိဟူသော အကြောင်းကြောင့် အိုခြင်းသေခြင်း–ဇရာမရဏာမုချဖြစ်၏၊ စိုးရိမ်ပူဆွေးခြင်း–သောက, ငိုကြွေးခြင်း–ပရိဒေဝ, ကိုယ်ဆင်းရဲခြင်း–ဒုက္ခ, စိတ်ဆင်းရဲခြင်း – ဒေါမနဿ, စိတ်နှလုံးပြင်းစွာပူပန်ခြင်း–ဥပါယာသတို့လည်း ဖြစ်နိုင်ကြ၏ဟု ပဋိစ္စသမုပ္ပါဒ် ဒေသနာတွင် ဟောကြားတော်မူ၏။

ဘဝသစ်ဖြစ်ခြင်း–ဇာတိမရှိလျှင် အိုခြင်း,သေခြင်း, စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်းစသည်တို့လည်း မရှိနိုင်ပါ။ စင်စစ်အားဖြင့် ဇာတိရှိလတ်သော် ဇရာမရဏာသည်လည်း မုချဖြစ်၏၊ ထိုဇရာမရဏာဟူသော ဆင်းရဲကြောင်းတရားက တွေ့ထိနှိပ်စက်အပ်သော မသိမလိမ္မာသည့် လူမိုက်၌ ဇရာမရဏာနှင့်စပ်သည်မူလည်း ဖြစ်ကုန်သော မစပ်သည်မူလည်းဖြစ်ကုန်သော စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်းစသည့်တရားတို့လည်းဖြစ်ကုန်၏။ ဇရာမရဏာနှင့်မစပ်ဆိုင်သော အကြောင်းတရားများမှာ ဆွေမျိုးပျက်စီးခြင်း (ဉာတိဗျသန), စီးပွားဉစ္စာပျက်စီးခြင်း (ဘောဂဗျသန) စသည်တို့တည်း။

ထို့ကြောင့်ဇာတိသည် ဇရာမရဏာအားလည်းကောင်း၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့အားလည်းကောင်း ဥပနိဿယကောဋိ– အားကြီးသောအကြောင်း အဖို့အားဖြင့် ကျေးဇူးပြု၏။ သောက, ပရိဒေဝစသည်တို့ဖြစ်ပေါ်လျှင် အဝိဇ္ဇာသည်လည်း မကွေမကွာဖြစ်ပေါ်၏။ ထိုအခါ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ပ ။ ဇာတိပစ္စယာ ဇရာမရဏံ'' စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဘဝစက် လည်ပတ်ပြန်၏။ ဤပုံဤနည်းဖြင့် ချမ်းသာခြင်းနှင့် မရောမယှက် သက်သက်သောဆင်းရဲအစုသည်သာလျှင် ဖြစ်ခြင်းရှိချေ၏။ ထို့ကြောင့် ပညာရှိသောသူတော်ကောင်းတို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ကွင်းသော ကိစ္စတို့ကိုပယ်၍ အခါခပ်သိမ်း အမှတ်ရ, သတိရှိလျက် ဘာဝနာရှုပွားခြင်းအလုပ်ကို

အားထုတ်သင့်ကြပါသည်။

**၆။ တမာစေ့ကြောင့် တမာပင်ပေါက်သည်၊ ကြံပင်မပေါက်နိုင်သကဲ့သို့ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရသာ ဖြစ်သင့်သည်၊ ပုညာဘိသင်္ခါရမဖြစ်သင့်သည်မဟုတ်ပါလော မည်သို့မှတ်ရမည်နည်း။ ပေါ်လွင်ထင်ရှားအောင် ဖြေပါ။** (၁၉၈၄၊ စမန ၇၉၊ ၈၀)

**အဖြေ** – တမာစေ့ကြောင့် တမာပင်ပေါက်သည်၊ ကြံပင်မပေါက်နိုင်သကဲ့သို့ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရသာ ဖြစ်သင့်သည်၊ ပုညာဘိသင်္ခါရမဖြစ်သင့်သည်မဟုတ်ပါလောဟူသော စောဒနာချက်သည် မမှန်ပါ။ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်သင့်သကဲ့သို့ ပုညာဘိသင်္ခါရလည်း ဖြစ်သင့်ပါသည်။ အကြောင်းကား ပစ္စယုပ္ပန် – အကျိုးတရားတို့သည် ပစ္စယ–အကြောင်းတရားတို့နှင့် တည်ရှိခြင်း (ဌာန), သဘော (သဘာဝ), ဆောင်ရွက်ချက် (ကိစ္စ) စသည်တို့ဖြင့် ဆန့်ကျင်ဘက်လည်းဖြစ်နိုင်၏၊ မဆန့်ကျင်ဘက်လည်း ဖြစ်နိုင်၏၊ တူသောအကြောင်း, မတူသောအကြောင်းလည်းဖြစ်နိုင်၏။

**(က) ဆန့်ကျင်ဘက်အကြောင်းဖြစ်ပုံ သာဓကများမှာ –**

(၁) ရှေးရှေးစိတ်က နောက်နောက်စိတ်အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့ဖြင့် ကျေးဇူးပြုရာ၌ ဌာနအားဖြင့်ဆန့်ကျင်သောအကြောင်းဖြစ်၏။ ရှေးစိတ်ချုပ်ပြီးမှ နောက်စိတ်ဖြစ်သောကြောင့်တည်း။

(၂) ကံ (စေတနာ)သည် ကမ္မဇရုပ်ကိုဖြစ်စေရာ၌ သဘောအားဖြင့် ဆန့်ကျင်သော အကြောင်းဖြစ်၏။

(၃) ချိုသောနို့ရည်သည် ချဉ်သောနို့ဓမ်းကိုဖြစ်စေရာ၌ ကိစ္စအားဖြင့် ဆန့်ကျင်သော အကြောင်းဖြစ်၏။

(၄) တင်လဲသည် မူးယစ်စေတတ်သောအရက်အား ဖြစ်စေရာ၌ ကိစ္စအားဖြင့် ဆန့်ကျင်သော အကြောင်းဖြစ်၏။

**(ခ) မဆန့်ကျင်သောအကြောင်းဖြစ်ပုံသာဓကများမှာ –**

(၁) စက္ခုဒွါရနှင့် အဆင်းဟူသောအကြောင်းသည် စက္ခုဝိညာဏ်ဟူသော အကျိုး၏ တည်ရှိခြင်းဌာနအားဖြင့် မဆန့်ကျင်သောအကြောင်းဖြစ်၏။

(၂) ရှေးရှေးဇောတို့သည် နောက်နောက်ဇောတို့၏ သဘောအားဖြင့်လည်း မဆန့်ကျင်, ကိစ္စအားဖြင့်လည်း မဆန့်ကျင်သောအကြောင်းတို့တည်း။

**(ဂ) တူသောအကြောင်းဖြစ်ပုံ သာဓကများမှာ –**

(၁) ဥတု (ရုပ်) သည် ဥတုဇရုပ်၏တူသောအကြောင်းဖြစ်၏။ ရုပ်တရားချည်းဖြစ်သောကြောင့်တည်း။

(၂) သလေးမျိုးစေ့သည် သလေးစပါး၏တူသောအကြောင်းဖြစ်၏။

**(ဃ) မတူသောအကြောင်းဖြစ်ပုံသာဓကများမှာ –**

(၁) ရုပ်တရားသည် နာမ်တရား၏မတူသောအကြောင်းဖြစ်၏။

(၂) နာမ်တရားသည် ရုပ်တရား၏မတူသောအကြောင်းဖြစ်၏။

(၃) နွားမွေးနှင့်သိုးမွေတို့သည် နေဇာမြက်၏မတူသောအကြောင်းဖြစ်၏။ ထိုအမွေးတို့စုဝေးရာအရပ်၌ နေဇာမြက်ပေါက်တတ်၏။

ဤဆိုခဲ့သောအကြောင်းအကျိုးတို့၏ ပြီးစီးထင်ရှားခြင်းကြောင့် အကုသိုလ်အဝိဇ္ဇာက ကုသိုလ်ပုညာဘိသင်္ခါရ၏ အကြောင်းဖြစ်ခြင်းသည် လျော်ကန်သင့်မြတ်၏။

**၇။ လူ့သဘာဝဆိုးများဖြစ်ကြသော တဏှာနှင့်ဥပါဒါန်တို့ကို ဆန့်ကျင်တွန်းလှန်နိုင်သော တရားများကို အသီးသီးဖော်ပြပြီးလျှင် တဏှာနှင့်ဥပါဒါန်တို့သည် လူမှုဘဝ၌ မည်သည့်ဆင်းရဲဒုက္ခများအကြောင်းခံ၍ ဖြစ်ပေါ်လာပါသနည်း။ ဝိသုဒ္ဓိမဂ်နှင့်အညီ ဖော်ပြပါ။** (၁၉၈၅၊ စမန ၁၁၂၊ ၁၁၅၊ ၁၁၃)

**အဖြေ – တဏှာကို ဆန့်ကျင်တွန်းလှန်နိုင်သောတရားသည် အရဟတ္တမဂ်ဖြစ်၏။ ဥပါဒါန်လေးပါးတို့တွင် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ကို ဆန့်ကျင်တွန်းလှန်နိုင်သောတရားသည် သောတာပတ္တိမဂ်ဖြစ်၏။ ကာမုပါဒါန်ကို ဆန့်ကျင်တွန်းလှန်နိုင်သောတရားမှာ အရဟတ္တမဂ်ဖြစ်၏။**

**တဏှာသည် လူမှုဘဝ၌ ပစ္စည်းဥစ္စာများကို ရှာမှီးခြင်းကြောင့်ဖြစ်သောဆင်းရဲဒုက္ခအကြောင်းခံ၍ ဖြစ်ပေါ်လာ၏။**

**ဥပါဒါန်သည် လူမှုဘဝ၌ ရရှိပြီးသည့်ပစ္စည်းဥစ္စာများကို စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲဒုက္ခအကြောင်းခံ၍ ဖြစ်ပေါ်လာ၏။**

**၈။ ''ငါ့မှာအာရုံကင်းပြီ၊ ငါ့မှာအာရုံပြတ်ပြီ''ဟု ပြောဆိုတတ်ကြရာ အဘိဓမ္မာသဘာဝအရ ဖြစ်နိုင်မဖြစ်နိုင်ကို အာရမ္မဏပစ္စည်းအမြင်ဖြင့် ဆင်ခြင်သုံးသပ်ပါ။** (၁၉၈၅၊ စမန ၆၀)

**အဖြေ** – စိတ်စေတသိက်တို့အား ဆွဲကိုင်ထောက်တည်ရာအာရုံအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား (အာရုံ ၆ ပါး)ကို အာရမ္မဏပစ္စည်းဟု ခေါ်၏။

မစွမ်းသန်သော လူနာသည် ကြိုးတန်းကိုကိုင်ဆွဲ၍ တောင်ဝှေးဖြင့်ထောက်ကူ၍ ထိုင်နိုင်, ထနိုင်, ရပ်တည်နိုင်သကဲ့သို့ ထို့အတူပင် စိတ်စေတသိက်တို့သည် အဆင်းစသောအာရုံကို အာရုံပြု၍ (ဝါ) ဆွဲကိုင်၍သာလျှင် ဖြစ်လည်းဖြစ်နိုင်, တည်လည်းတည်နိုင်ကြ၏။ အာရုံကို အာရုံမပြုရလျှင် (ဝါ) မဆွဲကိုင်ရလျှင် စိတ်စေတသိက်တို့ မဖြစ်နိုင်ကြပါ။ ထို့ကြောင့် ''ငါ့မှာအာရုံကင်းပြီ၊ ငါ့မှာ အာရုံပြတ်ပြီ''ဟု ပြောဆိုခြင်းသည် အဘိဓမ္မာသဘာဝအရ မမှန်ကန်, မဖြစ်နိုင်ပါ။

**''ရူပါရုံသည် မြင်သိစိတ်နှင့် ယှဉ်ဖက်စေတသိက်တို့ကို အာရမ္မဏပစ္စယသတ္တိ– အာရုံအပြုခံခြင်းသဘောဖြင့် ကျေးဇူးပြု၏'' ဟု အစချီ၍ ''အကြင်တရားကို အာရုံပြု၍ အကြင်အကြင်စိတ်စေတသိက်တရားတို့ ဖြစ်ပေါ်ကြ၏။ ထိုထိုအာရုံတရားတို့သည် ထိုထိုစိတ်စေတသိက်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏'' ဟူ၍ အဆုံးသတ်ကာ ဟောတော်မူသဖြင့် စိတ်အားလုံးသည် အာရုံတို့ကို အာရုံပြု၍ (ဝါ) ဆွဲကိုင်၍သာလျှင် ဖြစ်နိုင်ကြ၏။ ထို့ကြောင့် ''ငါ့မှာ အာရုံကင်းပြီ၊ ငါ့မှာ**

**အာရုံပြတ်ပြီ'' ဟု ပြောဆိုခြင်းသည် မမှန်ကန်, မဖြစ်နိုင်ပါ။**

**၉။ မှားယွင်းသော မိစ္ဆာအယူကို ယူမိမှားကြသူများအနေဖြင့် ယင်းမိစ္ဆာအယူကို လွယ်လွယ်နှင့် မစွန့်နိုင်ခြင်းသည် အဘယ်ကြောင့်နည်း? ဝိသုဒ္ဓိမဂ်ပညာဘူမိနိဒ္ဒေသ အပိုင်းအရ ဝေဖန်ပြပါ။** (၁၉၈၅၊ စမန ၁၁၂၊ ၁၁၃)

**အဖြေ** – ဝိသုဒ္ဓိမဂ်ပညာဘူမိနိဒ္ဒေသ၌ ''တဏှာပစ္စယာ ဥပါဒါနံ = တဏှာဟူသော အကြောင်းကြောင့် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟူသော ဥပါဒါန်လေးပါး ဖြစ်ပေါ်၏။ ဥပါဒါန်သည် ပြင်းပြမြဲမြံစွာ စွဲလမ်းတတ်သောသဘောဖြစ်၏။ ဥပါဒါန်လေးပါးတွင် –

– **ဒိဋ္ဌုပါဒါန်**သည် မှားယွင်းသောအယူကို မြဲမြံစွာစွဲလမ်းတတ်သောကြောင့် ဒိဋ္ဌုပါဒါန်မည်၏။
– **သီလဗ္ဗတုပါဒါန်**သည် ''နွား၏အလေ့အကျင့်စသည်ကို ကျင့်ခြင်းသည် သံသရာမှ စင်ကြယ်၏''ဟူ၍ မြဲမြံစွာစွဲလမ်းတတ်သောကြောင့် သီလဗ္ဗတုပါဒါန်မည်၏။
– **အတ္တဝါဒုပါဒါန်**သည် 'အတ္တကောင်ရှိ၏' 'ငါရှိ၏' ဟု ပြောဆိုကြောင်းဖြစ်သော ဝါဒကို မြဲမြံစွာ စွဲလမ်းတတ်သောကြောင့် အတ္တဝါဒုပါဒါန်မည်၏။

**ဤဥပါဒါန်သုံးပါးတို့၏တရားကိုယ်မှာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါးနှင့်ယှဉ်သည့်အယူမှား–ဒိဋ္ဌိဖြစ်၏။ ဤဥပါဒါန်တို့ကို တဏှာ (လောဘ)က အားကြီးသော မှီရာအကြောင်းဖြစ်သည့် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပေးသဖြင့် အလွန်မြဲမြံခိုင်ခဲ့ကြ၏။ ထို့ကြောင့် မှားယွင်းသော မိစ္ဆာအယူကို ယူမိမှားကြသူများအနေဖြင့် ယင်းမိစ္ဆာအယူကို လွယ်လွယ်နှင့် မစွန့်နိုင်ခြင်းဖြစ်သည်။**

**၁၀။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့တွင် ရှေးငါးပါးတို့အချင်းချင်း ဆက်စပ်မှုရှိပုံကို သူကန်း ဥပမာဖြင့် ထင်ရှားအောင်ပြခဲ့ပါ။** (၁၉၈၅၊ စမန ၁၃၅)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့တွင် ရှေးငါးပါးတို့ အချင်းချင်းဆက်စပ်မှုရှိပုံကို သူကန်းဥပမာဖြင့် ထင်ရှားအောင် ဖော်ပြရသော် –

(၁) **အဝိဇ္ဇာ**သည် သဘာဝဓမ္မတို့၏ သဘာဝလက္ခဏာ, သာမညလက္ခဏာစသည်တို့ကို မမြင်မသိသဖြင့် သူကန်းနှင့်တူ၏။
(၂) **သင်္ခါရ** – အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့သည် သူကန်း၏ခြေချော်ခြင်းနှင့်တူ၏။
(၃) **ဝိညာဏ်** – သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည် ခြေချော်သောသူကန်း၏လဲကျခြင်းနှင့်တူ၏။
(၄) **နာမ်ရုပ်** – ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်သည် လဲကျသောသူကန်းအား အိုင်းအမာ ဖြစ်ပေါ်ခြင်းနှင့်တူ၏။
(၅) **သဠာယတန** – နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနသည် အိုင်းအမာပေါက်ကွဲရန် ဖြစ်ပေါ်သော သွေးပုပ်ပြည်စုအဖုလုံးနှင့်တူ၏။

**၁၁။ လူတိုင်းလူတိုင်းကောင်းမှု, မကောင်းမှုများကို ပြုတတ်ကြရာ ကောင်းမှုကြောင့် မည်သည့်ဝိညာဏ်များ ဖြစ်စေနိုင်ပါသနည်း။ ပဋိစ္စသမုပ္ပါဒ်နည်းအရ စီစစ်ပြပါ။**
(၁၉၈၅၊ စမန ၈၃)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်နည်းအရ ကောင်းမှုကြောင့် ဝိညာဏ်များဖြစ်ပုံမှာ–

– **ကာမာဝစရကောင်းမှု** ( ကာမာဝစရပုညာဘိသင်္ခါရ) ကြောင့် ကုသလဝိပါက်စက္ခုဝိညာဏ် စသည့် ပဉ္စဝိညာဏ် ၅ ပါး, ကုသလဝိပါက်သမ္ပဋိစ္ဆိုန်း ၁ ပါး, ကုသလဝိပါက် သန္တီရဏ ၂ ပါးနှင့် မဟာဝိပါက် ၈ ပါးဟူသော ဝိညာဏ် ၁၆ ပါးဖြစ်၏။

– **ရူပါဝစရကောင်းမှု** (ရူပါဝစရပုညာဘိသင်္ခါရ)ကြောင့် ရူပါဝစရဝိပါက်ဝိညာဏ် ၅ ပါးဖြစ်၏။

– **အရူပါဝစရကောင်းမှု** (အရူပါဝစရပုညာဘိသင်္ခါရ)ကြောင့် အရူပါဝစရဝိပါက်ဝိညာဏ် ၄ ပါးဖြစ်၏။

**၁၂။ သံသရာခရီးသည်များ ခေါင်းဆောင်ထားသည့် တရားနှစ်ပါး၏ခေါင်းဆောင် အရာ၌တည်ကြောင်းကို ဝေဖန်ပါ။** (၁၉၈၆၊ စမန ၄၄၊ ၄၅)

**အဖြေ – သံသရာခရီးသည်များ ခေါင်းဆောင်ထားသည့် တရားနှစ်ပါးမှာ အဝိဇ္ဇာနှင့် ဘဝတဏှာတို့ဖြစ်ကြ၏။ ထိုတရားနှစ်ပါးတို့က ခေါင်းဆောင်အရာ၌ တည်ကြခြင်းမှာ–**

**– အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်စေတတ်သော အကုသိုလ်ကံ၏ထူးသောအကြောင်း ဖြစ်၏။**

အဝိဇ္ဇာလွှမ်းမိုးနှိပ်စက်ခြင်းခံရသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ကိလေသာအပူမီးဖြင့် ပူလောင်ခံရခြင်းကြောင့် သာယာဖွယ်မရှိသည့်အပြင် ဒုဂ္ဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။

ဥပမာအားဖြင့် မီးဖြင့်အမြှိုက်ခံရပြီး ဆောက်ပုတ်ဖြင့်အရိုက်နှက်ခံရသောကြောင့် ဆင်းရဲပင်ပန်းခြင်းဖြင့် အနှိပ်စက်ခံရသော အသတ်ခံရမည့်နွားမသည် ထိုပင်ပန်းခြင်းက နှိပ်စက်သဖြင့် သာယာဖွယ်မရှိသည့်အပြင် မိမိအားဆိုးကျိုးပေးမည့်ရေနွေးပူကို သောက်ရန် အားထုတ်သကဲ့သို့တည်း။

**– ဘဝတဏှာသည် သုဂတိသို့ရောက်စေတတ်သော ကုသိုလ်ကံ၏ထူးသောအကြောင်း ဖြစ်၏။**

ဘဝတဏှာလွှမ်းမိုးနှိပ်စက်ခံရသော ပုထုဇဉ်သည် ကိလေသာအပူကင်းခြင်းကြောင့် သာယာဖွယ်ရှိသည့်အပြင် သုဂတိသို့ရောက်စေတတ်သော မိမိ၏ဒုဂ္ဂတိဆင်းရဲဟူသော ပင်ပန်းခြင်းကိုလည်း ပယ်ဖျောက်တတ်သော သူ့အသက်သတ်မှုမှရှောင်ကြဉ်ခြင်း စသည့် သုဂတိသို့ရောက်စေတတ်သော ကံအမျိုးမျိုးကို အားထုတ်ပြုလုပ်၏။

ဥပမာအားဖြင့် မီးအမြှိုက်ခံရပြီး ဆောက်ပုတ်ဖြင့် အရိုက်နှက်ခံရသောကြောင့် ဆင်းရဲပင်ပန်းသော အသတ်ခံရမည့်နွားမသည် ရေအေးကိုဆာလောင်တောင့်တသဖြင့် သာယာဖွယ်ရှိသည့်အပြင် မိမိ၏ပင်ပန်းဆင်းရဲခြင်းကိုလည်း ပယ်ဖျောက်တတ်သော ရေအေး သောက်ခြင်းကို အားထုတ်ပြုလုပ်သကဲ့သို့တည်း။

အထက်ပါအကြောင်းတို့ကြောင့် အဝိဇ္ဇာနှင့် ဘဝတဏှာတို့သည် သံသရာခရီးသည်များကို ခေါင်းဆောင်ထားသည့် တရားနှစ်ပါး၏ခေါင်းဆောင်အရာ၌ တည်နေခြင်းဖြစ်ပါသည်။

**၁၃။ ရင်ဘတ်ခတ်တီး ငိုကြွေးကြသည့် အသိနည်းစွ လူဗာလတို့ သံသရာစက်လည်ပုံကို သိသာရုံမျှ ရှင်းပြခဲ့ပါ။** (၁၉၈၆၊ စမန ၁၂၄၊ ၃၃၊ ၃၄)

**အဖြေ – ရင်ဘတ်ခတ်တီး ငိုကြွေးကြသည့် အသိနည်းစွ လူဗာလတို့သည် အဝိဇ္ဇာလွှမ်းမိုးခံနေရ၍ ငိုကြွေးကြခြင်းဖြစ်၏။ ငိုကြွေးခြင်း–ပရိဒေဝသည်လည်း အဝိဇ္ဇာအမိုက်မှောင်နှင့်ဖုံးလွှမ်းခံရသည့် မိုက်မဲတွေဝေသောသူအားသာဖြစ်၏။ ထို့ကြောင့် ငိုကြွေးခြင်းဖြစ်လျှင် အဝိဇ္ဇာသည်လည်း တစ်ပါးတည်းဖြစ်ပေါ်၏။ အဝိဇ္ဇာဖြစ်လျှင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။ ပ ။ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ’’ဟူ၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်လည်ပတ်၏။ သောက, ပရိဒေဝစသည်တို့ဖြစ်လျှင် အဝိဇ္ဇာဖြစ်ပြန်၏။**

ဤသို့လျှင် ရင်ဘတ်ခတ်တီး ငိုကြွေးကြသည့် အသိနည်းစွာ လူဗာလတို့သည် သံသရာစက်လည်နေကြရသည်။

**၁၄။ ‘လူမိုက်နောက်မှ အကြံရ’ ပြောဆိုကြရာ မိုက်မဲသောတရားက ကြံစည်တွေးတောသောတရားဖြစ်ပေါ်အောင် မည်မျှသော စွမ်းအင်သတ္တိဖြင့် အထောက်အကူပြုပါသနည်း။ ဖြေဆိုခဲ့ပါ။** (၁၉၈၆၊ စမန၊ ၇၆)

**အဖြေ – မိုက်မဲသောတရား (အဝိဇ္ဇာ) သည် ပုညာဘိသင်္ခါရကိုပြုလုပ်ရန် ကြံစည်တွေးသောတရားဖြစ်ပေါ်အောင် အာရမ္မဏပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိဖြင့် အထောက်အကူပြု၏။**

– မိုက်မဲသောတရား (အဝိဇ္ဇာ)သည် အပုညာဘိသင်္ခါရကိုပြုလုပ်ရန် ကြံစည်တွေးတောသောတရားဖြစ်ပေါ်အောင် ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, အာသေဝန, သမ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတပစ္စယသတ္တိတို့ဖြင့် အထောက်အကူပြု၏။

– မိုက်မဲသောတရား(အဝိဇ္ဇာ)သည် အာနေဉ္ဇာဘိသင်္ခါရကိုပြုလုပ်ရန် ကြံစည်တွေးတောသောတရားဖြစ်ပေါ်အောင် ဥပနိဿယပစ္စယသတ္တိဖြင့် အထောက်အကူပြု၏။

**၁၅။ ဖဿတစ်ခုဖြစ်ပေါ်မှုသည် အာယတနများစွာအကြောင်းပါမှ ဖြစ်သည်ဟူရာ၌ အမြင်ဖဿဖြစ်ရန် မည်သည့်အာယတနများနှင့် သက်ဆိုင်ပါသနည်း။ ဖြေဆိုခဲ့ပါ။** (၁၉၈၆၊ စမန ၁၀၉)

**အဖြေ – အမြင်ဖဿ (စက္ခုသမ္ဖဿ) ဖြစ်ရန် စက္ခာယတန (စက္ခုပသာဒ), ရူပါယတန (ရူပါရုံ), မနာယတန (စက္ခုဝိညာဏ်) နှင့် ဓမ္မာယတန (ဖဿမှကြွင်းသည့် စက္ခုဝိညာဏ်၏သမ္ပယုတ်တရား) တို့နှင့်သက်ဆိုင်ပါသည်။**

**၁၆။ ကာမုပါဒါန်အစွဲသန်မှုကြောင့် ဘဝနှစ်မျိုးနှစ်စားဖြစ်လာပုံကို ဆင်ခြင်သုံးသပ်ပြပါ။** (၁၉၈၆၊ စမန ၁၂၀၊ ၁၂၁)

**အဖြေ** – ကာမုပါဒါန်သည် တဏှာ ၁၀၈ ပါး၏မြဲမြံစွာစွဲလမ်းသည့်သဘောဖြစ်၏။

(၁) ကာမုပါဒါန်အစွဲသန်မှုကြောင့် ကာမဂုဏ်တို့ကို ရခြင်းအကျိုးငှာ မသူတော်တရားကို

ကြားနာခြင်းက လှည့်စားသဖြင့် ကာမုပါဒါန်၏အစွမ်းဖြင့် ကာယဒုစရိုက်စသည့် **အကုသိုလ်ကံကို** ပြုလုပ်၏။ ထိုအကုသိုလ်ကံသည် **ကမ္မဘဝ**မည်၏။ ထိုသူ သေလွန်သောအခါ ထိုအကုသိုလ်ကံ၏အကျိုးကြောင့် အပါယ်ဘဝဖြစ်ရ၏။ ထိုအပါယ်ဘဝ၌ဖြစ်သော ခန္ဓာငါးပါးတို့သည် **ဥပပတ္တိဘဝ**မည်၏။

(၂) အချို့သောသူသည် သူတော်ကောင်းတရားကို နာကြားရခြင်းစသည့်အကျိုးကြောင့် အသိဉာဏ်ရှိလာသဖြင့် ကာမဂုဏ်ပြည့်စုံရန် ကာမုပါဒါန်၏အစွမ်းအားဖြင့် ကာယသုစရိုက်စသည့် **ကာမကုသိုလ်ကံကို** ပြုလုပ်၏။ ထိုကာမကုသိုလ်ကံသည် **ကမ္မဘဝ**မည်၏။ ထိုသူ သေလွန်သောအခါ ထိုကာမကုသိုလ်ကံ၏အကျိုးကြောင့် ကာမသုဂတိဘုံတွင် ကာမသုဂတိဘဝ ဖြစ်ရ၏။ ထိုကာမသုဂတိဘဝ၌ဖြစ်သော ခန္ဓာငါးပါးတို့သည် **ဥပပတ္တိဘဝ**မည်၏။

(၃) အချို့သောသူကမူ ''ကာမဂုဏ်တို့သည် ရူပဘဝ, အရူပဘဝတို့၌ ကာမဘဝထက်သာ၍ ပြည့်စုံကုန်၏'' ဟုကြားဖူး၍ဖြစ်စေ၊ ကြံဆ၍ဖြစ်စေ၊ ကာမုပါဒါန်၏အစွမ်းဖြင့် ရူပဈာန်, အရူပဈာန်သမာပတ်တို့ကို ရရှိအောင်ကြိုးစားအားထုတ်သဖြင့် ရူပကုသိုလ်ကံ သို့မဟုတ် အရူပကုသိုလ်ကံဖြစ်၏။ ထိုရူပကုသိုလ်ကံ သို့မဟုတ် အရူပကုသိုလ်ကံသည် **ကမ္မဘဝ**မည်၏။ ထိုသူသေလွန်သောအခါ ရူပကုသိုလ်ကံ၏အကျိုးကြောင့် ရူပဘဝဖြစ်ရ၏၊ သို့မဟုတ် အရူပကုသိုလ်ကံ၏အကျိုးကြောင့် အရူပဘဝဖြစ်ရ၏။ ထိုရူပဘဝ သို့မဟုတ် အရူပဘဝ၌ဖြစ်သော ခန္ဓာတို့သည် **ဥပပတ္တိဘဝ**မည်၏။

**ဤသို့လျှင် ကာမုပါဒါန်အစွဲသန်မှုကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ ဘဝနှစ်မျိုးနှစ်စားဖြစ်လာပါသည်။**

**၁၇။ ဘဝပဒေသာဟုခေါ်ဆိုရသော လူ့ဘဝကိုရလာကြကုန်သော သူတို့၏အမွန်အစ ဖြစ်လာပုံကို 'သင်္ခါရပစ္စယာ ဝိညာဏံ' အမြင်အားဖြင့် ရှုမြင်သုံးသပ်ပြပါ။**

(၁၉၈၇၊ စမန ၈၃၊ ၉၂)

**အဖြေ** – 'သင်္ခါရပစ္စယာ ဝိညာဏံ' အမြင်အားဖြင့် သင်္ခါရဟူသောအကြောင်းကြောင့် ဘဝသစ်ဝိညာဏ်ဖြစ်ရ၏။ ဘဝပဒေသာဟုခေါ်ဆိုရသောလူ့ဘဝကို ဖြစ်စေသော သင်္ခါရမှာ မဟာကုသိုလ်စေတနာ ၈ ပါးဟူသည့် ကာမာဝစရပုညာဘိသင်္ခါရဖြစ်၏။ ဤကာမာဝစရပုညာဘိသင်္ခါရဟူသောအကြောင်းကြောင့် ကုသလဝိပါက်စက္ခုဝိညာဏ်စသည့် ပဉ္စဝိညာဏ် ၅ ပါး, ကုသလဝိပါက်သမ္ပဋိစ္ဆိုန်း ၁ ပါး, ကုသလသန္တီရဏ ၂ ပါးနှင့် မဟာဝိပါက် ၈ ပါးတည်းဟူသော ဝိညာဏ် ၁၆ ပါးဖြစ်၏။

ဘဝပဒေသာဟုခေါ်ဆိုရသော လူ့ဘဝသည် အင်္ဂါစုံ၍ ဘုန်းကံရှိသောလူ့ဘဝဖြစ်သည်။ ဤလူ့ဘဝအမွန်အစ၌ မဟာဝိပါက်ဝိညာဏ်တစ်ပါးက ပဋိသန္ဓေဝိညာဏ်အဖြစ် အတိတ်ဘဝစုတိစိတ်၏ အခြားမဲ့၌ ဖြစ်ပေါ်လာမည်။ ဤပဋိသန္ဓေဝိညာဏ်သည် အခြားမဲ့ အတိတ်ဘဝ၏စုတေခါနီး၌ထင်သော မရဏာသန္နနိမိတ်ကို အာရုံပြု၏။

ပဋိသန္ဓေဝိညာဏ်ဖြစ်လာသည်နှင့်တစ်ပြိုင်နက် 'ဝိညာဏပစ္စယာ နာမရူပံ' အရ ပဋိသန္ဓေ

ဝိညာဏ်နှင့်ယှဉ်သည့် စေတသိက်နာမ်တရားနှင့် ကမ္မဇရုပ်တရားတို့ ဖြစ်ပေါ်လာကြ၏။ ပဋိသန္ဓေ ဝိညာဏ်နှင့် ယှဉ်ဖက်စေတသိက်တို့သည် ကမ္မဇရုပ်တွင် ပါဝင်သော ဟဒယ ဝတ္ထုကိုမှီ၍ ဖြစ်ပေါ်ကြ၏။

ရုပ်နှင့်ရောသော မိဿပဋိသန္ဓေသည် ဘာဝရုပ်နှင့်အတူတကွဖြစ်လျှင် သဘာဝမိဿ ပဋိသန္ဓေမည်၏။ ဤပဋိသန္ဓေ၌ ဝတ္ထုဒသကကလာပ်, ကာယဒသကကလာပ်, ဘာဝဒသက ကလာပ်ဟူ၍ အနည်းဆုံး ကလာပ် သုံးစည်း (ရုပ်သုံးဆယ်)တို့ ပါဝင်ကြ၏။ ဤကလာပ် သုံးစည်းဖြစ်လတ်သော် ဇလာဗုဇယောနိ၌ သိုးမွေးမျှင်တစ်ခုဖြင့် ထုတ်ယူအပ်သော ထော ပတ်ကြည်ပမာဏရှိလျက် 'ကလလရေကြည်' အမည်ဖြင့်ဖြစ်၏။

ဝိညာဏ်, နာမ်ရုပ်တို့ဖြစ်ပေါ်လာခြင်းသည် ခန္ဓာငါးပါးဖြစ်လာခြင်းဖြစ်၍ လူ့ဘဝစတင် ဖြစ်ပေါ်ခြင်းဖြစ်ပေ၏။ ဤကား ဘဝပဒေသာဟုခေါ်ဆိုရသော လူ့ဘဝရလာကြသည့် သူတို့၏ အမွန်အစဖြစ်လာပုံပင်တည်း။

**၁၈။ ဉပါဒန် ၄ ပါးအစဉ်အားဖြင့် ဖြစ်ပွားပုံကို ဝိသုဒ္ဓိမဂ်အမြင်ဖြင့် စီစစ်ဝေဖန်ခဲ့ပါ။**

(၁၉၈၈၊ စမန ၁၁၅)

**အဖြေ** – အစမထင်သောသံသရာ၌ ''ဤဉပါဒါန်သည် ရှေးဦးစွာဖြစ်၏'' ဟု မဆိုနိုင်ခြင်း ကြောင့် ဉပါဒါန်တို့၏ဖြစ်စဉ်ကို မုချအားဖြင့် မဆိုအပ်ပေ။

- **ပရိယာယ်အားဖြင့်မူကား အများအားဖြင့် တစ်ခုသောဘဝ၌ 'အတ္တ'ဟု, 'ငါ' ဟုစွဲလမ်းခြင်းလျှင် ရှေ့သွားရှိသောကြောင့် အတ္တဝါဒုပါဒါန် သည် ရှေးဦးစွာဖြစ်၏ ဟုဆိုနိုင်၏။**
- **ထို့နောက် အတ္တတည်မြဲသည်ဟု မြဲမြံစွာယူသော သဿတဒိဋ္ဌိသည်လည်းကောင်း၊ ''အတ္တသည် ပြတ်စဲ၏''ဟု မြဲမြံစွာနှလုံးသွင်းသော ဉစ္ဆေဒဒိဋ္ဌိသည်လည်းကောင်း၊ ဤသို့မှားယွင်းသောအယူကို ပြင်းပြစွာ စွဲလမ်းသည့် ဒိဋ္ဌုပါဒါန်သည် ဖြစ်ပေါ်၏။**
- **ထို့နောက် ''အတ္တသည် တည်မြဲ၏''ဟု စွဲယူသော သဿတဒိဋ္ဌိအမြင်ရှိသူတို့သည် ''နွားအလေ့, နွားအကျင့်တို့ကို ကျင့်ကြံအားထုတ်လျှင် အတ္တသည်စင်ကြယ်၏၊ သံသရာဝဋ်ဆင်းရဲမှလည်း လွတ်မြောက်၏'' ဟု ချမ်းသာခြင်းအကျိုးငှာ သီလဗ္ဗ တုပါဒါန်သည် ဖြစ်ပေါ်၏။**
- **''ဤအတ္တသည် ပြတ်စဲ၏''ဟု စွဲယူသော ဉစ္ဆေဒဒိဋ္ဌိအမြင်ရှိသူတို့သည် တမလွန် လောကကို ငဲ့ကွက်ခြင်းမရှိဘဲ လိုချင်စဖွယ်ကာမဂုဏ်အာရုံတို့ကို ပြင်းပြမြဲမြံစွာ လိုချင်တပ်မက်သော ကာမုပါဒါန်သည် ဖြစ်ပေါ်၏။**

ဤသည်ကား တစ်ခုသောဘဝ၌ ဉပါဒါန် ၄ ပါးတို့၏ဖြစ်စဉ်ပေတည်း။

**၁၉။ လူသားများသိရှိကြသည့် အရာဌာနဟူသမျှတွင် အနက်နဲဆုံး အခက်ခဲဆုံးဖြစ်သော လေးဌာနကိုဖော်ပြ၍ ရှေးနှစ်ဌာန၏နက်နဲပုံကို ပဋိစ္စသမုပ္ပါဒ်အမြင်ဖြင့် သုတ်သင်ခဲ့ပါ။**

(၁၉၈၈၊ စမန ၁၃၇)

**အဖြေ** – အနက်နဲဆုံးအခက်ခဲဆုံးဖြစ်သော လေးဌာနမှာ –

(၁) အတ္ထဂမ္ဘီရတာ – အကျိုးအားဖြင့် နက်နဲခြင်း၊

(၂) ဓမ္မဂမ္ဘီရတာ – အကြောင်းအားဖြင့် နက်နဲခြင်း၊
(၃) ဒေသနာဂမ္ဘီရတာ – ဟောစဉ်အားဖြင့် နက်နဲခြင်း၊
(၄) ပဋိဝေဓဂမ္ဘီရတာ – ထိုးထွင်း၍သိမြင်ခြင်းအားဖြင့် နက်နဲခြင်းတို့တည်း။

**(၁) အတ္ထဂမ္ဘီရတာ**

ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ၏ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ထို့အတူ ကမ္မဘဝဟူသောအကြောင်းကြောင့် ဇာတိ၏ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ပ ။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရတို့ဖြစ်ခြင်းသဘောနှင့် တစ်ပေါင်းတည်းဖြစ်ပေါ်လာခြင်းသဘောသည် နက်နဲ၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အကျိုး (အတ္ထ)အားဖြင့် နက်နဲခြင်းသည် '**အတ္ထဂမ္ဘီရတာ**' မည်၏။

**(၂) ဓမ္မဂမ္ဘီရတာ**

အဝိဇ္ဇာသည် အကြင်ဖြစ်ပုံအခြင်းအရာအားဖြင့်လည်းကောင်း၊ အကြင်အခိုက်အတန့်ရှိသည်ဖြစ်၍လည်းကောင်း၊ ထိုထိုသင်္ခါရတို့အား ကျေးဇူးပြုတတ်၏။ ထိုအခြင်းအရာနှင့် အခိုက်အတန့်၏သိနိုင်ခဲသည့်အဖြစ်ကြောင့် အဝိဇ္ဇာ၏သင်္ခါရတို့အား ကျေးဇူးပြုတတ်သောသဘောသည် နက်နဲ၏။ ထို့အတူ သင်္ခါရတို့၏ ဝိညာဏ်အား ကျေးဇူးပြုတတ်သောသဘောသည် နက်နဲ၏။ ပ ။ ဇာတိ၏ ဇရာမရဏအား ကျေးဇူးပြုတတ်သောသဘောသည် နက်နဲ၏။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ဘဝစက်၌ အကြောင်း (ဓမ္မ) အားဖြင့် နက်နဲခြင်းသည် **ဓမ္မဂမ္ဘီရတာ**မည်၏။

**၂၀။ 'စွမ်းအင်သတ္တိသည် ဖြစ်ဆဲဖြစ်ပြီးဖြစ်၍ ဆိုင်ရာတရားတို့အား ကူညီတတ်ကြသည်' ဟုဆိုလျှင် လက်ခံနိုင်လောက်သော်လည်း 'မဖြစ်မီက ကူညီသည်'ဟုဆိုလျှင် လက်ခံနိုင်ပါမည်လော။ ဥပမာနှင့်တကွဖြေဆိုပါ။** (၁၉၈၈၊ စမန ၆၇၊ ၆၈)

**အဖြေ** – 'စွမ်းအင်သတ္တိသည် ဆိုင်ရာတရားတို့အား မဖြစ်မီကကူညီသည်'ဟုဆိုလျှင် လက်ခံနိုင်ပါသည်။ အကြောင်းမှာ ပစ္စည်းတရားမဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော ပစ္စယုပ္ပန်တရားကို ပစ္စယုပ္ပန်ဖြစ်ပြီးနောက်မှဖြစ်၍ ထောက်ပံ့ကူညီကျေးဇူးပြုသောတရားသည် ပစ္ဆာဇာတပစ္စည်းဖြစ်သည်ဟု ပဋ္ဌာန်းဒေသနာ၌ မြတ်စွာဘုရားဟောကြားတော်မူပါသည်။

ဥပမာပြရသော် လင်းတငယ်၏ခန္ဓာကိုယ်သည် ဦးစွာဖြစ်၍ အစာစားချင်သောစေတနာသည် နောက်မှဖြစ်၏။ မိခင်လင်းတက အစာမကျွေးသဖြင့် လင်းတငယ်၏အစာစားချင်သည့် စေတနာသည် လင်းတငယ်၏ ခန္ဓာကိုယ်ကြီးထွားလာရန် ကျေးဇူးပြုကာ ထောက်ပံ့၏။ ဤသို့နောက်မှဖြစ်၍ ရှေးဖြစ်နှင့်သောပစ္စယုပ္ပန်တရားကို ကျေးဇူးပြုကာ ထောက်ပံ့တတ်သည့်တရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။

ပစ္စည်းတရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယဟူသည့် ရုပ်တရားတို့ကို နောက်မှဖြစ်ကြသော အရူပဝိပါက် ၄ ပါးကြဉ်သည့် စိတ် ၈၅ပါး, ယှဉ်ဖက်စေတသိက် ၅၂ ပါးဟူသော နာမ်တရားတို့သည် ပစ္ဆာဇာတပစ္စယ

စွမ်းအင်သတ္တိဖြင့် ကူညီထောက်ပံ့ကြပါသည်။

**၂၁။ ယခုစာဖြေပုဂ္ဂိုလ်အပါအဝင် ပုဂ္ဂိုလ်သတ္တဝါဟူသမျှသည် ဘဝစက်ယန္တရားပိုင်ရှင် ကြီးများချည်း ဖြစ်လေရာ ယင်းဘဝစက်၏အလွှာလေးခုကို အစဉ်ကျကျ ရေးပြခဲ့ပါ။**

(၁၉၈၈၊ စမန ၁၂၉)

**အဖြေ** – ဘဝစက်ယန္တရားခေါ် ပဋိစ္စသမုပ္ပါဒ်ဘဝစက်၏ အလွှာလေးခုမှာ –

(၁) အတိတ်အကြောင်းတစ်လွှာ – အဝိဇ္ဇာ၊ သင်္ခါရ၊

(၂) ပစ္စုပ္ပန်အကျိုးတစ်လွှာ – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

(၃) ပစ္စုပ္ပန်အကြောင်းတစ်လွှာ – တဏှာ၊ ဥပါဒါန်၊ ဘဝ၊

(၄) အနာဂတ်အကျိုးတစ်လွှာ – ဇာတိ၊ ဇရာမရဏတို့ ဖြစ်ကြ၏။

**၂၂။ အဘယ်မည်သော ယုံကြည်မှုမျိုးနှင့်တကွဖြစ်သောတရားကို ဘဝတဏှာဟုလည်း ကောင်း၊ ဝိဘဝတဏှာဟုလည်းကောင်း၊ ခေါ်ပါသနည်း။ ရှင်းလင်းဖြေဆိုပြီးလျှင်၊ တဏှာအစစ်တစ်ရာ့ရှစ်ကို သိသာရုံမျှတွက်ပြပါ။** (၁၉၈၈၊ စမန၊ ၁၁၁)

**အဖြေ – ဘဝတဏှာ၊ ဝိဘဝတဏှာဟု ခေါ်တွင်ပုံ –**

**– အာရုံ ၆ ပါးကို 'တည်မြဲသည်' ဟူသော ယုံကြည်မှုမျိုးနှင့် သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ဖြစ်သော တဏှာသည် 'ဘဝတဏှာ'မည်၏။**

**– အာရုံ ၆ ပါးကို 'မတည်မြဲ၊ ပျက်လတံ့'ဟူသော ယုံကြည်မှုမျိုးနှင့် ဥစ္ဆေဒဒိဋ္ဌိ နှင့်တကွ သာယာ၍ဖြစ်သောတဏှာသည် 'ဝိဘဝတဏှာ'မည်၏။**

**– တဏှာအစစ်တစ်ရာ့ရှစ် ဖြစ်ပုံ**

ရူပါရုံစသည့်အာရုံ ၆ ပါးကို တပ်မက်သည့် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဟူ၍ တဏှာ ၆ ပါးရှိ၏။

ရူပတဏှာစသည့် တဏှာတစ်မျိုးစီ၌ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ သုံးမျိုးစီကွဲပြားသဖြင့် တဏှာသည် ၆ x ၃ = ၁၈ ပါးဖြစ်လာ၏။

ထိုတဏှာ ၁၈ ပါးသည် အဇ္ဈတ္တသန္တာန်၌လည်းဖြစ်၏၊ ဗဟိဒ္ဓသန္တာန်၌လည်းဖြစ်၏။ ထို့ကြောင့် တဏှာ ၁၈ x ၂ = ၃၆ ပါးဖြစ်လာ၏။

တစ်ဖန် ကာလသုံးပါးနှင့်မြှောက်ပွားလျှင် အတိတ်ကာလ၌ တဏှာ ၃၆ ပါး၊ ပစ္စုပ္ပန်ကာလ၌ တဏှာ ၃၆ ပါး၊ အနာဂတ်ကာလ၌ တဏှာ ၃၆ ပါး၊ ပေါင်း တဏှာ ၁၀၈ ပါး ဖြစ်ပါသည်။

**၂၃။ 'လူချင်းတူလျက် အသက်ရှုခြင်းကွဲသည်' ဟူသော စကားကဲ့သို့ လောက၌ လူညံ့– လူတော်အားဖြင့် ကွဲပြားရခြင်းအကြောင်းကိုလည်းကောင်း၊ ယင်းအကြောင်း ၏အာရုံများကိုလည်းကောင်း ရေးပြခဲ့ပါ။** (၁၉၈၈၊ စမန ၁၂၃)

**အဖြေ** – (စာမျက်နှာ ၁၄၃ မေးခွန်း ၄ နှင့်ဆင်တူသည်)

'လူချင်းတူလျက် အသက်ရှုခြင်းကွဲသည်' ဆိုသကဲ့သို့ လောက၌ လူညံ့လူတော်အားဖြင့် ကွဲပြားရခြင်းအကြောင်းသည် ကံအကြောင်းတရားကြောင့်ဖြစ်ပါသည်။ ပုဂ္ဂိုလ်အသီးသီးတို့

ပြုလုပ်ထားခဲ့သော ကမ္မဘဝချင်း မတူညီသောကြောင့်တည်း၊ ကမ္မဘဝမှတစ်ပါးသော အကြောင်းမရှိချေ။ အဘယ့်ကြောင့်ဆိုသော် ထိုကမ္မဘဝအကြောင်းဖြစ်သော သတ္တဝါ၏ အဇ္ဈတ္တသန္တာန်၌ ထိုကမ္မဘဝအကြောင်းတရားမှအပ ထူးခြားမှုကိုပြုနိုင်သော အခြား အကြောင်းတရားမရှိခြင်းကြောင့်ပင်တည်း။

''ကံသည် သတ္တဝါတို့ကို ယုတ်ညံ့သည့်အဖြစ်, မြင့်မြတ်သည့်အဖြစ်ကို ခွဲခြမ်းဝေဖန်သည်'' ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။

လူညံ့–လူတော်အားဖြင့် ကွဲပြားစေသောအကြောင်း (ကံ) ၏အာရုံများမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော ကာမအာရုံ ၆ ပါးဖြစ်ပါသည်။

**၂၄။ ဥပါဒါန်ဟူသောအကြောင်းကြောင့် အကျိုးဘဝနှစ်မျိုးဖြစ်ပေါ်လာပုံကို ဝိသုဒ္ဓိမဂ် အမြင်ဖြင့် သုံးသပ်ဆုံးဖြတ်ခဲ့ပါ။** (၁၉၈၉၊ စမန ၁၁၆၊ ၁၁၇)

**အဖြေ** – (စာမျက်နှာ ၁၄၉ မှန်ပါတ် ၁၆ နှင့်ဆင်တူသည်)

''ဥပါဒါနပစ္စယာ ဘဝေါ'' = ဥပါဒါန်ဟူသောအကြောင်းကြောင့် ဘဝဖြစ်သည်ဆိုရာ၌ ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ နှစ်ပါးအပြားရှိ၏။

ကမ္မဘဝဟူသည်မှာ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဥ္ဇာဘိသင်္ခါရဟု အမည်ရကြသော လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉ ပါးဖြစ်၏။

ဥပပတ္တိဘဝဟူသည်မှာ ကမ္မဘဝဟူသည့် လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉ ပါးကြောင့်ဖြစ်ကုန်သော လောကီဝိပါက်စိတ် ၃၂ ပါး၊ ၄င်းစိတ်တို့နှင့်ယှဉ်သော စေတသိက် ၃၅ ပါးဟူသည့် ဝိပါက်နာမ်ခန္ဓာ ၄ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါး ပါဝင်သည့်ရူပက္ခန္ဓာတို့ ဖြစ်ပါသည်။

ထို့ကြောင့် ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးဘဝ ၂ မျိုးမှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ ဖြစ်ကြ၏

– ဥပါဒါန်စွဲလမ်းမှုဖြင့် ကာမဘဝကိုဖြစ်စေသော ကုသိုလ်ကံ, အကုသိုလ်ကံတို့ကိုပြုလုပ်လျှင် ထိုကံတို့သည် ကာမကမ္မဘဝမည်၏၊ ထိုကံတို့ကြောင့် ကာမဘုံ၌ဖြစ်သော ခန္ဓာတို့သည် ကာမဥပပတ္တိဘဝမည်၏။
– ဥပါဒါန်စွဲလမ်းမှုဖြင့် ရူပဘဝကိုဖြစ်စေသော ရူပါဝစရကုသိုလ်ကံကို ပြုလုပ်လျှင် ထို ကံသည် ရူပကမ္မဘဝမည်၏၊ ထိုကံကြောင့် ရူပဘုံ၌ဖြစ်သော ခန္ဓာတို့သည် ရူပဥပပတ္တိ ဘဝမည်၏။
– ဥပါဒါန်၏စွဲလမ်းမှုဖြင့် အရူပဘဝကိုဖြစ်စေသော အရူပါဝစရကုသိုလ်ကံကိုပြုလုပ်လျှင် ထိုကံသည် အရူပကမ္မဘဝမည်၏။ ထိုကံကြောင့် အရူပဘုံ၌ဖြစ်သော ခန္ဓာတို့သည် အရူပဥပပတ္တိဘဝမည်၏။

**၂၅။ 'ချစ်ခင်မှန်းဆ တမ်းတမိတယ်' စသည်ဖြင့် သီဆိုကြရာဝယ် ပဋိစ္စသမုပ္ပါဒ်အမြင်ဖြင့် ကြောင်းကျိုးဆက်စပ်ပြပြီးလျှင်၊ ယင်းတို့သည် အဘယ်မည်သော ဆင်းရဲ၏အ ကြောင်းရင်းများဖြစ်သနည်း၊ ရှင်းလင်းပြပါ။** (၁၉၈၉၊ စမန ၁၁၂၊ ၁၁၃)

**အဖြေ** – 'ချစ်ခင်မှန်းဆ' ခြင်းသည် နှစ်သက်ဆာလောင်မွတ်သိပ်ခြင်းကိုဖော်ပြသဖြင့် 'တဏှာ'ဖြစ်၏။ 'တမ်းတမိတယ်'ဟူသော စကားသည် စွဲလမ်းခြင်းကိုဖော်ပြသဖြင့် 'ဥပါဒါန်' ဖြစ်၏ ထို့ကြောင့် 'ချစ်ခင်မှန်းဆ တမ်းတမိတယ်' စသည်ဖြင့် သီဆိုခြင်းကို ပဋိစ္စသမုပ္ပါဒ်အမြင်ဖြင့် ကြောင်းကျိုးဆက်ပြရသော် – ''တဏှာပစ္စယာ ဥပါဒါန်'' = တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

တဏှာသည် ပစ္စည်းဥစ္စာရှာမှီးခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏အကြောင်းရင်းဖြစ်၏။

ဥပါဒါန်သည် ရရှိလာသောပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဆင်းရဲ၏ အကြောင်းရင်းဖြစ်၏။

**၂၆။ 'သဠာယတနပစ္စယာ ဖဿော' ဟု ဟောတော်မူရာ စက္ခုသမ္ဖဿအရာဝယ် ဖဿတစ်ခုဖြစ်ပေါ်အောင် အာယာတနအားလုံးက ကျေးဇူးပြုပါသလော၊ မည်သည့် အာယတနများက ကျေးဇူးပြုပါသနည်း၊ ဖြေဆိုပါ။** (၁၉၈၉၊ စမန ၁၀၉)

**အဖြေ** – (စာမျက်နှာ ၁၄၉၊ နံပါတ် ၁၅ နှင့်တူပါသည်)

အာယတနအားလုံးတို့က ကျေးဇူးမပြုပါ။ စက္ခာယတန, ရူပါယတန, မနာယတနနှင့် ဓမ္မာယတနတို့ ကျေးဇူးပြုပါသည်။

**၂၇။ မြတ်စွာဘုရားသည် ဝဋ်ဆင်းရဲနှင့်စပ်သောတရားကို ဟောတော်မူရာတွင်အဘယ် ကြောင့် အဝိဇ္ဇာ, ဘဝတဏှာတရားနှစ်ပါးကို ဦးခေါင်းထား၍ ဟောတော်မူပါသ နည်း၊ ရှင်းလင်းဖြေဆိုပါ။** (၁၉၉၀၊ စမန ၄၄၊ ၄၅)

**အဖြေ** – (စာမျက်နှာ ၁၄၈၊ နံပါတ် ၁၂ နှင့် အဖြေတူပါသည်။)

**၂၈။ အောက်ပါ 'က' 'ခ' 'ဂ' တို့ကို မှတ်မိသမျှ ဖြေဆိုခဲ့ပါ။ (က) ပဋိသန္ဓေအပြား (ခ) ပဋိသန္ဓေဝိညာဏ် (ဂ) ပဋိသန္ဓေဝိညာဏ်၏ဖြစ်ရာဘုံ** (၁၉၉၀၊ စမန ၈၆၊ ၈၇)

**အဖြေ – (က) ပဋိသန္ဓေအပြား ၂၀**

ပဋိသန္ဓေ ၂၀ ရှိပါသည်။ အသညသတ်ရုပ်ပဋိသန္ဓေ (ဇီဝိတနဝကကလာပ်) နှင့် နာမ် ပဋိသန္ဓေ ၁၉ ပါး (ပဋိသန္ဓေဝိညာဏ် ၁၉ ပါး) တို့ဖြစ်ကြပါသည်။

**(ခ) ပဋိသန္ဓေဝိညာဏ် ၁၉ ပါး**

ဥပေက္ခာသန္တီရဏစိတ် ၂ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရဝိပါက်စိတ် ၅ ပါး၊ အရူပါဝစရ ဝိပါက်စိတ် ၄ ပါးဟူ၍ ပဋိသန္ဓေဝိညာဏ် ၁၉ ပါးရှိပါသည်။

**(ဂ) ပဋိသန္ဓေဝိညာဏ်၏ဖြစ်ရာဘုံ**

၁။ အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် (အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ်) သည် အပါယ် ၄ ဘုံတွင် ပဋိသန္ဓေဖြစ်စေ၏။

၂။ ကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ် (ကုသလဝိပါက်အဟိတ်မနောဝိညာဏဓာတ်) သည် လူ့ဘုံ, စတုမဟာရာဇ်ဘုံတို့၌ ပဋိသန္ဓေဖြစ်စေ၏။

၃။ မဟာဝိပါက်စိတ် ၈ ပါး (သဟိတ်ကာမာဝစရဝိပါက် မနောဝိညာဏဓာတ်) တို့သည် ကာမသုဂတိ ၇ ဘုံတွင် ပဋိသန္ဓေဖြစ်စေ၏။

၄။ ရူပါဝစရဝိပါက်စိတ် ၅ ပါး (ရူပါဝစရဝိပါက် မနောဝိညာဏဓာတ်) တို့သည် ရူပဘုံ (အသညသတ်ကြဉ်) ၁၅ ဘုံတွင် ပဋိသန္ဓေဖြစ်စေ၏။

၅။ အရူပါဝစရဝိပါက်စိတ် ၄ ပါး (အရူပါဝစရဝိပါက် မနောဝိညာဏဓာတ်) တို့သည် အရူပ ၄ ဘုံတွင် ပဋိသန္ဓေဖြစ်စေ၏။

**၂၉။ 'ဘဝပစ္စယာ ဇာတိ' ဟုဟောတော်မူရာဝယ် ယူရမည့်ဘဝ၊ ပယ်ရမည့်ဘဝ တို့ကို အကြောင်းနှင့်တကွ ကောက်ပြပြီး၊ ယင်းဘဝက ဇာတိအား အဘယ်သတ္တိဖြင့် ကျေးဇူးပြုသည်ကိုလည်းဖြေဆိုပါ။** (၁၉၉၀၊ စမန ၁၂၂၊ ၁၁၇)

**အဖြေ** – 'ဘဝပစ္စယာ ဇာတိ' = ကမ္မဘဝဟူသောကံသည် ဘဝသစ်ကိုဖြစ်စေ၏ဟူရာ၌ 'ဘဝ' အရ 'ကမ္မဘဝ'ကိုသာ ယူရမည်။ ကမ္မဘဝသည် လောကီကုသိုလ်, အကုသိုလ် စေတနာ ၂၉ ပါးဖြစ်၍ အလုံးစုံသောဘဝတို့ကို ဖြစ်စေသော ကံတရားများဖြစ်ကြ၏။

ပယ်ရမည့်ဘဝမှာ 'ဥပပတ္တိဘဝ'ဖြစ်သည်။ အကြောင်းမှာ ဥပပတ္တိဘဝသည် ကမ္မဘဝက ဖြစ်စေသော လောကီဝိပါက်စိတ် ၃၂ ပါး, ယှဉ်ဖက်စေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါးတို့ဖြစ်သဖြင့် ဇာတိကို မဖြစ်စေတတ်သောကြောင့်တည်း။

ကမ္မဘဝသည် ဇာတိအား ကမ္မပစ္စယသတ္တိ, ဥပနိဿယပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

**၃၀။ ဘဝတဏှာသည် အကုသိုလ်တရားအစစ်ဖြစ်ပါလျက် ကောင်းသောဘုံသို့ လားရောက်စေနိုင်လောက်အောင် ထူးခြားသောအကြောင်းတရားဖြစ်သည်ဟုဆိုရာ၌ အဘယ်ကြောင့်ယင်းသို့ဖြစ်ရသည်ကို ဥပမာအကြောင်းယုတ္တိပြ၍ဖြေဆိုပါ။** (၁၉၉၁၊ စမန ၄၅)

**အဖြေ** – (စာမျက်နှာ ၁၄၈၊ နံပါတ် ၁၂ မှ ဘဝတဏှာအကြောင်းကိုဖြေပါ။)

**၃၁။ အာနေဉ္ဇာဘိသင်္ခါရမည်သော စေတနာသည် အရူပဘုံဘဝ၌ အရူပါဝစရဝိပါက် ဝိညာဏ်တို့အား မည်သည့်ပစ္စယသတ္တိတို့ဖြင့် မည်သည့်အချိန်အခါ၌ ကျေးဇူးပြုသည်ကို ဖော်ပြပါ။** (၁၉၉၁၊ စမန ၉၉)

**အဖြေ** – အာနေဉ္ဇာဘိသင်္ခါရမည်သော စေတနာသည် အရူပဘုံဘဝ၌ အရူပါဝစရဝိပါက် ဝိညာဏ်တို့အား ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့တွင် နာနာက္ခဏိကကမ္မပစ္စယသတ္တိ, ပကတူပနိဿယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

**၃၂။ ရူပါရုံကို မျက်စိဖြင့်ကြည့်ရှုရာ၌ မည်သို့မည်ပုံကြည့်ရှုပါက ကာမတဏှာဖြစ်သည်၊ မည်သို့မည်ပုံကြည့်ပါက ဘဝတဏှာ, ဝိဘဝတဏှာဖြစ်သည်ကို ထင်ရှားအောင် ဖြေဆိုပါ။** (၁၉၉၁၊ စမန ၁၁၀၊ ၁၁၁)

**အဖြေ** – ရူပါရုံကို မျက်စိဖြင့်ကြည့်ရှုရာ၌–

(၁) ကာမဂုဏ်၌ သာယာသည့်အစွမ်းဖြင့် သာယာ၍ကြည့်လျှင် ကာမတဏှာဖြစ်၏။

(၂) ထိုရူပါရုံကို 'တည်မြဲသည်'ဟု အယူမှားသော သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ ကြည့်လျှင် ဘဝတဏှာဖြစ်၏။

(၃) ထိုရူပါရုံကို 'ပျက်လတ့်, ပြတ်လတ့်' ဟု အယူမှားသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ

သာယာ၍ကြည့်လျှင် ဝိဘဝတဏှာဖြစ်၏။

**၃၃။ 'သိခက်,ဟောခက် လေးချက်ညွှန်ကြား မြတ်တရား' ဟူသော အဆိုအမိန့်အရ လေးချက်သောတရားကို ဖော်ပြပြီးလျှင်၊ နွယ်ကို အလယ်ကဖြတ်၍ အဆုံးပိုင်းကို ဆွဲယူလိုက်သကဲ့သို့ ဟောကြားထားသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို မြန်မာလို သိသာအောင်ဖော်ပြပါ။** (၁၉၉၂၊ စမန ၄၁၊ ၄၂)

**အဖြေ** – 'သိခက်, ဟောခက် လေးချက်ညွှန်ကြား မြတ်တရား' အရ လေးချက်သော တရားတို့မှာ (၁) သစ္စာလေးပါး (၂) သတ္တဝါ (၃) ပဋိသန္ဓေ (၄) ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်ပါသည်။

– နွယ်ကိုအလယ်ကဖြတ်၍ အဆုံးပိုင်းကို ဆွဲယူလိုက်သကဲ့သို့ ဟောကြားသောပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ – ''ခံစားမှုဝေဒနာကို ဝမ်းမြောက်လျက် နှစ်သက်တပ်မက်သူအား တဏှာဖြစ်၏။ ထိုတဏှာဖြင့် 'ချမ်းသာလေစွ'ဟု ချီးမွမ်းပြောဆို၍ မျိုသွင်းသိမ်းပိုက်လျက် တည်သောသူအား နန္ဒီရာဂခေါ်အားကြီးသောတဏှာ (ဝါ) ဥပါဒါန်ဖြစ်၏။

ထိုဥပါဒါန်ဟူသောစွဲလမ်းမှုကြောင့် ဖြစ်ကြောင်းကံ–ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ဖြစ်၏။ ဖြစ်ကြောင်းကံဟူသောအကြောင်းကြောင့် ဘဝသစ်ဖြစ်မှု–ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်၏'' ဟူ၍ဖြစ်ပါသည်။

**၃၄။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ကို အဘယ်နည်းဖြင့် သိရသည်ကို ဖြေဆိုပြီးလျှင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဥပါဒါနပစ္စယာ ဘဝေါ' ၌ သင်္ခါရထက်ပိုလွန်သော ဘဝမည်သောတရားကိုဖော်ပြပါ။** (၁၉၉၂၊ စမန ၈၂၊ ၁၁၈)

**အဖြေ** – သင်္ခါရကြောင့် ဝိပါက်ဝိညာဏ် ၃၂ ပါးဖြစ်ကြောင်းကို ဆည်းပူးအပ်သောကံ မရှိလျှင် ဝိပါက်ဟူသည့်အကျိုးမရှိခြင်း, မဖြစ်ခြင်းဖြင့် သိအပ်၏။ မှန်ပေ၏။ ဤ ဝိညာဏ် ၃၂ ပါးသည် သင်္ခါရခေါ် လောကီကုသိုလ်, အကုသိုလ်ကံတို့၏အကျိုးဖြစ်သော ဝိပါက်စိတ်တို့တည်း။ ဆည်းပူးထားသည့်ကံမရှိလျှင် ဝိပါက်ဝိညာဏ်မဖြစ်နိုင်ပါ။ အကယ်၍ ကံမရှိဘဲဖြစ်နိုင်လျှင် ဝိပါက်ဝိညာဏ်အားလုံးပင် သတ္တဝါအားလုံး၌ ဖြစ်တန်ရာ၏။ ဤသို့လည်း မဖြစ်ပါ။ ထို့ကြောင့် ''သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်'' ဟူသော သဘောကို သိအပ်၏။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဥပါဒါနပစ္စယာ ဘဝေါ'၌ သင်္ခါရထက်ပိုလွန်သော ဘဝမည်သော တရားမှာ **ဥပပတ္တိဘဝ** ဖြစ်ပါသည်။

**၃၅။ ဒုတိယသစ္စာကြောင့်ဖြစ်သော ပထမသစ္စာ၊ ဒုတိယသစ္စာကို ဖော်ပြပြီးလျှင် သဘာဝဓမ္မတို့၏ကြောင့်ကြဗျာပါရကင်းမဲ့ပုံ (အဗျာပါရနည်း)ကိုလည်း သိသာအောင် ရှင်းလင်းပြပါ။** (၁၉၉၂၊ စမန ၁၃၃၊ ၁၄၀)

**အဖြေ** – ဒုတိယသစ္စာကြောင့်ဖြစ်သော ပထမသစ္စာသည် 'သင်္ခါရပစ္စယာ ဝိညာဏံ'တည်း။

– ဒုတိယသစ္စာကြောင့်ဖြစ်သော ဒုတိယသစ္စာသည် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' နှင့် 'တဏှာပစ္စယာ ဥပါဒါနံ' တို့တည်း။

**– သဘာဝဓမ္မတို့၏ ကြောင့်ကြဗျာပါရကင်းမဲ့ပုံ (အဗျာပါရနည်း)**

အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ရာ၌ အဝိဇ္ဇာတွင် ''ငါသည် သင်္ခါရတို့ ဖြစ်ပေါ်အောင် ပြုလုပ်ပေးရမည်''ဟူ၍ ကြောင့်ကြဗျာပါရမရှိချေ။ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဖြစ်ရာ၌လည်း သင်္ခါရတွင် ''ငါသည် ဝိညာဏ်ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးရမည်''ဟူ၍ ကြောင့်ကြဗျာပါရမရှိချေ။ ဤသို့စသည်ဖြင့် အဝိဇ္ဇာ, သင်္ခါရစသည့် သဘာဝဓမ္မတို့၌ ကြောင့်ကြဗျာပါရကင်းရှင်းကြပါသည်။

**၃၆။ မသိမှု–အဝိဇ္ဇာဟုဆိုရာ၌ အဘယ်အရာများ၌ မသိသည်ကို သုတ္တန်, အဘိဓမ္မာ နှစ်ဖြာခွဲခြားဖြေဆိုပြီးလျှင် သဒ္ဓါတရားရှိ၍ ဥပုသ်စောင့်ရာ၌ အဘယ်ပစ္စည်းတရားက အဘယ်အကျိုးပစ္စယုပ္ပန်တရားအား အဘယ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသည်ကို အတိအကျဖြေဆိုပါ။** (၁၉၉၃၊ စမန ၅၄၊ ၆၆)

**အဖြေ** – အဝိဇ္ဇာသည် သုတ္တန်နည်းအရ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို မသိခြင်းဖြစ်ပါသည်။

– အဘိဓမ္မာနည်းအရအဝိဇ္ဇာသည် (၁) ဒုက္ခသစ္စာ (၂) သမုဒယသစ္စာ (၃) နိရောဓသစ္စာ

(၄) မဂ္ဂသစ္စာ (၅) ပုဗ္ဗန္တခေါ် အတိတ်ခန္ဓာငါးပါးဟူသည့် ရှေ့အစွန်း၊

(၆) အပရန္တခေါ် အနာဂတ်ခန္ဓာငါးပါးဟူသည့်နောက်အစွန်း၊

(၇) ပုဗ္ဗန္တာပရန္တခေါ် ရှေ့အစွန်း–နောက်အစွန်း၊

(၈) ပဋိစ္စသမုပ္ပါဒ်ခေါ် အကြောင်းတရားတို့နှင့် ပဋိစ္စသမုပ္ပန်ခေါ် အကျိုးတရားတို့၌ မသိခြင်းဖြစ်ပါသည်။

– သဒ္ဓါတရားရှိ၍ ဥပုသ်စောင့်ရာ၌ သဒ္ဓါဟူသော ပစ္စည်းတရားသည် ဥပုသ်သီလဟူသော ပစ္စယုပ္ပန်တရားကို ပတတူပ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**၃၇။ (က) လူကောင်းနတ်ကောင်းနှင့်နေရာဌာန, အဆောက်အအုံ, ဘုံဗိမာန်ကို သံသရာခေါ်သည်ဟု အသိများတတ်ကြ၏။ အဘယ်သို့သိမှ အသိမှန်ဖြစ်သနည်း။ (ခ) သံသရာအစစ်အမှန်ကို မသိသူသည် အဘယ်သို့အယူတိမ်းပါးလွဲမှားသွားနိုင်သနည်း။** (၁၉၉၃၊ စမန ၁၄၁၊ ၈၁)

**အဖြေ** – (က) သံသရာဟူသည်မှာ ခန္ဓာငါးပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါး ဟုဆိုအပ်သော ရုပ်နာမ်တရားများက ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွှယ်မှုအရ တစ်ဘဝပြီးတစ်ဘဝ အစဉ်အဆက်မပြတ်ဘဲ ဖြစ်ပျက်နေခြင်းကို သိမှ အယူမှန် ဖြစ်ပါသည်။

(ခ) သံသရာအစစ်အမှန်ကို မသိသူသည် ''သတ္တဝါဟူသော ဤအတ္တကောင်က ဤမျက်မှောက်လူ့ဘဝမှ တစ်ပါးသောဘဝသို့ပြောင်းရွှေ့သွား၏၊ တစ်ပါးသောအတိတ်ဘဝမှ ဤဘဝသို့ပြောင်းရွှေ့လာ၏''ဟု စသည်ဖြင့် အယူတိမ်းပါးလွဲမှားသွားနိုင်သည်။ ထို့အပြင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဝါဒ၊ ဝသဝတ္တိဝါဒစသည့် အယူမှားများလည်း ဖြစ်ပေါ်နိုင်ပါသည်။

**၃၈။ 'သဠာယတနပစ္စယာ ဖဿော' ဟူသော ပါဠိတော်၌ စက္ခုသမ္ဖဿ၏အကြောင်း အာယတနတို့ကို ကုန်စင်အောင် ဖော်ပြပြီးလျှင်၊ ဥပါဒါန်လေးမျိုးပယ်သတ်ပုံ ရှေ့နောက်အစဉ်ကိုလည်း အကြောင်းပြနှင့်တကွ ဖော်ပြပါ။**

(၁၉၉၃၊ စမန ၁၀၉၊ ၁၁၅)

**အဖြေ – စက္ခုသမ္ဖဿ၏အကြောင်း အာယတနတို့မှာ** စက္ခာယတန, ရူပါယတန, မနာယတန, ဓမ္မာယတနတို့ ဖြစ်ပါသည်။

– ဥပါဒါန် ၄ ပါးတွင် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ကို ရှေးဦးစွာ ပယ်အပ်၏။ အကြောင်းမှာ ဤဥပါဒါန်သုံးပါးတို့၏တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ဖြစ်ပြီးလျှင် ဤဥပါဒါန်တို့ကို သောတာပတ္တိမဂ်က ပယ်အပ်သောတရားများဖြစ်သောကြောင့်တည်း။

ကာမုပါဒါန်ကိုမူ နောက်မှပယ်အပ်၏။ အကြောင်းမှာ ကာမုပါဒါန်၏တရားကိုယ်သည် လောဘဖြစ်ပြီးလျှင် ကာမုပါဒါန်သည် အရဟတ္တမဂ်က ပယ်အပ်သောတရားဖြစ်သောကြောင့်ပေတည်း။

**၃၉။ အဝိဇ္ဇာသည် အကန်းနှင့်တူလျှင် – (က) အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရ၊ (ခ) သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်၊ (ဂ) ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်၊ (ဃ) နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတန၊ (င) သဠာယတနကြောင့်ဖြစ်သော ဖဿတို့သည် အဘယ်နှင့်ကိုယ်စီကိုယ်င တူကြသနည်း။** (၁၉၉၃၊ စမန ၁၃၅)

**အဖြေ** – (စာမျက်နှာ ၁၄၇ နံပါတ် ၁၀ နှင့်အဖြေတူပါသည်)

**၄၀။ (က) ကြောင်းကြမဲ့ဖြစ်မြဲသော (အဗျာပါရနည်း) ဟူရာ၌ အဘယ်သို့ကြောင်းကြမဲ့သည်၊ (ခ) ဖြစ်ရိုးစဉ်လာ ဓမ္မတာနည်းကို မှန်ကန်အောင်ရှုမြင်နိုင်ပါက အဘယ်တရားဆိုးတို့ကို ပယ်နိုင်သည်ကို ဖြေဆိုပါ။** (၁၉၉၃၊ စမန ၁၃၃၊ ၁၄၀)

**အဖြေ** – (က) (စာမျက်နှာ ၁၅၇ နံပါတ် ၃၅ အဗျာပါရနည်းအဖြေနှင့်တူပါသည်။)

(ခ) ဖြစ်ရိုးစဉ်လာဓမ္မတာနည်း (ဝေဓမ္မတာနည်း)ကို မှန်ကန်စွာရှုမြင်နိုင်ပါက အကြောင်းအားလျော်စွာ အကျိုးကိုသိခြင်းကြောင့် အဟေတုကဒိဋ္ဌိနှင့် အကိရိယဒိဋ္ဌိဟူသည့်တရားဆိုးတို့ကို ပယ်နိုင်ပါသည်။

**၄၁။ လောက၌ အလွန်မြင်နိုင်ခဲသောတရားတို့ကိုကုန်စင်အောင်ထုတ်ပြ၍၊ ဖန်ဆင်းခြင်းကြောင့် သတ္တဝါအားလုံးဖြစ်ရသည်ဆိုသော ဘာသာခြားတို့ ဟောပြောယူဆချက် မှန်/မမှန်ကိုလည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာနည်းအရ စိစစ်ပြပါ။**

(၁၉၉၄၊ စမန ၄၁၊ ၃၃၊ ၃၄၊ ၃၉၊ ၁၈၉)

**အဖြေ** – လောက၌အလွန်မြင်နိုင်ခဲသောတရားတို့မှာ (၁) သစ္စာ ၄ ပါး (၂) သတ္တဝါ (၃) ပဋိသန္ဓေ (၄) ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်ပါသည်။

– ဖန်ဆင်းခြင်းကြောင့် သတ္တဝါအားလုံးဖြစ်ရသည်ဆိုသော ဘာသာခြားတို့ဟောပြောယူဆချက်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနည်းအရ မမှန်ကန်ပါ။ (စာမျက်နှာ ၁၄၂ နံပါတ် ၁ အတိုင်းဆက်ဖြေပါ။)

**၄၂။ အရူပါဝစရဝိပါက်စိတ်များက အာနေဥ္ဇာဘိသင်္ခါရဖြစ်စေပုံကို ဖြေဆိုပြီးလျှင်၊ ကြောင်းကျိုးဆက်နည်းပညာအရ အကြောင်းတရားနှင့် အကျိုးတရားတို့ဆက်သွယ်နေပုံကိုလည်း ဥပမာနှင့်တကွ ထင်ရှားအောင်ဖြေဆိုပါ။** (၁၉၉၄၊ စမန ၅၇၊ ၁၄၀)

**အဖြေ – အရူပါဝစရဝိပါက်စိတ်များက အာနေဥ္ဇာဘိသင်္ခါရဖြစ်စေပုံ**

အရူပါဝစရဝိပါက်ဝိညာဏ်များသည် အရူပဗြဟ္မာများ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များဖြစ်ကြ၏။ အရူပဘုံ၌ အရူပါဝစရဝိပါက်ဝိညာဏ်များဖြစ်ပေါ်ခြင်းသည် အရူပဗြဟ္မာဘဝဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။

အရူပကုသိုလ်၏အကျိုးဝိပါက်ဖြစ်သော အရူပဗြဟ္မာဘဝ၌ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, တို့ရှိ၏။ အဝိဇ္ဇာဖုံးလွှမ်းခံရသူသည် အရူပကုသိုလ်၏အကျိုးဝိပါက်၌ သင်္ခါရဒုက္ခအဖြစ်, ဝိပရိဏာမဒုက္ခအဖြစ်ကို မသိသောကြောင့် သဿတဒိဋ္ဌိစသည့် ဖောက်ပြန်မှားယွင်းသော ဝိပလ္လာသဖြင့် စိတ္တသင်္ခါရဖြစ်သည့် အာနေဥ္ဇာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

ဥပမာ – မျက်စိလယ်လမ်းမှားသောသူသည် ဘီလူးမြို့ဆီသို့ ရှေးရှုသွားသောလမ်းကို လိုက်သွားသကဲ့သို့တည်း။

**– ကြောင်းကျိုးဆက်နည်းပညာအရ အကြောင်းတရားနှင့်အကျိုးတရားတို့ဆက်သွယ်ပုံ**

အဝိဇ္ဇာစသောအကြောင်းတရားတို့မှ သင်္ခါရစသည့်အကျိုးတရားတို့သာ ဖြစ်ကြ၏။ အခြားတရားတို့၏ဖြစ်ခြင်းမဟုတ်ဟု သိသောနည်းသည် 'ဧဝံဓမ္မတာနည်း' မည်၏။

**ဥပမာ** – နို့ရည်ဟူသောအကြောင်းကြောင့် နို့ဓမ်းဟူသည့်အကျိုးတရားဖြစ်ပေါ်၏၊ အခြားတစ်ပါးသောအကျိုးတရား၏ဖြစ်ခြင်းမဟုတ်သကဲ့သို့တည်း။

**၄၃။ ယုံကြည်မှုသဒ္ဓါတရားကို အခြေခံပြု၍ ကုသိုလ်တရားများ အဆင့်ဆင့်ဖြစ်ပွားလာပုံကို ဥပနိဿယပစ္စည်းလာအတိုင်း ပြည့်စုံအောင်ထုတ်ပြ၍၊ သံသရာ၌ တွေဝေသော ပုဂ္ဂိုလ်တို့ကြဲဆပုံကိုလည်း ဖြေဆိုပါ။** (၁၉၉၄၊ စမန ၆၆၊ ၈၁)

**အဖြေ –** ယုံကြည်မှုသဒ္ဓါတရားကို အခြေခံပြု၍ အလှူဒါနပြု၏၊ သီလဆောက်တည်၏၊ ဥပုသ်စောင့်သုံး၏၊ ဈာန်ကိုဖြစ်စေ၏၊ ဝိပဿနာကိုဖြစ်စေ၏၊ မဂ်ကိုဖြစ်စေ၏၊ အဘိညာဉ်ကို ဖြစ်စေ၏၊ သမာပတ်ကိုဖြစ်စေ၏။

သဒ္ဓါသည် နောက်ဖြစ်သောသဒ္ဓါအား၊ စာဂအား၊ သီလအား၊ သုတအား၊ ပညာအား ပကတူပဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**သံသရာ၌တွေဝေသောပုဂ္ဂိုလ်တို့ကြဲဆပုံ**

''ခန္ဓာ, အာယတန, ဓာတ်တို့၏မပြတ်မစဲဖြစ်ပျက်နေသောအစဉ်ကို သံသရာဟုဆိုအပ်သည်'' ကို မှန်ကန်စွာမသိသဖြင့် သံသရာ၌တွေဝေသောပုဂ္ဂိုလ်တို့သည် ''သတ္တဝါဟူသော ဤအတ္တကောင်က ဤမျက်မှောက်လူ့ဘဝမှ တစ်ပါးသောဘဝသို့ ပြောင်းရွှေ့သွား၏၊ တစ်ပါးသောအတိတ်ဘဝမှ ဤဘဝသို့ပြောင်းရွှေ့လာ၏''ဟု စသည်ဖြင့် မှားယွင်းစွာကြံဆကြ၏။

**၄၄။ ယောနိလေးပါးတို့ကို ဂတိငါးပါးတို့ဖြင့် ဖြစ်သင့်သလို အသီးသီးဝေဖန်ပြီးလျှင်၊ အနိဋ္ဌများရာ ငရဲ၌ တစ်ခါတစ်ရံ ဣဋ္ဌာရုံဖြစ်ပေါ်လာတတ်ပုံကိုလည်း ထင်ရှား**

**အောင်ဖြေဆိုပါ။** (၁၉၉၄၊ စမန ၉၂၊ ၉၈)

**အဖြေ – ယောနိလေးပါးကို ဂတိငါးပါးနှင့်တွဲစပ်ပုံ**

(၁) ငရဲ၌ဖြစ်သော နိရယဂတိ၊

(၂) ဘုမ္မဇိုဝ်းနတ်မှကြွင်းသော ဒေဝဂတိ၊

(၃) အမြဲမီးလောင်ခံရ၍ ဆာလောင်မှုရှိသော **နိဇ္ဈာမတဏှိကပြိတ္တာ**တို့၏ ပေတဂတိဟု ဆိုအပ်သော ဂတိသုံးပါး၌ ဩပပါတိကယောနိတစ်မျိုးသာဖြစ်၏။

(၁) တိရိစ္ဆာန်တို့၏ တိရစ္ဆာနဂတိ၊

(၂) **နိဇ္ဈာမတဏှိကပြိတ္တာ**မှကြွင်းသော ပေတဂတိ၊

(၃) လူတို့၏ မနုဿဂတိ၊

(၄) ဘုမ္မဇိုဝ်းနတ်တို့၏ ဒေဝဂတိဟုဆိုအပ်သော ဂတိလေးပါး၌ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကဟူသော ယောနိလေးပါးလုံးဖြစ်၏။

– အနိဋ္ဌများရာငရဲရွာ၌ တစ်ခါတစ်ရံက္လဋ္ဌာရုံဖြစ်နိုင်ပုံမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ငရဲရွာသို့လှည့်လည်သောအခါစသည်တို့၌ က္လဋ္ဌာရုံဖြစ်နိုင်ပါသည်။

**၄၅။ မိခင်၏ဝမ်းကြာတိုက်၌ကိန်းအောင်းနေရသောသန္ဓေသားအား အစားစားသောက်မှုမရှိဘဲ ခန္ဓာကိုယ်ကလာပ်စည်းများ ဖွံ့ဖြိုးတိုးတက်လာမှု ဖြစ်ပေါ်နိုင်ပုံကို ဖြေရှင်း၍ တဏှာမဖြစ်သောပုဂ္ဂိုလ်ကိုလည်း အကြောင်းသွင်း၍ ရှင်းလင်းဖော်ထုတ်ပြခဲ့ပါ။**

(၁၉၉၄၊ စမန ၁၀၃၊ ၁၁၂)

**အဖြေ –** မိခင်၏ဝမ်းကြာတိုက်၌ ကိန်းအောင်းနေသောသန္ဓေသားသည် မိခင်ဝမ်း၌တည်နေစဉ် မိခင်သုံးဆောင်သောဘောဇဉ်ဖြင့် မျှတ၏။ မျှတပုံမှာ မိခင်စားမျိုသောအာဟာရသည် ကလေး၏ကိုယ်၌ အစဉ်လျှောက်၍ ကလေးကိုယ်ထဲရှိအာဟာရရုပ် (ဩဇာ)နှင့်ပေါင်းမိပြီးနောက် အာဟာရကဖြစ်စေသော အာဟာရဇသုဒ္ဓဋ္ဌက ကလာပ်စည်းများဖြစ်ပေါ်၏။

**– တဏှာမဖြစ်သောပုဂ္ဂိုလ်**

ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်သည်ဆိုရာ၌ တဏှာအနုသယရှိသူ၌သာလျှင် တဏှာဖြစ်ပေါ်၏။ မဂ္ဂပြဟ္မစရိယခေါ်အကျင့်မြတ်ကိုကျင့်ပြီး၍ မကောင်းမှုကိုအပပြုပြီးသော (ဝါ) တဏှာအနုသယကင်းသော ရဟန္တာပုဂ္ဂိုလ်၌ တဏှာမဖြစ်တော့ချေ။ အရဟတ္တမဂ်သည် တဏှာအနုသယကို ပယ်ပြီးဖြစ်၏။

**၄၆။ အမိဝမ်းတွင်းမှ အတူတကွသက်ဆင်းလာကြသော အမွှာကလေးနှစ်ယောက်တို့၏ ရာထူးဂုဏ်သိန်, စည်းစိမ်ဥစ္စာစသည်တို့ ကွဲပြားရခြင်းအကြောင်းကို စစ်ပြပြီးလျှင်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဘယ်ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့် ဘဝစက်တရားတို့ကို ဟောကြားသည်ကိုလည်း ခွဲခြားပြခဲ့ပါ။** (၁၉၉၄၊ စမန ၁၂၃၊ ၄၁၊ ၄၂)

**အဖြေ –** (အမွှာကလေးကွဲပြားရခြင်းအဖြေမှာ စာမျက်နှာ ၁၄၃၊ နံပါတ် ၄ အဖြေအတိုင်းပင် ဖြစ်၏။)

– ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ မောဟစရိုက်ရှိသောပုဂ္ဂိုလ်, ဂမ္ဘီရသေယျကပုဂ္ဂိုလ်တို့၏

အစွမ်းအားဖြင့် ရှေ့ပိုင်းဘဝစက်တရားကို ဟောကြားတော်မူ၏။

တဏှာစရိုက်ရှိသောပုဂ္ဂိုလ်, ဥပပါတ်ပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့် နောက်ပိုင်းဘဝစက်တရားကို ဟောကြားတော်မူ၏။

သံသရာဝဋ် မပြတ်ဖြစ်ခြင်း၏အကြောင်းကို ခွဲခြမ်းခြင်း၌ တွေဝေသောသတ္တဝါအပေါင်းကို မြင်တော်မူသဖြင့် အဝိဇ္ဇာစသည့်အကြောင်းတို့ကြောင့် သင်္ခါရစသောအကျိုးတို့ဖြစ်ပေါ်ပြီး သံသရာဝဋ်၏မပြတ်ဖြစ်ခြင်းကို ပြခြင်းအကျိုးငှာလည်းကောင်း၊ အဝိဇ္ဇာ, သင်္ခါရစသည်ဖြင့် သံသရာဝဋ်၏ဖြစ်စဉ်ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အစမှအဆုံးတိုင်အောင် မြတ်စွာဘုရားဟောကြားတော်မူသည်။

**၄၇။ (က) အဘယ်တရားများကို 'ပဋိစ္စသမုပ္ပန္န'ခေါ်ဆိုသည်၊ (ခ) ကေစိ (အချို့) ဆရာတို့အလို အဘယ်တရားကို 'ပဋိစ္စသမုပ္ပါဒ်' ခေါ်ဆိုသည်တို့ကို ဖြေဆိုပါ။**

(၁၉၉၅၊ စမန ၃၄၊ ၃၅၊ ၃၆)

**အဖြေ** – (က) ဇရာမရဏ, ဇာတိ, ဘဝ, ဥပါဒါန်, တဏှာ, ဝေဒနာ, ဖဿ, အာယတန ၆ ပါး, နာမ်ရုပ်, ဝိညာဏ်, သင်္ခါရ, အဝိဇ္ဇာဟူသော ပဋိစ္စသမုပ္ပါဒ်၏အကျိုးတရားတို့ကို 'ပဋိစ္စသမုပ္ပန္န'ဟု ခေါ်ဆိုပါသည်။

(ခ) ကေစိဆရာတို့သည် ''အကြောင်းကိုစွဲ၍ မှန်စွာဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်မည်၏'' ဟူ၍ ဖြစ်ခြင်းမျှကို ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ဆိုပါသည်။

**၄၈။ (က) မဂ္ဂပစ္စည်းမရနိုင်သောတရားတို့ကို ဖော်ပြပြီးလျှင်၊ (ခ) အတ္ထိပစ္စည်းသည် မိမိကိုယ်တိုင်က အဘယ်အမျိုးအစားတရားဖြစ်ပြီး အဘယ်အမျိုးအစားပစ္စယုပ္ပန်တရားတို့အား အဘယ်နည်းအဘယ်ပုံကျေးဇူးပြုသည်ကိုလည်း ဖြေဆိုပါ။**

(၁၉၉၅၊ စမန ၇၂၊ ၇၄)

**အဖြေ – (က) မဂ္ဂပစ္စည်း**မရနိုင်သောတရားတို့မှာ အဟိတ်စိတ် ၁၈ ပါးနှင့်ယှဉ်သည့် ဝိတက်, ဝီရိယ, စေတ္ဂတာတို့ဖြစ်ပါသည်။

**(ခ) အတ္ထိပစ္စည်းသည်** ပစ္စုပ္ပန်သဘောလက္ခဏာဖြစ်သော တည်ရှိဆဲဖြစ်သည့်ပစ္စည်းတရားဖြစ်ပြီးလျှင် ထိုသို့တည်ရှိဆဲဖြစ်သောပစ္စုပ္ပန်သဘောတရားတို့အား ထောက်ပံ့သည့်အဖြစ်ဖြင့် အတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

**၄၉။ (က) ရူပတဏှာအဆင့်မှ ဘဝတဏှာအဆင့်သို့ ရောက်လာပုံနှင့်၊ (ခ) ကာမုပါဒါန်ကြောင့် ဗြဟ္မာဘဝသို့ မည်သို့မည်ပုံရောက်ရှိလာသည်တို့ကို ဖြေဆိုပါ။**

(၁၉၉၅၊ စမန ၁၁၀၊ ၁၁၁၊ ၁၂၁)

**အဖြေ – (က) ရူပတဏှာ**သည် ရူပါရုံကို ဆာလောင်တပ်မက်သည့်တဏှာဖြစ်၏။ ထိုရူပါရုံကိုပင် 'တည်မြဲသည်'ဟု အယူရှိသော သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ တဏှာဖြစ်လာလျှင် ထိုတဏှာသည် 'ဘဝတဏှာ' ဖြစ်လာ၏။

**– (ခ) ကာမုပါဒါန်ကြောင့် ဗြဟ္မာဘဝသို့ရောက်ပုံ**

ကာမုပါဒါန်သည် ကာမဂုဏ်ကိုမြဲမြံစွာစွဲလမ်းသည့်တဏှာဖြစ်၏။ အချို့သောသူသည်

''ကာမဂုဏ်တို့သည် ရူပဘဝ, အရူပဘဝတို့၌ ကာမဘဝထက်သာ၍ ပြည့်စုံကုန်၏'' ဟု ကြားဖူး၍ဖြစ်စေ၊ ကြံဆ၍ဖြစ်စေ၊ ကာမုပါဒါန်၏အစွမ်းအားဖြင့် ရူပစျာန်, အရူပစျာန် သမာပတ်တို့ကိုရရှိအောင် ကြိုးစားအားထုတ်၏။ ထိုသူသေလွန်သောအခါ ရူပကုသိုလ်ကံ၏ အကျိုးကြောင့် ရူပပြဟ္မာဖြစ်ရ၏၊ သို့မဟုတ် အရူပကုသိုလ်ကံ၏အကျိုးကြောင့် အရူပပြဟ္မာ ဖြစ်ရ၏။

**၅၀။ မရှိတရားတို့ကို သွားလာဝင်ထွက်ဆက်ဆံ၍ အရှိတရားတို့ကိုမူ သွေဖီရှောင်ရှား ကြဉ်ဖယ်သွားသောတရားတစ်မျိုးရှိလေရာ (က) ထိုတရားတစ်မျိုးဟူသည် အဘယ် နည်း။ (ခ) မရှိတရားနှင့်အရှိတရားဟူသည်မှာလည်း အဘယ်ကိုဆိုလိုပါသနည်း၊ ဖြေဆိုပါ။** (၁၉၉၆၊ စမန ၄၆)

**အဖြေ –** (က) မရှိတရားတို့ကို သွားလာဝင်ထွက်ဆက်ဆံ၍ အရှိတရားတို့ကိုမူ သွေဖီရှောင် ရှားသောတရားတစ်မျိုးသည် **အဝိဇ္ဇာ** ဖြစ်ပါသည်။

(ခ) မရှိတရားဟူသည်မှာ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ, ယောက်ျား စသည့် ပညတ်တရားများဖြစ်ပါသည်။

– အရှိတရားဟူသည်မှာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ၅ ပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါးဟူသည့် ရုပ်နာမ်တရားများနှင့် နိဗ္ဗာန်တို့ဖြစ်ပါသည်။

**၅၁။ မသိမှုအဝိဇ္ဇာကြောင့် အပြုတရား (သင်္ခါရ) များဖြစ်ကြရာ၌ မဂ္ဂသစ္စာကိုမသိမှု ကြောင့် အပြုတရားတို့ အဘယ်သို့ အဘယ်ပုံဖြစ်ကြသည်ကို ဖြေဆိုပြီးလျှင်၊ အချိန်ကာလအခြားအကွယ်မရှိသောကြောင့် 'သမနန္တရပစ္စည်းမည်၏' ဟူသောဝါဒ၏ ယုတ္တိမရှိဝိရောဓိဖြစ်ပုံကိုလည်း ဖော်ပြပါ။** (၁၉၉၆၊ စမန ၅၆၊ ၆၂)

**အဖြေ –** ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်စေသည့်အကျင့်မှန်ဖြစ်သော မဂ္ဂသစ္စာကို မသိမှုအဝိဇ္ဇာကြောင့် နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သည့်အကျင့်မှားဖြစ်သော ယဇ်ပူဇော် ခြင်း၊ အမရအကျင့်ကိုကျင့်ခြင်းစသည့် သင်္ခါရတရားတို့ကို အားထုတ်ပြုလုပ်ကြ၏။

– အချိန်ကာလအခြားအကွယ်မရှိသောကြောင့် '**သမနန္တရပစ္စည်းမည်၏**' ဟူသောဝါဒ၏ ယုတ္တိမရှိဝိရောဓိဖြစ်ပုံမှာ – ''နိရောဓသမာပတ်မှထသော (အနာဂါမ်) ပုဂ္ဂိုလ်၏ နေဝသညာ နာသညာယတနကုသိုလ်စိတ်သည် အနာဂါမိဖိုလ်စိတ်အား သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်'' ဟု ဟောတော်မူသဖြင့် နိရောဓသမာပတ်မဝင်စားမီဖြစ်ခဲ့သော နေဝသညာ နာသညာယတနစျာန်ဇောသည် နိရောဓသမာပတ်မှထသည့်အခါ၌ဖြစ်သောဖိုလ်စိတ်အား သမနန္တရပစ္စည်း၏သတ္တိဖြင့် ကျေးဇူးပြုရာ၌ ၇ ရက်စသည်ကာလာခြားပြီးမှ ကျေးဇူးပြု သောကြောင့်ဖြစ်သည်။

**၅၂။ ဝိပ္ပယုတ္တပစ္စည်းဖြင့်ကျေးဇူးပြုရာ၌ အဘယ်ပုံအဘယ်နည်းကျေးဇူးပြုသည်ကို ဖော်ပြပြီးလျှင်၊ ယင်းဝိပ္ပယုတ္တပစ္စည်းအမျိုးအစားကိုလည်း ထုတ်ပြပါ။** (၁၉၉၆၊ စမန ၇၃)

**အဖြေ –** မှီရာထတ္ထုတူခြင်း, ယူသည့်အာရုံတူခြင်း, အတူဖြစ်ခြင်း, အတူချုပ်ခြင်းဟူသော

သမ္ပယုတ္တလက္ခဏာ ၄ ပါး ကင်းမဲ့သောအားဖြင့် ရုပ်တရားများက စိတ်စေတသိက်နာမ် တရားတို့အား ဖြစ်ပေါ်လာအောင်ကျေးဇူးပြုခြင်း၊ နာမ်တရားတို့က ရုပ်တရားများကိုဖြစ် ပေါ်လာအောင် ကျေးဇူးပြုခြင်းတို့သည် ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသည်မည်၏။

– **ဝိပ္ပယုတ္တပစ္စည်း** အမျိုးအစားများမှာ (၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း (၂) ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း (၃) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း တို့ဖြစ်ပါသည်။

**၅၃။ စုတိပျက်ကြွေသေလွန်ခြင်းသဘောကို အမှန်မသိ ဉာဏ်မရှိသောသူသည် အဘယ် သို့သောအလွဲအမှားစဉ်းစားတွေးကြံမှုများဖြစ်သွားနိုင်သည်ကို ဖြေဆိုပြီးလျှင်၊ ပဋိသန္ဓေ ရုပ်သည် ပဋိသန္ဓေဝိညာဏ်ကြောင့်ဖြစ်ရသည်ကို အဘယ်သို့သောအသင့်ယုတ္တိဖြင့် သိနိုင်သည်ကိုလည်း ဖော်ပြပါ။** (၁၉၉၆၊ စမန ၈၀၊ ၁၀၆)

**အဖြေ – စုတိပျက်ကြွေ သေလွန်ခြင်းသဘောကို** အမှန်မသိ ဉာဏ်မရှိသောသူသည် ''သတ္တဝါသည် အကောင်လိုက်သေပျောက်သွားသည်၊ အတ္တကောင်ဟူသောသတ္တဝါ၏ အခြားခန္ဓာကိုယ်တစ်ပါးသို့ ပြောင်းရွှေ့သွားသည်''ဟု စသည်ဖြင့် မှားယွင်းစွာ စဉ်းစားတွေးကြံ မှုများ ဖြစ်သွားနိုင်ပါသည်။

– **ပဋိသန္ဓေရုပ်သည်** ပဋိသန္ဓေဝိညာဏ်ကြောင့်ဖြစ်ရသည်ကို သဘာဝယုတ္တိဖြင့်သိနိုင်ပုံမှာ စိတ်ကြည်လင်သောအခါ ကြည်လင်ရွှင်လန်းသည့်ရုပ်၊ စိတ်မကြည်လင်သောအခါ မကြည်လင် မရွှင်လန်းသည့်ရုပ်တို့ဖြစ်ပေါ်သည်ကို မျက်မှောက်တွေ့မြင်ရ၏။ မျက်မှောက်တွေ့မြင်ရသော သဘောဖြင့် မျက်မှောက်မမြင်ရ, မမြင်နိုင်သောသဘောကို နှိုင်းဆ၍သိခြင်း, ဆုံးဖြတ်ခြင်း သည်လည်းဖြစ်၏။ ထို့ကြောင့် မျက်မှောက်မြင်ရသောစိတ္တဇရုပ်ဖြင့် မျက်မှောက်မမြင်ရသော ပဋိသန္ဓေရုပ်အားလည်း ပဋိသန္ဓေဝိညာဏ်ကဖြစ်အောင် ကျေးဇူးပြုသည်ကိုသိအပ်၏။

**၅၄။ အတိတ်အကြောင်းငါးပါးတွင် 'အဝိဇ္ဇာ၊ သင်္ခါရ' နှစ်ပါးမျှကိုသာ တိုက်ရိုက်ဟော ပြထားပါလျက် ကျန်သောအကြောင်းသုံးပါးတို့ အဘယ်ကြောင့်ပါလာသည်ကို ဖြေဆိုပြီးလျှင်၊** (၁၉၉၆၊ စမန ၁၂၉)

**အဖြေ – အတိတ်အကြောင်းငါးပါးတွင်** အတိတ်ကာလ၌ဖြစ်သော အဝိဇ္ဇာနှင့်သင်္ခါရတို့ ကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် တိုက်ရိုက်ဟောကြား၏။ ထို့အပြင် ဝိပဿနာပညာမရှိ၍ မသိမလိမ္မာသောသူသည် အဝိဇ္ဇာလွှမ်းမိုးသဖြင့် ကာမဂုဏ်ကိုလိုချင်တပ်မက်မှု – တဏှာ ဖြစ်၏။ တဏှာဖြင့် လိုချင်တပ်မက်၍ ဆာလောင်တောင့်တသဖြင့် စွဲလမ်းမှု – ဥပါဒါန် ဖြစ်၏။ စွဲလမ်းမှု – ဥပါဒါန်ဟူသောအကြောင်းကြောင့် ကောင်းမှု သို့မဟုတ် မကောင်းမှု ကို အားထုတ်ပြုလုပ်သဖြင့် သင်္ခါရ, ကမ္မဘဝတို့ဖြစ်၏။

ထို့ကြောင့် အဝိဇ္ဇာနှင့်သင်္ခါရတို့ကိုယူခြင်းဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ယူပြီးဖြစ်၏။ သို့ဖြစ်၍ ပစ္စုပ္ပန်ဘဝကိုဖြစ်စေသော အတိတ်အကြောင်းအဖြစ် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူအပ်၏။

**၅၅။ ''ဤမည်သောရုပ်နာမ်ဒုက္ခအစုအပုံချည်းသာ ဖြစ်နေလေသည်ကား ဤအဝိဇ္ဇာ အစရှိသောတရားခံအကြောင်းရင်းများကြောင့်ချည်းပေတည်း'' ဟူသော ပဋိစ္စ**

**သမုပ္ပါဒ်နိဂုံးချုပ်စကား၌ ပြောင်းပြန်ရည်ညွှန်းချက် ဆိုလိုရင်းအနက်ကို ဖော်ပြပြီးလျှင်၊ 'မသိတတ်သောအဝိဇ္ဇာဟုဆိုနေပါလျက် 'သိတတ်ပါသည်'ဟု ပြောနေချေပါက ဘာကိုဘယ်လိုသိပါသနည်း၊ ဖြေပြစမ်းပါ။** (၁၉၉၇၊ စမန ၃၄၊ ၄၆)

**အဖြေ –** ''ဤမည်သောရုပ်နာမ်ဒုက္ခအစုအပုံချည်းသာ ဖြစ်နေလေသည်ကား'' ၏ပြောင်းပြန် ရည်ညွှန်းချက်ဆိုလိုရင်းအနက်မှာ ''ပုဂ္ဂိုလ်, သတ္တဝါ, ချမ်းသာအစုအပုံချည်းသာ ဖြစ်နေလေသည်မဟုတ်ပါတကား'' ဖြစ်၏။

– ''ဤအဝိဇ္ဇာအစရှိသည့်တရားခံအကြောင်းရင်းများကြောင့်ချည်းပေတည်း''၏။ ပြောင်းပြန် ရည်ညွှန်းချက်ဆိုလိုရင်းအနက်မှာ ''ဣဿရ, ပုရိသ, ပဇာပတိစသည့် ဖန်ဆင်းရှင်ဘုရား သခင်က ဖန်ဆင်း၍ဖြစ်လာသည်မဟုတ်''ဟု ဖြစ်၏။

– မသိတတ်သောအဝိဇ္ဇာဟု သိနေပါလျက် 'သိတတ်ပါသည်'ဟု ပြောနေခြင်းသည် ရုပ်နာမ်တရားများကို သတ္တဝါများဟုမှားယွင်းစွာသိခြင်း၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ဟူသည့်ရုပ်နာမ်သဘောတို့ကို နိစ္စ, သုခ, အတ္တ, သုဘဟု မှားယွင်းစွာသိခြင်း ဖြစ်ပါသည်။

**၅၆။ (က) အာနေဥ္စာဘိသင်္ခါရသည် အဘယ်ဘဝ, အဘယ်ယောနိ, အဘယ်ဂတိတို့၌ ပဋိသန္ဓေအကျိုးပေးသည်၊ (ခ) 'နာမရူပပစ္စယာ သဠာယတနံ'ဟူသောပါဠိ၌ အရူပဘုံသားများအတွက် သက်ဆိုင်ရာလိုအပ်သမျှကိုသာ ဆွဲထုတ်နှုတ်ယူဖွင့်ဆိုလိုက်ပါက ဘယ်လိုအဓိပ္ပါယ်ရရှိသည်ကို ဖော်ပြပါ။** (၁၉၉၇၊ စမန ၁၀၀၊ ၁၀၆)

**အဖြေ – (က) အာနေဥ္စာဘိသင်္ခါရသည်** အရူပဘဝ, ဩပပါတိကယောနိ, ဒေဝဂတိတို့၌ ပဋိသန္ဓေအကျိုးပေးပါသည်။

– **(ခ) 'နာမရူပပစ္စယာ သဠာယတနံ'**ဟူသောပါဠိ၌ အရူပဘုံသားများအတွက် သက်ဆိုင်ရာလိုအပ်သမျှကိုသာ ဆွဲထုတ်နှုတ်ယူဖွင့်ဆိုလိုက်လျှင် –

**နာမ်** – ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော စေတသိက်နာမ်ခန္ဓာသုံးပါး၊

**ရုပ်** – အရူပဘုံတွင် ရုပ်မရှိပါ။

**သဠာယတန** – မနာယတနဟူသော ဆဋ္ဌာယတန (ရုပ်အာယာတနများမရှိပါ)

ထို့ကြောင့် 'နာမပစ္စယာ ဆဋ္ဌာယတနံ' = စေတသိက်နာမ်ခန္ဓာသုံးပါးဟူသော အကြောင်း ကြောင့် ဆဋ္ဌာယတန ဖြစ်ပေ၏။

**၅၇။ 'ဖဿပစ္စယာ ဝေဒနာ'၌ ဝေဒနာသည် အကျဉ်းချုပ်အားဖြင့်မည်မျှ၊ အကျယ်မည်မျှ၊ ဤနေရာနှင့်ဆီလျော်သည့်လိုအပ်သမျှကား မည်မျှရှိသည်တို့ကို ဝိသုဒ္ဓိမဂ်အတိုင်း အကျဉ်းချုပ်ဖြေဆိုပါ။** (၁၉၉၇၊ စမန ၁၁၀)

**အဖြေ – 'ဖဿပစ္စယာ ဝေဒနာ'**၌ ဝေဒနာသည်

– အကျဉ်းချုပ်အားဖြင့် စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာန သမ္ဖဿဇာဝေဒနာ, ဇိဝှာသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနော သမ္ဖဿဇာဝေဒနာဟူ၍ ၆ ပါးတည်း။

– အကျယ်အားဖြင့် စိတ် ၈၉ ပါးနှင့်ယှဉ်သော ဝေဒနာ ၈၉ ပါးတည်း။

– လိုအပ်သမျှအားဖြင့် လောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်သော ဝေဒနာ ၃၂ ပါးတည်း။

**၅၈။ 'မရသင့်သည်ကိုရ၍ ရသင့်သည်ကိုမရ' ဟူသောစကား၌ မရသင့်သောတရား၊ ရသင့်သောတရား၊ ရသောတရား, မရသောတရားတို့ကို ဖော်ပြပြီးလျှင်၊ 'နှစ်မွှာနှစ်စိတ်ကွဲအောင်ခွဲခြမ်းတူးဖြိုတတ်သောတရား' ဟု ဆိုရာ၌လည်း အဘယ်သည် နှစ်မွှာနှစ်စိတ်ဖြစ်သည်၊ အဘယ်သည် ခွဲခြမ်းတူးဖြိုတတ်သောတရားဖြစ်သည်ကိုလည်း ဖော်ပြပါ။** (၁၉၉၈၊ စမန ၄၆၊ ၄၈)

**အဖြေ – 'မရသင့်သည်ကိုရ၍ ရသင့်သည်ကိုမရ'** ဟူသောစကား၌

- မရသင့်သောတရားမှာ ဒုစရိုက် ၁၀ ပါးစသောအကုသိုလ်တရားများဖြစ်၍၊
- ရသင့်သောတရားမှာ သုစရိုက် ၁၀ ပါးစသော ကုသိုလ်တရားများဖြစ်၏။
- မရသင့်သောတရားကို ရသောတရားမှာ အဝိဇ္ဇာဖြစ်၏၊
- ရသင့်သောတရားကို မရသောတရားမှာ အဝိဇ္ဇာပင်ဖြစ်၏။

'**နှစ်မွှာနှစ်စိတ်ကွဲအောင် ခွဲခြမ်းတူးဖြိုတတ်သောတရား**'ဟု ဆိုရာ၌

- နှစ်မွှာနှစ်စိတ်ဖြစ်သောတရားသည် 'ဥပါဒ်'နှင့် 'ဌီ' ဖြစ်၏၊
- ခွဲခြမ်းတူးဖြိုတတ်သောတရားမှာ 'ဒုက္ခ' ဖြစ်၏။

**၅၉။ အဝိဇ္ဇာက ကန်းအောင်ပြုလုပ်လိုက်ခြင်းကြောင့် အပြုခံရသူမှာ အဘယ်ပုံဖြစ်နေရာသည်ကို ဥပမာနှင့်တကွ ဖော်ပြပြီးလျှင်၊ နိဗ္ဗာနမတဏှိကပြိတ္တာနှင့် အခြားသောပြိတ္တာတို့၌ ရနိုင်သော 'ယောနိ'တို့ကို ဖော်ပြပါ။** (၁၉၉၈၊ စမန ၈၀၊ ၉၂)

**အဖြေ –** အဝိဇ္ဇာကကန်းအောင်ပြုလုပ်လိုက်ခြင်းကြောင့် အပြုခံရသူသည် စုတိ, ပဋိသန္ဓေ, သံသရာတို့၌လည်းကောင်း၊ သင်္ခါရရုပ်နာမ်တရားတို့၏ သဘာဝလက္ခဏာ, သာမညလက္ခဏာများကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်–ပဋိစ္စသမုပ္ပန်တရားတို့၌လည်းကောင်း၊ မှန်ကန်စွာ မသိမြင်သဖြင့် တွေဝေကာ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို အားထုတ်ပြုလုပ်၏။ သင်္ခါရကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ စသည်ဖြင့် ဝဋ်သုံးပါးသံသရာတွင် ကျင်လည်ရ၏။

မျက်စိကန်းသူသည် လမ်းမှန်, လမ်းမှားသို့သွားမိသကဲ့သို့ အဝိဇ္ဇာက ဉာဏ်အမြင်ကန်းအောင် အပြုလုပ်ခံရသောသူသည် သင်္ခါရသုံးပါးကို အားထုတ်ပြုလုပ်မိလေ၏။

- **နိဗ္ဗာနမတဏှိကပြိတ္တာ**ရနိုင်သောယောနိသည် ဩပပါတိကယောနိဖြစ်၏။
- အခြားပြိတ္တာများရနိုင်သောယောနိသည် အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကဟူသော ယောနိလေးပါးလုံးဖြစ်၏။

**၆၀။ အသညသတ်ဘုံ၌ ဝိညာဏ်မရှိသောကြောင့် 'ဝိညာဏပစ္စယာ နာမရူပံ' ဟူသော ပါဠိတော်အရ ဝိညာဏ်ကြောင့် ရုပ်တရားချည်းသာဖြစ်ရသည်ဟူသော စကားသည် အဘယ်နည်းဖြင့် သင့်လျော်ပါမည်နည်းဟူသော စောဒနာစကားကို ဖြေရှင်းပြပြီးလျှင်၊**

**ထိုဝိညာဏ်က ထိုရုပ်အား အဘယ်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ဖော်ပြပါ။**

(၁၉၉၈၊ စမန ၁၀၄၊ ၁၀၅)

**အဖြေ** – အသညသတ်ဘုံ၌ ဝိညာဏ်မရှိသောကြောင့် 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသောပါဠိတော်အရ ဝိညာဏ်အရ ရုပ်တရားချည်းသာဖြစ်ရသည်ဟူသောစကားသည် မသင့်လျော်သည်မဟုတ်၊ သင့်လျော်ပါသည်။

အကြောင်းမှာ နာမ်ရုပ်တို့၏အကြောင်းဖြစ်သော ဝိညာဏ်သည် ဝိပါက်ဝိညာဏ်, ဝိပါက်မဟုတ်သောဝိညာဏ်ဟူ၍ ၂ မျိုးရှိသည်။ အသညသတ်ပုဂ္ဂိုလ်၌ဖြစ်သောရုပ်သည် ကမ္မဇရုပ်ဖြစ်သောကြောင့် ပဉ္စဝေါကာရဘဝ၌ ပြုလုပ်အားထုတ်ခဲ့သည့် ရူပါဝစရကုသိုလ်ကံဟူသော အဘိသင်္ခါရဝိညာဏ်ခေါ် ကမ္မဝိညာဏ်ကြောင့်ဖြစ်သည့် ကမ္မဇရုပ်ဖြစ်ပါသည်။

ထိုကြောင့် အသညသတ်ဘုံ၌ ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်ဖြစ်သည်ဟူသောစကားသည် သင့်လျော်ပါသည်။

အဘိသင်္ခါရဝိညာဏ် (ကမ္မဝိညာဏ်)သည် အသညသတ်ကမ္မဇရုပ်အား သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၆၁။ လူနတ်ဘဝစည်းစိမ်ကိုတောင့်တပြီး သီလဗ္ဗတုပါဒါန်ကိုအခြေခံကာ ကုသိုလ်ကံကို ပြုလုပ်ခြင်းကြောင့် ထိုလူနတ်ဘဝကိုရရှိရာ၌ 'ဥပါဒါန ပစ္စယာ ဘဝေါ'အရ အဘယ်တရားသည် အဘယ်ဘဝဖြစ်သည်ကို ခွဲခြားဖြေဆိုပါ။**

(၁၉၉၈၊ စမန ၁၂၂)

**အဖြေ** – လူနတ်ဘဝစည်းစိမ်ကိုတောင့်တပြီး သီလဗ္ဗတုပါဒါန်ကို အခြေခံကာ ကုသိုလ်ကံကိုပြုလုပ်ခြင်းကြောင့် ထိုလူနတ်ဘဝကိုရရှိရာ၌ ထိုကုသိုလ်ကံသည် 'ကမ္မဘဝ'ဖြစ်၏။ ထိုကံကြောင့်ဖြစ်သောခန္ဓာတို့သည် 'ဥပပတ္တိဘဝ' မည်၏။

**၆၂။ မည်သည့်တရားက စ၍ဖြစ်သည်ဟု အစပထမတရားမရှိသော ပဋိစ္စသမုပ္ပါဒ်စက်ဝန်း၌ အဝိဇ္ဇာကို အစထားဟောခြင်းကြောင့် အဝိဇ္ဇာကစ၍ဖြစ်သည်ဟု ဆိုသင့်သည် မဟုတ်ပါလောဟူသော စောဒနာကိုဖြေရှင်းပြီးလျှင်၊** (၁၉၉၈၊ စမန ၁၂၆၊ ၁၂၇)

**အဖြေ** – ပဋိစ္စသမုပ္ပါဒ်စက်ဝန်း၌ အဝိဇ္ဇာကို အစထား၍ဟောခြင်းကြောင့် အဝိဇ္ဇာက စဖြစ်သည်ဟု မဆိုသင့်ပါ။ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ဟူ၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာကိုအစချီ၍ဟောကြားရာ၌ 'အဝိဇ္ဇာ'သည် အစမျှကို ဆိုသောစကားမဟုတ်ပါ၊ စင်စစ်သော်ကား ပြဓာန်းသောတရားကို ဆိုသောစကားပေတည်း။

အဝိဇ္ဇာသည် ဝဋ္ဋသုံးပါးတို့၏ပြဓာန်းသောတရားဖြစ်၏။ အဝိဇ္ဇာကိုယူခြင်းကြောင့် ကြွင်းသည့်ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋတို့သည် မသိမလိမ္မာသောပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခတို့ အမျိုးမျိုးပေါင်းစုရာဖြစ်သည့် သံသရာနှောင်အိမ်၌ ချုပ်ကိုင်နှောင်ဖွဲ့ကြလေတော့၏။ ဥပမာ မြွေ၏ဦးခေါင်းကိုဆုပ်ကိုင်ခြင်းကြောင့် မြွေ၏ကိုယ်သည် ဆုပ်ကိုင်သူ၏လက်မောင်းကို ရစ်ပတ်နှောင်ဖွဲ့သကဲ့သို့တည်း။

အဝိဇ္ဇာကို အမြစ်ပြတ်ပယ်သတ်လိုက်သော် ကြွင်းသည့်ဝဋ္ဋသုံးပါးမှ အလိုအလျောက်လွတ်

ပြောက်သွားပေ၏။ ဥပမာ မြွေ၏ဦးခေါင်းကို ခုတ်ဖြတ်လိုက်လျှင် မြွေ၏ခန္ဓာကိုယ်သည် အလိုအလျောက်ဖြေလျော့၍ ချုပ်နှောင်ခံရသောလက်မောင်းသည်လည်း အလိုအလျောက် လွတ်မြောက်သွားသကဲ့သို့တည်း။

'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'ဟူသောစကားသည် ထိုပြဓာန်းသောတရားကို ဆိုသောစကားပေတည်း၊ အစမျှကိုသာ ဆိုသောစကားမဟုတ်ပေ။ ထို့အပြင် 'အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော' = 'အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၏'ဟုမြတ်စွာဘုရားဟောတော်မူ၏။ သောက, ပရိဒေဝစသည်ဖြစ်လျှင် အာသဝဖြစ်ပေါ်၍ အာသဝဖြစ်ပေါ်လျှင် အဝိဇ္ဇာလည်း မကွေမကွာ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဘဝစက်ဝန်း၌ အစပထမတရားမရှိပါ။

**၆၃။ ပဋိစ္စသမုပ္ပါဒ်ဟူသောနာမည်သည် နဂိုမူလက အကျိုးတရား၏အမည်ဖြစ်ခဲ့ရာမှ အကြောင်းတရား၏အမည်အဖြစ် ပြောင်းလဲခေါ်ဆိုရာ၌ ယင်းသို့ခေါ်ဆိုရိုးထုံးစံရှိပုံကို ဝိသုဒ္ဓိမဂ်မှ နမူနာဥပမာတစ်ခုဖြင့် အသင့်ယုတ္တိဖော်ပြဖြေဆိုပြီးလျှင်၊ 'အဝိဇ္ဇာသည် တစ်ပါးတည်းသာရှိသည်၊ နှစ်ပါးရှိသည်၊ သုံးပါးရှိသည်'ဟု ငြင်းခုံနေချေသော် 'အားလုံးမှန်ပါသည်'ဟု ဝိနိစ္ဆယချနိုင်ရန် ကျမ်းဂန်အဆိုအမိန့်ကို ညွှန်ပြပါ။**

(၁၉၉၉၊ စမန ၃၉၊ ၅၁၊ ၅၂)

**အဖြေ –** ပဋိစ္စသမုပ္ပါဒ်ဟူသောအမည်သည် နဂိုမူလက အကျိုးတရား၏အမည်ဖြစ်ခဲ့ရာမှ အကြောင်းတရား၏အမည်အဖြစ် ပြောင်းလဲခေါ်ဆိုပုံကို ဝိသုဒ္ဓိမဂ်မှ နမူနာဥပမာတစ်ခုဖော်ပြရသော် – လောက၌ 'တင်လဲကြောင့် သလိပ်ဖြစ်ပေါ်ရာ' သလိပ်၏အကြောင်းဖြစ်သော တင်လဲကိုလည်း 'တင်လဲသည်လည်း သလိပ်ပဲ'ဟူ၍ အကျိုးတရား၏အမည်ကို အကြောင်း၏အမည်အဖြစ် ပြောင်းလဲခေါ်ဆို၏။

– 'အဝိဇ္ဇာသည် တစ်ပါးတည်းသာရှိသည်၊ နှစ်ပါးရှိသည်၊ သုံးပါးရှိသည်'ဟု ငြင်းခုံနေချေသော် အားလုံးမှန်ပါသည်'ဟု ဝိနိစ္ဆယချနိုင်ရန် ကျမ်းဂန်အဆိုအမိန့်ကိုညွှန်ပြရသော်

(၁) အဝိဇ္ဇာသည် အမှန်သဘောကို မသိတတ်သည့် 'အညာဏ'အဖြစ်၊ အမှန်သဘောကို မမြင်တတ်သည့် 'အဒဿန'အဖြစ်၊ အမှန်သဘော၌တွေဝေတတ်သည့် 'မောဟ' အဖြစ်အားဖြင့် တစ်ပါးတည်းသာရှိ၏။

(၂) သစ္စာလေးပါးကို အမှန်အတိုင်းမသိခြင်း – 'အပ္ပဋိပတ္တိအဝိဇ္ဇာ'နှင့် သစ္စာလေးပါးကို ပြောင်းပြန်မှားယွင်းစွာသိခြင်း – 'မိစ္ဆာပဋိပတ္တိအဝိဇ္ဇာ'အားဖြင့် အဝိဇ္ဇာနှစ်ပါးရှိ၏။

(၃) သုခ, ဒုက္ခ, ဥပေက္ခာဟူသော ဝေဒနာသုံးပါးနှင့် အသီးသီးယှဉ်သောအားဖြင့် အဝိဇ္ဇာသုံးပါးအပြားရှိ၏။

**၆၄။ 'အဖေထက် သားတစ်လကြီး' ထိုကဲ့သို့ နောက်မှမွေးသော အဖေနှင့်တူသော အဘယ်အကြောင်းပစ္စည်းတရားတို့သည် ရှေးဦးအလျင်ကြိုတင်မွေးဖွားသော ကျေးဇူးခံကျေးဇူးစား သားနှင့်တူသော အဘယ်အကျိုးတရားများအား အဘယ်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို ဥပမာသွင်း၍ ဖြေဆိုပြီးလျှင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်က မဂ္ဂပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ကျေးဇူးအပြုခံတရားများကို ဖော်ပြပါ။** (၁၉၉၉၊ စမန ၆၇၊ ၇၂)

**အဖြေ –** 'အဖေထက် သားတစ်လကြီး' ဆိုသကဲ့သို့ နောက်မှမွေးသော အဖေနှင့်တူသော

စိတ်စေတသိက်နာမ်အကြောင်းပစ္စည်းတရားတို့သည် ရှေးဦးအလျင်ကြိုတင်မွေးဖွားသည့် သားနှင့်တူသော ပသာဒရုပ်ငါးပါးနှင့် ဟဒယဝတ္ထုရုပ်ဟူသော ရုပ်အကျိုးတရားများအား **ပစ္ဆာဇာတပစ္စည်း**ဖြင့် ကျေးဇူးပြုပါသည်။

ပစ္စယုပ္ပန်ဖြစ်ပြီးနောက်မှဖြစ်ပေါ်၍ ပစ္စယုပ္ပန်အားကျေးဇူးပြုသောတရားသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။ ဥပမာ လင်းတငယ်၏ခန္ဓာကိုယ်သည် ဦးစွာဖြစ်၍ လင်းတ၏အစာစားချင်သည့်စေတနာက နောက်မှဖြစ်၏။ ထိုစားချင်သည့်စေတနာက လင်းတငယ်၏ခန္ဓာကိုယ်ကြီးထွားလာရန် ကျေးဇူးပြုကာ ထောက်ပံ့၏။ ဤသို့နောက်မှဖြစ်၍ ရှေးဖြစ်နှင့်သော ပစ္စယုပ္ပန်တရားကို ကျေးဇူးပြုသည့်တရားသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။

– သမ္မာဒိဋ္ဌိမဂ္ဂင်သည် မဂ်နှင့်ယှဉ်ကုန်သော စိတ်စေတသိက်များနှင့် ထိုမဂ်ကြောင့်ဖြစ်သည့် ရုပ်တို့အား မဂ္ဂပစ္စည်းသတ္တိဖြင့် ကျေးဇူးပြု၏။ ကျေးဇူးပြုခံရသောတရားများမှာ တိဟိတ်စိတ် ၄၇ ပါး, ပညာကြဉ်သောစေတသိက် ၃၇ ပါး, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ ဖြစ်ပါသည်။

**၆၅။ ပဋိသန္ဓေနောက် ဘဝင်လေးကြိမ်အထိ ပစ္စုပ္ပန်အာရုံပြုနိုင်သော ဘဝဟောင်းသစ်စိတ်အစဉ်တစ်ခုကို ထိုအာရုံထင်ရာစိတ်မှစ၍ နာမည်များညွှန်ပြကာ အဘယ်အာရုံထင်လာသည်ကို ဝိသုဒ္ဓိမဂ်ကျမ်းစာအရှိအတိုင်း ဖော်ပြပြီးလျှင်၊ နိဗ္ဗာနမတဏှိက ပြိတ္တာ၏ယောနိကိုလည်း ဖော်ပြပါ။** (၁၉၉၉၊ စမန ၈၇၊ ၉၂)

**အဖြေ –** ကာမသုဂတိဘုံ၌တည်ရှိပြီး မကောင်းမှုကံ, ကောင်းမှုကံရှိသောပုဂ္ဂိုလ်အား သေခါနီးအချိန်တွင် ထိုသူပြုခဲ့သည့်ကံ၏အစွမ်းအားဖြင့် ဒုဂ္ဂတိနိမိတ်, သုဂတိနိမိတ်သည် ဂတိနိမိတ် (ပစ္စုပ္ပန်အာရုံ) အဖြစ် မနောဒွါရ၌ထင်လာ၏။ ထိုအခါ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီး ဘဝင်အစဉ်ပြတ်၏။ ထို့နောက် ထိုထင်လာသောအာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း ၁ ကြိမ်၊ မရဏာသန္နဇော ၅ ကြိမ်၊ တဒါရုံ ၂ ကြိမ် ဟူ၍ ဝီထိစိတ် ၃ မျိုးဖြစ်၏။ ထို့နောက် ဘဝင်၏အာရုံကိုအာရုံပြု၍ စုတိစိတ် ၁ ကြိမ်ဖြစ်ပြီးလျှင် ချုပ်၏၊ ဤမျှအထိ ဂတိနိမိတ်ပစ္စုပ္ပန်အာရုံသည် စိတ္တက္ခဏ ၁၁ ချက်သက်တမ်းရှိပြီဖြစ်၍ စိတ္တက္ခဏ ၅ ချက်အသက်ကြွင်းရှိသည့် ထိုဂတိနိမိတ်ကိုအာရုံပြု၍ ပဋိသန္ဓေစိတ် ၁ ကြိမ်၊ ဘဝင်စိတ် ၄ ကြိမ်တို့ဖြစ်၏။

**ဝီထိပုံ** – န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ရုံ–ရုံ–စုတိ–ပဋိ–ဘဝင်–ဘဝင်–ဘဝင်–ဘဝင်

– နိဗ္ဗာနမတဏှိကပြိတ္တာ၏ယောနိသည် သြပပါတိကယောနိဖြစ်၏။

**၆၆။ 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသောပါဠိတော်အရ ရုပ်စုံလင်သော ဂဗ္ဘသေယျက (အမိဝမ်းအောင်း) သတ္တဝါတို့၏ပဋိသန္ဓေခဏ၌ အဘယ်ပဋိသန္ဓေဝိညာဏ်ကြောင့် အဘယ်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်ကလာပ်ခန္ဓာများဖြစ်ကြသည်ကို ဖြေဆိုပြီးလျှင်၊ ပဋိသန္ဓေဝိညာဏ်ကြောင့် စိတ္တဇရုပ်မဖြစ်နိုင်ခြင်း၏အကြောင်းကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။** (၁၉၉၉၊ စမန ၁၀၁၊ ၁၀၂)

**အဖြေ –** ရုပ်စုံလင်သောဂဗ္ဘသေယျကသတ္တဝါတို့၏ပဋိသန္ဓေဝိညာဏ်သည် ကာမာဝစရ

သဟိတ်ဝိပါက်ဝိညာဏ်ဖြစ်ပြီး ထိုဝိညာဏ်ကြောင့် ယှဉ်ဖက်စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်ဟူသော ကမ္မဇရုပ်ကလာပ်ခန္ဓာ ၃ ပါးတို့ဖြစ်ပါသည်။

– **ပဋိသန္ဓေဝိညာဏ်သည် ရုပ်ကိုမဖြစ်စေပါ။** အကြောင်းကား ကမ်းပါးပြတ်၌ကျလုနီး, ကျလုဆဲဖြစ်သောလူသည် အခြားကျလုနီး, ကျလုဆဲလူ၏အထောက်အပံ့မဖြစ်စွမ်းနိုင်သကဲ့သို့ ထို့အတူပင် ပဋိသန္ဓေစိတ်သည် တည်ရာဝတ္ထုရုပ်အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်ပါ။

**၆၇။ အဘယ်ကို ဝိဘဝတဏှာခေါ်သည်ကို ဖြေဆိုပြီးလျှင်၊ 'ဥပါဒါနပစ္စယာ ဘဝေါ'နှင့် 'ဘဝပစ္စယာ ဇာတိ'ဟူသော ပါဠိနှစ်ရပ်တို့တွင် အဘယ်ပါဠိ၌ အဘယ်ဘဝကို ဆိုလိုသည်ကိုလည်း ဖော်ပြပါ။** (၁၉၉၉၊ စမန ၁၁၁၊ ၁၁၆၊ ၁၂၂)

**အဖြေ –** ရူပါရုံစသည်ကို ကာမဂုဏ်၌သာယာသည့်အစွမ်းဖြင့် သာယာ၍ဖြစ်သော တဏှာသည် 'ကာမတဏှာ'မည်၏။ ထိုကာမဂုဏ်အာရုံကိုပင် 'ပျက်လတံ့'ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ သာယာ၍ဖြစ်သောတဏှာသည် '**ဝိဘဝတဏှာ**'မည်၏။

– 'ဥပါဒါနပစ္စယာ ဘဝေါ'၌ ဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ကို ဆိုလို၏။
'ဘဝပစ္စယာ ဇာတိ'၌ ဘဝသည် ကမ္မဘဝကို ဆိုလို၏။

**၆၈။ 'ပဋိစ္စသမုပ္ပါဒေါ' ဟူသောစကား၌ (က) ပဋိစ္စ (ခ) သမုပ္ပါဒ (ဂ) ပဋိစ္စသမုပ္ပါဒ တို့ဖြင့် အဘယ်ကိုဖော်ပြသည်ကို အသီးသီးခွဲခြားဖြေဆိုပြီးလျှင်၊ မသိခြင်းကို 'အဝိဇ္ဇာ' ဟုဆိုရာ၌ အဘယ်ကိုမသိသည်ကို သုတ္တန်နည်းအတိုင်း ဖြေဆိုပါ။**

(၂၀၀၀၊ စမန ၃၉၊ ၄၀၊ ၅၄)

**အဖြေ – (က) ပဋိစ္စ –** 'အကြောင်းတရားတို့၏ညီညွတ်ခြင်းကိုပြသော '**ပဋိစ္စ**'ပုဒ်ဖြင့် အကြောင်းတရားတို့ညီညွတ်ခြင်းကြောင့် ဝဋ္ဋသုံးပါးတရားတို့ မပြတ်လည်ပတ်နေခြင်းကို ဖော်ပြ၏။ ဤသို့အကြောင်း ညီညွတ်ခြင်းနှင့်စပ်သည့်ဖြစ်ခြင်းရှိသောကြောင့် သဿတဝါဒ, ဝိသမဟေတုကဝါဒ, ဝသဝတ္တိဝါဒစသည်တို့၏ မရှိခြင်းကိုလည်း ဖော်ပြ၏။

**(ခ) သမုပ္ပါဒ –** သင်္ခါရစသည့်အကျိုးတရားတို့၏ဖြစ်ခြင်းကိုပြသော '**သမုပ္ပါဒ**'ပုဒ်ဖြင့် အကြောင်းတရားတို့၏ညီညွတ်ခြင်းရှိလတ်သော် အကျိုးတရားတို့၏ဖြစ်လာခြင်းကိုဖော်ပြ၏။ ဤသို့ အဝိဇ္ဇာစသည့်အကြောင်းတို့၏ညီညွတ်ခြင်းရှိလတ်သော် သင်္ခါရစသည့်အကျိုးတရားတို့၏ ဖြစ်ခြင်းရှိသောကြောင့် ဥစ္ဆေဒဝါဒ, နတ္ထိကဝါဒ, အကိရိယဝါဒ စသည်တို့၏မမှန်ကန်ခြင်းကိုလည်း ဖော်ပြ၏။

**(ဂ) ပဋိစ္စသမုပ္ပါဒ –** ဤပုဒ်ဖြင့် ထိုထိုအကြောင်းတရားတို့၏ညီညွတ်ခြင်းရှိလတ်သော် အကြောင်းအကျိုးအစဉ်တို့မပြတ်စေမူ၍ ထိုထိုအကျိုးတရားတို့၏ဖြစ်ခြင်းကိုပြ၏။ ဤသို့ ပြခြင်းဖြင့်

(၁) **မဇ္ဈိမပဋိပဒါ**ဟူသောအလယ်လမ်းကျင့်စဉ်ကို ဖော်ပြ၏၊

(၂) ခံစားရမည့်သူပင်ပြု၏၊ ထိုပြုသူပင်ခံစား၏ဟူသော ဝါဒကိုပယ်၏၊

(၃) ပဋိစ္စသမုပ္ပါဒ်ကိုသိသောသူသည် ရုပ်နာမ်အစဉ်မျှသာရှိသည်ကိုသိသောကြောင့် မိန်းမ,

ယောက်ျားစသောအရပ်သုံးစကား၌ မြဲမြံစွာနှလုံးမသွင်းတော့ချေ။

(၄) လောကသုံးအမည်ပညတ်ကိုလည်း မကျော်လွန်မပယ်မြစ်ချေ။

ဤသို့လျှင် သိသင့်သိထိုက်သောအကျင့်လမ်းမှန်ကို ဖော်ပြ၏။

**(ဃ) 'အဝိဇ္ဇာ'** ဟုဆိုရာ၌ သုတ္တန်နည်းအရ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄ ပါးကို မသိခြင်းဖြစ်ပါသည်။

**၆၉။ အဓိပတိပစ္စည်းနှစ်မျိုးကိုဖော်ပြပြီးလျှင်၊ ရုပ်ဇီဝိတိန္ဒြေသည် အဘာယ်တရားတို့အား ဣန္ဒြိယပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ဖော်ပြပါ။** (၂၀၀၀၊ စမန ၆၁၊ ၇၁)

**အဖြေ – အဓိပတိပစ္စည်းနှစ်မျိုးမှာ** သဟဇာတာဓိပတိပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်း တို့ ဖြစ်ပါသည်။

– **သဟဇာတာဓိပတိပစ္စည်း**သည် ကြီးမှူးလွန်ကဲသော ဆန္ဒ, ဝီရိယ, စိတ်, ဝီမံသ (ပညာ) တို့ဖြစ်ကြသည်။

– **အာရမ္မဏာဓိပတိပစ္စည်း**သည် စိတ်စေတသိက်တို့က အလေးအမြတ်အာရုံပြုအပ်သော တရားဖြစ်သည်။

– **ရုပ်ဇီဝိတိန္ဒြေ**သည် မိမိနှင့်ကလာပ်တူသောကမ္မဇရုပ်တို့အား ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၇၀။ 'သင်္ခါရပစ္စယာ ဝိညာဏံ' ဟူသောပါဠိတော်အရ အာနေဉ္ဇာဘိသင်္ခါရကြောင့် အဘယ်ဝိညာဏ်ဖြစ်သည်ကို ဖြေဆိုပြီးလျှင်၊ 'ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်' ဟူသောဒေသနာတော်၌ ပဋိသန္ဓေဝိညာဏ်ကြောင့် ပဋိသန္ဓေရုပ်ဖြစ်သည်ဟူသော စကားကို လက်ခံယုံကြည်နိုင်လောက်အောင် အသင့်ယုတ္တိဖော်ပြဖြေဆိုပါ။**

(၂၀၀၀၊ စမန ၈၃၊ ၁၀၆)

**အဖြေ – အာနေဉ္ဇာဘိသင်္ခါရ**ကြောင့် အရူပါဝစရဝိပါက်ဝိညာဏ် ၄ ပါးဖြစ်ပါသည်။

– **ပဋိသန္ဓေဝိညာဏ်**ကြောင့် ပဋိသန္ဓေရုပ်ဖြစ်သည် (စာမျက်နှာ ၁၆၄၊ နံပါတ် ၅၃)

**၇၁။ သဠာယတနကြောင့် ဖဿဖြစ်ရာ၌ အဘယ်ဖဿများပါဝင်သည်ကို ဝိသုဒ္ဓိမဂ် အတိုင်း အကျယ်တဝင့်ရေတွက်ပြပြီးလျှင်၊ သဠာယတနဟူသောပေါင်းထပ်ထားသော စကားလုံးနှစ်ခုကို တစ်ခုစီခွဲခွါ၍ မည်သည့်အလွှာသည် မည်သည့်ဘုံအတွက်ဟု ဝေစုခွဲဝေပြပါ။** (၂၀၀၀၊ စမန ၁၀၈)

**အဖြေ –** သဠာယတနကြောင့် ဖဿဖြစ်ရာ၌ **ဖဿသည်**

– အကျဉ်းအားဖြင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿဟူ၍ ၆ ပါးဖြစ်၏။

– အကျယ်အားဖြင့် လောကီဝိပါက်စိတ် ၃၂ ပါးတို့နှင့်ယှဉ်သော ဖဿ ၃၂ ပါးဖြစ်၏။

ထိုတွင် အကုသလဝိပါက်စိတ် ၇ ပါးနှင့်ယှဉ်သော ဖဿ ၇ ပါး၊

အဟိတ်ကုသလဝိပါက်စိတ် ၈ ပါးနှင့်ယှဉ်သော ဖဿ ၈ ပါး၊

မဟာဝိပါက်ဝိညာဏ် ၈ ပါးနှင့်ယှဉ်သော ဖဿ ၈ ပါး၊

ရူပါဝစရဝိပါက်ဝိညာဏ် ၅ ပါးနှင့်ယှဉ်သော ဖဿ ၅ ပါး၊
အရူပါဝစရဝိပါက်ဝိညာဏ် ၄ ပါးနှင့်ယှဉ်သော ဖဿ ၄ ပါးတို့ဖြစ်သည်။

– **သဠာယတန**သည် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနတို့တည်း။ ရှေ့အာယတန ၅ ပါးသည် ပသာဒရုပ် ၅ ပါး ဖြစ်ပြီး 'ပဉ္စာယတန'ဟု အမည်ရ၏။ မနာယတနသည် နာမ်အာယတနဖြစ်ပြီး 'ဆဋ္ဌာယတန' ဟုအမည်ရ၏။ ဤကား သဠာယတနအဖြစ် ပေါင်းထပ်ထားသော စကားလွှာ နှစ်ခုတည်း။

– ဆဋ္ဌာယတနသည် အရူပဘုံအတွက်ဖြစ်ပါသည်။
အာယတန ၆ ပါးသည် ပဉ္စဝေါကာရဘုံအတွက်ဖြစ်ပါသည်။

**၇၂။ ကာမတဏှာနှင့် ဘဝတဏှာဖြစ်ပုံထူးခြားဟန်ကို ဖော်ပြပြီးလျှင်၊ အဝိဇ္ဇာသည် သူကန်းနှင့်တူလျှင် အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရနှင့် သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်တို့သည် အဘယ်နှင့်တူပါသနည်း။ ဖြေဆိုပါ။** (၂၀၀၀၊ စမန ၁၁၀၊ ၁၁၁၊ ၁၃၅)

**အဖြေ –** အာရုံ ၆ ပါးဟူသည့်ကာမဂုဏ်၌ သာယာသည့်အစွမ်းဖြင့် သာယာ၍ဖြစ်သော တဏှာသည် '**ကာမတဏှာ**'မည်၏။

ထိုကာမဂုဏ်အာရုံတို့ကိုပင် 'တည်မြဲသည်'ဟုအယူရှိသော သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ ဖြစ်သောတဏှာသည် '**ဘဝတဏှာ**'မည်၏။

– အဝိဇ္ဇာသည် သူကန်းနှင့်တူလျှင်
အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရသည် သူကန်း၏ခြေချော်ခြင်းနှင့်တူ၏၊
သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်သည် ခြေချော်သောသူကန်း၏လဲကျခြင်းနှင့်တူ၏။

**၇၃။ သင်္ခါရစသော အကျိုးတရားများဖြစ်ပေါ်လာအောင် အဝိဇ္ဇာစသောအကြောင်းတရားတို့က ကျေးဇူးပြုခြင်းသဘောကို ပဋိစ္စသမုပ္ပါဒ်ဟု အချို့ဆရာတို့ကဆိုကြသည်ကို သင့်/မသင့် ယုတ္တိပြ၍ဆုံးဖြတ်ပြီးလျှင်၊ အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရ ၆ မျိုးကိုလည်း ဖော်ပြပါ။** (၂၀၀၁၊ စမန ၃၈၊ ၅၄)

**အဖြေ –** သင်္ခါရစသောအကျိုးတရားများဖြစ်ပေါ်လာအောင် အဝိဇ္ဇာစသောအကြောင်းတရားတို့က ကျေးဇူးပြုခြင်းသဘောကို ပဋိစ္စသမုပ္ပါဒ်ဟု အချို့ဆရာတို့က ဆိုကြသည်မှာ မသင့်ပါ။ မြတ်စွာဘုရားဟောကြားထားသည်မှာ – ''အာနန္ဒာ – ထိုသို့ဇာတိမရှိလျှင် ဇရာမရဏ မရှိနိုင်ပါ၊ ဇာတိသည်သာ ဇရာမရဏ၏မူလအကြောင်း (ဟေတု) ဖြစ်၏၊ ဟေတုသည်သာ ဇရာမရဏ၏အပ်နှင်းသောအကြောင်း (နိဒါန) ဖြစ်၏၊ ဇာတိသည်သာ ဇရာမရဏ၏ဖြစ်ပေါ်ကြောင်း (သမုဒယ) ဖြစ်၏၊ ဇာတိသည်သာ ဇရာမရဏ၏အထောက်အပံ့အကြောင်း (ပစ္စယ) ဖြစ်၏။ ပ။ အဝိဇ္ဇာသည်သာ သင်္ခါရ၏မူလအကြောင်း (ဟေတု) ဖြစ်၏၊ အပ်နှင်းသောအကြောင်း (နိဒါန) ဖြစ်၏၊ ဖြစ်ပေါ်ကြောင်း (သမုဒယ) ဖြစ်၏၊ အထောက်အပံ့အကြောင်း (ပစ္စယ) ဖြစ်၏။''

ထို့ကြောင့် ဟေတု, နိဒါန, သမုဒယ, ပစ္စယတို့ကိုသာ ပဋိစ္စသမုပ္ပါဒ်ဟု သိအပ်၏၊ အချို့ဆရာတို့ဆိုသော သင်္ခါရစသည့်အကျိုးတရားများဖြစ်ပေါ်လာအောင် အဝိဇ္ဇာစသော

အကြောင်းတရားတို့က ကျေးဇူးပြုခြင်းသဘောကို ပဋ္ဌိစ္စသမုပ္ပါဒ်ဟုဆိုခြင်းသည် မသင့်ပါချေ။
– အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရ ၆ မျိုးမှာ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ, ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့ဖြစ်ကြ၏။

**၇၄။ အဘယ်ပုံ အဘယ်နည်းဖြင့် ကျေးဇူးပြုသောတရားကို အညမညပစ္စည်းဟုခေါ် သည်ကို ဥပမာပြ၍ဖြေဆိုပြီးလျှင်၊ ဝိပ္ပယုတ္တပစ္စည်းသုံးမျိုးကိုလည်း ဖော်ပြပါ။**

(၂၀၀၁၊ စမန ၆၄၊ ၇၃)

**အဖြေ –** အချင်းချင်းထောက်ပံ့လျက် ထောင်နေကြသောသစ်သားသုံးချောင်းကဲ့သို့ အချင်းချင်းအပြန်အလှန်ဖြစ်စေတတ်, ထောက်ပံ့တတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် **အညမညပစ္စည်း**မည်၏။

**– ဝိပ္ပယုတ္တပစ္စည်း ၃ မျိုးမှာ** (၁) သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ (၂) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း၊ (၃) ပုရေဇာတဝိပ္ပယုတ္တပစ္စည်းတို့ဖြစ်ပါသည်။

**၇၅။ အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့သည် အနက်သဘောအတူတူချည်းဖြစ်ပါလျက် အဘယ်ကြောင့်နှစ်မျိုးနှစ်စားဟောကြားတော်မူသည်ကို ဖြေဆိုပြီးလျှင်၊ ပဋိသန္ဓေစိတ်တို့၏အာရုံသုံးမျိုးကို အဌကထာအတိုင်းခြုံငုံမိအောင် အကျဉ်းချုပ်ဖြေဆိုပါ။**

(၂၀၀၁၊ စမန ၇၅၊ ၈၇)

**အဖြေ – အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်း**တို့သည် အနက်သဘောအတူတူချည်းဖြစ်ပါလျက် နှစ်မျိုးနှစ်စားဟောကြားတော်မူခြင်းအကြောင်းမှာ

(၁) ဒေသနာတော်ကိုတင့်တယ်အောင် တန်ဆာဆင်တတ်သော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့်လည်းကောင်း၊

(၂) အဝိဂတပစ္စည်းဟုဟောသောအခြင်းအရာအားဖြင့် ဆုံးမသွန်သင်ထိုက်သည့်ဝေနေယျတို့၏အစွမ်းအားဖြင့်လည်းကောင်း ဟောတော်မူအပ်၏။

**– ပဋိသန္ဓေစိတ်တို့၏အာရုံသုံးမျိုးမှာ** (၁) အတိတ်အာရုံ၊ (၂) ပစ္စုပ္ပန်အာရုံ၊ (၃) နတ္တဗ္ဗအာရုံတို့ဖြစ်ပါသည်။ ပဋိသန္ဓေစိတ်တို့သည် အခြားမဲ့အတိတ်ဘဝ၏သေခါနီးအခါ၌ ထင်သော ကံနိမိတ်, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော မရဏာသန္နနိမိတ်ကို အာရုံပြုကြ၏။

– ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်နှင့် နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်တို့၏ အာရုံသည် အတိတ်အာရုံဖြစ်၏။

– ကာမပဋိသန္ဓေ ၁၀ ပါးတို့၏အာရုံသည် အတိတ်အာရုံ သို့မဟုတ် ပစ္စုပ္ပန်အာရုံဖြစ်၏။

– အရူပါဝစရပဋိသန္ဓေစိတ် ၅ ပါး၊ အာကာသာနဉ္စာယတနပဋိသန္ဓေနှင့် အာကိဉ္စညာယတန ပဋိသန္ဓေစိတ်တို့၏အာရုံသည် နတ္တဗ္ဗအာရုံ (ပညတ်အာရုံ) ဖြစ်ပါသည်။

**၇၆။ ဘုမ္မဇိုင်းနတ်နှင့်နိဗ္ဗာနမတကျိုကပြိတ္တာတို့ ရရှိသောယောနိတို့ကို ဖော်ပြပြီးလျှင်၊ 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသော ပါဠိတော်အရ ဝိညာဏ်ကြောင့် (က) နာမ်ချည်းလည်းဖြစ်၏၊ (ခ) ရုပ်ချည်းလည်းဖြစ်၏၊ (ဂ) နာမ်ရုပ်နှစ်မျိုးလုံးလည်းဖြစ်၏၊ အဘယ်ဘုံနှင့် အဘယ်ကာလတို့၌ ယင်းသို့ဖြစ်ပါသနည်း၊ တစ်ခုစီခွဲဖြေပါ။**

(၂၀၀၁၊ စမန ၉၂၊ ၁၀၄)

**အဖြေ –** ဘုမ္မဇိုဝ်းနတ်တို့သည် အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိကဟူသော ယောနိလေးပါးကိုရရှိ၏။

– နိဇ္ဈာမတဏှိကပြိတ္တာတို့သည် ဩပပါတိကယောနိတစ်မျိုးကိုသာ ရရှိကြ၏။

– '**ဝိညာဏပစ္စယာ နာမရူပံ**'ဟူသော ပါဠိတော်အရ –

**(၁) ဝိညာဏ်ကြောင့် နာမ်သက်သက်ဖြစ်ပုံ**

– အရူပ ၄ ဘုံ၌ ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့တွင် အရူပဝိပါက်ဝိညာဏ်ကြောင့် စေတသိက်နာမ်ခန္ဓာသုံးပါးသာလျှင် ဖြစ်၏။

– ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလတွင် ဒွေးပဉ္စဝိညာဏ်ဖြစ်ဆဲအခါဝယ် ဝိညာဏ်ကြောင့် စေတသိက်နာမ်ခန္ဓာသုံးပါးသာလျှင်ဖြစ်၏။

**(၂) ဝိညာဏ်ကြောင့် ရုပ်ချည်းဖြစ်ပုံ**

– အသညသတ်ဘုံ၌ ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့တွင် အတိတ်ပဉ္စဝေါကာရဘဝမှာ ပြုလုပ်ခဲ့သော ရူပကုသိုလ်ကံဟူသည့် ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်ချည်းသာဖြစ်၏။

– ပဉ္စဝေါကာရဘုံ၌ ပဝတ္တိကာလတွင် ကမ္မဝိညာဏ်ကြောင့် ကမ္မဇရုပ်သာဖြစ်ခိုက်ဝယ် ဝိညာဏ်ကြောင့် ရုပ်ချည်းသာဖြစ်၏။

**(၃) ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ပုံ**

– ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့တွင် သဟဇာတဝိညာဏ်, ကမ္မဝိညာဏ် တို့ကြောင့် စေတသိက်နာမ်ခန္ဓာသုံးပါး, စိတ္တဇရုပ်နှင့် ကမ္မဇရုပ်ဟူ၍ နာမ်ရုပ်တို့ဖြစ်ကြ၏။

**၇၇။ 'သဠာယတနပစ္စယာ ဖဿော'ဟူသော ပါဠိတော်ဝယ် သဠာယတနပုဒ်၌ (က) ချေဖျက်ထားသောပါဠိအရ ဖြစ်သင့်သောအာယတန၊ (ခ) သက်ရှိသန္တာန်တစ်ခုကိုသာ ယူသောဆရာတို့အလိုနှင့်၊ (ဂ) သက်ရှိသက်မဲ့သန္တာန်နှစ်ခုလုံးကိုယူသော ဆရာတို့အလို ဖြစ်သင့်သောအာယတနဟူ၍ အုပ်စုသုံးစုရအောင် ခွဲခြမ်းဖော်ပြပါ။**

(၂၀၀၁၊ စမန ၁၀၈၊ ၁၀၉)

**အဖြေ –** (က) ချေဖျက်ထားသောပါဠိအရ ဖြစ်သင့်သောအာယတနမှာ မနာယတန (ဆဋ္ဌာယတန)ဖြစ်၏။

(ခ) သက်ရှိသန္တာန်တစ်ခုကိုသာယူသော ဆရာတို့အလိုအရ ဖြစ်သင့်သောအာယတနတို့မှာ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဟူသော အဇ္ဈတ္တိကာယတန ၆ ပါးဖြစ်ပါသည်။

(ဂ) သက်ရှိသက်မဲ့သန္တာန်နှစ်ခုလုံးကိုယူသော ဆရာတို့အလိုအရ ဖြစ်သင့်သောအာယတနတို့မှာ အဇ္ဈတ္တိကာယတန ၆ ပါးနှင့် ဗာဟိရာယတန ၆ ပါးတို့ဖြစ်ပါသည်။ ဗာဟိရာယတန ၆ ပါးမှာ ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတနတို့ဖြစ်ကြပါသည်။

**၇၈။ နွယ်ကိုအလယ်၌ ခုတ်ဖြတ်ပြီး အလယ်ပိုင်းမှစ၍ အရင်းပိုင်းတိုင်အောင် ဆွဲယူအသုံး**

**ပြုသူနှင့်အလားတူဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်အလယ်ပိုင်းမှ အရင်းပိုင်းဆီသို့ ဦးတည်သော ကြောင်းကျိုးဖြစ်စဉ် ၃ ခုမျှ ထုတ်ပြပြီးလျှင်၊ နတ်သမီးကိုလိုချင်၍ တောင်ထိပ်မှခုန်ချသူကဲ့သို့ ဒုက္ခကိုဒုက္ခမှန်းမသိမှုအဝိဇ္ဇာကြောင့် (က) နတ်သမီးနှင့် အလားတူအဘယ်ဒုက္ခကို လိုချင်၍၊ (ခ) တောင်ထိပ်မှခုန်ချခြင်းနှင့်အလားတူ အဘယ်သင်္ခါရကို ပြုလုပ်သည်ကို ဖြေဆိုပါ။** (၂၀၀၂၊ စခန ၄၂၊ ၅၆)

**အဖြေ –** နွယ်ကိုအလယ်မှ အရင်းတိုင်အောင်ဆွဲယူအသုံးပြုသကဲ့သို့ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်အလယ်ပိုင်းမှ အရင်းပိုင်းဆီသို့ဦးတည်သော ကြောင်းကျိုးဖြစ်စဉ် ၃ ခုမှာ ''အာဟာရလေးပါးတို့သည် တပ်မက်ခြင်း–တဏှာလျှင် ဖြစ်ကြောင်းရှိကုန်၏၊ ထိုတဏှာသည်လည်း ခံစားမှု–ဝေဒနာလျှင် ဖြစ်ကြောင်းရှိ၏၊ ထိုဝေဒနာသည် အာရုံကိုတွေ့ထိမှု–ဖဿလျှင် ဖြစ်ကြောင်းရှိ၏'' ဟု ဟောတော်မူ၏။

– နတ်သမီးကိုလိုချင်၍ တောင်ထိပ်ဖျားမှ ခုန်ချသူကဲ့သို့ ဒုက္ခကိုဒုက္ခမှန်းမသိမှုအဝိဇ္ဇာကြောင့်စသည်၌ –

(က) နတ်သမီးနှင့်အလားတူသောဒုက္ခဟူသည်မှာ ကုသိုလ်ကောင်းမှု၏အကျိုးဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာတို့တည်း။ ဤလူ့ချမ်းသာ, နတ်ချမ်းသာတို့သည် ပဋိသန္ဓေနေခြင်းဒုက္ခ, အိုခြင်းဒုက္ခ, နာခြင်းဒုက္ခ, သေခြင်းဒုက္ခစသည့် များစွာသောအပြစ်တို့နှင့် ရောပြွမ်းနေသည့်အတွက် ဆင်းရဲဒုက္ခအစစ်ပင်တည်း။ ထိုဒုက္ခကို အဝိဇ္ဇာကြောင့် ဒုက္ခမှန်းမသိ၍ လိုချင်၏။

(ခ) တောင်ထိပ်မှခုန်ချခြင်းနှင့်အလားတူစွာ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ အပြားရှိသော ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။

**၇၉။ 'ဤဆိုခဲ့ပြီးသော အဝိဇ္ဇာအစရှိသော အကြောင်းကြောင့်သာလျှင် ဒုက္ခအစုအဝေးချည်းသက်သက်သာလျှင် ဖြစ်နေလေ၏'ဟူသောပဋိစ္စသမုပ္ပါဒ်နိဂုံး၌ 'သာလျှင်, သက်သက်, သာလျှင်'ဟူသော စကားသုံးခွန်းဖြင့် အဘယ်သို့သော အထင်မှားအမြင်မှားဝါဒများကိုဖယ်ရှားပါသနည်း။ ထင်ရှားအောင် တစ်ခုစီတစ်ခုစီ ခွဲခြားဖြေဆိုပါ။** (၂၀၀၂၊ စမန ၁၇၅)

**အဖြေ –** (က) 'အဝိဇ္ဇာအစရှိသောအကြောင်းကြောင့်**သာလျှင်**' သင်္ခါရစသည့်အကျိုးတရားတို့အဆက်ဆက်ဖြစ်ပေါ်ပြီး ပဋိစ္စသမုပ္ပါဒ်ဘဝစက်ကြီးလည်ပတ်ကာ သတ္တဝါများက သံသရာဝဋ်ဆင်းရဲတွင် ကျင်လည်နေကြရသည်ကို ဖော်ပြသဖြင့် အကြောင်းမရှိဟုယူသော အဟေတုကဒိဋ္ဌိ၊ ဣဿရဘုရားသခင်စသည်တို့က ဖန်ဆင်း၍ သတ္တဝါလောကဖြစ်သည်ဟူသော ဝိသမဟေတုကဒိဋ္ဌိနှင့် ဝသဝတ္တိဝါဒအယူမှားတို့ကို ပယ်မြစ်သည်။

(ခ) 'ဒုက္ခအစုအဝေးချည်း**သက်သက်**' ဟူသောစကားဖြင့် လူ့ချမ်းသာ, နတ်ချမ်းသာ, ကာမဂုဏ်ချမ်းသာ, ဈာန်ချမ်းသာ, ဗြဟ္မာချမ်းသာစသည်တို့သည် ဝိပရိဏာမဒုက္ခချည်းသာဖြစ်၍ ချမ်းသာနှင့်မရောယှက်ခြင်းကိုဖော်ပြ၍ ထိုကာမဂုဏ်ချမ်းသာ, ဈာန်ချမ်းသာစသည်ကို ချမ်းသာအစစ်ဖြစ်သည်ဟု အထင်မှားမှုကို ဖယ်ရှားပါသည်။

(ဂ) 'ဒုက္ခအစုအဝေးချည်း**သာလျှင်**' ဟူသောစကားဖြင့် ရုပ်နာမ်အစုအဝေးချည်းသာရှိ၍ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တကောင်တို့မရှိခြင်းကိုဖော်ပြသဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, အတ္တကောင်တို့ ရှိသည်ဟု အယူမှားသော ပုဂ္ဂလဒိဋ္ဌိ, အတ္တဒိဋ္ဌိတို့ကို ဖယ်ရှားပါသည်။

**၈၀။ အဘယ်ကျွန္ဓေတို့သည် ကုန္ဒြိယပစ္စည်းမဖြစ်နိုင်၍ အဘယ်ဈာနင်တို့သည် ဈာန ပစ္စည်းမဖြစ်နိုင်သည်ကို ဖော်ပြပြီး၊ အဘယ်ကို 'သံသရာ'ဟုခေါ်ပါသနည်း၊ ဖြေဆိုပါ။**

(၂၀၀၂၊ စမန ၇၀၊ ၇၁၊ ၁၄၁)

**အဖြေ –** ကုန္ဒြိယပစ္စည်းမဖြစ်နိုင်သောကွန္ဓေတို့သည် ကုတ္တိန္ဓေနှင့် ပုရိသိန္ဓေတို့ဖြစ်ကြ၏။

– ဈာနပစ္စည်းမဖြစ်နိုင်သောဈာနင်တို့သည် ဒွေးပဉ္စဝိညာဏ်နှင့်ယှဉ်သည့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, ကေဂ္ဂတာတို့ဖြစ်ကြ၏။

– **သံသရာ**ဟူသည်မှာ ခန္ဓာ ၅ ပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါးဟုဆိုအပ်သော ရုပ်နာမ်တရားတို့က ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နွယ်မှုအရ တစ်ဘဝပြီးတစ်ဘဝ အစဉ်အဆက်မပြတ်ဘဲ ဖြစ်ပျက်နေခြင်းပင်တည်း။

**၈၁။ သင်္ခါရသုံးမျိုးတို့တွင် အဘယ်ကို ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရခေါ်သည်ကို ဖြေဆိုပြီးလျှင်၊ 'သင်္ခါရပစ္စယာ ဝိညာဏံ'ဟူသောပါဠိတော်၌ သင်္ခါရကြောင့်ဖြစ်သော မနောဝိညာဏ်တို့ကို ဖော်ပြပါ။** (၂၀၀၂၊ စမန ၈၁၊ ၈၂)

**အဖြေ – ပုညာဘိသင်္ခါရ**သည် ကာမာဝစရကုသိုလ်စေတနာ ၈ ပါးနှင့် ရူပါဝစရကုသိုလ် စေတနာ ၅ ပါးတို့ဖြစ်၏။

– **အာနေဉ္ဇာဘိသင်္ခါရ**သည် အရူပါဝစရကုသိုလ်စေတနာ ၄ ပါးဖြစ်၏။

– 'သင်္ခါရပစ္စယာ ဝိညာဏံ' ဟူသော ပါဠိတော်၌ **သင်္ခါရကြောင့်ဖြစ်သည့် မနောဝိညာဏ်** တို့မှာ– သမ္ပဋိစ္ဆိုန်းစိတ်၂ ပါးဟူသည့် မနောဓာတ် မနောဝိညာဏ် ၂ ပါး၊ သန္တီရဏစိတ် ၃ ပါးဟူသည့် အဟိတ်မနောဝိညာဏဓာတ် ၃ ပါး၊ မဟာဝိပါက် ၈ ပါး, ရူပါဝစရဝိပါက်စိတ် ၅ ပါးနှင့် အရူပါဝစရဝိပါက်စိတ် ၄ ပါးဟူသည့် သဟိတ်မနောဝိညာဏဓာတ် ၁၇ ပါး၊ ပေါင်း မနောဝိညာဏ် ၂၂ ပါးဖြစ်ပါသည်။

**၈၂။ 'နာမရူပပစ္စယာ သဠာယတနံ'၌ ပါဝင်သောနာမ်ရုပ်တို့ကို ဖော်ပြပြီး၊ 'သဠာယတန ပစ္စယာ ဖဿော'၌ ဖြစ်သင့်သောဖဿတို့ကို အကျဉ်းတစ်နည်း အကျယ်တစ်ဖုံ နှစ်မျိုးစုံခွဲခြားပြပါ။** (၂၀၀၂၊ စမန ၁၀၆၊ ၁၀၈)

**အဖြေ – 'နာမရူပပစ္စယာ သဠာယတနံ'**၌ ပါဝင်သောနာမ်ရုပ်တို့မှာ

**နာမ်အရ** ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော စေတသိက်နာမ်ခန္ဓာသုံးပါးနှင့်

**ရုပ်အရ** သဠာယတနအား အမြဲတမ်းကျေးဇူးပြုတတ်သော မိမိသန္တာန်၌အကျုံးဝင်သည့် မဟာဘုတ် ၄ ပါး, ထတ္ထုရုပ် ၆ ပါး, ရုပ်ဇီဝိတိန္ဓေတို့ဖြစ်ကြ၏။

– **'သဠာယတနပစ္စယာ ဖဿော'**၌ ဖြစ်သင့်သောဖဿတို့မှာ

**အကျဉ်းနည်း**အားဖြင့် စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှာသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ ဟူသော ဖဿ ၆ ပါးတည်း။

**အကျယ်နည်း**အားဖြင့် လောကီဝိပါက်စိတ် ၃၂ပါးတို့နှင့်ယှဉ်သော ဖဿ ၃၂ ပါးတည်း။

**၈၃။ 'ဝေဒနာပစ္စယာ တဏှာ'၌ ဒုက္ခဝေဒနာခံစားနေရသူမှာ ယင်းဒုက္ခဝေဒနာကြောင့် အဘယ်နည်းဖြင့် တဏှာဟူသောလိုချင်တပ်မက်မှုဖြစ်နိုင်သည်ကို ဖော်ပြပြီးလျှင်၊ အဗျာပါရနည်း၏သဘောအဓိပ္ပါယ်ကိုဖော်ပြပြီး ယင်းအဗျာပါရနည်းကို မှန်စွာသိမြင်ပါက အဘယ်ဒိဋ္ဌိကို ပယ်စွန့်နိုင်ပါသနည်း။** (၂၀၀၂၊ စမန ၁၁၁၊ ၁၄၀)

**အဖြေ – 'ဝေဒနာပစ္စယာ တဏှာ'**၌ ဒုက္ခဝေဒနာကြောင့်တဏှာဖြစ်ပုံမှာ ဆင်းရဲသောသူသည် ချမ်းသာကိုတောင့်တ၏။ သို့ဖြစ်၍ ဒုက္ခဝေဒနာသည် ချမ်းသာသုခကိုတောင့်တသော တဏှာကို ဖြစ်စေ၏။

– **အဗျာပါရနည်း**၏သဘောအဓိပ္ပါယ်မှာ

အဝိဇ္ဇာ၌ ''သင်္ခါရတို့ကို ငါသည် ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း၊ သင်္ခါရတို့၌လည်း ''ဝိညာဏ်ကို ငါတို့သည် ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း၊ ဤသို့သော ကြောင့်ကြဗျာပါရမရှိခြင်းသည် '**အဗျာပါရနည်း**' မည်၏။

– အဗျာပါရနည်းကို မှန်စွာသိမြင်ပါက ပြုတတ်သောအတ္တမရှိခြင်းကို သိမြင်ခြင်းကြောင့် ပရမအတ္တရှိ၏ဟုစွဲယူသော '**အတ္တဒိဋ္ဌိ**' ကို ပယ်စွန့်၏။

**၈၄။ ဝဋ်ဒုက္ခဆိုင်ရာတရား (ဝဋ္ဋကထာ) ကို ဟောတော်မူရာ၌ မည်သည့်တရားများကို ဦးခေါင်းတပ်၍ဟောတော်မူသည်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းပြပြီးလျှင်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ကို အဘယ်ကြောင့် သိနိုင်ပါသနည်း၊ ဖြေဆိုပါ။**

(၂၀၀၃၊ စမန ၄၄၊ ၅၅)

**အဖြေ –** မြတ်စွာဘုရားသည် ဝဋ္ဋကထာကိုဟောရာ၌ အဝိဇ္ဇာနှင့်ဘဝတဏှာတို့ကိုဦးခေါင်းတပ်၍ ဟောကြားတော်မူပါသည်။ အကြောင်းမှာ အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်စေတတ်သော အကုသိုလ်ကံ၏ထူးသောအကြောင်းဖြစ်ပြီးလျှင်၊ ဘဝတဏှာသည် သုဂတိသို့ ရောက်စေတတ်သော ကုသိုလ်ကံ၏ထူးသောအကြောင်းဖြစ်သောကြောင့်တည်း။

**– အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ကို သိနိုင်ပုံမှာ –**

အဝိဇ္ဇာထင်ရှားရှိလျှင် သင်္ခါရတို့၏ထင်ရှားရှိသည့်အဖြစ်ကြောင့် သိအပ်၏။ အဝိဇ္ဇာရှိခြင်းကြောင့်သာလျှင် သင်္ခါရတို့၏ရှိခြင်းသည် ဖြစ်၏။ အဝိဇ္ဇာမရှိပါမူကား သင်္ခါရတို့၏ရှိခြင်းသည် မဖြစ်နိုင်ပေ။ မြတ်စွာဘုရားဟောကြားသည်မှာ – ''ပညာမရှိသူသည် အဝိဇ္ဇာရှိသည့်အတွက် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကို ပြုလုပ်၏။ အကြင်အခါ၌ ရဟန်း၏သန္တာန်ဝယ် အဝိဇ္ဇာပယ်အပ်ပြီးဖြစ်လျှင် အရဟတ္တမဂ်ပညာဟူသော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်လာ၏။ ထိုအခါ အဝိဇ္ဇာကင်းခြင်းကြောင့် သင်္ခါရတို့ကို မပြုလုပ်တော့ပြီ။'' ရဟန္တာ၌ အဝိဇ္ဇာကင်းသောကြောင့် သင်္ခါရမဖြစ်တော့ချေ။

**၈၅။ မည်သည့်တရားတို့အား မည်သို့မည်ပုံကျေးဇူးပြုသောတရားတို့ကို ပဋ္ဌာနတပစ္စည်းခေါ်သည်ကို ဝိသုဒ္ဓိမဂ်ကျမ်းလာ ဥပမာပြ၍ ဖြေဆိုပြီးလျှင်၊ အဝိဇ္ဇာတည်းဟူသော**

**အကုသိုလ်တရားက ကာမာဝစရကုသိုလ်ကံသင်္ခါရတရားအား အဘယ်အခါ၌ အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၃၊ စမန ၆၇၊ ၇၆)

**အဖြေ – ပစ္ဆာဇာတပစ္စည်း** – ပစ္စယုပ္ပန်တရားဖြစ်ပြီးနောက်မှ ဖြစ်ပေါ်၍ ပစ္စယုပ္ပန်အား ကျေးဇူးပြုသောတရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။

ဥပမာ လင်းတငယ်၏ခန္ဓာကိုယ်သည် ဦးစွာဖြစ်၍ အစာစားချင်သောလင်းတငယ်၏ စေတနာက နောက်မှဖြစ်၏။ ထိုစားချင်သောစေတနာသည် လင်းတငယ်၏ခန္ဓာကိုယ်ကြီးထွားလာအောင် ကျေးဇူးပြု၏။ ဤသို့နောက်မှဖြစ်၍ ရှေးဖြစ်နှင့်သောပစ္စယုပ္ပန်တရားကို ကျေးဇူးပြုသည့်တရားသည် ပစ္ဆာဇာတပစ္စည်းမည်၏။

– **အဝိဇ္ဇာတရား**ကို ကုန်ခြင်း, ပျက်ခြင်းအားဖြင့် ဆင်ခြင်သုံးသပ်၍ ဝိပဿနာရှုသောအခါ၌ အဝိဇ္ဇာတည်းဟူသော အကုသိုလ်တရားက ကာမာဝစရကုသိုလ်ကံသင်္ခါရတရားအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

**၈၆။ ဩပပါတိကယောနိတစ်မျိုးကိုသာရသော အပါယ်ဘုံသားများကို ဖော်ပြပြီးလျှင်၊ ကွယ်လွန်ခါနီးလူတစ်ယောက်အတွက် ဆွေမျိုးသားချင်းတို့က ကမ္မနိမိတ်ဖြစ်သော ရူပါရုံနှင့် သဒ္ဒါရုံတို့ကို ဆောင်ယူပြပုံနမူနာကို ဝိသုဒ္ဓိမဂ်အတိုင်းဖော်ပြပါ။**

(၂၀၀၃၊ စမန ၉၂၊ ၈၉)

**အဖြေ –** ဩပပါတိကယောနိတစ်မျိုးကိုသာရသော အပါယ်ဘုံသားများမှာ ငရဲသားများနှင့် နိဇ္ဈာမတဏှိကပြိတ္တာတို့ ဖြစ်ပါသည်။

– ကွယ်လွန်ခါနီးလူတစ်ယောက်အတွက် ဆွေမျိုးသားချင်းတို့က ကမ္မနိမိတ်ဖြစ်သောရူပါရုံနှင့်သဒ္ဒါရုံတို့ကိုဆောင်ယူပြပုံမှာ –

(က) ''ချစ်သား – သင်၏နတ်ရွာနိဗ္ဗာန်အကျိုးငှာ ဘုရားပူဇော်ခြင်းကိုပြုပေအံ့''စသည် ပြောကြားပြီးလျှင် ပန်းဆိုင်း, တံခွန်, ကုက္ကားစသည်ဖြင့် အဆင်းရူပါရုံကိုဖြစ်စေ၊

(ခ) တရားနာစေခြင်းအစွမ်းဖြင့် အသံသဒ္ဒါရုံကိုဖြစ်စေ ဆောင်ယူပြကြ၏။

**၈၇။ 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသော ပါဠိတော်အရ အမိဝမ်းခေါင်းအောင်းအပ်သော နပုံးပဋိသန္ဓေ (ယူပြီးကို ထပ်ယူခြင်း, မယူခြင်းနည်းနှစ်မျိုးဖြင့်)ရေတွက်ဖော်ပြပြီးလျှင်၊ အသညသတ်ဘုံသားတို့၏ ရုပ်ခန္ဓာသည် အဘယ်ဝိညာဏ်ကြောင့် ဖြစ်ပါသနည်း၊ ဖော်ပြပါ။**

(၂၀၀၃၊ စမန ၁၀၁၊ ၁၀၄)

**အဖြေ** – 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသော ပါဠိတော်အရ အမိဝမ်းခေါင်းအောင်းအပ်သော နပုံးပဋိသန္ဓေ (ဘာဝမရှိသူ) တို့အတွက် ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်တို့မှာ

(က) ယူပြီးကိုထပ်ယူခြင်းနည်းဖြင့် စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ ကာယဒသက, ဝတ္ထုဒသက ဟူသောကလာပ် ၂ စည်းမှ ရုပ် ၂၀၊ ပေါင်း နာမ်ရုပ် ၂၃ ပါးဖြစ်၏။

(ခ) ယူပြီးကိုထပ်မယူခြင်းနည်းအရ စေတသိက်နာမ်ခန္ဓာ ၃ ပါး၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ် ၁ ပါး၊ ကာယပသာဒရုပ်၊ ဟဒယဝတ္ထုရုပ် ၁ ပါးဟူ၍ ရုပ် ၁၁ ပါး၊

ပေါင်း နာမ်ရုပ် ၁၄ ပါးဖြစ်၏။

– အသညသတ်ဘုံသားတို့၏ရုပ်ခန္ဓာသည် ကမ္မဇရုပ်ဖြစ်သောကြောင့် ပဋ္ဌဝေါကာရဘဝ၌ ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ဝါ) ကမ္မဝိညာဏ် (ရူပကုသိုလ်ကံ) ကြောင့်ဖြစ်ပါသည်။

**၈၈။ 'ဖဿပစ္စယာ ဝေဒနာ'ဟူသောပါဠိတော်၌ အဘယ်ဝေဒနာများသာ ပါဝင်နိုင်သည်ကို ဖော်ပြပြီးလျှင်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အတိတ်အကြောင်းနှစ်ပါးကိုသာ တိုက်ရိုက်ဟောတော်မူပါလျက် အဘယ်ကြောင့်အတိတ်အကြောင်း ၅ ပါး ဖြစ်ရသည်ကိုလည်း သဘာဝယုတ္တိပြည့်စုံအောင် ဖော်ပြဖြေဆိုပါ။**

(၂၀၀၃၊ စမန ၁၁၀၊ ၁၂၉)

**အဖြေ – 'ဖဿပစ္စယာ ဝေဒနာ'**ဟူသောပါဠိတော်၌ လောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်ကြသော ဝေဒနာ ၃၂ ပါးသာပါဝင်နိုင်ပါသည်။

– ပဋိစ္စသမုပ္ပါဒ် အတိတ်အကြောင်း ၅ ပါး (စမန ၁၆၄–၁၆၅၊ နံပါတ် ၅၄ အတိုင်းဖြေပါ)

**၈၉။ ပဋိစ္စသမုပ္ပါဒ – ဟူသောပါဠိဝေါဟာရ၌ သမုပ္ပါဒဟူသောနောက်ပုဒ်ဖြင့် အဘယ်ကိုပြသည်ကို ကြောင်းကျိုးဆီလျော်အောင်ဖြေဆိုပြီးလျှင်၊ ဘဝသစ်၌ပဋိသန္ဓေစိတ်နှင့်တကွ ဘဝင်လေးကြိမ်တိုင်အောင် ပစ္စုပ္ပန်ရုပ်ရုံကိုအာရုံပြုသောစိတ်အစဉ် (ဝီထိ) ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်အတိုင်း အာရုံထင်ပုံနှင့်တကွ ရေးပြပါ။**

(၂၀၀၄၊ စမန ၄၀၊ ၈၇)

**အဖြေ – သမုပ္ပါဒဟူသောနောက်ပုဒ်ဖြင့်** (စာမျက်နှာ ၁၇၀၊ နံပါတ် ၆၈(ခ) အတိုင်းဖြေပါ)

**– ပဋိသန္ဓေစိတ်နှင့်အတူဘဝင်လေးကြိမ်** (စမန ၁၆၉၊ နံပါတ် ၆၅ အတိုင်းဖြေပါ)

**၉၀။ 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသော ပါဠိတော်နှင့်အညီ ရူပပြဟ္မာတို့၌ ပဋိသန္ဓေအခါဝယ် ဝိညာဏ်ကြောင့် အဘယ်နာမ်ရုပ်များဖြစ်သည်ကို ဝိသုဒ္ဓိမဂ်ကျမ်းစာအရှိအတိုင်း အရေအတွက်သင်္ချာရနိုင်သမျှ အကျယ်ထုတ်ပြဖြေဆိုပါ။** (၂၀၀၄၊ စမန ၁၀၂)

**အဖြေ –** 'ဝိညာဏပစ္စယာ နာမရူပံ'ဟူသော ပါဠိတော်နှင့်အညီ ရူပပြဟ္မာတို့၌ ပဋိသန္ဓေအခါဝယ် ဝိညာဏ်ကြောင့်ဖြစ်သော နာမ်ရုပ်များမှာ –

**နာမ်အရ** – စေတသိက်နာမ်ခန္ဓာ ၃ ပါး၊

**ရုပ်အရ** – စက္ခုဒသက, သောတဒသက, ဝတ္ထုဒသကဟူသော ကလာပ်စည်း ၃ စည်းမှ ရုပ် ၃၀၊ ဇီဝိတနဝက ကလာပ်ရုပ် ၉ ပါး၊ ပေါင်းရုပ် ၃၉ ပါး၊

ထို့ကြောင့် **နာမ်ရုပ်** ၄၂ ပါး ဖြစ်ပါသည်။

**၉၁။ 'ဝိညာဏ်ကြောင့် ပဋိသန္ဓေအခါ နာမ်ရုပ်ဖြစ်သည်'ဟုဆိုရာ၌ ပကတိမျက်စိဖြင့် မမြင်ရပါဘဲလျက် ယင်းသို့သောနာမ်ရုပ်ဖြစ်ပုံကို အဘယ်နည်းအဘယ်ပုံသိရသည်ကို ဖြေဆိုပါ။** (၂၀၀၄၊ စမန ၁၀၅၊ ၁၀၆)

**အဖြေ –** 'ဝိညာဏ်ကြောင့် ပဋိသန္ဓေအခါ နာမ်ရုပ်ဖြစ်သည်'ဟုဆိုရာ၌ ပကတိမျက်စိဖြင့် မမြင်ရပါဘဲလျက် ယင်းသို့သောနာမ်ရုပ်ဖြစ်ပုံကို သိရပုံမှာ သုတ္တန်ဒေသနာ ဘုရားစကားတော်အားဖြင့်လည်းကောင်း၊ အသင့်ယုတ္တိ (ဝါ) သဘာဝယုတ္တိအားဖြင့်လည်းကောင်း၊ သိရပါသည်။

ဓမ္မသင်္ဂဏီပါဠိတော်၌ ''စိတ္တာနုပရိဝတ္တိနောဓမ္မာ'' = ''စိတ်သို့အစဉ်လိုက်၍ဖြစ်ကုန်သော တရားတို့သည် ရှိကုန်၏''ဟု မြတ်စွာဘုရားဟောတော်မူ၏။ ဤသို့စသောဒေသနာတော်များနှင့်အညီ ဝေဒနာက္ခန္ဓာစသည့် စေတသိက်နာမ်ခန္ဓာသုံးပါးတို့အား ဝိညာဏ်က ကျေးဇူးပြုသောအဖြစ်သည် ပြီးစီး၏။

သဘာဝယုတ္တိဖြင့်သိနိုင်ပုံမှာ စိတ်ကြည်လင်သောအခါ ကြည်လင်ရွှင်လန်းသောရုပ်၊ စိတ်မကြည်လင်သည့်အခါ မကြည်လင်မရွှင်လန်းသောရုပ်တို့ဖြစ်ပေါ်သည်ကို မျက်မှောက်တွေ့မြင်ရ၏။ မျက်မှောက်တွေ့မြင်ရသောသဘောဖြင့် မျက်မှောက်မမြင်ရ, မမြင်နိုင်သောသဘောကို နှိုင်းဆ၍သိခြင်း, ဆုံးဖြတ်ခြင်းသည်လည်းဖြစ်၏။ ထို့ကြောင့် မျက်မှောက်မြင်ရသော စိတ္တဇရုပ်ဖြင့် မျက်မှောက်မမြင်ရသော ပဋိသန္ဓေရုပ်အားလည်း ပဋိသန္ဓေဝိညာဏ်က ဖြစ်စေသည်ကို သိအပ်၏။

**၉၂။ အရူပဘုံ၌ နာမ်သည် မနာယတနအား အလျော့တွက်အားဖြင့် အဘယ်ပဋ္ဌာန်းပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်ကို ဖြေဆိုပြီးလျှင်၊ ရူပတဏှာသည် အဘယ်ပုံအဘယ်နည်းဖြင့် ဘဝတဏှာအဆင့်သို့ ရောက်သွားသည်ကိုလည်း ဖြေဆိုပါ။**

(၂၀၀၄၊ စမန ၁၀၇၊ ၁၁၀၊ ၁၁၁)

**အဖြေ –** အရူပဘုံ၌ နာမ်သည် မနာယတနအား အလျော့တွက်အားဖြင့် ကျေးဇူးပြုသော ပဋ္ဌာန်းပစ္စည်းတို့မှာ –

– **ပဋိသန္ဓေကာလတွင်** ဝိပါက်နာမ်သည် မနာယတန (ဆဋ္ဌာယတန)အား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတဟူသော ၇ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

– **ပဝတ္တိကာလတွင်** ဝိပါက်နာမ်သည် မနာယတနအား အထက်ပါ ၇ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဝိပါက်မဟုတ်သောနာမ်သည် ဝိပါကပစ္စည်းမှတစ်ပါး ကြွင်းသည့်ပစ္စည်း ၆ ပါးဖြင့် ကျေးဇူးပြု၏။

**– ရူပတဏှာက ဘဝတဏှာအဆင့်သို့ရောက်သွားပုံ**

ရူပါရုံကို ကာမဂုဏ်၌သာယာသည့်အစွမ်းဖြင့် သာယာ၍ဖြစ်သောတဏှာသည် ရူပတဏှာဖြစ်၏။ ထိုအာရုံကိုပင် 'တည်မြဲသည်'ဟု အယူရှိသော သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ဖြစ်သောတဏှာသည် 'ဘဝတဏှာ' ဖြစ်၏။

**၉၃။ ဒုက္ခဝေဒနာ နာကျင်စွာခံစားနေရသည်ဖြစ်ပါလျက် အခံခက်သောထိုဒုက္ခဝေဒနာကြောင့် ခင်မင်တွယ်တာတဏှာ အဘယ်သို့ဖြစ်နိုင်သည်ကို ဖြေဆိုပြီးလျှင်၊ တရားသဘောကို မသိမမြင်သောအဝိဇ္ဇာသည် အကန်းနှင့်တူသည်ဟုဆိုလျှင် အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရနှင့် သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်တို့သည် အဘယ်အဘယ်နှင့်တူပါသနည်း၊ ဖြေဆိုပါ။** (၂၀၀၄၊ စမန ၁၁၁၊ ၁၃၅)

**အဖြေ – ဒုက္ခဝေဒနာကြောင့်တဏှာဖြစ်ပုံမှာ** ဆင်းရဲသောသူသည် ချမ်းသာကိုတောင့်တ၏။ သို့ဖြစ်၍ ဒုက္ခဝေဒနာသည် ချမ်းသာကိုတောင့်တသောတဏှာကို ဖြစ်စေ၏။

**အဝိဇ္ဇာ**သည် တရားသဘောတို့ကို မသိမမြင်သဖြင့် အကန်းနှင့်တူလျှင်
အဝိဇ္ဇာကြောင့်ဖြစ်သော **သင်္ခါရ**သည် အကန်း၏ ခြေချော်ခြင်းနှင့်တူ၏၊
သင်္ခါရကြောင့်ဖြစ်သော **ဝိညာဏ်**သည် ခြေချော်သောအကန်း၏လဲကျခြင်းနှင့်တူ၏။

**၉၄။ ပဋိစ္စသမုပ္ပါဒ်၏ပေါ်လွင်ထင်ရှားသည့် တစ်ခုသောအမှတ်အသားကို ဖော်ပြပြီးလျှင်၊ ပဋိစ္စသမုပ္ပါဒ်တရားမြတ်ကို စီးပွားရှာသကဲ့သို့ အရိုးစွဲအောင်ကြိုးကြိုးစားစားသင်ယူလေ့လာမှတ်သားနေကြသော ဝိသုဒ္ဓိမဂ်သင်တန်းသား/သင်တန်းသူတို့ ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်း ဖော်ပြပါ။** (၂၀၀၅၊ စမန ၃၆၊ ၄၁)

**အဖြေ –** ပဋိစ္စသမုပ္ပါဒ်၏ပေါ်လွင်ထင်ရှားသည့် တစ်ခုသောအမှတ်အသားမှာ ဇရာမရဏစသောအကျိုးတို့ကို ဖြစ်စေသည့်အကြောင်းတရားအဖြစ်လျှင် မှတ်ကြောင်းလက္ခဏာရှိခြင်းပင်တည်း။

– ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို စီးပွားရှာသကဲ့သို့ အရိုးစွဲအောင်ကြိုးကြိုးစားစားသင်ယူလေ့လာမှတ်သားနေကြသူများရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ –

(၁) လေ့လာနာယူရန်အားထုတ်သည်မှစ၍ ခဏတိုင်း ခဏတိုင်း မဖြစ်ဖူးသေးသော သုတမယ, စိန္တာမယ, ဘာဝနာမယဉာဏ်ထူးတို့ကို ရရှိခြင်း၊

(၂) ကိလေသာတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်သည့် တရားထူးကို ရရှိခြင်း၊

(၃) သေမင်းမမြင်ရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်ခြင်းအကျိုးတို့ကို ရရှိခြင်းတို့ဖြစ်ပါသည်။

**၉၅။ ကံ, ကံ၏အကျိုး၊ ပစ္စုပ္ပန်, တမလွန်အကျိုးကို ယုံကြည်သောသဒ္ဓါတရားဦးဆောင်သော ကုသိုလ်အကြောင်းတရားတို့၏အထောက်အပံ့ကိုရရှိကာ ကျေးဇူးပြုလျက်ဖြစ်ပေါ်လာသည့်ကောင်းကျိုးရလဒ် ပရမတ်တရားများကို ပဋ္ဌာန်းအမြင်ဖြင့် ဖော်ပြပြီးလျှင်၊ သဟဇာတပစ္စည်းမည်ပုံကိုလည်း ဥပမာနှင့်တကွ ဖြေဆိုပါ။**

(၂၀၀၅၊ စမန ၆၆၊ ၆၃)

**အဖြေ –** သဒ္ဓါတရားဦးဆောင်သော ကုသိုလ်အကြောင်းတရားတို့၏ အထောက်အပံ့ကို ရရှိကာ ကျေးဇူးပြုလျက် ဖြစ်ပေါ်လာသည့်ကောင်းကျိုးရလဒ် ပရမတ်တရားများကို ပဋ္ဌာန်းအမြင်ဖြင့် ဖော်ပြရသော် – သဒ္ဓါတရားကိုအမှီပြု၍ ဖြစ်ပေါ်လာသော

– ဒါနစေတနာပြဋ္ဌာန်းသည့် ကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်များ၊
– သီလစေတနာပြဋ္ဌာန်းသည့် ကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်များ၊
– ဥပေါသထစေတနာပြဋ္ဌာန်းသည့် ကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်များ၊
– မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉ ပါး၏ကုသိုလ်စိတ္တုပ္ပါဒ်များ၊
– ဝိပဿနာပြဋ္ဌာန်းသည့် ကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်များ၊
– မဂ် ၄ ပါး၏ကုသိုလ်စိတ္တုပ္ပါဒ်များ၊
– ကုသိုလ်အဘိညာဉ်စိတ္တုပ္ပါဒ်များ၊
– ကုသိုလ်သမာပတ်စိတ္တုပ္ပါဒ်များတို့ ဖြစ်ကြသည်။

သဒ္ဓါသည်အထက်ပါကုသိုလ်စိတ္တုပ္ပါဒ်တို့အား ပကတူပဥပနိဿယပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

**သဟဇာတပစ္စည်းမည်ပုံ**

ဆီမီးသည် ဖြစ်ပေါ်ဆဲပင်လျှင် မိမိနှင့်အတူတကွ အလင်းရောင်ကိုဖြစ်စေသကဲ့သို့ ထို့အတူ မိမိဖြစ်ဆဲပင်လျှင် ပစ္စယုပ္ပန်တရားအား အတူတကွတစ်ပြိုင်နက်ဖြစ်ပေါ်အောင် ကျေးဇူးပြုသည့်တရားသည် သဟဇာတပစ္စည်းမည်၏။

**၉၆။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ 'အဝိဇ္ဇာ'နှင့် 'သင်္ခါရ'တို့၏ ထင်ရှားသောအမှတ်အသား လက္ခဏာနှင့် ဆောင်ရွက်သောလုပ်ငန်းကိစ္စတို့ကို အသီးသီးဖြေဆိုပြီးလျှင်၊ 'ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းပေသည်'ဟူသော ဥပမာနှင့်အလားတူစွာ မသိမှုအဝိဇ္ဇာ အကြောင်းတရားကြောင့် သင်္ခါရအကျိုးတရားများဖြစ်ပေါ်လာပုံကိုလည်း ရှင်းပြပါ။**

(၂၀၀၅၊ စမန ၄၉၊ ၅၆၊ ၅၇)

**အဖြေ – 'အဝိဇ္ဇာ'**သည် မသိမှု၊ မသိခြင်းဟူသောလက္ခဏာအမှတ်အသားရှိ၏၊

– ဉာဏ်၏ဆန့်ကျင်ဘက်လက္ခဏာရှိ၏၊

– အလွန်တွေဝေစေခြင်း – လုပ်ငန်းကိစ္စရှိ၏။

**'သင်္ခါရ'**သည် ပြုပြင်စီရင်ခြင်းလက္ခဏာအမှတ်အသားရှိ၏။

– အားထုတ်ခြင်း, ကြောင့်ကြဗျာပါရပြုခြင်း – လုပ်ငန်းကိစ္စရှိ၏။

'ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းပေသည်'ဟူသော ဥပမာနှင့်အလားတူစွာ မသိမှုအဝိဇ္ဇာ အကြောင်းတရားကြောင့် သင်္ခါရအကျိုးတရားဖြစ်လာပုံမှာ –

ကုသိုလ်ကောင်းမှု၏အကျိုးဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာတို့သည် သုခဟုသမုတ်အပ်သော်လည်း ထိုကောင်းမှုအကျိုး၏အဆုံး၌ ဥပမာ – စီးပွားပျက်ခြင်း, အခြွေအရံပျက်ခြင်း, ရာထူးလျှောကျခြင်း, သေခါနီးဖြစ်ခြင်းစသည့်အခါတို့၌ ပြင်းစွာသောပူပန်ဆင်းရဲခြင်းကို ဖြစ်စေသဖြင့် ဝိပရိဏာမဒုက္ခမည်၏။

ထိုကောင်းမှုအကျိုး၏ဝိပရိဏာမဒုက္ခအဖြစ်, သာယာဖွယ်နည်းသောအဖြစ်တို့ကို မသိမမြင်သောကြောင့်လည်း ထိုကောင်းမှုအကျိုး၏အကြောင်းဖြစ်သော ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရအပြားရှိသည့် ပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။ 'ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းပေသည်'ဟူသော ဥပမာနှင့်အလားတူစွာ မသိမှုအဝိဇ္ဇာအကြောင်းတရားကြောင့် သင်္ခါရအကျိုးတရားဖြစ်ခြင်းပင်တည်း။

**၉၇။ မနုဿဘုံသား ဇစ္စန္ဓသတ္တဝါများ၏ပဋိသန္ဓေဝိညာဏ်သည် (က) မည်သည့်သင်္ခါရကြောင့်ဖြစ်၍၊ (ခ) ပဝတ္တိအခါ၌ မည်သည့်လုပ်ငန်းများကိုဆောင်ရွက်ကာ၊ (ဂ) မည်သည့်စွမ်းအင်သတ္တိဖြင့် ကြောင်းကျိုးဆက်နွယ်ဖြစ်ပေါ်နေသည်ကို ဖြေဆိုပါ။**

(၂၀၀၅၊ စမန ၉၇)

**အဖြေ –** မနုဿဘုံသား ဇစ္စန္ဓသတ္တဝါများ၏ပဋိသန္ဓေဝိညာဏ်သည်

(က) ကာမာဝစရပုညာဘိသင်္ခါရကြောင့်ဖြစ်၏။

(ခ) ပဝတ္တိအခါ၌ ဘဝင်ကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စ, စုတိကိစ္စဟူသောလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

(ဂ) ကာမာဝစရပုညာဘိသင်္ခါရသည် ဇစ္စန္ဓလူသား၏ပဋိသန္ဓေဝိညာဏ်အား နာနာက္ခဏိက ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

**၉၈။ 'စုတိ'နှင့် 'ပဋိသန္ဓေ'အကြောင်းပြ၍ဖြေဆိုပြီးလျှင်၊ 'ဖဿပစ္စယာ ဝေဒနာ' ဟူသောပါဠိတော်၌ ဝေဒနာအကျဉ်းအကျယ်မည်မျှရှိသည်ကို ဝေဖန်ပြီး၊ ယင်းပါဠိတော်ကို မြတ်စွာဘုရားရှင်သည် အဘယ်ဝေဒနာတို့ကိုရည်ရွယ်၍ ဟောကြားတော်မူခဲ့သနည်း။** (၂၀၀၅၊ စမန ၉၃၊ ၁၁၀)

**အဖြေ –** '**စုတိ**'သည် ထင်ရှားရှိသောဘဝမှ ရွေ့လျောပျက်စီးသွားခြင်းကြောင့် စုတိမည်၏။

'**ပဋိသန္ဓေ**'သည် ဘဝသစ်၏အစဦးစွာအစပ်ဖြစ်သောကြောင့် (ဝါ) ဘဝတစ်ပါး, ယောနိတစ်ပါး, ဂတိတစ်ပါးစသည်ကို ဆက်စပ်တတ်သောကြောင့် ပဋိသန္ဓေမည်၏။

ထင်ရှားရှိသောဘဝတစ်ခု၌ နောက်ဆုံးဖြစ်သောစိတ်သည် စုတိစိတ်မည်၏။ စုတိစိတ်ချုပ်သွားသည်နှင့်တစ်ပြိုင်နက် အခြားမလပ်ဘဲ ပဋိသန္ဓေစိတ်သည် ဘဝသစ်၌ဖြစ်၏။ ထိုသို့ ပဋိသန္ဓေစိတ်ဖြစ်ခြင်းသည် ဘဝဟောင်းမှ ဘဝသစ်သို့ကူးပြောင်းလာသည်မဟုတ်၊ ဘဝဟောင်း၌ဆည်းပူးခဲ့သော ကံစသည့်အကြောင်းတို့နှင့်ကင်းကွာ၍ ဖြစ်လာခြင်းလည်းမဟုတ်၊ ထိုအတိတ်ကံအစွမ်းတို့ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပေ၏။

'**ဖဿပစ္စယာဝေဒနာ**'ဟူသော ပါဠိတော်၌

- **ဝေဒနာအကျဉ်းမှာ** စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှာသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာဟူ၍ ၆ ပါးဖြစ်၏၊
- **ဝေဒနာအကျယ်မှာ** စိတ် ၈၉ ပါးနှင့်ယှဉ်သောဝေဒနာ ၈၉ ပါးဖြစ်၏၊ သို့သော် 'ဖဿ ပစ္စယာ ဝေဒနာ'၌ လောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်ကြသော ဝေဒနာ ၃၂ ပါးကိုသာ ယူအပ်၏ဟု ပညာရှိတို့ဆိုကြ၏။

ဤလောကီဝိပါက်စိတ် ၃၂ ပါးနှင့်ယှဉ်သောဝေဒနာ ၃၂ ပါးကိုရည်ရွယ်၍ 'ဖဿပစ္စယာ ဝေဒနာ' ပါဠိတော်ကို မြတ်စွာဘုရားဟောကြားတော်မူသည်။

**၉၉။ သူကန်းခြေချော်၍လဲကျသည့်အဖြစ်အပျက်ကို ပုံစံပြ၍ ပဋိစ္စသမုပ္ပါဒ်ဘဝစက် သံသရာဖြစ်ပေါ်ပုံကို ဥပမာ–ဥပမေယျအသီးသီးယှဉ်တွဲ၍ ဖြေဆိုပါ။** (၂၀၀၅၊ စမန ၁၃၅)

**အဖြေ –** အဝိဇ္ဇာသည် သဘာဝဓမ္မတို့၏သဘာဝလက္ခဏာ, သာမညလက္ခဏာစသည်တို့ကို မမြင်မသိသဖြင့် သူကန်းနှင့်တူ၏။

- အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရတို့သည် သူကန်း၏ခြေချော်ခြင်းနှင့်တူ၏။
- သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်သည် ခြေချော်သောသူကန်း၏လဲကျခြင်းနှင့်တူ၏။
- ဝိညာဏ်ကြောင့်ဖြစ်သောနာမ်ရုပ်သည် လဲကျသောသူကန်းအား အိုင်းအမာဖြစ်ပေါ်ခြင်းနှင့်တူ၏။
- နာမ်ရုပ်ကြောင့်ဖြစ်သော သဠာယတနသည် အိုင်းအမာပေါက်ကွဲရန်ဖြစ်ပေါ်သော

သွေးပုပ်ပြည်စုအဖုလုံးနှင့်တူ၏။
– သဠာယတနကြောင့်ဖြစ်သောဖဿသည် အိုင်းအမာအဖုလုံးကို တိုက်ခိုက်မိခြင်းနှင့်တူ၏။
– ဖဿကြောင့်ဖြစ်သောဝေဒနာသည် တိုက်ခိုက်မိခြင်းကြောင့်ဖြစ်သော နာကျင်မှုဆင်းရဲနှင့်တူ၏။
– ဝေဒနာကြောင့်ဖြစ်သောတဏှာသည် ဆင်းရဲကိုကုစားပယ်ဖျောက်ရန် လိုလားတောင့်တခြင်းနှင့်တူ၏။
– တဏှာကြောင့်ဖြစ်သောဥပါဒါန်သည် ဆင်းရဲကိုကုစားလိုသဖြင့် မသင့်လျော်သောဆေးကို စွဲယူခြင်းနှင့်တူ၏။
– ဥပါဒါန်ကြောင့်ဖြစ်သောဘဝသည် စွဲယူထားသောမသင့်လျော်သည့်ဆေးကို လူးလိမ်းခြင်းနှင့်တူ၏။
– ဘဝကြောင့်ဖြစ်သောဇာတိသည် မသင့်လျော်သောဆေးကို လူးလိမ်းခြင်းကြောင့်အိုင်းအမာ၏ဖောက်ပြန်မှုဖြစ်ပေါ်ခြင်းနှင့်တူ၏။
– ဇာတိကြောင့်ဖြစ်သောဇရာမရဏသည် အိုင်းအမာ၏ဖောက်ပြန်ခြင်းကြောင့် အိုင်းအမာ၏ပေါက်ကွဲခြင်းနှင့်တူ၏။

**၁၀၀။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ – ဟူ၍ဟောတော်မူရာ၌ မသိမှုအဝိဇ္ဇာကို အကြောင်းကင်းသောအကြောင်းမူလတရားဟု မှတ်ယူသင့်မသင့်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းပြပြီးလျှင်၊ ဘဝ၏အမှတ်လက္ခဏာ၊ လုပ်ငန်းကိစ္စ၊ နီးကပ်သောအကြောင်းတရားတို့ကိုလည်းဖော်ပြခဲ့ပါ။** (၂၀၀၆၊ စမန ၄၄၊ ၅၀)

**အဖြေ –** အဝိဇ္ဇာပစ္စယာ သင်္ခါရာ – ဟူ၍ဟောတော်မူရာ၌ မသိမှုအဝိဇ္ဇာကို အကြောင်းကင်းသောအကြောင်းမူလတရားဟု မမှတ်ယူသင့်ပါ။ အကြောင်းကား ''အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော'' = ''အာသဝဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်ပေါ်သည်''ဟု မြတ်စွာဘုရားဟောတော်မူသဖြင့် အဝိဇ္ဇာ၏အကြောင်းသည် အာသဝတရားဖြစ်၏။ ထို့ကြောင့် မသိမှုအဝိဇ္ဇာကို အကြောင်းကင်းသောအကြောင်းမူလတရားဟု မမှတ်ယူသင့်ပါ။

**ဘဝသည်** – ကံနှင့်ကံ၏အကျိုးအဖြစ်ဟူသော အမှတ်လက္ခဏာရှိ၏။
– ဖြစ်စေခြင်းနှင့်ဖြစ်ခြင်းဟူသော လုပ်ငန်းကိစ္စရှိ၏။
– ဥပါဒါန်လျှင် နီးကပ်သောအကြောင်းတရားရှိ၏။

**၁၀၁။ မသိမှုအဝိဇ္ဇာဖုံးကွယ်ခါ အကုသိုလ်ဟူသမျှကိုပြုလုပ်သူအား ကျေးဇူးပြုနိုင်သောပစ္စယသတ္တိများကို ရေတွက်ပြပြီးလျှင်၊ အောက်ဖော်ပြပါ (က) (ခ) အမှတ်တို့အရ တရားများကို ထုတ်ပြခဲ့ပါ။**

**(က) အကုသိုလ်တရားတို့ဖြစ်ပေါ်ရခြင်း၏အကြောင်းမူလတရား၊**

**(ခ) ရှာမှီးရခြင်း, စောင့်ရှောက်ရခြင်း ဆင်းရဲတို့၏အကြောင်းမူလတရား။**

(၂၀၀၆၊ စမန ၇၆၊ ၁၁၃)

**အဖြေ –** မသိမှုအဝိဇ္ဇာဖုံးကွယ်ခါ အကုသိုလ်ဟူသမျှကိုပြုလုပ်သူအား ကျေးဇူးပြုနိုင်သောပစ္စယသတ္တိများမှာ –

(၁) အဝိဇ္ဇာကိုအာရုံပြု၍ ရာဂစသည်ဖြစ်သောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) အဝိဇ္ဇာကိုအလေးအမြတ်ပြု၍ သာယာသောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား အာရမ္မဏာဓိပတိပစ္စည်း, အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

(၃) အဝိဇ္ဇာဖြင့် ပြင်းစွာတွေဝေလျက် အပြစ်မမြင်၍ သူ့အသက်ကိုသတ်ခြင်းစသည်တို့ကို ပြုသောကာလ၌ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၄) ရှေးရှေးသောပဌမဇောစသည်နှင့်ယှဉ်သည့်အဝိဇ္ဇာသည် နောက်နောက်ဒုတိယဇောစသော အပုညာဘိသင်္ခါရတို့အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတပစ္စည်းတို့၏သတ္တိဖြင့် ကျေးဇူးပြု၏။

(၅) အမှတ်မရှိမကောင်းမှုကိုပြုလုပ်သည့်အခါ ပြုလုပ်သူ၏စိတ်နှင့်ယှဉ်သောအဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့၏သတ္တိဖြင့် ကျေးဇူးပြု၏။

**(က) အကုသိုလ်တရားတို့ဖြစ်ပေါ်ရခြင်း၏အကြောင်းမူလတရားသည် အယောနိသောမနသိကာရ ဖြစ်၏။**

**(ခ) ရှာမှီးရခြင်းဆင်းရဲ၏အကြောင်းမူလတရားသည် တဏှာဖြစ်၏။**

**(ဂ) စောင့်ရှောက်ရခြင်းဆင်းရဲ၏အကြောင်းမူလတရားသည် ဥပါဒါန်ဖြစ်၏။**

**၁၀၂။ ဆင်းရဲသူသည် အဘယ်ကိုတောင့်တ၍၊ ချမ်းသာသူသည် အဘယ်ကိုအလိုရှိပါသနည်း, ပညာဘူမိနိဒ္ဒေသလာအတိုင်း ဖြေဆိုပြီး၊ မသိမှုအဝိဇ္ဇာဝဋ်မြစ်ပြတ်စဲသဖြင့် ရအပ်သောအကျိုးထူးကို ဥပမာပြ၍ ဖြေဆိုခဲ့ပါ။** (၂၀၀၆၊ စမန ၁၁၁)

**အဖြေ –** ဆင်းရဲသူသည် ချမ်းသာကို တောင့်တ၏။

ချမ်းသာသောသူသည် တိုး၍ချမ်းသာခြင်းကို တောင့်တ၏၊ အလိုရှိ၏။

– မသိမှုအဝိဇ္ဇာဝဋ်ပြတ်စဲလျှင် ကိလေသဝဋ်ပြတ်စဲသဖြင့် ကမ္မဝဋ်, ဝိပါကဝဋ်တို့လည်း ပြတ်စဲလေ၏။ ထို့ကြောင့် ဝဋ်သုံးပါးဟူသည့်သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်၍ နိဗ္ဗာန်အမြိုက်ချမ်းသာကို ထာဝရခံစားရခြင်းဟူသည့် အကျိုးထူးကို ခံစားရလေ၏။

ချဲ့ဦးအံ့၊ အဝိဇ္ဇာသည် ဝဋ်သုံးပါးတို့၏ပြဓာန်းသောတရားဖြစ်ပေ၏။ အဝိဇ္ဇာကိုယူခြင်းကြောင့် ကြွင်းသောကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့သည် မသိမလိမ္မာသောပုဂ္ဂိုလ်ကို ဆင်းရဲဒုက္ခအမျိုးမျိုးတို့ပေါင်းစုရာဖြစ်သည့်နှောင်အိမ်၌ ချုပ်ကိုင်နှောင်ဖွဲ့ကြလေ၏။ ဥပမာ မြွေ၏ဦးခေါင်းကိုချုပ်ကိုင်ခြင်းကြောင့် မြွေ၏ကိုယ်သည် ဆုပ်ကိုင်သူ၏လက်မောင်းကို ရစ်ပတ်နှောင်ဖွဲ့သကဲ့သို့တည်း။

အဝိဇ္ဇာကိုအမြစ်ပြတ်ပယ်သတ်လိုက်လျှင် ကြွင်းသည့်ဝဋ်သုံးပါးမှ အလိုအလျောက်လွတ်မြောက်သွားပေ၏။ ဥပမာ မြွေ၏ဦးခေါင်းကို ခုတ်ဖြတ်လိုက်လျှင် မြွေ၏ခန္ဓာကိုယ်သည် အလိုအလျောက်ဖြေလျှော့၍ ချုပ်နှောင်ခံနေရသောလက်မောင်းသည်လည်း အလိုအလျောက်

လွတ်မြောက်သွားသကဲ့သို့တည်း။

**၁၀၃။ သံသရာကျင်လည်ရာဝဋ်သုံးပါးအရ တရားများကို အသီးသီးယှဉ်တွဲဖော်ပြ၍ မျက်လှည့်ဆရာနှင့် ဝိညာဏ်တို့၏တူညီပုံအခြင်းအရာကိုလည်း ပြည့်ပြည့်စုံစုံပြခဲ့ပါ။**

(၂၀၀၆၊ စမန ၁၃၃၊ ၁၃၆)

**အဖြေ – သံသရာကျင်လည်ရာဝဋ်သုံးပါးတရားများမှာ**

ကိလေသဝဋ်တရားများ – အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊

ကမ္မဝဋ်တရားများ – သင်္ခါရ၊ ကမ္မဘဝ၊

ဝိပါကဝဋ်တရားများ – ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်ကြသည်။

– ဝိညာဏ်သည် မျက်လှည့်ဆရာနှင့်တူ၏။ မျက်လှည့်ဆရာသည် ရွှေမဟုတ်သည်ကို ရွှေ၊ စိန်မဟုတ်သည်ကို စိန်စသည်ဖြင့် မျက်လှည့်အမူအမျိုးမျိုးကိုဖြစ်စေသကဲ့သို့ ထို့အတူ ဝိညာဏ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသည့် ပဋိသန္ဓေအာရုံကို အာရုံပြုခြင်းကြောင့် နတ်, လူ, သားကောင်, ငှက်စသည်အားဖြင့် နာမ်ရုပ်အမျိုးမျိုးကိုဖြစ်စေ၏။

**၁၀၄။ မြင်ခက်, ဟောခက်, လေးချက်တရားတို့ကို ဖော်ပြ၍၊ မြင်မြင်သမျှသင်္ခါရ ဟုဆိုကြရာဝယ် အဘိသင်္ခတသင်္ခါရ၏သဘောသွားကို ရှင်းပြခဲ့ပါ။**

(၂၀၀၇၊ စမန ၄၁၊ ၄၇)

**အဖြေ – မြင်ခက်, ဟောခက်, လေးချက်တရားတို့မှာ –**

(၁) သစ္စာလေးပါး၊ (၂) သတ္တဝါ၊ (၃) ပဋိသန္ဓေ၊ (၄) ပဋိစ္စသမုပ္ပါဒ်တို့ဖြစ်ကြ၏။

– မြင်မြင်သမျှ သင်္ခါရဟုဆိုကြရာဝယ် ဘုံသုံးပါး၌ ကံကြောင့်ဖြစ်ကုန်သောရုပ်နာမ်တို့သည် အဘိသင်္ခတသင်္ခါရ မည်ကုန်၏။

''အနိစ္စဝတသင်္ခါရာ – သင်္ခါရတို့သည် မမြဲလေကုန်စွတကား''စသည်ဖြင့်ဟောထားသော အလုံးစုံလည်းဖြစ်ကုန်သော အကြောင်းရှိသည့်တရားတို့သည် အဘိသင်္ခတသင်္ခါရမည်၏။

**၁၀၅။ မိုးရာ, တည်ရာ နိဿယပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုပုံအခြင်းအရာတို့ကို ဥပမာပြ၍ ဖြေဆိုပြီးလျှင်၊ အဘယ်တရားတို့၏အဘယ်ပုံအဘယ်နည်းဖြင့်ဖြစ်နေခြင်းကို ''အစမထင် သံသရာ''ဟု ဆိုရသည်ကိုလည်း ဖြစ်ဆိုခဲ့ပါ။**

(၂၀၀၇၊ စမန ၆၄၊ ၁၄၁၊ ၁၂၆)

**အဖြေ –** မြေကြီးသည် သစ်ပင်စသည်တို့၏တည်ရာ, မှီရာဖြစ်သကဲ့သို့ ပန်းချီကားအဝတ်သည် ပန်းချီဆေးစသည်တို့၏တည်ရာ, မှီရာဖြစ်သကဲ့သို့ ထို့အတူ တည်ရာ, မှီရာအခြင်းအရာအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် နိဿယပစ္စည်းမည်၏။

– ''**အစမထင် သံသရာ**''ဟုဆိုရသည်မှာ –

ခန္ဓာငါးပါး, အာယတန ၁၂ ပါး, ဓာတ် ၁၈ ပါးဟုဆိုအပ်သော ရုပ်နာမ်တရားတို့က ပဋိစ္စသမုပ္ပါဒ်–ပဋိစ္စသမုပ္ပန်အကြောင်းအကျိုးဆက်နွယ်မှုအရ တစ်ဘဝပြီးတစ်ဘဝ အစဉ်အဆက်မပြတ်ဘဲ ဖြစ်ပျက်နေသည့်အစဉ်အတန်းကို သံသရာဟု ဆိုရပါသည်။

မြတ်စွာဘုရားသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူသောအခါ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''စသည်ဖြင့် အဝိဇ္ဇာကိုအစထား၍ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကို အဆုံး၌ထား၏။ သောက, ပရိဒေဝစသည့်တရားတို့ဖြစ်ပေါ်လာလျှင် အာသဝတရား ၄ ပါးသည်လည်း ဖြစ်ပေါ်၏။ အာသဝတရားတို့ဖြစ်ပေါ်လျှင်လည်း အဝိဇ္ဇာသည် တစ်ဖန်ဖြစ်ပေါ်ပြန်၏။ အကြောင်းရှိလျှင် အကျိုးရှိခြင်းကြောင့် အဝိဇ္ဇာဖြစ်လတ်သော် ''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ တစ်ဖန်ဖြစ်ကုန်၏။''

သို့အတွက် ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် အကြောင်းပြီးလျှင်အကျိုး၊ အကျိုးပြီးလျှင် အကြောင်း၊ အင်္ဂါ ၁၂ ပါး, ဝဋ်သုံးပါးဖြင့် တစ်ပြောင်းပြန်ပြန် အဖန်ဖန်လည်ပတ်နေ၏။ အဝိဇ္ဇာမှစဟောသော်လည်း ''*အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော*'' – အာသဝတရားတို့ဖြစ်လျှင် အဝိဇ္ဇာဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည် အစမူလမဟုတ်ချေ။ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ်ဘဝစက်သည် မသိအပ်သောအစရှိ၍ ''**အစမထင်သံသရာ**''ကို ဖော်ပြပါသည်။

**၁၀၆။ ''သင်္ခါရပစ္စယ ဝိညာဏ်''ဟူသောပါဌ်တော်အရ လောကုတ္တရာဝိညာဏ်တို့ကို ယူသင့်/မယူသင့်ကို အကြောင်းယုတ္တိသွင်းကာ ဆုံးဖြတ်ပြပြီးလျှင်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ ဝိပါက်ဝိညာဏ်သည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ဖြစ်နိုင်/မဖြစ်နိုင်ကိုလည်း ရှင်းလင်း ဖော်ပြ၍ ဖြေဆိုဆုံးဖြတ်ခဲ့ပါ။** (၂၀၀၇၊ စမန ၈၂၊ ၉၂၊ ၉၃)

**အဖြေ – ''သင်္ခါရပစ္စယာ ဝိညာဏ်''ဟူသောပါဌ်တော်အရ လောကုတ္တရာဝိညာဏ်ကို မယူသင့်ပါ။** အကြောင်းမှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည် ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ် ဟူသော ဝဋ္ဋ်သုံးပါးတို့၏အစဉ်အဆက်မပြတ်လည်ပတ်နေသည့် သံသရာဝဋ္ဋ်ဆင်းရဲကို ဖော်ပြသောတရားတော်ဖြစ်ပြီးလျှင် လောကုတ္တရာဝိညာဏ်သည် ဝဋ္ဋ်တရားများ၌မပါဝင်ပါ။ ဝဋ္ဋ်ကို ပြရာစကား၌ မသင့်လျော်သောကြောင့် လောကုတ္တရာဝိညာဏ်ကို မယူအပ်ပါ။

**– ပုဂ္ဂိုလ်သတ္တဝါတို့၏ဝိပါက်ဝိညာဏ်သည် ဘဝတစ်ပါးသို့ ပြောင်းရွှေ့မဖြစ်နိုင်ပါ။**

အကြောင်းမှာ အဝိဇ္ဇာနှင့်တကွ သင်္ခါရဟူသောအကြောင်းကြောင့် ရုပ်နာမ်သဘောတရားမျှ ဖြစ်လတ်သော် 'ဘဝတစ်ပါးသို့ကပ်ရောက်သည်'ဟုဆိုအပ်၏။ သတ္တဝါဖြစ်လာသည်မဟုတ်ပါ၊ ဇီဝခေါ်သောအသက်ကောင်ဖြစ်လာသည်မဟုတ်ပါ၊ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ဝိပါက်ဝိညာဏ်ပြောင်းရွှေ့လာသည်လည်း မဟုတ်ပါ။ ထိုအတိတ်ဘဝမှ အကြောင်းနှင့် ကင်း၍လည်း ဤပစ္စုပ္ပန်ဘဝ၌ ဝိပါက်ဝိညာဏ်တို့၏ထင်ရှားစွာဖြစ်ခြင်းမည်သည်မရှိပါ။

ထိုဝိညာဏ်ဖြစ်ပုံကို စုတိ–ပဋိသန္ဓေအစဉ်ဖြင့် ဖော်ပြရသော် အတိတ်ဘဝ၌သေခါနီးသောလူ၌ သူဆည်းပူးထားသောကံများစွာတွင် နောက်ဘဝသစ်ဖြစ်ရန်အကျိုးပေးခွင့်ရသောကံ၏အစွမ်းကြောင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တစ်ပါးပါးထင်ပေါ်လာ၏။ ထိုမရဏာသန္နနိမိတ်ကို အာရုံပြု၍ မရဏာသန္နဝီထိဖြစ်၏။

မရဏာသန္နာဇော–စုတိ–ပဋိသန္ဓေဟူသောစိတ်အစဉ်၏အစွမ်းအားဖြင့် အဝိဇ္ဇာက အပြစ်မမြင်အောင်ဖုံးကွယ်၍ တဏှာကညွတ်စေသည်ဖြစ်၍ သင်္ခါရတို့က ပစ်ချသောပဋိသန္ဓေဝိညာဏ်သည် ဤမှာဘက်ကမ်းသစ်ပင်၌ ဖွဲ့ချည်ထားသောကြိုးကိုဆွဲကိုင်၍ မြောင်းကိုခုန်

ကျော်သည့်သူကဲ့သို့ ရှေးဘဝ၌ဖြစ်သောမှီရာဝတ္ထုကို မယူမူ၍ နောက်ဘဝ၌ ဟဒယဝတ္ထု ဟူသည့် မှီရာဝတ္ထုကိုရ၍ အာရုံ၊ သမ္ပယုတ်တရားနှင့် ကံဟူသောအကြောင်းတရားတို့ ကြောင့်သာလျှင် အဆက်မပြတ်ဖြစ်သွား၏။

ထိုသို့ ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ရှေးဘဝမှ ပစ္စုပ္ပန်ဘဝသို့ကူးလာသည် လည်းမဟုတ်၊ ရှေးဘဝအကြောင်းတရားများနှင့်ကင်း၍ ထင်ရှားစွာဖြစ်လာသည်လည်း မဟုတ်ဟူ၍ သိအပ်၏။

**၁၀၇။ အကျိုးဖြစ်သော စက္ခုဝိညာဏ်သည် အဘယ်အကြောင်းကြောင့် ဥပါဒ်၊ ဋ္ဌီ၊ ဘင် – ဟူသောခဏသုံးပါးသို့ရောက်ရသည်ကို ဖြေဆိုပြီးလျှင်၊ ပဋိသန္ဓေစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်ပုံကိုလည်း ဥပမာပြဖြေဆိုခဲ့ပါ။** (၂၀၀၇၊ စမန ၉၇၊ ၁၀၂)

**အဖြေ –** ကာမာဝစရကုသိုလ်၊ အကုသိုလ်ကံတို့ကို ပြုအပ်ပြီးသည့်အဖြစ်ကြောင့် အကျိုး ဖြစ်သော စက္ခုဝိညာဏ်သည် ဥပါဒ်၊ ဋ္ဌီ၊ ဘင် – ဟူသည့် ခဏသုံးပါးသို့ ရောက်ရပါ သည်။

**– ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ပါ၊** အကြောင်းကား ကမ်းပါးပြတ်၌ကျလုနီး၊ ကျလုဆဲဖြစ်သောလူသည် အခြားကျလုနီး၊ ကျလုဆဲလူ၏အထောက်အပံ့မဖြစ်စွမ်းနိုင်သကဲ့သို့ ထို့အတူပင် ပဋိသန္ဓေစိတ်သည် တည်ရာဝတ္ထုရုပ်အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေ နိုင်ပါ။

**၁၀၈။ စွဲလမ်းတပ်မက်ခြင်း ဥပါဒါန်လေးမျိုးတို့ ပယ်ပုံအစဉ်ကို ပြဆိုပြီးလျှင်၊ မသိမှု အဝိဇ္ဇာကြောင့်ဖြစ်ရသော သင်္ခါရတရားသည် အဘယ်ကြောင့်ချုပ်ပျောက်ရသည်ကို လည်း ဖြေဆိုခဲ့ပါ။** (၂၀၀၇၊ စမန ၁၁၅၊ ၃၄)

**အဖြေ – ဥပါဒါန်လေးမျိုးတွင်** ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့ကို ရှေးဦး စွာပယ်အပ်၏။ အကြောင်းမှာ ဤတရားတို့သည် သောတာပတ္တိမဂ်က ပယ်အပ်သော တရားများဖြစ်သောကြောင့်တည်း။

ကာမုပါဒါန်ကို နောက်မှပယ်အပ်၏၊ အကြောင်းကား ကာမုပါဒါန်သည် အရဟတ္တမဂ်က ပယ်အပ်သောတရားဖြစ်သောကြောင့်တည်း။

**– အဝိဇ္ဇာကြောင့်ဖြစ်ရသော သင်္ခါရတရားတို့ ချုပ်ပျောက်ရခြင်းအကြောင်းမှာ –**

''ရဟန်းတို့ . . . အကြောင်းကိုစွဲ၍တကွဖြစ်ကုန်သော ပဋိစ္စသမုပ္ပန်တရားတို့ဟူသည် အဘယ်နည်း။ ရဟန်းတို့ . . . အိုခြင်းသေခြင်း (ဇရာမရဏ)သည် . . . (ပ) . . . ပြုပြင် အားထုတ်မှုသင်္ခါရတို့သည် မမြဲကုန် (အနိစ္စံ)၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သောတရားပေတည်း (သင်္ခတံ)၊ အကြောင်းကိုစွဲ၍ အတူတကွဖြစ်ပေ၏ (ပဋိစ္စ သမုပ္ပန္နံ)၊ ကုန်ခြင်းသဘောရှိ၏ (ခယဓမ္မံ)၊ ပျောက်ကွယ်ခြင်းသဘောရှိ၏ (ဝယဓမ္မံ)၊ ပျက်ပြယ်ခြင်းသဘောရှိ၏ (ဝိရာဂဓမ္မံ)၊ ချုပ်ခြင်းသဘောရှိ၏ (နိရောဓဓမ္မံ) . . .''ဟု မြတ်စွာဘုရားဟောကြားတော်မူပါသည်။

ထို့ကြောင့် အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရတရားတို့ ချုပ်ပျောက်ရပါသည်။

**၁၀၉။ ပဋိသန္ဓေဟူသောဝေါဟာရ၏သဘောကိုရှင်းပြ၍ အဝိဇ္ဇာ, သင်္ခါရ, ဥပါဒါန်– အမည်ရပုံတို့ကိုလည်း သိသာထင်ရှားအောင်ဖြေဆိုခဲ့ပါ။**

(၂၀၀၇၊ စမန ၉၃၊ ၄၆၊ ၄၇)

**အဖြေ – ပဋိသန္ဓေဟူသောဝေါဟာရ၏သဘောကိုရှင်းပြခြင်း**

ထင်ရှားရှိသောဘဝတစ်ခုမှ ရွေ့လျောပျက်စီးခြင်းဟူသည့် စုတိစိတ်ချုပ်ပြီးနောက် အခြားမလပ်ဘဲ ဘဝသစ်၏ပဋိသန္ဓေစိတ်သည် ရှေးဘဝအကြောင်းတရားကြောင့်ဖြစ်ပေါ်လာ၏။ ထိုပဋိသန္ဓေစိတ်ဝိညာဏ်သည် ဘဝသစ်၏အစဦးစွာအစပ်ဖြစ်သောကြောင့် (ဝါ) ဘဝတစ်ပါး, ယောနိတစ်ပါး, ဂတိတစ်ပါးစသည်ကို ဆက်စပ်တတ်သောကြောင့် ပဋိသန္ဓေမည်ပါသည်။

**– အဝိဇ္ဇာအမည်ရပုံ**

(၁) ကာယဒုစရိုက်စသည့် မရသင့်မရထိုက်သောအမှုကို ရတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၂) ကာယသုစရိုက်စသည့် ရသင့်ရထိုက်သောအမှုကို မရတတ်သောကြောင့်အဝိဇ္ဇာမည်၏။

(၃) ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာတို့၏သဘောမှန်ကို မသိနိုင်အောင်ပြုတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၄) သစ္စာ ၄ ပါးတို့၏အနက် ၁၆ ချက်ကို မသိနိုင်အောင်ပြုတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၅) အဆုံးအပိုင်းအခြားကင်းသောသံသရာ၌ သတ္တဝါတို့ကိုပြေးသွားစေတတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၆) ပညတ်တရားတို့၌ သွားတတ်, ဖြစ်တတ်ပြီး၊ ပရမတ်တရားတို့၌ မသွားတတ်, မဖြစ်တတ်သောကြောင့် အဝိဇ္ဇာမည်၏။

(၇) စက္ခုဝိညာဏ်စသည်တို့၏ထွက်ရာနှင့်အာရုံတို့ကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန်တရားတို့ကိုလည်းကောင်း၊ မသိနိုင်အောင်ဖုံးလွှမ်းတတ်သောကြောင့် အဝိဇ္ဇာမည်၏။

**– သင်္ခါရအမည်ရပုံ**

(၁) ပြုပြင်အပ်သောအကျိုးတရားတို့ကို ပြုပြင်တတ်ကုန်သောကြောင့် သင်္ခါရတို့မည်ကုန်၏။

(၂) ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူသော သင်္ခါရသုံးပါး၊

ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူသော သင်္ခါရသုံးပါး၊ ပေါင်း ၆ ပါးတို့သည် အဝိဇ္ဇာဟူသောအကြောင်းကြောင့်ဖြစ်သော သင်္ခါရတို့တည်း။ ဤသင်္ခါရတို့သည် လောကီကုသိုလ်စေတနာ ၁၇ ပါးနှင့် အကုသိုလ်စေတနာ ၁၂ ပါးတို့ဖြစ်ကြ၏။

(၃) သင်္ခါရသဒ္ဒါဖြင့် ဟောကြားထားသောသင်္ခါရလေးပါးရှိ၏။

(၁) သင်္ခတသင်္ခါရ (၂) အဘိသင်္ခတသင်္ခါရ (၃) အဘိသင်္ခရဏကသင်္ခါရ

(၄) ပယောဂါဘိသင်္ခါရတို့တည်း။ အထက်ပါတရားတို့သည် သင်္ခါရဟုအမည်ရကြ၏။

**– ဥပါဒါန်အမည်ရပုံ**

စွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်ပါသည်။

**၁၁၀။ ပရမတ္ထအားဖြင့် ထင်ရှားရှိခြင်း, မရှိခြင်း၌ အဝိဇ္ဇာအမည်ရပုံကိုဖော်ပြ၍ တန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် သတ္တဝါအားလုံးဖြစ်ပေါ်ရသည်ဟုယူဆလျှင် သင့်/မသင့်**

**စိစစ်ပြခဲ့ပါ။** (၂၀၀၈၊ စမန ၄၆၊ ၃၉၊ ၄၀)

**အဖြေ –** ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ, ယောက်ျားစသည့်ပညတ်တရားတို့၌ သွားတတ်, ဖြစ်တတ်၏၊ ထင်ရှားရှိကုန်သောခန္ဓာ, အာယတနစသည်တို့၌ မသွားတတ်, မဖြစ်တတ်၊ ဤအကြောင်းကြောင့် အဝိဇ္ဇာအမည်ရ၏။

**– တန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် သတ္တဝါအားလုံးဖြစ်ပေါ်ရသည်ဟုယူဆလျှင် မသင့်ပါ။**

ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ 'အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏၊ ပ ။ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ဖြစ်ကြ၏။ ဤပုံဤနည်းဖြင့် ချမ်းသာခြင်းနှင့် မရောမယှက်သက်သက်သော ဆင်းရဲအစုသည်သာလျှင် ဖြစ်၏'ဟု ဟောကြားတော်မူ၏။ သို့အတွက် တန်ခိုးရှင်၏ဖန်တီးမှုကြောင့် သတ္တဝါအားလုံးဖြစ်ပေါ်ရသည်ဟူသောအယူသည် မမှန်ပါ။

ထို့အပြင် ''အကြောင်းတရားတို့၏ညီညွတ်ခြင်း''ကိုပြသော 'ပဋိစ္စ'ပုဒ်ဖြင့် အကြောင်းတရားတို့ညီညွတ်ခြင်းကြောင့် ကိလေသဝဋ္ဋ – ကမ္မဝဋ္ဋ – ဝိပါကဝဋ္ဋဟူသော ဝဋ္ဋသုံးပါးတို့ မပြတ်လည်ပတ်နေခြင်းကိုပြ၏။ ဤသို့ အကြောင်းညီညွတ်ခြင်းနှင့်စပ်သည့်ဖြစ်ခြင်းရှိသောကြောင့် **ဝိသမဟေတုကဒိဋ္ဌိ** – မှားယွင်းသောအကြောင်း (တန်ခိုးရှင်၏ဖန်ဆင်းမှု)ကြောင့် သတ္တဝါများဖြစ်လာသည့်ဝါဒကို ပယ်၏၊ **ဝသဝတ္တိဝါဒ** – ဣဿရစသည့်တန်ခိုးရှင်၏ဖန်ဆင်းမှုကြောင့် သတ္တဝါအားလုံးဖြစ်လာသည်ဟူသောအယူများကို ပယ်ပါသည်။

**၁၁။ ဟိတ်တရားတို့၏ ဟေတုပစ္စည်းအမည်ရပုံနှင့် အဟိတ်တရားတို့၏ဟေတုပစ္စည်း အမည်မရပုံတို့ကို အသီးသီးဥပမာပြလျက် ခွဲခြားဖြေဆိုခဲ့ပါ။**(၂၀၀၈၊ စမန ၅၉၊ ၆၀)

**အဖြေ – ဟိတ်တရားတို့၏ဟေတုပစ္စည်းအမည်ရပုံ**

အကြောင်းရင်း, မြစ်မ, မူလဟူသောအနက်သဘောကြောင့် 'ဟေတု'မည်၏၊ ကျေးဇူးပြုတတ်သောအနက်သဘောကြောင့် 'ပစ္စယ'မည်၏၊ ထို့ကြောင့် အကြောင်းရင်း, မြစ်မ, မူလဟူသောသဘောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဟေတုပစ္စည်းမည်၏။

ဥပမာ စည်ပင်ပြန့်ပွားသောအမြစ်များရှိကြသည့် သစ်ပင်တို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကုန်သကဲ့သို့ ဟေတုပစ္စည်းသတ္တိဖြင့် ကျေးဇူးပြုခံရသောပစ္စယုပ္ပန်တရားတို့သည် မြဲမြံခိုင်ခံ့လျက် ကောင်းစွာတည်တံ့ကြကုန်၏။

သို့ဖြစ်၍ ''အကြောင်းရင်း, မြစ်မ, မူလဟူသောသဘောအားဖြင့် ကျေးဇူးပြုတတ်သော တရားသည် (ဝါ) ကောင်းစွာတည်တံ့သည့်အဖြစ်ကို ပြီးစေသောအားဖြင့်ကျေးဇူးပြုတတ်သည့် တရားသည် ဟေတုပစ္စည်းမည်၏ဟု သိအပ်၏။

**– အဟိတ်တရားတို့၏ဟေတုပစ္စည်းအမည်မရပုံ**

အဟိတ်တရားတို့သည် နှမ်းစေ့ခန့်မှော်စသည်ကဲ့သို့ ကောင်းစွာမတည်တံ့ကြသည့်အတွက် ဟေတုပစ္စည်းအမည်မရကြပါ။

**၁၂။ သဟိတ်ကာမာဝစရပဋိသန္ဓေရှစ်ခုတို့ဖြင့် ဖြစ်နိုင်သောနေရာဘုံအခြင်းအရာတို့ကို ဖော်ပြ၍၊ အကျိုးခံစားတတ်သူမရှိခဲ့လျှင် အဘယ်သူအား အကျိုးတရားဖြစ်အံ့သနည်း**

**ဟု စောဒနာခဲ့သော် စာဖြေသူလေ့လာမှတ်သားထားသော ဝိသုဒ္ဓိမဂ်ဒေသနာတော်အရ ဥပမာပြဖြေရှင်းပြခဲ့ပါ။** (၂၀၀၈၊ စမန ၈၆၊ ၉၆)

**အဖြေ – သဟိတ်ကာမာဝစရပဋိသန္ဓေ ၈ ခုဖြင့်**

**–** ဖြစ်နိုင်သောနေရာဘုံတို့မှာ နတ်ပြည် ၆ ထပ်နှင့် လူ့ပြည်တို့ဖြစ်ပါသည်။

– ဖြစ်နိုင်သောအခြင်းအရာမှာ ဘုန်းကံရှိသူတို့၏ပဋိသန္ဓေဖြစ်၏။

**– အကျိုးခံစားတတ်သူမရှိခဲ့သော် အဘယ်သူအား ထိုအကျိုးတရားဖြစ်သနည်း**

ဟူသောစောဒနာကို ဖြေရှင်းပြရလျှင် အကျိုး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သုံးဆောင်သည်ဟု သမုတ်ခေါ်ဆိုခြင်းသည် ပြီး၏။ သစ်ပင်၏အသီးဖြစ်ပေါ်ခြင်းဖြင့် သီးသည်ဟုသမုတ်ခေါ်ဝေါ်ခြင်းပြီးသကဲ့သို့တည်း။

ချဲ့ဦးအံ့၊ သစ်ပင်ဟုဆိုအပ်သော ရုပ်သဘောတရား၏တစ်စိတ်ဖြစ်သည့် သစ်သီး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် သစ်ပင်သီးသည်၊ အသီးရှိသည်ဟုခေါ်ဆိုသကဲ့သို့ ထို့အတူ နတ်လူဟုဆိုအပ်သော ချမ်းသာ, ဆင်းရဲဟူသည့်အကျိုး၏ဖြစ်ပေါ်ခြင်းဖြင့်ပင်လျှင် လူ, နတ်သည် သုံးဆောင်၏၊ ချမ်းသာဆင်းရဲ၏ဟု ခေါ်ဆိုအပ်၏။ ထို့ကြောင့် ဤအရာ၌ ခန္ဓာအစဉ်တွင် အကျိုးဖြစ်ထွန်းခြင်းမှတစ်ပါး အခြားသောသုံးဆောင်တတ်သူ မည်သည့်ပုဂ္ဂိုလ်, သတ္တဝါမျှ မရှိချေ။

**၁၁၃။ ပုညာဘိသင်္ခါရသည် ရူပဝိပါက်ဝိညာဏ်တို့အား ကျေးဇူးပြုရာ၌ ဘုံ, ကာလ, သတ္တိတို့ကို ဖော်ပြပြီးလျှင်၊ အသညသတ်ဘုံသားတို့၏ရုပ်ခန္ဓာသည် အဘယ်ကြောင့်ဖြစ်ပေါ်ရသည်ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၈၊ စမန ၉၉၊ ၁၀၄)

**အဖြေ – ပုညာဘိသင်္ခါရသည် ရူပဝိပါက်ဝိညာဏ်တို့အား** အသညသတ်ကြဉ်သော ရူပဘုံ ၁၅ ဘုံတွင် ပဋိသန္ဓေကာလ, ပဝတ္တိကာလတို့၌ နာနာက္ခဏိကကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းတို့၏သတ္တိဖြင့် ကျေးဇူးပြုပါသည်။

**– အသညသတ်ဘုံသားတို့၏ရုပ်ခန္ဓာသည်** ကမ္မဇရုပ်ဖြစ်သောကြောင့် ပဉ္စဝေါကာရဘဝ၌ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ရူပကုသိုလ်ကံ) ကြောင့်ဖြစ်ပါသည်။

**၁၁၄။ ရဟန္တာပုဂ္ဂိုလ်အား ဝေဒနာကြောင့်တဏှာမဖြစ်ရခြင်းကို ရှင်းလင်းဖြေဆိုပြီးလျှင်၊ ''ဝဋ်မှာအမြဲ''ဟူသောဆိုရိုးစကားအရ ဝဋ်သုံးပါးဘဝစက်လည်ပုံကိုလည်း ဥပမာပြဖြေဆိုခဲ့ပါ။** (၂၀၀၈၊ စမန ၁၁၂၊ ၁၃၃)

**အဖြေ – ဝေဒနာကြောင့် တဏှာဖြစ်သည်**ဆိုရာ၌ တဏှာအနုသယရှိသူ၌သာလျှင် တဏှာဖြစ်၏။ မဂ္ဂဗြဟ္မစရိယခေါ် အကျင့်မြတ်ကို ကျင့်ပြီး၍ မကောင်းမှုကိုအပပြုပြီးသော (ဝါ) အနုသယကင်းသောရဟန္တာ၌ တဏှာမဖြစ်တော့ချေ။

**– ဝဋ်သုံးပါးဘဝစက်လည်ပုံမှာ**

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ကိလေသဝဋ်မည်၏၊ သင်္ခါရနှင့် ကမ္မဘဝတို့သည် ကမ္မဝဋ်မည်၏၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် ဝိပါကဝဋ်မည်၏။

ကိလေသဝဋ်ဟူသောအကြောင်းကြောင့် ကမ္မဝဋ်ဖြစ်၏။ ကမ္မဝဋ်ဟူသောအကြောင်းကြောင့်

ဝိပါကဝဋ္ဋ်ဖြစ်၏။ ဝိပါကဝဋ္ဋ်ဟူသောအကြောင်းကြောင့် ကိလေသဝဋ္ဋ်ဖြစ်ပြန်၏။

ဤဝဋ္ဋ်သုံးပါးရှိသောဘဝစက်သည် ကိလေသဝဋ္ဋ်မပြတ်စဲသမျှကာလပတ်လုံး မပြတ်စဲသော အကြောင်းရှိသည့်အဖြစ်ကြောင့် ရပ်တန့်ခြင်းမရှိဘဲ အဖန်တလဲလဲလည်ပတ်လျက်ရှိသည် သာတည်း။

**၁၃၅။ တဏှာ၏နက်နဲသောသဘောတရားများကို ဥပမာဖြင့်ဖော်ပြပြီးလျှင်၊ ရုပ်နာမ်နှစ်ပါးတို့၏အချင်းချင်းအမှီပြုနေပုံကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၈၊ စမန ၁၃၉၊ ၇၃)

**အဖြေ – တဏှာ၏နက်နဲသောသဘောတရားများမှာ**

တဏှာ၏ကာမဂုဏ်အာရုံများ၌ နှစ်သက်ပျော်မွေ့ခြင်းသဘော, မျိုသိပ်ခြင်းသဘော, စီးသွားခြင်းသဘော, ရစ်ပတ်ချည်နှောင်တတ်သည့်နွယ်နှင့်တူသောသဘော, မြစ်နှင့်တူသော သဘော, ဆာလောင်မွတ်သိပ်ခြင်းသဘော, သမုဒ္ဒရာကဲ့သို့ပြည့်စေနိုင်ခဲသောသဘောတို့ သည် နက်နဲ၏။

**– ရုပ်နာမ်နှစ်ပါးတို့၏အချင်းချင်းအမှီပြုနေပုံ**

ရုပ်တရားတို့သည် စိတ်စေတသိက်ဟူသောနာမ်တရားတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုပြီးလျှင်၊ နာမ်တရားတို့ကလည်း ရုပ်တရားတို့အား ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ပဋ္ဌာန်းတရားတော်၌ မြတ်စွာဘုရားဟောကြားတော်မူ၏။

ရုပ်သည် အာရုံကိုမသိတတ်သဖြင့် အကန်းနှင့်တူ၏၊ နာမ်သည် အာရုံသိတတ်ပြီး မသွားတတ်သဖြင့် အကျိုးနှင့်တူ၏။ အကျိုးသည် အကန်း၏ပခုံးထက်၌ထိုင်၍ ညွှန်ကြားခြင်း ဖြင့် လိုရာခရီးကိုသွားနိုင်သကဲ့သို့ ရုပ်နာမ်နှစ်ပါးတို့လည်း အချင်းချင်းအမှီပြု၍ကိစ္စများကို ဆောင်ရွက်နိုင်ကြ၏။

**၁၃၆။ တစ်စုံတစ်ခုခန္ဓာဟူသောတရားသည် အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့လည်းကောင်း၊ ပစ္စုပ္ပန်ဘဝမှ အနာဂတ်ဘဝသို့လည်းကောင်း လိုက်/မလိုက်ကို ဆီမီးလျှံဥပမာဆောင် ဆုံးဖြတ်ချက်ချပြ၍ အတိတ်ကာလရုပ်တရားတို့ကို အနိစ္စသဘောအားဖြင့် သုံးသပ်ပြခဲ့ ပါ။** (၂၀၀၈၊ စမန ၉၄၊ ၃၄)

**အဖြေ** – မူလထွန်းညှိထားသောဆီမီးလျှံသည် နောက်ထပ်ထွန်းညှိယူသောဆီမီးလျှံသို့ ကူးပြောင်းသွားသည်မဟုတ်ပါ၊ မူလဆီမီးလျှံနှင့်ကင်း၍ ဒုတိယဆီမီးလျှံဖြစ်ပေါ်လာသည် လည်း မဟုတ်ပါ။ ထို့အတူပင် တစ်စုံတစ်ခုသောခန္ဓာတရားသည် အတိတ်ဘဝမှပစ္စုပ္ပန်ဘဝ သို့လည်းကောင်း၊ ပစ္စုပ္ပန်ဘဝမှ အနာဂတ်ဘဝသို့လည်းကောင်း၊ မလိုက်ကြောင်းကို ဆုံး ဖြတ်ချက်ချနိုင်ပါသည်။ ဘဝဟောင်း၌ဆည်းပူးခဲ့သော ကံစသည့်အကြောင်းတို့နှင့် ကင်းကွာ ၍ ခန္ဓာဖြစ်ပေါ်လာခြင်းလည်းမဟုတ်၊ ထိုအတိတ်ကံစသည့်အကြောင်းတို့ကြောင့်သာခန္ဓာ ဖြစ်ပေါ်လာခြင်းဖြစ်ပေ၏။

ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံဟူသောအတိတ်အကြောင်း ငါးပါးကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသည့် ပစ္စုပ္ပန်အကျိုးငါးပါး ဖြစ်၏။ ပစ္စုပ္ပန်၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကိုထူထောင်ပြန်သဖြင့်

အနာဂတ်၌ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာတို့အသစ်တစ်ဖန်ဖြစ်ကြပြန်၏။ ဤသို့အကြောင်းအကျိုးစပ်၍ သံသရာကျင်လည်ရာ၌ မည်သည့်ခန္ဓာတရားမျှ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့၊ ပစ္စုပ္ပန်ဘဝမှ အနာဂတ်ဘဝသို့ ကူးပြောင်းသွားခြင်းမရှိချေ။

**– အတိတ်ကာလရုပ်တရားတို့ကို အနိစ္စသဘောအားဖြင့်သုံးသပ်ပုံ**

''ရဟန်းတို့ – ရုပ်နာမ်သည် မတည်မြဲ (အနိစ္စံ)၊ အကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သောတရားပေတည်း (သင်္ခတံ)၊ အကြောင်းကိုစွဲ၍ အတူတကွဖြစ်ပေါ်၏ (ပဋိစ္စသမုပ္ပန္နံ)၊ ကုန်ခြင်းသဘောရှိ၏ (ခယဓမ္မံ)၊ ပျောက်ကွယ်ခြင်းသဘောရှိ၏ (ဝယဓမ္မံ)၊ ပျက်ပြယ်ခြင်းသဘောရှိ၏ (ဝိရာဂဓမ္မံ)၊ ချုပ်ခြင်းသဘောရှိ၏ (နိရောဓဓမ္မံ) . . .''စသည်ဖြင့် မြတ်စွာဘုရားဟောကြားတော်မူ၏။ ထို့ကြောင့် ရုပ်တရားတို့သည် အနိစ္စသဘောရှိကြ၏။

**၁၁၇။ သုဂတိဘဝ, ဒုဂ္ဂတိဘဝသို့လားစေတတ်သော အကုသိုလ်ကံ, ကုသိုလ်ကံတို့၏ထူးသော အကြောင်းတရားများကို ခွဲခြားဖော်ပြ၍၊ ဝိညာဏ်, နာမ်, ရုပ်မည်ပုံအထူးကို ဖြေဆိုခဲ့ပါ။** (၂၀၀၉၊ စမန ၄၄၊ ၄၇)

**အဖြေ** – သုဂတိဘဝသို့လားစေတတ်သော ကုသိုလ်ကံတို့၏ထူးသောအကြောင်းတရားသည် တဏှာဖြစ်၏။

– ဒုဂ္ဂတိဘဝသို့လားစေတတ်သော အကုသိုလ်ကံတို့၏ထူးသောအကြောင်းတရားသည် အဝိဇ္ဇာဖြစ်၏။

– **ဝိညာဏ်မည်ပုံ** – အာရုံကို သိတတ်သောကြောင့် ဝိညာဏ်မည်၏။

– **နာမ်မည်ပုံ** – အာရုံဆီသို့ ရှေးရှုညွတ်တတ်သောကြောင့် နာမ်မည်၏။

– **ရုပ်မည်ပုံ** –ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်ပါသည်။

**၁၁၈။ အကြားအမြင်ပညာနည်းပါး ပုထုဇဉ်အား ကိုယ်တွေ့ဒုက္ခဝေဒနာနှိပ်စက်အပ်သော် ဖြစ်ပေါ်လာမည့်အကျိုးဆက်များကိုဖော်ပြ၍၊ ဝိဂတပစ္စည်းမည်ပုံကို ရေးသားခဲ့ပါ။** (၂၀၀၉၊ စမန ၁၁၁၊ ၇၅၊ ၅၃)

**အဖြေ –** အကြားအမြင်ပညာနည်းပါး ပုထုဇဉ်အား ကိုယ်တွေ့ဒုက္ခဝေဒနာနှိပ်စက်အပ်သော် ချမ်းသာကိုတောင့်တ၏၊ စိုးရိမ်၏၊ ပင်ပန်း၏၊ ငိုကြွေး၏၊ ရင်ကိုထုလျက်မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ရောက်၏။

**– ဝိဂတပစ္စည်းမည်ပုံ**

မိမိ၏အခြားမဲ့၌ ဖြစ်ဆဲဖြစ်ကုန်သော စိတ်စေတသိက်နာမ်တရားတို့အား ဖြစ်ခွင့်ပေးသောအားဖြင့် ကျေးဇူးပြုတတ်ကုန်သော ကောင်းစွာရှေးအခြားမဲ့၌ ကင်းချုပ်လေပြီးသည့် စိတ်စေတသိက်နာမ်တရားတို့သည် ဝိဂတပစ္စည်းမည်ပါသည်။

**၁၁၉။ ကလျာဏမိတ္တလမ်းပြခရီးညွှန်ကင်းသော မောဟများသူလူမိုက်သည် သံသရာဝယ် ကောင်းမှုမကောင်းမှုပြုပုံတို့ကို ဥပမာပြဖြေဆို၍၊ အရူပဘုံ၌ နာမ်သည် သဠာယတနအား ကျေးဇူးပြုနိုင်/မပြုနိုင်ကို ဆုံးဖြတ်ခဲ့ပါ။** (၂၀၀၉၊ စမန ၅၆၊ ၅၇၊ ၁၀၇)

**အဖြေ – လမ်းပြသူကင်းသောမောဟများသူလူမိုက်က လမ်းမှန်လမ်းမှားသွားသကဲ့သို့ သံသရာမှာ ကောင်းမှု, မကောင်းမှုပြုပုံ –**

မောဟများသူလူမိုက်သည် ကုသိုလ်ကောင်းမှု၏အကျိုးဖြစ်သော လူ့ချမ်းသာ, နတ်ချမ်းသာ တို့က ဇာတိ, ဇရာမရဏစသည့်ဆင်းရဲဒုက္ခနှင့် ရောပြွမ်းနေသဖြင့် ဆင်းရဲဒုက္ခအစစ်ဖြစ် သည်ကို မသိသဖြင့် လူ့ချမ်းသာ, နတ်ချမ်းသာတို့ကို ရဖို့ရန် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၏။

ဥပမာ – နတ်သမီးကို အလိုရှိသူသည် တောင်ထိပ်ဖျားမှခုန်ချသကဲ့သို့တည်း။ အကြောင်း မှာ ပုညာဘိသင်္ခါရသည် လူနတ်လောက၏ ဇာတိ, ဇရာမရဏစသည့်ချောက်သို့ ကျစေ၏။

တစ်ဖန် မောဟများသူလူမိုက်သည် အကုသိုလ်ကံ၏အကျိုးကို မသိသောကြောင့်လည်း ကောင်း၊ မကောင်းကျိုးပေးတတ်သည့် ကာမဂုဏ်ကိုမှီဝဲခြင်းစသောအပြစ်ကို မမြင်သော ကြောင့်လည်းကောင်း၊ မကောင်းမှုကိုပြုလုပ်၏။

ဥပမာ – သူငယ်သည် မိမိ၏မစင်နှင့်ဆော့ကစားခြင်းကို ပြုသကဲ့သို့တည်း။

**– အရူပဘုံ၌ နာမ်သည် သဠာယတနအား ကျေးဇူးပြုပုံ**

အရူပဘုံ၌ နာမ်သာရှိပြီး ရုပ်မရှိပါ။ ထို့ကြောင့် အရူပဘုံ၌ နာမ်သည် သဠာယတနဟူသည့် အာယတန ၆ ပါးအနက် နာမ်အာယတနဖြစ်သည့် ဆဋ္ဌာယတနကိုသာ ကျေးဇူးပြုပါသည်။ အခြားရုပ်အာယတနများကို ကျေးဇူးမပြုပါ။

ဥပမာ အရူပဘုံတွင် ဝိပါက်နာမ်သည် ဆဋ္ဌာယတနအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတဟူသော ပစ္စည်း ၇ ပါးဖြင့် ကျေးဇူးပြု၏။

ဝိပါက်မဟုတ်သောနာမ်သည် ဆဋ္ဌာယတနအား ဝိပါကပစ္စည်းမှတစ်ပါး ကြွင်းသည့်ပစ္စည်း ၆ ပါးဖြင့် ကျေးဇူးပြု၏။

**၁၂၀။ ရူပတဏှာသည်ပင် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသုံးမျိုးအမည်ရပုံ ကို ပြည့်ပြည့်စုံစုံရေးပြ၍ ကာမုပါဒါန်၌ ကာမ, ဥပါဒါန်မည်ပုံတို့ကို ခွဲခြားဖြေဆိုခဲ့ပါ။**

(၂၀၀၉၊ စမန ၁၁၀၊ ၁၁၁၊ ၁၁၂)

**အဖြေ –** ရူပါရုံကို ကာမဂုဏ်၌သာယာသည့်အစွမ်းဖြင့် သာယာ၍ဖြစ်သောတဏှာသည် '**ရူပတဏှာ**'မည်၏၊ '**ကာမတဏှာ**'လည်း မည်၏။

– ထိုရူပါရုံကိုပင် '**တည်မြဲသည်**'ဟု အယူရှိသော သဿတဒိဋ္ဌိနှင့်တကွ သာယာ၍ဖြစ်သော တဏှာသည် '**ဘဝတဏှာ**'မည်၏။

– ထိုရူပါရုံကိုပင် 'ပျက်လတ့်၊ ပြတ်စဲလတ့်'ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ သာယာ၍ ဖြစ်သောတဏှာသည် '**ဝိဘဝတဏှာ**'မည်၏။

ဤသို့လျှင် ရူပတဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးမျိုးအမည် ရ၏။

**ကာမုပါဒါန်၌ ကာမ, ဥပါဒါန်မည်ပုံ**

နှစ်သက်လိုချင်တတ်သောကြောင့် '**ကာမ**'မည်၏။

ထိုကာမသည် မြဲမြံစွာစွဲလမ်းတတ်သောကြောင့် '**ဥပါဒါန်**'မည်၏။

ထိုနှစ်ပါးသောအကြောင်းကြောင့် '**ကာမုပါဒါန်**'မည်၏။

**၁၂၁။ ယခုပစ္စုပ္ပန်ဘဝအကြောင်းငါးပါးတွင် တဏှာ, ဥပါဒါန်တို့ကိုယူသဖြင့် အဝိဇ္ဇာကိုလည်းယူရပုံကို အကြောင်းသွင်းရှင်းပြ၍၊ သင်္ခါရ, ဝိညာဉ်တို့၏တည်ရာတူဥပမာကို ဖြေဆိုခဲ့ပါ။** (၂၀၀၉၊ စမန ၁၃၁၊ ၁၃၅)

**အဖြေ –** ယခုပစ္စုပ္ပန်ဘဝအကြောင်းငါးပါးတွင် တဏှာ, ဥပါဒါန်တို့ကိုယူသဖြင့် ၎င်းတို့နှင့် တစ်ပေါင်းတည်းယှဉ်ဖြစ်သော အဝိဇ္ဇာကိုပါ ယူပြီးဖြစ်တော့၏။ လောဘမူဒိဋ္ဌိဂတသမ္ပယုတ် စိတ်တွင် အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့ တစ်ပေါင်းတည်းယှဉ်ကြပါသည်။

**သင်္ခါရ, ဝိညာဉ်တို့၏တည်ရာတူဥပမာ**

– အဝိဇ္ဇာသည် သဘာဝဓမ္မတို့၏သဘာဝလက္ခဏာ, သာမညလက္ခဏာစသည်တို့ကို မသိသဖြင့် **သူကန်း**နှင့်တူ၏။

– အဝိဇ္ဇာကြောင့်ဖြစ်သောသင်္ခါရသည် **သူကန်း၏ခြေချော်ခြင်း**နှင့်တူ၏။

– သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်သည် ခြေချော်သော**သူကန်း၏လဲကျခြင်း**နှင့်တူ၏။

**၁၂၂။ ကေတ္တနည်းကို အမှန်အသင့်အားဖြင့်ရှုသူအား ဥစ္ဆေဒဒိဋ္ဌိစွန့်ပုံကို အကြောင်းပြရေးသား၍၊ သတ္တဝါဟု ဝေါဟာရဖြစ်ပုံကို ဥပမာဖြင့် ဖြေဆိုပါ။**

(၂၀၀၉၊ စမန ၁၃၉)

**အဖြေ – ကေတ္တနည်းဟူသည်မှာ –**

''အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏။ သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်ဖြစ်၏''စသောနည်းဖြင့် မျိုးစေ့မှ အညွန့်, အညှောက်, အပင်အဖြစ်သို့ရောက်ခြင်း ကဲ့သို့ ရုပ်နာမ်အစဉ်၏မပြတ်စဲခြင်းကိုသိသောနည်းသည် '**ကေတ္တနည်း**' မည်၏။

ကေတ္တနည်းကို အမှန်အသင့်အားဖြင့် ရှုသူသည် အကြောင်းနှင့်အကျိုးတို့၏ဆက်စပ်ခြင်း အားဖြင့် ရုပ်နာမ်အစဉ်သန္တာန်မပြတ်စဲခြင်းကို သိခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်၏။

**သတ္တဝါဟုဝေါဟာရဖြစ်ပုံ**

ဝင်ရိုး, ရထားဘီး, ရထားအိမ်စသောအစိတ်အပိုင်းအပေါင်းအစုကိုစွဲ၍ 'ရထား'ဟူသော ဝေါဟာရဖြစ်လာသကဲ့သို့ ခန္ဓာငါးပါး၏အပေါင်းအစုကိုစွဲ၍ 'သတ္တဝါ'ဟူသော ဝေါဟာရ 'အမည်ပညတ်' ဖြစ်လာပါသည်။

**၁၂၃။ ကံသည် ရူပကာယကိုဖြစ်စေတတ်ပုံကို ဥပမာဖြင့်ဖြေဆို၍၊ အကုသိုလ်ဖြစ်ရခြင်း၏ အကြောင်းတရားမျုးကို ထုတ်ပြခဲ့ပါ။** (၂၀၀၉၊ စမန ၁၀၃၊ ၇၈)

အဖြေ – မျိုးစေ့မှအညွန့်၊အညှောက်နှင့်တကွ အပင်သစ်ပေါက်လာသကဲ့သို့ ကံမှ ကမ္မပစ္စယသတ္တိဖြင့် ဝိပါက်စိတ်စေတသိက်များနှင့် ကမ္မဇရုပ်များ ဖြစ်ပေါ်ပါသည်။

ကမ္မဘဝဟူသည့် ကံတရားမှ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်ဥပါဒ်ခဏမှစ၍ စိတ်တိုင်း၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့၌ ဖြစ်စေပါသည်။ သန္တတိသီသ ၇ ပါးဟုခေါ်သော စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဘာဝဒသက,

ဝတ္ထုဒသကဟူသည့် ကမ္မဇရုပ်ကလာပ် ၇ စည်းဖြစ်ပါသည်။

ထို့ကြောင့် ကံသည် ရူပကာယကို ဖြစ်စေတတ်ပါသည်။

**အကုသိုလ်ဖြစ်ရခြင်း၏အကြောင်းတရားများ**

မကောင်းမှုအကုသိုလ်ကံ၏မကောင်းကျိုးကို မသိသောကြောင့်လည်းကောင်း၊ မကောင်းကျိုးပေးတတ်သော ကာမဂုဏ်ကိုမှီဝဲခြင်းစသည့်အပြစ်ကို မမြင်သဖြင့် ချမ်းသာသည်ဟု ထင်သော အမှတ်သညာဖြင့်လည်းကောင်း၊ အဝိဇ္ဇာစသည့်ကိလေသာများလွှမ်းမိုးဖိစီးသည့် အဖြစ်ကြောင့်လည်းကောင်း၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, မနောသင်္ခါရအပြားရှိသော အပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်၏။ ဤကား အကုသိုလ်ဖြစ်ရခြင်း၏အကြောင်းတရားများပေတည်း။

''ရဟန်းတို့ – အလုံးစုံသော အကုသိုလ်တရားတို့သည် အယောနိသောမနသိကာရလျှင် အကြောင်းရင်းရှိကုန်၏'' ဟုလည်း မြတ်စွာဘုရားဟောတော်မူသည်။

**၁၂၄။ လောက၌ အလွန်မြင်နိုင်ခဲသော တရားတို့ကို ထုတ်ပြ၍ မသိမှုကို အဝိဇ္ဇာဟု ဆိုရာ၌ အဘယ်ကိုမသိသည်ကို အဝိဇ္ဇာဟု ခေါ်ပါသနည်း၊ သုတ္တန်နည်းအတိုင်း ဖြေဆိုပါ။** (၂၀၁၀၊ စမန ၄၁၊ ၅၄)

**အဖြေ – လောက၌ အလွန်မြင်နိုင်ခဲသောတရားတို့မှာ**

(၁) သစ္စာလေးပါး (၂) သတ္တဝါ (၃) ပဋိသန္ဓေ (၄) ပဋိစ္စသမုပ္ပါဒ် တို့ဖြစ်ပါသည်။

– **သုတ္တန်နည်းအားဖြင့် အဝိဇ္ဇာသည်** အရိယာသစ္စာလေးပါးကို မသိခြင်းဖြစ်၏။

(၁) ဒုက္ခသစ္စာ၌မသိခြင်းမောဟ၊ (၂) သမုဒယသစ္စာ၌မသိမှုမောဟ၊

(၃) နိရောဓသစ္စာ၌မသိမှုမောဟ၊ (၄) မဂ္ဂသစ္စာ၌မသိမှုမောဟ တို့တည်း။

**၁၂၅။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်မှုကို အဘယ်နည်းဖြင့် သိရသည်ကို ဖြေဆိုပြီးလျှင် ပဋိသန္ဓေစိတ်တို့၏အာရုံသုံးမျိုးကို အဋ္ဌကထာလာအတိုင်း ခြုံငုံမိအောင် အကျဉ်းချုပ်ဖြေဆိုပါ။** (၂၀၁၀၊ စမန ၈၂၊ ၈၇)

**အဖြေ – သင်္ခါရကြောင့် ဝိညာဏ်ဖြစ်မှုကို သိရပုံ**

ဆည်းပူးအပ်ပြီးသောကံမရှိလျှင် ဝိပါက်ဟူသည့်အကျိုးမရှိခြင်း, မဖြစ်ခြင်းကြောင့် သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ်ဖြစ်သည်ကို သိရ၏။ မှန်ပေ၏၊ လောကီဝိပါက်ဝိညာဏ် ၃၂ ပါးသည် သင်္ခါရကြောင့်ဖြစ်သော ကံအကျိုးဖြစ်သည့် ဝိပါက်စိတ်တို့တည်း။ ဝိပါက်ဝိညာဏ်ဟူသော အကျိုးတရားသည်လည်း ဆည်းပူးအပ်ပြီးသော ကံမရှိလျှင် မဖြစ်တတ်ပေ။ အကယ်၍ ကံမရှိဘဲဖြစ်နိုင်သည်ဆိုလျှင် ဝိပါက်ဝိညာဏ်အားလုံးသည်ပင် သတ္တဝါများအားလုံး၌ ဖြစ်တန်ရာ၏။ ထိုသို့ကား မဖြစ်ချေ။ သို့ဖြစ်၍ ''သင်္ခါရဟူသောအကြောင်းကြောင့် ဝိညာဏ် ၃၂ ပါးဖြစ်သည်ကို သိအပ်၏။

**ပဋိသန္ဓေစိတ်တို့၏ အာရုံသုံးမျိုး**

ပဋိသန္ဓေစိတ်တို့၏အာရုံသည် အကျဉ်းအားဖြင့် အတိတ်အာရုံ, ပစ္စုပ္ပန်အာရုံ, နဝတ္တဗ္ဗအာရုံ (ပညတ်အာရုံ) တို့တည်း။

– ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်နှင့် နေဝသညာ နာသညာယတန ပဋိသန္ဓေစိတ်တို့၏ အာရုံသည် အတိတ်အာရုံသာဖြစ်၏။
– ကာမပဋိသန္ဓေ ၁၀ ပါးတို့၏အာရုံသည် အတိတ်အာရုံ သို့မဟုတ် ပစ္စုပ္ပန်အာရုံဖြစ်၏။
– ရူပါဝစရဝိပါက်စိတ် ၅ ပါး, အာကာသနဉ္စာယတနပဋိသန္ဓေစိတ်နှင့် အာကိဉ္စညာယတန ပဋိသန္ဓေစိတ်တို့၏အာရုံသည် အတိတ်, ပစ္စုပ္ပန်မဟုတ်သည့် နဝတ္တဗ္ဗအာရုံသာလျှင် ဖြစ်၏။ (စာမျက်နှာ ၁၇၃ နံပါတ် ၇၅ အဖြေကိုလည်းကြည့်ပါ။)

**၁၂၆။ အသညသတ်ဘုံ၌ ဝိညာဏ်မရှိသောကြောင့် 'ဝိညာဏပစ္စယာ နာမရူပံ' ဟူသော ပါဠိတော်အရ ဝိညာဏ်ကြောင့် ရုပ်တရားချည်းသာဖြစ်ရ၏ – ဟူသော စကားသည် အဘယ်နည်းဖြင့် သင့်လျော်ပါမည်နည်းဟူသော စောဒနာစကားကို ဖြေရှင်းပြပြီးလျှင် ထိုဝိညာဏ်က ထိုရုပ်အား အဘယ်ပစ္စည်းဖြင့် ကျေးဇူးပြုသည်ကို လည်း ဖော်ပြပါ။** (၂၀၁၀၊ စမန ၁၀၄)

**အဖြေ** – အသညသတ်ပုဂ္ဂိုလ်တို့၌ ဝိညာဏ်မရှိခြင်းကြောင့် 'ဝိညာဏပစ္စယာ နာမရူပံ' ဟူသော ပါဠိတော်အရ ဝိညာဏ်ကြောင့် ရုပ်တရားချည်းသာဖြစ်ရ၏ – ဟူသော စကားသည် သင့်လျော်ပါသည်။ အကြောင်းမှာ နာမ်ရုပ်၏အကြောင်းဖြစ်သော ဝိညာဏ်သည် ဝိပါက်ဝိညာဏ်, ဝိပါက်မဟုတ်သောဝိညာဏ် (ကမ္မဝိညာဏ်) ဟု နှစ်မျိုးရှိ၏။ အသညသတ် ပုဂ္ဂိုလ်တို့၌ဖြစ်သော ရုပ်သည် ကမ္မဇရုပ်ဖြစ်သောကြောင့် ပဉ္စဝေါကာရဘဝ၌ဖြစ်ခဲ့သော အဘိသင်္ခါရဝိညာဏ် (ရူပကုသိုလ်ကံ)ဟူသော ကမ္မဝိညာဏ်ကြောင့်ဖြစ်သော ကမ္မဇရုပ်ဖြစ် ပါသည်။ ထို့ကြောင့် သင့်လျော်ပါသည်။

– ထိုအဘိသင်္ခါရဝိညာဏ်သည် အသညသတ်ကမ္မဇရုပ်အား သုတ္တန်နည်းပရိယာယ်အားဖြင့် ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

**၁၂၇။ 'ဖဿပစ္စယာ ဝေဒနာ'ဟူသော ပါဠိတော်၌ အဘယ်ဝေဒနာများသာ ပါဝင်နိုင်သည်ကို ဖော်ပြပြီးလျှင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အတိတ်အကြောင်းနှစ်ပါးကိုသာ တိုက်ရိုက်ဟောတော်မူပါလျက် အဘယ်ကြောင့် အတိတ်အကြောင်း ၅ ပါး ဖြစ်ရသည်ကိုလည်း သဘာဝယုတ္တိပြည့်စုံအောင် ဖော်ပြဖြေဆိုပါ။**

(၂၀၁၀၊ စမန ၁၁၀၊ ၁၂၉)

**အဖြေ – 'ဖဿပစ္စယာ ဝေဒနာ'ဟူသောပါဠိတော်၌ ပါဝင်နိုင်သောဝေဒနာများမှာ**

– **ဒွါရ၏အစွမ်းအားဖြင့်** စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာန သမ္ဖဿဇာဝေဒနာ, ဇိဝှာသမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖ ဿဇာဝေဒနာဟူ၍ ၆ ပါးဖြစ်၏။

– **အကျယ်အားဖြင့်** လောကီဝိပါက်စိတ် ၃၂ ပါး၌ယှဉ်သော ဝေဒနာ ၃၂ ပါးဖြစ်၏။

**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အတိတ်အကြောင်းအဖြစ် အဝိဇ္ဇာနှင့် သင်္ခါရနှစ်ပါးကို သာတိုက်ရိုက်ဟောတော်မူ၏။** သို့သော် ဝိပဿနာပညာမရှိ၍ မသိမလိမ္မာသောသူသည် အဝိဇ္ဇာလွှမ်းမိုးသဖြင့် ကာမဂုဏ်ကို လိုချင်တပ်မက်မှု–**တဏှာ**ဖြစ်၏၊ တဏှာဖြင့် လိုချင်

တပ်မက်၍ ဆာလောင်တောင့်တသဖြင့် စွဲလမ်းမှု–**ဥပါဒါန်**ဖြစ်၏၊ စွဲလမ်းမှုဥပါဒါန်ဟူသော အကြောင်းကြောင့် ကောင်းမှု သို့မဟုတ် မကောင်းမှုကို အားထုတ်ပြုလုပ်သဖြင့် **သင်္ခါရ, ကမ္မဘဝ**တို့ဖြစ်၏။

ထို့ကြောင့် အဝိဇ္ဇာ, သင်္ခါရတို့ကိုယူခြင်းဖြင့် တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုလည်း ယူပြီးဖြစ်၏။ သို့ဖြစ်၍ ပစ္စုပ္ပန်ဘဝကိုဖြစ်စေသော အတိတ်အကြောင်းအဖြစ် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကိုယူအပ်၏။ ထို့ကြောင့် အတိတ်အကြောင်း ၅ ပါး ဖြစ်လာရပါသည်။

**၁၂၈။ ကာမတဏှာနှင့် ဘဝတဏှာဖြစ်ပုံထူးခြားဟန်ကို ဖော်ပြပြီးလျှင် အဝိဇ္ဇာသည် သူကန်းနှင့်တူလျှင် အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရနှင့် သင်္ခါရကြောင့်ဖြစ်သော ဝိညာဏ်တို့သည် အဘယ်နှင့်တူပါသနည်း၊ ဖြေဆိုပါ။** (၂၀၁၀၊ စမန ၁၉၄၊၁၃၅)

**အဖြေ** – ကာမတဏှာနှင့်ဘဝတဏှာ (စမန ၁၉၄ နံပါတ် ၁၂၀ အဖြေကြည့်ပါ)

အဝိဇ္ဇာသည် သူကန်းနှင့်တူလျှင် သင်္ခါရသည် သူကန်း၏ခြေချော်ခြင်းနှင့်တူ၏၊

သင်္ခါရကြောင့်ဖြစ်သောဝိညာဏ်သည် ခြေချော်သောသူကန်း၏လဲကျခြင်းနှင့်တူ၏။

**၁၂၉။ အဗျာပါရနည်း၏သဘောအဓိပ္ပါယ်ကို ဖော်ပြပြီး၊ ယင်းအဗျာပါရနည်းကို မှန်ကန်စွာသိမြင်ပါက အဘယ်ဒိဋ္ဌိကို ပယ်စွန့်နိုင်သနည်း ဖြေဆိုပါ။**

(၂၀၁၀၊ စမန ၁၄၀)

**အဖြေ** – အဝိဇ္ဇာ၌ ''သင်္ခါရတို့ကို ငါသည်ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း၊ သင်္ခါရတို့၌လည်း ''ဝိညာဏ်ကို ငါတို့သည် ဖြစ်စေအပ်ကုန်၏'' ဟူ၍လည်းကောင်း ဤသို့စသော ကြောင့်ကြ, ဗျာပါရမရှိခြင်းသည် 'အဗျာပါရနည်း' ၏သဘောအဓိပ္ပါယ်ဖြစ်ပါသည်။

အဗျာပါရနည်းကို မှန်ကန်စွာသိမြင်သောပုဂ္ဂိုလ်သည် ပြုတတ်သောအတ္တမရှိခြင်းကို သိမြင်ခြင်းကြောင့် ပရမအတ္တရှိ၏ဟုစွဲယူသော '**အတ္တဒိဋ္ဌိ**' ကို ပယ်စွန့်နိုင်၏။

## အခန်း (၁၈)
# ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ
## ဒိဋ္ဌိဝိသုဒ္ဓိအကြောင်းကို အကျယ်ပြခြင်း

• **ဝိသုဒ္ဓိ ၇ ပါး**

ဝိပဿနာပညာ၏ ဘုံအာရုံဖြစ်ကုန်သော ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ်ဟူသည့် တရားတို့၌ သင်ယူခြင်း, မေးမြန်းခြင်းတို့၏အစွမ်းဖြင့် ဉာဏ်အလေ့အကျက်ကိုပြုပြီးလျှင် **မူလအခြေအမြစ်ဖြစ်သည့် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့ကိုပြည့်စုံစေအပ်၏။**

**သီလဝိသုဒ္ဓိမည်သည်ကား ကောင်းစွာထက်ဝန်းကျင်စင်ကြယ်သော ပါတိမောက္ခသံဝရစသည့် လေးပါးအပြားရှိသော စတုပါရိသုဒ္ဓိသီလပေတည်း။**

**စိတ္တဝိသုဒ္ဓိမည်သည်ကား ဥပစာရသမာဓိနှင့်တကွ ရှစ်ပါးသောဈာန်သမာပတ်တို့ပေတည်း။**

ထိုမှတစ်ပါး **''ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိဟူသော ဤငါးပါးသော ဝိသုဒ္ဓိတို့သည် ဝိပဿနာပညာ၏ကိုယ်ထည် (သရီရ) ဖြစ်ပေ၏။''**

• **ဒိဋ္ဌိဝိသုဒ္ဓိမည်ပုံ**

**နာမ်နှင့်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် 'ဒိဋ္ဌိဝိသုဒ္ဓိ' မည်၏။**

'ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်း' ဆိုသည်မှာ သက်ရှိသတ္တဝါတို့၏ခန္ဓာကိုယ်နှင့် စိတ်ကိုဖွဲ့စည်းထားသည့် ပရမတ်ရုပ်တစ်ပါးစီ, ပရမတ်စိတ်တစ်ပါးစီ, စေတသိက်တစ်ပါးစီကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် ဉာဏ်ဖြင့်ပိုင်းခြား၍သိခြင်း, သိမ်းဆည်းယူခြင်းကို ဆိုလို၏။

ပရမတ်ရုပ်နာမ်အားလုံးကို ဟုတ်တိုင်းမှန်စွာသိမြင်လျှင် ခန္ဓာငါးပါးကိုထိုးထွင်း၍မြင်သိသဖြင့် ခန္ဓာငါးပါးသာရှိပြီး ပုဂ္ဂိုလ်, သတ္တဝါ, အတ္တတို့မရှိကြောင်းကို အမြင်ရှင်းသွားသဖြင့် ပုဂ္ဂိုလ်, ငါ, အတ္တတို့ရှိသည်ဟု အယူမှားနေသည့် သက္ကာယဒိဋ္ဌိ (ဝါ) အတ္တဒိဋ္ဌိကို ဖယ်ရှားနိုင်သည်။ ဤသို့ အယူမှားကင်းစင်သွားခြင်းကို '**ဒိဋ္ဌိဝိသုဒ္ဓိ**' ဟု ခေါ်ပါသည်။

• **၁ နာမ်မှစ၍ရှုနည်း**

ဈာန်သမာဓိကိုအခြေခံ၍ဝိပဿနာရှုသော သမထယာဉ်ရှိသည့် သမထယာနိကပုဂ္ဂိုလ်သည် နာမ်မှဖြစ်စေ ရုပ်မှဖြစ်စေ စ၍ရှုနိုင်၏။ ဥပစာရသမာဓိကို အခြေခံ၍ ဝိပဿနာရှုသော ဝိပဿနာယာဉ်ရှိသည့် ဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်လျှင် ရုပ်မှစ၍ ရှုပွားရပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိကို ပြည့်စုံစေလိုသော **သမထယာနိကပုဂ္ဂိုလ်**သည် နေဝသညာနာသညာယတနဈာန်ကိုချန်ထား၍ ရူပါဝစရဈာန် ၄ ပါးနှင့် အရူပါဝစရဈာန် ၃ ပါးတို့တွင် တစ်ပါးပါး

သော**ဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ (ထွက်၍) ဝိတက်စသည့် ဈာန်တရားများနှင့် ထိုဈာန်တို့နှင့်ယှဉ်သော ဖဿစသည့်နာမ်တရားများကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့် သိမ်းဆည်း၏, ရှု၏။ သိမ်းဆည်းပြီးလျှင် ဤတရားအလုံးစုံ တို့သည် အာရုံဆီသို့ ရှေ့ရှုညွတ်တတ်သည်ဖြစ်၍ ညွတ်ခြင်းအနက်သဘောကြောင့် 'နာမ်' ဟု ပိုင်းခြားအပ်၏။**

**မြွေဥပမာ**

ထို့နောက် ဥပမာအားဖြင့် ယောက်ျားတစ်ယောက်သည် အိမ်တွင်း၌မြွေကိုမြင်သဖြင့် ထိုမြွေသွားရာသို့လိုက်ကြည့်သည့်အခါ ထိုမြွေဝပ်နေရာအရပ်ကို တွေ့မြင်သကဲ့သို့ ထို့အတူ ပင် တရားရှုသူ–ယောဂီသည် နာမ်ကိုကပ်၍ရှုလျက် **''ဤနာမ်သည် အဘယ်ကိုမှီ၍ဖြစ် သနည်း''ဟု ရှာလတ်သော် ထိုနာမ်၏မှီရာဖြစ်သော ဟဒယဝတ္ထုခေါ် နှလုံးရုပ်ကို တွေ့မြင်၏၊ ထို့နောက် နှလုံးရုပ်၏မှီရာ ဘူတရုပ်တို့ကိုလည်းကောင်း၊ ဘူတာရုပ်တို့ကိုမှီ သော ဥပါဒါရုပ်တို့ကိုလည်းကောင်း တွေ့မြင်၏။ ဤပရမတ်ရုပ်များကိုလည်း သိမ်း ဆည်း၏။ ထို့နောက် ရုပ်တရားအလုံးစုံကိုလည်း ဖောက်ပြန်တတ်သောကြောင့် 'ရုပ်'ဟု ပိုင်းခြား၏။**

**ထို့နောက် နာမ်သည် အာရုံဆီသို့ ညွတ်ခြင်းလက္ခဏာရှိ၏၊ ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ အာရုံဆီသို့ ညွတ်ခြင်းသဘောရှိသောတရားကား နာမ်တည်း၊ ဖောက် ပြန်ခြင်းသဘောရှိသောတရားကား ရုပ်တည်းဟု နာမ်နှင့်ရုပ်ကို အကျဉ်းအားဖြင့် ပိုင်းခြား၏။**

**မှတ်ချက်** – နေဝသညာ နာသညာယတနဈာန်သည် အလွန်သိမ်မွေ့သောကြောင့် ၎င်းဈာန်ကို ယောဂီတို့သည် အားထုတ်ခါစ၌ မရှုနိုင်ကြပါ။ ထို့ကြောင့် ဤဈာန်ကိုချန် ထားရ၏။

## • ၂ ဓာတ်လေးပါးမှစ၍ ရှုနည်း

**သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ဖြစ်စေ၊ သမထယာနိကပုဂ္ဂိုလ်ဖြစ်စေ၊ ရုပ်မှစ၍ သိမ်း ဆည်းနိုင်၏။ သိမ်းဆည်းပုံမှာ စတုဓာတုဝတ္ထာန်ကမ္မဋ္ဌာန်းကို ဝိသုဒ္ဓိမဂ္ဂအလင်းပြ ဒုတိယတွဲ စာမျက်နှာ ၁၄၁၌ ပြဆိုခဲ့သကဲ့သို့ ရှုပွား၍ ဓာတ်လေးပါးတို့ကို အကျဉ်း အားဖြင့်ဖြစ်စေ၊ အကျယ်အားဖြင့်ဖြစ်စေ သိမ်းဆည်း၏။ ဓာတ်လေးပါးတို့သည် မှန်ကန်သော မိမိ၏သဘောလက္ခဏာအားဖြင့် ထင်ရှားလာသည့်အခါ ဓာတ်လေးပါးကို မှီနေသော ဥပါဒါရုပ်တို့လည်း ထင်ရှားလာကြ၏။**

ထင်ရှားလာပုံမှာ ကံ, စိတ်, ဥတု, အာဟာရဟူသည့် အကြောင်း ၄ ပါးကြောင့်ဖြစ်သော (ဝါ) စတုသမုဋ္ဌာန်ဖြစ်သော ဆံပင်စသည့်ကောဋ္ဌာသ ၂၄ ပါးတို့၌ ရုပ် ၄၄ ပါးစီ ထင်ရှားပေါ် လွင်လာ၏။ ဥတုစိတ္တသမုဋ္ဌာန်ဖြစ်သော ချွေးစသည့်ကောဋ္ဌာသ ၄ ပါးတို့၌ ရုပ် ၁၆ ပါးစီ ထင်ရှားပေါ်လွင်လာ၏။ ဥတုသမုဋ္ဌာန်ဖြစ်သော အစာသစ်စသည့် ကောဋ္ဌာသ ၄ ပါးတို့၌ ရုပ် ၈ ပါးစီထင်ရှားပေါ်လွင်လာ၏။ ဤသို့လျှင် ၃၂ ပါးသော ကောဋ္ဌာသတို့၌ ရုပ်အပေါင်း သည် ထင်ရှားလာကြ၏။ ထိုအခါ အခြားကောဋ္ဌာသ ၁၀ ပါး၌လည်း

ရုပ်များထင်ရှားပေါ်လွင်လာကြ၏။

ဤသို့လျှင် အကျယ်အားဖြင့် ၄၂ ပါးသော ကောဋ္ဌာသတို့၌ ဘူတရုပ်နှင့် ဥပါဒါရုပ် အပေါင်းတို့ ထင်ရှားလာသည့်အခါ ထဏ္ဍုနှင့် ဒွါရတို့၏အစွမ်းအားဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ထဏ္ဍုဒသကဟူသည့် ကလာပ် ၆ စည်းမှ ရုပ်ပေါင်း ၆၀ တို့လည်း ထင်ရှားပေါ်လွင်လာကြ၏။

ယောဂီသည် အရေအတွက် ၁၄၉၄ ပါးရှိသော အထက်ပါရုပ်အလုံးစုံကို ဖောက်ပြန်ခြင်း သဘောလက္ခဏာအားဖြင့် တစ်ပေါင်းတည်းပြု၍ '**ရုပ်တည်း**' ဟု ရှု၏။

- **ကောဋ္ဌာသ ၄၂ ပါးတွင် ပါဝင်သောရုပ် ၁၄၉၄ ပါး**

**(၁) စတုသမုဋ္ဌာန်ကောဋ္ဌာသ ၂၄ ပါး × ရုပ် ၄၄ စီ = ရုပ် ၁၀၅၆ ပါး**

ဤကောဋ္ဌာသတို့သည် ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့(ကျောက်ကပ်)၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ သွေး၊ အဆီခဲ၊ ဆီကြည်၊ အစေးတို့ဖြစ်ကြ၏။ ကောဋ္ဌာသတစ်ခုစီတွင်–

**ကာယဒသက, ဘာဝဒသကဟူသည့် ကမ္မဇရုပ် ၂ စည်းမှ ရုပ် ၂၀ ပါး**
**စိတ္တဇသြဇဋ္ဌမက, ဥတုဇသြဇဋ္ဌမက, အာဟာရဇသြဇဋ္ဌမကမှ ရုပ် ၂၄ ပါး**
**နှစ်ရပ်ပေါင်း ရုပ် ၄၄ ပါး။**

**(၂) ဥတုစိတ္တသမုဋ္ဌာန်ကောဋ္ဌာသ ၄ ပါး × ရုပ် ၁၆ ပါးစီ = ရုပ် ၆၄ ပါး**

ဤကောဋ္ဌာသတို့မှာ ချွေး၊ မျက်ရည်၊ တံတွေး၊ နှပ်တို့ဖြစ်ကြသည်။
**ကောဋ္ဌာသတစ်ခုစီတွင် ဥတုဇသြဇဋ္ဌမက, စိတ္တဇသြဇဋ္ဌမကဟူသည့် ရုပ်ကလာပ် ၂ စည်းမှ ရုပ် ၁၆ ပါးစီပါဝင်သည်။**

**(၃) ဥတုသမုဋ္ဌာန်ကောဋ္ဌာသ ၄ ပါး × ရုပ် ၈ ပါးစီ = ရုပ် ၃၂ ပါး**

**ဤကောဋ္ဌာသ ၄ ပါးမှာ အစာသစ်၊ အစာဟောင်း၊ ပြည်၊ ကျင်ငယ်တို့ဖြစ်ကြသည်။**
**ကောဋ္ဌာသတစ်ခုစီတွင် ဥတုဇသြဇဋ္ဌမက ကလာပ်မှ ရုပ် ၈ ပါးစီပါသည်။**

**(၄) အခြားကောဋ္ဌာသ ၁၀ ပါး၌ပါဝင်သည့်ရုပ်ပေါင်း = ၉ + ၉ + ၉၉ + ၁၆၅ = ၂၈၂ ပါး**

**(က) ကမ္မသမုဋ္ဌာန် – ပါစကတေဇောကောဋ္ဌာသ၌ ဇီဝိတနဝကကလာပ်မှ ရုပ် ၉ ပါး၊**

**(ခ) စိတ္တသမုဋ္ဌာန်–အဿာသ–ပဿာသကောဋ္ဌာသ၌ သဒ္ဒနဝကကလာပ်မှ ရုပ်၉ပါး**

**(ဂ) တေဇောကောဋ္ဌာသ ၃ ပါး × ရုပ် ၃၃ ပါးစီ = ရုပ် ၉၉ ပါး**

ဤကောဋ္ဌာသ ၃ ပါးမှာ သန္တပ္ပနတေဇော (အဖျားပူ)၊ ဇီရဏတေဇော (ကိုယ်အပူ)၊ ပရိဒါဟတေဇော (အလွန်ပြင်းသောအပူ) တို့ဖြစ်သည်။ ဤကောဋ္ဌာသတစ်ခုစီတွင် **ကမ္မဇ ဇီဝိတနဝက, စိတ္တဇသြဇဋ္ဌမက, ဥတုဇသြဇဋ္ဌမက, အာဟာရဇသြဇဋ္ဌမကဟူသည့် ကလာပ် ၄ စည်းမှ ရုပ် ၃၃ ပါးပါဝင်သည်။**

**(ဃ) ဝါယောကောဋ္ဌာသ ၅ ပါး × ရုပ် ၃၃ ပါးစီ = ရုပ် ၁၆၅ ပါး**

ဤကောဋ္ဌာသ ၅ ပါးမှာ ဥဒ္ဓင်္ဂမဝါယော (အထက်ဆန်လေ)၊ အဓောဂမဝါယော (စုန်

ဆင်းလေ)၊ ကုစ္ဆိသယဝါယော (ဝမ်းတွင်းလေ)၊ ကောဋ္ဌာသယဝါယော (အူတွင်းလေ)၊ အင်္ဂမင်္ဂါနုသာရိဝါယော (အင်္ဂါကြီးငယ်သို့သွားသောလေ) တို့ဖြစ်ကြ၏။

**ဤကောဋ္ဌာသတစ်ခုစီတွင် တေဇောကောဋ္ဌာသတွင်ပါဝင်သည့်အတိုင်း ကလာပ် ၄ စည်းမှ ရုပ် ၃၃ ပါးစီပါဝင်ကြ၏။**

**(၅) ဝတ္ထုနှင့်ဒွါရတို့၏အစွမ်းအားဖြင့် ဝတ္ထု ၆ ပါးဟူသည့်ကလာပ် ၆ စည်းမှ ရုပ် ၆၀၊ အထက်ပါ (၁) (၂) (၃) (၄) (၅) တို့မှရုပ်များကိုပေါင်းသော် ရုပ် ၁၄၉၄ ပါး ရ၏။**

**မှတ်ချက်** – ပထဝီ, အာပေါ်, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော ရုပ်၈ ပါးအပေါင်းကို '**ဩဇဋ္ဌမကကလာပ်**' ဟုခေါ်၏။ ဩဇာပါသည့် '**အဋ္ဌကကလာပ်**'ဟုလည်းခေါ်၏။ ဤရုပ် ၈ ပါးသည် တစ်ပေါင်းတည်းဖြစ်၍ ခွဲခြမ်း၍မရသည့်အတွက် '**အဝိနိဗ္ဘောဂရုပ်**'ဟုလည်းအမည်ရ၏။

ဩဇဋ္ဌမကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး

ဇီဝိတနဝကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဇီဝိတရုပ်

စက္ခုဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဇီဝိတရုပ် + စက္ခုပသာဒ

သောတဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဇီဝိတရုပ် + သောတပသာဒ

ဘာဝဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဇီဝိတရုပ် + ဘာဝရုပ်

ဝတ္ထုဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး + ဇီဝိတရုပ် + ဟဒယဝတ္ထု

(အဋ္ဌက = ၈, နဝက = ၉, ဒသက = ၁၀)

• **ရုပ်ကိုပိုင်းခြား၍ရှုပုံ** – ယောဂီသည် ဆံပင်စသည့် စတုသမုဋ္ဌာန်ကောဋ္ဌာသ ၂၄ ပါး, ချွေးစသည့် ဥတုစိတ္တ သမုဋ္ဌာန်ကောဋ္ဌာသ ၄ ပါး, အစာသစ်စသည့် ဥတုသမုဋ္ဌာန်ကောဋ္ဌာသ ၄ ပါး, အဿာသ ပဿာသစသည့် အခြားကောဋ္ဌာသ ၁၀ ပါး ဟူသော ကောဋ္ဌာသ ၄၂ ပါးနှင့် ဝတ္ထု–ဒွါရ အစွမ်းအားဖြင့် ဒွါရ ၆ ပါးတို့၌ ရုပ်ပေါင်း ၁၄၉၄ ပါးတို့ ထင်ရှားပေါ်လွင်လာကြသည့်အခါ ထိုရုပ်အလုံးစုံကို ဖောက်ပြန်ခြင်းသဘောလက္ခဏာအားဖြင့် တစ်ပေါင်းတည်းပြု၍ ''ဤ တရားသည် ရုပ်တည်း''ဟု ပိုင်းခြားရှု၏။

• **နာမ်ကိုပိုင်းခြား၍ရှုပုံ** – ယောဂီသည် ရုပ်အပေါင်းကို ပိုင်းခြား၍ရှုပြီးသောအခါ ဒွါရ၏အစွမ်းအားဖြင့် နာမ်တရား များလည်း ပေါ်လွင်ထင်ရှားလာကြ၏။ ထင်ရှားလာပုံမှာ မြင်ဆဲခဏ၌ စက္ခုဒွါရ၌ထင်လာ သော ရူပါရုံကို အာရုံပြု၍ ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသည့် စက္ခုဒွါရိကစိတ်စေတသိက် အပေါင်းတို့ ထင်ရှားလာကြ၏။ ထို့အတူ ကြားဆဲခဏ၌ သောတဒွါရိကစိတ်စေတသိက် အပေါင်းတို့ ထင်ရှားလာကြ၏။ ပ ။

**ဤသို့လျှင် ဒွါရ ၆ ပါး၌ ဒွေးပဉ္စဝိညာဏ် ၁၀ ပါး, မနောဓာတ် ၃ ပါး, မနောဝိညာဏဓာတ် ၆၈ ပါးဟူသော လောကီစိတ် ၈၁ ပါးနှင့် သာမညအားဖြင့် ထိုစိတ်တို့၌ယှဉ်သော ''ဖဿ, ဝေဒနာ, သညာ, စေတနာ, ဇီဝိတ, ဧကဂ္ဂတာ, မနသိကာရ'' ဟူသည့် စေတသိက် ၇ ပါးတို့သည် ထင်ရှားပေါ်လွင်လာကြ၏။ ယောဂီသည် ဤနာမ်တရားအားလုံးစုံကို အာရုံဆီသို့ညွတ်ခြင်းသဘောလက္ခဏာအားဖြင့် တစ်ပေါင်းတည်းပြု၍ ''ဤတရားသည် နာမ်တည်း''ဟုပိုင်းခြား၍ရှု၏။**

**မှတ်ချက် – လောကုတ္တရာစိတ်တို့သည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်နှင့် သမထယာနိကပုဂ္ဂိုလ်တို့ မရဖူး, မသိဖူးသောတရားဖြစ်သောကြောင့် သိမ်းဆည်း, ရှုအပ်ခြင်းသို့ မရောက်ကုန်။ ဝိပဿနာရှုရာတွင် ဝဋ္ဋဒုက္ခတရားများဖြစ်ကြသည့် လောကီနာမ်ရုပ်တို့ကိုသာ ရှုရသည်။ လောကုတ္တရာတရားများကို အာရုံပြု၍ မရှုရပါ။**

## • ၃ ဓာတ် ၁၈ ပါး အလိုအားဖြင့်ရှုနည်း

ဝိသုဒ္ဓိမဂ္ဂအလင်းပြ ဒုတိယတွဲ အခန်း (၁၄) တွင် အာယတန ၁၂ ပါးနှင့် ဓာတ် ၁၈ တို့၏အကြောင်းကို အကျယ်ပြဆိုခဲ့ပါသည်။ ထိုဒုတိယတွဲ စာမျက်နှာ ၄၀၆ တွင် ဓာတ် ၁၈ ပါးဇယားနှင့်ဆင်တူစွာ ယခုဓာတ် ၁၈ ပါးဇယားကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

**ဇယား ၁၈.၁ ဓာတ် ၁၈ ပါးသရုပ်ပြဇယား**

| ဒွါရ (၆) ပုံ (အခံဓာတ်) | အာရုံ (၆) တန် (အတိုက်ဓာတ်) | ဝိညာဏ် (၆) သွယ် (အပွင့်ဓာတ်) |
|---|---|---|
| စက္ခုဓာတ် = စက္ခုပသာဒ | ရူပဓာတ် = ရူပါရုံ | စက္ခုဝိညာဏဓာတ် |
| သောတဓာတ် = သောတပသာဒ | သဒ္ဒဓာတ် = သဒ္ဒါရုံ | သောတဝိညာဏဓာတ် |
| ဃာနဓာတ် = ဃာနပသာဒ | ဂန္ဓဓာတ် = ဂန္ဓာရုံ | ဃာနဝိညာဏဓာတ် |
| ဇိဝှာဓာတ် = ဇိဝှာပသာဒ | ရသဓာတ် = ရသာရုံ | ဇိဝှာဝိညာဏဓာတ် |
| ကာယဓာတ် = ကာယပသာဒ | ဖောဋ္ဌဗ္ဗဓာတ် = ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏဓာတ် |
| မနောဓာတ် = ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေး | ဓမ္မဓာတ် = ကြွင်းရုပ်များ၊ လောကီစေတသိက် ၅၂ ပါး | မနောဝိညာဏဓာတ် (လောကီစိတ် ၆၈ ပါး) |

**မှတ်ချက်** – ပသာဒရုပ် ၅ ပါးနှင့် အာရုံ ၅ ပါးတို့ကို ကိုယ်စားပြုသည့် **ရုပ်ဓာတ် ၁၀ ပါး**ရှိသည်။ **ဓမ္မဓာတ်**သည် ရုပ်နှင့်နာမ်ရောနေသည့်ဓာတ်ဖြစ်သည်။

ကျန်သည့်ဓာတ် ၇ ပါးမှာ လောကီစိတ် ၈၁ ပါးကို ကိုယ်စားပြုသည့်**နာမ်ဓာတ် ၇ ပါး**ဖြစ်သည်။ စက္ခုဝိညာဏ်ဒွေး (မြင်သိစိတ်၂ပါး)ကို စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏ်ဒွေး (ကြားသိစိတ် ၂ပါး) ကို သောတဝိညာဏဓာတ်၊ ဃာနဝိညာဏ်ဒွေး (နံသိစိတ် ၂ ပါး) ကို ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏ်ဒွေး (စားသိစိတ် ၂ပါး) ကို ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏ်ဒွေး(ထိသိစိတ် ၂ ပါး)ကို ကာယဝိညာဏဓာတ်၊ ဒွေးပဉ္စဝိညာဏ် ၁၀ ပါးနှင့် မနောဓာတ် ၃ ပါးမှအပ ကြွင်းသည့်စိတ် ၆၈ ပါးကို မနောဝိညာဏဓာတ်ဟုခေါ်၏။

## • ဓာတ် ၁၈ ပါးအစွမ်းဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ရှုပုံ

ယောဂီသည် ''ခန္ဓာကိုယ်ထဲ၌ စက္ခုဓာတ် ရှိ၏။ ပ ။ မနောဝိညာဏဓာတ်ရှိ၏''ဟုဓာတ်တို့ကိုဆင်ခြင်၏။ လူအပေါင်းက မျက်ဖြူဝန်း, မျက်နက်ဝန်းတို့ဖြင့် ဆန်းကြယ်သောအလျားရှည်သွယ် အနံကျယ်ပြန့်ပြီး မျက်ကြောဖြင့်ဖွဲ့စည်းထားသည့် အသားဆိုင်ကို

မျက်စိဟုမှတ်ယူ၏။ ဤအသားဆိုင်မျက်စိကို မယူမူဘဲ စက္ခုပသာဒရုပ်ကို **စက္ခုဓာတ်** (မျက်စိဓာတ်)ဟု ပိုင်းခြားရှု၏။

ထိုစက္ခုပသာဒ၏ မှီရာဖြစ်သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓာတ် ၄ ပါး၊ အခြံအရံဖြစ်သည့် ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ် ၄ ပါး၊ အစောင့်အရှောက်ဖြစ်သည့် ဇီဝိတိန္ဒြေရုပ် ၁ ပါးအားဖြင့် အတူတကွဖြစ်သောရုပ် ၉ ပါးတို့ကို ပိုင်းခြား၍ ရှု၏။ ထို့ကြောင့် စက္ခုဒသကကလာပ်ကို ပိုင်းခြား၍ရှုနိုင်ပြီးဖြစ်သည်။

ထို့အတူပင် သသမ္ဘာရစက္ခု (အဆောက်အဦနှင့်တကွဖြစ်သောမျက်စိ) ၌တည်သော ကာယဒသက၊ ဘာဝဒသကဟူသည့် ကမ္မဇကလာပ် ၂ စည်းမှ ရုပ် ၂၀၊ အာဟာရဇဩဇဋ္ဌမက၊ ဥတုဇဩဇဋ္ဌမက၊ စိတ္တဇဩဇဋ္ဌမကဟူသည့် ကလာပ် ၃ စည်းမှ ရုပ် ၂၄ ပါးတို့ကိုလည်း ပိုင်းခြား၍ရှု၏။

သို့ဖြစ်၍ **မျက်စိ၌ ကလာပ် ၆ စည်းမှ ရုပ် ၅၄ ပါး**တို့ကို ပိုင်းခြား၍ ရှုနိုင်ပြီးဖြစ်သည်။ ဤရုပ် ၅၄ ပါးအနက် စက္ခုပသာဒတစ်ပါးကိုသာ စက္ခုဓာတ်ဟု ပိုင်းခြား၏။ ကျန်ရုပ် ၅၃ ပါးကို စက္ခုဓာတ်ဟု မပိုင်းခြားအပ်ပါ။

**ဇယား ၁၈.၂ မျက်စိ၌ ကလာပ် ၆ စည်းမှ ရုပ် ၅၄ ပါး**

| ရုပ်ကလာအမည် | ဦးရေ | ရုပ်ပေါင်း |
|---|---|---|
| ကမ္မဇစက္ခုဒသကကလာပ် | ၁ စည်း | ၁၀ ပါး |
| ကမ္မဇကာယဒသကကလာပ် | ၁ စည်း | ၁၀ ပါး |
| ကမ္မဇဘာဝဒသကကလာပ် | ၁ စည်း | ၁၀ ပါး |
| စိတ္တဇဩဇဋ္ဌမကကလာပ် | ၁ စည်း | ၈ ပါး |
| ဥတုဇဩဇဋ္ဌမကကလာပ် | ၁ စည်း | ၈ ပါး |
| အာဟာရဇဩဇဋ္ဌမကကလာပ် | ၁ စည်း | ၈ ပါး |
| စုစုပေါင်း | ၆ စည်း | ၅၄ ပါး |

အလားတူပင် **သောတဓာတ်**၊ **ဃာနဓာတ်**၊ **ဇိဝှာဓာတ်**၊ **ကာယဓာတ်**တို့ကို နား၊ နှာ၊ လျှာ၊ ကိုယ်တို့၌ ပိုင်းခြား၍ရှု၏။ နား၊ နှာ၊ လျှာတို့၌ မျက်စိ၌အတိုင်းပင် ကလာပ် ၆ စည်းနှင့် ရုပ် ၅၄ ပါးစီ ရှိကြ၏။ စက္ခုဒသကကလာပ်အစား သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက ကလာပ်အသီးသီးပါဝင်ခြင်းသာ ကွာခြား၏။

**ကာယဒွါရ**၌ ကာယဒသက၊ ဘာဝဒသကဟူသည့် ကမ္မဇကလာပ် ၂ စည်းနှင့် စိတ်၊ ဥတု၊ အာဟာရအသီးသီးကြောင့်ဖြစ်သော ဩဇဋ္ဌမကကလာပ် ၃ စည်း၊ ပေါင်းကလာပ် ၅ စည်းနှင့် ရုပ် ၄၄ ပါးသာရှိ၏။ ထို့ကြောင့် ကာယပသာဒ (ကာယဓာတ်) မှတစ်ပါး ကြွင်းသော ရုပ် ၄၃ ပါးရှိ၏။ အချို့ဆရာတို့က စိတ္တဇရုပ်ကလာပ်နှင့် ဥတုဇရုပ်ကလာပ်တို့တွင် သဒ္ဒရုပ်နှင့်တကွ ရုပ် ၉ ပါးစီရေတွက်သဖြင့် ကြွင်းသောရုပ် ၄၅ ပါးရှိသည်ဟု ဆိုကြ၏။

အထက်ပါ ပသာဒရုပ် ၅ ပါးတို့၏ အာရုံအသီးသီးဖြစ်ကြသော ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊

ဖောဋ္ဌဗ္ဗဟူသည့် အာရုံရုပ် ၅ ပါးကို **ရူပဓာတ်**, **သဒ္ဒဓာတ်**, **ဂန္ဓဓာတ်**, **ရသဓာတ်**, **ဖောဋ္ဌဗ္ဗဓာတ်**ဟူ၍ ပိုင်းခြား၍ရှု၏။

သို့ဖြစ်၍ **ပသာဒရုပ် ၅ ပါးနှင့် အာရုံရုပ် ၅ ပါးတို့သည် ၁၀ ပါးသောရုပ်ဓာတ်တို့ ဖြစ်ကြ၏။ ကြွင်းသောရုပ်သည်** ဓမ္မဓာတ်သာလျှင် ဖြစ်ကုန်၏။

ထိုမှတစ်ပါး **စက္ခုပသာဒကိုမှီ၍ ရူပါရုံကို အာရုံပြု၍ဖြစ်သော မြင်သိစိတ်သည် စက္ခုဝိညာဏဓာတ်မည်၏။ ဤနည်းဖြင့် ဒွေးပဉ္စဝိညာဏ် ၁၀ ပါးတို့သည် ဝိညာဏဓာတ် ၅ ပါးဖြစ်ကုန်၏။**

**ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေးဟူသော မနောဓာတ် ၃ ပါးသည် တစ်ခုသော မနောဓာတ် ဖြစ်၏။ ဒွေးပဉ္စဝိညာဏ် ၁၀ နှင့် မနောဓာတ် ၃ ပါးတို့မှကြွင်းသော လောကီစိတ် ၆၈ ပါးတို့သည် တစ်ခုသောဝိညာဏဓာတ်ဖြစ်၏။ သို့ဖြစ်၍ လောကီစိတ် ၈၁ ပါးသည် လောကီဝိညာဏဓာတ် ၇ ပါးဖြစ်ကုန်၏။**

ဤဆိုခဲ့သော ဓာတ် ၁၈ ပါးတို့တွင် ဆယ်ခုခွဲသောဓာတ်တို့သည် ရုပ်တည်း၊ ခုနစ်ခုခွဲသောဓာတ်တို့သည် နာမ်တည်းဟူ၍ ယောဂီသည် ဓာတ်တို့၏အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကိုပိုင်းခြား၏။

- **၄ အာယတန ၁၂ ပါးအလိုအားဖြင့် ရှုနည်း**

**ဇယား ၁၈.၂ အာယတန ၁၂ ပါးသရုပ်ပြဇယား**

| အဇ္ဈတ္တိကာယတန ၆ ပါး | ဗာဟိရာယတန ၆ ပါး |
|---|---|
| စက္ခွာယတန = စက္ခုပသာဒ | ရူပါယတန = ရူပါရုံ |
| သောတာယတန = သောတပသာဒ | သဒ္ဒါယတန = သဒ္ဒါရုံ |
| ဃာနာယတန = ဃာနပသာဒ | ဂန္ဓာယတန = ဂန္ဓာရုံ |
| ဇိဝှာယတန = ဇိဝှာပသာဒ | ရသာယတန = ရသာရုံ |
| ကာယာယတန = ကာယပသာဒ | ဖောဋ္ဌဗ္ဗာယတန = ဖောဋ္ဌဗ္ဗာရုံ |
| မနာယတန = လောကီစိတ် ၈၁ ပါး | ဓမ္မာယတန = ကြွင်းရုပ်များ၊ လောကီစေတသိက်များ |

ထို့နောက် ယောဂီသည် အာယတန ၁၂ ပါးအစွမ်းအားဖြင့် နာမ်ရုပ်ကို ပိုင်းခြား၍ရှု၏။ ရှုနည်းမှာ စက္ခုဓာတ်၌ဆိုခဲ့သည့်အတိုင်း စက္ခုပသာဒကို စက္ခွာယတနဟု ပိုင်းခြား၍ရှုပြီးလျှင် ကြွင်းသည့်ရုပ် ၅၃ ပါးကို ဓမ္မာယတနာဟု ပိုင်းခြား၍ရှု၏။

ဤဆိုခဲ့သည့်နည်းဖြင့်ပင်လျှင် သောတဓာတ်, ဃာနဓာတ်, ဇိဝှာဓာတ်, ကာယဓာတ်တို့ကို သောတာယတန, ဃာနယတန, ဇိဝှာယတန, ကာယာယတနဟူ၍ အသီးသီးပိုင်းခြား၍ရှု၏။ ကြွင်းသည့်ရုပ်များကို ဓမ္မာယတနဟု ပိုင်းခြား၍ရှု၏။

ပဉ္စဝိညာဏ်တို့၏အာရုံများဖြစ်ကြသော ရူပါရုံစသည့်အာရုံ ၅ ပါးကို ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာယတနတို့ဟူ၍ ပိုင်းခြား၍ရှု၏။

လောကီဝိညာဏဓာတ် ၇ ပါး (လောကီစိတ် ၈၁ ပါး)တို့ကို မနာယတနဟူ၍ ပိုင်းခြား

၍ရှု၏။ လောကီစိတ် ၈၁ ပါးနှင့်ယှဉ်ဖြစ်ကြသော စေတသိက်အပေါင်းနှင့် စက္ခာယတန စသည့် ရုပ်အာယတန ၁၀ ပါးမှကြွင်းသောရုပ်အပေါင်းကို ဓမ္မာယတနဟု ပိုင်းခြား၍ ရှု၏။

ဤဆိုခဲ့သော အာယတန ၁၂ ပါးတို့တွင် ဆယ်ခုခွဲသောအာယတနတို့သည် ရုပ်တည်း။ တစ်ခုခွဲသောအာယတနတို့သည် နာမ်တည်းဟူ၍ ယောဂီသည် ၁၂ ပါးသော အာယတနတို့၏အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ရှု၏။

- **၅ ခန္ဓာငါးပါးအလိုအားဖြင့် ရှုနည်း**

တစ်ဖန်ယောဂီသည် အာယတနထက်သာ၍ကျဉ်းစွာ ခန္ဓာတို့၏အစွမ်းဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍ရှု၏။ ရှုပုံမှာ –

စတုသမုဋ္ဌာန် – မဟာဘုတ် ၄ ပါး၊

စတုသမုဋ္ဌာန် – မဟာဘုတ်တို့ကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ (၄ ပါး)၊

ကမ္မသမုဋ္ဌာန် – ပသာဒရုပ် ၅ ပါး၊ ဟဒယဝတ္ထုရုပ် ၁ ပါး၊

ကမ္မသမုဋ္ဌာန် – ဘာဝရုပ် ၁ ပါး၊ ဇီဝိတရုပ် ၁ ပါး၊

စိတ္တဥတုသမုဋ္ဌာန် – သဒ္ဒရုပ် ၁ ပါး (စုစုပေါင်း ၁၇ ပါး)၊

ဤ ၁၇ ပါးသောရုပ်တို့သည် သမ္မသနဉာဏ်ဖြင့်သုံးသပ်နိုင်သောကြောင့် **သမ္မသနုပဂရုပ်** မည်ကုန်၏။ အကြောင်းတို့ဖြင့်တိုက်ရိုက်ပြီးသောကြောင့် **နိပ္ဖန္နရုပ်** မည်ကုန်၏၊ ရုပ်အစစ်များ ဖြစ်သောကြောင့် **ရူပရုပ်**မည်ကုန်၏။

**မှတ်ချက်** – ဤရုပ်တို့သည် **နိပ္ဖန္နရုပ်** (ဝါ) **သမ္မသနုပဂရုပ် ၁၈ ပါး**ပင်ဖြစ်သည်။ ဣတ္ထိဘာဝရုပ် နှင့် ပုမ္ဘာဝရုပ်တို့အနက် ယောဂီ၏ဘာဝရုပ် ၁ ပါးကိုသာ ယူထားသောကြောင့် ရုပ် ၁၇ ပါးဖြစ်နေသည်။

**အနိပ္ဖန္နရုပ်** (ဝါ) **သမ္မသနုပဂရုပ် ၁၀ ပါးမှာ**

- ကာယဝိညတ်, ဝစီဝိညတ်ဟူသော ဝိညတ်ရုပ် ၂ ပါး၊
- အာကာသဓာတ်ခေါ် ပရိစ္ဆေဒရုပ် ၁ ပါး၊
- ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာဟူသောရုပ် ၃ ပါး၊
- ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာဟူသော လက္ခဏာရုပ် ၄ ပါး၊

ဤ ၁၀ ပါးသောရုပ်တို့သည် သမ္မသနဉာဏ်ဖြင့် မသုံးသပ်အပ်သောကြောင့် **အသမ္မသနုပဂရုပ်**မည်၏၊ ကံ, စိတ်, ဥတု, အာဟာရအကြောင်း ၄ ပါးတို့မဖြစ်စေအပ်သောကြောင့် **အနိပ္ဖန္နရုပ်**မည်၏၊ သီးသန့်ရုပ်အစစ်မဟုတ်သောကြောင့် **အရူပရုပ်**မည်၏။ ထို့ကြောင့် သမ္မသနုပဂရုပ်မဟုတ်၊ နိပ္ဖန္နရုပ်မဟုတ်၊ ရူပရုပ်မဟုတ်ကုန်။ သို့သော်လည်း **ရုပ်အစစ်တို့၏ အခြင်းအရာမျှ, ထူးခြားသောအမူအရာမျှ, အကြားဖြစ်သော ပိုင်းခြားကြောင်းမျှဖြစ်သောကြောင့် ရုပ်ဟူသောရေတွက်ခြင်းသို့ ရောက်ကုန်၏။**

ဤဆိုခဲ့သော ၂၇ ပါးသော ရုပ်အလုံးစုံသည် ရူပက္ခန္ဓာတည်း၊ လောကီစိတ် ၈၁ ပါး နှင့်အတူတကွယှဉ်ဖြစ်သော ဝေဒနာအလုံးစုံသည် ဝေဒနာက္ခန္ဓာတည်း၊ ဤဝေဒနာတို့နှင့် ယှဉ်သော သညာအလုံးစုံသည် သညာက္ခန္ဓာတည်း၊ သင်္ခါရအလုံးစုံသည် သင်္ခါရက္ခန္ဓာတည်း၊

ဝိညာဏ်အလုံးစုံသည် ဝိညာဏက္ခန္ဓာတည်းဟူ၍ ပိုင်းခြားအပ်၏။

ဤဆိုခဲ့သော ရူပက္ခန္ဓာသည် ရုပ်တည်း၊ နာမ်ခန္ဓာလေးပါးတို့သည် နာမ်တည်းဟူ၍ ယောဂီသည် ခန္ဓာငါးပါးတို့၏အစွမ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

**• ၆ နာမ်ရုပ်အလိုအားဖြင့် ရှုနည်း**

အမှတ်မရှိသောရုပ်သည် ရှိ၏၊ ထိုအလုံးစုံသောရုပ်သည် မဟာဘုတ် ၄ ပါးနှင့် မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်တို့သာတည်းဟူ၍ ဤသို့အကျဉ်းအားဖြင့် မိမိ၏ အတ္တဘော (ခန္ဓာကိုယ်)၌ ရုပ်ကို ယောဂီသည်သိမ်းဆည်း၏။ ထို့အပြင် မနာယတနနှင့် မနာယတနတစ်စိတ်တစ်ဒေသကို နာမ်ဟုသိမ်းဆည်း၏။

ဤသို့လျှင် နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်းရှိ၏။ ဤနှစ်ပါးကို နာမ်ရုပ်ဟူ၍ အကျဉ်းအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြား၏။

**• နာမ်တရားထင်ရှားအောင် ရှုနည်း**

ယောဂီသည် ဖော်ပြခဲ့သောနည်းများဖြင့် ရုပ်ကိုသိမ်းဆည်းပြီးလျှင် နာမ်ကိုသိမ်းဆည်းသောအခါ နာမ်သည် သိမ်မွေ့သောကြောင့် အကယ်၍ မထင်ရှားဘဲရှိငြားအံ့၊ ထိုယောဂီသည် လက်မလျှော့ဘဲ ရုပ်ကိုသာလျှင် လက္ခဏ, ရသစသည်ဖြင့် အဖန်ဖန်သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏။

ဤသို့ရှုပွားသောယောဂီအား ရုပ်သည် ကောင်းစွာဆေးကြောသုတ်သင်အပ်သည်ဖြစ်၍ အရှုပ်အထွေးမရှိ၊ ကောင်းစွာထက်ဝန်းကျင်စင်ကြယ်လာ၏။ ဤသို့ရုပ်၌ အသိဉာဏ် သန့်ရှင်းစင်ကြယ်လာသောအခါ ထိုရုပ်ကို အာရုံပြုသောနာမ်တရားတို့သည် အလိုလို ထင်ရှားပေါ်လွင်လာကြကုန်၏။

**မှန်နှင့်မျက်နှာရိပ်ဥပမာ**

လူတစ်ယောက်သည် မစင်ကြယ်သောမှန်၌ မျက်နှာပုံရိပ်ကိုကြည့်သောအခါ မျက်နှာရိပ် သည် မထင်ရှားမပေါ်လွင်လျှင် ထိုလူသည် စိတ်မပျက်သင့်၊ မှန်ကိုလည်း မစွန့်ခွာသင့်ပါ။ ထိုမှန်ကိုသာ အဖန်ဖန်ပွတ်တိုက်သင့်၏။ မှန်စင်ကြယ်သောအခါ ထိုလူ၏မျက်နှာရိပ်သည် လည်း အလိုလိုပင် ထင်ရှားပေါ်လွင်လာသကဲ့သို့တည်း။

**ဆီကြိတ်သည့်ဥပမာ**

ဆီကိုအလိုရှိသောသူသည် နှမ်းမှုန့်ကို ဆီဆုံ၌ထည့်ပြီးလျှင် ရေနှင့်ဖြန်း၍ တစ်ကြိမ်နှစ်ကြိမ် ကြိတ်ကာမျှဖြင့် ဆီမထွက်လာသော် စိတ်မပျက်သင့်, လက်မလျှော့သင့်ပါ။ အမှန်အားဖြင့် သော်ကား ထိုနှမ်းမှုန့်ကို ရေနွေးအဖန်ဖန်ဖြန်း၍ နယ်လျှင်ကြိတ်လျှင် ကြည်လင်သော နှမ်းဆီသည် ထွက်လာသကဲ့သို့တည်း။

**ခပေါင်းရေကြည်စေ့ဥပမာ**

ရေနောက်ကိုကြည်လင်စေလိုသောသူသည် ခပေါင်းရည်ကြည်စေ့ကိုကိုင်၍ ရေအိုးထဲချကာ တစ်ကြိမ်နှစ်ကြိမ်အိုး၌ ပွတ်တိုက်သွေးကာမျှဖြင့် ရေမကြည်လာလျှင် ခပေါင်းရေကြည်စေ့ကို မစွန့်လွှတ်သင့်ပေ။ အမှန်အားဖြင့်သော်ကား ထိုခပေါင်းရေကြည်စေ့ကို အိုး၌ အဖန်ဖန်

ပွတ်တိုက်ကာသွေးသင့်၏။ ထိုသို့ပြုလုပ်လျှင် ညွှန်အနည်များ ကောင်းစွာထိုင်၍ ရေသည် သန့်ရှင်းကြည်လင်လာသကဲ့သို့တည်း။

**အခြားသောဥပမာများ** – ကြံရည်ညှစ်ခြင်း၊ ခိုးသူကိုအမှုစစ်ခြင်း၊ နွားကိုထမ်းပိုးကျင့်ခြင်း၊ နို့ဓမ်းမှဆီဦးထွက်ခြင်း၊ ငါးကိုဟင်းချက်ခြင်းစသည်တို့တည်း။

## • နာမ်တရားပေါ်လွင်ထင်ရှားလာရခြင်းအကြောင်း

အားထုတ်ခါစယောဂီအား ရုပ်တို့သည် မထင်ရှားသေးသောကြောင့် မစင်ကြယ်သည်မည်၏။ မျိုးတူ, မျိုးကွဲရုပ်များက တစ်စပ်တည်းဖြစ်၍ ရောယှက်နေသောကြောင့် ရှုပ်ထွေးနေသည်မည်၏။ ထင်ရှားသောရုပ်တို့ကို လက္ခဏ, ရသစသည်တို့ဖြင့် အဖန်ဖန်သုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ ပိုင်းခြားတတ်သောဉာဏ်ဖြင့် ပိုင်းခြားအပ်၏။

ဤသို့ ရုပ်ကိုအဖန်ဖန်ပိုင်းခြားရှုမှတ်နေလျှင် ရုပ်သည် ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးဖြစ်လာ၏၊ အရှုပ်အထွေးကင်း၍ ကောင်းစွာထက်ဝန်းကျင်စင်ကြယ်လာ၏၊ ထိုသို့ ရုပ်၌ အသိဉာဏ်သန့်ရှင်းကြည်လင်လာသောအခါ ထိုဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သည့် ကိလေသာတို့သည် အနည်ထိုင်သကဲ့သို့ ငြိမ်ဝပ်လာ၏၊ ညွှန်အနည်၏အထက်၌ရှိသော ရေကြည်ကဲ့သို့ စိတ်သည်ကြည်လင်လာ၏။ ထိုအခါ ထိုထိုရုပ်ကို အာရုံပြုသောနာမ်တရားတို့သည် အလိုလိုပင် ထင်ရှားပေါ်လွင်လာကြ၏။

## • နာမ်တရားထင်ရှားပေါ်လွင်လာပုံ ၃ နည်း

ရုပ်ကို သိမ်းဆည်းမှုကောင်းစွာစင်ကြယ်ပြီးသောယောဂီအား နာမ်တရားတို့သည် ဖဿ၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ ဝေဒနာ၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ ဝိညာဏ်၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ ထင်ရှားပေါ်လွင်လာကြ၏။

### (၁) ဖဿ၏အစွမ်းအားဖြင့် ထင်ပေါ်လာပုံ

ယောဂီတစ်ဦးသည် ''ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏၊ ခက်မာကြမ်းတမ်းသောသဘောသည် ပထဝီဓာတ်တည်း''ဟု စသောနည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းလတ်သော် ပထဝီဓာတ်စသည့် အာရုံသို့ ရှေးဦးစွာကျရောက်သော တွေ့ထိမှု–ဖဿသည် ထင်ပေါ်လာ၏။ ဖဿထင်ပေါ်လျှင် ထိုဖဿနှင့်ယှဉ်သောဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာတည်း၊ ဖဿနှင့်တကွ စေတနာသည် သင်္ခါရက္ခန္ဓာတည်း၊ စိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ဤသို့ထင်ပေါ်ကြ၏။

ထို့အတူ ဆံပင်, ထွက်သက်ဝင်သက် စသည့်ကောဋ္ဌာသ ၄၂ ပါးတို့၌လည်း ဖဿ၏အစွမ်းဖြင့် နာမ်တရားတို့သည် ထင်ပေါ်လာကြ၏။

### (၂) ဝေဒနာ၏အစွမ်းအားဖြင့် ထင်ပေါ်လာပုံ

တစ်ဦးသောယောဂီသည် ''ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏'' ဟု စသောနည်းဖြင့် ဓာတ်တို့ကိုသိမ်းဆည်းလတ်သော် ပထဝီစသည့် အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာဟူသည့် ဝေဒနာက္ခန္ဓာသည် ထင်ပေါ်လာ၏။ ဝေဒနာထင်လျှင် ထိုဝေဒနာနှင့်ယှဉ်သော သညာသည် သညာက္ခန္ဓာတည်း၊ ထိုဝေဒနာနှင့်ယှဉ်သော ဖဿနှင့်

တကွစေတနာသည် သင်္ခါရက္ခန္ဓာတည်း၊ စိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ဤသို့ထင်ပေါ် လာကြ၏။

ထို့အတူ ဆံပင်, ထွက်သက်ဝင်သက်စသည့် ကောဋ္ဌာသ ၄၂ ပါးတို့၌လည်း ဝေဒနာ၏ အစွမ်းဖြင့် နာမ်တရားတို့ ထင်ပေါ်လာကြ၏။

## (၃) ဝိညာဏ်၏အစွမ်းအားဖြင့် ထင်ပေါ်လာပုံ

တစ်ဦးသောယောဂီသည် ''ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းခြင်းလက္ခဏာရှိ၏'' ဟု စသောနည်းဖြင့် ဓာတ်တို့ကို သိမ်းဆည်းလတ်သော် ပထဝီစသည့်အာရုံကို သိတတ်သော ဝိညာဏ်ဟူသည့် ဝိညာဏက္ခန္ဓာသည် ထင်ပေါ်လာ၏။ ဝိညာဏ်ထင်လျှင် ထိုဝိညာဏ်နှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာတည်း၊ ဖဿသည် လည်းကောင်း, စေတနာသည်လည်းကောင်း သင်္ခါရက္ခန္ဓာတည်း၊ ဤသို့ထင်ပေါ်လာကြ၏။

ထို့အတူ ဆံပင်, ထွက်သက်ဝင်သက်စသည့် ကောဋ္ဌာသ ၄၂ ပါးတို့၌လည်း ဝိညာဏ်၏ အစွမ်းအားဖြင့် နာမ်တရားတို့သည် ထင်ပေါ်လာကြ၏။

## • ရုပ်ကိုသိမ်းဆည်းမှုကောင်းစွာစင်ကြယ်ပြီးမှ နာမ်သိမ်းဆည်းမှုကို အားထုတ်သင့်ပုံ

ဆိုခဲ့ပြီးသည့်အတိုင်း ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာစင်ကြယ်ပြီးမှသာလျှင် နာမ်သိမ်းဆည်းမှုကို အားထုတ်အပ်ပေ၏။ ရုပ်ကိုသိမ်းဆည်းမှု ကောင်းစွာမစင်ကြယ်သော ယောဂီသည် နာမ်ကိုသိမ်းဆည်းရန် အားမထုတ်အပ်ပေ။ အပြစ်ကား အကယ်၍ ရုပ်တရား တစ်ခုနှစ်ခုထင်သဖြင့် ရုပ်ကိုစွန့်လွှတ်၍ နာမ်ကိုသိမ်းဆည်းရန် အားထုတ်ခဲ့သော် ကမ္မဋ္ဌာန်းမှ လက်လွတ်ဆုံးရှုံးသွားတတ်၏။

**ဥပမာ မညီညာသော တောင်၌ကျက်စားသည့် မကျွမ်းကျင်သောနွားမသည်** ရှေ့ခြေကို ခိုင်မြဲစွာမစွဲထားမီ နောက်ခြေကိုကြွလိုက်လျှင် တောင်ပေါ်မှကျကာသေဆုံးရသဖြင့် မရောက် ဖူးသောအရပ်သို့လည်း မရောက်ရ၊ မစားဖူးသောမြက်ကိုလည်း မစားရ၊ မိမိ၏နေရာဟောင်း သို့လည်း ပြန်မရောက်နိုင်သကဲ့သို့တည်း။ ရုပ်သိမ်းဆည်းမှုကောင်းစွာ စင်ကြယ်ပြီးမှ နာမ်ကိုသိမ်းဆည်းရန် အားထုတ်သောယောဂီအား ကမ္မဋ္ဌာန်းသည် တိုးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်တတ်ပေ၏။

## • နာမ်ရုပ်မှတစ်ပါးသော သတ္တဝါသည်မရှိ

ထိုယောဂီသည် ဖဿစသည်တို့၏အစွမ်းအားဖြင့် ထင်ပေါ်လာသော နာမ်ခန္ဓာ ၄ ပါးကို နာမ်ဟုပိုင်းခြား၏။ ထိုနာမ်ခန္ဓာတို့၏ အာရုံဖြစ်ကုန်သော မဟာဘုတ် ၄ ပါးနှင့် မဟာဘုတ်တို့ကိုမှီ၍ဖြစ်သည့် ဥပါဒါရုပ်တို့ကို ရုပ်ဟုပိုင်းခြား၏။ ဤဆိုခဲ့သောနည်းဖြင့်ပင် ဓာတ် ၁၈ ပါး, အာယတန ၁၂ ပါး, ခန္ဓာငါးပါးဟူသော တေဘူမက (ဘုံသုံးပါး၌ဖြစ်သည့်) တရားအလုံးစုံကို သန်လျက်ဖြင့် သေတ္တာကြုတ်ကို ဖွင့်လှစ်သကဲ့သို့၊ ထန်းမြစ်ကို နှစ်ခြမ်းခွဲ လိုက်သကဲ့သို့ နာမ်နှင့်ရုပ်ဟူ၍သာလျှင် ၂ ပါးအပြားအားဖြင့် ပိုင်းခြားဆုံးဖြတ်၏။ နာမ် ရုပ်မှတစ်ပါးသော သတ္တဝါ, ပုဂ္ဂိုလ်, နတ်, ဗြဟ္မာစသည်တို့ မရှိကြောင်းကို တိကျစွာ ဆုံးဖြတ်ခြင်းသို့ ရောက်၏။

**• သုတ္တန်များစွာတို့နှင့် နီးနှောခြင်း**

ထိုယောဂီသည် နာမ်နှင့်ရုပ်ကို မဖောက်မပြန် မှန်ကန်သောသဘောအားဖြင့် ပိုင်းခြား ပြီးလျှင် –

(၁) ''သတ္တဝါ, ပုဂ္ဂိုလ်'' ဟူသော လောကဝေါဟာရ, အမည်ပညတ်ကို သာ၍ကောင်းစွာ ပယ်ခြင်းအကျိုးငှာလည်းကောင်း၊

(၂) ''သတ္တဝါဟု တွေဝေအသိများသော မောဟကို ကျော်လွန်ခြင်းအကျိုးငှာလည်းကောင်း၊

(၃) မတွေမဝေသိသောဉာဏ်အဆင့်၌ စိတ်ကိုထားခြင်းအကျိုးငှာလည်းကောင်း၊ များစွာသော သုတ္တန်တို့နှင့်နီးနှောပြပေအံ့။

**ဝဇိရာထေရီမ၏ရထားဥပမာ**

''ဝင်ရိုး, ရထားဘီး, ရထားအိမ်စသော အစိတ်အပိုင်းအပေါင်း၏အဆောက်အဦကို စွဲမှီ၍ ရထားဟူသောအမည် ဖြစ်သကဲ့သို့ ခန္ဓာငါးပါးအပေါင်းအစုရှိလျှင် သတ္တဝါဟူသော အမည်ပညတ်သည် ဖြစ်၏။

**အရှင်သာရိပုတ္တရာ၏အိမ်ဥပမာ**

''ငါ့ရှင်တို့ – သစ်သား, နွယ်, မြေညက်, သက်ကယ်, မြက်တို့ကိုစွဲမှီ၍ ဝန်းရံလျက် တည်သော ဟင်းလင်းပြင်အာကာသကို အိမ်ဟုခေါ်ဝေါ်အပ်သကဲ့သို့၊ ထို့အတူ အရိုး, အကြော, အသား, အရေတို့ကိုစွဲမှီ၍ ဝန်းရံလျက်တည်သော ဟင်းလင်းပြင်အာကာသကို ရုပ်ကိုယ်ဟု ခေါ်ဝေါ်အပ်ပေ၏။

**ဝဇိရာထေရီမ၏ဟောပြောချက်**

''ဆင်းရဲသည်သာလျှင် ဖြစ်ပေါ်လာ၏၊ ဆင်းရဲသည်သာလျှင် တည်ရှိ၏၊ ဆင်းရဲသည် သာလျှင် ပျက်စီးပျောက်ကွယ်၏၊ ဆင်းရဲမှတစ်ပါး တခြားတစ်စုံတစ်ခုမျှ မဖြစ်ပေါ်လာချေ၊ ဆင်းရဲမှတစ်ပါး အခြားတစ်စုံတစ်ခုမျှ မချုပ်ပျောက်ချေ။''

**• နာမ်ရုပ်ကို ဥပမာတို့ဖြင့်ပြခြင်း**

ဤသို့လျှင် အရာမကသောသုတ်တို့ဖြင့် နာမ်နှင့်ရုပ်ကိုသာပြ၏၊ သတ္တဝါ, ပုဂ္ဂိုလ်တို့ကိုကား မပြချေ။ ဥပမာအားဖြင့်–

**ရထားဥပမာ** – ဝင်ရိုး, ရထားဘီး, ရထားအိမ်စသော အစိတ်အပိုင်းတို့၏အဆောက်အဦ သည် တစ်ခုတည်း, တစ်ပေါင်းတည်းအခြင်းအရာဖြင့်တည်နေလတ်သော် **ရထား** ဟူသော အမည်သည်ဖြစ်၏။ စင်စစ်မူကား အစိတ်အပိုင်းတစ်ခုစီကို ကြည့်ရှုဆင်ခြင်လျှင် ရထားမည်သည်မရှိချေ။

**အိမ်ဥပမာ** – သစ်သားစသောအိမ်၏အစိတ်အပိုင်းတို့သည် တစ်ခုတည်း, တစ်ပေါင်းတည်း အခြင်းအရာအားဖြင့် ဟင်းလင်းပြင်အရပ်ကို ကာရံ၍တည်သော် **အိမ်**ဟူသောအမည် ဝေါဟာရသည်ဖြစ်၏။ စင်စစ်မူကား အစိတ်အပိုင်းတစ်ခုစီကို ကြည့်ရှုဆင်ခြင်လျှင် အိမ် မည်သည် မရှိချေ။

**လက်သီးဆုပ်** – လက်ချောင်း, လက်မ, လက်ညှိုးစသည်တို့သည် တစ်ခုတည်း, တစ်

ပေါင်းတည်းသောအခြင်းအရာဖြင့် တည်နေသည့်အခါ '**လက်သီးဆုပ်**' ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။

**စောင်းဥပမာ** – စောင်းခွက်, စောင်းညှို့စသည်တို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသော အခြင်းအရာဖြင့် တည်နေသည့်အခါ '**စောင်း**' ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။

**စစ်တပ်ဥပမာ** – ဆင်တပ်, မြင်းတပ်စသည်တို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသော အခြင်းအရာဖြင့်တည်နေလျှင် '**စစ်တပ်**' ဟူသောအမည်ဝေါဟာရမျှသည် ဖြစ်၏။

**မြို့ဥပမာ** – မြို့ရိုး, တံတိုင်း, တံခါးမုခ်စသည်တို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသော အခြင်းအရာဖြင့်တည်နေလျှင် '**မြို့**' ဟူသောအမည်ဝေါဟာရမျှသည် ဖြစ်၏။

**သစ်ပင်ဥပမာ** – ပင်စည်, အကိုင်း, အခက်, အရွက်စသည်တို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသောအခြင်းအရာဖြင့် တည်ကုန်လတ်သော် '**သစ်ပင်**' ဟူသောအမည် ဝေါဟာရမျှသည် ဖြစ်၏။ စင်စစ်ဟုတ်မှန်သော အနက်သဘောအားဖြင့် ပင်စည်, အကိုင်း, အခက်စသည်တို့ကို ခွဲထုတ်၍ တစ်ခုစီကိုကြည့်ရှုဆင်ခြင်လျှင် သစ်ပင်မည်သည် မရှိချေ။

- **ယထာဘူတဉာဏ်အမြင်ဖြစ်ပေါ်ခြင်း**

ထို့အတူပင် ဥပါဒါနက္ခန္ဓာတို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသောအခြင်းအရာဖြင့် တည်နေလတ်သော် '**သတ္တဝါ, ပုဂ္ဂိုလ်**' ဟူသော အမည်ဝေါဟာရမျှသည်ဖြစ်၏။ စင်စစ် ဟုတ်မှန်သောအနက်သဘောအားဖြင့် ဥပါဒါနက္ခန္ဓာဟူသည့် ရုပ်, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသည်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ တစ်ခုစီကိုကြည့်ရှုဆင်ခြင်လျှင် ရုပ်နာမ် တို့သာရှိ၍ သတ္တဝါ, ပုဂ္ဂိုလ် မရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် ''အသ္မိ = ငါဖြစ်၏'', ''အဟံ = ငါ''ဟူ၍ စွဲလမ်းခြင်း (ဂါဟ) ၏တည်ရာဖြစ်သော သတ္တဝါမည်သည်မရှိချေ။ စင်စစ်ဟုတ်မှန်သော အနက်သဘောအားဖြင့် နာမ်နှင့်ရုပ်သာရှိသည်ကို သိမြင်၏။ ဤသို့ မြင်သောယောဂီ၏အမြင်သည် ''**ဟုတ်တိုင်းမှန်စွာမြင်သောဉာဏ်အမြင်**'' (**ယထာဘူတ ဉာဏ်**) မည်ပေ၏။

ဤဉာဏ်အမြင်ကိုရရှိပါက ''အသ္မိ = ငါဖြစ်၏'', ''အဟံ = ငါ''ဟု စွဲလမ်းခြင်းဖြစ်သော တဏှာ, မာန, ဒိဋ္ဌိဟူသည့် မိစ္ဆာဂါဟများစင်ကြယ်ပါသည်။

**အမြင်မှန်မရလျှင် အယူမှားသို့ကျရောက်သည်**

ဟုတ်တိုင်းမှန်စွာမြင်သောဉာဏ်အမြင်မရှိသူသည် ''သတ္တဝါသည် စင်စစ်ရှိ၏''ဟု ယူ၏။ ထိုသူသည် သတ္တဝါဟူသော အတ္တကောင်၏ပျက်စီးခြင်းကိုဖြစ်စေ၊ မပျက်စီးခြင်းကိုဖြစ်စေ၊ တစ်ခုခုကိုလက်ခံခွင့်ပြုရာ၏။ အကယ်၍ မပျက်စီးခြင်းကိုလက်ခံလျှင် **သဿတဒိဋ္ဌိ = တည်မြဲအယူမှား**၌ ကျရောက်၏။ အကယ်၍ ပျက်စီးခြင်းကိုလက်ခံလျှင် **ဥစ္ဆေဒဒိဋ္ဌိ = ပြတ်စဲအယူမှား**၌ ကျရောက်၏။

**သဿတဒိဋ္ဌိ**သည် သတ္တဝါဟုခေါ်သော အတ္တကောင်က ပျက်စီးခြင်းမရှိဘဲ တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကျင်လည်နေသည်ဟု ယူ၏။

**ဥစ္ဆေဒဒိဋ္ဌိ**သည် သတ္တဝါသေသောအခါ လုံးလုံးပျက်စီးသွားသည်, အကြွင်းမဲ့ပြတ်စဲသွားသည်ဟု ယူ၏။ အတ္တ၏အရှိန်အဝါတစ်စုံတစ်ခုမျှမကျန်ဘဲ လုံးဝပျောက်ပျက်သွားသည်ဟု ယူ၏။

- **မဇ္ဈိမပဋိပဒါသမ္မာဒိဋ္ဌိအယူမှန်**

**သမ္မာဒိဋ္ဌိ**အယူမှန်၌ကား သတ္တဝါဟုခေါ်သော လက်ရှိရုပ်နာမ်အစဉ်ပျက်စီး၍ သေသွားသောအခါ အတ္တကောင်မရှိသော်လည်း တဏှာမကင်းသေးလျှင် မိမိပြုထားသောကံ၏အစွမ်းကြောင့် ရုပ်နာမ်အသစ်ဖြစ်ပေါ်လျက် ဘဝသစ်ဆက်ဖြစ်သွားသည်ဟုယူ၏။ သို့အတွက် ဥစ္ဆေဒအယူ၌လည်း မကျရောက်ပေ။

ဤဘဝမှ အတ္တကောင်, အသက်ကောင်သည်ပင် နောက်ဘဝသို့ပြောင်းသွားသည်ဟု မယူမူ၍ ''ကံ၏အစွမ်းကြောင့် ရုပ်နာမ်အသစ်ဖြစ်သွားသည်'' ဟူ၍သာ ယူသောကြောင့် သဿတအယူမှားသို့လည်း မကျရောက်ပေ။ မျက်မှောက်ဘဝတွင် အသက်ရှင်နေစဉ်အခါ၌လည်း ရုပ်နာမ်အစဉ်မျှသာရှိသည်၊ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တကောင်ဟူ၍ စင်စစ်အားဖြင့် မရှိချေ။ သေသောအခါ၌လည်း တဏှာမကင်းသေးလျှင် အကြောင်းကံကြောင့် ရုပ်နာမ်အသစ်ဖြစ်လျက် ရုပ်နာမ်အစဉ်မျှသာ ဆက်ဖြစ်သွားသည်၊ သတ္တဝါ, အတ္တကောင်ရွှေ့ပြောင်းသွားသည် မဟုတ်ပါ။

တဏှာ, အဝိဇ္ဇာကင်းသော ရဟန္တာတို့ ပရိနိဗ္ဗာန်ပြုသောအခါ အကြောင်းမရှိသောကြောင့် ရုပ်နာမ်အသစ်ဖြစ်မလာဘဲ ရုပ်နာမ်အစဉ်ပြတ်စဲသွားရုံမျှသာ ဖြစ်၏။ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တကောင်ပျောက်ပျက်သွားသည်မဟုတ်ချေ။ ဤသို့မှန်ကန်စွာသိသောကြောင့် **မဇ္ဈိမပဋိပဒါ သမ္မာဒိဋ္ဌိ**ဟု တည်ပေ၏။

## မြတ်စွာဘုရား၏မိန့်ကြားချက်

*''ရဟန်းတို့ – နတ်နှင့်လူတို့သည် သဿတနှင့်ဥစ္ဆေဒဟူသည့် နှစ်ပါးသော မိစ္ဆာအယူတို့ဖြင့် လွှမ်းမိုးနှိပ်စက်ခံရသည်ဖြစ်၍ သဿတအယူရှိသူတို့က တွန့်ဆုတ်ကုန်၏၊ ဥစ္ဆေဒအယူရှိသူတို့က ကျော်လွန်၍ သွားကုန်၏။ ဉာဏ်မျက်စိရှိသူတို့သာလျှင် မြင်ကုန်၏။*

*''ရဟန်းတို့ – အချို့က အဘယ်သို့တွန့်ဆုတ်နေကုန်သနည်းဟူမူ အချို့သော နတ်လူတို့သည် ဘဝလျှင် မွေ့လျော်ရာရှိကုန်၏၊ ဘဝ၌ ပျော်မွေ့ကုန်၏၊ ဘဝ၌ ဝမ်းမြောက်ကျေနပ်နေကုန်၏။ ထိုသူတို့အား ဘဝချုပ်ရန်အလို့ငှာ တရားကိုဟောသည်ရှိသော် သူတို့၏စိတ်သည် တရား၌မဝင်စား, မယုံကြည်, ကောင်းစွာမတည်, နှလုံးမသွင်းဘဲ တွန့်ဆုတ်နေကုန်၏။*

*''ရဟန်းတို့ – အချို့က အဘယ်သို့ ကျော်လွန်၍သွားကုန်သနည်းဟူမူ အချို့သော နတ်လူတို့သည် ဘဝဖြင့်ပင်လျှင် နှိပ်စက်ခံရသကဲ့သို့ ဆင်းရဲကုန်သည်ဖြစ်၍ ရှက်ကုန်သည် စက်ဆုပ်ရွံရှာကုန်သည်ဖြစ်၍ ဘဝကင်းပြတ်ခြင်းကို နှစ်သက်လိုလားကုန်၏။ 'အချင်းတို့–အကြင်အခါ၌ ဤအတ္တကောင်သည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်စဲသွား၏၊ ပျက်စီးသွား၏၊ သေသည်မှနောက်၌ မရှိတော့ချေ။ ဤပြတ်စဲခြင်း, ပျက်စီးခြင်း, မရှိခြင်းသည် ငြိမ်းအေးပေ၏၊ ကောင်းမြတ်ပေ၏၊ ဤပြတ်စဲခြင်း, ပျက်စီးခြင်း, မရှိခြင်းသည် မဖောက်*

*မပြန်မှန်ကန်ပေ၏’ဟု နှစ်သက်လိုလားကုန်၏။ ရဟန်းတို့ - ဤသို့ပင်လျှင် အချို့က ကျော်လွန်သွားကုန်၏။*

*“ရဟန်းတို့ - အဘယ်သို့လျှင် ဉာဏ်မျက်စိရှိသူတို့သည် မြင်ကုန်သနည်းဟူမူ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်ပေါ်သော ခန္ဓာငါးပါးတရားကို ဖြစ်ပေါ်သောတရားဟု မြင်၏၊ ထိုသို့မြင်ပြီး၍ ဖြစ်ပေါ်သောခန္ဓာငါးပါးတရား၌ ငြီးငွေ့ခြင်းငှာ တပ်မက်ကင်းခြင်းငှာ, ထိုတရား၏ချုပ်ငြိမ်းခြင်းငှာ ကျင့်၏။ ရဟန်းတို့ - ဤသို့လျှင် ဉာဏ်မျက်စိရှိသူတို့သည် မြင်ကုန်၏”* ဟု ဟောတော်မူ၏။

## • သစ်သားစက်ရုပ်ဥပမာ

သစ်သားစက်ရုပ်သည် အတ္တမှဆိတ်သုဉ်း၏၊ အသက်မရှိ၊ အားထုတ်မှုဗျာပါရမရှိ၊ သို့သော် သစ်သားနှင့်ကြိုးတို့ဖြင့်ပြုလုပ်ထားသော စက်ယန္တရား၏အစွမ်းကြောင့် သွားလည်းသွား၏၊ ရပ်လည်းရပ်၏၊ ကြောင့်ကြစိုက်မှုဗျာပါရနှင့် အားထုတ်မှုရှိသကဲ့သို့ ထင်ရ၏။

ထို့အတူပင် ဤနာမ်နှင့်ရုပ်သည်လည်း အတ္တမှဆိတ်သုဉ်း၏၊ အသက်မရှိ၊ အားထုတ်မှု ဗျာပါရမရှိ၊ သို့သော်လည်း နာမ်နှင့်ရုပ်အချင်းချင်းစပ်ယှဉ်ဆက်သွယ်သည့်အစွမ်းဖြင့် သွားလည်းသွား၏၊ ရပ်လည်းရပ်၏၊ အားထုတ်မှု, ကြောင့်ကြစိုက်မှု ဗျာပါရရှိသကဲ့သို့ ထင်ရ၏။

ထို့ကြောင့် ရှေးဆရာတို့သည် - *“ဤလောက၌ နာမ်ရော ရုပ်ရော အမှန်ရှိပေ၏၊ ဤနာမ်ရုပ် နှစ်ပါးထဲ၌ သတ္တဝါလည်းမရှိ၊ လူလည်းမရှိပေ။ ဤနာမ်ရုပ်သည် သစ်သားနှင့် ကြိုးတို့ဖြင့် ပြုလုပ်ထားသောစက်ရုပ်ကဲ့သို့ပင် အတ္တမှဆိတ်သုဉ်း၏၊ ဆင်းရဲအစုအပုံမျှ သာတည်း၊ အတ္တမှဆိတ်သုဉ်းသဖြင့် မြက်ပင်, သစ်သားတို့နှင့်သာ တူပေ၏”*ဟု မိန့်ဆိုကြသည်။

## • ကျူစည်းဥပမာ

နာမ်နှင့်ရုပ်သည် အချင်းချင်းမှီလျက် ထောင်၍တည်နေသော ကျူစည်းနှစ်စည်းနှင့်တူ၏။ တစ်ခုသောကျူစည်းသည် အခြားတစ်ခုသော ကျူစည်း၏အထောက်အပံ့ဖြစ်၏။ ကျူတစ်စည်းလဲကျလျှင် အခြားကျူစည်းသည်လည်း လဲကျ၏။

ထို့အတူပင် ခန္ဓာငါးပါးရှိသောဘဝ၌ နာမ်နှင့်ရုပ်သည် အချင်းချင်းမှီ၍ အချင်းချင်း ထောက်ပံ့၍ ဖြစ်နေကြ၏။ သေသည်၏အစွမ်းဖြင့် တစ်ခုပျက်ကျသော် ကျန်တစ်ခုလည်း ပျက်ကျလေတော့၏။ ထို့ကြောင့် ရှေးဆရာတို့က-

*“နာမ်နှင့်ရုပ်သည်စုံတွဲတည်း၊ အချင်းချင်းကိုမှီနေကြ၏၊ တစ်ပါးပျက်လတ်သော် အချင်းချင်း၏အကြောင်းဖြစ်ကုန်သောကြောင့် နှစ်ပါးလုံးပျက်လေတော့၏”*ဟု မိန့်ဆိုကြ၏။

## • စည်နှင့်စည်သံဥပမာ

စည်ကို လက်ခတ်တုတ်နှင့် တီးခေါက်သဖြင့် စည်ကိုမှီ၍ အသံဖြစ်လတ်သော် စည်ကတခြား အသံကတခြား၊ စည်နှင့်အသံတို့သည် မရောနှောကုန်၊ စည်သည် အသံမှ ဆိတ်သုဉ်း၏၊ အသံသည်လည်း စည်မှဆိတ်သုဉ်း၏။

ထို့အတူပင် ထတ္ထုဒွါရနှင့် အာရုံဟုဆိုအပ်သော ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်လတ်သော်

ရုပ်ကတခြား၊ နာမ်ကတခြား၊ နာမ်နှင့်ရုပ်တို့သည် မရောနှောကုန်၊ နာမ်သည်ရုပ်မှ ဆိတ်သုဉ်း၏၊ ရုပ်သည်လည်း နာမ်မှဆိတ်သုဉ်း၏၊ သို့သော် စည်ကိုမှီ၍ အသံဖြစ်ပေါ်လာသကဲ့သို့ ရုပ်ကိုမှီ၍ နာမ်ဖြစ်ပေါ်လာ၏။ ထို့ကြောင့် ရှေးဆရာတို့က–

*''မြင်သိမှုဆိုင်ရာနာမ်တရားတို့သည် မျက်စိမှဖြစ်ပေါ်လာသည်မဟုတ်ကုန်၊ အဆင်းမှဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်၊ မျက်စိနှင့်အဆင်းနှစ်ခုကြားမှ ဖြစ်ပေါ်လာသည်လည်း မဟုတ်ကုန်။ စင်စစ်သော်ကား မြင်သိမှုဆိုင်ရာနာမ်တရားတို့သည် မျက်စိ, အဆင်း, အလင်းရောင်, နှလုံးသွင်းမှုစသည့်အကြောင်းတရားကိုစွဲမှီ၍ဖြစ်ပေါ်လာကြကုန်၏။ ဥပမာအားဖြင့် စည်ကိုတီးခေါက်လိုက်သောအခါ စည်၏အသံဖြစ်ပေါ်လာပုံနှင့်တူ၏။ ပ ။*

*''ကြံသိမှုဆိုင်ရာနာမ်တရားတို့သည် နှလုံးရုပ် (ဟဒယဝတ္ထု)မှ ဖြစ်ပေါ်လာသည်မဟုတ်ကုန်၊ ဓမ္မာယတနတို့မှ ထွက်ပေါ်လာသည်လည်း မဟုတ်ကုန်။ စင်စစ်သော်ကား ကြံသိမှုဆိုင်ရာနာမ်တရားတို့သည် နှလုံး, သဘောအာရုံ, နှလုံးသွင်းမှုစသော အကြောင်းတရားကိုစွဲမှီ၍ ဖြစ်ပေါ်လာကြကုန်၏။ ဥပမာအားဖြင့် စည်ကိုတီးခေါက်လိုက်သည့်အခါ စည်၏အသံဖြစ်ပေါ်လာပုံနှင့်တူ၏'' ဟု မိန့်ဆိုကုန်၏။*

## • သီးခြားဖြစ်သောနာမ်နှင့်ရုပ်တို့တွင် အစွမ်းသတ္တိမရှိကြ

နာမ်ရုပ်နှစ်ပါးသည် သီးခြားစီဖြစ်လျှင် အစွမ်းသတ္တိမရှိကြ၊ မိမိတို့၏တန်ခိုးအစွမ်းဖြင့်ဖြစ်ခြင်းငှာမစွမ်းနိုင်။ နာမ်သည် မစားတတ်, မသောက်တတ်, မပြောဆိုတတ်, မသွားတတ်ပေ။ ရုပ်သည်လည်း စားလိုခြင်းမရှိ၊ သောက်လိုခြင်းမရှိ၊ ပြောလိုခြင်းမရှိ၊ သွားခြင်းစသည့် ဣရိယာပုထ်ကို ပြုလိုခြင်းမရှိပေ။

စင်စစ်သော်ကား နာမ်ကိုမှီ၍ ရုပ်သည်ဖြစ်နေ၏။ ရုပ်ကိုမှီ၍ နာမ်သည်ဖြစ်နေ၏၊ နာမ်က စားလိုလျှင် ရုပ်က စား၏၊ နာမ်က သောက်လိုလျှင် ရုပ်ကသောက်၏၊ နာမ်က ပြောဆိုလိုလျှင် ရုပ်ကပြောဆို၏၊ နာမ်က ဣရိယာပုထ်ကိုပြုလုပ်လျှင် ရုပ်က ဣရိယာပုထ်ကိုပြု၏။

## • သူကန်းနှင့်သူဆွံ့ဥပမာ

သူကန်းနှင့်သူဆွံ့တို့သည် တစ်ခုသောအရပ်သို့သွားလိုကြ၏။ သူကန်းက သူဆွံ့ကိုပြော၏– ''အချင်း မောင်ဆွံ့၊ ငါက ခြေနှင့်သွားတတ်တယ်၊ ဒါပေမယ့် မြင်နိုင်တဲ့မျက်စိမရှိလို့ အရပ်မျက်နှာကို ငါမသိဘူး''

သူဆွံ့ကပြန်ပြော၏ – ''အချင်းမောင်ကန်း၊ ငါက မျက်စိကောင်းတယ်၊ ကောင်းကောင်းမြင်နိုင်တယ်ဗျ၊ ဒါပေမယ့် ငါ့မှာ သွားနိုင်တဲ့ခြေမရှိဘူး''

သူကန်းက ဝမ်းမြောက်ရွှင်လန်းလျက် သူဆွံ့ကို ပခုံးပေါ်တင်လိုက်၏၊ သူဆွံ့က သူကန်း၏ ပခုံးပေါ်၌ထိုင်လျက် သွားရမည့်လမ်းကို ညွှန်ကြားပြောဆို၏။ ဤသို့ဖြင့် လိုရာခရီးသို့ရောက်ကြ၏။

ထိုသူနှစ်ဦးတွင် သူကန်းသည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မသွားလာနိုင်။ သူဆွံ့သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မ

သွားနိုင်။ သို့သော် သူကန်းနှင့်သူဆွံ့တို့သည် အချင်းချင်းကိုမှီ၍ ခရီးသွားခြင်းသည် မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာတည်း။

ထို့အတူပင် နာမ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့်မဖြစ်ပေါ်နိုင်၊ သွားခြင်း, စားခြင်း, ပြောဆိုခြင်းစသည်တို့ကို မပြုလုပ်နိုင်ပါ။ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်၊ မသွားတတ်, မစားတတ်, မပြောဆိုတတ်ပါ။ သို့သော် နာမ်နှင့်ရုပ်နှစ်ပါးသည် အချင်းချင်းကိုမှီ၍ ဖြစ်ပေါ်ခြင်းသည် လည်းကောင်း၊ မပြတ်ဖြစ်နေခြင်းသည်လည်းကောင်း၊ မရှိသည်မဟုတ်၊ ရှိသည်သာတည်း။

• **လူနှင့်လှေဥပမာ**

ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လှေကိုမှီ၍ သွားရသကဲ့သို့ ထို့အတူပင် နာမ်အပေါင်းသည် ရုပ်ကိုမှီ၍ ဖြစ်၏။

ပင်လယ်ရေကြောင်းခရီး၌ လှေသည် လူတို့ကိုမှီ၍ သွားရသကဲ့သို့ ထို့အတူပင် ရုပ်အပေါင်းသည် နာမ်ကိုမှီ၍ ဖြစ်၏။

ပင်လယ်ရေကြောင်းခရီး၌ လူနှင့်လှေတို့သည် အချင်းချင်းကိုမှီ၍ သွားကုန်သကဲ့သို့ ထို့အတူပင်လျှင် နာမ်နှင့်ရုပ်တို့သည် အချင်းချင်းကိုမှီ၍ ဖြစ်ကြ၏။

• **ဉာဏ်အမြင်၏စင်ကြယ်ခြင်း (*ဒိဋ္ဌိဝိသုဒ္ဓိ*)**

**အထက်တွင်ဆိုခဲ့သောနည်းအမျိုးမျိုးတို့ဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သော ယောဂီသည် သတ္တဝါဟူသည့်အမှတ်သညာကို ကျော်လွန်၍ မတွေမဝေသိသော အသမ္မောဟဉာဏ်အဆင့်၌တည်ကာ နာမ်နှင့်ရုပ်တို့ကို ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာသိမြင်လာတော့၏။ ဤသို့သိမြင်ခြင်းကို "ဒိဋ္ဌိဝိသုဒ္ဓိ = ဉာဏ်အမြင်၏ စင်ကြယ်ခြင်း, စင်ကြယ်သော ဉာဏ်အမြင်"ဟု သိအပ်၏။**

**ဒိဋ္ဌိဝိသုဒ္ဓိ၏ အမည်အမျိုးမျိုးမှာ –**

(၁) နာမရူပဝဝတ္ထာနဉာဏ် = နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်၊
(၂) သင်္ခါရပရိစ္ဆေဒဉာဏ် = သင်္ခါရတို့ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်၊
(၃) နာမရူပပရိဂ္ဂဟဉာဏ် = နာမ်နှင့်ရုပ်တို့ကို သိမ်းဆည်းတတ်သောဉာဏ်၊
(၄) နာမရူပပရိစ္ဆေဒဉာဏ် = နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်။

• **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ**

(၁၉၈၃, ၁၉၈၆, ၁၉၈၈, ၁၉၉၁, ၁၉၉၅, ၁၉၉၉, ၂၀၀၂, ၂၀၀၇, ၂၀၀၈, ၂၀၀၉, ၂၀၁၀ တို့၌ မမေးပါ)

**၁။ 'တရားရှာ ကိုယ်မှာတွေ့' ဟူသော စကားအတိုင်း မိမိ၏ဦးခေါင်းပေါ်၌ရှိသော ဆံပင်မှာ သမုဋ္ဌာန်လေးပါးအရ ရုပ်တရားပေါင်း ၄၄ ပါးဖြစ်ပေါ်လျက်ရှိကြောင်း သိသာအောင်ရေးပြခဲ့ပါ။** (၁၉၈၄၊ စမန ၂၀၁)

**အဖြေ – ဆံပင်၌ သမုဋ္ဌာန်လေးပါးအရ ရုပ်တရား ၄၄ ပါးဖြစ်ပုံမှာ –**

ကမ္မသမုဋ္ဌာန် – ကာယဒသကကလာပ် ၁ စည်း၌ ရုပ် ၁၀ ပါး
ကမ္မသမုဋ္ဌာန် – ဘာဝဒသကကလာပ် ၁ စည်း၌ ရုပ် ၁၀ ပါး
စိတ္တသမုဋ္ဌာန် – သြဇဋ္ဌမကကလာပ် ၁ စည်း၌ ရုပ် ၈ ပါး
ဥတုသမုဋ္ဌာန် – သြဇဋ္ဌမကကလာပ် ၁ စည်း၌ ရုပ် ၈ ပါး
အာဟာရသမုဋ္ဌာန် – သြဇဋ္ဌမကကလာပ် ၁ စည်း၌ ရုပ် ၈ ပါး
စုစုပေါင်း ကလာပ် ၅ စည်းမှ ရုပ်ပေါင်း ၄၄ ပါးဖြစ်ပါသည်။

**၂။ ရုပ်တရားနာမ်တရားတို့ကို ပိုင်းခြား၍ရှုသောယောဂီအား သိမ်မွေ့လှသဖြင့် နာမ်တရားမထင်ခဲ့သော် မည်ကဲ့သို့ပြုလုပ်ရမည်နည်း၊ ဥပမာဆောင်၍ ရှင်းလင်းအောင် ညွှန်ပြခဲ့ပါ။** (၁၉၈၅၊ စမန ၂၀၇)

**အဖြေ** – ရုပ်တရား နာမ်တရားတို့ကို ပိုင်းခြား၍ရှုသော ယောဂီအား သိမ်မွေ့လှသဖြင့် နာမ်တရား မထင်ခဲ့သော် ထိုယောဂီသည် စိတ်မပျက်ဘဲ လက်မလျှော့ဘဲ ရုပ်ကိုသာလျှင် လက္ခဏ, ရသစသည်အားဖြင့် အဖန်တလဲလဲသုံးသပ်အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏။

ဤသို့ရှုပွားသောယောဂီအား ရုပ်သည် ကောင်းစွာဆေးကြောသုတ်သင်အပ်သည်ဖြစ်၍ အရှုပ်အထွေးမရှိ၊ ကောင်းစွာထက်ဝန်းကျင်စင်ကြယ်လာ၏၊ ဤသို့ ရုပ်၌ အသိဉာဏ် သန့်ရှင်းစင်ကြယ်လာသောအခါ ထိုရုပ်ကိုအာရုံပြုသောနာမ်တရားတို့သည် အလိုလိုပေါ် လွင်ထင်ရှားလာကြကုန်၏။

ဥပမာကား လူတစ်ယောက်သည် မစင်ကြယ်သောမှန်၌ မျက်နှာပုံရိပ်ကိုကြည့်သည့်အခါ မျက်နှာရိပ်မထင်ရှားမပေါ်လွင်လျှင် ထိုလူသည် စိတ်မပျက်သင့်၊ မှန်ကိုလည်း မစွန့်ခွာသင့်ပါ။ ထိုမှန်ကိုသာ အဖန်ဖန်ပွတ်တိုက်သင့်၏၊ မှန်စင်ကြယ်သောအခါ ထိုလူ၏မျက်နှာရိပ် သည်လည်း အလိုလိုပင် ထင်ရှားပေါ်လွင်လာသကဲ့သို့တည်း။

**၃။ သင်ယခုရရှိထားသော အတ္တဘောကို ရှေးဆရာတော်ကြီးများ ဝိပဿနာရှုပွားပုံ နည်းဖြင့် သိသာရှုံပွားများပြပါ။** (၁၉၈၇၊ စမန ၂၁၆၊ ၂၁၇)

**အဖြေ** – ယခုရရှိထားသော အတ္တဘောကို ရှေးဆရာတော်ကြီးများ ဝိပဿနာရှုပွားပုံနည်း ဖြင့်သိသာရှုံပွားများပြရသော် –

''ဤလောက၌ နာမ်နှင့်ရုပ်တို့ အမှန်ရှိပေ၏၊ ဤနာမ်ရုပ်နှစ်ပါးထဲ၌ သတ္တဝါလည်းမရှိ၊ လူလည်းမရှိပါ။ ဤနာမ်ရုပ်သည် သစ်သားနှင့်ကြိုးတို့ဖြင့် ပြုလုပ်ထားသော စက်ရုပ်ကဲ့သို့ပင် အတ္တမှဆိတ်သုဉ်း၏၊ ဆင်းရဲအစုအပုံမျှသာတည်း၊ အတ္တမှဆိတ်သုဉ်းသဖြင့် မြက်ပင်, သစ်သားတို့နှင့်သာတူပေ၏'' ဟူ၍လည်းကောင်း၊

''နာမ်နှင့်ရုပ်သည် စုံတွဲတည်း၊ အချင်းချင်းကိုမှီနေကြ၏၊ တစ်ပါးပျက်လတ်သော် အချင်းချင်း၏အကြောင်းဖြစ်ကုန်သောကြောင့် နှစ်ပါးလုံးပျက်လေတော့၏''ဟူ၍လည်းကောင်း၊

နာမ်နှင့်ရုပ်သည် အချင်းချင်းမှီလျက် ထောင်၍တည်နေသော ကျူစည်းနှစ်စည်းနှင့်တူ၏၊

တစ်ခုသောကျူစည်းသည် အခြားတစ်ခုသော ကျူစည်း၏အထောက်အပံ့ဖြစ်၏၊ ကျူတစ်စည်းလဲကျလျှင် နှစ်စည်းလုံးလဲကျသကဲ့သို့တည်း။

တစ်ဖန် ''မြင်သိမှုဆိုင်ရာ နာမ်တရားတို့သည် မျက်စိမှဖြစ်ပေါ်လာသည်မဟုတ်ကုန်။ အဆင်းမှဖြစ်ပေါ်လာသည်လည်းမဟုတ်၊ မျက်စိနှင့်အဆင်းနှစ်ခုကြားမှ ဖြစ်ပေါ်လာသည်လည်းမဟုတ်ကုန်။ စင်စစ်သော်ကား မြင်သိမှုဆိုင်ရာနာမ်တရားတို့သည် မျက်စိ, အဆင်း, အလင်းရောင်, နှလုံးသွင်းမှုစသည့်အကြောင်းတရားကို စွဲမှီ၍ ဖြစ်ပေါ်လာကြကုန်၏။ ဥပမာအားဖြင့် စည်ကိုတီးခေါက်လိုက်သည့်အခါ စည်၏အသံဖြစ်ပေါ်လာသည်နှင့်တူ၏။

စည်ကိုမှီ၍ စည်သံဖြစ်လတ်သော် စည်ကတခြား၊ အသံကတခြား၊ စည်နှင့်အသံတို့ မရောနှောကြ၊ စည်သည် အသံမှဆိတ်သုဉ်း၏၊ အသံသည်လည်း စည်မှဆိတ်သုဉ်း၏။ ထို့အတူပင် ထွတ္ထုနှင့်ဒွါရဟူသော ရုပ်ကိုမှီ၍ နာမ်ဖြစ်လတ်သော် ရုပ်ကတခြား၊ နာမ်ကတခြား၊ နာမ်နှင့်ရုပ်တို့ မရောနှောကြ၊ နာမ်သည်ရုပ်မှဆိတ်သုဉ်း၏၊ ရုပ်သည်နာမ်မှဆိတ်သုဉ်း၏၊ သို့သော် စည်ကိုမှီ၍အသံဖြစ်လာသလို ရုပ်ကိုမှီ၍နာမ်ဖြစ်လာ၏။ ဤသို့ ဝိပဿနာရှုပွားရပါသည်။

**၄။ နိဗ္ဗာန်ကိုလိုလားသဖြင့် ဝိပဿနာတရားအားထုတ်ကြရာဝယ် အကယ်၍ရုပ်တရား၌ ဉာဏ်အမြင်မကြည်လင်မီ နာမ်တရားကိုကူးပြောင်း၍ ရှုမှတ်ပွားများသော ယောဂီပုဂ္ဂိုလ်အား ဖြစ်နိုင်သောအပြစ်များကို ညွှန်ပြဖြေဆိုပါ။** (၁၉၈၉၊ စမန ၂၀၉)

**အဖြေ** – နိဗ္ဗာန်ကိုလိုလားသဖြင့် ဝိပဿနာတရားအားထုတ်ကြရာဝယ် အကယ်၍ ရုပ်တရား၌ ဉာဏ်အမြင်မကြည်လင်မီ နာမ်တရားကို ကူးပြောင်း၍ ရှုမှတ်ပွားများသော ယောဂီအား ကမ္မဋ္ဌာန်းမှ လက်လွတ်ဆုံးရှုံးသွားတတ်၏။

ဥပမာ မညီညာသောတောင်၌ကျက်စားသည့် မကျွမ်းကျင်သောနွားမသည် ရှေ့ခြေကိုခိုင်မြဲစွာမစွဲထားမီ နောက်ခြေကို ကြွလိုက်လျှင် တောင်ပေါ်မှ လျှောကျကာ သေဆုံးရသဖြင့် မရောက်ဖူးသောအရပ်သို့လည်း မရောက်ရ၊ မစားဖူးသောမြက်ကိုလည်း မစားရ၊ မိမိ၏နေရာဟောင်းသို့လည်း ပြန်မရောက်နိုင်သကဲ့သို့တည်း။

ဤဥပမာနည်းတူ ရုပ်တရား၌ ဉာဏ်အမြင်မကြည်လင်မီ နာမ်တရားကိုကူးပြောင်း၍ ရှုမှတ်ပွားများလျှင် ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း နှစ်မျိုးလုံးမှ လက်လွတ်ဆုံးရှုံးရသော အပြစ်များ ဖြစ်နိုင်ပါသည်။

**၅။ မည်ကဲ့သို့မြင်တတ်–သိတတ်သောဉာဏ်သည် 'ယထာဘူတဉာဏ်' ဖြစ်ပါသနည်း၊ ယင်းဉာဏ်အမြင်ကို ရရှိပါက အဘယ်မိစ္ဆာဂါဟများ စင်ကြယ်ပါသနည်း၊ အများနားလည်အောင် ရှင်းပြပါ။** (၁၉၈၉၊ စမန ၂၁၀၊ ၂၁၁)

**အဖြေ** – ဝင်ရိုး, ရထားဘီး, ရထားအိမ်စသော အစိတ်အပိုင်းတို့၏အဆောက်အဦသည် တစ်ခုတည်း, တစ်ပေါင်းတည်းအခြင်းအရာဖြင့် တည်နေလတ်သော် ရထားဟူသော အမည်ပညတ်သည်ဖြစ်၏၊ စင်စစ်သော်ကား အစိတ်အပိုင်းတစ်ခုစီကို ကြည့်ရှုဆင်ခြင်လျှင် ရထားသည်မရှိချေ။

ထို့အတူပင် ဥပါဒါနက္ခန္ဓာတို့သည် တစ်ခုတည်း, တစ်ပေါင်းတည်းသောအခြင်းအရာဖြင့် တည်နေလတ်သော် '**သတ္တဝါ, ပုဂ္ဂိုလ်**'ဟူသော အမည်ဝေါဟာရမျှသည် ဖြစ်၏။ စင်စစ် ဟုတ်မှန်သောသဘောအားဖြင့် ဥပါဒါနက္ခန္ဓာတို့ကို ရုပ်, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်စသည့်အဖြစ်သို့ ခွဲခြမ်းစိတ်ဖြာ၍ တစ်ခုစီကို ကြည့်ရှုဆင်ခြင်လျှင် ရုပ်နာမ်တို့သာရှိ၍ ပုဂ္ဂိုလ်, သတ္တဝါမရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် 'အသ္မိ = ငါဖြစ်၏', 'အဟံ= ငါ' ဟူ၍စွဲလမ်းခြင်း (ဂါဟ) ၏တည်ရာ ဖြစ်သော သတ္တဝါမည်သည်မရှိချေ။ စင်စစ် ဟုတ်မှန်သောသဘောအားဖြင့် နာမ်နှင့်ရုပ်သာ ရှိသည်ကို သိမြင်၏။ ဤသို့ ယောဂီ၏**ဟုတ်တိုင်းမှန်စွာမြင်သိသောဉာဏ်သည် 'ယထာဘူတဉာဏ်'** မည်၏။

ဤဉာဏ်အမြင်ကို ရရှိပါက 'အသ္မိ = ငါဖြစ်၏', 'အဟံ= ငါ'ဟု စွဲလမ်းခြင်းဖြစ်သော တဏှာ, မာန, ဒိဋ္ဌိဟူသည့် မိစ္ဆာဂါဟများ စင်ကြယ်ကြပါသည်။

**၆။ ဝိပဿနာတရားပွားများသော ယောဂီသည် ရုပ်တရားကိုသိမ်းဆည်းပြီး နာမ်တရားကို သိမ်းဆည်းမရ၍ လက်မှိုင်ချပြီး ငြီးငွေ့နေသော် မည်သို့ပြုလုပ်ရမည်ကို ဥပမာပြ၍ အဋ္ဌကထာဆရာညွှန်ကြားခဲ့ပါသနည်း။ ဖြေဆိုပါ။**

(၁၉၉၀၊ စမန ၂၀၇)

**အဖြေ** – စာမျက်နှာ ၂၁၆ နံပါတ် ၂ အဖြေနှင့်တူပါသည်။

**၇။ အဘယ်ကို စိတ္တဝိသုဒ္ဓိခေါ်သည်ကို ဖြေဆိုပြီးလျှင် သမထယာဉ်ရှိသော ယောဂီပုဂ္ဂိုလ်တို့သိမ်းဆည်းရှုပွားရန် မဖြစ်နိုင်၍ ချန်ထားရသော သမထယာဉ်ကိုလည်း ဖော်ပြပါ။** (၁၉၉၀၊ စမန ၁၉၉၊ ၂၀၀)

**အဖြေ** – ဥပစာရသမာဓိနှင့်တကွ ဈာန်သမာပတ် ၈ ပါး (စတုက္ကနည်း)ကို စိတ္တဝိသုဒ္ဓိ ဟုခေါ်ပါသည်။

သမထယာဉ်ရှိသောယောဂီပုဂ္ဂိုလ်တို့ သိမ်းဆည်းရှုပွားရန်မဖြစ်နိုင်၍ ချန်ထားရသော သမထယာဉ်သည် နေဝသညာနာသညာယတနဈာန် ဖြစ်ပါသည်။

ဤဈာန်သည် အလွန်သိမ်မွေ့သောကြောင့် အားထုတ်ခါစယောဂီတို့ သိမ်းဆည်းရှုပွားရန် မဖြစ်နိုင်ပါ။

**၈။ ရေနောက်ကို ကြည်လင်စေလိုသောသူသည် ခပေါင်းရေကြည်စေ့ကို ရေအိုးထဲ၌ တစ်ကြိမ်၊ နှစ်ကြိမ်ပွတ်တိုက်ရုံမျှဖြင့် ရေမကြည်သေးလျှင် ခပေါင်းရေကြည်စေ့ကို မစွန့်ပစ်လိုက်သေး၊ အထပ်ထပ်ပွတ်တိုက်နေ၏၊ ထိုအခါ အနည်ထိုင်၍ ရေကြည်လာ၏။ ထိုလုပ်ထုံးလုပ်နည်းကို ပုံစံမှီး၍ အားထုတ်သောယောဂီ၌ တရားအစဉ်ဖြစ်ပေါ်နေပုံကို ရေးပြပါ။** (၁၉၉၃၊ စမန ၂၀၇၊ ၂၀၈)

အဖြေ – ယောဂီသည် နည်းအမျိုးမျိုးဖြင့် ရုပ်ကိုသိမ်းဆည်းပြီးလျှင် နာမ်ကိုသိမ်းဆည်းသော အခါ နာမ်သည် သိမ်မွေ့သောကြောင့် အကယ်၍မထင်ရှားဘဲ ရှိငြားအံ့၊ ထိုယောဂီသည် စိတ်မပျက်ဘဲ လက်မလျှော့ဘဲ ရုပ်ကိုသာလျှင် လက္ခဏာ, ရသစသည်ဖြင့် အဖန်ဖန်သုံးသပ်

အပ်၏၊ နှလုံးသွင်းအပ်၏၊ သိမ်းဆည်းအပ်၏၊ ပိုင်းခြားအပ်၏။ ရေအိုးထဲ၌ ခပေါင်းရေကြည်စေ့ကို မစွန့်ပစ်ဘဲ အထပ်ထပ်ပွတ်တိုက်သည်နှင့်တူ၏။

ဤသို့ရုပ်ကို အဖန်ဖန်ပိုင်းခြားရှုမှတ်နေလျှင် ရုပ်သည် ကောင်းစွာဆေးကြောသုတ်သင်အပ်ပြီးဖြစ်လာ၏။ အရှုပ်အထွေးကင်း၍ ကောင်းစွာထက်ဝန်းကျင်စင်ကြယ်လာ၏။ ထိုထိုရုပ်၌ အသိဉာဏ်သန့်ရှင်းကြည်လင်လာသောအခါ ထိုထိုဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သည့် ကိလေသာတို့သည် အနည်ထိုင်သကဲ့သို့ ငြိမ်ဝပ်လာ၏။ ညွှန်အနည်၏ အထက်၌ရှိသော ရေကြည်ကဲ့သို့ စိတ်သည်ကြည်လင်လာ၏။ ထိုအခါ ထိုထိုရုပ်ကို အာရုံပြုနေသော နာမ်တရားတို့သည် အလိုလိုပင် ထင်ရှားပေါ်လွင်လာကြ၏။ ဤသို့လျှင် ယောဂီ၌ တရားအစဉ်ဖြစ်ပေါ်၏။

**၉။ နာမ်တရားနှင့် ရုပ်တရားတို့ အချင်းချင်းအမှီပြုဖြစ်နေပုံကို လူနှင့်လှေတို့ကိုပမာထား၍ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသလာအတိုင်း ဖြေဆိုပါ။** (၁၉၉၄၊ စမန ၂၁၅)

**အဖြေ** – ပင်လယ်ရေကြောင်းခရီး၌ လူတို့သည် လှေကိုမှီ၍သွားရသကဲ့သို့ ထို့အတူပင်နာမ်အပေါင်းသည် ရုပ်ကိုမှီ၍ဖြစ်၏။ ပင်လယ်ရေကြောင်းခရီး၌ လှေသည် လူတို့ကို မှီ၍သွားရသကဲ့သို့ ထို့အတူပင် ရုပ်အပေါင်းသည် နာမ်ကိုမှီ၍ဖြစ်၏။

ပင်လယ်ရေကြောင်းခရီး၌ လူနှင့်လှေတို့သည် အချင်းချင်းကိုမှီ၍ သွားကုန်သကဲ့သို့ ထို့အတူပင် နာမ်နှင့်ရုပ်တို့သည် အချင်းချင်းကိုမှီ၍ ဖြစ်ကြ၏။

**၁၀။ အဘယ်သို့ဖြစ်လျှင် အရှိကို အရှိအတိုင်းမြင်သော 'ယထာဘူတဉာဏ်အမြင်'ဟု ဆိုနိုင်ပါသနည်း။** (၁၉၉၆၊ စမန ၂၁၁)

**အဖြေ** – စာမျက်နှာ ၂၁၇ နံပါတ် ၅ အဖြေနှင့်တူပါသည်။

**၁၁။ အဘယ်ကိုဉာဏ်အမြင်စင်ကြယ်မှု (ဒိဋ္ဌိဝိသုဒ္ဓိ)ဟု ဆိုလိုသည်ကို ဖော်ပြပြီးလျှင် လှေနှင့်ရုပ်, လူနှင့်နာမ်တို့တူဟန်ကိုလည်း ဖော်ပြပါ။** (၁၉၉၇၊ စမန ၂၁၅)

**အဖြေ – ဉာဏ်အမြင်စင်ကြယ်မှု (ဒိဋ္ဌိဝိသုဒ္ဓိ) ဟူသည်မှာ –**

သတ္တဝါဟု အမှတ်သညာပြုထားသည့် ခန္ဓာငါးပါးအစုကို ဖြစ်စေသော ရုပ်တရားအားလုံး, နာမ်တရားအာလုံးကို ပိုင်းပိုင်းခြားခြားရှုမှတ်ဆုံးဖြတ်ပြီးသော ယောဂီသည် သတ္တဝါဟူသည့် အမှတ်သညာကို ကျော်လွန်၍ မတွေမဝေသိသော အသမ္မောဟဉာဏ်အဆင့်၌တည်ကာ နာမ်နှင့်ရုပ်တို့ကို ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာသိမြင်လာတော့၏။ ဤသို့သိမြင်ခြင်းကို ဉာဏ်အမြင်စင်ကြယ်မှု (ဒိဋ္ဌိဝိသုဒ္ဓိ) ဟုသိအပ်၏။

**လှေနှင့်ရုပ်, လူနှင့်နာမ်တို့တူဟန်** – (စာမျက်နှာ ၂၁၉ နံပါတ် ၉)

**၁၂။ သမထယာဉ်ဖြင့် ဝိပဿနာစခန်းတက်လှမ်းမည့် သမထယာနိက ပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို လက္ခဏာ, ရသစသည်ဖြင့် ရှုမှတ်သိမ်းယူသင့်သည် မသင့်သည်ကို ဖော်ပြပါ။** (၁၉၉၈၊ စမန၊ ၁၉၉၉၊ ၂၀၀)

**အဖြေ** – သမထယာဉ်ဖြင့် ဝိပဿနာစခန်းတက်လှမ်းမည့် သမထယာနိကပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ကို ချန်ထား၍ ရူပါဝစရစျာန် ၄ ပါးနှင့် အရူပါဝစရ

စျာန် ၃ ပါးတို့တွင် တစ်ပါးပါးသောစျာန်ကို ဝင်စားပြီးလျှင် စျာန်မှထ၍ ဝိတက်စသည့် စျာနင်တရားများနှင့် ဖဿစသည့်နာမ်တရားများကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အစွမ်းအားဖြင့် ရှုမှတ်သိမ်းဆည်း၏။

နေဝသညာနာသညာယတနစျာန်သည်ကား အလွန်သိမ်မွေ့သောကြောင့် ၎င်းစျာန်ကို ယောဂီတို့သည် အားထုတ်ခါစ၌ မရှုနိုင်ကြပါ။ ထို့ကြောင့် ထိုစျာန်တရားများကို ရှုမှတ်သိမ်း ယူရန်မသင့်ပါ။

**၁၃။ 'သတ္တဝါကောင်ရှိ၏'ဟု ယူဆသောသူသည် 'ယင်းသတ္တဝါကောင် ပျက်စီးသွားပါသည်'ဟု လက်ခံခြင်း၊ လက်မခံခြင်းကြောင့် အဘယ်အဘယ်သော ထောင်ချောက် အတွင်း သက်ဆင်းမိသည်ကို ဖော်ပြပြီးလျှင်၊ ရုပ်နာမ်နှစ်ပါးသည် အသက်ရှင်ကောင်မ ဟုတ်ခြင်းကြောင့် သွားမှုရပ်မှု, ကြောင့်ကြပြုခြင်းမရှိပါပဲလျက် ဘာကြောင့် ကြောင့်ကြပြုသကဲ့သို့ ထင်ရသည်ကို ဥပမာသွင်း၍ ရှင်းလင်းပြပါ။**

(၁၉၉၈၊ စမန ၂၁၁၊ ၂၁၃)

**အဖြေ – 'သတ္တဝါကောင်ရှိ၏'ဟု ယူဆသောသူသည်**

'ယင်းသတ္တဝါကောင် ပျက်စီးသွားပါသည်'ဟု လက်ခံခြင်းကြောင့် ဥစ္ဆေဒဒိဋ္ဌိ = ပြတ်စဲ အယူမှား ထောင်ချောက်အတွင်းသို့ သက်ဆင်းမိ၏။

– လက်မခံခြင်းကြောင့် သဿတဒိဋ္ဌိ = တည်မြဲအယူမှားထောင်ချောက်အတွင်းသို့ သက်ဆင်းမိ၏။

– **ရုပ်နာမ်နှစ်ပါးသည် အသက်ရှင်ကောင်မဟုတ်ခြင်းကြောင့်** သွားမှုရပ်မှု, ကြောင့်ကြပြုခြင်းမရှိပါဘဲလျက် ကြောင့်ကြပြုသကဲ့သို့ထင်ရသည်ကို ဥပမာဖြင့် ရှင်းပြရသော်–

**သစ်သားစက်ရုပ်**သည် အတ္တမှဆိတ်သုဉ်း၏၊ အသက်မရှိ၊ အားထုတ်မှုဗျာပါရမရှိ၊ သို့သော် သစ်သားနှင့်ကြိုးတို့ဖြင့်ပြုလုပ်ထားသော စက်ယန္တရား၏ အစွမ်းကြောင့် သွားလည်း သွား၏၊ ရပ်လည်းရပ်၏၊ ကြောင့်ကြစိုက်မှုဗျာပါရနှင့် အားထုတ်မှုရှိသကဲ့သို့ ထင်ရ၏။

ထို့အတူပင် **နာမ်နှင့်ရုပ်**သည်လည်း အတ္တမှဆိတ်သုဉ်း၏၊ အသက်မရှိ၊ အသက်ရှင်ကောင် မဟုတ်၊ အားထုတ်မှုဗျာပါရမရှိ၊ သို့သော်လည်း နာမ်နှင့်ရုပ်အချင်းချင်း စပ်ယှဉ်ဆက်သွယ် သည့်အစွမ်းဖြင့် သွားလည်းသွား၏၊ ရပ်လည်းရပ်၏၊ ကြောင့်ကြပြုသကဲ့သို့ ထင်ရ၏။

**၁၄။ မှန်ထဲမှ မျက်နှာရိပ်ကိုကြည့်သောသူသည် မှန်မကြည်လင်၍ မျက်နှာရိပ်မထင်ရှားသောကြောင့် မှန်ကိုအသုံးမကျဟု ပစ်ပယ်မှုမပြုမူ၍ မှန်ကိုပင် ကြည်လင်အောင် အထပ်ထပ်ပွတ်တိုက်၏၊ ထိုအခါ မှန်ကြည်လင်၍ မျက်နှာရိပ်လည်း အလိုအလျောက် ထင်ပေါ်လာ၏၊ ဤသို့သောဖြစ်အင်ကို နမူနာတင်၍ အသင်ဝိပဿနာယောဂီသည် အဘယ်သို့အဘယ်ပုံ အားထုတ်သင့်သည်ကို အတိုချုပ်မျှ မှတ်တမ်းတစ်ခုပြုစု ရေးသားပါ။**

(၂၀၀၀၊ စမန ၂၀၇)

**အဖြေ** – စာမျက်နှာ ၂၁၆ နံပါတ် ၂ အဖြေနှင့်တူပါသည်။

**၁၅။ ကျူစည်းနှစ်ခု ထိပ်တိုက်ပြု၍ ထောင်ထားပါက တစ်ခုနှင့်တစ်ခု အချင်းချင်း**

**ထောက်ကူပြုလျက် ရှိနေမည်ဖြစ်ပြီး အကယ်၍ ကျူစည်းတစ်ခုလဲကျသွားလျှင် လည်း အခြားတစ်ခုလဲကျသွားမည် ကေန်ဖြစ်၏၊ အဘယ်သဘောတရားများသည် ဤနည်းဤပုံဖြစ်နေကြသည်ကို ဖြစ်ပုံဖြစ်ဟန်နှင့်တကွ ဖော်ပြပါ။**

(၂၀၀၀၊ စမန ၂၁၃)

**အဖြေ –** နာမ်နှင့်ရုပ်သည် ထိပ်တိုက်ပြု၍ထောင်ထားသော ကျူစည်းနှစ်ခုနှင့်တူပါသည်။

ကျူစည်းတစ်ခုနှင့်တစ်ခု အချင်းချင်းထောက်ကူပြုလျက်ရှိပြီး အကယ်၍ ကျူတစ်စည်း လဲကျသွားလျှင် အခြားတစ်စည်းလည်း လဲကျသွားမည်ကေန်ဖြစ်သကဲ့သို့ပင်လျှင် နာမ် နှင့်ရုပ်သည် အချင်းချင်းမှီ၍ အချင်းချင်းထောက်ပံ့၍ ဖြစ်နေကြ၏၊ သေသည်၏အစွမ်းဖြင့် တစ်ခုပျက်ကျသော် ကျန်တစ်ခုလည်း ပျက်ကျလေတော့၏။ ထို့ကြောင့် ရှေးဆရာတို့က–

''*နာမ်နှင့်ရုပ်သည်စုံတွဲတည်း၊ အချင်းချင်းကိုမှီနေကြ၏၊ တစ်ပါးပျက်လတ်သော် အချင်း ချင်း၏အကြောင်းဖြစ်ကုန်သောကြောင့် နှစ်ပါးလုံးပျက်လေတော့၏*'' ဟု မိန့်ဆိုကြ၏။

**၁၆။ အိမ်အတွင်းသို့ မြွေဝင်သွားသဖြင့် မြွေ၏နောက်သို့ လိုက်၍ကြည့်သောအခါ မြွေအောင်းရာတွင်းကို တွေ့ရသကဲ့သို့ ဝိပဿနာယောဂီသူတော်စင်၏ လုပ်ငန်းသည် လည်း ထိုဖြစ်ရပ်နှင့်တူနေသည်ဖြစ်ရာ အဘယ်သို့တူသည်ကို ဖော်ပြပြီးလျှင်၊ ခြေ ထောက်မရှိသူ လူဆွံ့နှင့် မျက်မမြင်ကေန်းတို့ နှစ်ယောက်ပေါင်းကာ လိုရာအရပ် သို့သွားစွမ်းနိုင်သကဲ့သို့ အဘယ်သဘာဝဓမ္မတို့သည် ထိုနှစ်ယောက်နှင့်အဘယ်သို့ တူသည်ကို ဖြေဆိုပါ။** (၂၀၀၁ စမန ၂၀၀၊ ၂၁၄၊ ၂၁၅)

**အဖြေ – မြွေနောက်သို့လိုက်၍ကြည့်သောအခါ မြွေအောင်းရာတွင်းကို တွေ့ရသကဲ့သို့**

ဝိပဿနာယောဂီသည် နာမ်ကိုကပ်၍ရှုလျက် ''ဤနာမ်သည် အဘယ်ကိုမှီ၍ဖြစ်သနည်း'' ဟုရှာလတ်သော် ထိုနာမ်၏မှီရာဖြစ်သော ဟဒယဝတ္ထုခေါ် နှလုံးရုပ်ကို တွေ့မြင်၏၊ ထို့ နောက် နှလုံးရုပ်၏မှီရာ ဘူတရုပ်တို့ကိုလည်းကောင်း၊ ဘူတရုပ်တို့ကိုမှီသော ဥပါဒါရုပ် တို့ကိုလည်းကောင်း တွေ့မြင်၏၊ ဤပရမတ်ရုပ်များကို ရှုမှတ်သိမ်းဆည်း၏။

**– ခြေထောက်မရှိသူဆွံ့နှင့် ကေန်းတို့ပူးပေါင်းကာ လိုရာအရပ်သို့ သွားစွမ်းနိုင်**သကဲ့သို့ နာမ်နှင့်ရုပ်နှစ်ပါးလည်း အချင်းချင်းကိုမှီ၍ လိုရာကိစ္စကိုပြုလုပ်နိုင်ကြ၏။

**နာမ်သည် ဆွံ့နှင့်တူ၏၊** ဆွံ့တွင် တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မသွားနိုင်ပါ။ နာမ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မဖြစ်ပေါ်နိုင်၊ မသွားနိုင်ပါ။

**ရုပ်သည် ကေန်းနှင့်တူ၏။** ကေန်းသည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုး အစွမ်းဖြင့် မသွားလာနိုင်ပါ။ ရုပ်သည်လည်း တန်ခိုးအစွမ်းသတ္တိမရှိ၊ မိမိ၏တန်ခိုးအစွမ်းဖြင့် မဖြစ်နိုင်၊ မသွားလာနိုင်ပါ။

သို့သော် ဆွံ့က ကေန်း၏ပခုံးပေါ်၌တည်လျက် လမ်းညွှန်ပြရာသို့ ကေန်းသွားနိုင်သကဲ့သို့ နာမ်နှင့်ရုပ်တို့သည် အချင်းချင်းကိုမှီ၍ ဖြစ်ပေါ်ကြ၏၊ မပြတ်ဖြစ်ပေါ်ကြ၏၊ လိုရာကိစ္စကိုလည်း ပြုလုပ်နိုင်ကြ၏။

**၁၇။ နာမရူပပရိဂ္ဂဟဉာဏ်ရင့်သန်ရန် ဆံပင်ကိုပိုင်းခြားရှုမှတ်ရာ၌ ထင်ရှားလာသော ရုပ်တို့ကို ရေတွက်ဖော်ပြပြီးလျှင်၊ ယင်းသို့ပိုင်းခြားရှုမှတ်ပါက နာမ်သည်သုံးမျိုးသုံးစား အခြင်းအရာအားဖြင့် ထင်လာရာ၌ အဘယ်သုံးမျိုးဖြစ်ပါသနည်း၊ ဖော်ပြပါ။**

(၂၀၀၃၊ စမန ၂၀၁၊ ၂၀၈၊ ၂၀၉)

**အဖြေ – ဆံပင်ကို ပိုင်းခြားရှုမှတ်ရာ၌ ထင်ရှားလာသောရုပ်တို့မှာ**

(စာမျက်နှာ ၂၆၆ နံပါတ် ၁ အတိုင်းဆက်ဖြေပါ)

**– နာမ်တရားထင်ရှားလာသည့်အခြင်းအရာသုံးပါးမှာ**

**(၁) ဖဿ၏အစွမ်းအားဖြင့် ထင်ရှားလာခြင်း**

ရုပ်တို့ကိုသိမ်းဆည်းသည့်အခါ ပထဝီဓာတ်စသည့်အာရုံသို့ ရှေးဦးစွာကျရောက်သော တွေ့ထိမှု–ဖဿထင်ရှားလာ၏။ ဖဿထင်ရှားလာလျှင် ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာတည်း၊ ဖဿနှင့်တကွစေတနာသည် သင်္ခါရက္ခန္ဓာတည်း၊ စိတ်သည် ဝိညာဏက္ခန္ဓာတည်းဟု ထင်ရှားလာ၏။

**(၂) ဝေဒနာ၏အစွမ်းအားဖြင့် ထင်ရှားလာခြင်း**

ရုပ်တို့ကိုသိမ်းဆည်းလတ်သော် ပထဝီဓာတ်စသည့်အာရုံ၏အရသာကို ခံစားတတ်သော ဝေဒနာဟူသည့် ဝေဒနာက္ခန္ဓာထင်ရှားလာ၏။ ဝေဒနာထင်ရှားလျှင် ထိုဝေဒနာနှင့် ယှဉ်သော သညာသည် သညာက္ခန္ဓာတည်း၊ ဖဿနှင့်တကွစေတနာသည် သင်္ခါရက္ခန္ဓာတည်း၊ စိတ်သည် ဝိညာဏက္ခန္ဓာတည်းဟု ထင်ရှားလာ၏

**(၃) ဝိညာဏ်၏အစွမ်းအားဖြင့် ထင်ရှားလာခြင်း**

ရုပ်တို့ကိုသိမ်းဆည်းလတ်သော် ပထဝီစသည့်အာရုံကိုသိတတ်သော ဝိညာဏ်ဟူသည့် ဝိညာဏက္ခန္ဓာသည် ထင်ရှားလာ၏။ ဝိညာဏ်ထင်ရှားလျှင် ထိုဝိညာဏ်နှင့်ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ သညာသည် သညာက္ခန္ဓာတည်း၊ ဖဿနှင့်တကွ စေတနာသည် သင်္ခါရက္ခန္ဓာတည်းဟု ထင်ရှားလာ၏။

**၁၈။ ဤခန္ဓာကိုယ်၌ ရှုမှတ်သုံးသပ်ရန်မဖြစ်နိုင်သောရုပ်တို့ကို ဖော်ပြပြီးလျှင်၊ သတ္တဝါ ကောင်ရှိပါသည်ဟု ယူဆသောသူတို့သည် ယင်းသတ္တဝါကောင် ခိုင်မြဲနေပါသည်ဟု ဝန်ခံလျှင်သော်လည်းကောင်း၊ မခိုင်မြဲပါဟု ငြင်းပယ်လျှင်သော်လည်းကောင်း၊ ထွေးမရမျှိမရ အဘယ်သို့သော နှိပ်ကွပ်ဖွယ်အပြစ်ရသည်ကို ဖြေဆိုပါ။**

(၂၀၀၄၊ စမန ၂၀၆၊ ၂၁၁)

**အဖြေ – ဤခန္ဓာကိုယ်၌ ရှုမှတ်သုံးသပ်ရန် မဖြစ်နိုင်သောရုပ်များမှာ**

ကာယဝိညတ်, ဝစီဝိညတ်ဟူသော ဝိညတ်ရုပ် ၂ပါး၊

အာကာသဓာတ်ခေါ် ပရိစ္ဆေဒရုပ် ၁ ပါး၊

ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာဟူသောရုပ် ၃ ပါး၊

ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာဟူသော လက္ခဏ ရုပ် ၄ ပါး၊

စုစုပေါင်း အနိပ္ဖန္နရုပ် (ဝါ) အသမ္မသနုပဂရုပ် ၁၀ ပါးတို့ဖြစ်၏။

**– သတ္တကောင်ရှိသည်ဟု ယူဆသောသူတို့သည်**

သတ္တဝါကောင်ခိုင်မြဲသည်ဟုဝန်ခံလျှင် သဿတဒိဋ္ဌိဟူသော ထွေးမရမျှိမရသော နှိုပ်ကွပ်ဖွယ်အပြစ်ရပါသည်။

သတ္တဝါကောင် မခိုင်မြဲပါဟုငြင်းပယ်လျှင် ဉစ္ဆေဒဒိဋ္ဌိဟူသည့် ထွေးမရမျှိမရသော နှိုပ်ကွပ်ဖွယ်အပြစ်ရပါသည်။

**၁၉။ ကမ္မဇပါစကခေါ် ဝမ်းမီးနှင့် ထွက်သက်ဝင်သက်တို့တွင် ရုပ်ပေါင်းမည်မျှစီရှိသည်ကို အသီးသီးရေတွက်ပြပြီးလျှင်၊ ရုပ်ကိုသိမ်းဆည်းပြီးသော ယောဂီပုဂ္ဂိုလ်အား နာမ်တရားများလည်း ထင်ရှားပေါ်ပေါက်လာရာ အဘယ်မည်သော နာမ်တရားများထင်ရှားပေါ်ပေါက်လာသည်ကို ညွှန်ပြခဲ့ပါ။** (၂၀၀၅၊ စမန ၂၀၁၊ ၂၀၂)

**အဖြေ – ကမ္မဇပါစက၌ ဇီဝိတနဝကလာပ်မှ ရုပ် ၉ ပါးဖြစ်သည့်**

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတရုပ်တို့ပါရှိသည်။

**ထွက်သက်ဝင်သက် (အဿာသပဿာသ)၌ သဒ္ဒနဝကကလာပ်မှ ရုပ် ၉ ပါး** ဖြစ်သည့် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, သဒ္ဒရုပ်တို့ပါရှိသည်။

**– ရုပ်ကိုသိမ်းဆည်းပြီးသော ယောဂီအား ထင်ရှားပေါ်ပေါက်လာသောနာမ်တရားများမှာ –** ဒွေပဉ္စဝိညာဏ် ၁၀ ပါးဟူသည့် ဝိညာဏဓာတ် ၅ ပါး၊

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေးဟူသော မနောဓာတ် ၁ ပါး၊

ကြွင်းသည့် လောကီစိတ် ၆၈ ပါးဟူသော မနောဝိညာဏ်ဓာတ် ၁ ပါး၊

စုစုပေါင်း လောကီစိတ် ၈၁ ပါးဟူသည့် မနောဝိညာဏဓာတ် ၇ ပါး နှင့် သာမညအားဖြင့် ထိုစိတ်တို့၌ယှဉ်သော ဖဿ, ဝေဒနာ, သညာ, စေတနာ, ဇီဝိတ, ဧကဂ္ဂတာ, မနသိကာရဟူသည့် စေတသိက် ၇ ပါးဖြစ်၏။

**၂၀။ အသိဉာဏ်ဖြင့် ပိုင်းခြားသိမ်းဆည်းအပ်ပြီးသော ရုပ်ရှိသော ယောဂီပုဂ္ဂိုလ်အား ဒွါရ၏အစွမ်းအားဖြင့် မထင်နိုင်သောနာမ်တရားတို့ကို အကြောင်းသွင်းဖော်ပြပါ။** (၂၀၀၆၊ စမန ၂၀၃)

**အဖြေ** – အသိဉာဏ်ဖြင့် ပိုင်းခြားသိမ်းဆည်းအပ်ပြီးသောရုပ်ရှိသော ယောဂီအား ဒွါရ၏အစွမ်းအားဖြင့် မထင်နိုင်သောနာမ်တရားတို့မှာ –

လောကုတ္တရာစိတ် ၈ ပါးနှင့် ယှဉ်ဖက်စေတသိက်များဖြစ်ပါသည်။ အကြောင်းမှာ လောကုတ္တရာစိတ် ၈ ပါးနှင့်ယှဉ်ဖက်စေတသိက်တို့သည် သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်နှင့် သမထယာနိကပုဂ္ဂိုလ်တို့ မရဖူး, မသိဖူးသောတရားဖြစ်သောကြောင့် သိမ်းဆည်းရှုအပ်ခြင်းသို့ မရောက်ကုန်သောကြောင့်တည်း။ ဝိပဿနာရှုရာတွင် ဝဋ္ဋဒုက္ခတရားများဖြစ်ကြသည့် လောကီနာမ်ရုပ်တို့ကိုသာ ရှုရသည်။ လောကုတ္တရာတရားများကို အာရုံပြု၍ မရှုရပါ။

## အခန်း (၁၉)

# ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ

## ကင်္ခါရဝိတရဏဝိသုဒ္ဓိကိုအကျယ်ပြခြင်း

- **ကင်္ခါရဝိတရဏဝိသုဒ္ဓိမည်ပုံ**

နာမ်ရုပ်တို့၏အကြောင်းများကို သိမ်းဆည်းခြင်းဖြင့် အတိတ်, ပစ္စုပ္ပန်, အနာဂတ် – ကာလသုံးပါးတို့၌ ယုံမှားသံသယများကို လွန်မြောက်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (ယုံမှားမှုများကိုလွန်မြောက်လျက် စင်ကြယ်သောဉာဏ်) မည်၏။

**ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံလိုလျှင်**

**ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီသည် နာမ်ရုပ်တို့၏မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ကို ရှာမှီးရ၏။** ဥပမာသော်ကား–

(၁) တတ်ကျွမ်းလိမ္မာသောဆေးဆရာသည် ရောဂါကိုမြင်ပြီးလျှင် ထိုရောဂါ၏ဖြစ်ကြောင်း သမုဋ္ဌာန်ကို ရှာမှီးသကဲ့သို့,

(၂) သနားတတ်သောယောကျ်ားသည် ပက်လက်အိပ်တတ်ခါစ ကလေးတစ်ယောက်ကို လမ်းမ၌မြင်လျှင် ထိုကလေး၏မိဘတို့ကို စုံစမ်းဆင်ခြင်သကဲ့သို့,

ထို့အတူပင် နာမ်ရုပ်တို့၏မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ကို ရှာမှီးရပေမည်။

**ရှေးဦးစွာဆင်ခြင်ပုံ**

ယောဂီပုဂ္ဂိုလ်သည် ဤသို့ ရှေးဦးစွာ ဆင်ခြင်၏ – ''**နာမ်ရုပ်သည် အကြောင်းမရှိဘဲ ဖြစ်လာသလော၊** မဟုတ်ပါ၊ ဧကန်ပင် အကြောင်းရှိရမည်။ အကြောင်းမရှိဘဲဖြစ်လာသည်ဟု ဆိုလျှင် လောက၌ အထူးထူးသော အရာဟူသမျှသည် အရပ်ဌာနအားလုံး၌ လူအားလုံးတို့အား အခါခပ်သိမ်းဖြစ်လေရာ၏၊ ဤသို့လည်း မဖြစ်ပေ။

''**ရုပ်နာမ်တို့ကိုဖြစ်စေသော မူလအကြောင်းသည် ဣဿရ, ပဇာပတိစသည်ခေါ်ဝေါ်သော ဖန်ဆင်းရှင်, အစိုးရသူ, ပိုင်ရှင်ဖြစ်သူ, ထာဝရဘုရားစသည်ရှိလေသလား၊** မရှိနိုင်ပါ၊ အကြောင်းကား လောကတွင် နာမ်ရုပ်သာရှိသည်၊ နာမ်ရုပ်ထက် အပိုအလွန် ဖြစ်သော ဣဿရခေါ် ထာဝရဘုရားစသည်တို့ မရှိသောကြောင့်တည်း။

''ဣဿရခေါ်သောထာဝရဘုရားစသည်တို့သည်လည်း နာမ်နှင့်ရုပ်မျှပင်ဖြစ်သည်ဟုဆိုသော ဆရာတို့၏အယူသည်လည်း မမှန်ပါ။ အကြောင်းမှာ ဣဿရခေါ် ထာဝရဘုရားစသည် တို့သည်အကြောင်းမရှိဘဲ တည်ရှိနေကြသည်ဟု မှတ်ယူသဖြင့် ဣဿရခေါ် ထာဝရဘုရားဟု ဆိုအပ်သော ရုပ်နာမ်တို့သည်လည်း အကြောင်းမရှိသောအဖြစ်သို့ ရောက်သွားသောကြောင့် ပေတည်း။''

သို့ဖြစ်၍ ရုပ်နာမ်တို့၏မူလအကြောင်း, အထောက်အပံ့အကြောင်းတို့သည် ရှိရပေမည်။ ထိုအကြောင်းတို့ကား အဘယ်ပါနည်းဟု ဆင်ခြင်ရမည်။

• ၁ အကြောင်းသိမ်းဆည်းပုံပထမနည်း

**ဤရုပ်ကိုယ် (ရူပကာယ)သည်** ကြာညို, ကြာဖြူ, ပဒုမ္မာကြာစသည်တို့၏အတွင်း၌ ဖြစ်ပေါ်သည်မဟုတ်၊ ယတ္တမြား, ပုလဲသွယ်စသည်တို့၏အတွင်း၌လည်း ဖြစ်ပေါ်သည်မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ်နှင့် အစာဟောင်းအိမ်တို့၏အကြား၌ အမိဝမ်းရေလွှာကို နောက်မှီပြု၍ အမိ၏ကျောရိုးကို မျက်နှာမူ၍ အူမ, အူသိမ်တို့ဝန်းရံကာ **မိမိကိုယ်တိုင်လည်း မကောင်းသော အနံ့ရှိသဖြင့် စက်ဆုတ်ရွံရှာဖွယ်ဖြစ်လျက် မကောင်းသောအနံ့နှင့် စက်ဆုပ်ဖွယ်ရာ အလွန်ကျဉ်းမြောင်းသည့် မိခင်၏သားအိမ်၌ ဖြစ်ပေါ်ရ၏။** ငါးပုပ်, မုန့်သိုး, တံစီးတွင်း (အညစ်အကြေးတွင်း), တံစီးမြောင်း (အညစ်အကြေးစီးဆင်းရာ မြောင်း) စသည်တို့၌ ပိုးလောက်များဖြစ်ပေါ်သကဲ့သို့တည်း။

ဤသို့ဖြစ်ပေါ်ရသော ဤရုပ်ကိုယ်ကို ဖြစ်ပေါ်စေသည့်အကြောင်းတရား ၅ ပါးရှိ၏။ **''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ'' ဟူသော တရား ၄ ပါးသည် ထိုရုပ်ကိုယ်ကိုဖြစ်စေ တတ်သောကြောင့် (ဟေတု) မူလအကြောင်း ၄ ပါးပင်တည်း၊ ''အစာအာဟာရ'' သည် ထိုရုပ်ကိုယ်ကို ထောက်ပံ့တတ်သောကြောင့် (ပစ္စယ) အထောက်အပံ့အကြောင်း ၁ ပါးပေတည်း။** သို့ဖြစ်၍ ''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ'' တို့သည် မူလအကြောင်း, အထောက်အပံ့အကြောင်းတို့ဖြစ်ကြသည်။ ထိုအကြောင်းတို့တွင် –

(၁) မိခင်သည် ကလေး၏မှီရာဖြစ်သကဲ့သို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ဤရုပ်ကိုယ်၏ အားကြီးသောမှီရာ (ဥပနိဿယ)အကြောင်းဖြစ်၏၊ (အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် မိခင်နှင့်တူ၏)

(၂) ဖခင်သည် ကလေးကိုဖြစ်စေသကဲ့သို့ ကံသည် ဤရုပ်ကိုယ်ကို ဖြစ်စေ၏။ (ကံသည် ဖခင်နှင့်တူ၏)

(၃) နို့ထိန်းသည် ကလေးငယ်ကို ကျွေးမွေးပြုစုလျက် ကောင်းမွန်စွာထိန်းကျောင်းသကဲ့သို့ အစာအာဟာရသည် ဤရုပ်ကိုယ်ကို ကျွေးမွေးပြုစုလျက် ကောင်းမွန်စွာဆောင်ခြင်း ဟူသော အထောက်အပံ့အကြောင်းဖြစ်၏၊ (အစာအာဟာရသည် နို့ထိန်းနှင့်တူ၏)

• နာမ်၏အကြောင်းကို ဆက်လက်သိမ်းဆည်းပုံ

*''စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ''*

***''မျက်စိ (စက္ခုပသာဒ) ကိုလည်းကောင်း၊ အဆင်း (ရူပါရုံ) ကိုလည်းကောင်း၊ စွဲမှီ၍ မြင်သိစိတ် (စက္ခုဝိညာဏ်) သည် ဖြစ်ပေါ်၏''***

ထို့အတူပင် နား (သောတပသာဒ) နှင့် အသံ(သဒ္ဒါရုံ) တို့ကိုစွဲမှီ၍ ကြားသိစိတ် (သောတဝိညာဏ်)သည် ဖြစ်ပေါ်၏။ ဤသို့စသောနည်းဖြင့် ဒွါရနှင့်အာရုံဟူသော **နာမကာယ** (နာမ်အပေါင်း)၏အကြောင်းကို သိမ်းဆည်း၏။

**ထိုယောဂီသည် ယခုပစ္စုပ္ပန်၌ နာမ်ရုပ်တို့၏ဖြစ်ပေါ်ခြင်းအကြောင်းတို့ကို ရှုမြင်ပြီးလျှင်** ''ဤနာမ်ရုပ်တို့သည် ယခုပစ္စုပ္ပန်ဘဝကာလ၌ အကြောင်းကြောင့်ဖြစ်ပေါ်သကဲ့သို့ ဤအတူပင် အတိတ်ကာလ၌လည်း အကြောင်းကြောင့်ဖြစ်ပေါ်ခဲ့လေပြီ၊ နောင်အနာဂတ် ကာလ၌လည်း ဤအတူပင် အကြောင်းကြောင့်ဖြစ်ပေါ်လတ့်''ဟု ရှုမြင်သုံးသပ်၏။

**• ယုံမှားမှု ၁၆ ပါးကိုပယ်ခြင်း**

**ထိုယောဂီတွင် အတိတ်, ပစ္စုပ္ပန်, အနာဂတ်နှင့်ပက်သတ်၍ ယုံမှားမှု ၁၆ ပါးဖြစ်ပေါ် နိုင်၏။**

''လွန်လေပြီးသော အတိတ်ကာလ၌ ငါသည် (၁) ဖြစ်ခဲ့ဖူးလေသလော၊ (၂) မဖြစ်ခဲ့ဖူးလေသလော (၃) မည်သို့သောအမျိုးအစားဖြစ်ခဲ့လေသနည်း၊ (၄) မည်သို့သောအခြင်းအရာဖြင့် ဖြစ်ခဲ့လေသနည်း၊ (၅) အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သောအမျိုးအစားအဆက်ဆက်ဖြစ်ခဲ့လေသနည်း'' ဟူ၍ အတိတ်ခန္ဓာအစဉ်ဟူသော ရှေးအဖို့ကို အကြောင်းပြု၍ ယုံမှားမှုငါးပါးဖြစ်ပေါ်၏။

''နောက်အနာဂတ်ကာလ၌ ငါသည် (၁) ဖြစ်ရဦးမည်လော၊ (၂) မဖြစ်ရတော့ဘူးလေလော၊ (၃) မည်သို့သော အမျိုးအစားဖြစ်ရမည်နည်း၊ (၄) မည်သို့သောအခြင်းအရာဖြင့် ဖြစ်ရမည်နည်း၊ (၅) အဘယ်သို့သော အမျိုးအစားဖြစ်ပြီးလျှင် အဘယ်သို့သောအမျိုးအစား အဆက်ဆက်ဖြစ်သွားရမည်နည်း'' ဟူ၍ အနာဂတ်ခန္ဓာအစဉ်ဟူသော နောက်အဖို့ကို အကြောင်းပြု၍ ယုံမှားမှုငါးပါးဖြစ်ပေါ်၏။

''ယခုပစ္စုပ္ပန်ကာလ၌ ငါသည် (၁) ရှိလေသလော၊ (၂) မရှိလေသလော၊ (၃) မည်သို့သောအမျိုးအစားဖြစ်နေသနည်း၊ (၄) မည်သို့သောအခြင်းအရာဖြင့် ဖြစ်ပေါ်သနည်း၊ (၅) အဘယ်ဘဝမှ ဤဘဝသို့လာခဲ့သနည်း၊ (၆) ဤဘဝမှ အဘယ်ဘဝသို့ သွားရောက်လတံ့နည်း'' ဟူ၍ ပစ္စုပ္ပန်ခန္ဓာကို အကြောင်းပြု၍ ယုံမှားမှု ၆ ပါးဖြစ်ပေါ်၏။

ဤသို့လျှင် အတိတ်ခန္ဓာ, အနာဂတ်ခန္ဓာ, ပစ္စုပ္ပန်ခန္ဓာတို့ကို အကြောင်းပြု၍ ယုံမှားမှု ၁၆ ပါးကို မြတ်စွာဘုရားဟောကြားတော်မူ၏။ ဤယုံမှားမှု (ကင်္ခါ) တို့ကို ပယ်အပ်ကုန်၏။

**• ၂ အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်း**

**တစ်ပါးသောယောဂီသည် နာမ်၏အကြောင်းကို ရှုဆင်ခြင်ရာ ဆက်ဆံသောအကြောင်းနှင့် မဆက်ဆံသောအကြောင်းဟူ၍ အကြောင်း ၂ ပါးကို ရှုမြင်၏။**

**(က) နာမ်၏ဆက်ဆံသော (သာဓာရဏ) အကြောင်း**

**စက္ခုဒွါရစသည့် ဒွါရ ၆ ပါးနှင့် ရူပါရုံစသော အာရုံ ၆ ပါးတို့သည် နာမ်၏ဆက်ဆံသော အကြောင်းမည်၏။** အကြောင်းမှာ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာအားဖြင့်လည်းကောင်း၊ သောမနဿ, ဒေါမနဿ, ဥပေက္ခာစသည်အားဖြင့်လည်းကောင်း၊ ကွဲပြားကြသော လောကီစိတ် ၈၁ ပါး, ထိုစိတ်တို့နှင့်ယှဉ်သော စေတသိက် ၅၂ ပါးဟူသည့် နာမ်တရားအားလုံးသည် ထိုဒွါရနှင့်အာရုံတို့ကြောင့် ဖြစ်ပေါ်ရသောကြောင့်ပေတည်း။

**(ခ) နာမ်၏မဆက်ဆံသော (အသာဓာရဏ) အကြောင်း**

**နှလုံးသွင်းမှု (မနသိကာရ) စသည့်အကြောင်းတို့သည် နာမ်၏မဆက်ဆံသော အကြောင်းမည်၏။** အကြောင်းမှုကား –

– သင့်လျော်စွာ နှလုံးသွင်းမှု (ယောနိသောမနသိကာရ)၊ သူတော်ကောင်းတရားကို နာကြားခြင်းစသောအကြောင်းတို့သည် ကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏ (ဝါ) ကုသိုလ်နာမ်

၏အကြောင်းသာဖြစ်၏၊ အကုသိုလ်နာမ်စသည်နှင့်မဆက်ဆံပါ။
- မသင့်လျော်သောနှလုံးသွင်းမှု (အယောနိသောမနသိကာရ)၊ သူယုတ်မာတရားကို နာကြားခြင်းစသောအကြောင်းတို့သည် အကုသိုလ်နာမ်နှင့်သာ ဆက်ဆံ၏ (ဝါ) အကုသိုလ် နာမ်၏အကြောင်းသာဖြစ်၏။ ကုသိုလ်နာမ်စသည်နှင့် မဆက်ဆံပါ။
- ကံစသော အကြောင်းသည် အကျိုးဝိပါက်နာမ်နှင့်သာ ဆက်ဆံ၏။
- ဘဝင်စသောအကြောင်းသည် ကြိယာနာမ်နှင့်သာ ဆက်ဆံ၏။ အခြားနာမ်တို့နှင့် မဆက်ဆံပါ။

## (ဂ) ရုပ်၏အကြောင်း

**ရုပ်ကိုဖြစ်စေသောအကြောင်းတို့မှာ ကံ, စိတ်, ဥတု, အာဟာရဟူ၍ ၄ ပါးတည်း။**
ထိုအကြောင်း ၄ ပါးတွင် -
- အတိတ်သာလျှင်ဖြစ်သောကံသည် ကမ္မဇရုပ်အား ကျေးဇူးပြု၏ (ဝါ) ကမ္မဇရုပ်ကို ဖြစ်စေ၏။
- ဖြစ်ဆဲသောစိတ်သည် စိတ္တဇရုပ်အား ကျေးဇူးပြု၏။
- ဥတုနှင့်အာဟာရတို့သည် တည်ဆဲဌီခဏ၌ ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့အား အသီးသီးကျေးဇူးပြုကြ၏။

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ယခုပစ္စုပ္ပန်၌ နာမ်ရုပ်၏ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် ''ဤနာမ်ရုပ်တို့သည် ယခုပစ္စုပ္ပန်ဘဝကာလ၌ ဆိုခဲ့သောအကြောင်းတို့ကြောင့် ဖြစ်ပေါ် သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌လည်း ဤဆိုခဲ့သောအကြောင်းကြောင့်ပင် ဖြစ်ပေါ်ခဲ့ လေပြီ။ အနာဂတ်ကာလ၌လည်း ဤသို့သောအကြောင်းကြောင့်ပင် ဖြစ်ပေါ်လတ့်'' ဟု ရှုမြင်၏။

ဤသို့ ရှုမြင်သောယောဂီသည် ကာလသုံးပါး၌ ယုံမှားမှု ၁၆ ပါးတို့ကို ပထမနည်းအတိုင်း ပယ်အပ်၏။

## • ၃ အကြောင်းသိမ်းဆည်းပုံတတိယနည်း (ပဋိလုံပဋိစ္စသမုပ္ပါဒ်နည်း)

တစ်ပါးသောယောဂီသည် နာမ်ရုပ်ဟုဆိုအပ်သော သင်္ခါရတို့၏အိုခြင်း (ဇရာ) သို့ရောက် သည်ကိုလည်းကောင်း၊ အိုပြီးသောသင်္ခါရတို့၏သေပျက်ခြင်း (မရဏ) ကိုလည်းကောင်း၊ ရှုမြင်ပြီးလျှင်–
- သင်္ခါရတို့၏ဇရာမရဏသည် ဘဝသစ်ဖြစ်ခြင်း–ဇာတိကြောင့်ဖြစ်၏။
- ဇာတိသည် ဖြစ်ကြောင်းကမ္မဘဝဟူသော အကြောင်းရှိသောကြောင့်ဖြစ်၏။
- ကမ္မဘဝသည် စွဲလမ်းမှု–ဥပါဒါန်ဟူသောအကြောင်းကြောင့် ဖြစ်၏၊
- ဥပါဒါန်သည် တဏှာဟူသော အကြောင်းရှိသောကြောင့် ဖြစ်၏။
- တဏှာသည် ဝေဒနာဟူသော အကြောင်းရှိသောကြောင့် ဖြစ်၏။
- ဝေဒနာသည် ဖဿဟူသော အကြောင်းရှိသောကြောင့် ဖြစ်၏။
- ဖဿသည် သဠာယတန (အာယတန ၆ ပါး) ရှိလျှင် ဖြစ်၏။
- သဠာယတနသည် နာမ်ရုပ်ဟူသောအကြောင်းကြောင့် ဖြစ်၏။

– နာမ်ရုပ်သည် ဝိညာဏ်ဟူသောအကြောင်းရှိသောကြောင့် ဖြစ်၏။
– ဝိညာဏ်သည် သင်္ခါရဟူသော အကြောင်းရှိသောကြောင့် ဖြစ်၏။
– သင်္ခါရတို့သည် အဝိဇ္ဇာဟူသောအကြောင်းရှိသောကြောင့် ဖြစ်၏။

ဤသို့ **ပဋိလုံပဋိစ္စသမုပ္ပါဒ်**၏အစွမ်းအားဖြင့် နာမ်ရုပ်တို့၏အကြောင်းများကို သိမ်းဆည်း၏။ ထိုသို့သိမ်းဆည်းသောအခါ၌ ယောဂီသည် ဆိုခဲ့ပြီးသော ယုံမှားမှု ၁၆ ပါးကို ပယ်၏။

## • ၄ အကြောင်းသိမ်းဆည်းပုံစတုတ္ထနည်း (အနုလုံပဋိစ္စသမုပ္ပါဒ်နည်း)

တစ်ပါးသောယောဂီသည် အဝိဇ္ဇာဟူသောအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကြ၏။ ပ ။ ဇာတိဟူသောအကြောင်းကြောင့် ဇရာမရဏဖြစ်၏ဟူ၍ **အနုလုံပဋိစ္စသမုပ္ပါဒ်**၏ အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်းများကို သိမ်းဆည်း၏။ ထိုသို့သိမ်းဆည်းသောအခါ၌ ယောဂီသည် ဆိုခဲ့ပြီးသောယုံမှားမှု ၁၆ ပါးကိုပယ်၏။

## • ၅ အကြောင်းသိမ်းဆည်းပုံ ပဉ္စမနည်း
## (ကမ္မဝဋ်, ဝိပါကဝဋ်အစွမ်းဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်းနည်း)

တစ်ပါးသောယောဂီသည် ''**ရှေးဘဝ၌** ကမ္မဘဝ (ဖြစ်ကြောင်းကံ) ကိုပြုစဉ်၌ တွေဝေခြင်းသဘောသည် **အဝိဇ္ဇာ**တည်း၊ အားထုတ်မှုတို့သည် **သင်္ခါရ**တည်း၊ လိုချင်တောင့်တခြင်းသည် **တဏှာ**တည်း၊ စွဲလမ်းခြင်းသည် **ဥပါဒါန်**တည်း၊ စေ့ဆော်တိုက်တွန်းခြင်း စေတနာသည် **ကမ္မ**ဘဝတည်း၊ ဤငါးပါးသော **'အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ' ဟူသည့် အတိတ်အကြောင်းတရားတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းတို့ပေတည်း။''**

''**ဤပစ္စုပ္ပန်ဘဝ၌** ရှေးဘဝနှင့်ဆက်စပ်၍ဖြစ်သော ပဋိသန္ဓေစိတ်သည် ဝိညာဏ်တည်း၊ သက်ဝင်သောတရားအပေါင်းသည် **နာမ်ရုပ်**တည်း၊ ကြည်လင်ခြင်းသည် **အာယတန**တည်း၊ တွေ့ထိခြင်းသည် **ဖဿ**တည်း၊ ခံစားခြင်းသည် **ဝေဒနာ**တည်း၊ **ဤငါးပါးသော 'ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ' ဟူသည့် ပစ္စုပ္ပန်အကျိုးတရားတို့သည် ရှေးဘဝ၌ပြုခဲ့သည့် ကံစသည့်အကြောင်းတရားတို့ကြောင့် ဤပစ္စုပ္ပန်ဥပပတ္တိဘဝ၌ ဖြစ်ပေါ်ကြ၏။**

''**ဤပစ္စုပ္ပန်ဘဝ၌** အာယတနတို့၏ရင့်ကျက်သည့်အဖြစ်ကြောင့် တွေဝေခြင်းသည် **အဝိဇ္ဇာ**တည်း။ အားထုတ်မှုတို့သည် **သင်္ခါရ**တည်း၊ လိုချင်တောင့်တခြင်းသည် **တဏှာ**တည်း၊ စွဲလမ်းခြင်းသည် **ဥပါဒါန်**တည်း၊ စေ့ဆော်တိုက်တွန်းခြင်းစေတနာသည် **ကမ္မဘဝ**တည်း၊ **ဤငါးပါးသော 'အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကမ္မဘဝ' ဟူသည့် ကမ္မဘဝကို ပြုစဉ်၌ ပြီးစီးကုန်သော ပစ္စုပ္ပန်အကြောင်းတရားတို့သည် နောင်ဘဝ၌ ပဋိသန္ဓေ၏ အကြောင်းတို့တည်း'' ဟူ၍ ဟောထားသောဒေသနာနည်းဖြင့် ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်း၏။**

## • ကံအမျိုးမျိုးကို ပြဆိုခြင်း

**'ကမ္မဝဋ်, ဝိပါကဝဋ်တို့၏အစွမ်းအားဖြင့်' ဟူသောစကား၌ ကံတို့သည် အောက်ဖော်**

**ပြပါ ကံအမျိုးမျိုးတို့ပင်တည်း။**

- **ပါကကာလ ကံ ၄ ပါး**

အကျိုးပေးသည့်အချိန်ကာလအားဖြင့် ကံ ၄ မျိုးကွဲပြား၏။

(၁) *ဒိဋ္ဌဓမ္မဝေဒနီယကံ* = မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ၊

(၂) *ဥပပဇ္ဇဝေဒနီယကံ* = အခြားမဲ့ဒုတိယဘဝ၌ အကျိုးပေးသောကံ၊

(၃) *အပရာပရိယဝေဒနီယကံ* = တတိယဘဝမှ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးတတ်သောကံ၊

(၄) *အဟောသိကံ* = ကံသာဖြစ်ပြီး၍ အကျိုးမပေးနိုင်သောကံ။

ကောင်းမှု သို့မဟုတ် မကောင်းမှုပြုစဉ်၌ဖြစ်သော ဇောဝီထိတစ်ခုတွင် ဇော(၇)ကြိမ်ဖြစ်ရာ **ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။** ဤကံသည် ပစ္စုပ္ပန်ဘဝ၌သာ အကျိုးပေးနိုင်၏၊ အကျိုးပေးခွင့်မရလျှင် ''ကံသည်ကား ဖြစ်ခဲ့ပြီ၊ ကံ၏အကျိုးကား ဖြစ်ပြီးသည်လည်းမဟုတ်၊ ဖြစ်လတ့ံလည်းမဟုတ်၊ ဖြစ်ဆဲလည်းမဟုတ်''ဟု ဟောထားသော ဒေသနာအစွမ်းဖြင့် အဟောသိကံဖြစ်လေ၏။

**သတ္တမဇောစေတနာသည်ကား ဥပပဇ္ဇဝေဒနီယကံမည်၏။** ဤကံသည် အခြားမဲ့သော ဒုတိယဘဝ၌ အကျိုးပေးတတ်၏။ အကျိုးပေးခွင့်မရလျှင် အဟောသိကံဖြစ်၏။

**ငါးကြိမ်သောအလယ်ဇောစေတနာတို့သည် အပရာပရိယဝေဒနီယကံမည်၏။** ဤကံတို့သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် နောက်ဆုံးဘဝတိုင်အောင် အခွင့်သာတိုင်း အကျိုးပေးတတ်ကြ၏။ ထို့ကြောင့် ရုပ်နာမ်ခန္ဓာအစဉ်ဟူသော သံသရာ၏မပြတ်ခြင်း ရှိနေလျှင် (သံသရာရှိနေသမျှ ကာလပတ်လုံး) အဟောသိကံမဖြစ်ဘဲ အကျိုးပေးနိုင်၏။

- **ပါကဒါနပရိယာယကံ ၄ ပါး**

အကျိုးပေးခွင့်ရသောအလှည့်အကြိမ်အားဖြင့် ကံ ၄ မျိုးကွဲပြား၏။

(၁) *ဂရုကံ* = အလွန်အပြစ်ကြီးသောအကုသိုလ်ကံ၊ အလွန်အာနုဘော်ကြီးသော ကုသိုလ်ကံ၊

(၂) *ဗဟုလကံ* = အကြိမ်များစွာပြုအပ်, မှီဝဲအပ်သောကံ၊

(၃) *အာသန္နကံ* = သေခါနီးကာလ၌ ပြုအပ်, အောက်မေ့အပ်သောကံ၊

(၄) *ကဋတ္တာကံ* = ပြုဖူးကာမျှဖြစ်သောကံ။

အကုသိုလ်ကံတို့တွင် အမိ, အဖတို့ကိုသတ်ခြင်း–ပဉ္စာနန္တရိယကံငါးပါးနှင့် ခိုင်မြဲသော အယူမှား–နိယတမိစ္ဆာဒိဋ္ဌိတို့သည် **ဂရုကံ**မည်၏။ ကုသိုလ်ကံတို့တွင် မဟဂ္ဂုတ်ကုသိုလ်ကံဟူသည့် ဈာန်ကုသိုလ်ကံနှင့် မဂ်ကုသိုလ်ကံတို့သည် **ဂရုကံ**မည်၏၊ ဂရုကံသည်သာလျှင် ရှေးဦးစွာ ရင့်ကျက်လျက် အကျိုးကိုဖြစ်စေ၏။ (လေးသောကံသည် ဗဟုကံဖြစ်ပြီး ပေါ့သော ကံသည် လဟုကံ မည်၏)

အကြိမ်များစွာပြုလုပ်အပ်သော ဗဟုလကံနှင့် အကြိမ်များစွာမပြုလုပ်အပ်သော အဗဟုလကံတို့တွင် သီလစင်ကြယ်သည့်အဖြစ်–သုသီလျကံဖြစ်စေ၊ သီလပျက်စီးသည့်အဖြစ် – ဒုသီလျကံဖြစ်စေ၊ အကြိမ်များစွာပြုအပ်, မှီဝဲအပ်သော **ဗဟုလကံ**ရှိလျှင် ဤဗဟုလကံ

သည်သာလျှင် ရှေးဦးစွာရင့်ကျက်လျက် အကျိုးကိုဖြစ်စေ၏။

**အာသန္နကံ**မည်သည်ကား သေခါနီးအချိန်၌ ပြုအပ်, အောက်မေ့အပ်သောကံတည်း၊ သေခါနီးသောသူသည် သေခါနီးအချိန်တွင် ပြုလုပ်သောကံ သို့မဟုတ် အောက်မေ့အမှတ်ရသောကံက ဘဝသစ်၌ အကျိုးပေးခွင့်ရ၏။

အထက်ပါကံသုံးမျိုးမှလွတ်သော အဖန်ဖန်မှီဝဲမှုကိုရသည့်ကံသည် **ကဋတ္တာကံ**မည်၏။ အထက်ပါကံသုံးပါးတို့ မရှိလျှင် ကဋတ္တာကံ အကျိုးပေးခွင့်ရ၏။

- **ကိစ္စအစွမ်းအားဖြင့် ကံ ၄ ပါး**

(၁) *ဇနကကံ* = ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်ကိုဖြစ်စေတတ်သောကံ၊

(၂) *ဥပတ္ထမ္ဘကကံ* = ထောက်ပံ့တတ်သောကံ၊

(၃) *ဥပပီဠကကံ* = ကပ်၍နှိပ်စက်တတ်သောကံ၊

(၄) *ဥပဃာတကကံ* = ကပ်၍ဖြတ်တတ်, သတ်တတ်သောကံ။

**ဇနကကံ**သည် ဘဝသစ်ဖြစ်အောင် အကျိုးပေးခွင့်ရသောကံဖြစ်၏၊ ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့တွင် ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဖြစ်စေ၏။

**ဥပတ္ထမ္ဘကကံ**သည် အကျိုးဝိပါက်ကို မဖြစ်စေနိုင်၊ ဇနကကံကဖြစ်စေသော အကျိုးဝိပါက်၌ ဖြစ်ဆဲဖြစ်သည့် ချမ်းသာ, ဆင်းရဲကို ထောက်ပံ့တတ်၏၊ အဓွန့်ရှည်စွာသောကာလပတ်လုံး မပြတ်ဖြစ်စေတတ်၏။

**ဥပပီဠကကံ**သည်ကား ဇနကကံကဖြစ်စေသော အကျိုးဝိပါက်၌ ဖြစ်ဆဲဖြစ်သည့် ချမ်းသာ, ဆင်းရဲကို နှိပ်စက်တတ်၏၊ ညှဉ်းဆဲတတ်၏၊ အဓွန့်ရှည်စွာသောကာလပတ်လုံး မပြတ်ဖြစ်ရန် အခွင့်မပေးချေ။

**ဥပဃာတကကံ**သည်ကား ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ်ပြီးလျှင် အားနည်းသော ဇနကအကုသိုလ်ကံ သို့မဟုတ် အားနည်းသောဇနကကုသိုလ်ကံကိုသတ်၍ ဇနကကံ၏အကျိုးဝိပါက်ကို တားမြစ်ဖြတ်တောက်၍ မိမိ၏အကျိုးဝိပါက်ကို ဖြစ်စေ၏။

အထက်ပါ ကံ ၁၂ ပါးတို့၏အားရှိသည့်အဖြစ်, အားမရှိသည့်အဖြစ်ဟူသော ကံအထူးကိုလည်းကောင်း၊ အကျိုးပေးယုတ်သည့်အဖြစ်, မြတ်သည့်အဖြစ်ဟူသော ဝိပါက်အထူးကိုလည်းကောင်း၊ မြတ်စွာဘုရားတို့သာလျှင် ကံ၏အကျိုးပေးပုံကိုသိသော **ကမ္မဝိပါကဉာဏ်တော်**ဖြင့် အပြည့်အစုံ မှန်ကန်စွာ သိတော်မူကြ၏။ သာဝကတို့က အပြည့်အစုံမသိနိုင်ကြပေ။ ဝိပဿနာရှုသောယောဂီသည်လည်း ကံအထူးနှင့် ဝိပါက်အထူးတို့ကို တစ်စိတ်တစ်ဒေသအားဖြင့် သိအပ်၏။

ထို့ကြောင့် ယောဂီသည် ၁၂ ပါးအပြားရှိသောကံကို ကမ္မဝဋ်၌ထည့်၍ **ကမ္မဝဋ်, ဝိပါကဝဋ်၏အစွမ်းအားဖြင့် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း၏။**

- **ကံနှင့်ဝိပါက်မျှကိုသာ တွေ့မြင်ပုံ**

ထိုယောဂီသည် ယခုပစ္စုပ္ပန်၌ ကမ္မဝဋ်, ဝိပါကဝဋ်၏အစွမ်းအားဖြင့် ကမ္မဝဋ်, ဝိပါကဝဋ်ဟူသောအကြောင်းကြောင့် နာမ်ရုပ်၏ဖြစ်ပေါ်ခြင်းကို ရှုမြင်ပြီးလျှင် ''ဤနာမ်ရုပ်သည်

ယခုပစ္စုပ္ပန်ဘဝကာလ၌ ကမ္မဝဋ်, ဝိပါကဝဋ်၏ အစွမ်းအားဖြင့်သာလျှင် ကမ္မဝဋ်, ဝိပါကဝဋ်ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သကဲ့သို့ ထို့အတူပင် အတိတ်ကာလ၌လည်း ကမ္မဝဋ်, ဝိပါကဝဋ်၏အစွမ်အားဖြင့် ကမ္မဝဋ်, ဝိပါကဝဋ်ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း အလားတူပင် ဖြစ်ပေါ်လတ့်'' ဟုရှုမြင်၏။

**သို့ဖြစ်၍ ကံအကြောင်းကြောင့် ဝိပါက်ဖြစ်သည်၊ ထိုဝိပါက်ကြောင့်ပင် တစ်ဖန်ကံအကြောင်းဖြစ်သည်၊ ဤကံအကြောင်းကြောင့်တစ်ဖန် ဝိပါက်ဖြစ်၍ ဘဝသစ်ဖြစ်ပြန်သည်။ ဤသို့စသည်ဖြင့် တစ်ပြန်စီ အဆက်မပြတ်လည်ပတ်နေကာ လောကဟူသည့် ရုပ်နာမ်အစဉ်သည် အဆက်မပြတ်ဖြစ်နေသည်ဟု ရှုမြင်၏။**

- **ကံနှင့်ဝိပါက်မျှသာရှိသည်ကို ရှုမြင်ရသောအကျိုး**

ဤသို့ရှုမြင်သောအခါ ကာလသုံးပါး၌ ရုပ်နာမ်တရားမှန်သမျှသည်

- ကံအကြောင်းနှင့် ကံ၏အကျိုးဝိပါက်သာလျှင်ရှိ၏၊
- ကမ္မဝဋ်နှင့် ဝိပါကဝဋ်သာလျှင်ရှိ၏၊
- ကံအယဉ်နှင့် ဝိပါက်အယဉ်သာရှိ၏၊
- ပြုလုပ်မှုနှင့် ပြုမှု၏အကျိုးသာရှိ၏ဟု သိမြင်လာ၏။

**ဤသို့ရှုမြင်သောယောဂီသည် ကာလသုံးပါး၌ဖြစ်သော ယုံမှားမှု ၁၆ ပါးကို ပယ်၏။ အလုံးစုံသောဘဝ ၃ ပါး၊ ယောနိ ၄ ပါး၊ ဂတိ ၅ ပါး၊ ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၉ ပါးတို့၌ အကြောင်းအကျိုးဆက်စပ်သည့်အစွမ်းဖြင့် အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်မျှသာလျှင် ထိုယောဂီအားထင်၏။**

**ထိုယောဂီသည် အကြောင်းတရားမှလွဲ၍ ပြုတတ်သူကိုမမြင်၊ အကျိုးဝိပါက်အဆက်မပြတ်ဖြစ်ခြင်းမှလွဲ၍ ခံစားတတ်သူကို မမြင်၊ အမှန်အားဖြင့်မူ အကြောင်းတရားရှိလျှင် ပြုတတ်သူ–ကာရကသည်လည်းကောင်း၊ အကျိုးဝိပါက်အဆက်မပြတ်ဖြစ်ခြင်းရှိလျှင် ခံစားတတ်သူ–ဝေဒကသည်လည်းကောင်း၊ ပညာရှိတို့ခေါ်ဝေါ်ပြောဆိုကြသည့် အမည်ပညတ်မျှသာဖြစ်သည်ကို မှန်စွာသိသည့် ဝိပဿနာပညာဖြင့် ကောင်းစွာမြင်အပ်ပြီး ဖြစ်လေတော့၏။**

ထို့ကြောင့် **ရှေးဆရာတို့**ဆိုကြသည်မှာ –

*''အမှုကံကိုပြုတတ်သူသည် မရှိ၊ အကျိုးကို ခံစားတတ်သူလည်း မရှိ၊ သက်သက်သောအကြောင်းတရားနှင့် အကျိုးတရားတို့သာလျှင် အဆက်မပြတ်ဖြစ်လျက်ရှိကုန်၏။ ဤသို့သောအသိအမြင်သည် မဖောက်မပြန် မှန်ကန်စွာသိမြင်ခြင်းပင်တည်း''*

*''အမှုကံနှင့်အကျိုးဝိပါက်သည် အကြောင်းနှင့်တကွ တစ်ပြန်စီလည်ပတ်လျက် မပြတ်ဖြစ်နေလျှင် သစ်စေ့နှင့်သစ်ပင်တို့၏ ရှေးအစွန်းအစကို မသိအပ်, မသိနိုင်သကဲ့သို့ အမှုကံနှင့်အကျိုးဝိပါက်တို့၏ ရှေးအစွန်းအစကိုလည်း မသိနိုင်ပေ။ နောင်အနာဂတ်၌ ရုပ်နာမ်ခန္ဓာတို့၏ မပြတ်ဖြစ်စဉ် (သံသရာ) ရှိနေလျှင် အမှု*

*ကံနှင့်အကျိုးဝိပါက်တို့၏ မဖြစ်ခြင်း, ပြတ်စဲခြင်းကို မမြင်နိုင်ပါ။*

***''အမှုကံကို ပြုတတ်သူမရှိဟူသော အနက်သဘောကို မသိကြသောကြောင့် တိတ္ထိတို့သည် သတ္တဝါဟူသော အမှတ်သညာကိုစွဲကိုင်လျက် သဿတဒိဋ္ဌိ- တည်မြဲအယူ, ဥစ္ဆေဒဒိဋ္ဌိ-ပြတ်စဲအယူရှိကုန်လျက် အချင်းချင်းဆန့်ကျင်ကာ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ယူကြကုန်၏။***

*''ထိုတတ္ထိတို့သည် ဒိဋ္ဌိနှောင်ကြိုးဖြင့်နှောင်ဖွဲ့ခံရပြီး တဏှာရေယဉ်ကြောတွင် မျောပါကြကုန်၏။ ထို့ကြောင့် ဆင်းရဲမှမလွတ်နိုင်။*

*''မြတ်စွာဘုရား၏တပည့်ရဟန်းသည်ကား အမှုကံကိုပြုတတ်သူမရှိစသည့်အနက် သဘောကိုသိပြီးလျှင် နက်နဲသိမ်မွေ့သော (သတ္တဝါမှရော အကျိုးခံစားသူမှပါ ဆိတ်သုဉ်းသည့်) အကြောင်းတရားကို ထိုးထွင်း၍သိ၏။*

*''အကျိုးဝိပါက်ထဲ၌ အကြောင်းကံသည်မရှိ၊ အကြောင်းကံထဲ၌လည်း အကျိုး ဝိပါက်သည်မရှိ၊ ကံနှင့်အကျိုးဝိပါက်တို့ ၂ ပါးသည် အချင်းချင်းမှ ဆိတ်သုဉ်းကြ၏။ သို့သော် အကြောင်းကံနှင့်ကင်း၍လည်း ဝိပါက်အကျိုးသည် မဖြစ်နိုင်ပါ။*

*''ဥပမာအားဖြင့် မီးသည် နေရောင်ထဲ၌မရှိ မှန်ဘီလူးထဲ၌လည်းမရှိ၊ နွားချေးခြောက် ထဲ၌လည်းမရှိ၊ ထိုနေရောင်စသည်တို့၏ပြင်ပ၌လည်း မရှိ၊ သို့သော် နေရောင်, မှန်ဘီလူး, နွားချေးခြောက်တို့ကိုစွဲမှီ၍ နေရောင်စသည့်အဆောက်အဦကြောင့် မီးသည် ဖြစ်ပေါ်၏။*

*''ထို့အတူ အကျိုးဝိပါက်သည် ကံထဲ၌မရှိ၊ ကံ၏ပြင်ပ၌လည်း မရှိ၊ ကံသည်လည်း ထိုအကျိုးဝိပါက်ထဲ၌မရှိ၊ ကံသည် အကျိုးမှဆိတ်၏၊ အမှန်သော်ကား ကံကိုစွဲမှီ၍ သာလျှင် အကျိုးသည် ဖြစ်ပေါ်လာ၏။*

***''ထို့ကြောင့် လောက၌ ခန္ဓာတို့၏ဖြစ်စဉ်သံသရာကို ပြုတတ်, ဖန်ဆင်းတတ် သော နတ်, ဗြဟ္မာ, ဖန်ဆင်းရှင်, တန်ခိုးရှင်တို့မရှိပါ။ အကြောင်းအပေါင်း ဟူသော အကြောင်းကြောင့် နာမ်ရုပ်တရားသက်သက်တို့သာလျှင် အဆက် မပြတ်ဖြစ်လျက် ရှိကုန်၏''***

- **တရားအလုံးစုံကို ထင်ရှားစွာသိခြင်း**

အထက်၌ဆိုခဲ့သောနည်းဖြင့် ကမ္မဝဋ်, ဝိပါကဝဋ်တို့၏အစွမ်းအားဖြင့် နာမ်ရုပ်တို့၏ အကြောင်း တရား, အကျိုးတရားတို့ကို သိမ်းဆည်းပြီးလျှင် ကာလသုံးပါးတို့၌ ယုံမှားမှုများကို ပယ်ပြီးသောယောဂီသည် အလုံးစုံသော အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားတို့ကို စုတိနှင့် ပဋိသန္ဓေအစွမ်းအားဖြင့် ထင်ရှားစွာ သိမြင်လေ၏။

**ထိုယောဂီ၏ အကြောင်းနှင့်တကွ နာမ်ရုပ်တို့ကို သဘာဝလက္ခဏာများဖြင့် ပိုင်းခြား၍ သိသောဉာဏ်ပညာသည် သိအပ်သိထိုက်သော တရားတို့ကို ပိုင်းခြား၍သိသောဉာဏ် ပညာ (ဉာတပရိညာ) မည်၏။**

ထိုယောဂီသည် ဤဆိုလတံ့သော သဘောကိုလည်းသိ၏ -

အတိတ်ဘဝ၌ ကံအကြောင်းကြောင့်ဖြစ်သော ခန္ဓာတို့သည် ရှိခဲ့၏။ ထိုခန္ဓာတို့သည် ထိုအတိတ်ဘဝ၌သာလျှင် ချုပ်ကုန်၏။ ဤပစ္စုပ္ပန်ဘဝ၌မူကား အတိတ်ကံအကြောင်းကြောင့် အခြားတစ်ပါးသောခန္ဓာတို့သည် ဖြစ်ပေါ်လာကုန်၏။ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ လိုက်ပါလာသောခန္ဓာဟူသည် တစ်ပါးမျှမရှိချေ။

ဤပစ္စုပ္ပန်ဘဝ၌လည်း ကံအကြောင်းကြောင့်ဖြစ်သော ခန္ဓာတို့သည် ဤဘဝ၌သာလျှင် ချုပ်ကုန်လတ္တံ့။ နောင်ဘဝသစ်၌ ပစ္စုပ္ပန်ကံအကြောင်းကြောင့် အခြားတစ်ပါးသောခန္ဓာတို့သည် ဖြစ်ပေါ်ကုန်လတ္တံ့။ ဤဘဝမှ နောင်ဘဝသစ်သို့ မည်သည့်ခန္ဓာမျှ လိုက်ပါမသွားလတ္တံ့။

• **ဘဝနှစ်ရပ် ဆက်စပ်ပုံဥပမာများ**

**ရွတ်ဆိုသံဥပမာ** – ဆရာ၏ခံတွင်းမှ ရွတ်ဆိုသံသည် တပည့်၏ခံတွင်းသို့ ဝင်သည်မဟုတ်၊ ဆရာ၏ရွတ်ဆိုသံဟူသောအကြောင်းကြောင့် တပည့်၏ခံတွင်း၌ ရွတ်ဆိုခြင်းသည် မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာတည်း။

**ရေမန်းဥပမာ**

တမန် (ကိုယ်စားလှယ်) သောက်သောရေမန်းသည် ရောဂါရှိသူ၏ဝမ်းသို့ မဝင်ပါ။ တမန်သောက်သောရေမန်းဟူသည့်အကြောင်းကြောင့် ရောဂါရှင်၏ရောဂါမပျောက်သည်လည်း မဟုတ်၊ ပျောက်သည်သာတည်း။

**မျက်နှာလိမ်းချယ်မှု**

မျက်နှာ၌ လိမ်းချယ်လိုက်သော သနပ်ခါးမိတ်ကပ်တို့သည် မှန်၌ထင်သည့်မျက်နှာရိပ်သို့ ရောက်သွားသည်လည်းမဟုတ်၊ ထိုမျက်နှာ၌ လိမ်းချယ်လိုက်သော သနပ်ခါးမိတ်ကပ်ဟူသည့် အကြောင်းကြောင့် မှန်မျက်နှာရိပ်၌ သနပ်ခါးမိတ်ကပ်မထင်ပေါ်သည်မဟုတ်၊ ထင်ပေါ်သည် သာတည်း။

**ဆီမီးလျှံဥပမာ**

တစ်ခုသောဆီမီးစာမှ မီးလျှံသည် တစ်ပါးသောဆီမီးစာသို့ ပြောင်းရွှေ့သွားသည်မဟုတ်၊ မူလဆီမီးစာမှ မီးလျှံဟူသောအကြောင်းကြောင့် တစ်ပါးသောဆီမီးစာ၌ မီးလျှံမဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်သာတည်း။

ဤဥပမာများနှင့်အလားတူစွာ အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝသို့ မည်သည့်ရုပ်နာမ်တရားမျှ ပြောင်းရွှေ့လာသည်မဟုတ်၊ ဤပစ္စုပ္ပန်ဘဝမှ နောင်ဘဝသစ်သို့ မည်သည့်ရုပ်နာမ်တရားမျှ ပြောင်းရွှေ့သွားမည်မဟုတ်။

အတိတ်ဘဝ၏ခန္ဓာ, အာယတန, ဓာတ်ဟူသောအကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာ, အာယတန, ဓာတ်တို့သည် မဖြစ်သည်မဟုတ်၊ ဖြစ်ကုန်သည်သာတည်း။ ဤပစ္စုပ္ပန် ဘဝ၏ ခန္ဓာ, အာယတန, ဓာတ်ဟူသောအကြောင်းကြောင့်လည်း နောင်ဘဝသစ်၌ ခန္ဓာ, အာယတန, ဓာတ်တို့သည် မဖြစ်မည်လည်းမဟုတ်ကုန်၊ ဖြစ်ဦးမည်သာတည်း။

ပဉ္စဒွါရာဝဇ္ဇန်းဟူသည့် မနောဓာတ်၏အခြားမဲ့၌ဖြစ်သော စက္ခုဝိညာဏ်စိတ်သည်

ထိုမနောဓာတ်မှလာသည်မဟုတ်၊ ထိုမနောဓာတ်၏အခြားမဲ့၌ မဖြစ်သည်လည်းမဟုတ်၊ ဖြစ်သည်သာဖြစ်သကဲ့သို့ ထို့အတူပင် ပဋိသန္ဓေကာလ၌ စိတ်အစဉ်ဖြစ်၏၊ ရှေးဖြစ်သော စုတိစိတ်သည် ချုပ်ပျက်သွား၏၊ ထို့နောက် အခြားမလပ်ဘဲ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာ၏။

စုတိစိတ်နှင့် ပဋိသန္ဓေစိတ်တို့ကို ခြားပေးတတ်သော အကြား၌ဖြစ်သည့်တရားမည်သည်မရှိ၊ ထိုစုတိစိတ်, ပဋိသန္ဓေစိတ်တို့၏အကြားမည်သည်လည်းမရှိ၊ စုတိစိတ်မှ ပဋိသန္ဓေစိတ်သို့ တစ်စုံတစ်ခုသော ရုပ်နာမ်တရားသွားသည်လည်းမဟုတ်၊ ပဋိသန္ဓေသည်လည်း ဖြစ်ပေါ်လာသည်ကို သိ၏။

**• တရားအလုံးစုံကို ထင်ရှားစွာသိခြင်းအကျိုး**

**စုတိနှင့်ပဋိသန္ဓေအစွမ်းအားဖြင့် နာမ်ရုပ်တရားအလုံးစုံကို သိပြီးသောယောဂီအား နာမ်ရုပ်၏အကြောင်းကိုသိမ်းဆည်းသောဉာဏ်သည် သန်မာလျင်မြန်သောအားစွမ်းနှင့် ပြည့်စုံ၏၊ ယုံမှားမှု ၁၆ ပါးကိုသာလျှင် ပို၍ကောင်းစွာ ပယ်သည်မဟုတ်သေး၊ မြတ်စွာဘုရား၌ယုံမှားမှုစသည့် ဝိစိကိစ္ဆာခေါ် ယုံမှားမှု ၈ ပါးကိုလည်း ပယ်၏။ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးတို့လည်း ဝေးကွာကုန်၏။**

**ဝိစိကိစ္ဆာခေါ် ယုံမှားမှု ၈ ပါးမှာ** – (၁) မြတ်စွာဘုရား၌ ယုံမှားခြင်း၊
(၂) တရားတော်၌ ယုံမှားခြင်း၊ (၃) သံဃာတော်၌ ယုံမှားခြင်း၊
(၄) ကံ–ကံ၏အကျိုး၌ ယုံမှားခြင်း၊
(၅) ပုဗ္ဗန္တခေါ် အတိတ်ခန္ဓာ, အာယတန, ဓာတ်အဖို့အစု၌ ယုံမှားခြင်း၊
(၆) အပရန္တခေါ် အနာဂတ်ခန္ဓာ, အာယတန, ဓာတ်အဖို့အစု၌ ယုံမှားခြင်း
(၇) ပုဗ္ဗန္တာပရန္တခေါ် လက်ရှိခန္ဓာအာယတန, ဓာတ်တို့၏ရှေ့နောက်အစွန်းနှစ်ပါး၌ ယုံမှားခြင်း၊
(၈) ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ယုံမှားခြင်းတို့ဖြစ်၏။

**• ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြည့်စုံလာခြင်း**

**ဤဆိုခဲ့သည့်အတိုင်း အထူးထူးသောနည်းတို့ဖြင့် နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်းပြီးသော ယောဂီသည် ကာလသုံးပါး၌ ယုံမှားမှုအားလုံးတို့ကို လွန်မြောက်၍ တည်သောဉာဏ်ကို ရရှိ၏။ ဤဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားမှုကို လွန်မြောက်လျက်စင်ကြယ်သောဉာဏ်) ဟုခေါ်၏။ ဤဉာဏ်၏ ပရိယာယ်အမည်များမှာ–**

**– ဓမ္မဋ္ဌိတိဉာဏ် – နာမ်ရုပ်တို့၏တည်ကြောင်းတရားကို သိသောဉာဏ်၊**

**– ယထာဘူတဉာဏ် – ဟုတ်တိုင်းမှန်စွာသိသောဉာဏ်၊**

**– သမ္မာဒဿနဉာဏ် – မဖောက်မပြန်မှန်စွာမြင်သောဉာဏ်၊**

**– နာမရူပပစ္စယပရိဂ္ဂဟဉာဏ် – နာမ်ရုပ်ဖြစ်ကြောင်းတရားများကို သိမ်းဆည်းသော ဉာဏ် တို့ဖြစ်ကြသည်။**

**ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူသည်ကား** – ''အဝိဇ္ဇာသည် အကြောင်းတည်း၊ သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း၊ ဤအဝိဇ္ဇာနှင့် သင်္ခါရတို့သည်လည်း

အကြောင်းကြောင့်ဖြစ်သော အကျိုးတည်း'' ဟု အကြောင်းကိုသိမ်းဆည်းခြင်း၌ဖြစ်သော ပညာသည် **ဓမ္မဋ္ဌိတိဉာဏ်** မည်၏။

• **ပဋိသမ္ဘိဒါမဂ်လာ အမေး–အဖြေများ**

**မေး** – အနိစ္စ–မမြဲဟု နှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သနည်း။ အဘယ်သို့လျှင် သမ္မာဒဿနဉာဏ်ဖြစ်သနည်း။

**ဖြေ** – အနိစ္စ–မမြဲဟု နှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကို ဟုတ်တိုင်းမှန်စွာသိမြင်၏။ ဤသို့ ဟုတ်တိုင်းမှန်စွာသိမြင်သောဉာဏ်သည် သမ္မာဒဿနဉာဏ်ဖြစ်၏။

**မေး** – မျက်မှောက်မြင်ပြီးသို့အစဉ်လိုက်သဖြင့် အဘယ်သို့လျှင် အလုံးစုံသော သင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာမြင်အပ်သနည်း၊ အဘယ်တရားတို့၌ ယုံမှားမှုကို ပယ်အပ်သနည်း။

**ဖြေ** – မျက်မှောက်မြင်ပြီးသို့အစဉ်လိုက်သဖြင့် အလုံးစုံသောသင်္ခါရတို့ကို မမြဲကုန်ဟု ကောင်းစွာသိမြင်အပ်ကုန်၏။ ဤကောင်းစွာသိမြင်အပ်သောတရားအပေါင်း၌ ယုံမှားမှုကို ပယ်အပ်၏။

**မေး** – ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူသည်။ ပ ။ အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူသည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာသိသနည်း၊ မြင်သနည်း။ ပ ။ အဘယ်တရားတို့၌ ယုံမှားမှုကို ပယ်အပ်သနည်း။

**ဖြေ** – ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူသည် မပြတ်ဖြစ်သောရုပ်နာမ်အယဉ် (ဥပဒိန္နကပဝတ္တ)ကို ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏။ ပ ။ အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူသည် သင်္ခါရနိမိတ်ကိုလည်းကောင်း၊ ရုပ်နာမ်အယဉ်ကိုလည်းကောင်း၊ ဟုတ်တိုင်းမှန်စွာသိ၏မြင်၏။ ထို့ကြောင့် သမ္မာဒဿန–မှန်စွာမြင်အပ်သောဉာဏ်ဟု ဆိုအပ်၏။ ဤသို့မြင်လတ်သော် မျက်မှောက်ပြုပြီးသို့ အစဉ်လိုက်သဖြင့် အလုံးစုံသော သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟု ကောင်းစွာမြင်၏။ ဤကောင်းစွာမြင်သော တရားတို့၌ ယုံမှားမှုကို ပယ်အပ်၏။

**မေး** – ယထာဘူတဉာဏ်, သမ္မာဒဿနဉာဏ်, ကင်္ခါဝိတရဏဉာဏ်တို့သည် အနက်အားဖြင့် ထူးကုန်၍ သဒ္ဒါ (အသံ) အားဖြင့်လည်း ထူးကုန်သလော။

**ဖြေ** – ယထာဘူတဉာဏ်, သမ္မာဒဿနဉာဏ်, ကင်္ခါဝိတရဏဉာဏ် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) တို့သည် အနက်အဓိပ္ပါယ်အားဖြင့် တူကုန်၍ သဒ္ဒါမျှသာထူးခြား၏။

**စူဠသောတာပန်ဖြစ်ခြင်း**

**ယထာဘူတဉာဏ်မည်သော ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံသည့် ဝိပဿနာရှုသူ ယောဂီသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာဟူသော ကိလေသာနှစ်ပါးကို ယာယီပယ်ပြီးဖြစ်သဖြင့် မြတ်စွာဘုရား၏သာသနာတော်၌ ရအပ်ပြီးသောသက်သာရာရှိသည်ဖြစ်၍ ထောက်တည်ရာရှိသည်ဖြစ်၍ ဂတိမြဲသော စူဠသောတာပန် (သောတာပန်ငယ်) မည်ပေ၏။**

- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ**

(၁၉၈၅၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၉၈၊ ၂၀၀၇၊ ၂၀၀၈၊ ၂၀၀၉ နှစ်တို့၌ မမေးပါ)

**၁။ 'ဇာတိဒုက္ခ'ဟူသော တရားဦးလက်ဆောင်အရ အမိဝမ်းခေါင်းအောင်းနေသော သူငယ်၏ ဇာတိဒုက္ခခံစားရပုံကို ပေါ်လွင်အောင်ဖော်ပြပါ။** (၁၉၈၃၊ စမန ၂၂၅)

**အဖြေ – အမိဝမ်းခေါင်းအောင်းနေသောသူငယ်၏ ဇာတိဒုက္ခခံစားရပုံ**

ဤရုပ်ကိုယ်သည် ကြာညို, ကြာနီ, ကြာဖြူ, ပဒုမ္မာကြာစသည်တို့၏အတွင်း၌ ဖြစ်ရသည် မဟုတ်၊ ယတ္တမြား, ပုလဲသွယ်စသည်တို့၏အတွင်း၌လည်း ဖြစ်ပေါ်သည်မဟုတ်။ စင်စစ်သော်ကား အစာသစ်အိမ်နှင့် အစာဟောင်းတို့၏အကြား၌ အမိဝမ်းရေလွှာကို နောက်မှီပြု၍ အမိ၏ကျောကုန်းရိုးကို မျက်နှာမူ၍ အူမ, အူသိမ်တို့ ဝန်းရံကာ မိမိကိုယ်တိုင်လည်းမကောင်းသောအနံ့ရှိသဖြင့် စက်ဆုတ်ရွံရှာဖွယ်ဖြစ်လျက် မကောင်းသောအနံ့နှင့် စက်ဆုတ်ဖွယ်ရာ အလွန်ကျဉ်းမြောင်းသည့် မိခင်၏သားအိမ်၌ ဖြစ်ပေါ်ရ၏။ ငါးပုပ်, မုန့်သိုး, တံစီးတွင်း, တံစီးမြောင်းစသည်၌ ပိုးလောက်များ ဖြစ်ပေါ်သကဲ့သို့တည်း။

**၂။ အဆိုတော်တစ်ဦး၏ ငြိမ့်ငြောင်းသာယာစွဲမက်ဖွယ်ကောင်းလှစွာသော ဓမ္မတေးသံများကို နှစ်သက်ဖွယ်နားသောတဆင်သူအား ကုသိုလ်ဇောစိတ်ဖြစ်, မဖြစ် စိစစ်ဆုံးဖြတ်ပါ။** (၁၉၈၄၊ စမန ၂၂၆၊ ၂၂၇)

**အဖြေ – ကုသိုလ်ဇောစိတ်ဖြစ်မဖြစ် စိစစ်ဆုံးဖြတ်ချက်**

ကုသိုလ်ဇောစိတ်ဖြစ်မဖြစ်သည် နှလုံးသွင်းမှု (မနသိကာရ) နှင့်ဆက်ဆံ၏။ သင့်လျော်စွာ နှလုံးသွင်းမှု (ယောနိသောမနသိကာရ) ပြုနိုင်လျှင် ကုသိုလ်ဇောစိတ်ဖြစ်မည်။ မသင့်လျော်သော နှလုံးသွင်းမှု (အယောနိသောမနသိကာရ) ဖြစ်လျှင် အကုသိုလ်ဇောစိတ်ဖြစ်မည်။

အဆိုတော်တစ်ဦး၏ ငြိမ့်ငြောင်းသာယာစွဲမက်ဖွယ်ကောင်းလှသော ဓမ္မတေးသံများကို နှစ်သက်ဖွယ်နားသောတဆင်သူသည် ဓမ္မတေးမှတရားသဘောကို အာရုံယူ၍ ကြည်ညို နှစ်သက်စွာ နားထောင်နေလျှင် ကုသိုလ်ဇောစိတ်ဖြစ်သည်။

ဓမ္မတေးမှတရားသဘာကို နှလုံးမသွင်းဘဲ သာယာစွဲမက်ဖွယ်ကောင်းလှစွာသော တေးသံကို နှစ်သက်စွာနားထောင်နေလျှင် အကုသိုလ်ဇောစိတ်ဖြစ်သည်။

**၃။ လူသားတိုင်း ပုလဲသွယ်ယတ္တမြားရတနာကြား၌ဖြစ်ရသည်မဟုတ်၊ အမိဝမ်းခေါင်း၌ ကိန်းအောင်းရသူများသာဖြစ်ကြရာ အမိဝမ်းခေါင်း၌တည်နေပုံကို သရုပ်ပေါ်အောင် ဖော်ဆောင်ပါ။** (၁၉၈၄၊ စမန ၂၂၅)

**အဖြေ** – အမိဝမ်းခေါင်း၌တည်နေပုံကို သရုပ်ပေါ်အောင် ဖော်ဆောင်ရသော် –

(စာမျက်နှာ ၂၃၆၊ နံပါတ် ၁ အတိုင်းဆက်ဖြေပါ။)

**၄။ 'ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံ'ဟူသော အဆိုပြုချက်ကို လက်ခံသင့်၊ မသင့်ရှင်းလင်းဖြေဆိုပါ။** (၁၉၈၈၊ စမန ၂၃၄၊ ၂၃၁)

**အဖြေ–'ဒီဘဝ ဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံ'ဟူသော အဆိုပြုချက်ကို လက်မခံသင့်ပါ။**

အကြောင်းမှာ နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်းပြီးသောယောဂီသည် ကာလသုံးပါး၌ ယုံမှားမှုများကိုလွန်မြောက်လျက် စင်ကြယ်သောဉာဏ်ဖြစ်သည့် ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံ၏။

ထိုယောဂီသည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ အကြောင်းအကျိုးဆက်စပ်သည့်အစွမ်းဖြင့် အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်မျှသာလျှင် ရှိသည်ကို ရှုမြင်၏။

ထိုယောဂီသည် အကြောင်းတရားမှလွဲ၍ ပြုတတ်သူကိုမမြင်၊ အကျိုးဝိပါက်အဆက်မပြတ်ဖြစ်ခြင်းမှလွဲ၍ ခံစားတတ်သူကိုမမြင်၊ အမှန်အားဖြင့်မူ အကြောင်းတရားရှိလျှင် **ပြုတတ်သူ= ကာရက**သည်လည်းကောင်း၊ အကျိုးဝိပါက်အဆက်မပြတ်ဖြစ်ခြင်းရှိလျှင် **ခံစားတတ်သူ = ဝေဒက**သည်လည်းကောင်း၊ အမည်ပညတ်မျှသာဖြစ်သည်ကို မှန်စွာသိသည့် ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာမြင်အပ်ပြီး ဖြစ်လေတော့၏။

ထို့ကြောင့် ရှေးဆရာတို့သည် ''အမှုကံကို ပြုတတ်သူသည်မရှိ၊ အကျိုးကို ခံစားတတ်သူလည်းမရှိ သက်သက်သောအကြောင်းတရားနှင့် အကျိုးတရားတို့သာလျှင် အဆက်မပြတ်ဖြစ်လျက် ရှိကုန်၏။ ဤသို့သောအသိအမြင်သည် မဖောက်မပြန် မှန်ကန်စွာ သိမြင်ခြင်းပင်တည်း''ဟု ဆိုကြ၏။

သို့ဖြစ်၍ 'ဒီဘဝဒီကိုယ်စံ၊ ဟိုဘဝဟိုကိုယ်ခံ'ဟူသော အဆိုပြုချက်ကို လက်မခံသင့်ပါ။

**၅။ ရူပကာယနှင့် နာမကာယ၏ ပစ္စယပရိဂ္ဂဟဉာဏ်အရာဝယ် အကြောင်းပါးပါးမှ ဟေတုအကြောင်းလေးပါး၊ ပစ္စယအကြောင်းတစ်ပါးတို့ကို ထုတ်ဖော်ပြပါ။**

(၁၉၈၉၊ စမန ၂၂၅)

**အဖြေ** – ရူပကာယနှင့် နာမကာယ၏ပစ္စယပရိဂ္ဂဟဉာဏ်အရာဝယ် ရူပကာယ (ရုပ်ကိုယ်) ၏ အကြောင်းငါးပါးမှာ ''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အစာအာဟာရ'' တို့ဖြစ်ကြ၏။ ထိုအကြောင်းတို့တွင် ''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ'' ဟူသော တရား ၄ ပါးသည် ထိုရုပ်ကိုယ်ကိုဖြစ်စေသောကြောင့် ဟေတု = မူလအကြောင်းလေးပါးပင်တည်း၊ အစာအာဟာရသည် ထိုရုပ်ကိုထောက်ပံ့တတ်သောကြောင့် ပစ္စယ=အထောက်အပံ့အကြောင်း ၁ ပါးပင်တည်း။

**၆။ ပစ္စယပရိဂ္ဂဟဉာဏ်အရာဝယ် ရူပကာယ၏ဥပနိဿယအကြောင်း, ဇနကအကြောင်း, ဥပတ္ထမ္ဘကအကြောင်းများကို ဥပမာနှင့်တကွ စပ်ဟပ်ဖြေဆိုပါ။**

(၁၉၉၀၊ စမန ၂၂၅)

**အဖြေ** –ပစ္စယပရိဂ္ဂဟဉာဏ်အရာဝယ် ရူပကာယ (ရုပ်ကိုယ်) ကို ဖြစ်စေသည့် အကြောင်းတရား ၅ ပါးရှိ၏။ ''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ'' ဟူသော တရား ၄ ပါးသည် ထိုရုပ်ကိုယ်ကိုဖြစ်စေတတ်သောကြောင့် ဟေတု = မူလအကြောင်း ၄ ပါးတည်း၊ ''အစာအာဟာရ''သည် ဤရုပ်ကိုယ်ကို ထောက်ပံ့တတ်သောကြောင့် ပစ္စယ = အထောက်အပံ့အကြောင်း ၁ ပါးတည်း။ ထိုအကြောင်း ၅ ပါးတွင်–

(၁) မိခင်သည် ကလေး၏အားကြီးသောမှီရာဖြစ်သကဲ့သို့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ရူပကာယ၏ ဥပနိဿယအကြောင်းဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, တို့သည် မိခင်နှင့်တူပြီးလျှင် ရူပကာယ၏ ဥပနိဿယအကြောင်းဖြစ်၏။

(၂) ဖခင်သည် ကလေးကိုဖြစ်စေသကဲ့သို့ ကံသည် ဤရူပကာယကိုဖြစ်စေ၏။ ထို့ကြောင့် ကံသည် ဖခင်နှင့်တူပြီးလျှင် ရူပကာယ၏ ဇနကအကြောင်းဖြစ်၏။

(၃) နို့ထိန်းသည် ကလေးကို ကျွေးမွေးပြုစုလျက် ကောင်းစွာထိန်းကျောင်းသကဲ့သို့ အစာအာဟာရသည် ဤရုပ်ကိုယ်ကို ကျွေးမွေးပြုစုလျက် ကောင်းစွာဆောင်ခြင်းဟူသော အထောက်အပံ့အကြောင်းဖြစ်၏။ ထို့ကြောင့် အစာအာဟာရသည် နို့ထိန်းနှင့်တူပြီးလျှင် ရူပကာယ၏ဥပတ္ထမ္ဘက အကြောင်းဖြစ်၏။

**၇။ ဇောစေတနာ (၇) ချက်ရှိသော ဝီထိ၌ မည်သည့်ဇောစေတနာကို မည်သည့်ကံ ခေါ်ဝေါ်သတ်မှတ်သည်ကို ဖော်ပြပြီးလျှင်၊ ဂရုကံအမည်ရသော ကုသိုလ်–အကုသိုလ် ကံတို့ကိုလည်း ညွှန်ပြပါ။** (၁၉၉၁၊ စမန ၂၂၉)

**အဖြေ – ဇောစေတနာ (၇) ချက်ရှိသော ဝီထိ၌**

ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။
သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။
အလယ်ဇော ၅ ပါးနှင့် ယှဉ်သော စေတနာတို့သည် အပရာပရိယဝေဒနီယကံ မည်၏။

**– ဂရုကံအမည်ရသော ကုသိုလ်–အကုသိုလ်ကံတို့မှာ –**

ကုသိုလ်ဂရုကံသည် မဟဂ္ဂုတ်ကုသိုလ်ကံနှင့် လောကုတ္တရာကုသိုလ်ကံတို့တည်း။
အကုသိုလ်ဂရုကံသည် ပဉ္စာနန္တရိယကံငါးပါးနှင့် နိယတမိစ္ဆာဒိဋ္ဌိတည်း။

**၈။ နာမ်ရုပ်တရားများသည် (က) အကြောင်းမဲ့အလိုအလျောက်ဖြစ်ပေါ်လာသည်၊ (ခ) အစိုးရသခင် တန်ခိုးရှင်ဖန်ဆင်းခြင်းကြောင့် ဖြစ်ပေါ်လာသည်ဟူသော အယူအဆများသည် အမှားသက်သက်သာဖြစ်သည်ကို အကြောင်းယုတ္တိပြ၍ ဖြေဆိုပါ။**

(၁၉၉၂၊ စမန ၂၃၄၊ ၂၃၁၊ ၂၂၄)

**အဖြေ** – နာမ်ရုပ်တရားများ၏အကြောင်းတို့ကို သိမ်းဆည်းပြီးသောယောဂီသည် ကာလ သုံးပါး၌ ယုံမှားမှုများကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ်ဖြစ်သည့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံ၏။

ထိုယောဂီသည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ အကြောင်းအကျိုးဆက်စပ်သည့်အစွမ်းဖြင့် အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်များသာလျှင် ရှိသည်ကို ရှုမြင်၏။ ထို့ကြောင့်–

(က) **ရုပ်နာမ်တရားများသည် အကြောင်းမဲ့အလိုအလျောက်ဖြစ်ပေါ်လာသည်ဟူသော အယူအဆသည် အမှားသက်သက်သာဖြစ်၏။** အကြောင်းမရှိဘဲဖြစ်လာသည်ဟုဆိုလျှင် လောက၌ အထူးထူးသော အရာဟူသမျှသည် အရပ်ဌာနအားလုံး၌ လူအားလုံးအား

အခါခပ်သိမ်းဖြစ်လေရာ၏။ ဤသို့လည်းမဖြစ်ပေ။ အကြောင်းကြောင့်သာ ရုပ်နာမ်တရားများ ဖြစ်ပေါ်နေသည်ကို ယောဂီကထင်ရှားစွာ သိမြင်ခဲ့ပြီးဖြစ်၍ အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာသည်ဟူသော အယူအဆသည် အမှားသက်သက်သာဖြစ်၏။

(ခ) **ရုပ်နာမ်တရားများသည် အစိုးရသခင် ဖန်ဆင်းရှင်ကြောင့် ဖြစ်ပေါ်လာသည်ဟူသော အယူအဆသည်လည်း အမှားသက်သက်သာ ဖြစ်၏။** အကြောင်းမှာ အကြောင်း အကျိုးဆက်စပ်သည့်အစွမ်းဖြင့် အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်များသာရှိသည်ကို နာမရူပပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ရှုမြင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လောကတွင် ရုပ်နာမ် သာရှိ၏၊ ရုပ်နာမ်ထက် အပိုအလွန်ဖြစ်သော အစိုးရသခင် ဖန်ဆင်းရှင်တို့မရှိပါ။ ထိုဖန်ဆင်း ရှင်သည် နာမ်နှင့်ရုပ်မှုပင်ဖြစ်သည်ဟုဆိုလျှင် ထိုဖန်ဆင်းရှင်သည် အကြောင်းမရှိဘဲ တည်နေသည်ဟုမှတ်ယူသဖြင့် ဖန်ဆင်းရှင်ဟုဆိုသော ရုပ်နာမ်တို့သည်လည်း အကြောင်း မရှိသောအဖြစ်သို့ ရောက်သွား၏။ သို့ဖြစ်၍ ရုပ်နာမ်တရားများသည် အစိုးရသခင် ဖန် ဆင်းရှင်ကြောင့်ဖြစ်ပေါ်လာသောအယူအဆသည် အမှားသက်သက်သာဖြစ်ပေ၏။

**၉။ (က) တွေးတောယုံမှား ကျော်လွှားသန့်စင်ဉာဏ်အမြင် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ဟူသည်အဘယ်သို့သော ဉာဏ်အမြင်ဖြစ်သည်၊ (ခ) သတ်ဖြစ်သောကံ (ဥပဃာ တကကံ) သည် အဘယ်ကိုသတ်ဖြတ်၍ အဘယ်လုပ်ငန်းကို ဆက်လက်ဆောင်ရွက် သည်တို့ကိုဖြေဆိုပါ။** (၁၉၉၃၊ စမန ၂၃၄၊ ၂၃၀)

**အဖြေ** – (က) ဝိပဿနာယောဂီသည် အထူးထူးသောနည်းတို့ဖြင့် နာမ်ရုပ်၏အကြောင်း တို့ကို သိမ်းဆည်းပြီးသောအခါ ကာလသုံးပါး၌ ယုံမှားမှုများကို လွန်မြောက်၍တည်သော ဉာဏ်ကိုရရှိ၏။ **ဤယုံမှားမှုကိုလွန်မြောက်လျက် စင်ကြယ်သောဉာဏ်သည် ကင်္ခါ ဝိတရဏဝိသုဒ္ဓိမည်၏။**

(ခ) **သတ်ဖြတ်သောကံ(ဥပဃာတကကံ)** သည် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ် ပြီးလျှင် အားနည်းသော ဇနကအကုသိုလ်ကံ သို့မဟုတ် အားနည်းသောဇနကကုသိုလ်ကံကို သတ်ဖြတ်၍ မိမိ၏အကျိုးဝိပါက်ဖြစ်အောင် ဆက်လက်ဆောင်ရွက်၏။

**၁၀။ မည်သည့်အဆင့်အတန်းသို့ရောက်သောပုဂ္ဂိုလ်မျိုးကို သာသနာတော်၌ စူဠသော တာပန်ဟု သတ်မှတ်သည်ကိုလည်း တိကျစွာဖြေဆိုခဲ့ပါ။**

(၁၉၉၄၊ စမန၊ ၂၁၅၊ ၂၃၄၊ ၂၃၅)

**အဖြေ** – ဝိပဿနာယောဂီသည် နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သည့် ဉာဏ်ဟူသော **နာမရူပပရိစ္ဆေဒဉာဏ်**ကို ရရှိသဖြင့် ဉာဏ်အမြင်စင်ကြယ်ခြင်းဟူသည့် **ဒိဋ္ဌိဝိသုဒ္ဓိအဆင့်** သို့ရောက်၏။ ထို့နောက် ဆက်လက်၍နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်းသဖြင့် ကာလ သုံးပါး၌ ဝိစိကိစ္ဆာနှင့်တကွ ယုံမှားမှုများကိုလွန်မြောက်သည့်အခါ **နာမရူပပစ္စယပရိဂ္ဂဟ ဉာဏ်**ကိုရ၍ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**အဆင့်သို့ရောက်၏။ ဤသို့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ယာယီပယ်ပြီးသော ပုဂ္ဂိုလ်မျိုးကို သာသနာတော်၌ **စူဠသောတာပန်**ဟု သတ်မှတ်ပါသည်။

**၁၁။ မစင်ညွန်ပုပ်စသည်တို့၌ ပိုးလောက်များပေါက်ပွားဖြစ်ပေါ်နေသကဲ့သို့ စက်ဆုပ်ဖွယ်**

**အညစ်အကြေးများ စုဝေးနေသော သားအိမ်အတွင်း၌ ဖြစ်ပေါ်နေသော ဤကိုယ်ကောင်ကြီး၏ မူရင်းအကြောင်း၊ အထောက်အပံ့အကြောင်းစသည်တို့ကို ဝိသုဒ္ဓိမဂ်ကျမ်းလာ ဥပမာဖြည့်စွက် ခွဲခြမ်းဖော်ပြပါ။** (၁၉၉၅၊ စမန ၂၂၅)

**အဖြေ** – စာမျက်နှာ ၂၃၇–၁၃၈ နံပါတ် ၆ အဖြေနှင့်တူပါသည်။

**၁၂။ ရုပ်နာမ်တရားများဖြစ်ပေါ်တည်ရှိခြင်း၏အကြောင်းတရားတို့ကို သိမ်းဆည်း သိမြင်သောဉာဏ်ကို 'ဓမ္မဋ္ဌိတိဉာဏ်' ဟုခေါ်ဆိုရာ၌ ထိုအကြောင်းတရားကို အဘယ်သို့ သိမ်းဆည်းသိမြင်ပါသနည်း။** (၁၉၉၅၊ စမန ၂၃၄၊ ၂၃၅)

**အဖြေ** – ရုပ်နာမ်တရားများ ဖြစ်ပေါ်တည်ရှိခြင်း၏ အကြောင်းတရားတို့ကို သိမ်းဆည်း သိမြင်သောဉာဏ်ကို ''ဓမ္မဋ္ဌိတိဉာဏ်''ဟုခေါ်ဆိုရာ၌ ထိုအကြောင်းတရားကို သိမ်းဆည်းပုံမှာ–

''အဝိဇ္ဇာသည် အကြောင်းတည်း၊ သင်္ခါရတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတို့တည်း၊ ဤအဝိဇ္ဇာနှင့်သင်္ခါရတို့သည်လည်း အကြောင်းကြောင့်ဖြစ်သော အကျိုးတည်း'' ဟု အကြောင်းတရားကို သိမ်းဆည်းပါသည်။

**၁၃။ ရုပ်နာမ်နှစ်ပါးဖြစ်နေခြင်းသည် အကြောင်းမဲ့လည်းမဟုတ်နိုင်၊ အစိုးရသခင် ထာဝရဘုရားရှင်ကြောင့်လည်း မဟုတ်နိုင်၊ သို့ဖြစ်လျှင် ဘာ့ကြောင့် ယင်းသို့မဟုတ်နိုင်ရသနည်း။ ဖြေဆိုပါ။** (၁၉၉၆၊ စမန ၂၃၄၊ ၂၃၁၊ ၂၂၄)

**အဖြေ** – စာမျက်နှာ ၂၃၈ နံပါတ် ၈ အဖြေနှင့် တူပါသည်။

**၁၄။ မီးရထားသံလမ်းပေါ်၌ ပက်လက်သိပ်ထားသောသူငယ်ကို တွေ့မြင်ရသော ကရုဏာရှင်သည် ''အလို ဘယ်သူရဲ့ကလေးပါလိမ့်''ဟု ကလေးပိုင်ရှင်မိဘတို့ကို စူးစမ်းရှာဖွေသကဲ့သို့ ရုပ်နာမ်တို့ကိုတွေ့မြင်ရသောယောဂီသည် အဘယ်ကို စူးစမ်းရှာဖွေပါသနည်း၊ ဖြေဆိုပါ။** (၁၉၉၇၊ စမန ၂၁၅၊ ၂၂၆)

**အဖြေ** – မီးရထားသံလမ်းပေါ်၌ ပက်လက်သိပ်ထားသောသူငယ်ကို တွေ့မြင်ရသောကရုဏာရှင်သည် ကလေးပိုင်ရှင်မိဘတို့ကို စူးစမ်းရှာဖွေသကဲ့သို့ ရုပ်နာမ်ကိုတွေ့မြင်ရသော ယောဂီသည် ရုပ်နာမ်တို့၏မူလအကြောင်း၊ အထောက်အပံ့အကြောင်းတို့ကို စူးစမ်းရှာဖွေ၏။

ထိုသို့စူးစမ်းရှာဖွေသောအခါ **ရူပကာယ** (ရုပ်ကိုယ်)ကိုဖြစ်စေသည့် ''အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ'' ဟူသော အကြောင်း ၅ ပါးကို မြင်တွေ့ရ၏။ ဤအကြောင်းတို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ''ဟူသော တရား ၄ ပါးသည် ထိုရုပ်ကိုယ်ကို ဖြစ်စေတတ်သောကြောင့် ဟေတု = မူလအကြောင်း ၄ ပါးပင်တည်း။ 'အစာအာဟာရသည် ထိုရုပ်ကိုယ်ကို ထောက်ပံ့တတ်သောကြောင့် ပစ္စယ = အထောက်အပံ့အကြောင်းတရား ၁ ပါးပင်တည်းဟု သိမြင်၏။

တစ်ဖန် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ဤဘဝရုပ်နာမ်၏အားကြီးသောမှီရာ ဥပနိဿယအကြောင်းဖြစ်၏။ မိခင်သည် ကလေး၏အားကြီးသောမှီရာဖြစ်သကဲ့သို့တည်း။ သို့အတွက် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် မိခင်နှင့်တူ၏။

ကံသည် ဤဘဝရုပ်နာမ်ကိုဖြစ်စေသဖြင့် ဖခင်က ကလေးကိုဖြစ်စေသည်နှင့်တူ၏။

သို့အတွက် ကံသည် ဖခင်နှင့်တူ၏။ ထို့ကြောင့် မိဘတို့နှင့်တူသောအကြောင်းတရားတို့ကို ရှာဖွေတွေ့ရှိ၏။

**နာမကာယ၏အကြောင်း**ကို ရှာဖွေရာ၌ ဒွါရ ၆ ပါးနှင့် အာရုံ ၆ ပါးတို့ကို စွဲမှီ၍ လောကီစိတ် ၈၁ ပါးနှင့် ယှဉ်ဖက်စေတသိက် ၅၂ ပါးတို့ကို တွေ့မြင်ရပါသည်။

**၁၅။ မစင်ဘင်ပုပ်အတွင်း မိုတင်းနေထိုင်သောပိုးလောက်ကဲ့သို့ မိခင်၏စက်ဆုပ်ဖွယ် သားအိမ်အတွင်း ကျဉ်းကျပ်စွာဖြစ်ပေါ်တည်နေသော သန္ဓေသားရုပ်ကိုယ်လေးဖြစ်လာရေးအတွက် အဘယ်သည်အရင်းခံအကြောင်းဟိတ်, အဘယ်သည် အကူအညီအကြောင်းပစ္စည်းဖြစ်သည်ကို ဖော်ပြပြီးလျှင်၊ ထိုဟိတ်နှင့် ပစ္စည်းတို့သည် အဘယ်သို့ တာဝန်ကိုယ်စီဆောင်ရွက်နေသည်ကိုလည်း ဥပမာကိုယ်စီပြ၍ ဖြေဆိုပါ။**

(၁၉၉၉၊ စမန ၂၂၅)

**အဖြေ** – သားအိမ်အတွင်း ကျဉ်းကျပ်စွာဖြစ်ပေါ်တည်နေသော သန္ဓေသားရုပ်ကိုယ်လေးဖြစ်လာရေးအတွက် **အရင်းခံအကြောင်းဟိတ် (ဟေတု) (ဝါ) မူလအကြောင်း ၄ ပါးသည် 'အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ' တို့ဖြစ်ပါသည်။ 'အစာအာဟာရ'သည် အကူအညီအကြောင်းပစ္စည်း (ဝါ) ပစ္စယ = အထောက်အပံ့အကြောင်းဖြစ်ပါသည်။**

ထိုဟိတ်နှင့်ပစ္စည်းတို့က တာဝန်ကိုယ်စီဆောင်ရွက်နေပုံမှာ –

'**အဝိဇ္ဇာ, တဏှာ, ဥပါဒါန်**တို့သည် ကလေးရုပ်ကိုယ်၏အားကြီးသောမှီရာ ဥပနိဿယအကြောင်းအဖြစ် ဆောင်ရွက်သည်။ မိခင်သည် ကလေး၏အားကြီးသောမှီရာဖြစ်သကဲ့သို့တည်း။

'**ကံ**' သည် ဤရုပ်ကိုယ်ဖြစ်ပွားအောင် ဆောင်ရွက်သည်။ **ဖခင်**က ကလေးကို ဖြစ်စေသကဲ့သို့တည်း။

'**အစာအာဟာရ**' သည် ကလေးရုပ်ကိုယ်ကို ကျွေးမွေးပြုစုလျက် ကောင်းစွာဆောင်ခြင်းဟူသော အထောက်အပံ့အကြောင်းအဖြစ် ဆောင်ရွက်၏။ နို့ထိန်းက ကလေးငယ်ကို ကျွေးမွေးပြုစု, ထိန်းကျောင်းသကဲ့သို့တည်း။

**၁၆။ အဘယ်မျှလောက်ဉာဏ်ပညာရင့်ကျက်လာလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ(ယုံမှားမှုအားလုံးလွန်မြောက်သန့်စင်သည်) မည်ပါသနည်း။ ဖြေဆိုပါ။**

(၂၀၀၀၊ စမန ၂၁၅၊ ၂၂၇၊ ၂၂၈၊ ၂၃၀၊ ၂၃၁)

**အဖြေ** – ဝိပဿနာယောဂီသည် နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သည့်ဉာဏ်ဟူသော နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိသဖြင့် ဉာဏ်အမြင်စင်ကြယ်ခြင်းဟူသည့် ဒိဋ္ဌိဝိသုဒ္ဓိအဆင့်သို့ရောက်၏။ ထို့နောက် ပဋိလုံပဋိစ္စသမုပ္ပါဒ်အစွမ်းဖြင့်လည်းကောင်း၊ အနုလုံပဋိစ္စသမုပ္ပါဒ်အစွမ်းဖြင့်လည်းကောင်း၊ နာမ်ရုပ်၏အကြောင်းတို့ကို သိမ်းဆည်း၍ ကာလသုံးပါး၌ ယုံမှားမှုများကို ပယ်၏။

ထို့နောက် ယောဂီသည် ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋအစွမ်းအားဖြင့် နာမ်ရုပ်တို့၏အကြောင်းတို့ကို သိမ်းဆည်း၏။ ကံအကြောင်းကြောင့် ဝိပါက်ဖြစ်သည်။ ထိုဝိပါက်ကြောင့်ပင် တစ်ဖန်ကံ

အကြောင်းဖြစ်ပြန်သည်။ ဤကံအကြောင်းကြောင့် တစ်ဖန်ဝိပါက်ဖြစ်၍ ဘဝသစ်ဖြစ်ပြန်သည်။ ဤသို့စသည်ဖြင့် တစ်ပြန်စီ အဆက်မပြတ်လည်ပတ်နေသော လောကဟူသည့်ရုပ်နာမ်အစဉ်သည် အဆက်မပြတ်ဖြစ်နေသည်ကို ရှုမြင်၏။

ဤသို့ရှုမြင်သောအခါ ကာလသုံးပါး၌ ယုံမှားမှု ၁၆ ပါးကို ကောင်းစွာပယ်၏။ အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ အကြောင်းအကျိုးဆက်စပ်သည့် အစွမ်းဖြင့် အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်မျှသာလျှင် ထိုယောဂီအား ထင်၏။

ထိုယောဂီသည် အကြောင်းတရားမှလွဲ၍ **ပြုတတ်သူ** (ကာရက,ဖန်ဆင်းရှင်)ကို မမြင်၊ အကျိုးဝိပါက်အဆက်မပြတ်ဖြစ်ခြင်းမှလွဲ၍ **ခံစားတတ်သူ** (ဝေဒက)ကို မမြင်။ သို့အတွက် ဝိစိကိစ္ဆာ=ယုံမှားမှုအားလုံးနှင့် မိစ္ဆာဒိဋ္ဌိ=အယူမှားအားလုံးကို ပယ်၏။

ဤအဆင့်အထိဉာဏ်ပညာရင့်ကျက်လာလျှင် **နာမရူပပစ္စယပရိဂ္ဂဟဉာဏ်**ကိုလည်း မှန်ကန်စွာရပြီးဖြစ်၍ **ကင်္ခါဝိတရဏဝိသုဒ္ဓိ** (ယုံမှားမှုအားလုံးလွန်မြောက်သန့်စင်သည်) မည်ပါသည်။

**၁၇။ ဖော ၇ ချက်စောသောဝီထိ၌ အဘယ်ဖောစေတနာကို အဘယ်ကံဟု သတ်မှတ်သည်ကို ခွဲခြားဖြေဆိုပါ။** (၂၀၀၀၊ စမန ၂၂၉)

အဖြေ – စာမျက်နှာ ၂၃၈ နံပါတ် ၇ အဖြေနှင့်တူပါသည်။

**၁၈။ ဥပဃာတကခေါ် သတ်ဖြတ်တတ်သောကံသည် အဘယ်ကိုသတ်ဖြတ်၍ အဘယ်ကိုတားမြစ်ပြီး အဘယ်ကိစ္စကို ပြုလုပ်သည်ကို ဖော်ပြပါ။** (၂၀၀၁၊ စမန ၂၃၀)

**အဖြေ – ဥပဃာတကခေါ် သတ်ဖြတ်တတ်သောကံသည်** – ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ်ပြီးလျှင် အားနည်းသောဇနကအကုသိုလ်ကံ သို့မဟုတ် အားနည်းသော ဇနကကုသိုလ်ကံကိုသတ်ဖြတ်၍ ဇနကကံ၏အကျိုးဝိပါက်ကို တားမြစ်ပြီးလျှင် မိမိ၏အကျိုးဝိပါက်ကို ဖြစ်စေပါသည်။

**၁၉။ နာမ်ရုပ်သည် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်သည်မဟုတ်၊ အလိုလိုဘွားကနဲ ပေါ်လာသည်ဟု ယူဆပြောဆိုပါက အဘယ်သို့အပြစ်တင်စရာဖြစ်နိုင်သည်ကို ဖြေဆိုပြီးလျှင်၊ အဘယ်ကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိခေါ်သည်ကို ဝိသုဒ္ဓိမဂ်အတိုင်း ကြောင်းကျိုးဆက်စပ်ထိမိအောင် ဖော်ပြပါ။** (၂၀၀၂၊ အဖြေ ၂၂၄၊ ၂၃၄)

**အဖြေ** – နာမ်ရုပ်သည် မည်သည့်အကြောင်းကြောင့်မျှဖြစ်သည်မဟုတ်၊ အလိုလိုဘွားကနဲ ပေါ်လာသည်ဟုယူဆပြောဆိုလျှင် လောက၌ အထူးထူးသောအရာဟူသမျှသည် အရာဌာန အားလုံး၌ လူအားလုံးတို့အား အခါခပ်သိမ်းဖြစ်လေရာ၏။ တစ်မျိုးတည်းအဖြစ်သို့ရောက်ခြင်းဟူသော အပြစ်တင်စရာဖြစ်နိုင်ပါသည်။

– အထူးထူးသောနည်းတို့ဖြင့် ရုပ်နာမ်၏အကြောင်းတို့ကို သိမ်းဆည်းပြီးသောယောဂီသည် ကာလသုံးပါး၌ ယုံမှားမှုအားလုံးတို့ကို လွန်မြောက်၍ တည်သောဉာဏ်ကို ရရှိ၏။ ဤဉာဏ်သည် **ကင်္ခါဝိတရဏဝိသုဒ္ဓိ**=ယုံမှားမှုကို လွန်မြောက်လျက် စင်ကြယ်သောဉာဏ် မည်ပါသည်။

**၂၀။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာစေရန် ရုပ်နာမ်တို့၏အကြောင်းတရားကိုဆင်ခြင်ရာ၌ စိမ်းစော်ညှီဟောက်သောအနံ့အသက်များဖြင့် စက်ဆုပ်ဖွယ်ဝမ်းခေါင်းအတွင်း အောင်းနေရသော ရုပ်ခန္ဓာကလေး၏ အမိ, အဖ, အထိန်းတို့နှင့် အသီးသီးတူညီသော အကြောင်းတရားတို့ကို ခွဲခြားဖော်ပြပါ။** (၂၀၀၃၊ စမန ၂၂၅)

**အဖြေ** – ပစ္စယပရိဂ္ဂဉာဏ်ဖြစ်ပေါ်လာစေရန် ရုပ်နာမ်တို့၏အကြောင်းတရားကို ဆင်ခြင်ရာ၌ အမိဝမ်းခေါင်းအတွင်း အောင်းနေရသော ရုပ်ခန္ဓာကလေးကို ဖြစ်ပေါ်စေသည့် အကြောင်းတရားအဖြစ် ''အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ'' ဟူသော အကြောင်းငါးပါးကို မြင်သိရ၏။ ဤအကြောင်းငါးပါးအနက်–

**အဝိဇ္ဇာ, တဏှာ, ဥပါဒါန်**တို့သည် ရုပ်ခန္ဓာကလေး၏အားကြီးသောမှီရာဖြစ်သဖြင့် ဥပနိဿယအကြောင်းဖြစ်၏။ မိခင်သည် ကလေးငယ်၏ အားကြီးသောမှီရာဖြစ်သကဲ့သို့တည်း။ ထို့ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့သည် ရုပ်ခန္ဓာကလေး၏အမိနှင့်တူညီ၏။

**ကံ**သည် ရုပ်ခန္ဓာကလေးကိုဖြစ်စေသဖြင့် မူလအကြောင်းဖြစ်၏။ ဖခင်က ကလေးငယ်ကို ဖြစ်စေသကဲ့သို့တည်း။ ထို့ကြောင့် ကံသည် ရုပ်ခန္ဓာကလေး၏အဖနှင့်တူ၏။

**အစာအာဟာရ**သည် ရုပ်ခန္ဓာကလေးကို ကျွေးမွေးပြုစုလျက် ကောင်းမွန်စွာထိန်းကျောင်းပေးသဖြင့် ပစ္စယအကြောင်းဖြစ်၏။ နို့ထိန်းက ကလေးငယ်ကို ကျွေးမွေးပြုစုလျက်ကောင်းစွာ ထိန်းကျောင်းပေးသည်နှင့်တူ၏။ ထို့ကြောင့် အစာအာဟာရသည် ရုပ်ခန္ဓာလေး၏အထိန်းနှင့်တူညီ၏။

**၂၁။ ဉာတပရိညာသည် အဘယ်လက္ခဏာများကို မှတ်သားသည်ကို မှတ်သားပုံနမူနာနှင့်တကွ တွဲစပ်ဖော်ပြပါ။** (၂၀၀၃၊ စမန ၂၃၂)

**အဖြေ** – **ဉာတပရိညာသည်** အကြောင်းနှင့်တကွနာမ်ရုပ်တို့ကို သဘာဝလက္ခဏာများဖြင့် ပိုင်းခြားမှတ်သားတတ်သော ဉာဏ်ပညာဖြစ်၏။ ပိုင်းခြားမှတ်သားပုံမှာ –

ဖောက်ပြန်ခြင်းလက္ခဏာရှိသောတရားသည် ရုပ်တည်း၊ ခံစားခြင်းလက္ခဏာရှိသောတရားသည် ဝေဒနာတည်း စသည်တို့ဖြစ်၏။

**၂၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိအခိုက်၌ သစ္စာလေးပါးတို့အနက် အဘယ်သစ္စာကို သီးသန့်ရှုမှတ်ပြီးဖြစ်သည်ကို ဖော်ပြပါ။** (၂၀၀၃၊ စမန ၂၃၄)

**အဖြေ** – ကင်္ခါဝိတရဏဝိသုဒ္ဓိအခိုက်၌ နာမ်ရုပ်တို့၏အကြောင်းတရားတို့ကို သိမ်းဆည်းရှုမှတ်သဖြင့် သစ္စာလေးပါးအနက် သမုဒယသစ္စာကို သီးသန့်ရှုမှတ်ပြီးဖြစ်ပေ၏။

**၂၃။ နှိပ်စက်တတ်သောကံကို ဥပပီဠကကံဟုဆိုရာ၌ အဘယ်သို့ အဘယ်ပုံနှိပ်စက်သည်ကိုဖြေဆိုပြီးလျှင်၊ နာမ်ရုပ်တရားများဖြစ်ခြင်း၏အကြောင်းတရားတို့ကို ပိုင်နိုင်စွာသိသောပစ္စယပရိဂ္ဂဟဉာဏ်အားကောင်းလာလျှင် အဘယ်တရားဆိုးများ ပျောက်ကွယ်သွားသည်ကို ဖော်ပြပါ။** (၂၀၀၄၊ စမန ၂၃၀၊ ၂၃၄)

**အဖြေ** – **ဥပပီဠကကံ**သည် ဇနကကံကဖြစ်စေသော အကျိုးဝိပါက်၌ ဖြစ်ဆဲဖြစ်သည့် ချမ်းသာ,ဆင်းရဲကို နှိပ်စက်တတ်၏၊ ညှဉ်းဆဲတတ်၏၊ အဓွန့်ရှည်စွာသော ကာလပတ်

လုံး မပြတ်ဖြစ်ရန် အခွင့်မပေးချေ။

– **ပစ္စပရိဂ္ဂဟဉာဏ်အားကောင်းလာလျှင်** ယုံမှားမှုကင်္ခါ ၁၆ ပါးကို ပို၍ကောင်းစွာပယ်၏။ ဘုရား, တရား, သံဃာတို့၌ ယုံမှားခြင်းစသည့် ဝိစိကိစ္ဆာခေါ် ယုံမှားမှု ၈ ပါးကိုလည်း ပယ်၏။ မိစ္ဆာဒိဋ္ဌိအယူမှား ၆၂ ပါးတို့လည်း ဝေးကွာသွားကြ၏။ ထို့ကြောင့် ဤတရားဆိုးများ ပျောက်ကွယ်သွားပါသည်။

**၂၄။ ဝိသုဒ္ဓိမဂ်ကျမ်းလာ ရုပ်နာမ်ဖြစ်ပေါ်ရာ အကြောင်းသိမ်းဆည်းပုံဒုတိယနည်းအရ– ရုပ်တရား, နာမ်တရားများဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းတရားများကို အမည်မျှခွဲခြားဖော်ပြပြီးလျှင်၊ အဘယ်မည်, အဘယ်မည်သောအကြောင်းကြောင့် အဘယ်မည်, အဘယ်မည်သောနာမ်တရားများဖြစ်ရသည်ကိုလည်း ခွဲခြားဖော်ပြပါ။**

(၂၀၀၅၊ စမန ၂၂၆၊ ၂၂၇)

**အဖြေ** – ဝိသုဒ္ဓိမဂ်ကျမ်းလာ ရုပ်နာမ်ဖြစ်ပေါ်ရာ အကြောင်းသိမ်းဆည်းပုံ ဒုတိယနည်းအရ–

– **ရုပ်တရားများဖြစ်ပေါ်ရခြင်း၏အခြေခံအကြောင်းတရားများမှာ –**

ကံ, စိတ်, ဥတု, အာဟာရတို့ဖြစ်ကြ၏။

– **နာမ်တရားများဖြစ်ပေါ်ရခြင်း၏အခြေခံအကြောင်းတရားများမှာ –**

(က) စက္ခုဒွါရစသည့်ဒွါရ (၆) ပါးနှင့် ရူပါရုံစသော အာရုံ (၆) ပါးတို့သည် လောကီစိတ် ၈၁ ပါးနှင့် ယှဉ်ဖက်စေတသိက် ၅၂ ပါးကိုဖြစ်စေသော သာဓာရဏ=ဆက်ဆံသော အကြောင်းတရားများဖြစ်ကြ၏။

(ခ) နှလုံးသွင်းမှု (မနသိကာရ), ကံ, ဘဝင်စသည်တို့သည် နာမ်တရားများကိုဖြစ်စေသည့် အသာဓာရဏ = မဆက်ဆံသောအကြောင်းတရားများဖြစ်ကြ၏။

– ယောနိသောမနသိကာရ၊ သူတော်ကောင်းတရားနာကြားခြင်းစသည့်အကြောင်းကြောင့် ကုသိုလ်နာမ်တရားများဖြစ်ကြ၏။

– အယောနိသောမနသိကာရ၊ သူယုတ်မာတရားကို နာကြားခြင်းစသည့် အကြောင်းကြောင့် အကုသိုလ်နာမ်တရားများ ဖြစ်ကြ၏။

– ကံစသောအကြောင်းကြောင့် အကျိုးဝိပါက်နာမ်တရားများဖြစ်ကြ၏။

– ဘဝင်စသောအကြောင်းကြောင့် ကြိယာနာမ်တရားများဖြစ်ကြ၏။

(ဂ) ရုပ်ကိုဖြစ်စေသောအကြောင်း ၄ ပါးတွင်

– အတိတ်သာလျှင်ဖြစ်သောကံသည် ကမ္မဇရုပ်ကိုဖြစ်စေ၏။

– ဖြစ်ဆဲသောစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေ၏။

– ဥတုသည် တည်ဆဲဌီခဏ၌ ဥတုဇရုပ်ကို ဖြစ်စေ၏။

– အာဟာရသည် တည်ဆဲဌီခဏ၌ အာဟာရဇရုပ်ကို ဖြစ်စေ၏။

**၂၅။ ဖြစ်တတ်, ပျက်တတ်သောလောကကြီး၏ အဆင့်ဆင့်ဖြစ်ပုံသဘာဝကို ဝိသုဒ္ဓိမဂ်လာအတိုင်းဖော်ပြခဲ့ပါ။** (၂၀၀၆၊ စမန ၂၃၂)

**အဖြေ** – ဖြစ်တတ်, ပျက်တတ်သောလောကကြီး၏ အဆင့်ဆင့်ဖြစ်ပုံသဘာဝကို ဝိသုဒ္ဓိမဂ်

လာအတိုင်းဖော်ပြရသော်–ကံအကြောင်းကြောင့် အကျိုးဝိပါက်ရုပ်နာမ်တရားများဖြစ်ကြ၏။ ထိုဝိပါက်ရုပ်နာမ်တရားများကြောင့်ပင် တစ်ဖန်ကံအကြောင်းသည် ဖြစ်၏။ ဤကံအကြောင်းကြောင့်တစ်ဖန် ဝိပါက်ရုပ်နာမ်တရားများဖြစ်၍ ဘဝသစ်ဖြစ်ပြန်၏။ ဤသို့စသည်ဖြင့် တစ်ပြန်စီအဆက်မပြတ်လည်ပတ်ကာ လောကဟူသည့် ရုပ်နာမ်အစဉ်သည် အဆက်မပြတ်ဖြစ်နေ၏။ ဤကား ဖြစ်တတ်, ပျက်တတ်သောလောကကြီး၏ အဆင့်ဆင့်ဖြစ်ပုံသဘာဝပေတည်း။

**၂၆။ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပေါ်လာစေရန် ရုပ်နာမ်တို့၏အကြောင်းတရားတို့ကို ဆင်ခြင်ရာ၌ စိမ်းစော်ညှီဟောက်သောအနံ့အသက်များဖြင့် စက်ဆုပ်ဖွယ်ဝမ်းခေါင်းအောင်းနေရသောရုပ်ခန္ဓာလေး၏ အမိ+အဖ+အထိန်းတို့နှင့်အသီးသီးတူညီသောကြောင်းတရားတို့ကို ခွဲခြားဖော်ပြပါ။** (၂၀၁၀၊ စမန ၂၂၅)

**အဖြေ** – စာမျက်နှာ ၂၄၃ နံပါတ် ၂၀ နှင့်အဖြေတူပါသည်။

**၂၇။ ဖော ၇ ချက်စောသောဝီထိ၌ အဘယ်ဖောစေတနာကို အဘယ်ကံဟုသတ်မှတ်သည်ကို ခွဲခြားဖြေဆိုပြီးလျှင်၊** (၂၀၁၀၊ စမန ၂၂၆)

**အဖြေ** – စာမျက်နှာ ၂၃၈ နံပါတ် ၇ အဖြေနှင့်တူပါသည်။

## အခန်း (၂၀)
# မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
## လမ်းမှန်နှင့်လမ်းမှား၌ အသိအမြင်စင်ကြယ်ခြင်း

### • မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်ပုံ

ဝိပဿနာ၏ညစ်ညူးကြောင်း ဥပက္ကိလေသမှလွတ်သော လမ်းမှန်သွားသည့် ဝိပဿနာဉာဏ်ပညာသည်သာ အရိယမဂ်၏ရှေ့အဘို့ဖြစ်သော (ပုဗ္ဗဘာဂ) လမ်းမှန်တည်း၊ သြဘာသ အရောင်အလင်းစသော ဥပက္ကိလေသဆယ်ပါးသည် အရိယမဂ်၏ရှေ့အဘို့ဖြစ်သော လမ်းရိုးလမ်းမှန်မဟုတ်ဟု လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြားသိမြင်၍တည်သောဉာဏ်သည် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ** (လမ်းမှန်နှင့်လမ်းမှား၌ အသိအမြင်စင်ကြယ်သောဉာဏ်ပညာ) မည်၏။

### • သမ္မသနဉာဏ်ကိုပြဆိုခြင်း

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေလိုသောယောဂီသည် ကလာပသမ္မသန (အပေါင်းအစုလိုက်သုံးသပ်ခြင်း) ဟုဆိုအပ်သော နယဝိပဿနာ (နည်းမှီ၍ရှုခြင်း) ကို ရှေးဦးစွာအားထုတ်အပ်၏။**

အဘယ်ကြောင့်ဆိုသော် အားထုတ်စပြုပြီးသောဝိပဿနာယောဂီ (အာရဒ္ဓဝိပဿက) အား အရောင်အလင်းစသည်ဖြစ်ပေါ်လာသော် လမ်းမှန်နှင့်လမ်းမှားကိုပိုင်းခြားသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ **ကလာပသမ္မသနဉာဏ်သည်လည်း ဝိပဿနာ၏အစဦးစွာ အားထုတ်အပ်သောဉာဏ်ပေတည်း။**

တစ်နည်းကား **တီရဏပရိညာဖြစ်လာလျှင် လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြားသောဉာဏ်သည်လည်း ဖြစ်ပေါ်၏။** ထိုတီရဏပရိညာသည် ဉာတပရိညာ၏အခြားမဲ့၌ဖြစ်၏။ ထို့ကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံလိုသောယောဂီသည် ကလာပသမ္မသနခေါ် နယဝိပဿနာကို ရှေးဦးစွာအားထုတ်အပ်၏။

### • လောကီပညာသုံးပါး

**'ပရိညာ'သည် ပိုင်းခြား၍သိသောဉာဏ်ပညာဖြစ်၏။** လောကီပရိညာသုံးပါးမှာ ဉာတပရိညာ, တီရဏပရိညာ, ပဟာနပရိညာတို့ ဖြစ်၏။

**(၁) ဉာတပရိညာ – သိအပ်သိထိုက်သောနာမ်ရုပ်နှင့် အကြောင်းတရားတို့ကို ပိုင်းခြား၍ သိသောဉာဏ်ပညာ၊**

**''ဖောက်ပြန်ခြင်းလက္ခဏာရှိသောတရားသည် ရုပ်တည်း၊ ခံစားခြင်းလက္ခဏာရှိသော တရားသည် ဝေဒနာတည်း'' ဤသို့သောနည်းဖြင့် ထိုထိုရုပ်နာမ်တရားတို့၏အသီး အသီးသော သဘာဝလက္ခဏာကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့်ဖြစ်သောပညာ သည် ဉာတပရိညာ** မည်၏။

**(၂) တီရဏပရိညာ – စုံစမ်းသုံးသပ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာ၊**

**သဘာဝလက္ခဏာကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့် ယူပြီး, ရှုသိုးပြီးဖြစ်ကုန်သော ထိုရုပ်နာမ်တရားတို့အားပင်လျှင် ''ရုပ်သည်မမြဲ၊ ဝေဒနာသည်မမြဲ'' ဤသို့စသောနည်းဖြင့် သာမညလက္ခဏာကိုတင်၍ဖြစ်သော လက္ခဏာလျှင်အာရုံရှိသော ဝိပဿနာပညာသည် တီရဏပရိညာမည်၏။**

**(၃) ပဟာနပရိညာ – ပယ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာ၊**

**သာမညလက္ခဏာကို ရှုသည့်အစွမ်းအားဖြင့် ယူပြီး, ရှုသိပြီးကုန်သော ထိုရုပ်နာမ်တရားတို့၌ပင်လျှင် နိစ္စသညာစသည်ကိုပယ်သည့်အစွမ်းအားဖြင့်ဖြစ်သော လက္ခဏာလျှင်အာရုံရှိသော ဝိပဿနာပညာသည် ပဟာနပရိညာမည်၏။**

**• ပရိညာသုံးပါးတို့၏ဖြစ်ရာဘုံ**

**ဉာတပရိညာ၏ဖြစ်ရာဘုံ** (နယ်ပယ်)သည် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်အထိ ဖြစ်၏။ ဤကာလအတွင်း၌ နာမ်ရုပ်တို့၏အသီးအသီးသော သဘာဝလက္ခဏာကိုသိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**တီရဏပရိညာ၏ဖြစ်ရာဘုံ** (ဘူမိ) သည် ကလာပသမ္မသနဉာဏ်မှစ၍ ဉဒယဗ္ဗယဉာဏ်အထိ ဖြစ်၏။ ဤကာလအတွင်း၌ နာမ်ရုပ်တို့၏သာမညလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**ပဟာနပရိညာ၏ဖြစ်ရာဘုံ**သည် ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်များအထိဖြစ်၏။

ဘင်္ဂဉာဏ်မှစ၍ 'အနိစ္စ–မမြဲ'ဟု ရှုလတ်သော် ရှုသူသည် မြဲသည်ဟုထင်မှတ်သောနိစ္စသညာကို ပယ်၏၊ 'ဒုက္ခ–ဆင်းရဲ'ဟုရှုလတ်သော် ချမ်းသာသည်ဟုထင်မှတ်သော သုခသညာကိုပယ်၏၊ 'အနတ္တ=အတ္တမဟုတ်'ဟု ရှုလတ်သော် အတ္တကောင်ဟုထင်မှတ်သော အတ္တသညာကိုပယ်၏။ ဤသို့စသည်ဖြင့် ဟောထားသောကြောင့် အနိစ္စာနုပဿနာစသည့် အနုပဿနာ ၇ ပါးသည် အကြီးအမှူးဖြစ်၏။

(အနုပဿနာဟူသည်မှာ အဖန်ဖန်နှလုံးသွင်း ရှုမှတ်ခြင်းဖြစ်၏)

**• အနုပဿနာ(၇)ပါးနှင့် ပယ်အပ်သောတရားများ**

(၁) **အနိစ္စာနုပဿနာဖြင့်** နိစ္စသညာကို ပယ်၏၊

(၂) **ဒုက္ခာနုပဿနာဖြင့်** သုခသညာကို ပယ်၏၊

(၃) **အနတ္တာနုပဿနာဖြင့်** အတ္တသညာကို ပယ်၏၊

(၄) **နိဗ္ဗိဒါနုပဿနာဖြင့်** နှစ်သက်ပျော်မွေ့ခြင်း (နန္ဒီ)ကို ပယ်၏၊

(၅) **ဝိရာဂါနုသဿနာဖြင့်** တပ်မက်ခြင်း (ရာဂ)ကို ပယ်၏၊

(၆) **နိရောဓာနုပဿနာဖြင့်** ဖြစ်ခြင်း(သမုဒယ)ကို ပယ်၏၊

(၇) **ပဋိနိဿဂ္ဂါနုပဿနာဖြင့်** စွဲယူခြင်း (အာဒါန)ကို ပယ်၏။

**မှတ်ချက် – ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်သို့ရောက်သော ဝိပဿနာယောဂီသည်**

**နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုသာရပြီးဖြစ်၍ ဉာတပရိညာကိုသာ**

**ရထားသေး၏၊ ထို့ကြောင့် တီရဏပရိညာ, ပဟာနပရိညာတို့ကိုလည်း ရရှိအောင် အားထုတ်သင့်၏။ တီရဏပရိညာဖြစ်လာလျှင် လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြားဆုံးဖြတ်သော (မဂ္ဂါမဂ္ဂ) ဉာဏ်ဖြစ်ပေါ်၏။ ထိုတီရဏပရိညာသည်လည်း ဉာတပရိညာ၏အခြားမဲ့၌ဖြစ်၏။ သို့အတွက် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့်ပြည့်စုံလိုသောယောဂီသည် အပေါင်းအစုလိုက်သုံးသပ်သောဉာဏ် (ကလာပသမ္မသနဉာဏ်) ၌ အားထုတ်ခြင်းကို ရှေးဦးစွာ ပြုအပ်၏။**

- **ပဋိသမ္ဘိဒါမဂ်လာ ကလာပသမ္မသနဉာဏ်၌ အားထုတ်နည်း**

အတိတ်, အနာဂတ်, ပစ္စုပ္ပန်တရားတို့ကို အဘယ်သို့အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သော ပညာသည် သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်သနည်း?

အတိတ်ဖြစ်စေ, အနာဂတ်ဖြစ်စေ, ပစ္စုပ္ပန်ဖြစ်စေ, (အဇ္ဈတ္တ)ကိုယ်တွင်း၌ဖြစ်စေ, (ဗဟိဒ္ဓ) ကိုယ်ပြင်ပ၌ဖြစ်စေ, (ဩဠာရိက)အကြမ်းဖြစ်စေ, (သုခုမ)အနုဖြစ်စေ, (ဟီန)အယုတ်ဖြစ်စေ, (ပဏီတ)အမြတ်ဖြစ်စေ, (ဒူရ)အဝေးဖြစ်စေ, (သန္တိက)အနီးဖြစ်စေ, အကြင်တစ်စုံတစ်ခု သောရုပ်သည်ရှိ၏၊ **အလုံးစုံသောထိုရုပ်ကို** 'အနိစ္စ–မမြဲ'ဟုပိုင်းခြားဆုံးဖြတ်၏၊ ဤကား သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်တစ်ခုပေတည်း၊ 'ဒုက္ခ–ဆင်းရဲ'ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ 'အနတ္တ–အတ္တမဟုတ်'ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ **(ရူပက္ခန္ဓာကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်ခြင်းတည်း)**

အတိတ်ဖြစ်စေ။ ပ ။ အနီးဖြစ်စေ အကြင်တစ်စုံတစ်ခုသော ဝေဒနာသည် ရှိ၏၊ **အလုံးစုံသောထိုဝေဒနာကို** 'အနိစ္စ'ဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ 'အနတ္တ'ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ **(ဝေဒနာက္ခန္ဓာကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်ခြင်းတည်း)**

အတိတ်ဖြစ်စေ။ ပ ။ အနီးဖြစ်စေ အကြင်တစ်စုံတစ်ခုသောသညာသည် ရှိ၏၊ **အလုံးစုံသောထိုသညာကို** 'အနိစ္စ'ဟုပိုင်းခြားဆုံးဖြတ်၏။ ပ ။ 'အနတ္တ'ဟုပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ **(သညာက္ခန္ဓာကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်ခြင်းတည်း)**

အတိတ်ဖြစ်စေ။ ပ ။ အနီးဖြစ်စေ အကြင်တစ်စုံတစ်ခုသောသင်္ခါရသည်ရှိ၏၊ **အလုံးစုံသော ထိုသင်္ခါရကို** 'အနိစ္စ'ဟု ပိုင်းခြားသုံးသပ်၏။ ပ ။ 'အနတ္တ'ဟု ပိုင်းခြားသုံးသပ်၏။ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ **(သင်္ခါရက္ခန္ဓာကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်ခြင်းတည်း)**

အတိတ်ဖြစ်စေ။ ပ ။ အနီးဖြစ်စေ အကြင်တစ်ခုသောဝိညာဏ်သည် ရှိ၏၊ **အလုံးစုံသော ထိုဝိညာဏ်ကို** 'အနိစ္စ'ဟု ပိုင်းခြားဆုံးဖြတ်၏။ ပ ။ 'အနတ္တ'ဟု ပိုင်းခြားဆုံးဖြတ်၏၊ ဤသည်လည်း သမ္မသနဉာဏ်တစ်ခုပေတည်း။ **(ဝိညာဏက္ခန္ဓာကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်ဖြစ်ခြင်းတည်း)**

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော **စက္ခု(မျက်စိ) ကို။ ပ ။ ဇရာမရဏ (အိုခြင်း သေခြင်း)ကို** 'အနိစ္စ'ဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တစ်ခုပေတည်း။ 'ဒုက္ခ'ဟု ။ ပ ။ 'အနတ္တ'ဟု ပိုင်းခြားဆုံးဖြတ်၏၊ သမ္မသနဉာဏ်တစ်ခုပေတည်း။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော **ရုပ်သည်** ကုန်ဆုံးသွားသောအနက်သဘောကြောင့် 'အနိစ္စ'၊ ကြောက်ဖွယ်ကောင်းသော အနက်သဘောကြောင့် 'ဒုက္ခ'၊ အနှစ်သာရမရှိသည့် အနက်သဘောကြောင့် 'အနတ္တ' ဟုအကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သောပညာသည် သမ္မသနဉာဏ် မည်၏။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော **ဝေဒနာသည်**။ ပ ။ **သညာသည်**။ **သင်္ခါရတို့သည်**။ ပ ။ **ဝိညာဏ်သည်**။ **စက္ခုသည်**။ ပ ။ **ဇရာမရဏသည်**။ ပ ။ **သမ္မသနဉာဏ် မည်၏**။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်မမြဲ၊ ပေါင်းစု၍ပြုအပ်သော သင်္ခတတရားတည်း၊ အကြောင်းကိုစွဲမှီ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။ ပ ။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ စက္ခုသည်။ ပ ။ ဇရာမရဏသည်မမြဲ၊ ပေါင်းစု၍ပြုအပ်သောသင်္ခတတရားသည်။ ပ ။ ချုပ်ခြင်းသဘောရှိ၏ အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်သောပညာသည် သမ္မသနဉာဏ် မည်၏။ (ပါဠိပြီးဆုံး၏)

**ယောဂီများဆင်ခြင်သုံးသပ်အားထုတ်အပ်သော ရုပ်နာမ်တရားတို့မှာ –**

(၁) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟူသော အခြင်းအရာ(၁၁)မျိုးဖြင့် တည်ရှိသော ဉပါဒါနက္ခန္ဓာ ၅ ပါး၊
(၂) ဒွါရ ၆ ပါး, အာရုံ ၆ ပါးတို့နှင့်တကွ ဒွါရတို့၌ဖြစ်သောပရမတ်တရားများ၊
(၃) ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၆ ပါးဟူသောတရားများ၊
(၄) သညာ ၆ ပါး၊ စေတနာ ၆ ပါး၊ တဏှာ ၆ ပါး၊ ဝိတက် ၆ ပါး၊ ဝိစာရ ၆ ပါး၊
(၅) ဓာတ် ၆ ပါး၊ ကသိုဏ်း (ဈာန်) ၁၀ ပါး၊ ကောဋ္ဌာသ ၃၂ ပါး၊
(၆) အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ ဣန္ဒြေ ၂၂ ပါး၊ ဓာတ် ၃ ပါး၊ ဘဝ ၉ ပါး၊
(၇) ရူပါဝစရဈာန် ၄ ပါး၊ အပ္ပမညာ ၄ ပါး၊ အရူပသမာပတ် ၄ ပါး၊
(၈) ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့ဖြစ်ပါသည်။

**မှတ်ချက်** – (၁) လောကုတ္တရာတရားများသည် ဝိပဿနာမရှုအပ်, မသုံးသပ်အပ်သော တရားများဖြစ်သောကြောင့် ဝိပဿနာအရာ၌ မယူအပ်ပါ။

(၂) ဝိပဿနာအရာ၌ သုံးသပ်အပ်, သုံးသပ်ထိုက်သော ရုပ်နာမ်တရားတို့တွင် ယောဂီအား ထင်ရှားကုန်သော ချမ်းသာလွယ်ကူစွာရှုနိုင်, သိမ်းဆည်းနိုင်သောရုပ်နာမ်တို့ကို သုံးသပ်အပ်, ရှုအပ်၏။

- **ခန္ဓာငါးပါးကို သမ္မသနဉာဏ်ဖြင့်ရှုနည်း**

သုံးသပ်ထိုက်သောရုပ်နာမ်တရားတို့တွင် ခန္ဓာတို့၏အစွမ်းအားဖြင့် သုံးသပ်အားထုတ်ပုံမှာ

## (၁) ကုန်ဆုံးသွားသောသဘောကြောင့် အနိစ္စဟုရှုပုံ (*အနိစ္စံ ခယဋ္ဌေန*)

အတိတ်ဘဝ၌ဖြစ်သောရုပ်သည် အတိတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားခဲ့၏၊ ဤပစ္စုပ္ပန်ဘဝသို့ရောက်မလာချေ။ ဤသို့ကုန်ဆုံးသွားသောအနက်သဘောကြောင့် '**အနိစ္စ**'ဟု သုံးသပ်ဆင်ခြင်၏။

အနာဂတ်ဘဝ၌ဖြစ်ကြသောရုပ်သည် အနာဂတ်ဘဝ၌သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ထိုမှတစ်ပါးသောနောက်ဘဝသို့ မသွားရောက်လတ္တံ့၊ ဤသို့ကုန်ဆုံးသွားသောအနက်သဘောကြောင့် 'အနိစ္စ'ဟု သုံးသပ်ဆင်ခြင်၏။

ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သောရုပ်သည် ဤပစ္စုပ္ပန်ဘဝ၌သာလျှင် ကုန်ဆုံးသွားလတ္တံ့၊ ဤဘဝမှ နောက်ဘဝသို့ မသွားရောက်လတ္တံ့၊ ဤသို့ကုန်ဆုံးသွားသောအနက်သဘောကြောင့် 'အနိစ္စ' ဟု သုံးသပ်ဆင်ခြင်အပ်၏။

ကိုယ်တွင်း၌ဖြစ်သောရုပ်သည် ကိုယ်တွင်း၌သာလျှင် ကုန်ဆုံးသွား၏၊ ပြင်ပရုပ်အဖြစ်သို့ မရောက်။ ဤသို့ကုန်ဆုံးသွားသောအနက်သဘောကြောင့် 'အနိစ္စ'ဟု သုံးသပ်ဆင်ခြင်၏။

ကိုယ်ပြင်ပ၌ဖြစ်သောရုပ်သည်။ ပ ။ကြမ်းတမ်းသောရုပ်သည်။ ပ ။ နူးညံ့သိမ်မွေ့သောရုပ်သည်။ ပ ။ယုတ်ညံ့သောရုပ်သည်။ ပ ။ ကောင်းမြတ်သောရုပ်သည်။ ပ ။ ဝေးသောရုပ်သည်။ ပ ။ နီးသောရုပ်သည် ထိုအနီး၌သာလျှင် ကုန်ဆုံးသွား၏၊ အဝေးရုပ်အဖြစ်သို့ မရောက်ချေ။ ဤသို့ကုန်ဆုံးသွားသော အနက်သဘောကြောင့် 'အနိစ္စ'ဟု သုံးသပ်ဆင်ခြင်၏။

ဤဆိုခဲ့သောသုံးသပ်ဆင်ခြင်မှုအလုံးစုံသည် ''ကုန်ဆုံးသွားသောအနက်သဘောကြောင့် မမြဲ''ဟူသော အစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ်မည်၏၊ အပြားအားဖြင့်မူကား ၁၁ ပါးပြား၏။

## (၂) ဘေးဟူသောသဘောကြောင့် ဒုက္ခဟုရှုပုံ (*ဒုက္ခံ ဘယဋ္ဌေန*)

အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်စသည့်အလုံးစုံသာလျှင် ဖြစ်သောရုပ်တို့သည် ဘေးဟူသောသဘောကြောင့် 'ဒုက္ခ=ဆင်းရဲ'တည်း။ 'ဘေးဟူသော သဘောကြောင့်' ဟုဆိုသည်မှာ 'ကြောက်မက်ဖွယ်ကောင်းသောဘေးရှိသည့်အဖြစ်ကြောင့်' ဟုဆိုလို၏။ မှန်ပေ၏။ **သီဟောပမသုတ်၌ နတ်ပြဟ္မာများတွင် စုတေမည့် နိမိတ်ထင်လာသောအခါ မမြဲသောတရားသည် ကြောက်မက်ဖွယ်ဘေးအဖြစ်ကို ဆောင်ပြတတ်၏။**

ရုပ်တရားတို့၏ခဏမစဲဖြစ်ပျက်နေသည့်ဒဏ်ချက်ဖြင့် အဆက်မပြတ်နှိပ်စက်ခံနေရသည့် သဘောသည်လည်း ကြောက်မက်ဖွယ်ရာဘေးဖြစ်ပြီးလျှင် ဆင်းရဲအမှန်ပင်ဖြစ်ပေ၏။

ဤသို့လျှင် ရုပ်သည် 'ဒုက္ခ=ဆင်းရဲပင်တည်း'ဟု သုံးသပ်မှုသည် ''ဘေးဟူသောအနက်သဘောကြောင့်ဆင်းရဲ''ဟူသည့်အစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ်မည်၏၊ အပြားအားဖြင့်မူ ၁၁ ပါးအပြားရှိ၏။

## (၃) အနှစ်သာရမရှိသည့်သဘောကြောင့် အနတ္တဟုရှုပုံ (*အနတ္တာ အသာရကဋ္ဌေန*)

အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်စသည့် ရုပ်အလုံးစုံသည် အနှစ်သာရမရှိသည့်သဘောကြောင့် 'အနတ္တ=အတ္တမဟုတ်'ဟု သုံးသပ်၏။ ''အနှစ်သာရမရှိ

သည့် သဘောကြောင့်'' ဟူသည်ကား –

''အတ္တဟူသည် **သာမီ** = ခန္ဓာအိမ်၏ပိုင်ရှင်တည်း၊

အတ္တဟူသည် **နိဝါသီ** = ခန္ဓာပျက်စီးသော်လည်း အတ္တမပျက်စီးဘဲ ခန္ဓာတစ်ခုခုထဲ၌ အမြဲတည်နေသူတည်း။

''အတ္တဟူသည် '**ကာရက**' = သွားခြင်း, မြင်ခြင်းစသည့် အမှုအရာအလုံးစုံကိုပြုတတ်သူတည်း၊

အတ္တဟူသည် '**ဝေဒက**' = အကောင်းအဆိုးကို ခံစားတတ်သူတည်း၊

အတ္တဟူသည် '**သယံဝသီ**' = မိမိ၏အလိုအတိုင်းပြီးစီးနိုင်သူတည်း''ဟူ၍ သာသနာတော်၏ပြင်ပ၌ တိတ္ထိတို့ကြံဆထားသည့် အတ္တကောင်ဟူသောအနှစ်သာရမရှိခြင်းကြောင့်''ဟု ဆိုလို၏။

မှန်ပေ၏။ အကြင်တရားသည် မမြဲ, ဆင်းရဲ၏၊ ထိုမမြဲ, ဆင်းရဲသောတရားသည် မိမိ၏မမြဲခြင်းနှင့် အဖြစ်အပျက်က နှိပ်စက်ခြင်းတို့ကို တားမြစ်ခြင်းငှာမစွမ်းနိုင်ပါ။ ထိုတရား၌ ပြုတတ်သူစသည့်အဖြစ်သည် အဘယ်မှာရှိပါအံ့နည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် – ''ရဟန်းတို့ – ဤရုပ်သည် အစိုးရသော အတ္တကောင်ဟုတ်ငြားအံ့၊ သို့ဖြစ်လျှင် ဤရုပ်သည် နှိပ်စက်ခြင်းငှာမဖြစ်တန်လေရာ'' စသည်ဖြင့် ဟောတော်မူ၏။

ဤသို့လျှင် အတ္တမဟုတ်ဟုသုံးသပ်ခြင်းသည်လည်း ''အနှစ်သာရမရှိသော အနက်သဘောကြောင့် အတ္တမဟုတ်'' ဟူသောအစွမ်းအားဖြင့် တစ်ခုသောသမ္မသနဉာဏ်မည်၏၊ အပြားအားဖြင့် ၁၁ ပါးအပြားရှိ၏။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ဤနည်းအတိုင်း အနိစ္စသမ္မသနဉာဏ်, ဒုက္ခသမ္မသနဉာဏ်, အနတ္တသမ္မသနဉာဏ်အသီးသီးဖြင့် ရှုအပ်၏။

## • ဝေဝုစ်ပရိယာယ်စကားလှယ်တို့ဖြင့် အမျိုးမျိုးရှုပုံ

အနိစ္စ – မမြဲသောတရားသည် မုချအားဖြင့် သင်္ခတစသည်အပြားရှိ၏၊ ထို့ကြောင့် ထိုအနိစ္စ – မမြဲဟူသောပုဒ်၏ဝေဝုစ်ပရိယာယ်စကားလှယ်တို့ကို ပြခြင်းအကျိုးငှာလည်းကောင်း၊ အထူးထူးသောအခြင်းအရာတို့ဖြင့် နှလုံးသွင်းမှုဖြစ်ပုံကိုပြခြင်းအကျိုးငှာလည်းကောင်း၊ အောက်ပါအတိုင်း သုံးသပ်ရှုပွားပုံကို တစ်ဖန်ထပ်၍ ဟောတော်မူ၏။

''အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော ရုပ်အလုံးစုံသည် –

– *ရူပံ အနိစ္စံ* = ရုပ်သည် မမြဲလေစွတကား၊

– *ရူပံ သင်္ခတံ* = ရုပ်သည် ပေါင်းစု၍ပြုအပ်သောတရားတည်း၊

– *ရူပံ ပဋိစ္စသမုပ္ပန္နံ* = ရုပ်သည် အကြောင်းကိုစွဲမှီ၍ဖြစ်သောတရားတည်း၊

– *ရူပံ ခယဓမ္မံ* = ရုပ်သည် ကုန်ခြင်းသဘောရှိသောတရားတည်း၊

– *ရူပံ ဝယဓမ္မံ* = ရုပ်သည် ပျက်ခြင်းသဘောရှိသောတရားတည်း၊

– *ရူပံ ဝိရာဂဓမ္မံ* = ရုပ်သည် ပျောက်ပြယ်ခြင်းသဘောရှိသောတရားတည်း၊

– *ရူပံ နိရောဓဓမ္မံ* = ရုပ်သည် ချုပ်ခြင်းသဘောရှိသည့်တရားတည်း။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း အလားတူသုံးသပ်ရှုမှတ်နိုင်ပါသည်။

- **အခြင်းအရာ ၄၀ တို့ဖြင့် ရှုပုံ (တော ၄၀ ရှုကွက်)**

ခန္ဓာငါးပါးတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟုသုံးသပ်သော ယောဂီ၏သမ္မသနဉာဏ်ထက်သန်, မြဲမြံ, ခိုင်ခံ့ခြင်းအကျိုးငှာလည်းကောင်း၊ ခန္ဓာငါးပါးတို့ကို မမြဲဟုရှုမြင်လျှင် အရိယာမဂ်အား လျော်သော အနုလောမဉာဏ်ကို ရရှိကြောင်းနှင့် ခန္ဓာငါးပါးတို့၏ချုပ်ခြင်းသည် မြဲသော နိဗ္ဗာန်တည်းဟုရှုမြင်လျှင် ကိန်းသေမြဲသောသဘောမှန်ဖြစ်သည့် သမ္မတ္တနိယာမမည်သော အရိယာမဂ်သို့ သက်ရောက်ကြောင်းတို့ကို သိစေလိုသောကြောင့်လည်းကောင်း၊ အခြင်းအရာ ၄၀ တို့ဖြင့် ရှုမှတ်သုံးသပ်ပုံကို မြတ်စွာဘုရားအကျယ်ဟောကြားတော်မူ၏။

- **အနိစ္စလက္ခဏာ၏အခြင်းအရာ ၁၀ ပါး**

ယောဂီသည် တစ်ပါးပါးသောခန္ဓာကို အောက်ပါအတိုင်း အနိစ္စလက္ခဏာအခြင်းအရာ ၁၀ ပါးဖြင့် သုံးသပ်၏။

(၁) **အနိစ္စတော** – ပျက်ခြင်းဟူသောအဆုံးကို မလွန်သောကြောင့်လည်းကောင်း၊ အစနှင့် အဆုံးရှိသောကြောင့်လည်းကောင်း၊ '**အနိစ္စ = မမြဲ**'ဟုသုံးသပ်၏။

(၂) **ပလောကတော** – နာခြင်း, အိုခြင်း, သေခြင်းတို့ဖြင့် အကြီးအကျယ်ပျက်စီးတတ်သော ကြောင့် '**ပလောက = အလွန်ပျက်စီးသောတရား**'ဟုသုံးသပ်၏။

(၃) **စလတော** – နာခြင်း, အိုခြင်း, သေခြင်းတို့ဖြင့်လည်းကောင်း၊ လာဘ်ရခြင်း, လာဘ်မရခြင်းစသော လောကဓံတရားတို့ဖြင့်လည်းကောင်း၊ တုန်လှုပ်တတ်သောကြောင့် '**စလ = တုန်လှုပ်တတ်သောတရား**'ဟုသုံးသပ်၏။

(၄) **ပဘင်္ဂုတော** – ပျက်စီးအောင်ပြုလုပ်အားထုတ်ခြင်းကြောင့်လည်းကောင်း၊ မိမိ၏သဘော အတိုင်း အလိုအလျောက်အားဖြင့်လည်းကောင်း၊ ပျက်စီးတတ်သောကြောင့် '**ပဘင်္ဂု = ပျက်လွယ်သောတရား**'ဟုသုံးသပ်၏။

(၅) **အဒ္ဓုဝတော** – ခပ်သိမ်းသောအခိုက်အတန့်တို့၌ လဲပြိုပျက်စီးတတ်သောကြောင့်လည်း ကောင်း၊ ခိုင်ခံ့မှုမရှိသောကြောင့်လည်းကောင်း၊ '**အဓုဝ = မခိုင်ခံ့**'ဟုသုံးသပ်၏။

(၆) **ဝိပရိဏာမဓမ္မတော** – အိုခြင်း, သေခြင်းနှစ်မျိုးနှစ်ထွေအားဖြင့် ပြောင်းလဲဖောက်ပြန် ခြင်းသဘောရှိသောကြောင့် '**ဝိပရိဏာမဓမ္မ = ဖောက်ပြန်တတ်သောတရား**'ဟုသုံး သပ်၏။

(၇) **အသာရကတော** – အားနည်းသည့်အဖြစ်ကြောင့်လည်းကောင်း၊ အကာကဲ့သို့ လွယ်ကူစွာ ချိုးဖျက်နိုင်သည့်အဖြစ်ကြောင့်လည်းကောင်း၊ '**အသာရက = အနှစ်မရှိ**'ဟု သုံးသပ်၏။

(၈) **ဝိဘဝတော** – ကြီးပွားစည်ပင်ခြင်းကင်းသောကြောင့်လည်းကောင်း၊ သဘောတူ အကြောင်းပျက်စီးပြီးမှ ဖြစ်လာသောကြောင့်လည်းကောင်း၊ '**ဝိဘဝ = ကြီးပွားစည်ပင် ခြင်းကင်းသည်**'ဟု သုံးသပ်၏။

(၉) **မရဏဓမ္မတော** – ဘင်ဟူသောပျက်စီးခြင်းသဘောရှိသောကြောင့် '**မရဏဓမ္မ = သေခြင်းသဘောရှိသည့်တရား**'ဟုသုံးသပ်၏။

(၁၀) **သင်္ခတတော** – မူလအကြောင်းနှင့်အထောက်အပံ့အကြောင်းတို့က ပေါင်းစု၍ပြုအပ်

သောကြောင့် '**သခ်တ = ပေါင်းစုရှုပြုအပ်သည်**' ဟုသုံးသပ်၏။

• **ဒုက္ခလက္ခဏာ၏အခြင်းအရာ ၂၅ ပါး**

ယောဂီသည် တစ်ပါးပါးသောခန္ဓာကို အောက်ပါအတိုင်း ဒုက္ခလက္ခဏာအခြင်းအရာ ၂၅ ပါးဖြင့်သုံးသပ်၏။

(၁) **ဒုက္ခတော** – ဖြစ်ခြင်းပျက်ခြင်းတို့က မပြတ်နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊ '**ဒုက္ခ = ဆင်းရဲ**' ဟုသုံးသပ်၏။

(၂) **ရောဂတော** – အစာအဝတ်စသောပစ္စည်းတို့ဖြင့် မျှတစေရသောကြောင့်လည်းကောင်း၊ ရောဂါတို့၏မူလအရင်းခံဖြစ်သောကြောင့်လည်းကောင်း၊ '**ရောဂ = စွဲကပ်နေသော ရောဂါနှင့်တူသည်**' ဟုသုံးသပ်၏။

(၃) **အဃတော** – ကဲ့ရဲ့ထိုက်သောကြောင့်လည်းကောင်း၊ အကျိုးမဲ့ပျက်စီးခြင်းကို ဆောင်တတ်, ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ မကောင်းမှု၏တည်ရာဝတ္ထု ဖြစ်သောကြောင့်လည်းကောင်း၊ '**အဃ = မကောင်းမှုနှင့်တူသည်**' ဟုသုံးသပ်၏။

(၄) **ဂဏ္ဍတော** – ဒုက္ခသုံးမျိုးဟူသော နာကျင်ကိုက်ခဲခြင်းနှင့်ယှဉ်သောကြောင့်လည်းကောင်း၊ ကိလေသာဟူသောသန်ရည်ပြည်ပုပ်တို့ကို ယိုထွက်စေသောကြောင့်လည်းကောင်း၊ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းတို့ဖြင့် ဖူးဖူးရောင်၍ မှည့်ရင့်ပြီးလျှင် ပေါက်ကွဲတတ်သောကြောင့် လည်းကောင်း၊ '**ဂဏ္ဍ = အိုင်းအမာနှင့်တူသည်**' ဟုသုံးသပ်၏။

(၅) **သလ္လတော** – နှိပ်စက်ခြင်းကိုဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ အတွင်း၌ထိုးဆွ တတ်သောကြောင့်လည်းကောင်း၊ နုတ်ပယ်နိုင်ခဲသောကြောင့်လည်းကောင်း၊ '**သလ္လ = စူးဝင်နေသောငြောင့်နှင့်တူသည်**' ဟုသုံးသပ်၏။

(၆) **အာဗာဓတော** – ကိုယ့်အလိုအတိုင်းမဖြစ်ခြင်းကို ဖြစ်စေတတ်သောကြောင့်လည်း ကောင်း၊ ဖျားနာခြင်း၏နီးသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း၊ '**အာဗာဓ = ဖျားနာမှုနှင့်တူသည်**' ဟုသုံးသပ်၏။

(၇) **ဥပဒ္ဒဝတော** – ကြိုတင်၍မသိနိုင်သည့် ပြန့်ပြောကြီးကျယ်ကုန်သောအကျိုးမဲ့တို့ကို ဆောင်တတ်, ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ အလုံးစုံသောဥပဒ္ဒဝေါတို့၏တည်ရာ ဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊ '**ဥပဒ္ဒဝ = မင်းဘေးမင်းဒဏ်**' ဟုသုံးသပ်၏။

(၈) **ဘယတော** – အလုံးစုံသောဘေးတို့၏ဖြစ်ပေါ်ရာ ဘေးတွင်းသဖွယ်ဖြစ်သောကြောင့် လည်းကောင်း၊ ဆင်းရဲငြိမ်းခြင်းဟုဆိုအပ်သော မြတ်သည့် သက်သာရာ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့်လည်းကောင်း၊ '**ဘယ = ကြောက်ဖွယ်ဘေး**' ဟုသုံးသပ်၏။

(၉) **ဤတိတော** – များစွာသောပျက်စီးခြင်း (ဗျသန) တို့ကို ဆောင်တတ်, ဖြစ်စေတတ် သောကြောင့် '**ဤတိ = ဘေးရန်**' ဟု သုံးသပ်၏။

(၁၀) **ဥပသဂ္ဂတော** – များစွာသောအကျိုးမဲ့တို့ အစဉ်လိုက်ပါလာသောကြောင့်လည်းကောင်း၊ ရာဂအစရှိသောအပြစ်ဒေါသတို့နှင့် ကပ်ငြိလူးလဲသောကြောင့်လည်းကောင်း၊ ပူးကပ် သောအမှောင်ပယောဂကဲ့သို့ပင် လက်ခံရန်မထိုက်တန်သောကြောင့်လည်းကောင်း၊ '**ဥပသဂ္ဂ = ကပ်ငြိသောအနှောင့်အယှက်**' ဟုသုံးသပ်၏။

(၁၁) **အတာဏတော** – မစောင့်ရှောက်တတ်သောကြောင့်လည်းကောင်း၊ ဘေးငြိမ်းခြင်းကိုရနိုင်ရာမဟုတ်သောကြောင့်လည်းကောင်း၊ '**အတာဏ = မစောင့်ရှောက်တတ်**' ဟုသုံးသပ်၏။

(၁၂) **အလေဏတော** – မှီကပ်ပုန်းအောင်းခြင်းငှာ မထိုက်တန်သောကြောင့်လည်းကောင်း၊ မှီကပ်ပုန်းအောင်းသောသူတို့အား ပုန်းအောင်းရာကိစ္စကို မပြုတတ်သောကြောင့်လည်းကောင်း၊ '**အလေဏ = ပုန်းအောင်းရာမဟုတ်**' ဟုသုံးသပ်၏။

(၁၃) **အသရဏတော** – မှီခိုလာသူတို့အား ဘေးကိုပယ်ဖျောက်တတ်သည့်အဖြစ် မရှိသောကြောင့် '**အသရဏ = ကိုးကွယ်ရာမဟုတ်**' ဟုသုံးသပ်၏။

(၁၄) **ဝဓကတော** – မိတ်ဆွေယောင်ဆောင်သောရန်သူကဲ့သို့ အကျွမ်းဝင်သူကို အယုံသွင်း၍ သတ်တတ်သောကြောင့် '**ဝဓက = သူသတ်သမားနှင့်တူသည်**' ဟုသုံးသပ်၏။

(၁၅) **အဃမူလတော** – မကောင်းမှု၏အကြောင်းရင်းဖြစ်သောကြောင့် '**အဃမူလ = မကောင်းမှု၏အမြစ်အရင်း**' ဟုသုံးသပ်၏။

(၁၆) **အာဒီနဝတော** – မပြတ်ဖြစ်သည့်ဆင်းရဲဖြစ်ခြင်းကြောင့်လည်းကောင်း၊ ထိုဆင်းရဲသည် အပြစ်ဒေါသဖြစ်သောကြောင့်လည်းကောင်း၊ 'အပြစ်' ဟုသုံးသပ်၏။ တစ်နည်းကား အလွန်အတီးကျန်လျက် ဆင်းရဲနွမ်းပါးစွာ သွားတတ်ဖြစ်တတ်သောကြောင့် '**အာဒီနဝ**' မည်၏။ ဤအမည်သည် အတီးကျန်သူ၏အမည်တည်း၊ ခန္ဓာတို့သည်လည်း အတီးကျန်လျက် ဆင်းရဲနွမ်းပါးကုန်သည်ဖြစ်၍ ဆင်းရဲနွမ်းပါးသူနှင့်တူသောကြောင့် '**အာဒီနဝ = ဆင်းရဲနွမ်းပါးသည်**' ဟုသုံးသပ်၏။

(၁၇) **သာသဝတော** – အာသဝေါတရားတို့၏နီးသောအကြောင်းဖြစ်သောကြောင့် '**သာသဝ = အာသဝနှင့်အတူတကွဖြစ်သည်**' ဟုသုံးသပ်၏။

(၁၈) **မာရအာမိသတော** – သေခြင်းတရားဟူသော မစ္စုမာရ်, ကိလေသာဟူသောကိလေသမာရ်တို့၏သတ်စရာအစာဖြစ်သောကြောင့် '**မာရအာမိသ = သူသတ်သမားမာရ်တို့၏သတ်စရာအစာ**' ဟုသုံးသပ်၏။

(၁၉) **ဇာတိဓမ္မတော** – ပဋိသန္ဓေနေခြင်း, ဖြစ်ခြင်းသဘောရှိသောကြောင့် '**ဇာတိဓမ္မ = ဖြစ်ခြင်းသဘောရှိသည့်တရား**' ဟုသုံးသပ်၏။

(၂၀) **ဇရာဓမ္မတော** – အိုခြင်းသဘောရှိသောကြောင့် '**ဇရာဓမ္မ = အိုခြင်းသဘောရှိသည့်တရား**' ဟုသုံးသပ်၏။

(၂၁) **ဗျာဓိဓမ္မတော** – ဖျားနာခြင်းသဘောရှိသောကြောင့် '**ဗျာဓိဓမ္မ = ဖျားနာခြင်းသဘောရှိသည့်တရား**' ဟုသုံးသပ်၏။

(၂၂) **သောကဓမ္မတော** – စိုးရိမ်ခြင်းသဘောရှိသောကြောင့် '**သောကဓမ္မ = စိုးရိမ်ခြင်းသဘောရှိသည့်တရား**' ဟုသုံးသပ်၏။

(၂၃) **ပရိဒေဝဓမ္မတော** – ငိုကြွေးခြင်းသဘောရှိသောကြောင့် '**ပရိဒေဝဓမ္မ = ငိုကြွေးခြင်းသဘောရှိသည့်တရား**' ဟုသုံးသပ်၏။

(၂၄) **ဉပါယာသဓမ္မတော** – ပြင်းစွာပူပန်ခြင်းသဘောရှိသောကြောင့် '**ဉပါယာသဓမ္မ**

**= ပြင်းစွာပူပန်ခြင်းသဘောရှိသည့်တရား'** ဟုသုံးသပ်၏။

(၂၅) **သံကိလေသိကဓမ္မတော** – တဏှာ (ဆာလောင်မှု), ဒိဋ္ဌိ (အယူမှား), ဒုစရိုက် (မကောင်းသောအကျင့်)ဟူသော ညစ်ညူးကြောင်းကိလေသာတို့၏အာရုံသဘောဖြစ်သော ကြောင့် '**သံကိလေသိကဓမ္မ = ကိလေသာတို့၏စွဲမှီရာအာရုံသဘောတရား'** ဟု သုံးသပ်၏။

- **အနတ္တလက္ခဏာ၏အခြင်းအရာ ၅ ပါး**

(၁) **အနတ္တတော** – မိမိကိုယ်တိုင်လည်း ခန္ဓာအိမ်၏ပိုင်ရှင် (သာမိ) အဖြစ်စသည် မရှိသောကြောင့် '**အနတ္တ = အတ္တမဟုတ်'** ဟုသုံးသပ်၏။

(၂) **ပရတော** – အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊ မစီမံ, မခန့်ခွဲတတ်သော ကြောင့်လည်းကောင်း၊ '**ပရ = ပြင်ပသူစိမ်းနှင့်တူ၏**' ဟုသုံးသပ်၏။

(၃) **ရိတ္တတော** – ဗာလပုထုဇဉ်တို့ကြံစည်ယူဆသည့်အတိုင်း ခိုင်မြဲသည့်အဖြစ် (ဓုဝ), တင့်တယ်သည့်အဖြစ် (သုဘ), ချမ်းသာသည့်အဖြစ် (သုခ), အတ္တအဖြစ်တို့မှကင်းသော ကြောင့် '**ရိတ္တ = အနှစ်ကင်းသည်**' ဟုသုံးသပ်၏။

(၄) **တုစ္ဆတော** – အနှစ်ကင်းသည့်အဖြစ်ကြောင့်ပင်လျှင် '**တုစ္ဆ = အချည်းနှီး**' ဟု သုံးသပ်၏။ တစ်နည်းကား သေးနုပ်သောကြောင့် '**တုစ္ဆ =အချည်းနှီး**' ဟု သုံးသပ်၏။

(၅) **သုညတော** – ခန္ဓာအိမ်၏ပိုင်ရှင် (သာမိ)၊ ခန္ဓာအိမ်ထဲ၌အမြဲတည်နေသူ (နိဝါသီ)၊ ပြုလုပ်တတ်သူ (ကာရက)၊ ခံစားတတ်သူ (ဝေဒက)၊ စီမံခန့်ခွဲတတ်သူ (အဓိဋ္ဌာယက)ဟု ထင်မှတ်ရသော အတ္တမှကင်းဆိတ်သောကြောင့် **'သုည = အတ္တမှကင်းဆိတ်သည်'** ဟုသုံးသပ်၏။

- **အနုပဿနာ ၂၀၀ ဖြစ်ပုံ**

အထက်တွင်ဖော်ပြခဲ့သော အခြင်းအရာ ၄၀ ဖြင့်သုံးသပ်ရာတွင် ခန္ဓာတစ်ပါးစီ၌ အနိစ္စအခြင်းအရာ ၁၀ ပါးစီဖြင့် သုံးသပ်သည့်အတွက် အနိစ္စာနုပဿနာ ၁၀ ပါးဖြစ်၏၊ ထို့ကြောင့် ခန္ဓာငါးပါးအတွက် **အနိစ္စာနုပဿနာ ၅၀ ပါး** ဖြစ်၏။

အလားတူပင် ခန္ဓာတစ်ပါးစီ၌ ဒုက္ခအခြင်းအရာ ၂၅ ပါးစီဖြင့် သုံးသပ်သည့်အတွက် ဒုက္ခာနုပဿနာ ၂၅ ပါးဖြစ်၏၊ ထို့ကြောင့် ခန္ဓာငါးပါးအတွက် **ဒုက္ခာနုပဿနာ ၂၅ x ၅ = ၁၂၅ ပါး**ဖြစ်၏။

ထို့နည်းအတူ ခန္ဓာတစ်ပါးစီ၌ အနတ္တအခြင်းအရာ ၅ ပါးစီဖြင့် သုံးသပ်သည့်အတွက် အနတ္တာနုပဿနာ ၅ ပါးဖြစ်၏။ ထို့ကြောင့် ခန္ဓာငါးပါးအတွက် အနတ္တာနုပဿနာ ၂၅ ပါးဖြစ်၏။

သို့ဖြစ် ခန္ဓာငါးပါးအတွက် အားလုံးပေါင်းသော် အနိစ္စာနုပဿနာ ၅၀ ပါး + ဒုက္ခာနုပဿနာ ၁၂၅ ပါး + အနတ္တာနုပဿနာ ၂၅ ပါး = **အနုပဿနာ ၂၀၀** ဖြစ်ပါသည်။

**ဤဆိုခဲ့သောနည်းဖြင့် အနုပဿနာ ၂၀၀ တို့ဖြင့်သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ်သည် မြဲမြဲခိုင်ခံ့သွား၏။ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ, အနတ္တအခြင်းအရာတို့ဖြင့် သုံးသပ်ဆင်ခြင်ခြင်းကို နယဝိပဿနာဟုခေါ်၍ သုံးသပ်ဆင်ခြင်သောဉာဏ်ကို သမ္မသန**

**ဉာဏ်ဟုလည်းခေါ်၏၊ နယဝိပဿနာဉာဏ်ဟုလည်းခေါ်၏။**

**• ကလာပ်များ ထင်ရှားပေါ်လာကြောင်းတရား ၉ ပါး**

အထက်တွင်ဆိုခဲ့သည့်အတိုင်း နယဝိပဿနာဖြင့် အားထုတ်သော်လည်း နယဝိပဿနာသည် မပြည့်စုံခဲ့သော် ''၉ ပါးသောအကြောင်းတို့ဖြင့် ကလာပ်တို့သည် ထင်မြင်တတ်ကုန်၏''ဟု မိန့်ဆိုထားသောနည်း ၉ မျိုးတို့မှာ –

(၁) ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်သင်္ခါရတို့၏ကုန်ခြင်း (ပျက်ခြင်း) ကိုသာလျှင် ရှု၏။

(၂) ထိုသို့ရှုရာ၌ ရိုသေစွာပြုခြင်းဖြင့် ဝိပဿနာဉာဏ်ကို ပြီးစေ၏။

(၃) အဆက်မပြတ်ပြုခြင်းဖြင့်လည်း ပြီးစေ၏။

(၄) လျောက်ပတ်သည်ကို ပြုခြင်းဖြင့်လည်း ပြီးစေ၏။

(၅) သမာဓိ၏အကြောင်းနိမိတ်ကို မှတ်ယူခြင်းဖြင့်လည်း ပြီးစေ၏။

(၆) ဗောဇ္ဈင်တို့ကို လျော်စွာဖြစ်စေခြင်းဖြင့်လည်း ပြီးစေ၏။

(၇) ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ အားထုတ်သင့်၏။

(၈) ထိုသို့ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ အားထုတ်ရာ၌ ဖြစ်ပေါ်လာသောဆင်းရဲကို ပျင်းရိမှုမှထွက်မြောက်သောလုံ့လဖြင့်လွှမ်းမိုး၍ ပြီးစေ၏။

(၉) တရားမပြည့်စုံမီကြားကာလ၌ အဆုံးမသတ် မရပ်မနားခြင်းဖြင့်လည်း ပြီးစေ၏။

ဤ ၉ ပါးသောအကြောင်းတို့၏အစွမ်းအားဖြင့် ကလာပ်တို့ကိုထင်မြင်အောင်ပြုပြီးလျှင် ပထဝီကသိုဏ်းကို အကျယ်ပြရာ (ဝိသုဒ္ဓိမဂ္ဂအလင်းပြ၊ ပထမတွဲစာမျက်နှာ ၂၀၁) ၌ ပြဆိုခဲ့သော မလျောက်ပတ်သည့်အသပ္ပါယ ၇ ပါးကိုကြဉ်ရှောင်၍ လျောက်ပတ်သည့်သပ္ပါယ ၇ ပါးတို့ကိုမှီဝဲလျက် ရံခါရုပ်ကို သုံးသပ်အပ်၏၊ ရံခါနာမ်ကို သုံးသပ်အပ်၏၊ ရုပ်ကိုသုံးသပ်လျှင် ရုပ်၏ဖြစ်ခြင်းကိုရှုအပ်၏။

**● ရုပ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ**

ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်း ၄ ပါးတို့ကြောင့် ဖြစ်၏။ သတ္တဝါအားလုံးတွင် ရုပ်ဖြစ်ပေါ်လျှင် ရှေးဦးစွာ ကံကြောင့်ဖြစ်၏။ အမိဝမ်း၌ကိန်းသော ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေစိတ်ဥပါဒ်ခဏ၌ ဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကဟူသော ကမ္မဇကလာပ်သုံးစည်း ရုပ် ၃၀ တို့သည် ဖြစ်ပေါ်ကုန်၏။ ထို့အတူ ပဋိသန္ဓေစိတ်၏ဌီခဏနှင့် ဘင်ခဏတို့၌လည်း ဖြစ်ပေါ်၏။

စိတ်သည် စိတ္တက္ခဏတစ်ချက်သက်တမ်းရှိ၍ ရုပ်သည် စိတ္တက္ခဏ ၁၇ ချက်သက်တမ်းရှိ၏။ ထို့ကြောင့် ရုပ်သည် နှေးသောချုပ်ခြင်းရှိပြီးလျှင် လေးသောအလှည့်အပြန်ရှိ၏။ (ဖြစ်သည်မှ ပျက်သည်အထိ ရုပ်သက်တမ်းတစ်ခုကို အပြန်တစ်ခုဟုခေါ်၏။ ရုပ်၏အပြန်သည် နာမ်ကဲ့သို့မလျင်မြန် မပေါ့ပါးသောကြောင့် လေးသည်ဟုဆိုသည်) စိတ်သည် လျင်သောချုပ်ခြင်းရှိပြီးလျှင် ပေါ့သောအလှည့်အပြန်ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားက

***''ရဟန်းတို့ – ဤစိတ်သည် ပေါ့သောအလှည့်အပြန်ရှိသကဲ့သို့ ဤအတူ ပေါ့သောအလှည့်အပြန်ရှိသည့် အခြားတစ်ပါးသော တရားတစ်ခုကိုမျှသော်***

**ဇယား ၂၀. ၁ စိတ်နှင့်ရုပ်တို့၏သက်တမ်း**

| | ဥပါဒ်ခဏ | ဌီခဏ | ဘင်ခဏ | သက်တမ်း |
|---|---|---|---|---|
| စိတ် | ခဏငယ် ၁ ချက် | ခဏငယ် ၁ ချက် | ခဏငယ် ၁ ချက် | ခဏငယ် ၃ ချက် စိတ္တက္ခဏ ၁ ချက် |
| ရုပ် | ခဏငယ် ၁ ချက် | ခဏငယ် ၄၉ ချက် | ခဏငယ် ၁ ချက် | ခဏငယ် ၅၁ ချက် စိတ္တက္ခဏ ၁၇ ချက် |

***လည်း ငါမမြင်ပေ***''ဟု မိန့်တော်မူ၏။

စိတ်၏ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတို့သည် ခဏငယ်တစ်ချက်စီသာကြာ၏။ ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့သည်လည်း စိတ်ကဲ့သို့ ခဏငယ်တစ်ချက်စီသာကြာပြီးလျှင် ဌီခဏမှာ ခဏငယ် (၁၇ x ၃ = ၅၁ – ၂) ၄၉ ချက်ကြာ၏။ (စိတ္တက္ခဏ ၁ ချက် = ခဏငယ် ၃ ချက်) ထို့ကြောင့် ပထမရုပ်ဖြစ်ပြီးတည်ရှိနေစဉ် ဘဝင်စိတ် ၁၆ ကြိမ်တိုင်တိုင်ဖြစ်၍ ချုပ်၏။

ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ဖြစ်၍ ဌီသို့ရောက်သောဟဒယဝတ္ထုကိုမှီလျက် ၂ ခုမြောက်ဖြစ်သော ပထမဘဝင်စိတ်သည်ဖြစ်ပေါ်၏။ ဤပထမဘဝင်စိတ်နှင့်ပြိုင်ဥပါဒ်၍ ဌီသို့ရောက်သော ဟဒယဝတ္ထုကိုမှီလျက် ၃ ခုမြောက်စိတ် ဖြစ်သည့် ဒုတိယဘဝင်စိတ်သည် ဖြစ်ပေါ်၏။ ဤနည်းဖြင့် အသက်ထက်ဆုံး စိတ်၏အဆက်မပြတ်ဖြစ်ခြင်းကို သိအပ်၏။ အထူးကား သေခါနီးသောသူ၌ ရှေးဦးဖြစ်နှင့်ပြီး ဌီသို့ရောက်သောဟဒယဝတ္ထုရုပ်တစ်ခုတည်းကိုသာလျှင်မှီ၍ ၁၆ ကြိမ်သောစိတ်တို့သည် ဖြစ်ပေါ်ကုန်၏။

စုတိစိတ်ချုပ်သည့်အခါ ကမ္မဇရုပ်အားလုံးချုပ်ရသဖြင့် စုတိစိတ်မှနောက်ပြန်ရေတွက်သော် ၁၇ ခုမြောက်စိတ်ဥပါဒ်ခဏ၌ နောက်ဆုံးကမ္မဇရုပ် (ဟဒယဝတ္ထု) ဖြစ်၏။ ဤနောက်ဆုံးဖြစ်သည့် ဟဒယဝတ္ထုရုပ်တစ်ခုတည်းကိုသာလျှင် ၁၆ ကြိမ်သောနောက်စိတ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

## • ရုပ်ဖြစ်ပျက်ပုံ

ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ဖြစ်သောရုပ်သည် ပဋိသန္ဓေစိတ်နောင် ၁၆ ချက်မြောက်သော စိတ်နှင့်အတူ ပြိုင်၍ချုပ်၏။

ပဋိသန္ဓေစိတ်၏ဌီခဏ၌ဖြစ်သောရုပ်သည် ပဋိသန္ဓေစိတ်နောင် ၁၇ ချက်မြောက်သောစိတ်၏ဥပါဒ်နှင့်အတူ ပြိုင်၍ချုပ်၏။

ပဋိသန္ဓေစိတ်၏ဘင်ခဏ၌ဖြစ်သောရုပ်သည် ပဋိသန္ဓေစိတ်နောင် ၁၇ ချက်မြောက်သော စိတ်၏ဌီခဏ၌ ခဏငယ် ၅၁ ချက်ပြည့်၍ချုပ်၏။

ရုပ်၏သက်တမ်းသည် စိတ္တက္ခဏ ၁၇ ချက် (ဝါ) ခဏငယ် ၅၁ ချက်ရှိသည့်အတွက် ရုပ်ဥပါဒ်ပြီးနောက် သက်တမ်းပြည့်လျှင် ချုပ်ရ၏။ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် ခဏငယ်တိုင်း ဥပါဒ်ကြ၏။ စိတ်သည် တစ်လုံးပြီးမှတစ်လုံးဖြစ်ရိုးရှိပြီးလျှင်

စိတ်၏ဥပါဒ်ခဏ၌သာ စိတ္တဇရုပ်ဖြစ်၏။ ဤသို့လျှင် ရုပ်နာမ်ခန္ဓာအစဉ်သည် သံသရာအဆက် မပြတ်ဖြစ်နေသမျှ ကာလပတ်လုံး အဆက်မပြတ်ဖြစ်ပျက်နေကြမည်။

ဥပပါတ်သတ္တဝါတို့အားလည်း ရုပ်ကလာပ် ၇ စည်း, ရုပ်ပေါင်း ၇၀ တို့သည် ဤနည်း အတူ အဆက်မပြတ်ဖြစ်ပျက်နေကြသည်။

**ကမ္မဇရုပ်ဖြစ်ပုံကို ဝေဖန်ခြင်း**

ကံကြောင့် ကမ္မဇရုပ်ဖြစ်ရာ၌ (၁) ကံ၊ (၂) ကမ္မသမုဋ္ဌာန်၊ (၃) ကမ္မပစ္စယ၊ (၄) ကမ္မပစ္စယစိတ္တသမုဋ္ဌာန်၊ (၅) ကမ္မပစ္စယအာဟာရသမုဋ္ဌာန်၊ (၆) ကမ္မပစ္စယဥတုသမုဋ္ဌာန် ဟူ၍ ခွဲခြားဝေဖန်ခြင်းကို သိအပ်၏။

(၁) **ကံ** – ကံဟူသည်မှာ ကုသိုလ်စေတနာ, အကုသိုလ်စေတနာတို့တည်း။

(၂) **ကမ္မသမုဋ္ဌာန်** – ကံကြောင့်ဖြစ်သောတရား၊

ကမ္မသမုဋ္ဌာန်မည်သည်ကား ဝိပါက်နာမ်ခန္ဓာ ၄ ပါးနှင့် ကမ္မဇရုပ်ကလာပ် ၇ စည်း, ရုပ် ၇၀ တို့ဖြစ်ကြ၏။ ကမ္မဇရုပ်ကလာပ် ၇ စည်းမှာ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကတို့တည်း။

(၃) **ကမ္မပစ္စယ** – ကံအထောက်အပံ့ရှိသောတရား၊

ကမ္မပစ္စယမည်သည်ကား ကမ္မသမုဋ္ဌာန်နာမ်ရုပ်တို့ပင်တည်း။ မှန်ပေ၏၊ ကံသည် ကံကြောင့် ဖြစ်သောနာမ်ရုပ်၏အထောက်အပံ့အကြောင်းလည်း ဖြစ်ပေ၏။

(၄) **ကမ္မပစ္စယစိတ္တသမုဋ္ဌာန်** – ကံအထောက်အပံ့ရှိသည့်စိတ်ကြောင့်ဖြစ်သောတရား၊

ကမ္မပစ္စယစိတ္တသမုဋ္ဌာန်ဟူသည်မှာ ဝိပါက်စိတ်ကြောင့်ဖြစ်သောရုပ်တည်း။

(၅) **ကမ္မပစ္စယအာဟာရသမုဋ္ဌာန်** – ကံအထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သော ရုပ်တည်း။

ကမ္မပစ္စယအာဟာရသမုဋ္ဌာန်မည်သည်ကား ကံကြောင့်ဖြစ်သောရုပ်တို့တွင် ဋ္ဌီသို့ရောက်သော ဩဇာရုပ်သည် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ် (ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အဋ္ဌကကလာပ်) အပေါင်းကိုဖြစ်ပေါ်စေ၏။ ထိုဩဇဋ္ဌမကရုပ်ကလာပ်အပေါင်း၌လည်း ဩဇာ ရုပ်သည် ဋ္ဌီသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေပြန်၏။ ဤနည်းဖြင့် လေးဆက်, ငါးဆက်သောရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ ဖြစ်စေ၏။

(၆) **ကမ္မပစ္စယဥတုသမုဋ္ဌာန်** – ကံအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောတရား၊

ကမ္မပစ္စယဥတုသမုဋ္ဌာန်မည်သည်ကား ကမ္မဇတေဇောဓာတ်သည် ဋ္ဌီသို့ရောက်သော်ဥတု ကြောင့်ဖြစ်သောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကို ဖြစ်ပေါ်စေ၏။ ထိုဩဇဋ္ဌမကရုပ်ကလာပ် အပေါင်း၌လည်း ဥတုသည် ဋ္ဌီသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကို ဖြစ်စေပြန်၏။ ဤနည်းဖြင့် လေးဆက်, ငါးဆက်သောရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

ဤသို့လျှင် ကမ္မဇရုပ်၏ဖြစ်ခြင်းကိုရှုအပ်၏။

- **စိတ္တဇရုပ်ဖြစ်ပုံကို ဝေဖန်ခြင်း**

စိတ္တဇ = စိတ်ကြောင့် ဖြစ်သောတရားတို့၌လည်း (၁) စိတ်၊ (၂) စိတ္တသမုဋ္ဌာန်၊ (၃) စိတ္တပစ္စယ၊ (၄) စိတ္တပစ္စယအာဟာရသမုဋ္ဌာန်၊ (၅) စိတ္တပစ္စယဥတုသမုဋ္ဌာန်ဟူ၍ ခွဲခြားဝေ

ဖန်ခြင်းကို သိအပ်၏။

(၁) **စိတ်** – ၈၉ ပါးသောစိတ်တို့တည်း။ ဤစိတ်တို့တွင်

– ရုပ်, ဣရိယာပုထ်, ဝိညတ်ကိုဖြစ်စေသောစိတ် = မနောဒွါရာဝဇ္ဇန်း + ကာမဇော ၂၉ + အဘိဉာဏ်စိတ် ၂ = ၃၂ ပါး၊

– ရုပ်, ဣရိယာပုထ်ကိုဖြစ်စေသောစိတ် = အဘိဉာဏ်ဒွေးကြဉ် အပ္ပနာဇော ၂၆ ပါး၊

– ရုပ်ကိုသာဖြစ်သောစိတ် = မနောဓာတ် ၃ + တဒါရုံ ၁၁ + ရူပဝိပါက် ၅ = ၁၉ ပါး၊

– ရုပ်ကိုမဖြစ်စေသောစိတ် = ဒွေပဉ္စဝိညာဏ် ၁၀ + အရူပဝိပါက် ၄ = ၁၄ ပါး၊

ရဟန္တာစုတိစိတ်နှင့် အလုံးစုံသောပဋိသန္ဓေစိတ်တို့သည်လည်း ရုပ်ကိုမဖြစ်စေပါ။

စိတ်သည် ဥပါဒ်ခဏ၌သာ အားကြီးသဖြင့် ရုပ်ကိုဖြစ်စေ၏၊ ဌီခဏ, ဘင်ခဏတို့၌ အားနည်းသောကြောင့် ရုပ်ကိုမဖြစ်စေပါ။ သို့အတွက် စိတ္တဇရုပ်တို့သည် စိတ်ဥပါဒ်တိုင်းသာ ဖြစ်၏။

(၂) **စိတ္တသမုဋ္ဌာန်** = စိတ်ကြောင့်ဖြစ်သောတရား၊

စိတ္တသမုဋ္ဌာန်မည်သည်ကား စေတသိက်နာမ်ခန္ဓာ ၃ ပါးနှင့် စိတ္တဇရုပ် ၁၇ ပါးတို့တည်း။

– စေတသိက်နာမ်ခန္ဓာ ၃ ပါး = ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ။

– စိတ္တဇရုပ် ၁၇ ပါး = အဝိနိဗ္ဘောဂရုပ် ၈၊ စိတ္တဇသဒ္ဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃၊ ဥပစယရုပ်၊ သန္တတိရုပ်။

(၃) **စိတ္တပစ္စယ** = စိတ်အထောက်အပံ့ရှိသောတရား၊

''နောက်မှဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် ရှေးဦးဖြစ်နှင့်သောထွာရုပ်အပေါင်းအား ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏''ဟု ဟောထားသည်နှင့်အညီ ကံ, စိတ်, ဥတု, အာဟာရဟူသည့်အကြောင်း ၄ ပါးကြောင့်ဖြစ်သော စတုသမုဋ္ဌာန်ရုပ်တို့သည် စိတ္တပစ္စယမည်၏။

(၄) **စိတ္တပစ္စယအာဟာရသမုဋ္ဌာန်** = စိတ်အထောက်အပံ့ရှိသည့်အာဟာရကြောင့် ဖြစ်သောတရား၊

စိတ္တဇရုပ်တို့တွင် ဌီသို့ရောက်သောဩဇာသည် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေ၏၊ ဤနည်းဖြင့် ၂ ဆက် ၃ ဆက်သောရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

(၅) **စိတ္တပစ္စယဥတုသမုဋ္ဌာန်** = စိတ်အထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောတရား၊

စိတ္တဇရုပ်တို့တွင် ဌီသို့ရောက်သောဥတုသည် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေ၏၊ ဤနည်းဖြင့် ၂ ဆက် ၃ ဆက်သောရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

ဤသို့လျှင် စိတ္တဇရုပ်၏ဖြစ်ခြင်းကိုရှုအပ်၏။

- **အာဟာရဇရုပ်ဖြစ်ပုံကို ဝေဖန်ခြင်း**

အာဟာရဇ = အာဟာရကြောင့်ဖြစ်သောတရားတို့၌လည်း (၁) အာဟာရ၊ (၂) အာဟာရသမုဋ္ဌာန်၊ (၃) အာဟာရပစ္စယ၊ (၄) အာဟာရပစ္စယအာဟာရသမုဋ္ဌာန်၊ (၅) အာဟာရပစ္စယဥတုသမုဋ္ဌာန်ဟူ၍ ခွဲခြားဝေဖန်ခြင်းကို သိအပ်၏။

(၁) **အာဟာရ** = အလုပ်အလွေ့ပြုအပ်သော အဆီအနှစ်ဩဇာ အစာအာဟာရတည်း။

(၂) **အာဟာရသမုဋ္ဌာန်** = အာဟာရကြောင့်ဖြစ်သောရုပ်၊

ဥပါဒိန္န (လောကီကံ၏အကျိုး) ဖြစ်သော ကမ္မဇဘူတရုပ်အထောက်အပံ့ကိုရ၍ ထိုကမ္မဇဘူတရုပ်၌တည်လျက် ဌီသို့ရောက်သောဩဇာရုပ်ကဖြစ်ပေါ်စေသည့် အာဟာရဇရုပ် ၁၄ ပါးသည် အာဟာရသမုဋ္ဌာန်မည်၏။

အာဟာရဇရုပ် ၁၄ ပါး = အဝိနိဗ္ဘောဂရုပ် ၈၊ ပရိစ္ဆေဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး၊ ဥပစယရုပ်၊ သန္တတိရုပ်။

(၃) **အာဟာရပစ္စယ** = အာဟာရအထောက်အပံ့ရှိသောရုပ်၊

''အလုပ်အလွေ့ပြုအပ်သော အာဟာရသည် ဤရူပကာယအား အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏''ဟု ဟောတော်မူသောကြောင့် ကံ, စိတ်, ဥတု, အာဟာရဟူသည့် အကြောင်း ၄ ပါးကြောင့်ဖြစ်သော စတုသမုဋ္ဌာန်ရုပ်တို့သည် 'အာဟာရပစ္စယ'မည်၏။

(၄) **အာဟာရပစ္စယအာဟာရသမုဋ္ဌာန်** = အာဟာရအထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောရုပ်၊

အာဟာရဇရုပ်တို့တွင် ဌီသို့ရောက်သောဩဇာသည် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေ၏။ ထိုဩဇဋ္ဌမကရုပ်ကလာပ်၌လည်း ဩဇာသည် တစ်ပါးသော ဩဇာဋ္ဌကရုပ်ကလာပ်အပေါင်းကို ဖြစ်ပေါ်စေပြန်၏။ ဤနည်းဖြင့် ၁၀ ကြိမ်, ၁၂ ကြိမ်တိုင်တိုင် ရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

- **အနုပါဒိန္နက (ကံ၏အကျိုးမဟုတ်သော) အာဟာရထောက်ပံ့ပုံ**

တစ်နေ့၌ တစ်ကြိမ်စားသောက်သောအာဟာရသည် ၇ ရက်ပတ်လုံးထောက်ပံ့တတ်၏။
နတ်ဩဇာသည် တစ်လနှစ်လပတ်လုံး ထောက်ပံ့တတ်၏။
မိခင်စားသောက်သောအာဟာရသည် သူငယ်၏ကိုယ်၌ပျံ့နှံ့လျက် ရုပ်ကိုဖြစ်စေ၏။
ကိုယ်၌လူးလိမ်းအပ်သောအာဟာရသည်လည်း အာဟာရဇရုပ်ကို ဖြစ်ပေါ်စေတတ်၏။

- **ဥပါဒိန္နက (ကံ၏အကျိုးဖြစ်သော) အာဟာရထောက်ပံ့ပုံ**

ဥပါဒိန္နကအာဟာရမည်သော ကမ္မဇအာဟာရသည်လည်း ဌီသို့ရောက်သော် အာဟာရဇဩဇဋ္ဌမကရုပ်ကလာပ်ကို ဖြစ်စေ၏။ ဤဩဇဋ္ဌမကရုပ်ကလာပ်၌ ပါရှိသောဩဇာသည်လည်း တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်ကို ဖြစ်ပေါ်စေပြန်၏။ ဤနည်းဖြင့် ၄ ဆက် ၅ ဆက်သော ရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

(၅) **အာဟာရပစ္စယဥတုသမုဋ္ဌာန်** = အာဟာရအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောရုပ်

အာဟာရကြောင့်ဖြစ်သောတေဇောဓာတ်သည် ဌီသို့ရောက်သော် ဩဇဋ္ဌမကရုပ်ကလာပ်ကို ဖြစ်စေ၏။

- **ကျေးဇူးပြုပုံ**

ထိုအာဟာရသမုဋ္ဌာန်, အာဟာရပစ္စယစသည်တို့၌ ဤအာဟာရရုပ်သည် အာဟာရသမုဋ္ဌာန်ဩဇဋ္ဌမကရုပ်ကလာပ်အား ဇနကသတ္တိဖြင့် ကျေးဇူးပြု၏၊ ကြွင်းသော ကမ္မဇဩဇ

ဋ္ဌမကရုပ်, စိတ္တဇသြဇဋ္ဌမကရုပ်, ဥတုဇသြဇဋ္ဌမကရုပ်တို့အား နိဿယသတ္တိ, အာဟာရသတ္တိ, အတ္ထိသတ္တိ, အဝိဂတသတ္တိတို့၏စွမ်းအားဖြင့် ကျေးဇူးပြု၏။

ဤသို့လျှင် အာဟာရဇရုပ်၏ဖြစ်ခြင်းကို ရှုအပ်၏။

- **ဥတုဇရုပ်ဖြစ်ပုံကိုဝေဖန်ခြင်း**

ဥတုဇ = ဥတုကြောင့်ဖြစ်သောတရားတို့၌လည်း (၁) ဥတု၊ (၂) ဥတုသမုဋ္ဌာန်၊ (၃) ဥတုပစ္စယ၊ (၄) ဥတုပစ္စယဥတုသမုဋ္ဌာန်၊ (၅) ဥတုပစ္စယအာဟာရသမုဋ္ဌာန်ဟူ၍ ခွဲခြမ်းဝေဖန်ခြင်းကို သိအပ်၏။

(၁) **ဥတု** – ကံ, စိတ်, ဥတု, အာဟာရဟူသောအကြောင်းလေးပါးကြောင့်ဖြစ်သော တေဇောဓာတ်တည်း၊ ဤဥတုသည် ပူသောဥတု, အေးသောဥတုဟူ၍နှစ်ပါးရှိ၏။

(၂) **ဥတုသမုဋ္ဌာန်** – ဥတုကြောင့်ဖြစ်သောရုပ်၊

အကြောင်းလေးပါးကြောင့်ဖြစ်သောဥတုသည် ဉပါဒိန္နကရုပ်၏အထောက်အပံ့ကိုရ၍ ဋ္ဌီသို့ရောက်သော် ကိုယ်၌ ဥတုဇရုပ်ကိုဖြစ်စေ၏။ ထိုဥတုဇရုပ်သည် ဥတုဇသဒ္ဒနဝကကလာပ ရုပ် ၉ ပါး, ပရိစ္ဆေဒရုပ်, လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိဟူ၍ ၁၅ ပါး အပြားရှိ၏။

(၃) **ဥတုပစ္စယ** = ဥတုအထောက်အပံ့ရှိသောရုပ်၊

ဥတုသည် အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်တို့ အဆက်မပြတ်ဖြစ်ခြင်း, ပျက်ခြင်း၏ အထောက်အပံ့အကြောင်း (ဥတုပစ္စယ) ဖြစ်၏။

(၄) **ဥတုပစ္စယဥတုသမုဋ္ဌာန်** = ဥတုအထောက်အပံ့ရှိသည့် ဥတုကြောင့်ဖြစ်သောရုပ်၊

ဥတုကြောင့်ဖြစ်သောတေဇောဓာတ်သည် ဋ္ဌီသို့ရောက်သော် တစ်ပါးသောသြဇဋ္ဌမကရုပ်ကလာပ်ကိုဖြစ်စေ၏။ ထိုသြဇဋ္ဌမကရုပ်ကလာပ်၌ ပါရှိသောဥတုသည် တစ်ပါးသောသြဇဋ္ဌမကရုပ်ကလာပ်ကိုဖြစ်စေ၏။ ထိုသြဇဋ္ဌမကရုပ်ကလာပ်၌ ပါရှိသောဥတုသည်လည်း တစ်ပါးသောသြဇဋ္ဌမကရုပ်ကလာပ်ကိုဖြစ်စေပြန်၏။ ဤနည်းဖြင့် အဓွန့်ရှည်စွာသောကာလပတ်လုံး အနုပါဒိန္နမည်သော သက်မဲ့ဗဟိဒ္ဓသန္တာန်အဖို့၌တည်၍လည်း ဥတုဇရုပ်သည် စဉ်ဆက်မပြတ်ဖြစ်သွားသည်သာတည်း။

(၅) **ဥတုပစ္စယအာဟာရသမုဋ္ဌာန်** = ဥတုအထောက်အပံ့ရှိသည့် အာဟာရကြောင့်ဖြစ်သောရုပ်၊

ဥတုကြောင့်ဖြစ်သောသြဇာသည် ဋ္ဌီသို့ရောက်သော် တစ်ပါးသောသြဇဋ္ဌမကရုပ်ကလပ်ကို ဖြစ်စေ၏။ ထိုသြဇဋ္ဌမကရုပ်ကလပ်၌ပါရှိသောသြဇာသည်လည်း တစ်ပါးသောသြဇဋ္ဌမကရုပ်ကလပ်ကို ဖြစ်စေပြန်၏။ ဤနည်းဖြင့် ၁၀ ကြိမ် ၁၂ ကြိမ်တိုင်တိုင် ရုပ်ဖြစ်စဉ်ကို ဆက်စေ၏။

- **ကျေးဇူးပြုပုံ**

ထိုဥတုသမုဋ္ဌာန်, ဥတုပစ္စယစသည်တို့၌ ဤဥတုသည် ဥတုဇရုပ်တို့အား ဖြစ်စေတတ်သော အကြောင်းဖြစ်၍ ဇနကသတ္တိဖြင့် ကျေးဇူးပြု၏။

ကြွင်းသောကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့အား နိဿယသတ္တိ, အတ္ထိသတ္တိ,

အဝိဂတသတ္တိတို့၏အစွမ်းအားဖြင့် ကျေးဇူးပြု၏။

ဤသို့လျှင် ဥတုဇရုပ်၏ဖြစ်ခြင်းကို ရှုအပ်၏။

ဤဆိုခဲ့သောနည်းဖြင့် ရုပ်၏ဖြစ်ခြင်းကိုရှုခြင်းသည် ရံခါရုပ်ကိုရှုသည်မည်၏။

- **နာမ်၏ဖြစ်ခြင်းကို ရှုပုံအခြင်းအရာ**

ရုပ်ကိုသုံးသပ်သည့်အခါ ရုပ်၏ဖြစ်ခြင်းကိုရှုရသကဲ့သို့ နာမ်ကိုသုံးသပ်သည့်အခါတွင်လည်း နာမ်၏ဖြစ်ခြင်းကိုရှုအပ်၏။ နာမ်၏ဖြစ်ခြင်းကို ရှုသည့်အခါ လောကီစိတ် ၈၁ ပါးနှင့်ယှဉ်ဖက် စေတသိက်များ (စိတ္တုပ္ပါဒ်)တို့၏ဖြစ်ခြင်းကို ရှုရမည်ဖြစ်၏။

နာမ်၏ဖြစ်ပုံကား . . . ရှေးဘဝ၌အားထုတ်ခဲ့သည့်ကံတို့၏အစွမ်းဖြင့် ပဋိသန္ဓေကာလတွင် ပဋိသန္ဓေစိတ် ၁၉ ပါးနှင့်ယှဉ်ဖက်စေတသိက်များသည် ဘုံအသီးသီး ဘဝအသီးသီး၌ ဖြစ်ကြ၏။ ဤ ၁၉ ပါးသောစိတ္တုပ္ပါဒ် (ပဋိသန္ဓေဝိပါက်စိတ်နှင့်ယှဉ်ဖက်စေတသိက်များ)သည် ပဋိသန္ဓေစိတ်ချုပ်ပြီးအခြားမဲ့၌ ဘဝင်စိတ်အဖြစ် တစ်လုံးပြီးတစ်လုံး ဆက်ဖြစ်၏။ အသက်ကုန်၍သေဆုံးသောအခါ၌လည်း စုတိစိတ်အဖြစ်ဆက်ဖြစ်၏။ ဤကား ပဋိသန္ဓေ-ဘဝင်-စုတိအစွမ်းဖြင့် ရှုခြင်းပင်တည်း။

(ပဋိသန္ဓေစိတ်ဖြစ်နေသည့်အခါကို ပဋိသန္ဓေကာလဟုခေါ်ပြီး၊ ပဋိသန္ဓေစိတ်နောက် ပထမဘဝင်စိတ်မှ စုတိစိတ်တိုင်အောင် အဆက်မပြတ်ဖြစ်နေသည့်ကာလကို ပဝတ္တိကာလဟုခေါ်၏။)

**ပဝတ္တိကာလ**၌ စက္ခုပသာဒမပျက်စီးခြင်း၊ ရူပါရုံထင်ပေါ်ခြင်း၊ အရောင်အလင်းရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် မျက်စိ၌စက္ခုဝိညာဏ်စိတ်နှင့်ယှဉ်ဖက်စေတသိက်များ (သမ္ပယုတ်တရား) ဖြစ်ပေါ်ကြ၏။

ထို့အတူပင် သောတပသာဒမပျက်စီးခြင်း၊ အသံအာရုံထင်ပေါ်ခြင်း၊ အာကာသ (ဟင်းလင်းနယ်)ရှိခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် နား၌ သောတဝိညာဏ်စိတ်နှင့်ယှဉ်ဖက်စေတသိက်များ ဖြစ်ပေါ်၏။

ဃာနပသာဒမပျက်စီးခြင်း၊ အနံ့ခံအာရုံထင်ပေါ်ခြင်း၊ အနံ့ဆောင်ယူသောလေကိုမှီရခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် နှာခေါင်း၌ ဃာနဝိညာဏ်စိတ်နှင့်ယှဉ်ဖက်စေတသိက်များ ဖြစ်ပေါ်ကြ၏။

ဇိဝှာပသာဒမပျက်စီးခြင်း၊ ရသာရုံ (အရသာ) ထင်ပေါ်ခြင်း၊ အာပေါအစိုဓာတ်ကိုမှီရခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် လျှာ၌ ဇိဝှာဝိညာဏ်စိတ်နှင့်ယှဉ်ဖက်စေတသိက်များ ဖြစ်ပေါ်ကြ၏။

ကာယပသာဒမပျက်စီးခြင်း၊ တွေ့ထိစရာဖောဋ္ဌဗ္ဗာရုံထင်ပေါ်ခြင်း၊ ခက်မာသောပထဝီဓာတ်ကိုမှီရခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် ကာယပသာဒ၌ ကာယဝိညာဏ်စိတ်နှင့် ယှဉ်ဖက်စေတသိက်များ ဖြစ်ပေါ်ကြ၏။

ဘဝင်စိတ်မပျက်စီးခြင်း၊ သဘောအာရုံထင်ပေါ်ခြင်း၊ ဟဒယဝတ္ထုရုပ်ကိုမှီရခြင်း၊ နှလုံးသွင်းမှုရှိခြင်း၊ ဤအကြောင်း ၄ ပါးပြည့်စုံလျှင် မနောဒွါရ၌ မနောဝိညာဏ်စိတ်နှင့်ယှဉ်ဖက်

စေတသိက်များ ဖြစ်ပေါ်ကြ၏။

ဤကား ဝိညာဏ်စိတ်တို့၏ဖြစ်ပုံကို အကျဉ်းပြဆိုခြင်းဖြစ်၏။ ချဲ့ပြရလျှင် –

စက္ခုပသာဒရုပ်၏ဌီခဏ၌ ဌီခဏသို့ရောက်သောရူပါရုံသည် စက္ခုပသာဒကို တိုက်ခိုက်၏။ (စက္ခုပသာဒ၌ ရူပါရုံထင်ပေါ်လာ၏)၊ ထိုအခါ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ် ဖြစ်ပြီး ချုပ်၏၊ ထိုရူပါရုံကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဆင်ခြင်၍ချုပ်၏၊ ထို့နောက် ရူပါရုံကိုမြင်လျက် အကုသလဝိပါက်စက္ခုဝိညာဏ် သို့မဟုတ် ကုသလဝိပါက်စက္ခုဝိညာဏ်သည် ဖြစ်၍ချုပ်၏၊ ထို့နောင် ဝိပါက်မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ်သည် အာရုံကိုလက်ခံလျက် ဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကို စုံစမ်းလျက် အဟိတ်ဝိပါက်မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ်သည် ဖြစ်ပေါ်၏၊ ထို့နောင် ထိုရူပါရုံကို ပိုင်းခြားဆုံးဖြတ်လျက် ဥပေက္ခာသဟဂုတ် အဟိတ်ကြိယာမနောဝိညာဏဓာတ်ခေါ် ဝုဋ္ဌောမည်သည့် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ ထို့နောင် ကာမာဝစရကုသိုလ် သို့မဟုတ် အကုသိုလ် သို့မဟုတ် ကိရိယာဇောစိတ်တို့တွင် တစ်ပါးပါးသည် ၅ ကြိမ် သို့မဟုတ် ၇ ကြိမ်ဖြစ်၏၊ ထို့နောင် ကာမာဝစရသတ္တဝါတို့အား တဒါရုံ ၁၁ ပါးတို့တွင် ဇောနှင့်အာရုံတို့အားလျော်သည့် တဒါရုံစိတ်သည် ဖြစ်ပေါ်၏။ ဤကား **စက္ခုဒွါရဝီထိစိတ်များဖြစ်ခြင်းပင်တည်း။**

ကြွင်းသောဒွါရတို့၌လည်း ဤနည်းအတူပင် ဖြစ်ကြ၏။ အထူးကား မနောဒွါရ၌ မဟဂ္ဂုတ်စိတ် (ဈာန်စိတ်)တို့လည်း ဖြစ်ကုန်၏။ ဤသို့လျှင် **ဒွါရ ၆ ပါးတို့၌ဖြစ်ကြသော နာမ်၏ဖြစ်ခြင်းကို ရှုအပ်၏။**

ဤဆိုခဲ့သည့်အတိုင်း ရံခါရုပ်ကို ရံခါနာမ်ကို သုံးသပ်၍ လက္ခဏာသုံးပါးကိုတင်လျက် ဥဒယဗ္ဗယဉာဏ်စသောအစဉ်အားဖြင့် ရှုပွားကာ ပညာဘာဝနာကို ပြည့်စုံစေ၏။

## • ရူပသတ္တကရှုနည်း (ရုပ်ကိုသုံးသပ်ပုံ ၇ မျိုး)

ဝိပဿနာယောဂီသည် ရုပ်သုံးသပ်ပုံ ၇ မျိုး၊ နာမ်သုံးသပ်ပုံ ၇ မျိုးတို့၏အစွမ်းအားဖြင့် လက္ခဏာသုံးပါးတင်၍ ရုပ်နာမ်သင်္ခါရတို့ကို သမ္မသနဉာဏ်ဖြင့် ရှုပွား၏။ ထိုတွင် **ရုပ်ကိုသုံးသပ်ပုံ ၇ မျိုးမှာ –**

(၁) ***အာဒါနနိက္ခေပန*** – ယူခြင်း, ပစ်ချခြင်းအားဖြင့် ရှုခြင်း၊

(၂) ***ဝယောဝုဍ္ဍတ္ထင်္ဂမ*** – အရွယ်ရင့်ချုပ်ခြင်းအားဖြင့် ရှုခြင်း၊

(၃) ***အာဟာရမယ*** – အာဟာရဖြင့်ပြီးသောရုပ်အစွမ်းအားဖြင့် ရှုခြင်း၊

(၄) ***ဥတုမယ*** – ဥတုဖြင့်ပြီးသောရုပ်အစွမ်းအားဖြင့် ရှုခြင်း၊

(၅) ***ကမ္မဇ*** – ကံကြောင့်ဖြစ်သောရုပ်အစွမ်းအားဖြင့် ရှုခြင်း၊

(၆) ***စိတ္တသမုဋ္ဌာန*** – စိတ်ကြောင့်ဖြစ်သောရုပ်အစွမ်းအားဖြင့် ရှုခြင်း၊

(၇) ***ဓမ္မတာရုပ်***အစွမ်းအားဖြင့် ရှုခြင်း၊

ဤ ၇ ပါးသောအခြင်းအရာတို့ဖြင့် လက္ခဏာတင်၍သုံးသပ်သော် ရူပသတ္တက = ရုပ်ကိုသုံးသပ်ပုံ ၇ မျိုးတို့၏အစွမ်းအားဖြင့် လက္ခဏာတင်၍ သုံးသပ်သည်မည်၏။

**၁။ အာဒါနနိက္ခေပနနည်းဖြင့် ရှုခြင်း** (ယူခြင်း, ပစ်ချခြင်းအားဖြင့်ရှုခြင်း)

အာဒါန = ယူခြင်းဟူသည်ကား ''**ဘဝသစ်ကိုယူခြင်း – ပဋိသန္ဓေ**''တည်း၊

နိက္ခေပန = ပစ်ချခြင်းဟူသည်ကား ''**ဘဝဟောင်းကိုစွန့်ပစ်ခြင်း – စုတိ**''တည်း။

သို့ဖြစ်၍ ယောဂီသည်အနှစ်တစ်ရာကို ပဋိသန္ဓေ–စုတိတို့ဖြင့် ပိုင်းခြား၍ သင်္ခါရတို့၌ လက္ခဏာသုံးပါးတင်၍ရှု၏။

**အနိစ္စအခြင်းအရာဖြင့်ရှုပုံ** – ဤပဋိသန္ဓေနှင့်စုတိတို့၏အကြား၌ အလုံးစုံသောသင်္ခါရတို့သည် မမြဲကုန် – အနိစ္စတည်း၊ အဘယ်ကြောင့်နည်းဟူမူ –

– ဖြစ်ခြင်း, ပျက်ခြင်းအားဖြင့် မပြတ်ဖြစ်ပျက်နေကြ၏၊

– ဖောက်ပြန်နေကြ၏၊

– အခိုက်အတန့်မျှသာ ဖြစ်နေကြ၏၊

– မြဲသောအဖြစ်ကို ငြင်းပယ်ကြ၏၊ ဤအကြောင်းတို့ကြောင့်တည်း။

**ဒုက္ခအခြင်းအရာဖြင့်ရှုပုံ** – ဖြစ်ပြီးသောသင်္ခါရတို့သည် တည်ဆဲ–ဌီခဏသို့ ရောက်ကြ၏၊ ဌီခဏ၌ အိုမင်းရင့်ရော်ခြင်းဖြင့် ပင်ပန်းကုန်၏၊ အိုမင်းရင့်ရော်ခြင်းသို့ရောက်ပြီးလျှင် မချွတ်ကေန် ပျက်စီးကြကုန်၏။ ထို့ကြောင့် –

– ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်သောကြောင့် ဆင်းရဲတည်း၊

– မခံသာသောကြောင့် ဆင်းရဲတည်း၊

– ဆင်းရဲ၏တည်ရာဝတ္ထုဖြစ်သောကြောင့် ဆင်းရဲတည်း၊

– ချမ်းသာသည့်အဖြစ်ကိုငြင်းပယ်သောကြောင့် ဆင်းရဲတည်းဟုရှု၏။

**အနတ္တအခြင်းအရာအားဖြင့်ရှုပုံ** – ဖြစ်ပြီးသောသင်္ခါရတို့သည် ဌီခဏသို့မရောက်ပါစေကုန်လင့်၊ ဌီခဏသို့ရောက်သောသင်္ခါရတို့သည် မအိုမင်း, မရင့်ရော်ပါစေကုန်လင့်၊ အိုရင့်ပြီးသောသင်္ခါရတို့သည် မပျက်စီးပါစေကုန်လင့်ဟူ၍ ဤသုံးပါးသောဌာနတို့၌ တစ်စုံတစ်ယောက်သောသူအား မည်သည့်အခါမျှ အလိုအတိုင်းမဖြစ်စေပါ၊ ထိုအလိုအတိုင်းဖြစ်သောအခြင်းအရာမှ ဆိတ်သုဉ်း၏။

ထို့ကြောင့် **နိဝါသီ** – ခန္ဓာအိမ်၌အမြဲတည်နေသူ၊ **ကာရက** – ပြုလုပ်တတ်သူ၊ **အဓိဋ္ဌာယက** – စီမံခန့်ခွဲတတ်သူဟုထင်ရသောအတ္တမှ ဆိတ်သုဉ်း၏။

ပိုင်ရှင်မရှိသောကြောင့်, အလိုအတိုင်းမဖြစ်သောကြောင့်, အတ္တအဖြစ်ကိုငြင်းပယ်သောကြောင့် သင်္ခါရတို့သည် အနတ္တ–အတ္တမဟုတ်ကုန်၊ အတ္တမရှိကုန်ဟူ၍ လက္ခဏာသုံးပါးကို တင်ရှု၏။

## ၂။ ဝယောဝုဍ္ဎတ္ထင်္ဂမနည်းဖြင့်ရှုခြင်း (အရွယ်ရင့်ချုပ်ခြင်းအားဖြင့်ရှုခြင်း)

အရွယ်၏အစွမ်းအားဖြင့် အရွယ်အဆင့်ဆင့်ကြီးရင့်လာသော ရုပ်တရားတို့၏ချုပ်ခြင်းကို လက္ခဏာသုံးပါးတင်၍ရှုခြင်းကို အရွယ်ရင့်ချုပ်ခြင်းအားဖြင့်ရှုခြင်းဟုခေါ်၏။

### (က) အရွယ်သုံးပါးကိုရှုပုံ

နှစ် ၁၀၀ ကို ပဌမအရွယ် ၃၃ နှစ်၊ မဇ္ဈိမ – အလယ်ပိုင်းအရွယ် ၃၄ နှစ်၊ ပစ္ဆိမ – နောက်ဆုံးအရွယ် ၃၃ နှစ်ဟူ၍ ပိုင်းခြား၏။ ရှုပုံမှာ –

– ပထမအရွယ်၌ဖြစ်သောရုပ်သည် မဇ္ဈိမအရွယ်သို့မရောက်မူဘဲ ပထမအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ပထမအရွယ်၌ဖြစ်သောရုပ်သည် မမြဲ-အနိစ္စ၊ ထိုမမြဲသောရုပ်သည် ဆင်းရဲ-ဒုက္ခတည်း၊ ထိုဆင်းရဲသောရုပ်သည် အတ္တမဟုတ်-အနတ္တဟုရှု၏။

– မဇ္ဈိမအရွယ်၌ဖြစ်သည့်ရုပ်သည်လည်း ပစ္ဆိမအရွယ်သို့မရောက်မူဘဲ မဇ္ဈိမအရွယ်၌ သာလျှင်ချုပ်၏၊ ထို့ကြောင့် မဇ္ဈိမအရွယ်ဖြစ်သောရုပ်သည် မမြဲ-အနိစ္စ၊ ထိုမမြဲသောရုပ် သည် ဆင်းရဲ-ဒုက္ခတည်း၊ ထိုဆင်းရဲသောရုပ်သည် အတ္တမဟုတ်-အနတ္တဟုရှု၏။

– ပစ္ဆိမအရွယ်၌ဖြစ်သောရုပ်သည်လည်း သေသည်မှနောက်၌ အနာဂတ်ဘဝသို့မသွား၊ သွားရန်စွမ်းနိုင်သောရုပ်မည်သည်မရှိချေ။ ထို့ကြောင့် ပစ္ဆိမအရွယ်၌ဖြစ်သောရုပ်သည်လည်း မမြဲ-အနိစ္စ၊ ဆင်းရဲ-ဒုက္ခ၊ အတ္တမဟုတ်-အနတ္တဟူသည့် လက္ခဏာသုံးပါးကို တင်၍ရှု၏။

### (ခ) နှစ် ၁၀၀ ကို ၁၀ ပိုင်းပိုင်း၍ရှုပုံ

(၁) ***မန္ဒဒသက*** (၁ နှစ်မှ ၁၀ နှစ်အထိ) နုံ့ထိုင်း၏၊ လျှပ်ပေါ်၏၊ သူငယ်မျှသာဖြစ်၏၊

(၂) ***ခိဍ္ဍာဒသက*** (၁၁ နှစ်မှ ၂၀ နှစ်အထိ) ကစားပျော်ရွှင်ခြင်းများ၏၊

(၃) ***ဝဏ္ဏဒသက*** (၂၁ နှစ်မှ ၃၀ နှစ်အထိ) ရုပ်ရည်လှပ, ပြန့်ပြောပြည့်ဝ၏၊

(၄) ***ဗလဒသက*** (၃၁ နှစ်မှ ၄၀ နှစ်အထိ) ခွန်အားနှင့်အစွမ်း, ပြန့်ပြောပြည့်ဝ၏၊

(၅) ***ပညာဒသက*** (၄၁ နှစ်မှ ၅၀ နှစ်အထိ) ပညာကောင်းစွာတည်၏၊ ပညာမဲ့သူပင် ဤအရွယ်၌ ပညာအနည်းငယ်ဖြစ်တတ်၏။

(၆) ***ဟာနိဒသက*** (၅၁ နှစ်မှ ၆၀ နှစ်အထိ) ကစားပျော်ရွှင်ခြင်း, ရုပ်အဆင်း, ခွန်အား နှင့် ပညာတို့ ဆုတ်ယုတ်ကုန်၏၊

(၇) ***ပဗ္ဘာရဒသက*** (၆၁ နှစ်မှ ၇၀ နှစ်အထိ) ခန္ဓာကိုယ်သည် ရှေ့သို့ကိုင်းရှိုင်း၏၊

(၈) ***ဝင်္ကဒသက*** (၇၁ နှစ်မှ ၈၀ နှစ်အထိ) ခန္ဓာကိုယ်သည် ထယ်၏လက်ကိုင်လို ကောက်ကုံး၏၊

(၉) ***မောမူဟဒသက*** (၈၁ နှစ်မှ ၉၀ နှစ်အထိ) အလွန်တွေဝေ၏၊ ပြုတိုင်းပြုတိုင်းကို မေ့၏၊

(၁၀) ***သယနဒသက*** (၉၁ နှစ်မှ ၁၀၀ နှစ်အထိ) လဲလျောင်းနေခြင်းသာများ၏။

ရှုပုံမှာ ပထမဆယ်နှစ်စု၌ မပြတ်ဖြစ်သောရုပ်သည် ဒုတိယဆယ်နှစ်စုသို့မရောက်မူဘဲ ထိုပထမဆယ်နှစ်စု၌သာလျှင် ချုပ်၏။ ထို့ကြောင့် ပထမဆယ်နှစ်စုရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ လက္ခဏာသုံးပါးကိုတင်ရှု၏။ နောက်နောက်ဆယ်စုနှစ်ရုပ်များကိုလည်း ဤနည်းအတိုင်းပင် လက္ခဏာသုံးပါးတင်ရှု၏။

### (ဂ) နှစ် ၁၀၀ ကို ၅ နှစ်စီပိုင်း၍ရှုပုံ

နှစ် ၁၀၀ ကို ၅ နှစ်စီပိုင်း၍ အပိုင်း ၂၀ ရှိသည့်ရုပ်ကို ရှုမှတ်ရာတွင် ပထမ ၅ နှစ်ပိုင်းမှရုပ်သည် ဒုတိယ ၅ နှစ်ပိုင်းရုပ်သို့ မရောက်၊ ထိုပထမ ၅ နှစ်၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ပထမ ၅ နှစ်ပိုင်းရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ဤနည်းဖြင့်သာလျှင် ကျန်ရုပ်ပိုင်းများကို ရှု၏။

**(ဃ) နှစ် ၁၀၀ ကို ၄ နှစ်စီပိုင်း၍ရှုပုံ**

နှစ် ၁၀၀ ကို ၄ နှစ်စီပိုင်း၍ အပိုင်း ၂၅ ခုရှိသည့်ရုပ်ကို ရှုမှတ်ရာတွင် ပထမ ၄ နှစ်ပိုင်းမှရုပ်သည် ဒုတိယ ၄ နှစ်ပိုင်းရုပ်သို့ မရောက်၊ ထိုပထမ ၄ နှစ်၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ပထမ ၄ နှစ်ပိုင်းရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ဤနည်းဖြင့်သာလျှင် ကျန်ရုပ်ပိုင်းများကို ရှု၏။

**(င) နှစ် ၁၀၀ ကို ၃ နှစ်စီပိုင်း၍ရှု၏၊** အထက်ပါနည်းအတိုင်းရှု၏။

**(စ) နှစ် ၁၀၀ ကို ၂ နှစ်စီပိုင်း၍ရှု၏၊** အထက်ပါနည်းအတိုင်းရှု၏။

**(ဆ) နှစ် ၁၀၀ ကို ၁ နှစ်စီပိုင်း၍ရှု၏၊** အထက်ပါနည်းအတိုင်းရှု၏။

**(ဇ) တစ်နှစ်ကို ဥတုသုံးပါးဖြင့်ပိုင်းခြား၍ရှုပုံ**

တစ်နှစ်ကို ဆွေမိုးဆောင်း ဥတုသုံးပါးဖြင့်ပိုင်းခြား၍ရှုရာတွင် တစ်ဥတုလျှင် ၄ လကြာသဖြင့် တစ်နှစ်ကို ၄ လစီ ၃ ပိုင်းပိုင်း၍ ရှုသည်နှင့်တူ၏၊ သို့အတွက် နှစ် ၁၀၀ ကို အပိုင်း ၃၀၀ ပိုင်း၍ ရှုရ၏။ ရှုပုံမှာ –

မိုးဥတု၌ဖြစ်သောရုပ်သည် ဆောင်းဥတုသို့မရောက်၊ မိုး ၄ လ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် မိုးဥတုရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ဤနည်းဖြင့်သာလျှင် ဆောင်းဥတုရုပ်နှင့် ဆွေဥတုရုပ်တို့ကို ဆက်ရှု၏။

**(ဈ) တစ်နှစ်ကို ရတု ၆ ပါးဖြင့်ပိုင်းခြား၍ရှုပုံ**

တစ်နှစ်လျှင် ဝဿာနဥတုခေါ်မိုးဥတု၌ ဝဿာနရတုနှင့် သရဒရတုဟူ၍ ရတု ၂ ပါး၊ ဟေမန္တဥတုခေါ် ဆောင်းဥတု၌ ဟေမန္တရတုနှင့် သိသိရရတုဟူ၍ ရတု ၂ ပါး၊ ဂိမှဥတုခေါ်ဆွေဥတု၌ ဝသန္တရတုနှင့် ဂိမှရတုဟူ၍ ရတု ၂ ပါး၊ စုစုပေါင်း ရတု ၆ ပါးဖြင့် ၆ ပိုင်းပိုင်း၍ ရှု၏။ အနှစ် ၁၀၀ ကို အပိုင်း ၆၀၀ ပိုင်း၍ ရှုရ၏။ ရှုပုံမှာ –

ဝဿာနရတု၌ဖြစ်သောရုပ်သည် သရဒရတုသို့မရောက်၊ ဝဿာနရတု၌သာလျှင် ချုပ်၏၊ ထို့ကြောင့် ဝဿာနရတုရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ဤနည်းဖြင့်သာလျှင် ကျန်ရတုရုပ်များကို ဆက်၍ရှု၏။

**(ည) တစ်လကို လဆုတ်ပက္ခ, လဆန်းပက္ခတို့၏အစွမ်းဖြင့် ပိုင်းခြား၍ရှုပုံ**

တစ်လကို လဆုတ်ပက္ခ, လဆန်းပက္ခဟူ၍ ၂ ပိုင်းပိုင်းပြီးလျှင် လဆုတ်ပက္ခ၌ မပြတ်ဖြစ်သောရုပ်သည် လဆန်းပက္ခသို့မရောက်၊ လဆုတ်ပက္ခ၌သာလျှင်ချုပ်ကုန်၏။ ထို့ကြောင့် လဆုတ်ပက္ခရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ဤနည်းဖြင့်သာလျှင် ကျန်လဆန်းပက္ခ, လဆုတ်ပက္ခရုပ်များကို ဆက်ရှု၏။

**(ဋ) တစ်ရက်ကို ညဉ့်နေ့တို့၏အစွမ်းဖြင့် ပိုင်းခြား၍ရှု၏။** အထက်ပါနည်းအတိုင်းရှု၏။

**(ဌ) တစ်ရက်ကို နံနက်ပိုင်းစသည်ဖြင့် ၆ ပိုင်းပိုင်း၍ရှုပုံ**

တစ်နေ့ကို နံနက်ပိုင်း၊ နေ့လည်ပိုင်း၊ ညနေပိုင်းဟူ၍ ၃ ပိုင်းပိုင်းပြီးလျှင် နံနက်ပိုင်း၌ မပြတ်ဖြစ်သောရုပ်သည် နေ့လည်ပိုင်းသို့မရောက်၊ နံနက်ပိုင်း၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့် နံနက်ပိုင်းရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်

စီတင်ရှု၏။ နေ့လည်ပိုင်းရုပ်နှင့်ညနေပိုင်းရုပ်တို့ကို နည်းတူရှု၏။

ညဉ့်ပိုင်းကိုလည်း ညဉ့်ဦးယာမ်-သန်းခေါင်ယာမ်-မိုးသောက်ယာမ်ဟူ၍ ၃ ပိုင်းပိုင်းပြီးလျှင် ညဉ့်ဦးယာမ်ပိုင်း၌ မပြတ်ဖြစ်သောရုပ်သည် သန်းခေါင်ယာမ်သို့မရောက်၊ ညဉ့်ဦးယာမ်ပိုင်း၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့် ညဉ့်ဦးယာမ်ပိုင်းရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ သန်းခေါင်ယာမ်ရုပ်နှင့် မိုးသောက်ယာမ်ရုပ်တို့ကို နည်းတူရှု၏။

## (ə) နံနက်ပိုင်းစသည့်တစ်ပိုင်းစီကို ၆ ပိုင်းပိုင်း၍ရှုပုံ

နံနက်ပိုင်းစသည့်တစ်ပိုင်းစီကို ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တည့်တည့်ကြည့်ခြင်း, စောင်းငဲ့ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်းတို့၏အစွမ်းဖြင့် ၆ ပိုင်းပိုင်း၍ ''ရှေ့သို့တက်ဆဲ၌ မပြတ်ဖြစ်သောရုပ်သည် နောက်သို့ဆုတ်ဆဲသို့မရောက်မူဘဲ ထိုရှေ့သို့တက်ဆဲ၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့် ရှေ့သို့တက်ဆဲ၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ''ဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ကျန်သောရုပ်များကို နည်းတူရှု၏

## (ပ) ခြေတစ်လှမ်းကို ၆ ပိုင်းပိုင်း၍ရှုပုံ

ခြေတစ်လှမ်းကို အောက်ပါအတိုင်း ၆ ပိုင်းပိုင်းခြား၏။

(၁) ခြေကို မြေမှကြွချီခြင်း (ကြွခြင်း)
(၂) ခြေကို ရှေ့သို့ဆောင်ယူခြင်း (ဆောင်ခြင်း)
(၃) ခြေကို ရှောင်ဖယ်ခြင်း (သစ်ငုတ်စသည်ကိုရှောင်ဖယ်ခြင်း) (ရှောင်ခြင်း)
(၄) ခြေကို အောက်သို့ချခြင်း, အရှိန်လွှတ်ခြင်း (လွှတ်ခြင်း)
(၅) ခြေကို မြေပေါ်၌ချထားခြင်း (ချထားခြင်း)
(၆) ခြေကို မြေပေါ်၌ဖိနှိပ်ခြင်း (တစ်ဖက်ခြေကြွရန်ဖိနင်းခြင်း) (ဖိနင်းခြင်း)

ထို ၆ ပိုင်းတို့တွင် ကြွဆဲ၌ ပထဝီဓာတ်နှင့်အာပေါဓာတ်နှစ်ပါးတို့ ယုတ်ညံ့၍အားနည်းကြ၏၊ တေဇောဓာတ်, ဝါယောဓာတ်နှစ်ပါးတို့က လွန်ကဲ၍အားကြီးကြ၏၊ ဆောင်ဆဲ, ရှောင်ဖယ်ဆဲတို့၌ ဤအတူပင်တည်း၊ အရှိန်လွှတ်ဆဲ၌ တေဇောဓာတ်နှင့်ဝါယောဓာတ်နှစ်ပါးတို့ ယုတ်ညံ့၍နုံ့ကုန်၏၊ ပထဝီဓာတ်နှင့်အာပေါဓာတ်နှစ်ပါးတို့က လွန်ကဲ၍အားကြီး၏၊ ချထားဆဲ, ဖိနင်းဆဲတို့၌ ဤအတူပင်တည်း။ ဤသို့လျှင် ခြေတစ်လှမ်းကို ၆ ပိုင်းပိုင်းခြား၍ရှု၏။

**ရှုပုံမှာ** – ကြွဆဲ၌ဖြစ်သောဓာတ်တို့သည်လည်းကောင်း၊ ထိုဓာတ်တို့ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်တို့သည်လည်းကောင်း၊ ဤအလုံးစုံသောရုပ်တရားတို့သည် ဆောင်ဆဲသို့မရောက်မူဘဲ ထိုကြွဆဲ၌ပင်လျှင် ချုပ်ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

ထို့အတူ ဆောင်ဆဲ၌ဖြစ်သောရုပ်တရားတို့သည် ရှောင်ဖယ်ဆဲသို့မရောက်မူဘဲ ထိုဆောင်ဆဲ၌ပင်လျှင် ချုပ်ကုန်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ရှောင်ဖယ်ဆဲရုပ်၊ အရှိန်လွှတ်ဆဲရုပ်၊ မြေ၌ချထားဆဲရုပ်၊ ဖိနင်းဆဲရုပ်တို့ကိုလည်း နည်းတူရှု၏။

### • ရုပ်ကိုသုံးသပ်ရာ၌ သိမ်မွေ့ပုံကို ဥပမာပြခြင်း

အထက်၌ပြဆိုခဲ့သည့်အတိုင်း အဖို့အပိုင်းတစ်ခု၌ ဖြစ်သောရုပ်သင်္ခါရတို့သည် အခြားတစ်ပါးသောအဖို့အပိုင်းသို့ မရောက်မူဘဲ မူလဖြစ်ရင်းဌာန, မူလအဖို့အပိုင်း၌ပင်လျှင် ချုပ်ကုန်၏။

ဥပမာအားဖြင့် လောလောပူသည့်အိုးကင်းထဲ၌ ထည့်လိုက်သောနှမ်းတို့သည် တဖျတ်ဖျတ်မြည်ကုန်လျက် ပေါက်ကွဲကုန်သကဲ့သို့ ရုပ်တရားတို့သည် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် အလွန်တိုတောင်းသည့် စိတ္တက္ခဏ ၁၇ ချက်ကြာလျှင် ဖြစ်သည့်နေရာ၌ပင်လျှင် ချုပ်ကုန်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။ ထို့ကြောင့် အဖို့အပိုင်းအသီးသီး၌ဖြစ်ကုန်သော သင်္ခါရတို့ကိုရှုမြင်သောယောဂီ၏ ရုပ်ကိုသုံးသပ်ခြင်းသည် သိမ်မွေ့သည့်အဖြစ်သို့ ရောက်၏။

### ရုပ်သုံးသပ်ခြင်း၌သိမ်မွေ့ပုံကို ဥပမာပြရသော်

သစ်သားမီးရှူး, မြက်မီးရှူးတို့ကိုသာ သုံးစွဲဖူး, မြင်ဖူးသောတောသားတစ်ယောက်သည် မြို့သို့ရောက်၍ ဈေး၌ထွန်းညှိထားသည့် ဆီမီးကိုမြင်သဖြင့် မြို့သားတို့ကိုမေး၏။ –

''အမောင် . . . ဤနှစ်လိုဖွယ်ကောင်းတဲ့အရာက ဘာပါလဲ''

**ပထမမြို့သားက** ''ဒီဆီမီးမှာ နှစ်လိုဖွယ် ဘယ်မှာရှိပါ့မလဲ၊ ဆီကုန်သွားရင်ဖြစ်စေ, မီးစာကုန်သွားရင်ဖြစ်စေ ဆီမီးသွားရာလမ်းမထင်ရှားဘဲ မီးပျောက်ကွယ်သွားလိမ့်မယ်'' ဟုဆို၏။

ဤပထမမြို့သား၏အသိဉာဏ်ကဲ့သို့ နှစ် ၁၀၀ ကို ပဋိသန္ဓေ-စုတိတို့ဖြင့်ပိုင်းခြား၍ ရုပ်၌အာဒါနနိက္ခေပနနည်းဖြင့် လက္ခဏာသုံးပါးတင်ရှုခြင်းကို မှတ်အပ်၏။

**ဒုတိယမြို့သားက** ''မီးစာကုန်, ဆီခန်းခြင်းကြောင့် ဆီမီးပျောက်ကွယ်သွားတယ်ဆိုတာ ရုန့်ရင်းကြမ်းတမ်းလှပါတယ်။ ဆီမီးစာကို အစဉ်အတိုင်းလောင်ကျွမ်းသွားတဲ့အခါ သုံးပုံတစ်ပုံတိုင်း, သုံးပုံတစ်ပုံတိုင်းမှာ မီးလျှံဟာ တစ်ပါးသောအရပ်သို့မရောက်သွားဘဲ မူလအရပ်မှာပဲ ချုပ်ပျောက်သွားပါတယ်''ဟုဆို၏။

ဤဒုတိယမြို့သား၏အသိဉာဏ်ကဲ့သို့ နှစ် ၁၀၀ ကို သုံးပုံပိုင်းခြားပြီး ရုပ်၌ ဝယောဝုဍ္ဎတ္ထင်္ဂမ အရွယ်ရင့်ချုပ်ခြင်းနည်းဖြင့် ယောဂီ၏လက္ခဏာသုံးပါးတင်ရှုခြင်းကို မှတ်အပ်၏။

**တတိယမြို့သားက** ''မီးလျှံဟာ သုံးပုံတစ်ပုံတိုင်းမှာ အခြားအရပ်သို့မရောက်ဘဲ ချုပ်ပျောက်သွားတယ်ဆိုတာ ရုန့်ရင်းကြမ်းတမ်းလှပါတယ်။ ဆီမီးစာရဲ့ လက်တစ်သစ်စီတိုင်းမှာ မီးလောင်ကျွမ်းသွားပြီးရင် အခြားလက်တစ်သစ်မီးစာဆီမရောက်ဘဲ မီးလျှံချုပ်ပျောက်သွားပါတယ်''ဟုဆို၏။

ဤတတိယမြို့သား၏အသိဉာဏ်ကဲ့သို့ ၁၀ နှစ်, ၅ နှစ်, ၄ နှစ်, ၃ နှစ်, ၂ နှစ်, ၁ နှစ်တို့ဖြင့် ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏လက္ခဏာသုံးပါးတင်ရှုခြင်းကို မှတ်အပ်၏။

**စတုတ္ထမြို့သားက** ''အဲဒါက ရုန့်ရင်းကြမ်းတမ်းလှပါသေးတယ်။ ဆီမီးစာရဲ့လက်သစ်ဝက်တိုင်းမှာ မီးလောင်ကျွမ်းသွားပြီးရင် အခြားလက်သစ်ဝက်မီးစာဆီမရောက်ဘဲ မီးလျှံချုပ်ပျောက်သွားတာပါ''ဟုဆို၏။

ဤစတုတ္ထမြို့သား၏အသိဉာဏ်ကဲ့သို့ ဥတုသုံးပါး၏အစွမ်းအားဖြင့် တစ်နှစ်ကို ၃ ပုံပုံ၍၊ ရတု ၆ ပါး၏အစွမ်းအားဖြင့် တစ်နှစ်ကို ၆ ပုံပုံ၍ ရုပ်၌လက္ခဏာသုံးပါးတင်ရှုခြင်းကို မှတ်အပ်၏။

**ပဉ္စမမြို့သားက** ''အဲသလိုဆီမီးစာလောင်ကျွမ်းတာ ရုန့်ရင်းကြမ်းတမ်းလှပါတယ်။ ဆီမီးစာရဲ့ချည်ချောင်းတိုင်းမှာ မီးလောင်ကျွမ်းသွားပြီးရင် အခြားချည်ချောင်းမီးစာဆီမရောက်ဘဲ မီးလျှံချုပ်ပျောက်သွားတာပါ''ဟုဆို၏။

ဤပဉ္စမမြို့သား၏အသိဉာဏ်ကဲ့သို့ လဆုတ်ပက္ခ, လဆန်းပက္ခတို့၏စွမ်းအားဖြင့် ညဥ့်နေ့တို့၏အစွမ်းအားဖြင့်၊ တစ်ညဥ့်တာနှင့် တစ်နေ့တာအသီးသီးကို ၆ ဖို့ပိုင်းခြား၍ နံနက်ပိုင်းစသည်၏အစွမ်းအားဖြင့် ပိုင်းခြားအပ်သောရုပ်၌ ယောဂီ၏လက္ခဏာသုံးပါးတင်ရှုခြင်းကို မှတ်အပ်၏။

## ၃။ အာဟာရမယရုပ်ဖြင့်ရှုခြင်း

ဤနည်းသည် အာဟာရအားဖြင့်ပြီးသောရုပ်အစွမ်းအားဖြင့် ရှုခြင်းဖြစ်၏။ အာဟာရမယဖြင့်ပြီးသောရုပ်သည် ယောဂီ၏ဆာလောင်ခြင်း, အစာဝခြင်းတို့၏စွမ်းအားဖြင့် ထင်ရှား၏။

**ထင်ရှားပုံကား** ဆာလောင်သောအခါဖြစ်သည့်ရုပ်သည် ညှိုးနွမ်း၏၊ ပင်ပန်း၏၊ မီးလောင်ငုတ်ကဲ့သို့ မီးသွေးတောင်းထဲ၌ ဝပ်နေသောကျီးကန်းကဲ့သို့ အဆင်းမလှ, မကောင်းသော **သဏ္ဌာန်**ရှိ၏။ အစာဝသည့်အခါဖြစ်သောရုပ်သည် ပြည့်ဝစိုပြေ၏၊ နူးညံ့၏၊ ချောညက်၏၊ ကောင်းသောအတွေ့ရှိ၏။

ရှုပုံကား ယောဂီသည် ဆာလောင်သောကာလ, ဝသောကာလတို့၌ဖြစ်သောရုပ်တို့ကို သိမ်းဆည်းပြီးလျှင် ဆာလောင်သည့်အခါဖြစ်သောရုပ်သည် အစာဝသောကာလသို့မရောက်မူ၍ ဤဆာလောင်သောကာလ၌သာလျှင် ချုပ်၏၊ အစာဝသောအခါဖြစ်သည့်ရုပ်သည်လည်း ဆာလောင်သောကာလသို့မရောက်မူ၍ ဤအစာဝသည့်ကာလ၌သာလျှင် ချုပ်၏။ ထို့ကြောင့် အာဟာရဖြင့်ပြီးသောထိုရုပ်သည် **အနိစ္စ**, **ဒုက္ခ**, **အနတ္တ**ဟု ထိုရုပ်၌လက္ခဏာသုံးပါးကို တင်ရှု၏။

## ၄။ ဥတုမယရုပ်ဖြင့်ရှုခြင်း

ဥတုမယ – ဥတုဖြင့်ပြီးသောရုပ်သည် အအေး, အပူတို့၏အစွမ်းအားဖြင့် ထင်ရှား၏။

**ထင်ရှားပုံကား** – ပူသောကာလ၌ဖြစ်သည့်ရုပ်သည် ညှိုးနွမ်း၏၊ ပင်ပန်း၏၊ အဆင်းမလှ၊ အေးသောဥတုကြောင့်ဖြစ်သောရုပ်သည် ပြည့်ဝ, စိုပြေ၏၊ နူးညံ့၏၊ ကောင်းသောအတွေ့ရှိ၏၊ ချောညက်၏။

**ရှုပုံကား** – ယောဂီသည် ပူသောကာလ, အေးသောကာလတို့၌ဖြစ်သောရုပ်တို့ကို သိမ်းဆည်းပြီးလျှင် ပူသောကာလ၌ဖြစ်သည့်ရုပ်သည် အေးသည့်ကာလသို့မရောက်မူ၍ ဤပူသောကာလ၌သာလျှင် ချုပ်၏။ အေးသောကာလ၌ဖြစ်သောရုပ်သည်လည်း ပူသည့်ကာလသို့မရောက်မူဘဲ ဤအေးသောကာလ၌သာလျှင် ချုပ်၏။ ထို့ကြောင့် ဥတုဖြင့်ပြီးသောထိုရုပ်သည် **အနိစ္စ**, **ဒုက္ခ**, **အနတ္တ**ဟု ထိုရုပ်၌လက္ခဏာသုံးပါးကို တင်ရှု၏။

## ၅။ ကမ္မဇရုပ်ဖြင့်ရှုခြင်း

ကမ္မဇ – ကံကြောင့်ဖြစ်သောရုပ်သည် ဖဿဖြစ်ကြောင်းဒွါရတို့၏အစွမ်းဖြင့် ထင်ရှား၏။

**ထင်ရှားပုံကား** – စက္ခုဒွါရ၌ ''စက္ခုဒသက, ကာယဒသက, ဘာဝဒသကဟူသည့် ကမ္မဇရုပ်ကလာပ် ၃ စည်းမှ ရုပ် ၃၀၊ ဥတုဇ, စိတ္တဇ, အာဟာရဇရုပ်ကလာပ် ၃ စည်းမှ ရုပ် ၂၄ ပါး''ဟူသော ရုပ် ၅၄ ပါးတို့သည် ထင်ရှားကုန်၏။ သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရအသီးသီးတို့၌လည်း ထို့အတူပင် ရုပ် ၅၄ ပါးစီ ထင်ရှားကုန်၏။

ကာယဒွါရ၌ကား ကာယဒသက, ဘာဝဒသကဟူသည့် ကမ္မဇရုပ်ကလာပ် ၂ စည်းမှ ရုပ် ၂၀၊ ဥတုဇအဋ္ဌက, စိတ္တဇအဋ္ဌက, အာဟာရဇအဋ္ဌကဟူသောကလာပ် ၃ စည်းမှ ရုပ် ၂၄ ပါးဟူ၍ ၄၄ ပါးသောရုပ်တို့သည် ထင်ရှားကုန်၏။ မနောဒွါရ၌ ဟဒယဝတ္ထုဒသက, ကာယဒသက, ဘာဝဒသကဟူသည့် ကမ္မဇရုပ်ကလာပ် ၃ စည်းမှ ရုပ် ၃၀၊ ဥတုဇအဋ္ဌက, စိတ္တဇအဋ္ဌက, အာဟာရဇအဋ္ဌကကလာပ် ၃ စည်းမှ ရုပ် ၂၄ ပါးဟူ၍ ၅၄ ပါးသည် ထင်ရှား၏။

**ရှုပုံကား** – ယောဂီသည် ဒွါရ ၆ ပါး၌ထင်ရှားသော ထိုရုပ်အလုံးစုံကို သိမ်းဆည်းပြီးလျှင် စက္ခုဒွါရ၌ဖြစ်သည့်ရုပ်သည် သောတဒွါရသို့ မရောက်မူ၍ စက္ခုဒွါရ၌သာလျှင်ချုပ်၏။ သောတဒွါရ၌ဖြစ်သည့်ရုပ်သည် ဃာနဒွါရသို့မရောက်မူ၍။ ဃာနဒွါရ၌ဖြစ်သောရုပ်သည် ဇိဝှာဒွါရသို့မရောက်မူ၍။ ဇိဝှာဒွါရ၌ဖြစ်သောရုပ်သည် ကာယဒွါရသို့မရောက်မူ၍။ ကာယဒွါရ၌ဖြစ်သောရုပ်သည် မနောဒွါရသို့မရောက်မူ၍ ကာယဒွါရ၌သာလျှင် ချုပ်၏။ ထို့ကြောင့် ကံကြောင့်ဖြစ်သော ထိုထိုရုပ်သည် **အနိစ္စ**, **ဒုက္ခ**, **အနတ္တ**ဟု ထိုထိုရုပ်၌ လက္ခဏာသုံးပါးကို တင်ရှု၏။

## ၆။ စိတ္တသမုဋ္ဌာန်ရုပ်ဖြင့်ရှုခြင်း

စိတ္တသမုဋ္ဌာန် – စိတ်ကြောင့်ဖြစ်သောရုပ်သည် ဝမ်းသာခြင်း, နှလုံးမသာခြင်းတို့၏ အစွမ်းဖြင့်ထင်ရှား၏။ **ထင်ရှားပုံကား** – ဝမ်းသာသောအခါ၌ဖြစ်သည့်ရုပ်သည် ချောညက်၏၊ နူးညံ့၏၊ စိုပြေ၏၊ ကောင်းသောအတွေ့ရှိ၏။ နှလုံးမသာသောအခါ၌ ဖြစ်သည့်ရုပ်သည် ညှိုးနွမ်း၏၊ ပင်ပန်း၏၊ အဆင်းမလှ။

**ရှုပုံကား** – ယောဂီသည် ဝမ်းသာသောအခါ, နှလုံးမသာသောအခါတို့၌ဖြစ်သည့်ရုပ်တို့ကို သိမ်းဆည်းပြီးလျှင် ဝမ်းသာသောအခါ၌ ဖြစ်သည့်ရုပ်သည် နှလုံးမသာသောအခါသို့ မရောက်မူ၍ ဝမ်းသာသောအခါ၌သာလျှင် ချုပ်၏။ နှလုံးမသာသောအခါ၌ ဖြစ်သည့်ရုပ်သည် ဝမ်းသာသောအခါသို့ မရောက်မူ၍ နှလုံးမသာသောအခါ၌သာလျှင် ချုပ်၏။ ထို့ကြောင့် စိတ်ကြောင့်ဖြစ်သော ထိုထိုရုပ်သည် **အနိစ္စ**, **ဒုက္ခ**, **အနတ္တ**တည်းဟု ထိုရုပ်တို့၌ လက္ခဏာသုံးပါးကိုတင်ရှု၏။

ဤသို့ စိတ္တဇရုပ်တို့ကိုသိမ်းဆည်း၍ ထိုစိတ္တဇရုပ်တို့၌ လက္ခဏာသုံးပါးကို တင်ရှုသော ယောဂီအား အောက်ပါအခြင်းအရာတို့သည် ထင်ရှားလာကြကုန်၏။

(၁) အသက်, အတ္တဘော, ချမ်းသာ, ဆင်းရဲတို့သည် အတ္တကောင်နှင့်မစပ်ယှက်၊ သက်သက်

သီးခြားသဘောတရားတို့သာတည်း၊ စိတ်တစ်ခုတစ်ခုနှင့်ယှဉ်ကုန်၏၊ ၎င်းတို့၏ဖြစ်ရာ စိတ္တက္ခဏသည် အလွန်လျင်မြန်တိုတောင်းလှ၏။

(၂) နေဝသညာနာသညာယတနပြဟ္မာတို့သည် ကမ္ဘာပေါင်း ၈၄၀၀၀ အသက်ရှည်ကြကုန်၏၊ ထိုပြဟ္မာတို့သည်လည်း စိတ္တက္ခဏနှစ်ချက်ခန့် အသက်ရှင်ကုန်သည်ဖြစ်၍ မတည်မြဲကုန်။

(၃) သေသောသူ၏ချုပ်သွားသောခန္ဓာတို့သည်လည်းကောင်း၊ လောက၌ အသက်ရှင်ဆဲပုဂ္ဂိုလ်၏ချုပ်သွားသောခန္ဓာတို့သည်လည်းကောင်း၊ ထိုခန္ဓာ ၂ မျိုးတို့သည် ချုပ်ပျက်ပုံချင်း တူညီကြ၏၊ တစ်ဖန်ဆက်စပ်၍ပြန်ဖြစ်ရိုးမရှိဘဲ ချုပ်ပျောက်သွားကြ၏။

(၄) အတိတ်အခြားမဲ့၌ ပျက်သွားပြီးသောခန္ဓာတို့သည်လည်းကောင်း၊ အနာဂတ်အခြားမဲ့၌ ပျက်လတံ့သောခန္ဓာတို့သည်လည်းကောင်း၊ ချုပ်ပျက်ဆဲပစ္စုပ္ပန်ခန္ဓာတို့သည်လည်းကောင်း၊ ချုပ်ခြင်းလက္ခဏာအားဖြင့် မတူညီခြင်း, ကွဲပြားခြင်းမည်သည်မရှိချေ။

(၅) သတ္တဝါသည် မဖြစ်ပေါ်လာသေးသော အနာဂတ်စိတ်ဖြင့် အသက်ရှင်နေသည်မဟုတ်၊ ဖြစ်ဆဲပစ္စုပ္ပန်စိတ်ဖြင့်သာလျှင် အသက်ရှင်လျက်ရှိပေ၏၊ စိတ်ချုပ်ပျက်လျှင် သတ္တဝါသည် သေသည်သာမည်၏။ သို့သော် ဤပုဂ္ဂိုလ်အသက်ရှင်လျက်ရှိ၏ဟုပြောဆိုသောသဒ္ဒါန် ပညတ်သည် ဖြစ်ဆဲစိတ်ကို ပြောဆိုသောကြောင့် ပရမတ္ထသဖွယ်ဖြစ်ပေ၏။

(၆) ချုပ်ပျက်လေပြီးသောခန္ဓာတို့သည် သိုမှီးသိမ်းဆည်းအပ်သည့်အဖြစ်သို့မရောက်ကုန်၊ မည်သည့်အရပ်တွင်မျှ စုဝေးလျက်တည်ရှိနေသည်မဟုတ်ကုန်။ အနာဂတ်ကာလ၌ ဖြစ်လတံ့ခန္ဓာတို့၏ဖြစ်ရန်အသင့်စုဝေးနေခြင်းမည်သည် မရှိချေ။ ဖြစ်ဆဲခန္ဓာတို့သည်လည်း အပ်နဖားထွင်း စူးချွန်ဖျား၌ တင်ထားသည့်မုန်ညင်းစေ့ပမာ ပျက်လုနီးဖြစ်လျက် တည်ရှိကြကုန်၏။

(၇) ဖြစ်ပြီးသောတရားတို့သည် ပျက်ခြင်းသို့ ရှေးရှုပြုလျက်ရှိကုန်၏၊ ထိုပစ္စုပ္ပန်တရားတို့သည် အတိတ်တရားတို့နှင့် မရောနှောဘဲ ပျက်ခြင်းသဘောရှိလျက် တည်ကြကုန်၏။

(၈) သင်္ခါရတရားတို့သည် မမြင်ရသည့် မရှိသေးသည့်အဖို့မှ ဖြစ်ပေါ်လာကြကုန်၏။ ချုပ်ပျက်သွားသောသင်္ခါရတို့သည်လည်း မမြင်ရခြင်း, မရှိခြင်းသို့ရောက်သွားကြကုန်၏။

သင်္ခါရတရားတို့သည် **ကောင်းကင်၌ ဖြစ်ပေါ်ပြီးလျှင်ပျောက်သွားသော လျှပ်စစ်ရောင်ကဲ့သို့** အသစ်လည်းဖြစ်ပေါ်ကုန်၏၊ ဖြစ်ပြီးလည်း ကွယ်ပျောက်သွားကြကုန်၏ဟူသော အခြင်းအရာအနက်အဓိပ္ပါယ်တို့သည် ထင်ရှားလာကြ၏။

## ၇။ ဓမ္မတာရုပ်အစွမ်းဖြင့်ရှုခြင်း

ဓမ္မတာရုပ်မည်သည်ကား သတ္တဝါတို့၏သန္တာန်မှအပဖြစ်သော ဣန္ဒြေတို့နှင့်မစပ်သောရုပ်တို့တည်း၊ သံ, ကြေး, ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ခရုသင်း, သလင်း, သန္တာ, မြေ, ကျောက်, တောင်, မြက်ပင်, နွယ်ပင်, သစ်ပင်စသည့် ကမ္ဘာဦးမှစ၍ဖြစ်ပေါ်လျက်ရှိသော ရုပ်တို့တည်း။ ထိုဓမ္မတာရုပ်သည် ယောဂီအား သော်ကညွန့်စသည်တို့၏အစွမ်းအားဖြင့် ထင်ရှား၏။

**သော်ကညွန့်သည်** အစ၌ အနီနုရောင်၊ ၂ ရက် ၃ ရက်ကြာသော် **တခဲနက်အနီရောင်၊**

တစ်ဖန် ၂ ရက် ၃ ရက်လွန်သော် **အနီရောင်ပျော့၊** ထို့နောက် **သစ်ရွက်နုရောင်၊** ထို့နောက် **ရင့်သောရွက်နုအဆင်း၊** ထို့နောက် **စိမ်းသောသစ်ရွက်အဆင်း**ရှိ၏၊ ထို့နောက် **ညိုသောသစ် ရွက်အဆင်း**ရှိ၏။ ထိုကာလမှစ၍ သဘောတူသောရုပ်အစဉ်ကို မပြတ်ဆက်စပ်စေလျက် တစ်နှစ်မျှ ဖက်ရွက်ရော်ဖြစ်ပြီးလျှင် အညှာမှပြုတ်၍ ကြွေကျ၏။

ယောဂီသည် ထိုသော်ကညွန့်ရုပ်ကို သိမ်းဆည်းပြီးလျှင် အနီနုရောင်ရှိသည့်ကာလ၌ဖြစ်သောရုပ်သည် တခဲနက်အနီရောင်ရှိသည့်ကာလသို့မရောက်မူ၍ ချုပ်၏၊ တခဲနက်အနီရောင်ရှိသောကာလ၌ ဖြစ်သည့်ရုပ်သည် အနီရောင်ပျော့ရှိသောကာလသို့မရောက်။ အနီရောင်ပျော့ကာလ၌ဖြစ်သောရုပ်သည် သစ်ရွက်နုရောင်ရှိသည့်ကာလသို့မရောက်၊ သစ်ရွက်နုရောင်ကာလ၌ဖြစ်သောရုပ်သည် ရင့်သောရွက်နုအဆင်းကာလသို့မရောက်၊ ရင့်သောရွက်နုအဆင်းကာလ၌ ဖြစ်သည့်ရုပ်သည် စိမ်းသောသစ်ရွက်အဆင်းကာလသို့မရောက်၊ စိမ်းသောသစ်ရွက်အဆင်း ကာလ၌ဖြစ်သည့်ရုပ်သည် ညိုသောသစ်ရွက်အဆင်းရှိသည့်ကာလသို့မရောက်၊ ညိုသောသစ် ရွက်အဆင်းကာလ၌ဖြစ်သည့်ရုပ်သည် ဖက်ရွက်ရော်ကာလသို့မရောက်၊ ဖက်ရွက်ရော်ကာလ၌ ဖြစ်သည့်ရုပ်သည် အညှာမှပြုတ်၍ကြွေကျသောကာလသို့မရောက်မူ၍သာလျှင် ချုပ်၏။ ထို့ကြောင့် ထိုသော်ကညွန့်ရုပ်ကို **အနိစ္စ, ဒုက္ခ, အနတ္တ**ဟု လက္ခဏာသုံးပါးတင်ရှု၏။ ဤနည်းဖြင့်ပင်လျှင် အလုံးစုံသောဗမ္ဗတာရုပ်တို့ကိုလည်း သုံးသပ်ဆင်ခြင်၏။

- **အရူပသတ္တကရှုနည်း (နာမ်ကိုသုံးသပ်ပုံ ၇ မျိုး)**

ယောဂီသည် ရုပ်ကိုသုံးသပ်ပုံ ၇ မျိုးဖြင့် ရုပ်သင်္ခါရတို့ကို လက္ခဏာသုံးပါးတင်၍ရှုပြီးလျှင် နာမ်သင်္ခါရတို့ကိုလည်း နာမ်ကိုသုံးသပ်ပုံ ၇ မျိုးဖြင့် လက္ခဏာသုံးပါးတင်၍ ရှုမှတ်သုံးသပ်ရမည်။ **နာမ်သုံးသပ်ပုံ ၇ မျိုးကား –**

(၁) **ကလာပနည်း** – အပေါင်းလိုက်သုံးသပ်ခြင်း၊
(၂) **ယမကနည်း** – အစုံလိုက်သုံးသပ်ခြင်း၊
(၃) **ခဏိကနည်း** – ခဏမျှတည်သောအားဖြင့် သုံးသပ်ခြင်း၊
(၄) **ပဋိပါဋိနည်း** – အစဉ်အတန်းအားဖြင့် သုံးသပ်ခြင်း၊
(၅) **ဒိဋ္ဌိဥဂ္ဃါဋနနည်း** – ဒိဋ္ဌိကိုခွါသောအားဖြင့် သုံးသပ်ခြင်း၊
(၆) **မာနသမုဂ္ဃါဋနနည်း** – မာနကိုခွါသောအားဖြင့် သုံးသပ်ခြင်း၊
(၇) **နိကန္တိပရိယာဒါနနည်း** – တဏှာကိုကုန်စေသောအားဖြင့် သုံးသပ်ခြင်းတို့တည်း။

(၁) **ကလာပနည်း** (အပေါင်းလိုက်သုံးသပ်ခြင်း)

''**ကလာပ – အပေါင်းလိုက်အားဖြင့်**''ဟူသည်ကား ဖဿ, ဝေဒနာ, သညာ, စေတနာ, မနသိကာရဟူသော 'ဖဿပဉ္စမက' နာမ်တရားအပေါင်းတည်း။ အပေါင်းလိုက်အားဖြင့်သုံးသပ်ပုံမှာ – ဤသာသနာတော်၌ ရဟန်းသည် ဤသို့ဆင်ခြင်၏ –

''ဆံပင်တို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ အတ္တမဟုတ်ကုန်''ဟုသုံးသပ်ရာ၌ ဖြစ်ပေါ်ကုန်သော ဖဿပဉ္စမကတရားတို့သည်လည်းကောင်း၊ မွေးညှင်းတို့သည်။ ပ ။ ဦးနှောက်သည် မမြဲ၊ ဆင်းရဲတည်း၊ အတ္တမဟုတ်ဟုသုံးသပ်ရာ၌ ဖြစ်ပေါ်ကုန်သော ဖဿပဉ္စမကတရားတို့သည်လည်းကောင်း၊ ထိုအလုံးစုံသော ဖဿပဉ္စမကနာမ်တရားတို့သည် ထိုမှတစ်ပါးတစ်ပါး

သောအဖို့သို့မရောက်ကုန်မူ၍ အပိုင်းအပိုင်းအကန့်အကန့်ဖြစ်ကုန်လျက် ''**လောလောပူသည့် အိုးကင်းထဲ၌ ထည့်လိုက်သောနှမ်းတို့သည် တဖျတ်ဖျတ်မြည်ကုန်လျက် ကွဲပျက်သွားကုန် သကဲ့သို့**'' ပျက်လေကုန်၏။ ထို့ကြောင့် ထိုဖဿပဥ္စမကနာမ်တရားတို့သည် **အနိစ္စ**, ဒုက္ခ, အနတ္တတည်းဟု လက္ခဏာသုံးပါးတင်ရှု၏။ ဤကား **ဝိသုဒ္ဓိကထာ**၌ ပြဆိုထားသော နည်းတည်း။

**အရိယဝံသကထာ၌ပြဆိုပုံ**

ရူပသတ္တကနည်းတို့ဖြင့် ရုပ်သင်္ခါရတို့ကို လက္ခဏာသုံးပါးတင်ရှုပြီးလျှင် ထိုတင်ရှုသော စိတ်ကို နောက်စိတ်ဖြင့် **အနိစ္စ**, ဒုက္ခ, အနတ္တဟု တစ်ဖန်တင်ရှု၏။ ဤသို့ရှုမှတ်သုံးသပ်လျှင် **ကလာပ – အပေါင်းလိုက်အားဖြင့်** သုံးသပ်သည်မည်၏။

**(၂) ယမကနည်း** (အစုံလိုက်သုံးသပ်ခြင်း)

ယောဂီသည် အာဒါနနိက္ခေပ – ပဋိသန္ဓေ, စုတိဖြင့်ပိုင်းခြားသောရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်ပြီးလျှင် ထိုသုံးသပ်သောစိတ်ကိုလည်း နောက်စိတ်ဖြင့် ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်၏။

အရွယ်ရင့်ချုပ်ရုပ်ကို။ ပ ။ အာဟာရဖြင့်ပြီးသောရုပ်ကို။ ပ ။ ဥတုမယရုပ်ကို။ ပ ။ ကမ္မဇရုပ်ကို။ ပ ။ စိတ္တသမုဋ္ဌာန်ရုပ်ကို။ ပ ။ ဓမ္မတာရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်'' ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သောစိတ်ကိုလည်း နောက်စိတ်ဖြင့် ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်၏။ ဤသို့သုံးသပ်ခြင်းသည် **အစုံလိုက်သုံးသပ်သည်** မည်၏။

**(၃) ခဏိကနည်း** (ခဏမျှတည်သောအားဖြင့်သုံးသပ်ခြင်း)

ယောဂီသည် ပဋိသန္ဓေ, စုတိဖြင့်ပိုင်းခြားသောရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သောပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်၊ စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့် ''ဤစိတ်သည်လည်း မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်၏။

အရွယ်ရင့်ချုပ်ရုပ်ကို။ ပ ။ အာဟာရမယရုပ်ကို။ ပ ။ ဥတုမယရုပ်ကို။ ပ ။ ကမ္မဇရုပ်ကို။ ပ ။ စိတ္တသမုဋ္ဌာန်ရုပ်ကို။ ပ ။ ဓမ္မတာရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်'' ဟု သုံးသပ်ပြီးလျှင်ထိုသုံးသပ်သောပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်၊ စတုတ္ထစိတ်ကို ပဉ္စမစိတ်ဖြင့် ''ဤစိတ်သည်လည်း မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်၏။ ဤသို့ရုပ်ကို သိမ်းဆည်းသောစိတ်မှစ၍ ၄ ကြိမ် ၄ ကြိမ်သောစိတ်တို့ကို သုံးသပ်ခြင်းသည် **ခဏမျှတည်သောအားဖြင့်သုံးသပ်သည်** မည်၏။

**(၄) ပဋိပါဋိနည်း** (အစဉ်အတန်းအားဖြင့်သုံးသပ်ခြင်း)

ယောဂီသည် ပဋိသန္ဓေ, စုတိဖြင့်ပိုင်းခြားသောရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟု သုံးသပ်ပြီးလျှင် ထိုသုံးသပ်သော ပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်။ ပ ။ ဒသမ – ဆယ်ခုမြောက်စိတ်ကို ကော

ဒသမ – ၁၁ ခုမြောက်စိတ်ဖြင့် ''ဤစိတ်သည်လည်း မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟု သုံးသပ်၏။

အရွယ်ရင့်ချုပ်ရုပ်ကို။ အာဟာရမယရုပ်ကို။ ဥတုမယရုပ်ကို။ ကမ္မဇရုပ်ကို။ စိတ္တသမုဋ္ဌာန်ရုပ်ကို။ ဓမ္မတာရုပ်ကို ''မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟုသုံးသပ်ပြီးလျှင် ထိုသုံးသပ်သောပထမစိတ်ကို ဒုတိယစိတ်ဖြင့်၊ ဒုတိယစိတ်ကို တတိယစိတ်ဖြင့်၊ တတိယစိတ်ကို စတုတ္ထစိတ်ဖြင့်။ ပ ။ ဒသမစိတ်ကို ကောဒသမစိတ်ဖြင့် ''ဤစိတ်သည်လည်း မမြဲ, ဆင်းရဲ, အတ္တမဟုတ်''ဟု သုံးသပ်၏။

ဤသို့ ဝိပဿနာအဆက်ဆက်ဖြင့် တစ်နေ့သော်လည်း သုံးသပ်ခြင်းငှာဖြစ်နိုင်၏။ သို့သော် ဆယ်ခုမြောက်စိတ်ကို သုံးသပ်ခြင်းဖြင့် ရုပ်ကမ္မဋ္ဌာန်းသည်လည်း ကျေပွန်စွာဖြစ်၏၊ နာမ်ကမ္မဋ္ဌာန်းသည်လည်း ကျေပွန်စွာဖြစ်၏။ ထို့ကြောင့် ဆယ်ခုမြောက်စိတ်၌သာလျှင် သုံးသပ်မှုကိုရပ်တန့်အပ်၏ဟူ၍ **အရိယဝံသကထာ**၌ မိန့်ဆို၏။ ဤသို့သုံးသပ်သည်ရှိသော် **အစဉ်အတန်းအားဖြင့်သုံးသပ်သည်** မည်၏။

**(၅၊ ၆၊ ၇) ဒိဋ္ဌိဥဂ္ဃါဋနနည်း, မာနသမုဂ္ဃါဋနနည်း, နိကန္တိပရိယာဒါနနည်း**

ဤနည်းသုံးမျိုး၌ အသီးအခြားသုံးသပ်နည်းမည်သည်မရှိပေ။ အောက်ပိုင်း ရူပသတ္တက၌ အကြင်ရုပ်ကို သိမ်းဆည်းခဲ့၏၊ နာမ်သတ္တက၌လည်း အကြင်နာမ်ကို သိမ်းဆည်းခဲ့၏၊ ထိုရုပ်နာမ်နှစ်ပါးကို ရှုမြင်သောယောဂီသည် ရုပ်နာမ်မှလွဲ၍ အခြားတစ်ပါးသောသတ္တဝါမည်သည်ကို မမြင်တော့ချေ။ **သတ္တဝါကို မမြင်သည်မှစ၍ သတ္တဝါဟူသောအမှတ်သညာကို ပယ်ခွါပြီးဖြစ်လေ၏။**

သတ္တဝါဟူသောအမှတ်သညာကို ပယ်ခွါသောစိတ်ဖြင့် သင်္ခါရတို့ကိုသိမ်းဆည်းသောယောဂီအား **သတ္တဝါဟုယူဆသောဒိဋ္ဌိသည် မဖြစ်။ ဒိဋ္ဌိမဖြစ်လျှင် ဒိဋ္ဌိကို ပယ်ခွါပြီးသည်မည်၏။ ဒိဋ္ဌိကို ပယ်ခွါသောစိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသောယောဂီအား မာနသည်မဖြစ်၊ မာနမဖြစ်လျှင် မာနကို ပယ်ခွါအပ်ပြီးသည်မည်၏။ မာနကို ပယ်ခွါသောစိတ်ဖြင့် သင်္ခါရတို့ကို သိမ်းဆည်းသောယောဂီအား တဏှာသည်မဖြစ်၊ တဏှာမဖြစ်လျှင် သိမ်မွေ့သည့် တဏှာဟူသော နိကန္တိသည် ကုန်ခန်းသည်မည်၏။ ဤကား ဝိသုဒ္ဓိကထာ၌ မိန့်ဆိုချက်တည်း။**

**အရိယဝံသကထာ၌ကား** ''ငါဝိပဿနာရှု၏၊ ငါ၏ဝိပဿနာတည်း''ဟုယူသောယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် မဖြစ်သေး။ စင်စစ်ကား ''သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကိုရှုကုန်၏၊ သုံးသပ်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားကုန်၏'' ဟုယူသောယောဂီအား သိမ်မွေ့သောတဏှာကို ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။

အကယ်၍ သင်္ခါရတို့သည် အတ္တကောင်ဟုတ်ငြားအံ့၊ အတ္တကောင်ဟုယူရန် သင့်ပေ၏။ စင်စစ်သောကား အတ္တကောင်မဟုတ်ပါဘဲလျက် အတ္တကောင်ဟု ယူထားကုန်၏။ ထို့ကြောင့် သင်္ခါရတို့သည် အလိုအတိုင်းမဖြစ်ခြင်းသဘောကြောင့် အတ္တမဟုတ်ကုန်၊ အနတ္တဖြစ်၏၊ ဖြစ်ပေါ်လာပြီးလျှင် ကွယ်ပျောက်သွားခြင်းသဘောကြောင့် မမြဲကုန်၊ အနိစ္စဖြစ်၏၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်နေသည့်သဘောကြောင့် ဆင်းရဲကုန်၏၊ ဒုက္ခတည်း''ဟုရှုမြင်

သောယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်ပေ၏။

အကယ်၍ သင်္ခါရတို့သည် မြဲသည်ဟုတ်ငြားအံ့၊ မြဲသည်ဟူ၍ယူရန် သင့်ကုန်၏။ စင်စစ်သော်ကား မမြဲပါဘဲလျက်မြဲသည်ဟုယူထားကုန်၏။ ထို့ကြောင့် ထိုသင်္ခါရတို့သည် ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ပျောက်ကွယ်ခြင်းသဘောကြောင့် မမြဲကုန်၊ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်နေသည့်သဘောကြောင့် ဆင်းရဲကုန်၏၊ အလိုအတိုင်းမဖြစ်ခြင်းသဘောကြောင့် အတ္တမဟုတ်ဘဲ အနတ္တဖြစ်၏ဟု ရှုမြင်သောယောဂီအား မာနကို ပယ်ခွါခြင်းမည်သည်ဖြစ်၏။

အကယ်၍ သင်္ခါရတို့သည် ချမ်းသာဟုတ်ငြားအံ့၊ ချမ်းသာဟုယူရန်သင့်ပေ၏။ စင်စစ်သော်ကား ဆင်းရဲတို့သာ ဖြစ်ကုန်ပါလျက် ချမ်းသာတို့ဟူ၍ ယူထားကုန်၏။ ထို့ကြောင့် ထိုသင်္ခါရတို့သည် ဖြစ်ခြင်း, ပျက်ခြင်းက မပြတ်နှိပ်စက်နေသည့်သဘောကြောင့် ဆင်းရဲကုန်၏၊ ဖြစ်လာပြီးလျှင် မရှိခြင်း, ပျောက်ကွယ်ခြင်းသဘောကြောင့် မမြဲကုန်၊ အလိုအတိုင်းမဖြစ်သည့်သဘောကြောင့် အတ္တမဟုတ်၊ အနတ္တတည်းဟုရှုမြင်သောယောဂီအား သိမ်မွေ့သောတဏှာ–နိကန္တိကို ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။

ဤသို့လျှင် သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟု ရှုမြင်သောယောဂီသည် ဒိဋ္ဌိကို ပယ်ခွါနိုင်၏၊ အနိစ္စ–မမြဲဟုရှုမြင်သောယောဂီသည် မာနကို ပယ်ခွါနိုင်၏၊ ဒုက္ခ–ဆင်းရဲဟု ရှုမြင်သောယောဂီသည် သိမ်မွေ့သောတဏှာ–နိကန္တိကို ပယ်ခွါနိုင်၏။

ဤသို့ နာမ်သုံးသပ်ပုံ ၇ မျိုး၏အစွမ်းအားဖြင့် လက္ခဏာသုံးပါးတင်၍သုံးသပ်ခြင်းဖြင့် ယောဂီအား ရုပ်ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ နာမ်ကမ္မဋ္ဌာန်းသည်လည်းကောင်း၊ ကျေပွန်စွာဖြစ်၏။

- **မဟာဝိပဿနာ ၁၈ ပါး၏တစ်စိတ်တစ်ဒေသကို ရပုံ**

ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းတို့ကို ကျေပွန်စွာရှုပြီးသောယောဂီသည် အထက်ဘင်္ဂါနုပဿနာ (ဘင်ဉာဏ်) မှစ၍ ပဟာနပရိညာ၏အစွမ်းအားဖြင့် ရောက်အပ်, ရအပ်သည့် ၁၈ ပါးသော မဟာဝိပဿနာတို့တွင် တစ်စိတ်တစ်ဒေသကို ဤတီရဏပရိညာ၌ပင်လျှင် ထိုးထွင်းလျက်ရသည်ဖြစ်၍ ထိုရသောဝိပဿနာတရားတို့၏ဆန့်ကျင်ဘက်တရားတို့ကို ပယ်၏။

**မဟာဝိပဿနာ ၁၈ ပါးတို့ကား**

(၁) **အနိစ္စ** – မမြဲဟုရှုသော **အနိစ္စာနုပဿနာ**ကို ပွားစေသောသူသည် မြဲသည်ဟုထင်မှတ်သည့် **နိစ္စသညာကို ပယ်၏။**

(၂) **ဒုက္ခ** – ဆင်းရဲဟုရှုသော **ဒုက္ခာနုပဿနာ**ကို ပွားစေသောသူသည် ချမ်းသာသည်ဟုထင်မှတ်သည့် **သုခသညာကို ပယ်၏။**

(၃) **အနတ္တ** – အတ္တမဟုတ်ဟုရှုသော **အနတ္တာနုပဿနာ**ကို ပွားစေသောသူသည် အတ္တကောင်းဟုထင်မှတ်သည့် **အတ္တသညာကို ပယ်၏။**

(၄) အနိစ္စာနုပဿနာအစွမ်းဖြင့် သင်္ခါရ၌ငြီးငွေ့လျက် သင်္ခါရတို့သည် ငြီးငွေ့ဖွယ်တည်းဟုရှုသော **နိဗ္ဗိဒါနုပဿနာ**ကိုပွားစေသောသူသည် **အားရနှစ်သက်ခြင်း – သပ္ပီတိကတဏှာ**ကို ပယ်၏။

(၅) သင်္ခါရတို့သည် အနိစ္စ, ဒုက္ခ, အနတ္တဖြစ်၍ အနိဋ္ဌ, အသုဘအခြင်းအရာကိုမြင်သည့် ဉာဏ်ကို ရှေ့သွားပြုလျက် သင်္ခါရတို့ကို စက်ဆုပ်ဖွယ်အဖြစ်အဖန်တလဲလဲရှုခြင်း – **ဝိရာဂါနုပဿနာ**ကို ပွားစေသောယောဂီသည် **တပ်မက်သောရာဂကို ပယ်၏။**

(၆) သင်္ခါရတို့၏ချုပ်ခြင်းကို အဖန်ဖန်ရှုသည့် **ဝိရာဂါနုပဿနာ**ကို ပွားစေသောယောဂီသည် ဘဝသစ်ဖြစ်ခြင်း – သမုဒယကို ပယ်၏။

(၇) သင်္ခါရတို့ကို တစ်ဖန်မစွဲလမ်း, မယူမှု၍ စွန့်လွှတ်ကြောင်းဖြစ်သော **ပဋိနိဿဂ္ဂါနုပဿနာ**ကို ပွားစေသောယောဂီသည် သင်္ခါရတို့ကို **လက်ခံယူခြင်းကို ပယ်၏။**

(၈) သင်္ခါရတို့၏ကုန်ခြင်းသဘောဖြစ်သည့် ဘင်ခဏကိုအဖန်ဖန်ရှုသည့် **ခယာနုပဿနာ**ကို ပွားစေသောယောဂီသည် မပြိုမကွဲ, တစ်လုံးတစ်ခဲတည်းဟုမှတ်ယူသည့် **ဃနသညာကို ပယ်၏။**

(၉) သင်္ခါရတို့၏ပျောက်ပျက်ခြင်းကို အဖန်ဖန်ရှုသော **ဝယာနုပဿနာ**ကို ပွားစေသော ယောဂီသည် သင်္ခါရတို့ကို သိမ်းကျုံး, စုရုံး, ပေါင်းစည်းခြင်းကိုပြုသော **အာယူဟနတဏှာကိုပယ်၏။**

(၁၀) ဇရာမရဏဟူသောအဖို့နှစ်ပါးဖြင့် ဖောက်ပြန်ပြောင်းလဲခြင်းကိုရှုသော **ဝိပရိဏာမာနုပဿနာ**ကို ပွားစေသောယောဂီသည် ခိုင်မြဲသည်ဟုထင်သော **ဓုဝသညာကိုပယ်၏။**

(၁၁) မြဲသည့်အရိပ်နိမိတ်ပုံဟန်ကင်းသည်ကို အဖန်ဖန်ရှုသော **အနိမိတ္တာနုပဿနာ**ကို ပွားစေသောယောဂီသည် **မြဲသည့်အရိပ်နိမိတ်ထင်ခြင်း (နိမိတ္တ) ကိုပယ်၏။**

(၁၂) တောင့်တဖွယ်ကင်းသည်ကို အဖန်ဖန်ရှုသော **အပ္ပဏိဟိတာနုပဿနာ**ကို ပွားစေသော ယောဂီသည် **တောင့်တသည့်တဏှာ (ပဏိဓိ) ကိုပယ်၏။**

(၁၃) အတ္တမှဆိတ်သုဉ်းသည်ကို အဖန်ဖန်ရှုသော **သုညတာနုပဿနာ**ကို ပွားစေသောယောဂီသည် အတ္တကောင်ဟုသက်ဝင်နှလုံးသွင်းခြင်း (အဘိနိဝေသ) ကိုပယ်၏။

(၁၄) သင်္ခါရတို့၏ နိစ္စ, သုဘ, သုခ, အတ္တမှကင်းဆိတ်သည့်အဖြစ်ကို အာရုံပြုသော ဝိပဿနာပညာလွန်ကဲသည့် (ဝါ) အဓိပညာသိက္ခာမည်ထိုက်သောတရားတို့၌ အဖန်တလဲလဲရှုသည့် **အဓိပညာဓမ္မဝိပဿနာ**ကို ပွားစေသောယောဂီသည် အနှစ်ရှိသည်ဟုယူလျက် သက်ဝင်နှလုံးသွင်းခြင်းကိုပယ်၏။

(၁၅) ဟုတ်တိုင်းမှန်စွာသိမြင်သော **ယထာဘူတဉာဏ်အမြင်**ကို ပွားစေသည်ရှိသော် ''လောကကိုအစိုးရသော ပရမိဿရ, ပြဟ္မာစသည်ကြောင့် လောကသည်ဖြစ်၏'' ဟုစသည့် **ပြင်းစွာတွေဝေလျက်သက်ဝင်နှလုံးသွင်းခြင်း–သမ္မောဟအဘိနိဝေသကို ပယ်၏။**

(၁၆) အပြစ်ကိုရှုသည့် **အာဒီနဝါနုပဿနာ**ကို ပွားစေသောယောဂီသည် တစ်စုံတစ်ခုမျှသော **ပုန်းအောင်းမှီခိုစရာမရှိသည့်အဖြစ်ကိုမြင်သောကြောင့် ပုန်းအောင်းမှီခိုစရာဟု သက်ဝင်နှလုံးသွင်းခြင်း–အာလယအဘိနိဝေသကို ပယ်၏။**

(၁၇) သင်္ခါရတို့ကိုစွန့်လွှတ်ခြင်း၏အကြောင်းဖြစ်သော အနိစ္စစသည်၌ဉာဏ်ဖြင့်အဖန်တလဲလဲ တစ်ဖန်ရှုသော **ပဋိသင်္ခါနုပဿနာ**ကို ပွားစေသည့်ယောဂီသည် အနိစ္စစသည်၌အဖန်တလဲလဲ ဆင်ခြင်သောဉာဏ်၏ဆန့်ကျင်ဘက် = အဝိဇ္ဇာမည်သည့် **အပ္ပဋိသင်္ခါကို ပယ်ခွါ၏။**

(၁၈) ဝဋ်ဆင်းရဲမှကင်းလွတ်ရန် အဖန်တလဲလဲရှုသော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဟူသည့် **ဝိဝဋ္ဋာနုပဿနာ**ကို ပွားစေသောယောဂီသည် ကာမဂုဏ်နှင့်ယှဉ်စပ်၍ ကိလေသာဖြစ်ခြင်းဟုဆိုအပ်သော **မှားသောနှလုံးသွင်းခြင်း – သံယောဂါဘိနိဝေသကို ပယ်၏။**

– ဤ ၁၈ ပါးသော မဟာဝိပဿနာတို့တွင် ယောဂီသည် အနိစ္စ, ဒုက္ခ, အနတ္တ – လက္ခဏာသုံးပါး၏အစွမ်းဖြင့် သင်္ခါရတို့ကိုမြင်ပြီးဖြစ်သောကြောင့် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာတို့ကို သိပြီး, ရပြီးဖြစ်ပေ၏။

ထို့အပြင် ''**အနိစ္စာနုပဿနာ**နှင့် **အနိမိတ္တာနုပဿနာ**တို့သည် အနက်တူ၍ သဒ္ဒါမျှသာ ထူး၏။ **ဒုက္ခာနုပဿနာ**နှင့် **အပ္ပဏိဟိတာနုပဿနာ**တို့သည်လည်း အနက်တူ၍ သဒ္ဒါမျှသာ ထူး၏။ **အနတ္တာနုပဿနာ**နှင့် **သုညတာနုပဿနာ**တို့သည်လည်း အနက်တူ၍ သဒ္ဒါမျှသာ ထူး၏''ဟူ၍ **ပဋိသမ္ဘိဒါမဂ်**၌ ဟောထားသောကြောင့် ထိုအနက်တူသော **အနုပဿနာ ၃ ပါး**တို့ကိုလည်း သိပြီး, ရပြီးဖြစ်ပေ၏။

ထို့အပြင် **အဓိပညာဓမ္မဝိပဿနာ**ဟူသည်မှာ အလုံးစုံလည်းဖြစ်သော ဝိပဿနာပေတည်း။ **ယထာဘူတဉာဏ်**ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့်ပင်လျှင် ရေတွက်အပ်, သိမ်းယူအပ်၏။ သို့ဖြစ်၍ ဤဉာဏ်နှစ်ပါးကိုလည်း သိပြီး, ရပြီးသာလျှင် ဖြစ်ပေ၏။ ကြွင်းသောဝိပဿနာဉာဏ်တို့တွင် အချို့ကို သိအပ်, ရအပ်ပြီး၊ အချို့ကို မသိအပ်, မရအပ်သေး။ ဝိပဿနာဉာဏ် ၁၀ ပါးတို့၏အထူးထူးအပြားပြားဝေဖန်ခြင်းကို နောက်တွင်ဖော်ပြမည့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကထာ၌ ပြဆိုပါအံ့။

**သို့ဖြစ်၍ တီရဏပရိညာစခန်း၌ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်, အနိမိတ္တာနုပဿနာဉာဏ်, အပ္ပဏိဟိတာနုပဿနာဉာဏ်, သုညတာနုပဿနာဉာဏ်, အဓိပညာဓမ္မဝိပဿနာဉာဏ်, ယထာဘူတဉာဏ်ဟူသော မဟာဝိပဿနာဉာဏ် ၈ ပါးကို ရပြီး, သိပြီးဖြစ်ပေ၏။**

- **ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခြင်း**

အနိစ္စာနုပဿနာစသည်ဖြင့် ဆန့်ကျင်ဘက်ဖြစ်သည့်နိစ္စသညာစသည်ကို ပယ်ပြီး၍ စင်ကြယ်သောဉာဏ်ရှိသည့်ယောဂီသည် **သမ္မသနဉာဏ်**ကို တစ်ဖက်ကမ်းခတ် ပြည့်စုံစွာ သိမြင်ပြီးဖြစ်၏။ သမ္မသနဉာဏ်၏အခြားမဲ့၌ ဥဒယဗ္ဗယဉာဏ်ကိုရရန် ဆက်လက်အားထုတ်အပ်၏။

**ဥဒယဗ္ဗယဉာဏ်ဟူသည်မှာ – ''အကြောင်းကိုစွဲ၍ ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်ကုန်သော ရုပ်နာမ်တရားတို့၏ဖောက်ပြန်ခြင်းကိုရှုသည့်ပညာသည် အဖြစ်အပျက်ကိုရှုသော ဥဒယဗ္ဗယဉာဏ် မည်၏။'' ဥဒယဗ္ဗယဉာဏ်သည် ရုပ်နာမ်တရားတို့၏ဖြစ်ခြင်းဥပါဒ်နှင့် ပျက်ခြင်းဘင်တို့ကို ရှုမြင်သော ဉာဏ်ဖြစ်ပေ၏။**

- **ဥဒယဗ္ဗယဉာဏ် ရှုမြင်ပုံ ၂ မျိုး**

**၁ ဥဒယဗ္ဗယဉာဏ်အကျဉ်းရှုနည်း**

***ပဋိသမ္ဘိဒါမဂ်ပါဠိတော်***၌ ''*ဖြစ်ပေါ်ဆဲဖြစ်သောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုဖြစ်ပေါ်ဆဲ*

*ပစ္စုပ္ပန်ရုပ်၏ဖြစ်ခြင်းလက္ခဏာသည်* ***'ဥဒယ = ဖြစ်ခြင်း'*** *မည်၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည်* ***'ဝယ = ပျက်ခြင်း'*** *မည်၏၊ ထိုဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခြင်းသည် ဉာဏ်မည်၏။*

*''ဖြစ်ပေါ်ဆဲဖြစ်သောဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ စက္ခု– မျက်စိသည်၊ ဖြစ်ပေါ်ဆဲဖြစ်သော ဘဝသည် ပစ္စုပ္ပန်မည်၏၊* ***ထိုဖြစ်ပေါ်ဆဲပစ္စုပ္ပန်ဘဝ၏ ဖြစ်ခြင်းလက္ခဏာသည် 'ဥဒယ = ဖြစ်ခြင်း'မည်၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည် 'ဝယ = ပျက်ခြင်း' မည်၏၊ ထိုဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခြင်းသည် ဉာဏ်မည်၏''*** *ဟု ဟောတော်မူ၏။*

**ဥဒယဗ္ဗယဉာဏ်၏အရှုခံတရားများမှာ** ဥပါဒ်, ဌီ, ဘင်၌အကျုံးဝင်သည့်ပစ္စုပ္ပန်ဖြစ်သော ပစ္စုပ္ပန်ဥပါဒါနက္ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ လောကီဣန္ဒြေများ၊ အဝိဇ္ဇာမှဘဝအထိ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၀ ပါးတို့ဖြစ်သည်။

## ရှုမှတ်ပုံ

ယောဂီသည် ဖြစ်ပေါ်ဆဲဖြစ်သောနာမ်ရုပ်၏ဖြစ်ပေါ်ခြင်းလက္ခဏာဖြစ်သည့် ဖြစ်ခြင်း (ဇာတိ)၊ ဖြစ်ပေါ်ခြင်း (ဥပ္ပတ္တိ)၊ အသစ်ဖြစ်မှုအခြင်းအရာ (အဘိနဝါကာရ)တို့ကို ''ဥဒယ = ဖြစ်ခြင်း''ဟုရှု၏။ ဖောက်ပြန်ခြင်းလက္ခဏာဖြစ်သော ကုန်ခြင်း (ခယ)၊ ပျက်ခြင်း (ဘင်)ကို ''ဝယ = ပျက်ခြင်း''ဟုရှု၏။ ဤသို့လျှင် **ခဏသုံးပါးသို့ရောက်ဆဲဖြစ်သော ပစ္စုပ္ပန်နာမ်ရုပ်တို့၏ဖြစ်ခြင်း (ဥဒယ)နှင့် ပျက်ခြင်း (ဝယ)သဘောတို့ကို အဖန်တလဲလဲ ရှုပွား၏။**

## အပြားအားဖြင့်သိမြင်လာပုံ

- နာမ်ရုပ်၏ဖြစ်ပေါ်သည်မှရှေး၌ မဖြစ်ပေါ်လာသေးသောနာမ်ရုပ်၏အစုအပုံ, အပေါင်းအစု မည်သည် မရှိချေ။
- ဖြစ်ပေါ်ဆဲနာမ်ရုပ်တို့သည်လည်း ရှိပြီးသားအစုအပုံ, အပေါင်းအစုမှ လာခဲ့ခြင်းမဟုတ်၊ အခြားမည်သည့်အရပ်မှ လာခဲ့ခြင်းလည်းမဟုတ်ပေ။
- ချုပ်ဆဲနာမ်ရုပ်သည်လည်း တူရူအရပ်, အရပ်တစ်ပါးသို့သွားခြင်းမရှိ။
- ချုပ်ပြီးသောနာမ်ရုပ်သည်လည်း တစ်စုံတစ်ခုသောအရပ်၌ စုပုံနေခြင်း, ပေါင်းစုနေခြင်း, သိုမှီးသိမ်းဆည်းထားခြင်းမည်သည် မရှိချေ။
- ဥပမာအားဖြင့် **တီးခတ်လိုက်သောစောင်းမှ ဖြစ်ပေါ်လာသောစောင်းသံသည်** ဖြစ်သည်မှရှေး၌ တစ်နေရာ၌စုဝေး, ပေါင်းစုနေသည်မဟုတ်။
- ဖြစ်ပေါ်ဆဲစောင်းသံသည် စုဝေး, ပေါင်းစုနေရာက လာခဲ့သည်မဟုတ်။
- ဖြစ်ဆဲဖြစ်သောစောင်းသံသည် တူရူအရပ်, တစ်ပါးသောအရပ်သို့ သွားသည်မဟုတ်။
- ချုပ်လေပြီးသောစောင်းသံသည်လည်း တစ်စုံတစ်ခုသောအရပ်၌ စုဝေးတည်နေသည် မဟုတ်။
- စင်စစ်သော်ကား စောင်း, လက်ခတ်, တီးသူ၏လျော်သောအားထုတ်မှုတို့ကို စွဲမှီ၍ စောင်းသံသည် မတီးခတ်ခင်က မည်သည့်နေရာတွင်မျှမရှိသေးဘဲလျက် တီးခတ်လိုက်သောအခါတွင်မှ ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်သွား၏။

ဤအတူပင်လျှင် အလုံးစုံသော နာမ်ရုပ်တရားတို့သည် အစပထမက မည်သည့်နေရာတွင် မျှမရှိသေးဘဲလျက်သာလျှင် အကြောင်းကိုစွဲမှီ၍ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ပြီးလျှင် တစ်ဖန် ပျောက်ကွယ်သွားကြ၏။ ဤသို့လျှင် ယောဂီသည် အပြားအားဖြင့်သိမြင်လာ၏။

- **၂ ဥဒယဗ္ဗယဉာဏ်အကျယ်ရှုနည်း**

နာမ်ရုပ်တို့၏အဖြစ်အပျက်တို့ကို အကျဉ်းအားဖြင့်ရှုပွားပြီးလျှင် ယောဂီသည် ဥဒယဗ္ဗယ ဉာဏ်ကိုပင်လျှင် အကျယ်နည်းဖြင့်တစ်ဖန်ရှုပွားပြန်၏။

- **ရုပ်၏ဖြစ်ခြင်းကိုရှုပုံ**

(၁) **အဝိဇ္ဇာ**၏ဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်းသဘော ကြောင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၂) **တဏှာ**၏ဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်းသဘော ကြောင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၃, ၄) **ကံ**၏ဖြစ်ခြင်းကြောင့်။ ပ ။ **အာဟာရ**၏ဖြစ်ခြင်းကြောင့် ရုပ်၏ဖြစ်ခြင်းသည်ရှိ၏ ဟု အကြောင်း၏ဖြစ်ခြင်းသဘောကြောင့် ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၅) **ရုပ်၏ဖြစ်ခြင်းလက္ခဏာ**ကို ရှုမြင်သောကြောင့်လည်း ရူပက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

**ဤသို့လျှင် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရအကြောင်း ၄ ပါးတို့၏ဖြစ်ခြင်းလက္ခ ဏာ ၄ ပါးနှင့် ရုပ်၏ဖြစ်ခြင်းလက္ခဏာ ၁ ပါး၊ ပေါင်းလက္ခဏာ ၅ ပါးကို ယောဂီသည် ရှုမြင်၏။**

- **ရုပ်၏ပျက်ခြင်းကိုရှုပုံ**

(၁) **အဝိဇ္ဇာ**၏ချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ချုပ်ခြင်းသဘော ကြောင့် ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

(၂) **တဏှာ**၏ချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ချုပ်ခြင်းသဘော ကြောင့် ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

(၃, ၄) **ကံ**၏ချုပ်ခြင်းကြောင့်။ ပ ။ **အာဟာရ**၏ချုပ်ခြင်းကြောင့် ရုပ်၏ချုပ်ခြင်းသည်ရှိ၏ ဟု အကြောင်း၏ချုပ်ခြင်းသဘောကြောင့် ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

(၅) **ရုပ်၏ဖောက်ပြန်ခြင်းလက္ခဏာ**ကို ရှုမြင်သောကြောင့်လည်း ရူပက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

**ဤသို့လျှင် ရူပက္ခန္ဓာ၏ပျက်ခြင်း (ဝယ)ကို ရှုမြင်သောယောဂီသည် အထက်ပါပျက် ခြင်းလက္ခဏာ ၅ ပါးကိုရှုမြင်၏။**

- **နာမ်ခန္ဓာ ၄ ပါးကို ဖြစ်ပျက်ရှုပုံ**

– ဝေဒနာက္ခန္ဓာ၏အကြောင်း ၄ ပါး = အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ၊
– သညာက္ခန္ဓာ၏အကြောင်း ၄ ပါး = အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ၊
– သင်္ခါရက္ခန္ဓာ၏အကြောင်း ၄ ပါး = အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ၊
– ဝိညာဏက္ခန္ဓာ၏အကြောင်း ၄ ပါး = အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်၊

ရှုပုံမှာ ရုပ်ကိုရှုသည့်နည်းအတိုင်းပင် ဖြစ်၏။ နမူနာပြရသော် –

**ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကိုရှုပုံ**

(၁) **အဝိဇ္ဇာ**၏ဖြစ်ခြင်းကြောင့် ဝေဒနာ၏ဖြစ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်းသဘော ကြောင့် ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၂) **တဏှာ**၏ဖြစ်ခြင်းကြောင့် ဝေဒနာ၏ဖြစ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်းသဘော ကြောင့် ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၃, ၄) **ကံ**၏ဖြစ်ခြင်းကြောင့်။ ပ ။ **ဖဿ**၏ဖြစ်ခြင်းကြောင့် ဝေဒနာ၏ဖြစ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ဖြစ်ခြင်းသဘောကြောင့် ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

(၅) **ဝေဒနာ၏ဖြစ်ခြင်းလက္ခဏာ**ကို ရှုမြင်သောကြောင့်လည်း ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်းကို ရှုမြင်၏။

ဤသို့လျှင် ဝေဒနာက္ခန္ဓာ၏ဖြစ်ခြင်း (ဥဒယ)ကို ရှုမြင်သောယောဂီသည် အထက်ပါဖြစ်ခြင်း လက္ခဏာ ၅ ပါးကိုရှုမြင်၏။ ဝေဒနာက္ခန္ဓာ၏ပျက်ခြင်းလက္ခဏာ ၅ ပါးကိုလည်း အထက်ပါ နည်းတူရှု၏။

သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကို အထက်ပါနည်းတူရှုနိုင်၏။ ဝိညာဏက္ခန္ဓာကိုရှုသောအခါ 'ဖဿ' အစား 'နာမ်ရုပ်'ဟုပြောင်းရှုရမည်။ နမူနာပြရသော် –

**ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းကိုရှုပုံ**

(၁) **အဝိဇ္ဇာ**၏ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ချုပ်ခြင်းသဘော ကြောင့် ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

(၂) **တဏှာ**၏ချုပ်ခြင်းကြောင့်ဝိညာဏ်၏ချုပ်ခြင်းသည်ရှိ၏ဟု အကြောင်း၏ချုပ်ခြင်းသဘော ကြောင့် ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

(၃, ၄) **ကံ**၏ချုပ်ခြင်းကြောင့်။ ပ ။ **နာမ်ရုပ်**၏ချုပ်ခြင်းကြောင့် ဝိညာဏ်၏ချုပ်ခြင်းသည် ရှိ၏ဟု အကြောင်း၏ချုပ်ခြင်းသဘောကြောင့် ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းသဘောကို ရှုမြင်၏။

(၅) **နာမ်ရုပ်၏ဖောက်ပြန်ခြင်း – ဝိပရိဏာမလက္ခဏာ**ကို ရှုမြင်ခြင်းကြောင့်လည်း ဝိညာဏက္ခန္ဓာ၏ပျက်ခြင်းကို ရှုမြင်၏။

ဤသို့လျှင် ဝိညာဏက္ခန္ဓာ၏ပျက်ခြင်း (ဝယ)ကို ရှုမြင်သောယောဂီသည် အထပ်ပါပျက် ခြင်း လက္ခဏာ ၅ ပါးကို ရှုမြင်၏။

ဤသို့လျှင် ခန္ဓာ ၁ ပါးစီ၌ ဖြစ်ခြင်းလက္ခဏာ ၅ ပါး, ပျက်ခြင်းလက္ခဏာ ၅ ပါး, ပေါင်းလက္ခဏာ ၁၀ ပါးကိုရှုမြင်သဖြင့် ခန္ဓာ ၅ ပါး၌ လက္ခဏာ ၅၀ ဖြင့် အကျယ်ရှု ပွား၏။

- **ဝိပဿနာဉာဏ်အထူးသန့်ရှင်းထက်မြက်လာပုံ**

ထိုယောဂီသည် အဝိဇ္ဇာစသည်ဖြစ်ခြင်းကြောင့် ခန္ဓာတို့၏ဖြစ်ခြင်းကိုလည်းကောင်း၊ အဝိဇ္ဇာ စသည်ချုပ်ခြင်းကြောင့် ခန္ဓာတို့၏ချုပ်ခြင်းကိုလည်းကောင်း၊ ရှုမြင်ခြင်းသည် **အကြောင်း အားဖြင့် နာမ်ရုပ်အဖြစ်အပျက်ကို ရှုမြင်ခြင်းပေတည်း။** ထို့အပြင် နာမ်ရုပ်ဖြစ်ခြင်းလက္ခဏာ နှင့် နာမ်ရုပ်တို့၏ဖောက်ပြန်ခြင်းလက္ခဏာတို့ကို ရှုမြင်ခြင်းသည် **ခန္ဓာတို့၏အဖြစ်အပျက်ကို**

**ရှုမြင်ခြင်းပေတည်း။** ဤသို့ရှုမြင်ခြင်းသည် ထိုယောဂီ၏ **ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းပေတည်း။** မှန်ပေ၏၊ ဖြစ်ခြင်းလက္ခဏာသည် ဖြစ်ဆဲဥပါဒ်ခဏ၌သာလျှင်ရှိ၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည်လည်း ပျက်ဆဲဘင်ခဏ၌သာလျှင် ရှိ၏။

**ဤသို့အကြောင်း – ပစ္စယာအားဖြင့်လည်းကောင်း၊ ခဏအားဖြင့်လည်းကောင်း၊ နာမ်ရုပ်တို့၏အဖြစ်အပျက် = ဥဒယဗ္ဗယသဘောကိုရှုမြင်သောယောဂီအား ''ဤနာမ်ရုပ်တရားတို့သည် အစကနဦးက မရှိကြပါဘဲလျက် အကြောင်းကြောင့်ရုတ်ခြည်းဖြစ်ပေါ်လာကြ၏၊ ဖြစ်ပေါ်ပြီးလျှင် ရုတ်ခြည်းပင် ပျောက်ကွယ်သွားကြကုန်၏''ဟု သိမြင်သောဝိပဿနာဉာဏ်သည် အထူးသဖြင့်သန့်ရှင်းထက်မြက်လာပေ၏။ ဤဆိုခဲ့သည့်အတိုင်း အကြောင်းအားဖြင့်လည်းကောင်း၊ ခဏအားဖြင့်လည်းကောင်း၊ နာမ်ရုပ်အဖြစ်အပျက်ကို ရှုမြင်သောယောဂီအား သစ္စာ ၄ ပါး၊ ပဋိစ္စသမုပ္ပါဒ်သဘောတရား၊ ကေတ္တစသည့်နည်း ၄ ပါး၊ လက္ခဏာ ၅ ပါးတို့သည်လည်း ထင်ရှားပေါ်လွင်လာကြကုန်၏။**

- **သစ္စာ ၄ ပါးထင်ရှားလာပုံ**

(၁) အဝိဇ္ဇာစသည့်အကြောင်း – ပစ္စယကြောင့် နာမ်ရုပ်၏ထင်ရှားဖြစ်ပေါ်လာခြင်း – ဥဒယကို ရှုမြင်သဖြင့် **သမုဒယသစ္စာ**သည် ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ ဖြစ်စေတတ်သော ဇနကအကြောင်းကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်ဖြစ်၏။

(၂) ခဏအားဖြင့် နာမ်ရုပ်၏ဖြစ်ခြင်းကိုရှုမြင်သဖြင့် **ဒုက္ခသစ္စာ**သည် ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ ဖြစ်ခြင်းဆင်းရဲ (ဇာတိဒုက္ခ)ကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၃) အကြောင်းအားဖြင့် နာမ်ရုပ်၏ပျက်ခြင်းကိုရှုမြင်သဖြင့် **နိရောဓသစ္စာ**သည် ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ အကြောင်းချုပ်လျှင် နာမ်ရုပ်၏ချုပ်ခြင်းကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၄) နာမ်ရုပ်၏ခဏအားဖြင့် ပျက်ခြင်းကိုရှုမြင်သဖြင့် **ဒုက္ခသစ္စာ**သည်လည်း ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ သေခြင်းဆင်းရဲ (မရဏဒုက္ခ)ကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၅) ထို့အပြင် ယောဂီ၏နာမ်ရုပ်အဖြစ်အပျက်ကို ရှုမြင်သောဉာဏ်သည် **ဥဒယဗ္ဗယဝိပဿနာဉာဏ်**မည်၏၊ ဤဉာဏ်သည် **လောကီမဂ်**ပေတည်း။ ထို့ကြောင့် **မဂ္ဂသစ္စာ**သည်လည်း ယောဂီအား ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ သင်္ခါရတို့၏ဖြစ်မှုပျက်မှုကို ကိုယ်တိုင်မတွေ့မြင်ရသဖြင့် အလွန်တွေဝေနေသောသမ္မောဟကို ထိုလောကီမဂ်က ယာယီပယ်သတ်နိုင်ခြင်းကြောင့်ဖြစ်၏။

- **ပဋိစ္စသမုပ္ပါဒ်သဘောတရားထင်ရှားလာပုံ**

(၁) အဝိဇ္ဇာစသည့်အကြောင်း၏ဖြစ်ခြင်းကြောင့် သင်္ခါရစသည့်အကျိုး၏ဖြစ်ခြင်းကို ရှုမြင်သဖြင့် ယောဂီအား **အနုလုံပဋိစ္စသမုပ္ပါဒ်** ထင်ရှားလာ၏။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းရှိလျှင် ဤအကျိုးဖြစ်သည်ကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၂) အဝိဇ္ဇာစသည့်အကြောင်း၏ချုပ်ခြင်းကြောင့် သင်္ခါရစသည့်အကျိုး၏ချုပ်ခြင်းကို ရှုမြင်သဖြင့် ယောဂီအား **ပဋိလုံပဋိစ္စသမုပ္ပါဒ်** ထင်ရှားလာ၏။ အဘယ်ကြောင့်ဆိုသော်

ဤအကြောင်းချုပ်ခြင်း (ပျက်ခြင်း)ကြောင့် ဤအကျိုးချုပ်ခြင်း (ပျက်ခြင်း)ကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်တည်း။

(၃) ခဏအားဖြင့် နာမ်ရုပ်၏အဖြစ်အပျက်ကို ရှုမြင်ခြင်းဖြင့် အကြောင်းကိုစွဲ၍ဖြစ်သော (ပဋိစ္စသမုပ္ပန္န)အကျိုးတရားတို့သည် ထင်ရှားလာကုန်၏။ အဘယ့်ကြောင့်ဆိုသော် သင်္ခတလက္ခဏာကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။ မှန်ပေ၏၊ ဖြစ်ခြင်းပျက်ခြင်းရှိသော တရားတို့သည် သင်္ခတတရားတို့ပေတည်း။ ထိုသင်္ခတတရားတို့သည်လည်း အကြောင်းကို စွဲ၍ဖြစ်သော အကျိုးတရား – ပဋိစ္စသမုပ္ပန္နတရားတို့ပေတည်း။

- **နည်း ၄ ပါးထင်ရှားလာပုံ**

(၁) အကြောင်း၏ဖြစ်ခြင်းကြောင့် အကျိုး၏ဖြစ်ခြင်းကို ရှုမြင်သဖြင့် ယောဂီအား တစ်ခုတည်း, တစ်ယောက်တည်းဟုယူသော **ဧကတ္တနည်း** ထင်ရှားပေါ်လွင်လာ၏။ အဘယ့်ကြောင့်ဆိုသော် အကြောင်းနှင့်အကျိုးဆက်စပ်ခြင်းဖြင့် ရုပ်နာမ်အစဉ်သန္တာန်၏ မပြတ်စဲခြင်းကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်ဖြစ်၏။ ထိုအခါ၌ **ဥစ္ဆေဒဒိဋ္ဌိ**ဟူသည့်ပြတ်စဲအယူမှားကို သာ၍ကောင်းစွာပယ်၏။

(၂) ခဏအားဖြင့် နာမ်ရုပ်၏ဖြစ်ခြင်းကို ရှုမြင်ခြင်းကြောင့် တခြားစီဟုယူသော **နာနတ္တနည်း** သည် ထင်ရှားပေါ်လွင်လာ၏။ အဘယ့်ကြောင့်နည်းဆိုသော် အသစ်အသစ်ဖြစ်သော နာမ်ရုပ်တို့၏ဖြစ်ပေါ်ခြင်းကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်ဖြစ်၏။ ထိုအခါ၌ **သဿတဒိဋ္ဌိ**ဟူသည့် တည်မြဲအယူမှားကို သာ၍ကောင်းစွာပယ်၏။

(၃) အကြောင်းအားဖြင့် နာမ်ရုပ်၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်သဖြင့် ကြောင့်ကြဗျာပါရ မရှိဟုယူသော**အဗျာပါရနည်း**သည် ထင်ရှားပေါ်လွင်လာ၏။ အဘယ့်ကြောင့်နည်းဆိုသော် ပရမတ္ထတရားတို့၏အလိုအတိုင်း မဖြစ်စေနိုင်ခြင်းကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။ ထိုအခါ၌ ငါကောင်ဟုယူဆသော **အတ္တဒိဋ္ဌိ**ကို သာ၍ကောင်းစွာပယ်၏။

(၄) ထို့အပြင် အဝိဇ္ဇာစသည့်အကြောင်းအားလျော်စွာ သင်္ခါရစသည့်အကျိုး၏ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် ဤသို့ဖြစ်ရိုးအတိုင်းဖြစ်သည်ဟုယူသော**ဧဝံဓမ္မတာနည်း**သည် ထင်ရှားပေါ်လွင်လာ၏။ အဘယ့်ကြောင့်နည်းဆိုသော် အကြောင်းအားလျော်စွာ အကျိုး၏ဖြစ်ခြင်းကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်တည်း။ ထိုအခါ၌ ကောင်းမှု, မကောင်းမှုကို မပြုအပ်, မပြုနိုင်ဟုယူသော **အကိရိယဒိဋ္ဌိ**ကို သာ၍ကောင်းစွာပယ်၏။

- **လက္ခဏာ ၅ ပါးထင်ရှားလာပုံ**

(၁) အဝိဇ္ဇာစသည့်အကြောင်းကြောင့် သင်္ခါရစသည့်အကျိုး၏ဖြစ်ခြင်းကို ရှုမြင်ခြင်းဖြင့် **အနတ္တလက္ခဏာ**သည် ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ ရုပ်နာမ်တရားတို့၏အား မထုတ်တတ်သည့်အဖြစ်၊ အကြောင်းနှင့်စပ်သော အကျိုး၏ဖြစ်ခြင်းရှိသည့်အဖြစ်တို့ကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်တည်း။

(၂) နာမ်ရုပ်၏ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းဖြင့် **အနိစ္စလက္ခဏာ**သည် ထင်ရှားပေါ်လွင်လာ၏။ အကြောင်းမှာ ဖြစ်ပေါ်ပြီးလျှင် ပျက်ခြင်း, ကွယ်ပျောက်သွားခြင်း၊ ရှေ့အဖို့, နောက်အဖို့၌ကင်းဆိတ်ခြင်းတို့ကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၃) ခဏအားဖြင့် နာမ်ရုပ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခြင်းဖြင့် **ဒုက္ခလက္ခဏာ**သည်လည်း ပေါ်လွင်ထင်ရှားလာ၏။ အကြောင်းမှာ ဖြစ်ခြင်းပျက်ခြင်းတို့က ခဏမစဲမပြတ် နှိပ်စက်ခြင်းကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်တည်း။

(၄) ခဏအားဖြင့် နာမ်ရုပ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခြင်းကြောင့် **သဘာဝလက္ခဏာ**လည်း ပေါ်လွင်ထင်ရှားလာ၏။ အကြောင်းမှာ ဖြစ်ခြင်းပျက်ခြင်းဖြင့်ပိုင်းခြားအပ်သော ပရိစ္ဆိန္နသဘောကို ထိုးထွင်း၍သိမြင်ခြင်းကြောင့်ဖြစ်၏။

(၅) သဘာဝလက္ခဏာ၌ **သင်္ခတလက္ခဏာ**၏အခိုက်အတန့်မျှတည်သည့်အဖြစ်သည်လည်း ထင်ရှား၏။ အကြောင်းမှာ ဖြစ်ဆဲခဏ၌ ပျက်ခြင်း၏မရှိခြင်း, ပျက်ဆဲခဏ၌ဖြစ်ခြင်း၏ မရှိခြင်းတို့ကို ထိုးထွင်း၍ သိမြင်ခြင်းကြောင့်ဖြစ်၏။

- **သင်္ခါရတရားတို့၏အသစ်ချည်းဖြစ်ပုံ အနှစ်ကင်းပုံ ထင်ရှားလာခြင်း**

သစ္စာ ၄ ပါး, ပဋိစ္စသမုပ္ပါဒ်သဘောတရား, နည်း ၄ ပါး, လက္ခဏာ ၅ ပါးတို့ ထင်ရှား ပေါ်လွင်လာသည့်ယောဂီအား ''ဤရုပ်နာမ်တရားတို့သည် ရှေးကမဖြစ်ဘူးကုန်သေးဘဲ ဤပုံဤနည်းဖြင့် ဖြစ်ပေါ်လာသတတ်၊ ဖြစ်ပေါ်လာပြီးလျှင် ဤပုံဤနည်းဖြင့် ချုပ်ကုန်သတတ်''ဟူ၍ သင်္ခါရတရားတို့သည် **အမြဲတမ်းအသစ်ချည်းသာလျှင်ဖြစ်လျက် ထင်ပေါ်ကုန်၏။**

**အမြဲတမ်းအသစ်ချည်းသာ ထင်ပေါ်ကုန်သည်မဟုတ်သေး၊ ရုပ်နာမ်တရားတို့သည် နေထွက်သောအခါ၌ နှင်းပေါက်ကဲ့သို့၊ ရေပွက်ကဲ့သို့၊ ရေ၌တုတ်ဖြင့်ရေးသော အရေးအကြောင်းကဲ့သို့၊ အပ်နဖားထွင်းစူးဖျားထိပ်၌တင်လိုက်သော မုန်ညင်းစေ့ကဲ့သို့၊ လျှပ်ပြက်သကဲ့သို့ အလွန်တိုတောင်းသည့်ကာလမျှ တည်ကုန်၏ဟုလည်း ပေါ်လွင်ထင်ရှားလာ၏။**

**ထို့အပြင် ရုပ်နာမ်တို့သည် မျက်လှည့်, တံလျှပ်, အိပ်မက်, ညဉ့်အမှောင်ထဲမြင်ရသော မီးစက်ဝိုင်း, ဂန္ဓဗ္ဗနတ်ကျတ်သူရဲတို့ဖန်ဆင်းပြသောမြို့, ရေမြှုပ်စိုင်, ငှက်ပျောတုံး စသည်တို့ကဲ့သို့ အနှစ်မရှိကုန်၊ အနှစ်ကင်းကုန်၏ဟူ၍လည်း ထင်ပေါ်ကုန်၏။**

- **တရုဏဝိပဿနာဉာဏ်ဖြစ်ပေါ်ခြင်း**

ဤမျှသော ဘာဝနာအစီအရင်ဖြင့် အားထုတ်ခဲ့သောယောဂီသည် ''ပျက်ခြင်းသဘောရှိသည့်တရားတို့သာလျှင် ဖြစ်ပေါ်လာ၏၊ ဖြစ်ပေါ်လာပြီးသောတရားသည်လည်း ပျက်ခြင်း, ကွယ်ပျောက်ခြင်းသို့ ရောက်လေ၏''ဟူသောအခြင်းအရာဖြင့် ၅၀ ကုန်သောလက္ခဏာတို့ကို ထိုးထွင်းသိမြင်ပြီးသောယောဂီသည် ''**တရုဏဝိပဿနာဉာဏ်**''ဟူသော နုသောဥဒယဗ္ဗယဉာဏ် (နုသောဝိပဿနာဉာဏ်)ကို ရပြီးဖြစ်ပေ၏။ ဤဉာဏ်ကိုရသော ပုဂ္ဂိုလ်ကို **အာရဒ္ဓဝိပဿကပုဂ္ဂိုလ် = အားထုတ်စပြုပြီးသော ဝိပဿနာရှုသူ**ဟုခေါ်၏။

- **ဥပက္ကိလေသ ၁၀ ပါးဖြစ်ပေါ်ခြင်း**

**နာမ်ရုပ်၏အဖြစ်အပျက်ကိုရှုသည့် ဥဒယဗ္ဗယာနုပဿနာ (ဝါ) တရုဏဝိပဿနာဖြင့် အားထုတ်စပြုပြီးသော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အား ဝိပဿနာညစ်ညူးကြောင်း**

## ဥပက္ကိလေသတို့သည် ဖြစ်ပေါ်လာကြ၏။

ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသည့် ပဋိဝေဓသို့ ရောက်ပြီးသောအရိယာပုဂ္ဂိုလ်၊ ဖောက်ပြန်မှားယွင်းစွာကျင့်သောပုဂ္ဂိုလ်၊ ကမ္မဋ္ဌာန်းကိုချထား၍ ရပ်နားနေသောပုဂ္ဂိုလ်၊ ပျင်းရိစွာအားထုတ်နေသောပုဂ္ဂိုလ်တို့၌ မဖြစ်ပေါ်ကုန်။

နည်းလမ်းမှန်စွာ မပြတ်အားထုတ်သဖြင့် ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်သည့်တိုင်အောင် အားထုတ်စပြုပြီးသောယောဂီပုဂ္ဂိုလ်များ၌သာလျှင် ဥပက္ကိလေသ ၁၀ ပါးဖြစ်ရိုးရှိပေ၏။ မဖြစ်ပဲ မရှိ။ ဖြစ်ပေါ်ပါမှ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ခွင့်ရှိပေ၏။ **ဥပက္ကိလေသ ၁၀ ပါးကား**

(၁) **ဩဘာသ** = အရောင်အလင်း၊

(၂) **ဉာဏ** = ဝိပဿနာဉာဏ်၊

(၃) **ပီတိ** = နှစ်သိမ့်ဝမ်းမြောက်ခြင်း၊

(၄) **ပဿဒ္ဓိ** = ကိုယ်စိတ်နှစ်ပါးငြိမ်းအေးခြင်း၊

(၅) **သုခ** = ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း၊

(၆) **အဓိမောက္ခ** = ဆုံးဖြတ်ခြင်း (ယုံကြည်ခြင်း, ကြည်လင်မှုသဒ္ဓါ)

(၇) **ပဂ္ဂဟ** = ချီးမြှောက်အားထုတ်ခြင်း (ဝီရိယ)

(၈) **ဥပဋ္ဌာန** = သတိထင်ခြင်း (အမှတ်ရမှု – သတိ)

(၉) **ဥပေက္ခာ** = အညီအမျှလျစ်လျူရှုခြင်း (တတြမဇ္ဈတ္တတာ၊ အာဝဇ္ဇန်း)

(၁၀) **နိကန္တိ** = ငြိကပ်တွယ်တာခြင်း (သိမ်မွေ့သောတဏှာ) တို့ဖြစ်သည်။

### • (၁) ဩဘာသ – အရောင်အလင်း

ဩဘာသအရောင်အလင်းသည် ဝိပဿနာစိတ်ကြောင့်ဖြစ်သောအရောင်အလင်းတည်း။ ဤအရောင်အလင်းဖြစ်ပေါ်လာသောအခါ ကျမ်းဂန်ဗဟုသုတမရှိသောယောဂီသည် ''ငါ့အား ရှေ့က ဤသို့သောအရောင်အလင်းမျိုး မဖြစ်ခဲ့စဘူး၊ မချွတ်ကေန်ပင် ငါသည်မဂ်ရပြီ၊ ဖိုလ်ရပြီ''ဟူ၍ မဂ်မဟုတ်သည်ကို မဂ်ဟုယူ၏၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုယူ၏။ ဤသို့ ယူလျှင် ထိုယောဂီ၏ဝိပဿနာလမ်းသည် လမ်းမှန်မှ သွေဖည်သွားပြီဖြစ်၏။ ထိုယောဂီသည် မူလကမ္မဋ္ဌာန်းကိုစွန့်လွှတ်ပြီးလျှင် အရောင်အလင်းကို သာယာနေတော့၏။

ထိုအရောင်အလင်းသည် အချို့သောယောဂီအား တင်ပလ္လင်ခွေအရပ်ကိုသာ လင်းစေ၏၊ အချို့အား တစ်ခန်းလုံးကို၊ အချို့အား တစ်ကျောင်းလုံးကို၊ ၁ ဂါဝုတ်အရပ်ကို၊ ယူဇနာခွဲ အရပ်ကို၊ ၁ ယူဇနာအရပ်ကို၊ ၂ ယူဇနာအရပ်ကို၊ ၃ ယူဇနာအရပ်ကို။ ပ ။ အချို့ အားမူ မြေပြင်မှအကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်သောအရပ်ကို လင်းထိန်စေ၏။ မြတ်စွာ ဘုရား၌မူကား တစ်သောင်းသောလောကဓာတ်ကို လင်းစေလျက်ဖြစ်ပေါ်၏။

**သာဓကဝတ္ထုကား** – စိတ္တလတောင်တွင် နံရံနှစ်ထပ်ရှိသည့်ကျောင်းဆောင်တွင်း၌ မထေရ် ၂ ပါးထိုင်နေကြ၏။ အချိန်သည်ကား ၁၄ ရက်မြောက်လကွယ်ဥပုသ်နေ့၊ ညဥ့်သန်းခေါင် ယံအချိန်၊ ထူထပ်သောတောအုပ်အလယ်၊ မိုးတိမ်ဖုံးအုပ်နေသည့် အင်္ဂါလေးပါးရှိသော အမှောင်တိုက်ဖြစ်နေသည့်အခါတည်း။

တစ်ပါးသောမထေရ်က ''အရှင်ဘုရား၊ တပည့်တော်အား ယခုအခါ စေတီယင်ပြင်က

မြတ်သည့်ပလ္လင်ပေါ်မှာ ပူဇော်ထားသော အဆင်းငါးမျိုးရှိသည့်ပန်းများ ထင်ပေါ်နေပါသည် ဘုရား''ဟုဆို၏။ အခြားမထေရ်က ''ငါ့ရှင်၊ အံ့ဖွယ်မဟုတ်သည်ကို ပြောဘိ၏၊ ငါ့မှာမူ ယခုအခါ မဟာသမုဒ္ဒရာထဲက တစ်ယူဇနာခန့်ကျယ်ဝန်းသည့်အရပ်မှာ ငါးနှင့်လိပ်များ ထင်ပေါ်နေပါသည်''ဟုဆို၏။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်အမျိုးမျိုး၌ သြဘာသအရောင်အလင်း ပျံ့နှံ့ရာအရပ်အပိုင်းအခြားချင်း မတူညီကြပါ။

**• ရဟန္တာဟုထင်မှတ်ပုံ – အဓိမာနဖြစ်ပုံသာဓက**

ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသသည် အများအားဖြင့် သမထနှင့်ဝိပဿနာနှစ်ပါး လုံးကိုရသောသူအား ဖြစ်တတ်၏။ သမထနှင့်ဝိပဿနာနှစ်ပါးလုံးကို ရသောယောဂီသည် သမာပတ်ဖြင့်ခွါအပ်ပြီးသော ကိလေသာတို့၏မဖြစ်ပေါ်လာခြင်းကြောင့် ''ငါသည် ရဟန္တာ တည်း''ဟု ထင်မှတ်တတ်၏။ အဘယ်ကဲ့သို့နည်းဟူမူ သီရိလင်္ကာ၌ သီတင်းသုံးသော **မဟာနာဂမထေရ်၊ မဟာဒတ္တမထေရ်၊ စူဠသုမနမထေရ်**တို့ကဲ့သို့တည်း။

တလင်္ဂရအရပ်၌သီတင်းသုံးသော **ဓမ္မဒိန္နမထေရ်**သည် ပဋိသမ္ဘိဒါနှင့်ပြည့်စုံ၍ ထူးခြားသော ရဟန္တာမထေရ်ကြီးဖြစ်၏၊ ရဟန်းများစွာကို သြဝါဒအဆုံးအမပေးသည့် ဆရာတော်လည်း ဖြစ်၏။ တစ်နေ့တွင် မိမိ၏ဆရာဖြစ်သူ **မဟာနဂမထေရ်**၏ရဟန်းကိစ္စ ပြီးဆုံးမှုရှိမရှိကို ဆင်ခြင်လတ်သော် ပုထုဇဉ်အဖြစ်ကိုသာ တွေ့မြင်၏။ ''ငါမသွားလျှင် ငါ့ဆရာသည် ပုထုဇဉ်၏သေခြင်းကိုသာ ပြုရလိမ့်မည်''ဟုသိသဖြင့် ဆရာမထေရ်ကြီးထံသို့ ကောင်းကင် ခရီးဖြင့်ကြွသွား၏။

''ငါ့ရှင်ဓမ္မဒိန္န၊ အခါမဟုတ်ဘဲ အဘယ့်ကြောင့်လာသနည်း''ဟု ဆရာကမေး၏။

''ပြဿနာမေးခြင်းငှာ လာခဲ့ပါသည်အရှင်ဘုရား''ဟုတပည့်က လျှောက်ထား၏။

''ငါ့ရှင်၊ မေးပေတော့၊ သိလျှင် ဖြေကုန်အံ့''

မဟာနဂမထေရ်သည် မေးသမျှကို ငြိတွယ်ဖင့်နွှေးခြင်းမရှိဘဲ ဖြေကြား၏။

''အရှင်ဘုရား၊ အရှင်ဘုရားတို့၏ဉာဏ်သည် အလွန်ထက်မြတ်လှပေ၏၊ ဤတရားကို အရှင်ဘုရား ဘယ်အခါက ရထားပါသနည်း''ဟုတပည့်က မေး၏။

''လွန်ခဲ့တဲ့အနှစ် ၆၀ က ရခဲ့သည် ငါ့ရှင်''

''အရှင်ဘုရား၊ သမာဓိကိုကော အသုံးပြုသေးသလား''

''ငါ့ရှင်၊ သမာဓိကိုအသုံးပြုရန်ဝန်မလေးပါ''

''သို့ဖြစ်လျှင် အရှင်ဘုရား ဆင်တစ်ကောင်ကို ဖန်ဆင်းပါလော့''

မဟာနဂမထေရ်သည် ဆင်ဖြူကြီးတစ်ကောင်ကို အဘိညာဉ်ဖြင့် ဖန်ဆင်း၏။

''အရှင်ဘုရား၊ ယခုအခါ ဤဆင်သည် နားရွက်ကုပ်လျက် အမြီးကိုထောင်၍ နှာမောင်းကို ခံတွင်း၌ထည့်ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းအောင် အော်ဟစ်လျက် အရှင်ဘုရားဆီသို့ ပြေးလာအောင်ပြုပါလော့''ဟုလျှောက်ထား၏။

မဟာနဂမထေရ်သည် လျှောက်ထားသည့်အတိုင်းပြုပြီးလျှင် လျင်သောအဟုန်ဖြင့် ပြေးလာ သည့် ဆင်ကြီး၏ကြောက်မက်ဖွယ်ကောင်းသည့် အပြုအမူကို မြင်လေလျှင် ထ၍ပြေးရန် အားထုတ်၏။

ဓမ္မဒိန္နရဟန္တာမထေရ်သည် လက်ကိုဆန့်၍ မထေရ်ကြီး၏သင်္ကန်းစွန်ကို ဆွဲကိုင်လျက် ''အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်အား ကြောက်ရွံ့ခြင်းမည်သည် ရှိပါသေးသလား''ဟုလျှောက်၏။

ထိုအခါ၌ မဟာနဂမထေရ်သည် မိမိ၏ပုထုဇဉ်အဖြစ်ကိုသိ၍ ''ငါ့ရှင်ဓမ္မဒိန္န၊ ငါ၏အား ထားမှီခိုရာ ဖြစ်ပါလော့''ဟုဆိုလျက် ခြေရင်း၌ ဆောင့်ကြောင့်ထိုင်နေ၏။

''အရှင်ဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရား၏အားထားမှီခိုရာဖြစ်စေမည်ဟု ရည်ရွယ်၍ လာခဲ့ပါသည်၊ မစိုးရိမ်ပါလင့်''ဟုဆို၍ ကမ္မဋ္ဌာန်းကိုဟောကြား၏။

မဟာနဂမထေရ်သည် ကမ္မဋ္ဌာန်းကိုယူပြီးလျှင် စင်္ကြံလျှောက်၍အားထုတ်လတ်သော် တတိယခြေလှမ်း၌ ရဟန္တာအဖြစ်ဟူသည့် အမြတ်ဆုံးဖိုလ်သို့ရောက်လေ၏။ မဟာနဂမထေရ်သည် ဒေါသထူပြောသည့် ဒေါသစရိုက်ရှိသတတ်။ ဤသို့သောပုဂ္ဂိုလ်သည် အရောင် အလင်းကြောင့် တုန်လှုပ်တတ်၏။

## (၂) ဉာဏ = ဝိပဿနာဉာဏ်

ရုပ်နာမ်တရားတို့ကို ဥဒယဗ္ဗယဉာဏ်ဖြင့် နှိုင်းချိန်စူးစမ်းသောယောဂီအား ပစ်လွှတ်လိုက် သည့်သိကြားမင်း၏ဝရဇိန်ကဲ့သို့ မပျက်သောအရှိန်အဟုန်ရှိလျက် ထက်မြက်ရဲရင့်၍ အလွန် သန့်ရှင်းသောဝိပဿနဉာဏ်သည် ဖြစ်ပေါ်၏။

## (၃) ပီတိ – နှစ်သိမ့်ဝမ်းမြောက်ခြင်း

ပီတိဟူသည်ကား ဝိပဿနာဉာဏ်နှင့်ယှဉ်သည့် အားကြီးသောပီတိတည်း။ ထိုအခါ၌

– အနည်းငယ်နှစ်သိမ့်ဝမ်းမြောက်မှုဟူသော ခုဒ္ဒကပီတိ၊
– ခဏခဏဆင့်၍ဖြစ်သောဝမ်းမြောက်မှုဟူသည့် ခဏိကပီတိ၊
– လှိုက်လှိုက်လှဲလှဲသက်ဝင်လျက် နှစ်သိမ့်ဝမ်းမြောက်မှု – ဩက္ကန္တိကာပီတိ၊
– ကိုယ်ကိုကြွတက်စေတတ်သော ဥဗ္ဗေဂါပီတိ၊
– တစ်ကိုယ်လုံးကိုနှံ့စေသည့်နှစ်သိမ့်ဝမ်းမြောက်မှု – ဖရဏာပီတိ၊

ဤပီတိငါးမျိုးသည် ယောဂီ၏တစ်ကိုယ်လုံးကိုပြည့်စေလျက် ဖြစ်ပေါ်လာ၏။

## (၄) ပဿဒ္ဓိ – ကိုယ်စိတ်နှစ်ပါးငြိမ်းအေးခြင်း

ပဿဒ္ဓိဟူသည်ကား ဝိပဿနာဉာဏ်နှင့်ယှဉ်သော ကိုယ်စိတ်၏ငြိမ်းအေးမှုပေတည်း။ ထိုအခါ၌ ယောဂီအား ကိုယ်စိတ်ပူပန်ခြင်းသည် မရှိ၊ လေးလံခြင်းမည်သည် မရှိ၊ ကြမ်းတမ်းခက်ထန်ခြင်းမည်သည် မရှိ၊ အမှု၌မခံ့ခြင်း, မပြုစွမ်းနိုင်ခြင်းမည်သည် မရှိ၊ မကျန်းမာခြင်းမည်သည် မရှိ၊ ကောက်ကျစ်ခြင်းမည်သည် မရှိ။

စင်စစ်သော်ကား ကိုယ်နှင့်စိတ်တို့သည် ငြိမ်းအေးကုန်၏၊ ပေါ့ပါးကုန်၏၊ နူးညံ့ကုန်၏၊ အမှု၌ခံ့ကုန်၏၊ ကောင်းစွာသန့်ရှင်းသန့်စွမ်းကုန်သည်, ဖြောင့်မတ်သည်သာလျှင် ဖြစ်ကုန်၏။ ယောဂီသည် ငြိမ်းအေးမှုစသည်တို့ဖြင့် ချီးမြှောက်ထောက်ပံ့အပ်သော ကိုယ်ရှိသည်ဖြစ်၍ လူတို့နှင့်မသက်ဆိုင်သည့် **အမာနုသီမည်သောပျော်မွေ့မှုကို** ခံစားနေရ၏။ ဤသို့သော ပျော်မွေ့မှုကိုရည်ရွယ်၍ မြတ်စွာဘုရားသည် –

*''ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းကျောင်းသို့ဝင်လျက် ငြိမ်းအေးသည့်စိတ်ရှိသည်ဖြစ်၍*

*ရုပ်နာမ်တရားကို မှန်ကန်စွာမြင်သောရဟန်းအား လူတို့နှင့်မဆိုင်သည့်ပျော်မွေ့ခြင်းသည် ဖြစ်ပေါ်၏။*

*''အကြင်အကြင် ရုပ်အဖို့နာမ်အဖို့မှ ခန္ဓာတို့၏အဖြစ်အပျက်ကို သုံးသပ်၏။ ထိုထိုသုံးသပ်သောရုပ်အဖို့နာမ်အဖို့မှ ဝမ်းမြောက်ခြင်းပီတိ, နှစ်သိမ့်အားရခြင်း – ပါမောဇ္ဇကိုရ၏။ ထိုပီတိ, ပါမောဇ္ဇသည် အဖြစ်အပျက်ကို သိမြင်သောယောဂီတို့၏အမြိုက်နိဗ္ဗာန်ပေတည်း''ဟု ဟောကြားတော်မူ၏။*

## (၅) သုခ – ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း

သုခဟူသည်ကား ဝိပဿနာဉာဏ်နှင့်ယှဉ်သောချမ်းသာတည်း။ ယောဂီအား တစ်ကိုယ်လုံးကို စိုပြေစေလျက် အလွန်ကောင်းမြတ်သောချမ်းသာသည် ဖြစ်ပေါ်လာ၏။

## (၆) အဓိမောက္ခ – ဆုံးဖြတ်ခြင်း

အဓိမောက္ခဟူသည်ကား ယုံကြည်မှု, ကြည်လင်မှုသဒ္ဓါတရားတည်း။ ဝိပဿနာနှင့်ယှဉ်သည့်စိတ်စေတသိက်တို့ကို အလွန်အကဲကြည်လင်စေတတ်သော အားကြီးသည့် ယုံကြည်မှု – သဒ္ဓါတရားသည် ယောဂီ၌ဖြစ်ပေါ်လာ၏။

## (၇) ပဂ္ဂဟ – ချီးမြှောက်အားထုတ်ခြင်း

ပဂ္ဂဟဟူသည်ကား အားထုတ်မှု – ဝီရိယတည်း။ ဝိပဿနာနှင့်ယှဉ်သည့် မလျော့လွန်းမတင်းလွန်းသော ကောင်းစွာချီးမြှောက်အပ်သည့် အားထုတ်မှု – ဝီရိယသည် ယောဂီ၌ဖြစ်ပေါ်လာ၏။

## (၈) ဥပဋ္ဌာန – သတိထင်ခြင်း

ဥပဋ္ဌာနဟူသည်မှာ အမှတ်ရမှု – သတိတည်း။ ဝိပဿနာနှင့်ယှဉ်သော ကောင်းစွာထင်သည့် ကောင်းစွာတည်တံ့သော ခိုင်မြဲစွာစိုက်ထူထားသည့်တိုင်ကဲ့သို့ မလှုပ်ရှားသောမြင်းမိုရ်တောင်မင်းနှင့်တူသည့် အမှတ်ရမှု – သတိသည် ယောဂီ၌ဖြစ်ပေါ်လာ၏။

ဒိဗ္ဗစက္ခုအဘိညာဉ်ရသောပုဂ္ဂိုလ်အား တစ်ပါးသောလောကသည် ထင်ပေါ်လာသကဲ့သို့ ထိုယောဂီအားလည်း နှလုံးသွင်းဆင်ခြင်လိုက်သော ရုပ်နာမ်တရားဟူသမျှသည် ထိုယောဂီ၏ အမှတ်ရမှု – သတိ၌ သက်ဝင်, ပြေးဝင်၍ထင်ပေါ်လာ၏။

## (၉) ဥပေက္ခာ – အညီအမျှလျစ်လျူရှုခြင်း

ဥပေက္ခာဟူသည်ကား ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာပေတည်း။ အလုံးစုံသောသင်္ခါရတို့၌ အလယ်အလတ်သဘောဖြစ်သည့် ဝိပဿနုပေက္ခာသည်လည်း ယောဂီ၌ အားကြီးစွာဖြစ်ပေါ်၏။ မနောဒွါရ၌ဆင်ခြင်မှု – အာဝဇ္ဇနုပေက္ခာသည်လည်း ထိုထိုအရာဌာနကို ဆင်ခြင်သည့်ယောဂီအား ပစ်လွှတ်လိုက်သောသိကြားမင်း၏ဝရဇိန်လက်နက်ကဲ့သို့ ရဲရင့်ထက်မြက်သည်ဖြစ်၍ ဆောင်သွား၏။

## (၁၀) နိကန္တိ – ငြိကပ်တွယ်တာခြင်း

နိကန္တိ–ငြိကပ်တွယ်တာခြင်းဟူသည်မှာ ဝိပဿနာ၌ငြိကပ်တွယ်တာခြင်းတည်း။ ဩဘာသ – အရောင်အလင်းစသည်တို့ဖြင့် တန်ဆာဆင်အပ်သောဝိပဿနာ၌ ငြိကပ်တွယ်တာလျက်

သိမ်မွေ့, ငြိမ်သက်သည့်အခြင်းအရာရှိသော နှစ်သက်ပျော်ရွှင်မှု – နိကန္တိ (သိမ်မွေ့သော တဏှာ)သည် ယောဂီ၌ဖြစ်ပေါ်လာ၏။ နိကန္တိသည် သိမ်မွေ့လွန်းသဖြင့် ကိလေသာဟုသိမ်းဆည်းရန်, သိရန်ပင် မစွမ်းနိုင်ဘဲရှိတတ်၏။

ဩဘာသ – အရောင်အလင်းဖြစ်ပေါ်လာရာတွင်ကဲ့သို့ ထို့အတူပင် ဉာဏ်, ပီတိ, ပဿဒ္ဓိ, သုခစသည်တို့တွင်လည်း တစ်ပါးပါးဖြစ်ပေါ်လာလျှင် ယောဂီသည် ''ဤမှရှေး၌ ငါ့အား ဤသို့သဘောရှိသည့်ဉာဏ်သည် စင်စစ်အားဖြင့် မဖြစ်ပေါ်ခဲ့ဘူးသေး၊ ဤသို့သဘောရှိသည့် ဝမ်းမြောက်မှုသည်၊ ငြိမ်းအေးမှုသည်၊ ချမ်းသာသည်၊ ယုံကြည်မှု, စိတ်ကြည်လင်မှုသည်၊ လုံ့လသည်၊ သတိသည်၊ ဥပေက္ခာသည်၊ နိကန္တိသည် စင်စစ်အားဖြင့် မဖြစ်ပေါ်ခဲ့ဘူးသေး၊ မချွတ်ကေန်ပင် ငါသည်မဂ်ရပြီ၊ ဖိုလ်ရပြီ''ဟူ၍ ယူ၏။

မဂ်မဟုတ်သည်ကို မဂ်ဟု၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုယူလျှင် ထိုယောဂီ၏ဝိပဿနာလမ်းသည် လမ်းမှန်မှ သွေဖည်သည်မည်၏။ ထိုယောဂီသည် မိမိ၏မူလကမ္မဋ္ဌာန်းကို စွန့်လွှတ်ပြီးလျှင် နှစ်သက်ပျော်မွေ့မှု – နိကန္တိကိုသာလျှင် သာယာလျက်နေလေတော့၏။

## • ဥပက္ကိလေသနှင့် ဥပက္ကိလေသဌာန

ဥပက္ကိလေသ ၁၀ ပါးတွင် ဩဘာသမှဥပေက္ခာအထိ ပထမ ၉ ပါးသည် တဏှာ, မာန, ဒိဋ္ဌိဟူသည့် ကိလေသာအစစ်တို့၏အာရုံဌာနဖြစ်သောကြောင့် ဥပက္ကိလေသဖြစ်သည်ဟု ဆိုထား၏၊ အကုသိုလ်ဖြစ်ခြင်းကြောင့် ဆိုထားခြင်းမဟုတ်ပေ။

နိကန္တိသည်ကား ဥပက္ကိလေသလည်းဖြစ်၏၊ ဥပက္ကိလေသ၏အာရုံဌာနလည်းဖြစ်၏။ ထို့ကြောင့် ဥပက္ကိလေသ ၁၀ ပါးတို့သည် အာရုံဌာနအလိုအားဖြင့်သာလျှင် ၁၀ ပါးဖြစ်ကုန်၏။

## • ဥပက္ကိလေသအပါး ၃၀ ဖြစ်ပုံ

ဥပက္ကိလေသတို့သည် စွဲလမ်းမှု (ဂါဟ) အလိုအားဖြင့်မူကား ၃၀ ဖြစ်ကုန်၏။ ဖြစ်ပုံကား

(၁) ''ငါ့အား အရောင်အလင်းဖြစ်ပေါ်၏''ဟုစွဲယူလျှင် ဒိဋ္ဌိစွဲ (ဒိဋ္ဌိဂါဟ)ဖြစ်၏။

(၂) ''နှစ်လိုဖွယ်ကောင်းသောအရောင်အလင်းသည် ဖြစ်ပေါ်လေပြီ''ဟု စွဲယူလျှင် မာနစွဲ (မာနဂါဟ)ဖြစ်၏။

(၃) အရောင်အလင်းကို သာယာသောသူအား တဏှာစွဲ (တဏှာဂါဟ)ဖြစ်၏။

ဤသို့လျှင် ဒိဋ္ဌိ, မာန, တဏှာတို့၏အလိုအားဖြင့် သုံးပါးသောစွဲလမ်းမှု (ဂါဟ)တို့ ဖြစ်ကုန်၏။ ကြွင်းသောဥပက္ကိလေသ ၉ ပါး၌လည်း အလားတူပင် ဂါဟသုံးပါးစီဖြစ်၏။ ထို့ကြောင့် စွဲလမ်းမှု (ဂါဟ)အလိုအားဖြင့် ဥပက္ကိလေသ ၃၀ ဖြစ်ကုန်၏။

## • လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြား, ခွဲခြားခြင်း

ကျမ်းဂန်ဗဟုသုတမရှိသည့် မကျွမ်းကျင်မလိမ္မာသောယောဂီသည် ဥပက္ကိလေသ ၃၀ တို့၏အစွမ်းအားဖြင့် ဩဘာသစသည်တို့ကြောင့် တုန်လှုပ်ပျံ့လွင့်၏။ တုန်လှုပ်ပျံ့လွင့်ပုံကား ဥပက္ကိလေသတစ်မျိုးစီကို –

*ဧတံ မမ* = ဤအရာသည် ငါ၏ဥစ္စာတည်း (ဒိဋ္ဌိဂါဟ)

*ဧသောဟမသ္မိ* = ဤအရာသည် ငါဖြစ်၏ (မာနဂါဟ)

*ဧသော မေ အတ္တာ* = ဤအရာသည် ငါ၏အတ္တတည်း (တဏှာဂါဟ)

ဤသို့အဖန်တလဲလဲနှလုံးသွင်းသဖြင့် ယောဂီ၏စိတ်သည် တုန်လှုပ်ပျံ့လွင့်၏။ ယောဂီသည် လမ်းမှား (မဂ်မှား) သို့ရောက်၏။

ကျမ်းဂန်ဗဟုသုတရှိ၍ တတ်သိလိမ္မာ, ပညာ, အသိဉာဏ်နှင့်ပြည့်စုံသောယောဂီသည်ကား သြဘာသစသည့် ဥပက္ကိလေသဖြစ်ပေါ်လာလျှင် ''ငါ့အား ဤအရောင်အလင်းသည် ဖြစ်ပေါ်၏၊ ဤအရောင်အလင်းသည် **မမြဲသောတရားတည်း၊** ပေါင်းစု၍ပြုအပ်သော သင်္ခတတရားတည်း၊ အကြောင်းကိုစွဲ၍ဖြစ်သောတရားတည်း၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ပျောက်ပြယ်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏''ဟု ထိုအရောင်အလင်းကို ပိုင်းခြားဆုံးဖြတ်၏၊ စူးစိုက်၍ရှုဆင်ခြင်၏။

တစ်နည်းအားဖြင့် ထိုယောဂီသည် ဤသို့မူလည်းရှုဆင်ခြင်၏ – ''အရောင်အလင်းသည် အကယ်၍အတ္တဟုတ်ငြားအံ့၊ အတ္တဟုယူရန်သင့်ရာ၏၊ သို့သော် အတ္တမဟုတ်ပါဘဲလျက် အတ္တဟုယူထား၏၊ ဤအရောင်အလင်းသည် အလိုအတိုင်းမဖြစ်ခြင်းသဘောကြောင့် **အတ္တမဟုတ်**၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ပျောက်ကွယ်သွားခြင်းသဘောကြောင့် မမြဲ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်နေသည့်သဘောကြောင့် **ဆင်းရဲတည်း**''ဟုစသည်ဖြင့် ဥပက္ကိလေသအားလုံးကို နာမသတ္တက – နာမ်သုံးသပ်ပုံ ၇ မျိုးဖြင့် ရှုဆင်ခြင်၏၊ လက္ခဏာသုံးပါးတင်၍ရှုမှတ်၏။

ယောဂီသည် ဤဆိုခဲ့သောနည်းဖြင့် စူးစိုက်၍ရှုဆင်ခြင်ပြီးလျှင် သြဘာသစသည့် ဥပက္ကိလေသတစ်ခုစီကို ဤသို့ဆင်ခြင်ဆုံးဖြတ်၏ –

*နေတံ မမ* = ဤအရောင်အလင်းသည် ငါ၏ဥစ္စာမဟုတ်၊

*နေသောဟမသ္မိ* = ဤအရောင်အလင်းသည် ငါမဟုတ်၊

*နေသော မေ အတ္တာ* = ဤအရောင်အလင်းသည် ငါ၏အတ္တမဟုတ်၊

ဤသို့ရှုမြင်သောယောဂီသည် သြဘာသစသည်တို့ကြောင့် မတုန်လှုပ်။ ထို့ကြောင့်ရှေးဆရာတို့ မိန့်ဆိုသည်မှာ –

''*အကြင်ယောဂီအား ဆယ်ပါးသောဌာနတို့ကိုသိမ်းဆည်း၍ ဆင်ခြင်သောဉာဏ်ပညာရှိ၏၊ ထိုယောဂီသည် တရားထူးဟုဆင်ခြင်လျက် ပျံ့လွင့်သောဓမ္မုဒ္ဓစ္စ၌ ကျွမ်းကျင်လိမ္မာ၏၊ ပျံ့လွင့်ခြင်းသို့လည်း မရောက်။*''

**မှတ်ချက်** – ဓမ္မုဒ္ဓစ္စ = ဓမ္မဥဒ္ဓစ္စ = တရားနှင့်ပတ်သက်သောပျံ့လွင့်မှု၊

**ပျံ့လွင့်ခြင်းသို့မရောက်သောယောဂီသည် ဥပက္ကိလေသ ၃၀ အရှုပ်အထွေးကိုဖြေရှင်း၍ ''သြဘာသစသည့် ဥပက္ကိလေသတို့၌သာယာမှုကား ဝိပဿနာလမ်းရိုးလမ်းမှန်မဟုတ်၊ လမ်းမှားတည်း။ ဥပက္ကိလေသမှလွတ်သော ရှုမြဲရှုလျက်လမ်းမှန်သွားသော ရှုသိမှု – ဝိပဿနာဉာဏ်သည်သာလျှင် လမ်းမှန်တည်း''ဟု လမ်းမှန်နှင့်လမ်းမှားတို့ကို ပိုင်းခြားဆုံးဖြတ်၏။**

- **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ**

**''ဤရှုမြဲရှုလျက် လမ်းမှန်သွားသောရှုသိမှုပညာသည်ကား ပုဗ္ဗဘာဂမဂ် = လမ်းမှန်**

**တည်း၊ ဤအရောင်အလင်းစသော ဥပက္ကိလေသတို့ကို သာယာခြင်းကား လမ်းမှန်မဟုတ်၊ လမ်းမှားတည်း''ဟု လမ်းမှန်နှင့်လမ်းမှားကို ပိုင်းခြားသိမြင်၍တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ = လမ်းမှန်နှင့်လမ်းမှား၌ အသိအမြင်စင်ကြယ်သော ဉာဏ်ပညာပေတည်း။**

- **သစ္စာသုံးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိပုံ**

ဤမျှအားထုတ်ခဲ့သောဘာဝနာအစီအရင်ဖြင့် ယောဂီသည် သစ္စာသုံးပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိမြင်ပြီးဖြစ်ပေ၏။

(၁) **ဒိဋ္ဌိဝိသုဒ္ဓိ**အရာ၌ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီးဖြစ်၍ **ဒုက္ခသစ္စာပိုင်းခြားခြင်း**ကို ပြုအပ်ပြီးဖြစ်၏။

(၂) **ကင်္ခါဝိတရဏဝိသုဒ္ဓိ**အရာ၌ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် နာမ်ရုပ်တို့ကိုဖြစ်စေသည့် အကြောင်းတရားများကို သိမ်းဆည်းပြီးဖြစ်၍ **သမုဒယသစ္စာပိုင်းခြားခြင်း**ကို ပြုအပ်ပြီးဖြစ်ပေ၏။

(၃) **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**အရာ၌ လမ်းမှန်ကို ကန့်သတ်ပိုင်းခြားခြင်းဖြင့် **မဂ္ဂသစ္စာ** ပိုင်းခြားခြင်းကို ပြုအပ်ပြီးဖြစ်ပေ၏။

- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

(၁၉၉၈, ၁၉၉၁, ၂၀၀၃, ၂၀၁၀ ခုနှစ်များ၌မမေးပါ)

**၁။ 'ထမင်းအသက် ၇ ရက်၊ ရေအသက်တစ်မနက်' ဟူသောစကားအရ အမိဝမ်းခေါင်းကိန်းအောင်းနေဆဲဖြစ်သော သန္တေသားသည် မည်ကဲ့သို့အစာအာဟာရကို ရရှိ၍ အသက်မသေတည်ရှိနေနိုင်ပါသနည်း၊ ဖြေဆိုပါ။** (၁၉၈၃၊ စမန ၂၆၀)

**အဖြေ – အမိဝမ်းခေါင်းကိန်းအောင်းနေဆဲသန္တေသားသည် အသက်ရှင်နေရန် အစာအာဟာရရရှိပုံမှာ** ပဋိသန္ဓေတည်စအခါ၌ ကမ္မဇရုပ်ကလာပ် ၃ စည်းနှင့် ရုပ် ၃၀ ဖြစ်၏။ ဤကမ္မဇရုပ်ကလာပ်များ၌ပါရှိသော ဩဇာခေါ်အာဟာရရုပ်သည် ဌီသို့ရောက်သောအခါ အာဟာရဇဩဇဋ္ဌမကရုပ်ကလာပ်ကိုဖြစ်စေ၏၊ ဤဩဇဋ္ဌမကရုပ်ကလာပ်၌ပါရှိသောဩဇာသည်လည်း ဌီသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်ကို ဖြစ်စေပြန်၏။ ဤနည်းဖြင့် ၄ ဆက် ၅ ဆက်သောရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

ဥပါဒိန္နကအာဟာရမည်သော ကမ္မဇအာဟာရသည် ခဏမစဲအမြဲဖြစ်ပေါ်လျက်ရှိရာ ၎င်းအာဟာရတို့မှ အာဟာရဇဩဇဋ္ဌမကရုပ်ကလာပ်တို့လည်း အထက်ပါဖြစ်စဉ်အရ အဆက်မပြတ်ဖြစ်ပေါ်နေမည်ဖြစ်၏။

ပဋိသန္ဓေတည်ပြီး နှစ်သတ္တာဟခန့်ကြာသောအခါမှစ၍ မိခင်စားမျိုသောအစာအာဟာရသည် ကလေးငယ်၏တစ်ကိုယ်လုံး၌ ပျံ့နှံ့၏။ ဤအစာအာဟာရတွင်ပါရှိသော ဗဟိဒ္ဓဩဇာနှင့် ကလေးကိုယ်တွင်းရှိ အဇ္ဈတ္တဩဇာတို့ ပေါင်းမိပြီး ဌီခဏသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေ၏။ ထိုဩဇဋ္ဌမကရုပ်ကလာပ်တို့၌လည်း ဩဇာသည်

ဠီသို့ရောက်သော် တစ်ပါးသောဩဇဋ္ဌမကရုပ်ကလာပ်အပေါင်းကို ဖြစ်စေပြန်၏။ ဤနည်းဖြင့် ၁၀ ကြိမ်, ၁၂ ကြိမ်တိုင်တိုင် ရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

ဤသို့ ဩဇဋ္ဌမကရုပ်ကလာပ်များ အဆက်မပြတ်ဖြစ်ပေါ်နေခြင်းကြောင့် ကလေးငယ် အသက်ရှင်နေနိုင်ပါသည်။

## ၂။ ဘဝပန်းတိုင်တည်းဟူသောနိဗ္ဗာန်ကိုရောက်အောင် အားထုတ်လျက်ရှိသောပုဂ္ဂိုလ်၏လမ်းမှန်လမ်းမှားခရီးစဉ်နှစ်ပါးကို ခွဲခြားရေးသား၍ အောက်ပါပုဂ္ဂိုလ်တို့၏အသက်ပမာဏကိုလည်း ဖော်ပြခဲ့ပါ။ (က) ငယ်မူမပျောက်သူ၊ (ခ) ငယ်မူပြန်သူ။

(၁၉၈၃၊ စမန ၂၈၃၊ ၂၈၄၊ ၂၈၈၊ ၂၈၉၊ ၂၆၅)

## အဖြေ – လမ်းမှန်လမ်းမှား ခရီးစဉ်နှစ်ပါးကိုခွဲခြားပုံ

နိဗ္ဗာန်ကိုရောက်အောင် ရုပ်နာမ်အဖြစ်အပျက်ကိုရှုသည့် ဥဒယဗ္ဗယာနုပဿနာကို အားထုတ်နေသော အာရဒ္ဓဝိပဿနာယောဂီအား ဩဘာသ, ပီတိ, သုခစသော ဥပက္ကိလေသ ၁၀ ပါးတို့သည် ဖြစ်ပေါ်လာ၏။

ဩဘာသ– အရောင်အလင်းစသည်ဖြစ်ပေါ်လာသောအခါ ကျမ်းဂန်ဗဟုသုတမရှိသည့် ယောဂီသည် ''ငါ့အား ရှေးက ဤသို့သောအရောင်အလင်းမျိုး မဖြစ်ခဲ့ဘူး၊ မချွတ်ကေန် ပင် ငါသည် မဂ်ရပြီ, ဖိုလ်ရပြီ''ဟူ၍ မဂ်မဟုတ်သည်ကို မဂ်ဟုယူ၏၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုယူ၏။ ထိုယောဂီသည် မူလကမ္မဋ္ဌာန်းကိုစွန့်လွှတ်၍ အရောင်အလင်းစသည်ကို သာယာနေတော့၏။ ဤကားလမ်းမှားတည်း။

တစ်ဖန် မကျွမ်းကျင်မလိမ္မာသောယောဂီသည် ဥပက္ကိလေသတို့ကို –

*ဧတံ မမ* = ဤအရာသည် ငါ၏ဥစ္စာတည်း (ဒိဋ္ဌိဂါဟ)

*ဧသောဟမသ္မိ* = ဤအရာသည် ငါဖြစ်၏ (မာနဂါဟ)

*ဧသော မေ အတ္တာ* = ဤအရာသည် ငါ၏အတ္တတည်း (တဏှာဂါဟ)

ဤသို့ မှားယွင်းစွာနှလုံးသွင်းသဖြင့် ဒိဋ္ဌိ, မာန, တဏှာတို့ဖြစ်ပေါ်ကာ စိတ်တုန်လှုပ်ပျံ့လွင့်ပြီး လမ်းမှားသို့ရောက်၏။

ကျမ်းဂန်ဗဟုသုတရှိ၍ တတ်သိလိမ္မာ, ဉာဏ်ပညာရှိသောယောဂီသည် ''ငါ့အား ဤအရောင်အလင်းစသည်ဖြစ်ပေါ်၏၊ ဤအရောင်အလင်းသည် မမြဲသောတရားတည်း၊ ပျက်ခြင်းသဘောရှိ၏၊ အလိုအတိုင်းမဖြစ်ခြင်းသဘောကြောင့် အတ္တမဟုတ်၊ အနတ္တတည်း၊ ဖြစ်ပေါ်ပြီးလျှင် ပျောက်ကွယ်သွားခြင်းကြောင့် မမြဲ၊ အနိစ္စတည်း၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်နေသည့်သဘောကြောင့် ဆင်းရဲဒုက္ခတည်း''ဟု လက္ခဏာသုံးပါးတင်ရှု၏။

ဤယောဂီသည် စိတ်မပျံ့လွင့်ဘဲ ဥပက္ကိလေသအရှုပ်အထွေးကိုဖြေရှင်း၍ ''ဩဘာသစသည့် ဥပက္ကိလေသတို့သည် ဝိပဿနာလမ်းရိုးလမ်းမှန်မဟုတ်၊ လမ်းမှားတည်း။ ဥပက္ကိလေသမှ လွတ်သော ရှုမြဲရှုလျက် လမ်းမှန်သွားသောရှုသိမှု – ဝိပဿနာဉာဏ်သည်သာလျှင် လမ်းမှန်တည်း''ဟု လမ်းမှန်နှင့်လမ်းမှားကို ခွဲခြား, ပိုင်းခြား၍ ဆုံးဖြတ်၏။

(က) ငယ်မူမပျောက်သူ (မန္ဒဒသက) – ၁ နှစ်မှ ၁၀ နှစ်အထိ

(ခ) ငယ်မူပြန်သူ (မောမူဟာဒသက) – ၈၁ နှစ်မှ ၉၀ နှစ်အထိ

**၃။ ရုပ်နာမ်ထဋ္ဌုတစ်ခုခုအပေါ်၌ ဖြစ်မှု–ပျက်မှုကိုသာ ရှုမှတ်ပွားများသောဉာဏ်ကျက်စားနေသော ဥဒယဗ္ဗယာနုပဿနာဉာဏ်ပိုင်ရှင်အနေဖြင့် အဘယ်မည်သောတရားတို့ကို ဖောက်ထွင်း၍ အဘယ်မည်သောတရားတို့ကို မှတ်သားသိနိုင်ကြောင်း သဘောပေါက်အောင် ရှင်းပြပါ။** (၁၉၈၄၊ စမန ၂၈၁၊ ၂၈၂၊ ၂၈၃)

**အဖြေ – ရုပ်နာမ်ဖြစ်မှု–ပျက်မှုကိုသာ ရှုမှတ်ပွားများသောဉာဏ်ကျက်စားနေသည့် ဥဒယဗ္ဗယာနုပဿနာဉာဏ်ပိုင်ရှင်အား သစ္စာ ၄ ပါး၊ ပဋိစ္စသမုပ္ပါဒ်၊ ဧကတ္တစသည့် နည်း ၄ ပါး၊ လက္ခဏာ ၅ ပါးထင်ရှားပေါ်လွင်လာကြသဖြင့် ဤတရားတို့ကို မှတ်သားသိနိုင်သည်။**

**သစ္စာ ၄ ပါးကိုသိမြင်မှတ်သားနိုင်ပုံမှာ** (၁) အဝိဇ္ဇာစသည့်အကြောင်းပစ္စယကြောင့် နာမ်ရုပ်၏ထင်ရှားဖြစ်ပေါ်လာခြင်း – ဥဒယကိုရှုမြင်သဖြင့် **သမုဒယသစ္စာ**ပေါ်လွင်ထင်ရှားလာကာ မှတ်သိရပါသည်။ ထိုအခါ ဖြစ်စေတတ်သော **ဇနကအကြောင်းကို ထိုးထွင်း, ဖောက်ထွင်း၍သိရသည်။**

(၂) ခဏအားဖြင့် နာမ်ရုပ်၏ဖြစ်ခြင်းကိုရှုမြင်သဖြင့် **ဒုက္ခသစ္စာ**ပေါ်လွင်ထင်ရှားလာ၍ မှတ်သားသိရ၏။ ထိုအခါ **ဖြစ်ခြင်းဆင်းရဲ (ဇာတိဒုက္ခ)ကို ထိုးထွင်း, ဖောက်ထွင်း၍ သိမြင်မှတ်သားရပါသည်။**

(၃) အကြောင်းအားဖြင့် နာမ်ရုပ်၏ပျက်ခြင်းကိုရှုမြင်သဖြင့် **နိရောဓသစ္စာ**ထင်ရှားပေါ်လွင်လာ၍ မှတ်သားသိရှိရသည်။ ထိုအခါ **အကြောင်းချုပ်လျှင် နာမ်ရုပ်၏ချုပ်ခြင်းကို ထိုးထွင်း, ဖောက်ထွင်း၍ သိမြင်မှတ်သားရသည်။**

(၄) ယောဂီ၏နာမ်ရုပ်အဖြစ်အပျက်ကိုရှုမြင်သောဉာဏ်သည် ဥဒယဗ္ဗယဝိပဿနာဉာဏ်ဖြစ်၍ **လောကီမဂ်**မည်၏။ ထို့ကြောင့် **မဂ္ဂသစ္စာ**ပေါ်လွင်ထင်ရှားလာ၍ သိမြင်မှတ်သားရ၏။ ထိုအခါ သင်္ခါရ၏ဖြစ်မှုပျက်မှုကို ကိုယ်တိုင်မတွေ့မြင်ရသဖြင့် **အလွန်တွေဝေနေသောသမ္မောဟကို** ထိုးထွင်း, ဖောက်ထွင်း၍သိမြင်ပြီး ယာယီပယ်နိုင်၏။

- **ပဋိစ္စသမုပ္ပါဒ်သဘော တရားထင်ရှားလာပုံမှာ**

(၁) အဝိဇ္ဇာစသည့်အကြောင်း၏ဖြစ်ခြင်းကြောင့် သင်္ခါရစသည့်အကျိုး၏ဖြစ်ခြင်းကို ရှုမြင်သဖြင့် **အနုလုံပဋိစ္စသမုပ္ပါဒ်**ထင်ရှားလာ၍ သိမြင်မှတ်သားရ၏။ ထိုအခါ **ဤအကြောင်းဖြစ်လျှင် ဤအကျိုးဖြစ်ခြင်းကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏။**

(၂) အဝိဇ္ဇာစသည့်အကြောင်း၏ချုပ်ခြင်းကြောင့် သင်္ခါရစသည့်အကျိုး၏ချုပ်ခြင်းကို ရှုမြင်သဖြင့် **ပဋိလုံပဋိစ္စသမုပ္ပါဒ်**ထင်ရှားလာ၍ သိမြင်မှတ်သားရ၏။ ထိုအခါ ဤအကြောင်း၏ချုပ်ခြင်းကြောင့် ဤအကျိုး၏ချုပ်ခြင်းကိုထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏။

(၃) ခဏအားဖြင့် ရုပ်နာမ်၏အဖြစ်အပျက်ကိုရှုမြင်ခြင်းဖြင့် အကြောင်းကိုစွဲ၍ဖြစ်သော (ပဋိစ္စသမုပ္ပန္န) အကျိုးတရားထင်ရှားလာသဖြင့် သိမြင်မှတ်သားရ၏။ ထိုအခါ **သင်္ခတလက္ခဏာကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏။**

• **နည်း ၄ ပါးထင်ရှားပေါ်လွင်၍ မှတ်သားသိမြင်ရာ၌**

(၁) **ဧကတ္တနည်း**ထင်ရှားလာသောအခါ အကြောင်းနှင့်အကျိုးဆက်စပ်ခြင်းဖြင့် ရုပ်နာမ် အစဉ်သန္တာန်၏မပြတ်စဲခြင်းကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏၊ ဥစ္ဆေဒ ဒိဋ္ဌိကို ကောင်းစွာပယ်၏။

(၂) **နာနတ္တနည်း**ထင်ရှားလာသောအခါ အသစ်အသစ်ဖြစ်သောနာမ်ရုပ်တို့၏ဖြစ်ပေါ်ခြင်း ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏၊ သဿတဒိဋ္ဌိကို ကောင်းစွာပယ်၏။

(၃) **အဗျာပါရနည်း**ထင်ရှားလာသောအခါ ပရမတ္ထတရားတို့၏အလိုအတိုင်းမဖြစ်နိုင်ခြင်း ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏၊ အတ္တဒိဋ္ဌိကို ကောင်းစွာပယ်၏။

(၄) **ဧဝံဓမ္မတာနည်း**ထင်ရှားလာသောအခါ အကြောင်းအားလျော်စွာ အကျိုး၏ဖြစ်ခြင်း ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏၊ အကိရိယဒိဋ္ဌိကို ကောင်းစွာပယ်၏။

• **လက္ခဏာ ၅ ပါးထင်ရှားပေါ်လွင်၍ သိမြင်မှတ်သားရာ၌**

(၁) **အနတ္တလက္ခဏာ**ထင်ရှားလာသောအခါ ရုပ်နာမ်တရားတို့၏အားမထုတ်တတ်သည့် အဖြစ်၊ အကြောင်းနှင့်စပ်သောအကျိုး၏ဖြစ်ခြင်းရှိသည့်အဖြစ်တို့ကို ထိုးထွင်း, ဖောက်ထွင်း ၍သိမြင်မှတ်သားရ၏၊ အတ္တသညာကို ပယ်၏။

(၂) **အနိစ္စလက္ခဏာ**ထင်ရှားလာသောအခါ ဖြစ်ပေါ်ပြီးလျှင် ပျက်ခြင်း, ပျောက်ကွယ်သွား ခြင်း၊ ရှေ့အဖို့နောက်အဖို့၌ ကင်းဆိတ်ခြင်းတို့ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သား ရ၏၊ နိစ္စသညာကို ပယ်၏။

(၃) **ဒုက္ခလက္ခဏာ**ထင်ရှားလာသောအခါ ဖြစ်ခြင်းပျက်ခြင်းတို့က ခဏမစဲမပြတ်နှိပ်စက်ခြင်း ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏၊ သုခသညာကို ပယ်၏။

(၄) **သဘာဝလက္ခဏာ**ထင်ရှားလာသောအခါ ဖြစ်ခြင်းပျက်ခြင်းဖြင့်ပိုင်းခြားအပ်သော ပရိစ္ဆိန္နသဘောကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရ၏။

(၅) **သန္တတိလက္ခဏာ**ထင်ရှားလာသောအခါ ဖြစ်ဆဲခဏ၌ ပျက်မှုမရှိခြင်း၊ ပျက်ဆဲခဏ၌ ဖြစ်မှုမရှိခြင်းတို့ကို ထိုးထွင်း, ဖောက်ထွင်း၍သိမြင်မှတ်သားရပါသည်။

**၄။ အမိဝမ်းဗိုက် ဝမ်းကြာတိုက် နှစ်ခြိုက်ပျော်ပါး သန္ဓေသားသည် လူမိဘနှစ်ပါး၏ ကလလရေကြည်မျိုးစေ့မပါဘဲ ဖြစ်လာနိုင်ခြင်းရှိ/မရှိ ရုပ်ကိုသုံးသပ်သောယောဂီ၏ ကြည်လင်သောအမြင်အရ ရှင်းပြပါ။** (၁၉၈၄၊ စမန ၂၆၁၊ ၂၆၀)

**အဖြေ – အမိဝမ်းဗိုက်ဝမ်းကြာတိုက်၌ နှစ်ခြိုက်ပျော်ပါးသန္ဓေသားသည် မိဘနှစ်ပါး၏ ကလလရေကြည်မျိုးစေ့မပါဘဲ ဖြစ်လာနိုင်ခြင်းမရှိပါ။** အကြောင်းမှာ ထိုကလလရေ ကြည်တွင် ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကဟူသော ကမ္မဇရုပ်ကလာပ် ၃ စည်း ရုပ် ၃၀ တို့ပါရှိသည်။ ဤကမ္မဇရုပ်ကလာပ်တို့၌ ပါရှိသည့် ဥတုမှ ဋ္ဌီရောက်သည့်အခါ ဥတုဇသြဇဋ္ဌမကရုပ်ကလာပ်ဖြစ်၏၊ ဤသြဇဋ္ဌမကရုပ်ကလာပ်၏ဥတုမှတစ်ဆင့် နောက်ထပ် ဥတုဇသြဇဋ္ဌမကရုပ်ကလာပ်ဖြစ်ပြန်၏။ ဤနည်းဖြင့် ၄ ဆက် ၅ ဆက်သော ရုပ်ဖြစ်စဉ် ကို ဆက်စပ်၍ဖြစ်စေ၏။

ပဋိသန္ဓေတည်ပြီး နှစ်သတ္တခန့်ကြာသောအခါမှစ၍ မိခင်စားမျိုသောအစာအာဟာရသည် ကလေးငယ်၏တစ်ကိုယ်လုံး၌ ပျံ့နှံ့၏။ ဤအစာအာဟာရ၌ပါရှိသော ဗဟိဒ္ဓသြဇာနှင့်ကလေးကိုယ်တွင်းရှိ အဇ္ဈတ္တသြဇာတို့ ပေါင်းမိပြီး ဌီခဏသို့ရောက်သော် တစ်ပါးသောသြဇဋ္ဌမက ရုပ်ကလာပ်အပေါင်းကို ဖြစ်စေ၏။ ဤသြဇဋ္ဌမကရုပ်ကလာပ်တို့၌လည်း သြဇာသည် ဌီသို့ရောက်သော် တစ်ပါးသောသြဇဋ္ဌမကရုပ်ကလာပ်အပေါင်းကိုဖြစ်စေပြန်၏။ ဤနည်းဖြင့် ၁၀ ကြိမ် ၁၂ ကြိမ်တိုင်တိုင် ရုပ်ဖြစ်စဉ်ကို ဆက်စပ်၍ဖြစ်စေ၏။

ဤသို့ သြဇဋ္ဌမကရုပ်ကလာပ်များ အဆက်မပြတ်ဖြစ်ပေါ်နေခြင်းကြောင့် ကလေးငယ် အသက်ရှင်နေနိုင်ပါသည်။ (နံပါတ် ၁ မေးခွန်းအဖြေနှင့်ဆင်တူပါသည်။)

**၅။ လူတို့အား လျောင်း-ထိုင်-ရပ်-သွား လေးပါးဣရိယာဖြစ်လာအောင် မည်သည့်တရားများက ပြုလုပ်ပေးကြသနည်း၊ ဖြစ်ကြောင်းသမုဋ္ဌာန်အမြင်ဖြင့် ဝေဖန်ခဲ့ပါ။**

(၁၉၈၅၊ စမန ၂၅၉)

**အဖြေ – လျောင်း-ထိုင်-ရပ်-သွား လေးပါးဣရိယာဖြစ်လာအောင် အောက်ပါစိတ်တို့က ပြုလုပ်ပေးကြပါသည်။**

မနောဒွါရာဝဇ္ဇန်းစိတ် ၁ ပါး၊ ကာမဇောစိတ် ၂၉ ပါး၊ အဘိညာဉ်စိတ် ၂ ပါး၊ ပေါင်းစိတ် ၃၂ ပါးတို့သည် စိတ္တဇရုပ်, ဣရိယာပုထ်, ဝိညတ်ရုပ်တို့ကိုဖြစ်စေပါသည်။

အပ္ပနာ ဇော ၂၆ ပါးတို့သည် စိတ္တဇရုပ်နှင့် ဣရိယာပုထ်တို့ကိုဖြစ်စေပါသည်။

ထို့ကြောင့် အထက်ပါစိတ် ၅၈ ပါးတို့က ဣရိယာပုထ်လေးပါးကို ပြုလုပ်ပေးကြပါသည်။

**၆။ ဝိပဿနာရှုပွားကြရာဝယ် ဒိဋ္ဌိ-မာန-တဏှာကွာသောရှုပွားနည်း၊ မကွာသောရှုပွားနည်းများကို အရိယာဝံသကထာ၌ ညွှန်ပြချက်အတိုင်းဖော်ပြခဲ့ပါ။**

(၁၉၈၅၊ စမန ၂၇၄၊ ၂၇၅)

**အဖြေ –** ဝိပဿနာရှုပွားရာဝယ် ဒိဋ္ဌိ-မာန-တဏှာကွာသောရှုပွားနည်း၊ မကွာသောရှုပွားနည်းတို့မှာ အရိယာဝံသကထာအရ အောက်ပါအတိုင်းဖြစ်၏။

''ငါ ဝိပဿနာရှု၏၊ ငါ၏ဝိပဿနာတည်း''ဟု ယူသောယောဂီအား **ဒိဋ္ဌိကိုပယ်ခွါခြင်း မည်သည် မဖြစ်သေး**။ စင်စစ်သော်ကား ''သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏၊ သုံးသပ်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားကုန်၏''ဟုယူသော ယောဂီအား **ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် ဖြစ်၏။**

''ငါ ကောင်းစွာဝိပဿနာရှု၏၊ နှစ်လိုဖွယ်ရှိ၏''ဟုယူသောယောဂီအား **မာနကိုပယ်ခွါခြင်း မည်သည် မဖြစ်သေး။** စင်စစ်သော်ကား ''သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကိုရှုကုန်၏၊ သုံးသပ်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားကုန်၏''ဟုယူသော ယောဂီအား **မာနကို ပယ်ခွါခြင်းမည်သည် ဖြစ်၏။**

''ငါသည် ဝိပဿနာရှုခြင်းငှာစွမ်းနိုင်၏''ဟု ဝိပဿနာရှုခြင်းကို သာယာသောယောဂီအား **သိမ်မွေ့သောတဏှာ – နိကန္တိကို ကုန်စေခြင်းမည်သည်မဖြစ်သေး။** စင်စစ်သော်ကား ''သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကိုရှုကုန်၏၊ သုံးသပ်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ သိမ်း

ဆည်းကုန်၏၊ ပိုင်းခြားကုန်၏’’ ဟုရှုမှတ်သောယောဂီအား **သိမ်မွေ့သောတဏှာ ကုန်စေခြင်းမည်သည် ဖြစ်ပေ၏။**

**၇။ လူများ၏အလှဆုံး၊ အားအရှိဆုံး၊ ဉာဏ်အထက်ဆုံးအရွယ်များကို ပိုင်းခြားပြပြီးလျှင် ၎င်းအရွယ်များ၌ လက္ခဏာတင်ဆင်ခြင်သုံးသပ်ပုံကိုလည်း ဖော်ပြပါ။**

(၁၉၈၆၊ စမန ၂၆၅)

**အဖြေ** – လူများ၏**အလှဆုံးအရွယ်**သည် အသက် ၂၁ နှစ်မှ ၃၀ နှစ်အတွင်းဖြစ်ပါသည်၊ ဝဏ္ဏဒသကအရွယ်ဖြစ်ပါသည်။

**အားအရှိဆုံးအရွယ်**သည် အသက် ၃၁ နှစ်မှ ၄၀ နှစ်အတွင်းဖြစ်ပါသည်၊ ဗလဒသကအရွယ်ဖြစ်ပါသည်။

**ဉာဏ်အထက်ဆုံးအရွယ်**သည် အသက် ၄၁ နှစ်မှ ၅၀ နှစ်အတွင်းဖြစ်ပါသည်၊ ပညာဒသကအရွယ်ဖြစ်ပါသည်။

**ဤအရွယ်များ၌ လက္ခဏာတင်ဆင်ခြင်သုံးသပ်ပုံမှာ –**

ဝဏ္ဏဒသကအရွယ်၌ဖြစ်သောရုပ်သည် ဗလဒသကအရွယ်သို့မရောက်၊ ထိုဝဏ္ဏဒသကအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ဝဏ္ဏဒသကအရွယ်ရုပ်သည် မမြဲ–အနိစ္စတည်း၊ သုခမဟုတ်၊ ဒုက္ခ–ဆင်းရဲတည်း၊ အတ္တမဟုတ်–အနတ္တတည်းဟုလက္ခဏာတင်ရှု၏။

ဗလဒသကအရွယ်၌ဖြစ်သောရုပ်သည် ပညာဒသကအရွယ်သို့မရောက်၊ ထိုဗလဒသကအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ဗလဒသကအရွယ်ရုပ်သည် မမြဲ–အနိစ္စတည်း၊ သုခမဟုတ်၊ ဒုက္ခ–ဆင်းရဲတည်း၊ အတ္တမဟုတ်–အနတ္တတည်းဟုလက္ခဏာတင်ရှု၏။

ပညာဒသကအရွယ်၌ဖြစ်သောရုပ်သည် ဟာနိဒသကအရွယ်သို့မရောက်၊ ထိုပညာဒသကအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ပညာဒသကအရွယ်ရုပ်သည် မမြဲ–အနိစ္စတည်း၊ သုခမဟုတ်၊ ဒုက္ခ–ဆင်းရဲတည်း၊ အတ္တမဟုတ်–အနတ္တတည်းဟုလက္ခဏာတင်ရှု၏။

**၈။ ရှေ့သို့သွားခြင်းကိုပြုလုပ်၍ စက်ရုပ်သဖွယ်လှုပ်ရှားနေသောသင့်အား အဘယ်ဓာတ်တွေဦးဆောင်မှုဖြင့် လှုပ်ရှားနေပါသနည်း၊ အလွန်–အယုတ်ဖြစ်သောဓာတ်တို့ကို အခိုက်အတန့်အားလျော်စွာခွဲခြားပြပါ။** (၁၉၈၇၊ စမန ၂၆၇)

**အဖြေ** – ရှေ့သို့သွားခြင်း၌ တေဇောဓာတ်နှင့်တကွ ဝါယောဓာတ်လွန်ကဲ၍ဦးဆောင်၏။

– **ခြေကိုမြေမှကြွချီဆဲ**၌ ပထဝီဓာတ်နှင့်အာပေါဓာတ်နှစ်ပါးတို့ အားနည်း၍ယုတ်ညံ့၏။ တေဇောဓာတ်နှင့်ဝါယောဓာတ်နှစ်ပါးတို့က လွန်ကဲ၍အားကြီးကြ၏။

– **ခြေကိုရှေ့သို့ဆောင်ယူဆဲ**, သစ်ငုတ်စသည်ကို**ရှောင်ဖယ်ဆဲ**တို့၌လည်း ပထဝီဓာတ်နှင့်အာပေါဓာတ်နှစ်ပါးတို့ အားနည်း၍ယုတ်ညံ့၏၊ တေဇောဓာတ်နှင့်ဝါယောဓာတ်နှစ်ပါးတို့က လွန်ကဲ၍အားကြီးကြ၏။

– ခြေကို**အောက်သို့ချဆဲ, အရှိန်လွတ်ဆဲ**၌ တေဇောဓာတ်နှင့်ဝါယောဓာတ်နှစ်ပါးတို့ ယုတ်ညံ့၍အားနည်းကုန်၏၊ ပထဝီဓာတ်နှင့်အာပေါဓာတ်နှစ်ပါးတို့က လွန်ကဲ၍အားကြီး၏။

– **ခြေကိုချထားဆဲ, ဖိနင်းဆဲတို့၌**လည်း တေဇောဓာတ်နှင့်ဝါယောဓာတ်တို့က ယုတ်ညံ့၍

အားနည်းကုန်၏၊ ပထဝီဓာတ်နှင့်အာပေါဓာတ်တို့က လွန်ကဲ၍အားကြီးကြ၏။

**၉။ ဝိပဿနာအရာဝယ် တွင်ကျယ်စွာသုံးနှုန်းလေ့ရှိသော လောကီပရိညာသုံးပါး၏ သဘောကို နားလည်သလောက်ဖြေဆိုခဲ့ပါ။** (၁၉၈၉၊ စမန ၂၄၆၊ ၂၄၇)

**အဖြေ – လောကီပရိညာ ၃ ပါးမှာ** ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာတို့ ဖြစ်ကြ၏။

(၁) **ဉာတပရိညာ** – သိအပ်သိထိုက်သောနာမ်ရုပ်နှင့် အကြောင်းတရားတို့ကို ပိုင်းခြား၍ သိသောဉာဏ်ပညာဖြစ်၏၊

''ဖောက်ပြန်ခြင်းလက္ခဏာရှိသောတရားသည် ရုပ်တည်း၊ ခံစားခြင်းလက္ခဏာရှိသောတရား သည် ဝေဒနာတည်း'' ဤသို့သောနည်းဖြင့် ထိုထိုရုပ်နာမ်တရားတို့၏အသီးသီးသော **သဘာဝလက္ခဏာ**ကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့်ဖြစ်သောပညာသည် ဉာတပရိညာ မည်၏။

(၂) **တီရဏပရိညာ** – စုံစမ်းသုံးသပ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာတည်း၊ သဘာဝ လက္ခဏာကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့် ယူပြီး, ရှုသိပြီးဖြစ်ကုန်သောနည်း ဖြင့် **သာမညလက္ခဏာ**ကိုတင်ရှု၍ဖြစ်သော လက္ခဏာလျှင်အာရုံရှိသော ဝိပဿနာပညာ သည် တီရဏပရိညာမည်၏။

(၃) **ပဟာဏပရိညာ** – ပယ်လျက်ပိုင်းခြား၍သိသောဉာဏ်ပညာတည်း၊

သာမညလက္ခဏာကို ရှုသည့်အစွမ်းအားဖြင့် ယူပြီး, ရှုသိပြီးကုန်သော ထိုရုပ်နာမ်တရား တို့၌ပင်လျှင် **နိစ္စသညာစသည်ကို ပယ်သည့်အစွမ်းအားဖြင့်**ဖြစ်သော လက္ခဏာလျှင်အာရုံ ရှိသော ဝိပဿနာပညာသည် ပဟာနပရိညာမည်၏။

**ပရိညာသုံးပါးတို့၏ဖြစ်ရာဘုံတို့မှာ –**

**ဉာတပရိညာ၏ဖြစ်ရာဘုံ**သည် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်အထိဖြစ် ၏။ ဤကာလ၌ နာမ်ရုပ်တို့၏အသီးအသီးသောသဘာဝလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**တီရဏပရိညာ၏ဖြစ်ရာဘုံ**သည် ကလာပသမ္မသနဉာဏ်မှစ၍ ဉဒယဗ္ဗယဉာဏ်အထိ ဖြစ်၏။ ဤကာလ၌ နာမ်ရုပ်တို့၏သာမညလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူး ဖြစ်၏။

**ပဟာနပရိညာဖြစ်ရာဘုံ**သည် ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်များအထိဖြစ်၏။ ဤကာလ ၌ အနိစ္စာနုပဿနာစသည့် အနုပဿနာ ၇ ပါးသည် အကြီးအမှူးဖြစ်၏။

**၁၀။ (က) အကြောင်းနှင့်အကျိုးစပ်သဖြင့် သန္တာန်အစဉ်အဆက်မပြတ် ထိုးထွင်း၍သိ မြင်အောင်ရှုသောယောဂီ၊ (ခ) အသစ်အသစ်သောသင်္ခါရတို့၏ဥပါဒ်ခဏကို သိမြင် အောင်ရှုသောယောဂီတို့သည် အဘယ်ဒိဋ္ဌိများကို စွန့်ပစ်ပယ်ခွါပါသနည်း၊ အသီးသီး ဖြေဆိုပါ။** (၁၉၈၉၊ စမန ၂၈၂)

အဖြေ – (က) အကြောင်းနှင့်အကျိုးစပ်သဖြင့် သန္တာန်အစဉ်အဆက်မပြတ်ထိုးထွင်း၍

သိမြင်အောင်ရှုသောယောဂီသည် **ဥစ္ဆေဒဒိဋ္ဌိကို စွန့်ပစ်ပယ်ချပါသည်။**

(ခ) အသစ်အသစ်သောသင်္ခါရတို့၏ဥပါဒ်ခဏကို သိမြင်အောင်ရှုသောယောဂီသည် **သဿတဒိဋ္ဌိကို စွန့်ပစ်ပယ်ချပါသည်။**

**၁၁။ တရားအားထုတ်နေသောယောဂီ၏ အမှတ်ဖြင့်ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသည်ကိုပြုလုပ်ရာဝယ် ဝိပဿနာရှုပွားပုံကိုညွှန်ပြခဲ့ပါ။** (၁၉၉၀၊ စမန ၂၆၇)

**အဖြေ** – တရားအားထုတ်နေသောယောဂီ၏အမှတ်ဖြင့် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသည်ကိုပြုလုပ်ရာဝယ် ဝိပဿနာရှုပွားပုံမှာ –

– ''ရှေ့သို့တက်ဆဲ၌ မပြတ်ဖြစ်သောရုပ်သည် နောက်သို့ဆုတ်ဆဲသို့မရောက်မူဘဲ ထိုရှေ့သို့တက်ဆဲ၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် ရှေ့သို့တက်ဆဲ၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ''ဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

– ''နောက်သို့ဆုတ်ဆဲ၌ မပြတ်ဖြစ်သောရုပ်သည် တည့်တည့်ကြည့်ဆဲသို့မရောက်မူဘဲ ထိုနောက်သို့ဆုတ်ဆဲ၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် နောက်သို့ဆုတ်ဆဲ၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ''ဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

တည့်တည့်ကြည့်ဆဲ၌ မပြတ်ဖြစ်သောရုပ်၊ စောင်းငဲ့ကြည့်ဆဲ၌ မပြတ်ဖြစ်သောရုပ်၊ လက်ကွေးဆဲ၌ မပြတ်ဖြစ်သောရုပ်၊ လက်ဆန့်ဆဲ၌ မပြတ်ဖြစ်သောရုပ်စသည်တို့ကိုလည်း အလားတူပင် လက္ခဏာသုံးပါးတစ်လှည့်စီတင်ရှုပါသည်။

**၁၂။ ဝိပဿနုပက္ကိလေသ ၁၀ ပါးတွင် 'ဩဘာသ'ဟူသည် အဘယ်၌ကျရောက်သော အရောင်အလင်းပါနည်း၊ ယင်းအရောင်အလင်းသည် အဘယ်သမုဋ္ဌာန်များဖြစ်ပါသနည်း၊ ဖြေဆိုခဲ့ပါ။** (၁၉၉၀၊ စမန ၂၈၄)

**အဖြေ** – ဝိပဿနုပက္ကိလေသ ၁၀ ပါးတွင် **'ဩဘာသ'သည် ဝိပဿနာစိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာန်အရောင်အလင်းတည်း။** ထိုစိတ္တသမုဋ္ဌာန်အရောင်အလင်း၌ပါသော စိတ္တဇဩဇဋ္ဌမကရုပ်ကလာပ်များတွင်ပါဝင်သည့် တေဇော (ဥတု)တို့သည် ငြိမ်သို့ရောက်သော် ဥတုဇဩဇဋ္ဌမကရုပ်ကလာပ်များကိုဖြစ်စေသည်၊ ဤဥတုဇဩဇဋ္ဌမကရုပ်ကလာပ်၌ပါရှိသည့် တေဇော (ဥတု)တို့ကလည်း ငြိမ်သို့ရောက်သော် ဥတုဇဩဇဋ္ဌမကရုပ်ကလာပ်များကိုဖြစ်စေသည်။ ဤဆင့်ပွားဥတုဇဩဇဋ္ဌမကရုပ်ကလာပ်များသည်လည်း အရောင်အလင်းကို ဖြစ်စေသည်။ ထို့ကြောင့် **မူလဩဘာသသည် စိတ္တသမုဋ္ဌာန်ဖြစ်ပြီး ဆင့်ကဲဩဘာသအရောင်အလင်းမှာ ဥတုဇသမုဋ္ဌာန်ဖြစ်သည်။**

ယင်းအရောင်အလင်းသည် အချို့သောယောဂီအား တင်ပလ္လင်ခွေအရပ်ကိုသာ လင်းစေ၏၊ အချို့အား တစ်ခန်းလုံးကို၊ အချို့အား တစ်ကျောင်းလုံးကို၊ အချို့အား ၁ ဂါဝုတ်အရပ်ကို၊ အချို့အား ယူဇနာခွဲအရပ်ကို၊ ၁ ယူဇနာအရပ်ကို၊ ၂ ယူဇနာအရပ်ကို၊ ၃ ယူဇနာအရပ်ကို။ ပ ။ အချို့အားမူ မြေပြင်မှ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်သောအရပ်ကို လင်းထိန်စေ၏။ မြတ်စွာဘုရား၌မူကား တစ်သောင်းသောလောကဓာတ်ကို လင်းစေလျက်ဖြစ်ပေါ်၏။

**၁၃။ လဆန်းရက်၊ လဆုတ်ရပ်၊ နှစ်မျိုးပိုင်း၍ လက္ခဏာတင်ဆင်ခြင်ပုံကို ပြဆိုပြီးလျှင်၊ မိုးတိမ်ထူထပ်သော၊ လကွယ်ဥပုသ်နေ့ညသန်းခေါင်းဝယ် နံရံနှစ်ထပ်ကာကျောင်း အတွင်း၌ ဝိပဿနာအရောင်အဝါနှင့်စပ်၍ ရဟန်းနှစ်ပါး အဘယ်သို့ပြောဆိုနေကြ သည်ကို ဖြေဆိုပါ။** (၁၉၉၂၊ စမန ၂၆၆၊ ၂၈၄)

**အဖြေ – လဆန်းရက်၊ လဆုတ်ရပ်၊ နှစ်မျိုးပိုင်း၍ လက္ခဏာတင်ဆင်ခြင်ပုံမှာ**

လဆန်းရက်၌ မပြတ်ဖြစ်သောရုပ်သည် လဆုတ်ရက်သို့မရောက်မူဘဲ လဆန်းရက်၌သာ လျှင် ချုပ်ကုန်၏။ ထို့ကြောင့် လဆန်းရက်၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်၍ ဆင်ခြင်ရှုပွား၏။

ထို့အတူ လဆုတ်ရက်၌မပြတ်ဖြစ်သောရုပ်သည် လဆန်းရက်သို့မရောက်မူဘဲ လဆုတ်ရက် ၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့် လဆုတ်ရက်၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်၍ ဆင်ခြင်ရှုပွား၏။

**မိုးတိမ်ထူထပ်သော လကွယ်ဥပုသ်နေ့ညသန်းခေါင်ဝယ်** နံရံနှစ်ထပ်ကာကျောင်း အတွင်း၌ ဝိပဿနာအရောင်အဝါနှင့်စပ်၍ ရဟန်းနှစ်ပါးပြောဆိုပုံမှာ –

မထေရ်တစ်ပါးက ''အရှင်ဘုရား၊ တပည့်တော်အား ယခုအခါ စေတီယင်ပြင်ကမြတ် သည့်ပလ္လင်ပေါ်မှာ ပူဇော်ထားသော အဆင်းငါးမျိုးရှိသည့်ပန်းများ ထင်ပေါ်နေပါသည် ဘုရား''ဟုဆို၏။

အခြားမထေရ်က ''ငါ့ရှင်၊ အံ့ဖွယ်မဟုတ်သည်ကို ပြောဘိ၏၊ ငါ့မှာမူ ယခုအခါ မဟာ သမုဒ္ဒရာထဲက တစ်ယူဇနာကျယ်ဝန်းသည့်အရပ်မှာ ငါးနှင့်လိပ်များထင်ပေါ်နေပါသည်''ဟု ပြောဆို၏။

**၁၄။ အဘယ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဉာဏ်အမြင် ခေါ်ပါသနည်း။**

(၁၉၉၂၊ စမန ၃၇၁၊ ၃၇၂)

ကျမ်းဂန်ဗဟုသုတရှိ၍ တတ်သိလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသောယောဂီသည် ဥဒယဗ္ဗယာ နုပဿနာကို စီးဖြန်းနေစဉ် ဩဘာသ, ပီတိ, သုခစသည့် ဥပက္ကိလေသ ၁၀ ပါးဖြစ် ပေါ်လာသောအခါ ထိုဥပက္ကိလေသတို့၌သာယာမနေဘဲ ဥပက္ကိလေသတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု တင်ရှု၏။ နာမသတ္တကခေါ် နာမ်သုံးသပ်ပုံ ၇ မျိုးဖြင့် ရှုဆင်ခြင်၍ ဥပက္ကိလေသ အရှုပ်အထွေးကိုဖြေရှင်း၏။

ထိုသို့ ဥပက္ကိလေသအရှုပ်အထွေးကိုဖြေရှင်း၍ ပုံ့လွင့်ခြင်းသို့မရောက်သောယောဂီသည် ''ဩဘာသစသည့် ဥပက္ကိလေသတို့၌သာယာမှုကား ဝိပဿနာလမ်းရိုးလမ်းမှန်မဟုတ်၊ လမ်းမှားတည်း။ ဥပက္ကိလေသမှလွတ်သော ရှုမြဲရှုလျက် လမ်းမှန်သွားသောရှုသိမှု – ဝိပဿနာပညာသည်သာလျှင် လမ်းမှန်တည်း''ဟု လမ်းမှားနှင့်လမ်းမှန်တို့ကို ပိုင်းခြား၍ ဆုံးဖြတ်၏။

''ဤရှုမြဲရှုလျက် လမ်းမှန်သွားသော ရှုသိမှုပညာသည်ကား ပုဗ္ဗဘာဂမဂ် – လမ်းမှန် တည်း၊ ဥပက္ကိလေသတို့ကိုသာယာခြင်းကား လမ်းမှန်မဟုတ်၊ လမ်းမှားတည်း''ဟု လမ်းမှန်

နှင့်လမ်းများကို ပိုင်းခြားသိမြင်၍တည်သောဉာဏ်သည် (ဝါ) လမ်းမှန်နှင့်လမ်းများ၌ အသိအမြင်စင်ကြယ်သောဉာဏ်ပညာသည် '**မဂ္ဂါမဂ္ဂဉာဏဒဿနဉာဏ်အမြင်**' မည်ပါသည်။

**၁၅။ (က) သိသင့်သည်ကို ပိုင်းခြားစိတ်ဖြာသိသောဉာဏ် (ဉာတပရိညာ)၊ (ခ) စုံစမ်းသုံးသပ်ပိုင်းခြားဆင်ခြင်ဉာဏ်အမြင် (တီရဏပရိညာ)တို့၏ ဂုဏ်အရည်အချင်းကို ဖော်ပြပါ။** (၁၉၉၃၊ စမန ၂၄၆၊ ၂၄၇)

**အဖြေ –** စာမျက်နှာ ၂၉၅, ၂၉၆ ၌ နံပါတ် ၉ အဖြေတွင်ပါသည်။

**၁၆။ မည်သို့သောပုဂ္ဂိုလ်မျိုးသာ အရောင်အလင်းထွက်ခြင်း (ဩဘာသ) စသောဝိပဿနာအန္တရာယ်များဖြစ်ပေါ်နိုင်သည်ကို ဖော်ပြပါ။** (၁၉၉၄၊ စမန ၂၈၃၊ ၂၈၄)

**အဖြေ –** နာမ်ရုပ်အဖြစ်အပျက်ကိုရှုသည့် ဥဒယဗ္ဗယာနုပဿနာ (ဝါ) တရုဏဝိပဿနာဖြင့် အားထုတ်စပြုပြီးသော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အား ဝိပဿနာညစ်ညူးကြောင်း ဥပက္ကိလေသတို့သည် ဖြစ်ပေါ်လာကြ၏။

ဥပက္ကိလေသတို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသည့် ပဋိဝေဓသို့ရောက်ပြီးသောအရိယပုဂ္ဂိုလ်၊ ဖောက်ပြန်မှားယွင်းစွာကျင့်သောပုဂ္ဂိုလ်၊ ကမ္မဋ္ဌာန်းကိုချထား၍ ရပ်နားနေသောပုဂ္ဂိုလ်၊ ပျင်းရိစွာအားထုတ်နေသောပုဂ္ဂိုလ်တို့၌ မဖြစ်ပေါ်ကုန်။

နည်းလမ်းမှန်စွာ မပြတ်အားထုတ်သဖြင့် ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်သည့်တိုင်အောင် အားထုတ်စပြုပြီးသော ယောဂီပုဂ္ဂိုလ်များ၌သာလျှင် ဥပက္ကိလေသ ၁၀ ပါးဖြစ်ရိုးရှိပေ၏၊ မဖြစ်ဘဲမရှိ၊ ဖြစ်ပါမှ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ခွင့်ရှိပေ၏။

**၁၇။ (က) သွားဆဲကာလဝယ် ဝိပဿနာရှုရာ၌ ခြေတစ်လှမ်းကို အပိုင်း ၆ ပိုင်း စိတ်ဖြာပိုင်းခြားပြီးလျှင်၊ (ခ) ပထမပိုင်း၌ လက္ခဏာသုံးပါးတင်၍ ဆင်ခြင်ရှုမှတ်ပုံကိုလည်း ဖြေဆိုပါ။** (၁၉၉၅၊ စမန ၂၆၇)

**အဖြေ – (က) ခြေတစ်လှမ်းကို အပိုင်း ၆ ပိုင်းစိတ်ဖြာပိုင်းခြားပုံမှာ**

(၁) ခြေကို မြေမှကြွချီခြင်း (ကြွခြင်း)
(၂) ခြေကို ရှေ့သို့ဆောင်ယူခြင်း (ဆောင်ခြင်း)
(၃) ခြေကို ရှောင်ဖယ်ခြင်း (သစ်ငုတ်စသည်ကိုရှောင်ဖယ်ခြင်း) (ရှောင်ခြင်း)
(၄) ခြေကို အောက်သို့ချခြင်း, အရှိန်လွှတ်ခြင်း (လွှတ်ခြင်း)
(၅) ခြေကို မြေပေါ်၌ချထားခြင်း (ချထားခြင်း)
(၆) ခြေကို မြေပေါ်၌ဖိနင်းခြင်း (ဖိနင်းခြင်း)တို့ ဖြစ်ပါသည်။

**(ခ) ပထမပိုင်း၌ လက္ခဏာသုံးပါးတင်၍ ဆင်ခြင်ရှုမှတ်ပုံမှာ**

ထို ၆ ပိုင်းတွင် ကြွဆဲ၌ဖြစ်သော ဓာတ်တို့သည်လည်းကောင်း၊ ထိုဓာတ်တို့ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်တို့သည်လည်းကောင်း၊ ဤအလုံးစုံသောတရားတို့သည် ဆောင်ဆဲသို့ မရောက်မူဘဲ ထိုကြွဆဲ၌ပင်လျှင် ချုပ်ကုန်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်၍ ဆင်ခြင်ရှုမှတ်ပါသည်။

**၁၈။ ဝိပဿနာညစ်ညူးကြောင်းအရောင်အလင်း၌ စွဲလမ်းဖမ်းယူမှုသုံးမျိုးဖြစ်ပုံကို**

**ဖော်ပြပြီးလျှင်၊** (၁၉၉၅၊ စမန ၂၈၈)

**အဖြေ** – ဝိပဿနာညစ်ညူးကြောင်းအရောင်အလင်း၌ စွဲလမ်းဖမ်းယူမှုသုံးမျိုးဖြစ်ပုံမှာ

(၁) ''ငါ့အား အရောင်အလင်းဖြစ်ပေါ်၏''ဟုစွဲယူလျှင် ဒိဋ္ဌိစွဲ (ဒိဋ္ဌိဂါဟ) ဖြစ်၏။

(၂) ''နှစ်လိုဖွယ်ကောင်းသောအရောင်အလင်းသည် ဖြစ်ပေါ်လေပြီ''ဟုစွဲယူလျှင် မာနစွဲ (မာနဂါဟ) ဖြစ်၏။

(၃) အရောင်အလင်းကို သာယာ၍ရှုနေလျှင် တဏှာစွဲ (တဏှာဂါဟ) ဖြစ်၏။

ဤသို့လျှင် ဒိဋ္ဌိ, မာန, တဏှာတို့၏အလိုအားဖြင့် စွဲလမ်းဖမ်းယူမှုသုံးမျိုး ဖြစ်ပေါ်၏။ တစ်နည်းဖော်ပြရလျှင်

(၁) ဧတံ မမ = ဤအရောင်အလင်းသည် ငါ၏ဥစ္စာတည်း (ဒိဋ္ဌိဂါဟ)

(၂) ဧသောဟမသ္မိ = ဤအရောင်အလင်းသည် ငါ၌သာဖြစ်၏ (မာနဂါဟ)

(၃) ဧသော မေ အတ္တာ = ဤအရောင်အလင်းသည် ငါ၏အတ္တတည်း (တဏှာဂါဟ)

ဤသို့လျှင် စွဲလမ်းဖမ်းယူမှုသုံးမျိုးဖြစ်ပေါ်၏။

**၁၉။ ခန္ဓာငါးပါးရှိသူကို သူစိမ်းပြင်ပ(ပရ) ဟုဘာကြောင့်သုံးသပ်သင့်သည်ကို ဖြေဆိုပြီးလျှင်၊ အသက် ၁၀၀ ရှိသူ၏ပညာပေါကြွယ် နှစ်တစ်ဆယ်ကိုလည်း ဖော်ပြပါ။**

(၁၉၉၆၊ စမန ၂၅၅)

**အဖြေ – ခန္ဓာငါးပါးရှိသူကို သူစိမ်းပြင်ပ (ပရ) ဟုသုံးသပ်သင့်ခြင်းမှာ**

ခန္ဓာငါးပါးသည် အလိုအတိုင်း မဖြစ်သောကြောင့်လည်းကောင်း၊ မအိုစေလင့်, မနာစေလင့်စသည်ကို မစီမံမခန့်ခွဲတတ်သောကြောင့်လည်းကောင်း၊ သူစိမ်းပြင်ပ (ပရ) နှင့်တူသည်ဟု သုံးသပ်သင့်၏။ သူစိမ်းပြင်ပနှင့်တူသည့်အဖြစ်ကို ရှင်းလင်းစွာမြင်သိပါမှ သာသနာပြင်ပ တိတ္ထိတို့ယူဆသော အတ္တကောင်မရှိခြင်းဟူသည့် အနတ္တသဘောကို ရှင်းလင်းစွာမြင်သိပါသည်။

ဖြစ်ပြီးသောသင်္ခါရတို့သည် ဌီခဏသို့မရောက်ပါစေကုန်လင့်၊ ဌီခဏသို့ရောက်သောသင်္ခါရတို့သည် မအိုမင်း, မရင့်ရော်ပါစေကုန်လင့်၊ အိုရင့်ပြီးသောသင်္ခါရတို့သည် မပျက်စီးပါစေကုန်လင့်ဟူ၍ ဤဌာနသုံးပါး၌ တစ်စုံတစ်ယောက်သောသူအား မည်သည့်အခါမျှ အလိုအတိုင်းမဖြစ်စေပါ၊ အလိုအတိုင်းဖြစ်စေနိုင်သည့်အခြင်းအရာမှ ဆိတ်သုဉ်း၏။

ထို့ကြောင့် **သာမီ –** ခန္ဓာအိမ်၏ပိုင်ရှင်၊ **နိဝါသီ –** ခန္ဓာအိမ်၌အမြဲတည်နေသူ၊ **ကာရက –** ပြုလုပ်တတ်သူ၊ **အဓိဋ္ဌာယက –** စီမံခန့်ခွဲတတ်သူဟုထင်ရသော **အတ္တမှဆိတ်သုဉ်း၏။**

ဤသို့ ပြုလုပ်တတ်သူ, စီမံခန့်ခွဲတတ်သူ, ပိုင်ရှင်မရှိသောကြောင့်, အလိုအတိုင်းမဖြစ်သောကြောင့်, အတ္တအဖြစ်ကိုငြင်းပယ်သောကြောင့် သင်္ခါရတရားဟူသည့်ခန္ဓာငါးပါးသည် **အနတ္တ–အတ္တမဟုတ်ကုန်၊** သူစိမ်းပြင်ပ (ပရ) ဟု ရှုမှတ်သုံးသပ်အပ်ပါသည်။

**အသက် ၁၀၀ ရှိသူ၏ပညာပေါကြွယ်နှစ်တစ်ဆယ်သည် အသက် ၄၁ နှစ်မှ ၅၀ နှစ်အတွင်း ပညာဒသကအရွယ်ဖြစ်ပါသည်။**

**၂၀။ (က) ဝိပဿနာညစ်ညူးကြောင်းတရားတို့၌ ပါဝင်သောဆုံးဖြတ်ချက်ချမှု (အဓိ**

**မောက္ခ) ဟူသည် အဘယ်တရားတို့ကို ဆိုလိုသည်၊ (ခ) ဒိဋ္ဌိဝိသုဒ္ဓိကို ရပြီးဖြစ်ပါက မည်သည့်သစ္စာကို မည်သို့သောနည်းဖြင့် ပိုင်းခြားအပ်ပြီး ဖြစ်ပါသနည်း။**

(၁၉၉၆၊ စမန ၂၈၇၊ ၂၉၀)

**အဖြေ – (က) ဝိပဿနာညစ်ညူးကြောင်းတရားတို့၌ပါဝင်သော –**

**ဆုံးဖြတ်ချက်ချမှု (အဓိမောက္ခ)သည် ယုံကြည်မှု, ကြည်လင်မှုသဒ္ဓါတရားတည်း၊ ဝိပဿနာနှင့်ယှဉ်သည့်စိတ်စေတသိက်တို့ကို အလွန်အကဲကြည်လင်စေတတ်သော အားကြီးသည့်သဒ္ဓါတရားဖြစ်ပါသည်။**

**(ခ) ဒိဋ္ဌိဝိသုဒ္ဓိကို ရပြီးဖြစ်ပါက နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားပြီး ဖြစ်၍ ဒုက္ခသစ္စာကို လောကီဉာဏ်ဖြင့် ပိုင်းခြားခြင်းကိုပြုအပ်ပြီးဖြစ်၏။**

**၂၁။ အဘယ်ကို 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'ဟုခေါ်ပါသနည်း၊ ၎င်းဝိသုဒ္ဓိကို ပြည့်စုံစေလိုသူသည် အဘယ်ကစ၍ အားထုတ်ရပါသနည်း၊ ဖြေဆိုပါ။**

(၁၉၉၇၊ စမန ၂၈၉၊ ၂၄၆)

**အဖြေ – ဥပက္ကိလေသတို့ကို လက္ခဏာသုံးပါးတင်ရှု၍ နာမသတ္တကခေါ် နာမ်သုံးသပ်ပုံ ၇ မျိုးဖြင့်ရှုဆင်ခြင်၍ ပယ်ရှင်းပြီးသောယောဂီသည် ''ဥပက္ကိလေသစသည်တို့၌ သာယာမှုကား ဝိပဿနာလမ်းရိုးလမ်းမှန်မဟုတ်၊ လမ်းမှားတည်း။ ဥပက္ကိလေသမှ လွတ်သော ရှုမြဲရှုလျက် လမ်းမှန်သွားသောရှုသိမှု–ဝိပဿနာပညာသာလျှင် လမ်းမှန်တည်း''ဟုလမ်းမှားနှင့်လမ်းမှန်တို့ကို ပိုင်းခြား၍ဆုံးဖြတ်၏။**

**''ဤရှုမြဲရှုလျက် လမ်းမှန်သွားသောရှုသိမှုပညာကား ပုဗ္ဗဘာဂမဂ် – လမ်းမှန်တည်း၊ ဥပက္ကိလေသတို့ကိုသာယာခြင်းကား လမ်းမှန်မဟုတ်၊ လမ်းမှားတည်း''ဟု လမ်းမှန်နှင့် လမ်းမှားတို့ကို ပိုင်းခြား၍တည်သောဉာဏ်သည် (ဝါ) လမ်းမှန်နှင့်လမ်းမှား၌ အသိအမြင်စင်ကြယ်သောဉာဏ်သည် 'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'မည်ပါသည်။**

(မှတ်ချက် – စာမျက်နှာ ၂၉၈ နံပါတ် ၁၄ အဖြေနှင့်ယှဉ်ကြည့်ပါ)

**'မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ'နှင့် ပြည့်စုံလိုသောယောဂီသည် အပေါင်းအစုအလိုက် သုံးသပ်သောဉာဏ် (ကလာပသမ္မသနဉာဏ်)၌ အားထုတ်ခြင်းကို ရှေးဦးစွာပြုအပ်၏။**

**၂၂။ ဝိပဿနာယောဂီ၏အရောင်အဝါ (ဩဘာသ)စသည်တို့သည် ဝိပဿနာ၏အညစ်အကြေး (ဥပက္ကိလေသ) မဟုတ်ကြ၊ သို့ပါလျက် ဘာကြောင့်သူတို့ကို 'ဥပက္ကိလေသ' ဟုခေါ်ဆိုရပါသနည်း၊ အမှန်တကယ် ဥပက္ကိလေသအစစ်ကား ကေန်ရှိ၏။ ၎င်းကား အဘယ်နည်း။**

(၁၉၉၇၊ စမန ၂၈၈)

**အဖြေ** – ဥပက္ကိလေသ ၁၀ ပါးတွင် ဩဘာသမှ ဥပေက္ခာအထိ ပထမ ၉ ပါးသည်

တဏှာ, မာန, ဒိဋ္ဌိဟူသည့် ကိလေသာအစစ်တို့၏အာရုံဝတ္ထုဖြစ်သောကြောင့် ဥပက္ကိလေသ ဖြစ်သည်ဟု ဆိုထား၏။ အကုသိုလ်ဖြစ်ခြင်းကြောင့် ဆိုထားခြင်းမဟုတ်ပေ။ နိကန္တိသည်ကား ဥပက္ကိလေသလည်းဖြစ်၏၊ ဥပက္ကိလေသ၏အာရုံဝတ္ထုလည်းဖြစ်၏။ ထို့ကြောင့် ဥပက္ကိလေသ ၁၀ ပါးတို့သည် အာရုံဝတ္ထုအလိုအားဖြင့်သာလျှင် ၁၀ ပါးဖြစ်

ကုန်၏။

ဥပက္ကိလေသတို့သည် စွဲလမ်းမှု (ဂါဟ) အလိုအားဖြင့်မူကား ၃၀ ဖြစ်ကုန်၏။ အဘယ်သို့ နည်းဟူမူ –

(၁) ''ငါ့အား အရောင်အလင်းဖြစ်ပေါ်၏''ဟုစွဲယူလျှင် ဒိဋ္ဌိစွဲ (ဒိဋ္ဌိဂါဟ)ဖြစ်၏။

(၂) ''နှစ်လိုဖွယ်ကောင်းသောအရောင်အလင်းသည် ဖြစ်ပေါ်လေပြီ''ဟုစွဲယူလျှင် မာနစွဲ (မာနဂါဟ)ဖြစ်၏။

(၃) ''အရောင်အလင်းကို သာယာသောသူအား တဏှာစွဲ (တဏှာဂါဟ)ဖြစ်၏။

ဤသို့လျှင် ဒိဋ္ဌိ, မာန, တဏှာတို့၏အလိုအားဖြင့် သုံးပါးသောစွဲလမ်းမှု (ဂါဟ)တို့ ဖြစ်ကုန်၏။ ကြွင်းသောဥပက္ကိလေသ ၉ ပါး၌လည်း အလားတူပင် ဂါဟသုံးပါးစီ ဖြစ်၏။ ထို့ကြောင့် စွဲလမ်းမှု (ဂါဟ)အလိုအားဖြင့် ဥပက္ကိလေသ ၃၀ ဖြစ်ကုန်၏။

ထို့ကြောင့် သိမ်မွေ့သောတဏှာဖြစ်သည့် နိကန္တိနှင့်တကွ ဥပက္ကိလေသ ၃၀ တို့သည် ဝိပဿနာညစ်နွမ်းကြောင်း အမှန်တကယ်ဥပက္ကိလေသအစစ်တို့ဖြစ်ကြ၏။

**၂၃။ အဘယ်ကြောင့်ခန္ဓာငါးပါးတို့ကို ကိုးကွယ်အားထားရာမဟုတ် (အသရဏ)ဟု ရှုမှတ်သုံးသပ်သင့်သည်ကို ဖြေဆိုပြီးလျှင်၊ အရွယ်ကြီးရင့်၍ ရုပ်တရားချုပ်ပျောက်ခြင်း (ဝယောဝုဍ္ဎတ္ထင်္ဂမ) သဘောပေါ်လွင်အောင် လက္ခဏာသုံးပါးတင်၍ ဆင်ခြင်ပုံ ဆင်ခြင်နည်းကို အကျဉ်းချုပ်မျှပေါ်လွင်အောင် ဖော်ပြပါ။**

(၁၉၉၈၊ စမန ၂၅၄၊ ၂၆၄၊ ၂၆၅)

**အဖြေ – ခန္ဓာငါးပါးတို့သည်** မှီခိုလာသူတို့အား ဘေးကိုပယ်ဖျောက်တတ်သည့်အဖြစ် မရှိသောကြောင့် **ကိုးကွယ်အားထားရာမဟုတ်** (အသရဏ)ဟု ရှုမှတ်သုံးသပ်သင့်ပါသည်။

**အရွယ်ကြီးရင့်၍ ရုပ်တရားချုပ်ပျောက်ခြင်းကို လက္ခဏာတင်ရှုပုံမှာ**

နှစ် ၁၀၀ ကို ပဌမအရွယ် ၃၃ နှစ်၊ မဇ္ဈိမအရွယ် ၃၄ နှစ်၊ ပစ္ဆိမအရွယ် ၃၃ နှစ် ဟု ပိုင်းခြား၏၊ ရှုပုံမှာ –

ပဌမအရွယ်၌ဖြစ်သောရုပ်သည် မဇ္ဈိမအရွယ်သို့မရောက်မူဘဲ ပဌမအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ပဌမအရွယ်၌ဖြစ်သောရုပ်သည် မမြဲ–အနိစ္စ၊ ထိုမမြဲသောရုပ်သည် ဆင်းရဲ–ဒုက္ခတည်း၊ ထိုဆင်းရဲသောရုပ်သည် အတ္တမဟုတ်–အနတ္တတည်း။

မဇ္ဈိမအရွယ်၌ဖြစ်သည့်ရုပ်သည် ပစ္ဆိမအရွယ်သို့မရောက်မူဘဲ မဇ္ဈိမအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် မဇ္ဈိမအရွယ်၌ဖြစ်သောရုပ်သည် မမြဲ–အနိစ္စ၊ ဆင်းရဲ–ဒုက္ခ၊ အတ္တမဟုတ်–အနတ္တတည်း။

ပစ္ဆိမအရွယ်၌ဖြစ်သည့်ရုပ်သည် သေသည့်နောက်မှ အနာဂတ်ဘဝသို့ မသွား၊ သွားရန် စွမ်းနိုင်သောရုပ်မည်သည်မရှိ။ ထို့ကြောင့် ပစ္ဆိမအရွယ်၌ဖြစ်သောရုပ်သည် မမြဲ–အနိစ္စ၊ ဆင်းရဲ–ဒုက္ခ၊ အတ္တမဟုတ်–အနတ္တဟု လက္ခဏာသုံးပါးကို တင်ရှု၏။

**၂၄။ ဉာတပရိညာနှင့်တီရဏပရိညာတို့ အဘယ်အဘယ်လက္ခဏာများကို ကိုယ်စီကိုယ်င ရှုကြသည်ကို ဖြေဆိုပါ။** (၁၉၉၉၊ စမန ၂၄၆၊ ၂၄၇)

**အဖြေ – ဉာတပရိညာသည်** သိအပ်သိထိုက်သောနာမ်ရုပ်နှင့် အကြောင်းတရားတို့ကို ပိုင်းခြား၍သိသောဉာဏ်ပညာဖြစ်သည်။

''ဖောက်ပြန်ခြင်းလက္ခဏာရှိသောတရားသည် ရုပ်တည်း၊ ခံစားခြင်းလက္ခဏာရှိသောတရားသည် ဝေဒနာတည်း''ဤသို့သောနည်းဖြင့် ထိုထိုရုပ်နာမ်တရားတို့၏အသီးအသီးသော **သဘာဝလက္ခဏာ**ကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့် ရှုပါသည်။

**တီရဏပရိညာ**သည် စုံစမ်းသုံးသပ်လျက် ပိုင်းခြား၍သိသောဉာဏ်ပညာဖြစ်သည်။ သဘာဝလက္ခဏာကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့် ယူပြီး, ရှုသိပြီးဖြစ်ကုန်သော ထိုနာမ်ရုပ်တရားတို့အားပင်လျှင်''ရုပ်သည်မမြဲ၊ ဝေဒနာသည် မမြဲ၊ အနိစ္စဖြစ်၏၊ ဆင်းရဲ–ဒုက္ခဖြစ်၏၊ အနတ္တ–အတ္တမဟုတ်''ဟု **သာမညလက္ခဏာ**ကိုတင်၍ ရှုမှတ်ပါသည်။

**၂၅။ အဘယ်ပုဂ္ဂိုလ်များမှာ ဝိပဿနာညစ်နွမ်းကြောင်းတရား ဖြစ်တတ်သည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၀၊ စမန ၂၈၃၊ ၂၈၄)

**အဖြေ** – စာမျက်နှာ ၂၉၉ နံပါတ် ၁၆ အဖြေနှင့်တူပါသည်။

**၂၆။ ကံအကြောင်းခံသောစိတ်ကြောင့်ဖြစ်သောတရား (ကမ္မပစ္စယစိတ္တသမုဋ္ဌာနတရား) ဟူသည် အဘယ်နည်း၊ ဖြေဆိုပါ။** (၂၀၀၁၊ စမန ၂၅၈)

**အဖြေ – ကံအကြောင်းခံသောစိတ်ကြောင့်ဖြစ်သောတရား** (ကမ္မပစ္စယစိတ္တသမုဋ္ဌာန တရား) ဟူသည်မှာ ကံကြောင့်ဖြစ်သော ဝိပါက်စိတ်များက ဖြစ်စေသည့်ရုပ်တရားဖြစ်ပါသည်။ ထိုစိတ္တဇရုပ်များကိုဖြစ်စေသည့် ဝိပါက်စိတ်များမှာ (ရုပ်ကိုမဖြစ်စေတတ်သည့် ဒွေပဉ္စဝိညာဏ် ၁၀ ပါးနှင့် အရူပဝိပါက်စိတ် ၄ ပါးကို ကြဉ်သော) အဟိတ်ဝိပါက်စိတ် ၅ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ ရူပါဝစရဝိပါက် ၅ ပါး၊ ပေါင်း ၁၈ ပါးသောဝိပါက်စိတ်တို့ဖြစ်ပါသည်။

**၂၇။ ဝိပဿနာ၏အညစ်အကြေး ၁၀ ပါးတွင်ပါဝင်သော ဥပေက္ခာနှစ်မျိုးကို ဖော်ပြပြီးလျှင်၊ ထိုဥပေက္ခာသည် သူ့ကိုယ်တိုင်အညစ်အကြေးမဟုတ်ပါဘဲလျက် အဘယ်ကြောင့်အညစ်အကြေးဟု အခေါ်ခံရသည်ကို ဖြေဆိုပြီး၊ ဝိပဿနာအလင်း (ဩဘာသ)၌ ဒိဋ္ဌိ, မာန, တဏှာအစွဲသုံးမျိုးဖြစ်ပုံကိုလည်း ဖော်ပြပါ။**

(၂၀၀၁၊ စမန ၂၈၇၊ ၂၈၈)

**အဖြေ – ဥပက္ကိလေသ ၁၀ ပါးတွင်ပါဝင်သော ဥပေက္ခာနှစ်မျိုးမှာ –**

**ဝိပဿနုပေက္ခာ**နှင့် **အာဝဇ္ဇန်းဥပေက္ခာ**တို့ဖြစ်ကြ၏။ အလုံးစုံသောသင်္ခါရတို့၌ အလယ်အလတ်သဘောဖြစ်သော ဝိပဿနုပေက္ခာသည် ယောဂီ၌ အားကြီးစွာဖြစ်၏။

မနောဒွါရ၌ဆင်ခြင်မှု – အာဝဇ္ဇန်းဥပေက္ခာသည် ထိုထိုအရာဌာနကို ဆင်ခြင်သည့်ယောဂီအား ပစ်လွှတ်လိုက်သောသိကြားမင်း၏ဝဇိရန်လက်နက်ကဲ့သို့ ရဲရင့်ထက်မြက်စွာ ဖြစ်ပေါ်၏။

ထိုဥပေက္ခာနှစ်မျိုးသည် မိမိကိုယ်တိုင်အညစ်အကြေးမဟုတ်ပါဘဲလျက် အကုသိုလ်တရားမဟုတ်ပါဘဲလျက် တဏှာ, မာန, ဒိဋ္ဌိဟူသည့် ကိလေသာအစစ်တို့၏အာရုံထ္တုဖြစ်သောကြောင့် ဥပက္ကိလေသာအညစ်အကြေးဟု အခေါ်ခံထားရခြင်းဖြစ်သည်။

**ဝိပဿနာအလင်း (ဩဘာသ)၌ ဒိဋ္ဌိ, မာန, တဏှာအစွဲသုံးမျိုးဖြစ်ပုံမှာ –**
(စာမျက်နှာ ၂၉၉, ၃၀၀ နံပါတ် ၁၈ အဖြေအတိုင်းဖြစ်၏။)

**၂၈။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းကို တက်လှမ်းဆိုက်ရောက်ပြီးမြောက်စေလိုသူသည် အဘယ်ကစ၍အားထုတ်ရသည်ကို ဖော်ပြပြီးလျှင်၊ ဉာတပရိညာ၏ဖြစ်ရာနယ်ပယ်ကိုလည်း ဖော်ပြပါ။** (၂၀၀၂၊ အဖြေ ၂၄၆၊ ၂၄၇)

**အဖြေ – မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိစခန်းကို တက်လှမ်းဆိုက်ရောက်ပြီးမြောက်စေလိုသူ**သည် အပေါင်းအစုအလိုက်သုံးသပ်သောဉာဏ် (ကလာပသမ္မသနဉာဏ်)၌ အားထုတ်ခြင်းကို ရှေးဦးစွာပြုအပ်၏။ (နံပါတ် ၂၁)

– ဉာတပရိညာ၏ဖြစ်ရာနယ်ပယ်မှာ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟဉာဏ်အထိဖြစ်၏။ ဤကာလအတွင်း၌ နာမ်ရုပ်တို့၏အသီးသီးသောသဘာဝလက္ခဏာကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**၂၉။ ဉာတပရိညာသည် အဘယ်လက္ခဏာများကိုမှတ်သားသည်ကို မှတ်သားမှုနမူနာနှင့်တွဲစပ်ပြပါ။** (၂၀၀၃၊ စမန ၂၄၆)

**အဖြေ** – ဉာတပရိညာသည် သိအပ်သိထိုက်သောနာမ်ရုပ်နှင့်အကြောင်းတရားတို့ကို ပိုင်းခြား၍သိသောဉာဏ်ဖြစ်၏။ ''ဖောက်ပြန်ခြင်းလက္ခဏာရှိသောတရားသည် ရုပ်တည်း၊ ခံစားခြင်းလက္ခဏာရှိသောတရားသည် ဝေဒနာတည်း'' ဤသို့သောနည်းဖြင့် ထိုထိုနာမ်ရုပ်တရားတို့၏ အသီးအသီးသော**သဘာဝလက္ခဏာ**ကို ကောင်းစွာမှတ်သည့်အစွမ်းအားဖြင့်ဖြစ်သောပညာဖြစ်ပါသည်။

**၃၀။ စိတ္တသမုဋ္ဌာန (စိတ်ကြောင့်ဖြစ်သော) တရားဟူသည် အဘယ်တရားများဖြစ်သည်ကို ဝိသုဒ္ဓိမဂ်ကျမ်းစာမိန့်ဆိုသည့်အတိုင်း ရေတွက်ပြပြီးလျှင်၊ ယင်းကျမ်း၌ဖြေဆိုသည့်အတိုင်းပင် ဓမ္မတာရုပ်တစ်ခု၌ လက္ခဏာရေးသုံးပါးတင်၍ ဆင်ခြင်သုံးသပ်ပုံကို ပထမ, ဒုတိယ, တတိယအထိနမူနာ ၃ ခုမျှထုတ်ပြပါ။** (၂၀၀၄၊ စမန ၂၅၉၊ ၂၇၁၊ ၂၇၂)

**အဖြေ – စိတ္တသမုဋ္ဌာန (စိတ်ကြောင့်ဖြစ်သော) တရားတို့သည်** စေတသိက်နာမ်ခန္ဓာ ၃ ပါးနှင့် စိတ္တဇရုပ် ၁၇ ပါးတို့ဖြစ်ပါသည်။

စေတသိက်နာမ်ခန္ဓာသုံးပါးသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ဖြစ်၏။

စိတ္တဇရုပ် ၁၇ ပါးတို့မှာ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ စိတ္တဇသဒ္ဒရုပ်၊ ကာယဝိညတ်ရုပ်၊ ဝစီဝိညတ်ရုပ်၊ ပရိစ္ဆေဒရုပ်၊ ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ၊ ဥပစယရုပ်၊ သန္တတိရုပ်တို့ဖြစ်ပါသည်။

**ဓမ္မတာရုပ်တစ်ခု၌ လက္ခဏာသုံးပါးတင်၍ ဆင်ခြင်သုံးသပ်ပုံမှာ –**

သော်ကညွန့်၏အနီနုရောင်ရုပ်, တခဲနက်အနီရောင်ရုပ်, အနီရောင်ပျော့ရုပ်, သစ်ရွက်နုရောင်ရုပ်စသည်ကို သိမ်းဆည်းပြီးလျှင် အနီနုရောင်ရှိသည့်ကာလ၌ဖြစ်သောရုပ်သည် တခဲနက်အနီရောင်ရှိသည့်ကာလသို့မရောက်မူ၍ အနီနုရောင်ရှိသည့်ကာလ၌သာလျှင် ချုပ်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးတစ်လှည့်စီတင်ရှု၏။

သော်ကညွန့်၏တခဲနက်အနီရောင်ရှိသောကာလ၌ဖြစ်သည့်ရုပ်သည် အနီရောင်ပျော့ရှိသည့် ကာလသို့မရောက်မူ၍ တခဲနက်အနီရောင်ရှိသည့်ကာလ၌သာလျှင် ချုပ်၏။ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးတင်ရှု၏။

တစ်ဖန် အနီရောင်ပျော့ရှိသည့်ကာလ၌ဖြစ်သောရုပ်သည် သစ်ရွက်နုရောင်ရှိသည့်ကာလ သို့မရောက်မူ၍ အနီရောင်ပျော့ရှိသည့်ကာလ၌သာလျှင် ချုပ်၏၊ ထို့ကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးတစ်လှည့်စီတင်ရှု၏။

**၃၁။ ပရိညာသုံးပါး၏ဖြစ်ရာဘုံ, ဖြစ်ရာနယ်ပယ်များကို အသီးအသီးပိုင်းခြားပြပြီးလျှင်၊ ခန္ဓာငါးပါး, ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တာနုပဿနာတို့ဖြင့် ပိုင်းခြားရှုမှတ်သည်ရှိသော် နယဝိပဿနာ၌ နည်းပေါင်းမည်မျှရသည်ကို သင်္ချာမျှ ခွဲခြားဖော်ပြပါ။** (၂၀၀၅၊ စမန ၂၄၆၊ ၂၄၇၊ ၂၅၅)

**အဖြေ – ပရိညာသုံးပါး၏ဖြစ်ရာဘုံ, ဖြစ်ရာနယ်ပယ်များမှာ**

**ဉာတပရိညာ**၏ဖြစ်ရာဘုံ (နယ်ပယ်) သည် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ပစ္စယပရိဂ္ဂဟ ဉာဏ်အထိဖြစ်၏။ ဤကာလအတွင်း၌ နာမ်ရုပ်တို့၏အသီးအသီးသော **သဘာဝလက္ခဏာ** ကို သိခြင်းသာလျှင် အကြီးအမှူးဖြစ်၏။

**တီရဏပရိညာ**၏ဖြစ်ရာဘုံ (နယ်ပယ်) သည် ကလာပသမ္မသနဉာဏ်မှစ၍ ဥဒယဗ္ဗယဉာဏ် အထိဖြစ်၏။ ဤကာလအတွင်း၌ နာမ်ရုပ်တို့၏ **သာမညလက္ခဏာ**ကို သိခြင်းသည်သာလျှင် အကြီးအမှူးဖြစ်၏။

**ပဟာနပရိညာ**၏ဖြစ်ရာဘုံ (နယ်ပယ်) သည် ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်များအထိ ဖြစ်၏။ ဘင်္ဂဉာဏ်မှစ၍ နာမ်ရုပ်သည် 'အနိစ္စ–မမြဲ' ဟုရှုလတ်သော် မြဲသည်ဟုထင်သော အနိစ္စသညာကိုပယ်၏၊ 'ဒုက္ခ–ဆင်းရဲ' ဟုရှုလတ်သော် ချမ်းသာသည်ဟုထင်သော သုခသညာ ကို ပယ်၏၊ 'အနတ္တ–အတ္တမဟုတ်' ဟုရှုလတ်သော် အတ္တကောင်ဟုထင်မှတ်သော အတ္တသ ညာကိုပယ်၏။ ဤသို့စသည်ဖြင့်ဟောထားသောကြောင့် အနိစ္စာနုပဿနာစသည့် အနုပဿ နာ ၇ ပါးသည် အကြီးအမှူးဖြစ်၏။

**နယဝိပဿနာတို့၌နည်းပေါင်းမှာ –**

ခန္ဓာ ၅ ပါး x အနိစ္စအခြင်းအရာ ၁၀ ပါး = အနိစ္စာနုပဿနာ ၅၀ ပါး
ခန္ဓာ ၅ ပါး x ဒုက္ခအခြင်းအရာ ၂၅ ပါး = ဒုက္ခာနုပဿနာ ၁၂၅ ပါး
ခန္ဓာ ၅ ပါး x အနတ္တအခြင်းအရာ ၅ ပါး = အနတ္တာနုပဿနာ ၂၅ ပါး
နယဝိပဿနာနည်းပေါင်း = ၂၀၀ ပါး

**၃၂။ ရုပ်နာမ်ခန္ဓာ ၅ ပါးကို ပရ–အားဖြင့်ရှုမြင်သုံးသပ်ပြပြီး၊ ယောဂီပုဂ္ဂိုလ်သည် ဥဒယဝယကို အဖန်ဖန်ရှုမြင်ရာ၌ အဘယ်သည် 'ဥဒယ'၊ အဘယ်သည် 'ဝယ' မည် ပါသနည်း။** (၂၀၀၆၊ စမန ၂၅၅၊ ၂၇၈)

**အဖြေ – ရုပ်နာမ်ခန္ဓာ ၅ ပါးကို ပရ–အားဖြင့်ရှုမြင်သုံးသပ်ပုံမှာ –**

**ရုပ်နာမ်ခန္ဓာ ၅ ပါးသည် အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊ မစီမံမခန့်ခွဲ**

**တတ်သောကြောင့်လည်းကောင်း၊ ‘ပရ = ပြင်ပသူစိမ်းနှင့်တူသည်’ဟု ရှုမြင်သုံးသပ်၏။**

**ဖြစ်ပေါ်ဆဲဖြစ်သော နာမ်ရုပ်၏ဖြစ်ပေါ်ခြင်းလက္ခဏာဖြစ်သည့် ဖြစ်ခြင်း (ဇာတိ)၊ ဖြစ်ပေါ်ခြင်း (ဥပ္ပတ္တိ)၊ အသစ်ဖြစ်မှုအခြင်းအရာ (အဘိနဝါကာရ)သည် ‘ဥဒယ’မည်၏။**

**ပျက်ဆဲဖြစ်သောနာမ်ရုပ်၏ဖောက်ပြန်ခြင်းလက္ခဏာဖြစ်သော ကုန်ခြင်း (ခယ)၊ ပျက်ခြင်း (ဘင်္ဂ)သည် ‘ဝယ’မည်ပါသည်။**

**၃၃။ ဝိပဿနာရှုသောယောဂီပုဂ္ဂိုလ်အား ညစ်ညူးကြောင်းသြဘာသဖြစ်လတ်သော် ဝိပဿနာလမ်းစဉ်လွဲမှားသွားပုံကို ရှင်းပြပြီး၊ ဝိပဿနာလမ်းစဉ်အမှန်ဖြစ်ရန် ယင်းသြဘာသကို ရှုမြင်ရမည့်နည်းလမ်းကို ထင်ရှားအောင်ဖြေဆိုပါ။**

(၂၀၀၆၊ စမန ၂၈၄၊ ၂၈၈၊ ၂၈၉)

**အဖြေ – ဝိပဿနာရှုသောယောဂီအား ညစ်ညူးကြောင်းသြဘာသဖြစ်လတ်သော်**

‘‘ငါ့အား ရှေးက ဤသို့သောအရောင်အလင်းမျိုး မဖြစ်ခဲ့စဘူး၊ မချွတ်ကေန်ပင် ငါသည် မဂ်ရပြီ၊ ဖိုလ်ရပြီ’’ဟူ၍ မဂ်မဟုတ်သည်ကို မဂ်ဟုယူ၏၊ ဖိုလ်မဟုတ်သည်ကို ဖိုလ်ဟုယူ၏။ ဤသို့ယူလျှင် ထိုယောဂီ၏ဝိပဿနာလမ်းသည် လမ်းမှန်မှသွေဖည်သွားပြီ ဖြစ်၏။ ထိုယောဂီသည် မူလကမ္မဋ္ဌာန်းကိုစွန့်လွှတ်ပြီး အရောင်အလင်းကိုသာယာနေလျှင် လမ်းမှားသွားပြီဖြစ်၏။

သို့မဟုတ် ‘‘ငါ့အား အရောင်အလင်းဖြစ်ပေါ်၏’’ဟုစွဲယူလျှင် ဒိဋ္ဌိစွဲဖြစ်၏၊

‘‘နှစ်လိုဖွယ်ကောင်းသောအရောင်အလင်းသည် ဖြစ်ပေါ်လေပြီ’’ဟုစွဲယူလျှင် မာနစွဲဖြစ်၏၊

‘‘ဤအရောင်အလင်းသည် သာယာဖွယ်တည်း’’ဟုသာယာနေလျှင် တဏှာစွဲဖြစ်၏။

ထိုသို့ ဒိဋ္ဌိစွဲ, မာနစွဲ, တဏှာစွဲဖြစ်လျှင် လမ်းမှားသွားပြီဖြစ်၏။

**– ဝိပဿနာလမ်းစဉ်အမှန်ဖြစ်ရန် ယင်းသြဘာသကို ရှုမြင်ရမည့်နည်းလမ်းမှာ**

‘‘ဤအရောင်အလင်းသည် မမြဲသောတရားတည်း၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏၊ ထို့ကြောင့် ‘အနိစ္စ–မမြဲ’ဟုရှု၏။

‘‘ဤအရောင်အလင်းသည် ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်နေသည့်သဘောကြောင့် ဒုက္ခ–ဆင်းရဲတည်း’’ဟုရှု၏။

‘‘ဤအရောင်အလင်းသည် အတ္တမဟုတ်၊ အလိုအတိုင်းမဖြစ်ခြင်းသဘောရှိ၏၊ ထို့ကြောင့် အနတ္တ–အတ္တမဟုတ်’’ဟုရှု၏။

နေတံ မမ = ဤအရောင်အလင်းသည် ငါ၏ဥစ္စာမဟုတ်ဟုရှု၏ (ဒိဋ္ဌိကွာ၏)

နေသောဟမသ္မိ = ဤအရောင်အလင်းသည် ငါမဟုတ်ဟုရှု၏ (မာနကွာ၏)

နေသော မေ အတ္တာ = ဤသြဘာသသည် ငါ၏အတ္တမဟုတ်ဟုရှု၏ (တဏှာကွာ၏)

ဤသို့ရှုမှတ်နေလျှင် ဝိပဿနာလမ်းမှန်သို့ရောက်၏။

**၃၄။ အမြင်မှားဒိဋ္ဌိကွာရန် သိမ်းဆည်းရမည့်တရားကို ရှင်းလင်းဖော်ပြပြီး၊**

(၂၀၀၆၊ စမန ၂၉၄)

**အဖြေ** – အမြင်မှားဒိဋ္ဌိကွာရန် သိမ်းဆည်းရမည့်တရားမှာ သင်္ခါရတရားဖြစ်၏။

သိမ်းဆည်းပုံမှာ ''ငါ ဝိပဿနာရှု၏၊ ငါ၏ဝိပဿနာတည်း''ဟုယူသောယောဂီအား ဒိဋ္ဌိကို ပယ်ခွါခြင်းမည်သည် မဖြစ်သေး၊ စင်စစ်သော်ကား ''သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏၊ သုံးသပ်ကုန်၏၊ ဆုံးဖြတ်ကုန်၏၊ သိမ်းဆည်းကုန်၏၊ ပိုင်းခြားကုန်၏'' ဟုယူသောရှုသော ယောဂီအား ဒိဋ္ဌိကိုပယ်ခွါခြင်းမည်သည်ဖြစ်၏။

**၃၅။ ရုပ်နာမ်ဓမ္မတို့ကို ဒုက္ခ, အနတ္တ, ငြီးငွေ့ဖွယ်ရာအဖြစ်အားဖြင့် ရှုမြင်သုံးသပ်နေသော ယောဂီသူတော်စင်အား ပယ်စွန့်နိုင်သောအရာတို့ကို အသီးသီးခွဲခြားဖြေဆိုခဲ့ပါ။**

(၂၀၀၇၊ စမန ၂၇၅)

**အဖြေ** – ရုပ်နာမ်ဓမ္မတို့ကို ဒုက္ခ–ဆင်းရဲဟုရှုသောဒုက္ခာနုပဿနာကို ရှုမြင်သုံးသပ်နေသော ယောဂီသူတော်စင်သည် ချမ်းသာသည်ဟုထင်မှတ်သည့် သုခသညာကို ပယ်စွန့်၏။

အနတ္တ–အတ္တမဟုတ်ဟုရှုသော အနတ္တာနုပဿနာကို ရှုမြင်သုံးသပ်နေသောယောဂီသည် အတ္တကောင်ဟုထင်မှတ်သည့် အတ္တသညာကို ပယ်စွန့်၏။

ငြီးငွေ့ဖွယ်ရာအဖြစ်အားဖြင့် နိဗ္ဗိဒါနုပဿနာကို ရှုမြင်သုံးသပ်နေသောယောဂီသည် အားရနှစ်သက်ခြင်း – သပ္ပီတိကတဏှာကို ပယ်စွန့်၏။

**၃၆။ ရုပ်နာမ်သင်္ခါရတို့ကို တုန်လှုပ်ခြင်း = စလအားဖြင့်လည်းကောင်း၊ အနှစ်မရှိခြင်း = အသာရကအားဖြင့်လည်းကောင်း ပြည့်ပြည့်စုံစုံရှုမြင်သုံးသပ်ပြပါ။**

(၂၀၀၇၊ စမန ၂၅၂)

**အဖြေ – ရုပ်နာမ်သင်္ခါရတို့ကို တုန်လှုပ်ခြင်း = စလအားဖြင့်သုံးသပ်ပုံမှာ**

ရုပ်နာမ်သင်္ခါရတို့သည် နာခြင်း, အိုခြင်း, သေခြင်းတို့ဖြင့်လည်းကောင်း၊ လာဘ်ရခြင်း, လာဘ်မရခြင်းစသောလောကဓံတရားတို့ဖြင့်လည်းကောင်း၊ တုန်လှုပ်တတ်သောကြောင့် **စလ = တုန်လှုပ်တတ်သောတရား**ဟု ရှုမြင်သုံးသပ်၏။

**အနှစ်မရှိခြင်း = အသာရကအားဖြင့် ရှုမြင်သုံးသပ်ပုံမှာ –**

ရုပ်နာမ်သင်္ခါရတို့သည် အားနည်းသည့်အဖြစ်ကြောင့်လည်းကောင်း၊ အကာကဲ့သို့လွယ်ကူစွာချိုးဖျက်နိုင်သည့်အဖြစ်ကြောင့်လည်းကောင်း၊ **အသာရက = အနှစ်မရှိ**ဟု ရှုမြင်သုံးသပ်၏။

**၃၇။ ဝိပဿနာစိတ်နှင့်ယှဉ်သောပဿဒ္ဓိသည် အဘယ်ကြောင့်ဝိပဿနာ၏ညစ်ညူးကြောင်းဖြစ်ရသည်ကို ရှင်းပြ၍၊** (၂၀၀၇၊ စမန ၂၈၈)

**အဖြေ** – ဝိပဿနာစိတ်နှင့်ယှဉ်သော ပဿဒ္ဓိသည် တဏှာ, မာန, ဒိဋ္ဌိဟူသည့် ကိလေသာအစစ်တို့၏ အာရုံထ္ထုဖြစ်သောကြောင့် ဥပက္ကိလေသ = ဝိပဿနာ၏ ညစ်ညူးကြောင်းတရားဟုဆိုထားခြင်းဖြစ်သည်။ ပဿဒ္ဓိကို အောက်ပါအတိုင်း အဖန်ဖန်တလဲလဲ နှလုံးသွင်းလျှင် တဏှာ, မာန, ဒိဋ္ဌိတို့ဖြစ်ပေါ်သည် –

ဧတံ မမ = ဤပဿဒ္ဓိသည် ငါ၏ဥစ္စာတည်းဟုနှလုံးသွင်းလျှင် ဒိဋ္ဌိစွဲဖြစ်၏။

ဧသောဟမသ္မိ = ဤပဿဒ္ဓိသည် ငါဖြစ်၏ဟုနှလုံးသွင်းလျှင် မာနစွဲဖြစ်၏။

ဧသော မေ အတ္တာ = ဤပဿဒ္ဓိသည် ငါ၏အတ္တတည်းဟုနှလုံးသွင်းလျှင် တဏှာဖြစ်၏။

တဏှာ, မာန, ဒိဋ္ဌိဖြစ်လျှင် ယောဂီ၏စိတ်သည်တုန်လှုပ်ပျံ့လွင့်၏၊ လမ်းမှားသို့ရောက်၏။

ထို့ကြောင့် ပဿဒ္ဓိသည် ဥပက္ကိလေသဖြစ်ရ၏။

**၃၈။ ရုပ်တရားတို့ကို ဥတုသုံးပါးတို့၌ လက္ခဏာရေးသုံးပါးတို့ဖြင့်တင်ပြ၍၊ ဝိပဿနာ၏ အညစ်အကြေးဥပေက္ခာအရကို ပြည့်စုံစွာဖော်ပြပါ။** (၂၀၀၈၊ စမန ၂၆၆)

**အဖြေ – ရုပ်တရားတို့ကို ဥတုသုံးပါးတို့၌ လက္ခဏာရေးသုံးပါးတင်ရှုပုံမှာ**

''မိုးဥတု၌ဖြစ်သောရုပ်သည် ဆောင်းဥတုသို့မရောက်မူ၍ မိုးဥတု၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် ထိုမိုးဥတု၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

''ဆောင်းဥတု၌ဖြစ်သောရုပ်သည် နွေဥတုသို့မရောက်မူ၍ ဆောင်းဥတု၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့်ဆောင်းဥတု၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

''နွေဥတု၌ဖြစ်သောရုပ်သည် မိုးဥတုသို့မရောက်မူ၍ နွေဥတု၌သာလျှင် ချုပ်ကုန်၏၊ ထို့ကြောင့် နွေဥတု၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာသုံးပါးကို တစ်လှည့်စီတင်ရှု၏။

ဝိပဿနာ၏အညစ်အကြေးဥပေက္ခာအရသည် ဝိပဿနုပေက္ခာ (တတြမဇ္ဈတ္တတာစေတသိက်) နှင့် အာဝဇ္ဇနဥပေက္ခာတို့တည်း။

**၃၉။ ယောဂီများဆင်ခြင်သုံးသပ်အားထုတ်အပ်သော ရုပ်နာမ်တရားတို့ကို စုံစုံလင်လင် ဖော်ပြ၍၊ ရုပ်တရား၏ကာရကအဖြစ်မရှိနိုင်ပုံကို ဖြေဆိုခဲ့ပါ။**

(၂၀၀၉၊ စမန ၂၄၉၊ ၂၅၀၊ ၂၅၁)

**ယောဂီများဆင်ခြင်သုံးသပ်အားထုတ်အပ်သော ရုပ်နာမ်တရားတို့မှာ –**

(၁) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဟူသော အခြင်းအရာ(၁၁)မျိုးဖြင့် တည်ရှိသော ဥပါဒါနက္ခန္ဓာ ၅ ပါး၊

(၂) ဒွါရ ၆ ပါး, အာရုံ ၆ ပါးတို့နှင့်တကွ ဒွါရတို့၌ဖြစ်သောပရမတ်တရားများ၊

(၃) ဝိညာဏ် ၆ ပါး၊ ဖဿ ၆ ပါး၊ ဝေဒနာ ၆ ပါးဟူသောတရားများ၊

(၄) သညာ ၆ ပါး၊ စေတနာ ၆ ပါး၊ တဏှာ ၆ ပါး၊ ဝိတက် ၆ ပါး၊ ဝိစာရ ၆ ပါး၊

(၅) ဓာတ် ၆ ပါး၊ ကသိုဏ်း (စျာန်) ၁၀ ပါး၊ ကောဋ္ဌာသ ၃၂ ပါး၊

(၆) အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ ဣန္ဒြေ ၂၂ ပါး၊ ဓာတ် ၃ ပါး၊ ဘဝ ၉ ပါး၊

(၇) ရူပါဝစရစျာန် ၄ ပါး၊ အပ္ပမညာ ၄ ပါး၊ အရူပသမာပတ် ၄ ပါး၊

(၈) ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့ဖြစ်ပါသည်။

**– ရုပ်တရား၏ကာရကအဖြစ်မရှိနိုင်ပုံ**

အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓစသည့် အခြင်းအရာ ၁၁ မျိုးဖြင့်တည်ရှိသောရုပ်တရားသည် အနှစ်သာရမရှိသည့်သဘောကြောင့် 'အနတ္တ = အတ္တမဟုတ်' ဟု သုံးသပ်၏။ အနှစ်သာရမရှိသောသဘောဟူသည်မှာ –

''အတ္တဟူသည် သာမီ = ခန္ဓာအိမ်၏ပိုင်ရှင်တည်း၊

နိဝါသီ = ခန္ဓာအိမ်ပျက်စီးသော်လည်း အတ္တကမပျက်စီးဘဲ အမြဲတည်နေ၏၊

ကာရက = သွားခြင်း, မြင်ခြင်းစသည့် အမှုအရာအားလုံးကို ပြုလုပ်တတ်သူတည်း၊

ဝေဒက = အကောင်းအဆိုးကို ခံစားတတ်သူတည်း၊

သယံဝသီ = မိမိအလိုအတိုင်း ပြီးစီးနိုင်သူတည်း'' ဟူ၍ သာသနာတော်ပြင်ပ၌ တိတ္ထိတို့ကြံဆထားသည့် အတ္တကောင်ဟူသော အနှစ်သာရမရှိခြင်းကို ဆိုလို၏။

မှန်ပေ၏၊ ရုပ်တရားသည် မမြဲ, ဆင်းရဲသည့်အဖြစ်ကြောင့် မိမိ၏မမြဲခြင်း၊ အဖြစ်အပျက်တို့က နှိပ်စက်ခြင်းကို မတားဆီးနိုင်၊ ထိုရုပ်တရား၌ ပြုတတ်သူစသည့်အဖြစ်သည် အဘယ်မှာရှိအံ့နည်း။ မြတ်စွာဘုရားက ''ရဟန်းတို့ – ရုပ်သည် အစိုးရသောအတ္တကောင် ဟုတ်ငြားအံ့၊ ဤရုပ်သည် နှိပ်စက်ခြင်းငှာမဖြစ်တန်လေရာ'' စသည်ဖြင့် ဟောတော်မူ၏။

သို့ဖြစ်၍ ရုပ်တရား၏ကာရကအဖြစ်သည် မရှိနိုင်ပါ။

## ၄၀။ ခန္ဓာငါးပါးတို့ကို ကိုးကွယ်ရာမဟုတ်သော အ–သရဏအဖြစ်သုံးသပ်ပြ၍၊ ရုပ်တရားတို့ကို ရှေ့သို့တက်ခြင်းအားဖြင့် လက္ခဏာရေးတင်ပြပါ။

(၂၀၀၉၊ စမန ၂၅၄၊ ၂၆၇)

## အဖြေ – ခန္ဓာငါးပါးတို့ကို ကိုးကွယ်ရာမဟုတ်သော အ–သရဏအဖြစ်သုံးသပ်ပုံ

''ခန္ဓာငါးပါးသည် မှီခိုလာသူတို့အား ဘေးကိုပယ်ဖျောက်တတ်သည့်အဖြစ်မရှိသောကြောင့် အသရဏ = ကိုးကွယ်ရာမဟုတ်''ဟု သုံးသပ်၏။

## ရုပ်တရားတို့ကို ရှေ့သို့တက်ခြင်း၌ လက္ခဏာရေးတင်ပုံ

''ရှေ့သို့တက်ဆဲ၌ မပြတ်ဖြစ်သောရုပ်သည် နောက်သို့ဆုတ်ဆဲသို့မရောက်မူဘဲ ရှေ့သို့တက်ဆဲ၌သာလျှင် ချုပ်ကုန်၏။ ထို့ကြောင့် ရှေ့သို့တက်ဆဲ၌ဖြစ်သောရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါးကို တစ်လှည့်စီတင်ရှု၏။

## အခန်း (၂၁)

# ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

## ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်ကိုပြဆိုခြင်း

### • ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပုံ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသည်မှာ အရိယာမဂ်သို့ရောက်ကြောင်းအကျင့်ဖြစ်သော စင်ကြယ်သည့်ဉာဏ်အမြင်ဖြစ်၏။ ဤဝိသုဒ္ဓိတွင် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာဉာဏ် ၈ ပါးနှင့် သစ္စာနုလောမိကဉာဏ်တို့ ပါဝင်သည်။ ၎င်းတို့မှာ–

(၁) ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်၊

(၂) ဘယတုပဋ္ဌာနဉာဏ်၊

(၃) ဘင်္ဂါနုပဿနာဉာဏ်၊

(၄) နိဗ္ဗိဒါနုပဿနာဉာဏ်၊

(၅) အာဒီနဝါနုပဿနာဉာဏ်၊

(၆) ပဋိသင်္ခါနုပဿနာဉာဏ်၊

(၇) မုဉ္စိတုကမျတာဉာဏ်၊

(၈) သင်္ခါရုပေက္ခာဉာဏ်၊

(၉) သစ္စာနုလောမိကဉာဏ်ခေါ်သော အနုလောမဉာဏ်တို့ဖြစ်ကြသည်။

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပြည့်စုံလိုသောယောဂီသည် ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အထက်ဝိပဿနာဉာဏ်များ ပြည့်စုံသည့်တိုင်အောင် အဆိုပါဉာဏ်တို့၌ အားထုတ်အပ်၏။**

### • ၁ ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းအကျိုး

ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းကြောင့် အဘယ်အကျိုးရှိသနည်းဟူမူ သာမညလက္ခဏာကို ကောင်းစွာမှတ်ခြင်းအကျိုးရှိ၏။ မှန်ပေ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ စခန်း၌ ဥဒယဗ္ဗယဉာဏ်သည် ဥပက္ကိလေသ ၁၀ ပါးတို့ဖြင့် ညစ်ညူးသည်ဖြစ်၍ သာမညလက္ခဏာ သုံးပါးကို ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ကောင်းစွာမှတ်ခြင်းငှာမစွမ်းနိုင်၊ ဥပက္ကိလေသာမှလွတ်သော ဥဒယဗ္ဗယဉာဏ်သည်ကား ကောင်းစွာမှတ်ခြင်းငှာ စွမ်းနိုင်၏။

### • သာမညလက္ခဏာတို့ မထင်ပေါ်ခြင်းအကြောင်း

သာမညလက္ခဏာတို့ကား အဘယ်တရားကိုနှလုံးမသွင်းသဖြင့် အဘယ်တရားက ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ကုန်သနည်း?

(၁) **အနိစ္စလက္ခဏာ**သည် ဖြစ်ခြင်းပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့် လည်းကောင်း၊ အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်ဟူသည့် **သန္တတိပညတ်**က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ မထင်ပေါ်ဘဲရှိ၏။

(၂) **ဒုက္ခလက္ခဏာ**သည် အဖြစ်အပျက်ဒဏ်ချက်ဖြင့် အဆက်မပြတ်နှိပ်စက်ခံရခြင်းကို

နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ **ဣရိယာပုထ်**တို့က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း မထင်ပေါ်ဘဲရှိ၏။

(၃) **အနတ္တလက္ခဏာ**သည် အထူးထူးသောဓာတ်တို့၏အသီးသီးကွဲပြားခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းဟုထင်ရသော **ဃနပညတ်**က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ မထင်ပေါ်ဘဲရှိ၏။

- **သာမညလက္ခဏာသုံးပါးတို့ ထင်ပေါ်အောင်ရှုနည်း**

(၁) ရုပ်နာမ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမှတ်သိမ်းဆည်း၍ အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်အစဉ် – **သန္တတိပညတ်**ကို ဖျက်ဆီးလိုက်သော် မမြဲဟုရှုမှတ်ရသည့် **အနိစ္စလက္ခဏာ**သည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့်ထင်ပေါ်လာ၏။

(၂) နာမ်ရုပ်အဖြစ်အပျက်ဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်းရှုမှတ်၍ **ဣရိယာပုထ်**ကို ဖွင့်လှစ်လိုက်လျှင် ဆင်းရဲ–ဒုက္ခဟုရှုမှတ်ရသည့် **ဒုက္ခလက္ခဏာ**သည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ထင်ပေါ်လာ၏။

(၃) အထူးထူးသောဓာတ်တို့ကို အသီးသီးခွဲခြား၍ တစ်လုံးတစ်ခဲတည်းဟုထင်ရသော အစိုင်အခဲ–**ဃနပညတ်**ကို ဖြိုခွဲဖျက်ဆီးလိုက်သော် အတ္တကောင်မဟုတ်ဟု ရှုမှတ်ရသော အနတ္တလက္ခဏာသည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ထင်ပေါ်လာ၏။

- **အနိစ္စနှင့်အနိစ္စလက္ခဏာတို့ကို ခွဲခြားဝေဖန်ခြင်း**

**အနိစ္စ** = မမြဲသောတရားဟူသည်ကား **ခန္ဓာငါးပါး**တည်း။ အဘယ့်ကြောင့်ဆိုသော် ခန္ဓာငါးပါးဟူသည့် နာမ်ရုပ်တရားတို့သည် ခဏမစဲဖြစ်ပျက်နေကြပြီးလျှင် ဖြစ်ပြီးသည့်နောက် ရင့်ရော်အိုမင်းခြင်းသဘောရှိသည့်အဖြစ်ကြောင့်တည်း။ တစ်နည်းအားဖြင့် ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း၊ ကွယ်ပျောက်သွားခြင်းကြောင့်တည်း။

ဖြစ်ခြင်းပျက်ခြင်းနှင့် ရင့်ရော်ခြင်းသဘောသည် မမြဲဟုရှုမှတ်ရသော **အနိစ္စလက္ခဏာ**မည်၏။ တစ်နည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်းဟူသော အခြင်းအရာအထူးသည် အနိစ္စလက္ခဏာမည်၏။

- **ဒုက္ခနှင့်ဒုက္ခလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း**

''အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲတည်း''ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် **ဒုက္ခ = ဆင်းရဲ**မည်၏။ အဘယ့်ကြောင့်ဆိုသော် နာမ်ရုပ်တရားတို့၏ ခဏမစဲဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဆက်မပြတ်နှိပ်စက်ခံနေရခြင်းသည် ဆင်းရဲအမှန်ဖြစ်သောကြောင့်တည်း။

နာမ်ရုပ်တရားတို့၏ခဏမစဲဖြစ်ခြင်းပျက်ခြင်းကြောင့် အဆက်မပြတ်အနှိပ်စက်ခံနေရသော အခြင်းအရာသည် ဆင်းရဲဟုရှုမှတ်ရကြောင်း **ဒုက္ခလက္ခဏာ**ဖြစ်ပါသည်။

- **အနတ္တနှင့်အနတ္တလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း**

''အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်'' ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် '**အနတ္တ = အတ္တမဟုတ်**' မည်ပေ၏။ အဘယ့်ကြောင့်

နည်းဟူမူ အလိုအတိုင်းမဖြစ်ခြင်းကြောင့်ပင်တည်း။

အလိုအတိုင်းမဖြစ်သောအခြင်းအရာသည် အတ္တမဟုတ်ဟု ရှုမှတ်ရကြောင်းဖြစ်သည့် **အနတ္တလက္ခဏာ**မည်၏။

ဝိပဿနာယောဂီသည် ဥပက္ကိလေသမှလွတ်သော ''လမ်းမှန်သွားသည့်ဝိပဿနာ'' ဟုဆိုအပ်သော **ဥဒယဗ္ဗယာနုပဿနာဉာဏ်**ဖြင့် ထိုအနိစ္စနှင့် အနိစ္စလက္ခဏာ, ဒုက္ခနှင့် ဒုက္ခလက္ခဏာ, အနတ္တနှင့် အနတ္တလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ကောင်းစွာရှုမှတ်ကာ ပိုင်းခြားမှတ်သား၏။

## • ၂ ဘင်္ဂါနုပဿနာဉာဏ်ကို ပြဆိုခြင်း

နာမ်ရုပ်တရားတို့သည် မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု အဖန်တလဲလဲနှိုင်းချိန်စူးစမ်းရှုမှတ်သော ယောဂီ၏ရှုသိမှုဉာဏ်သည် ထက်မြက်လာ၏။ သင်္ခါရဓမ္မဟူသည့်နာမ်ရုပ်တရားတို့သည် လျင်မြန်စွာထင်ပေါ်ကြကုန်၏။ ရှုသိဉာဏ်သည် ထက်မြက်၍ ဆောင်သွားလတ်သော် နာမ်ရုပ်တို့၏ဖြစ်ခြင်း (ဥပ္ပါဒ) သို့လည်းကောင်း၊ တည်ခြင်း (ဌီတိ) သို့လည်းကောင်း၊ မပြတ်ဖြစ်သောရုပ်နာမ်အယဉ် (ပဝတ္တ) သို့လည်းကောင်း၊ **ပုံသဏ္ဌာန်**နိမိတ်သို့လည်းကောင်း၊ မရောက်တော့ပြီ။ ကုန်ခြင်း (ခယ), ပျောက်ခြင်း (ဝယ), ပျက်ခြင်း (ဘေဒ)ဟူသော ချုပ်ခြင်း (နိရောဓ) သဘော၌သာလျှင် အမှတ်ရမှုသတိသည်တည်နေ၏။

''ရုပ်နာမ်ဓမ္မသင်္ခါရတရားအပေါင်းသည် ဤသို့ဖြစ်ပေါ်ပြီးလျှင် ဤသို့ပင်ချုပ်သွားပါတကား''ဟုရှုမြင်သော ထိုယောဂီသည် သင်္ခါရတရားတို့၏ဖြစ်ခြင်း, တည်ခြင်း, နိမိတ်တို့ကို စွန့်လွှတ်၍ ခဏဝယဘေဒဟုဆိုအပ်သော ချုပ်ခြင်း (နိရောဓသဘော)၌သာ စူးစိုက်ကာ ရှုမြင်ခြင်းကြောင့် '**ဘင်္ဂါနုပဿနာဉာဏ်**'သည် ထင်ရှားစွာဖြစ်ပေါ်လာ၏။

## • ပဋိသမ္ဘိဒါမဂ်လာ ဘင်္ဂါနုပဿနာရှုပုံ

**ရူပက္ခန္ဓာကိုရှုပုံ** – ရုပ်လျှင်အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏။ ထိုရုပ်၏အဖြစ်အပျက်ကို ရှုသိခဲ့သောထိုစိတ်၏ပျက်ခြင်းကို နောက်စိတ်ဖြင့် တစ်ဖန်ရှု၏။ တစ်ဖန်ရှုပုံမှာ – (၁) မမြဲဟုတစ်ဖန်ရှု၏၊ မြဲသည်ဟုမရှုပါ။

(၂) ဆင်းရဲဟုတစ်ဖန်ရှု၏၊ ချမ်းသာသည်ဟုမရှုပါ။

(၃) အတ္တမဟုတ်ဟုတစ်ဖန်ရှု၏၊ အတ္တဟုမရှုပါ။

(၄) ငြီးငွေ့၏၊ မနှစ်သက်မပျော်မွေ့ပါ။

(၅) စက်ဆုပ်၏၊ မတပ်မက်မတွယ်တာပါ။

(၆) ချုပ်စေ၏၊ မဖြစ်စေပါ။

(၇) တစ်ဖန်စွန့်၏၊ မယူပါ။

(၁) မမြဲ–အနိစ္စဟု အဖန်ဖန်ရှုသော် မြဲသည်ဟုထင်မှတ်သော နိစ္စသညာကို ပယ်၏။

(၂) ဆင်းရဲ–ဒုက္ခဟုအဖန်ဖန်ရှုသော် ချမ်းသာဟုထင်မှတ်သော သုခသညာကို ပယ်၏။

(၃) အနတ္တဟုအဖန်ဖန်ရှုသော် အတ္တဟုထင်မှတ်သောအတ္တသညာကို ပယ်၏။

(၄) ငြီးငွေ့လတ်သော် နှစ်သက်ပျော်မွေ့ခြင်းကို ပယ်၏။

(၅) စက်ဆုပ်လတ်သော် တပ်မက်ခြင်းကို ပယ်၏။
(၆) ချုပ်စေလတ်သော် ဖြစ်ခြင်းကို ပယ်၏။
(၇) တစ်ဖန်စွန့်လွှတ်သော် ယူခြင်းကို ပယ်၏။

**နာမ်ခန္ဓာ ၄ ပါးရှုပုံ** – အထက်ပါ ရူပက္ခန္ဓာရှုနည်းအတိုင်း ရှုပါသည်။

ဝေဒနာလျှင်အာရုံရှိသောစိတ်။ ပ ။ သညာလျှင်အာရုံရှိသောစိတ်။ ပ ။ သင်္ခါရလျှင်အာရုံရှိသောစိတ်။ ပ ။ ဝိညာဏ်လျှင်အာရုံရှိသောစိတ်။ ပ ။ မျက်စိလျှင်အာရုံရှိသောစိတ်။ ပ ။ ဇရာမရဏလျှင် အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏။ပ။ တစ်ဖန်စွန့်လွှတ်သည်ရှိသော် ယူခြင်းကို ပယ်၏။

**ပဋိသမ္ဘိဒါမဂ်လာ ဘင်္ဂါနုပဿနာဉာဏ်၏အရှုခံအာရုံများမှာ** ဥပါဒါနက္ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ လောကီဣန္ဒြေများ၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့ ဖြစ်ကြ၏။

အာရုံ၏အပျက်ထဲ့မှ ထိုအပျက်ထဲ့ကိုရှုသောစိတ်၏အပျက်ထဲ့သို့ ပြောင်းရွှေ့ခြင်းဟူသော **ထဲ့ရွှေ့ခြင်း၊** အာရုံ၏ဖြစ်ခြင်းမှ ပျက်ခြင်း၌တည်သော **ပညာ၏ဆုတ်နစ်ခြင်း၊ နှလုံးသွင်းဆင်ခြင်မှု – အာဝဇ္ဇန်းဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံသည့်ပညာသည် အာရုံ၏အပျက်ကိုရှုပြီး၍ ရှုသောစိတ်၏အပျက်ကို တစ်ဖန်ရှုသည့် ပဋိသင်္ခါဝိပဿနာမည်၏။**

မြင်ပြီးသောအာရုံသို့အစဉ်လိုက်သဖြင့် မြင်ရမမြင်ရအားဖြင့် နှစ်ပါးသောအာရုံတို့ကို တစ်မျိုးတည်းသောသဘောအားဖြင့် ပိုင်းခြားခြင်းအင်္ဂါ၊ ချုပ်ခြင်း၌ နှလုံးသွင်းညွတ်ကိုင်းခြင်းအင်္ဂါ၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသောပညာသည် အပျက်လက္ခဏာကိုရှုသော **ဝယလက္ခဏာဝိပဿနာ**မည်၏။

အာရုံကိုလည်း ပျက်သည်ဟု ရှုသိပြီးဖြစ်၏။ ထိုရှုသိသောစိတ်၏အပျက်ကိုလည်း တစ်ဖန်ရှု၏။ အတ္တမှဆိတ်သုဉ်းသော အနတ္တလက္ခဏာလည်းထင်၏။ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသောပညာသည် လွန်ကဲသောဝိပဿနာပညာဖြစ်သောကြောင့် **အဓိပညာဝိပဿနာ**မည်၏။

အနုပဿနာသုံးပါး၌ ကျွမ်းကျင်လိမ္မာသောသူသည် ဝိပဿနာ ၄ ပါးတို့၌လည်းကောင်း၊ ထင်ခြင်းသုံးပါးတို့၌လည်းကောင်း၊ ကျွမ်းကျင်လိမ္မာသည့်အဖြစ်ကြောင့် အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုသိမှုသည် သိတတ်သောအနက်သဘောကြောင့် **ဉာဏ်**မည်၏၊ အပြားအားဖြင့် သိတတ်သောအနက်ကြောင့် **ပညာ**မည်၏၊ ထို့ကြောင့် ''အာရုံကိုရှုသိပြီး၍ ရှုသိသောစိတ်၏ အပျက်ကိုတစ်ဖန်ရှုသောပညာသည် **ဝိပဿနာဉာဏ်**မည်၏''ဟု **ပဋိသမ္ဘိဒါမဂ်**၌ ဟောတော်မူ၏။

- **ပဋိသမ္ဘိဒါမဂ်လာ စကားရပ်များ၏ရှင်းလင်းချက်**

''**အာရုံကိုရှုသိပြီး၍**'' ဟူသည်မှာ ''အာရုံဖြစ်ပြီးနောက် ကုန်သွားသည်, ပျက်သွားသည်ကို ရှုမြင်ပြီး၍''ဟု ဆိုလို၏။

''**အာရုံကိုသိပြီး၍ ပျက်ခြင်းကိုတစ်ဖန်ရှုသောပညာသည် အဘယ့်ကြောင့်ဝိပဿနာ မည်သနည်း**'' ဟူသည်ကား ''အာရုံကို ကုန်သွားသည် ပျက်သွားသည်'' သိလျက်ဖြစ်သော ဉာဏ်၏ပျက်ခြင်းကို ရှုရာ၌ အကြင်ပညာသည်ရှိ၏၊ ဤပညာကို 'ဝိပဿနာဉာဏ်မည်၏' ဟု ဆိုလို၏။

''**ထိုသိသောစိတ်၏ပျက်ခြင်းကို တစ်ဖန်ရှု၏**''ဟူသည်ကား ''ထိုရုပ်အာရုံကို 'ကုန်သွားသည်၊ ပျက်သွားသည်' ဟုသိမြင်သောစိတ်၏ပျက်ခြင်းကို တစ်ပါးသောနောက်စိတ်ဖြင့် တစ်ဖန်ရှု၏''ဟုဆိုလို၏။ ထို့ကြောင့် ရှေးဆရာတို့သည် ''သိအပ်သောအာရုံကိုလည်းကောင်း၊ သိသောဝိပဿနာဉာဏ်ကိုလည်းကောင်း၊ နှစ်ပါးလုံးကိုလည်းရှု၏''ဟုဆိုကြ၏။

''**တစ်ဖန်ရှု၏ = အနုပဿတိ**'' ဟူသည်ကား ''အဖန်ဖန်ရှု၏၊ များစွာသောအခြင်းအရာတို့ဖြင့် အဖန်တလဲလဲရှု၏'' ဟုဆိုလို၏။

''**တစ်ဖန်ရှု၏**'' ဟူရာ၌ အဘယ်သို့တစ်ဖန်ရှုသနည်းဟူမူ ''မမြဲဟုတစ်ဖန်ရှု၏'' ဤသို့စသည်ကို ဟောတော်မူ၏။

ထိုစကားရပ်၌ ''ပျက်ခြင်း – ဘင်'' ဟူသည်ကား မမြဲသည့်အဖြစ် (အနိစ္စလက္ခဏာ)၏ မြတ်သော (ဝါ) အဆုံးဖြစ်သောအဖို့ပေတည်း။ ထို့ကြောင့် ပျက်ခြင်းကိုရှုသောယောဂီသည် အလုံးစုံသော သင်္ခါရတရားအပေါင်းကို မမြဲဟုရှု၏၊ မြဲသည်ဟုမရှု။ ထို့နောင် မမြဲသောတရားသည် ဆင်းရဲပင်ဖြစ်သောကြောင့် ထိုမမြဲသောတရားကိုပင် 'ဆင်းရဲ–ဒုက္ခ'ဟုရှု၏။ သုခဟုမရှု။ တစ်ဖန် ဆင်းရဲသောတရားသည် အတ္တမဟုတ်–အနတ္တဖြစ်သောကြောင့် ထိုမမြဲသောတရားကိုပင် အနတ္တ–အတ္တမဟုတ်ဟု ရှု၏၊ အတ္တဟုမရှု။

တစ်ဖန် အကြင်တရားသည် မမြဲ–ဆင်းရဲ–အတ္တမဟုတ်လျှင် ထိုတရားကို မနှစ်သက်အပ်၊ မနှစ်သက်သင့်။ အကြင်တရားသည်မနှစ်သက်အပ်လျှင် ထိုတရား၌ မတပ်မက်အပ်၊ မတပ်မက်သင့်။ ထို့ကြောင့် ပျက်ခြင်းကိုရှုသော ဘင်္ဂါနုပဿနာသို့အစဉ်လိုက်သဖြင့် ''မမြဲ–ဆင်းရဲ–အတ္တမဟုတ်'' ဟု မြင်အပ်ပြီးသော ဤသင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ မနှစ်သက်မပျော်မွေ့၊ စက်ဆုပ်၏၊ မတပ်မက်။

ဤသို့ မတပ်မက်သောယောဂီသည် (လောကုတ္တရာဉာဏ်) မှ ရှေးဦးစွာ လောကီဉာဏ်ဖြင့်ပင်လျှင် တပ်မက်သောရာဂကို ချုပ်စေ၏၊ မဖြစ်စေ၊ ရာဂဖြစ်ခြင်းကို မပြု။ ဤကား အနက်တည်း။

တစ်နည်းကား ဤသို့စက်ဆုပ်သောယောဂီသည် မြင်အပ်ပြီးသော ပစ္စုပ္ပန်သင်္ခါရအပေါင်းကို ချုပ်သည်ဟု ရှုပွားပြီးလျှင် ထို့အတူမမြင်ရသော အတိတ်, အနာဂတ်သင်္ခါရတို့ကိုလည်း မြင်ပြီးသို့အစဉ်လိုက်၍ မှန်းဆ၍သိသော**အန္ဝယဉာဏ်**၏အစွမ်းအားဖြင့် ချုပ်သည်ဟုရှု၏။ ဖြစ်သည်ဟု မရှု၊ ချုပ်သည်ဟုသာလျှင် နှလုံးသွင်း၏။ ထိုပစ္စုပ္ပန်, အတိတ်, အနာဂတ် သင်္ခါရတို့၏ချုပ်ခြင်း (နိရောဓ) ကိုသာ ရှုပွားနေခြင်းကို **နိရောဓာနုပဿနာ**ဟုခေါ်၏။

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကျင့်ကြံအားထုတ်၍ ''**တစ်ဖန်စွန့်လွှတ်၏၊ မယူ**''ဟူသော စကားရပ်၏အနက်အဓိပ္ပါယ်ကား – **မမြဲစသည့်အခြင်းအရာဖြင့် ရှုသော ဝိပဿနာသည် ဖြစ်ထိုက်သည့်အကျိုးဟူသော ဘဝသစ်ခန္ဓာ, ကံဟူသောအဘိသင်္ခါရ**

**တို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏အစွမ်းအားဖြင့် စွန့်ပယ်၏၊ သင်္ခတတရားတို့၏အပြစ်ကို မြင်သဖြင့် ၎င်းတို့မှပြောင်းပြန်ဖြစ်သော နိဗ္ဗာန်၌ညွတ်ကိုင်းသည့်အဖြစ်ဖြင့် ပြေးဝင်၏။ ထို့ကြောင့် ဤဝိပဿနာသည် ''ပရိစ္စာဂပဋိနိဿဂ္ဂ = စွန့်လွှတ်ခြင်းဟူသော တစ်ဖန်လွှတ်ခြင်း''မည်၏၊ ''ပက္ခန္ဒနပဋိနိဿဂ္ဂ = ပြေးဝင်ခြင်းဟူသော တစ်ဖန်လွှတ်ခြင်း''ဟုလည်း မည်၏။ ''ဤဝိပဿနာကို ပဋိနိဿဂ္ဂါနုပဿနာဟုခေါ်၏''**

ထို့ကြောင့် ထိုမဖြဲ, ဆင်းရဲ, အတ္တမဟုတ်စသည့် အခြင်းအရာအားဖြင့်ရှုသော ဝိပဿနာနှင့် ပြည့်စုံသော ယောဂီသည် ဆိုခဲ့သောနည်းဖြင့် ကိလေသာတို့ကိုလည်း စွန့်ပယ်၏၊ နိဗ္ဗာန်၌လည်းပြေးဝင်၏။ ဖြစ်စေသည့်အစွမ်းအားဖြင့် ကိလေသာတို့ကိုလည်း မယူ၊ အပြစ်မမြင်သည့်အစွမ်းအားဖြင့် သင်္ခတအာရုံကိုလည်း မယူ။ သို့အတွက် ''တစ်ဖန်စွန့်၏၊ မယူ''ဟူ၍ဆိုအပ်၏။

''**ဝတ္ထုရွှေ့ခြင်း**''ဟူသည်ကား ရုပ်၏ပျက်ခြင်းကို ရှုမြင်သောစိတ်၏ပျက်ခြင်းကို တစ်ဖန်ရှုမြင်သည့်အစွမ်းအားဖြင့် ရုပ်၏ပျက်ခြင်းဟူသောရှေးဝတ္ထုမှ စိတ်၏ပျက်ခြင်းဟူသည့်နောက်ဝတ္ထုသို့ ရွှေ့ခြင်းတည်း။

''**ပညာ၏ဆုတ်နစ်ခြင်း**''ဟူသည်ကား ဖြစ်ခြင်းကိုပယ်၍ ပျက်ခြင်း၌တည်ခြင်းတည်း။

''**အာဝဇ္ဇန်းအား**''ဟူသည်ကား ရုပ်၏ပျက်ခြင်းကိုမြင်ပြီးနောက် ပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ပျက်ခြင်းကို တစ်ဖန်ရှုမြင်ခြင်းငှာ အခြားမဲ့၌ပင်လျှင် နှလုံးသွင်းဆင်ခြင်စွမ်းနိုင်သည့်အဖြစ်တည်း။

''**ပဋိသင်္ခါနုပဿနာ**''ဟူသည်ကား အထက်ပါအင်္ဂါသုံးပါးနှင့်ပြည့်စုံသော ပညာသည် အာရုံ၏အပျက်ကိုသိပြီး၍ ဝိပဿနာစိတ်၏အပျက်ကို တစ်ဖန်ရှုသော ဘင်္ဂါနုပဿနာပင်တည်း။

''**အာရုံသို့အစဉ်လိုက်သဖြင့် မြင်ရမမြင်ရအားဖြင့် နှစ်ပါးသောအာရုံတို့ကို တစ်မျိုးတည်းပိုင်းခြားခြင်း**''ဟူသည်ကား မျက်မှောက်အားဖြင့်မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့ အစဉ်လိုက်သဖြင့် ''ဤပစ္စုပ္ပန်သင်္ခါရကဲ့သို့ အတိတ်ကာလ၌လည်း သင်္ခါရတရားအပေါင်းသည် ပျက်ခဲ့လေပြီ၊ အနာဂတ်ကာလ၌လည်း ပျက်လတ့်'' ဟု ဤသို့မျက်မှောက်မြင်ရမမြင်ရသော နှစ်ပါးသောအာရုံတို့ကို ပျက်ခြင်းဟူသည့်တစ်မျိုးတည်းသောသဘောဖြင့်သာလျှင် ပိုင်းခြားဆုံးဖြတ်ခြင်းတည်း။

မှန်ပေ၏။ ရှေးဆရာတို့သည် ''ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်သင်္ခါရ၌ စင်ကြယ်သည့်ဉာဏ်အမြင်ရှိသောယောဂီသည် ထိုပစ္စုပ္ပန်သင်္ခါရ၏အပျက်ကိုမြင်သောဉာဏ်သို့ အစဉ်လိုက်သော **အနုမာနဉာဏ်**ကို အတိတ်အနာဂတ်သင်္ခါရ၌ ဆောင်၏၊ ဆောင်ပုံကား 'အလုံးစုံသောသင်္ခါရတရားတို့သည် နေထွက်လျှင်နှင်းပေါက်ကဲ့သို့ ပျက်ခြင်းသဘောရှိကုန်၏'ဟုဆောင်၏''ဟူ၍ မိန့်ဆိုထားပေ၏။

''**ချုပ်ခြင်း၌နှလုံးသွင်းခြင်း**''ဟူသည်ကား မျက်မှောက်မြင်ရ, မမြင်ရသောအာရုံနှစ်မျိုးတို့ကို ပျက်ခြင်း၏အစွမ်းအားဖြင့် တစ်မျိုးတည်းပိုင်းခြားပြီးလျှင် ပျက်ခြင်းဟုဆိုအပ်သည့်

ထိုချုပ်ခြင်း၌သာလျှင် နှလုံးသွင်းခြင်းတည်း၊ ထိုချုပ်ခြင်း၌သာလျှင် အလေးပြုခြင်း, ညွတ်ခြင်း, ကိုင်းရှိုင်းခြင်းတည်း။

''**ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်း**''ဟူသည်ကား **သင်္ခါရတို့၏ပျက်ခြင်းကိုအဖန်ဖန်ရှု၍ ရှုမြင်သည့်စိတ်တို့၏ပျက်ခြင်းကိုပါ အဖန်ဖန်ရှုသောယောဂီအား ''သင်္ခါရတို့သာလျှင်ပျက်ကုန်၏၊ ထိုသင်္ခါရတို့၏ပျက်ခြင်းသည်ပင် သေခြင်းမည်၏၊ သင်္ခါရတို့မှတစ်ပါးသော သေတတ်, ပျက်တတ်သည့် တစ်စုံတစ်ယောက်သောသူသည် မရှိဟူ၍ အတ္တမှဆိတ်သုဉ်းခြင်းသဘောအားဖြင့် ထင်လာခြင်းပင်တည်း။''**

ထို့ကြောင့် ရှေးဆရာတို့က ''ခန္ဓာတို့သည်သာ ချုပ်ကုန်၏၊ ခန္ဓာတို့မှတစ်ပါးသော အတ္တကောင်မည်သည်မရှိ၊ ခန္ဓာတို့၏ပျက်ခြင်းကိုပင် သေခြင်းဟုခေါ်ဆိုအပ်၏။ စိန်ဖြင့်ကျောက်ယက္ခမြားကို ဖောက်ထွင်းသူကဲ့သို့ မမေ့မလျော့သောယောဂီသည် သင့်လျော်သည့်အကြောင်းဖြင့် ထိုသင်္ခါရတို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်၏''ဟု မိန့်ဆိုကြ၏။

''**သုံးပါးသောအနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသူ**''ဟူသည်ကား အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်တည်း။

''**လေးပါးသောဝိပဿနာ**''ဟူသည်ကား –

(၁) နိဗ္ဗိဒါနုပဿနာ၊ (၂) ဝိရာဂါနုပဿနာ၊ (၃) နိရောဓာနုပဿနာ၊ (၄) ပဋိနိဿဂ္ဂါနုပဿနာတို့တည်း။

အနိစ္စ, ဒုက္ခ, အနတ္တဖြစ်သော သင်္ခါရတရားတို့သည် နှစ်သက်ဖွယ်မဟုတ်သောကြောင့် ဘင်္ဂါနုပဿနာသို့အစဉ်လိုက်၍ ရှုမြင်နေသောယောဂီသည် သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ မနှစ်သက်, မပျော်မွေ့တော့ချေ။ သင်္ခါရတရားတို့ကို ငြီးငွေ့ဖွယ်အဖြစ်ရှုမြင်သော ဝိပဿနာကို **နိဗ္ဗိဒါနုပဿနာ**ဟုခေါ်၏။

အလွန်မနှစ်သက်ဖွယ်ဖြစ်သည့် သင်္ခါရတရားတို့၌ တပ်မက်ခြင်းမဖြစ်သင့်သောကြောင့် ဘင်္ဂါနုပဿနာသို့အစဉ်လိုက်၍ ရှုမြင်နေသောယောဂီသည် သင်္ခါရတရားအပေါင်း၌ စက်ဆုပ်၏၊ မတပ်မက်တော့ချေ။ သင်္ခါရတရားတို့ကို စက်ဆုပ်ဖွယ်အဖြစ်ရှုမြင်နေသော ဝိပဿနာကို **ဝိရာဂါနုပဿနာ** ဟုခေါ်၏။

''**ထင်ခြင်းသုံးပါး**''တို့ကား–

(၁) *ခယတော ဉပဋ္ဌာန* = ကုန်သောအားဖြင့်ထင်ခြင်း

(၂) *ဝယတော ဉပဋ္ဌာန* = ပျက်သောအားဖြင့်ထင်ခြင်း

(၃) *သုညတောဉပဋ္ဌာန* = ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်းတို့တည်း။

''**အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်**''ဟူသည်ကား သဿတဒိဋ္ဌိ–တည်မြဲအယူ, ဉစ္ဆေဒဒိဋ္ဌိ–ပြတ်စဲအယူစသော အထူးထူးအပြားပြားသော မိစ္ဆာအယူမှားတို့ကြောင့် မတုန်လှုပ်ခြင်းပင်တည်း။

- **လောကကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ရှုမြင်သူအား သေမင်းမမြင်နိုင်**

မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်သောယောဂီသည် ''မချုပ်သေးသောသင်္ခါရတရားအသစ်

သည်သာလျှင် ချုပ်၏၊ မပျက်သေးသောသင်္ခါရတရားအသစ်သည်သာလျှင် ပျက်၏'' ဟု နှလုံးသွင်းခြင်းရှိပြီးလျှင် ကွဲပျက်ဆဲမခိုင်မာသော အိုးခွက်၏ကွဲပျက်ခြင်းကို မြင်သည့်ပမာ၊ ဖရိုဖရဲပြန့်ကြဲဆဲဖြစ်သော သိမ်မွေ့သည့်မြူအပေါင်း၏ ဖရိုဖရဲပြန့်ကြဲခြင်းကိုမြင်သည့်ပမာ၊ အိုးကင်းထဲ၌လှော်ဆဲဖြစ်သောနှမ်းတို့၏ပေါက်ကွဲပျက်စီးခြင်းကို မြင်သည့်ပမာ၊ အလုံးစုံသော သင်္ခါရတို့၏ဖြစ်ခြင်း (ဥပါဒ်)၊ တည်ခြင်း (ဋ္ဌီ)၊ အဆက်မပြတ်ဖြစ်ပျက်သောအယဉ် (ပဝတ္တ) နှင့် ပုံသဏ္ဌာန်နိမိတ်တို့ကိုစွန့်၍ ပျက်ခြင်း (ဘင်)ကိုသာလျှင် ရှုမြင်၏။

**ဥပမာအားဖြင့်** မျက်စိကောင်းသောယောကျ်ားသည် ရေကန်ဘောင်၌ဖြစ်စေ မြစ်ကမ်းပါး၌ဖြစ်စေ ရပ်လျက် မိုးသည်းထန်စွာရွာသဖြင့် မိုးပေါက်ကြီးများက ရေပြင်ပေါ်ကျလာသောအခါ **ရေပွက်ကြီးများဖြစ်ပေါ်ကာ လျင်စွာလျင်စွာ ပျက်သွားသည်ကို ရှုမြင်ရသကဲ့သို့၊** ထို့အတူ သင်္ခါရတရားတို့သည် လျင်စွာလျင်စွာပျက်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။

**မြတ်စွာဘုရားဟောတော်မူသည်ကား – *''ရေပွက်ကိုရှုမြင်ရသကဲ့သို့၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးဟူသောလောကကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ရှုမြင်သောသူကို သေမင်းမမြင်နိုင်တော့ပေ။''***

- **ဘင်္ဂါနုပဿနာဉာဏ်၏အကျိုး ၈ ပါး**

အလုံးစုံသော သင်္ခါရတရားတို့သည် ပျက်ကုန်၏၊ ပျက်ကုန်၏'' ဟု မပြတ်ရှုမြင်သော ဘင်္ဂါနုပဿနာဉာဏ်သည် အကျိုးအာနိသင် ၈ ပါးရှိ၍ ခွန်အားနှင့်ပြည့်စုံ၏။

(၁) ဘဝဒိဋ္ဌိခေါ် သဿတဒိဋ္ဌိကို ပယ်ခွါခြင်း၊
(၂) အသက်၌ငဲ့ကွက်တွယ်တာမှုကို ပယ်စွန့်နိုင်ခြင်း၊
(၃) နေ့ရောညဥ့်ပါ အခါခပ်သိမ်း ဘာဝနာ၌ လွန်စွာအားထုတ်ခြင်း၊
(၄) အသက်မွေးမှုစင်ကြယ်ခြင်း၊
(၅) ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်ဖျောက်နိုင်ခြင်း၊
(၆) ကြောက်ရွံ့မှုကင်းခြင်း၊
(၇) သည်းခံနိုင်ခြင်း၊ သူတော်ကောင်းတရား၌မွေ့လျော်ခြင်း၊
(၈) တောကျောင်းနှင့်ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ပင်တည်း။

ထို့ကြောင့် **ရှေးဆရာတို့ မိန့်ဆိုထားသည်မှာ** –

ဘင်္ဂါနုပဿနာဉာဏ်၏မြတ်သောဂုဏ်ကျေးဇူး ၈ ပါးကို သိမြင်သဖြင့် ယောဂီသည် သေခြင်းကင်းရာအမြိုက်နိဗ္ဗာန်သို့ရောက်ခြင်းငှာ ရုပ်နာမ်သင်္ခါရတို့၏အပျက်ကိုသာလျှင် အဖန်ဖန်မပြတ်ရှုမှတ်သုံးသပ်နေပေ၏။ ဥပမာအားဖြင့် ကိုယ်၌ဝတ်ထားသည့် အဝတ်မီးလောင်လျှင်ဖြစ်စေ ဦးခေါင်းမီးလောင်လျှင်ဖြစ်စေ အခြားကိစ္စများကို ဂရုမစိုက်နိုင်တော့ဘဲ ထိုမီးကိုအလျင်အမြန်ငြိမ်းသတ်ရေးကိုသာ ကြိုးပမ်းလုပ်ဆောင်သကဲ့သို့တည်း။

- **၃ ဘယတုပဋ္ဌာနဉာဏ်ကိုပြဆိုခြင်း**

ယောဂီသည် အလုံးစုံသော တေဘူမကသင်္ခါရတို့၏ကုန်ခြင်း (ခယ)၊ ပျောက်ခြင်း(ဝယ)၊ ပျက်ခြင်း (ဘေဒ)ဟူသော ချုပ်ခြင်း (နိရောဓ)လျှင် အာရုံရှိသော **ဘင်္ဂါနုပဿနာ**ခေါ်

**ဘင်္ဂဉာဏ်**ကိုမှီဝဲလျက် အကြိမ်များစွာပွားများအားထုတ်၏။ ထိုအခါ ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး၊ ယောနိ ၄ ပါး, ဂတိ ၅ ပါး၊ ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၉ ပါးတို့၌ ခဏတိုင်းခဏတိုင်း မပြတ်ပျက်စီးကုန်သောသင်္ခါရတို့သည် ကြီးစွာသော ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်လာကုန်၏။ ဤသို့ **သင်္ခါရတရားတို့၌ ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောဉာဏ်သည် ဘယတုပဋ္ဌာနာဉာဏ်မည်၏။**

**ဥပမာအားဖြင့်** ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သည့်ယောက်ျားအား ခြင်္သေ့, ကျား, ဘီလူး, ရက္ခိုသ်, ဆင်ကြမ်း၊ မြွေဆိုးစသည့် ကြီးစွာသော ကြောက်မက်ဖွယ်ဘေးဆိုးကြီး ထင်လာသကဲ့သို့တည်း။

''အတိတ်သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောသင်္ခါရတို့သည်လည်း ဤအတူပင်ချုပ်ကုန်လတ္တံ့''ဟု ရှုမြင်သော ယောဂီအား အရှိန်အဟုန်ကြီးစွာ ပျက်ချုပ်နေကြသော သင်္ခါရတို့သည် ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်သောကြောင့် **ဘယတုပဋ္ဌာနဉာဏ်**မည်သော **ဘယဉာဏ်**သည် ဖြစ်ပေါ်၏။

- **ဘယဉာဏ်ဖြစ်ပေါ်သည့်ဥပမာများ**

**မိန်းမတစ်ယောက်တွင် သားသုံးယောက်ရှိ၏၊ သားသုံးယောက်စလုံးကို မင်းဒဏ်သင့်သဖြင့် ဦးခေါင်းဖြတ်ရန် မင်းကအမိန့်ပေး၏။** ထိုမိန်းမသည် သူသတ်ကုန်းသို့လိုက်သွား၍ သားကြီး၏ ဦးခေါင်းဖြတ်လိုက်သည်ကိုမြင်ရ၏၊ ထို့နောက် သားလတ်၏ဦးခေါင်းကို ဖြတ်နေဆဲကိုလည်း မြင်တွေ့ရ၏။ ထိုအခါ မိန်းမသည် ''ဤသားငယ်သည်လည်း သားကြီး, သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ္တံ့''ဟု တွေးတောဆင်ခြင်ကာ သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်း တို့ကို စွန့်လွှတ်လိုက်လေ၏။

ဤဥပမာကို ဥပမေယျနှင့် နှိုင်းယှဉ်ပြရသော် –

(၁) သားကြီး၏ဦးခေါင်းအဖြတ်ခံရခြင်းကို ထိုမိန်းမတွေ့မြင်ခဲ့ရခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။

(၂) သားလတ်၏ဦးခေါင်းဖြတ်နေဆဲကိုမြင်ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်နေရသည်နှင့်တူ၏။

(၃) ''ဤသားငယ်သည်လည်း သားကြီး, သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ္တံ့''ဟု တွေးတောဆင်ခြင်၍ သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်သကဲ့သို့ ယောဂီက ''နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ပျက်ကုန်လတ္တံ့''ဟု အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သောယောဂီအား ထိုရှုမြင်သောခဏ၌ **ဘယတုဥပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

**တစ်ပါးသောဥပမာကား**

**မိန်းမတစ်ယောက်သည် ကလေးဆယ်ဦးဖွားမြင်သတတ်။** ရှေးဦးမွေးဖွားသောကလေး ၉ ယောက်တို့သည် အဖတ်မတင်ဘဲ သေဆုံးသွားကြပြီ၊ ရင်ခွင်၌ထွေးပိုက်ထားသောကလေးသည်လည်း သေဆဲဖြစ်သည်ကိုမြင်ရ၏။ ထိုအခါ ဝမ်းဗိုက်၌လွယ်ထားသော မွေးလတ္တံ့ကလေး

ငယ်သည်လည်း သေဆုံးရလတ့ံဟု တွေးတောဆင်ခြင်ပြီးလျှင် ထိုကိုယ်ဝန်ဆောင်ကလေးငယ်၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်လေ၏။

ဤဉပမာတွင်လည်း ပထမကလေး ၉ ယောက်တို့၏ သေဆုံးခြင်းကို ထိုမိန်းမမြင်တွေ့ခဲ့ခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။ ထွေးပိုက်ထားသည့်ကလေးငယ်၏ သေနေဆဲကို ထိုမိန်းမမြင်တွေ့ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သင်္ခါရတို့၏ ချုပ်နေဆဲကို ရှုမြင်ရခြင်းနှင့်တူ၏။ ထိုမိန်းမက ''ကိုယ်ဝန်ဆောင်ထားသော ကလေးသည်လည်း မွေးပြီးကလေး ၁၀ ယောက်နည်းတူ သေဆုံးရလတ့ံ''ဟု ဆင်ခြင်ပြီး ထိုကိုယ်ဝန်ဆောင်ကလေး၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း ''နောင်အနာဂတ်ကာလ၌ ဖြစ်လတ့ံသော သင်္ခါရတို့လည်း ပျက်ကုန်လတ့ံ'' ဟု အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သည့်ခဏ၌ **ဘယတုပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

## • ဘယဉာဏ်သည် ကြောက်တတ်သလော

ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်တတ်သလော, မကြောက်တတ်သလောဟုမေးလျှင် မကြောက်တတ်ပါဟု ဖြေဆိုရပေမည်။ အကြောင်းမှာ ကြောက်တတ်ခြင်းသည် ဒေါသမူစိတ်နှင့် ယှဉ်၍သာဖြစ်ပေါ်၏။ ကုသိုလ်စိတ်၌ယှဉ်သော ဝိပဿနာဉာဏ်တွင် ဖြစ်ပေါ်ရိုးမရှိပါ။

ထိုဘယတုပဋ္ဌာနဉာဏ်သည် ''အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည်လည်းချုပ်ကုန်လတ့ံ''ဟု ရှုမြင်ဆင်ခြင်ပြီးလျှင် သင်္ခါရတို့၏ကြောက်မက်ဖွယ်သဘောကို သိမြင်ခြင်းသာဖြစ်ပေ၏။

**ဥပမာအားဖြင့်** မျက်စိကောင်းသောယောက်ျားတစ်ယောက်သည် မြို့တံခါးအနီး၌ **မီးကျီးတွင်းသုံးခု**တို့ကိုတွေ့မြင်လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ ထိုယောက်ျားသည် ''ဤမီးကျီးတွင်းသို့ ကျတိုင်းကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကိုခံစားရလတ့ံ''ဟု ဆင်ခြင်သိမြင်ပြီးလျှင် ''ဤမီးကျီးတွင်းတို့သည် ကြောက်မက်ဖွယ်ရာဘေးဆိုးကြီးပင်တည်း''ဟု သိမြင်လာသကဲ့သို့တည်း။

**တစ်ပါးသောဥပမာကား** မျက်စိအမြင်ရှိသောလူတစ်ယောက်သည် ရှားနှစ်တံကျင်, သံတံကျင်, ရွှေတံကျင်ဟူသော **တံကျင်သုံးခု**ကိုမြင်တွေ့လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ ထိုယောက်ျားသည် ''ဤတံကျင်တို့၌ ကျတိုင်းကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကိုခံစားရလတ့ံ''ဟု ဆင်ခြင်သိမြင်ပြီး တံကျင်တို့၏ကြောက်မက်ဖွယ်သဘောကို ရှုမြင်ခြင်းသာဖြစ်၏။

**စင်စစ်သော်ကား ဘယတုပဋ္ဌာနဉာဏ်သည် ''မီးကျီးတွင်းသုံးခု, တံကျင်သုံးချောင်းနှင့်တူကုန်သော ဘဝသုံးပါး၌ အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတ့ံ''ဟု ရှုမြင်ဆင်ခြင်ပြီးလျှင် မမြဲ, ဆင်းရဲ, ချုပ်ကုန်ဆဲဖြစ်သော သင်္ခါရအားလုံးတို့၏ကြောက်မက်ဖွယ်သဘောကို ရှုမြင်သိမြင်ခြင်းပင်တည်း။**

ဘယတုပဋ္ဌာနမည်ခြင်းအကြောင်းကား–အလုံးစုံသောဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိခုနစ်ပါး, သတ္တာဝါသကိုးပါးတို့၌တည်ကုန်သော သင်္ခါရတို့သည် ပျက်စီးခြင်းသို့ရောက်ကုန်လျက် ကြောက်မက်ဖွယ်ဘေးရှိကုန်သည်ဖြစ်၍ သက်သက်ကြောက်မက်ဖွယ်ဘေးအဖြစ် ထိုဉာဏ်အား ထင်ပေါ်ကုန်၏။ ထို့ကြောင့် **ဘယတုပဋ္ဌာနဉာဏ်**မည်၏။

- **ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ**

**သင်္ခါရတရားတို့ကို မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်မက်ဖွယ်ဘေးအဖြစ်ထင်သနည်း?**

**(၁) သင်္ခါရတို့ကို အနိစ္စ–မမြဲဟုနှလုံးသွင်းသောသူအား သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအဖြစ်ထင်၏။ အဘယ်ကြောင့်ဆိုသော် မမြဲဟုနှလုံးသွင်းသောသူသည် သင်္ခါရတို့၏သေခြင်းပျက်ခြင်းကိုသာလျှင် ရှုမြင်နေသောကြောင့်တည်း။**

**(၂) သင်္ခါရတို့ကို ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သောခန္ဓာအယဉ် (ပဝတ္တ)သည် ကြောက်ဖွယ်ဘေးအဖြစ် ထင်၏။ အဘယ့်ကြောင့်ဆိုသော် ချမ်းသာဟုသမုတ်အပ်သော ရူပဘဝ, အရူပဘဝတို့၏ဘဝအယဉ်၌သော်လည်း မပြတ်နှိပ်စက်အပ်သည့်အဖြစ်ကိုသာလျှင် ယောဂီသည် ရှုမြင်နေသောကြောင့်တည်း။**

**(၃) သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူအား သင်္ခါရနိမိတ်နှင့်တကွ မပြတ်ဖြစ်သောဘဝအယဉ်သည် ကြောက်ဖွယ်ဘေးအဖြစ်ထင်၏။ အဘယ့်ကြောင့်ဆိုသော် ယောဂီသည် နိမိတ်နှင့်ဘဝအယဉ်နှစ်ပါးလုံးကို ရွာပျက်ကဲ့သို့၊ တံလျှပ်ကဲ့သို့ ဂန္ဓဗ္ဗနတ်, ကျတ်သူရဲတို့၏မြို့စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီးဖြစ်သည်၊ အတ္တမှဆိတ်သုဉ်းသည်၊ ပိုင်ရှင်မရှိ၊ ရှေ့ဆောင်အကြီးအကဲမရှိဟု ရှုမြင်သောကြောင့်တည်း။**

- **၄ အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုခြင်း**

ဘယတုပဋ္ဌာနဉာဏ်ကိုမှီဝဲလျက် အကြိမ်များစွာပွားများအားထုတ်သောယောဂီအား အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌

– အကျိုးမဲ့မှ စောင့်ရှောက်တတ်သောအရာ (တာဏ)သည် မထင်၊
– ပုန်းအောင်းမှီခိုရာ (လေဏ)သည် မထင်၊
– ရှောင်တိမ်းသွားရာအရပ် (ဂတိ)သည် မထင်၊
– ကိုးကွယ်အားထားရာ(ပဋိသရဏ)သည်လည်း မထင်သည်သာတည်း။

အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌တည်ကုန်သော သင်္ခါရတို့တွင် တစ်ခုသောသင်္ခါရကိုသော်မျှ တောင့်တခြင်း (ပတ္ထနာ)၊ ငါဟုမှားယွင်းစွာသုံးသပ်ခြင်းသည်လည်း မရှိတော့ချေ။

– ဘဝသုံးပါးသည် မီးလျှံကင်းသည့်မီးကျီတွင်းကဲ့သို့၊
– မဟာဘုတ်လေးပါးသည် အဆိပ်ပြင်းသည့် မြွေဆိုးကြီးကဲ့သို့။
– ခန္ဓာငါးပါးသည် သန်လျက်ချီမိုးသောသူသတ်သမားကဲ့သို့၊

– **အဇ္ဈတ္တိကာယတန ၆ ပါးတို့သည် လူမရှိသောရွာပျက်ကဲ့သို့၊**
– ဗာဟိရာယတန ၆ ပါးတို့သည် ရွာဖျက်ဓားပြများကဲ့သို့၊
– ဝိညာဏဋ္ဌိတိ ၇ ပါး၊ သတ္တာဝါသ ၉ ပါးတို့သည် မီး ၁၁ ပါးတို့ဖြင့် ရဲရဲတောက်လောင်လျက် ထက်ဝန်းကျင်တောက်လောင်ကုန်လျက် တခဲနက်သောမီးလျှံကဲ့သို့ ထင်ပေါ်ကုန်၏။

ထို့အပြင် အလုံးစုံသောသင်္ခါရတို့သည် အိုင်းအမာကဲ့သို့၊ စွဲကပ်နေသောရောဂါကဲ့သို့၊ စူးဝင်နေသောငြောင့်ကဲ့သို့၊ မကောင်းမှုတို့ကဲ့သို့၊ အဖျားအနာကဲ့သို့၊ သာယာဖွယ်ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ အရသာကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏၊ ကြီးစွာသော အပြစ်အစုသဖွယ် ဖြစ်၍ ထင်ကုန်၏။

အဘယ်သို့လျှင် သင်္ခါရတို့သည် ကြီးစွာသောအပြစ်စုသဖွယ်ထင်သနည်းဟူမူ **ချမ်းသာစွာနေထိုင်လိုသောယောကျ်ားသည်** မွေ့လျော်ဖွယ်အခြင်းအရာရှိသော်လည်း သားရဲရှိသည့်တောအုပ်ထဲသို့ ရောက်သွားသည့်အခါ ကြောက်ရွံ့ထိတ်လန့်လျက် ကြက်သီးမွေးညင်းထ၍ သားရဲတော၏အပြစ်ကိုသာလျှင် မြင်နေသကဲ့သို့၊ ထို့အတူပင်လျှင် **ယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းကိုသာရှုသော ဘင်္ဂါနုပဿနာ၏အစွမ်းအားဖြင့် အလုံးစုံသောသင်္ခါရတို့သည် ကြောက်ဖွယ်ဘေးအနေဖြင့်ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသည့်, သာယာဖွယ်ကင်းသည့် အမြဲမပြတ်ဖြစ်ခြင်းဟူသည့်ဘေးနှင့်တကွဖြစ်ခြင်းဟူသော အပြစ်ကိုသာလျှင် ရှုမြင်၏။ ဤသို့ သင်္ခါရတို့၌ အပြစ်ကိုရှုမြင်သောယောဂီအား အာဒီနဝဉာဏ်မည်သော အာဒီနဝါနုပဿနာဉာဏ်သည် ဖြစ်ပေါ်၏။**

**ထို့ကြောင့် ဘယတုပဋ္ဌာနဉာဏ်အစွမ်းဖြင့် ကြောက်ဖွယ်ဘေးအဖြစ်ရှုမြင်နေသော သင်္ခါရတရားတို့၌ အပြစ်ကိုရှုမြင်သည့်ဉာဏ်သည် အာဒီနဝါနုပဿနာဉာဏ်မည်၏။**

- **ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ**

၁။ အဘယ်သို့လျှင် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်သနည်း?

ရှေးဦးစွာ သင်္ခါရတို့၏ဖြစ်ပေါ်ခြင်း(ဥပ္ပါဒ)သည် ကြောက်ဖွယ်ဘေးဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။

သင်္ခါရတို့၏အဆက်မပြတ်ဖြစ်ပွားခြင်း(ပဝတ္တ)သည် ဘေးဟု၊ သင်္ခါရနိမိတ်သည် ဘေးဟု၊ ကံဖြစ်ရန်အားထုတ်ခြင်း(အာယူဟန)သည် ဘေးဟု၊ ဘဝသစ်၌ဖြစ်ခြင်း(ပဋိသန္ဓေ)သည် ဘေးဟု၊ လားရာ(ဂတိ)သည် ဘေးဟု၊ ဖြစ်ခြင်း(နိဗ္ဗတ္တိ)သည် ဘေးဟု၊ ကပ်ရောက်၍ဖြစ်ခြင်း(ဥပပတ္တိ)သည် ဘေးဟု၊ ဘဝသစ်ဖြစ်ခြင်း(ဇာတိ)သည် ဘေးဟု၊ အိုခြင်း(ဇရာ)သည် ဘေးဟု၊ နာခြင်း(ဗျာဓိ)သည် ဘေးဟု၊ သေခြင်း(မရဏ)သည် ဘေးဟု၊ စိုးရိမ်ခြင်း(သောက)သည်ဘေးဟု၊ ငိုကြွေးခြင်း(ပရိဒေဝ)သည် ဘေးဟု၊ ပြင်းစွာပူပန်ခြင်း (ဥပါယာသ)သည် ဘေးဟု ကြောက်ဖွယ်ဘေးအဖြစ်အားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။

၂။ ဖြစ်ပေါ်မှုကင်းသောနိဗ္ဗာန်သည် (ဝါ) မဖြစ်ခြင်းသည် ဘေးငြိမ်းရေးတည်းဟု

သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည် (ဖြစ်ပွားမှုကင်းသောနိဗ္ဗာန်သည်)။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် (ပြင်းစွာပူပန်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟုသိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၃။ ဖြစ်ပေါ်ခြင်းသည် ကြောက်မက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်း ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်း သည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသော ပညာသည် **သန္တိပဒဉာဏ်**မည်၏။

၄။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်မက်ဖွယ်အနေအားဖြင့်ထင်ရာ၌ အပြစ်ကို မြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် **အာဒီနဝဉာဏ်**မည်၏။

၅။ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၆။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်** မည်၏။

၇။ ဖြစ်ပေါ်ခြင်းသည် (ဝဋ္ဋ, ကာမဂုဏ်, ကိလေသာဟူသော) အစာနှင့်တကွဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုမြင်သောပညာသည် **အာဒီနဝဉာဏ်** မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် **အာဒီနဝဉာဏ်** မည်၏။

၈။ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၉။ ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်၏၊ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၁၀။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ သိသောပညာသည် **အာဒီနဝဉာဏ်**မည်၏။ ဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် **အာဒီနဝဉာဏ်** မည်၏။

၁၁။ မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မဖြစ်ပွားခြင်းသည်။ ပ ။ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

၁၂။ ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟုသိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။ မပူပန်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟု သိသောပညာသည် **သန္တိပဒဉာဏ်**မည်၏။

ဖြစ်ပေါ်ခြင်း၊ ဖြစ်ပွားခြင်း၊ နိမိတ်၊ အားထုတ်ခြင်း၊ ဘဝသစ်ပဋိသန္ဓေဖြစ်ခြင်းအသီးသီးကို ဆင်းရဲဟုရှုမြင်၏၊ ဤရှုမြင်သော **ဉာဏ် ၅ ပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ် မည်၏။**

မဖြစ်ပေါ်ခြင်း၊ မဖြစ်ပွားခြင်း၊ နိမိတ်ကင်းခြင်း၊ အားမထုတ်ခြင်း၊ ပဋိသန္ဓေကင်းခြင်းအသီးသီးကို ချမ်းသာဟုရှုမြင်၏၊ ဤရှုမြင်သော **ဉာဏ် ၅ ပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏။**

ယောဂီသည် နှစ်ပါးသောအာဒီနဝဉာဏ်, သန္တိပဒဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည့်အဖြစ်ကြောင့် အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ဤဥပ္ပါဒစသော ၁၅ ပုဒ်တို့တွင် ပထမ ၅ ပုဒ်သာလျှင် အာဒီနဝဉာဏ်၏ဖြစ်ရာအာရုံ ဝတ္ထုအဖြစ်ဖြင့် ဟောတော်မူ၏။ ကြွင်းသော ၁၀ ပုဒ်တို့ကို ထိုမူလပထမ ၅ ပုဒ်၏ဝေဝုစ် ပရိယာယ်စကားလုပ်အဖြစ်ဖြင့် ဟောတော်မူ၏။

- **သန္တိပဒဉာဏ်ကို ဟောတော်မူခြင်းအကြောင်း**

''မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟုသိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏'' ဤသို့စသောစကားကို အာဒီနဝဉာဏ်၏ဆန့်ကျင်ဘက်ဖြစ်သည့်ဉာဏ်ကို ပြခြင်းအကျိုးငှာ ဟောတော်မူ၏။

**တစ်နည်းအားဖြင့်** – ဘယဉာဏ်ဖြင့် သင်္ခါရတို့၏ဘေးကိုမြင်၍ အာဒီနဝဉာဏ်ဖြင့် သင်္ခါရတို့၏အပြစ်ကိုမြင်ပြီးလျှင် ထိတ်လန့်သည့်စိတ်နှလုံးရှိသောပုဂ္ဂိုလ်တို့အား ဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့ရာအရပ်သည်လည်း ရှိသေး၏ဟု သက်သာရာရစေခြင်းအကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

**တစ်နည်းသော်ကား** – ယောဂီပုဂ္ဂိုလ်အားဖြစ်ပေါ်ခြင်းစသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာထင်ကုန်၏။ ထိုဖြစ်ပေါ်သည့်သင်္ခါရတို့၌ အပြစ်ကိုလည်း အာဒီနဝဉာဏ်မြင်ကုန်၏။ ထိုသို့ထင်မြင်သောယောဂီ၏စိတ်သည် ထိုဖြစ်ပေါ်ခြင်း(ဥပ္ပါဒ) စသည်တို့၏ ဆန့်ကျင်ဘက်၌ ညွတ်ကိုင်းလျက်ရှိ၏။ ထို့ကြောင့် ဘယဉာဏ်၏အစွမ်းအားဖြင့် ပြီးသော အာဒီနဝဉာဏ်၏အကျိုးအာနိသင်ကို ပြခြင်းအကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

**ထပ်ဆင့်ရှင်းလင်းချက်**

ကြောက်ဖွယ်ဘေးမည်သောတရားသည် ကိန်းသေမုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း။

ထိုဆင်းရဲဒုက္ခသည်လည်း ဝဋ်သုံးပါးဟူသော အစာ(ဝဋ္ဋာမိသ)၊ ကာမဂုဏ်ဟူသောအစာ (လောကာမိသ)၊ ကိလေသာအစာ (ကိလေသာမိသ)တို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွဖြစ်သည်သာတည်း။ အစာနှင့်တကွဖြစ်သောထိုတရားသည်လည်း သင်္ခါရမျှသာလျှင်ဖြစ်ပေ၏။

ထို့ကြောင့်''ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း''ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ရာ၌ ပညာသည် ''အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏'' ဤသို့စသောစကားကို ဟောတော်မူ၏။ ဤသို့ဟောပါသော်လည်း ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခအခြင်းအရာအားဖြင့်လည်းကောင်း၊ အစာနှင့်တကွဖြစ်သောအခြင်းအရာအားဖြင့်လည်းကောင်း၊ ဤသို့အခြင်းအရာထူးခြားသောအားဖြင့် ဉာဏ်ဖြစ်ပုံ၏အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ထူးသည့်အဖြစ်ကို သိအပ်၏။

(ဘေးအခြင်းအရာအားဖြင့်ဖြစ်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်၊ ကြွင်းသောဆင်းရဲစသည်အားဖြင့်ဖြစ်သောဉာဏ်ကို အာဒီနဝဉာဏ်ဟူ၍ ယူအပ်၏)

• **၅ နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုခြင်း**

**အလုံးစုံသောသင်္ခါရတို့ကို အပြစ်အနေအားဖြင့် အာဒီနဝဉာဏ်ဖြင့် ရှုမြင်လျက်ရှိသော ယောဂီသည် အလုံးစုံသောဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိ ၇ ပါး, သတ္တာဝါသ ၉ ပါးတို့၌တည်သော ခဏမစဲ မပြတ်ပျက်စီးတတ်သည့်သင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ ပျင်းရိ၏၊ မပျော်မွေ့။ ဤသို့သင်္ခါရတရားတို့ကို ငြီးငွေ့ဖွယ်, ပျင်းရိဖွယ်, မပျော်မွေ့ဖွယ်အဖြစ်ရှုမြင်သောဉာဏ်သည် နိဗ္ဗိဒါနုပဿနာဉာဏ်မည်၏။**

**ဥပမာသော်ကား** – စိတ္တကုဋ်တောင်ခြေ၌ပျော်မွေ့သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစဏ္ဍားရွာတံခါးအနီးရှိရေအိုင်ငယ်၌ မပျော်မွေ့ဘဲ အနဝတအိုင်စသည့် အိုင်ကြီး ၇ အိုင်၌သာလျှင် ပျော်မွေ့သကဲ့သို့၊ ထို့အတူပင် ယောဂီတည်းဟူသော ဟင်္သာမင်းသည် ကောင်းစွာထက်ဝန်းကျင်မြင်အပ်ပြီးသော အပြစ်ရှိသည့် မပြတ်ပျက်စီးတတ်သည့်သင်္ခါရတရားတို့၌ မပျော်မွေ့၊ ဘာဝနာ၌ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် အနုပဿနာ ၇ ပါးတို့၌သာလျှင် ပျော်မွေ့၏။

**တစ်ပါးသောဥပမာကား** – ရွှေချိုင့်၌လှောင်ထားသောခြင်္သေ့မင်းသည် ထိုရွှေချိုင့်၌မပျော်မွေ့ဘဲ ယူဇနာသုံးထောင်ကျယ်ဝန်းသည့် ဟိမဝန္တာတော၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင် ယောဂီတည်းဟူသောခြင်္သေ့မင်းသည် ကာမ, ရူပ, အရူပဟူသောသုဂတိသုံးပါး၌ မပျော်မွေ့ဘဲ အနုပဿနာသုံးပါးတို့၌သာလျှင် ပျော်မွေ့၏။

**တစ်နည်းဥပမာကား** – ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌မပျော်မွေ့၊ ဟိမဝန္တာတောဝယ် ဆဒ္ဒန်အိုင်တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင်လျှင် ယောဂီတည်းဟူသော ဆင်မင်းသည် သင်္ခါရအပေါင်း၌မပျော်မွေ့ဘဲ ''မဖြစ်ပေါ်ခြင်းသည် အေးငြိမ်းရာတည်း'' ဤသို့စသည့်နည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေးရာနိဗ္ဗာန်သာလျှင် ပျော်မွေ့၏၊ ထိုနိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်ပေ၏။

**• ဘယဉာဏ်တစ်ပါးတည်းက အမည်သုံးမျိုးရ**

''ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ် ၃ ပါးတို့သည် အနက်တရားကိုယ်တူပြီး သဒ္ဒါမျှသာထူး၏''ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

**ရှေးဆရာတို့က** – ဘယတုပဋ္ဌာနဉာဏ်တစ်ခုတည်းက အမည် ၃ မျိုးရ၏။

– သင်္ခါရတရားအလုံးစုံကို ကြောက်မက်ဖွယ်ဘေးအဖြစ်ရှုမြင်သောဉာဏ်ကို **ဘယတုပဋ္ဌာနဉာဏ်**ဟုခေါ်၏။

– သင်္ခါရအလုံးစုံ၌ မမြဲ, ဆင်းရဲ, ကြောက်ဖွယ်ဘေးစသည့်အပြစ်များရှိသည်ကို ရှုမြင်သောဉာဏ်သည် **အာဒီနဝါနုပဿနာဉာဏ်**မည်၏။

– သင်္ခါရအလုံးစုံကို ငြီးငွေ့ဖွယ်, ပျင်းရိဖွယ်, မပျော်မွေ့ဖွယ်အဖြစ်ရှုမြင်သောဉာဏ်သည် **နိဗ္ဗိဒါနုပဿနာဉာဏ်**မည်၏။

**• ၆ မုဉ္စိတုကမျတာဉာဏ်ကို ပြဆိုခြင်း**

**နိဗ္ဗိဒါဉာဏ်ဖြင့် အလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့, ပျင်းရိလျက် မပျော်မွေ့သော ယောဂီ၏စိတ်သည် အလုံးစုံသော ဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တဝါသတို့၌တည်ကုန်သော ခဏမစဲ မပြတ်ပျက်စီးတတ်ကုန်သောသင်္ခါရတို့တွင် တစ်ခုသောသင်္ခါရ၌သော်လည်း မကပ်, မငြိ, မတွယ်တာဘဲ အလုံးစုံသောသင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ အလိုရှိ၏၊ ထွက်မြောက်ခြင်းငှာအလိုရှိ၏၊ ထိုသို့အလုံးစုံသော သင်္ခါရတို့၌ တွယ်တာခြင်းကင်းလျက် အလုံးစုံသော သင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ, ထွက်မြောက်ခြင်းငှာ အလိုရှိသောဉာဏ်သည် ''မုဉ္စိတုကမျတာဉာဏ်'' မည်၏။**

**ဥပမာသော်ကား** – ပိုက်ကွန်၌မိနေသောငါး၊ မြွေခံတွင်းသို့ရောက်နေသောဖား၊ လှောင်အိမ်ထဲ၌ရှိသောတောကြက်၊ ခိုင်မြဲသောကျော့ကွင်းဖြင့်ဖွဲ့မိနေသောသမင်၊ အလမ္ပာယ်ဆရာလက်တွင်းသို့ရောက်နေသောမြွေ၊ ညွန်နစ်နေသောဆင်၊ ဂဠုန်ခံတွင်းသို့သက်ဆင်းရသည့်နဂါး၊ ရာဟုခံတွင်းသို့ဝင်ရောက်နေသည့်လ၊ ရန်သူတို့ဝန်းရံထားသောယောကျ်ားစသည်တို့သည် အနှောင်အဖွဲ့ဘေးရန်အသီးသီးမှ လွတ်မြောက်လို, ထွက်မြောက်လိုကြသကဲ့သို့ ထိုယောဂီ၏စိတ်သည် အလုံးစုံသောသင်္ခါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ, ထွက်မြောက်ခြင်းငှာ အလိုရှိ၏။ ထိုအခါ၌ အလုံးစုံသောသင်္ခါရတို့၌ တွယ်တာခြင်းကင်းလျက် အလုံးစုံသောသင်္ခါရတရားအပေါင်းမှ လွတ်ခြင်းငှာအလိုရှိသော ထိုယောဂီအား **မုဉ္စိတုကမျာတာဉာဏ်**သည်ဖြစ်၏။

**မှတ်ချက်** – ဘင်္ဂါနုပဿနာဉာဏ်, ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်တို့သည် ရုပ်နာမ်သင်္ခါရတို့၏အပျက်သဘောသက်သက်ကို အာရုံပြုလျက် ရှုမှတ်နေသည့်ဉာဏ်များ ဖြစ်ကြ၏။

**• ၇ ပဋိသင်္ခါနုပဿနာဉာဏ်ကို ပြဆိုခြင်း**

**အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌တည်ရှိကြသော ခဏမစဲမပြတ်ပျက်စီးတတ်ကုန်သောသင်္ခါရအပေါင်းမှ လွတ်မြောက်လိုသောယောဂီသည်**

**အလုံးစုံသောသင်္ခါရတရားအပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသင်္ခါရတို့ကိုပင်လျှင် လက္ခဏာသုံးပါးတင်၍ တစ်ဖန်သိမ်းဆည်း၏။**

**ထိုသို့တစ်ဖန်သိမ်းဆည်းသောဉာဏ်သည် ပဋိသင်္ခါနုပဿနာဉာဏ်မည်၏။**

**• ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် သိမ်းဆည်းပုံ**

ယောဂီသည် သင်္ခါရတရားတို့၏ပျက်ခြင်းကို အာရုံယူ၍ အကျဉ်းအားဖြင့် တစ်ဖန်လက္ခဏာသုံးပါးတင်ရ၏။ အကျယ်အားဖြင့်မူ အနိစ္စအခြင်းအရာ ၁၄ ပါး၊ ဒုက္ခအခြင်းအရာ ၂၈ ပါး၊ အသုဘအခြင်းအရာ ၉ ပါး၊ အနတ္တအခြင်းအရာ ၉ ပါးတို့ဖြင့် ဝိပဿနာရှု၏။ ဤသို့ ဝိပဿနာရှုခြင်းကို **ပဋိသင်္ခါနုပဿနာ**ဟုခေါ်၏။

**• အနိစ္စအခြင်းအရာ ၁၄ ပါး**

ယောဂီသည် အလုံးစုံသောသင်္ခါရတရားတို့ကို –

(၁) ပျက်ခြင်းဟူသောအဆုံးကို မလွန်နိုင်သောကြောင့်လည်းကောင်း၊
(၂) အခိုက်အတန့်မျှတည်သောကြောင့်လည်းကောင်း၊
(၃) ဖြစ်ခြင်းပျက်ခြင်းဖြင့် ပိုင်းခြားအပ်သောကြောင့်လည်းကောင်း၊
(၄) အလွန်ပျက်သောကြောင့်လည်းကောင်း၊
(၅) တုန်လှုပ်သောကြောင့်လည်းကောင်း၊
(၆) ပျက်လွယ်သောကြောင့်လည်းကောင်း၊
(၇) မခိုင်ခံ့သောကြောင့်လည်းကောင်း၊
(၈) ဖောက်ပြန်ခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၉) အနှစ်မရှိသောကြောင့်လည်းကောင်း၊
(၁၀) ကြီးပွားစည်ပင်ခြင်းကင်းသောကြောင့်လည်းကောင်း၊
(၁၁) ပေါင်းစု၍ပြုအပ်သောကြောင့်လည်းကောင်း၊
(၁၂) သေခြင်းသဘောရှိသောကြောင့်လည်းကောင်း၊
(၁၃) ဥပါဒ်နှင့်ဆင်တူသောအစနှင့် အဆုံးရှိသောကြောင့်လည်းကောင်း၊
(၁၄) နိစ္စ၏သဘောကို ပယ်ခြင်းကြောင့်လည်းကောင်း၊

အထက်ပါအကြောင်းအသီးသီးကြောင့် အနိစ္စ–မမြဲဟုရှု၏။

**• ဒုက္ခအခြင်းအရာ ၂၈ ပါး**

(၁) မပြတ်နှိပ်စက်သောကြောင့်လည်းကောင်း၊
(၂) မခံသာသောကြောင့်လည်းကောင်း၊
(၃) ဆင်းရဲခြင်း၏တည်ရာဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊
(၄) စွဲကပ်နေသောရောဂါနှင့်တူသောကြောင့်လည်းကောင်း၊
(၅) အိုင်းအမာနှင့်တူသောကြောင့်လည်းကောင်း၊
(၆) စူးဝင်နေသောငြောင့်နှင့်တူသောကြောင့်လည်းကောင်း၊
(၇) မကောင်းမှုနှင့်တူသောကြောင့်လည်းကောင်း၊
(၈) ဖျားနာမှုနှင့်တူသောကြောင့်လည်းကောင်း၊

(၉) ဘေးရန်နှင့်တူသောကြောင့်လည်းကောင်း၊
(၁၀) ဥပဒ္ဒဝေါနှင့်တူသောကြောင့်လည်းကောင်း၊
(၁၁) ဘေးနှင့်တူသောကြောင့်လည်းကောင်း၊
(၁၂) ကပ်ငြိသောအနှောင့်အယှက်နှင့်တူသောကြောင့်လည်းကောင်း၊
(၁၃) မစောင့်ရှောက်တတ်သောကြောင့်လည်းကောင်း၊
(၁၄) ပုန်းအောင်းရာမဟုတ်သောကြောင့်လည်းကောင်း၊
(၁၅) ကိုးကွယ်ရာမဟုတ်သောကြောင့်လည်းကောင်း၊
(၁၆) အပြစ်အာဒီနဝဖြစ်သောကြောင့်လည်းကောင်း၊
(၁၇) မကောင်းမှု၏အမြစ်အရင်းဖြစ်သောကြောင့်လည်းကောင်း၊
(၁၈) သူသတ်ယောက်ျားနှင့်တူသောကြောင့်လည်းကောင်း၊
(၁၉) အာသဝေါတရားတို့၏အာရုံဖြစ်သောကြောင့်လည်းကောင်း၊
(၂၀) သူသတ်သမား–မာရ်တို့၏သတ်စရာအစာဖြစ်သောကြောင့်၎င်း၊
(၂၁) ဖြစ်ခြင်းဇာတိသဘောရှိသောကြောင့်လည်းကောင်း၊
(၂၂) အိုခြင်းဇရာသဘောရှိသောကြောင့်လည်းကောင်း၊
(၂၃) နာခြင်းဗျာဓိသဘောရှိသောကြောင့်လည်းကောင်း၊
(၂၄) စိုးရိမ်ခြင်းသောကသဘောရှိသောကြောင့်လည်းကောင်း၊
(၂၅) ငိုကြွေးခြင်း(ပရိဒေဝ)သဘောရှိသောကြောင့်လည်းကောင်း၊
(၂၆) ပြင်းစွာပူပန်ခြင်း(ဥပါယာသ)သဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၇) ကိလေသာတို့၏စွဲမှီရာအာရုံသဘောဖြစ်သောကြောင့်လည်းကောင်း၊
(၂၈) ချမ်းသာသုခကိုပယ်ခြင်းကြောင့်လည်းကောင်း၊

အထက်ပါအကြောင်းတို့ကြောင့် ဒုက္ခ–ဆင်းရဲဟုရှု၏။

• **အသုဘအခြင်းအရာ ၉ ပါး**

(၁) မနှစ်မြို့ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၂) မကောင်းသောအနံ့ရှိသောကြောင့်လည်းကောင်း၊
(၃) စက်ဆုပ်ဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၄) ရွံရှာဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊
(၅) တန်ဆာမဆင်ခြင်းဖြင့် တင့်တယ်မှုပျက်စီးသောကြောင့်လည်းကောင်း၊
(၆) အဆင်းမလှသောကြောင့်လည်းကောင်း၊
(၇) အလွန်အမြင်ဆိုးသောကြောင့်လည်းကောင်း၊
(၈) မစင်ကြယ်သည့်အဖြစ်ကြောင့်လည်းကောင်း၊
(၉) စိတ်နှလုံးကိုမတိုးပွားစေတတ်သောကြောင့်လည်းကောင်း၊

အထက်ပါအကြောင်းတို့ကြောင့် အသုဘ–မတင့်တယ်ရွံစရာဟုရှု၏။

• **အနတ္တအခြင်းအရာ ၉ ပါး**

(၁) ပြင်ပသူစိမ်းဖြစ်သောကြောင့်လည်းကောင်း၊

(၂) အတ္တမှုကင်းသောကြောင့်လည်းကောင်း၊
(၃) အချည်းနှီးဖြစ်သောကြောင့်လည်းကောင်း၊
(၄) အတ္တမှုဆိတ်သုဉ်းခြင်းကြောင့်လည်းကောင်း၊
(၅) ပိုင်ရှင်မရှိသောကြောင့်လည်းကောင်း၊
(၆) အစိုးမရသောကြောင့်လည်းကောင်း၊
(၇) အလိုအတိုင်းမဖြစ်သောကြောင့်လည်းကောင်း၊
(၈) ရှေ့ဆောင်အကြီးအကဲမဖြစ်သောကြောင့်လည်းကောင်း၊
(၉) အတ္တကိုပယ်ခြင်းကြောင့်လည်းကောင်း၊

အထက်ပါအကြောင်းတို့ကြောင့် အနတ္တ–အတ္တမဟုတ်ဟု ရှု၏။

ဤဆိုခဲ့သည့်အတိုင်း ယောဂီသည် သင်္ခါရတို့ကို လက္ခဏာသုံးပါးတင်၍ရှုပြီးဖြစ်လေ၏။

• **သင်္ခါရတို့ကို တစ်ဖန်သိမ်းဆည်းခြင်း၏အကျိုးနှင့် မြွေဥပမာ**

**သင်္ခါရတို့ကို အဘယ့်ကြောင့်တစ်ဖန်သိမ်းဆည်းရသနည်းဟူမူ သင်္ခါရတို့ကို စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်းအကျိုးငှာ တစ်ဖန်သိမ်းဆည်းခြင်းဖြစ်ပေ၏။**

ထိုသို့သိမ်းဆည်းရာ၌ **ဥပမာကား** တံငါယောကျ်ားသည် ငါးဖမ်းရန် ငါးမြှုံးကိုရေထဲ၌ ချ၍ထောင်ထား၏။ ခဏကြာလျှင် တံငါသည် မြှုံးဝအတွင်းလက်သွင်း၍ နှိုက်ကြည့်ရာ မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိရာ ငါးကြီးတစ်ကောင်ကို ဖမ်းမိပြီထင်မှတ်၍ ဝမ်းမြောက် ဝမ်းသာဖြစ်လေ၏။

မြွေကိုမြှုံးမှဆွဲထုတ်၍ ရေပေါ်သို့မြှောက်တင်ရာတွင် မြွေဦးခေါင်းနှင့် လည်ရေးသုံးဆင့်ကို မြင်သဖြင့် ရေမြွေဟောက်မှန်းသိ၍ ကြောက်လန့်သွား၏။ ရေမြွေဟောက်သည် အဆိပ်ရှိ၍ ပေါက်လျှင် သေမည်ကိုသိသဖြင့် မြွေ၌ဘေးအန္တရာယ်နှင့်အပြစ်ကို မြင်လာ၏။ အပြစ်မြင်၍ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် မြွေဘေးရန်မှလွတ်မြောက်လို၏။ မြွေအပေါက်မခံရရန် လွတ်မြောက်ရန်နည်းလမ်းကိုကြံစည်၍ လက်ကိုမြွေရစ်ပတ်ထားသည်ကို အမြီးမှစ၍ ဖြေပြီးလျှင် လက်ရုံးကိုမြှောက်၍ ခေါင်းပေါ်၌ နှစ်ကြိမ်သုံးကြိမ်ဝှေ့ရမ်းလှည့်ပတ်၏။ မြွေကို အားနည်းအောင်ပြုပြီးလျှင် အဝေးသို့လွှင့်ပစ်လိုက်၏။ စွန့်လွှတ်ပြီးလျှင် လျင်မြန်စွာ ကုန်းပေါ်သို့ ပြေးတက်၏။

''အချင်းတို့ = မြွေအပေါက်ခံရမည့်ဘေးက ငါလွတ်မြောက်ပေပြီတကား'' ဟုကြွေးကြော်၍ လာခဲ့ရာလမ်းကို မျှော်ကြည့်လျက် ရပ်တည်နေလေ၏။

**ဤဥပမာ၌** (၁) ငါးဖမ်းမိပြီအထင်နှင့် မြွေ၏လည်ပင်းကို ဆုပ်ကိုင်မိသောတံငါ၏ ဝမ်းမြောက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က ခန္ဓာကိုယ်အတ္တဘောကို အစကတည်းက ရရှိထားသည့်အတွက် **ဝမ်းမြောက်ခြင်း**နှင့်တူ၏။

(၂) တံငါက မြွေကို မြှုံးဝမှဆွဲထုတ်၍ လည်ရေးသုံးဆင့်ကိုမြင်ခြင်းသည် ယောဂီပုဂ္ဂိုလ်က ဃနပညတ်ကိုဖြိုခွဲပြီးလျှင် သင်္ခါရတို့၌ **လက္ခဏာသုံးပါးကိုရှုမြင်ခြင်း**နှင့်တူ၏။

(၃) တံငါသည် ရေမြွေဟောက်မှန်းသိ၍ ဘေးအန္တရာယ်ကိုမြင်၍ ကြောက်လန့်ခြင်းသည်

ယောဂီက အလုံးစုံသောသင်္ခါရတို့၏ ခဏမစဲပျက်စီးနေခြင်းကိုမြင်၍ သင်္ခါရတို့က ကြောက်ဖွယ်ဘေးအဖြစ်ထင်လာသော **ဘယတုပဋ္ဌာနဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၄) ရေမြွေဟောက်၌အဆိပ်ရှိ၍ ပေါက်လျှင်သေနိုင်သည်ကိုသိသဖြင့် မြွေ၌အပြစ်မြင်လာခြင်းသည် ယောဂီပုဂ္ဂိုလ်က သင်္ခါရတရားတို့၌ အပြစ်မြင်လာသော **အာဒီနဝဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၅) အပြစ်မြင်၍ မြွေဆုပ်ကိုင်ထားရခြင်းကို တံငါကငြီးငွေ့သကဲ့သို့ ယောဂီသည်သင်္ခါရတရားတို့၌ အပြစ်ကိုမြင်သဖြင့် ငြီးငွေ့ကာ **နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၆) တံငါသည် ဘေးအန္တရာယ်မှလွတ်မြောက်ရန် မြွေကိုလွှင့်ပစ်လိုခြင်းသည် ယောဂီက သင်္ခါရတရားတို့၏အနှောင်အဖွဲ့မှ လွတ်မြောက်လိုသဖြင့် **မုဉ္စိတုကမျတာဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၇) တံငါသည် မြွေကိုလွှင့်ပစ်ရန် ကိစ္စပြီးစီးကြောင်းနည်းလမ်းကို ဆောင်ရွက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က သင်္ခါရတရားတို့ကို တဖန်သိမ်းဆည်းသဖြင့် **ပဋိသင်္ခါနုပဿနာဉာဏ်ဖြစ်ပေါ်ခြင်း**နှင့်တူ၏။

(၈) တံငါသည် မြွေကိုဝှေ့ရမ်းလှည့်ပတ်လျက် အားနည်းအောင်ပြုကာ ပြန်လှည့်မကိုက်နိုင်အောင်ပြုပြီးနောက် ကောင်းစွာလွှတ်ခြင်းဖြင့်လွှတ်လိုက်ခြင်းသည် ယောဂီပုဂ္ဂိုလ်က လက္ခဏာသုံးပါးတင်ခြင်းဖြင့် သင်္ခါရတို့ကို ဝှေ့ရမ်းလှည့်ပတ်သကဲ့သို့ပြုလျက် အားနည်းအောင်ပြုကာ မြဲသောအခြင်းအရာ, ချမ်းသာသောအခြင်းအရာ, တင့်တယ်သည့်အခြင်းအရာ, အတ္တကောင်အခြင်းအရာအားဖြင့် တစ်ဖန်မထင်ပေါ်နိုင်သည့်အဖြစ်သို့ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်သည်နှင့်တူ၏။

ဤမျှသောဘာဝနာအစီအရင်ဖြင့် အားထုတ်ခဲ့သောယောဂီ၌ ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်ပြီဟု မှတ်အပ်၏

**ပဋိသမ္ဘိဒါမဂ်၌ဟောပြောချက်**

(၁) အနိစ္စ–မမြဲဟု နှလုံးသွင်းသောသူအား သင်္ခါရနိမိတ်(နိမိတ္တ)ကို တစ်ဖန်သိ၍ ပဋိသင်္ခါဉာဏ်သည် ဖြစ်ပေါ်၏။

(၂) ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သောဘဝအယဉ်(ပဝတ္တ)ကို တစ်ဖန်သိ၍ ပဋိသင်္ခါဉာဏ်သည်ဖြစ်ပေါ်၏။

(၃) အနတ္တ–အတ္တမဟုတ်ဟုနှလုံးသွင်းသောသူအား သင်္ခါရနိမိတ်ကိုလည်းကောင်း၊ မပြတ်ဖြစ်သောဘဝအယဉ်ကိုလည်းကောင်း၊ တစ်ဖန်သိ၍ ပဋိသင်္ခါဉာဏ်သည်ဖြစ်ပေါ်၏။

**မှတ်ချက် – ''သင်္ခါရနိမိတ်ကို တစ်ဖန်သိ၍''**ဟူသည်ကား သင်္ခါရနိမိတ်ကို ''မခိုင်မြဲ, အခိုက်အတန့်မျှသာတည်သည်''ဟု အနိစ္စလက္ခဏာ၏အစွမ်းအားဖြင့်သိပြီး၍ ဉာဏ်သည် နောက်မှဖြစ်သည်ကား မဟုတ်ပေ။ ''မနော္ဒါရကိုလည်းကောင်း၊ သဘောတရားအာရုံကိုလည်းကောင်း၊ စွဲမှီ၍ မနောဝိညာဏ်ဖြစ်ပေါ်၏'' စသည့်စကားကဲ့သို့ ပြောရိုးပြောစဉ်၏အစွမ်းအားဖြင့် ဆိုထားခြင်းဖြစ်၏။

တစ်နည်းကား ရှေးပဋိသင်္ခါဉာဏ်၏သိခြင်းနှင့် နောက်ဉာဏ်၏ဖြစ်ခြင်းတို့ကို ကေတ္တ

နည်းအရ တစ်ပေါင်းတည်းပြု၍ ဆိုထားခြင်းဖြစ်သည်ဟုမှတ်အပ်၏။

**• ၈ သင်္ခါရုပေက္ခာဉာဏ်ကို ပြဆိုခြင်း**

**၁။ အဖို့နှစ်ပါးဖြင့် သိမ်းဆည်းခြင်း**

ယောဂီပုဂ္ဂိုလ်သည် ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် ''အလုံးစုံသောသင်္ခါရတရားတို့သည် အတ္တမှဆိတ်သုဉ်းကုန်၏'' ဟု သိမ်းဆည်းပြီးလျှင် တစ်ဖန် ''ဤသင်္ခါရတရားအပေါင်းသည် အတ္တအဖြစ်မှလည်းကောင်း၊ အတ္တနိယ–အတ္တ၏ဉစ္စာမှလည်းကောင်း ဆိတ်သုဉ်း၏''ဟု အဖို့နှစ်ပါးနှင့်သက်ဆိုင်သော ဆိတ်သုဉ်းခြင်း (ဒွိကောဋိက–သုညတ)ကို သိမ်းဆည်းပြန်၏။

ဤသို့သိမ်းဆည်းခြင်းကို '**ဒွိကောဋိက–သုညတာနုပဿနာ**'ဟုခေါ်၏။

**အကျိုးကား** မိမိဟူသောအတ္တကို မမြင်ရတော့၊ မိမိ၏အသုံးအဆောင်အခြံအရံအဖြစ်၌ တည်သောသူတစ်ပါးကိုလည်း မမြင်ရတော့၊ ထို့ကြောင့် ဤအဖို့နှစ်ပါးမှဆိတ်သုဉ်းသည်ကို သိရ၏။

**၂။ အဖို့လေးပါးဖြင့် သိမ်းဆည်းခြင်း**

(၁) အတ္တကောင်ဟူသောငါသည် အဘယ်မှာမျှ မရှိ၊

(၂) တစ်စုံတစ်ယောက်၏မျှ ကြောင့်ကြဖွယ်ဖြစ်သော ငါကောင်မရှိ၊

(၃) သူတစ်ပါးဟူသောအတ္တကောင်သည် အဘယ်မှာမျှမရှိ၊

(၄) ငါ၏ကြောင့်ကြဖွယ်ဖြစ်သော သူတစ်ပါးမည်သည်မရှိ၊

ဤအဖို့လေးပါးနှင့်စပ်ဆိုင်သော အတ္တမှဆိတ်သုဉ်းခြင်းကို ယောဂီသည် ''အနတ္တ၊ အနတ္တ''ဟု အဖန်ဖန်ရှုမှတ်၍ တစ်ဖန်သိမ်းဆည်းပြန်၏၊ ဤသို့သိမ်းဆည်းခြင်းကို '**စတုကောဋိက–သုညတာနုပဿနာ**'ဟုခေါ်၏။

**အကျိုးကား** တစ်စုံတစ်ခုသောအရပ်တွင်မျှ မိမိကိုယ်(အတ္တ)ကို မမြင်၊ မိမိ၏ကိုယ်ကို တစ်စုံတစ်ယောက်သောသူတစ်ပါး၏ကြောင့်ကြဖွယ်အဖြစ်၌ ဆောင်ထားသည်ကို မမြင်၊ သူတစ်ပါး၏အတ္တကိုလည်း အဘယ်မှာမျှ မမြင်၊ ငါ၏ကြောင့်ကြဖွယ်အဖြစ်၌ သူတစ်ပါး အတ္တရှိသည်ဟုလည်း မမြင်ရချေ။

ဤသို့လျှင် ယောဂီသည် တစ်စုံတစ်ခုသောအရပ်, ကာလ, တရားထဲ၌ မိမိကိုယ်ဟူသော အတ္တကိုမမြင်သည်သာတည်း။ မိမိကိုယ်ကို သူတစ်ပါး၏ကြောင့်ကြဖွယ်အဖြစ် ဆောင်သင့် ဆောင်ထိုက်သည်ကိုလည်း မမြင်သည်သာတည်း။ သူတစ်ပါး၏အတ္တကိုလည်း မမြင်သည်သာ တည်း။ သူတစ်ပါး၏အတ္တကို မိမိ၏ကြောင့်ကြဖွယ်အဖြစ် ဆောင်သင့်ဆောင်ထိုက်သည် ကိုလည်း မမြင်သည်သာတည်း။ ထို့ကြောင့် ယောဂီသည် အဖို့လေးပါးနှင့်စပ်ဆိုင်သော အတ္တမှဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးဖြစ်လေ၏။

**၃။ အခြင်းအရာ ၆ ပါးဖြင့် သိမ်းဆည်းခြင်း**

မျက်စိသည် (၁) အတ္တမှဆိတ်သုဉ်း၏၊ (၂) အတ္တ၏ဉစ္စာအဖြစ်မှဆိတ်သုဉ်း၏။

(၃) မြဲခြင်း (နိစ္စ) မှဆိတ်သုဉ်း၏၊ (၄) ခိုင်ခံ့ခြင်း (ဓုဝ) မှဆိတ်သုဉ်း၏။

(၅) ထာဝရတည်ရှိခြင်း(သဿတ)မှဆိတ်သုဉ်း၏၊

(၆) မဖောက်ပြန်ခြင်း (အဝိပရိဏာမ)သဘောမှဆိတ်သုဉ်း၏။

တစ်ဖန် စိတ်နှလုံးသည်။ ပ ။ အဆင်းသည်။ ပ ။ သဘောအာရုံသည်။ ပ ။ မြင်သိစိတ်–စက္ခုဝိညာဏ်သည်။ ပ ။ ကြံသိစိတ်–မနောဝိညာဏ်သည်။ ပ ။ မြင်တွေ့မှု–စက္ခုသမ္ဖဿသည်။ ပ ။ ဤသို့စသည်ဖြင့် အိုခြင်း, သေခြင်း – ဇရာမရဏတိုင်အောင်သိမ်းဆည်း၏။

## ၄။ အခြင်းအရာ ၈ ပါးဖြင့် သိမ်းဆည်းခြင်း

ရုပ်သည် (၁) မြဲသောအနှစ်ဟူသော နိစ္စအနှစ်သာရအားဖြင့် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။

(၂) ခိုင်ခံ့သောအနှစ်ဟူသော ဓုဝအနှစ်သာရအားဖြင့်လည်းကောင်း၊

(၃) ချမ်းသာသောအနှစ်ဟူသော သုခအနှစ်သာရအားဖြင့်လည်းကောင်း၊

(၄) အတ္တကောင်အနှစ်ဟူသော အတ္တအနှစ်သာရအားဖြင့်လည်းကောင်း၊

(၅) မြဲခြင်းဖြင့်လည်းကောင်း၊ (၆) ခိုင်ခံ့ခြင်းဖြင့်လည်းကောင်း၊

(၇) အမြဲတန်းတည်ရှိခြင်းဖြင့်လည်းကောင်း၊

(၈) မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ဝေဒနာသည်။ သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ မျက်စိသည် ။ ပ ။ အိုခြင်းသေခြင်းသည် မြဲသောအနှစ်ဟူသော နိစ္စအနှစ်သာရအားဖြင့်လည်းကောင်း ။ ပ ။ မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။

**ဥပမာအားဖြင့်** ကျူသည် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ကြက်ဆူသည်။ ရေသဖန်းသည်။ ရေခတက်ဖြူသည်။ ပေါက်ပင်သည်။ ရေမြှုပ်စိုင်သည်။ ရေပွက်သည်။ တံလျှပ်သည်။ ငှက်ပျောတုံးသည်။ မျက်လှည့်ပြသောအရာသည် အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏။ ဤအတူပင် ရုပ်သည်။ ပ ။ အိုခြင်းသေခြင်းသည် မြဲသောအနှစ်–နိစ္စအနှစ်သာရအားဖြင့်လည်းကောင်း။ ပ ။ မဖောက်ပြန်ခြင်းသဘောအားဖြင့်လည်းကောင်း၊ အနှစ်မဟုတ်၊ အနှစ်မရှိ၊ အနှစ်ကင်း၏ဟုသိမ်းဆည်း၏။

## ၅။ အခြင်းအရာ ၁၀ ပါးဖြင့် သိမ်းဆည်းခြင်း

သိမ်းဆည်းပုံကား – ယောဂီသည် တစ်ဖန်ရုပ်ကို

(၁) အနှစ်မှကင်းသည်ဟု ရှု၏၊ (၂) အချည်းနှီးဟု ရှု၏၊

(၃) ဆိတ်သုဉ်းသည်ဟု ရှု၏၊ (၄) အတ္တမဟုတ်ဟု ရှု၏၊

(၅) အစိုးမရဟု ရှု၏၊ (၆) အလိုအတိုင်းမပြုနိုင်ဟု ရှု၏၊

(၇) တောင့်တတိုင်းမရဟု ရှု၏၊ (၈) အလိုအတိုင်းမဖြစ်ဟု ရှု၏၊

(၉) ပြင်ပသူစိမ်းဟု ရှု၏၊ (၁၀) ကင်းဆိတ်သည်ဟု ရှု၏။

ဤနည်းအတူ ဝေဒနာသည် ။ ပ ။ အိုခြင်းသေခြင်း ဇရာမရဏသည် အနှစ်မှကင်းသည်ဟု ရှု၏။ (ပ) ။ ကင်းဆိတ်သည်ဟု ရှု၏။

## ၆။ အခြင်းအရာ ၁၂ ပါးဖြင့် သိမ်းဆည်းခြင်း

သိမ်းဆည်းပုံကား – ယောဂီသည် တစ်ဖန်ရုပ်သည်

(၁) သတ္တဝါမဟုတ်၊ (၂) အသက်မဟုတ်၊ (၃) လူမဟုတ်၊
(၄) လုလင်မဟုတ်၊ (၅) မိန်းမမဟုတ်၊ (၆) ယောကျ်ားမဟုတ်၊
(၇) အတ္တမဟုတ်၊ (၈) အတ္တ၏ဥစ္စာမဟုတ်၊ (၉) ငါမဟုတ်၊
(၁၀) ငါ၏ဥစ္စာမဟုတ်၊ (၁၁) သူတစ်ပါး၏ဥစ္စာမဟုတ်၊
(၁၂) တစ်စုံတစ်ယောက်၏မျှ ဥစ္စာမဟုတ်။

ဤအတူပင် ဝေဒနာသည်။ ပ ။ အိုခြင်းသေခြင်း–ဇရာမရဏသည် သတ္တဝါမဟုတ်။ ပ ။ တစ်စုံတစ်ယောက်၏မျှ ဥစ္စာမဟုတ်ဟုရှု၏။

## ၇။ အခြင်းအရာ ၄၂ ပါးဖြင့် သိမ်းဆည်းခြင်း

သင်္ခါရတို့ကို အခြင်းအရာ ၁၂ ပါးဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြီးလျှင် တစ်ဖန် တီရဏပရိညာ၏အစွမ်းအားဖြင့် ဆိတ်သုဉ်းခြင်းကို သိမ်းဆည်းပြန်၏။

သိမ်းဆည်းပုံကား ရုပ်ကို –

(၁) မမြဲဟုရှု၏၊ (၂) ဆင်းရဲဟု ရှု၏၊ (၃) ရောဂါဟု ရှု၏၊
(၄) အိုင်းအမာဟု ရှု၏၊ (၅) ငြောင့်ဟု ရှု၏၊ (၆) မကောင်းမှုဟု ရှု၏၊
(၇) အဖျားအနာဟု ရှု၏၊ (၈) ပြင်ပသူစိမ်းဟု ရှု၏၊ (၉) အလွန်ပျက်သည်ဟု ရှု၏၊
(၁၀) ဘေးရန်ဟု ရှု၏၊ (၁၁) ဥပဒ္ဒဝေါဟု ရှု၏၊ (၁၂) ကြောက်ဖွယ်ဘေးဟု ရှု၏၊
(၁၃) ငြိကပ်သောအနှောင့်အယှက်ဟု ရှု၏၊ (၁၄) တုန်လှုပ်သည်ဟု ရှု၏၊
(၁၅) ပျက်လွယ်သည်ဟု ရှု၏၊ (၁၆) မခိုင်မာဟု ရှု၏၊
(၁၇) မစောင့်ရှောက်တတ်ဟု ရှု၏၊ (၁၈) ပုန်းအောင်းရာမဟုတ်ဟု ရှု၏။
(၁၉) ဘေးကိုမပယ်သတ်တတ်ဟု ရှု၏၊ (၂၀) ကိုးကွယ်ရာမဟုတ်ဟု ရှု၏၊
(၂၁) အတ္တမှကင်းသည်ဟု ရှု၏၊ (၂၂) အချည်းနှီးဟု ရှု၏၊
(၂၃) ဆိတ်သုဉ်းသည်ဟု ရှု၏၊ (၂၄) အတ္တမဟုတ်ဟု ရှု၏၊
(၂၅) သာယာဖွယ်မဟုတ်ဟု ရှု၏၊ (၂၆) အပြစ်ဟု ရှု၏၊
(၂၇) ဖောက်ပြန်ခြင်းသဘောရှိသည်ဟု ရှု၏၊ (၂၈) အနှစ်မရှိဟု ရှု၏၊
(၂၉) မကောင်းမှု၏အမြစ်အရင်းဟု ရှု၏၊ (၃၀) သတ်တတ်သည်ဟု ရှု၏၊
(၃၁) ကြီးပွားစည်ပင်ခြင်းကင်းသည်ဟုရှု၏၊ (၃၂) အာသဝေါတရားတို့၏အာရုံဟု ရှု၏၊
(၃၃) ပေါင်းစု၍ပြုအပ်သောသင်္ခါတတရားဟု ရှု၏၊
(၃၄) သူသတ်သမား – မာရ်တို့၏ သတ်စရာအစာဟုရှု၏၊
(၃၅) ဖြစ်ခြင်း (ဇာတိ) သဘောရှိသည်ဟု ရှု၏၊ (၃၆) အိုခြင်း (ဇရာ)သဘောရှိသည်ဟု ရှု၏။၊ (၃၇) နာခြင်း (ဗျာဓိ)သဘောရှိသည်ဟု ရှု၏၊ (၃၈) သေခြင်း (မရဏ)သဘောရှိ သည်ဟု ရှု၏၊ (၃၉) စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, ပြင်းစွာ ပူပန်ခြင်းသဘောရှိသည်ဟု ရှု၏၊ (၄၀) ဖြစ်ခြင်းအားဖြင့် ရှု၏၊ (၄၁) ချုပ်ခြင်းအားဖြင့် ရှု၏၊ (၄၂) သာယာဖွယ်အာဿာဒအားဖြင့်၊ အပြစ်အာဒီနဝအားဖြင့်၊ ထွက်မြောက်ခြင်းအား ဖြင့် ရှု၏၊

ဝေဒနာကို၊ (ပ) ။ ဝိညာဏ်ကို မမြဲသောအားဖြင့်၊ ပ ။ ထွက်မြောက်ခြင်းအားဖြင့်ရှု၏။

## • လောကကို သုညဆိုက်အောင် ရှုခြင်း

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ခန္ဓာငါးပါး၌ ရုပ်ကို မမြဲဟု ရှု၏။ ပ ။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏။ ပ ။ ဝိညာဏ်ကို မမြဲဟုရှု၏။ ပ ။ ထွက်မြောက်ခြင်းအားဖြင့် ရှု၏။ ဤသို့ ရှုခြင်းသည် ခန္ဓာငါးပါးတည်းဟူသောလောကကို ဆိတ်သုဉ်းသောအားဖြင့်ရှုသည် မည်၏၊ လောကကို သုညဆိုက်အောင် (သုညတာနုပဿနာ) ရှုသည်မည်၏။

### မောဃရာဇရသေ့အား မြတ်စွာဘုရားမိန့်ကြားပုံ

*''မောဃရာဇရသေ့ – သင်သည် နေ့ညမပြတ် အခါခပ်သိမ်းအမှတ်ရသည်ဖြစ်၍ ခန္ဓာငါးပါးဟူသောလောကကို အတ္တမှဆိတ်သုဉ်းသောအားဖြင့်ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့ အစဉ်လိုက်သောအမြင်မှား (အတ္တာနုဒိဋ္ဌိ=သက္ကာယဒိဋ္ဌိ)ကို ပယ်နုတ်၍ သေခြင်းကို ကျော်လွှန်နိုင်၏။ လောကကို ဤသို့ရှုမြင်သောသူကို* ***သေမင်းသည် မတွေ့မမြင်နိုင်တော့ပြီ။''***

## • သင်္ခါရုပေက္ခာဉာဏ်ဖြစ်ခြင်း

ဤဆိုခဲ့သည့်အတိုင်း သင်္ခါရတရားတို့၏အတ္တမှဆိတ်သုဉ်းခြင်းသဘော (ဝါ) သုညတသဘောကို ဉာဏ်ဖြင့်ပိုင်းခြားလျက် လက္ခဏာရေးသုံးပါးတင်၍ သင်္ခါရတို့ကိုရှုပွား သိမ်းဆည်းသော ယောဂီသည် ကြောက်ခြင်း(ဘယ)ကိုလည်းကောင်း၊ နှစ်သက်ခြင်း (နန္ဒီ) ကိုလည်းကောင်း ပယ်၍ သင်္ခါရတို့ကိုလျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသည် သာလျှင် ဖြစ်လေတော့၏။

**ဥပမာသော်ကား** ယောကျ်ားတစ်ယောက်တွင် အလွန်လှပ၍ အလွန်ချစ်မြတ်နိုးဖွယ်ကောင်းသောဇနီးမယားရှိ၏။ အမျိုးသားသည် ဇနီးကို အိမ်မှာထား၍ ပြင်ပတွင်အလုပ်ကြိုးစားလုပ်ကိုင်ကာ ဇနီးကိုကျွေးမွေးပြုစု၏။ အလွန်လှပသောဤအမျိုးသမီးကို အခြားယောကျ်ားများမြင်တွေ့သောအခါ လက်ဆောင်ပဏ္ဏာများဆက်သပြီး ချစ်ရေးဆိုလာကြ၏။ ကြာသော် အမျိုးသမီးသည် အခြားယောကျ်ားတစ်ဦးနှင့်ဖောက်ပြားသည်ကို ခင်ပွန်းကကြားသိ၍ ခင်ပွန်းကအလွန်စိတ်မကောင်းဖြစ်ကာ ဇနီးအားမိမိအပေါ်သစ္စာရှိရန် တောင်းပန်၏။ တောင်းပန်သော်လည်း ဇနီးက ဆက်လက်၍ဖောက်ပြားနေသဖြင့် စိတ်ဆင်းရဲသည့်ဒဏ်ကို သည်းမခံနိုင်တော့သဖြင့် ဇနီးအဖြစ်မှ အပြီးအပိုင်ကွာရှင်းလိုက်၏။

ထို့နောက်တွင် ထိုအမျိုးသမီးက အခြားယောကျ်ားနှင့်ဖောက်ပြန်နေသည်ကို ကြားသိရသော်လည်း ခင်ပွန်းဟောင်းယောကျ်ားတွင် စိတ်ဆိုးခြင်း, စိတ်မချမ်းသာခြင်း မဖြစ်တော့ပေ။ ထိုအမျိုးသမီးကို စွန့်လွှတ်လိုက်ပြီဖြစ်၍ မိမိနှင့်မသက်ဆိုင်တော့သဖြင့် ဥပေက္ခာပြု၍ လျစ်လျူရှုကာ အလယ်အလတ်သဘော၌ တည်နေနိုင်၏။

ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောသင်္ခါရတို့မှ လွတ်မြောက်လိုသည်ဖြစ်၍ ပဋိသင်္ခါနုပဿနာဖြင့် သင်္ခါရတို့ကို သိမ်းဆည်းပြီးလျက် ငါဟူ၍ ငါ၏ဥစ္စာဟူ၍ မှတ်ယူဖွယ်ရာကို မမြင်သောကြောင့် ကြောက်ရွံ့ခြင်းနှင့်နှစ်သက်ခြင်းတို့ကို ပယ်စွန့်လျက် သင်္ခါရတို့ကို လျစ်လျူရှုကာ အလယ်အလတ်သဘောရှိသည်သာ ဖြစ်လေတော့၏။

ထိုအခါ ကြာဖက်ပေါ်၌ ရေပေါက်တို့ တွန့်, ရှုံ့၍ ပြန့်မသွားကုန်သကဲ့သို့၊ မီးထဲ၌ထည့်လိုက်သောကြက်တောင် သို့မဟုတ် အကြောတုံးသည် တွန့်, ရှုံ့၍ပြန့်မသွားသကဲ့သို့ ယောဂီ၏စိတ်သည် ၃၁ ဘုံ၌ ပြန့်၍မသွား၊ လျစ်လျူရှုကာ ကောင်းစွာတည်နေ၏။ ဤသို့ဖြစ်လျှင် သင်္ခါရတို့ကိုလျစ်လျူရှုသော **သင်္ခါရုပေက္ခာဉာဏ်သည် ယောဂီ၌ဖြစ်ပေါ်ပြီဟု** သိအပ်၏။

- **သင်္ခါရုပေက္ခာဉာဏ်သည် ဒိသာကာကနှင့်တူပုံ**

သင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံသောသင်္ခါရအယဉ်ကိုစွန့်လွှတ်၍ နိဗ္ဗာန်အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မမြင်သေးငြားအံ့၊ ထိုသို့မမြင်သေးလျှင် သင်္ခါရကိုသာအာရုံပြုလျက် အဖန်တလဲလဲဖြစ်ပေါ်နေ၏။

အဘယ်သို့နည်းဟူမူ ရှေးအခါက ပင်လယ်ကူးသင်္ဘောသားတို့သည် ခရီးထွက်သည့်အခါ **ဒိသာကာက**ခေါ် အရပ်မျက်နှာထောက်လှမ်းရေး ကျီးကန်းအချို့ကို ဆောင်ယူသွားကြ၏။ လေမုန်တိုင်းတိုက်လွင့်သဖြင့် သင်္ဘောသည် မရောက်ဖူးသောအရပ်သို့ပြေးသွားလျှင် ကမ်းကို မမြင်ရ, မမှန်းဆနိုင်သည့်အခါ ကျီးတစ်ကောင်ကို လွှတ်လိုက်၏။ ထိုကျီးသည် ကောင်းကင်သို့ပျံတက်ပြီးလျှင် အလုံးစုံသောအရပ်မျက်နှာသို့ လှည့်လည်ပျံသန်းကာ ကမ်းကိုမမြင်ရလျှင် သင်္ဘောဆီသို့ အကြိမ်ကြိမ်ပျံလာပြီး လင်းယဉ်တိုင်ဖျား၌ နားနေ၏။ ကမ်းကိုမြင်တွေ့သည့်အခါ၌ကား ကမ်းဆီသို့သာ ပျံသွားလေ၏။

ထိုသို့ဖြစ်ပေါ်နေသော သင်္ခါရုပေက္ခာဉာဏ်သည် ဇန်းပေါ်၌ လှိမ့်အပ်ဆင့်အပ်သော မုန့်ညက်ကဲ့သို့လည်းကောင်း၊ ဖတ်အပ်သောအစေ့ထုတ်ပြီး ဝါဂွမ်းကဲ့သို့လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြစ်၍ အထူးထူးအပြားပြားသောနည်းဖြင့် သင်္ခါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်း(ဘယ)နှင့် နှစ်သက်ခြင်း(နန္ဒီ)တို့ကို ပယ်စွန့်၍ သင်္ခါရတရားတို့ကို စူးစမ်းခြင်း၌ အလယ်အလတ်လျစ်လျူသဘောရှိသည်ဖြစ်လျက် အနုပဿနာသုံးပါး၏အစွမ်းအားဖြင့် တည်၏။ ဤသို့တည်သောသင်္ခါရုပေက္ခာဉာဏ်သည် **သုံးပါးအပြားရှိသော ဝိမောက္ခမုခ** အဖြစ်သို့ရောက်၍ **၇ မျိုးသော အရိယာပုဂ္ဂိုလ်**တို့ကို ခွဲခြမ်းဝေဖန်ရန် အကြောင်းဖြစ်ပေ၏။

**မှတ်ချက်** – မုန့်ညက်ကို ဇန်းဖြင့်ဆင့်သောအခါ ဆင့်လေဆင့်လေ မုန့်ညက်သည် သာ၍နူးညံ့သိမ်မွေ့လေလေဖြစ်သကဲ့သို့၊ ဝါကိုဖတ်သောအခါ ဖတ်လေဖတ်လေ ဝါဂွမ်းသည် သာ၍သိမ်မွေ့လေလေဖြစ်သကဲ့သို့ သင်္ခါရုပေက္ခာဉာဏ်သည် ကြာလေကြာလေ သာ၍သိမ်မွေ့လေလေ သာ၍ထက်မြက်လာလေလေ ဖြစ်ပေ၏။

- **ဝိမောက္ခမုခ ၃ ပါး**

သင်္ခါရုပေက္ခာဉာဏ်သည် အနုပဿနာသုံးပါး၏အစွမ်းအားဖြင့်ဖြစ်ခြင်းကြောင့် သုံးပါးသော ဣန္ဒြေတို့၏အကြီးအမှူးဖြစ်ခြင်းအစွမ်းအားဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခအဖြစ်သို့ ရောက်သည်မည်၏။ ချဲ့၍ပြရလျှင် **အနုပဿနာသုံးပါးတို့ကို ဝိမောက္ခမုခသုံးပါးဟု ဆိုအပ်၏။**

**ပဋိသမ္ဘိဒါမဂ်၌ ဟောကြားထားသည်ကား –**

''သုံးပါးကုန်သော ဝိမောက္ခတို့သည် လောကမှထွက်မြောက်ရန်အလို့ငှာ ဖြစ်ကုန်၏၊ ထို့အပြင်–

(၁) အလုံးစုံသောသင်္ခါရတို့ကို ဖြစ်ခြင်းပျက်ခြင်းဟူသောအပိုင်းအခြားနှင့် နယ်ဆုံးအကန့်အသတ်အားဖြင့် ရှုခြင်းငှာ၊ အနိမိတ္တမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏။

(၂) အလုံးစုံသောသင်္ခါရတို့၌ စိတ်ကိုကောင်းစွာထက်စေခြင်းငှာ၊ အပ္ပဏိဟိတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏။

(၃) အလုံးစုံသောသင်္ခါရတို့ကို ပြင်ပသူစိမ်းအနေအားဖြင့် ကောင်းစွာအဖန်တလဲလဲရှုရန်အလို့ငှာ၊ သုညတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်ပြေးဝင်ရန်အလို့ငှာ ဖြစ်ကုန်၏

**ထို့ကြောင့် ဝိမောက္ခမုခသုံးပါးတို့သည် လောကမှထွက်မြောက်ရန်အလို့ငှာ ဖြစ်ကုန်၏။ အနိစ္စာနုပဿနာသည် အနိမိတ္တဝိမောက္ခမုခဖြစ်၏၊ ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတဝိမောက္ခမုခဖြစ်၏၊ အနတ္တာနုပဿနာသည် သုညတဝိမောက္ခမုခဖြစ်၏။ ဝိမောက္ခမုခဟူသည် ထွက်မြောက်ရန် ဝင်ရောက်ရန် တံခါးမုခ်ဖြစ်၏။**

***''မမြဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သင်္ခါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏။ ဆင်းရဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သင်္ခါရတို့သည် ကြောက်ဖွယ်အားဖြင့် ထင်ကုန်၏။ အတ္တမဟုတ်သောအားဖြင့် နှလုံးသွင်းသောသူအား သင်္ခါရတို့သည် ဆိတ်သုဉ်းသောအားဖြင့် ထင်ကုန်၏''***ဟု **ဟောတော်မူ၏။**

- **ဝိမောက္ခ ၃ ပါး**

**ကိလေသာတို့မှလွတ်မြောက်ခြင်းသည် ဝိမောက္ခမည်၏၊ ဝိမောက္ခသည် နိဗ္ဗာန်ပင်တည်း။ ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသည်မှာ –**

**(၁) အနိစ္စအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ယုံကြည်ဆုံးဖြတ်မှု–အဓိမောက္ခအဖြစ်များသောကြောင့် အနိမိတ္တမည်သော ဝိမောက္ခကိုရ၏၊ အနိမိတ္တဝိမောက္ခဟူသည်ကား နိမိတ်ကင်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော အရိယာမဂ်တည်း။ ထိုအရိယာမဂ်သည် အနိမိတ္တမည်သော နိဗ္ဗာန်ဓာတ်၌ဖြစ်သောကြောင့် အနိမိတ္တမည်၏။**

**(၂) ဒုက္ခအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ငြိမ်းအေးခြင်း–ပဿဒ္ဓိအဖြစ်များသောကြောင့် အပ္ပဏိဟိတဝိမောက္ခကိုရ၏။ တောင့်တမှုတဏှာကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သောအရိယာမဂ်သည် အပ္ပဏိဟိတမည်၏။**

**(၃) အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ဉာဏ်ပညာအဖြစ်များသောကြောင့် သုညတဝိမောက္ခကိုရ၏။ အတ္တမှဆိတ်သုဉ်းသောအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် သုညတမည်၏။**

**• အဘိဓမ္မာ၌ ဝိမောက္ခ ၂ ပါး၊ သုတ္တန်၌ ဝိမောက္ခ ၃ ပါးဟောခြင်းအကြောင်း**

အဘိဓမ္မာ၌ သုညတဝိမောက္ခနှင့် အပ္ပဏိဟိတဝိမောက္ခဟူ၍ ဝိမောက္ခနှစ်ပါးကိုသာ ဟော၏။ အကြောင်းမှာ ကေန်မုချအားဖြင့် ဝိပဿနာဟူသည့် မဂ်၏လားရာလမ်းကြောင်းကိုရည်ရွယ်၍ ဟောသောကြောင့်ဖြစ်၏။ ဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကိုမစွန့်ခြင်းကြောင့် မုချအားဖြင့် 'အနိမိတ္တ–နိမိတ်မရှိ'ဟု မမည်ပေ။ သုညတနှင့်အပ္ပဏိဟိတသာလျှင် မည်ပေ၏။ သို့အတွက် သုညတဝိမောက္ခနှင့် အပ္ပဏိဟိတဝိမောက္ခဟူသော ဝိမောက္ခ ၂ ပါးကိုသာ အဘိဓမ္မာ၌ ဟောခြင်းဖြစ်၏။

ပဋိသမ္ဘိဒါမဂ်စသည့် သုတ္တန်ဒေသနာ၌ကား အနိမိတ္တ, အပ္ပဏိဟိတ, သုညတဟူ၍ ဝိမောက္ခသုံးပါးကို ဟောတော်မူ၏။ ဝိပဿနာဉာဏ်သည် သင်္ခါရနိမိတ်ကို မပယ်စွန့်သောကြောင့် မုချအားဖြင့် အနိမိတ္တမမည်ပေ။ သို့သော် နိစ္စနိမိတ်, သုခနိမိတ်, အတ္တနိမိတ်များကို ပယ်စွန့်သောကြောင့် ပရိယာယ်အားဖြင့် အနိမိတ္တအမည်ရခြင်းဖြစ်သည်။

**• ပဋိသမ္ဘိဒါမဂ်၌ ဝိပဿနာဉာဏ် ၃ ပါးက ဝိမောက္ခ ၃ ပါးအမည်ရပုံ**

(၁) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခ မည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် သုခအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခမည်၏။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် သုညတဝိမောက္ခမည်၏။

(၂) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့်ထင်သော သင်္ခါရနိမိတ်ကို စွန့်လွှတ်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် သုခအားဖြင့်ထင်သော သင်္ခါရနိမိတ်ကို ပယ်စွန့်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအားဖြင့်ထင်သော သင်္ခါရနိမိတ်ကို ပယ်စွန့်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏။

(၃) အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။
ဒုက္ခာနုပဿနာဉာဏ်သည် သုခအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။
အနတ္တာနုပဿနာဉာဏ်သည် အတ္တအခြင်းအရာအားဖြင့် တောင့်တမှုတဏှာကို ပယ်စွန့်သောကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏။

**• အရိယာပုဂ္ဂိုလ် ၇ မျိုး**

သင်္ခါရုပေက္ခာဉာဏ်သည် အရိယာ ၇ မျိုးကို ခွဲခြမ်းဝေဖန်ရန်အကြောင်းဖြစ်၏။

(၁) **သဒ္ဓါနုသာရီပုဂ္ဂိုလ်** – ရုပ်နာမ်ကို အနိစ္စအခြင်းအရာဖြင့် နှလုံးသွင်းသဖြင့် ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခအဖြစ်များလျက် လွန်ကဲသောသဒ္ဓိန္ဒြေရှိသည့်ပုဂ္ဂိုလ်

သည် သောတာပတ္တိမဂ်ခဏ၌ ယုံကြည်မှုသဒ္ဓါသို့အစဉ်လိုက်သော **သဒ္ဓါနုသာရီပုဂ္ဂိုလ်** မည်၏။

(၂) **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်** – အနိစ္စအခြင်းအရာကိုနှလုံးသွင်းသဖြင့် ယုံကြည်ဆုံးဖြတ်ခြင်း –အဓိမောက္ခအဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် ကြွင်းသည့် မဂ်ဖိုလ်ခဏ ၇ ဌာနတို့၌ ယုံကြည်မှုသဒ္ဓါဖြင့်လွတ်မြောက်သော **သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်**မည်၏။

(၃) **ကာယသက္ခိပုဂ္ဂိုလ်** – ဒုက္ခအခြင်းအရာကိုနှလုံးသွင်းသဖြင့် ငြိမ်းအေးခြင်း–ပဿဒ္ဓိ အဖြစ်များလျက် လွန်ကဲသောသမာဓိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် အလုံးစုံသောမဂ်ဖိုလ် ခဏ ရှစ်ဌာနတို့၌ နာမကာယဖြင့်မျက်မှောက်ပြုသော (တစ်နည်း–စျာန်အတွေ့ကိုဦးစွာ ရောက်ပြီး ထို့နောက်၌ နိဗ္ဗာန်ကိုမျက်မှောက်ပြုသော) **ကာယသက္ခိပုဂ္ဂိုလ်**မည်၏။

(၄) **ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်** – အရူပစျာန်ကိုရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက် ပါမူကား ထိုပုဂ္ဂိုလ်သည် နှစ်ပါးသောအဖို့ဖြင့်လွတ်မြောက်သော **ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်**မည်၏။

(၅) **ဓမ္မာနုသာရီပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကိုနှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များ လျက်လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ ပညာသို့အစဉ် လိုက်သော **ဓမ္မာနုသာရီပုဂ္ဂိုလ်**မည်၏။

(၆) **ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကို နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် အလယ်ပိုင်းဖိုလ်မဂ် ၆ ချက်သော ဌာနတို့၌ နိဗ္ဗာန်ကိုမြင်သည့်အဆုံးအခြားမဲ့၌ရောက်သော **ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်**မည်၏။

(၇) **ပညာဝိမုတ္တပုဂ္ဂိုလ်** – အနတ္တအခြင်းအရာကို နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များ လျက်လွန်ကဲသောပညိန္ဒြေရှိသည့်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ ပညာဖြင့်လွတ်မြောက် သော **ပညာဝိမုတ္တပုဂ္ဂိုလ်**မည်၏။

- **အမည်သုံးမျိုးရသော သင်္ခါရုပေက္ခာဉာဏ်**

**သင်္ခါရုပေက္ခာဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်နှင့် ပဋိသင်္ခါနုပဿနာဉာဏ်ဟူသော ဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ်တူ၏၊ သဒ္ဒါမျှသာထူး၏။**

ထို့ကြောင့် **ရှေးဆရာတို့က** ''သင်္ခါရုပေက္ခာဉာဏ်သည် တစ်ပါးတည်းဖြစ်လျက် သုံးပါး သောအမည်တို့ကိုရ၏၊ အောက်ပိုင်း၌ မုဉ္စိတုကမျတာမည်ခဲ့၏၊ အလယ်ပိုင်း၌ ပဋိသင်္ခါ နုပဿနာဉာဏ်မည်ခဲ့၏၊ အဆုံးပိုင်း၌ ခေါင်ထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ်မည်၏'' ဟုဆိုကုန်၏။

**ပဋိသမ္ဘိဒါမဂ်**၌ ဟောတော်မူသည်မှာ ''ဖြစ်ပေါ်ခြင်း(ဥပ္ပါဒ)စသည်ကိုစွန့်လွှတ်လို၍ တစ်ဖန် ရှုသိ၍ ကောင်းစွာတည်သောပညာသည် သင်္ခါရတို့ကိုလျစ်လျူရှုသည့် သင်္ခါရုပေက္ခာဉာဏ် မည်၏။

''ဖြစ်ပွားခြင်းကို။ ပ ။ သင်္ခါရနိမိတ်ကို ။ ပ ။ ပြင်းစွာပူပန်ခြင်းကိုစွန့်လွှတ်လို၍ တစ်ဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သင်္ခါရုပေက္ခာမည်၏။

''ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု။ ပ ။ ကြောက်ဖွယ်ဘေးဟု။ ပ ။ အစာနှင့် တကွဖြစ်သည်ဟု။ ပ ။ ပြင်းစွာပူပန်ခြင်းသည် သင်္ခါရတို့ဟု ထင်မြင်လျက် စွန့်လွှတ်လို၍ တစ်ဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏''

''ဤတွင် ရှေ့အဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့်ငြီးငွေ့သောယောဂီသည် ဖြစ်ပေါ်ခြင်းစသည်ကို စွန့်လွှတ်လိုခြင်းသည် မုဥ္စိတုကမျတာ–စွန့်လွှတ်လိုသည်မည်၏။ စွန့်လွှတ်ခြင်း၏ပြီးစီးကြောင်းနည်းလမ်းကိုပြုခြင်းငှာ အလယ်၌ တစ်ဖန်ရှုသိခြင်းသည် **ပဋိသင်္ခါ**–တစ်ဖန်ရှုသိသည်မည်၏။

စွန့်လွှတ်ပြီး၍ အဆုံး၌လျစ်လျူရှုခြင်းသည် **သန္တိဋ္ဌနာ**–ကောင်းစွာတည်သောပညာမည်၏၊ ထိုကောင်းစွာတည်သောပညာကို ရည်၍ ''ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့တည်း၊ ထိုသင်္ခါရတို့ကို လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာမည်၏''

**• ဝုဋ္ဌာနဂါမိနီဝိပဿနာ**

**သင်္ခါရုပေက္ခာဉာဏ်ကိုရပြီးသော ယောဂီ၏ဝိပဿနာသည် ခေါင်ထိပ်သို့ရောက်သောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။ 'ခေါင်ထိပ်သို့ရောက်သောဝိပဿနာ' (ဝါ) 'ဝုဋ္ဌာနဂါမိနီ' ဟူသောအမည်သည် (၁) ခေါင်ထိပ်သို့ရောက်သော သင်္ခါရုပေက္ခာဉာဏ် (၂) အနုလောမဉာဏ် (၃) ဂေါတြဘူဉာဏ်ဟူသည့် ဉာဏ်သုံးပါးတို့၏အမည်ပေတည်း။**

ဤဉာဏ်သုံးပါးသည် ခေါင်ထိပ်ဟူသောမြတ်သည့်အဖြစ်သို့ ရောက်သောကြောင့် **သိခါပတ္တ** (ခေါင်ထိပ်သို့ရောက်သည်) မည်၏၊ **ဝုဋ္ဌာန** (ထသောမဂ်) အမည်ရသောအရိယာမဂ်သို့ သွားရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ** (ထသောမဂ်သို့သွားရောက်သည်) မည်၏။

## ဝုဋ္ဌာနဂါမိနီမည်ပုံ

ဗဟိဒ္ဓနိမိတ်ခေါ် ပြင်ပအာရုံဖြစ်သော နှလုံးသွင်းအပ်, ရှုအပ်သည့်အာရုံထွေ့မှလည်းကောင်း၊ အဇ္ဈတ္တပဝတ္တခေါ် ကိလေသာအယဉ်, ခန္ဓာအယဉ်မှလည်းကောင်း၊ ထမြောက်သွားသောကြောင့် အရိယာမဂ်ကို '**ဝုဋ္ဌာန** = ထသည်' ဟုခေါ်ဆိုအပ်၏။ ထိုထသောအရိယမဂ်သို့သွားရောက်တတ်သောကြောင့် '**ဝုဋ္ဌာနဂါမိနီ** = ထသောအရိယာမဂ်သို့ သွားရောက်သည့် ဝိပဿနာ' ဟုမည်လေ၏။

**မှတ်ချက်** – '**ထမြောက်သွားသောကြောင့်**' ဟူသည်မှာ သင်္ခါရအာရုံကိုမရှုတော့ဘဲ နိဗ္ဗာန်ကိုအာရုံပြုသွားခြင်းသည် ပြင်ပအာရုံမှ ထသည်မည်၏။ ကိလေသာအယဉ်, ဝိပါက်ခန္ဓာအယဉ်တို့ မဖြစ်နိုင်သောအခြေအနေသို့ရောက်သွားခြင်းသည် အဇ္ဈတ္တပဝတ္တမှ ထသည်မည်၏။ ရောဂါပျောက်ကင်းသည်ကို ရောဂါမှထသည်ဟု ပြောဆိုသကဲ့သို့တည်း။

**• အဘိနိဝေသ–ဝုဋ္ဌာန အမျိုးမျိုး**

အဘိနိဝေသ–စွဲစွဲမြဲမြဲနှလုံးသွင်းခြင်းနှင့် ဝုဋ္ဌာန–ထခြင်းတို့ကို ထင်ရှားစေခြင်းငှာ ခေါင်းစဉ်မာတိကာကို ဖော်ပြပါအံ့။

## (၁) အဇ္ဈတ္တကိုနှလုံးသွင်း၍ အဇ္ဈတ္တမှထခြင်း

ဤသာသနာတော်၌ အချို့သောယောဂီသည် အစကနဦး၌ ကိုယ်တွင်းသင်္ခါရဖြစ်သည့် အဇ္ဈတ္တခန္ဓာငါးပါးကို နှလုံးသွင်း၏ (ရှု၏)၊ နှလုံးသွင်းပြီးလျှင် ကိုယ်တွင်းသင်္ခါရတို့ကို

မှန်စွာရှုမြင်၏။ သို့သော် ခန္ဓာကိုယ်တွင်းတရားသက်သက်ကို ရှုမြင်ရုံမျှဖြင့် အရိယာမဂ် ဟူသောထခြင်းသည် မဖြစ်သေး။ ဗဟိဒ္ဓ–ပြင်ပတရားများကိုလည်း ရှုမြင်အပ်သည်သာတည်း။

ထို့ကြောင့် သူတစ်ပါးတို့၏ခန္ဓာငါးပါးနှင့် အနုပါဒိန္နခေါ်သက်မဲ့သင်္ခါရတို့ကိုလည်း အနိစ္စ, ဒုက္ခ, အနတ္တဟုရှု၏။ ထိုယောဂီသည် ရံခါအဇ္ဈတ္တကိုရှု၏၊ ရံခါ ဗဟိဒ္ဓကိုရှု၏။ ဤသို့ရှုမြင်သောထိုယောဂီ၏ ဝိပဿနာသည် အဇ္ဈတ္တကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့် ဆက်စပ်သွား၏။ ဤယောဂီသည် အဇ္ဈတ္တကိုနှလုံးသွင်း၍ အဇ္ဈတ္တမှထသည်မည်၏။

## (၂) အဇ္ဈတ္တကိုနှလုံးသွင်း၍ ဗဟိဒ္ဓမှထခြင်း

အကယ်၍ ထိုယောဂီ၏ဝိပဿနာသည် အဇ္ဈတ္တ–ကိုယ်တွင်းတရား၌ ရှေးဦးစွာရှု၍ ဗဟိဒ္ဓကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် အဇ္ဈတ္တ–ကိုယ်တွင်းတရားကို ရှေးဦးစွာရှု၍ ဗဟိဒ္ဓ–ပြင်ပတရားမှထသည်မည်၏။

**(၃)(၄)** ဗဟိဒ္ဓ၌ရှေးဦးစွာရှု၍ ဗဟိဒ္ဓမှထခြင်းနှင့် ဗဟိဒ္ဓ၌ရှေးဦးစွာရှု၍ အဇ္ဈတ္တမှထခြင်းတို့သည် အထက်ပါနည်းကိုမှီ၍သိအပ်၏။

## (၅) ရုပ်တရားကိုနှလုံးသွင်း၍ ရုပ်တရားမှထခြင်း

ယောဂီတစ်ဦးသည် အစကနဦး၌ ရုပ်၌ နှလုံးသွင်း၏၊ နှလုံးသွင်းပြီးသော် ဘူတရုပ်အပေါင်းနှင့် ဥပါဒါရုပ်အပေါင်းကို အပေါင်းအစုပြု၍ ရှု၏။ သို့သော် ရုပ်သက်သက်ကို ရှုရုံမျှနှင့် မဂ်ဟူသောထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်းရှုအပ်သည်သာတည်း။ ထို့ကြောင့် ထိုရုပ်ကို အာရုံပြုလျက်ဖြစ်သော ဝေဒနာကိုလည်းကောင်း၊ သညာကိုလည်းကောင်း၊ သင်္ခါရကိုလည်းကောင်း၊ ဝိညာဏ်ကိုလည်းကောင်း၊ ''ဤသည်ကား နာမ်တည်း''ဟုရှု၏။

ထိုယောဂီသည် ရံခါရုပ်ကိုသုံးသပ်၏၊ ရံခါနာမ်ကိုသုံးသပ်၏။ ဤသို့သုံးသပ်သော ယောဂီ၏ ဝိပဿနာသည် ရုပ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်ဆက်စပ်သွား၏၊ ဤယောဂီသည် ရုပ်၌ ရှုးဦးစွာရှု၍ ရုပ်မှထသည်မည်၏။

**(၆)** အကယ်၍ ထိုယောဂီ၏ဝိပဿနာသည် နာမ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့် ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် ရုပ်၌ရှေးဦးစွာရှု၍ နာမ်မှထသည်မည်၏။

**(၇,၈)** နာမ်၌ရှေးဦးစွာရှု၍ နာမ်မှထခြင်း၊ နာမ်၌ရှေးဦးစွာရှု၍ ရုပ်မှထခြင်းတို့သည် ဤနည်းအတိုင်းပင်တည်း။

## (၉) ခန္ဓာငါးပါးတို့မှ တစ်ပြိုင်နက်ထခြင်း

''အမှတ်မရှိ တစ်စုံတစ်ခုသောအကြောင်းတရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုတရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏''ဟု ရှေးဦးစွာနှလုံးသွင်းပြီးလျှင် ဤအတူပင်လျှင် နှလုံးသွင်းလျက် မဂ်ဖြင့်ထသောကာလ၌မူကား ခန္ဓာငါးပါးတို့မှ တစ်ပြိုင်နက်ထသည်မည်၏။

## (၁၀) အနိစ္စဖြင့်နှလုံးသွင်း၍ အနိစ္စဖြင့်ထခြင်း

ယောဂီတစ်ဦးသည် အစကနဦးကပင်လျှင် သင်္ခါရတရားတို့ကို အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်၏။ သို့သော် အနိစ္စအခြင်းအရာသက်သက်ဖြင့် သုံးသပ်ရုံမျှဖြင့် မဂ်ဟူသော ထခြင်းသည်မဖြစ်သေး။ ဒုက္ခအခြင်းအရာအားဖြင့်လည်းကောင်း၊ အနတ္တအခြင်းအရာအားဖြင့်လည်းကောင်း သုံးသပ်၏။ ဤသို့ကျင့်သောယောဂီအား အနိစ္စအခြင်းအရာအားဖြင့်

သုံးသပ်ခိုက်၌ မဂ်ဟူသော ထခြင်းသည်ဖြစ်၏။ ဤယောဂီသည် အနိစ္စအခြင်းအရာအား ဖြင့် ရှေးဦးစွာနှလုံးသွင်း၍ အနိစ္စအခြင်းအရာအားဖြင့် ထသည်မည်၏။

## (၁၁, ၁၂) အနိစ္စဖြင့်နှလုံးသွင်း၍ ဒုက္ခဖြင့်ထခြင်း, အနတ္တဖြင့်ထခြင်း

အကယ်၍ ထိုယောဂီသည် အနိစ္စအခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၍ ဒုက္ခအခြင်းအရာအားဖြင့်သုံးသပ်ခိုက်၌ မဂ်ဟူသောထခြင်းဖြစ်လျှင် အနိစ္စဖြင့်နှလုံးသွင်း၍ ဒုက္ခဖြင့်ထသည်မည်၏။ သို့မဟုတ် အနတ္တအခြင်းအရာအားဖြင့် သုံးသပ်ခိုက်၌ မဂ်ဖြစ်လျှင် အနိစ္စဖြင့်နှလုံးသွင်း၍ အနတ္တဖြင့်ထသည်မည်၏။

**မှတ်ချက်** – ဒုက္ခအခြင်းအရာအားဖြင့်, အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာနှလုံးသွင်း၍ကြွင်းသောအခြင်းအရာအားဖြင့်ထခြင်းတို့၌လည်း ဤနည်းပင်တည်း။

## • အရိယာပုဂ္ဂိုလ်အမျိုးမျိုးဖြစ်ပုံ

(၁) ယောဂီတစ်ဦးသည် အနိစ္စအခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၏၊ သို့မဟုတ် ဒုက္ခအခြင်းအရာဖြင့် ရှေးဦးစွာနှလုံးသွင်း၏။ သို့မဟုတ် အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်း၏။ မဂ်ဖြင့်ထသောကာလ၌ကား **အနိစ္စအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့။**

ထိုပုဂ္ဂိုလ်သည် အဓိမောက္ခအဖြစ်များ၏၊ သဒ္ဓိန္ဒြေလွန်ကဲ၏၊ အနိမိတ္တဝိမောက္ခဖြင့်လွတ်မြောက်၏၊ သောတာပတ္တိဖိုလ်ခဏ၌ **သဒ္ဓါနုသာရီအရိယာ**မည်၏၊ ခုနစ်ပါးသောအထက်မဂ်ဖိုလ်ခဏတို့၌ **သဒ္ဓါဝိမုတ္တအရိယာ**မည်၏။

(၂) အကယ်၍ အထက်ပါယောဂီသည် **ဒုက္ခအခြင်းအရာအားဖြင့်ထခြင်းသည်ဖြစ်ငြားအံ့၊**

ထိုပုဂ္ဂိုလ်သည် ပဿဒ္ဓိအဖြစ်များ၏၊ သမာဓိန္ဒြေလွန်ကဲ၏၊ အပ္ပဏိဟိတဝိမောက္ခဖြင့် လွတ်မြောက်၏၊ အလုံးစုံသောမဂ်ဖိုလ်ခဏ ရှစ်ဌာနတို့၌ **ကာယသက္ခီအရိယာ**မည်၏။

**အထူးကား** – ဒုက္ခအခြင်းအရာအားဖြင့်ထသောပုဂ္ဂိုလ်သည် အရူပဈာန်ဟူသော အခြေခံပါဒကဈာန်ရှိ၏၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ **ဥဘတောဘာဂဝိမုတ္တအရိယာ**မည်၏။

(၃) သို့တည်းမဟုတ် အထက်ပါယောဂီသည် **အနတ္တအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊**

ထိုပုဂ္ဂိုလ်သည် ပညာအဖြစ်များ၏၊ ပညိန္ဒြေလွန်ကဲ၏၊ သုညတဝိမောက္ခဖြင့် လွတ်မြောက်၏၊ သောတာပတ္တိမဂ်ခဏ၌ **ဓမ္မာနုသာရီအရိယာ**မည်၏၊ အလယ်မဂ်ဖိုလ် ၆ ချက်သော ဌာနတို့၌ **ဒိဋ္ဌိပ္ပတ္တအရိယာ**မည်၏၊ အရဟတ္တဖိုလ်ခဏ၌ **ပညာဝိမုတ္တအရိယာ**မည်၏။

## • ဝုဋ္ဌာနဂါမိနီဝိပဿနာထင်ရှားရန်ဥပမာများ

ဆောင်ပုဒ်လင်္ကာ – ''လင်းနို့, မြွေဟောက်၊ မီးတောက်အိမ်ဝယ်၊
နွားမ, ဘီလူး၊ လမ်းမှသူငယ်၊
ဆာလောင်ရေငတ်၊ အေးလတ်ပူတယ်၊
အမှောင်ဖုံး၊ နောက်ဆုံးအဆိပ်နှယ်။

## (၁) လင်းနို့ဥပမာ

လင်းနို့တစ်ကောင်သည် အပွင့်အသီးတစ်မျိုးမျိုးရလိမ့်နိုးဖြင့် အကိုင်းငါးကိုင်းရှိသော

သစ်မည်စည်ပင်၌ ဝင်နား၏။ ပထမအကိုင်း, ကျန်အကိုင်းများကို စူးစမ်းရှာဖွေရာ ယူလောက်, သုံးလောက်သောအဖူးအပွင့်ကို မမြင်တွေ့ရပေ။ ''ဤသစ်ပင်၌ အသီးမရှိစွတကား''ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်လျက် ဖြောင့်မတ်သည့်ခေါင်ကိုင်းဖြင့်တက်၍ ဦးခေါင်းကိုသစ်ခက်ခွကြားမှထုတ်ကာ အထက်သို့မျှော်ကြည့်ပြီးလျှင် ကောင်းကင်သို့ပျံတက်၍ အခြားအသီးရှိသည့်သစ်ပင်၌ နားလေ၏။

ဤဥပမာ၌ လင်းနို့သည် ယောဂီနှင့်တူ၏၊ သစ်ကိုင်း ၅ ကိုင်းသည် ဥပါဒါနက္ခန္ဓာ ၅ ပါး နှင့်တူ၏။ ထိုသစ်ပင်၌ လင်းနို့နားခြင်းသည် ယောဂီက ခန္ဓာငါးပါး၌ နှလုံးသွင်းခြင်းနှင့်တူ၏၊ ပထမအကိုင်းသည် ရူပက္ခန္ဓာ, ကျန် ၄ ကိုင်းသည် နာမ်ခန္ဓာ ၄ ပါးနှင့်တူ၏။ အသီးအပွင့်မတွေ့ခြင်းသည် ခန္ဓာငါးပါး၌ နိစ္စ, သုခ, အတ္တမရှိခြင်းနှင့်တူ၏။

လင်းနို့၏ ''ဤသစ်ပင်၌ အသီးမရှိစွတကား''ဟု ဆင်ခြင်၍ ထိုသစ်ပင်၌တွယ်တာမှုကို စွန့်လွှတ်ခြင်းကဲ့သို့ ခန္ဓာငါးပါး၌ အနိစ္စလက္ခဏာစသည်ကိုမြင်သည့်အစွမ်းအားဖြင့် ငြီးငွေ့သောယောဂီ၏ စွန့်လွှတ်လိုသော **မုဉ္စိတုကမျတာစသည့်ဉာဏ်သုံးပါး**ကို မှတ်အပ်၏။

လင်းနို့၏ဖြောင့်မတ်သောခေါင်ကိုင်းဖြင့် အထက်သို့တက်ခြင်းကဲ့သို့ ယောဂီ၏**အနုလောမဉာဏ်ကို**မှတ်အပ်၏။ ကောင်းကင်သို့ပျံတက်ခြင်းကဲ့သို့ **မဂ်ဉာဏ်**ကို မှတ်အပ်၏၊ အခြားအသီးရှိသည့် သစ်ပင်၌နားသကဲ့သို့ **ဖိုလ်ဉာဏ်**ကိုမှတ်အပ်၏။

## (၂) မြွေဟောက်ဥပမာ (မြှူးထဲမှ ရေမြွေဟောက်ဖမ်းမိသည့်ဥပမာ)

ဤဥပမာကို ပဋိသင်္ခါဉာဏ်၌ဆိုခဲ့သည့်အတိုင်း မှတ်အပ်၏။ အထူးကား မြွေကိုလွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကိုမှတ်အပ်၏။ မြွေလွှတ်ပြီးကုန်းပေါ်သို့ ပြေးတက်သကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ပြေးတက်ပြီး၍ ဘေးကင်းရာကုန်းပေါ်၌ ရပ်တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။

## (၃) မီးတောက်အိမ်ဥပမာ

အိမ်ရှင်သည် ညနေချမ်း၌အစာစားပြီးလျှင် အိပ်ရာသို့ဝင်ကာ အိပ်ပျော်နေ၏။ အိမ်ကို မီးလောင်ရာ အိမ်ရှင်နိုးလာသဖြင့် မီးကိုမြင်၍ကြောက်လန့်၏။ ''မီးအလောင်မခံရဘဲ ထွက်သွားနိုင်လျှင် ကောင်းလေစွ'' ဟုကြံတွေးကြည့်ရှုလတ်သော် ထွက်ပေါက်လမ်းကိုမြင်၍ ထွက်သွားပြီးလျှင် ဘေးမဲ့အရပ်သို့ လျင်သောအဟုန်ဖြင့်ပြေးသွား၍ ရပ်တန့်နေ၏။

ဤဥပမာ၌ အစာစားပြီးအိပ်ရာဝင်၍ အိမ်ရှင်၏အိပ်ပျော်နေခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာငါးပါး၌ ''ငါ့ဥစ္စာ''ဟုယူခြင်းကို မှတ်အပ်၏။ အိပ်ရာမှနိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်သကဲ့သို့ မှန်ကန်သည့်အကျင့်ကိုကျင့်လျက် လက္ခဏာရေးသုံးပါးကိုမြင်၍ ဘေးအားဖြင့်ထင်သော ဘယဉာဏ်ကို မှတ်အပ်၏။ ထွက်ပေါက်လမ်းကိုကြည့်ရှုသကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏၊ ထွက်ပေါက်လမ်းကိုမြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။ ဘေးမဲ့ရာအရပ်သို့ လျင်သောအဟုန်ဖြင့် ပြေးသွားသကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးမဲ့ရာအရပ်၌ ရပ်တည်နေသကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။

## (၄) နွားဥပမာ

လယ်သမားတစ်ယောက်သည် ညဉ့်အခါ အိပ်ပျော်နေစဉ် သူ၏နွားများက ခြံကိုချိုးဖောက်၍ထွက်ပြေးကြ၏။ မိုးသောက်ချိန်၌ လယ်သမားနိုးလာသဖြင့် ခြံကိုကြည့်ရှုသော် နွားများထွက်ပြေးသည့်အဖြစ်ကို သိရ၏။ ခြေရာခံ၍လိုက်ရှာသော် မင်း၏နွားများကို မိမိ၏နွားများဟုထင်မှတ်၍ ဆောင်ယူလာ၏။ မိုးလင်းသည့်အခါ နွားတို့ကိုကြည့်ရာ ''ငါ၏နွားများမဟုတ်၊ မင်းနွားတို့တည်း'' ဟု သိ၍ ''ဤသူသည် ခိုးသူတည်း''ဟု မိမိကိုဖမ်း၍ မင်းချင်းများနှိပ်စက်မည်ကိုကြောက်လန့်၏။ နွားတို့ကိုစွန့်ထား၍ လျင်သောအဟုန်ဖြင့်ပြေးကာ ဘေးမဲ့ရာအရပ်၌ တည်နေလေ၏။

ဤဥပမာ၌ မင်း၏နွားများကို မိမိ၏နွားများဟုထင်မှတ်သကဲ့သို့ ဗာလပုထုဇဉ်၏ခန္ဓာငါးပါးကို ''ငါ, ငါ၏ဥစ္စာ''ဟု မှတ်ယူခြင်းကို သိအပ်၏။ မိုးလင်းသောအခါ ''မင်း၏နွားတို့'' ဟုသိခြင်းကဲ့သို့ လက္ခဏာသုံးပါးကို ရှုမှတ်ခြင်းအစွမ်းအားဖြင့် ခန္ဓာတို့ကို ''အနိစ္စ, ဒုက္ခ, အနတ္တတရားတို့''ဟု ယောဂီ၏သိခြင်းကို မှတ်အပ်၏။ နွားတို့ကိုစွန့်လွှတ်လိုသည့်အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ နွားတို့ကိုစွန့်လွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကိုမှတ်အပ်၏။ လျင်သောအဟုန်ဖြင့်ပြေးခြင်းကဲ့သို မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးမဲ့ရာ၌ တည်နေသကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။

## (၅) ဘီလူးမဥပမာ

ယောက်ျားတစ်ယောက်သည် ဘီလူးမနှင့်ပေါင်းသင်းနေထိုင်၏။ ညဉ့်အချိန်၌ ဘီလူးမသည် ''လူယောက်ျားအိပ်ပျော်လေပြီ''ဟုထင်၍ သုသာန်သို့သွားကာ လူသေကောင်ကိုစား၏။ ထိုယောက်ျားသည် ''ဤမိန်းမအဘယ်သို့သွားသနည်း''ဟု အစဉ်လိုက်၍ စူးစမ်းလတ်သော် လူသားစားနေသည်ကိုမြင်၍ ''ဘီလူးမတည်း''ဟု သိပြီး ကြောက်လန့်၏။ ''ငါ့ကိုမစားမီ ပြေးအံ့''ဟု လျင်သောအဟုန်ဖြင့်ပြေး၍ ဘေးမဲ့ရာအရပ်၌တည်နေ၏။

ဤဥပမာ၌ ဘီလူးမနှင့်ပေါင်းသင်းနေထိုင်၍ မိမိ၏ဇနီးဟုမှတ်ထင်သကဲ့သို့ ခန္ဓာငါးပါးကို ''ငါ, ငါ့ဥစ္စာ''ဟု မှတ်ယူစွဲလမ်းခြင်းကို မှတ်အပ်၏။ လူသားစားသည်ကိုမြင်၍ ''ဤမိန်းမကား ဘီလူးမတည်း''ဟု သိသကဲ့သို့ ခန္ဓာတို့၏လက္ခဏာသုံးပါးကိုမြင်၍ အနိစ္စစသည့်အဖြစ်ကိုသိခြင်းကို မှတ်အပ်၏။ ကြောက်လန့်သောကာလကဲ့သို့ ခန္ဓာတို့က ကြောက်ဖွယ်ဘေးအားဖြင့်ထင်သောဘယတုပဋ္ဌာနဉာဏ်ကိုမှတ်အပ်၏။ ပြေးခြင်းငှာအလိုရှိသည့်အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ သုသာန်အရပ်ကို စွန့်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့် ပြေးခြင်းကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။

## (၆) လမ်းမှသူငယ်ဥပမာ

သား၌အချစ်ကြီးသော မိန်းမတစ်ယောက်သည် ပြာသာဒ်ထက်၌ ထိုင်နေ၏။ လမ်းမမှ ကလေးငိုသံကိုကြားရ၍ ''ငါ့သားကို တစ်စုံတစ်ယောက်သောသူက နှိပ်စက်လေသလား'' ထင်၍ လျင်စွာသွားပြီးလျှင် မိမိ၏သားအမှတ်ဖြင့် သူတစ်ပါး၏သားကို ကောက်ယူ၏။

ထို့နောက် ''ဤသူငယ်ကား သူတစ်ပါး၏သားတည်း''ဟု သိသဖြင့် ထိတ်လန့်လျက် ထိုမှဤမှကြည့်ရှုပြီးလျှင် ''ကလေးသူခိုးမဟု မစွပ်စွဲပါစေလင့်''ဟု ရည်ရွယ်ကာ သူငယ်ကို ထိုအရပ်၌ချထားခဲ့၍ လျင်သောအဟုန်ဖြင့် ပြသာဒ်ပေါ်သို့တက်၍ထိုင်နေ၏။

ဤဥပမာ၌ ''မိမိသား''ထင်မှတ်၍ သူတစ်ပါး၏သားကို ကောက်ယူခြင်းကဲ့သို့ ခန္ဓာငါးပါးကို ''ငါ, ငါ့ဥစ္စာ'' ဟုမှတ်ယူခြင်းကို မှတ်အပ်၏။ ''ဤသူငယ်ကား သူတစ်ပါး၏သားတည်း'' ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါးတို့၏အစွမ်းအားဖြင့် ''ငါမဟုတ်, ငါ၏ဥစ္စာမဟုတ်''ဟု သိခြင်းကို မှတ်အပ်၏။ ထိတ်လန့်ခြင်းကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။ ထိုမှဤမှ ကြည့်ခြင်းကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ သူငယ်ကိုစွန့်လွှတ်ချထားခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။ ချထားပြီး၍ ထိုအရပ်၌တည်သောကာလကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့်ပြသာဒ်ပေါ်တက်ခြင်းကဲ့သို့ မဂ်ဉာဏ် ကိုမှတ်အပ်၏။ ပြသာဒ်ပေါ်နေထိုင်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။

## (၇) ဆာလောင်, ရေငတ်, အေးလတ်, ပူတယ်, အမှောင်ဖုံး, နောက်ဆုံးအဆိပ်နှယ်

ဤတွင် ဥပမာ ၆ ခုပါဝင်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌တည်သောယောဂီ၏ လောကုတ္တရာ သို့ ရှေးရှုညွတ်ကိုင်းရှိုင်းသည့်အဖြစ်ကို ဖော်ပြကြ၏။

(က) **ဆာလောင်ခြင်း**ဖြင့် အနှိပ်စက်ခံနေရသောယောက်ျားသည် ကောင်းသောအရသာရှိ သည့်ဘောဇဉ်ကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲဟူသော ဆာလောင် ခြင်းဖြင့်နှိပ်စက်ခံရသည့်ယောဂီသည် သေခြင်းကင်းသောအမြိုက်အရသာရှိသည့် **ကာယ ဂတာသတိ**ဟူသောဘောဇဉ်ကို တောင့်တ၏။

(ခ) **ရေငတ်သူ**သည် လည်ချောင်းခံတွင်းခြောက်ကပ်သဖြင့် ချိုအေးသောဖျော်ရည်ကိုတောင့် တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲဟူသည့် ရေငတ်ခြင်းဖြင့် နှိပ်စက်အပ်သော ယောဂီသည် အင်္ဂါ ၈ ပါးရှိသည့်အရိယာမဂ်ဖျော်ရည်ကို တောင့်တ၏။

(ဂ) **အအေး**ဖြင့် နှိပ်စက်ခံရသောသူသည် နွေးထွေးမှုပေးမည့်အပူကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲ၌ တဏှာအစေးဖြင့် နှိပ်စက်ခံရသောယောဂီသည် ကိလေသာတို့ကို လောင်မြိုက်စေတတ်သည့် အရိယာမဂ်ဟူသောမီးကို တောင့်တ၏။

(ဃ) **အပူ**ဖြင့် နှိပ်စက်ခံရသောသူသည် အအေးကိုတောင့်တသကဲ့သို့ ထို့အတူပင် သံသရာ ဝဋ်ဆင်းရဲ၌ ၁၁ ပါးသောမီးအပူဖြင့် ပူလောင်ခံရသည့်ယောဂီသည် ၁၁ ပါးသောမီးတို့၏ ငြိမ်းရာဖြစ်သည့် နိဗ္ဗာန်ကို တောင့်တ၏။

(င) **အမိုက်မှောင်**ဖြင့် ဖုံးလွှမ်းနှိပ်စက်ခံရသောပုဂ္ဂိုလ်သည် အရောင်အလင်းကိုတောင့်တ သကဲ့သို့ ထို့အတူပင် အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ဖြင့် ဖုံးလွှမ်းနှိပ်စက်ခံရသည့် ယောဂီသည် ဉာဏ်အရောင်အလင်းရှိသော အရိယာမဂ်ဘာဝနာကို တောင့်တ၏။

(စ) **အဆိပ်**ဖြင့် နှိပ်စက်ခံရသောသူသည် အဆိပ်ကိုပယ်ဖျောက်တတ်သည့်ဆေးကို တောင့်တ သကဲ့သို့ ထို့အတူပင် ကိလေသာအဆိပ်ဖြင့် နှိပ်စက်ခံရသောယောဂီသည် ကိလေသာ အဆိပ်ကို ပယ်ဖျောက်တတ်သော အမြိုက်ဆေးဖြစ်သည့် နိဗ္ဗာန်ကို တောင့်တ၏။

## ပတိလီနစရပုဂ္ဂိုလ်မည်ပုံ

အထက်ပါဥပမာများကိုသိမြင်၍ ကောင်းစွာအားထုတ်သောယောဂီ၏စိတ်သည် ဘဝသုံးပါး, သတ္တာဝါသ ၉ ပါးတို့၌ တွန့်၏၊ ရှုံ့၏၊ ပြန်နစ်၏၊ ပြန့်၍မသွား၊ လျစ်လျူရှုခြင်း, စက်ဆုပ်ခြင်းအဖြစ်သည် ကောင်းစွာတည်၏။ ထိုသို့စိတ်ကို တွန့်ဆုပ်အောင်ပြုလျက်ကျင့်သော ယောဂီသည် **ပတိလီနစရပုဂ္ဂိုလ်**မည်၏။ ဤပုဂ္ဂိုလ်ကိုရည်ရွယ်၍ အောက်ပါဂါထာကို ဟောတော်မူ၏ –

*''အကြင်ရဟန်းသည် စိတ်ကိုတွန့်ဆုပ်အောင် ကောင်းစွာကျင့်သဖြင့် မိမိ၏ကိုယ် ဟူသော အတ္တဘောကို ဘဝသုံးပါး၌ တစ်ဖန်ဖြစ်သောအားဖြင့် မပြုရာ၊ ဆိတ်ငြိမ်ရာ ၌ ထိုထိုအာရုံမှ စိတ်ကိုတွန့်ဆုပ်အောင်ပြုလျက် ကျင့်၏၊ ထိုသို့ကျင့်သောရဟန်း၏ ဘဝသုံးပါး၌ တစ်ဖန်ဖြစ်သောအားဖြင့် မပြုခြင်းသည် သင့်လျော်ပေ၏။''*

## ဈာနင်အထူး, မဂ္ဂင်အထူး, ဗောဇ္ဈင်အထူး

သင်္ခါရုပေက္ခာဉာဏ်သည် ယောဂီ၏ပတိလီနစရပုဂ္ဂိုလ်အဖြစ်ကို ကိန်းသေသတ်မှတ်၏။ ထို့အပြင် အရိယာမဂ်၏ဗောဇ္ဈင်အထူး, မဂ္ဂင်အထူး, ဈာနင်အထူး, ပဋိပဒါအထူး, ဝိမောက္ခအထူးတို့ကိုလည်း ကိန်းသေသတ်မှတ်၏။

အချို့မထေရ်တို့သည် ''ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်တို့၏အထူးကို ပါဒကဈာန်က ကိန်းသေသတ်မှတ်သည်ဟုဆို၏''

အချို့မထေရ်တို့က ''ဝိပဿနာ၏အာရုံဖြစ်သော ခန္ဓာတို့က ကိန်းသေသတ်မှတ်သည်'' ဟုဆို၏။

အချို့မထေရ်တို့ကမူ ''ပုဂ္ဂိုလ်၏အလိုအဇ္ဈာသယက ကိန်းသေသတ်မှတ်သည်''ဟု ဆိုကြ၏။

အထက်ပါမထေရ်တို့၏ဝါဒသုံးမျိုးလုံး၌ ပုဗ္ဗဘာဂဝိပဿနာက ကိန်းသေသတ်မှတ်သည်သာဖြစ်သည်ကို သိအပ်၏။ ဤဆိုလတ့ံသည်ကား အစဉ်အတိုင်းပြဆိုချက်တည်း။

(၁) **သုက္ခဝိပဿက**ပုဂ္ဂိုလ်၌ဖြစ်သော မဂ်သည်လည်းကောင်း၊

– **ဈာန်သမာပတ်ရသောပုဂ္ဂိုလ်၌ ဈာန်ကိုအခြေခံမပြုဘဲ**ဖြစ်ပေါ်သော မဂ်သည်၎င်း၊

– **ပထမဈာန်**ကို အခြေခံ၍ ပြိုးပြွမ်းသောသင်္ခါရ (ပကိဏ္ဏကသင်္ခါရ=ရုပ်နာမ်သင်္ခါရ)ကို သုံးသပ်၍ဖြစ်စေသော မဂ်သည်လည်းကောင်း၊

ထိုမဂ်တို့၏ရှေးအဖို့ဖြစ်သော ဝိပဿနာ (ပုဗ္ဗဘာဂဝိပဿနာ) ဟူသောကိန်းသေသတ်မှတ်ကြောင်း နိယာမအရ ပထမဈာန်နှင့်သာယှဉ်ကြကုန်၏။ ဤအလုံးစုံသောမဂ်တို့၌ ဗောဇ္ဈင် ၇ ပါး, မဂ္ဂင် ၈ ပါး, ဈာနင် ၅ ပါးတို့ ယှဉ်ကြ၏။ ပုဗ္ဗဘာဂဝိပဿနာသည် သောမနဿသဟဂုတ် သို့မဟုတ် ဥပေက္ခာသဟဂုတ်ဖြစ်နိုင်၏၊ မဂ်ဖြင့်ထသောကာလ၌ သင်္ခါရုပေက္ခာအဖြစ်သို့ရောက်သော် သောမနဿသဟဂုတ်သာလျှင်ဖြစ်၏။

(၂) ရူပဈာန်၅ ပါးဟုရေတွက်သောပဉ္စကနည်း၌ **ဒုတိယဈာန်**, **တတိယဈာန်**, **စတုတ္ထဈာန်**တို့ကို အခြေပြု၍ဖြစ်စေသောမဂ်တို့၌ ဈာန်သည် ဈာနင် ၄ ပါး, ၃ ပါး, ၂ ပါး အသီးသီးရှိကြ၏။ ထိုအလုံးစုံသောမဂ်တို့၌ သမ္မာသင်္ကပ္ပကြဉ်သော မဂ္ဂင် ၇ ပါးရှိကြ၏။ စတုတ္ထဈာန်မဂ်၌ ပီတိကြဉ်သည့်ဗောဇ္ဈင် ၆ ပါးဖြစ်သည်။

ဤအထူးသည် **ပထမမထေရ်**တို့၏ဝါဒအရ ပါဒကစျာန်ဟူသော ကိန်းသေသတ်မှတ်ကြောင်း နိယာမဖြင့်လည်းကောင်း၊ ပုဗ္ဗာဘာဂဝိပဿနာဟူသော ကိန်းသေသတ်မှတ်ကြောင်း နိယာမဖြင့်လည်းကောင်း၊ ဖြစ်ပေ၏။ မှန်ပေ၏။ ထိုမဂ်တို့၏ရှေ့အဖို့ဝိပဿနာသည် သောမနဿသဟဂုတ်သော်လည်းကောင်း၊ ဥပေက္ခာသဟဂုတ်သော်လည်းကောင်းဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား သောမနဿသဟဂုတ်သာလျှင်ဖြစ်၏။

(၃) **ပဥ္စမစျာန်**ကို အခြေခံပြု၍ ဖြစ်စေသောမဂ်၌ကား ဥပေက္ခာ, ဧကဂ္ဂတာတို့၏အစွမ်းအားဖြင့် ဈာနင် ၂ ပါး၊ ဗောဇ္ဈင် ၆ ပါး၊ မဂ္ဂင် ၇ ပါးတို့ဖြစ်ကုန်၏။ ဤအထူးသည်လည်း နိယာမနှစ်ပါးလုံး၏အစွမ်းအားဖြင့်ဖြစ်၏။ မှန်ပေ၏၊ ဤနည်း၌ ပုဗ္ဗာဘာဂဝိပဿနာသည် သောမနဿသဟဂုတ်သော်လည်းကောင်း၊ ဥပေက္ခာသဟဂုတ်သော် လည်းကောင်းဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား ဥပေက္ခာသဟဂုတ်သာလျှင်ဖြစ်၏။

(၄) **အရူပစျာန်**တို့ကိုအခြေခံပြု၍ ဖြစ်စေသောမဂ်သည် ပဥ္စမစျာန်ကိုအခြေခံပြုသောမဂ်နှင့်တူ၏။

ဤသို့လျှင် ပါဒကစျာန်မှထ၍ တစ်စုံတစ်ခုသောသင်္ခါရကိုသုံးသပ်၍ ဖြစ်စေသည့်မဂ်အား နီးသောအရပ်၌ထခဲ့သောသမာပတ်က မိမိနှင့်တူသည့်အဖြစ်ကိုပြု၏။ အဘယ်ကဲ့သို့နည်းဟူမူ မြေ၏အဆင်းက ဖွတ်၏အဆင်းအား မိမိနှင့်တူသည့်အဖြစ်ကို ပြုသကဲ့သို့တည်း။

(၄) **ဒုတိယမထေရ်တို့၏ဝါဒ၌ကား** မည်သည့်သမာပတ်ကိုဝင်စားသည်ဖြစ်စေ၊ ထိုဝင်စားသည့်သမာပတ်မှထ၍ ထိုသမာပတ်တရား(စျာန်အင်္ဂါများနှင့်ယှဉ်ဖက်တရား)တို့ကို သုံးသပ်၍မဂ်ကိုဖြစ်စေငြားအံ့၊ ထိုမဂ်သည် ထိုသုံးသပ်အပ်သည့်စျာန်နှင့်တူသည်သာဖြစ်၏။ ပုဗ္ဗာဘာဂဝိပဿနာဖြင့်ကိန်းသေသတ်မှတ်ခြင်း၌လည်း ဖြစ်သောမဂ်သည် သုံးသပ်သောစျာန်နှင့်တူသည်သာဖြစ်၏။

(၅) **တတိယမထေရ်တို့၏ဝါဒ၌ကား** မိမိ၏အလိုအဇ္ဈာသယအားလျော်စွာ အကြင်စျာန်ကို အခြေခံပြုပြီးလျှင် အကြင်စျာန်တရားတို့ကိုသုံးသပ်၍ မဂ်ကိုဖြစ်စေငြားအံ့၊ ထိုမဂ်သည် ထိုထိုအလိုရှိသောစျာန်နှင့် တူသည်သာလျှင်ဖြစ်၏။ ပုဗ္ဗာဘာဂဝိပဿနာဖြင့် ကိန်းသေသတ်မှတ်ခြင်း၌လည်း ဖြစ်သောမဂ်သည် သုံးသပ်သောစျာန်နှင့်တူသည်သာဖြစ်၏။

ဤသို့လျှင် သင်္ခါရုပေက္ခာက ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်တို့ကို ကိန်းသေသတ်မှတ်သည်ဟု သိအပ်၏။

• **ပဋိပဒါ ၄ ပါးထူးခြားချက်** (ပဋိပဒါ=ရောက်ကြောင်းအကျင့်)

(၁) သင်္ခါရုပေက္ခာဉာဏ်သည် အစပိုင်း၌ လုံ့လဝီရိယအားထုတ်မှုနှင့်တကွ ခဲခဲယဉ်းယဉ်းဆင်းရဲပင်ပန်းစွာ ကိလေသာတို့ကို ပယ်ခွါခြင်းငှာစွမ်းနိုင်ခဲ့သော် **ဒုက္ခပဋိပဒါ**= ခဲယဉ်းသောအကျင့်မည်၏။ တစ်နည်းအားဖြင့် မုဋ္ဌိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်အခိုက်အတန့်တို့၌ ခဲခဲ ယဉ်းယဉ်းရှုမှတ်ခဲ့ရလျှင် သင်္ခါရုပေက္ခာကိုလည်း ဒုက္ခပဋိပဒါဟူ၍သာ မှတ်အပ်၏။

(၂) **သုခပဋိပဒါ**သည် ထိုမှအပြန်အားဖြင့် မပင်မပန်းမဆင်းရဲဘဲ ချမ်းသာလွယ်ကူစွာ ကိလေသာတို့ကို ပယ်ခွါနိုင်သောအကျင့်ဖြစ်၏။

(၃) ကိလေသာတို့ကို ပယ်ခွါပြီးလျှင် ဝိပဿနာပရိဝါသ် (သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပေါ်နေပါလျက် မဂ်ဉာဏ်မဖြစ်ပေါ်သေးဘဲ သင်္ခါရုပေက္ခာဉာဏ်၌သာလျှင် ကြာမြင့်စွာ ရပ်တည်နေခြင်း)ရှိသဖြင့် မဂ်၏ဖြစ်ပေါ်ခြင်းကို ဖြည်းဖြည်းနှေးနှေးပြုသည်ရှိသော် **ဒန္ဓာဘိညာ** = နှေးသောအဘိညာ (အသိထူး)မည်၏။

(၄) ထိုမှအပြန်အားဖြင့် **လျင်မြန်သောအသိထူးသည် ခိပ္ပါဘိညာ** မည်၏။

**• ပဋိပဒါကွဲပြားပုံ**

- ပဋိပဒါခေါ်ရောက်ကြောင်းအကျင့်သည် အချို့ယောဂီတို့အား မဂ်လေးပါးလုံး၌ ကွဲပြားခြားနား၏။
- အချို့သောယောဂီတို့အားမူ မဂ်လေးပါးလုံး၌ တစ်မျိုးတည်းသာဖြစ်၏။
- မြတ်စွာဘုရားတို့မှာမူကား မဂ်လေးပါးလုံး၌ သုခပဋိပဒါ–ချမ်းသာသောအကျင့်ရှိပြီး ခိပ္ပါဘိညာ–လျင်မြန်သောအသိဉာဏ်အထူးရှိကြ၏။
- **အရှင်သာရိပုတ္တရာ**၌လည်း မဂ်လေးပါးလုံးတွင် သုခပဋိပဒါ, ခိပ္ပါဘိညာရှိ၏။
- **အရှင်မဟာမောဂ္ဂလာန်**မှာမူ သောတာပတ္တိမဂ်၌ သုခပဋိပဒါ, ခိပ္ပါဘိညာရှိ၏။ အထက်မဂ်သုံးပါး၌မူ ဒုက္ခပဋိပဒါ–ခဲယဉ်းသောအကျင့်ရှိပြီး၊ ခိပ္ပါဘိညာ–လျင်မြန်သောအသိဉာဏ်အထူးရှိ၏။

**အဓိပတိကွဲပြားပုံ**

- အဓိပတိသည်လည်း အချို့ယောဂီတို့အား မဂ် ၄ ပါးလုံး၌ကွဲပြားကြ၏။
- အချို့ယောဂီများ၌မူ မဂ် ၄ ပါးလုံး၌ မကွဲမပြား တစ်ပါးတည်းသာဖြစ်၏။ အဓိပတိ ၄ ပါးမှာ ဆန္ဒာဓိပတိ, ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိတို့ဖြစ်ကြ၏။

**• အရိယာမဂ်၏အမည် ၅ မျိုးရပုံ**

အရိယာမဂ်သည် အောက်ပါအကြောင်း ၅ မျိုးကြောင့် အမည် ၅ မျိုးရ၏။

(၁) သရသ = မိမိသဘောဟူသောအကြောင်း၊
(၂) ပစ္စနိက = ဆန့်ကျင်ဘက်ဟူသောအကြောင်း၊
(၃) သဂုဏ = မိမိ၏ဂုဏ်ဟူသောအကြောင်း၊
(၄) အာရမ္မဏ = အာရုံဟူသောအကြောင်း၊
(၅) အာဂမန = လာခဲ့ရာအကြောင်းတို့တည်း။

**သရသ–အကြောင်းကြောင့် မဂ်အမည်ရပုံ**

(၁) သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတို့ကို အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့ (မဂ်ရအံ့)၊ **အနိမိတ္တဝိမောက္ခ**မည်သောမဂ်ဖြင့် လွတ်မြောက်၏။

(၂) ဒုက္ခအခြင်းအရာအားဖြင့် သုံးသပ်၍ထငြားအံ့၊ **အပ္ပဏိဟိတဝိမောက္ခ**မည်သောမဂ်ဖြင့် လွတ်မြောက်၏။

(၃) အနတ္တအခြင်းအရာအားဖြင့်သုံးသပ်၍ ထငြားအံ့၊ **သုညတဝိမောက္ခ**မည်သော မဂ်ဖြင့် လွတ်မြောက်၏။

ဤသည်ကား နိမိတ်စသည်ကင်းသော မိမိ၏သဘောအားဖြင့်ရသောအမည်ပေတည်း။

**ပစ္စနိက–အကြောင်းကြောင့် မဂ်အမည်ရပုံ**

(၁) ဤမဂ်သည် အနိစ္စာနုပဿနာဖြင့် သင်္ခါရတို့၏ဃနပညတ် အစိုင်အခဲကို ဖျက်ခွဲ၍ မြဲသည့်ပုံဟန်–နိစ္စနိမိတ်, ခိုင်ခံ့သည့်ပုံဟန်–ဓုဝနိမိတ်, အမြဲတန်းတည်ရှိသည့်ပုံဟန်–သဿတနိမိတ်တို့ကို ပယ်စွန့်၍လာခဲ့သောကြောင့် **အနိမိတ္တ**မည်၏။

(၂) ဤမဂ်သည် ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခွါ၍ စိတ်ညွတ်ထားခြင်း, တောင့်တခြင်းကိုခြောက်သွေ့စေ၍ လာခဲ့သောကြောင့် **အပ္ပဏိဟိတ** မည်၏။

(၃) ဤမဂ်သည် အနတ္တာနုပဿနာဖြင့် အတ္တကောင်, သတ္တဝါ, ပုဂ္ဂိုလ်ဟူသော အမှတ်သညာကို ပယ်စွန့်၍ သင်္ခါရတို့ကို အတ္တမှဆိတ်သုဉ်းသောအားဖြင့်မြင်သောကြောင့် **သုညတ**အမည်ရ၏။ ဤသည်ကား နိမိတ်စသည်တို့၏ ဆန့်ကျင်ဘက်အားဖြင့်ရသော အမည်တည်း။

**သဂုဏ–အကြောင်းကြောင့်မဂ်အမည်ရပုံ**

(၁) အရိယာမဂ်သည် ရာဂစသည်တို့မှဆိတ်သုဉ်းသောကြောင့် **သုညတ**မည်၏။
(၂) အရိယာမဂ်သည် ရူပနိမိတ်, ရာဂနိမိတ်စသည်တို့မရှိခြင်းကြောင့် **အနိမိတ္တ**မည်၏။
(၃) အရိယာမဂ်သည် ရာဂပဏိဓိစသည်တို့မရှိခြင်းကြောင့် **အပ္ပဏိဟိတ**မည်၏။
ဤသည်ကား မိမိ၏ဂုဏ်အားဖြင့်ရသောအမည်တည်း။

**အာရမ္မဏ–အကြောင်းကြောင့် မဂ်အမည်ရပုံ**

အရိယမဂ်သည် ဆိတ်လည်းဆိတ်သုဉ်း၏၊ နိမိတ်လည်းကင်း၏၊ တောင့်တမှုလည်းကင်း၏၊ နိဗ္ဗာန်ကိုအာရုံပြုတတ်၏။ ထို့ကြောင့် ထိုမဂ်ကို **သုညတ**ဟူ၍လည်းကောင်း၊ **အနိမိတ္တ**ဟူ၍လည်းကောင်း၊ **အပ္ပဏိဟိတ**ဟူ၍လည်းကောင်း၊ ခေါ်ဆိုအပ်၏။

ဤသည်ကား အာရုံအားဖြင့် ရသောအမည်တို့တည်း။

**အာဂမန–အကြောင်းကြောင့် မဂ်အမည်ရပုံ**

လာခဲ့ရာလမ်းကြောင်း–အာဂမနသည် ဝိပဿနာဟူသောလာခဲ့ရာအကြောင်း, မဂ်ဟူသော လာခဲ့ရာအကြောင်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် မဂ်၌ ဝိပဿနာဟူသော လာခဲ့ရာအကြောင်းရှိ၏။ ဖိုလ်၌ မဂ်ဟူသောလာခဲ့ရာအကြောင်းရှိ၏။

– အနတ္တာနုပဿနာသည် သုညတဝိပဿနာမည်၏။ သုညတဝိပဿနာ၏မဂ်သည် **သုညတမဂ်**မည်၏။ သုညတမဂ်၏ဖိုလ်သည် **သုညတဖိုလ်**မည်၏။
– အနိစ္စာနုပဿနာသည အနိမိတ္တဝိပဿနာမည်၏။ အနိမိတ္တဝိပဿနာ၏မဂ်သည် **အနိမိတ္တမဂ်**မည်၏။ အနိမိတ္တမဂ်၏ဖိုလ်သည် **အနိမိတ္တဖိုလ်**မည်၏။
– ဒုက္ခာနုပဿနာသည် သင်္ခါရတို့၌တပ်မက်မှုတဏှာကို ခြောက်သွေ့စေ၍လာသောကြောင့် အပ္ပဏိဟိတဝိပဿနာမည်၏။ အပ္ပဏိဟိတဝိပဿနာ၏မဂ်သည် **အပ္ပဏိဟိတမဂ်** မည်၏။

အပ္ပဏိဟိတမဂ်၏ဖိုလ်သည် **အပ္ပဏိဟိတဖိုလ်**မည်၏။

ဤသို့လျှင် ဝိပဿနာသည် မိမိ၏အမည်ကို မဂ်အားပေး၏။ မဂ်သည် မိမိ၏အမည်ကို ဖိုလ်အားပေး၏။

**မှတ်ချက်**– မဂ်၏အနိမိတ္တဟူသောအမည်သည် အဘိဓမ္မာဒေသနာနည်းအားဖြင့်မရအပ်၊ သုတ္တန်ဒေသနာနည်းဖြင့်သာရအပ်၏။

ဝိပဿနာသည် အနိမိတ္တဟူသောအမည်ကို အဘိဓမ္မာနည်းအားဖြင့် မရအပ်။ အကြောင်းမှာ ဝိပဿနာသည် သင်္ခါရနိမိတ်မကင်းသောကြောင့်ဖြစ်၏။ အနိမိတ္တဟူသော အမည်ကို သုတ္တန်နည်းအားဖြင့်သာ ရအပ်၏။ အကြောင်းမှာ ဂေါတြဘူသည် နိမိတ်ကင်းသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်တည်း။

## • ၉ အနုလောမဉာဏ်ကို ပြဆိုခြင်း

သင်္ခါရုပေက္ခာဉာဏ်ကို အကြိမ်များစွာမှီဝဲ, ရှုပွား, အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ယုံကြည်ဆုံးဖြတ်မှု–အဓိမောက္ခသဒ္ဓါသည် အားကြီးစွာဖြစ်၏၊ ယှဉ်ဖက်တရားတို့ကို ကောင်းစွာ ချီးမြှောက်ထောက်ပံ့တတ်သောဝီရိယသည် ထက်မြက်လာ၏၊ သတိသည် ကောင်းစွာထင်၏၊ စိတ်သည် ကောင်းစွာတည်ကြည်၏၊ အထူးသဖြင့် သင်္ခါရုပေက္ခာဉာဏ်သည် ထက်မြက်လာ၏။ ထိုယောဂီအား ''ယခုပင် မဂ်ဖြစ်လတ္တံ့''ဟု ဆိုသင့်သော ခဏ၌ သင်္ခါရုပေက္ခာဉာဏ်သည် သင်္ခါရတို့ကို အနိစ္စ သို့မဟုတ် ဒုက္ခ သို့မဟုတ် အနတ္တဟု သုံးသပ်ပြီးလျှင် သင်္ခါရုပေက္ခာဝိပဿနာဇော ၇ ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်သို့သက်၏။

**သင်္ခါရုပေက္ခာဝိပဿနာဝီထိပုံ**

န–ဒ–မ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဇ–ဘဝင်–

**မဂ်ဝီထိ၌ဖြစ်သောစိတ်အစဉ်**

(မန္ဒပညာ) န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဘဝင်–

(တိက္ခပညာ) န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်–ဘဝင်–

ဘဝင်၏အခြားမဲ့၌ သင်္ခါရုပေက္ခာဉာဏ်အာရုံပြုသည့်အတိုင်း သင်္ခါရ၏အနိစ္စ သို့မဟုတ် ဒုက္ခ သို့မဟုတ် အနတ္တအာရုံသည် မနောဒွါရ၌ထင်သဖြင့် ဘဝင်္ဂစလန (န), ဘဝင်္ဂုပစ္ဆေဒ (ဒ)ဟု ဘဝင်နှစ်ကြိမ်လှုပ်၍ပြတ်ပြီးလျှင် အာရုံကိုဆင်ခြင်ဆုံးဖြတ်သည့် မနောဒွါရာဝဇ္ဇန်းစိတ် (မ)တစ်ကြိမ်ဖြစ်၍ချုပ်၏။

ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် မန္ဒပညာ(ဉာဏ်နုံ့သူ)၌ ပရိကံ(ပ), ဥပစာ(ဥ), အနုလုံ(နု), ဂေါတြဘူ(ဂေါ)ဟု ၄ ကြိမ်၊ တိက္ခပညာ(ဉာဏ်ထက်သူ)၌ ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃ ကြိမ်၊ ဥပစာရသမာဓိဇောအဖြစ် ဖြစ်၏။ မနောဒွါရဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံစိတ်တို့သည် မနောဒွါရ၌ထင်သောသင်္ခါရ၏ အနိစ္စလက္ခဏာစသည်ကို အာရုံပြုကြ၏။ ဂေါတြဘူစိတ်ကမူ နိဗ္ဗာန်ကိုအာရုံပြု၏။

ပ = ပရိကမ် = မဂ်ဇောဖြစ်ရန် ပြုပြင်စီရင်တတ်သောစိတ်၊

ဥ = ဥပစာ = မဂ်ဇောအနီး၌ဖြစ်သောစိတ်၊

နု = အနုလုံ = အနုလောမ = ရှေ့အဖို့ နောက်အဖို့ဖြစ်သော တရားအဖို့အစုတို့အား လျော်သောစိတ်၊

ဂေါ = ဂေါတြဘူ = ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကိုဖြစ်စေသောစိတ်၊

ဂေါတြဘူစိတ်ချုပ်ပြီးသည်နှင့်တစ်ပြိုင်နက် သောတာပတ္တိမဂ်စိတ်သည် နိဗ္ဗာန်ကိုအာရုံပြု လျက်ဖြစ်၍ချုပ်ပြီးနောက် ထိုမဂ်၏အကျိုးဖြစ်သော သောတာပတ္တိဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုလျက် မန္ဒပညာပုဂ္ဂိုလ်တွင် ၂ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်တွင် ၃ ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ဘဝင်စိတ်များဆက်ဖြစ်၏။

**မှတ်ချက်** – ပရိကံ, ဥပစာ, အနုလုံဟူသော ဇောစိတ် ၃ ခုလုံးကို သာမညအားဖြင့် အာသေဝနဇောဟူ၍လည်းကောင်း၊ ပရိကံဇောဟူ၍လည်းကောင်း၊ ဥပစာဇောဟူ၍ လည်း ကောင်း၊ အနုလုံဇောဟူ၍လည်းကောင်း အနုလောမဇောဟူ၍လည်းကောင်း ခေါ်ဆိုသင့်ပေ၏။

## • အနုလောမဉာဏ်၏ရှေ့အဖို့နောက်အဖို့တရားတို့နှင့်လျော်ပုံ

အနုလောမဇောနှင့်ယှဉ်ဖြစ်သောဉာဏ်ကို အနုလောမဉာဏ်ဟုခေါ်၏။ ထိုအနုလောမ ဉာဏ်သည် ရှေး၌ဖြစ်ကုန်သော ဥဒယဗ္ဗယဉာဏ်စသည့် ဝိပဿနာဉာဏ် ၈ ပါးတို့၏မှန်သော ကိစ္စရှိသည့်အဖြစ်အားလျော်၏။ အထက်အရိယာမဂ်စိတ်၌ပါဝင်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ်အားလည်း လျော်၏။

**လျော်ပုံကား** – ထိုအနုလောမဉာဏ်သည် အနိစ္စလက္ခဏာစသည့်အစွမ်းအားဖြင့် သင်္ခါရ တရားတို့ကို အာရုံပြု၍ဖြစ်သောကြောင့် –

(၁) ''ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ပျက်သဘောရှိသောရုပ်နာမ်တရားတို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား'' ဟူ၍လည်းကောင်း၊

(၂) ဘင်္ဂါနုပဿနာဉာဏ်သည် ရုပ်နာမ်တရားတို့၏ပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား'' ဟူ၍လည်းကောင်း၊

(၃) ''ကြောက်ဖွယ်ဘေးရှိသောသင်္ခါရတရားတို့သည်သာလျှင် ဘယတုပဋ္ဌာနဉာဏ်အား ကြောက်ဖွယ်ဘေးအဖြစ်ထင်ခဲ့ပေစွတကား'' ဟူ၍လည်းကောင်း၊

(၄) ''အာဒီနဝါနုပဿနာဉာဏ်သည် အပြစ်ရှိသည့်သင်္ခါရတရားတို့၌သာလျှင် အပြစ်ကို မြင်ခဲ့ပေစွတကား'' ဟူ၍လည်းကောင်း၊၊

(၅) ''နိဗ္ဗိဒါဉာဏ်သည် ငြီးငွေ့သင့်ငြီးငွေ့ထိုက်သောသင်္ခါရတရားတို့၌သာလျှင် ငြီးငွေ့ခဲ့ပေ စွတကား''ဟူ၍လည်းကောင်း၊

(၆) ''မုဉ္စိတုကမျတာဉာဏ်သည် စွန့်လွှတ်ထိုက်သောသင်္ခါရတရားတို့၌သာလျှင် စွန့်လွှတ် လိုမှုဖြစ်ခဲ့ပေစွတကား''ဟူ၍လည်းကောင်း၊

(၇) ''ပဋိသင်္ခါဉာဏ်ဖြင့် တစ်ဖန်ရှုသင့်သောသင်္ခါရတရားအပေါင်းကိုသာလျှင် တစ်ဖန်ရှုသင့် ခဲ့ပေစွတကား''ဟူ၍လည်းကောင်း၊

(၈) ''သင်္ခါရုပေက္ခာဉာဏ်ဖြင့် လျစ်လျူရှုသင့်သောသင်္ခါရတရားအပေါင်းကိုသာလျှင် လျစ် လျူရှုခဲ့ပေစွတကား ဟူ၍လည်းကောင်း၊

မဆိုသော်လည်း ကျရောက်သောအနက်သဘောအားဖြင့် ဆိုဘိသကဲ့သို့ ဤဝိပဿနာဉာဏ် ၈ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ်အားလည်း လျော်၏။ အထက်မဂ်စိတ်၌ပါဝင်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ်အားလည်းလျော်၏။ အဘယ့်

ကြောင့်ဆိုသော် ထိုအနုလောမဉာဏ်ဟူသောအကျင့်ဖြင့်သာလျှင် မဂ်၌ပါဝင်သည့် ဗောဓိပက္ခိယတရားတို့ကို ရောက်အပ်ရောက်နိုင်သောကြောင့်တည်း။

**ဥပမာသော်ကား – တရားစောင့်သောဘုရင်မင်းမြတ်**သည် တရားဆုံးဖြတ်သည့်နေရာ၌ ထိုင်နေပြီးလျှင် အမတ်ကြီးဝန်ကြီး ၈ ဦးတို့၏အဆုံးအဖြတ်ကိုကြားနာပြီးလျှင် အဂတိမလိုက်ဘဲ တည့်မတ်ညီမျှသောသဘောရှိသည်ဖြစ်၍ ''ဤအတိုင်းပင်ဖြစ်စေ''ဟု ဝမ်းမြောက်ကြည်ဖြူသဘောတူသည်ရှိသော် ထိုအမတ်ကြီးဝန်ကြီးတို့၏အဆုံးအဖြတ်အားလည်း လျော်၏။ ရှေးမင်းကျင့်တရားတို့အားလည်း လျော်၏။

အနုလောမဉာဏ်၏လျော်ပုံကို ဤဥပမာနှင့်အတူ ပြီးစီးသည်ဟုသိအပ်၏။ ပြီးစီးပုံကား– ဘုရင်မင်းမြတ်ကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။ တရားဆုံးဖြတ်သော အမတ်ကြီးဝန်ကြီး ၈ ဦးကဲ့သို့ ဝိပဿနာဉာဏ် ၈ ပါးကို မှတ်အပ်၏။ ရှေးမင်းကျင့်တရားကဲ့သို့ ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကိုမှတ်အပ်၏။

## • အနုလောမဉာဏ်သည် သစ္စာနုလောမိကဉာဏ်ဟုလည်းမည်ပုံ

အထက်ပါဥပမာ၌ ''ဤအတိုင်းပင်ဖြစ်စေ''ဟုဆိုသော ဘုရင်မင်းမြတ်သည် တရားဆုံးဖြတ်သည့် အမတ်ကြီးဝန်ကြီးတို့၏အဆုံးအဖြတ်အားလည်းကောင်း၊ ရှေးမင်းကျင့်တရားအားလည်းကောင်း လျော်သကဲ့သို့ ထို့အတူပင် အနိစ္စစသည့်အစွမ်းဖြင့် သင်္ခါရတို့ကိုအာရုံပြုလျက်ဖြစ်သော အနုလောမဉာဏ်သည် အောက်ဝိပဿနာဉာဏ် ၈ ပါးတို့၏ မှန်သောကိစ္စရှိသည့်အဖြစ်အားလည်းကောင်း၊ အထက်အရိယာမဂ်၌ပါဝင်သော ဗောဓိပက္ခိယ တရား ၃၇ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ်အားလည်းကောင်း လျော်၏။ ထို့ကြောင့်ပင်လျှင် အနုလောမဉာဏ်ကို **သစ္စာနုလောမိကဉာဏ်**ဟူ၍ ဆိုအပ်၏။

## • ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကို ပြဆိုခြင်း

**အနုလောမဉာဏ်**သည် သင်္ခါရလျှင်အာရုံရှိသော ဝုဋ္ဌာနဂါမိနီဝိပဿနာ၏အဆုံးစွန်ဖြစ်ပေ၏။ ခပ်သိမ်းသောအခြင်းအရာအားဖြင့်မူ **ဂေါတြဘူဉာဏ်**သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန်ဖြစ်ပေ၏။ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာကို မတွေမဝေသိနားလည်ခြင်းအကျိုးငှာ ဤဆိုလတ္တံ့သော သုတ္တန်နီးနှောချက်ကို သိအပ်၏။

## • ဝုဋ္ဌာနဂါမိနီဝိပဿနာ၏သုတ္တန်အမည်များ

### (၁) သဠာယတနဝိဘင်္ဂသုတ်၌ –

''ရဟန်းတို့ – **အတမ္မယတာ**မည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကိုအမှီပြု၍ **အတမ္မယတာ**မည်သော ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်၍ အရူပစျာန်နှင့်ယှဉ်သောဝေဒနာနှင့် အရူပစျာန်ကို ရှုသည့် ဝိပဿနာဉာဏ်ဟုဆိုအပ်သည့် ဥပေက္ခာသည် တစ်မျိုးတည်းသဘောရှိ၏၊ တစ်မျိုးတည်းသဘောရှိသော အာရုံကိုမှီ၏။ ထိုဥပေက္ခာကို ပယ်ကုန်လော့, ကျော်လွန်ကုန်လော့'' ဟု ဝုဋ္ဌာနဂါမိနီဝိပဿနာကို ''**အတမ္မယတာ**''အမည်ဖြင့် ဟောတော်မူ၏။

### (၂) အလဂဒ္ဒသုတ္တန်၌ –

''ငြီးငွေ့သည်ရှိသော် တပ်မက်ကင်း၏၊ တက်မက်ကင်းခြင်းကြောင့် လွတ်မြောက်၏'' ဟူ၍ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ''**နိဗ္ဗိဒါ**'' (ငြီးငွေ့) အမည်ဖြင့်ဟော၏။

(၃) **သုသီမသုတ္တန်၌** –

''သုသီမရဟန်း – တရားတို့၏တည်ကြောင်း ပဋိစ္စသမုပ္ပါဒ်၌သိသောဓမ္မဋ္ဌိတိဉာဏ်သည် ရှေး၌ဖြစ်၏၊ နိဗ္ဗာန်၌ဉာဏ်သည် နောက်မှဖြစ်၏''ဟူ၍ **ဓမ္မဋ္ဌိတိဉာဏ်**အမည်ဖြင့် ဟော၏။

(၄) **ပေါဋ္ဌပါဒသုတ္တန်၌** –

''ပေါဋ္ဌပါဒပရိဗိုဇ် – သညာသည် ရှေးဦးစွာဖြစ်၏၊ ဉာဏ်သည် နောက်မှဖြစ်၏'' ဟူ၍ ဝုဋ္ဌာနဂါမိနီဝိပဿနာကို **သညဂ္ဂ** (အမြတ်ဆုံးသညာ) အမည်ဖြင့်ဟော၏။

(၅) **ဒသုတ္တာသုတ္တန်၌** –

''ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (မဂ်ရောက်ကြောင်းအကျင့်ဖြင့်ဉာဏ်အမြင်စင်ကြယ်ခြင်း) ဟူသော **ပါရိသုဒ္ဓိပဓာနိယင်္ဂ** – ထက်ဝန်းကျင်စင်ကြယ်ခြင်း၏ ပြဓာန်းသောအကြောင်း အင်္ဂါ'' ဟူ၍ **ပါရိသုဒ္ဓိပဓာနိယင်္ဂ**အမည်ဖြင့် ဟောတော်မူ၏။

**ပဋိသမ္ဘိဒါမဂ်၌** –

''**မုဉ္စိတုကမျတာဉာဏ်**, **ပဋိသင်္ခါနုပဿနာ**, **သင်္ခါရုပေက္ခာဉာဏ်**ဟူသော ဤဉာဏ် တရားတို့သည် အနက်တရားကိုယ်အရတူကုန်၏၊ အမည်သဒ္ဒါမျှသာလျှင် ထူး၏''ဟု ဤသို့သုံးပါးသောအမည်တို့ဖြင့် ဟောတော်မူ၏။

**ပဋ္ဌာန်း၌** –

''**အနုလုံသည် ဂေါတြဘူအား**, အနုလုံသည် **ဝေါဒါန်အား**ကျေးဇူးပြု၏''ဟု သုံးပါးသော အမည်ဖြင့်ဟောတော်မူ၏။

**ရထဝိနီတသုတ္တန်၌** –

''ငါ့ရှင်အသို့နည်း **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** အကျိုးငှာ မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးသလော''ဟု **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ**အမည်ဖြင့် ဟောတော်မူ၏။

## • ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ

**၁။ လူတိုင်းလူတိုင်းသေမင်းကို ကြောက်ကြရာ သေမင်းမမြင်အောင်နေထိုင်နည်းကို ဗုဒ္ဓမြတ်စွာအလိုတော်ကျ ဖော်ပြပါ။** (၁၉၈၃၊ စမန ၃၁၆၊ ၃၁၇၊ ၃၃၃)

**အဖြေ** – မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်သောယောဂီသည် ''မချုပ်သေးသောသင်္ခါရတရား အသစ်သည်သာလျှင် ချုပ်၏၊ မပျက်သေးသောသင်္ခါရတရားအသစ်သည်သာလျှင် ပျက်၏''ဟု နှလုံးသွင်းရှိပြီးလျှင် ကွဲပျက်ဆဲမခိုင်မာသော အိုးခွက်၏ ကွဲပျက်ခြင်းကိုမြင်သည့်ပမာ၊ အိုးကင်းထဲ၌ လှော်ဆဲဖြစ်သောနှမ်းတို့၏ပေါက်ကွဲပျက်စီးခြင်းကို မြင်သည့်ပမာ၊ အလုံးစုံသောသင်္ခါရတို့၏ဖြစ်ခြင်း(ဥပါဒ်)၊ တည်ခြင်း(ဌီ)၊ အဆက်မပြတ်ဖြစ်ပျက်သော အယဉ်(ပဝတ္တ)၊ ပုံသဏ္ဌာန်နိမိတ်တို့ကိုစွန့်၍ ပျက်ခြင်းဘင်ကိုသာလျှင် ရှုမြင်၏။

ဥပမာအားဖြင့် မျက်စိကောင်းသောယောက်ျားသည် ရေကန်ဘောင်၌ဖြစ်စေ မြစ်ကမ်းပါး၌ဖြစ်စေ ရပ်လျက် မိုးသည်းထန်စွာရွာသဖြင့် မိုးပေါက်ကြီးများက ရေပြင်ပေါ်ကျလာသော အခါ ရေပွက်ကြီးများဖြစ်ပေါ်ကာ လျင်စွာလျင်စွာပျက်သွားသည်ကို ရှုမြင်ရသကဲ့သို့ ထို့အတူ သင်္ခါရတရားတို့သည် လျင်စွာလျင်စွာပျက်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့်ရှုမြင်၏။

ထိုသို့ ''ရေပွက်ကိုရှုမြင်ရသကဲ့သို့ တံလျှပ်ကိုရှုမြင်ရသကဲ့သို့ ထို့အတူ ခန္ဓာငါးပါးဟူသော **လောကကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ရှုမြင်သောသူကို သေမင်းမမြင်နိုင်တော့ပေ**''ဟူ၍ မြတ်စွာဘုရားဟောတော်မူ၏။

**တစ်ဖန် မောဃရာဇရသေ့အား** မြတ်စွာဘုရားမိန့်တော်မူသည်မှာ – ''မောဃရာဇရသေ့၊ သင်သည် နေ့ညမပြတ်အခါခပ်သိမ်း၊ အမှတ်ရသည်ဖြစ်၍ ခန္ဓာငါးပါးဟူသောလောကကို အတ္တမှုဆိတ်သုဉ်းသောအားဖြင့် ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့အစဉ်လိုက်သောအမြင်များကို ပယ်နုတ်၍ သေခြင်းကိုကျော်လွန်၏။ **လောကကို ဤသို့ရှုမြင်သောသူအား သေမင်းသည် မတွေ့မမြင်နိုင်တော့ပြီ။**''

သို့ဖြစ်၍ **ဗုဒ္ဓမြတ်စွာအလိုတော်ကျ သေမင်းမမြင်အောင်နေထိုင်နည်းသည်** ဘင်္ဂါနုပဿနာဉာဏ်ဖြင့်နေထိုင်ခြင်း၊ သို့မဟုတ် စွမ်းနိုင်လျှင် သင်္ခါရတို့၏အတ္တမှုဆိတ်သုဉ်းခြင်းသဘောကို ဉာဏ်ဖြင့်ပိုင်းခြားလျက် လက္ခဏာသုံးပါးတင်၍ သင်္ခါရတို့ကို ရှုပွားသိမ်းဆည်းခြင်းဖြင့် ကြောက်ခြင်း(ဘယ)နှင့် နှစ်သက်ခြင်း(နန္ဒီ)ကိုပယ်၍ သင်္ခါရတို့၌လျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသည့် သင်္ခါရုပေက္ခာဉာဏ်ဖြင့် နေထိုင်ခြင်းဖြစ်ပါသည်။

**၂။ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်များသည် ကြောက်မက်ဖွယ် သတ္တဝါများ ပါတကားဟု သိသောအသိမျိုးသည် ဘယဉာဏ်ဖြစ်ပါသလော၊ ရှင်းပြ၍ ဘယဉာဏ်ဖြစ်အောင်ဆင်ခြင်ပုံကို ဥပမာနှင့်တကွဖော်ပြပါ။** (၁၉၈၄၊ စမန ၃၁၈)

**အဖြေ** – ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်များသည် ကြောက်မက်ဖွယ် သတ္တဝါများ ပါတကားဟု သိသောအသိမျိုးသည် ဘယဉာဏ်မဟုတ်ပါ။

**ဘယဉာဏ်ဖြစ်အောင်ဆင်ခြင်ပုံမှာ** – ''အတိတ်သင်္ခါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော သင်္ခါရတို့သည်လည်း ဤအတူပင် ချုပ်ကုန်လတ္တံ့''ဟု ရှုမြင်သောယောဂီအား အရှိန်အဟုန်ကြီးစွာ ပျက်ချုပ်နေကြသော သင်္ခါရတို့သည် ကြောက်မက်ဖွယ်ဘေးအဖြစ်ထင်သောကြောင့် **ဘယတုပဋ္ဌာန ဉာဏ်**မည်သော **ဘယဉာဏ်**သည် ဖြစ်ပေါ်၏။

**ဥပမာသော်ကား** မိန်းမတစ်ယောက်သည် သားသုံးယောက်ကို မင်းဒဏ်သင့်သဖြင့် ဦးခေါင်းဖြတ်ရန် မင်းအမိန့်ပေးသောကြောင့် သူသတ်ကုန်းသို့လိုက်သွား၏။ ပထမသားကြီး၏ ဦးခေါင်းဖြတ်သည်ကို မြင်ရ၏။ ထို့နောက် သားလတ်၏ဦးခေါင်းဖြတ်နေဆဲကို မြင်ရ၏။ ထိုအခါမိန်းမသည် ''ဤသားငယ်သည်လည်း သားကြီး၊ သားလတ်ကဲ့သို့ပင် ဦးခေါင်းအဖြတ် ခံရလတ္တံ့''ဟု တွေးတောဆင်ခြင်ကာ သားငယ်၌ တွယ်တာခြင်း၊ မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်လေ၏။

ဤဥပမာ၌ သားကြီး၏ဦးခေါင်းအဖြတ်ခံရသည်ကို ထိုမိန်းမမြင်ရခြင်းသည် အတိတ်သင်္ခါရများချုပ်ခြင်းကို ယောဂီရှုမြင်ရသည်နှင့်တူ၏။

သားလတ်၏ဦးခေါင်းဖြတ်နေဆဲကိုမြင်ရခြင်းသည် ပစ္စုပ္ပန်သင်္ခါရတို့၏ချုပ်နေခြင်းကို ယောဂီရှုမြင်ရသည်နှင့်တူ၏။

''ဤသားငယ်သည်လည်း သားကြီး၊ သားလတ်ကဲ့သို့ပင် ဦးခေါင်းအဖြတ်ခံရလတ္တံ့''ဟု

တွေးတောဆင်ခြင်ကာ သားငယ်၌ တွယ်တာခြင်း, မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်သကဲ့သို့ ယောဂီက''နောင်အနာဂတ်ကာလ၌ ပျက်လတ့်သော သင်္ခါရတို့သည်လည်း ပျက်ကုန်လတံ့'' ဟု အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခြင်းနှင့်တူ၏။

ဤသို့ရှုမြင်သောယောဂီအား ထိုရှုမြင်သောခဏ၌ ဘယဉာဏ်ဖြစ်ပေါ်၏။

**၃။ သင်္ခါရတရားတို့ကို ကြောက်ဖွယ်ထင်အောင်ရှုသောယောဂီအား ဘယဉာဏ်ထင်လာသော် ကြောက်လန့်မှုဖြစ်/မဖြစ် စိစစ်ဝေဖန်ပါ။** (၁၉၈၅၊ စမန ၃၁၉)

**အဖြေ** – ဘယဉာဏ်ထင်လာသောယောဂီအား ကြောက်လန့်မှုမဖြစ်ပါ။

အဘယ့်ကြောင့်ဆိုသော် ကြောက်လန့်ခြင်းသည် ဒေါသမူစိတ်နှင့်သာယှဉ်၍ဖြစ်ပေါ်၏၊ ကုသိုလ်စိတ်နှင့်ယှဉ်၍ဖြစ်သောဘယဉာဏ်တွင် ဖြစ်ပေါ်ရိုးမရှိပါ။

ထိုဘယဉာဏ်သည် ''အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည်လည်း ချုပ်ကုန်လတံ့'' ဟုရှုမြင်ဆင်ခြင်ပြီးလျှင် သင်္ခါရတို့၏ကြောက်မက်ဖွယ်သဘောကို သိမြင်ခြင်းသာဖြစ်၏။

ဉပမာအားဖြင့် မျက်စိကောင်းသောယောကျ်ားသည် မြို့တံခါးအနီး၌ မီးကျီးတွင်းသုံးခုကို တွေ့မြင်လတ်သော် ကိုယ်တိုင်ကားမကြောက်ပေ။ ထိုယောကျ်ားသည် ''ဤမီးကျီးတွင်းသို့ ကျတိုင်းကျတိုင်းသောသူတို့သည် ကြီးစွာသောဆင်းရဲကို ခံစားရလတံ့''ဟု ဆင်ခြင်သိမြင်ပြီးလျှင် ဤမီးကျီးတွင်းတို့သည် ကြောက်မက်ဖွယ်ရာဘေးဆိုးကြီးပင်တည်း''ဟု သိမြင်လာသကဲ့သို့တည်း။

**၄။ သင်္ခါရတရားတို့ကို ယာနတ္တယအားဖြင့် ရှုဆင်ခြင်သောယောဂီအား အဘယ်အခြင်းအရာအားဖြင့် ထင်သည်ကိုလည်းကောင်း၊ အဘယ်မည်သောဝိမောက္ခကို ရသည်ကိုလည်းကောင်း အသီးသီးဖြေဆိုပါ။** (၁၉၈၅၊ စမန ၃၃၆)

**အဖြေ** – သင်္ခါရတို့ကို အနိစ္စအခြင်းအရာအားဖြင့် ရှုဆင်ခြင်သောယောဂီအား သင်္ခါရတို့သည် 'ခယ'ကုန်သောအခြင်းအရာအားဖြင့်ထင်၍ 'အနိမိတ္တဝိမောက္ခ' ကိုရ၏။

သင်္ခါရတို့ကို ဒုက္ခအခြင်းအရာအားဖြင့် ရှုဆင်ခြင်သောယောဂီအား သင်္ခါရတို့သည် 'ဘယ' ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်ထင်၍ 'အပ္ပဏိဟိတဝိမောက္ခ'ကိုရ၏။

သင်္ခါရတို့ကို အနတ္တအခြင်းအရာအားဖြင့် ရှုဆင်ခြင်သောယောဂီအား သင်္ခါရတို့သည် 'သုည' ဆိတ်သုဉ်းသောအခြင်းအရာအားဖြင့်ထင်၍ 'သုညတဝိမောက္ခ'ကိုရပါသည်။

**၅။ သဒ္ဓါနုသာရီ, သဒ္ဓါဝိမုတ္တ, ကာယသက္ခိပုဂ္ဂိုလ်တို့၏ထူးခြားမှုကို စိစစ်ဝေဖန်ခဲ့ပါ။** (၁၉၈၆၊ စမန ၃၃၇)

**အဖြေ – သဒ္ဓါနုသာရီပုဂ္ဂိုလ်**

ရုပ်နာမ်မွှေသင်္ခါရတို့ကို အနိစ္စအားဖြင့် နှလုံးသွင်းသောယောဂီသည် ယုံကြည်ဆုံးဖြတ်ခြင်း – အဓိမောက္ခအဖြစ်များလျက် လွန်ကဲသောသဒ္ဓိန္ဒြေရှိသည်ဖြစ်၍ သောတာပတ္တိမဂ်ခဏ၌ ယုံကြည်မှုသဒ္ဓါသို့အစဉ်လိုက်သော **သဒ္ဓါနုသာရီပုဂ္ဂိုလ်**မည်၏။''

**သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်**

သင်္ခါရတို့ကို အနိစ္စအားဖြင့် နှလုံးသွင်းသောယောဂီသည် ယုံကြည်ဆုံးဖြတ်ခြင်း–အဓိမောက္ခအဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေရှိသည်ဖြစ်၍ သောတာပတ္တိဖိုလ်မှ အရဟတ္တဖိုလ်တိုင်အောင် ခုနစ်ဌာနတို့၌ 'သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်' မည်ပါသည်။

**ကာယသက္ခိပုဂ္ဂိုလ်**

သင်္ခါရတို့ကို ဒုက္ခအားဖြင့် နှလုံးသွင်းသောယောဂီသည် ငြိမ်းအေးခြင်း–ပဿဒ္ဓိအဖြစ်များလျက် လွန်ကဲသောသမာဓိန္ဒြေရှိသည်ဖြစ်၍ အလုံးစုံသောမဂ်ဖိုလ်ခဏ ရှစ်ဌာနတို့၌ နာမကာယဖြင့်မျက်မှောက်ပြုသော 'ကာယသက္ခိပုဂ္ဂိုလ်' မည်ပါသည်။

**၆။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို ရေပွက်ပမာထင်လာအောင်ရှုပွားသောယောဂီအား ဘင်္ဂါနုပဿနာထင်လာသော် ရနိုင်သောအကျိုးများကို သင်သိသမျှဖော်ပြပါ။**

(၁၉၈၇၊ စမန ၃၁၇)

**အဖြေ** – ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို ရေပွက်ပမာထင်လာအောင် ရှုပွားသောယောဂီအား **ဘင်္ဂါနုပဿနာထင်လာသော် ရနိုင်သည့်အကျိုးများမှာ –**

(၁) ဘဝဒိဋ္ဌိခေါ် သဿတဒိဋ္ဌိကို ပယ်ခွါခြင်း၊
(၂) အသက်၌ငဲ့ကွက်တွယ်တာမှုကို ပယ်စွန့်နိုင်ခြင်း၊
(၃) နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘာဝနာ၌ လွန်စွာအားထုတ်ခြင်း၊
(၄) အသက်မွေးမှုစင်ကြယ်ခြင်း၊
(၅) ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဗျာပါရကို ပယ်ဖျောက်နိုင်ခြင်း၊
(၆) ကြောက်ရွံ့မှုကင်းခြင်း၊
(၇) သည်းခံနိုင်ခြင်း၊ သူတော်ကောင်းတရား၌ မွေ့လျော်ခြင်း၊
(၈) တောကျောင်းနှင့်ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

**၇။ ခန္ဓာငါးပါးကို သုံးသပ်သောယောဂီအား ဝိပဿနာဉာဏ်အဆင့်အဆင့် ဖြစ်ပေါ်လာပုံကို လင်းနို့ဥပမာနှင့် ထင်ဟပ်ပြခဲ့ပါ။** (၁၉၈၇၊ စမန ၃၄၁)

**အဖြေ** – ခန္ဓာငါးပါးကိုသုံးသပ်သောယောဂီအား ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြစ်ပေါ်လာပုံနှင့်

**လင်းနို့ဥပမာ** – လင်းနို့တစ်ကောင်သည် အကိုင်း ၅ ကိုင်းရှိသောသစ်မည်စည်ပင်၌ ဝင်နား၍ ပထမအကိုင်း, ထို့နောက်ကျန်လေးကိုင်းတွင် အပွင့်အသီးရှိနိုးနှင့် စူးစမ်းရှာဖွေရာ ယူလောက်သုံးလောက်သော အပွင့်အသီးကို မမြင်တွေ့ရပေ။

''ဤသစ်ပင်၌အသီးမရှိစွတကား''ဟုဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကိုစွန့်လွှတ်လျက် ဖြောင့်မတ်သည့်ခေါင်ကိုင်းဖြင့်တက်၍ ဦးခေါင်းကို သစ်ခက်ခွကြားမှထုတ်ဖော်ကာ အထက်သို့မျှော်ကြည့်ပြီးလျှင် ကောင်းကင်သို့ပျံတက်၍ အခြားအသီးရှိသည့်သစ်ပင်၌ နားလေ၏။

ဤဥပမာ၌ လင်းနို့သည် ယောဂီနှင့်တူ၏။ သစ်ကိုင်း ၅ ကိုင်းသည် ဥပါဒါနက္ခန္ဓာ ၅ ပါးနှင့်တူ၏။ ထိုသစ်ပင်၌ လင်းနို့၏နားခြင်းသည် ယောဂီက ခန္ဓာငါးပါး၌ နှလုံးသွင်းခြင်းနှင့်

တူ၏။ ပထမအကိုင်းသည် ရူပက္ခန္ဓာ၊ ကျန် ၄ ကိုင်းသည် နာမ်ခန္ဓာ ၄ ပါးနှင့်တူ၏။ အသီးအပွင့်မတွေ့ခြင်းသည် ခန္ဓာငါးပါး၌ နိစ္စ, သုခ, အတ္တမရှိခြင်းနှင့်တူ၏။

လင်းနို့၏ ''ဤသစ်ပင်၌အသီးမရှိစွတကား''ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာမှုကို စွန့်လွှတ်ခြင်းကဲ့သို့ ခန္ဓာငါးပါး၌ အနိစ္စလက္ခဏာစသည်ကိုမြင်သည့်အစွမ်းအားဖြင့် ငြီးငွေ့သောယောဂီ၏ **နိဗ္ဗိဒါဉာဏ်**ဖြစ်ခြင်း၊ အပြစ်မြင်သော **အာဒီနဝဉာဏ်**ဖြစ်ခြင်းနှင့် စွန့်လွှတ်လိုသော **မုဉ္စိတုကမျတာဉာဏ်**ဖြစ်ခြင်းတို့ကို မှတ်အပ်၏။

လင်းနို့၏ဖြောင့်မတ်သောခေါင်ကိုင်းဖြင့် အထက်သို့တက်ခြင်းကဲ့သို့ ယောဂီ၏ **အနုလောမဉာဏ်**ကို မှတ်အပ်၏။

ဦးခေါင်းကို သစ်ခက်ခွကြားမှထုတ်ဖော်လျက် အထက်သို့မျှော်ကြည့်ခြင်းကဲ့သို့ **ဂေါ်တြဘူဉာဏ်**ကိုမှတ်အပ်၏။ ကောင်းကင်သို့ပျံတက်ခြင်းကဲ့သို့ **မဂ်ဉာဏ်**ကို မှတ်အပ်၏။ အခြားအသီးရှိသည့်အပင်၌နားသကဲ့သို့ **ဖိုလ်ဉာဏ်**ကိုမှတ်အပ်၏။

**၈။ အမှန်တကယ်တရားအားထုတ်သူသူတော်ကောင်း၏စိတ်သည် တေဘူမကသင်္ခါရမှ လွတ်မြောက်လိုပုံကိုပြရာ ဥပမာရှစ်ချက်တွင် အစလေးချက်သာအစဉ်ကျကျရေးပြပါ။**
(၁၉၈၈၊ စမန ၃၂၅)

**အဖြေ** – အမှန်တကယ်တရားအားထုတ်သူသူတော်ကောင်း၏စိတ်သည် တေဘူမကသင်္ခါရမှလွတ်မြောက်လိုပုံ ဥပမာ ၄ ချက်မှာ–

(၁) ပိုက်ကွန်အတွင်း၌မိနေသောငါးသည် ပိုက်ကွန်မှလွတ်မြောက်လိုသကဲ့သို့၊
(၂) မြွေခံတွင်းသို့ရောက်နေသောဖားသည် ထိုမြွေခံတွင်းမှလွတ်မြောက်လိုသကဲ့သို့၊
(၃) လှောင်အိမ်ထဲ၌ရှိသည့်တောကြက်သည် လှောင်အိမ်မှလွတ်မြောက်လိုသကဲ့သို့၊
(၄) ခိုင်မြဲသောကျော့ကွင်းဖြင့် ဖွဲ့မိနေသောသမင်သည် ထိုကျော့ကွင်းမှလွတ်မြောက်လိုသကဲ့သို့ အမှန်တကယ်တရားအားထုတ်သူသူတော်ကာင်း၏စိတ်သည်လည်း တေဘူမကသင်္ခါရမှလွတ်မြောက်လိုပေ၏။

**၉။ ဓမ္မာနုသာရီ၊ ဒိဋ္ဌိပ္ပတ္တ၊ ပညာဝိမုတ္တပုဂ္ဂိုလ်တို့၏သဘာဝကို ထင်ရှားစွာပြခဲ့ပါ။**
(၁၉၈၈၊ စမန ၃၃၇)

**အဖြေ– ဓမ္မာနုသာရီပုဂ္ဂိုလ်**

ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနတ္တအခြင်းအရာဖြင့် နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညိန္ဒြေရှိသောပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ခဏ၌ ပညာသို့အစဉ်လိုက်သော **ဓမ္မာနုသာရီပုဂ္ဂိုလ်**မည်၏။

**ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်**

သင်္ခါရတို့ကို အနတ္တအခြင်းအရာဖြင့် နှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသော ပညိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှ အရဟတ္တမဂ်အထိအလယ်ပိုင်းဖိုလ်မဂ် ၆ ဌာနတို့၌ နိဗ္ဗာန်ကိုမြင်ပြီးသည့်အဆုံး အခြားမဲ့၌ရောက်သော **ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်**မည်၏။

**ပညာဝိမုတ္တပုဂ္ဂိုလ်**

အနတ္တအခြင်းအရာကိုနှလုံးသွင်းသဖြင့် ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသောပညိန္ဒြေ ရှိသည့်ပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ခဏ၌ ပညာဖြင့်လွတ်မြောက်သော **ပညာဝိမုတ္တပုဂ္ဂိုလ်** မည်ပါသည်။

**၁၀။ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ သိထိုက်သော (၁) အနိစ္စ (၂) အနိစ္စလက္ခဏာ (၃) ဒုက္ခ (၄) ဒုက္ခလက္ခဏာ (၅) အနတ္တ (၆) အနတ္တလက္ခဏာများကို အဓိပ္ပါယ်ရှင်းပြခဲ့ပါ။**

(၁၉၈၉၊ စမန ၃၁၁၊ ၃၁၂)

**အဖြေ** – (၁) **အနိစ္စ** = မမြဲသောတရားဟူသည်ကား ခန္ဓာငါးပါးတည်း။ အဘယ့်ကြောင့် ဆိုသော် ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည် ခဏမစဲ ဖြစ်ပျက်နေကြပြီးလျှင် ဖြစ်ပြီးသည့် နောက် ရင့်ရော်အိုမင်းခြင်းသဘောရှိသည့်အဖြစ်ကြောင့်တည်း။ တစ်နည်းအားဖြင့် ဖြစ်ပေါ် ပြီးလျှင် မရှိခြင်း၊ ကွယ်ပျောက်သွားခြင်းကြောင့်တည်း။

(၂) **အနိစ္စလက္ခဏာ**

ရုပ်နာမ်တို့၏ဖြစ်ခြင်းပျက်ခြင်းနှင့် ရင့်ရော်ခြင်းသဘောသည် မမြဲဟုရှုမှတ်ရသော အနိစ္စ လက္ခဏာမည်၏။ တစ်နည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်း ဟူသောအခြင်းအရာအထူးသည် **အနိစ္စလက္ခဏာ**မည်၏။

(၃) **ဒုက္ခ** – ''အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲတည်း''ဟု ဟောတော်မူ သောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် '**ဒုက္ခ = ဆင်းရဲ**' မည်၏။ အဘယ့်ကြောင့်ဆိုသော် နာမ်ရုပ်တရားတို့၏ခဏမစဲဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဆက်မပြတ်နှိပ်စက်ခံနေခြင်းသည် ဆင်းရဲအမှန်ဖြစ်သောကြောင့်တည်း။

(၄) **ဒုက္ခလက္ခဏာ**

နာမ်ရုပ်တရားတို့၏ခဏမစဲဖြစ်ခြင်းပျက်ခြင်းဖြင့် အဆက်မပြတ်အနှိပ်စက်ခံနေရသော အခြင်းအရာသည် ဆင်းရဲဟုရှုမှတ်ရကြောင်း ဒုက္ခလက္ခဏာဖြစ်ပါသည်။

(၅) **အနတ္တ** – ''အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်''ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် '**အနတ္တ=အတ္တမဟုတ်**'မည်၏။ အဘယ့် ကြောင့်ဆိုသော် အလိုအတိုင်းမဖြစ်ခြင်းကြောင့်ပင်တည်း။

(၆) **အနတ္တလက္ခဏာ**

နာမ်ရုပ်တရားတို့၏ အလိုအတိုင်းမဖြစ်သောအခြင်းအရာသည် အတ္တမဟုတ်ဟု ရှုမှတ်ရ ကြောင်းဖြစ်သည့် **အနတ္တလက္ခဏာ**မည်ပါသည်။

**၁၁။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို မမြဲ၊ ဆင်းရဲ၊ အလိုမလိုက်၊ ငြီးငွေ့ဖွယ်၊ စက်ဆုပ်ဖွယ်ဟု ရှုသောယောဂီအား အဘယ်တရားတို့ကို စွန့်ပယ်ခွါပါသနည်း၊ အသီးသီးဖြေဆိုပါ။**

(၁၉၈၉၊ စမန ၃၁၂)

**အဖြေ** – မမြဲ– အနိစ္စဟုရှုသောယောဂီအား နိစ္စသညာကိုပယ်ပါသည်၊

ဆင်းရဲ–ဒုက္ခဟုရှုသောယောဂီအား သုခသညာကိုပယ်ပါသည်၊

အလိုမလိုက်–အနတ္တဟုရှုသောယောဂီအား အတ္တသညာကိုပယ်ပါသည်၊

ငြိုးငွေ့ဖွယ် – နိဗ္ဗိဒါဟုရှုသောယောဂီအား နှစ်သက်ပျော်မွေ့ခြင်း (နန္ဒီ)ကို ပယ်၏။

စက်ဆုပ်ဖွယ် – အသုဘဟုရှုသောယောဂီအား သုဘသညာနှင့် တပ်မက်ခြင်း (ရာဂ) ကို ပယ်ပါသည်။

**၁၂။ ဝိပဿနာဉာဏ်အစဉ်တက်၍ အနုလောမဉာဏ်သို့ရောက်လတ်သော် အလျော်ဖြစ်ပုံကို တရားစောင့်သောမင်းဥပမာဖြင့် ရှင်းပြပါ။** (၁၉၉၀၊ စမန ၃၅၀)

**အဖြေ** – တရားစောင့်သောမင်းသည် တရားဆုံးဖြတ်သည့်နေရာ၌ ထိုင်နေပြီးလျှင် အမတ်ဝန်ကြီး ၈ ဦးတို့၏ အဆုံးအဖြတ်ကိုကြားနာပြီးလျှင် အဂတိမလိုက်ဘဲ တည့်မတ်ညီမျှသောသဘောရှိသည်ဖြစ်၍ ''ဤအတိုင်းပင်ဖြစ်စေ''ဟု ဝမ်းမြောက်ကြည်ဖြူ သဘောတူအပ်သည်ရှိသော် ထိုအမတ်ကြီးဝန်ကြီးတို့၏အဆုံးအဖြတ်အားလည်း လျော်၏၊ ရှေးမင်းကျင့်တရားတို့အားလည်း လျော်၏။

ဝိပဿနာဉာဏ်အစဉ်တက်၍ အနုလောမဉာဏ်သို့ရောက်လတ်သော် အလျော်ဖြစ်ပုံကို တရားစောင့်မင်းဥပမာနှင့်ရှင်းပြရသော် တရားစောင့်မင်းကဲ့သို့ အနုလောမဉာဏ်ကိုမှတ်အပ်၏။ တရားဆုံးဖြတ်သောအမတ်ကြီးဝန်ကြီး ၈ ဦးကဲ့သို့ ဥဒယဗ္ဗယဉာဏ်စသည့် ဝိပဿနာဉာဏ် ၈ ပါးကို မှတ်အပ်၏။

ရှေးမင်းကျင့်တရားတို့သည် ဗောဓိပက္ခိယတရား ၃၇ ပါးနှင့်တူ၏။

''ဤအတိုင်းပင်ဖြစ်စေ''ဟု ဆုံးဖြတ်သောတရားစောင့်သောမင်း၏သဘောတူညီမှုသည် အမတ်ဝန်ကြီးတို့၏ ဆုံးဖြတ်ချက်နှင့်လည်းလျော်ပြီး ရှေးမင်းကျင့်တရားတို့အားလည်း လျော်သကဲ့သို့ အနုလောမဉာဏ်သည် ဥဒယဗ္ဗယဉာဏ်စသည့် အောက်ဝိပဿနာဉာဏ် ၈ ပါးအားလည်း မှန်ကန်သောကိစ္စရှိသည့်အဖြစ်အားဖြင့်လျော်၏၊ အထက် အရိယာမဂ်၌ပါသော ဗောဓိပက္ခိယတရား ၃၇ ပါးတို့အားလည်း မှန်ကန်သောကိစ္စရှိသည့် အဖြစ်အားဖြင့်လျော်၏။

**၁၃။ အဘယ်ကိုနှလုံးသွင်း၍ အဘယ်အဆီးအတားကို ပယ်ရှားလိုက်ပါက အဘယ်လက္ခဏာ ထင်ပေါ်လာသည်ကို ဖော်ပြပြီးလျှင်၊ အနတ္တအမည်ရသောတရားကိုလည်း ဝိသုဒ္ဓိမဂ်အတိုင်း ညွှန်ပြပါ။** (၁၉၉၁၊ စမန ၃၁၁)

**အဖြေ** – နာမ်ရုပ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို နှလုံးသွင်းရှုမှတ်၍ အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်ဟူသည့် သန္တတိပညတ်ကို ပယ်ရှားလိုက်သော် မမြဲဟုရှုမှတ်ရသည့် **အနိစ္စလက္ခဏာ**သည် ဟုတ်တိုင်းမှန်စွာထင်ပေါ်လာပါသည်။

– နာမ်ရုပ်အဖြစ်အပျက်ဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်းရှုမှတ်၍ ဣရိယာပုထ်ဟူသည့် အဆီးအတားကို ပယ်ရှားလိုက်သော် ဆင်းရဲဒုက္ခဟုရှုမှတ်ရသည့် **ဒုက္ခလက္ခဏာ**သည် ဟုတ်တိုင်းမှတ်စွာထင်ပေါ်လာ၏။

– အထူးထူးသောဓာတ်တို့ကို အသီးသီးခွဲခြားနှလုံးသွင်း၍ တစ်လုံးတစ်ခဲတည်းဟုထင်ရသော အစိုင်အခဲ–ဃနပညတ်အတားအဆီးကို ပယ်ရှားလိုက်သော် အတ္တကောင်မဟုတ်ဟု ရှုမှတ်ရသည့် **အနတ္တလက္ခဏာ**သည် ဟုတ်တိုင်းမှန်စွာ ထင်ပေါ်လာ၏။

**– အနတ္တအမည်ရသောတရားဟူသည်ကား**

''အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်''ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် '**အနတ္တ**'မည်ပါသည်။ အဘယ်ကြောင့်နည်းဟူမူ အလိုအတိုင်း မဖြစ်ခြင်းကြောင့်ပင်တည်း။

**၁၄။ ဘယဉာဏ်သည် မကြောက်ဟုဆိုရာ၌ မည်သို့မည်ပုံမကြောက်သည်ကို ဝိသုဒ္ဓိမဂ်အတိုင်း ဥပမာပြ၍ရှင်းလင်းဖြေဆိုပါ။** (၁၉၉၁၊ စမန ၃၁၉)

**အဖြေ** – စာမျက်နှာ ၃၅၃ နံပါတ် ၃ အဖြေနှင့်တူပါသည်။

**၁၅။ ရုပ်နာမ်တရားတို့ကို အဘယ်သို့ရှုပါက အဘယ်ပဋိသင်္ခါဉာဏ်ဖြစ်သည်ကို ဝိသုဒ္ဓိမဂ်အဆိုအမိန့်အတိုင်းဖြေဆိုပါ။** (၁၉၉၁၊ စမန ၃၂၆၊ ၃၂၉)

**အဖြေ** – ပဋိသင်္ခါနုပဿနာရှုရာ၌ ရုပ်နာမ်သင်္ခါရတို့၏ပျက်ခြင်းကို အာရုံယူ၍ အကျဉ်းအားဖြင့် လက္ခဏာသုံးပါးတစ်ဖန်တင်ရှု၏။ အကျယ်အားဖြင့် အနိစ္စအခြင်းအရာ ၁၄ ပါး၊ ဒုက္ခအခြင်းအရာ ၂၈ ပါး၊ အသုဘအခြင်းအရာ ၉ ပါး၊ အနတ္တအခြင်းအရာ ၉ ပါးတို့ဖြင့် ဝိပဿနာရှု၏။

- ရုပ်နာမ်တရားတို့ကို အနိစ္စ–မမြဲဟုရှုပါက သင်္ခါရနိမိတ် (နိမိတ္တ)ကို တစ်ဖန်သိသော ပဋိသင်္ခါဉာဏ်ဖြစ်ပါသည်။
- ရုပ်နာမ်တရားတို့ကို ဒုက္ခ–ဆင်းရဲဟုရှုပါက မပြတ်ဖြစ်သောဘဝအယဉ် (ပဝတ္တ)ကို တစ်ဖန်သိသော ပဋိသင်္ခါဉာဏ်ဖြစ်ပါသည်။
- ရုပ်နာမ်တရားတို့ကို အနတ္တ–အတ္တမဟုတ်ဟုရှုပါက သင်္ခါရနိမိတ်ကိုလည်းကောင်း၊ မပြတ်ဖြစ်သောဘဝအယဉ်ကိုလည်းကောင်း တစ်ဖန်သိသော ပဋိသင်္ခါဉာဏ်ဖြစ်ပါသည်။

**၁၆။ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်လာဥပမာဖြင့် ဖြေဆိုပြီးလျှင် 'ဥဘတော ဘာဂဝိမုတ္တ'အမည်ရသော နှစ်မျိုးစုံလွတ်မြောက်သောပုဂ္ဂိုလ်ကိုလည်း ညွှန်ပြပါ။** (၁၉၉၁၊ စမန ၃၃၃၊ ၃၃၄)

**အဖြေ – သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ**

သင်္ခါရတရားတို့၏အတ္တမှဆိတ်သုဉ်းခြင်းသဘော (ဝါ) သုညသဘောကို ဉာဏ်ဖြင့်ပိုင်းခြားလျက် လက္ခဏာသုံးပါးတင်၍ သင်္ခါရတို့ကိုရှုပွားသိမ်းဆည်းသောယောဂီသည် ကြောက်ခြင်း(ဘယ)ကိုလည်းကောင်း၊ နှစ်သက်ခြင်း(နန္ဒီ)ကိုလည်းကောင်း ပယ်၍ သင်္ခါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘောရှိသည်သာလျှင် ဖြစ်လေတော့၏။

ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်သည် မိမိအလွန်ချစ်မြတ်နိုးသောဇနီးမယားက အခြားယောကျ်ားတစ်ယောက်နှင့် တူယှဉ်တွဲ၍ဖောက်ပြန်နေသည်ကို မြင်သိရသောအခါ အမျက်ဒေါသထွက်လျက် စိတ်မချမ်းသာဖြစ်ရ၏။ ထိုမိန်းမ၏အပြစ်ကိုမြင်၍ ထိုမိန်းမကို ကွာရှင်းပြတ်စဲလိုက်သောအခါ ထိုမိန်းမက အခြားယောကျ်ားနှင့်တူယှဉ်တွဲနေသည်ကို မြင်သိရသော်လည်း စိတ်မဆိုး, နှလုံးမသာမဖြစ်တော့ဘဲ လျစ်လျူရှုကာ အလယ်အလတ်သဘောဖြင့် နေနိုင်သကဲ့သို့တည်း။

ထိုအခါကြာဖက်ပေါ်၌ ရေပေါက်တို့တွန့်ရှုံ့၍ ပြန့်မသွားကုန်သကဲ့သို့ မီးထဲ၌ထည့်လိုက်သောကြက်တောင် သို့မဟုတ် အကြောတုံးသည် တွန့်၊ ရှုံ့၍ပြန်မသွားသကဲ့သို့၊ ယောဂီ၏စိတ်သည် ၃၁ ဘုံ၌ပြန့်၍မသွား၊ လျစ်လျူရှုကာ ကောင်းစွာတည်နေ၏။ ဤသို့ဖြစ်လျှင် သင်္ခါရတို့ကို လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်သည် ယောဂီ၌ဖြစ်ပေါ်ပြီဟု သိအပ်၏။

**ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်**

သင်္ခါရတို့ကို ဒုက္ခအခြင်းအရာဖြင့်နှလုံးသွင်း၍ ငြိမ်းအေးခြင်း–ပဿဒ္ဓိအဖြစ်များလျက်လွန်ကဲသောသမာဓိန္ဒြေရှိသည့် ပုဂ္ဂိုလ်သည် အရူပဈာန်ကို ရောက်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်ပါမူကား နှစ်ပါးသောအဖို့ဖြင့်လွတ်မြောက်သည့် **ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်**မည်၏။

**၁၇။ သင်္ခါရုပေက္ခာဉာဏ်သည် အဘယ်နည်းအဘယ်ပုံအားဖြင့် ဒုက္ခပဋိပဒါ (ခက်ခဲသောအကျင့်) ဖြစ်နိုင်သည်၊ ဒန္ဓာဘိညာ (နှေးကွေးသောအသိဉာဏ်) ဖြစ်နိုင်သည် တို့ကို ရှင်းလင်းဖြေဆိုပါ။** (၁၉၉၁၊ စမန ၃၄၅၊ ၃၄၆)

**အဖြေ – သင်္ခါရုပေက္ခာဉာဏ်**သည် အစပိုင်း၌ လုံ့လဝီရိယအားထုတ်မှုနှင့်တကွ ခဲခဲယဉ်းယဉ်းဆင်းရဲပင်ပန်းစွာ ကိလေသာတို့ကို ပယ်ခွါခြင်းငှာစွမ်းနိုင်ခဲ့သော် **ဒုက္ခပဋိပဒါ**(ခက်ခဲသောအကျင့်) ဖြစ်၏။ တစ်နည်းအားဖြင့် မုဥ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်အခိုက်အတန့်တို့၌ ခဲခဲယဉ်းယဉ်းရှုမှတ်ခဲ့ရလျှင် သင်္ခါရုပေက္ခာဉာဏ်ကိုလည်း **ဒုက္ခပဋိပဒါ**ဟူ၍သာမှတ်အပ်၏။

ကိလေသာတို့ကိုပယ်ခွါပြီးလျှင် ဝိပဿနာပရိဝါသ (သင်္ခါရုပေက္ခာဉာဏ်ဖြစ်နေပါလျက်မဂ်ဉာဏ်မဖြစ်ပေါ်သေးဘဲ သင်္ခါရုပေက္ခာဉာဏ်၌သာလျှင် ကြာမြင့်စွာရပ်တည်နေခြင်း) ရှိသဖြင့် မဂ်၏ဖြစ်ပေါ်ခြင်းကို ဖြည်းဖြည်းနှေးနှေးပြုသည်ရှိသော် **ဒန္ဓာဘိညာ**(နှေးကွေးသောအသိဉာဏ်) ဖြစ်သည်ဟု ဆိုရပါသည်။

**၁၈။ အဘယ်ကိုနှလုံးသွင်းလျှင် အဘယ်အရာသည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ပေါ်လာပါသနည်း။ ထင်ရှားအောင်ဖြေဆိုပါ။** (၁၉၉၂၊ စမန ၃၂၀)

**အဖြေ** – သင်္ခါရတို့ကို အနိစ္စ–မမြဲဟု နှလုံးသွင်းသောသူအား သင်္ခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့်ထင်ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် သင်္ခါရတို့၏သေခြင်း ပျက်ခြင်းကိုသာလျှင် မြင်နေရသောကြောင့်တည်း။

– သင်္ခါရတို့ကို ဒုက္ခ–ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သောခန္ဓာအယဉ် (ပဝတ္တ)သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ပေါ်လာ၏။ အဘယ့်ကြောင့်ဆိုသော် ချမ်းသာဟုသမုတ်အပ်သော ရူပဘဝ, အရူပဘဝ၏ဘဝအယဉ်၌သော်လည်း မပြတ်နှိပ်စက်အပ်သည့်အဖြစ်ကိုသာလျှင် ယောဂီရှုမြင်နေရသောကြောင့်တည်း။

– သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟု နှလုံးသွင်းသောယောဂီအား သင်္ခါရနိမိတ်နှင့်တကွ မပြတ်ဖြစ်သောဘဝအယဉ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ပေါ်လာ၏။ အဘယ်ကြောင့်ဆိုသော် ယောဂီသည် နိမိတ်နှင့်ဘဝအယဉ်နှစ်ပါးလုံးကို ရွာပျက်ကဲ့သို့၊ တံလျှပ်ကဲ့သို့၊ ဂန္ဓဗ္ဗနတ်, ကျတ်သူရဲတို့၏မြို့စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီး

ဖြစ်သည်၊ အတ္တမှုဆိတ်သုဉ်းသည်၊ ပိုင်ရှင်မရှိ၊ ရှေ့ဆောင်အကြီးအကဲမရှိဟု ရှုမြင်သော ကြောင့်တည်း။

**၁၉။ မျက်စိ၊ နား၊ နှာစသောအတွင်းအာယတန ၆ ပါးကို လူနေဆိတ်သုဉ်းသော ရွာပျက်ကြီးကဲ့သို့ ထင်ပေါ်လာအောင် ရှုမြင်နိုင်သောဝိပဿနာယောဂီသည် အဘယ် ဉာဏ်အဆင့်သို့ ရောက်နေပါသနည်း။** (၁၉၉၂၊ စမန ၃၂၁)

**အဖြေ** – မျက်စိ၊ နား၊ နှာစသောအတွင်းအာယတန ၆ ပါးကို လူနေဆိတ်သုဉ်းသော ရွာပျက်ကြီးကဲ့သို့ ထင်ပေါ်လာအောင်ရှုမြင်နိုင်သော ဝိပဿနာယောဂီသည် **အာဒီနဝါ နုပဿနာဉာဏ်အဆင့်သို့ ရောက်နေပါသည်။**

**၂၀။ ဘီလူးမနှင့်ပေါင်းသင်းနေထိုင်စဉ် သုသာန်၌ လူသားစားနေသည်ကိုမြင်ရသဖြင့် ဘီလူးမမှန်းသိ၍ အကြောက်ကြီးကြောက်ကာ လွတ်ရာကျွတ်ရာထွက်ပြေးတိမ်းရှောင် နေသောယောကျ်ား၏ဖြစ်ရပ်နှင့်ခိုင်းနှိုင်းလျက် တရားဓမ္မဖြစ်ပုံအစဉ်ကို ဖော်ပြပါ။** (၁၉၉၂၊ စမန ၃၄၂)

**အဖြေ** – ဘီလူးမနှင့်ပေါင်းသင်းနေထိုင်ခြင်းသည် ခန္ဓာငါးပါးကို ''ငါ, ငါ့ဥစ္စာ''ဟု မှတ်ယူစွဲလမ်းခြင်းနှင့် တူပါသည်။

- သုသာန်၌လူသားစားနေသည်ကိုမြင်၍ ဘီလူးမမှန်းသိခြင်းသည် ခန္ဓာတို့၏လက္ခဏာ သုံးပါးကိုမြင်၍ အနိစ္စ, ဒုက္ခ, အနတ္တအဖြစ်ကို သိခြင်းနှင့်တူပါသည်။
- အကြောက်ကြီးကြောက်သောကာလကဲ့သို့ ခန္ဓာတို့သည် ကြောက်ဖွယ်ဘေးအားဖြင့် ထင်သော ဘယတုပဋ္ဌာနဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။
- ဘီလူးမရန်မှလွတ်မြောက်လိုခြင်းသည် မုဉ္စိတုကမျတာဉာဏ်ဖြစ်ပေါ်ခြင်းနှင့်တူပါသည်။
- လွတ်ရန်ကျွတ်ရန်အားထုတ်ခြင်းသည် ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်ခြင်းနှင့်တူ၏။
- သုသာန်အရပ်ကိုစွန့်ခွဲခြင်းသည် ဂေါတြဘူဉာဏ်ဖြစ်ပေါ်ခြင်းနှင့်တူပါသည်။
- လွတ်ရာကျွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခြင်းသည် မဂ်ဉာဏ်ဖြစ်ပေါ်ခြင်းနှင့်တူ၏။
- ဘေးကင်းရာအရပ်၌တည်နေခြင်းသည် ဖိုလ်ဉာဏ်ဖြစ်သည်နှင့်တူပါသည်။

**၂၁။ သမုဒ္ဒရာခရီးသည်တို့က လွှတ်လိုက်သော ကင်းထောက်လှမ်းရေးကျီးငှက်သည် ကမ်းကိုမြင်ရလျှင် ကမ်းဆီသို့သာ ဦးတည်ပျံသွားလေ၏၊ ကမ်းကိုမမြင်ရလျှင်ကား နဂိုမူလသင်္ဘောဆီသို့သာ ပျံလာ၏။ ဤဖြစ်ရပ်အတိုင်း မည်သည့်ဉာဏ်အဆင့်၌ ဖြစ်နိုင်သည်ကို ဖြစ်ပုံအစီအစဉ်နှင့်တကွ ရေးပြပါ။** (၁၉၉၃၊ စမန ၃၃၅)

**အဖြေ** – သင်္ဘောမှလွှတ်လိုက်သော ကင်းထောက်လှမ်းရေးကျီးငှက်သည် ကမ်းကိုမြင်ရလျှင် ကမ်းဆီသို့သာပျံသွား၏၊ ကမ်းကိုမမြင်ရလျှင် သင်္ဘောဆီသို့သာပျံလာ၏၊ ဤဖြစ်ရပ်အတိုင်း **သင်္ခါရုပေက္ခာဉာဏ်အဆင့်၌ ဖြစ်ပါသည်။** ဖြစ်ပုံအစီအစဉ်မှာ –

သင်္ခါရုပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းသောအားဖြင့် အကယ်၍မြင်ငြားအံ့၊ ထိုသို့မြင်လျှင် အလုံးစုံသောသင်္ခါရအယဉ်ကိုစွန့်လွှတ်၍ နိဗ္ဗာန်အငြိမ်း ဓာတ်သို့သာလျှင် ပြေးဝင်၏။ (ကျီးငှက်က ကမ်းကိုမြင်၍ ကမ်းဆီသို့သာ ပျံသွားသကဲ့သို့ တည်း)။

သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍မမြင်သေးငြားအံ့၊ ထိုသို့မမြင်သေးလျှင် သင်္ခါရကိုသာ အာရုံပြုလျက် အဖန်တလဲလဲဖြစ်ပေါ်နေ၏။ (ကျီးငှက်က ကမ်းကိုမမြင်ရသဖြင့် မူလသင်္ဘောဆီသို့သာ ပျံလာသကဲ့သို့တည်း။)

**၂၂။ အပျက်မြင်ဝါဒဖြင့် လောကကိုကြည့်ရှုနေသော ယောဂီပုဂ္ဂိုလ်ရရှိသော အာနိသင်တို့ကိုလည်း ဥပမာများနှင့်တကွစုံလင်အောင်တင်ပြခဲ့ပါ။** (၁၉၉၈၊ စမန ၃၁၇)

**အဖြေ** – အပျက်မြင်ဝါဒဖြင့် လောကကိုကြည့်ရှုနေသော ယောဂီပုဂ္ဂိုလ်သည် **ဘင်္ဂါနုပဿနာဉာဏ်**ဖြင့် ရုပ်နာမ်သင်္ခါရတို့၏ပျက်ခြင်းကို ရှုမြင်သုံးသပ်နေခြင်းဖြစ်ပါသည်။ ဤယောဂီရရှိနိုင်သော အကျိုးအာနိသင်တို့မှာ –

(စာမျက်နှာ ၃၅၄ နံပါတ် ၆ ၌ဖော်ပြထားသည့် အကျိုး ၈ ပါးကိုရေးပြပါ။)

**ဘင်္ဂါနုပဿနာဉာဏ်**၏မြတ်သောအာနိသင်တို့ကို ရှုမြင်သောယောဂီသည် သေခြင်းကင်းရာအမြိုက်နိဗ္ဗာန်သို့ရောက်ခြင်းငှာ ရုပ်နာမ်သင်္ခါရတို့၏အပျက်ကိုသာလျှင် အဖန်ဖန်မပြတ်ရှုမှတ်သုံးသပ်နေ၏။

**ဥပမာကား** ကိုယ်၌ဝတ်ထားသည့်အဝတ်မီးလောင်လျှင်ဖြစ်စေ၊ ဦးခေါင်းမီးလောင်လျှင်ဖြစ်စေ၊ အခြားကိစ္စများကို ဂရုမစိုက်နိုင်တော့ဘဲ ထိုမီးကိုအလျင်အမြန်ငြိမ်းသတ်ရေးကိုသာလျှင် ကြိုးပမ်းလုပ်ဆောင်သကဲ့သို့တည်း။

**၂၃။ ဘုရားရှင်၏မဟာသာဝကကြီးများဖြစ်သောရှင်သာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန်တို့၏မဂ်လေးပါးသိမြင်မှု ထူးခြားချက်ကို ပြည့်စုံအောင်ဖြေဆိုပါ။** (၁၉၉၄၊ ၃၄၆)

**အဖြေ – မဟာသာဝကကြီးများ၏ မဂ် ၄ ပါးသိမြင်မှုထူးခြားချက်မှာ –**

– **ရှင်သာရိပုတြာ၏မဂ်လေးပါးသိမြင်မှုသည်** မဂ် ၄ ပါးလုံး၌ ချမ်းသာလွယ်ကူသောအကျင့် (သုခပဋိပဒါ)နှင့် လျင်မြန်သောအသိဉာဏ်အထူး (ခိပ္ပါဘိညာ)ချည်းသာဖြစ်ကုန်၏။

– **ရှင်မဟာမောဂ္ဂလာန်၏မဂ်လေးပါးမြင်သိမှုသည်** သောတာပတ္တိမဂ်၌ သုခပဋိပဒါနှင့်ခိပ္ပါဘိညာဖြစ်၍ အထက်မဂ်သုံးပါး၌ ဆင်းရဲငြိုငြင်သောအကျင့် (ဒုက္ခပဋိပဒါ)နှင့် လျင်မြန်သောအသိဉာဏ်အထူး (ခိပ္ပါဘိညာ)ဖြစ်ပါသည်။

**၂၄။ မြှုးအတွင်းမှ ငါးကိုဖမ်းယူသူသည် ငါးဟုထင်မှတ်ကာ မြွေကိုသာဆုပ်ကိုင်ထားလျက် နှစ်သက်အားရသဘောကျပြီးမှ၊ လည်ရေးသုံးဆင့်ကိုမြင်သောအခါ မြွေမှန်းသိကာ အလွန်ကြောက်ရွံ့လာ၏။ မြွေ၏ကြမ်းတမ်းဆိုးဝါး ပြစ်ချက်များကိုမြင်ရသဖြင့် ဆုပ်ကိုင်ထားရသည်ကို ငြီးငွေ့စိတ်ပျက်၍၊ ရုတ်တရက်လွှတ်ပစ်ချင်သော်လည်း မလွှတ်ရဲသေးသဖြင့် လွှတ်ရန်နည်းလမ်းကို ရှာကြံ၏။ ဤဖြစ်ရပ်များနှင့်တူသော ယောဂီပုဂ္ဂိုလ်၏ဉာဏ်စဉ်ဖြစ်ရပ်များကို စပ်ဟပ်ဖော်ပြပါ။** (၁၉၉၅၊ ၃၂၈၊ ၃၂၉)

**အဖြေ** – ငါးဟုထင်မှတ်ကာ မြွေကိုဆုပ်ကိုင်ထားလျက် နှစ်သက်အားရသဘောကျခြင်းသည် ဤခန္ဓာကိုယ်အတ္တဘောကိုရ၍ ငါ၊ ငါ၏ဥစ္စာဟုထင်မှတ်ကာ စွဲလမ်းနှစ်သက်နေခြင်းနှင့်တူ၏။

– လည်ရေးသုံးဆင့်ကိုမြင်ခြင်းသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ

ဟူသော လက္ခဏာသုံးပါးကို မြင်သိခြင်းနှင့်တူ၏။

– မြွေမှန်းသိခြင်းသည် ခန္ဓာငါးပါး၏ မမြဲ, ဆင်းရဲ, ငါမဟုတ်သည့်သဘောတို့ကို သိမြင်ခြင်းနှင့်တူ၏။

– အလွန်ကြောက်ရွံ့ခြင်းသည် ဘယတုပဋ္ဌာနဉာဏ်ဖြစ်ခြင်းနှင့်တူ၏။

– မြွေ၏ကြမ်းတမ်းဆိုးဝါး ပြစ်ချက်များကိုမြင်ခြင်းသည် ရုပ်နာမ်သင်္ခါရတို့၏ အပြစ်များကို မြင်သော အာဒီနဝါနုပဿနာဉာဏ်ဖြစ်ခြင်းနှင့် တူ၏။

– ဆုပ်ကိုင်ထားရသည်ကိုငြီးငွေ့ခြင်းသည် နိဗ္ဗိဒါဉာဏ်ဖြစ်ခြင်းနှင့်တူ၏။

– မြွေကိုရုတ်တရက်လွှတ်ပစ်ချင်ခြင်းသည် မုဉ္စိတုကမျတာဉာဏ်ဖြစ်ခြင်းနှင့်တူ၏။

– လွှတ်ရန်နည်းလမ်းရှာခြင်းသည် ပဋိသင်္ခါဉာဏ်ဖြစ်ခြင်းနှင့်တူ၏။

**၂၅။ လျော်သောဉာဏ်ကို 'အနုလောမဉာဏ်'' ဟုခေါ်ရာ၌ အဘယ်အားလျော်သည်ကို ဖြေဆိုပါ။** (၁၉၉၅၊ စမန ၃၄၉၊ ၃၅၀)

**အဖြေ** – အနုလောမဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်အထိ အောက်ဝိပဿနာဉာဏ် ၈ ပါးတို့၏ မှန်သည့်ကိစ္စရှိသောအဖြစ်အား လျော်၏၊ အထက်အရိယာမဂ်စိတ်၌ပါဝင်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏မှန်သောကိစ္စရှိသည့် အဖြစ်အားလည်း လျော်၏၊ အဘယ့်ကြောင့်ဆိုသော် ထိုအနုလောမဉာဏ်ဟူသော အကျင့်ဖြင့်သာလျှင် မဂ်၌ပါဝင်သည့် ဗောဓိပက္ခိယတရားတို့ကို ရောက်အပ်ရောက်နိုင်သောကြောင့်တည်း။

**၂၆။ သုသာန်၌ ဦးခေါင်းဖြတ်သတ်ရန် ပြစ်ဒဏ်ချခံရသော သားသုံးယောက်မိခင်သည် သားကြီးဦးခေါင်းဖြတ်ပြီးနောက် သားလတ်အဖြတ်ခံရသည်ကိုမြင်သောအခါ သားငယ်အဖြတ်ခံရတော့မည်ကိုကေန်သိနေသဖြင့်အဖြတ်မခံရရေးအတွက် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်လေတော့၏။ ထိုဖြစ်ရပ်သည် ဝိပဿနာယောဂီ၏ သင်္ခါရရှုပုံနှင့် တူညီလျက်ရှိရာ မည်သို့မည်ပုံတူညီသည်ကို တွဲစပ်ဖော်ပြပါ။** (၁၉၉၆၊ စမန ၃၁၈)

**အဖြေ** – သားသုံးယောက်အသတ်ခံရခြင်းနှင့် ဝိပဿနာယောဂီ၏သင်္ခါရရှုခြင်းတို့တူညီပုံမှာ –

(၁) သားကြီး၏ဦးခေါင်းအဖြတ်ခံရခြင်းကို မိခင်မြင်တွေ့ခဲ့ရခြင်းသည် ယောဂီက အတိတ်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။

(၂) သားလတ်၏ဦးခေါင်းဖြတ်နေဆဲကို မိခင်မြင်တွေ့ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သင်္ခါရတို့၏ချုပ်ခြင်းကို ရှုမြင်နေရခြင်းနှင့်တူ၏။

(၃) သားငယ်၏ဦးခေါင်းကိုလည်း ဖြတ်လတ့်ံကို ကေန်သိနေသဖြင့် အဖြတ်မခံရရေးအတွက် မျှော်လင့်ခြင်းကို မိခင်စွန့်လွှတ်လိုက်ခြင်းသည် ယောဂီက ''နောင်အနာဂတ်၌ဖြစ်လတ့်ံသော သင်္ခါရတို့သည်လည်း ကေန်ပျက်ချုပ်ကုန်လတ့်ံ'' ဟု အနာဂတ်သင်္ခါရတို့၏ကေန်ချုပ်ခြင်းကို ရှုမြင်ခြင်းနှင့်တူ၏။

ဤသို့ရှုမြင်သောယောဂီအား ထိုရှုမြင်သောခဏ၌ **ဘယတုပဋ္ဌာနဉာဏ်** ဖြစ်၏။

**၂၇။ 'ဝုဋ္ဌာနဂါမိနီ' ဟူသောစကား၌ အဘယ်ကို 'ဝုဋ္ဌာန' ခေါ်သည်၊ 'ဝုဋ္ဌာနဂါမိနီ'**

**ခေါ်သည်တို့ကို အကြောင်းယုတ္တိနှင့်တကွ ဖော်ပြပါ။** (၁၉၉၆၊ စမန ၃၃၈)

**အဖြေ – ‘ဝုဋ္ဌာန’ မည်ပုံ**

ဗဟိဒ္ဓနိမိတ်ခေါ်ပြင်ပအာရုံဖြစ်သော နှလုံးသွင်းအပ်, ရှုအပ်သည့်အာရုံထဲ့မှလည်းကောင်း၊ အဇ္ဈတ္တပထတ္တခေါ် ကိလေသာအယဉ်, ခန္ဓာအယဉ်မှလည်းကောင်း၊ ထမြောက်သွားသော ကြောင့် **အရိယာမဂ်ကို ‘ဝုဋ္ဌာန’ ဟုခေါ်ပါသည်။**

**‘ဝုဋ္ဌာနဂါမိနီ’ မည်ပုံ**

ထိုအရိယာမဂ်သို့သွားရောက်တတ်သောဝိပဿနာကို ‘**ဝုဋ္ဌာနဂါမိနီ**’ မည်ပါသည်။ သင်္ခါရုပေက္ခာဉာဏ်ကိုရပြီးသော ယောဂီ၏ဝိပဿနာသည် ခေါင်ထိပ်သို့ရောက်သောကြောင့်လည်းကောင်း၊ ဝုဋ္ဌာနမည်သော အရိယာမဂ်သို့သွားရောက်တတ်သောကြောင့်လည်းကောင်း ‘**ဝုဋ္ဌာနဂါမိနီ**’ မည်ပါသည်။

ခေါင်ထိပ်သို့ရောက်သောဝိပဿနာ (ဝါ) ‘ဝုဋ္ဌာနဂါမိနီ’ဟူသောအမည်သည် (၁) ခေါင်ထိပ်သို့ရောက်သောသင်္ခါရုပေက္ခာဉာဏ်၊ (၂) အနုလောမဉာဏ်၊ (၃) ဂေါတြဘူဉာဏ်ဟူသည့် ဉာဏ်သုံးပါးတို့၏အမည်ပေတည်း။

**၂၈။ (က)ဒုက္ခဟုရှုသောယောဂီအား အဘယ်အရာသည် ကြောက်ဖွယ်ဘေးအနေဖြင့် ထင်ပေါ်လာသည်၊ (ခ) ယင်းသို့ထင်ပေါ်လာသောဉာဏ်ကို (ဘယတုပဋ္ဌာနဉာဏ်) ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာစေပါက ဘဝသုံးဖြာဘယ်အရာနှင့် ပမာတူစွာထင်ပေါ်လာ သည်ကိုဖြေဆိုပါ။** (၁၉၉၇၊ စမန ၃၂၀)

**အဖြေ** – (က) သင်္ခါရတို့ကို ဒုက္ခ–ဆင်းရဲဟုရှုသောယောဂီအား မပြတ်ဖြစ်သောခန္ဓာအယဉ် (ပထတ္တ)သည် ကြောက်မက်ဖွယ်ဘေးအနေဖြင့် ထင်ပေါ်လာသည်။ အဘယ့်ကြောင့်ဆိုသော် ချမ်းသာသည်ဟုသတ်မှတ်သော ရူပဘဝ, အရူပဘဝတို့၏ဘဝအယဉ်၌သော်လည်း မပြတ်နှိပ်စက်အပ်သည့်အဖြစ်ကိုသာလျှင် ယောဂီရှုမြင်နေသောကြောင့်တည်း။

(ခ) ယင်းသို့ထင်ပေါ်လာသော ဘယတုပဋ္ဌာနဉာဏ်ကို ကြိမ်ဖန်များစွာဖြစ်ပေါ်လာစေပါက ဘဝသုံးဖြာသည် မီးကျီးတွင်းသုံးခု, တံကျင်သုံးချောင်းတို့နှင့် ပမာတူစွာထင်ပေါ်လာ ပါသည်။

ဘယတုပဋ္ဌာနဉာဏ်သည် ‘‘မီးကျီးတွင်းသုံးခု၊ တံကျင်သုံးချောင်းနှင့်တူကုန်သော ဘဝ သုံးပါး၌ အတိတ်သင်္ခါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သင်္ခါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သင်္ခါရတို့သည် ချုပ်ကုန်လတ့်’’ဟု ရှုမြင်ဆင်ခြင်ပြီးလျှင် မမြဲ, ဆင်းရဲ, ချုပ်ကုန် ဆဲဖြစ်သော သင်္ခါရအားလုံးတို့၏ကြောက်မက်ဖွယ်သဘောကို ရှုမြင်သိမြင်ပါသည်။

**၂၉။ ဝိပဿနာဉာဏ်သည် အဘယ့်ကြောင့် ‘အနိမိတ္တ’ ဟူသောနာမည်အစစ်ကို မရနိုင်သည်၊ သူ၏နာမည်အစစ်ကား အဘယ်အမည်များဖြစ်သည်ကို ဖော်ပြပါ။** (၁၉၉၇၊ စမန ၃၄၇၊ ၃၄၈)

**အဖြေ** – ဝိပဿနာဉာဏ်သည် ‘အနိမိတ္တ’ဟူသောနာမည်အစစ်ကိုမရနိုင်ခြင်းအကြောင်းမှာ ဝိပဿနာသည် သင်္ခါရနိမိတ်ကိုအာရုံယူပြီး သင်္ခါရနိမိတ်ကို မပယ်စွန့်သေးသောကြောင့်

ဖြစ်၏။ ဝိပဿနာ၏အမည်အစစ်များကား 'သုညတ' နှင့် 'အပ္ပဏိဟိတ' တို့ဖြစ်ပါသည်။

**၃၀။ 'သစ္စာနုလောမိကဉာဏ်' ဟူသည် အဘယ်ကိုဆိုလိုသည်၊ အဘယ်ဝိသုဒ္ဓိစခန်း၌ ရောက်နေသည်၊ ထိုဉာဏ်ကို ပြည့်စုံစေလိုပါက အဘယ်ကစ၍အားထုတ်ရသည်ကို ဖြေပါ။**
(၁၉၉၈၊ စမန ၃၅၀၊ ၃၁၀)

**အဖြေ** – 'သစ္စာနုလောမိကဉာဏ်'သည် အနုလောမဉာဏ်ဖြစ်ပါသည်။ အနုလောမဉာဏ်သည် ရှေ့ဖြစ်သော ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်အထိ ဝိပဿနာဉာဏ် ၈ ပါးတို့၏မှန်သောကိစ္စရှိသည့်အဖြစ်အား လျော်၏၊ အထက်အရိယာမဂ်၌ပါဝင်သော ဗောဓိပက္ခိယတရား ၃၇ ပါးတို့၏ မှန်သောကိစ္စရှိသည့်အဖြစ်အားလည်း လျော်၏။ ထို့ကြောင့် ပင်လျှင် အနုလောမဉာဏ်သည် '**သစ္စာနုလောမိကဉာဏ်**'ဟု အမည်ရပါသည်။

သစ္စာနုလောမိကဉာဏ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစခန်း၌ ရောက်နေပါသည်။

ထိုဉာဏ်ကိုပြည့်စုံစေလိုပါက ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အားထုတ်ရပါသည်။

**၃၁။ 'ကြောက်မက်ဖွယ်ဘေး'ဟုထင်မြင်သောဉာဏ် (ဘယတုပဋ္ဌာနဉာဏ်) တစ်ခုတည်းသည်ပင် နာမည်သုံးမျိုးတို့ကို ရသည်ဟုဆိုရာ၌ နာမည်သုံးမျိုးဟူသည် အဘယ်နည်း၊ ဘာကြောင့် ယင်းနာမည်သုံးမျိုးကို ရပါသနည်း၊ ဖြေဆိုပါ။**
(၁၉၉၈၊ စမန ၃၂၅)

**အဖြေ** – ဘယတုပဋ္ဌာနဉာဏ်၏အမည်သုံးမျိုးနှင့် ဤအမည်သုံးမျိုးရစေသည့်အကြောင်းတို့မှာ–

(၁) **ဘယတုပဋ္ဌာနဉာဏ်** – သင်္ခါရတရားအလုံးစုံကို ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောကြောင့် ဤအမည်ကိုရပါသည်။

(၂) **အာဒီနဝါနုပဿနာဉာဏ်** – သင်္ခါရတရားအလုံးစုံ၌ မမြဲ၊ ဆင်းရဲ၊ ကြောက်မက်ဖွယ်ဘေးစသည့်အပြစ်များကို ရှုမြင်သောဉာဏ်ဖြစ်၍ ဤအမည်ရပါသည်။

(၃) **နိဗ္ဗိဒါနုပဿနာဉာဏ်** – သင်္ခါရတရားအလုံးစုံကို အပြစ်ရှိ၍ ငြီးငွေ့ဖွယ်၊ ပျင်းရိဖွယ်၊ မပျော်မွေ့ဖွယ်အဖြစ် ရှုမြင်သောဉာဏ်ဖြစ်၍ ဤအမည်ရပါသည်။

**၃၂။ မိမိကိုယ်တွင်းအဇ္ဈတ္တကိုရှု၍ အပြင်ဗဟိဒ္ဓမှထသည်ဟူသော စကား၏ဆိုလိုရင်းကို ရှင်းပြပါ။**
(၁၉၉၈၊ စမန ၃၃၈၊ ၃၃၉)

**အဖြေ** – ယောဂီပုဂ္ဂိုလ်သည် အစကနဦး၌ ကိုယ်တွင်းသင်္ခါရတရားဖြစ်သည့် အဇ္ဈတ္တခန္ဓာငါးပါးကိုနှလုံးသွင်း၏ (ရှု၏)၊ နှလုံးသွင်းပြီးလျှင် ကိုယ်တွင်းသင်္ခါရတို့ကို မှန်စွာရှုမြင်၏။ သို့သော်ခန္ဓာကိုယ်တွင်းတရားသက်သက်ကို ရှုမြင်ရုံမျှဖြင့် အရိယာမဂ်ဟူသော ထခြင်းသည် မဖြစ်သေး၊ ဗဟိဒ္ဓ–ပြင်ပတရားများကိုလည်း ရှုမြင်အပ်သည်သာတည်း။

ထို့ကြောင့် သူတစ်ပါးတို့၏ခန္ဓာငါးပါးနှင့် အနုပါဒိန္နခေါ် သက်မဲ့တရားတို့ကိုလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုရှု၏။ ထိုယောဂီသည် ရံခါ အဇ္ဈတ္တဓမ္မကို ရှု၏၊ ရံခါဗဟိဒ္ဓဓမ္မကို ရှု၏၊

ဤသို့ရှုမြင်သောထိုယောဂီ၏ဝိပဿနာသည် ဗဟိဒ္ဓမ္မကိုနှလုံးသွင်းခိုက်၌ အရိယမဂ်နှင့် ဆက်စပ်သွား၏။ ဤယောဂီသည် မိမိ၏ကိုယ်တွင်းအဇ္ဈတ္တကိုရှု၍ အပြင်ဗဟိဒ္ဓမှထသည် မည်ပါသည်။

**၃၃။ ဒုက္ခလက္ခဏာကိုမမြင်ရအောင် အဘယ်တရားကဖုံးအုပ်ထား၍ မြင်ရအောင် အဘယ်ကို နှလုံးသွင်းရှုမှတ်ရမည်ကိုလည်း ဖော်ပြပါ။**(၁၉၉၉၊ စမန ၃၁၀၊ ၃၁၁)

**အဖြေ** – ဒုက္ခလက္ခဏာကို မမြင်ရအောင် အဖြစ်အပျက်ဒဏ်ချက်ဖြင့် အဆက်မပြတ် နှိပ်စက်ခံရခြင်းကို နှလုံးမသွင်းခြင်းနှင့် ဣရိယာပုထ်တို့က ဖုံးအုပ်ထားပါသည်။

မြင်ရအောင် နှလုံးသွင်းရှုမှတ်ပုံမှာ ရုပ်နာမ်အဖြစ်အပျက်ဖြင့် အမြဲမပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်းရှုမှတ်၍ ဣရိယာပုထ်ကို ဖွင့်လှစ်လိုက်လျှင် ဆင်းရဲ–ဒုက္ခဟုရှုမှတ်ရသော ဒုက္ခလက္ခဏာသည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ထင်ပေါ်လာပါသည်။

**၃၄။ အဘယ်ကို အနတ္တ, အဘယ်ကို အနတ္တလက္ခဏာခေါ်သည်ကို ဖော်ပြပြီးလျှင်၊ အဘယ်ပုံအဘယ်နည်း နှလုံးသွင်းဝိပဿနာရှု၍ အရိယာမဂ်သို့ အဘယ်ပုံကူးပြောင်း (ဆက်စပ်)သွားပါက ခန္ဓာငါးပါးမှတစ်ပြိုင်နက် ထသည်မည်ပါသနည်း။**

(၁၉၉၉၊ စမန ၃၁၂၊ ၃၃၉)

**အဖြေ** – အနတ္တ, အနတ္တလက္ခဏာ (စာမျက်နှာ ၃၅၆ နံပါတ် ၁၀ ကြည့်ပါ။)

**ခန္ဓာငါးပါးမှ တစ်ပြိုင်နက်ထခြင်း**

''အမှတ်မရှိတစ်စုံတစ်ခုသောအကြောင်တရားသည် ဖြစ်ခြင်းသဘောရှိ၏၊ ထိုတရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏'' ဟု ရှေးဦးစွာနှလုံးသွင်းပြီးလျှင် ဤအတူပင်လျှင် နှလုံးသွင်းလျက် မဂ်ဖြင့်ထသောကာလ၌ ခန္ဓာငါးပါးတို့မှ တစ်ပြိုင်နက်ထသည်မည်၏။

**၃၅။ ဘီလူးမနှင့်ပေါင်းသင်းနေသောယောက်ျားသည် ညအခါ လင်ယောက်ျားအိပ်ပြီ အထင်ဖြင့် သုသာန်သို့ထွက်ခွါသွားသော ဘီလူးမနောက်သို့ လိုက်ကြည့်လေရာ လူသားစားနေသည်ကိုမြင်ရ၍ ဘီလူးမမှန်းသိသဖြင့် မိမိပင်လျှင် အစားခံရမည့်အရေး တွေးကြောက်ကာ လျင်မြန်စွာပြေး၍ ဘေးကင်းရာ၌ နေလေ၏၊ ဤထတ္တု၌ (၁) ဘီလူးမနှင့်ပေါင်းသင်းခြင်း (၂) ဘီလူးမမှန်းသိခြင်း၊ (၃) ကြောက်ခြင်း၊ (၄) ထွက်ပြေးလိုခြင်း၊ (၅) သုသာန်မှစွန့်ခွာခြင်းတို့သည် ဝိပဿနာယောဂီ၏ အဘယ် ဖြစ်ပုံနှင့် တူညီပါသနည်း။** (၁၉၉၉၊ စမန ၃၄၂)

**အဖြေ** – စာမျက်နှာ ၃၆၀၊ နံပါတ် ၂၀ အဖြေနှင့်တူပါသည်။

**၃၆။ အရူပစျာန်ကိုအခြေပြု၍ ဝိပဿနာရှု၍ရရှိသော အရိယာမဂ်၌ စျာနင်, ဗောဇ္ဈင်, မဂ္ဂင်တို့ဘယ်နှစ်ပါးစီပါဝင်သည်ကို ဖြေဆိုပြီး၊** (၁၉၉၉၊ စမန ၃၄၅)

**အဖြေ** – အရူပစျာန်ကိုအခြေပြု၍ ဝိပဿနာရှု၍ရရှိသော အရိယာမဂ်၌–

ဥပေက္ခာနှင့် ဧကဂ္ဂတာဟူသော စျာနင် ၂ ပါး၊

ပီတိသမ္ဗောဇ္ဈင်ကြဉ်သော ဗောဇ္ဈင် ၆ ပါး၊

သမ္မာသင်္ကပ္ပမဂ္ဂင်ကြဉ်သော မဂ္ဂင် ၇ ပါးတို့ ပါဝင်ပါသည်။

**၃၇။ အဘယ်ကို 'ဒုက္ခ'၊ 'ဒုက္ခလက္ခဏာ'ခေါ်သည်ကို ဝိသုဒ္ဓိမဂ်အတိုင်းဖြေဆိုပြီး၊ 'ဘယတုပဋ္ဌာနဉာဏ်'သည် အမှန်တကယ်ကြောက်သည်ဟု မဆိုလိုပါက အဘယ်သို့ ဆိုလိုပါသနည်း၊ ဖြေဆိုပါ။** (၂၀၀၀၊ စမန ၃၁၀၊ ၃၁၁၊ ၃၁၉)

**အဖြေ** – 'ဒုက္ခ'၊ 'ဒုက္ခလက္ခဏာ' (စာမျက်နှာ ၃၅၆ နံပါတ် ၁၀ ကြည့်ပါ။)
'ဘယတုပဋ္ဌာနဉာဏ်' (စာမျက်နှာ ၄၆၄ နံပါတ် ၃ အဖြေနှင့်တူပါသည်။)

**၃၈။ အဘယ်ပုံအဘယ်နည်းနှလုံးသွင်းရှုပွားလျှင် အဘယ်တရားအဖြစ်များ၍ အဘယ် ဝိမောက္ခကိုရသည်ကို သုံးမျိုးစုံအောင် ဖော်ပြပြီးလျှင်၊ 'ဝုဋ္ဌာနဂါမိနီ' ဟူသောပါဠိ၌ အဘယ်ကို 'ဝုဋ္ဌာန'ခေါ်သည်၊ အဘယ်ကို 'ဝုဋ္ဌာနဂါမိနီ' ခေါ်သည်ကိုဖော်ပြပါ။** (၂၀၀၁၊ စမန ၃၃၅၊ ၃၃၈)

**အဖြေ – အနိစ္စအခြင်းအရာ**အားဖြင့် နှလုံးသွင်းရှုပွားလျှင် ယုံကြည်ဆုံးဖြတ်မှု (အဓိမောက္ခ) အဖြစ်များ၍ **အနိမိတ္တဝိမောက္ခ**ကို ရပါသည်။

– **ဒုက္ခအခြင်းအရာ**အားဖြင့်နှလုံးသွင်းရှုပွားလျှင် ငြိမ်းအေးခြင်း (ပဿဒ္ဓိ)အဖြစ်များ၍ **အပ္ပဏိဟိတဝိမောက္ခ**ကို ရပါသည်။

– **အနတ္တအခြင်းအရာ**အားဖြင့်နှလုံးသွင်းရှုပွားလျှင် ဉာဏ်ပညာအဖြစ်များ၍ **သုညတဝိမောက္ခ** ကိုရပါသည်။

– '**ဝုဋ္ဌာန**'၊ '**ဝုဋ္ဌာနဂါမိနီ**' (စာမျက်နှာ ၃၆၂၊ နံပါတ် ၂၇ အဖြေနှင့်တူ)

**၃၉။ လျော်သောဉာဏ်ကို အနုလောမ (သစ္စာနုလောမိက) ဉာဏ်ဟုဆိုရာ၌အဘယ် အားလျော်သည်ကိုဖြေဆိုပြီး၊** (၂၀၀၁၊ စမန ၃၅၀)

**အဖြေ** – စာမျက်နှာ ၃၆၃၊ နံပါတ် ၃၀ အဖြေတွင်ပါ၏။)

**၄၀။ အဘယ်ကို ဒုက္ခခေါ်သည်၊ ဒုက္ခလက္ခဏာခေါ်သည်ကို ဖော်ပြပြီးလျှင်၊ သတ္တဝါတို့မှာ အဘယ်ကြောင့်ဒုက္ခလက္ခဏာမထင်နိုင် မမြင်နိုင်သည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၂၊ စမန ၃၁၀၊ ၃၁၁)

**အဖြေ** – 'ဒုက္ခ'၊ 'ဒုက္ခလက္ခဏာ' (စာမျက်နှာ ၃၅၆၊ နံပါတ် ၁၀ ကြည့်ပါ။)
'ဒုက္ခလက္ခဏာမထင်နိုင်မမြင်နိုင်ရခြင်းအကြောင်းမှာ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏အဖြစ်အပျက်ဒဏ်ချက်ဖြင့် အဆက်မပြတ်နှိပ်စက်ခံရခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ ဣရိယာပုထ်တို့က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ ဒုက္ခလက္ခဏာမထင်ပေါ်ခြင်း ဖြစ်ပါသည်။

**၄၁။ ရေထဲ၌ မြွေလည်ပင်းကို ဆုပ်ကိုင်မိပြီး ငါးကြီးဟု အားတက်ရွှင်လန်းဝမ်းမြောက် ဝမ်းသာစွာဖြင့် မြှောက်ကြည့်လိုက်သောတံငါသည်သည် မြွေလည်ပင်းမှ အရစ် သုံးခုကို မြင်လိုက်ခါမှ မြွေမှန်းသိရ ကြောက်ရွံ့လှသဖြင့် အလျင်အမြန်လွှင့်ပစ် ချင်လျက် မလွှတ်ရဲသေး၍ အန္တရာယ်ကင်းလွှင့်ပစ်ခြင်းနည်းလမ်းကိုရှာကြံကာမြွေ ၏ရစ်ပတ်ခွေကို လက်မှဖြေချပြီး အထက်မြှောက်၍ နှစ်ပတ်သုံးပတ်ဝှေ့ရမ်းကာ မကိုက်နိုင်အောင်ပြုပြီးမှ ဝေးရာသို့လွှင့်ပစ်လိုက်၏။ ဤဖြစ်ရပ်၌ (က) မြွေကိုငါး**

**ထင်၍ဝမ်းသာခြင်း၊ (ခ) လည်ပင်းအရစ်သုံးခုကိုမြင်ခြင်း၊ (ဂ)ကြောက်ရွံ့ခြင်း၊ (ဃ) လွှင့်ပစ်ချင်ခြင်း၊ (င) လွှင့်ပစ်ရန်နည်းလမ်းရှာကြံခြင်း၊ (စ) မကိုက်နိုင်အောင် ပြုပြီးမှ လွှင့်ပစ်ခြင်းတို့သည် ဝိပဿနာယောဂီ၏ အဘယ်ဖြစ်ရပ်နှင့်တူပါသနည်း။ ဖြေဆိုပါ။** (၂၀၀၂၊ စမန ၃၂၈၊ ၃၂၉)

**အဖြေ** – စာမျက်နှာ ၃၆၁ နံပါတ် ၂၄ အဖြေနှင့်ယှဉ်ကြည့်ပါ။

(က) မြွေကိုငါးထင်၍ဝမ်းမြောက်ခြင်း = ခန္ဓာငါးပါးကို 'ငါ'ဟုထင်၍ဝမ်းမြောက်ခြင်း၊

(ခ) လည်ပင်းသုံးရစ်ကိုမြင်ခြင်း = ခန္ဓာငါးပါး၌ ဃနပညတ်ကိုဖြိုခွဲ၍ သင်္ခါရတို့၏အနိစ္စ လက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာကို ရှုမြင်ခြင်း၊

(ဂ) ကြောက်ရွံ့ခြင်း = ကြောက်ဖွယ်ဘေးထင်၍ ဘယတုပဋ္ဌာနဉာဏ်ဖြစ်ခြင်း၊ အာဒီနဝဉာဏ် နှင့် နိဗ္ဗိဒါဉာဏ်တို့လည်းဆက်ဖြစ်၏။

(ဃ) လွှင့်ပစ်ချင်ခြင်း = မုဉ္စိတုကမျတာဉာဏ်ဖြစ်ခြင်း၊

(င) လွှင့်ပစ်ရန်နည်းလမ်းရှာကြံခြင်း = ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့၌ လက္ခဏာသုံးပါး တစ်ဖန်တင်ရှုခြင်း၊

(စ) မကိုက်နိုင်အောင်ပြုပြီးမှလွှင့်ပစ်ခြင်း = သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်လာခြင်း။

**၄၂။ အဘယ်လက္ခဏာကိုရှု၍ အဘယ်တရားအဖြစ်များပါက သုညတဝိမောက္ခကိုရ သည်ကိုလည်း ဖော်ပြပါ။** (၂၀၀၃၊ စမန ၃၃၅၊ ၃၃၆)

**အဖြေ** – သင်္ခါရတို့၏အနတ္တလက္ခဏာကို နှလုံးသွင်းရှုပွားလျှင် ဉာဏ်ပညာအဖြစ်များ၍ ပညိန္ဒြေလွန်ကဲပြီးလျှင် သုညတဝိမောက္ခကို ရပါသည်။

**၄၃။ ရေထဲ၌လက်ဖြင့်နှိုက်၍ ငါးဖမ်းသူသည် (က) မြွေကြီးလည်ပင်းဆုပ်ကိုင်မိ၍ ရှတ်တရက်ငါးအထင်ဖြင့် ဝမ်းသာမိသော်လည်း (ခ) လည်ပင်းအရစ်သုံးခုကိုမြင်လျှင် (ဂ) မြွေမှန်းသိ၍ကြောက်လာသဖြင့် (ဃ) လွှတ်ပစ်ချင်သောကြောင့် လွှတ်ရန်အကြံ ထုတ်ပြီး (စ) မြွေကိုနှစ်ပတ်သုံးပတ်ဝှေ့ရမ်းလျက် အားကုန်ခမ်းစေကာ မကိုက်နိုင် အောင်ပြုပြီးမှ လွှတ်ပစ်လိုက်၏။ ဤဖြစ်ရပ်နှင့်အလားတူသော ဝိပဿနာယောဂီ၏ ဖြစ်စဉ် (က)(ခ) စသည် ၆ ချက်စုံအောင်ထုတ်ပြပါ။** (၂၀၀၄၊ စမန ၃၂၈၊ ၃၂၉)

**အဖြေ** – နံပါတ် ၄၁ အဖြေနှင့်တူပါသည်။

**၄၄။ 'အနိစ္စ' သဘောဟူသည် အဘယ်ကိုခေါ်ပါသနည်း၊ ဖြေဆိုပြီးလျှင်၊ အလုံးစုံသော ရုပ်နာမ်တရားတို့၏ခဏတိုင်းခဏတိုင်းပျက်စီးခြင်းအနိစ္စသဘောကို အဆက်မပြတ် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား ထိုအချိန်၌ အဘယ်မည်သောဉာဏ်သည် ထင်ရှားဖြစ်နေသည်ကို ဖော်ပြ၍ ယင်းဉာဏ်ကြောင့် ခွန်အားအဖြစ် ဆက်လက်ရရှိ နိုင်မည့် အကျိုးအာနိသင်တို့ကိုလည်း ဖော်ပြခဲ့ပါ။** (၂၀၀၅၊ စမန ၃၁၀၊ ၃၁၂)

**အဖြေ** – **'အနိစ္စ' သဘောဟူသည်** ခန္ဓာငါးပါးဖြစ်ပါသည်။ ခန္ဓာငါးပါးဟူသည့် ရုပ်နာမ်တရားတို့သည် ခဏမစဲဖြစ်ပျက်နေကြပြီးလျှင် ဖြစ်ပြီးသည့်နောက် ရင့်ရော်အိုမင်းသည့် သဘောရှိကြသည်။ တစ်နည်းအားဖြင့် ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်း

သည် 'အနိစ္စ' သဘောဖြစ်ပါသည်။

– ရုပ်နာမ်တရားတို့၏ခဏတိုင်းခဏတိုင်း ပျက်စီးခြင်းအနိစ္စသဘောကို အဆက်မပြတ် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား ထိုအချိန်၌ **ဘင်္ဂါနုပဿနာဉာဏ်**ထင်ရှားဖြစ်နေပါသည်။

**– ယင်းဉာဏ်ကြောင့် ခွန်အားအဖြစ် ဆက်လက်ရရှိမည့်အကျိုးအာနိသင်များမှာ–**

(စာမျက်နှာ ၃၅၄ နံပါတ် ၆ အကျိုး ၈ ပါးကိုဖော်ပြထားသည်။)

**၄၅။ ယောဂီပုဂ္ဂိုလ်၏ဝိရာဂါနုပဿနာဖြင့် ရာဂကိုပယ်စွန့်ပုံ၊ နိရောဓာနုပဿနာဖြင့် သမုဒယကို ပယ်စွန့်ပုံတို့ကို ရှင်းပြပါ။** (၂၀၀၆၊ စမန ၃၁၆၊ ၃၁၄)

**အဖြေ – ဝိရာဂါနုပဿနာဖြင့် ရာဂကိုပယ်စွန့်ပုံ**

အလွန်မနှစ်သက်ဖွယ်ဖြစ်သည့်သင်္ခါရတရားတို့၌ တပ်မက်ခြင်းမဖြစ်သင့်သောကြောင့် ဘင်္ဂါနုပဿနာသို့အစဉ်လိုက်၍ ရုပ်နာမ်သင်္ခါရ၌စက်ဆုပ်ရွံရှာသည့်အစွမ်းဖြင့် အဖန်တလဲလဲ ရှုဆင်ခြင်နေသောယောဂီသည် သင်္ခါရတရားအပေါင်းကို စက်ဆုပ်၏၊ မတပ်မက်တော့ချေ။ သင်္ခါရတရားတို့ကို စက်ဆုပ်ဖွယ်အဖြစ်ရှုမြင်နေသောဝိပဿနာကို **ဝိရာဂါနုပဿနာ**ဟုခေါ်၏။ ဤကား ဝိရာဂါနုပဿနာဖြင့် ရာဂကို ပယ်စွန့်ခြင်းတည်း။

**နိရောဓာနုပဿနာဖြင့် သမုဒယကိုပယ်စွန့်ပုံ**

ဤသို့စက်ဆုပ်သောယောဂီသည် မြင်အပ်ပြီးသော ပစ္စုပ္ပန်သင်္ခါရအပေါင်းကို ချုပ်သည်ဟု ရှုပွားပြီးလျှင် ထို့အတူမမြင်ရသော အတိတ်, အနာဂတ်သင်္ခါရတို့ကိုလည်း မြင်ပြီးသို့အစဉ် လိုက်၍ မှန်းဆ၍သိသောအန္ဝယဉာဏ်၏အစွမ်းအားဖြင့် ချုပ်သည်ဟုရှု၏၊ ဖြစ်သည်ဟုမရှု၊ ချုပ်သည်ဟုသာလျှင် နှလုံးသွင်း၏။ ထိုပစ္စုပ္ပန်, အတိတ်, အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်း (နိရောဓ)ကိုသာ ရှုပွားနေခြင်းကို **နိရောဓာနုပဿနာ**ဟုခေါ်၏။ ဤကား နိရောဓာနုပဿနာ ဖြင့် သမုဒယကို ပယ်စွန့်ပုံတည်း။

**၄၆။ . . . အဓိပညာဝိပဿနာဟူသည် အဘယ်နည်း၊ ဖော်ပြပါ။** (၂၀၀၆၊ စမန ၃၁၃)

**အဖြေ** – အာရုံကိုလည်း ပျက်သည်ဟုရှုသိပြီးဖြစ်၏၊ ထိုရှုသိသောစိတ်၏အပျက်ကိုလည်း တစ်ဖန်ရှု၏၊ အတ္တမှဆိတ်သုဉ်းသောအနတ္တလက္ခဏာလည်း ထင်၏၊ ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံ သောပညာသည် လွန်ကဲသောဝိပဿနာပညာဖြစ်သောကြောင့် **အဓိပညာဝိပဿနာ** မည်ပါသည်။

**၄၇။ . . . သေမင်းမမြင်ရလေအောင် ယောဂီပုဂ္ဂိုလ်၏ရှုပွားနည်းကို ဥပမာပြဖြေဆိုပါ။** (၂၀၀၇၊ စမန ၃၁၆၊ ၃၁၇၊ ၃၃၃)

**အဖြေ** – စာမျက်နှာ ၃၅၁ နံပါတ် ၁ အဖြေနှင့်တူပါသည်။

**၄၈။ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် နှလုံးသွင်းသောယောဂီအား အဖြစ်များသောတရား တို့နှင့် ရရှိအပ်သောဝိမောက္ခတို့ကို အသီးသီးယှဉ်တွဲဖော်ပြပါ။** (၂၀၀၇၊ စမန ၃၃၅)

**အဖြေ** – စာမျက်နှာ ၃၆၅ နံပါတ် ၃၈ ၌ဖော်ပြထားပါသည်။

**၄၉။ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို စွဲလမ်းမှတ်ထင်ပုံကို ဥပမာဆောင်ပြ၍ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ မင်္ဂလေးပါးသိမြင်ပုံထူးခြားမှုကို မှတ်ချက်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၃၂၈၊ ၃၂၉၊ ၃၆၁)

**အဖြေ** – စာမျက်နှာ ၃၆၁ နံပါတ် ၂၄ နှင့် စာမျက်နှာ ၃၆၁ နံပါတ် ၂၃ တို့ကိုကြည့်ပါ။

**၅၀။ ဒုက္ခဟုမှတ်ကြောင်းလက္ခဏာတို့ကိုဖော်ပြ၍ ယောဂီပုဂ္ဂိုလ်အား နိမိတ္တ+ပဝတ္တ နှစ်ပါးစုံကို ကြောက်မက်ဖွယ်အဖြစ်ထင်လာအောင် နှလုံးသွင်းပုံကိုရေးပြပါ။**

(၂၀၀၉၊ စမန ၃၁၁၊ ၃၂၀)

**အဖြေ** – စာမျက်နှာ ၃၅၆ နံပါတ် ၁၀ ဒုက္ခဟုမှတ်ကြောင်းလက္ခဏာအဖြေပါ၏။

**နိမိတ္တ + ပဝတ္တနှစ်ပါးစုံကို ကြောက်မက်ဖွယ်အဖြစ်ထင်အောင်နှလုံးသွင်းပုံ**

သင်္ခါရတို့ကို အနတ္တ–အတ္တမဟုတ်ဟု နှလုံးသွင်းသောယောဂီအား သင်္ခါရနိမိတ်(နိမိတ္တ) နှင့်တကွ မပြတ်ဖြစ်သောဘဝအယဉ် (ပဝတ္တ)သည် **ကြောက်ဖွယ်ဘေးအဖြစ်ထင်လာ၏။** အဘယ်ကြောင့်ဆိုသော် ယောဂီသည် နိမိတ္တနှင့် ပဝတ္တနှစ်ပါးလုံးကို ရွာပျက်ကဲ့သို့ တံလျှပ်ကဲ့သို့ ဂန္ဓဗ္ဗနတ်, ကျတ်သရဲတို့၏မြို့စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီးဖြစ်သည်၊ အတ္တမှဆိတ်သုဉ်းသည်၊ ပိုင်ရှင်မရှိ၊ရှေ့ဆောင်အကြီးအကဲမရှိဟု ရှုမြင်သောကြောင့်တည်း။

**၅၁။ အဘယ်ကို ဒုက္ခ၊ ဒုက္ခလက္ခဏာဟုခေါ်ဆိုသည်ကို ဝိသုဒ္ဓိမဂ်ကျမ်းလာအတိုင်း ဖြေဆိုပြီးလျှင်၊ သတ္တဝါတို့မှာ အဘယ့်ကြောင့် ဒုက္ခလက္ခဏာမထင်နိုင်မမြင်နိုင်သည်ကို လည်း ဖြေဆိုပါ။** (၂၀၁၀၊ စမန ၃၁၁၊ ၃၁၀)

**အဖြေ** – ဒုက္ခ၊ ဒုက္ခလက္ခဏာ–စာမျက်နှာ ၃၅၆၊ နံပါတ် ၁၀ ကြည့်ပါ။

ဒုက္ခလက္ခဏာမထင်နိုင်မမြင်နိုင်–စမန ၃၆၆၊ နံပါတ် ၄၀ ကြည့်ပါ။

**၅၂။ အရူပဈာန်ကို အခြေပြု ဝိပဿနာရှု၍ရရှိသော အရိယာမဂ်၌ ဈာနင်, ဗောဇ္ဈင်, မဂ္ဂင်တို့ ဘယ်နှစ်ပါးစီပါဝင်သည်ကို ဖြေဆိုပြီး၊** (၂၀၁၀၊ စမန ၃၄၅)

**အဖြေ** – စာမျက်နှာ ၃၆၅ နံပါတ် ၃၆ အဖြေနှင့်တူပါသည်။

## အခန်း (၂၂)
# ဉာဏဒဿနဝိသုဒ္ဓိကို အကျယ်ပြဆိုခြင်း

**• ဉာဏဒဿနဝိသုဒ္ဓိ**

သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ဟူသော မဂ်လေးပါး၌တည်သည့်ဉာဏ်သည် 'ဉာဏဒဿနဝိသုဒ္ဓိ' = 'ဉာဏ်အမြင်၏စင်ကြယ်ခြင်း'မည်ပါသည်။

**• ဂေါတြဘူဉာဏ်ဖြစ်ပေါ်ခြင်း**

မဂ်ဝီထိတွင် အနုလုံစိတ်ဖြစ်ပြီးသည့်နောက် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက်တစ်ကြိမ်ဖြစ်၏။ **ထိုဂေါတြဘူစိတ်နှင့်ယှဉ်သော ဂေါတြဘူဉာဏ်သည် အရိယာမဂ်၏အာဝဇ္ဇန်း၌တည်၏။** ထိုဉာဏ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်၊ ဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်၊ ထိုဝိသုဒ္ဓိနှစ်ခုတို့၏အကြား၌ ဝိသုဒ္ဓိဟုမခေါ်ဝေါ်လောက်သော ဉာဏ်သာလျှင်ဖြစ်ပေ၏။ သို့သော်လည်း ဝိပဿနာအယဉ်၌ ကျသောကြောင့် ဝိပဿနာဟုရေတွက်ခြင်းသို့ရောက်၏။

ဂေါတြဘူဉာဏ်သည် အနိစ္စစသည့်သင်္ခါရတို့၏နိမိတ်ကို မရှုသောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့မဝင်၊ နိဗ္ဗာန်ကိုအာရုံပြုသော်လည်း ကိလေသာကိုမကုန်စေတတ်သောကြောင့် ဉာဏဒဿနဝိသုဒ္ဓိသို့လည်းမဝင်ဟု ဋီကာ၌ဆို၏။

**• အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ်သို့**

သောတာပတ္တိမဂ်ဉာဏ်ကို ပြည့်စုံစေလိုသောယောဂီသည် အနုလောမဉာဏ်သို့ရောက်သော်အခြားပြုဖွယ်ကိစ္စမရှိတော့ပြီ၊ ဤယောဂီသည် အနုလောမဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်ကိုဖြစ်စေလျက် ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးသာလျှင်ဖြစ်ပေ၏။

ပရိကံ, ဥပစာ, အနုလုံဟူသည့် စိတ်သုံးပါးတို့နှင့်ယှဉ်သော အနုလောမဉာဏ်သုံးပါးတို့သည် မိမိတို့၏အစွမ်းအားလျော်စွာ သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သည့် ရှန်နှင်းသောကိလေသာအမှောင်တို့ကို ကွယ်ပျောက်စေပြီးဖြစ်၏။ ထို့ကြောင့် ယောဂီ၏စိတ်သည်သင်္ခါရတရားအပေါင်း၌ မပြေးသွား, မတည်တံ့, နှလုံးမသွင်း, မကပ်မငြိမတွယ်၊ ပဒုမ္မာကြာဖက်မှ ရေကဲ့သို့ တွန့်၏၊ ရှုံ့၏၊ ပြန်နစ်၏၊ အလုံးစုံသောသင်္ခါရနိမိတ်အာရုံနှင့် မပြတ်ဖြစ်သည့်ခန္ဓာအယဉ်အာရုံတို့သည် အနှောင့်အယှက်ပလိဗောဓအနေအားဖြင့် ထင်လာ၏။

အနုလောမဉာဏ်ကိုမှီဝဲရသည့်အဆုံး၌ (အနုလုံစိတ်နောက်၌) ဂေါတြဘူစိတ်နှင့်အတူဂေါတြဘူဉာဏ်ဖြစ်ပေါ်လာသောအခါ သင်္ခါရနိမိတ်မရှိသော ခန္ဓာအယဉ်အာရုံမရှိသောသင်္ခါရကင်းသော သင်္ခါရချုပ်ရာဖြစ်သည့်နိဗ္ဗာန်ကို အာရုံပြု၏၊ ပုထုဇဉ်အနွယ်, ပုထုဇဉ်ဟူသောအမည်ဝေါဟာရ, ပုထုဇဉ်၏ဘုံအဆင့်ကို ကျော်လွန်လျက် အရိယာအနွယ်, အရိယာဟူသောအမည်ဝေါဟာရ, အရိယာ၏ဘုံအဆင့်သို့ သက်ဝင်၏၊ နိဗ္ဗာန်အာရုံ၌ရှေးဦးစွာလည်ခြင်း, ရှေးဦးစွာနှလုံးသွင်းခြင်း, ရှေးဦးစွာဆင်ခြင်ခြင်းသဘောဖြစ်ပေ၏။

**ဂေါတြဘုဉာဏ်သည် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာ၏ဦးခေါင်းသဖွယ်ဖြစ်ပေ၏။** တစ်ဖန်ပြန်လည်ခြင်းမရှိတော့၊ အရိယာမဂ်အား အနန္တရသတ္တိ, သမနန္တရသတ္တိ, အာသေဝနသတ္တိ, ဥပနိဿယသတ္တိ, နတ္ထိသတ္တိ, ဝိဂတသတ္တိတို့၏အစွမ်းဖြင့် ၆ ပါးသော သတ္တိဖြင့်ကျေးဇူးပြု၏။

**ပဋိသမ္ဘိဒါမဂ်**၌ ဂေါတြဘုဉာဏ်ကိုရည်ရွယ်၍ ဟောထားသည်မှာ –

''*ရှေးဦးစွာဖြစ်ပေါ်ခြင်းကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘုမည်၏။ ဖြစ်ပွားခြင်းကို။ ပ ။ ပြင်းစွာပူပန်ခြင်းကို လွှမ်းမိုးကျော်လွှားတတ်သောကြောင့် ဂေါတြဘုမည်၏။ ပြင်ပသင်္ခါရနိမိတ်ကို လွှမ်းမိုးကျော်လွန်တတ်သောကြောင့် ဂေါတြဘုမည်၏။ မဖြစ်ပွားခြင်းသို့။ ပ ။ ပြင်းစွာမပူပန်ခြင်းသို့၊ သင်္ခါရချုပ်ရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏*''

## • ရေမြောင်းကြီးကိုခုန်ကျော်သည့်ဥပမာ

ဤဆိုလတ့ံသည်ကား တစ်ခုတည်းသောအာဝဇ္ဇန်းဖြင့်ဖြစ်သော တစ်ခုတည်းသောဝီထိစိတ်အစဉ်၌ တစ်ဆက်တည်းဖြစ်ကြသော အနုလောမဉာဏ်နှင့် ဂေါတြဘုဉာဏ်တို့၏ အာရုံကွဲပြားပုံကို ဖော်ပြသည့်ဥပမာတည်း။

ယောက်ျားတစ်ယောက်သည် လျင်မြန်သောအဟုန်ဖြင့်ပြေးသွားပြီးလျှင် ဤမှာဘက်ကမ်းတွင် သစ်ပင်၏အကိုင်း၌ဖွဲ့ချည်ထားသည့်ကြိုးကို ဆွဲကိုင်၍ဖြစ်စေ တုတ်ချောင်းကိုထောက်၍ဖြစ်စေ ခုန်လေ၏။ တစ်ဖက်စီသို့ ကိုယ်ကိုကိုင်းရှိုင်းထားပြီးလျှင် တစ်ဖက်ကမ်းပေါ်သို့ရောက်သောအခါ ဆွဲကိုင်ထားသောကြိုး သို့မဟုတ် တုတ်ချောင်းကို လွှတ်လိုက်၍ တုန်လှုပ်လျက်ကျသွားပြီးနောက် တဖြည်းဖြည်းတည်တံ့သွား၏။ ဤဥပမာ၌ ဥပမာနှင့်ဥပမေယျတို့မှာ–

| | |
|---|---|
| (၁) ဤမှာဘက်ကမ်းသည် | ဘဝသုံးပါးစသည့် ၃၁ ဘုံတည်း၊ |
| (၂) တစ်ဖက်ကမ်းသည် | နိဗ္ဗာန်တည်း၊ |
| (၃) လျင်သောအဟုန်ဖြင့်ပြေးခြင်းသည် | ဥဒယဗ္ဗယဉာဏ်စသည်ဖြစ်ခြင်းတည်း၊ |
| (၄) သစ်ကိုင်းသည် | ခန္ဓာကိုယ်အတ္တဘောတည်း၊ |
| (၅) ဖွဲ့ချုပ်ထားသောကြိုးသည် | ရုပ်တရားတည်း၊ |
| (၆) တုတ်ချောင်းသည် | နာမ်တရားတည်း၊ |

(၇) ကြိုး (ဝါ) တုတ်ချောင်းကိုဆွဲကိုင်ခြင်းသည် ရုပ်နာမ်တရားကို လက္ခဏာသုံးပါးတင်ရှုခြင်းတည်း၊

(၈) ကြိုး (ဝါ) တုတ်ချောင်းကိုမလွှတ်ဘဲခုန်ခြင်းသည် သင်္ခါရအာရုံကိုမလွှတ်ဘဲ ပထမအနုလုံစိတ်ဖြင့်ခုန်လွှားခြင်းတည်း။

(၉) တစ်ဖက်ကမ်သို့ကိုယ်ကိုင်းရှိုင်းခြင်းသည် ဒုတိယအနုလုံစိတ်ဖြင့် နိဗ္ဗာန်သို့ညွတ်ကိုင်းခြင်းတည်း။

(၁၀) တစ်ဖက်ကမ်းအထက်သို့ရောက်ခြင်းသည် တတိယအနုလုံစိတ်ဖြင့် နိဗ္ဗာန်အနီးသို့ရောက်၏။

(၁၁) ကြိုး (ဝါ) တုတ်ကိုလွှတ်ခြင်းသည် တတိယအနုလုံစိတ်ချုပ်၍ သင်္ခါရနိမိတ်ကိုလွှတ်ခြင်း

တည်း။

(၁၂) တစ်ဖက်ကမ်းပေါ်သို့ ကိုယ်တုန်လှုပ်၍ကျခြင်းသည် ဂေါတြဘူစိတ်ဖြင့် နိဗ္ဗာန်မြင်ခြင်းတည်း၊ နိဗ္ဗာန်ကိုတစ်ချက်သာမြင်၍ အာသေဝနသတ္တိမရသဖြင့် တုန်လှုပ်၏၊

(၁၃) ကိုယ်တည်တံ့သွားခြင်းသည် မဂ်ဉာဏ်ဖြင့်တည်တံ့သွားခြင်းတည်း။

## • အနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်တို့၏ထူးခြားချက်

အနုလောမဉာဏ်သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာစွမ်းနိုင်၏၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာမစွမ်းနိုင်။

ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှာသာလျှင်စွမ်းနိုင်၏၊ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာမစွမ်းနိုင်ပါ။

**ဥပမာကား** မျက်စိကောင်းသောယောက်ျားသည် **နက္ခတ်နှင့်လယှဉ်ပုံ**ကိုသိအောင် ကြံရွယ်၍ ညအခါ၌ ကောင်းကင်သို့မော်ကြည့်၏။ တိမ်တိုက်တို့ဖုံးလွှမ်းထားသောကြောင့် ထိုယောက်ျားအား လသည် မထင်ပေါ်ဘဲရှိလေ၏။ ထိုအခါ ပထမလေတစ်မျိုးသည် ရုန့်ရင်းထူထဲသော တိမ်တိုက်တို့ကို တိုက်လွှင့်လိုက်၏၊ ထို့နောက် ဒုတိယလေတစ်မျိုးက မထူမပါးအလတ်စားတိမ်တိုက်တို့ကို တိုက်လွှင့်လိုက်၏၊ ထို့နောက်တစ်ဖန် တတိယလေတစ်မျိုးက သိမ်မွေ့သည့် တိမ်တိုက်တို့ကို တိုက်လွှင့်လိုက်၏၊ ကောင်းကင်၌ တိမ်ကင်းစင်သွားသဖြင့် ယောက်ျားသည် နက္ခတ်နှင့်လယှဉ်ပုံကို မြင်သိရလေ၏။

ဤဉပမာ၌ (၁) သုံးလွှာသောတိမ်တိုက်ကဲ့သို့ သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော ရုန့်ရင်း၊ အလတ်စား၊ သိမ်မွေ့သောအားဖြင့် သုံးပါးသောကိလေသာအမှောင်ကို မှတ်အပ်၏။

(၂) သုံးမျိုးသောလေတို့ကဲ့သို့ ပရိကံ၊ ဥပစာ၊ အနုလုံအမည်ရသည့် အနုလုံစိတ်သုံးပါးကို မှတ်အပ်၏။

(၃) မျက်စိကောင်းသောယောက်ျားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊

(၄) လကဲ့သို့ နိဗ္ဗာန်ကိုမှတ်အပ်၏။


(၅) တစ်မျိုးတစ်မျိုးသောလေသုံးမျိုးသည် အစဉ်အတိုင်းတစ်ခုတစ်ခုသောတိမ်တိုက်သုံးလွှာကို တိုက်လွှင့်ခြင်းကဲ့သို့ အနုလုံစိတ်သုံးပါးနှင့်ယှဉ်သော အနုလောမဉာဏ်သုံးဆင့်သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သည့် ကိလေသာသုံးလွှာကို ဖယ်ရှားဖျက်ဆီးခြင်းကို မှတ်အပ်၏။

(၆) တိမ်တိုက်ကင်းစင်သည့်ကောင်းကင်၌ နက္ခတ်နှင့်လယှဉ်ပုံကို ထိုယောက်ျားမြင်ခြင်းကဲ့သို့ သစ္စာတို့ကို ဖုံးလွှမ်းတတ်သည့် ကိလေသာအမှောင်ကင်းစင်သဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်၏မြင်ခြင်းကဲ့သို့ မှတ်အပ်၏။

(၇) သုံးမျိုးသောလေတို့သည် လကိုဖုံးလွှမ်းတတ်သည့်တိမ်တိုက်သုံးလွှာကို တိုက်လွှင့်ဖျက်ဆီးခြင်းငှာသာလျှင် တတ်နိုင်၏၊ လကိုမြင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူပင် အနုလောမဉာဏ်တို့သည် သစ္စာလေးပါးကိုဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာသာလျှင် စွမ်းနိုင်ကုန်၏။ နိဗ္ဗာန်ကိုမြင်ခြင်းငှာကား မစွမ်းနိုင်ပါ။

(၈) ထိုယောက်ျားသည် လကိုမြင်ခြင်းငှာလျှင် စွမ်းနိုင်၏၊ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာ

## မန္ဒပညာပုဂ္ဂိုလ်၏မဂ်ဝီထိနှင့်ယှုသောအာရုံ




မစွမ်းနိုင်သကဲ့သို့ ထို့အတူပင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုမြင်ခြင်းငှာသာလျှင် စွမ်းနိုင်၏၊ ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာကား မစွမ်းနိုင်ပါ။

### • ၁ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်ပုံ

ဂေါတြဘူဉာဏ်သည် မဂ်စိတ်၏ရှေ့၌ နိဗ္ဗာန်ကိုမြင်တွေ့၍ မဂ်စိတ်အား ''နိဗ္ဗာန်ကိုအာရုံယူ၍ဖြစ်ရစ်လော့''ဟု အမှတ်သညာပေးသကဲ့သို့ဖြစ်ပြီးလျှင်ချုပ်လေ၏။ ထို့ကြောင့် ဂေါတြဘူဉာဏ်သည် အာဝဇ္ဇန်းမဟုတ်ငြားသော်လည်း အာဝဇ္ဇန်း၏အရာ၌တည်သဖြင့် **ဂေါတြဘူဉာဏ်**ကို ''**မဂ်၏အာဝဇ္ဇန်း**'' ဟူ၍ ဆိုအပ်၏။

အရိယာမဂ်ဉာဏ်သည်လည်း ဂေါတြဘူဉာဏ်ကပေးသောအမှတ်သညာကိုမလွှတ်မူ၍ သာလျှင် အခြားအပြတ်မရှိသည့်စိတ်အစဉ်၏အစွမ်းအားဖြင့် ထိုဂေါတြဘူဉာဏ်သို့အစဉ်လိုက်လျက် မဖောက်ထွင်းဖူးသောလောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ကာ ဖြစ်ပေါ်လာလေ၏။

**ဥပမာသော်ကား** လေးသမားတစ်ဦးသည် ရှစ်ဥသဘမျှဝေးသောအရပ်၌ ပျဉ်ချပ်တစ်ရာကို ထားစေပြီးလျှင် မျက်နှာကို အဝတ်ဖြင့်ရစ်ပတ်၍ မြားကိုတပ်ဆင်လျက် စက်ယန္တရား (ခုံလည်ဆုံဝိုင်း)၌ ရပ်တည်၏။ အခြားယောက်ျားတစ်ဦးက စက်ယန္တရားကိုလှည့်ပေး၏။ ဆုံလည်ဝိုင်းလည်နေစဉ် ပျဉ်ချပ်နှင့်လေးသမားတို့ တည့်တည့်ဖြစ်လောက်သောအချိန်၌ ပျဉ်ချပ်ကိုတုတ်နှင့်ခေါက်၍ အချက်ပေးလိုက်၏။ လေးသမားသည် တုတ်ခေါက်သည့်အချက်ပြသံကို မလွှတ်မူဘဲ မြားကိုပစ်လွှတ်လိုက်ရာ မြားသည် ပျဉ်ချပ်တစ်ရာကို ဖောက်ထွင်း၍ သွား၏။

ဤဥပမာ၌ တုတ်ခေါက်သံအမှတ်သညာကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏၊ လေးသမားကဲ့သို့ မဂ်ဉာဏ်ကိုမှတ်အပ်၏။ တုတ်ခေါက်သံအမှတ်သညာကို မလွှတ်မူဘဲ ပျဉ်ချပ်တစ်ရာကို လေးသမား၏ဖောက်ထွင်းခြင်းကဲ့သို့ ဂေါတြဘူဉာဏ်က ပေးသောအမှတ်သညာကို မလွှတ်မူဘဲ မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် မဖောက်ထွင်းမခွဲဖျက်ဖူးသေးသောလောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ခြင်းကို မှတ်အပ်၏။

**• သောတာပတ္တိမဂ်ဉာဏ်၏အကျိုးကျေးဇူးအာနိသင်**

ပထမအရိယာမဂ်သည် လောဘတုံးစသည်တို့ကို ဖောက်ခွဲခြင်းသက်သက်ကိုသာလျှင် ပြုသည်မဟုတ်သေး၊

(၁) အစမထင်သည့် (အနမတဂ္ဂ)သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကိုလည်း ခန်းခြောက်စေ၏။

(၂) အလုံးစုံသောအပါယ်တံခါးတို့ကိုလည်း ပိတ်စေ၏။

(၃) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ ၇ ပါးတို့ကိုလည်း ရစေ၏၊ အရိယာဥစ္စာ ၇ ပါးကို မျက်မှောက်ဖြစ်ရန် ပြုခြင်းတည်း။

(၄) မိစ္ဆာမဂ္ဂင် ၈ ပါးတည်းဟူသောလမ်းမှားကို ပယ်သေး၏။

(၅) အလုံးစုံသောဘေးရန်တို့ကိုလည်း ငြိမ်းစေသေး၏။

(၆) မြတ်စွာဘုရား၏ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့လည်း ရောက်စေ၏။

(၇) ရတနာသုံးပါး၌ ခိုင်မြဲသောအဝိဂမသဒ္ဓါတရားကိုလည်း ဖြစ်ပေါ်စေ၏။

ဤသို့လျှင် များစွာသောအကျိုးအာနိသင်တို့ကို ရရှိစေပါသည်။

ဤသို့များစွာသောအကျိုးအာနိသင်တို့ကိုပေးတတ်သော သောတာပတ္တိမဂ်နှင့်ယှဉ်သည့် ဉာဏ်သည် **သောတာပတ္တိမဂ်ဉာဏ်**မည်၏။

**• သောတာပတ္တိဖိုလ်ဇောများဖြစ်ပုံ**

သောတာပတ္တိမဂ်ဉာဏ်၏အခြားမဲ့၌ ထိုဉာဏ်၏အကျိုးဝိပါက်ဖြစ်ကုန်သောဖိုလ်စိတ်တို့သည် မန္ဒပညာပုဂ္ဂိုလ်၌ ၂ ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၌ ၃ ကြိမ်ဖြစ်ပေါ်ကုန်၏။ မှန်ပေ၏၊ လောကုတ္တရာကုသိုလ်တို့သည် ကာလအခြားမဲ့၌ (အကာလိကော) အကျိုးပေးတတ်သည့် အဖြစ်ကြောင့်သာလျှင် –

''အခြားမဲ့၌ အကျိုးပေးတတ်သော မဂ်သမာဓိ''ဟူ၍လည်းကောင်း၊

''အာသဝေါတရားတို့ကုန်ခြင်းငှာ အခြားမဲ့၌ အကျိုးပေးတတ်သော အရိယာမဂ်'' ဟူ၍ လည်းကောင်း၊ စသည်ကို ဟောတော်မူ၏။

**အချို့ဆရာတို့၏အယူ** – ဖိုလ်စိတ်သည် တစ်ကြိမ်ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ်ဖြစ်စေ၊ လေးကြိမ်ဖြစ်စေ၊ ဖြစ်ပေါ်နိုင်သည်ဟုဆို၏။ ဤအဆိုကိုမယူအပ်ပါ။

မဂ်ဝီထိ၌ အနုလုံ ၂ ကြိမ် သို့မဟုတ် ၃ ကြိမ်ဖြစ်ပြီးနောက် ဂေါတြဘူစိတ်ဖြစ်၏။ ထို့ကြောင့် အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် အနုလုံစိတ် ၂ ကြိမ်ဖြစ်သင့်၏၊ ၁ ကြိမ်သာဖြစ်သော အနုလုံစိတ်သည် အာသေဝနပစ္စည်းမရပါ။ တစ်ခုသောအာဝဇ္ဇန်းရှိသည့် ဝီထိသည်လည်း ဇော ၇ ကြိမ်အတိုင်းအရှည်ရှိ၏။ ထို့ကြောင့် အနုလုံစိတ် ၂ ကြိမ်ဖြစ်သော ပုဂ္ဂိုလ်အား ၃ ကြိမ်မြောက်၌ ဂေါတြဘူစိတ်၊ ၄ ကြိမ်မြောက်၌ မဂ်စိတ် ဖြစ်ပြီးနောက် ဖိုလ်စိတ် ၃ ကြိမ်ဖြစ်၏။ အနုလုံ ၃ ကြိမ်ဖြစ်လျှင် ၄ ကြိမ်မြောက်၌ ဂေါတြဘူစိတ်၊ ၅ ကြိမ်မြောက်၌ မဂ်စိတ်ဖြစ်ပြီးလျှင် ဖိုလ်စိတ် ၂ ကြိမ်ဖြစ်၏။

**• သောတာပန်ဖြစ်ခြင်း**

သောတာပတ္တိဖိုလ်ဖြစ်ကာမျှဖြင့် ယောဂီသည် သောတာပန်မည်သော ဒုတိယအရိယာပုဂ္ဂိုလ်

ဖြစ်၏။ (ယောဂီသည် သောတာပတ္တိမဂ်စိတ်ဖြစ်ခိုက်၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟူသော ပထမအရိယာဖြစ်၏) သောတာပန်ပုဂ္ဂိုလ်သည် ဖော်ပြခဲ့ပြီးသော သောတာပတ္တိမဂ်၏ အကျိုး ၇ ပါးကို ခံစားရ၏။ သောတာပန်ပုဂ္ဂိုလ်သည် အလွန်မေ့လျော့နေငြားသော်လည်း ကာမသုဂတိဘုံတို့၌ ခုနစ်ဘဝကျင်လည်ပြီးလျှင် ဆင်းရဲ၏အဆုံး (အရဟတ္တဖိုလ်)ကို ပြုခြင်းငှာစွမ်းနိုင်၏။

## • သောတာပန်အရိယာ၌ ပစ္စဝေက္ခဏာ ၅ ဝီထိဖြစ်ပုံ

(၁) မဂ်ဝီထိ၌ ဖိုလ်စိတ်ဖြစ်ပြီးနောက် ဘဝင်ကျ၏။ ထို့နောက် ဘဝင်စိတ်အစဉ်ကိုဖြတ်၍ မဂ်ကိုဆင်ခြင်ခြင်းအကျိုးငှာ မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏၊ ထိုစိတ်ချုပ်သော် ''ဤလမ်းဖြင့် ငါလာခဲ့ပါတကား''ဟု လာခဲ့ရာလမ်းဟူသော မဂ်ကိုဆင်ခြင်သည့် ပစ္စဝေက္ခဏာဇော ၇ ကြိမ်ဖြစ်၏၊ တစ်ဖန်ဘဝင်သို့သက်၏။

(၂) ထိုနည်းဖြင့်ပင်လျှင် ''ဤအကျိုးကိုငါရပေပြီ''ဟုဖိုလ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိဖြစ်၏။

(၃) ထို့နောက် ''ဤမည်သောကိလေသာ (ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ)တို့ကို ငါပယ်ပြီးပြီ''ဟူ၍ ပစ္စဝေက္ခဏာဝီထိဖြစ်၏။

(၄) ထို့နောက် ''ဤမည်သောကိလေသာတို့သည် ငါ့အား ကြွင်းကျန်လျက်ရှိကုန်သေး၏'' ဟူ၍ အထက်မဂ်သုံးပါးဖြင့် ပယ်အပ်သောကိလေသာတို့ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာ ဝီထိ ဖြစ်၏။

(၅) ထို့နောက် ''ငါသည် နိဗ္ဗာန်ကိုအာရုံပြု၍ ထိုးထွင်းသိရပေပြီ'' ဟူ၍ အမြိုက်နိဗ္ဗာန် ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိဖြစ်၏။

## • ပစ္စဝေက္ခဏာဝီထိ ၁၉ ပါးဖြစ်ပုံ

(၁) သောတာပန်ပုဂ္ဂိုလ်၌ ပစ္စဝေက္ခဏာဝီထိ ၅ ပါး ဖြစ်သကဲ့သို့၊

(၂) သကဒါဂါမိပုဂ္ဂိုလ်၌လည်း ပစ္စဝေက္ခဏာဝီထိ ၅ ပါးဖြစ်၏၊

(၃) အနာဂါမိပုဂ္ဂိုလ်၌လည်း ပစ္စဝေက္ခဏာဝီထိ ၅ ပါးဖြစ်၏။

(၄) ရဟန္တာပုဂ္ဂိုလ်၌မူ မပယ်ရသေးသောကိလေသာကို ဆင်ခြင်ခြင်းမည်သည်မရှိသဖြင့် ကြွင်းသော ပစ္စဝေက္ခဏာ ၄ ဝီထိဖြစ်၏။ ထို့ကြောင့် ပစ္စဝေက္ခဏာဝီထိပေါင်း ၁၉ ပါး ဖြစ်၏။

ဤဆိုခဲ့သောစကားသည် အလွန်ဆုံးအပိုင်းအခြားသာလျှင် ဖြစ်၏။ ရဟန္တာမဟုတ်သေးသော အရိယာပုဂ္ဂိုလ် (သေက္ခပုဂ္ဂိုလ်)တို့သည် ပယ်ပြီးသောကိလေသာ, ကြွင်းသည့်ကိလေသာတို့ကို ဆင်ခြင်သည်လည်း ရှိ၏၊ မဆင်ခြင်သည်လည်းရှိ၏။ ထိုသို့ ဆင်ခြင်မှုမရှိခြင်း ကြောင့်ပင်လျှင်သကဒါဂါမိဖြစ်သော**မဟာနာမ်မင်း**သည် မြတ်စွာဘုရားအား မေးလျှောက်၏။

''အရှင်ဘုရား၊ အကျွန်ုပ်၏ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးသောတရားကား အဘယ်မည်သော တရားပါနည်း? ယင်းမပယ်ရသေးသောတရားကြောင့် တစ်ခါတစ်ရံ၌ ကျွန်ုပ်၏စိတ်ကို လောဘတရားတို့သည် လွှမ်းမိုးလျက် အကြွင်းမဲ့ယူဆောင်၍ တည်ပါကုန်၏''

## • ၂ သကဒါဂါမိမဂ်ဉာဏ်ကိုပြဆိုခြင်း

သောတာပန်ပုဂ္ဂိုလ်သည် ကာမရာဂနှင့်ဗျာပါဒတို့၏ခေါင်းပါးခြင်းအကျိုးငှာ၊ သကဒါဂါမိဖိုလ်ဟူသော ဒုတိယဘုံအဆင့်သို့ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြု၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာအပြားရှိသော သင်္ခါရတရားအပေါင်းကိုပင်လျှင် ''အနိစ္စ, ဒုက္ခ, အနတ္တ''ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကိုဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့သက်ဝင်၏။

ဤသို့ကျင့်သောပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၌ တစ်ခုသောအာဝဇ္ဇန်းဖြင့် မဂ်ဝီထိဖြစ်ပေါ်လာသော် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်ပြီးနောက် ဂေါတြဘူ၏အခြားမဲ့၌ သကဒါဂါမိမဂ်စိတ်ဖြစ်ပေါ်၏။ ထိုသကဒါဂါမိမဂ်စိတ်နှင့် ယှဉ်သောဉာဏ်သည် **သကဒါဂါမိမဂ်ဉာဏ်**မည်၏။

မန္ဒပညာပုဂ္ဂိုလ်၌ န–ဒ–မ–ပ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဘဝင်

တိက္ခပညာပုဂ္ဂိုလ်၌ န–ဒ–မ–ဥ–နု–ဂေါ–မဂ်–ဖိုလ်–ဖိုလ်–ဖိုလ်–ဘဝင်

## သကဒါဂါမ်ပုဂ္ဂိုလ်ကိုပြဆိုခြင်း

သကဒါဂါမိမဂ်စိတ်ဖြစ်ခိုက်၌ '**သကဒါဂါမိမဂ်ပုဂ္ဂိုလ်**'ဟူသော တတိယအရိယာပုဂ္ဂိုလ်ဖြစ်၏။ သကဒါဂါမိမဂ်စိတ်၏အခြားမဲ့၌ သကဒါဂါမိဖိုလ်စိတ်ဖြစ်ကာမျှဖြင့် '**သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်**' ဟူသော စတုတ္ထအရိယာပုဂ္ဂိုလ်မည်သည့် '**သကဒါဂါမ်ပုဂ္ဂိုလ်**' ဖြစ်၏။ ဤပုဂ္ဂိုလ်သည် ဤလူ့ပြည် သို့မဟုတ် နတ်ပြည်လောကသို့ တစ်ကြိမ်သာလျှင်ပြန်လာပြီး၍ ဒုက္ခအဆုံးကို ပြုနိုင်သောကြောင့် '**သကဒါဂါမ်**' မည်ပေ၏။ သကဒါဂါမ်၏ပစ္စဝေက္ခဏာဆင်ခြင်ပုံမှာ အထက်တွင်ဆိုခဲ့သည့်အတိုင်းဖြစ်၏။

## • ၃ အနာဂါမိမဂ်ဉာဏ်ကို ပြဆိုခြင်း

သကဒါဂါမ်အရိယာပုဂ္ဂိုလ်သည် ကာမရာဂနှင့်ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ခြင်းငှာ အနာဂါမိဖိုလ်ဟူသော တတိယဘုံအဆင့်သို့ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်အပြားရှိသော သင်္ခါရတရားအပေါင်းကိုပင်လျှင် 'အနိစ္စ, ဒုက္ခ, အနတ္တ'ဟု လက္ခဏာသုံးပါးတင်ရှု၍ ဉာဏ်ဖြင့်အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကိုဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။

ဤသို့ကျင့်သောပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်အဆုံး၌ တစ်ခုတည်းသောအာဝဇ္ဇန်းဖြင့် မဂ်ဝီထိဖြစ်ပေါ်လာသော် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ဖြစ်၍ချုပ်ပြီးနောက် ဂေါတြဘူ၏အခြားမဲ့၌ အနာဂါမိမဂ်စိတ်ဖြစ်ပေါ်၏။ အနာဂါမိမဂ်စိတ်နှင့်ယှဉ်သောဉာဏ်သည် **အနာဂါမိမဂ်ဉာဏ်**မည်၏။

## • အနာဂါမ်ပုဂ္ဂိုလ်ကို ပြဆိုခြင်း

အနာဂါမိမဂ်စိတ်ဖြစ်ခိုက်၌ 'အနာဂါမိမဂ်ပုဂ္ဂိုလ်'ဟူသော ပဉ္စမအရိယာပုဂ္ဂိုလ်ဖြစ်၏။ အနာဂါမိမဂ်စိတ်ချုပ်၍အခြားမဲ့၌ အနာဂါမိဖိုလ်စိတ် ၂ ကြိမ် သို့မဟုတ် ၃ ကြိမ်ဖြစ်ပြီး

လျှင် ဘဝင်စိတ်ဆက်ဖြစ်၏။ အနာဂါမိဖိုလ်ဖြစ်ကာမျှဖြင့် ဆဋ္ဌမအရိယာပုဂ္ဂိုလ်ဖြစ်သည့် '**အနာဂါမိဖိုလ်ပုဂ္ဂိုလ်**'မည်သော '**အနာဂါမ်ပုဂ္ဂိုလ်**'ဖြစ်၏။

အနာဂါမ်ပုဂ္ဂိုလ်သည် ပဋိသန္ဓေ၏အစွမ်းအားဖြင့် ဤကာမလောကသို့ တစ်ဖန်ပြန်လာခြင်း မရှိတော့ချေ၊ ကာမဘုံသို့ပြန်လည်ခြင်းသဘောမရှိသောကြောင့် 'အနာဂါမ်' အမည်ရ၏။ ဤပုဂ္ဂိုလ်ကွယ်လွန်သောအခါ ဗြဟ္မာဘုံတွင် ဥပပါတ်ပဋိသန္ဓေဖြင့် ဗြဟ္မာဖြစ်ပြီးလျှင် ဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန်စံမည်ဖြစ်ပေ၏။ အနာဂါမိမဂ်သည် ကာမရာဂနှင့် ဒေါသခေါ်ဗျာပါဒ တို့ကို အမြစ်ပြတ်ပယ်သတ်သဖြင့် အနာဂါမ်တွင် ကာမရာဂနှင့်ဗျာပါဒတို့ မရှိတော့ချေ။ ကာမဂုဏ်ခံစားခြင်းလည်းမရှိ၊ အမျက်ဒေါသလည်း မဖြစ်ပေါ်တော့ချေ။

## • ၄ အရဟတ္တမဂ်ဉာဏ်ကို ပြဆိုခြင်း

အနာဂါမ်ပုဂ္ဂိုလ်သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာတို့ကိုအကြွင်းမဲ့ပယ်ခြင်းငှာ အရဟတ္တဖိုလ်ဟူသော စတုတ္ထဘုံအဆင့်သို့ရောက်ခြင်းငှာ ဝိပဿနာအားထုတ်ခြင်းကို ပြုပြန်၏။ ထိုပုဂ္ဂိုလ်သည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစုညီညွတ်စေ၍ သင်္ခါရတရား အပေါင်းကိုပင်လျှင် 'အနိစ္စ, ဒုက္ခ, အနတ္တ'ဟု လက္ခဏာသုံးပါးတင်ရှု၍ ဉာဏ်ဖြင့် အဖန်တလဲလဲနှင်းနယ်ချေမှုန်း၏၊ အဖန်တလဲလဲ ဉာဏ်ကိုဖြစ်စေ၏၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။

ဤသို့ကျင့်သောပုဂ္ဂိုလ်အား ဆိုခဲ့သောနည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏အဆုံး၌ တစ်ခုတည်းသောအာဝဇ္ဇန်းဖြင့် အရဟတ္တမဂ်ဝီထိဖြစ်ပေါ်လာသော် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ ဖြစ်၍ချုပ်ပြီးနောက် ဂေါတြဘူ၏အခြားမဲ့၌ အရဟတ္တမဂ်စိတ်ဖြစ်ပေါ်၏။ အရဟတ္တမဂ်စိတ်နှင့်ယှဉ်သောဉာဏ်သည် **အရဟတ္တမဂ်ဉာဏ်**မည်၏။ အရဟတ္တမဂ်ဉာဏ် သည် ကြွင်းသည့်ကိလေသာအားလုံးကို အမြစ်ပြတ်ပယ်သတ်၏။

## • ရဟန္တာပုဂ္ဂိုလ်ကို ပြဆိုခြင်း

အရဟတ္တမဂ်စိတ်ဖြစ်ခိုက်၌ '**အရဟတ္တမဂ်ပုဂ္ဂိုလ်**'ဟူသော သတ္တမအရိယာပုဂ္ဂိုလ်ဖြစ်၏။ အရဟတ္တမဂ်စိတ်ချုပ်၍အခြားမဲ့၌ အရဟတ္တဖိုလ်စိတ် ၂ ကြိမ် သို့မဟုတ် ၃ ကြိမ်ဖြစ်ပေါ် ပြီးလျှင် ဘဝင်စိတ်ဆက်ဖြစ်၏၊ အရဟတ္တဖိုလ်ဖြစ်ကာမျှဖြင့် အဋ္ဌမအရိယာပုဂ္ဂိုလ်မည်သော '**အရဟတ္တဖိုလ်ပုဂ္ဂိုလ်**'ဖြစ်၏။ ဤပုဂ္ဂိုလ်သည် အာသဝေါတရားကုန်ပြီးသော ကိလေသာ ကင်းစင်သည့် '**ရဟန္တာပုဂ္ဂိုလ်မြတ်**' ဖြစ်ပေ၏။

(၁) ရဟန္တာသည် အာသဝေါတရားကုန်ပြီးသော မဟာခီဏာသဝပုဂ္ဂိုလ်မြတ် ဖြစ်၏။
(၂) အဆုံးစွန်သောခန္ဓာကိုယ်ကိုဆောင်သည့် ပုဂ္ဂိုလ်ဖြစ်၏။
(၃) ကိလေသာဝန်, ကံဟူသည့်အဘိသင်္ခါရဝန်, ရုပ်နာမ်ဟူသည့် ခန္ဓာဝန်တည်းဟူသော ဝန်ထုပ်ဝန်ပိုးကို ချထားပြီးသောပုဂ္ဂိုလ်ဖြစ်၏။
(၄) မိမိအကျိုးဟူသည့် အရဟတ္တဖိုလ်သို့ ရောက်ပြီးရပြီးသော ပုဂ္ဂိုလ်ဖြစ်၏။
(၅) ဘဝသံယောဇဉ်ကုန်ခန်းပြီးသောပုဂ္ဂိုလ်ဖြစ်၏။
(၆) မှန်ကန်စွာသိ၍ လွတ်မြောက်ပြီးသောပုဂ္ဂိုလ်ဖြစ်၏။
(၇) နတ်နှင့်တကွသောလူအပေါင်း၏မြတ်သောအလှူကို ခံယူထိုက်သောပုဂ္ဂိုလ်မြတ်ကြီးဖြစ်၏။

• **၅ ဗောဓိပက္ခိယတရား ၃၇ ပါး**

သစ္စာလေးပါးကို သိတတ်သောမဂ်ဉာဏ်သည် '**ဗောဓိ**'မည်၏။ ထိုဗောဓိဟူသောမဂ်ဉာဏ်၏အဖွဲ့ဝင်များ (ဝါ) အသင်းအပင်းဘက်တော်သားများကို 'ဗောဓိပက္ခိယ'မည်၏။ ဗောဓိပက္ခိယတရား ၃၇ ပါးရှိရာ သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ အရိယာမဂ္ဂင် ၈ ပါးတို့ပါဝင်ကြ၏။

• **(က) သတိပဋ္ဌာန် ၄ ပါး**

ထိုထိုအာရုံတို့၌ သက်ဝင်ပြေးဝင်၍ စွဲစွဲမြဲမြဲတည်သောသတိအထူးသည် **သတိပဋ္ဌာန** = **သတိပဋ္ဌာန်** မည်၏။

(၁) **ကာယာနုပဿနာသတိပဋ္ဌာန်** – ရူပက္ခန္ဓာဟူသည့် ရူပကာယ၌ အသုဘ–မတင့်တယ်သောအခြင်းအရာကိုအာရုံယူ၍ ဝိပဿနာရှုခြင်း၊ တင့်တယ်သည်ဟုထင်မှတ်သော သုဘသညာကိုပယ်ခြင်းကိစ္စရှိ၏။

(၂) **ဝေဒနာနုပဿနာသတိပဋ္ဌာန်** – ဝေဒနာက္ခန္ဓာဟူသည့်ဝေဒနာအမျိုးမျိုး၌ ဆင်းရဲသော ဒုက္ခအခြင်းအရာကို အာရုံယူ၍ ဝိပဿနာရှုခြင်း၊ ချမ်းသာသည်ဟုထင်မှတ်သည့်သုခ သညာကိုပယ်ခြင်းကိစ္စရှိ၏။

(၃) **စိတ္တာနုပဿနာသတိပဋ္ဌာန်** – ဝိညာဏက္ခန္ဓာဟူသည့် စိတ်အမျိုးမျိုး၌ မမြဲခြင်း–အနိစ္စအခြင်းအရာကိုအာရုံယူ၍ ဝိပဿနာရှုခြင်း၊ မြဲသည်ထင်မှတ်သောနိစ္စသညာကို ပယ်ခြင်းကိစ္စရှိ၏။

(၄) **ဓမ္မာနုပဿနာသတိပဋ္ဌာန်** – သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသည့် ဓမ္မအမျိုးမျိုး၌ အတ္တမဟုတ်သော အနတ္တအခြင်းအရာကို အာရုံယူ၍ ဝိပဿနာရှုခြင်း၊ အတ္တဟုတ်သည် ဟု ထင်မှားသောအမှတ်သညာကိုပယ်ခြင်းကိစ္စရှိ၏။

• **(ခ) သမ္မပ္ပဓာန် ၄ ပါး**

ကောင်းစွာအားထုတ်ကြောင်းဖြစ်သော ဝီရိယသည် သမ္မပ္ပဓာန်မည်၏။

သမ္မာ–တင့်တယ်သော + ပဓာန–ပြဓာန်းမြင့်မြတ်သောတရား၊ ထို့ကြောင့်

သမ္မပ္ပဓာန = တင့်တယ်၍ပြဓာန်းမြင့်မြတ်သော အားထုတ်မှုဝီရိယ။

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊

(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊

(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တည်မြဲစေခြင်းငှာ ကောင်းစွာအားထုတ်ခြင်းတို့ဖြစ်၏။

• **(ဂ) ဣဒ္ဓိပါဒ် ၄ ပါး**

ပြီးစီးပြည့်စုံခြင်းသည် ဣဒ္ဓိမည်၏၊ အခြေခံအကြောင်းသည် ပါဒမည်၏။

ဈာန်, မဂ်, ဖိုလ်တရားထူးတို့ကို ပြီးစီးပြည့်စုံစေသော အခြေခံအကြောင်းတရား ၄ ပါးသည် ဣဒ္ဓိပါဒ် ၄ ပါးမည်၏။

(၁) **ဆန္ဒိဒ္ဓိပါဒ်** – ကုသိုလ်စိတ် ၂၁ ပါး၌ အကြီးအကဲဖြစ်သည့်ဆန္ဒစေတသိက်၊

(၂) **ဝီရိယိဒ္ဓိပါဒ်** – ကုသိုလ်စိတ် ၂၁ ပါး၌ အကြီးအကဲဖြစ်သည့် ဝီရိယစေတသိက်၊

(၃) **စိတ္တိဒ္ဓိပါဒ်** – အားကြီးသော ကုသိုလ်စိတ် ၂၁ ပါး၊
(၄) **ဝီမံသိဒ္ဓိပါဒ်** – တိဟိတ်ကုသိုလ်စိတ် ၁၇ ပါး၌ အကြီးအကဲဖြစ်သည့် ပညာစေတသိက်။

''ရဟန်းသည် ဆန္ဒကိုအကြီးအမှူးပြု၍ သမာဓိကို အကယ်၍ရငြားအံ့၊ ဤစိတ်တည်ကြည်ခြင်းသမာဓိကို ဆန္ဒသမာဓိဟူ၍ ဆိုအပ်၏'' စသည်ဖြင့် ဟောတော်မူသောကြောင့် ဆန္ဒအစရှိသော အဓိပတိတို့၏အစွမ်းအားဖြင့် ရအပ်သည့်လောကီ, လောကုတ္တရာတရားတို့ကို ဣဒ္ဓိပါဒဟုဆိုအပ်၏။

• **(ဃ) ဣန္ဒြေ ၅ ပါး**

မယုံကြည်ခြင်း, ပျင်းရိခြင်း, မေ့လျော့ခြင်း, ပျံ့လွင့်ခြင်း, တွေဝေခြင်းတို့ကို လွှမ်းမိုးနှိမ်နင်းတတ်သောကြောင့် လွှမ်းမိုးနှိမ်နင်းခြင်းဟူသော အစိုးရခြင်းအနက်သဘောကြောင့် ဣန္ဒြိယမည်၏။

(၁) **သဒ္ဓိန္ဒြေ** – မယုံကြည်ခြင်း (အဿဒ္ဓိယ)ကို လွှမ်းမိုးနှိမ်နင်းသောသဒ္ဓါ၊
(၂) **ဝီရိယိန္ဒြေ** – ပျင်းရိခြင်း (ကောသဇ္ဇ)ကို လွှမ်းမိုးနှိမ်နင်းနိုင်သောဝီရိယ၊
(၃) **သတိန္ဒြေ** – မေ့လျော့ခြင်း (ပမာဒ)ကို လွှမ်းမိုးနှိမ်နင်းနိုင်သောသတိ၊
(၄) **သမာဓိန္ဒြေ** – ပျံ့လွင့်ခြင်း (ဝိက္ခေပ)ကို လွှမ်းမိုးနှိမ်နင်းနိုင်သောသမာဓိ၊
(၅) **ပညိန္ဒြေ** – ပြင်းစွာတွေဝေခြင်း (သမ္မောဟ)ကို လွှမ်းမိုးနှိမ်နင်းနိုင်သောပညာ။

• **(င) ဗိုလ် ၅ ပါး**

မယုံကြည်ခြင်းစသည်တို့က မလွှမ်းမိုးအပ်, မလွှမ်းမိုးနိုင်သောကြောင့် မတုန်လှုပ်ခြင်းအနက်သဘောအားဖြင့် ဗလ–ဗိုလ်လည်းမည်၏။ ထို့ကြောင့် ဣန္ဒြေ ၅ ပါးသည် ဗိုလ် ၅ ပါးအဖြစ်လည်း ဆောင်ရွက်၏။

(၁) **သဒ္ဓါဗိုလ်** – မယုံကြည်ခြင်းက မလွှမ်းမိုးနိုင်သောမြဲမြံခိုင်ခံ့သည့်သဒ္ဓါ၊
(၂) **ဝီရိယဗိုလ်** – ပျင်းရိခြင်းက မလွှမ်းမိုးနိုင်သောမြဲမြံခိုင်ခံ့သည့်ဝီရိယ၊
(၃) **သတိဗိုလ်** – မေ့လျော့ခြင်းက မလွှမ်းမိုးနိုင်သောမြဲမြံခိုင်ခံ့သည့်သတိ၊
(၄) **သမာဓိဗိုလ်** – ပျံ့လွင့်ခြင်းက မလွှမ်းမိုးနိုင်သောမြဲမြံခိုင်ခံ့သည့်သမာဓိ၊
(၅) **ပညာဗိုလ်** – ပြင်းစွာတွေဝေခြင်းက မလွှမ်းမိုးနိုင်သောကြောင့် မြဲမြံခိုင်ခံ့သည့်ပညာ။

• **(စ) ဗောဇ္ဈင် ၇ ပါး**

'ဗောဓိ' ဟူသောသစ္စာ ၄ ပါးကို သိတတ်သောမဂ်ဉာဏ်၏အစိတ်အပိုင်းအင်္ဂါသည် 'ဗောဓိအင်္ဂ = ဗောဇ္ဈင်္ဂ = ဗောဇ္ဈင်' ဖြစ်၏။

(၁) **သတိသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကို သိကြောင်းဖြစ်သော အောက်မေ့မှုသတိ၊
(၂) **ဓမ္မဝိစယသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော စီစစ်တတ်သည့်ပညာ၊
(၃) **ဝီရိယသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော အားထုတ်မှုဝီရိယ၊
(၄) **ပီတိသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော နှစ်သက်ရွှင်လန်းမှုပီတိ၊
(၅) **ပဿဒ္ဓိသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော ငြိမ်းအေးမှု–ပဿဒ္ဓိ၊
(၆) **သမာဓိသမ္ဗောဇ္ဈင်** –သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော တည်ကြည်မှု–ဧကဂ္ဂတာ၊
(၇) **ဥပေက္ခာသမ္ဗောဇ္ဈင်** – သစ္စာ ၄ ပါးကိုသိကြောင်းဖြစ်သော လျစ်လျူရှုမှု–တတြ

မဇ္ဈတ္တတာတို့တည်း။

• **(ဆ) မဂ္ဂင် ၈ ပါး**

သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သည့် လမ်းကြောင်းအစိတ်အပိုင်းအင်္ဂါတို့ကို 'မဂ္ဂအင်္ဂ = မဂ္ဂင်္ဂ = မဂ္ဂင်' ဟု ခေါ်၏။

(၁) **သမ္မာဒိဋ္ဌိ** – ကောင်းစွာသိမြင်မှု (ပညာစေတသိက်)၊

(၂) **သမ္မာသင်္ကပ္ပ** – ကောင်းစွာကြံစည်မှု (ဝိတက်စေတသိက်)၊

(၃) **သမ္မာဝါစာ** – ကောင်းစွာပြောဆိုမှု (သမ္မာဝါစာစေတသိက်)၊

(၄) **သမ္မာကမ္မန္တ** – ကောင်းစွာပြုလုပ်မှု (သမ္မာကမ္မန္တစေတသိက်)၊

(၅) **သမ္မာအာဇီဝ** – ကောင်းစွာအသက်မွေးမှု (သမ္မာအာဇီဝစေတသိက်)၊

(၆) **သမ္မာဝါယာမ** – ကောင်းစွာအားထုတ်မှု (ဝီရိယစေတသိက်)၊

(၇) **သမ္မာသတိ** – ကောင်းစွာအောက်မေ့အမှတ်ရမှု (သတိစေတသိက်)၊

(၈) **သမ္မာသမာဓိ** – ကောင်းစွာတည်ကြည်မှု (ဧကဂ္ဂတာစေတသိက်)တို့တည်း။

**မှတ်ချက်** – အရိယာမဂ်စိတ်၌ ဗောဓိပက္ခိယ ၃၇ ပါးလုံးယှဉ်ကြသဖြင့် ''ဗောဇ္ဈင်ခုနစ်ပါး, အင်္ဂါရှစ်ပါးရှိသောအရိယာမဂ်''ဟုဆိုအပ်၏။

• **လောကီလောကုတ္တရာစိတ်များ၌ ဗောဓိပက္ခိယတရားများယှဉ်ပုံ**

ဗောဓိပက္ခိယတရားတို့သည် အရိယာမဂ်၏ရှေးအဖို့ လောကီဝိပဿနာဉာဏ်နှင့်လည်း ယှဉ်ကြ၏။

**လောကီဝိပဿနာ၌ သတိပဋ္ဌာန် ၄ ပါးဖြစ်ပုံ**

(၁) ၁၄ ပါးသောအပြားအားဖြင့် ကိုယ်ကိုသိမ်းဆည်းရာ၌ ကာယာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏။

(၂) ၉ ပါးသောအပြားအားဖြင့် ဝေဒနာကိုသိမ်းဆည်းရာ၌ ဝေဒနာနုပဿနာသတိပဋ္ဌာန် ကိုရအပ်၏။

(၃) ၁၆ ပါးသောအပြားအားဖြင့် စိတ်ကိုသိမ်းဆည်းရာ၌ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ရအပ်၏။

(၄) ၅ ပါးသောအပြားအားဖြင့် သဘောတရားကိုသိမ်းဆည်းရာ၌ ဓမ္မာနုပဿနာသတိပဋ္ဌာန် ကိုရအပ်၏။

**လောကီတရားအားထုတ်မှု၌ သမ္မပ္ပဓာန် ၄ ပါးဖြစ်ပုံ**

(၁) မိမိ၏ပစ္စုပ္ပန်အတ္တဘော၌ မဖြစ်ဖူးသေးသောအကုသိုလ်ကို သူတစ်ပါးသန္တာန်၌ဖြစ်သည် ကိုတွေ့မြင်၍ ''ဤအကုသိုလ်မျိုးမဖြစ်အောင် ကျင့်သုံးအံ့၊ ဤသို့ကျင့်သည်ရှိသော် ငါ့အား ဤအကုသိုလ်သည် မဖြစ်လတ့်''ဟု ထိုအကုသိုလ်မဖြစ်အောင် အားထုတ်သည့် ကာလ၌ ပဌမသမ္မပ္ပဓာန်ကို ရအပ်၏။

(၂) မိမိ၏သန္တာန်၌ဖြစ်ပေါ်ခြင်းသို့ရောက်သော အကုသိုလ်ကိုတွေ့မြင်၍ ထိုအကုသိုလ်ကို ပယ်ခြင်းငှာ အားထုတ်သောကာလ၌ ဒုတိယသမ္မပ္ပဓာန်ကိုရအပ်၏။

(၃) မိမိ၏ပစ္စုပ္ပန်အတ္တဘော၌ မဖြစ်ဘူးသေးသောစျာန်ကိုသော်လည်းကောင်း၊ ဝိပဿနာကို

သော်လည်းကောင်း၊ ဖြစ်စေခြင်းငှာ အားထုတ်သောသူအား တတိယသမ္မပ္ပဓာန်ကိုရအပ်၏။
(၄) ဖြစ်ပေါ်ပြီးသောဈာန်ဝိပဿနာမဆုတ်ယုတ်အောင် အဖန်ဖန်ဖြစ်စေသောသူအား စတုတ္ထသမ္မပ္ပဓာန်ကို ရအပ်၏။

**မှတ်ချက်** – ဆန္ဒကိုအကြီးအမှူးပြု၍ ကုသိုလ်ကိုဖြစ်စေသောကာလ၌ ဆန္ဒိဒ္ဓိပါဒ်ကို ရအပ်၏။ မိစ္ဆာဝါစာခေါ် မသင့်လျော်သောပြောဆိုခြင်းမှ ကြဉ်ရှောင်သောကာလ၌ သမ္မာဝါစာကို ရအပ်၏။

**မဂ်ဉာဏ် ၄ ပါး၌ တစ်ပေါင်းတည်းယှဉ်ပုံ**

မဂ်ဉာဏ် ၄ ပါးတို့ဖြစ်ပေါ်သောကာလ၌မူကား တစ်ခုတည်းသောစိတ်တွင် ဗောဓိပက္ခိယ တရား ၃၇ ပါးလုံးကို တစ်ပေါင်းတည်းရအပ်၏။

**ဖိုလ်ဉာဏ် ၄ ပါး၌ ဗောဓိပက္ခိယတရားယှဉ်ပုံ**

ဖိုလ်ခဏ၌ ဖိုလ်စိတ်တစ်ပါးစီတွင် သမ္မပ္ပဓာန် ၄ ပါးကိုကြဉ်သော ကြွင်းသည့်ဗောဓိ ပက္ခိယ ၃၃ ပါးယှဉ်ကြပါသည်။

**တစ်ခုတည်းသောစိတ်၌ ရအပ်သည့်ဗောဓိပက္ခိယတရားများ**

နိဗ္ဗာန်လျှင် အာရုံရှိသော တစ်ပါးတည်းသောသတိကိုပင်လျှင် ကာယစသည့် ၄ ပါးသော အာရုံတို့တွင် တင့်တယ်သည့်အမှတ်သညာစသည်တို့ကို ပယ်ခြင်းကိစ္စပြီးစေသည့် အစွမ်း အားဖြင့် ''သတိပဋ္ဌာန်လေးပါး'' ဟူ၍ဆိုအပ်၏။

ဝီရိယတစ်ပါးတည်းပင်လျှင် မဖြစ်သေးသောအကုသိုလ်တို့၏မဖြစ်ခြင်းစသည့်ကိစ္စကို ပြီးစေသောအစွမ်းဖြင့် ''သမ္မပ္ပဓာန် ၄ ပါး'' ဟူ၍လည်းဆိုအပ်၏။

- **ဗောဓိပက္ခိယတရားတို့၏ဖြစ်ရာဋ္ဌာနများ**

**''ကိုးခုတရား တစ်ပါးစီသာ၊ တစ်ခုသည်ကား နှစ်ပါးတစ်ဖြာ၊**
**လေးပါး, ငါးပါး, ရှစ်ပါး, ကိုးဖြာ၊ ၎င်းတို့ ခြောက်ဖို့ကွဲကြပါ။''**

''**ကိုးခုတရား တစ်ပါးစီသာ**'' ဟူသည်ကား ဆန္ဒ, စိတ်, ပီတိ, ပဿဒ္ဓိ, တတြမဇ္ဈတ္တ တာ (ဥပေက္ခာ), ဝိတက်ဟူသည့် သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသော တရား ၉ ပါးသည် ဆန္ဒိဒ္ဓိပါဒ်စသည်ဖြင့် တစ်ဋ္ဌာနစီ၌သာ ဖြစ်ကြ၏။

''**တစ်ခုသည်ကား နှစ်ပါး**''ဟူသည်ကား သဒ္ဓါသည် ဣန္ဒြေနှင့်ဗိုလ်နှစ်ဋ္ဌာန၌ဖြစ်၏။

''**တစ်ဖြာ လေးပါး, ငါးပါး**'' ဟူသည်ကား သမာဓိသည် ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟူသော ၄ ဋ္ဌာန၌ဖြစ်၏။ ပညာသည် ထို ၄ ဋ္ဌာနနှင့် ဣဒ္ဓိပါဒ်အားဖြင့် ၅ ဋ္ဌာန၌ ဖြစ်၏။

''**ရှစ်ပါး, ကိုးဖြာ**''ဟူသည်ကား သတိသည် သတိပဋ္ဌာန် ၄ ပါး, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟူသော ၉ ဋ္ဌာန၌ဖြစ်၏။

ဗောဓိပက္ခိယတွင်ပါဝင်သောတရားတို့မှာ တရားကိုယ်အားဖြင့် ၁၄ ပါး၊ အဖို့အစုအားဖြင့် ၇ ပါး၊ အသေးစိတ်အကျယ်အားဖြင့် ၃၇ ပါးရှိကုန်၏။

• **၆ နိမိတ္တ, ပဝတ္တနှစ်ပါးစုံမှထခြင်း**

(၁) **လောကီဝိပဿနာ**သည် သင်္ခါရနိမိတ်လျှင်အာရုံရှိသောကြောင့် သင်္ခါရနိမိတ်မှမထနိုင်။ မပြတ်ဖြစ်သောခန္ဓာအယဉ်၏အကြောင်းဖြစ်သည့် သမုဒယတဏှာကိုလည်း အကြွင်းမဲ့ မပယ်ဖြတ်ခြင်းကြောင့် သင်္ခါရနိမိတ်မှလည်း ထသည်မမည်ပေ။

(၂) **ဂေါတြဘုဉာဏ်**သည် သမုဒယတဏှာကို အကြွင်းမဲ့မဖြတ်ခြင်းကြောင့် မပြတ်ဖြစ်သော ခန္ဓာအယဉ်မှထသည်မမည်ပေ။ သို့သော် နိဗ္ဗာန်လျှင်အာရုံရှိသောကြောင့် သင်္ခါရနိမိတ်မှထသည် မည်၏။ ထို့ကြောင့် ဂေါတြဘုဉာဏ်သည် **ကေတောဝုဋ္ဌာန = တစ်ဖက်မှထသည်** မည်၏။

(၃) **မဂ်ဉာဏ် ၄ ပါး**တို့သည် နိမိတ်ကင်းသော နိဗ္ဗာန်လျှင်အာရုံရှိသောကြောင့် သင်္ခါရနိမိတ်မှလည်း ထ၏၊ သမုဒယတဏှာကို အကြွင်းမဲ့ပယ်ဖြတ်ခြင်းကြောင့် မပြတ်ဖြစ်သည့် ခန္ဓာအယဉ်မှလည်း ထ၏။ ထို့ကြောင့် **ဥဘတောဝုဋ္ဌာန = နှစ်ဖက်လုံးမှထသည်**မည်၏။

**ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသည်ကား –**

*''အဘယ်သို့လျှင်နှစ်ပါးစုံမှထခြင်း, ပြန်လည်ခြင်းပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်သနည်း?*

*''**သောတာပတ္တိမဂ်ခဏ၌** နိဗ္ဗာန်ကိုမြင်သောအနက်သဘောကြောင့် သမ္မာဒိဋ္ဌိ မည်သည့်တရားသည် မိစ္ဆာဒိဋ္ဌိမှထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့အစဉ်လိုက်သော ကိလေသာတို့မှ လည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထ၏။ ထို့ကြောင့် ''နှစ်ပါးစုံမှထခြင်း ပြန်လည်ခြင်းပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်၏''ဟု ဆိုအပ်၏။*

*''အာရုံသို့ ရှေးရှုတင်ပေးတတ်သော သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏။ ပ ။ ယှဉ်ဖက်တရားတို့ကိုချီးမြှောက်တတ်သော သမ္မာဝါယမသည်။ ပ ။ မပျံ့လွင့်ခြင်းအနက် သဘောကြောင့် သမ္မာသမာဓိမည်သောတရားသည် မိစ္ဆာသမာဓိမှထ၏၊ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထ၏။ ထို့ကြောင့် ''နှစ်ပါးစုံမှ ထခြင်း ပြန်လည်ခြင်းပြီးစီးလတ်သော် ပညာသည် မဂ်ဉာဏ်မည်၏'' ဟု ဆိုအပ်၏။*

*''**သကဒါဂါမိမဂ်ခဏ၌** နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိမည်သည့် တရားသည်။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိမည်သောတရား သည် ရုန့်ရင်းသောကာမရာဂသံယောဇဉ်မှလည်းကောင်း၊ ပဋိဃသံယောဇဉ်မှလည်းကောင်း၊ ရုန့်ရင်းသောကာမရာဂအနုသယမှလည်းကောင်း၊ ပဋိဃအနုသယမှလည်းကောင်း ထ၏။ ပ ။*

*''**အနာဂါမိမဂ်ခဏ၌** နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိမည်သည့် တရားသည်။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိမည်သောတရားသည် သိမ်မွေ့သည့် ကာမရာဂသံယောဇဉ်မှလည်းကောင်း၊ ပဋိဃသံယောဇဉ်မှလည်းကောင်း၊ သိမ်မွေ့သောကာမရာဂအနုသယမှလည်းကောင်း၊ ပဋိဃအနုသယမှလည်းကောင်း ထ၏။ ပ ။*

*"**အရဟတ္တမဂ်ခဏ၌** နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိမည်သည့်တရားသည်။ ပ ။ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမ္မာသမာဓိဟူသည့်တရားသည် ရူပရာဂမှလည်းကောင်း၊ အရူပရာဂမှလည်းကောင်း၊ မာနမှလည်းကောင်း၊ ဥဒ္ဓစ္စမှလည်းကောင်း၊ အဝိဇ္ဇာမှလည်းကောင်း၊ မာနအနုသယမှလည်းကောင်း၊ ဘဝရာဂအနုသယမှလည်းကောင်း၊ အဝိဇ္ဇာအနုသယမှလည်းကောင်း ထ၏။ ထိုရူပရာဂစသည်သို့အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်းထ၏။ ထို့ကြောင့် "နှစ်ပါးစုံမှထခြင်း ပြန်လည်ခြင်းပြီးစီးလတ်သော် ဖြစ်သောပညာသည် မဂ်ဉာဏ်မည်၏" ဟု ဆိုအပ်၏။*

**ခွန်အားနှင့်ယှဉ်ခြင်း**

(၁) လောကီစျာန်သမာပတ် ၈ ပါးတို့ကို ပွားစေသောကာလ၌ သမထခွန်အား (ဧကဂ္ဂတာ) သည် လွန်ကဲ၏။

(၂) အနိစ္စာနုပဿနာစသည်တို့ကို ပွားစေသောကာလ၌ ဝိပဿနာခွန်အား(ပညာ)သည် လွန်ကဲ၏။

(၃) အရိယာမဂ်ခဏ၌မူကား ထိုသမထနှင့်ဝိပဿနာတရားတို့သည် အချင်းချင်းကို မလွန်သောအားဖြင့် ထမ်းပိုး၌ညီတူဖွဲ့အပ်ကုန်သကဲ့သို့ ဖြစ်ကုန်၏။

**ပဋိသမ္ဘိဒါမဂ်၌ဟောတော်မူပုံ**

*"ပျံ့လွင့်မှု-ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း၊ ထသောပုဂ္ဂိုလ်အား စိတ်၏တစ်ခုတည်းသောအာရုံရှိသည့်အဖြစ်ဟူသော ပျံ့လွင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သောသမာဓိသည် သခၤါရချုပ်ငြိမ်းသည့်သမာဓိလျှင် ကျက်စားရာအာရုံရှိ၏။ မသိမှု, မသိမှားမှု-အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထသောပုဂ္ဂိုလ်တို့အား ရှုခြင်းအနက်သဘောအားဖြင့် ဝိပဿနာသည် သခၤါရချုပ်ငြိမ်းသောနိဗ္ဗာန်လျှင် ကျက်စားရာအာရုံရှိ၏။*

*"ဤသို့ထခြင်းသဘောအားဖြင့် သမထနှင့်ဝိပဿနာတို့သည် တူညီသောကိစ္စရှိကုန်၏၊ ထမ်းပိုး၌ညီတူဖွဲ့အပ်ကုန်သကဲ့သို့ဖြစ်ကုန်၏။ အချင်းချင်းကိုမလွန်ကုန်။ ထို့ကြောင့် "ထခြင်းအနက်သဘောအားဖြင့် သမထနှင့်ဝိပဿနာကို ထမ်းပိုး၌ညီတူဖွဲ့သကဲ့သို့ ပွားစေ၏" ဟု ဆိုအပ်၏။*

## • ၇ မဂ်ဉာဏ်တို့ဖြင့် အကုသိုလ်တရားများကို ပယ်ခြင်း

မဂ်ဉာဏ် ၄ ပါးတို့သည် သံယောဇဉ်, ကိလေသာ, မိစ္ဆတ္တတရား, လောကဓံတရား, မစ္ဆရိယ, ဝိပလ္လာသ, ဂန္ထ, အဂတိ, အာသဝေါတရား, ဩဃ, ယောဂ, နီဝရဏ, ပရာမာသ, ဥပါဒါန်, အနုသယ, မလ, အကုသိုလ်ကမ္မပထ, အကုသိုလ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော အကုသိုလ်တရားတို့ကို ထိုက်သည့်အားလျော်စွာ ပယ်ကြကုန်၏။

## • (က) သံယောဇဉ် ၁၀ ပါး

ဘဝသစ်ခန္ဓာတို့နှင့် ဘဝဟောင်းခန္ဓာတို့ကိုလည်းကောင်း၊ အကျိုးနှင့်ကံကိုလည်းကောင်း၊ ဆင်းရဲဒုက္ခနှင့် သတ္တဝါတို့ကိုလည်းကောင်း၊ ယှဉ်စေတတ်သောကြောင့် ရူပရာဂစသည့်

တရား ၁၀ ပါးကို သံယောဇဉ်ဟူ၍ဆိုအပ်၏။ မှန်ပေ၏။ သံယောဇဉ်တို့ရှိနေသမျှ ကာလ ပတ်လုံး ခန္ဓာ, အကျိုး, ဆင်းရဲဒုက္ခတို့၏ပြတ်စဲခြင်းမည်သည်မရှိချေ။

**ဥဒ္ဓံဘာဂိယသံယောဇဉ် ၅ ပါး** – ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, မာနသံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်တို့သည် အထက်ပြဟ္မာလောက၌ ဖြစ်လတ့ံသောခန္ဓာတို့နှင့် ဖြစ်ခဲ့ပြီးသောခန္ဓာတို့ကို ယှဉ်စေတတ်သောကြောင့် '**ဥဒ္ဓံဘာဂိယ သံယောဇဉ်**' တို့မည်ကုန်၏။

**အဓောဘာဂိယသံယောဇဉ် ၅ ပါး** – သက္ကာယဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်တို့သည် အောက် ကာမလောက၌ဖြစ်လတ့ံသောခန္ဓာတို့နှင့် ဖြစ်ခဲ့ပြီးသောခန္ဓာတို့ကို ယှဉ်စေတတ်သောကြောင့် '**အဓောဘာဂိယသံယောဇဉ်**' တို့မည်ကုန်၏။

(၁) **ပဌမမဂ်ဉာဏ်**သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသဟူသော သံယောဇဉ် သုံးပါးကို အကြွင်းမဲ့ပယ်သတ်၏၊ အပါယ်သို့လားရောက်စေတတ်သော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တို့ကိုလည်း ပယ်သတ်၏။

(၂) **ဒုတိယမဂ်ဉာဏ်**သည် ကြွင်းသောရုန့်ရင်းသည့်ကာမရာဂနှင့်ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်၏။

(၃) **တတိယမဂ်ဉာဏ်**သည် သိမ်မွေ့သော ကာမရာဂနှင့်ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်၏။

(၄) **စတုတ္ထမဂ်ဉာဏ်**သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟူသော သံယောဇဉ် ၅ ပါးကို ပယ်သတ်၏။

- **(ခ) ကိလေသာ ၁၀ ပါး**

မိမိတို့ကိုယ်တိုင်ညစ်နွမ်းသောကြောင့်လည်းကောင်း၊ ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ညစ်နွမ်း စေတတ်သောကြောင့်လည်းကောင်း၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဟူသော တရား ၁၀ ပါးသည် ကိလေသာမည်ကုန်၏။

(၁) **ပဌမမဂ်ဉာဏ်**သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် ဒေါသကို အကြွင်းမဲ့ပယ်သတ်၏။

(၃) **စတုတ္ထမဂ်ဉာဏ်**သည် ကြွင်းသောကိလေသာ ၇ ပါးကို အကြွင်းမဲ့ပယ်သတ်၏။

- **(ဂ) မိစ္ဆတ္တတရား ၈ ပါး (သို့) ၁၀ ပါး**

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိဟူသော တရား ၈ ပါးတို့သည် မှားယွင်းစွာဖြစ်သောကြောင့် မိစ္ဆတ္တမည်ကုန်၏။ တစ်နည်းကား မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့နှင့်တကွ ၁၀ ပါးသော တရားတို့သည် မိစ္ဆတ္တ မည်ကုန်၏။

(မိစ္ဆာဒိဋ္ဌိစသော မိစ္ဆတ္တ ၈ ပါးသည် သမ္မာဒိဋ္ဌိစသည့် မဂ္ဂင် ၈ ပါးတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြ၏။ မိစ္ဆာဝိမုတ္တိသည် မှားသောလွတ်မြောက်ခြင်း–ကိလေသာတို့မှ မလွတ်သေးဘဲ လျက်လွတ်ပြီဟု ထင်မြင်ဆင်ခြင်မှုဖြစ်၏။ မိစ္ဆာဉာဏ်သည် အကုသိုလ်အမှုတို့ကိုပြီးမြောက်

စေရန် ကြံစည်သောအသိဉာဏ်နှင့် ထိုသို့ကြံစည်၍ပြုလုပ်ခဲ့သည်ကို ကောင်းသည်ဟု ပြန်လည်ဆင်ခြင်မှုဖြစ်၏။ တရားကိုယ်အားဖြင့် မောဟပင်ဖြစ်ကြ၏။

(၁) **ပထမမဂ်ဉာဏ်**သည် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာ၌ပါသည့် မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ ဟူသော မိစ္ဆတ္တတို့ကို ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ၌ပါသည့် ပိသုဏဝါစာနှင့် ဖရုသဝါစာ ဟူသောမိစ္ဆတ္တတို့ကို ပယ်သတ်၏။

(၃) **စတုတ္ထမဂ်ဉာဏ်**သည် မိစ္ဆာဝါစာတွင်ပါသည့် သမ္ဖပ္ပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို ပယ်သတ်၏။

**• (ဃ) လောကဓံတရား ၈ ပါး**

လာဘ်ရခြင်း, လာဘ်မရခြင်း, အခြွေအရံများခြင်း, အခြွေအရံနည်းခြင်း, ချမ်းသာခြင်း, ဆင်းရဲခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းဟူသော တရား ၈ ပါးသည် သတ္တလောက၏ဖြစ်ခြင်း ရှိလျှင် မကင်းနိုင်သောတရားတို့ဖြစ်ခြင်းကြောင့် လောကဓံတရားတို့မည်ကုန်၏။

အကုသိုလ်တရားကိုပြသောဤအရာ၌ လာဘ်ရခြင်းစသည်လျှင်အကြောင်းရှိသော လောဘကိုလည်းကောင်း၊ လာဘ်မရခြင်းစသည်လျှင်အကြောင်းရှိသော ဒေါသကို လည်းကောင်း၊ ကာရဏူပစာအားဖြင့် လောကဓံတရားခေါ်သည်ဟုသိအပ်၏။ (ကရဏူပ စာမည်သည်မှာ အကြောင်း၏အမည်ဖြင့် အကျိုးကိုတင်စား၍ခေါ်ခြင်းဖြစ်၏)။

(၁) **တတိယမဂ်ဉာဏ်**သည် ပဋိဃခေါ်ဒေါသကို ပယ်သတ်၏။

(၂) **စတုတ္ထမဂ်ဉာဏ်**သည် အနုသယခေါ်လောဘကို ပယ်သတ်၏။

အခြွေအရံများခြင်းနှင့်ချီးမွမ်းခြင်းတို့၌ လောဘကို စတုတ္ထမဂ်ဉာဏ်ကပယ်သတ်၏ဟု အချို့ဆရာတို့ဆိုကြ၏။

**• (င) မစ္ဆရိယ ၅ ပါး**

အိမ်, ကျောင်း, နေရာစသည်တို့၌ တစ်ပါးသောသူတို့နှင့်ဆက်ဆံသည့်အဖြစ်ကို သည်းမခံ နိုင်သောအခြင်းအရာအားဖြင့်ဖြစ်သော ဝန်တိုခြင်းကို မစ္ဆရိယဟုခေါ်၏။ မစ္ဆရိယ ၅ ပါး မှာ – အာဝါသမစ္ဆရိယ, ကုလမစ္ဆရိယ, လာဘမစ္ဆရိယ, ဓမ္မမစ္ဆရိယ, ဝဏ္ဏမစ္ဆရိယတို့ ဖြစ်ကြ၏။

(၁) ပထမမဂ်ဉာဏ်သည် မစ္ဆရိယ ၅ ပါးလုံးကို ပယ်သတ်သည်။

**• (စ) ဝိပလ္လာသ ၁၂ ပါး**

(၁) အနိစ္စ၌ နိစ္စဟု အမှတ်မှားခြင်း – သညာဝိပလ္လာသ၊
(၂) အနိစ္စ၌ နိစ္စဟု အသိမှားခြင်း – စိတ္တဝိပလ္လာသ၊
(၃) အနိစ္စ၌ နိစ္စဟု အယူမှားခြင်း – ဒိဋ္ဌိဝိပလ္လာသ၊
(၄) ဒုက္ခ၌ သုခဟု အမှတ်မှားခြင်း – သညာဝိပလ္လာသ၊
(၅) ဒုက္ခ၌ သုခဟု အသိမှားခြင်း – စိတ္တဝိပလ္လာသ၊
(၆) ဒုက္ခ၌ သုခဟု အယူမှားခြင်း – ဒိဋ္ဌိဝိပလ္လာသ၊
(၇) အနတ္တ၌ အတ္တဟု အမှတ်မှားခြင်း – သညာဝိပလ္လာသ၊

(၈) အနတ္တ၌ အတ္တဟု အသိမှားခြင်း – စိတ္တဝိပလ္လာသ၊
(၉) အနတ္တ၌ အတ္တဟု အယူမှားခြင်း – ဒိဋ္ဌိဝိပလ္လာသ၊
(၁၀) အသုဘ၌ သုဘဟု အမှတ်မှားခြင်း – သညာဝိပလ္လာသ၊
(၁၁) အသုဘ၌ သုဘဟု အသိမှားခြင်း – စိတ္တဝိပလ္လာသ၊
(၁၂) အသုဘ၌ သုဘဟု အယူမှားခြင်း – ဒိဋ္ဌိဝိပလ္လာသ၊

ဤသို့လျှင် မမြဲ, ဆင်းရဲ, အတ္တမဟုတ်, မတင့်တယ်သောအခြင်းအရာတို့၌ မြဲသည်, ချမ်းသာသည်, အတ္တဟုတ်သည်, တင့်တယ်သည်ဟုယူသော သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသဟူသော ဖောက်ပြန်မှားယွင်းခြင်းကို ဝိပလ္လာသဟုခေါ်၏။

(၁) **ပဌမမဂ်ဉာဏ်**သည် (က) အနိစ္စ၌ နိစ္စဟုအမှတ်မှား, အသိမှား, အယူမှားသည့် ဝိပလ္လာသ ၃ ပါး၊
(ခ) အနတ္တ၌ အတ္တဟု အမှတ်မှား, အသိမှား, အယူမှားသည့် ဝိပလ္လာသ ၃ ပါး၊
(ဂ) ဒုက္ခ၌ သုခဟုအယူမှားသော ဒိဋ္ဌိဝိပလ္လာသ ၁ ပါး၊
(ဃ) အသုဘ၌ သုဘဟုအယူမှားသော ဒိဋ္ဌိဝိပလ္လာသ ၁ ပါးတို့ကို ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် အသုဘ၌ သုဘဟု အမှတ်မှား, အသိမှားသော ဝိပလ္လာသ ၂ ပါးကိုပယ်၏။

(၃) **စတုတ္ထမဂ်ဉာဏ်**သည် ဒုက္ခ၌ သုခဟု အမှတ်မှား, အသိမှားသော ဝိပလ္လာသ ၂ ပါးကိုပယ်၏။

### • (ဆ) ဂန္ထ ၄ ပါး

နာမ်အပေါင်း (နာမကာယ)ကို လည်းကောင်း၊ ရုပ်အပေါင်း (ရူပကာယ)ကို လည်းကောင်း ဆက်စပ်ထုံးဖွဲ့တတ်သောကြောင့် ဂန္ထတို့မည်ကုန်၏။

ဂန္ထ၄ပါးမှာ အဘိဇ္ဈာကာယဂန္ထ (လောဘ), ဗျာပါဒကာယဂန္ထ (ဒေါသ), သီလဗ္ဗတပရာမာ သကာယဂန္ထ (ဒိဋ္ဌိ), ဣဒံသစ္စာဘိနိဝေသကာယဂန္ထ (ဒိဋ္ဌိ)တို့ ဖြစ်ကြ၏။

(၁) ပဌမမဂ်ဉာဏ်သည် သီလဗ္ဗတပရာမာသကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသကာယဂန္ထ တို့ကို ပယ်သတ်၏။

(၂) တတိယမဂ်ဉာဏ်သည် ဗျာပါဒကာယဂန္ထကို ပယ်သတ်၏။

(၃) စတုတ္ထမဂ်ဉာဏ်သည် အဘိဇ္ဈာကာယဂန္ထကို ပယ်သတ်၏။

### • (ဇ) အဂတိ ၄ ပါး

ချစ်ခြင်း (ဆန္ဒာဂတိ), မုန်းခြင်း(ဒေါသာဂတိ), မသိနားမလည်ခြင်း (မောဟာဂတိ), ကြောက်ခြင်း (ဘယာဂတိ) တို့ကြောင့် မပြုသင့်သောအမှုကိုပြုခြင်းနှင့် ပြုသင့်သည်ကို မပြုခြင်းတို့ကို အဂတိ ၄ ပါးဟုခေါ်သည်။ မှန်ပေ၏၊ ထိုမပြုသင့်သည်ကိုပြုခြင်းနှင့် ပြုသင့်သည်ကိုမပြုခြင်းတို့ကို အရိယာပုဂ္ဂိုလ်တို့သည် မရောက်အပ်, မရောက်ထိုက်သော ကြောင့် အဂတိဟူ၍ ဆိုအပ်၏။

(၁) ပဌမမဂ်ဉာဏ်သည် အဂတိ ၄ ပါးလုံးကို ပယ်သတ်၏။

• **(ဈ) အာသဝေါတရား ၄ ပါး**

(၁) **ကာမာသဝ** – ထွတ္ထုအာရုံကာမဂုဏ်ကို လိုချင်တပ်မက်သည့်တဏှာ၊

(၂) **ဘဝါသဝ** – ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံတို့၏အကျိုးဖြစ်သော ပြဟ္မာဘဝတို့ကို လိုချင်တက်မက်သည့်တဏှာ၊

(၃) **ဒိဋ္ဌာသဝ** – အယူလွဲမှု–မိစ္ဆာဒိဋ္ဌိ၊

(၄) **အဝိဇ္ဇာသဝ** – အာရုံ၏သဘောမှန်ကို မသိတွေဝေမှုမောဟ၊

တရားသဘောအားဖြင့် ဂေါတြဘူတိုင်အောင်၊ ဘဝအားဖြင့်ဘဝဂ်တိုင်အောင် အာရုံပြု သည့်အစွမ်းအားဖြင့် ဖြစ်တတ်သောကြောင့် '**အာသဝ**'မည်ကုန်၏။

တစ်နည်းကား ရေအိုး၏အပေါက်တို့မှ ရေကဲ့သို့ မပိတ်ဆို့အပ်သောဒွါရတို့မှ ယိုစီးတတ်သော ကြောင့် အမြဲတမ်းယိုထွက်ခြင်းအနက်သဘောအားဖြင့် '**အာသဝ**'မည်ကုန်၏။

တစ်နည်းကား သံသရာဝဋ္ဋ်ဆင်းရဲကိုဖြစ်ပွားစေတတ်သောကြောင့် '**အာသဝ**'မည်၏။

(၁) **ပဌမမဂ်ဉာဏ်**သည် ဒိဋ္ဌာသဝကို ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် ကာမာသဝကို ပယ်သတ်၏။

(၃) **စတုတ္ထမဂ်ဉာဏ်**သည် ဘဝါသဝနှင့် အဝိဇ္ဇာသဝတို့ကို ပယ်သတ်၏။

• **(ည) သြဃ ၄ ပါး၊ ယောဂ ၄ ပါး**

ဘဝတည်းဟူသော သမုဒ္ဒရာ၌ ဆွဲငင်တတ်သောအနက်သဘောကြောင့်လည်းကောင်း၊ ကူးမြောက်နိုင်ခဲသောအနက်သဘောကြောင့်လည်းကောင်း၊ အာသဝေါတရား ၄ ပါးကို **သြဃ ၄ ပါး**ဟုလည်းခေါ်ပါသည်။ ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဟု ခေါ်ပါသည်။

တစ်ဖန်အာရုံနှင့်ကင်းကွာခြင်းကိုလည်းကောင်း၊ ဆင်းရဲဒုက္ခနှင့်ကင်းကွာခြင်းကိုလည်း ကောင်း မပေးတတ်သောကြောင့် အာသဝေါ ၄ ပါးကို ယောဂ ၄ ပါးဟုလည်း ခေါ်ပါ သည်။ ယောဂ ၄ ပါးမှာ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂတို့ဖြစ်ကြ၏။

သြဃနှင့်ယောဂတို့၏အဓိပ္ပါယ်နှင့်တရားကိုယ်တို့မှာ အာသဝေါတရားအတိုင်းပင်ဖြစ်ကြ၏။ မဂ်ဉာဏ်ဖြင့်ပယ်သတ်ပုံမှာလည်း အတူတူပင်ဖြစ်ကြ၏။

• **(ဋ) နီဝရဏ ၅ ပါး**

စိတ်ကိုတားမြစ်တတ်, ပိတ်ဆို့တတ်, ဖုံးကွယ်တတ်သောအနက်သဘောကြောင့် 'နီဝရဏ' မည်၏။

(၁) **ကာမစ္ဆန္ဒနီဝရဏ** – ကာမဂုဏ်ကို လိုချင်တပ်မက်သောတဏှာလောဘ၊

(၂) **ဗျာပါဒနီဝရဏ** – စိတ်ဆိုး, စိတ်ပျက်, စိတ်ပူပန်ခြင်းအမျက်ဒေါသ၊

(၃) **ထိနမိဒ္ဓနီဝရဏ** – စိတ်လေးလံ, ထိုင်းမှိုင်း, ငိုက်မျဉ်းသည့်ထိနမိဒ္ဓ၊

(၄) **ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏ** – စိတ်ပျံ့လွင့်ခြင်း, နောင်တတစ်ဖန်ပူပန်ခြင်းသဘော၊

(၅) **ဝိစိကိစ္ဆာနီဝရဏ** – ဘုရား, တရား, သံဃာ, ကံတရားစသည်၌ ယုံမှားသံသယဖြစ် ခြင်းသဘော။

(၁) **ပထမမဂ်ဉာဏ်**သည် ဝိစိကိစ္ဆာနီဝရဏကို ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ကုက္ကုစ္စနီဝရဏတို့ကို ပယ်သတ်၏။

(၃) **စတုတ္ထမဂ်ဉာဏ်**သည် ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စနီဝရဏတို့ကို ပယ်သတ်၏။

• **(၄) ပရာမာသ**

ထိုထိုတရားတို့၏မတင့်တယ်ခြင်းစသည့် မှန်သောသဘောကိုကျော်လွန်၍ အမှန်မှတစ်ပါးသောတင့်တယ်ခြင်းစသည့်သဘောကို သုံးသပ်သောအခြင်းအရာဖြင့်ဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိသည် '**ပရာမာသ**' မည်၏။

(၁) **ပထမမဂ်ဉာဏ်**သည် ပရာမာသကိုပယ်သတ်၏။

• **(၃) ဥပါဒါန် ၄ ပါး**

ပြင်းစွာမြဲမြံစွာယူတတ်သောသဘောတရားသည် ဥပါဒါန်မည်၏။

(၁) **ကာမုပါဒါန်** – လိုချင်ဖွယ်ကာမဂုဏ်ကို ပြင်းစွာစွဲလမ်းသောလောဘ၊

(၂) **ဒိဋ္ဌုပါဒါန်** – အယူမှားကို မြဲမြံစွာစွဲလမ်းသောဒိဋ္ဌိစေတသိက်၊

(၃) **သီလဗ္ဗတုပါဒါန်** – အလေ့အကျင့်အမှားကို မြဲမြံစွာစွဲလမ်းသောဒိဋ္ဌိ၊

(၄) **အတ္တဝါဒုပါဒါန်** – အတ္တဟု မြဲမြံစွာ စွဲလမ်းသောဒိဋ္ဌိ၊

(၁) **ပထမမဂ်ဉာဏ်**သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်တို့ကို ပယ်သတ်၏။

(၂) **စတုတ္ထမဂ်ဉာဏ်**သည် ကာမုပါဒါန်ကိုပယ်သတ်၏။

• **(ပ) အနုသယ ၇ ပါး**

သတ္တဝါတို့၏နာမ်ခန္ဓာအစဉ်တွင် ဘဝအဆက်ဆက် အမြဲမပြတ်ကိန်းဝပ်လျက် လိုက်ပါနေသော ကိလေသာမျိုးစေ့ကို 'အနုသယ'ဟုခေါ်၏။ ထိုအနုသယသည် စိတ်တွင် ဥပါဒ်–ဋ္ဌီ–ဘင်အဖြစ် အထည်ကိုယ်ထင်ရှားစွာမဖြစ်ပေါ်သေးဘဲ ဆိုင်ရာအာရုံနှင့်ဆုံတွေ့သည့်အခါ စိတ်တွင်နိုးကြားထကြွ၍ဖြစ်ပေါ်လာအောင် အဆင်သင့်ဖြစ်နေသောကိလေသာမျိုးစေ့ ဖြစ်သည်။

(၁) **ကာမရာဂါနုသယ** – ကာမဂုဏ်အာရုံကို လိုချင်တပ်မက်သည့်တဏှာလောဘ။

(၂) **ဘဝရာဂါနုသယ** – ရူပဈာန်၊ အရူပဈာန်နှင့် ထိုဈာန်ကုသိုလ်ကံတို့၏အကျိုးဖြစ်သော ဗြဟ္မာဘဝတို့ကို လိုချင်တပ်မက်သည့်တဏှာလောဘ။

(၃) **ပဋိဃာနုသယ** – စိတ်ဆိုးစိတ်ပျက်၊ စိတ်ပူပန်သည့်အမျက်ဒေါသ၊

(၄) **မာနာနုသယ** – ထောင်လွှားဝင့်ကြွားခြင်း–မာန၊

(၅) **ဒိဋ္ဌာနုသယ** – အယူမှားခြင်း–ဒိဋ္ဌိ၊

(၆) **ဝိစိကိစ္ဆာနုသယ** – ရတနာမြတ်သုံးပါး၊ ကံတရားတို့၌ ယုံမှားမှု၊

(၇) **အဝိဇ္ဇာနုသယ** – အာရုံ၏သဘောမှန်ကို မသိတွေဝေမှု – မောဟ။

စိတ်တွင်ကိန်းဝပ်၍ ထကြွနိုးကြားရန် အားအစွမ်းသို့ရောက်သော ကာမရာဂါနုသယ စသည်ကို '**အနုသယ**' ဟုခေါ်ပါသည်။

(၁) **ပထမမဂ်ဉာဏ်**သည် ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယတို့ကို ပယ်သတ်၏။

(၂) **တတိယမဂ်ဉာဏ်**သည် ကာမရာဂါနုသယ, ပဋိဃာနုသယတို့ကို ပယ်သတ်၏။
(၃) **စတုတ္ထမဂ်ဉာဏ်**သည် မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယတို့ကို ပယ်သတ်၏။

• **(ဏ) မလခေါ်အညစ်အကြေး ၃ ပါး**

ဆီစွန်းသောညွန်ကဲ့သို့ မိမိတို့ကိုယ်တိုင်မစင်ကြယ်သောကြောင့်လည်းကောင်း၊ တစ်ပါးသောတရားတို့အားမစင်ကြယ်သည့်အဖြစ်ကို ပြုတတ်သောကြောင့်လည်းကောင်း၊ လောဘ, ဒေါသ, မောဟဟူသောတရားသုံးပါးသည် '**မလ**'မည်၏။

(၁) **တတိယမဂ်ဉာဏ်**သည် ဒေါသအညစ်အကြေးကို ပယ်သတ်၏။
(၂) **စတုတ္ထမဂ်ဉာဏ်**သည် လောဘ, မောဟအညစ်အကြေးတို့ကို ပယ်သတ်၏။

• **(တ) အကုသိုလ်ကမ္မပထ ၁၀ ပါး**

(၁) **ပါဏာတိပါတ** – သတ္တဝါကိုသတ်ခြင်း၊
(၂) **အဒိန္နာဒါန** – သူတစ်ပါး၏ဥစ္စာကိုခိုးယူခြင်း၊
(၃) **ကာမေသုမိစ္ဆာစာရ** – မပိုင်မဆိုင်သောမေထုန်ကာမတို့၌မှားယွင်းကျူးလွန်ခြင်း၊
(၄) **မုသာဝါဒ** – မမှန်သောစကားကိုလိမ်လည်ပြောဆိုခြင်း၊
(၅) **ပိသုဏာဝါစာ** – ဂုံးတိုက်စကားကိုပြောဆိုခြင်း
(၆) **ဖရုသဝါစာ** – ရုန့်ရင်းကြမ်းတမ်းသောစကားကိုပြောဆိုခြင်း။
(၇) **သမ္ဖပ္ပလာပ** – ပြိန်ဖျင်းသောအကျိုးမဲ့စကားကိုပြောဆိုခြင်း။
(၈) **အဘိဇ္ဈာ** – သူ့ဥစ္စာကို ရလိုသမှုရှေးရှုကြံစည်ခြင်း၊
(၉) **ဗျာပါဒ** – သူတစ်ပါးအား သေပျက်စေရန် ကြံစည်ခြင်း၊
(၁၀) **မိစ္ဆာဒိဋ္ဌိ** – ကံနှင့်ကံ၏အကျိုးမရှိဟု မှားယွင်းသောအယူကိုယူခြင်း။

ဤတရား ၁၀ ပါးသည် အကုသိုလ်ကံဖြစ်သောကြောင့်လည်းကောင်း၊ အပါယ်ဒုဂ္ဂတိသို့ရောက်ကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ '**အကုသလကမ္မပထ**' မည်ကုန်၏။

(၁) **ပထမမဂ်ဉာဏ်**သည် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာဒိဋ္ဌိတို့ကို ပယ်သတ်၏။
(၂) **တတိယမဂ်ဉာဏ်**သည် ပိသုဏာဝါစာ, ဖရုသဝါစာ, ဗျာပါဒတို့ကို ပယ်သတ်၏။
(၃) **စတုတ္ထမဂ်ဉာဏ်**သည် သမ္ဖပ္ပလာပနှင့် အဘိဇ္ဈာတို့ကို ပယ်သတ်၏။

• **(ထ) အကုသိုလ်စိတ္တုပ္ပါဒ် ၁၂ ပါး**

လောဘမူစိတ္တုပ္ပါဒ် ၈ ပါး, ဒေါသမူစိတ္တုပ္ပါဒ် ၂ ပါး, မောဟမူစိတ္တုပ္ပါဒ် ၂ ပါး တို့သည် အကုသိုလ်စိတ္တုပ္ပါဒ် ၁၂ ပါးမည်ကုန်၏။ စိတ်နှင့်ယှဉ်ဖက်စေတသိက်အပေါင်းအစု ကို စိတ္တုပ္ပါဒ်ဟုခေါ်၏။

(၁) **ပထမမဂ်ဉာဏ်**သည် လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ် ၄ ပါးနှင့် မောဟမူဝိစိကိစ္ဆာသမ္ပယုတ်စိတ္တုပ္ပါဒ်တို့ကို ပယ်သတ်၏။
(၂) **တတိယမဂ်ဉာဏ်**သည် ဒေါသမူစိတ္တုပ္ပါဒ် ၂ ပါးကိုပယ်သတ်၏။
(၃) **စတုတ္ထမဂ်ဉာဏ်**သည် ကြွင်းသောအကုသိုလ်စိတ္တုပ္ပါဒ် ၅ ပါးကို ပယ်သတ်၏။

**မှတ်ချက်** – ပဌမမဂ်ဉာဏ်သည် အပါယ်သို့လားစေတတ်သောသတ္တိကို ပယ်သတ်၏။
– **ဒုတိယမဂ်ဉာဏ်**သည် အပါယ်ကျစေသောသတ္တိမှကြွင်းသော ရုန့်ရင်းသည့်သတ္တိကိုပယ်၏။
– **တတိယမဂ်ဉာဏ်**သည် သိမ်မွေ့သောသတ္တိကို ပယ်သတ်၏။
– **စတုတ္ထမဂ်ဉာဏ်**သည် ကြွင်းကျန်သည့်အလွန်သိမ်မွေ့သောသတ္တိတို့ကို ပယ်သတ်၏။

အကြင်အကုသိုလ်ကို အကြင်ဉာဏ်သည် ပယ်သတ်၏၊ ထိုအကုသိုလ်သည် ထိုဉာဏ်ဖြင့် ပယ်အပ်သော '**ပဟာတဗ္ဗ**' မည်၏။

**• အကုသိုလ်ပယ်ခြင်း၌ စောဒနာနှင့်ဖြေရှင်းချက်**

**စောဒနာ ၁ မဂ်ဉာဏ်တို့သည် အကုသိုလ်တို့ကိုပယ်ရာ၌ အတိတ်, အနာဂတ် အကုသိုလ်တို့ကို ပယ်ကုန်သလော ပစ္စုပ္ပန်အကုသိုလ်တို့ကို ပယ်ကုန်သလော?**

**ဖြေရှင်းချက်**

အကယ်၍ အတိတ်, အနာဂတ်အကုသိုလ်တရားတို့ကို ပယ်ငြားအံ့၊ သို့ဖြစ်လျှင် အားထုတ်ခြင်းသည် အကျိုးမရှိသည်ဖြစ်ရာ၏၊ အဘယ်ကြောင့်ဆိုသော် ပယ်အပ်သော အတိတ်, အနာဂတ်တရားတို့ မရှိခြင်းကြောင့်တည်း။

သို့မဟုတ် ပစ္စုပ္ပန်အကုသိုလ်တရားတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင်လည်း အားထုတ်မှုသည် အကျိုးမရှိသည်သာတည်း။ အဘယ်ကြောင့်နည်းဟူမူ ပယ်အပ်သောတရားတို့သည် အားထုတ်မှုနှင့်အတူတကွ ရှိနေသောကြောင့်တည်း။

ပညာပွားရန်အားထုတ်မှုဟူသည့် မဂ်ကိုဖြစ်ပွားစေခြင်း(မဂ္ဂဘာဝနာ)သည်လည်း ညစ်ညူးကြောင်းကိလေသာတို့နှင့်ယှဉ်သည်သော်လည်း ဖြစ်ရာ၏။ သို့မဟုတ်လျှင် ကိလေသာတို့သည် စိတ်နှင့်မယှဉ်သော ဝိပ္ပယုတ်တရားတို့သော်လည်း ဖြစ်ရာ၏။ သို့သော် စိတ်နှင့်မယှဉ်သော ပစ္စုပ္ပန်ကိလေသာမည်သည် မရှိပေ။

ဤမေးခွန်းသည် **ပဋိသမ္ဘိဒါမဂ်**၌လည်း မေးမြန်း၍ဖြေဆိုပြီးဖြစ်လေ၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ အောက်ပါအတိုင်းဖော်ပြထား၏။

*''အကြင်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကိလေသာတို့ကို ပယ်၏၊ ထိုပုဂ္ဂိုလ်သည် အတိတ်ကိလေသာတို့ကို ပယ်သလော၊ အနာဂတ်ကိလေသာတို့ကို ပယ်သလော၊ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်သလော?*

*အကယ်၍အတိတ်ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် ကုန်ပြီးကိုကုန်စေရာရောက်၏၊ ချုပ်ပြီးကို ချုပ်စေရာရောက်၏၊ ကင်းပြီးကို ကင်းစေရာရောက်၏၊ ကွယ်ပျောက်ပြီးကို ကွယ်ပျောက်စေရာရောက်၏၊ လွန်လေပြီးသော အကြင်အတိတ်တရားသည် ထိုမင်္ဂခဏ၌ မရှိတော့ပြီ၊ မရှိတော့သောတရားကို ပယ်ရာရောက်၏''ဟု အပြစ်ပြဆိုပြီးလျှင်*

*''အတိတ်ကိလေသာတို့ကို ပယ်သည်မဟုတ်''ဟု ပယ်မြစ်လေပြီ။ ထို့အတူပင်–*

*''အကယ်၍ အနာဂတ်ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် မဖြစ်သေးသည်ကို ပယ်ရာရောက်၏၊ မပေါ်သေးသည်ကို ပယ်ရာရောက်၏၊ မဖြစ်ပေါ်သေးသည်ကို ပယ်ရာရောက်၏၊ မထင်ရှားမဖြစ်သေးသည်ကို ပယ်ရာရောက်၏၊ မရောက်လာသေးသောအကြင်အနာဂတ်တရားသည် ထိုမင်္ဂခဏ၌မရှိသေး၊ ထိုမရှိသေးသောအရာကို ပယ်ရာရောက်၏''ဟု*

*အပြစ်ပြဆိုပြီးလျှင်*

*''အနာဂတ်ကိလေသာတို့ကို ပယ်သည်မဟုတ်''ဟု ပယ်မြစ်လေပြီ။ ထို့အတူပင် –*

*''အကယ်၍ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်ငြားအံ့၊ ထိုသို့ဖြစ်လျှင် တပ်မက်လျက် တပ်မက်မှုရာဂကို ပယ်ရာရောက်၏၊ အမျက်ထွက်လျက် အမျက်ထွက်မှု–ဒေါသကို ပယ်ရာ ရောက်၏။ တွေဝေလျက် တွေဝေမှု–မောဟကို ပယ်ရာရောက်၏၊ မာန်ထောင်လျက် မာန်မာနကို ပယ်ရာရောက်၏၊ မှားယွင်းစွာသုံးသပ်လျက် အမြင်မှားမှု–ဒိဋ္ဌိကို ပယ်ရာ ရောက်၏၊ ပျံ့လွင့်ခြင်းသို့ရောက်လျက် ပျံ့လွင့်မှု– ဥဒ္ဓစ္စကို ပယ်ရာရောက်၏၊ မဆုံးဖြတ်မဝေခွဲ နိုင်ခြင်းသို့ရောက်လျက် ယုံမှားမှု–ဝိစိကိစ္ဆာကို ပယ်ရာရောက်၏၊ ဖြစ်စွမ်းနိုင်သောအားစွမ်းသို့ ရောက်လျက် ဖြစ်ထိုက်သောအနုသယကို ပယ်ရာရောက်၏၊ မည်းညစ်သောအကုသိုလ် တရားနှင့် ဖြူစင်သောကုသိုလ်တရားတို့သည် ထမ်းပိုး၌တူညီအစုံဖွဲ့ထားသကဲ့သို့ ဖြစ်ကုန်ရာ၏၊ မဂ်ကိုပွားစေခြင်းသည် ညစ်ညှူးကြောင်းကိလေသာတို့နှင့် ရောနှောယှဉ်တွဲသည်ဖြစ်ရာ၏''ဟု အပြစ်ပြဆိုပြီးလျှင်–*

*''အတိတ်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ အနာဂတ်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်၊ ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်သည်မဟုတ်''ဟု အလုံးစုံကို ပယ်မြစ် လေပြီ။*

**စောဒနာ ၂ ''ထိုသို့ဖြစ်လျှင် မဂ်ကိုပွားစေခြင်းသည် မရှိပြီလော၊ ဖိုလ်ကိုမျက်မှောက်ပြု ခြင်းသည် မရှိပြီလော၊ ကိလေသာကိုပယ်ခြင်းသည် မရှိပြီလော၊ သစ္စာလေးပါးကို သိမြင်ခြင်းသည် မရှိပြီလော**''ဟူသော မေးခွန်း၏အဆုံး၌ –

*''မရှိသည်ကားမဟုတ်၊ မဂ်ကိုပွားစေခြင်းသည် ရှိပေ၏။ ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် ရှိပေ၏၊ ကိလေသာကို ပယ်ခြင်းသည်ရှိပေ၏၊ သစ္စာလေးပါးတရားကို သိမြင်ခြင်းသည် ရှိပေ၏'' ဝန်ခံပြီးလျှင် ''**အဘယ်ကဲ့သို့နည်း**''ဟု မေးလတ်သော် အောက်ပါစကားကို ဟောတော်မူ၏။*

*''ဥပမာအားဖြင့် အသီးမသီးသောနုပျိုသည့်သစ်ပင်ကို ယောကျ်ားတစ်ဦးသည် အရင်း၌ ဖြတ်လှဲ၏၊ ထိုသစ်ပင်၏မဖြစ်သေးသောအသီးတို့သည် ဖြစ်ပြီးမဟုတ်၍သာလျှင် မဖြစ် လာကုန်၊ ပေါ်ပြီးမဟုတ်၍သာလျှင် မပေါ်လာကုန်၊ ဖြစ်ပေါ်ပြီးမဟုတ်၍သာလျှင် ထင်ရှား မဖြစ်လာသကဲ့သို့ ထို့အတူပင်လျှင် –*

*''ဖြစ်ပေါ်ခြင်းသည် ကိလေသာတို့ဖြစ်ပေါ်ခြင်းငှာအကြောင်းတည်း၊ ဖြစ်ပေါ်ခြင်းသည် အထောက်အပံ့တည်း''ဟုဖြစ်ပေါ်ခြင်း၌ အပြစ်မြင်၍ အပြစ်ကင်းသောနိဗ္ဗာန်၌ စိတ်သည် ပြေးဝင်၏၊ ဖြစ်ပေါ်ခြင်းကင်းသောနိဗ္ဗာန်၌ စိတ်၏ပြေးဝင်ခြင်းကြောင့် ဖြစ်ပေါ်ခြင်းဟူသော အကြောင်းကြောင့်ဖြစ်နိုင်သော ကိလေသာတို့သည် ဖြစ်ပြီးမဟုတ်၍သာလျှင် မဖြစ်လာကုန်၊ ပေါ်ပြီးမဟုတ်၍သာလျှင် မပေါ်လာကုန်၊ ဖြစ်ပေါ်ပြီးမဟုတ်၍သာလျှင် မဖြစ်ပေါ်လာကုန်၊ ထင်ရှားဖြစ်ပြီးမဟုတ်၍သာလျှင် ထင်ရှားဖြစ်မလာကုန်။ ဤသို့လျှင် အကြောင်းကိလေသာတို့ ၏ ချုပ်ခြင်းကြောင့် ဖြစ်လတ္တံ့သောဆင်းရဲဒုက္ခ၏ချုပ်ခြင်းသည် ဖြစ်ပေ၏။*

*''ဖြစ်ပွားခြင်းသည် ကိလေသာတို့ဖြစ်ပေါ်ခြင်းငှာအကြောင်းတည်း။ ပ ။ သင်္ခါရနိမိတ်သည်*

*ကိလေသာတို့ဖြစ်ပေါ်ခြင်းငှာအကြောင်းတည်း။ ပ ။ အားထုတ်ခြင်းသည် ကိလေသာတို့ ဖြစ်ပေါ်ခြင်းငှာအကြောင်းတည်း၊ ပ ။ အားထုတ်ခြင်းကင်းသောနိဗ္ဗာန်၌ စိတ်၏ပြေးဝင်ခြင်း ကြောင့် အားထုတ်ခြင်းဟူသောအကြောင်းကြောင့် ဖြစ်နိုင်သောကိလေသာတို့သည် ဖြစ်ပြီး မဟုတ်၍သာလျှင် ထင်ရှားဖြစ်မလာကုန်။ ဤသို့လျှင် အကြောင်းကိလေသာတို့၏ ချုပ်ခြင်း ကြောင့် ဖြစ်လတ့ံသောဆင်းရဲဒုက္ခ၏ချုပ်ခြင်းသည် ဖြစ်ပေ၏။*

*ဤသို့လျှင် မဂ်ကိုပွားစေခြင်းသည် ရှိပေ၏။ ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် ရှိပေ၏၊ ကိလေသာပယ်ခြင်းသည် ရှိပေ၏၊ သစ္စာလေးပါးတရားကိုသိခြင်းသည် ရှိပေ၏''*

**• ဘူမိလဒ္ဓုပ္ပန္နကိလေသာ**

အထက်ပါပဋိသမ္ဘိဒါမဂ်ပါဠိတော်စကားဖြင့် အဘယ်ကိုပြသနည်းဟူမူ ဘူမိလဒ္ဓမည်သော အနုသယကိလေသာတို့ကို ပယ်ခြင်းကိုပြ၏။ ထိုဘူမိလဒ္ဓမည်သော အနုသယကိလေသာတို့ သည် အတိတ်လော, အနာဂတ်လော, ပစ္စုပ္ပန်လောဟုမေးလျှင် ထိုကိလေသာတို့သည် ''**ဘူမိလဒ္ဓုပ္ပန္နကိလေသာ**'' မည်၏ဟု ဖြေအပ်၏။

'**ဘူမိလဒ္ဓုပ္ပန္နကိလေသာ**'ဟူသည်မှာ ဖြစ်ရာဘုံအာရုံကို ရထားသောကြောင့် ဘယ်အချိန်မဆို ဖြစ်ပေါ်နိုင်၍ 'ဖြစ်ပေါ်နေသည်'ဟုဆိုရသော ကိလေသာပင်တည်း။

ချုံ၍ပြရလျှင် – **ဖြစ်ပေါ်သည်ဟုခေါ်သော ဥပ္ပန္နသည် (၁) ဝတ္တမာန (၂) ဘူတာပဂတ (၃) ဩကာသကတ (၄) ဘူမိလဒ္ဓတို့၏အစွမ်းအားဖြင့် ၄ မျိုးရှိ၏။**

## (၁) ဝတ္တမာနဥပ္ပန္န

ဥပါဒ်, ဌီ, ဘင်သို့ရောက်ဆဲဖြစ်သောတရားအလုံးစုံသည် ဝတ္တမာနဥပ္ပန္န (ဖြစ်ဆဲဥပ္ပန္န) မည်၏။

## (၂) ဘူတာပဂတဥပ္ပန္န

အာရုံ၏အရသာကိုခံစားပြီး၍ချုပ်လေသောကြောင့် (အနုဘူတာပဂတ) ဖြစ်ပြီး၍ ကင်းသွား သည်ဟုဆိုအပ်သော ကုသိုလ်အကုသိုလ်တရားတို့သည်လည်းကောင်း၊ ဥပါဒ်, ဌီ, ဘင်သို့ ရောက်ပြီး၍ချုပ်လေသောကြောင့် (ဘူတာပဂတ) ဖြစ်ပြီး၍ကင်းသွားသည်ဟုဆိုအပ်သော ကြွင်းသည့်သင်္ခါရအပေါင်းသည်လည်းကောင်း၊ ဘူတာပဂတဥပ္ပန္န (ခံစားပြီး, ဖြစ်ပေါ်ပြီး၍ ကင်းသွားသောဥပ္ပန္န) မည်၏။

## (၃) ဩကာသကတဥပ္ပန္န

''ထိုပုဂ္ဂိုလ်အား ရှေး၌ပြုအပ်ပြီးသောကံတို့သည် ရှိကုန်၏''ဟု ဟောတော်မူသော ကံသည် အတိတ်တရားဖြစ်ငြားသော်လည်း အခြားတစ်ပါးသောကံအကျိုးဝိပါက်ကို တားမြစ်ပြီးလျှင် မိမိ၏အကျိုးဝိပါက်အား ခွင့်ပြုလျက်တည်သောကြောင့်လည်းကောင်း၊ ထိုသို့ခွင့်ပြုပြီးသောဝိပါက်သည် ဖြစ်ပြီးဖြစ်ဆဲမဟုတ်ငြားသော်လည်း ဤသို့ခွင့်ပြုအပ်သည်ရှိ သော် ကေန်စင်စစ်အားဖြင့် ဖြစ်တော့မည်ဖြစ်သောကြောင့်လည်းကောင်း၊ ဩကာသကတ ဥပ္ပန္န (ပြုပြီး၍ဖြစ်ခွင့်ရှိသောဥပ္ပန္န) မည်၏။

## (၄) ဘူမိလဒ္ဓဥပ္ပန္န

ထိုထိုလူနတ်စသည်တို့၏ခန္ဓာဟူသောဖြစ်ရာဘုံတို့၌ အရိယာမဂ်ဖြင့် အကြွင်းမဲ့မပယ်မနုတ်

ရသေးသောအကုသိုလ်သည် ဘူမိလဒ္ဓုပ္ပန္န (ဖြစ်ရာဘုံကိုရသောဥပ္ပန္န) မည်၏။

**• ဘူမိနှင့်ဘူမိလဒ္ဓထူးခြားချက်**

ဘူမိလဒ္ဓုပ္ပန္နဟူသောပုဒ်၌ ဘူမိ(ဖြစ်ရာဘုံ)နှင့် ဘူမိလဒ္ဓ (ဖြစ်ရာဘုံကိုရသောကိလေသာ) တို့၏ထူးခြားချက်မှာ – ဝိပဿနာ၏အာရုံဖြစ်သော ဘုံးသုံးပါး၌ဖြစ်သည့် ခန္ဓာငါးပါးတရားတို့သည် **ဘူမိ=ဖြစ်ရာဘုံ**မည်၏။

ထိုခန္ဓာတို့၌ဖြစ်ထိုက်သောကိလေသာအပေါင်းသည် **ဘူမိလဒ္ဓ = ဖြစ်ရာဘုံကိုရသော ကိလေသာ**မည်၏။

**• အာရုံပြုခြင်းအစွမ်းဖြင့် ဘူမိကိုရသည်မဟုတ်**

ကိလေသာအပေါင်းသည် ဘူမိဟုခေါ်သောဘုံသုံးပါး၌ဖြစ်သည့် (တေဘူမက) ခန္ဓာငါးပါးကို အာရုံပြုသည့်အစွမ်းဖြင့် ရသည်မဟုတ်ပေ။ အကယ်၍ အာရုံပြုသည့်အစွမ်းဖြင့် ရအပ်၏ဟုယူခဲ့သော် အပြစ်ကား–ပစ္စုပ္ပန်ခန္ဓာတို့ကိုမဆိုထားဘိ၊ အလုံးစုံသော အတိတ်, အနာဂတ်ခန္ဓာတို့ကိုလည်းကောင်း၊ ရဟန္တာတို့၏ခန္ဓာတို့ကိုလည်းကောင်း အာရုံပြု၍ ကိလေသာ တို့သည် ဖြစ်ပေါ်နိုင်ရာ၏။

ဥပမာ **အရှင်မဟာကစ္စည်းမထေရ်**၏ခန္ဓာကိုယ်ကိုမြင်၍ **သောရေယျသူဌေးသား**၏သန္တာန် ၌ ကိလေသာဖြစ်သကဲ့သို့၊ **ဥပ္ပလဝဏ်ထေရီ**ကိုမြင်၍ **နန္ဒလုလင်**၏သန္တာန်၌ ကိလေသာဖြစ် သကဲ့သို့တည်း။ ဤသို့ သူတစ်ပါး၏ခန္ဓာကိုအာရုံပြု၍ ဖြစ်ပေါ်လာသောကိလေသာကို ဘူမိလဒ္ဓမည်၏ဟုမှတ်ယူခဲ့သော် ထိုကိလေသာသည် ပယ်နိုင်သောကိလေသာမဟုတ်သော ကြောင့် (ဘုရားရှင်သော်မှမပယ်သတ်ပေးနိုင်သောကြောင့်) တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်မျှ ဘဝ၏အမြစ်အရင်းဖြစ်သည့်ကိလေသာကို မပယ်နိုင်ရာ။ ထို့ကြောင့်ခန္ဓာငါးပါးကို ကိလေသာ တရားတို့က အာရုံပြုသည့်အစွမ်းဖြင့် ရအပ်သည်မဟုတ်ပေ။

**• တည်ရာဝတ္ထုအစွမ်းဖြင့် ဘူမိကိုရ၏။**

စင်စစ်သော်ကား ဖြစ်ရာဝတ္ထု၏အစွမ်းအားဖြင့်သာ ဘူမိလဒ္ဓကိလေသာကိုသိအပ်၏၊ မှန်ပေ၏။ အကြင်အကြင်သန္တာန်၌ ဝိပဿနာဖြင့်ပိုင်းခြား၍ မသိအပ်ကုန်သောခန္ဓာတို့သည် ဖြစ်ကုန်၏၊ ထိုထိုသန္တာန်၌ ရှေးဦးအစဖြစ်သည်မှစ၍ ထိုခန္ဓာတို့၌ ဘဝ၏အမြစ်အရင်း ဖြစ်သော ကိသေလာအပေါင်းသည် ကိန်းသည်သာတည်း။ ထိုကိန်းသောအနုသယကိလေသာ အပေါင်းသည် မဂ်ဖြင့်မပယ်အပ်သေးသောအနက်သဘောကြောင့် ဘူမိလဒ္ဓ = ဖြစ်ရာဘုံကို ရသောကိလေသာမည်၏ဟူ၍ သိအပ်၏။

အကြင်သူ၏ခန္ဓာတို့၌ မပယ်အပ်သေးသော အနုသယကိလေသာများရှိပါက ထိုသူ၏ ခန္ဓာတို့သည်သာလျှင် ထိုအနုသယကိလေသာတို့၏ဖြစ်ရာဝတ္ထုတည်း။ တစ်ပါးသောသူတို့၏ ခန္ဓာတို့သည် ထိုကိလေသာတို့၏ဖြစ်ရာဝတ္ထုမဟုတ်။

အတိတ်ခန္ဓာတို့၌ မပယ်အပ်သေးသည်ဖြစ်၍ ကိန်းသေမည်သောအနုသယကိလေသာတို့၏ ဖြစ်ရာဝတ္ထုသည် ထိုအတိတ်ခန္ဓာတို့သာဖြစ်၏။ ထိုမှတစ်ပါးသောအနာဂတ်, ပစ္စုပ္ပန်ခန္ဓာတို့ မဟုတ်ကုန်။ အနာဂတ်ခန္ဓာစသည်တို့၌လည်း ဤနည်းပင်တည်း။

ထို့အတူ ကာမာဝစရခန္ဓာတို့၌ မပယ်အပ်သေးသည့်အနုသယကိလေသာတို့၏ဖြစ်ရာ ဌာနသည် ကာမာဝစရခန္ဓာတို့သာလျှင်တည်း၊ ရူပါဝစရ, အရူပါဝစရခန္ဓာတို့မဟုတ်ကုန်။ ရူပါဝစရ, အရူပါဝစရခန္ဓာတို့၌လည်း ဤနည်းပင်တည်း။

**ဘူမိအမည်မရသောခန္ဓာ**

အရိယာပုဂ္ဂိုလ်တို့တွင်မူကား အကြင်အကြင်အရိယာပုဂ္ဂိုလ်၏ခန္ဓာတို့၌ ဝဋ္ဋ၏အမြစ်အရင်း ဖြစ်သော ထိုထိုအနုသယကိလေသာအပေါင်းကို ထိုထိုအရိယာမဂ်ဖြင့် ပယ်အပ်လေပြီ၊ ထိုထိုအရိယာပုဂ္ဂိုလ်တို့၏ထိုထိုခန္ဓာတို့သည် ထိုပယ်အပ်ပြီးကုန်သော အနုသယကိလေသာတို့၏ ဖြစ်ရာဌာနမဟုတ်တော့သောကြောင့် ဘူမိ(ဘုံ)ဟူသော အမည်ကို မရကုန်။

**• ဝိပါကဝဋ်တရားလည်ရသည့်အကြောင်း**

ပုထုဇဉ်တို့မှာမူကား ဝဋ္ဋမြစ်အနုသယကိလေသာတို့ကို အခါခပ်သိမ်းမပယ်ရသေး သောကြောင့် တစ်စုံတစ်ခုသောအမှုကိုပြုသည်ရှိသော် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံ သည် ဖြစ်၏။ ထို့ကြောင့် ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့အား ကံနှင့်ကိလေသာဟူသောအကြောင်းကြောင့် ဝိပါကဝဋ္ဋတရားသည် လည်ပတ်လျက်ရှိ၏။

**မည်သည့်ခန္ဓာ၌ ကိလေသာကိန်းသနည်း**

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ဝဋ္ဋမြစ်အနုသယကိလေသာသည် ရူပက္ခန္ဓာ၌သာ ကိန်း၏။ ဝေဒနာက္ခန္ဓာ စသည်၌ မကိန်း။ ပ ။ ဝိညာဏက္ခန္ဓာ၌သာလျှင် ကိန်း၏၊ ရူပက္ခန္ဓာစသည်တို့၌ မကိန်းဟူ၍မဆိုအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် သာမညအားဖြင့် ခန္ဓာငါးပါးလုံး၌ ကိန်းသည့်အဖြစ်ကြောင့်တည်း။

**ဥပမာအားဖြင့်** သစ်ပင်၌ မြေဆီဩဇာစသည် ကိန်းနေသကဲ့သို့တည်း။ သစ်ပင်ကြီးတို့ သည် မြေပြင်၌တည်လျက် မြေဆီဩဇာ, ရေဆီဩဇာတို့ကိုမှီ၍ ထိုမြေရေအဆီဩဇာဟူသော အကြောင်းကြောင့် အမြစ်, ပင်စည်, ကိုင်းကြီး, ကိုင်းငယ်, ရွက်နု, ရွက်ရင့်, အပွင့်, အသီးတို့ဖြင့် ကြီးပွားစည်ပင်ကာ ကမ္ဘာဆုံးသည့်တိုင်အောင် မျိုးဆက်အဆင့်ဆင့်ဖြင့် သစ်ပင်အဆက်အနွယ်ကို ရှည်ပြန့်ဆက်စပ်လျက်တည်လတ်သော် ထိုမြေရေအဆီဩဇာ စသည်တို့သာ အမြစ်၌သာရှိ၏၊ ပင်စည်စသည်တို့၌မရှိ၊ ပ ။ အသီး၌သာရှိ၏၊ အမြစ်စသည် တို့၌မရှိဟူ၍ မဆိုအပ်သကဲ့သို့တည်း။ အဘယ့်ကြောင့်နည်းဟူမူ ထိုမြေရေအဆီဩဇာ စသည်တို့သည် သာမညအားဖြင့် တစ်ပင်လုံး၌ အစဉ်လျှောက်လျက်ရှိနေသောကြောင့်တည်း။

**ခန္ဓာအစဉ်ငြိမ်းပုံ**

ဥပမာအားဖြင့် ထိုသစ်ပင်ကြီး၏အပွင့်အသီးစသည်တို့၌ ငြီးငွေ့စက်ဆုပ်လျက် မလိုလား သောယောကျ်ားတစ်ယောက်သည် သစ်ပင်၏လေးမျက်နှာတို့၌ ဖားဆူးမည်သောအဆိပ်ရှိသည့် (ငါးရိုး)ဆူးကို ရိုက်သွင်းရာ၏။ ထိုသစ်ပင်သည် ထိုအဆိပ်၏အစွမ်းဖြင့် မြေဆီဩဇာ, ရေဆီဩဇာတို့၏ကုန်ခန်းခြင်းကြောင့် မတိုးပွား, မစည်ပင်သည့်အဖြစ်သို့ရောက်၍ တစ်ဖန် သစ်ပင်အစဉ်အဆက်ကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ရာသကဲ့သို့၊

ဤအတူပင်လျှင် ခန္ဓာတို့၏ဖြစ်ခြင်း၌ ငြီးငွေ့စက်ဆုပ်သောအမျိုးသားသည် သစ်ပင်၏

လေးမျက်နှာ၌အဆိပ်ကိုယှဉ်စေခြင်းကဲ့သို့ မိမိ၏သန္တာန်၌ လေးပါးသောမဂ်ကိုပွားစေခြင်းငှာ အားထုတ်၏။ ထိုမှနောက်၌ ထိုအမျိုးသား၏ခန္ဓာအစဉ်သန္တာန်သည် ထိုလေးပါးသော မဂ်တည်းဟူသည့် အဆိပ်အတွေ့ဖြင့် ဝဋ္ဋမြစ်ကိလေသာတို့ကို အချင်းခပ်သိမ်း ကုန်စေပြီး ဖြစ်သောကြောင့် အလုံးစုံသောကာယကံ, ဝစီကံ, မနောကံတို့သည် ကြိယာအဖြစ်မျှသို့ ရောက်ကုန်၏။ တစ်ဖန်ဘဝသစ်ဖြစ်ပေါ်ခြင်းသဘောမရှိသည့်အဖြစ်သို့ရောက်၍ ဘဝတစ်ပါးဟူ သော ရုပ်နာမ်ခန္ဓာအစဉ်ကို ဖြစ်စေခြင်းငှာမစွမ်းနိုင်၊ နောက်ဆုံးစုတိစိတ်ချုပ်ခြင်းဖြင့် လောင်စာမရှိသောမီးကဲ့သို့ စွဲလမ်းမှုဥပါဒါန်ကင်းသည်ဖြစ်၍ သက်သက်ငြိမ်းရုံမျှ ငြိမ်းအေး သွားလေတော့၏။

## • တစ်နည်းအားဖြင့် ဥပ္ပန္န ၄ မျိုး

### (၁) **သမုဒါစာရဥပ္ပန္န**

ထတ္တမာနဥပ္ပန္န (ဖြစ်ဆဲဥပ္ပန္န)ပင်လျှင် သမုဒါစာရဥပ္ပန္န (ဖြစ်ဆဲဥပ္ပန္န) မည်၏။

### (၂) **အာရမ္မဏာဓိဂ္ဂဟိတဥပ္ပန္န**

စက္ခုဒွါရစသည်၌ အာရုံထင်လတ်သော် ရှေးအဖို့မြင်ဆဲကာလစသည်၌ ကိလေသာမဖြစ် သေးသော်လည်း အာရုံကိုထင်ရှားစွာယူထားပြီးဖြစ်သောကြောင့် နောက်အဖို့ပြန်လည်ဆင်ခြင် သည့်ကာလ၌ စင်စစ်ကေန်ဖြစ်တတ်သောကြောင့် ထိုသို့သောကိလေသာအပေါင်းကို အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န (အာရုံကိုထင်ရှားစွာယူထားပြီးဖြစ်၍ ဖြစ်ပေါ်နေသည်မည်သော ကိလေသာ) ဟူ၍ ဆိုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူ ကလျာဏရွာ၌ဆွမ်းခံကြွသော **မဟာတိဿမထေရ်**အား မာတုဂါမ (အမျိုးသမီး)၏အဆင်းကိုမြင်သောကြောင့် ဖြစ်ပေါ်လာသောကိလေသာကဲ့သို့တည်း။

### (၃) **အဝိက္ခမ္ဘိတဥပ္ပန္န**

သမထ, ဝိပဿနာတစ်ပါးပါး၏အစွမ်းဖြင့် မပယ်ခွါရသေးသောကိလေသာအပေါင်းသည် စိတ်သန္တာန်သို့မတက်ရောက်သေးသော်လည်း ထိုကိလေသာအပေါင်း၏ဖြစ်ခြင်းကို တားမြစ်တတ်သည့်အကြောင်းမရှိသောကြောင့် အဝိက္ခမ္ဘိတုပ္ပန္န (မခွါအပ်သေးသည်ဖြစ်၍ ဖြစ်ပေါ်နေသည်ဟုဆိုအပ်သောကိလေသာ) မည်၏။

### (၄) **အသမူဟတဥပ္ပန္န**

သမထ, ဝိပဿနာ၏အစွမ်းအားဖြင့် ပယ်ခွါထားပြီးဖြစ်သော်လည်း အရိယာမဂ်ဖြင့် အကြွင်းမဲ့မပယ်နုတ်အပ်သေးသောကြောင့် ဖြစ်ခြင်းသဘောရှိသည်အဖြစ်ကို မကျော်လွန်သည့် အဖြစ်ကြောင့် ဖြစ်ပေါ်သောကိလေသာကို အသမူဟတုပ္ပန္န (အကြွင်းမဲ့မပယ်နုတ်အပ်သေး သည်ဖြစ်၍ ဖြစ်ပေါ်နေသည့်ကိလေသာ)ဟူ၍ ဆိုအပ်၏။

အဘယ်ကဲ့သို့နည်းဟူမူ သမာပတ်ရှစ်ပါးကိုရသည်ဖြစ်၍ ကောင်းကင်ဖြင့်ကြွသွားသော မထေရ်အား ဥယျာဉ်၌ ချိုအေးသောအသံဖြင့်သီချင်းဆိုလျက် ပန်းခူးနေသောသီချင်း သံကြောင့် ဖြစ်ပေါ်လာသော ကိလေသာအပေါင်းကဲ့သို့တည်း။

**မှတ်ချက်** – အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န, အဝိက္ခမ္ဘိတုပ္ပန္န, အသမူဟတုပ္ပန္နမည်သောကိလေသာ အပေါင်းကို ဘူမိလဒ္ဓကိလေသာဖြင့်သာလျှင် ရေတွက်အပ်၏။

**အပ္ပဟာတဗ္ဗဥပ္ပန္န**

ဤဥပ္ပန္နမည်သောကိလေသာအပေါင်းတွင် (၁) ဝတ္တမာနုပ္ပန္န (၂) ဘူတာပဂတုပ္ပန္န (၃) ဩကာသကတုပ္ပန္န (၄) သမုဒါစာရုပ္ပန္နဟူသော ဥပ္ပန္န ၄ ပါးသည် မဂ်ဖြင့်ပယ်အပ်သောကိလေသာမဟုတ်သောကြောင့် တစ်စုံတစ်ခုသောဉာဏ်ဖြင့်သော်လည်း ပယ်အပ်သောတရား (ပဟာတဗ္ဗတရား) မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့ကို '**အပ္ပဟာတဗ္ဗဥပ္ပန္န**'ဟုခေါ်၏။

**ပဟာတဗ္ဗဥပ္ပန္န**

(၁) ဘူမိလဒ္ဓုပ္ပန္န (၂) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န (၃) အဝိက္ခမ္ဘိတုပ္ပန္န (၄) အသမူဟတုပ္ပန္နဟူသည် ၄ ပါးသောဥပ္ပန္နကိလေသာတို့၏ဥပ္ပန္နအဖြစ်ကို ဖျက်ဆီးလျက် ထိုထိုလောကီဉာဏ်, လောကုတ္တရာဉာဏ်သည် ဖြစ်ပေါ်၏။ ထို့ကြောင့် ထိုဥပ္ပန္နကိလေသာ ၄ ပါးသည် ပယ်အပ်သောတရား (**ပဟာတဗ္ဗဥပ္ပန္န**) မည်ပေ၏။

## • ၈ ပရိညာစသောကိစ္စ ၄ ပါးကို ပြဆိုခြင်း

အရိယာမဂ်ဉာဏ်သည် တစ်ခုတည်းသောခဏ၌ သစ္စာလေးပါးကို ထိုးထွင်း၍မြင်သိသောအခါ၌ ပရိညာစသည့် ကိစ္စ ၄ ပါးကို မှန်သည့်သဘောအားလျော်စွာသိ၏–

(၁) ပရိညာ – ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏။

(၂) ပဟာန – သမုဒယသစ္စာကို ပယ်၏။

(၃) သစ္ဆိကိရိယာ – နိရောဓသစ္စာကို မျက်မှောက်ပြု၏၊

(၄) ဘာဝနာ – မဂ်ကို ပွားစေ၏။

**ဆီမီးဥပမာ**

ဆီမီးသည် မရှေးမနှောင်းတစ်ခုတည်းသောခဏ၌ ကိစ္စ ၄ ပါးကိုပြု၏၊

(၁) မီးစာကို လောင်ကျွမ်းစေ၏၊ (၂) အမှောင်ကိုပယ်ဖျောက်၏၊

(၃) အရောင်အလင်းကို ပျံ့နှံ့စေ၏။ (၄) ဆီကို ကုန်စေ၏။

## • သစ္စာလေးပါးကိုတစ်ပြိုင်နက်သိပုံ

ဆီမီးဥပမာကဲ့သို့ပင် မဂ်ဉာဏ်သည် တစ်ခုတည်းသောခဏ၌ လေးပါးသောကိစ္စတို့ကို ထိုးထွင်း၍သိ၏–

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းဟူသော ထိုးထွင်း၍သိခြင်း (ပရိညာဘိသမယ) ဖြင့် ထိုးထွင်း၍သိ၏။

(၂) သမုဒယသစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်း၍သိခြင်း (ပဟာနာဘိသမယ) ဖြင့် ထိုးထွင်း၍သိ၏။

(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်း၍သိခြင်း (သစ္ဆိကိရိယာဘိသမယ) ဖြင့် ထိုးထွင်း၍သိ၏။

(၄) မဂ္ဂသစ္စာကို ပွားစေခြင်းဟူသော ထိုးထွင်း၍သိခြင်း (ဘာဝနာဘိသမယ) ဖြင့် ထိုးထွင်း၍သိ၏။

အဘယ်သို့ဆိုလိုသနည်းဟူမူ နိရောဓသစ္စာမည်သော နိဗ္ဗာန်ကို အာရုံပြုလျက် သစ္စာလေးပါးလုံးတို့ကို ရောက်၏, မြင်၏, ထိုးထွင်း၍သိ၏ဟုဆိုလိုသည်။ ဤကား ရှေးဆရာတို့၏

စကားတည်း။

***မြတ်စွာဘုရားဟောတော်မူသည်မှာ*** *"ရဟန်းတို့–အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကိုမြင်၏၊ ထိုပုဂ္ဂိုလ်သည် ဒုက္ခ၏ဖြစ်ကြောင်း သမုဒယကိုလည်းမြင်၏၊ ဒုက္ခ၏ချုပ်ရာ နိရောဓကိုလည်း မြင်၏၊ ဒုက္ခ၏ချုပ်ရာနိရောဓသို့ဆိုက်ရောက်သောအကျင့် ပဋိပဒါကိုလည်း မြင်၏။*

**ဥပမာ – ဥပမေယျနှီးနှောချက်**

(၁) ဆီမီးသည် မီးစာကိုလောင်ကျွမ်းစေသကဲ့သို့ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏။

(၂) ဆီမီးသည် အမိုက်မှောင်ကို ပယ်ဖျောက်သကဲ့သို့ မဂ်ဉာဏ်သည် သမုဒယသစ္စာကို ပယ်၏၊

(၃) ဆီမီးသည် အရောင်အလင်းကိုပျံ့နှံ့စေသကဲ့သို့ မဂ်ဉာဏ်သည် သဟဇာတသတ္တိစသော ပစ္စယသတ္တိဖြင့် သမ္မာသင်္ကပ္ပစသည့် မဂ္ဂင်ရှစ်ပါးဟူသောမဂ်ကို ပွားစေ၏။

(၄) ဆီမီးသည် ဆီကိုကုန်ခန်းစေသကဲ့သို့ ဤအတူပင် မဂ်ဉာဏ်သည် ကိလေသာကုန်ခန်းရာ ဖြစ်သော နိဗ္ဗာန်ဟူသည့် နိရောဓသစ္စာကို မျက်မှောက်ပြု၏။

**နေထွက်ခြင်းဥပမာ**

နေထွက်ပေါ်ထင်ရှားလာသည်နှင့်တစ်ပြိုင်နက် မရှေးမနှောင်း လေးပါးသောကိစ္စတို့ကို ပြုလုပ်၏၊ (၁) အဆင်းထုတ္ထုတို့ကို လင်းစေလျက် ထင်ရှားစေ၏၊ (၂) အမှောင်ကို ပယ်ဖျောက်၏၊ (၃) အရောင်အလင်းကို ပြ၏။ (၄) အအေးကိုငြိမ်းစေ၏။

**ဥပမာ – ဥပမေယျနှီးနှောချက်မှာ –**

(၁) နေထွက်ပေါ်ခြင်းသည် မဂ်ဉာဏ်ဖြစ်ပေါ်ခြင်းနှင့် တူ၏။

(၂) နေသည် အဆင်းထုတ္ထုတို့ကိုထင်ရှားစေသကဲ့သို့ ဤအတူ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏။

(၃) နေသည် အမှောင်ကိုပယ်ဖျောက်သကဲ့သို့ မဂ်ဉာဏ်သည် သမုဒယသစ္စာကို ပယ်၏။

(၄) နေသည် အရောင်အလင်းကိုပြသကဲ့သို့ မဂ်ဉာဏ်သည် သဟဇာတပစ္စယသတ္တိဖြင့် မဂ်ကိုပွားစေ၏။

(၅) နေသည် အအေးကိုငြိမ်းစေသကဲ့သို့ မဂ်ဉာဏ်သည် ကိလေသာကိုငြိမ်းစေပြီးလျှင် နိရောဓသစ္စာ (နိဗ္ဗာန်)ကို မျက်မှောက်ပြု၏။

**လှေဥပမာ**

လှေသည် မရှေးမနှောင်း တစ်ခုတည်းသောခဏ၌ လေးပါးသောကိစ္စကို ပြု၏၊

(၁) ဤမှာဘက်ကမ်းကို စွန့်၏၊ (၂) ရေအယဉ်ကို ဖြတ်၏။ (၃) ပစ္စည်းဘဏ္ဍာကိုသယ်ဆောင်၏၊ (၄) ထိုမှာဘက်သို့ ကပ်ရောက်၏။

ထို့အတူပင် မဂ်ဉာဏ်သည် (၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏၊

(၂) သမုဒယသစ္စာကို ပယ်၏၊ (၃) သဟဇာတစသည့်ပစ္စယသတ္တိဖြင့် မဂ်ကိုပွားစေ၏၊

(၄) နိရောဓသစ္စာကို မျက်မှောက်ပြု၍ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၏။

**• သစ္စာအနက် ၁၆ ချက်**

သစ္စာ ၄ ပါးသည် ၁၆ ပါးသောအခြင်းအရာတို့ဖြင့် မှန်သည့်သဘောအားဖြင့် တစ်ပေါင်းတည်းသိအပ်၏။

**၁ ဒုက္ခသစ္စာ၏အနက် ၄ ချက်**

| | |
|---|---|
| (၁) နှိပ်စက်ခြင်းသဘော | (ပီဠန) |
| (၂) ပေါင်းစုရုံပြုအပ်သောသဘော | (သင်္ခတ) |
| (၃) ပူလောင်စေခြင်းသဘော | (သန္တာပ) |
| (၄) ဖောက်ပြန်ခြင်းသဘော | (ဝိပရိဏာမ) |

**၂ သမုဒယသစ္စာ၏အနက် ၄ ချက်**

| | |
|---|---|
| (၁) အားထုတ်ခြင်းသဘော | (အာယူဟန) |
| (၂) ဆင်းရဲ၏အကြောင်းသဘော | (နိဒါန) |
| (၃) ဆင်းရဲနှင့်ယှဉ်ခြင်းသဘော | (သံယောဂ) |
| (၄) နှောင့်ယှက်တားမြစ်ခြင်းသဘော | (ပလိဗောဓ) |

**၃ နိရောဓသစ္စာ၏အနက် ၄ ချက်**

| | |
|---|---|
| (၁) ထွက်မြောက်ခြင်းသဘော | (နိဿရဏ) |
| (၂) သင်္ခါရတို့မှကင်းဆိတ်ခြင်းသဘော | (ဝိဝေက) |
| (၃) မပြုမပြင်အပ်သောသဘော | (အသင်္ခတ) |
| (၄) မသေမပျက်ခြင်း (အမတအမြိုက်) သဘော | (အမတ) |

**၄ မဂ္ဂသစ္စာ၏အနက် ၄ ချက်**

| | |
|---|---|
| (၁) ထွက်မြောက်ကြောင်းသဘော | (နိယျာန) |
| (၂) နိဗ္ဗာန်သို့ရောက်ကြောင်းသဘော | (ဟေတု) |
| (၃) နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းသဘော | (ဒဿန) |
| (၄) အကြီးအမှူးဖြစ်ခြင်းသဘော | (အဓိပတေယျ) |

**စောဒနာနှင့်ဖြေရှင်းချက်**

ဒုက္ခသစ္စာစသည်တို့၏နှိပ်စက်ခြင်းအနက်သဘောစသည်တို့မှတစ်ပါးသော ရောဂါနှင့်တူ၏, အိုင်းအမာနှင့်တူ၏ စသည့်အနက်သဘောတို့လည်း ရှိပါလျက် အဘယ်ကြောင့် အနက် ၄ ပါးစီသာလျှင် ဟောအပ်သနည်း?

**အဖြေကား** (၁) မိမိသဘောလက္ခဏာ၏အစွမ်းအားဖြင့်လည်းကောင်း၊

(၂) အခြားတစ်ပါးသောသစ္စာကို မြင်သည့်အစွမ်းအားဖြင့်လည်းကောင်း၊ ထင်ရှားဖြစ်ခြင်းကြောင့် အနက် ၄ ပါးစီတို့ကိုသာလျှင် ဟောအပ်ကုန်၏။

**သစ္စာဉာဏ်ကိုဟောပုံ ၂ မျိုး**

(၁) ဒုက္ခသစ္စာ၌ဖြစ်သောဉာဏ်ဟူသည် အဘယ်နည်း?

"ဒုက္ခသစ္စာကိုအာရုံပြု၍ ဖြစ်ပေါ်လာသောပညာသည်လည်းကောင်း၊ အပြားအားဖြင့်သိခြင်းသည်လည်းကောင်း ရှိ၏" ဤသို့စသောနည်းဖြင့် တစ်ပါးတစ်ပါးသောသစ္စာကို အာ

ရှုံပြုသည့် အစွမ်းအားဖြင့် သစ္စာဉာဏ်ကို ဟောတော်မူ၏။

(၂) ''ရဟန်းတို့– အကြင်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာကိုမြင်၏၊ ထိုပုဂ္ဂိုလ်သည် သမုဒယသစ္စာကိုလည်းမြင်၏'' ဤသို့စသောနည်းဖြင့် သစ္စာတစ်ပါးကိုအာရုံပြု၍ ကြွင်းသောသစ္စာတို့၌လည်း သိမှုကိစ္စပြီးသည့်အစွမ်းအားဖြင့်လည်း ဟောတော်မူ၏။

## • ဒုက္ခသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ

(၁) ဒုက္ခသစ္စာ၏နှိပ်စက်ခြင်း – ပီဠနလက္ခဏာသည် ပင်ကိုယ်သဘောအားဖြင့်ထင်ရှား၏။

(၂) သမုဒယသစ္စာကိုမြင်သဖြင့် ဒုက္ခသစ္စာ၏ပေါင်းစု၍ပြုအပ်သောသဘောသည် ထင်ရှားလာ၏။ ထင်ရှားပုံကား အားထုတ်ခြင်းလက္ခဏာရှိသော သမုဒယသစ္စာသည် ဒုက္ခသစ္စာဖြစ်ပေါ်လာအောင် အားထုတ်အပ်, ပြုအပ်၏, ပေါင်းစုပေးအပ်၏။ ထို့ကြောင့် ဒုက္ခသစ္စာ၏ပေါင်းစု၍ပြုအပ်သောသဘောသည် ထင်ရှားပေါ်လွင်လာ၏။

(၃) ထို့အပြင် မဂ္ဂသစ္စာသည် ကိလေသာအပူကိုပယ်ဖျောက်တတ်၏၊ အလွန်အေးမြ၏။ ထို့ကြောင့် မဂ္ဂသစ္စာကိုမြင်သဖြင့် ဒုက္ခသစ္စာ၏ပူလောင်စေခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏၊ ဥပမာသော်ကား **ညီတော်နန္ဒ**အား အလွန်လှပသည့် နတ်သမီးကိုမြင်သဖြင့် **သုန္ဒရီနန္ဒာ**(ဇနပဒကလျာဏီ) မင်းသမီး၏အဆင်းမလှသည့်အဖြစ်သည် ထင်ရှားပေါ်လွင် လာသကဲ့သို့တည်း။

(၄) နိဗ္ဗာန်၏မဖောက်ပြန်ခြင်း–အဝိပရိဏာမသဘောကိုမြင်ခြင်းဖြင့် ဒုက္ခသစ္စာ၏ဖောက်ပြန်ခြင်း–ဝိပရိဏာမသဘောသည် ထင်ရှားပေါ်လွင်လာ၏။

## သမုဒယသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ

(၁) သမုဒယသစ္စာ၏အားထုတ်ခြင်းသဘောသည် မိမိ၏ပင်ကိုယ်သဘောအားဖြင့်ထင်ရှား၏။

(၂) ဒုက္ခသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏ဆင်းရဲခြင်း၏အကြောင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။ ဥပမာ မသင့်လျော်သောအစာကြောင့်ဖြစ်ပေါ်သည့် အနာရောဂါကိုမြင်သဖြင့် အစာသည် အနာရောဂါ၏အကြောင်းအဖြစ် ထင်ရှားသကဲ့သို့တည်း။

(၃) ဆင်းရဲနှင့်ယှဉ်ခြင်းကင်းသော နိရောဓသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏ဆင်းရဲနှင့်ယှဉ်ခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။

(၄) ထွက်မြောက်ကြောင်းသဘောရှိသောမဂ္ဂသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏နှောင့်ယှက်တားမြစ်ခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။

## • နိရောဓသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ

(၁) နိရောဓသစ္စာ၏ထွက်မြောက်ခြင်းသဘောသည် မိမိ၏ပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏။

(၂) သံသရာတို့မှမကင်းဆိတ်ခြင်းသဘောရှိသည့် သမုဒယသစ္စာကိုမြင်သဖြင့် နိရောဓသစ္စာ၏ သံသရာတို့မှကင်းဆိတ်ခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။

(၃) အကြောင်းရှိသော, ပြုအပ်သည့်သင်္ခတသဘောရှိသော မဂ္ဂသစ္စာကိုမြင်သဖြင့် အကြောင်းမရှိသောနိဗ္ဗာန် (နိရောဓသစ္စာ)၏ မပြုအပ်သည့် အသင်္ခတသဘောသည် ထင်ရှား၏။

(၄) ဒုက္ခသစ္စာ၏သေခြင်း, ပျက်ခြင်း, ဆင်းရဲခြင်းသဘောကိုမြင်သဖြင့် နိရောဓသစ္စာ၏

မသေမပျက်ခြင်း, ချမ်းသာခြင်း(အမတအမြိုက်)သဘောသည် ထင်ရှားပေါ်လွင်လာ၏။ မှန်ပေ၏။ ဒုက္ခသစ္စာသည် လတ်တလောသေစေတတ်သောအဆိပ်နှင့်တူ၏၊ နိဗ္ဗာန်သည် မသေစေတတ်သော အမြိုက်ဆေးနှင့်တူ၏။

- **မဂ္ဂသစ္စာ၏အနက် ၄ ချက်ထင်ရှားလာပုံ**

(၁) မဂ္ဂသစ္စာ၏ထွက်မြောက်ကြောင်းသဘောသည်မိမိ၏ပင်ကိုယ်သဘောအားဖြင့် ထင်ရှား၏။

(၂) သမုဒယသစ္စာကိုမြင်သဖြင့် ''ဤတဏှာလောဘသည် နိဗ္ဗာန်သို့ရောက်ခြင်းငှာ အကြောင်းမဟုတ်၊ ဤမဂ် (မဂ္ဂသစ္စာ)သည်ကား နိဗ္ဗာန်သို့ရောက်ခြင်းငှာအကြောင်းပေတည်း''ဟု မဂ္ဂသစ္စာ၏ နိဗ္ဗာန်သို့ရောက်ကြောင်းသဘောသည် ထင်ရှားပေါ်လွင်၏

(၃) နိရောဓသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏နိဗ္ဗာန်ကိုမြင်ခြင်းသဘောသည် ထင်ရှား၏၊ ဥပမာ–အလွန်သိမ်မွေ့သောအဆင်းတို့ကို မြင်သောသူအား ''ငါ၏မျက်စိသည် အထူးကြည်လင်ပေစွတကား''ဟု မျက်စိ၏အထူးကြည်လင်သည့်အဖြစ်သည် ထင်ရှားသကဲ့သို့တည်း။

(၄) ဒုက္ခသစ္စာကိုမြင်သဖြင့် မဂ္ဂသစ္စာ၏အကြီးအမှူးဖြစ်ခြင်းသဘောသည် ထင်ရှားလာ၏။ များစွာသောရောဂါတို့ဖြင့် အနှိပ်စက်ခံရလျက် ခိုကိုးရာမဲ့သောသူကိုမြင်သဖြင့် အစိုးရသောသူ၏မြင့်မြတ်သည့်အဖြစ်သည် ထင်ရှားပေါ်လွင်သကဲ့သို့တည်း။

- **၉ ပရိညာစသောအပြားကို ပြဆိုခြင်း**

**ပရိညာသုံးပါး**

ပိုင်းခြား၍သိခြင်း – ပရိညာတို့သည် (၁) ဉာတပရိညာ (၂) တီရဏပရိညာ (၃) ပဟာနပရိညာ ဟူ၍ ၃ ပါးရှိ၏။

**(၁) ဉာတပရိညာ**

**''ရှေးရှုပြု၍သိသောပညာ (အဘိညာပညာ)သည် သိအပ်သည်ကို သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏'' ဟုအကျဉ်းပြ၏။**

**''အကြင်အကြင်တရားတို့ကို ရှေးရှုပြု၍သိအပ်ကုန်၏ (ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏) ထိုထိုတရားတို့သည် သိအပ်သောကြောင့် ဉာတမည်ကုန်၏'' ဟုအကျဉ်းဟောပြီးလျှင်၊**

**''ရဟန်းတို့– အလုံးစုံကိုရှေးရှုပြု၍ သိအပ်၏၊ အဘယ်အလုံးစုံကို သိအပ်သနည်း? ရဟန်းတို့–မျက်စိကိုရှေးရှုပြု၍ သိအပ်၏'' ဤသို့စသောနည်းဖြင့် အကျယ်ဟောတော်မူသောအဘိညာပညာသည် သိအပ်သည်ကို ပိုင်းခြား၍သိသောကြောင့် ဉာတပရိညာမည်၏။**

**ဉာတပရိညာ၏ဖြစ်ရာဘုံနယ်ပယ် (ဘူမိ)သည် အကြောင်းနှင့်တကွ နာမ်ရုပ်ကို ပိုင်းခြား၍သိသောဉာဏ်တိုင်အောင် (နာမရူပပရိစ္ဆေဒဉာဏ်နှင့် နာမရူပပစ္စယပရိဂ္ဂဟဉာဏ်) ဖြစ်ပါသည်။**

**(၂) တီရဏပရိညာ**

**''ပိုင်းခြား၍သိသောပညာ (ပရိညာပညာ)သည် စူးစမ်းဆင်ခြင်တတ်သောအနက်**

**သဘောကြောင့် ဉာဏ်မည်၏'' ဟု အကျဉ်းပြ၏။**

**''အကြင်အကြင်တရားတို့ကို ပိုင်းခြား၍ သိအပ်ကုန်၏၊ ထိုထိုတရားတို့သည် စူးစမ်းဆင်ခြင်သောတရားတို့ မည်ကုန်၏''ဟု အကျဉ်းဟောပြီးလျှင်၊**

**''ရဟန်းတို့- အလုံးစုံကို ပိုင်းခြား၍သိအပ်၏။ အဘယ်အလုံးစုံကို ပိုင်းခြား၍သိအပ်သနည်း? ရဟန်းတို့-မျက်စိကို ပိုင်းခြား၍သိအပ်၏'' ဤသို့စသည့်နည်းဖြင့် အကျယ်ဟောတော်မူသော ပရိညာပညာသည် စူးစမ်းဆင်ခြင်လျက် ပိုင်းခြား၍သိသောကြောင့် တီရဏပရိညာမည်၏။**

**တီရဏပရိညာ၏အသီးအခြားဖြစ်ရာဘုံနယ်ပယ် (ဘူမိ) သည် ကလာပသမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဖြစ်ပေ၏။**

**(၃) ပဟာနပရိညာ**

**''ပယ်တတ်သောပညာ (ပဟာနပညာ)သည် စွန့်ပယ်တတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏''ဟု အကျဉ်းပြဆို၏။**

**''အကြင်အကြင်တရားတို့ကို ပယ်အပ်ကုန်၏၊ ထိုထိုတရားတို့သည် စွန့်ပယ်အပ်သောတရားတို့မည်ကုန်၏''ဟု ဤသို့အကျယ်အားဖြင့် ဟောထားသော ''အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်၏'' ဤသို့စသည့်နည်းဖြင့်ဖြစ်သော ပဟာနပညာသည် ပယ်အပ်သည်ကိုပယ်လျက် ပိုင်းခြား၍သိသောကြောင့် ပဟာနပရိညာမည်၏။**

**ပဟာနပရိညာ၏ဖြစ်ရာဘုံနယ်ပယ်(ဘူမိ)သည် ဘင်္ဂါနုပဿနာဉာဏ်မှစ၍ မဂ်ဉာဏ်တိုင်အောင် ဖြစ်ပေ၏။**

**ပရိညာသုံးပါးသည် မဂ်ဉာဏ်၏ကိစ္စဖြစ်ပုံ**

ဒုက္ခသစ္စာကို ပရိညာဘိသမယဖြင့်ထိုးထွင်း၍သိရာ၌ ပဟာနပရိညာကိုသာ အလိုရှိအပ်၏။ ဉာတပရိညာ, တီရဏပရိညာတို့သည်လည်း ထိုပဟာနပရိညာအတွက်သာလျှင် ဖြစ်ကုန်၏။ ထို့အပြင် အကြင်တရားတို့ကို ပယ်၏၊ ထိုပယ်အပ်သောတရားတို့သည် ကိန်းသေမုချအားဖြင့် သိအပ်ပြီးလည်းဖြစ်ကုန်၏၊ စူးစမ်းဆင်ခြင်ပြီးသည်လည်း ဖြစ်ကုန်၏။ ထို့ကြောင့် ဤနည်းပရိယာယ်ဖြင့် ပရိညာသုံးပါးလုံးသည် မဂ်ဉာဏ်၏ကိစ္စဖြစ်သည်ဟု သိအပ်၏။

**• ပဟာန် (ပဟာန) ၃ ပါး**

ပယ်ခြင်း (ပဟာန်)သည် ဝိက္ခမ္ဘနပဟာန်, တဒင်္ဂပဟာန်, သမုစ္ဆေဒပဟာန်ဟူ၍ သုံးပါးအပြားရှိ၏

**(၁) ဝိက္ခမ္ဘနပဟာန်**

**မှော်ရှိသည့်ရေ၌ ရေအိုးကိုပစ်ချလိုက်လျှင် မှော်များကွဲရှဲသွားခြင်းကဲ့သို့ ထိုထိုလောကီစျာန်သမာဓိဖြင့် နီဝရဏစသောဆန့်ကျင်ဘက်တရားတို့ကို ပယ်ခွါခြင်းသဘောသည် 'ဝိက္ခမ္ဘနပဟာန်' မည်၏။**

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ''ဝိက္ခမ္ဘနပဟာန်သည်ကား ပထမစျာန်ကိုပွားစေသောသူ၏ နီဝရဏတို့ကို ပယ်ခွါခြင်းပင်တည်း''ဟု နီဝရဏပယ်ခွါခြင်းကိုသာ ဟောတော်မူ၏။ ထိုစကားကို ''ထင်ရှားသောကြောင့် ဟောသည်''ဟုသိအပ်၏။ မှန်ပေ၏၊ နီဝရဏတို့သည်

ဈာန်၏ရှေ့အဖို့၌လည်းကောင်း၊ နောက်အဖို့၌လည်းကောင်း စိတ်ကို ရုတ်တရက် လျင်မြန်စွာ လွှမ်းမိုး၍မဖြစ်ကုန်။ ဝိတက်, ဝိစာရစသည့်ဆန့်ကျင်ဘက်တရားတို့ကား ဈာန်ဝင်စားဆဲ ခဏ၌သာလျှင် မဖြစ်ဘဲကင်းကွာကုန်၏။ ထို့ကြောင့် နီဝရဏတို့ကို ပယ်ခွါခြင်းသည် ထင်ရှား၏၊

**(၂) တဒင်္ဂပဟာန်**

**ညအခါ၌ ထွန်းညှိသောဆီမီးဖြင့် အမိုက်မှောင်ကိုပယ်ခြင်းကဲ့သို့ ဝိပဿနာ၏တစ်စိတ် တစ်ဒေသဖြစ်သော ထိုထိုဉာဏ်ဖြင့် ဆန့်ကျင်ဘက်အစွမ်းအားဖြင့်သာလျှင် ထိုထိုပယ် သင့်သောတရားကို ပယ်ခြင်းသည် တဒင်္ဂပဟာန် (ထိုကုသိုလ်တစ်စိတ်ဖြင့် အကုသိုလ် တစ်စိတ်ကိုပယ်ခြင်း) မည်၏။**

- **ဝိပဿနာဉာဏ်စဉ်အလိုက် တဒင်္ဂပဟာန်ကိုလေ့လာသာပယ်ပုံ**

(၁) **နာမရူပပရိစ္ဆေဒဉာဏ်**ဖြင့် အတ္တဟုယူသော သက္ကာယဒိဋ္ဌိကို ပယ်၏။

(၂)**ပစ္စယပရိဂ္ဂဟဉာဏ်**ဖြင့်အကြောင်းမရှိဟုယူသော အဟေတုကဒိဋ္ဌိ ဖန်ဆင်းရှင်ရှိသည်ဟု ယုံကြည်သော ဝိသမဟေတုကဒိဋ္ဌိနှင့် ယုံမှားမှုအညစ်အကြေး (ကင်္ခါမလ)တို့ကို ပယ်၏။

(၃) **ကလာပသမ္မသနဉာဏ်**ဖြင့် ငါ၊ ငါ့ဥစ္စာဟုအပေါင်းလိုက်အားဖြင့်ယူခြင်းကို ပယ်၏။

(၄) **မဂ်မှန်မဂ်မှားကိုပိုင်းခြားသောဉာဏ် (မဂ္ဂါမဂ္ဂဝဝတ္ထာနဉာဏ်)** ဖြင့် လမ်းမှန်မဟုတ် သည်ကို လမ်းမှန်ဟုထင်သောအမှတ်သညာကို ပယ်၏။

(၅) **အဖြစ်ကိုမြင်သောဉာဏ် (ဥဒယဉာဏ်)**ဖြင့် ပြတ်စဲအယူ–ဥစ္ဆေဒဒိဋ္ဌိကို ပယ်၏။

(၆) **အပျက်ကိုမြင်သောဉာဏ် (ဝယဉာဏ်)**ဖြင့် တည်မြဲအယူ–သဿတဒိဋ္ဌိကို ပယ်၏။

(၇) **ကြောက်ဖွယ်ဘေးဟုထင်သောဉာဏ် (ဘယတုပဋ္ဌာနဉာဏ်)**ဖြင့် ဘေးရှိသောရုပ်နာမ် တရားအပေါင်း၌ ဘေးမရှိဟုထင်သည့်အမှတ်သညာကို ပယ်၏။

(၈) **အပြစ်ကိုရှုမြင်သောဉာဏ် (အာဒီနဝဉာဏ်)** ဖြင့် သာယာဖွယ်ဟုထင်သော အမှတ် သညာကို ပယ်၏။

(၉) **ငြီးငွေ့လျက်ရှိသောနိဗ္ဗိဒါနုပဿနာဉာဏ်**ဖြင့် ပျော်မွေ့ဖွယ်ဟုထင်သောအမှတ်သညာကို ပယ်၏။

(၁၀) **စွန့်လွှတ်လိုသောမုဉ္စိတုကမျတာဉာဏ်**ဖြင့် စွန့်လွှတ်ရန်အလိုမရှိသည့်အဖြစ်ကိုပယ်၏။

(၁၁) **တစ်ဖန်ရှုလျက်သိသောပဋိသင်္ခါဉာဏ်**ဖြင့် တစ်ဖန်မရှုမသိခြင်းကို ပယ်၏။

(၁၂) **အညီအမျှလျစ်လျူရှုသောဉာဏ် (သင်္ခါရုပေက္ခာဉာဏ်)** ဖြင့် အညီအမျှလျစ်လျူ မရှုခြင်းကို ပယ်၏။

(၁၃) **အနုလောမဉာဏ်**ဖြင့် မဂ္ဂသစ္စာ၏ဆန့်ကျင်ဘက်ဖြစ်သော နိစ္စအခြင်းအရာစသည် အားဖြင့်ယူခြင်းကို ပယ်၏။

- **မဟာဝိပဿနာဉာဏ် ၁၈ ပါးတို့ဖြင့် တဒင်္ဂပဟာန်ပယ်ပုံ**

(၁) **အနိစ္စာနုပဿနာ**ဖြင့် နိစ္စသညာကို ပယ်၏။

(၂) **ဒုက္ခာနုပဿနာ**ဖြင့် သုခသညာကို ပယ်၏။

(၃) **အနတ္တာနုပဿနာ**ဖြင့် အတ္တသညာကို ပယ်၏။

(၄) **နိဗ္ဗိဒါနုပဿနာ**ဖြင့် နှစ်သက်ပျော်မွေ့မှု(နန္ဒီ)ကို ပယ်၏။
(၅) **ဝိရာဂါနုပဿနာ**ဖြင့် တပ်မက်မှု-ရာဂကို ပယ်၏။
(၆) **နိရောဓာနုပဿနာ**ဖြင့် ဖြစ်ပေါ်ခြင်း-သမုဒယကို ပယ်၏။
(၇) **ပဋိနိဿဂ္ဂါနုပဿနာ**ဖြင့် ပြင်းစွာယူခြင်း-အာဒါနကို ပယ်၏။
(၈) ကုန်ခြင်းကိုရှုမြင်သော**ခယာနုပဿနာ**ဖြင့် တစ်လုံးတစ်ခဲတည်း, တစ်ယောက်တည်းဟု ထင်သော ဃနသညာကို ပယ်၏။
(၉) အပျက်လက္ခဏာကိုရှုသော **ဝယာနုပဿနာ**ဖြင့် အားထုတ်ခြင်း-အာယူဟနကိုပယ်၏။
(၁၀) ဇရာမရဏဖြင့် ပြောင်းလဲဖောက်ပြန်ခြင်းကိုရှုမြင်သော **ဝိပရိဏာမာနုပဿနာ**ဖြင့် ခိုင်ခံ့သည်ဟုထင်သော ဓုဝသညာကို ပယ်၏။
(၁၁) အနိစ္စာနုပဿနာနှင့်သဘောတူသော **အနိမိတ္တာနုပဿနာ**ဖြင့် မြဲသည့်ပုံဟန်သဏ္ဌာန် နိမိတ်ကို ပယ်၏။
(၁၂) ဒုက္ခာနုပဿနာနှင့်သဘောတူသော **အပ္ပဏိဟိတာနုပဿနာ**ဖြင့် သုခကိုတောင့်တမှု -သုခပဏိဓိကို ပယ်၏။
(၁၃) အနတ္တာနုပဿနာနှင့်သဘောတူသော **သုညတာနုပဿနာ**ဖြင့် အတ္တကောင်, ငါကောင် ဟုမြဲမြံစွာနှလုံးသွင်းမှု-အတ္တာဘိနိဝေသကို ပယ်၏။
(၁၄) အာရုံ၏အပျက်ကိုရှုသိပြီး၊ ရှုသည့်စိတ်ကိုတစ်ဖန်ရှုကာ အတ္တမှဆိတ်သုဉ်းသောအားဖြင့် ထင်သော **အဓိပညာဓမ္မဝိပဿနာ**ဖြင့် အနှစ်ရှိသည်ဟုယူသောနှလုံးသွင်းခြင်းကို ပယ်၏။
(၁၅) အကြောင်းနှင့်တကွနာမ်ရုပ်ကိုသိမ်းဆည်းသော **ယထာဘူတဉာဏ်အမြင်**ဖြင့် ပြင်းစွာ တွေဝေသောနှလုံးသွင်းမှု-သမ္မောဟာဘိနိဝေသကို ပယ်၏။
(၁၆) ဘယဉာဏ်၏အစွမ်းအားဖြင့် သင်္ခါရတို့၏အပြစ်ကိုမြင်သော **အာဒီနဝါနုပဿနာဉာဏ်** ဖြင့် တွယ်တာလျက်နှလုံးသွင်းမှု အာလယာဘိနိဝေသကို ပယ်၏။
(၁၇) စွန့်လွှတ်ခြင်း၏ပြီးမြောက်ကြောင်းကိုပြုသော **ပဋိသင်္ခါနုပဿနာဉာဏ်**ဖြင့် တစ်ဖန် မရှုမသိသောမောဟကို ပယ်၏။
(၁၈) သင်္ခါရုပေက္ခာဉာဏ်နှင့်အနုလောမဉာဏ်ဟုဆိုအပ်သော **ဝိဝဋ္ဋာနုပဿနာ**ဖြင့် ယှဉ်တွဲ လျက်နှလုံးသွင်းခြင်း - သံယောဂါဘိနိဝေသကို ပယ်၏။ ကာမဂုဏ်နှင့်ယှဉ်တွဲခြင်းစသော ကိလေသာဖြင့်နှလုံးသွင်းခြင်း-ကိလေသာဖြစ်ခြင်းကို ပယ်၏။

## (၃) သမုစ္ဆေဒပဟာန်

**မိုးကြိုးဖြင့်ထိပါးနှိပ်စက်ခံရသောသစ်ပင်သည် တစ်ဖန် မစည်ပင်မကြီးပွားနိုင်သကဲ့သို့ အရိယာမဂ်ဉာဏ်ဖြင့် သံယောဇဉ်အစရှိသောအကုသိုလ်တရားတို့ကို တစ်ဖန်မဖြစ်ပွားနိုင် အောင် ပယ်ခြင်းသည် သမုစ္ဆေဒပဟာန် (အကြွင်းမဲ့ပယ်ခြင်း) မည်၏။**

''သမုစ္ဆေဒပဟာန်ဟူသည်ကား လောကုတ္တရာဖြစ်သော (ကိလေသာကုန်ရာနိဗ္ဗာန်သို့ဆိုက် ရောက်သော) ခယဂါမိမဂ်ကိုပွားစေသော အရိယာပုဂ္ဂိုလ်၏ပယ်ခြင်းပေတည်း''ဟု ဟော တော်မူ၏။

**ပဟာန်သုံးပါးသည် မဂ်ဉာဏ်၏ကိစ္စဖြစ်ပုံ**

ဝိက္ခမ္ဘနပဟာန်နှင့်တဒင်္ဂပဟာန်တို့သည် သမုစ္ဆေဒပဟာန်အတွက်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ပဟာန်သုံးပါးလုံးသည် ပရိယာယ်အားဖြင့် မဂ်ဉာဏ်၏ကိစ္စတို့ပင်တည်းဟု သိအပ်၏။

မှန်ပေ၏၊ ရန်သူမင်းကိုသတ်၍ မင်းအဖြစ်သို့ရောက်သောသူသည် မင်းမဖြစ်မီကာလက ပြုခဲ့သောအမှုအလုံးစုံကိုလည်း ''ဤမည်ဤမည်သောအမှုတို့ကိုလည်း မင်းသည် ပြု၏'' ဟူ၍သာလျှင် ပြောဆိုသကဲ့သို့တည်း။

**သစ္ဆိကိရိယာ (မျက်မှောက်ပြုခြင်း) ၃ ပါး**

လောကီဖြစ်သောမျက်မှောက်ပြုခြင်းနှင့် လောကုတ္တရာဖြစ်သောမျက်မှောက်ပြုခြင်းဟူ၍ နှစ်ပါးသာရှိသော်လည်း လောကုတ္တရာဖြစ်သောမျက်မှောက်ပြုခြင်းသည် (ဒဿန) မြင်ခြင်းနှင့် (ဘာဝနာ) ပွားစေခြင်းတို့၏အစွမ်းအားဖြင့် နှစ်မျိုးကွဲပြန်သည်။ ထို့ကြောင့် မျက်မှောက်ပြုခြင်း (သစ္ဆိကိရိယာ)သည် သုံးပါးအပြားရှိ၏။

**(၁) လောကိယသစ္ဆိကိရိယာ**

**''ပထမစျာန်ကို ငါရ၏၊ ငါမျက်မှောက်ပြုပြီးပြီ'' ဤသို့လာသော ပထမစျာန်စသည်ကို တွေ့ခြင်းသည် လောကီဖြစ်သောမျက်မှောက်ပြုခြင်းမည်၏။**

တွေ့ခြင်းဟူသည်ကား ရောက်ပြီး၊ သိပြီးလျှင် ''ဤတရားကို ငါရအပ်၊ သိအပ်ပေပြီ''ဟု မျက်မှောက်ဉာဏ်တွေ့အားဖြင့် တွေ့ခြင်းတည်း။

**(၂) လောကုတ္တရာဒဿနသစ္ဆိကိရိယာ**

**သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကိုမြင်ခြင်းသည် ဒဿနသစ္ဆိကိရိယာ (မြင်သောအားဖြင့် မျက်မှောက်ပြုခြင်း)မည်၏။**

**(၃) လောကုတ္တရာဘာဝနာသစ္ဆိကိရိယာ**

**အထက်မဂ်သုံးပါးခဏတို့၌ နိဗ္ဗာန်ကိုမြင်ခြင်းသည် ဘာဝနာသစ္ဆိကိရိယာ (ပွားစေသောအားဖြင့် မျက်မှောက်ပြုခြင်း) မည်၏။**

ဒဿနသစ္ဆိကိရိယာနှင့် ဘာဝနာသစ္ဆိကိရိယာတို့သည် မဂ်ဉာဏ်၏ကိစ္စဖြစ်သည်ဟု သိအပ်၏။

**ဘာဝနာ (ပွားစေခြင်း) ၂ ပါး**

**(၁) လောကီဘာဝနာ**

လောကီဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့ကို ဖြစ်စေခြင်းသည်လည်းကောင်း၊ ထိုလောကီသီလ၊ သမာဓိ၊ ပညာတို့ဖြင့် စိတ်အစဉ်သန္တာန်ကို ထုံစေခြင်းသည်လည်းကောင်း၊ လောကီဘာဝနာမည်၏။

**(၂) လောကုတ္တရာဘာဝနာ**

လောကုတ္တရာဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့ကို ဖြစ်စေခြင်းသည်လည်းကောင်း၊ ထိုလောကုတ္တရာသီလ၊ သမာဓိ၊ ပညာတို့ဖြင့် စိတ်အစဉ်သန္တာန်ကို ထုံစေခြင်းသည်လည်းကောင်း၊ လောကုတ္တရာဘာဝနာမည်၏။

**လောကုတ္တရာဘာဝနာသည်သာ မဂ်ဉာဏ်၏ကိစ္စမည်ပုံ**

လောကုတ္တရာဖြစ်သောသီလ, သမာဓိ, ပညာတို့ကို လေးပါးလုံးသောမဂ်ဉာဏ်တို့က ဖြစ်ပေါ်စေကြ၏။ အဘယ့်ကြောင့်နည်းဟူမူ ထိုလောကုတ္တရာသီလစသည်တို့သည် သဟဇာတပစ္စည်းစသည်ဖြစ်သောကြောင့်ပေတည်း။ ထို့အပြင် ထိုလောကုတ္တရာသီလစသည်တို့ဖြင့် မိမိ၏စိတ်အစဉ်သန္တာန်ကိုလည်း ထုံစေတတ်၏။ ဤအကြောင်းနှစ်ပါးကြောင့် လောကုတ္တရာဘာဝနာသည်သာလျှင် မဂ်ဉာဏ်၏ကိစ္စဖြစ်ပေ၏။

- **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ**

(၁၉၈၅၊ ၁၉၈၆၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၁၊ ၁၉၉၅၊ ၁၉၉၆၊ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၀၉ ခုနှစ်များတွင် မမေးပါ။)

**၁။ ရတနာသုံးပါးကို ယုံကြည်ကိုးစားသဒ္ဓါတရားကို အရှိထား၍ ဖြစ်ပေါ်လာသော အကျိုးများကို ရေးသားပါ။** (၁၉၈၃၊ စမန ၃၃၇၊ ၃၇၄)

**အဖြေ** – ရတနာသုံးပါးကို ယုံကြည်ကိုးစားသဒ္ဓါတရားကို အရှိထား၍ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အနိစ္စအခြင်းအရာအားဖြင့်နှလုံးသွင်းသော် ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခအဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေရှိသည့်ပုဂ္ဂိုလ်ဖြစ်၍ သောတာပတ္တိမဂ်ခဏ၌ ယုံကြည်မှုသဒ္ဓါသို့အစဉ်လိုက်သော သဒ္ဓါနုသာရီမဂ်ပုဂ္ဂိုလ်ဖြစ်၏။ ကြွင်းသောမဂ်ဖိုလ်ခဏ ၇ ဌာနတို့၌ယုံကြည်မှုသဒ္ဓါဖြင့်လွတ်မြောက်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏။

ထိုသို့သဒ္ဓါနုသာရီမဂ်ပုဂ္ဂိုလ်, သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်သောအခါ အရိယာမဂ်ဉာဏ်မှ ဖြစ်ပေါ်လာသောအောက်ပါအကျိုးကျေးဇူးများကို ခံစားရပါသည်–

(၁) တစ်သံသရာလုံးမဖောက်ခွဲဖူးသော လောဘတုံးစသည်ကို ဖောက်ခွဲနိုင်၏။
(၂) အစမထင်သည့်သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာရေကို ခန်းခြောက်စေနိုင်၏။
(၃) အလုံးစုံသောအပါယ်တို့ကို ပိတ်စေ၏။
(၄) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသည့် သူတော်ကောင်းဥစ္စာ ၇ ပါးကိုရရှိပိုင်ဆိုင်လာ၏။
(၅) မိစ္ဆာမဂ္ဂင် ၈ ပါးဟူသောလမ်းမှားကို ပယ်နိုင်၏။
(၆) အလုံးစုံသောဘေးရန်တို့ကို ငြိမ်းစေနိုင်၏။
(၇) မြတ်စွာဘုရား၏ရင်ခွင်တော်နှစ် သားတော်စစ်အဖြစ်သို့ ရောက်၏။
(၈) အတုမရှိချမ်းသာသော နိဗ္ဗာန်အမြိုက်ချမ်းသာကို ခံစားရ၏။
(၉) ရတနာသုံးပါး၌ ခိုင်မြဲသောအဝေစ္စပ္ပသာဒ သဒ္ဓါတရားကိုလည်း ရရှိလာ၏။

**၂။ လူတိုင်းကြုံတွေ့နေရသော လောကဓမ္မတာရှစ်ဖြာသောတရားတို့ကိုဖော်ပြ၍ ထိုတရားများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကုသိုလ်တရားများကို ခွဲခြားရေးသားပါ။** (၁၉၈၃၊ စမန ၃၈၅)

**အဖြေ** – လူတိုင်းကြုံတွေ့နေရသော လောကဓမ္မတာ ရှစ်ဖြာသောတရားတို့မှာ–
(၁) လာဘ်ရခြင်း၊ (၂) လာဘ်မရခြင်း၊ (၃) အခြွေအရံများခြင်း၊

(၄) အခြွေအရံမဲ့ခြင်း၊ (၅) ချမ်းသာခြင်း၊ (၆) ဆင်းရဲခြင်း၊
(၇) ချီးမွမ်းခြင်း (၈) ကဲ့ရဲ့ခြင်းတို့ဖြစ်ပါသည်။

လောကဓံကောင်းများဖြစ်ကြသော လာဘ်ရခြင်း, အခြွေအရံများခြင်း, ချမ်းသာခြင်း, ချီးမွမ်းခြင်းတို့ကိုအကြောင်းပြု၍ လောဘစသည့်အကုသိုလ်တရားများဖြစ်ပေါ်လာနိုင်၏။

လောကဓံဆိုးများဖြစ်ကြသော လာဘ်မရခြင်း, အခြွေအရံမဲ့ခြင်း, ဆင်းရဲခြင်း, ကဲ့ရဲ့ခြင်းတို့ကိုအကြောင်းပြု၍ ဒေါသစသည့်အကုသိုလ်တရားများဖြစ်ပေါ်လာနိုင်ပါသည်။

**၃။ နိဗ္ဗာန်ပန်းတိုင်သို့မျက်နှာမူနေကြသူ သူတော်စင်တို့၏သန္တာန်၌ဖြစ်သော သမ္မပ္ပဓာန်နှင့်ပတ်သတ်၍ အရေးကြီးသောအချက်အလက်များပါဝင်စေလျက် မှတ်ချက်ကောင်းတစ်ခုရေးပေးပါ။** (၁၉၈၄၊ စမန ၃၇၈–၃၈၀)

**အဖြေ – သမ္မပ္ပဓာန်**သည် ကောင်းစွာအားထုတ်ကြောင်း ဝီရိယဖြစ်ပါသည်၊ သမ္မပ္ပဓာန်တရား ၄ ပါးတို့မှာ –

(၁) ဖြစ်ပြီးသောအကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊
(၂) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊
(၃) မဖြစ်သေးသည့်ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ ကောင်းစွာအားထုတ်ခြင်း၊
(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တည်မြဲစေခြင်းငှာ ကောင်းစွာအားထုတ်ခြင်းတို့ဖြစ်၏။

သမ္မပ္ပဓာန် ၄ ပါးသည် သစ္စာလေးပါးကိုသိတတ်သော မဂ်ဉာဏ်၏အသင်းအပင်းဖြစ်ကြသည့်ဗောဓိပက္ခိယ ၃၇ ပါးတွင် ပါဝင်၏။ ကောင်းစွာအားထုတ်မှုဝီရိယသည် ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အဖြစ်ဖြင့်လည်း ဗောဓိပက္ခိယတရားတွင် ပါဝင်သေး၏။

''ဝီရိယထက်မြက်သောသူအား မအောင်မြင်နိုင်သော အမှုကိစ္စမည်သည် မရှိပါ'' ဟု မြတ်စွာဘုရားမိန့်ကြားသဖြင့် နိဗ္ဗာန်ပန်းတိုင်သို့ မျက်နှာမူနေကြသူသူတော်စင်တို့၏သန္တာန်၌ဖြစ်သော သမ္မပ္ပဓာန်တရားထက်မြက်လျှင် နိဗ္ဗာန်ပန်းတိုင်သို့ ကေန်ရောက်မည်ဖြစ်၏။

**၄။ လူသားများတီထွင်ကြသော အမျိုးမျိုးသောလက်နက်များတွင် တစ်ချက်ပစ်က နှစ်ဆင့်သုံးဆင့် ထိမှန်နိုင်သော လက်နက်များရှိသလို သာသနာတော်၌ တစ်ချက်ပစ်က လေးချက်မှန်နိုင်သော တရားများရှိပါသလော၊ ရှိပါက လေးချက်မှန်ပုံကိုသိသာရုံ ရှင်းပြခဲ့ပါ။** (၁၉၈၇၊ စမန ၃၉၆)

**အဖြေ** – သာသနာတော်၌ တစ်ချက်ပစ်က လေးချက်မှန်နိုင်သောတရားများရှိပါသည်။ ထိုတရားများမှာ အရိယာမဂ်ဉာဏ် ၄ ပါးဖြစ်ပါသည်။

အရိယာမဂ်ဉာဏ်တို့သည် တစ်ခုတည်းသော စိတ္တက္ခဏ၌ သစ္စာလေးပါးကို မြင်သိသောအခါ၌ ပရိညာစသည့်ကိစ္စ ၄ ပါးကို မှန်သောသဘောအားလျော်စွာ ပြီးစေ၏။

(၁) ပရိညာကိစ္စ – ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏
(၂) ပဟာနကိစ္စ – သမုဒယသစ္စာကို ပယ်၏။
(၃) သစ္ဆိကိရိယာကိစ္စ – နိရောဓသစ္စာကို မျက်မှောက်ပြု၏။

(၄) ဘာဝနာကိစ္စ – မဂ္ဂသစ္စာကို ပွားစေ၏။

**၅။ လောကလူသားတို့အသိသည် အမှားသိ, အမှန်သိ နှစ်မျိုးရှိသည့်အနက် မည်သို့သိပုံကို အမှန်သိဟုဆိုရမည်နည်း။ ၎င်းအမှန်သိကို ရရှိပါက မည်သို့သောအသိမှားများ ကင်းပျောက်ပါသနည်းဖြေဆိုပါ။** (၁၉၈၇၊ စမန ၃၉၆)

**အဖြေ** – လောကလူသားတို့အသိသည် အမှားသိ၊ အမှန်သိ နှစ်မျိုးရှိသည့်အနက် အမှန်သိဟူသည်မှာ မဂ်ဉာဏ်ဖြင့် အရိယာသစ္စာ ၄ ပါးကို ထိုးထွင်း၍သိခြင်းဖြစ်ပါသည်။

သိပုံမှာ –

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းဟူသော ထိုးထွင်း၍သိခြင်း (ပရိညာဘိသမယအသိ) ဖြင့် ထိုးထွင်း၍သိ၏။

(၂) သမုဒယသစ္စာကို ပယ်ခြင်းဟူသော ထိုးထွင်း၍သိခြင်း (ပဟာနာဘိသမယအသိ)ဖြင့် ထိုးထွင်း၍သိ၏

(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ထိုးထွင်း၍သိခြင်း (သစ္ဆိကိရိယာဘိသမယအသိ)ဖြင့် ထိုးထွင်း၍သိ၏။

(၄) မဂ္ဂသစ္စာကို ပွားစေခြင်းဟူသောထိုးထွင်း၍သိခြင်း (ဘာဝနာဘိသမယအသိ)ဖြင့် ထိုးထွင်း၍သိခြင်းတို့ ဖြစ်ပါသည်။

၎င်းအမှန်သိကိုရရှိပါက သစ္စာလေးပါးကို မသိအောင်ဖုံးလွှမ်းထားသော ပြင်းပြစွာတွေဝေစေသည့် အသမ္မောဟတရားများ ကင်းပျောက်သွားပါသည်။

**၆။ အနုလုံဉာဏ်၊ ဂေါတြဘုဉာဏ်တို့၏ ထူးခြားဟန်ကို ဖော်ပြပါ။** (၁၉၈၈၊ စမန ၃၇၂၊ ၃၇၃)

**အဖြေ** – အနုလုံဉာဏ်၊ ဂေါတြဘုဉာဏ်တို့၏ ထူးခြားချက်မှာ –

**အနုလုံဉာဏ်** (ဝါ) **အနုလောမဉာဏ်**သည် အရိယာသစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏၊ နိဗ္ဗာန်ကိုအာရုံပြုခြင်းငှာ မစွမ်းနိုင်ပါ။

**ဂေါတြဘုဉာဏ်**သည် မင်္ဂ၏အာဝဇ္ဇန်းကဲ့သို့ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာသာလျှင် စွမ်းနိုင်၏၊ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပါ။

**ဥပမာကား** မျက်စိကောင်းသောယောကျ်ားသည် လနှင့်နက္ခတ်ယှဉ်ပုံကိုသိအောင် ညအခါ ကောင်းကင်သို့မော်ကြည့်၏၊ တိမ်တိုက်များဖုံးလွှမ်းနေသဖြင့် လကိုမမြင်ရပါ။ ထိုအခိုက် ပထမလေတစ်မျိုးသည် ရှန့်ရင်းသောတိမ်အလွှာကို တိုက်လွှင့်လိုက်၏။ ထို့နောက် ဒုတိယလေတစ်မျိုးက အလတ်စားတိမ်အလွှာကို တိုက်လွှင့်၏၊ ထို့နောက် တတိယလေတစ်မျိုးက သိမ်မွေ့သော တိမ်အလွှာကို တိုက်လွှင့်၏၊ ကောင်းကင်၌ တိမ်ကင်းစင်သွားသဖြင့် ယောကျ်ားသည် လနှင့်နက္ခတ်ယှဉ်ပုံကို မြင်ရ၏။

ဤဥပမာ၌ (၁) တိမ်တိုက်သုံးလွှာကဲ့သို့ သစ္စာ ၄ ပါးကိုဖုံးလွှမ်းတတ်သော ရှန့်ရင်း,

အလတ်စား, သိမ်မွေ့သောအားဖြင့် ၃ ပါးသော ကိလေသာတို့ကို မှတ်အပ်၏။
(၂) လေ ၃ မျိုးကဲ့သို့ ပရိကံ, ဥပစာ, အနုလုံစိတ်တို့နှင့်ယှဉ်သော အနုလုံဉာဏ် ၃ ပါးကို မှတ်အပ်၏။
(၃) မျက်စိကောင်းသောယောကျ်ားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။
(၄) လကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။
(၅) လေသုံးမျိုးက တိမ်တိုက်သုံးလွှာကိုတိုက်လွှင့်သကဲ့သို့ အနုလုံဉာဏ်သုံးပါးက သစ္စာ ၄ ပါးကို ဖုံးလွှမ်းသည့် ကိလေသာသုံးမျိုးကို ဖယ်ရှားဖျက်ဆီးခြင်းကို မှတ်အပ်၏။
(၆) တိမ်ကင်းစင်သည့်ကောင်းကင်၌ လနှင့်နက္ခတ်ယှဉ်ပုံကို ယောကျ်ားမြင်သကဲ့သို့ သစ္စာတို့ကို ဖုံးလွှမ်းတတ်သည့် ကိလေသာအမှောင်ကင်းစင်သဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်၏မြင်ခြင်းကို မှတ်အပ်၏။
(၇) လေ ၃ မျိုးသည် လကိုဖုံးလွှမ်းသည့်တိမ်သုံးလွှာကို တိုက်လွှင့်တတ်၏။ လကိုမြင်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ အနုလုံဉာဏ်သည် သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သည့်ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာသာလျှင် စွမ်းနိုင်၏။ နိဗ္ဗာန်ကိုမြင်ခြင်းငှာ မစွမ်းနိုင်ပါ။
(၈) ယောကျ်ားသည် လကိုမြင်ခြင်းငှာသာလျှင် စွမ်းနိုင်၏၊ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူပင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုမြင်ခြင်းငှာသာလျှင်စွမ်းနိုင်၏။ ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပါ။

**၇။ ဂေါတြဘူဉာဏ်သည် ဝဋ္ဋဒုက္ခအလျဉ်မှ မထနိုင်၊ သင်္ခါရနိမိတ်မှကား ထနိုင်၏၊ အဘယ်ကြောင့် ယင်းသို့မပြတ်မသားဖြစ်နေပါသနည်း၊ တစ်ဖန် အဘယ်ဉာဏ်များကား ပြတ်သားစွာထနိုင်ပါသနည်း၊ ဖြေဆိုပါ။** (၁၉၉၂၊ စမန ၃၇၂၊ ၃၇၆)

**အဖြေ** – ဂေါတြဘူဉာဏ်သည် အနိစ္စစသည့်သင်္ခါရနိမိတ်ကို အာရုံမပြုတော့ဘဲ နိဗ္ဗာန်ကို အာရုံပြုသဖြင့် သင်္ခါရနိမိတ်မှထသည် မည်ပါသည်။ သို့သော် ဂေါတြဘူဉာဏ်သည် သမုဒယတဏှာနှင့် ကိလေသာတို့ကို မပယ်သတ်နိုင်ခြင်းကြောင့် မပြတ်ဖြစ်နေသော ခန္ဓာအယဉ်ပဝတ္တခေါ် ဝဋ္ဋဒုက္ခအလျင်မှ မထနိုင်ခြင်းဖြစ်ပါသည်။

အရိယာမဂ်ဉာဏ် ၄ ပါးသည်ကား နိဗ္ဗာန်ကိုသာလျှင် အာရုံပြုသည့်အပြင် သမုဒယတဏှာနှင့်ကိလေသာအားလုံးကို ပယ်သတ်ပြီးလျှင် ဝဋ္ဋဆင်းရဲဒုက္ခမှ လုံးဝလွတ်မြောက်စေ၏။ ထို့ကြောင့် မဂ်ဉာဏ် ၄ ပါးသည် သင်္ခါရနိမိတ်နှင့်ဝဋ္ဋဒုက္ခအလျဉ်တို့မှ ပြတ်သားစွာ ထနိုင်ကြပါသည်။

**၈။ ပဟာနပရိညာ၏ကျက်စားရာနယ်ပယ်ကို ဖော်ပြပြီးလျှင်၊ မည်သို့မည်ပုံရှုမြင်ခြင်းဖြင့် သမုဒယသစ္စာထင်ရှားလာသည်ကိုလည်း ဖော်ပြပါ။** (၁၉၉၃၊ စမန ၄၀၁၊ ၃၉၉)

**အဖြေ** – ပဟာနပရိညာ၏ကျက်စားရာနယ်ပယ်သည် ဘင်္ဂါနုပဿနာဉာဏ်မှစ၍ မဂ်ဉာဏ်တိုင်အောင်ဖြစ်ပါသည်။

**သမုဒယသစ္စာထင်ရှားလာသည်ကို ရှုမြင်ပုံမှာ –**

(၁) ဒုက္ခသစ္စာ(ဆင်းရဲခြင်းသဘော)ကိုမြင်သဖြင့် သမုဒယသစ္စာ၏ဆင်းရဲခြင်း၏အကြောင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။ ဥပမာ မသင့်လျော်သောအစာကြောင့် ဖြစ်ပေါ်လာ

သည့်အနာရောဂါကိုမြင်သဖြင့် အစာသည် အနာရောဂါ၏အကြောင်းအဖြစ် ထင်ရှားလာသကဲ့သို့တည်း။

(၂) ဆင်းရဲနှင့်ယှဉ်ခြင်းကင်းသောနိရောဓသစ္စာ (နိဗ္ဗာန်) ကိုမြင်သဖြင့် သမုဒယသစ္စာ၏ ဆင်းရဲနှင့်ယှဉ်ခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။

(၃) ထွက်မြောက်ကြောင်းသဘောရှိသော မဂ္ဂသစ္စာကိုမြင်သဖြင့် သမုဒယသစ္စာ၏နှောင့်ယှက်တားမြစ်ခြင်းသဘောသည် ပေါ်လွင်ထင်ရှားလာ၏။

**၉။ အသုံးတွင်ကျယ်သည့် 'ဗိုလ်'ဟူသောစကား၏အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ်လာအတိုင်း ဖော်ပြခဲ့ပါ။** (၁၉၉၃၊ စမန ၃၇၉)

**အဖြေ** – မယုံကြည်ခြင်း (အဿဒ္ဓိယ)၊ ပျင်းရိခြင်း (ကောသဇ္ဇ)၊ မေ့လျော့ခြင်း(ပမာဒ) စိတ်ပျံ့လွင့်ခြင်း (ဝိက္ခေပ)၊ ပြင်းစွာတွေဝေခြင်း (သမ္မောဟ)ဟူသော ဆန့်ကျင်ဘက်တရားတို့ကမလွှမ်းမိုးနိုင်သောကြောင့် မတုန်လှုပ်ခြင်းအနက်သဘောအားဖြင့် ဗလ–ဗိုလ်မည်ပါသည်။ ဗိုလ်တရား ငါးပါးတို့မှာ –

(၁) **သဒ္ဓါဗိုလ်** – မယုံကြည်ခြင်းက မလွှမ်းမိုးနိုင်သော မြဲမြံခိုင်ခံ့သည်သဒ္ဓါ၊

(၂) **ဝီရိယဗိုလ်** – ပျင်းရိခြင်းက မလွှမ်းမိုးနိုင်သော မြဲမြံခိုင်ခံ့သည့်ဝီရိယ၊

(၃) **သတိဗိုလ်** – မေ့လျော့ခြင်းက မလွှမ်းမိုးနိုင်သော မြဲမြံခိုင်ခံ့သည့်သတိ၊

(၄) **သမာဓိဗိုလ်** – ပျံ့လွင့်ခြင်းက မလွှမ်းမိုးနိုင်သော မြဲမြံခိုင်ခံ့သည့်သမာဓိ၊

(၅) **ပညာဗိုလ်** – ပြင်းစွာတွေဝေခြင်းက မလွှမ်းမိုးနိုင်သောကြောင့် မြဲမြံခိုင်ခံ့သည့် ပညာတို့တည်း။

**၁၀။ လေထုသည် ကောင်းကင်လကို ဖုံးအုပ်ထားသော တိမ်တိုက်များကိုမှုတ်လွှင့်တိုက်ထုတ်ရုံသာစွမ်းနိုင်၏။ လကိုကား မမြင်စွမ်းနိုင်၊ ထိုအချိန်၌ လကိုမော်ကြည့်သူကား လကိုသာမြင်၍ တိမ်တိုက်များကို မမှုတ်လွှင့်နိုင်၊ မဂ္ဂဝီထိအတွင်းရှိ ရှေ့ပိုင်းဉာဏ်နှစ်မျိုးသည်လည်း ထိုနည်းမခြား အလားတူပင် ဖြစ်သည်ဟုဆိုရာ၌ အဘယ်သို့မခြား အလားတူသည်ကို ဖော်ပြပါ။** (၁၉၉၈၊ စမန ၃၇၂၊ ၃၇၃)

(နံပါတ် ၆ အဖြေနှင့်ယှဉ်ကြည့်ပါ)

**အဖြေ** – လေထုနှင့် လကိုမော်ကြည့်သူတို့နှင့်အသီးသီးအလားတူသော မဂ္ဂဝီထိအတွင်းရှိ ရှေ့ပိုင်းဉာဏ်နှစ်မျိုးသည် အနုလောမဉာဏ်နှင့်ဂေါတြဘူဉာဏ်တို့ဖြစ်ပါသည်။ အလားတူပုံမှာ–

– **လေထု**သည် ကောင်းကင်လကိုဖုံးအုပ်ထားသော တိမ်တိုက်များကို မှုတ်လွှင့်တိုက်ထုတ်ရုံသာ စွမ်းနိုင်၏၊ လကိုကား မမြင်စွမ်းနိုင်။ ထို့အတူပင်လျှင် **အနုလောမဉာဏ်**သည် သစ္စာ ၄ ပါးကို ဖုံးလွှမ်းထားသော ကိလေသာအမိုက်မှောင်ကို ပယ်ရှားခြင်းငှာသာလျှင် စွမ်းနိုင်၏၊ နိဗ္ဗာန်ကိုကား အာရုံမပြုနိုင်ပါ။

– **လကိုမော်ကြည့်သူ**သည် လကိုမြင်ခြင်းသာလျှင်စွမ်းနိုင်၏။ တိမ်တိုက်များကိုမမှုတ်လွှင့် မတိုက်ထုတ်နိုင်သကဲ့သို့ **ဂေါတြဘူဉာဏ်**သည် နိဗ္ဗာန်ကိုမြင်ခြင်းငှာသာလျှင် စွမ်းနိုင်၏။ သစ္စာ ၄ ပါးကို ဖုံးလွှမ်းထားသည့်ကိလေသာအမှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပါ။

**၁၁။ . . . (ခ) သစ္စာအနက် (၁၆) ချက်တွင် ဒုက္ခသစ္စာ၏အနက်များကို ဖော်ပြပါ။**

(၁၉၉၉၊ စမန ၃၉၈)

**အဖြေ** – ဒုက္ခသစ္စာ၏အနက်များမှာ –

(၁) နှိပ်စက်ခြင်းသဘော (ပီဠန)

(၂) ပေါင်းစု၍ပြုအပ်သောသဘော (သင်္ခတ)

(၃) ပူလောင်စေခြင်းသဘော (သန္တာပ)

(၄) ဖောက်ပြန်ခြင်းသဘော (ဝိပရိဏာမ) တို့ဖြစ်ပါသည်။

**၁၂။ လေးသမားတစ်ယောက်သည် ရှစ်ဥသဘာဝေးကွာသောအရပ်၌ ပျဉ်ချပ်တစ်ရာကို ထောင်ထားနိုင်းပြီး မိမိ၏မျက်နှာကို အဝတ်ဖြင့်ပိတ်စည်းကာ ချာချာလည်နေသော စက်ခုံပိုင်း၌ ရပ်နေစဉ် ပျဉ်ချပ်များနှင့်တည့်တည့်အရောက်တွင် ထိုလေးသမားကို အခြားလူတစ်ယောက်က ပျဉ်ချပ်များကိုတုတ်ဖြင့်ခေါက်လျက် အသံပေးလိုက်၏။ လေးသမားကလည်း တုတ်ခေါက်သံပေးရာသို့ မြားကိုပစ်လွှတ်၍ ပျဉ်ချပ်များကို ဖောက်ထွင်းသွားစေ၏။ ဤသို့သောဖြစ်ရပ်နှင့် ဓမ္မသဘာဝတို့ တူညီလျက်ရှိရာ အဘယ်ဖြစ်ရပ်နှင့် အဘယ်ဓမ္မသဘာဝတူသည်ကို အသီးသီးခွဲခြားဖော်ပြပါ။**

(၂၀၀၀၊ စမန ၃၇၃)

**အဖြေ** – လေးသမားဖြစ်ရပ်နှင့် ဓမ္မသဘာဝတို့အသီးသီးတူပုံမှာ–

– တုတ်ခေါက်သံအမှတ်ပေးခြင်းသည် ဂေါတြဘူဉာဏ်ကနိဗ္ဗာန်မြင်ခြင်းနှင့်တူ၏။

– လေးသမားသည် အရိယာမဂ်ဉာဏ်နှင့်တူ၏

– တုတ်ခေါက်သံအမှတ်သညာကိုမလွှတ်မူဘဲ ပျဉ်ချပ်တစ်ရာကို လေးသမား၏ဖောက်ထွင်းခြင်းကဲ့သို့ ထို့အတူပင် ဂေါတြဘူဉာဏ်ပေးသောအမှတ်သညာကို မလွှတ်မူဘဲ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက် မဖောက်ထွင်းမခွဲဖျက်ဖူးသော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ခြင်းကို မှတ်အပ်၏။

**၁၃။ မဂ်ဉာဏ်သည် ဖြစ်ဆဲပစ္စုပ္ပန်ကိလေသာကို ပယ်သည်ဟုဆိုလျှင် အဘယ်သို့အပြစ်တင်ဖွယ်ရှိသည်ကိုလည်း ဖြေဆိုပါ။** (၂၀၀၁၊ စမန ၃၉၁)

**အဖြေ** – မဂ်ဉာဏ်သည် ဖြစ်ဆဲပစ္စုပ္ပန်ကိလေသာကို ပယ်သည်ဆိုလျှင်–

– တပ်မက်လျက် တပ်မက်မှုရာဂကို ပယ်ရာရောက်၏။

– အမျက်ထွက်လျက် အမျက်ထွက်မှု – ဒေါသကို ပယ်ရာရောက်၏။

– တွေဝေလျက် တွေဝေမှု – မောဟကို ပယ်ရာရောက်၏။

– မာန်ထောင်လျက် မာန်မာနကို ပယ်ရာရောက်၏။

– မှားယွင်းစွာသုံးသပ်လျက် အမြင်မှားမှု – ဒိဋ္ဌိကို ပယ်ရာရောက်၏။

– ပျံ့လွင့်ခြင်းသို့ရောက်လျက် ပျံ့လွင့်မှု – ဥဒ္ဓစ္စကို ပယ်ရာရောက်၏။

– မဆုံးဖြတ်မဝေခွဲနိုင်ခြင်းသို့ရောက်လျက် ယုံမှားမှု – ဝိစိကိစ္ဆာကို ပယ်ရာရောက်၏။

– ဖြစ်စွမ်းနိုင်သောအားစွမ်းသို့ရောက်လျက် ဖြစ်ထိုက်သောအနုသယကို ပယ်ရာရောက်၏။

– မည်းညစ်သောအကုသိုလ်တရားနှင့် ဖြူစင်သောကုသိုလ်တရားတို့သည် ထမ်းပိုး၌တူညီ

စွာဖွဲ့ထားသကဲ့သို့ ဖြစ်ကုန်ရာ၏။

– မဂ်ကိုပွားစေခြင်းသည် ညစ်ညူးကြောင်းကိလေသာတို့နှင့် ရောနှောယှဉ်တွဲသည်ဖြစ်ရာ၏။ ဤသို့လျှင် အပြစ်တင်ဖွယ်ရှိပါသည်။

**၁၄။ မဂ္ဂသစ္စာကို သိမြင်ပါက ဒုက္ခသစ္စာ၏အနက် ၄ ပါးထဲက အဘယ်အနက်သဘော ထင်ရှားလာသနည်း။** (၂၀၀၃၊ စမန ၃၉၈၊ ၃၉၉)

**အဖြေ** – မဂ္ဂသစ္စာသည် ကိလေသာအပူကို ပယ်ဖျောက်တတ်၏၊ အလွန်အေးမြ၏၊ ထို့ကြောင့် မဂ္ဂသစ္စာကိုမြင်သဖြင့် ဒုက္ခသစ္စာ၏ပူလောင်စေခြင်းသဘောသည် ထင်ရှားပေါ်လွင်လာ၏။

– ဥပမာသော်ကား ညီတော်နန္ဒအား အလွန်လှပသည့်နတ်သမီးကိုမြင်သဖြင့် သုန္ဒရီနန္ဒာ (ဇနပဒကလျာဏီ)၏ အဆင်းမလှသည့်အဖြစ်သည် ထင်ရှားပေါ်လွင်လာသကဲ့သို့တည်း။

**၁၅။ ကောင်းကင်၌ လကိုဖုံးအုပ်နေသော တိမ်တိုက်ကို လေသည် တိုက်ထုတ်မှုတ်လွှင့် ရုံသာစွမ်းနိုင်၍ လကိုကားမမြင်နိုင်၊ နက္ခတ်ကိုကြည့်သောပညာရှင်သည်လည်း လကိုသာမြင်နိုင်၏၊ တိမ်တိုက်ကို လွင့်ပါးမသွားစေနိုင်၊ ဤဖြစ်ရပ်နှင့်အလားတူ သဘာဝဓမ္မ၏ဖြစ်စဉ်ကို ရေးပြပါ။** (၂၀၀၄၊ စမန ၃၇၂၊ ၃၇၃)

**အဖြေ** – စာမျက်နှာ ၄၀၉ နံပါတ် ၁၀ နှင့်အဖြေတူပါသည်။

**၁၆။ လောက၌ အကျုံးဝင်သောတရားကိုဖော်ပြပါ။** (၂၀၀၆၊ စမန ၃၈၅)

**အဖြေ** – လောက၌အကျုံးဝင်သောတရားတို့မှာ –

(၁) လာဘ်ရခြင်း၊ (၂) လာဘ်မရခြင်း၊ (၃) အခြွေအရံများခြင်း၊

(၄) အခြွေအရံမဲ့ခြင်း၊ (၅) ချမ်းသာခြင်း၊ (၆) ဆင်းရဲခြင်း၊

(၇) ချီးမွမ်းခြင်း၊ (၈) ကဲ့ရဲ့ခြင်းဟူသော လောကဓံတရားများဖြစ်ကြသည်။

အဘယ်ကြောင့်ဆိုသော် သတ္တဝါအပေါင်းတို့သည် ဤလောကဓံတရားတို့နှင့် မကင်းကွာနိုင်သောကြောင့်တည်း။

**၁၇။ ဂေါတြဘုဉာဏ်ကို မဂ်၏အာဝဇ္ဇန်းဟူ၍ခေါ်ဆိုအပ်ပုံကို ဥပမာပြဖြေဆို၍၊ မြတ်ဗုဒ္ဓ သာသနာတော်မြတ်ကြီး၌ ဝိပဿနာပွားများရှုမှတ်ခြင်း၏အကျိုးထူးတရားများကို လည်း ထုတ်ဖော်ပြခဲ့ပါ။** (၂၀၀၈၊ စမန ၃၇၃)

**အဖြေ** –ဂေါတြဘုဉာဏ်သည် မဂ်ဝီထိတွင် မဂ်စိတ်၏ရှေ့၌ နိဗ္ဗာန်ကိုမြင်တွေ့၍ မဂ်စိတ်အား "နိဗ္ဗာန်ကိုအာရုံယူ၍ ဖြစ်ရစ်လော့"ဟု အမှတ်သညာပေးသကဲ့သို့ ဖြစ်ပြီးလျှင် ချုပ်လေ၏။ ထို့ကြောင့် ဂေါတြဘုဉာဏ်သည် အာဝဇ္ဇန်းမဟုတ်ငြားသော်လည်း အာဝဇ္ဇန်းအရာ၌တည်သဖြင့် **ဂေါတြဘုဉာဏ်ကို မဂ်၏အာဝဇ္ဇန်း**ဟူ၍ ဆိုအပ်၏။

မဂ်ဉာဏ်သည်လည်း ဂေါတြဘုဉာဏ်ကပေးသောအမှတ်သညာကို မလွှတ်မူ၍သာလျှင် အခြားအပြတ်မရှိသည့် စိတ်အစဉ်၏အစွမ်းအားဖြင့် ထိုဂေါတြဘုဉာဏ်သို့အစဉ်လိုက်လျက် မဖောက်ထွင်းဖူးသော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ကာ ဖြစ်ပေါ်လာလေ၏။

**ဥပမာကား** လေးသမားတစ်ယောက်သည် ရှစ်ဥသဘဝေးကွာသောအရပ်၌ ပျဉ်ချပ်တစ်ရာကို ထောင်ထားခိုင်းပြီး မိမိ၏မျက်နှာကို အဝတ်ဖြင့်ပိတ်စည်းကာ ချာချာလည်နေသောစက်ခုံဝိုင်း၌ရပ်နေစဉ် ပျဉ်ချပ်များနှင့်တည့်တည့်အရောက်တွင် အခြားလူတစ်ယောက်က ပျဉ်ချပ်များကိုတုတ်ဖြင့်ခေါက်လျက် အသံပေး၏။ လေးသမားသည် တုတ်ခေါက်သံပေးရာသို့ မြားကိုပစ်လွှတ်၍ ပျဉ်ချပ်များကိုဖောက်ထွင်းသွားစေ၏။ ဤဖြစ်ရပ်၌–

– တုတ်ခေါက်သံအမှတ်ပေးခြင်းသည် ဂေါတြဘူဉာဏ်က နိဗ္ဗာန်ကိုမြင်၍အချက်ပေးခြင်းနှင့်တူ၏။

– လေးသမားသည် မဂ်ဉာဏ်နှင့်တူ၏။

– တုတ်ခေါက်သံအမှတ်သညာကို မလွှတ်မူဘဲ ပျဉ်ချပ်တစ်ရာကို လေးသမား၏ဖောက်ထွင်းခြင်းကဲ့သို့၊ ထို့အတူပင် ဂေါတြဘူဉာဏ်ပေးသောအမှတ်သညာကို မလွှတ်မူဘဲ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက် မဖောက်ထွင်းမခွဲဖျက်ဘူးသော လောဘတုံး, ဒေါသတုံး, မောဟတုံးတို့ကို ဖောက်ထွင်းခွဲဖျက်ခြင်းကို မှတ်အပ်၏။

**– မြတ်ဗုဒ္ဓသာသနာတော်၌ ဝိပဿနာရှုပွားခြင်း၏အကျိုးထူးတရားများမှာ–**

(၁) မဂ်ဉာဏ်တို့ကိုရ၍ ကိလေသာအစိုင်အခဲကို ဖောက်ထွင်းခွဲဖျက်နိုင်၏၊

(၂) အရိယာသူတော်စင်ဖြစ်၍ နိဗ္ဗာန်အမြိုက်ချမ်းသာကို ခံစားနိုင်၏၊

(၃) အစမထင်သည့်သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကို ခန်းခြောက်စေ၏၊

(၄) အလုံးစုံသောအပါယ်တံခါးတို့ကို ပိတ်စေ၏၊

(၅) သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ (၇) ပါးကို ရရှိ၏။

(၆) မိစ္ဆာမဂ္ဂင် ၈ ပါးတည်းဟူသော လမ်းမှားကို ပယ်၏။

(၇) အလုံးစုံသောဘေးရန်တို့ကို ငြိမ်းစေ၏၊

(၈) မြတ်စွာဘုရား၏ရင်သွေးရင်တော်နှစ် သားတော်စစ်အဖြစ်သို့ ရောက်၏။

(၉) ရတနာသုံးပါး၌ ခိုင်မြဲသောအဝေစ္စပသာဒတရားကို ဖြစ်ပေါ်စေ၏။

(၁၀) ထိုမှတစ်ပါး အရာမကများလှကုန်သော အကျိုးအာနိသင်တို့ကိုရ၏။

**၁၈။ . . . သစ္စာအနက် ၁၆ ချက်တွင် ဒုက္ခသစ္စာ၏အနက်များကို ဖော်ပြပါ။**

(၂၀၁၀၊ စမန ၃၉၈)

**အဖြေ** – စာမျက်နှာ ၄၁၀ နံပါတ် ၁၁ အဖြေနှင့်တူပါသည်။

# အခန်း (၂၃)
# ပညာဘာဝနာနိသံသနိဒ္ဒေသ
## ပညာဘာဝနာ၏အကျိုးအာနိသင်များကိုပြဆိုခြင်း

**• ပညာဘာဝနာ–ပညာကို ပွားစေခြင်း၏အကျိုး**

ပညာကိုပွားစေခြင်းဟူသည့် ပညာဘာဝနာ၏အကျိုးအာနိသင်များကား အရာမကများ မြောင်လှပေ၏။ အကျဉ်းအားဖြင့်မူကား–

(၁) အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်း၊

(၂) အရိယာဖိုလ်၏အရသာကို ခံစားရခြင်း၊

(၃) နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်း၊

(၄) အဝေးမှဆောင်ယူခဲ့၍ ပူဇော်ထိုက်သောအာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည်ပြီးစီးခြင်းတို့ ဖြစ်ပါသည်။

**• ၁ အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်း** (ပဌမပညာဘာဝနာနိသံသ)

**(က) လောကီပညာဘာဝနာ၏အကျိုးအာနိသင်**

(၁) နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကို ပယ်၏။

(၂) ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိနှင့် ဝိစိကိစ္ဆာယုံမှားမှု အညစ်အကြေးများကို ပယ်၏။

(၃) ဝိပဿနာဉာဏ် ၁၀ ပါးဖြင့် ဆိုင်ရာကိလေသာအမျိုးမျိုးတို့ကို တဒင်္ဂပဟာန်ပယ်၏။

ဤအကြောင်းတို့ကို စာမျက်နှာ ၄၀၂ တို့၌ ''**ဝိပဿနာဉာဏ်စဉ်အလိုက်တဒင်္ဂ ပဟာန်ကိလေသာပယ်ပုံ**'' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

**(ခ) လောကုတ္တရာပညာဘာဝနာ၏အကျိုးအာနိသင်**

အရိယာမဂ်ခဏ၌ သံယောဇဉ်စသည်တို့၏အစွမ်းအားဖြင့် အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်းကို စာမျက်နှာ ၃၈၃ မှ ၃၈၉ အထိ ''**မဂ်ဉာဏ်တို့ဖြင့် အကုသိုလ်တရားများ ကို ပယ်ခြင်း**'' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤသံယောဇဉ်စသော ကိလေသာ အမျိုးမျိုးကို ဖျက်ဆီးခြင်းသည် လောကုတ္တရာပညာဘာဝနာ၏အကျိုးအာနိသင်ဖြစ်သည်ဟု သိအပ်၏။

**ဥပမာကား** ကြောက်မက်ဖွယ်အရှိန်အဟုန်ဖြင့် ကျလာသောမိုးကြိုးသည် ကြီးစွာသော ကျောက်တောင်တို့ကို ဖျက်ဆီးသကဲ့သို့၊ လေအဟုန်ဖြင့် တောက်လောင်သောတောမီးသည် တောအုပ်ကိုဖျက်ဆီးသကဲ့သို့ တောက်ပသောရောင်ခြည်ရှိသည့် နေမင်းသည် အမိုက်မှောင်ကို ဖျက်ဆီးသကဲ့သို့၊

**ဥပမေယျကား** ပွားစေအပ်သောပညာဘာဝနာသည် ရှည်မြင့်စွာသောကာလပတ်လုံး ခန္ဓာအစဉ်သန္တာန်၌ကျရောက်လျက်ရှိသည့် အလုံးစုံအကျိုးမဲ့ကိုဖြစ်စေတတ်သော ကိလေသာ ကွန်ယက်ကို ဖျက်ဆီးတတ်၏။

• **၂ အရိယာဖိုလ်၏အရသာကို ခံစားရခြင်း** (ဒုတိယပညာဘာဝနာနိသံသ)

အရိယာဖိုလ်ဟူသည်မှာ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်တို့ကိုဆိုလိုသည်။ ဤဖိုလ် ၄ ပါးသည် သောတာပတ္တိမဂ်စသည့် မဂ် ၄ ပါးတို့၏အကျိုးဖြစ်ကြသည်။

မဂ် ၄ ပါးကို 'သာမည'ဟုခေါ်သဖြင့် ထိုမဂ် ၄ ပါးတို့၏အကျိုး ၄ ပါးကို **'သာမညဖလ = သာမညဖိုလ် ၄ ပါး'**ဟု ခေါ်ပါသည်။ ထို့ကြောင့် အရိယာဖိုလ်သည် သာမညဖိုလ်လည်း မည်ပါသည်။

အရိယာဖိုလ်၏အရသာကိုခံစားခြင်းသည် မဂ္ဂဝီထိနှင့် ဖလသမာပတ္တိဝီထိတို့၏ အစွမ်းအားဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ နိဗ္ဗာန်၏အမြိုက်ချမ်းသာကို ခံစားခြင်းဖြစ်သည်။

အရိယာဖိုလ်၏အရသာကိုခံစားရခြင်းသည် ကိလေသာကိုဖျက်ဆီးခြင်းသက်သက်သာလျှင်မဟုတ်ပေ။ အရိယာဖိုလ်၏အရသာကိုခံစားရခြင်းသည်လည်း ပညာဘာဝနာ၏အကျိုးအာနိသင်ပင်ဖြစ်၏

**ကေစိဆရာတို့၏အဆို**

ကေစိဆရာတို့ကမူ ''မဂ်၏အကျိုး–ဖိုလ်မည်သည်ကား သံယောဇဉ်တို့ကို ပယ်ခြင်းမျှသာလျှင်ဖြစ်၏။ ထိုမှတစ်ပါး တစ်စုံတစ်ရာသောတရားမည်သည်မရှိ''ဟု ဆိုကြ၏။ ဤအဆိုမမှန်ကြောင်းကို အောက်ပါပဋိသမ္ဘိဒါမဂ်ပါဠိတော်ဖြင့် သိနိုင်သည်။

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မိန့်ဆိုချက်**

*''အဘယ်သို့လျှင် အရိယာမဂ်ဟူသောပယောဂကြောင့် ကိလေသာတို့၏ငြိမ်းခြင်း၌ ပညာသည် ဖိုလ်ဉာဏ်မည်သနည်း? သောတာပတ္တိမဂ်ခဏ၌ နိဗ္ဗာန်ကိုမြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့အစဉ်လိုက်သော ကိလေသာတို့မှလည်းကောင်း၊ ခန္ဓာတို့မှလည်းကောင်း ထ၏၊ ဗဟိဒ္ဓမည်သော အလုံးစုံသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသောတာပတ္တိမဂ်ဟူသောထခြင်းပယောဂငြိမ်းသည့်အဖြစ်ကြောင့် သမ္မာဒိဋ္ဌိသည် ဖြစ်ပေါ်၏၊ ဤသမ္မာဒိဋ္ဌိသည် မဂ်၏အကျိုးဖိုလ်ပေတည်း။''*

**ဖိုလ်ဝင်စားသောအခါ ဖိုလ်၏ဖြစ်ပုံ**

ဖိုလ်ဝင်စားရာ၌ ဖိုလ်မည်သို့ဖြစ်နေသည်ကို ရှင်းပြရန်အတွက် အောက်ပါမေးခွန်းများကို ဖြေဆိုရန်လိုပါသည်။

(က) ဖလသမာပတ်ဟူသည် အဘယ်နည်း၊

(ခ) ဖလသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ ဝင်စားကြသနည်း၊

အဘယ်ပုဂ္ဂိုလ်တို့ မဝင်စားကုန်သနည်း၊

(ဂ) အဘယ်ကြောင့် ဖိုလ်ဝင်စားကြသနည်း၊

(ဃ) ဖလသမာပတ်ကို အဘယ်သို့ဝင်စားကြသနည်း၊

ဖလသမာပတ်သည် အဘယ်သို့တည်၍ အဘယ်သို့ထသနည်း၊

(င) ဖိုလ်၏အခြားမဲ့၌ဖြစ်သောအရာကား အဘယ်နည်း၊

ဖိုလ်သည် အဘယ်တရား၏အခြားမဲ့၌ ဖြစ်သနည်း။

## (က) ဖလသမာပတ်ဟူသည် အဘယ်နည်း?

ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ အရိယာဖိုလ်၏ရောက်ခြင်းသည် ဖလသမာပတ်ဝင်စားသည် (ဖိုလ်ဝင်စားသည်) မည်ပါသည်။ နိဗ္ဗာန်ကိုအာရုံပြု၍ ဖိုလ်စိတ်အဆက်မပြတ်ဖြစ်နေခြင်းကို ဖလသမာပတ်ဝင်စားသည် မည်ပါသည်။

## (ခ) ဖလသမာပတ်ကို မည်သူတို့ဝင်စား၍ မည်သူတို့ မဝင်စားသနည်း?

ပုထုဇဉ်ပုဂ္ဂိုလ်အားလုံးတို့သည် ဖလသမာပတ်မဝင်စားကြပါ။ အဘယ့်ကြောင့်ဆိုသော် ဖိုလ်ဉာဏ်မရှိသေးသဖြင့် ဖိုလ်မဝင်စားနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

အရိယာပုဂ္ဂိုလ်အားလုံးပင် ဖလသမာပတ်ဝင်စားကြသည်။ အဘယ့်ကြောင့်နည်းဟူမူ အရိယာပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်တို့ကိုရရှိပြီးဖြစ်၍ ဖိုလ်ဝင်စားနိုင်သောကြောင့်ဖြစ်သည်။ သို့သော် **အထက်အရိယာပုဂ္ဂိုလ်တို့သည် အောက်ဖိုလ်များကို မဝင်စားကြကုန်**၊ မိမိနှင့်ဆိုင်သောဖိုလ်ကိုသာ ဝင်စားကြသည်။ သောတာပန်သည် သောတာပတ္တိဖိုလ်ကို ဝင်စား၏။ သကဒါဂါမ်သည် သကဒါဂါမိဖိုလ်ကိုသာ ဝင်စား၏၊ သောတာပတ္တိဖိုလ်နှင့် မရသေးသော အထက်ဖိုလ်များကို မဝင်စားပါ၊ မရသောကြောင့် မဝင်စားနိုင်ပါ။

အကြောင်းမှာ အထက်ဖိုလ်ကိုရသောအခါ ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ရောက်ခြင်းဖြင့် အောက်ဖိုလ်ငြိမ်းပြီးဖြစ်သောကြောင့်တည်း။ လောကီသမာပတ်၌ ပုထုဇဉ်သည် အထက်ဈာန်သမာပတ်ကိုရသောအခါ၌ ပုထုဇဉ်သာဖြစ်၍ ပုဂ္ဂိုလ်မပြောင်းပါ။ ထို့ကြောင့် ပုထုဇဉ်သည် မိမိရထားသောအောက်ဈာန်ကိုရော အထက်ဈာန်ကိုရောဝင်စား၏။

လောကုတ္တရာဖိုလ်တို့၌ကား ထိုသို့မဟုတ်ချေ။ ပုထုဇဉ်က သောတာပတ္တိဖိုလ်ကိုရလျှင် ပုထုဇဉ်မဟုတ်တော့ပြီ၊ သောတာပန်အဖြစ်သို့ရောက်၏၊ သောတာပန်က သကဒါဂါမိဖိုလ်ကိုရလျှင် သောတာပန်မဟုတ်တော့ပြီ၊ သကဒါဂါမ်အဖြစ်သို့ ရောက်၏။ သကဒါဂါမ်ဖြစ်သောအခါ အောက်ဖိုလ်ဖြစ်သည့် သောတာပတ္တိဖိုလ်သည် မိမိနှင့်မဆိုင်တော့ပြီ။ ဥပမာ ရှေးဘဝက မိမိ၏ကိုယ်ပိုင်ဖြစ်ခဲ့သောဘဝင်စိတ်သည် ဘဝတစ်ပါးသို့ပြောင်းသွားသောအခါ မိမိနှင့်မဆိုင်တော့သကဲ့သို့တည်း။ ထို့ကြောင့် အထက်အရိယာပုဂ္ဂိုလ်များသည် အောက်ဖိုလ်များကိုမဝင်စားကြပါ။ မိမိတို့နှင့်ဆိုင်သောဖိုလ်ကိုသာ ဝင်စားကြသည်။

## (ဂ) အဘယ်ကြောင့် ဖိုလ်ဝင်စားကြသနည်း?

မျက်မှောက်ကိုယ် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုးငှာ ဖိုလ်ဝင်စားကြပါသည်။ ဖိုလ်ဝင်စားခြင်းသည် အတုမရှိငြိမ်းအေးချမ်းသာသည့် အမြိုက်ချမ်းသာကိုခံစားခြင်းဖြစ်သဖြင့် နိဗ္ဗာန်ချမ်းသာဖြင့် လက်ငင်းချမ်းသာစွာနေရခြင်းအကျိုးငှာ (ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ) ဖိုလ်ဝင်စားကြပါသည်။

ဥပမာ မင်းသည် မင်း၏စည်းစိမ်ချမ်းသာကို ခံစားသကဲ့သို့၊ နတ်တို့သည် နတ်စည်းစိမ်ချမ်းသာကို ခံစားကြသကဲ့သို့၊ ဤအတူပင် အရိယာပုဂ္ဂိုလ်တို့သည် အရိယာတို့၏ဥစ္စာဖြစ်သော လောကုတ္တရာချမ်းသာကို ခံစားကုန်အံ့ဟု နှလုံးသွင်း၍ ကာလအပိုင်းအခြားကို ပြုပြီးလျှင် အလိုရှိတိုင်းဖလသမာပတ်ကို ဝင်စားကြကုန်၏။

## (ဃ) ဖလသမာပတ်ကို အဘယ်သို့ဝင်စားကြသနည်း?

နိဗ္ဗာန်မှတစ်ပါးသောအာရုံ, သင်္ခါရအာရုံစသည်ကို နှလုံးမသွင်းခြင်း၊ နိဗ္ဗာန်ကိုသာနှလုံးသွင်းခြင်း၊ ဤနှစ်ပါးသောအကြောင်းတို့ဖြင့် ဖလသမာပတ်ကို ဝင်စားခြင်းသည်ဖြစ်၏။

ဖိုလ်ဝင်စားလိုသောအရိယာပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ကပ်လျက် တစ်ပါးတည်းကိန်းအောင်းလျက် ဥဒယဗ္ဗယဉာဏ်စသည်တို့၏အစွမ်းအားဖြင့် သင်္ခါရတို့ကို လက္ခဏာတင်ရှု၏၊ ဝိပဿနာဉာဏ်တို့သည် အစဉ်အတိုင်းအဆင့်ဆင့်ဖြစ်ပေါ်ပြီးလျှင် သင်္ခါရနိမိတ်လျှင်အာရုံရှိသော အနုလောမဉာဏ်၏အခြားမဲ့၌ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်၏။ ဂေါတြဘူဉာဏ်၏အခြားမဲ့၌ ဖိုလ်သို့ရောက်သည့်အစွမ်းအားဖြင့် ဖိုလ်စိတ်သည် ချုပ်ငြိမ်းရာနိဗ္ဗာန်၌သက်ဝင်၏။ ဖိုလ်စိတ်တို့သည် နိဗ္ဗာန်ကိုအာရုံပြုလျက် သတ်မှတ်ထားသည့်အချိန်ပိုင်းကာလပတ်လုံး အဆက်မပြတ်ဖြစ်သွား၏။ ဤကား ဖလသမာပတ်ဝင်စားသည့်အစီအရင်တည်း။

**ဖလသမာပတ္တိဝီထိပုံစံမှာ** မန္ဒပညာပုဂ္ဂိုလ်အတွက်

န–ဒ–မ–ပ–ဥ–နု–ဂေါ–ဖိုလ်–ဖိုလ်–ဖိုလ့်......ဘဝင်။

တိက္ခပညာ (ဉာဏ်ထက်သူ) ပုဂ္ဂိုလ်ဖြစ်သော် ပရိကံ (ပ) မပါခြင်းသာထူး၏။

ဤသို့ ဖလသမာပတ်ဝင်စားရာ၌ ဖိုလ်သို့ရောက်ရန် စိတ်ညွတ်ထားသည့်အဖြစ်ကြောင့် ဖိုလ်သာလျှင်ဖြစ်ပေါ်၏၊ အထက်မဂ်တို့ မဖြစ်ပေါ်ချေ။

**အဘယဂီရိဝါသီဆရာတို့ကား** ''သောတာပန်ပုဂ္ဂိုလ်က ဖလသမာပတ်ဝင်စားရန်ဝိပဿနာရှုပွားလျှင် သကဒါဂါမ်ဖြစ်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်ကလည်း ဖလသမာပတ်ဝင်စားရန် ဝိပဿနာရှုပွားလျှင် အနာဂါမ်ဖြစ်၏''ဟုဆိုကြ၏။

ဤသို့ဖြစ်သည်ဆိုလျှင် အနာဂါမ်ပုဂ္ဂိုလ်က ဖလသမာပတ်ဝင်စားရန် ဝိပဿနာရှုလျှင် ရဟန္တာဖြစ်လတ့်၊ ရဟန္တာသည်လည်း ဖလသမာပတ်ဝင်စားရန်ဝိပဿနာရှုသော် ပစ္စေကဗုဒ္ဓါဖြစ်လတ့်၊ ပစ္စေကဗုဒ္ဓါသည်လည်း ဖလသမာပတ်ဝင်စားရန် ဝိပဿနာရှုသော် ဗုဒ္ဓမြတ်စွာဘုရားဖြစ်လတ့်။ ဤသို့မဖြစ်ထိုက်သောကြောင့် အဘယဂီရိဝါသီဆရာတို့၏အဆိုသည် ယုတ္တိမရှိပါ။ မမှန်ကန်ပါ။ လက်တွေ့ဖလသမာပတ်ဝင်စားနိုင်သည့်အထောက်အထားများလည်း အထင်အရှားရှိနေပါသည်။

ထိုသို့ဖလသမာပတ်ကိုဝင်စားရာ၌ အကယ်၍ဝင်စားသူက ပထမဈာန်နှင့်ယှဉ်သည့်မဂ်ကို ရခဲ့လျှင် ပထမဈာန်နှင့်ယှဉ်သည့်ဖိုလ်သာဖြစ်၏၊ ဒုတိယဈာန်စသည်နှင့်ယှဉ်သည့်မဂ်ကို ရခဲ့လျှင်လည်း ဒုတိယဈာန်စသည်နှင့်ယှဉ်သည့် ဖိုလ်သည်သာဖြစ်၏။

## (င) ဖလသမာပတ်သည် အဘယ်သို့တည်တံ့သနည်း?

အနိမိတ္တစေတောဝိမုတ္တိ (သင်္ခါရနိမိတ်ကင်းသော စိတ်၏လွတ်မြောက်ခြင်း) မည်သော ဖလသမာပတ်၏တည်တံ့ခြင်းအကြောင်းတို့ကား–

(၁) အလုံးစုံသော သင်္ခါရနိမိတ်တို့ကို နှလုံးမသွင်းခြင်း၊

(၂) နိမိတ်ကင်းသောနိဗ္ဗာန်ဓာတ်ကို နှလုံးသွင်းခြင်း၊

(၃) ရှေးအဖို့၌ပြုပြင်ခြင်း၊ ဤသုံးပါးတို့တည်းဟုဟောတော်မူ၏။

'ရှေးအဖို့၌ပြုပြင်ခြင်း'ဟူသည်ကား ဖိုလ်မဝင်စားမီ၌ ''ဤမည်သောကာလ၌ သမာပတ်မှ ထအံ့''ဟုကြိုတင်သတ်မှတ်ပိုင်းခြားထားခြင်းကို ဆိုလိုသည်။ ထိုပိုင်းခြားထားသောအချိန် မကျရောက်မီကာလပတ်လုံး ဖလသမာပတ်၏တည်တံ့ခြင်းသည် ဖြစ်၏။

**(ဈ) ဖလသမာပတ်မှ အဘယ်သို့ထသနည်း?**

အနိမိတ္တစေတောဝိမုတ္တိမည်သော ဖလသမာပတ်မှထခြင်း၌ အကြောင်းတို့ကား–

(၁) သင်္ခါရနိမိတ်ကို နှလုံးသွင်းခြင်း၊

(၂) နိမိတ်ကင်းသောနိဗ္ဗာန်ဓာတ်ကို နှလုံးမသွင်းခြင်း၊ ဤနှစ်ပါးတို့တည်းဟုဟောတော်မူ၏။

ဖလသမာပတ္တိဝီထိတွင် ဖော်ပြထားသည့်အတိုင်း ဖိုလ်စိတ်အစဉ်သည် ကြိုတင်သတ်မှတ်ထားသည့်အချိန်ကာလပတ်လုံးဖြစ်ပြီးလျှင် ဘဝင်အစဉ်ပြတ်၍ ဘဝင်စိတ်ဖြစ်ပေါ်သည့်အခါ ဖလသမာပတ်မှထ၏။

**(ည) ဖိုလ်၏အခြားမဲ့၌ဖြစ်သောတရားကား အဘယ်နည်း?**

ဖိုလ်၏အခြားမဲ့၌ (၁) ဖိုလ်စိတ်လည်းဖြစ်နိုင်၏၊ (၂) ဘဝင်စိတ်လည်းဖြစ်နိုင်၏။

ဖိုလ်သည်ကား (၁) မဂ်၏အခြားမဲ့၌ ဖြစ်နိုင်၏။
(၂) ဖိုလ်၏အခြားမဲ့၌လည်း ဖြစ်နိုင်၏။
(၃) ဂေါတြဘူ၏အခြားမဲ့၌လည်း ဖြစ်နိုင်၏။
(၄) နေဝသညာနာသညာယတနစျာန်၏အခြားမဲ့၌လည်း ဖြစ်နိုင်၏။

**(ဋ) ဖိုလ်သည် အဘယ်တရား၏အခြားမဲ့၌ ဖြစ်သနည်း?**

ထိုတွင် မဂ်ဝီထိ၌ ပထမဖိုလ်သည် မဂ်၏အခြားမဲ့၌ဖြစ်၏၊ နောက်နောက်ဖိုလ်တို့သည် ရှေ့ရှေ့ဖိုလ်၏အခြားမဲ့၌ဖြစ်၏။

ဖလသမာပတ်တို့၌ ရှေးဦးစွာဖြစ်သောဖိုလ်သည် ဂေါတြဘူ၏အခြားမဲ့၌ဖြစ်၏။ ဤဖလသမာပတ်၌ ဂေါတြဘူဟူသောအမည်ဖြင့် အနုလုံကိုသိအပ်၏၊ ပဋ္ဌာန်းပါဠိတော်၌ ''ရဟန္တာပုဂ္ဂိုလ်၏အနုလုံသည် ဖလသမာပတ်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏''ဟူ၍ ဟောတော်မူ၏။

အကြင်ဖိုလ်ဖြင့် နိရောဓသမာပတ်မှထ၏၊ ထိုဖိုလ်သည် နေဝသညာနာသညာယတနစျာန်၏အခြားမဲ့၌ဖြစ်၏။

ထိုဖိုလ်တို့တွင် မဂ်ဝီထိ၌ဖြစ်သောဖိုလ်မှအပ ကြွင်းသောဖိုလ်အလုံးစုံသည် ဖလသမာပတ်၏အစွမ်းအားဖြင့်ဖြစ်ကြ၏။

**(ဌ) ဖိုလ်၏ဂုဏ်စွမ်းရည်များကား အဘယ်နည်း?**

(၁) ဖိုလ်သည် ကိလေသာအပူကို တစ်ဖန်ငြိမ်းစေ၏။

(၂) အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိ၏။

(၃) ကိလေသာငြိမ်းသူ–သာမညဖြစ်ကြောင်းမဂ်တရား၏အကျိုးဖြစ်သောသာမညဖိုလ်သည် တင့်တယ်၏၊ မြတ်၏။

(၄) တဏှာဟူသောလောကာမိသကို ထွေးအန်စွန့်ပယ်ပြီးဖြစ်၍ ငြိမ်သက်အေးချမ်းလှပေ၏။

(၅) ပျားရည်ကို အမြိုက်ဆေးဖြင့်ရောစပ်ပေးသကဲ့သို့ ထိုသာမညဖိုလ်ကို သာယာအပ်သော

ဈာန်ချမ်းသာ, မဂ်ချမ်းသာတို့ထက် သာလွန်၍ သာယာအပ်သည့်အဆီသြဇာနှင့်ပြည့်စုံသော စင်ကြယ်သည့်ဖိုလ်ချမ်းသာဖြင့် ပြည့်စွက်ထူးကဲစေ၏။

(၆) အရိယာတို့၏ဥစ္စာဖြစ်သော ထိုသာမညဖိုလ်၏အမြတ်ဆုံးအရသာဖြစ်သည့်ထိုဖိုလ်ချမ်းသာကို ပညာရှိတို့သည် ဝိပဿနာပညာကိုပွားစေခြင်းဖြင့် ခံစားနိုင်ကြပါသည်။

ထိုသို့ ဝိပဿနာပညာကို ပွားများ၍ခံစားရသောကြောင့် အရိယာဖိုလ်၏ချမ်းသာဟူသည့်အရသာကိုခံစားရခြင်းသည် ဝိပဿနာပညာကိုပွားစေခြင်း (ပညာဘာဝနာ) ၏ အကျိုးအာနိသင်ဖြစ်သည်ဟု ဆိုအပ်၏။

• **နိရောဓသမာပတ်ကို ပြဆိုခြင်း** (တတိယပညာဘာဝနာနိသံသ)

နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်းသည်လည်း ပညာဘာဝနာ၏အကျိုးအာနိသင်ဖြစ်၏။ နိရောဓသမာပတ်ကို ထင်ရှားပြရန် အောက်ပါမေးခွန်းများကို ဖြေဆိုရန်လိုအပ်၏။

(က) နိရောဓသမာပတ်ဟူသည် အဘယ်နည်း။

(ခ) နိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ဝင်စားနိုင်ပြီး အဘယ်ပုဂ္ဂိုလ်တို့မဝင်စားနိုင်သနည်း။

(ဂ) နိရောဓသမာပတ်ကို အဘယ်ဘုံ၌ ဝင်စားနိုင်သနည်း။

(ဃ) နိရောဓသမာပတ်ကို အဘယ်ကြောင့် ဝင်စားသနည်း။

(င) နိရောဓသမာပတ်ကိုဝင်စားခြင်းသည် အဘယ်သို့ဖြစ်သနည်း။

(စ) အဘယ်သို့တည်တံ့သနည်း။

(ဆ) အဘယ်သို့ထသနည်း။

(ဇ) နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်၏စိတ်သည် အဘယ်တရားသို့ ညွတ်သနည်း။

(ဈ) သေသောသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့၏ အထူးကား အဘယ်နည်း။

(ည) နိရောဓသမာပတ်သည် သင်္ခတတရားလော၊ အသင်္ခတတရားလော၊ လောကီလော၊ လောကုတ္တရာလော၊ နိပ္ဖန္နတရားလော၊ အနိပ္ဖန္နတရားလော။

## (က) နိရောဓသမာပတ်ဟူသည် အဘယ်နည်း?

အစဉ်အတိုင်းချုပ်သည့်အစွမ်းအားဖြင့် စိတ်စေတသိက်တို့၏မဖြစ်ခြင်းသည် နိရောဓသမာပတ်မည်၏။

## (ခ) နိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်တို့ဝင်စားနိုင်ပြီး၊ အဘယ်ပုဂ္ဂိုလ်တို့ မဝင်စားနိုင်ကြသနည်း?

အလုံးစုံသောပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြပါ။ သုက္ခဝိပဿကဖြစ်သော (ဈာန်သမာဓိကိုအခြေမခံဘဲဝိပဿနာရှုသော) အနာဂါမ်နှင့်ရဟန္တာတို့သည်လည်း နိရောဓသမာပတ်ကို မဝင်စားနိုင်ကြပါ။

ဈာန်သမာပတ်ရှစ်ပါးကိုရရှိကြသော အနာဂါမ်နှင့်ရဟန္တာတို့သာ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၏။

### နိရောဓသမာပတ်၌ ဉာဏ်မည်သောအင်္ဂါ ၅ ရပ်

(၁) သမထအား, ဝိပဿနာအားဟူသော အား ၂ မျိုးနှင့်ပြည့်စုံခြင်း၊

(၂) ဝစီ, ကာယ, စိတ္တဟူသော သင်္ခါရသုံးမျိုး ချုပ်ငြိမ်းခြင်း၊

(၃) ၁၆ မျိုးသောဉာဏ်ဖြစ်ခြင်း၊
(၄) ၉ မျိုးသောသမာဓိဖြစ်ခြင်း၊
(၅) လေ့လာနိုင်နင်းသည့်အဖြစ်ဟူသော ပညာရှိခြင်းတို့ဖြစ်သည်။

ဤအင်္ဂါ ၅ ရပ်နှင့်ပြည့်စုံခြင်းသည် ဈာန်သမာပတ် ၈ ပါးရသောအနာဂါမ်, ရဟန္တာတို့မှတစ်ပါး အခြားသောပုဂ္ဂိုလ်များ၌ မရှိချေ။ ထို့ကြောင့် သမာပတ် ၈ ပါးရှိသည့်အနာဂါမ်နှင့်ရဟန္တာတို့သာ နိရောဓသမာပတ်ဝင်စားနိုင်၏။ တစ်ပါးသူတို့မဝင်စားနိုင်ကုန်။

## (၁) နှစ်မျိုးသောအားတို့နှင့်ပြည့်စုံခြင်း

နှစ်မျိုးသောအားဟူသည်မှာ သမထအားနှင့် ဝိပဿနာအားတို့ ဖြစ်ကြ၏။

**သမထအားဟူသည်မှာ –**

– ကာမအလိုဆန္ဒမှထွက်မြောက်ခြင်းဟူသည့် နေက္ခမ၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအားတည်း။
– စိတ်မဆိုးစိတ်မပျက်ခြင်းဟူသည့် အဗျာပါဒ၏အစွမ်းအားဖြင့်။ ပ ။
– အရောင်အလင်း၌မှတ်သားခြင်းဟူသည့် အာလောကသညာ၏အစွမ်းအားဖြင့်။ ပ ။
– မပျံ့လွင့်ခြင်း–အဝိက္ခေပ၏အစွမ်းအားဖြင့်။ ပ ။
– တစ်ဖန်စွန့်လျက်ရှုသူ၏ဝင်သက်၏အစွမ်းအားဖြင့်။ ပ ။
– တစ်ဖန်စွန့်လျက်ရှုသူ၏ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းသည် သမထအားတည်း။

**အဘယ်အနက်သဘောကြောင့် သမထအားမည်သနည်း?**

– ပထမဈာန်ဖြင့် နီဝရဏကိုပယ်ပြီးဖြစ်၍ နီဝရဏကြောင့်မတုန်လှုပ်၊ ထို့ကြောင့် သမထအားမည်၏။ (နီဝရဏဖြစ်လျှင် တုန်လှုပ်သည်မည်၏။)
– ဒုတိယဈာန်ဖြင့် ဝိတက်, ဝိစာရပယ်ပြီးဖြစ်၍ ကြံစည်စဉ်းစားမှုကြောင့် မတုန်လှုပ်၊ ထို့ကြောင့် သမထအားမည်၏။ ပ ။
– နေဝသညာနာသညာယတနသမာပတ်ဖြင့် အာကိဉ္စညာယတနသညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် သမထအားမည်၏။
– ပျံ့လွင့်မှု–ဥဒ္ဓစ္စကြောင့်လည်းကောင်း၊ ပျံ့လွင့်မှုနှင့်တကွဖြစ်သောကိလေသာကြောင့်လည်းကောင်း၊ ခန္ဓာကြောင့်လည်းကောင်း၊ မတုန်လှုပ်, မရွေ့ရှား။ ထို့ကြောင့် သမထအားမည်၏။

**ဝိပဿနာအားဟူသည်မှာ –**

– အနိစ္စာနုပဿနာသည် ဝိပဿနာအားမည်၏။
– ဒုက္ခာနုပဿနာသည်။ ပ ။ အနတ္တာနုပဿနာသည် ဝိပဿနာအားမည်၏။
– နိဗ္ဗိဒါနုပဿနာသည်။ ပ ။ဝိရာဂါနုပဿနာသည်။ ပ ။ နိရောဓာနုပဿနာသည် ။ ပ ။ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအားမည်၏။
– ရုပ်၌ အနိစ္စာနုပဿနာသည်။ ပ ။ ဝေဒနာ၌။ သညာ၌။ သင်္ခါရ၌။ ဝိညာဏ်၌။ ပ ။ မျက်စိ၌။ ပ ။ အိုခြင်းသေခြင်း၌ အနိစ္စာနုပဿနာသည်။ ပ ။

– အိုခြင်းသေခြင်း၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာအားမည်၏။

**အဘယ်အနက်သဘောကြောင့် ဝိပဿနာအားမည်သနည်း?**

– အနိစ္စာနုပဿနာဖြင့် မြဲသည်ဟုထင်သောအမှတ်သညာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် ဝိပဿနာအားမည်၏။ (မြဲသည်ဟုထင်လျှင် တုန်လှုပ်သည်မည်၏။)
– ဒုက္ခာနုပဿနာဖြင့် ချမ်းသာဟုထင်သောအမှတ်သညာကြောင့် မတုန်လှုပ်။
– အနတ္တာနုပဿနာဖြင့် အတ္တဟုထင်သောအမှတ်သညာကြောင့် မတုန်လှုပ်။
– နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ပျော်မွေ့ခြင်းကြောင့် မတုန်လှုပ်။ ပ ။
– ဝိရာဂါနုပဿနာဖြင့် တပ်မက်ခြင်းကြောင့် မတုန်လှုပ်။ ပ ။
– နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်းကြောင့်မတုန်လှုပ်၊ ထို့ကြောင့် ဝိပဿနာအားမည်၏။
– ပဋိနိဿဂ္ဂါနုပဿနာဖြင့် ယူခြင်း, လက်ခံခြင်းကြောင့် မတုန်လှုပ်။ ပ ။
– အဝိဇ္ဇာကြောင့်လည်းကောင်း၊ အဝိဇ္ဇာနှင့်တကွဖြစ်သောကိလေသာကြောင့်လည်းကောင်း၊ ခန္ဓာကြောင့်လည်းကောင်း မတုန်လှုပ်မရွေ့ရှား၊ ထို့ကြောင့် ဝိပဿနာအားမည်၏။

**(၂) သုံးမျိုးသောသင်္ခါရတို့၏ငြိမ်းခြင်း**

သင်္ခါရသုံးမျိုးမှာ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့ဖြစ်ကြ၏။

– ဒုတိယဈာန်ကိုဝင်စားသောပုဂ္ဂိုလ်အား ကြံစည်စဉ်းစားမှု–ဝိတက်, ဝိစာရဟူသောဝစီသင်္ခါရတို့သည် ငြိမ်းကုန်၏။
– စတုတ္ထဈာန်ကိုဝင်စားသောပုဂ္ဂိုလ်အား ထွက်သက်ဝင်သက်ဟူသော ကာယသင်္ခါရတို့သည် ငြိမ်းကုန်၏။
– သညာ, ဝေဒနာတို့၏ချုပ်ရာနိရောဓသမာပတ်ကိုဝင်စားသောပုဂ္ဂိုလ်အား သညာ, ဝေဒနာဟူသော စိတ္တသင်္ခါရတို့သည် ငြိမ်းကုန်၏။

**မှတ်ချက်** – နိရောဓသမာပတ်ကို ဝင်စားသောအခါ ဈာန်တို့ကို အစဉ်အတိုင်းဝင်စား၍ ဝိပဿနာရှုရ၏၊ ဒုတိယဈာန်ကိုဝင်စားသောအခါ ဝိတက်, ဝိစာရတို့ငြိမ်းကုန်၏၊ စတုတ္ထဈာန်ကိုဝင်စားသောအခါ ထွက်သက်ဝင်သက်တို့ငြိမ်းကုန်၏။

**(၃) ၁၆ မျိုးသောဉာဏ်ဖြစ်ခြင်း**

– အနိစ္စာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း။
– ဒုက္ခာနုပဿနာသည်။ အနတ္တာနုပဿနာသည်။ နိဗ္ဗိဒါနုပဿနာသည်။ ဝိရာဂါနုပဿနာသည်။ နိရောဓာနုပဿနာသည်။ ပဋိနိဿဂ္ဂါနုပဿနာသည်။ အဝိဇ္ဇာနုပဿနာသည် ဉာဏ်ဖြစ်ခြင်းတည်း။
– သောတာပတ္တိမဂ်သည် ဉာဏ်ဖြစ်ခြင်းတည်း။ သောတာပတ္တိဖလသမာပတ္တိသည် ဉာဏ်ဖြစ်ခြင်းတည်း။ သကဒါဂါမိမဂ်သည်။ ပ ။ အရဟတ္တဖလသမာပတ်သည် ဉာဏ်ဖြစ်ခြင်းတည်း။ ဤကား ၁၆ ပါးသောဉာဏ်တို့ ဖြစ်ခြင်းပေတည်း။

**(၄) ၉ မျိုးသော သမာဓိဖြစ်ခြင်း**

– ပဌမဈာန်သည် သမာဓိဖြစ်ခြင်းတည်း။ ဒုတိယဈာန်သည်။ ပ ။ နေဝသညာနာသညာယတနသမာပတ်သည် သမာဓိဖြစ်ခြင်းတည်း။

(ပထမဈာန်ကိုရခြင်းအကျိုးငှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသည် သမာဓိဖြစ်ခြင်းတည်း။ ပ ။ နေဝသညာနာသညာသမာပတ်ကိုရခြင်းအကျိုးငှာ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာသည် သမာဓိဖြစ်ခြင်းတည်း။)

## (၅) လေ့လာနိုင်နင်းသည့်အဖြစ် (ဝသီဘော်)

### – အာဝဇ္ဇနဝသီဘော်

ပထမဈာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး နှလုံးသွင်း၏၊ နှလုံးသွင်းခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် အာဝဇ္ဇနဝသီ= နှလုံးသွင်းမှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

### – သမာပဇ္ဇနဝသီဘော်

ပထမဈာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဝင်စား၏၊ ဝင်စားခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် သမာပဇ္ဇနဝသီ=ဝင်စားမှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

### – အဓိဋ္ဌာနဝသီဘော်

ပထမဈာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး တည်တံ့စေရန် အဓိဋ္ဌာန်ဆောက်တည်၏၊ ဆောက်တည်သည့်အတိုင်း တည်တံ့ခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် အဓိဋ္ဌာနဝသီ=အဓိဋ္ဌာန်ဆောက်တည်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

### – ဝုဋ္ဌာနဝသီဘော်

ပထမဈာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဝင်စား၍ ဈာန်မှထ၏။ ထခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် ဝုဋ္ဌာနဝသီ= ဈာန်မှထခြင်း၌ လေ့လာနိုင်နင်းခြင်းမည်၏။

### – ပစ္စဝေက္ခဏာဝသီဘော်

ပထမဈာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက် ကာလပတ်လုံး ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် ပစ္စဝေက္ခဏာဝသီ= ဆင်ခြင်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

– ဒုတိယဈာန်ကို။ ပ ။ နေဝသညာနာသညာယတနဈာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး နှလုံးသွင်း၏။ ပ ။ ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊ ထို့ကြောင့် ပစ္စဝေက္ခဏာဝသီ = ဆင်ခြင်မှု၌ လေ့လာနိုင်နင်းခြင်းမည်၏။

## (၈) နိရောဓသမာပတ်ကို အဘယ်ဘုံ၌ဝင်စားသနည်း?

နိရောဓသမာပတ်ကို ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘုံခေါ် ကာမဘုံ, ရူပဘုံတို့၌ ဝင်စားကုန်၏။ အဘယ့်ကြောင့်နည်းဟူမူ ဈာန်သမာပတ် ၈ ပါးကို အစဉ်အတိုင်းဈာန် ဝင်စားခြင်းရှိသောကြောင့်တည်း။

ခန္ဓာလေးပါးရှိသောစတုဝေါကာရဘုံခေါ် အရူပဘုံ၌ကား ပထမဈာန်စသည်တို့ဖြစ်ခြင်း

သည်မရှိ၊ ထို့ကြောင့် အရူပဘုံ၌ နိရောဓသမာပတ်ဝင်စားခြင်းငှာ မစွမ်းနိုင်။ ကေစိဆရာတို့ကမူ ထတ္ထုရုပ်မရှိသောကြောင့် မဝင်စားနိုင်ဟုဆိုကြ၏။

**(ဃ) နိရောဓသမာပတ်ကို အဘယ်ကြောင့်ဝင်စားသနည်း?**

သင်္ခါရတို့၏ဖြစ်ခြင်းပျက်ခြင်း၌ ငြီးငွေ့၍ မျက်မှောက်ကိုယ် မျက်မှောက်ဘဝ၌ပင်လျှင် စိတ်မရှိသည်ဖြစ်၍ ''ချုပ်ငြိမ်းရာနိဗ္ဗာန်ဓာတ်သို့ရောက်လျက်ချမ်းသာစွာနေအံ့'' ဟူသောရည်ရွယ်ချက်ဖြင့် နိရောဓသမာပတ်ကို ဝင်စားခြင်းဖြစ်ပါသည်။

**(င) နိရောဓသမာပတ်ကိုဝင်စားခြင်းသည် အဘယ်သို့ဖြစ်သနည်း?**

- သမထအစွမ်းဖြင့် အဆင့်ဆင့်အားထုတ်သွားသောပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနသမာပတ်သို့ ရောက်လျက်တည်၏။
- ဝိပဿနာအစွမ်းဖြင့် အဆင့်ဆင့်အားထုတ်သွားသောပုဂ္ဂိုလ်သည် ဖလသမာပတ်သို့ ရောက်လျက်တည်၏။
- ဤသို့သမထ, ဝိပဿနာနှစ်ပါးစုံ၏အစွမ်းအားဖြင့်သာလျှင် အဆင့်ဆင့်အားထုတ်၍ ပုဗ္ဗကိစ္စကိုပြုပြီးလျှင် နေဝသညာနာသညာယတနစျာန်ကို ချုပ်စေသောပုဂ္ဂိုလ်သည် နိရောဓသမာပတ်သို့ ရောက်၏။ ဤကားအကျဉ်းဖော်ပြခြင်းတည်း။

**နိရောဓသမာပတ်ဝင်စားပုံအကျယ်ကို ဖော်ပြခြင်း**

(၁) နိရောဓသမာပတ်ကို ဝင်စားလိုသောပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ချဉ်းကပ်ပြီးလျှင် အထက်ပိုင်းကိုယ်ကိုဖြောင့်မတ်စွာထား၍ ကမ္မဋ္ဌာန်းသို့ရှေးရှုသတိကို ဖြစ်စေလျက် တင်ပလ္လင်ခွေကာထိုင်နေ၏။

(၂) ထို့နောက် ပထမစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ စျာန်တွင်ပါဝင်သည့်သင်္ခါရတို့ကို အနိစ္စဟု ဒုက္ခဟု အနတ္တဟု ရှု၏။

- ဤတွင် ရှုမှု–ဝိပဿနာသည်သုံးမျိုးရှိ၏၊ ၎င်းတို့ကား –

(၁) **သင်္ခါရတို့ကို သိမ်းဆည်းသောဝိပဿနာ**

နုံ့သည်ဖြစ်စေ ထက်သည်ဖြစ်စေ မဂ်၏နီးသောအကြောင်းဖြစ်သည်။

(၂) **ဖလသမာပတ်၏ဝိပဿနာ**

မဂ္ဂဘာဝနာနှင့်တူစွာ ထက်သန်မှသာလျှင် သင့်လျော်၏။

(၃) **နိရောဓသမာပတ်၏ဝိပဿနာ**

မနုံ့လွန်း မထက်လွန်းဖြစ်သော် သင့်လျော်၏။ ထို့ကြောင့် နိရောဓသမာပတ်ဝင်စားလိုသောပုဂ္ဂိုလ်သည် ထိုသင်္ခါရတို့ကို မထက်လွန်း မနုံ့လွန်း ဝိပဿနာဖြင့် ရှု၏။

(၃) ထို့နောက် ဒုတိယစျာန်၊ တတိယစျာန်. . . (ပ). . . အာကိဉ္စညာယတနစျာန်တို့ကို အဆင့်ဆင့်ဝင်စားပြီး စျာန်မှထကာ စျာန်၏သင်္ခါရတရားတို့ကို ဝိပဿနာရှု၏။

(၄) ထို့နောက် ပုဗ္ဗကိစ္စ ၄ ပါးကိုပြု၏။

**ပုဗ္ဗကိစ္စ (ရှေးဦးပြုဖွယ်ကိစ္စ) ၄ ပါး**

**(၁) မိမိနှင့်တစ်စပ်တည်းမဟုတ်သောပစ္စည်းများကို မဖျက်ဆီးနိုင်အောင် အဓိဋ္ဌာန်ခြင်း**

နိရောဓသမာပတ်ဝင်စားနေစဉ်အတွင်း မိမိနှင့်တစ်စပ်တည်းမဟုတ်၊ မဆက်စပ်ဘဲ

အသီးအခြားတည်ရှိသည့် နေရာကျောင်းဆောင်၊ သပိတ်၊ သင်္ကန်းပရိက္ခရာ၊ အသုံးအဆောင်တို့ကို မီး၊ ရေ၊ လေ၊ ခိုးသူ၊ ကြွက်၊ မည်သည့်ရန်သူမျှ မဖျက်ဆီးပါစေနှင့်ဟု အဓိဋ္ဌာန်၏။ ဤသို့အဓိဋ္ဌာန်ပြုသော် ထိုကျောင်းဆောင်အသုံးအဆောင်စသည်တို့ကို သမာပတ်ဝင်စားနေစဉ် ၇ ရက်ပတ်လုံး ဘေးရန်တစ်စုံတစ်ခုမျှ မဖျက်ဆီးနိုင်။

အဓိဋ္ဌာန်မပြုသော အသုံးအဆောင်ပစ္စည်းများကို မီးစသည်ကြောင့် ပျက်စီး၏။

**သာဓကဝတ္ထု – မဟာနာဂမထေရ်**သည် မယ်တော်ဥပါသိကာမကြီး၏ရွာသို့ ဆွမ်းခံဝင်၏၊ မယ်တော်သည် မထေရ်အား ယာဂုလောင်းလှူပြီးလျှင် ဆွမ်းစားဇရပ်၌ ဆွတ္တထိုင်နေ၏။ မထေရ်သည် နိရောဓသမာပတ်ဝင်စား၍ ထိုင်နေ၏။ ဆွမ်းစားဇရပ်ကိုမီးလောင်ရာ အခြားရဟန်းတို့သည် မိမိတို့၏ပစ္စည်းများကိုယူကာ ရှောင်ပြေးကြ၏။ ရွာသားများစုရုံး ရောက်လာ၍ မထေရ်ကိုမြင်လျှင် ''ပျင်းရိသောရဟန်း''ဟုဆိုကုန်၏။ မီးသည် မြက်, ဝါး, သစ်သားတို့ကိုလောင်လျက် မထေရ်ကိုဝန်းရံ၍တည်၏။

လူတို့သည် မီးကိုငြိမ်း၍ ပြာကိုဖယ်ရှား၏၊ မြေသမံသလင်းပြုလုပ်၍ ပန်းတို့ကိုဖြန့်ကြဲကာ မထေရ်အားရှိခိုးကြ၏။ ပိုင်းခြားထားသောကာလစေ့သော် မထေရ်သည် နိရောဓသမာပတ်မှထ၏။ လူတို့ကိုမြင်လျှင် ''ငါသည် သမာပတ်ဂုဏ်ဖြင့် ထင်ရှားလေပြီ''ဟု နှလုံးသွင်း၍ ကောင်းကင်သို့ပျံတက်ကာ ပိယင်္ဂုကျွန်းသို့ကြွသွားလေ၏။ ဤသည်ကား အသီးအခြားဖြစ်၍မဆက်စပ်သည်တို့ကို မပျက်စီးစေခြင်းတည်း။

**နိရောဓသမာပတ်ဝင်စားသူနှင့် ထိုသူကိုယ်နှင့်တစ်စပ်တည်းရှိသော သင်္ကန်းပရိက္ခရာများမှာမူ သီးခြားအဓိဋ္ဌာန်ပြုရန်မလိုချေ။ အဘယ့်ကြောင့်ဆိုသော် နိရောဓသမာပတ်၏ သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးအစွမ်းဖြင့် မီးစသည့်ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပြီးဖြစ်သောကြောင့်တည်း။**

**သာဓကဝတ္ထု – အရှင်သဉ္ဇီဝမထေရ်**က နိရောဓသမာပတ်ဝင်စားနေသည်ကို နွားကျောင်းသားများမြင်သော် မထေရ်ပျံလွန်ပြီးထင်မှတ်၍ မထေရ်ကိုယ်ပေါ်တွင် မြက်, ထင်း, နွားချေးခြောက်တို့ကို စုပုံ၍မီးရှို့ကြ၏။ မထေရ်၏သင်္ကန်း၌ချည်မျှင်တစ်မျှင်မျှသော်လည်း မလောင်ကျွမ်းချေ။ ဤသို့မလောင်ကျွမ်းခြင်းသည် နိရောဓသမာပတ်၏သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့် ဖြစ်ပေ၏။

**သာဓကဝတ္ထု – အရှင်သာရိပုတ္တရာ**သည် အရှင်မဟာမောဂ္ဂလာန်နှင့်အတူ ကပေါတချောက်ဝယ် လသာသည့်ညဉ့်အခါ၌ ထိုင်လျက်နိရောဓသမာပတ်ဝင်စားနေ၏။ မထေရ်၏ခေါင်းရိပ်ပြီးခါစ တောက်ပနေသောဦးခေါင်းကို ဘီလူးဆိုးတစ်ဦးက ပြင်းစွာပုတ်ခတ်၏၊ မိုးချုန်းသကဲ့သို့ အသံမြည်ဟီးသွား၏။ မထေရ်ကမူ တစ်စုံတစ်ရာမျှနာကျင်ခြင်းမဖြစ်ချေ။ ဤသည်လည်း **နိရောဓသမာပတ်၏သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့် မနာကျင်, ဘေးကင်းခြင်းဖြစ်သည်။**

## (၂) သံဃာ၏ငံ့လင့်ခြင်းကို ဆင်ခြင်ခြင်း

သံဃာ၏ငံ့လင့်ခြင်းသည် နိရောဓသမာပတ်ဝင်စားသူ၏ပုဗ္ဗကိစ္စမဟုတ်ပေ။ သံဃာတော်က ကံဆောင်လို၍ မိမိ၏အလာကိုအလိုရှိ၍ မျှော်လင့်ငံ့လင့်နေမည်ကို ဆင်ခြင်

ခြင်းသည်သာ ထိုသူ၏ပုဗ္ဗကိစ္စဖြစ်၏။

''ငါသည် ၇ ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားနေစဉ် သံဃာတော်က အလိုရှိသဖြင့် ရဟန်းတစ်ပါးအားအခေါ်မလွှတ်မီ သမာပတ်မှထ၍ သံဃာထံသို့သွားနိုင်ပါစေ''ဟု အဓိဋ္ဌာန်၏။ အကျိုးကား သံဃာတော်က အလိုရှိ၍ အခေါ်မလွှတ်မီ နိရောဓသမာပတ်မှထနိုင်ခြင်း ဖြစ်၏။

## (၃) မြတ်စွာဘုရားခေါ်တော်မူမည်ကို ဆင်ခြင်ခြင်း

''ငါသည် ၇ ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စားနေစဉ် မြတ်စွာဘုရားကအလိုရှိ၍ ရဟန်းတစ်ပါးအား မိမိကိုအခေါ်မလွှတ်မီ သမာပတ်မှထ၍ ဘုရားထံသို့ သွားနိုင်ပါစေ''ဟု ဆင်ခြင်ပြီး အဓိဋ္ဌာန်၏။ ထိုသို့အဓိဋ္ဌာန်ထားလျှင် ဘုရားအခေါ်မလွှတ်မီ နိရောဓသမာပတ်မှ ထ၍ ဘုရားထံသို့ သွားနိုင်မည်ဖြစ်သည်။

## (၄) မိမိ၏အသက်အပိုင်းအခြားကို ဆင်ခြင်ခြင်း

မိမိ၏ကျန်ရှိနေသည့်အသက်အပိုင်းအခြားကို ဆင်ခြင်၍ ၇ ရက်ထက်ကျော်လွန်၍ အသက်ရှင်နိုင်သေးလျှင် ၇ ရက်အထိ သမာပတ်ဝင်စားနိုင်၏။ နိရောဓသမာပတ်သည် သေခြင်းကိုတားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ။ နိရောဓသမာပတ်ဝင်စားနေစဉ်အတွင်း သေခြင်းမည်သည်လည်း မရှိပါ။ မရှိစကောင်းပါ။ ထို့ကြောင့် မိမိအလိုရှိသလောက် သမာပတ်ဝင်စားမည့် အချိန်အပိုင်းအခြားကို ပုဗ္ဗကိစ္စအဖြစ် အဓိဋ္ဌာန်ထားအပ်၏။

(၅) ပုဗ္ဗကိစ္စ ၄ ပါးကိုပြုပြီးနောက် နိရောဓသမာပတ်ဝင်စားမည့်ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ကို ဝင်စား၏။ ထိုစျာန်စိတ် ၂ ကြိမ်ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်လေ၏။ စိတ်စေတသိက်တို့ ချုပ်ခြင်းသို့ရောက်၏။ စိတ်စေတသိက်တို့ချုပ်သည့်အတွက် စိတ္တဇရုပ်လည်းမဖြစ်တော့ဘဲ ချုပ်ကုန်၏။ နိရောဓသမာပတ်ဝင်စားနေသည့်ကာလတစ်လျှောက်လုံး၌ စိတ်, စေတသိက်နှင့် စိတ္တဇရုပ်တို့မဖြစ်ဘဲ ချုပ်ငြိမ်းနေကြ၏။

**မေးမြန်းချက် (၁)** အာကိဉ္စညာယတနစျာန်မှထ၍ ပုဗ္ဗကိစ္စပြုပြီးနောက် နေဝသညာနာသညာယတနစျာန်ကိုဝင်စားသည့်အခါ ထိုစျာန်စိတ် ၂ ကြိမ်အထက်၌ အဘယ့်ကြောင့် စိတ်မဖြစ်တော့သနည်း?

**အဖြေ** – စိတ်ချုပ်ရန်အလို့ငှာ အားထုတ်မှု (ပယောဂ)အစွမ်းကြောင့် စိတ်မဖြစ်ဘဲ စိတ်ချုပ်ခြင်းဖြစ်ပါသည်။ ချဲ့ပြရသော် နိရောဓသမာပတ်ဝင်စားမည့်ပုဂ္ဂိုလ်၏နှစ်ပါးကုန်သော သမထနှင့်ဝိပဿနာတရားတို့ကို ထမ်းပိုး၍ညီတူဖွဲ့သကဲ့သို့ပြု၍ စျာန်သမာပတ်ရှစ်ပါးကို တက်ခြင်းသည် အစဉ်အတိုင်း စျာန်စိတ်ချုပ်ခြင်းငှာ အားထုတ်မှုပေတည်း၊ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရန် အားထုတ်ခြင်းမဟုတ်ပေ။ ဤသို့စိတ်ချုပ်ရန်အလို့ငှာ အားထုတ်မှုဖြစ်သောကြောင့် နေဝသညာနာသညာယတနစျာန်စိတ် နှစ်ကြိမ်အထက်၌ စိတ်မဖြစ်ဘဲရှိပေ၏။

## ပုဗ္ဗကိစ္စမပြုလျှင် စိတ်မချုပ်ငြိမ်းနိုင်

အကယ်၍ နိရောဓသမာပတ်ဝင်စားလိုသောပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်မှထ၍ ပုဗ္ဗကိစ္စကိုမပြုဘဲ နေဝသညာနာသညာယတနစျာန်ကိုဝင်စားသော် ထိုပုဂ္ဂိုလ်သည် စိတ်ချုပ်

ငြိမ်းရန် မစွမ်းနိုင်, မပြုနိုင်ပါ။ ထိုစျာန်ကိုဝင်စားကာမျှသာလျှင် ပြန်လှည့်၍ အာကိဉ္စညာယတနစျာန်၌သာတည်၏။ ဥပမာပြရသော်–

**ခရီးမသွားဖူးသောယောက်ျားဥပမာ**

မသွားဖူးသောခရီးတစ်ခုကိုသွားသောယောက်ျားသည် လမ်းခရီးအကြား၌ ရေရှိသည့်ချောက်ကိုဖြစ်စေ, ရွံ့ညွန်ရေနက်ကိုဖြစ်စေ မြင်လတ်သော် ခါးဝတ်ကိုယ်ရုံကို မပြုမပြင်မူဘဲ ချောက်သို့ဆင်းလျှင် အဝတ်အစားစိုစွတ်မည်ကိုစိုးရိမ်သောကြောင့် ဤမှာ ဖက်ကမ်းသို့ တစ်ဖန်ပြန်လှည့်၍သာလျှင် တည်၏။ သို့မဟုတ် ပြင်းထန်သောနေပူရှိန်ကြောင့် အလွန်ပူလောင်သော ကျောက်ဖျာကိုနင်းပြီးလျှင်လည်း ခြေထောက်ပူလောင်သောကြောင့် ဤမှာဘက်ကမ်းသို့သာလျှင် တစ်ဖန်ပြန်လှည့်၍တည်၏။

ဤဥပမာ၌ ထိုယောက်ျားသည် ခါးဝတ်ကိုယ်ရုံကိုကောင်းစွာမပြုမပြင်သောကြောင့် ချောက်ကိုဆင်းကာမျှသာလျှင် ပြန်လှည့်၍ဤမှာဖက်ကမ်း၌ တည်သကဲ့သို့လည်းကောင်း၊ ပူပြင်းသောကျောက်ဖျာကိုနင်းကာမျှသာလျှင် ပြန်လှည့်၍ ဤမှာဖက်ကမ်း၌တည်သကဲ့သို့လည်းကောင်း၊ ဤအတူပင် ယောဂီပုဂ္ဂိုလ်သည် ပုဗ္ဗကိစ္စကိုမပြုသောကြောင့် နေဝသညာနာသညာယတနစျာန်ကို ဝင်စားကာမျှသာလျှင် ပြန်လှည့်၍ အာကိဉ္စညာယတနစျာန်၌ တည်၏။

**သင့်လျော်သောဥပမာကား** ထိုခရီးကို ရှေး၌သွားဖူးသောယောက်ျားသည် ရေရှိသည့်ချောက်သို့ရောက်သော် ပုဆိုးတစ်ထည်ကို မြဲစွာဝတ်၍ အခြားတစ်ထည်ကိုလက်ဖြင့်ကိုင်၍ချောက်ကိုကူးပြီးလျှင် ပြင်းစွာပူလောင်သောကျောက်ဖျာကို နင်းကာမျှသာလျှင် ပြု၍တစ်ဖက်ကမ်းသို့ရောက်သွားသကဲ့သို့၊ ဤအတူပင်လျှင် ပုဗ္ဗကိစ္စကိုပြုပြီးသောယောဂီသည်နေဝသညာနာသညာယတနစျာန်ကို ဝင်စားပြီး၍သာလျှင် နောက်ကာလ၌ စိတ်မရှိသည်ဖြစ်၍စိတ်စေတသိက်ချုပ်ခြင်းသို့ ရောက်လျက်နေလေ၏။

## (စ) နိရောဓသမာပတ်သည် အဘယ်သို့တည်တံ့သနည်း?

နိရောဓသမာပတ်၏တည်တံ့ခြင်းသည် ကာလအပိုင်းအခြား၏အစွမ်းအားဖြင့်လည်းကောင်း၊ သမာပတ်ဝင်စားနေစဉ်ကာလ၌ အသက်ကုန်ခြင်း, သံဃာတော်၏ငံ့လင့်ခြင်း, မြတ်စွာဘုရား၏ခေါ်တော်မူခြင်းတို့ မရှိသောကြောင့်လည်းကောင်း၊ ရည်ရွယ်သည့်အတိုင်း ပိုင်းခြားထားသည့်ကာလပတ်လုံးတည်တံ့၏။

## (ဆ) နိရောဓသမာပတ်သည် အဘယ်သို့ထသနည်း?

ပိုင်းခြားထားသည့်ကာလအဆုံး၌ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင် အနာဂါမိဖိုလ်တစ်ကြိမ်ဖြစ်ပြီး ဘဝင်စိတ်ဖြစ်ခြင်းဖြင့်လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် အရဟတ္တဖိုလ်တစ်ကြိမ်ဖြစ်ပြီး ဘဝင်စိတ်ဖြစ်ခြင်းဖြင့်လည်းကောင်း နိရောဓသမာပတ်မှထခြင်းသည် ဖြစ်၏။

## (ဇ) နိရောဓသမာပတ်မှထသောပုဂ္ဂိုလ်၏စိတ်သည် အဘယ်တရားသို့ညွတ်သနည်း?

နိဗ္ဗာန်သို့ညွတ်၏။ အထောက်အထားမှာ ''ဒကာဝိသာခသူဌေးကြီး၊ သညာ, ဝေဒနာတို့၏ချုပ်ရာဖြစ်ရာဖြစ်သော သမာပတ်မှထပြီးသောရဟန်း၏စိတ်သည် သင်္ခါရကင်းဆိတ်ရာနိဗ္ဗာန်သို့ ညွတ်၏, ကိုင်း၏, ရှိုင်း၏'' ဟူ၍ **ဓမ္မဒိန္နာထေရီ**ဟောကြားအပ်ပေ၏။

**(ဈ) သေသောသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့၏အထူးကားအဘယ်နည်း?**

သေသောသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့သည် တူညီမှုလည်းရှိ၏၊ မတူညီမှုလည်း ရှိ၏၊ **မဟာဝေဒလ္လသုတ်၌ဟောထားသည်ကား –**

**သေသောသူ၌**

(၁) ထွက်သက်ဝင်သက်ဟူသော ကာယသင်္ခါရတို့ချုပ်ငြိမ်း၏၊

(၂) ဝိတက်, ဝိစာရဟူသော ဝစီသင်္ခါရတို့ချုပ်ငြိမ်း၏၊

(၃) သညာ, ဝေဒနာဟူသော စိတ္တသင်္ခါရတို့ချုပ်ငြိမ်း၏၊

(၄) ဇီဝိတိန္ဒြေဟုခေါ်သောအသက်သည် ကုန်သွား၏၊

(၅) ဥသ္မာခေါ်သော ကိုယ်ငွေ့အပူရှိန်သည် ငြိမ်းအေး၏၊

(၆) စက္ခုစသောဣန္ဒြေတို့သည် အကြွင်းမဲ့ပျက်စီးကုန်၏။

**နိရောဓသမာပတ်ဝင်စားသောသူ၌လည်း**

(၁) ထွက်သက်ဝင်သက်ဟူသောကာယသင်္ခါရတို့ ချုပ်ငြိမ်း၏။

(၂) ဝိတက်, ဝိစာရဟူသော ဝစီသင်္ခါရတို့ ချုပ်ငြိမ်း၏၊

(၃) သညာ, ဝေဒနာဟူသော စိတ္တသင်္ခါရတို့ ချုပ်ငြိမ်း၏၊

သို့သော် နိရောဓသမာပတ်ဝင်စားသူ၌

(၄) ဇီဝိတိန္ဒြေဟုခေါ်သောအသက်သည်ကား မကုန်ပေ။

(၅) ဥသ္မာခေါ်သောကိုယ်ငွေ့အပူရှိန်သည်လည်း မငြိမ်းအေး၊

(၆) စက္ခုစသောဣန္ဒြေတို့သည်လည်း မပျက်စီးကုန်။

**(ည) နိရောဓသမာပတ်သည် သင်္ခတတရားလော၊ အသင်္ခတတရားလော?**

နိရောဓသမာပတ်သည် သင်္ခါတတရားဟူ၍လည်းမဆိုအပ်၊ အသင်္ခတတရားဟူ၍လည်း မဆိုအပ်၊ လောကီတရားဟူ၍လည်းမဆိုအပ်၊ လောကုတ္တရာတရားဟူ၍လည်းမဆိုအပ်။ အဘယ့်ကြောင့်နည်းဟူမူ ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိခြင်းကြောင့်တည်း။

သို့သော် နိရောဓသမာပတ်ကိုဝင်စားသောပုဂ္ဂိုလ်၏အစွမ်းအားဖြင့် နိရောဓသမာပတ်သည် ဝင်စားအပ်သော **သမာပန္နတရား**မည်ပေ၏၊ ထို့ကြောင့် ပြီးစီးသော နိပ္ဖန္နတရားဟူ၍ ဆိုသင့်ပေ၏၊ မပြီးစီးသော အနိပ္ဖန္နတရားဟူ၍ကား မဆိုသင့်ပေ။

• **၄ အာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည်ပြီးစီးခြင်း** (စတုတ္ထပညာဘာဝနာနိသံသ)

ဤအာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည်ပြီးစီးခြင်းသည် လောကုတ္တရာပညာကိုပွားစေခြင်းဟူသည့် ပညာဘာဝနာ၏အကျိုးအာနိသင်ပင်ဖြစ်သည်။

လောကုတ္တရာမဂ်ပညာ ၄ ပါးအနက် တစ်ပါးကိုဖြစ်စေ၊ နှစ်ပါးကိုဖြစ်စေ၊ သုံးပါးကိုဖြစ်စေ၊ လေးပါးကိုဖြစ်စေ ပွားစေပြီးဖြစ်သောပုဂ္ဂိုလ်သည် '**ဘာဝိတပညပုဂ္ဂိုလ်**' မည်ပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဟူ၍လည်း အသီးသီးအမည်ရပါသည်၊ အရိယာပုဂ္ဂိုလ်များဖြစ်ကြ၏။

• **သာမညအကျိုးများ**

သာမညအားဖြင့် ဘာဝိတပညပုဂ္ဂိုလ် (ဝါ) အရိယာပုဂ္ဂိုလ်များသည် အောက်ပါအကျိုး

ဂုဏ် ၅ ပါးကို ခံစားကြရပါသည်။

(၁) **အာဟုနေယျ** = နတ်နှင့်တကွသောလူအပေါင်းက အဝေးမှဆောင်ယူခဲ့၍ ပူဇော်သည်ကို ခံယူထိုက်၏၊

(၂) **ပါဟုနေယျ** = ဧည့်သည်အတွက်စီမံထားသောသုံးဆောင်ဖွယ်ကိုသော်လည်း ခံယူထိုက်ပေ၏။

(၃) **ဒက္ခိဏေယျ** = တမလွန်လောကကိုယုံကြည်၍ ပေးလှူသည့်မြတ်သောအလှူကိုခံယူထိုက်ပေ၏။

(၄) **အဉ္ဇလိကရဏီယ** = လက်အုပ်ချီမိုး၍ရှိခိုးခြင်းကို ခံယူထိုက်ပေ၏။

(၅) **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** = လူနတ်ဗြဟ္မာသတ္တဝါအပေါင်း၏ကောင်းမှုကိုစိုက်ပျိုးရာ အကောင်းဆုံးလယ်ယာမြေဖြစ်ပေ၏။

• **ဝိသေသအကျိုးများ**

## (က) သောတာပန်ပုဂ္ဂိုလ် ၃ မျိုး

သောတာပန်သည် ပထမမဂ်ပညာကိုပွားစေပြီး၍ အရိယာမဂ်ရေယဉ်သို့ ရှေးဦးစွာရောက်သောပုဂ္ဂိုလ်ဖြစ်သည်။

(၁) **သတ္တက္ခတ္တုပရမသောတာပန်** – မထမမဂ်ပညာကို နုံ့သောဝိပဿနာဖြင့်ပွားစေ၍လာခဲ့သောပုဂ္ဂိုလ်သည် နုသောဣန္ဒြေရှိသော်လည်း သောတာပန်အဖြစ်နှင့် (၇) ဘဝသာလျှင် လည်ရပြီးလျှင် (၇)ဘဝမြောက်သည့်နောက်ဆုံးဘဝ၌ အထက်မဂ်ဖိုလ် ၃ ဆင့်ကို အစဉ်အတိုင်းတက်၍ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံဝင်ပါသည်။

(၂) **ကောလံကောလသောတာပန်** – ပထမမဂ်ပညာကိုအလတ်စားဝိပဿနာဖြင့်ပွားစေ၍ လာခဲ့သောပုဂ္ဂိုလ်သည် အလတ်စားဣန္ဒြေရှိ၍ အမျိုးမြတ်တစ်ခုမှ အမျိုးမြတ်တစ်ခုသို့ ကျင်လည်ရ၏။ အနည်းဆုံး ၂ ဘဝ, အများဆုံး ၆ ဘဝတိုင်တိုင် သောတာပန်အဖြစ်နှင့် ပင်ကျင်လည်၍ နောက်ဆုံးဘဝ၌သာလျှင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်၏။

(၃) **ဧကဗီဇီသောတာပန်** – ပထမမဂ်ပညာကို ထက်သောဝိပဿနာဖြင့်ပွားစေ၍ လာခဲ့သောပုဂ္ဂိုလ်သည် ထက်သောဣန္ဒြေရှိ၍ ဘဝမျိုးစေ့တစ်ခုသာရှိသည့် ဧကဗီဇီသောတာပန်မည်၏။ ဤပုဂ္ဂိုလ်သည် လူ့ဘဝ သို့မဟုတ် နတ်ဘဝ၌ တစ်ကြိမ်သာလျှင်ထပ်၍ဖြစ်ပြီးလျှင် ထိုဘဝ၌ပင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်၏။

* **ဘုံစဉ်စံပုဂ္ဂိုလ်** – ဘဝတစ်ခု၌ သောတာပန်၊ အခြားဘဝတစ်ခု၌ သကဒါဂါမ်၊ အခြားဘဝတစ်ခု၌ အနာဂါမ်၊ အခြားဘဝတစ်ခု၌ ရဟန္တာဖြစ်၍ပရိနိဗ္ဗာန်စံဝင်သောပုဂ္ဂိုလ်မှာ ဤတွင်ပြဆိုထားသော သောတာပန် ၃ မျိုးမှအလွတ်ဖြစ်သည်။ ထိုသို့သောသောတာပန်သည် သကဒါဂါမ်ဘုံအဆင့်, အနာဂါမ်ဘုံအဆင့်, ရဟန္တာဘုံအဆင့်များသို့ တစ်ဆင့်ချင်း တက်သွားသောကြောင့် **ဘုံစဉ်စံပုဂ္ဂိုလ်**မည်ပါသည်။ **ဝိသာခါ, အနာထပိဏ်**ကဲ့သို့သော ပုဂ္ဂိုလ်များပင်တည်း။

## (ခ) သကဒါဂါမ်ပုဂ္ဂိုလ် ၅ မျိုး

ဒုတိယမဂ်ပညာကိုပွားစေ၍ လာခဲ့သောပုဂ္ဂိုလ်သည် တစ်ကြိမ်သာပြန်လာမည့်သကဒါဂါမ်

ပုဂ္ဂိုလ်မည်၏။ သောတာပန်ပုဂ္ဂိုလ်က တစ်ဖန်ဝိပဿနာပွားများ၍ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်တို့ကိုရလျှင် သကဒါဂါမ်ဖြစ်သည်။ သကဒါဂါမ်သည် ကာမဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေဖြစ်ပြီးလျှင် ဆင်းရဲ၏အဆုံးကို ပြု၏။

(၁) လူ့လောက၌ သကဒါဂါမ်ဖြစ်၍ ဤလူ့လောက၌ပင်လျှင် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည့်သကဒါဂါမ်ပုဂ္ဂိုလ်၊

(၂) လူ့လောက၌ သကဒါဂါမ်ဖြစ်၍ နတ်လောက၌ ရဟန္တာဖြစ်ပြီးလျှင် ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ်ပုဂ္ဂိုလ်၊

(၃) နတ်လောက၌သကဒါဂါမ်ဖြစ်၍ နတ်လောက၌ပင် ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံမည့် သကဒါဂါမ်ပုဂ္ဂိုလ်၊

(၄) နတ်လောက၌သကဒါဂါမ်ဖြစ်၍ လူ့ပြည်၌ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံမည့်သကဒါဂါမ်ပုဂ္ဂိုလ်၊

(၅) လူ့လောက၌သကဒါဂါမ်ဖြစ်၍ နတ်လောက၌တစ်ဘဝဖြစ်ပြီးလျှင် လူ့လောကသို့တစ်ဖန်ပြန်လာ၍ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံမည့်ပုဂ္ဂိုလ်ဟူ၍ သကဒါဂါမ်ပုဂ္ဂိုလ် ၅ မျိုးရှိပါသည်။

## (ဂ) အနာဂါမ်ပုဂ္ဂိုလ် ၅ မျိုး

တတိယမဂ်ပညာကိုပွားစေ၍လာခဲ့သောပုဂ္ဂိုလ်သည် တစ်ဖန်ပြန်မလာသော အနာဂါမ်ပုဂ္ဂိုလ်မည်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်က တစ်ဖန်ဝိပဿနာပွားများ၍ အနာဂါမိမဂ်, အနာဂါမိဖိုလ်တို့ကိုရလျှင် အနာဂါမ်ဖြစ်သည်။ အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂကိုပယ်စွန့်ပြီး ကာမဂုဏ်ကို မခံစားတော့သဖြင့် ကာမဘုံသို့ပြန်မလာတော့ချေ။ အနာဂါမ်အနေဖြင့် စုတေလျှင် ဗြဟ္မာဘုံ၌ ဘဝသစ်ဖြစ်၏၊ ဗြဟ္မာဘုံ၌ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံမည်ဖြစ်သည်။

(၁) **အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်** – အကြား၌ကိလေသာငြိမ်းမည့်အနာဂါမ်ပုဂ္ဂိုလ်ဖြစ်၏၊ သုဒ္ဓါဝါသဘုံတစ်ခု၌ဖြစ်ပြီးလျှင် သက်တမ်းအလယ်သို့မရောက်မီ ရဟန္တာဖြစ်၏။

(၂) **ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်** – စုတိကာလသို့ကပ်ရောက်၍ ကိလေသာငြိမ်းမည့်ပုဂ္ဂိုလ်ဖြစ်သည်၊ ဗြဟ္မာဘုံတစ်ခု၌ ဘဝသစ်ဖြစ်ပြီးလျှင် သက်တမ်း၏အလယ်ကိုကျော်လွန်ပြီး ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်တည်း။

(၃) **အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်** – လွန်ကဲသောအားထုတ်မှုပယောဂမရှိသော ဝိပဿနာအကျင့်ဖြင့် အထက်ဖြစ်သောအရဟတ္တမဂ်ကိုဖြစ်စေသည့်ပုဂ္ဂိုလ်တည်း။

(၄) **သသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ်** – လွန်ကဲသောအားထုတ်မှုပယောဂရှိသော ဝိပဿနာအကျင့်ဖြင့် အထက်ဖြစ်သော အရဟတ္တမဂ်ကိုဖြစ်စေသည့်ပုဂ္ဂိုလ်တည်း။

(၅) **ဥဒ္ဓံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ်** – မိမိဖြစ်ရာသုဒ္ဓါဝါသဘုံမှ အထက်၌ အကနိဋ္ဌဘုံတိုင်အောင်တက်၍ ထိုအကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုသောပုဂ္ဂိုလ်တည်း။

## (ဃ) ရဟန္တာပုဂ္ဂိုလ် ၆ မျိုး

စတုတ္ထမဂ်ပညာကိုပွားစေ၍လာခဲ့သော ကိလေသာကင်းစင်သည့်ပုဂ္ဂိုလ်တည်း၊ နတ်နှင့်တကွတစ်လောကလုံး၏မြတ်သောအလှူကို ခံယူထိုက်သည့်ပုဂ္ဂိုလ်တည်း။ အနာဂါမ်ဖြစ်ပြီးနောက်တစ်ဖန်ဝိပဿနာပွားများသဖြင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်တို့ကိုရလျှင် ရဟန္တာဖြစ်၏။

သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်ပြီးနောက် ကိလေသာမပွားများလျှင်လည်း အချိန်တန်၍ ကိလေသာကုန်ခန်းသောအခါ ရဟန္တာဖြစ်သည်။

(၁) **သဒ္ဓါဝိမုတ္တရဟန္တာ** – သဒ္ဓါဖြင့်လွတ်မြောက်သည့်ရဟန္တာတည်း။

(၂) **ပညာဝိမုတ္တရဟန္တာ** – ပညာဖြင့်လွတ်မြောက်သောရဟန္တာတည်း၊

(၃) **ဥဘတောဘာဂဝိမုတ္တရဟန္တာ** – ရုပ်အဖို့နာမ်အဖို့ ၂ ပါးစုံမှလွတ်မြောက်သောရဟန္တာ တည်း။

(၄) **တေဝိဇ္ဇရဟန္တာ** – ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်ဟူသော ဝိဇ္ဇာဉာဏ်သုံးပါးကို ရရှိသောရဟန္တာတည်း။

(၅) **ဆဠာဘိညရဟန္တာ** – အဘိညာဉ် ၆ ပါးနှင့်ပြည့်စုံသောရဟန္တာတည်း။

(၆) **ပဋိသမ္ဘိဒါပ္ပတ္တရဟန္တာ** – ၄ ပါးသော ပဋိသမ္ဘိဒါဉာဏ်အထူးသို့ရောက်သောရဟန္တာတည်း။

ဤရဟန္တာပုဂ္ဂိုလ်များကိုရည်ရွယ်၍ –

*"ဤရဟန်းသည် အရဟတ္တမဂ်ခဏ၌ ထိုတဏှာအရှုပ်အထွေးကို ဖြေရှင်းဆဲဖြစ်၏၊ အရဟတ္တဖိုလ်ခဏ၌ကား တဏှာအရှုပ်အထွေးကို ဖြေရှင်းပြီးဖြစ်၍ နတ်နှင့်တကွ သော တစ်လောကလုံး၏မြတ်သောအလှူကို ခံယူတော်မူထိုက်သည့် ရဟန္တာမြတ်ကြီး ဖြစ်သွားပေ၏"ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။*

ဤဆိုခဲ့သည့်အတိုင်း အရိယာပညာ (ဝါ) လောကုတ္တရာပညာကို ပွားစေခြင်းသည် များမြောင်လှသော အကျိုးအာနိသင်ရှိပေ၏။ ထို့ကြောင့် ပညာအမြော်အမြင်ရှိသူတို့သည် အရိယာပညာကိုပွားစေခြင်း၌ မွေ့လျော်ကြပါစေသတည်း။

## • ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ

(၁၉၈၃, ၁၉၈၅, ၁၉၈၆, ၁၉၈၉, ၁၉၉၀, ၁၉၉၂, ၁၉၉၃, ၁၉၉၅, ၁၉၉၆, ၁၉၉၈, ၂၀၀၅, ၂၀၀၇, ၂၀၀၈, ၂၀၀၉, ၂၀၁၀ခုနှစ်များ၌ မမေးပါ။)

**၁။ ရိုးရာအသိနှင့်မတူ တစ်မူကွဲပြားထူးခြားသော ပညာဘာဝနာ၏အကျိုးသရုပ်ကို အကျယ်မဟုတ်အကျဉ်းချုပ်မျှသာ ထုတ်ပြပါ။** (၁၉၈၄၊ စမန ၅၀၈၊ ၅၄၈)

**အဖြေ** – ပညာကိုပွားစေခြင်းဟူသည့် ပညာဘာဝနာ၏အကျိုးအာနိသင်များကား အရာမက များမြောင်လှ၏၊ အကျဉ်းအားဖြင့် အကျိုးသရုပ်တို့ကား–

(၁) အမျိုးမျိုးသောကိလေသာတို့ကို ဖျက်ဆီးခြင်း၊

(၂) အရိယာဖိုလ်၏အတုမဲ့အမြိုက်အရသာကို ခံစားရခြင်း၊

(၃) နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်း၊

(၄) အဝေးမှဆောင်ယူခဲ့၍ ပူဇော်ထိုက်သောအာဟုနေယျပုဂ္ဂိုလ်အဖြစ်စသည် ပြီးစီးခြင်းတို့ ဖြစ်ပါသည်။

**(က) လောကီပညာဘာဝနာ၏အကျိုးအာနိသင်တို့မှာ –**

– နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိကိုပယ်၏။

– ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိ, ဝိစိကိစ္ဆာယုံမှားမှုအညစ်

အကြေးများကို ပယ်၏။

– ဝိပဿနာဉာဏ် ၁၀ ပါးဖြင့် ဆိုင်ရာကိလေသာအမျိုးမျိုးကို တဒင်္ဂပဟာန်ပယ်၏။

**(ခ) လောကုတ္တရာပညာဘာဝနာ၏အကျိုးအာနိသင်တို့မှာ–**

အရိယာမဂ်ဉာဏ် ၄ ပါးတို့သည် သံယောဇဉ် ၁၀ ပါး, ကိလေသာ ၁၀ ပါး, အကုသလကမ္မပထ, အကုသိုလ်တရားတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ထိုက်သည့်အားလျော်စွာ ပယ်ကြကုန်၏။

ဆင်းရဲခြင်း၏အကြောင်းတရားအားလုံးကို ပညာဘာဝနာဖြင့်ပယ်ရှင်းနိုင်သဖြင့် အတုမရှိငြိမ်းအေးချမ်းသာသော နိဗ္ဗာန်အမြိုက်ချမ်းသာကို ခံစားရပါသည်။

**၂။ လူအပေါင်းတို့ခံစားရသမျှသော အရသာတို့တွင် အကောင်းဆုံးအရသာကိုဖော်ပြ၍ ထိုအရသာကို ခံစားနိုင်ရန် မည်သို့သောအတတ်ပညာကို ဆည်းပူးအားထုတ်ရပါမည်နည်း။** (၁၉၈၇၊ စမန ၄၁၄)

**အဖြေ** – လူအပေါင်းတို့ ခံစားရသမျှသောအရသာတို့တွင် အကောင်းဆုံးအရသာသည် အရိယာဖိုလ်၏အရသာ (နိဗ္ဗာန်အမြိုက်ချမ်းသာ) ဖြစ်ပါသည်။

ထိုအရသာကိုခံစားနိုင်ရန် ဝိပဿနာပညာ (ပညာဘာဝနာ) ဟူသောအတတ်ပညာကို ဆည်းပူးအားထုတ်ရပါမည်။

**၃။ နိရောဓသမာပတ်ကို ဝင်စားနိုင်သောပုဂ္ဂိုလ်များကို ဖော်ပြ၍၊ ယင်းသို့ဝင်စားခြင်း၏ ရည်ရွယ်ချက်ကိုလည်း ညွှန်ပြပါ။** (၁၉၈၈၊ စမန ၄၁၈၊ ၄၂၂)

**အဖြေ – နိရောဓသမာပတ်ကို ဝင်စားနိုင်သည့်ပုဂ္ဂိုလ်များမှာ–**

ပဉ္စဝေါကာရဘုံ၌ ဈာန်သမာပတ် ၈ ပါးကိုရရှိကြသော အနာဂါမ်နှင့် ရဟန္တာတို့ဖြစ်ကြသည်။

**နိရောဓသမာပတ်ကို ဝင်စားရခြင်း၏ရည်ရွယ်ချက်မှာ–**

သင်္ခါရတို့၏ဖြစ်ခြင်းပျက်ခြင်း၌ ငြီးငွေ့၍ မျက်မှောက်ကိုယ် မျက်မှောက်ဘဝ၌ပင်လျှင် စိတ်မရှိသည်ဖြစ်၍ ''ချုပ်ငြိမ်းရာနိဗ္ဗာန်ဓာတ်သို့ရောက်လျက် ချမ်းသာစွာနေအံ့''ဟူသော ရည်ရွယ်ချက်ဖြင့် နိရောဓသမာပတ်ကို ဝင်စားရခြင်းဖြစ်ပါသည်။

**၄။ အထက်ဖိုလ်ပုဂ္ဂိုလ်တို့သည် အဘယ်ကြောင့် အောက်ဖလသမာပတ်ကို မဝင်စားနိုင်သည်ကိုဖြေဆိုပြီးလျှင်၊ အန္တရာပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ်သည် အဘယ်အချိန်၌ ကိလေသာခပ်သိမ်းချုပ်ငြိမ်းသည်ကိုလည်း ဖော်ပြပါ။** (၁၉၉၁၊ စမန ၄၁၅၊ ၄၂၈)

**အဖြေ – အထက်ဖိုလ်ပုဂ္ဂိုလ်တို့သည် အောက်ဖလသမာပတ်ကို မဝင်စားနိုင်သည့် အကြောင်းမှာ** – အထက်ဖိုလ်ကိုရသောအခါ ပုဂ္ဂိုလ်တစ်ပါးအဖြစ်သို့ရောက်ခြင်းဖြင့် အောက်ဖိုလ်ငြိမ်းပြီး ဖြစ်သောကြောင့်တည်း။ လောကီသမာပတ်၌ ပုထုဇဉ်သည် အထက်ဈာန်သမာပတ်ကို ရသောအခါ၌ ပုထုဇဉ်သာဖြစ်၍ ပုဂ္ဂိုလ်မပြောင်းပါ။ ထို့ကြောင့် ပုထုဇဉ်သည် မိမိရထားသော အောက်ဈာန်ကိုရော၊ အထက်ဈာန်ကိုရောဝင်စားနိုင်သည်။

လောကုတ္တရာဖိုလ်တို့၌ကား ထိုသို့မဟုတ်ချေ။ ပုထုဇဉ်က သောတာပတ္တိဖိုလ်ကိုရလျှင် ပုထုဇဉ်မဟုတ်တော့ပြီ၊ သောတာပန်အဖြစ်သို့ ရောက်၏။ သောတာပန်က သကဒါဂါမိဖိုလ်

ကိုရလျှင် သောတာပန်မဟုတ်တော့ပြီ၊ သကဒါဂါမ်အဖြစ်သို့ရောက်၏။ သကဒါဂါမ်ဖြစ်သည့်အခါ အောက်ဖိုလ်ဖြစ်သည့်သောတာပတ္တိဖိုလ်သည် မိမိနှင့်မဆိုင်တော့ပြီ။

**ဥပမာ** ရှေးဘဝက မိမိ၏ကိုယ်ပိုင်ဖြစ်ခဲ့သောဘဝင်စိတ်သည် ဘဝတစ်ပါးသို့ပြောင်းသွားသောအခါ မိမိနှင့်မဆိုင်တော့သကဲ့သို့တည်း။ ထို့ကြောင့် အထက်အရိယာပုဂ္ဂိုလ်များသည် အောက်ဖိုလ်များကိုမဝင်စားကြပါ။ မိမိတို့နှင့်ဆိုင်သောဖိုလ်ကိုသာ ဝင်စားကြသည်။

**အန္တရာပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ်**သည် အကြား၌ ကိလေသာချုပ်ငြိမ်းမည့်ပုဂ္ဂိုလ်ဖြစ်၏။ သုဒ္ဓါဝါသဘုံတစ်ခု၌ဖြစ်ပြီးလျှင် သက်တမ်း၏အလယ်သို့မရောက်မီ ကိလေသာခပ်သိမ်းချုပ်ငြိမ်းပါသည်။

**၅။ ရိုးရာအသိနှင့်မတူ တစ်မူကွဲပြားထူးခြားသော ပညာဘာဝနာ၏အကျိုးသရုပ်ကို အကျယ်မဟုတ် အကျဉ်းမျှသာထုတ်ပြပါ။** (၁၉၉၄၊ စမန ၄၁၇)

**အဖြေ** – စာမျက်နှာ ၄၂၉ နံပါတ် ၁ နှင့်အဖြေတူပါသည်။

**၆။ နိရောဓသမာပတ်ဟူသည် လောကီလော၊ လောကုတ္တရာလော၊ အကြောင်းပြဖြေဆိုပါ။** (၁၉၉၇၊ စမန ၄၂၆)

**အဖြေ** – နိရောဓသမာပတ်ဟူသည် လောကီတရားဟူ၍လည်းမဆိုအပ်၊ လောကုတ္တရာတရားဟူ၍လည်းမဆိုအပ်ပါ။ အဘယ့်ကြောင့်နည်းဟူမူ နိရောဓသမာပတ်သည် ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိခြင်းကြောင့်တည်း။

သို့သော် နိရောဓသမာပတ်ကို ဝင်စားသောပုဂ္ဂိုလ်၏အစွမ်းအားဖြင့် နိရောဓသမာပတ်သည် ဝင်စားအပ်သောသမာပန္နတရားမည်ပေ၏၊ ထို့ကြောင့် ပြီးစီးသောနိပ္ဖန္နတရားဟူ၍ ဆိုသင့်ပေ၏။ လောကီတရား, လောကုတ္တရာတရားဟူ၍ကား မဆိုသင့်ပါ။

**၇။ . . . ဈာန်မရသောပုထုဇဉ်အား ဖလသမာပတ်ဝင်စားနိုင် မဝင်စားနိုင်ကို အကြောင်းသွင်း၍ဆုံးဖြတ်ပါ။** (၂၀၀၆၊ စမန ၄၁၅)

**အဖြေ** – ဈာန်မရသောပုထုဇဉ်သည် ဖလသမာပတ်မဝင်စားနိုင်ပါ။ အကြောင်းမှာပုထုဇဉ်အားလုံးသည် ဖလသမာပတ်မဝင်စားနိုင်ကြပါ။ အဘယ့်ကြောင့်ဆိုသော် ဖိုလ်ဉာဏ်မရရှိသေးသဖြင့် ဖိုလ်မဝင်စားနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


၁။ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ ပြန်ဆိုသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာမြန်မာပြန်တတိယတွဲ။

၂။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား ရေးသားစီရင်သော ဝိသုဒ္ဓိမဂ်မြန်မာပြန်စတုတ္ထတွဲ။

၃။ သုတ္တန်ပိဋကတ်ပါဠိတော်မြန်မာပြန်ကျမ်းများ။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန
## သာသနာရေးဦးစီးဌာန – ဝိသုဒ္ဓိမဂ်စာမေးပွဲ
## တတိယအဆင့် (၂၀၁၁ ခုနှစ်)

မေးခွန်း ၁၀ ပုဒ်၊ ခွင့်ပြုချိန် ၄ နာရီ (မေးခွန်းတစ်ခုလျှင် ၁၀ မှတ်စီ)

**၁။ မြတ်စွာဘုရားသည် အကြောင်းအရင်း ''ဟေတု''ဟူ၍ဟောတော်မူအပ်သော တရား၊ ဟောတော်မမူအပ်သောတရားတို့ကို ဖော်ပြပြီးလျှင်၊ နာမ်တရား၏လက္ခဏာ, ကိစ္စတို့ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၃၈၊ ၄၉)

**အဖြေ** – ''**ဟေတု**''ဟူ၍ဟောတော်မူအပ်သောတရားတို့မှာ ''ဇာတိ၊ ဘဝ၊ ဥပါဒါန်၊ တဏှာ၊ ဝေဒနာ၊ ဖဿ၊ သဠာယတန၊ နာမရူပ၊ ဝိညာဏ်၊ သင်္ခါရ၊ အဝိဇ္ဇာ'' တို့ဖြစ်ပါသည်။

– အဝိဇ္ဇာစသည်တို့၏ဖြစ်ပုံအခြင်းအရာအထူး(ဝိကာရ)ကို ''ဟေတု''ဟူ၍မဟောပါ။

– **နာမ်တရား**သည် အာရုံဆီသို့ညွတ်ခြင်းလက္ခဏာရှိ၏။

အညီအညွတ်အပြားအားဖြင့် ယှဉ်ခြင်းကိစ္စရှိ၏။

**၂။ အညမညပစ္စည်း၏သဘောသဘာဝကိုရေးသား၍ မပြတ်ဖန်ခါသံသရာဟူသည် အဘယ်ကို ဆိုလိုသည်ကိုဖြေဆိုပါ။** (စမန ၆၄၊ ၁၄၁ နံပါတ် ၂)

**၃။ ဒိဋ္ဌိ + ဥပါဒါန် + အတ္တပဋိသမ္ဘိဒါမည်ပုံတို့ကို အသီးသီးဖြေဆိုပြခဲ့ပါ။** (စမန ၁၁၂၊ ၄၈၊ ၁၃၇)

**အဖြေ** – **ဒိဋ္ဌိမည်ပုံ** – မှားယွင်းစွာမြင်တတ်သောကြောင့် ဒိဋ္ဌိမည်၏။

**ဥပါဒါန်မည်ပုံ** – မြဲမြံစွာစွဲလမ်းတတ်သာကြောင့် ဥပါဒါန်မည်၏။

**အတ္တပဋိသမ္ဘိဒါမည်ပုံ** – အကြောင်း၏အကျိုးကို ''အတ္ထ''ဟုခေါ်၍ အကြောင်း၏ အကျိုး၌ဖြစ်သောဉာဏ်သည် ''အတ္ထပဋိသမ္ဘိဒါ'' မည်၏။

**၄။ နာမ်နှင့်ရုပ်နှစ်ပါးတို့အချင်းချင်းအမှီပြုနေပုံကို လှေနှင့်လူသားဥပမာထား၍ ဖော်ပြပြီး လျှင်၊ ဥပဃာတကကံသည် မိမိအကျိုးဝိပါက်၏ အခွင့်ပြုအကျိုးပေးပုံကိုလည်း ရှင်းပြခဲ့ပါ။** (စမန ၂၁၉ နံပါတ် ၉၊ စမန ၂၃၉ နံပါတ်၉)

**၅။ ဗလဒသကအရွယ်အပိုင်းအခြားကို ပိုင်းခြားဖော်ပြ၍၊ ဗလဒသကအရွယ်ကို လက္ခဏာတင်ပြခဲ့ပါ။** (စမန ၂၆၅)

**အဖြေ** – ဗလဒသကအရွယ် – အသက် ၃၁ နှစ်မှ ၄၀ နှစ်အထိ။

– **လက္ခဏာတင်ရှုပုံမှာ** = ဗလဒသကအရွယ်၌မပြတ်ဖြစ်သောရုပ်သည် ပညာဒသက အရွယ်သို့မရောက်မူဘဲ ထိုဗလဒသကအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် ဗလဒသက အရွယ်၌ မပြတ်ဖြစ်သောရုပ်သည် မမြဲ–အနိစ္စ၊ ဆင်းရဲတည်း–ဒုက္ခ၊ အတ္တမဟုတ်– အနတ္တဟူ၍ လက္ခဏာသုံးပါးတင်ရှု၏။

**၆။ ဝိပဿနာအရောင်အလင်း၌ တုန်လှုပ်ရခြင်း၏အကြောင်းရင်းကို ဖြေဆိုပြီးလျှင်၊ အာရုံ ကိုဆင်ခြင်၍ ဘင်ကိုအဖန်တလဲလဲရှုခြင်း၌ ပညာနှင့်ဉာဏ်တို့၏သဘောသွားကိုလည်း**

**ခွဲခြားဖြေဆိုပြခဲ့ပါ။** (စမန ၂၈၇၊ ၂၈၈)

**အဖြေ** – ကျမ်းဂန်ဗဟုသုတမရှိသည့် မကျွမ်းကျင်မလိမ္မာသောယောဂီသည် ဝိပဿနာ အရောင်အလင်း၌ ငြိကပ်တွယ်တာလျက် သိမ်မွေ့သောတဏှာ (နိကန္တိ) ဖြစ်၏။ ထို့နောက် ''ဤမှရှေး၌ ငါ့အား ဤသို့သောအရောင်အလင်းသည် မဖြစ်ခဲ့ဖူးသေး၊ မချွတ်ကေန်ပင် ငါသည် မဂ်ရပြီ၊ ဖိုလ်ရပြီ'' ဟူ၍မှတ်ယူပြီးလျှင် မိမိ၏မူလကမ္မဋ္ဌာန်းကိုစွန့်လွှတ်လျက် နှစ်သက်ပျော်မွေ့မှု – နိကန္တိကိုသာလျှင် သာယာလျက်နေ၏။

တစ်ဖန် ''ဧတံ မမ = ဤအရောင်အလင်းသည် ငါ၏ဥစ္စာတည်း''ဟုစွဲယူလျှင် ဒိဋ္ဌိဂါဟ ဖြစ်၏။ ''ဧသောဟမသ္မိ = ဤအရောင်အလင်းသည် ငါဖြစ်၏''ဟု စွဲယူလျှင် မာနဂါဟ ဖြစ်၏။ ''ဧသောမေအတ္တာ = ဤအရောင်အလင်းသည် ငါ၏အတ္တ''ဟု စွဲယူလျှင် တဏှာဂါဟဖြစ်၏။

ဤသို့လျှင် ဒိဋ္ဌိ, မာန, တဏှာတို့၏အလိုအားဖြင့် သုံးပါးသောစွဲလမ်းမှု (ဂါဟ)တို့ဖြစ်ကုန်၏။ ထို့ကြောင့် ယောဂီ၏စိတ်သည် ဝိပဿနာအရောင်အလင်း၌ တုန်လှုပ်ခြင်းဖြစ်၏။

**– အာရုံကိုဆင်ခြင်၍ ဘင်ကိုအဖန်တလဲလဲရှုခြင်း၌ ပညာနှင့်ဉာဏ်တို့၏သဘောသွားကား**

– ''ရုပ်နာမ်ဓမ္မသင်္ခါရတရားအပေါင်းသည် ဤသို့ဖြစ်ပေါ်ပြီးလျှင် ဤသို့ပင်ချုပ်သွားပါတကား''ဟု ရှုမြင်သော ထိုယောဂီသည် သင်္ခါရတရားတို့၏ဖြစ်ခြင်း, တည်ခြင်း, နိမိတ်တို့ကို စွန့်လွှတ်၍ ခဏဝယဘေဒဟုဆိုအပ်သော ချုပ်ပျက်ခြင်း – ဘင်၌သာစူးစိုက်ကာ ရှုမြင်ခြင်း ကြောင့် '**ဘင်္ဂါနုပဿနာဉာဏ်**'သည် ထင်ရှားစွာဖြစ်ပေါ်လာ၏။ ဤသို့အပြားအားဖြင့် သိတတ်သောသဘောသွားကား = ''**ဘင်္ဂါနုပဿနာပညာ**''မည်ပါသည်။

**၇။ သင်္ခါရတို့၏ဖြစ်ခြင်း ဥပ္ပါဒ–ဟူသည် အဘယ်ဖြစ်သည်ကို ဖြေဆို၍၊ သိခါပတ္တဖြစ်ရပုံကို ဖော်ပြခဲ့ပါ။** (စမန ၃၃၈)

**အဖြေ – သင်္ခါရတို့၏ဖြစ်ခြင်းဥပ္ပါဒ** – ဟူသည်မှာ ရှေးကံဟူသောအကြောင်းကြောင့် ဤဘဝ၌ ရုပ်နာမ်တို့၏ရှေးဦးစွာဖြစ်ပေါ်ခြင်းဖြစ်ပါသည်။

**– သိခါပတ္တဖြစ်ပုံ**

သင်္ခါရုပေက္ခာဉာဏ်ကိုရပြီးသော ယောဂီ၏ဝိပဿနာသည် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာဖြစ်ပြီးလျှင် ဝုဋ္ဌာန(ထသောမဂ်)အမည်ရသည့် အရိယာမဂ်သို့သွားရောက်တတ်သော ကြောင့် '**ဝုဋ္ဌာနဂါမိနီ**'မည်၏။ ထို 'ခေါင်ထိပ်သို့ရောက်သောဝိပဿနာ'(ဝါ) 'ဝုဋ္ဌာနဂါမိနီ' ဟူသောအမည်သည် (၁) ခေါင်ထိပ်သို့ရောက်သောသင်္ခါရုပေက္ခာဉာဏ်၊ (၂) အနုလောမ ဉာဏ်၊ (၃) ဂေါတြဘူဉာဏ်ဟူသည့် ဉာဏ်သုံးပါးတို့၏အမည်ပေတည်း။ ဤဉာဏ်သုံးပါးသည် ခေါင်ထိပ်ဟူသောမြတ်သည့်အဖြစ်သို့ရောက်သောကြောင့် '**သိခါပတ္တ**' ဖြစ်ရပါသည်။

**၈။ အဂတိမည်သောပြုမူပုံအခြင်းအရာတို့ကို ကျနစွာစိစစ်ပြ၍၊ လောဘ, ဒေါသ, မောဟတရား သုံးပါးတို့၏အညစ်အကြေး 'မလ' ဖြစ်ရပုံကို ဥပမာယှဉ်၍ တင်ပြခဲ့ပါ။** (စမန ၃၈၆၊ ၃၈၉)

**အဖြေ** – ချစ်ခြင်း (ဆန္ဒာဂတိ)၊ မုန်းခြင်း (ဒေါသာဂတိ)၊ မသိနားမလည်ခြင်း (မော

ဟာဂတိ)၊ ကြောက်ခြင်း(ဘယာဂတိ)တို့ကြောင့် မပြုသင့်သောအမှုကိုပြုခြင်းနှင့် ပြုသင့်သောအမှုတို့ကို မပြုခြင်းတို့ကို အဂတိ ၄ ပါးဟုခေါ်၏။ ဤအခြင်းအရာတို့ကို အရိယာပုဂ္ဂိုလ်တို့သည် မရောက်အပ်, မရောက်ထိုက်သောကြောင့် အဂတိဟူ၍ဆိုအပ်၏။

– **'မလ'ဖြစ်ရပုံ** – ဆီစွန်းသောညှန်ကဲ့သို့ မိမိတို့ကိုယ်တိုင်မစင်ကြယ်သောကြောင့်လည်းကောင်း၊ တစ်ပါးသောတရားတို့အား မစင်ကြယ်သည့်အဖြစ်ကိုပြုတတ်သောကြောင့်လည်းကောင်း၊ လောဘ, ဒေါသ, မောဟဟူသော တရားသုံးပါးသည် 'မလ'ဖြစ်ရပါသည်။

**၉။ အရိယာအရှင်မြတ်တို့ အဘယ်အကျိုးငှာ သမာပတ်ဝင်စားရသည်ကို မှတ်ချက်ချ၍ အလုံးစုံသောနိမိတ်အရ နိမိတ်များစုံလင်အောင်ထုတ်ပြခဲ့ပါ။** (စမန ၄၁၅)

**အဖြေ** – အရိယာအရှင်မြတ်တို့သည် မျက်မှောက်ကိုယ်မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုးငှာ သမာပတ်ဝင်စားကြပါသည်။ ဖိုလ်ဝင်စားခြင်းသည် အတုမရှိငြိမ်းအေးချမ်းသာသည့် အမြိုက်ချမ်းသာကို ခံစားခြင်းဖြစ်သဖြင့် နိဗ္ဗာန်ချမ်းသာဖြင့် လက်ငင်းချမ်းသာစွာနေခြင်းအကျိုးငှာ (ဒိဋ္ဌဓမ္မသုခဝိဟာရအကျိုးငှာ) ဖလသမာပတ်ဝင်စားကြပါသည်။

**ဥပမာ** မင်းသည် မင်း၏စည်းစိမ်ကိုခံစားသကဲ့သို့ အရိယပုဂ္ဂိုလ်တို့သည် အရိယာတို့၏ ဥစ္စာဖြစ်သော လောကုတ္တရာချမ်းသာကို ခံစားကြပါသည်။

– **အလုံးစုံသောနိမိတ်အရ** ရုပ်နာမ်သင်္ခါရတို့၏အာရုံများဖြစ်ကြသော ရုပ်နိမိတ်၊ ဝေဒနာနိမိတ်၊ သညာနိမိတ်၊ သင်္ခါရနိမိတ်၊ ဝိညာဏ်နိမိတ်တို့ဖြစ်ပါသည်။

**၁၀။ ဝသီဘော်ငါးပါးစွမ်းအားများကို ထုတ်ဆောင်ပြ၍ နိရောဓသမာပတ်မဝင်စားနိုင်သောဘုံကို အကြောင်းနှင့်တကွ ဖြေဆိုပြပါ။** (စမန ၄၂၁၊ ၄၂၂)

**အဖြေ** – ဝသီဘော်ငါးပါး၏စွမ်းအားများမှာ –

(က) **အာဝဇ္ဇနဝသီဘော်** – စျာန်ကို အလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံးနှလုံးသွင်း၏၊ နှလုံးသွင်းခြင်း၌ နှေးသည့်အဖြစ်သည်မရှိ။

(ခ) **သမာပဇ္ဇနဝသီဘော်** – စျာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး ဝင်စား၏၊ ဝင်စားခြင်း၌ နှေးသည့်အဖြစ်သည်မရှိ။

(ဂ) **အဓိဋ္ဌာနဝသီဘော်** – စျာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး တည်တံ့စေရန် အဓိဋ္ဌာန်ဆောက်တည်၏၊ ဆောက်တည်သည့်အတိုင်းတည်တံ့ခြင်း၌ နှေးသည့်အဖြစ်သည်မရှိ။

(ဃ) **ဝုဋ္ဌာနဝသီဘော်** – စျာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံး ဝင်စား၍စျာန်မှထ၏၊ ထခြင်း၌ နှေးသည့်အဖြစ်သည်မရှိ။

(င) **ပစ္စဝေက္ခဏဝသီဘော်** – စျာန်ကိုအလိုရှိရာအရပ်၌ အလိုရှိသောအခါ အလိုရှိသလောက်ကာလပတ်လုံးဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည့်အဖြစ်သည်မရှိ၊

– **နိရောဓသမာပတ်မဝင်စားနိုင်သောဘုံမှာ** စတုဝေါကာရဘုံခေါ် အရူပဘုံဖြစ်ပါသည်။

အကြောင်းမှာ အရူပဘုံ၌ ပထမစျာန်စသည်တို့ဖြစ်ခြင်းမရှိသောကြောင့်တည်း။ ထို့ကြောင့် အရူပဘုံ၌နိရောဓသမာပတ်ဝင်စားခြင်းငှာ မစွမ်းနိုင်။ ကေစိဆရာတို့ကမူ ထတ္ထုရုပ်မရှိသော

ကြောင့် မဝင်စားနိုင်ဟုဆိုကြ၏။

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန – ဝိသုဒ္ဓိမဂ်စာမေးပွဲ တတိယအဆင့် (၂၀၁၂ ခုနှစ်)

မေးခွန်း ၁၀ ပုဒ်၊ ခွင့်ပြုချိန် ၄ နာရီ (မေးခွန်းတစ်ခုလျှင် ၁၀ မှတ်စီ)

**၁။ ရှည်လျားလှသည့် ဘဝသံသရာခရီးလမ်းကို လျှောက်လှမ်းသွားလာနေကြသော ဘဝခရီးသွားသတ္တဝါများအားခေါင်းဆောင်၍ ခေါ်ဆောင်သွားသည့်တရားနှစ်ပါးကို ဖော်ပြပြီးလျှင်၊ ယင်းတရားနှစ်ပါးတို့၏ရှေ့သွားခေါင်းဆောင်အရာ၌ တည်ခြင်း၏ အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၁၄၈ နံပါတ် ၁၂ အဖြေနှင့်တူပါသည်။)

**၂။ ဆင်းရဲဒုက္ခကို အလွန်ပြင်းထန်စွာ ခံစားနေရသည်ဖြစ်ပါလျက် ထိုဆင်းရဲဒုက္ခဝေဒနာကြောင့် တဏှာဖြစ်နိုင်ပါသလော? အကြောင်းသွင်း၍ ရှင်းလင်းပြပြီးလျှင်၊ အဆင်းမျိုးစုံရှုပါရုံကို ကြည့်ရှုသည့်အခါကာလ၌ အဘယ်သို့ကြည့်ရှုလတ်သော် ကာမတဏှာဖြစ်၍ အဘယ်သို့ကြည့်ရှုလတ်သော် ဘဝတဏှာဖြစ်ပါသနည်း? ဖြေဆိုခဲ့ပါ။**

(စမန ၁၇၇ နံပါတ် ၈၃ ရှေ့ပိုင်းအဖြေ၊ စမန ၁၅၆ နံပါတ် ၃၂ အဖြေ)

**၃။ လူသားများသိထားကြသည့် အရာဌာနများတွင် အခက်ခဲဆုံးအနက်နဲဆုံး အရာဌာနလေးမျိုးကို အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပြပြီးလျှင်၊ အမြွာပူးမွေးဖွားလာကြသောကလေးသူငယ်နှစ်ယောက်တို့၏ စည်းစိမ်ဥစ္စာ, ဆင်းရဲမှု, ချမ်းသာမှုစသည် ကွဲပြားခြားနားရခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။**

(စမန ၁၅၁ နံပါတ် ၁၉ ရှေ့ပိုင်းအဖြေ၊ စမန ၁၄၃ နံပါတ် ၄ အဖြေ)

**၄။ ဒိဋ္ဌိဝိသုဒ္ဓိ၏အဓိပ္ပါယ်သဘောသဘာဝကို ဖော်ပြပြီးလျှင်၊ ရုပ်နာမ်တရားတို့ကိုပိုင်းခြား၍ရှုဆင်ခြင်သောယောဂီသူတော်စင်အား နာမ်တရားတို့က သိမ်မွေ့လှသဖြင့် ကောင်းစွာမထင်ခဲ့သော် မည်ကဲ့သို့ပြုလုပ်ရမည်ကိုလည်း ဖော်ပြခဲ့ပါ။**

(စမန ၂၁၉ နံပါတ် ၁၁ ရှေ့ပိုင်းအဖြေ၊ စမန ၂၁၆ နံပါတ် ၂ အဖြေ)

**၅။ အဘယ်သို့သောဉာဏ်အဆင့်သို့ရောက်ရှိသောပုဂ္ဂိုလ်ကို အဘယ့်ကြောင့် 'စူဠသောတာပန်'ဟုခေါ်ဆိုရသည်ကို မှန်ကန်စွာဖော်ပြခဲ့ပါ။** (စမန ၂၁၅၊ ၂၃၄၊ ၂၃၅)

**အဖြေ – နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်** နာမ်နှင့်ရုပ်ကို ပိုင်းခြားဆုံးဖြတ်သောယောဂီသည် သတ္တဝါဟူသည့် အမှတ်သညာကိုကျော်လွန်၍ ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်၏။ ဤသို့သိမြင်ခြင်းကို '**ဒိဋ္ဌိဝိသုဒ္ဓိ** = ဉာဏ်အမြင်၏စင်ကြယ်ခြင်း'ဟု သိအပ်၏။

တစ်ဖန် **နာမရူပပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်** နာမ်ရုပ်တို့၏အကြောင်းတို့ကို သိမ်းဆည်းပြီးလျှင် ကာလသုံးပါး၌ယုံမှားမှုအားလုံးတို့ကို လွန်မြောက်၍တည်သောဉာဏ်ကို **ကင်္ခါဝိတရဏဝိသုဒ္ဓိ** = ယုံမှားမှုကိုလွန်မြောက်လျက် စင်ကြယ်သောဉာဏ်ဟုခေါ်၏။

ဤသို့ နာမရူပပရိစ္ဆေဒဉာဏ်, နာမရူပပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုရရှိပြီး ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ''စူဠသောတာပန်''ဟုခေါ်ပါသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို ယာယီပယ်ထားနိုင်၍ သောတာပန်နှင့်အလားတူပြီး၊ သောတာပန်ကဲ့သို့ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို အမြစ်ပြတ်မပယ်သတ်ရသေးသည့်အတွက် ''စူဠသောတာပန်''ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

**၆။ ဥပဃာတကကံ၏သတ်ဖြတ်အပ်သောကံ, တားမြစ်အပ်သောအကျိုး, ပြုလုပ်အပ်သောအလုပ်ကိစ္စတို့ကို ဖော်ပြခဲ့ပါ။** (စမန ၂၃၁)

**အဖြေ** – ဥပဃာတကကံသည် ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံဖြစ်ပြီးလျှင် အားနည်းသော ဇနကအကုသိုလ်ကံ သို့မဟုတ် အားနည်းသောဇနကကုသိုလ်ကံကို သတ်ဖြတ်တတ်၏။

– ဇနကကံ၏အကျိုးဝိပါက်ကို တားမြစ်ဖြတ်တောက်၏။
– မိမိ၏အကျိုးဝိပါက်ကို ဖြစ်စေ၏။

**၇။ လူ့ဘဝအသက်တမ်းကို ဒသက ၁၀ မျိုးဖြင့်ပိုင်းခြား၍ ဖော်ပြထားရာ၌ ယင်းဒသက ၁၀ မျိုးကို ပြည့်စုံအောင်ထုတ်ဖော်ပြပြီးလျှင်၊ နောက်ဆုံးဒသကအရွယ်ကို လက္ခဏာတင်၍ ဆင်ခြင်သုံးသပ်ပြခဲ့ပါ။** (စမန ၂၆၅)

**အဖြေ – လူ့ဘဝနှစ် ၁၀၀ ကို ၁၀ ပိုင်းပိုင်းခြားပုံ**

(၁) မန္ဒဒသက (၁ နှစ်မှ ၁၀ နှစ်အထိ) နုံ့ထိုင်း၏၊ လျှပ်ပေါ်၏၊ သူငယ်မှုသာဖြစ်၏၊
(၂) ခိဍ္ဍဒသက (၁၁ နှစ်မှ ၂၀ နှစ်အထိ) ကစားပျော်ရွှင်ခြင်းများ၏၊
(၃) ဝဏ္ဏဒသက (၂၁ နှစ်မှ ၃၀ နှစ်အထိ) ရုပ်ရည်လှပ, ပြန့်ပြောပြည့်ဝ၏၊
(၄) ဗလဒသက (၃၁ နှစ်မှ ၄၀ နှစ်အထိ) ခွန်အားနှင့်အစွမ်း ပြန့်ပြောပြည့်ဝ၏၊
(၅) ပညာဒသက (၄၁ နှစ်မှ ၅၀ နှစ်အထိ) ပညာကောင်းစွာတည်၏၊
(၆) ဟာနိဒသက (၅၁ နှစ်မှ ၆၀ နှစ်အထိ) ရုပ်အဆင်း, ခွန်အား, ပညာတို့ဆုတ်ယုတ်၏၊
(၇) ပဗ္ဘာရဒသက (၆၁ နှစ်မှ ၇၀ နှစ်အထိ) ခန္ဓာကိုယ်သည် ရှေ့သို့ကိုင်းရှိုင်း၏၊
(၈) ဝင်္ကဒသက (၇၁ နှစ်မှ ၈၀ နှစ်အထိ) ခန္ဓာကိုယ် ထယ်လက်ကိုင်လို ကောက်ကွေး၏၊
(၉) မောမူဟဒသက (၈၁ နှစ်မှ ၉၀ နှစ်အထိ) အလွန်တွေဝေ၍ ပြုတိုင်းမေ့၏၊
(၁၀) သယနဒသက (၉၁ နှစ်မှ ၁၀၀ နှစ်အထိ) လဲလျောင်းနေခြင်းသာများ၏။

**– နောက်ဆုံးဒသကအရွယ်ကို လက္ခဏာတင်ရှုပုံ**

သယနဒသကအရွယ်၌ မပြတ်ဖြစ်သောရုပ်သည် နောက်ဘဝမန္ဒဒသကအရွယ်သို့မရောက်မူဘဲ ထိုသယနဒသကအရွယ်၌သာလျှင် ချုပ်၏။ ထို့ကြောင့် သယနဒသကအရွယ်၌ဖြစ်သောရုပ်သည် မမြဲ–အနိစ္စ၊ ဆင်းရဲတည်း–ဒုက္ခ၊ အတ္တမဟုတ်–အနတ္တဟူ၍ လက္ခဏာသုံးပါးကို တင်ရှု၏။

**၈။ အရှင်သာရိပုတ္တရာမထေရ်နှင့် အရှင်မောဂ္ဂလာန်မထေရ်တို့၏သောတာပတ္တိမဂ်စသော မဂ်လေးပါးတို့ကို သိမြင်ကြရာဝယ် တစ်ပါးနှင့်တစ်ပါးမတူ ထူးခြားကွဲပြားဟန်ကို မှန်ကန်စွာဖော်ပြခဲ့ပါ။** (စမန ၃၄၆)

**အဖြေ** – စမန ၃၆၁ နံပါတ် ၂၃ အဖြေနှင့်တူပါသည်။

**၉။ ကိလေသာကင်းပြတ် ရဟန္တာအရှင်သူမြတ်တို့ အောက်ဖြစ်သောဖိုလ်တို့ကို ဝင်စား/မဝင်စားအကြောင်းပြ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။** (စမန ၄၁၅)

**အဖြေ** – စမန ၄၃၀ နံပါတ် ၄ ရှေ့ပိုင်းအဖြေနှင့်တူပါသည်။

**၁၀။ သေသောပုဂ္ဂိုလ်နှင့် နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့ အဘယ်သို့လျှင်မတူထူးခြားကွဲပြားပါသနည်း ဝိသုဒ္ဓိမဂ်လာသည့်အတိုင်း မှန်ကန်စွာဖော်ပြပါ။** (စမန ၄၂၆)

**အဖြေ – သေသောပုဂ္ဂိုလ်နှင့် နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်တို့ မတူထူးခြားပုံ**

**သေသောသူ၌** (၁) ဇီဝိတိန္ဒြေဟုခေါ်သောအသက်သည် ကုန်သွား၏၊

(၂) ဥသ္မာခေါ်သော ကိုယ်ငွေ့အပူရှိန်သည် ငြိမ်းအေး၏၊

(၃) စက္ခုစသောဣန္ဒြေတို့သည် အကြွင်းမဲ့ပျက်စီးကုန်၏။

**နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၌မူ**

(၁) ဇီဝိတိန္ဒြေဟုခေါ်သောအသက်သည် မကုန်ပေ၊

(၂) ဥသ္မာခေါ်သော ကိုယ်ငွေ့အပူရှိန်သည်လည်း မငြိမ်းအေး၊

(၃) စက္ခုစသောဣန္ဒြေတို့သည် မပျက်စီးကုန်။

## (က) ဒေါက်တာမင်းတင်မွန်၏ ဓမ္မာစဉ်စာအုပ်ရတနာများ

၁။ **မြတ်ဗုဒ္ဓ** – မြတ်စွာဘုရားကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၂။ **မြတ်ဓမ္မ** – တရားတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၃။ **မြတ်သံဃာ** – သံဃာတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါးဆည်းကပ်ရတဲ့အကျိုးကျေးဇူးများ၊
၅။ **ဘဝအောင်မြင်ရေးသို့ရှေးရှုကြ** – ဘဝအောင်မြင်မှုရအောင်ဘာလုပ်ရမလဲ၊
၆။ **ဘဝချမ်းသာရေး** – ဘဝချမ်းသာအစစ်ကို ဘယ်လိုရယူနိုင်မလဲ၊
၇။ **ဘဝလမ်းနှစ်သွယ်** – ဆူးခင်းလမ်းနှင့်ပန်းခင်းလမ်း – ဘယ်လမ်းလိုက်မလဲ၊
၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓနည်းကျတရားရှုပွားနည်း မြည်းစမ်းကြည့်ပါ။
၉။ **မြတ်ဒါန** – တင့်တယ်လှပချမ်းသာကြွယ်ဝရေး – ဒါနအကြောင်းစုံ၊
၁၀။ **မြတ်သီလ** – ဘဝမြင့်မြတ်လှပတင့်တယ်ရေး – သီလအကြောင်းစုံ၊
၁၁။ **မြတ်ဘာဝနာ** – အရေးအကြီးဆုံး, အကျိုးအကြီးဆုံး, အလုပ်သင့်ဆုံးအလုပ်၊
၁၂။ **မေတ္တာနှင့်သစ္စာအဖွင့်** – မေတ္တာနှင့်သစ္စာစွမ်းအားတို့ဖြင့် ဘဝငြိမ်းချမ်းတင့်တယ်မည်၊
၁၃။ **မေတ္တာနှင့်သစ္စာသရုပ်ဖော်** – ဘဝကိုလှပမြင့်မြတ်စေသည့် သရုပ်ဖော်ဇာတ်လမ်းများ၊
၁၄။ **ဝိပဿနာဂုဏ်ထူးဆောင်** – တော်ကူးဆရာတော်နှင့်ထူးဆန်းစွာရောဂါပျောက်ခြင်းများ၊
၁၅။ **ဆေးမကူဘဲငြိမ်းအေးနည်း** – ကိုယ်စိတ်တင်းကျပ်မှုပြေလျော့၍ချမ်းမြေ့စွာနေနည်း၊
၁၆။ **အကောင်းဆုံးဘဝလမ်းညွှန်မှု** – အဖိုးတန်ဆုံးအကောင်းဆုံးဘဝထူထောင်နိုင်ရေး၊
၁၇။ **ဘဝဖန်တီးရှင်ကံတရား** – သင့်ဘဝကံကြမ္မာကို သင်ဖန်တီးနိုင်ပြီ၊ ကံအကြောင်းစုံ၊
၁၈။ **မှန်ကန်သောဘဝအမြင်** – အသက်ရှင်ခြင်းနှင့်သေခြင်းကောင်းဖို့ပြင်ဆင်ခြင်း၊
၁၉။ **လိမ္မာယဉ်ကျေးတို့ရင်သွေး** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာဆရာကိုင်စာအုပ်၊
၂၀။ **ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာတပည့်ကိုင်စာအုပ်၊
၂၁။ **ဘဝလွတ်မြောက်ရေးနှင့်အရိယသစ္စာ** – သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေသည့် သစ္စာ ၄ ပါး၊
၂၂။ **ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** – ကမ္ဘာတစ်ဝန်းမှဇာတ်လမ်းစုံ၊ အံ့သြဖွယ်ရာဘဝဖြစ်ရပ်များ၊
၂၃။ **တော်ကူးဆရာတော်–ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား** – အံ့သြဖွယ်ရာ တရားဆေးနည်းဖြင့် ရောဂါမျိုးစုံပျောက်ကင်းသည်၊
၂၄။ **သပြေကန်ဆရာတော်ဘုရား** – အဘိဓမ္မဟာရဋ္ဌဂုရု၊ သာသနာ့တံခွန်စံပြပုဂ္ဂိုလ်၊
၂၅။ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** – အကောင်းဆုံး, အရှင်းဆုံး, အဘိဓမ္မာစာအုပ်၊ စာမေးပွဲဖြေသူလက်စွဲ၊

၂၆။ **တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ်** – အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာအပြည့်အစုံ၊
၂၇။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြန်မြန်မာ့နိဗ္ဗာန်လမ်းမကြီး**(ပထမတွဲ) – သီလ–သမာဓိ–ပညာ သာသနာ အနှစ်ချုပ်၊ အရေးကြီးဆုံးပဋိပတ္တိအလုပ်ကို လွယ်ကူရှင်းလင်းစွာ လေ့လာနိုင်ပြီ။
၂၈။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြန်မြန်မာ့နိဗ္ဗာန်လမ်းမကြီး**(ဒုတိယတွဲ) – ဗုဒ္ဓညွှန်ပြသည့်တရားရှုနည်း အပြည့်အစုံ၊
၂၉။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြန်မြန်မာ့နိဗ္ဗာန်လမ်းမကြီး**(တတိယတွဲ) – ဝိပဿနာရှုနည်းမှန်အပြည့်အစုံ၊
၃၀။ **အမြတ်ဆုံးပန်းတိုင်ကောန်ပိုင်**(ပထမတွဲ) – ဖားအောက်တောရတရားရှုနည်းစုံ၊
၃၁။ **အမြတ်ဆုံးပန်းတိုင်ကောန်ပိုင်**(ဒုတိယတွဲ) – ဗုဒ္ဓနည်းကျဝိပဿနာရှုနည်းစုံ၊
၃၂။ **သမထဘာဝနာနှင့်ဝိပဿနာဘာဝနာတို့တွင်အောင်မြင်ပေါက်မြောက်ခြင်း၊**
၃၃။ **Breakthrough in Samatha-Vipassanā** - ထိပ်သီးဗုဒ္ဓဘာသာညီလာခံ စာတမ်း၊
၃၄။ **ဗုဒ္ဓနည်းကျတရားရှုနည်း** – မဂ်ဖိုလ်ပန်းခိုင်ကိုလှမ်းဆွတ်နိုင်ရေး၊
၃၅။ **Meditation the Buddhist's Way** – အပြည့်ပြည့်ဆိုင်ရာညီလာခံစာတမ်း၊
၃၆။ **သိပ္ပံနယ်လွန်ဗုဒ္ဓဘာသာ** – The Supreme Science of the Buddha
၃၇။ **ဗုဒ္ဓစကားတော်** – The Word of the Buddha
၃၈။ **ဗုဒ္ဓဘာသာအကျဉ်း** – Buddhism in a Nutshell
၃၉။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life
၄၀။ **ဘဝရည်မှန်းချက်နှင့်ဘဝလမ်းစဉ်** – The Aim and Way of Life
၄၁။ **ဗုဒ္ဓဝါဒနှင့်ခေတ်သစ်ဘဝ** – Buddhism in Modern Life
၄၂။ **ဗုဒ္ဓဘာသာစာရိတ္တပညာနှင့်ကျင့်ဝတ်များ** – Buddhist Ethics and Duties
၄၃။ **The Noble Liberation and the Noble Truths**
၄၄။ **Kamma, the Real Geator** - 'ဘဝဖန်တီးရှင်ကံတရား' နှင့်ယှဉ်ဖတ်နိုင်။
၄၅။ **The Right View on Life** - 'မှန်ကန်သောဘဝအမြင်' နှင့်ယှဉ်ဖတ်နိုင်။
၄၆။ **The Essence of Buddha Abhidhamma**- ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်နှင့် ယှဉ်ဖတ်နိုင်၊
၄၇။ **The Essence of Visuddhi Magga, Volume 1** - ဝိသုဒ္ဓိမဂ်နှင့်ယှဉ်ဖတ်နိုင်၊
၄၈။ **ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း** – Why Worry အင်္ဂလိပ်ဘာသာနှင့်တွဲ၊
၄၉။ **သောက, ဒေါသ ကျော်လွှားအံ့** – Live without Fear and Worry

## (ခ) ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ) ၏ ပညာစာစဉ်စာအုပ်များ

၁။ **Good English** - အကောင်းဆုံးအင်္ဂလိပ်သဒ္ဒါ(ဂရမ်မာ)၊ အထက်တန်းကိုင်စာအုပ်၊
၂။ **Good Essays** - အကောင်းဆုံးစာစီစာကုံးရေးနည်း၊ အထက်တန်းကိုင်စာအုပ်၊
၃။ **Good Letters** - အကောင်းဆုံးအင်္ဂလိပ်စာရေးနည်း၊ အထက်တန်းကိုင်စာအုပ်၊
၄။ **Good Speaking** - အကောင်းဆုံးအင်္ဂလိပ်စကားပြောနည်း၊
၅။ **Pocket Best Speaking** - အိတ်ဆောင်အကောင်းဆုံးအင်္ဂလိပ်စကားပြော၊
၆။ **Best Basic Speaking** - အကောင်းဆုံးအခြေခံအင်္ဂလိပ်စကားပြော၊
၇။ **အင်္ဂလိပ်စာအလင်းပြ** – ၁၀ တန်းသင်ရိုးသစ်၊ အကောင်းဆုံးဆရာကသင်ပြပေးပြီး၊
၈။ **ဓာတုဗေဒအလင်းပြ** – ၁၀ တန်းသင်ရိုးသစ်၊ ဆရာတော်က တပည့်တော်ရမည်၊
၉။ **အောင်ပွဲဝင်ဓာတုဗေဒ** – တက္ကသိုလ်ဝင်တန်းမှာဂုဏ်ထူးနှင့်အောင်ပွဲဆင်ကြစို့။